အရှင်ဇနကာဘိဝံသ

၏

# ပါစိတ်ဘာသာဋီကာ

အရှင်ဇနကာဘိဝံသ

၏

အမှတ်(၂၅)ကျမ်းစာ၊

# ပါစိတ်ဘာသာဋီကာ

ပါစိတ်အဋ္ဌကထာကို နိဿယ အဓိပ္ပါယ် စုံလင်စွာ
တန်ဆာဆင်ထားပါသည်။

---

၁၃၂၆-ခု

ဂျပ်ထူ အဝတ်ဖုံး
နှုန်း-၁၁။

နယူးဘားမား ပိဋကပုံနှိပ်တိုက်
အမရပူရမြို့။

# အခြေခံ နိဒါန်း

## သာဓုစိတ္တံ န ပါတေန္တိ, ဂုရဝေါ ရတနာနိ မေ၊
## ဧသေ ပစ္စောပကာရာယ, ပါစိတ္တိယတ္တ ဝဏ္ဏနာ။

မေ (မံမ)-ရတနာ ၃ ပါး, ဆရာများကို,လေးစားကြည်ညို, ဤ ငါ့ကိုယ်၏၊ ရတနာနိ - သန္ဓျေကမ္ဘာ, လွန်ရှည်ကြာမှ , ရံခါထွန်းပေါ် , ရတနာတော်မြတ်, ၃ ပါးနတ်တို့သည်ငှင်း၊ ဂုရဝေါ - မိမိစိတ်တွင်, ကျေးဇူးရှင်ဟု, အစဉ်ထင်ရှား, ဆရာတော်ဘုရားတို့ သည်ငှင်း၊ သာဓုစိတ္တံ - သူတော်ကောင်း၌ , ကိန်းအောင်း ထိုက်သည့်, စရိုက်သဒ္ဒါ, ဉာဏ်ပညာနှင့် , ယှဉ်ကာလျှံဖိတ် , ကောင်းသောစိတ် ကို၊ န ပါတေန္တိ - တက်သည့်သဘော , မသက်လျှောအောင် , စစ်ကြောနေ့စဉ်, မြှင့်တင်တော်မူကြကုန်၏၊ ဧသေ(သော)-နေ့စဉ်မနား, ပို့ချထားသည့်,အများ မိုရာ,ဤငိုကာသည်ကား၊ ပစ္စောပကာရာယ-၃ ပါးရတနာ,မြတ်ဆရာတို့, ဦးစွာ တင်အပ်, ကျေးဇူးမြတ်ကို, ဆပ်၍တဖန်, အတုန့်ပြန်ဘို့အကျိုးငှါ၊ ပါစိတ္တိယတ္တ ဝဏ္ဏနာ-ကုသိုလ်စိတ်ခွာတ်, ကျစေတတ်သဖြင့်, အမှတ်တံဆိပ်,ဘုရားနှိပ်သည့်, ပါစိတ်မည်သာ....ကျမ်းငိုကာ တမျိုးပါဘုရား။

**ပါစိတ္တိယခေါ်ပုံ။** ။ပရိဝါပါဠိတော်၌ '' ပါတေတိ ကုသလံ ဓမ္မံ, တေ နေတံ ဇုတိ ဝုစ္စတိ ''ဟု မိန့်တော်မူ၏၊ အဋ္ဌကထာ၌လည်း ''သဉ္စိစ္စ အာပဇ္ဇန္တ ဿ ကုသလဓမ္မသင်္ခါတံ ကုသလစိတ္တံ ပါတေတိ၊ တသ္မာ ပါတေတိ စိတ္တံတိ ပါစိ တ္တိယံ'' ဟု ဖွင့်၏၊ မုသားပြောသော စိတ်မျိုးသည် ကောင်းသော ကုသိုလ်စိတ်ကို လျှောကျစေတတ်သောကြောင့် ''ပါစိတ္တိယ'' မည်၏။ ''စိတ္တပါတိယ''ဟု ဆိုလို လျက် အက္ခရာ ရှေ့နောက်ပြန်လျက် တ တလုံးကိုချေသော နိရုတ္တိနည်းအားဖြင့် ''ပါစိတ္တိယ''ဟု နာမည်တပ်၍''သမ္ပဇာန မုသာဝါဒေ ပါစိတ္တိယံ''ဟု ဘုရားရှင် ကိုယ်တော်တိုင် အမှတ်တံဆိပ် ခတ်နှိပ်တော်မူခဲ့ပေသည်၊ ထို့ကြောင့် မုသာ ဝါဒစသော မူလစိတ်ရင်း၏ ပါစိတ္တိယအမည်ကို အာပတ်၌တင်စား၍ ကာရဏူ ပစာရအားဖြင့် အာပတ်ကိုလည်း ''ပါစိတ္တိယ''ဟု ခေါ်စမှတ်ပြုရသည်။

**စိတ်ခွာတ် ကျဆင်း တတ်ပုံ** သတ္တာတို့သည် အဝိဇ္ဇာတဏှာ ခွာတ်ခံပါလာသောကြောင့် အဝိဇ္ဇာ၏ အရာရာ၌ မသိအောင် ဖုံးလွှမ်းမှုကြောင့် တဏှာ သည် မိမိကိုဒုက္ခပေးမည့် ထိုထိုအာရုံကာမဂုဏ်နှင့် လာဘ သက္ကာရသိလောကကို မရလျှင် တောင့်တ၏၊ ရလျှင်လည်း သာယာ နှစ်သက် စွဲမက်နေ၏၊ ထို့ကြောင့် ပုထုဇဉ်အများ၏ စိတ်နေစိတ်ထားသည် ယနေ့ ကောင်း သော်လည်း နက်ဖန် မကောင်း ဖြစ်တတ်၏၊ အများအားဖြင့်ကား '' ပါပသ္မိံ ရမတိ မနော '' မကောင်းသော အာရုံ၌သာ စိတ်ပျော်လက်ပျော် တပျော်ထည်း ပျော်နေတတ်လေသည်၊ ထိုကဲ့သို့ စိတ်ခွာတ်ကျဆင်း၍ သွားတတ်သောကြောင့်

ပင် များစွာသောရဟန်းရှင်လူတို့သည် ပညာသင်စ ငယ်ရွယ်စဉ်ကာလ၌ အစွန်းအစ အညွန့်အတက်ကလေးတွေ တလူလူ ထွက်နေကြပါသော်လည်း အလယ်အလတ် အရွယ်ရောက်သောအခါ၌ သော်၎င်း, အရွယ်ကြီးမှသော်၎င်း တိုးတက်လာသော သဒ္ဓါ ပညာ သမာဓိ ဝီရိယတွေအညွန့်ကြိုးလျက် ညှိုးနွမ်းသွေ့ခြောက်၍ သွားတတ်ကြ, မညှိုးနွမ်း မသွေ့ခြောက်သော်လည်း ကျန်းမာရေး အခြေအနေအရ စိတ်ဓာတ်တွေ လျော့ကျသဖြင့် သေမင်းအလာကိုသာ စောင့်မျှော်၍ နေကြရလေတော့သည်။

**စိတ်ဓာတ် တိုးတက်ကြောင်း**

အဝိဇ္ဇာတဏှာကိုနည်းပါးအောင်ပြုလျက် မိမိ၏ စိတ်စက်ကို အမြဲတစေ တက်နေအောင် ပြုလေ့ရှိသော ပညာရှိ သူတော်စင်တို့ကား ကျန်းမာသန်စွမ်းတုန်းဝယ် ကိုယ်မှု နှုတ်မှု ကောင်းအောင်ပြုလျက် တိုးတက်မြဲ တိုးတက်စေတော်မူကြ၏၊ စိတ်နောက်ကိုယ်ပါ မလိုက်သာအောင် ကျန်းမာခြင်းနည်းပါး၍ အရွယ်တော် ကြီးမားသော အခါ၌လည်း သမာဓိ ပညာ ဘာဝနာ ၂ မျိုးဖြင့် တိုး၍ပင် ကြည်လင်ရွှင်ပြတော်မူကြပေသည်၊ ဤ အားလုံးကား ဗုဒ္ဓမြတ်စွာ ပွင့်တော်မူလာသည့်အတွက် သူတော်ကောင်း ဓာတ်ခံ ပါရှိကြသူ ရှင်လူအများတို့၏ အလွန်အားရဘွယ်ကောင်းသော တိုးတက်ကြောင်းများ ဖြစ်ပါပေသည်။

**မိမိ စိတ်ဓာတ်ကို မကျစေပုံ**

မိမိကိုလည်း ငယ်ရွယ်စဉ်က စ၍ အရွယ်ကောင်းသည့် အချိန်ကျအောင် စိတ်ဓာတ်မကျစေဘဲ ဆရာသမားတို့သည် အထူးစောင့်ရှောက် ချီးမြှောက် မြှင့်တင်တော်မူခဲ့ကြ၏၊ [ စောင့်ရှောက်ပုံကို ထိုထို ဘာသာဋီကာ၏ နိဂုံး၌ ပြခဲ့ပါပြီ။ ] ဆရာသမားတို့ အားရသလောက်၍ အစောင့် အရှောက် အထူး မပြုသော အခါ၌ကား ရတနာ ၃ ပါးကို ကြည်ညိုသော သဒ္ဓါအရင်းခံ၍ ဗုဒ္ဓမြတ်စွာသာသနာတော်ကို မဆုတ်ယုတ်စေလိုသော ဆန္ဒ, ရှေးရှေးအခါ သာသနာတော်ကို စောင့်ရှောက်တော်မူခဲ့ကြသော အရိယာ ပုထုဇဉ် အရှင်သံဃာတော်များကို ကြည်ညို အားကျသော သဒ္ဓါ ပညာ အဖြာဖြာတို့ကြောင့် စိတ်ဓာတ်မကျဆင်းဘဲ ရှိရပါသည်။

**ကျေးဇူးဆပ်သော ကျမ်းစာ**

ထို့ကြောင့် ထို ရတနာ ၃ ဖေါ် ဆရာတော်တို့၏ ကျေးဇူးတော်သည် မိမိအတွက် ဘဝအဆက်ဆက်၌ပင် စိတ်ဓာတ် မဆင်းသက်အောင် စောင့်ရှောက်နိုင်မည့်လက္ခဏာရှိရုံသာမက, ထို ရရှိမည့်အကျိုးများသည် မည်သည့် ဘိုးဘွား မိဘမျှ မပေးနိုင်အောင် မြင့်ခေါင်ကြီးမားလှသောကြောင့် ထို ကျေးဇူးတော်ရှင်များ၏ ကျေးဇူးတော်နှင့် သင့်လျော်သော ကျေးဇူးဆပ်နည်းမှာ ပစ္စုပ္ပန် သာသနာတော်ကို ကောင်းမွန်စွာ ထိန်းသိမ်း စောင့်ရှောက်၍ အနာဂတ် သာသနာတော်အကျိုး ပွားတိုးရစ်မည့် ကျမ်းစာများကို ရေးသားထားခဲ့ခြင်းသည်သာ အသင့်လျော်ဆုံးဟု ယူဆပါသည်။

စိစဉ်ပုံ ထို့ကြောင့် ပါရာဇိကကဏ်ပါဠိတော်အဋ္ဌကထာကို ပို့ချ၍အပြီး၌ ပါစိတ်ပါဠိတော် အဋ္ဌကထာကို ပို့ချရင်း စာဆိုသော သာမဏေ ဦးပဉ္စင်းတို့အား နိဿယနှင့် လွယ်ကူသော အဓိပ္ပါယ်များကို ရေးနိုင်လောက် အောင် ပြောပြ၍ ခက်ခဲသော အဓိပ္ပါယ်များကိုသာ သာရတ္ထ, ဝိမတိဋီကာ, ယောဇနာတို့နှင့် တိုက်ဆိုင်ကာ မိမိကိုယ်တိုင်ရေးသားပါသည်၊ ဤနည်းအားဖြင့် နေ့စဉ်မှန်မှန် ပို့ချ၍ ပြီးဆုံးသောအခါ ကျမ်းစာတကျမ်းလည်း စီစဉ်ပြီးဖြစ်ပါ တော့၏၊ ထို့နောက် ထိုကျမ်းစာကို ရိုက်နှိပ်ခါနီး၌ ထပ်မံ၍ ကြည့်ရှုပြင်ဆင် ကာ, ရိုက်နှိပ်တုန်းမှာလည်း စာချဘုန်းကြီးများနှင့် မိမိပါ အကြမ်း အချော ၂ ကြိမ်မျှ ကြည့်ရှုစစ်ကြောကြပါသေးသည်၊ ဤမျှ ကြိုးစားပါသော်လည်း အမှား အယွင်းကား ကင်းလိမ့်မည်ဟု မယူဆပါ၊ မိမိဉာဏ်ကိုယ်က မပိုင်သောကြောင့် ဖြစ်စေ,အမှတ်တမဲ့ ရေးသားမိ ပို့ချမိသောကြောင့်ဖြစ်စေ အမှားအယွင်း ရှိမည် သာဟု ယူဆပါသည်၊ ထိုသို့ အမှားအယွင်း တွေ့ရှိပါလျှင် ပြင်ဆင်၍ ရှုစားကြ ပါရန် မေတ္တာခံယူပါသည်။

ဂစ္ဆတံ ခလနံ ကွာပိ, ဘဝတျေဝ ပမာဒတော၊
ဟသန္တိ ဒုဇ္ဇနာ တတ္ထ, သမာဒဟန္တိ သဇ္ဇနာ။

ကွာပိ- တစုံတရာ, ကုန်းသာမြေပြင်၌ သော်မှလည်း၊ ဂစ္ဆတံ- ဧးဧးသာသာ, သွားလာရသူတို့၏၊ ပမာဒတော-သတိလွတ်ကင်း, မေ့လျော့ခြင်းကြောင့်၊ ခလနံ- ချွတ်ချော်တိမ်းပါး, လဲသွားခြင်းသည်၊ ဘဝတျေဝ – တရံတခါ, ဖြစ်တတ်သေး သည်သာ၊ တတ္ထ – ထိုသို့ မတော်တဆ, လဲကျရာ၌၊ ဒုဇ္ဇနာ - စိတ်ထားသေးနုပ်, လူယုတ် လူညံ့တို့သည်၊ ဟသန္တိ – ပြောင်လှောင်အားရ, ရယ်မောကြကုန်၏၊ သဇ္ဇနာ – ထောက်ထားငဲ့ညှာ, လိမ္မာရင့်ပြီး, လူကြီးလူကောင်းတို့ သည်ကား၊ သမာဒဟန္တိ-ကူညီဖေးမ, ထူပေးကြကုန်၏၊ [အမရကောသ နိဿယ။]

**မြော်မှန်းချက်။** ။မသေလို့ နေရသေးလျှင် ကျန်သေးသော ဝိနည်းအဋ္ဌကထာ ၏အဖွင့်, အဋ္ဌသာလိနီ အဋ္ဌကထာနှင့် မူလဋီကာတို့၏အဖွင့်, သီလက္ခန်အဋ္ဌကထာ၏ အဖွင့်, ဤအားလုံးကို အသက် ၇၀ အတွင်း၌ ပို့ချစီစဉ်၍ ပြီးဆုံးအောင် ရိုက်နှိပ်နိုင် လိမ့်မည် - ဟု မြော်မှန်းပါသည်။ [ ယခု ပို့ချနေသော ဝိနည်းမဟာဝါ အဋ္ဌကထာနှင့် အဋ္ဌသာလိနီ မူလဋီကာတို့မှာ နှစ်သစ်မကူးမီ ပို့ချ၍ ပြီးစီးဘွယ်ရှိပါသည်။]

**အရှင် ဇနကာဘိဝံသ**

# မှတ်သားဖွယ် မာတိကာ


| အက္ခရာစဉ် | | | | နံပါတ် |
|---|---|---|---|---|
| အကပ္ပိယ နိမန္တန | .... | .... | .... | ၂၁၂ |
| အင်္ဂလဂ္ဂ၏ ပဋိဂ္ဂဟိတဖြစ် | .... | .... | .... | ၃၂၂ |
| အစောင့်အရှောက် တောင်းနည်း | .... | .... | .... | ၄၆၁ |
| အဋ္ဌိန္နက ဂဏနာ | .... | .... | .... | ၁၇ |
| အဇာနန္တ အနာပတ် | .... | .... | .... | ၄၁၂ |
| အညာဏဝါဒ စသည် | .... | .... | .... | ၃၇၄ |
| အညြနည်ံ ပဋိစရတိ | .... | .... | .... | ၁၀၄ |
| အဋ္ဌကာရိကာ | .... | .... | .... | ၄၅၇ |
| အဋ္ဌိကက်လုပမာစသည် | .... | .... | .... | ၃၆၃ |
| အန္တရာယိကာ | .... | .... | .... | ၃၅၉ |
| အန္တလိက္ခေ | .... | .... | .... | ၁၈၄ |
| အနန္တကမှော် | .... | .... | .... | ၈၇ |
| အနရိယာနဗ္ဗိ, အရိယာနမ္ပိမူကွဲ | .... | .... | .... | ၅၅ |
| အနလသာ | .... | .... | .... | ၄၄၁ |
| အနောဝဿက | .... | .... | .... | ၅၀၁ |
| အပတိသော | .... | .... | .... | ၂၃ |
| အပသာဒေတဗ္ဗ | .... | .... | .... | ၄၀၄ |
| အပိစေတ္တ | .... | .... | .... | ၉ |
| အဘိမာရေ | .... | .... | .... | ၂၀၄ |
| အဘိဝါဒနနှင့်.အဥ္စလိကမ္မ | .... | .... | .... | ၁၆၈ |
| အဘိဟဋ္ဌဘတ္တဥ္ဓ တောင်းနိုင်ပုံ | .... | .... | .... | ၃၂၉ |
| အမ္ဗိလသာက | .... | .... | .... | ၄၈၈ |
| အယသော | .... | .... | .... | ၄၄၈ |
| အယျ ဝေါသာဋ္ဌိတကာနိ | .... | .... | .... | ၂၈၃ |
| အရိယာ၏ သဒ္ဓါတရား | .... | .... | .... | ၂၂၅ |
| အလဇ္ဇီ နှင်ထုတ်ရာဌာန | .... | .... | .... | ၁၄၁ |
| အဝဇာနိတွာ | .... | .... | .... | ၃ |
| အဝ္ဍရုဒ္ဓါ | .... | .... | .... | ၄၀၅ |
| အဝဿုတာ | .... | .... | .... | ၄၄၂ |
| အဝိသယအနာပတ် | .... | .... | .... | ၇၂ |
| အသံဟာရိမ ပုဒ်ပြီး | .... | .... | .... | ၂၉၁ |
| အာဂန္တုက ပဋ္ဌိ | .... | .... | .... | ၂၁၀ |
| အာဏာဝီတိက္ကမန္တရာယိက | .... | .... | .... | ၃၆၀ |
| အာဒိဿဇိန္နံ | .... | .... | .... | ၄၇၉ |
| အာနန္တရိယကမ္မ | .... | .... | .... | ၃၅၉ |
| အာပန္နသတ္တာ | .... | .... | .... | ၅၂၂ |

# မှတ်သားဖွယ် မာတိကာ


| အက္ခရာစဉ် | | | | နံပါတ် |
|---|---|---|---|---|
| အာမဂ္ဂိကာပဏ္ဏံ | .... | .... | .... | ၄၇၈ |
| အာဝသထ၏ အရကောက် | .... | .... | .... | ၃၉၂ |
| အာသနသာလာ | .... | .... | .... | ၁၁၈ |
| ဣဿာသော | .... | .... | .... | ၃၄၆ |
| ဥဂ္ဂဟ, ပရိယာပုဏန | .... | .... | .... | ၃၇၉ |
| ဥဒကဒန္တပေါဏာ၌ ကုက္ကုစ္စဖြစ်ပုံ | .... | .... | .... | ၂၈၅ |
| ဥဒ္ဒိဿမာနေ၏ ပဒဘာဇနီ | .... | .... | .... | ၃၀၀ |
| ဥဒေါသိတ | .... | .... | .... | ၄၅၆ |
| ဥန္ဒြိယတိ | .... | .... | .... | ၄၈၃ |
| ဥပစာ ၁၂ တောင် | .... | .... | .... | ၃၀ |
| ဥပစာရဝသေန | .... | .... | .... | ၂၁၉ |
| ဥပ္ပလိနီ, ပဒုမိနီ | .... | .... | .... | ၈၇ |
| ဥပဝါဒန္တရာယိက | .... | .... | .... | ၃၆၀ |
| ဥဿယဝါဒိကာ | .... | .... | .... | ၄၅၆ |
| ဥဿာရဏာ | .... | .... | .... | ၁၂၄ |
| ဥဿာရိယိတ္တ | .... | .... | .... | ၃၂၉ |
| ဧကပဏ္ဏစ္ဆတ္တ | .... | .... | .... | ၄၂၇ |
| ဧကူပစာရဖြစ်ပုံ | .... | .... | .... | ၃၉ |
| ဩလောဏီ | .... | .... | .... | ၄၁၉ |
| ဩဠာရိက(ထင်ရှား) | .... | .... | .... | ၉ |
| ကဒမ္ဗက | .... | .... | .... | ၂၄၇ |
| ကလိသာသနံ | .... | .... | .... | ၃၂၇ |
| ကလျာဏဝါက္ကရဏ | .... | .... | .... | ၁၆၃ |
| ကလျာဏဝါစာ | .... | .... | .... | ၁၆၃ |
| ကာကစ္ဆမာနာ | .... | .... | .... | ၃၃ |
| ကာကောရဝ သဒ္ဒ | .... | .... | .... | ၂၃၀ |
| ကာဠကောဠစိကာ | .... | .... | .... | ၁၈ |
| ကာပေါတိကာ | .... | .... | ... | ၃၃၅ |
| ကာသာဝဋ္ဌ | .... | .... | .... | ၅၁၈ |
| ကုက္ကုစ္စာယန္တော | .... | .... | .... | ၂၀၁ |
| ကုက္ကုဋသမ္ပာဒ(သမ္ပာတ) | .... | .... | .... | ၁၉၃ |
| ကုမ္ဘာသ | .... | .... | .... | ၂၃၃ |
| ကုလန္တိ တဝနိဝေသနံ | .... | .... | .... | ၃၂၈ |
| ကောစ္ဆ | .... | .... | .... | ၁၂၀ |
| ကန်ရေစသည့် သောက်အပ်-မအပ် | | .... | .... | ၃၂၀ |
| ကပ်တုန်း လျှော်ကျသောအသီး | .... | .... | .... | ၂၉၇ |

| အက္ခရာစဉ် | | | | နံပါတ် |
|---|---|---|---|---|
| ကြက်သွန်အမျိုးမျိုး | .... | .... | .... | ၄၈၇ |
| ခါဒနီယတ္ထံ ဖရန္တိ | .... | .... | .... | ၂၆၃ |
| ခုဒ္ဒကအနက် | .... | .... | .... | ၁ |
| ဂဏ္ဍိက, ဖေါ္ဌနိက | .... | ... | .... | ၄၈၆ |
| ဂတိဂတံ | .... | ... | .... | ၄၉၉ |
| ဂဒ္ဒဗာဓိပုဗ္ဗ | .... | .... | .... | ၃၅၈ |
| ဂန္တုဝိသ | .... | .... | .... | ၃၅၃ |
| ဂါရယှ အာစရိယုဂ္ဂဟ | .... | .... | .... | ၃၄၀ |
| ဂိရဂ္ဂသမဇ္ဇော | .... | .... | .... | ၂၅၉ |
| ဂိဟိဂတာ | .... | .... | .... | ၅၂၄ |
| ဂေါကဏ္ဍက | .... | .... | .... | ၆၇ |
| ဃာနာဒိဝသေန မုနိတွာ | .... | .... | .... | ၉ |
| ငရုပ်သီးရောသော လက်သုတ် | .... | .... | .... | ၁၀၁ |
| စမြင်အဆောင်များ၌ မှတ်ဘွယ် | .... | .... | .... | ၄၃ |
| စရဏံ, သံယမော, သံဝရော | .... | .... | .... | ၁၅၅ |
| စားနေတုန်း၌ ရုပ်မှုန့်ကုန်သွားခြင်း | | .... | .... | ၃၀၀ |
| ဆေဒံဝါ, ဝေဓံဝါ | .... | .... | .... | ၉၉ |
| ဆွမ်းဟင်းလိုက်စဉ် ဟင်းစက်ကျ | .... | .... | .... | ၂၉၅ |
| ဇဂတိ၏ သရုပ် | .... | .... | .... | ၄၄ |
| ဇာတိဿရော | .... | .... | .... | ၄၈၆ |
| ညောင်စောင်း ၄ မျိုး | .... | .... | .... | ၁၀၉ |
| ဌာနန္တရံ(အနက်တမျိုး) | .... | .... | .... | ၄၉၅ |
| တတြုပါယဝိမံသာ | .... | .... | .... | ၄၄၁ |
| တဗ္ဗဟုလနယေန | .... | .... | .... | ၄၄၆ |
| တလသတ္တိကံ | .... | .... | .... | ၃၈၆ |
| တဿာခေယျော ဥပေါသထော | .... | .... | .... | ၃၇၇ |
| တာဒိနာ | .... | .... | ... | ၄၀၉ |
| တာဒိနော | .... | .... | .... | ၁၈၄ |
| တိရစ္ဆာနကထံ | .... | .... | .... | ၁၅၂ |
| တံကာလာပေက္ခ ဝတ္တမာန် | .... | .... | .... | ၁၄ |
| တံမြက်လှည်း၍ မြေကြီးပျက်ရာ | .... | .... | .... | ၇၀ |
| တံသမုဋ္ဌာန—မှုတက် | .... | .... | .... | ၃၀၈ |
| တွဲဆက်မီးရထား သတိပြုဘွယ် | .... | .... | .... | ၄၂ |
| တိုင်စသည် နှုတ်ရာ၌ အပ်—မအပ် | .... | .... | .... | ၆၉ |
| ထရုသိပ္ပစသည် အညွန်း | .... | .... | .... | ၅၁၇ |
| ဒက္ခာ | .... | .... | .... | ၄၄၁ |

**အက္ခရာစဉ်** **နံပါတ်**

ဒိဝါသေယျနှင့် မာတုဂါမ .... .... .... ၅၁
ဒွတ္တယော .... .... .... ၄၀၅
ဓမ္မကထိကော .... .... .... ၁၂၄
နဋနာဋကာနို .... .... .... ၂၅၉
နဝကမ္မိကံ .... .... .... ၄၃၉
နဝသမုဋ္ဌိတ .... .... .... ၃၀၀
နာနာဝေရဇ္ဇက .... .... .... ၂၀၆
နိမ္မိဋ္ဌရာဇဘတော .... .... .... ၄၉၅
နိဿယမုစ္စနက .... .... .... ၁၅၀
နိကဏ္ဍိက .... .... .... ၅၀၁
နှာပိတ .... .... .... ၅၁၀
နှစ်ပါးသုံးပါး အကပ်ခံနိုင် .... .... .... ၃၀၇
ပစ္စတ္ထိကာ .... .... .... ၃၇၃
ပစ္စယပဝါရဏာ .... .... .... ၂၂၉
ပဉ္စဟိသမဏကပ္ပေဟိ .... .... .... ၉၇
ပဋ္ဋင်္ဂံ .... .... .... ၁၀၃
ပဋိက္ကမန် (ဆွမ်းစားစရပ်) .... .... .... ၂၂၇
ပဋိက္ခေပပဝါရဏာ .... .... .... ၂၂၉
ပဋိဂ္ဂဟေတွာဝါ မှတ်ဘွယ် .... .... .... ၂၉၄
ပဋိစရတိ .... .... .... ၄
ပဋိဗဒ္ဓစိတ္တာ .... .... .... ၄၄၃
ပဋိယာလောကံ .... .... .... ၃၅၇
ပဋိဝိသက .... .... .... ၂၃၀
ပဏ္ဍော (ပဏ္ဍေ) .... .... .... ၁၉၁
ပဏ္ဏတ္တိတာ .... .... .... ၄၄၀
ပထမသဟသေယျဒ္ဓ မာတုဂါမ ပါ, မပါ .... .... ၅၀
ပဒရသာဋ္ဌဝ .... .... .... ၄၀၀
ပရိကမ္မကတဘူမိ၏ အပေါ်ခင်း .... .... .... ၁၂၅
ပရိဇိတံ (အင်္ဂပရိဇိတံ) .... .... .... ၉၇
ပရိဗ္ဗာဇက, ပဗ္ဗဇ္ဇာ .... .... .... ၃၂၄
ပရိမဏ္ဍလ ပဒဗျဉ္ဇန .... .... .... ၁၆၃
ပရိဝေသနံ .... .... .... ၃၂၄
ပရိသုပဋ္ဌာပက (ကျောင်းထိုင်) .... .... .... ၁၅၈
ပရိဟာရံ .... .... .... ၃၆
ပရူပဟာရဝါဒ .... .... .... ၃၇၄
ပလ္လတ္ထိကာ .... .... .... ၄၁၀
ပလိဗောဓောနာမ .... .... .... ၃၉၃

| အက္ခရာစဉ် | နံပါတ် |
|---|---|
| ပသာခ | ၅၂၁ |
| ပဟာရသမုတ္တိတာ | ၃၀၄ |
| ပါတိမောက္ခ သံဝရသံဝုတော | ၁၅၃ |
| ပါယာသ, ပါယာသ | ၂၂၂ |
| ပါရာဇိက ရက္ခဏက | ၃၇၆ |
| ပိဏ္ဍုကြေ္ခပကံ | ၄၂၄ |
| ပုဂ်ံစသည် စင်ကြယ်စွာဆေးရကျိုး | ၃၀၅ |
| ပုဂံစသည် မစင်ကြယ်လျှင် အာပတ် ၃ ချက် | ၃၀၆ |
| ပုဏ္ဏပတ္တ | ၃၉၁ |
| ပုပ္ဖဆဋ္ဋက | ၁၆ |
| ပုပ္ဖိ | ၂၃၆ |
| ပူရဏကထာ | ၁၂ |
| ပန်းအိုးထည်း၌ ဇာတပထဝီ | ၆၆ |
| ဗလိဗဒ္ဒ | ၁၃ |
| ဗီဇဂါမ် ၃ မျိုး | ၈၈ |
| ဗျတ္တာ | ၄၄၀ |
| ဗျပ္ပထော | ၇ |
| ဗျူဟာ | ၄၀၁ |
| ဘဏ္ဍာနဇာတာ ဝိဝါဒါပန္နာ | ၂၁ |
| ဘတ္တဝိသဂ္ဂ | ၄၉၁ |
| ဘဝတိ၏ သမိပဝတ္တမာန် | ၁ |
| ဘိက္ခုနောဝါဒက ဗဟုဿုတ | ၁၆၁ |
| ဘိက္ခုနှင့် ဘိက္ခုနီတို့ ခွင့်တောင်း မတူပုံ | ၅၂၈ |
| ဘိက္ခုပေသုညေ | ၂၁ |
| ဘူတဂါမ် ၄ မျိုး | ၈၈ |
| မဥ္စပီဌကဝါန် | ၁၃၃ |
| မဏ္ဍကဝါရဏတ္ထံ | ၃၁၀ |
| မညေ(သံလကွေမ) | ၂၀၄ |
| မမုမေဟ | ၁၇ |
| မဟာဝိကဋဆေး၌ မှတ်ဘွယ် | ၃၂၃ |
| မဟေသက္ခ, အပ္ပေသက္ခ | ၇၀ |
| မာတုလုင် (ရှောက်သီး) | ၂၆၉ |
| မုခဒွါရံ အာဟာရံ အာဟာရေယျ | ၂၀၄ |
| မုနာတီတိ မုနိ | ၁၀၃ |
| မေဓာဝိနီ [ပါဠိသင်ရာ၌ သတိပဓာန, အနက်အဓိပ္ပါယ်သင်ရာ၌ ပညာပဓာန] | ၄၄၀ |
| မောက္ခံ, ပမောက္ခံ | ၁၅၅ |

| အက္ခရာစဉ် | နံပါတ် |
|---|---|
| မောဃသုတ္တံ .... .... .... | ၂၀၉ |
| မြေဖုံးခိုင်းရာ၌ ကပ္ပိယဝေါဟာရ .... .... | ၆၄ |
| ယထာဓမ္မော .... .... .... | ၃၀၂ |
| ယာဝဒတ္ထ ပဝါရဏာ .... .... .... | ၂၃၀ |
| ယာဝဒတ္ထော, ယာဝတတ္ထော .... .... .... | ၂၀၂ |
| ယာမကာလိကနှင့် အာမိသရော .... .... .... | ၂၇၅ |
| ယေဝါပနက .... .... .... | ၀၂ |
| ရတနာ ၃ ပါး မပြောင်ကောင်း .... .... .... | ၄၂၅ |
| ရဟန်း၏ ဟတ္ထ ကုက္ကုစ္စက .... .... .... | ၃၁၄ |
| ရဟန်း ဆေးလိပ် သောက်သင့်-မသင့် .... .... | ၃၁၇ |
| ရဟန်း ဆန်ဆေးအိုးတယ် .... .... .... | ၃၁၃ |
| ရဟန်းမဖြစ်သူ ဥပဇ္ဈာယ်လုပ် .... .... .... | ၃၅၆ |
| ရဟန်းများ နေလှဲဆေးဝါး .... .... .... | ၃၁၀ |
| ရဟန်းယူအပ်သော ဆန် .... .... .... | ၃၁၂ |
| ရဟန်း ရေနွေးကျို ဆန်ထည့် ... .... .... | ၃၁၄ |
| ရဟန်း ရေနွေးကျို၍ သောက်နိုင် .... .... .... | ၃၁၆ |
| ရုက္ခဋ္ဌကဗိမာန် .... .... .... | ၇၅ |
| ရေမရှိရာ၌ ဆွမ်းစားပုံ .... .... .... | ၃၁၉ |
| ရေသောက်ပြီးအကြွင်း ပြန်ထည့် .... .... .... | ၃၂၁ |
| ရောပိ မဟာရိတဋ္ဌာန .... .... .... | ၄၉၆ |
| ရှောဝင် ပန်ကြားပုံ .... .... .... | ၃၃၀ |
| ရှေးအဋ္ဌကထာကို သဘောမကျဘဲ လက်ခံပုံ .... .... | ၆၀ |
| ရှေးခေတ် သပိတ်အိတ် .... .... .... | ၂၉၂ |
| ရပ်ခြင်းထက် ထိုင်ခြင်းက ရှိသေ .... .... .... | ၄၃၅ |
| လူ့ဥစ္စာကို အစားပြန်ပေးလျှင် .... .... .... | ၃၉၅ |
| လေသကပ္ပိယံ .... .... .... | ၂၀၀ |
| ဝစနပထော .... .... .... | ၁၀၀ |
| ဝတ္ထုစွန့်, အကပ်စွန့် .... .... .... | ၂၇၄ |
| ဝဿံဝုဋ္ဌ ပဝါရဏာ .... .... .... | ၂၂၉ |
| ဝါဆိုမှု အရေးကြီးပုံ .... .... .... | ၁၇၁ |
| ဝါဒက္ခိတ္တော .... .... .... | ၂ |
| ဝါဟသာ .... .... .... | ၃၉၀ |
| ဝိကာလေ .... .... .... | ၂၆၀ |
| ဝိကူဇမာနာ .... .... .... | ၃၃ |
| ဝိညာပေတွာ .... .... .... | ၄၀၁ |
| ဝိနယဒုက္ကဋ် .... .... .... | ၂၉၃ |
| ဝိသင်္ကေတံ .... .... .... | ၂၀၀ |

အကြောင်းအရာစဉ် — နံပါတ်

ဝိသံဝါဒန .... .... .... ၇
ဝိဒူ .... .... .... ၅၃၈
ဝူပကာသေယျ .... .... .... ၅၂၅
ဝေါဟာရိကာနံ .... .... .... ၄၅၇
သက်လန, ဝေါလွန, သတုပ္ပါဒနဂဏနာ .... .... ၁၇
သင်္ဟောဘ်စပ်ရပုံ .... .... .... ၁
သင်္ဂါယနာတင် ဓမ္မကိုသာယူ .... .... .... ၅၃
သဉ္စန္ဒ—နိဉ္စန္ဒပရိဘောဂ .... .... .... ၃၆၁
သတ္တာဟဝဋ္ဋလိက .... .... .... ၁၁၆
သတိပဋ္ဌာနဝေ .... .... .... ၂၅၇
သဒ္ဒါတရားကို စောင့်ရှောက်ရပုံ .... .... .... ၃၂၉
သမ္ဗဇ္ဇာနံ+မုသာ .... .... .... ၆
သဘာသသခ်ေပေန .... .... ၄၁
သမင္ဂါ .... .... .... ၁၆၇
သာခဏ္ဍက ဝိမာန .... .... .... ၇၅
သာမဏေ၏ ဒုဋ္ဌုလ္လအဇ္ဈာစာရ .... .... .... ၃၅၂
သာမဏေစသူအား ဆွမ်းစသည်ပေးရာ၌ သတိပြုဘွယ် .... ၃၀၂
သာမဏေပေးမည်ဟု ကြံ၍ ရဟန်းယူ .... .... ၃၁၅
သာသပမတ္တိက, တိလဗီဇကာဒိ .... .... .... ၈၅
သိက္ခမာနာ .... .... .... ၅၂၃
သီလံ, ပတိဋ္ဌာ, အာဒိ .... .... .... ၁၅၄
သုတခရော သုတသန္နိစယော .... .... .... ၁၅၆,၇
သုဝိဘတ္တာနိ .... .... .... ၁၆၂
သူခိုး သူခိုးဟု မအော်ကောင်း .... .... .... ၄၆၃
သူစိမ် သူပသေစနော .... .... .... ၄၃၂
သူစိဝေမဲနက .... .... .... ၂၀၉
သေခိယာနိ .... .... .... ၄၀၉
သံဃိကရေစက်ချမှု မှတ်ချက် .... .... .... ၁၁၆
သစ်တုံးစသည် လှိမ့်ရာ၌ အနာပတ္တိ .... .... ၇၀
ဟတ္ထကုက္ကုစ္စကေန .... .... .... ၉၃
ဟတ္ထပါသ် .... .... .... ၂၄၁
ဟတ္ထမုဒ္ဒါဂဏနာ .... .... .... ၁၆
ဟတ္ထိသောဏ္ဍဝတ် နည်းစသည် .... .... .... ၄၁၁
ဟေမန္တ, န္တိက .... .... .... ၁၁၃
ဟင်း၌ သုရာခတ်၍ ချက်ကောင်း .... .... .... ၃၃၆
ဟိတ်ကို ကတ္တားသုံးပုံ .... .... .... ၄၆၀

# ပါဠိတ်အဋ္ဌကထာ
## ဘာသာဋီကာ

---

**ပလ္လင်ခံ နိဒါန်း**

ခုဒ္ဒကာနံ– ဂရုက သိက္ခာပုဒ်တို့ကို ထောက်၍ ငယ်ကုန်သော၊ ဝါ–များစွာ ကုန်သော၊ ယေသံ–အကြင် ၉၂ ပါးသောသိက္ခာပုဒ်တို့၏၊ ဝါ-တို့ကို၊ နဝုတိ– ၉ ပါးကုန်သော၊ ဝဂ္ဂေဟိ – ဝဂ်တို့ဖြင့်၊ သင်္ဂဟော - သိမ်းယူရခြင်းသည်၊ ဝါ- သိမ်းယူရာ သိမ်းယူကြောင်းဖြစ်သော ပါဠိရပ်သည်၊ သုပ္ပတိဋ္ဌိတော-ကောင်းစွာ တည်ပြီ၊ ဒါနိ– ယခုအခါ၌၊ တေသံ - ထို ၉၂ ပါးသော ခုဒ္ဒကသိက္ခာပုဒ်တို့၏၊ အယံ ဝဏ္ဏနာ - ဤ ဖွင့်ကြောင်းဖွင့်ရာ အဋ္ဌကထာသည်၊ ဘဝတိ - ဖြစ်၏၊ ဝါ- ဖြစ်တော့လတံ့။

× × × × × × ×

**ခုဒ္ဒကာနံ ။** ။ ခုဒ္ဒက သဒ္ဒါသည် အသေးအငယ်ကို ဟောရိုး ဖြစ်သော်လည်း ဤနေရာ၌ ဗဟုသဒ္ဒါ၏ ပရိယာယ်ဟု ဋီကာဆို၏၊ [ ခုဒ္ဒကာနန္တိ ဧတ္ထ ခုဒ္ဒကသဒ္ဒေါ ဗဟုသဒ္ဒ ပရိယာယော၊ – ဋီကာ။ ] သို့သော် ပါရာဇိက သံဃာဒိသေသ် ဟူသော ဂရုကာသိက္ခာပုဒ်တို့ကို ထောက်လျှင် ငယ်သည်ပင် ဖြစ်သောကြောင့် နိဿယ၌ အနက် ၂ မျိုး ပေးထားသည်၊ ရှေး နိဿယ၌ ပါစိတ္တိယနှင့် တကွ ၉၆ ပါး ဟု သချာ တပ်ထားသော်လည်း ပါစိတ္တိယအတွက် နိဒါန်းအချိဂါထာ သီးခြားလာလတံ့ ဖြစ်သောကြောင့် ပါစိတ္တိယကို မထည့်ဘဲ ၉၂ ပါး ဟု ဆိုသည်၊ ဤ ခုဒ္ဒကာနံ ယေသံ ပုဒ်တို့ကို သင်္ဂဟော၌ စပ်။

**သင်္ဂဟော ။** ။ " သင်္ဂဟာဏံ+ သင်္ဂဟော " ဟု ဘာဝသာဓနပြု၊ ဤသို့ ဘာဝ သာဓနပြုလျှင် " ဘာဝသာဓန, နောက်ပုဒ်ပြ , ကမ္မဏ္ဍဆဋ္ဌီ " နှင့်အညီ , ယေသံကို ဆဋ္ဌီကံဟု မှတ်ပါ၊ သင်္ဂယှန္တိ ဧတ္ထ ဓေတန ဝါတိ သင်္ဂဟော၊ ပါဠိပဒေသော – ပါဠိတ် ပါဠိတော် ဟူသော ပါဠိရပ်၊ ဤသို့ ကရဏ အဓိကရဏသာဓ်ပြုလျှင် ယေသံ၌ သမ္ဗန် အနက် ကံအနက် ၂ ချက်သင့် ဟု မှတ်ပါ၊ သမ္ဗန်ပေးခိုက် "ရာ, ကြောင်း" ဟူသော ပစ္စည်းအနက်၌စပ်၍, ကံအနက်ပေးခိုက် "သိမ်းယူ"ဟူသော ဓာတ်အနက်၌စပ်ပါ။

**ဘဝတိ။** ။ဘဝတိကိုလည်း အနာဂတသမီပ ဝတ္တမာန်ဟု မှတ်ပါ၊ "ဆိုဘွဲ့ရန် နီးကပ်နေပြီ" ဟူလို၊ ယောဇနာ၌ကား – "တိသဒ္ဒါသည် ကေသ အနက်၌ ဖြစ်သော အနာဂတ်ဟောဟုရင်း, အဝဿံဘာဝီ-မချွတ်ဖြစ်တော့မည့် အနာဂတ်အနက်ဟော" ဟုရင်း ဖွင့်လေသည်။ [ ဘဝတီတိ ဧတ္ထ တိသဒ္ဒေါ ကေသဿ အနာဂတကာလိကော ဟောတိ၊ အထဝါ အဝဿံဘာဝိယဿ အနာဂတ ကာလဝါစကော ဟောတိ၊— ယောဇနာ။ ]

## ၁။ မုသာဝါဒဝဂ်

### မုသာဝါဒသိက္ခာပုဒ် အဖွင့်

တတ္ထ – ထို ၉ ပါးသော ဝဂ်တို့တွင်၊ (တနည်း) တတ္ထ - ထို ၉၂ ပါးသော ခုဒ္ဒကသိက္ခာပုဒ်တို့တွင်၊ တာဝ - ဘူတဂါမဝဂ် စသည်တို့မှ ရှေးဦးစွာ၊ (နိဒ္ဒိဋ္ဌဿ - ညွှန်ပြအပ်သော၊) မုသာဝါဒဝဂ္ဂဿ - မုသာဝါဒဝဂ်၏၊ ပဌမ သိက္ခာပဒေ- ၌၊ ဟတ္ထကောတိ - ဟတ္ထကောဟူသည်၊ တဿ ထေရဿ - ထိုထေရ်၏၊ နာမံ-တည်း၊ သကျာနံ-သာကီဝင်မင်းတို့၏၊ ပုတ္တော-သားတည်း၊ ဣတိ-၌ဆင်ခြင် တပ္ပုရိသ် သမာသ် ဝစနတ္ထကြောင့်၊ သကျပုတ္တော-မည်၏၊ [ဇာတိသမ္ဗန္ဓတော ရက္ခိတုံ သက္ကုဏာန္တီတိ သကျာ၊ (သကဓာတ်, ဘျပစ္စည်း)၊ သကျာနံ+ပုတ္တော သကျပုတ္တော၊ (ယောဇနာ)] ကိရ–ချဲ့ဦးအံ့၊ ဗုဒ္ဓကာလေ - ဘုရားလက်ထက် တော်အခါ၌၊ သကျကုလတော-သာကီဝင် မင်းတို့၏ အမျိုးမှ၊ (နိက္ခမိတွာ-၍၊) အသီတိပုရိသ သဟဿာနိ - ရှစ်သောင်းသော ယောကျ်ားတို့သည်၊ ပဗ္ဗဇိံသု– ရဟန်းပြုကုန်ပြီ၊ တေသံ - ထို ရှစ်သောင်းသော ယောကျ်ားတို့တွင်၊ သော- ထို အရှင်ဟတ္ထကသည်၊ အညတရော - တပါး အပါအဝင်တည်း၊ ဣတိ - ၌သို့ မှတ်အပ်၏။

ဝါဒက္ခိတ္တောတိ– ကား၊ ဝါဒံ– အယူဝါဒကို၊ ကရိဿာမိ– ပြုအံ့၊ ဝါ– ပြိုင်အံ့၊ ဣတိစေ-၌သို့၊ ပရိဝိတက္ကိတေန-ကြံစည်အပ်ပြီးသော၊ ဝါဒေန-အယူ ဝါဒသည်၊ ပဒဝါဒိဿ ဝိယ-ပဒဝါဒီတို့၏အထံသို့၊ ခိတ္တော ပက္ခိတ္တော-ပစ်အပ် သူတည်း၊ ပဟိတော ပေသိတော– ပို့အပ်သူတည်း၊ ဣတိအတ္ထော– ၌ကား အဓိပ္ပါယ်နက်တည်း၊ ဝါ- တနည်း၊ ဝါဒမှိ- ပြောဆိုကြောင်း အယူ၌၊ သကေန စိတ္တေန- မိမိစိတ်သည်၊ ခိတ္တော- ပစ်သွင်းအပ်သူတည်း၊ ယတြ ယတြ- အကြင်

× × × × × × ×

**တတ္ထ**။ ။နောက်၌ မုသာဝါဒဝဂ္ဂဿဟူသော အစိတ်အစိတ်ဝဂ်,ပဌမသိက္ခာပဒေ ဟူသော အစိတ်အစိတ် သိက္ခာပုဒ်တို့ကို ရှု၍ " တတ္ထ – ထို ၉ ပါးသော ဝဂ်တို့တွင်၊ တနည်း–တတ္ထ–ထို ၉၂ ပါးသော သိက္ခာပုဒ်တို့တွင်"ဟု နိဒ္ဓါရဏသမုဒါယအဖြစ်ဖြင့် စွဲရသည်။

**နိယာမ်**။ ။တတ္ထအစွဲ, စိတ်မရဲမှု, နောက်လွှဲအစု, အစိတ်ရှု, ရှေးယူ့ ပေါင်း၍စွဲ။

**ဝါဒက္ခိတ္တော** ။ ။ ဝဒန္တိ ဧတေနာတိဝါဒေါ – ပြောဆိုကြောင်းကို "ဝါဒ"ဟု ခေါ်၏၊ ၌နေရာ၌ မည်ကဲ့သို့ပြောဆိုမည်ဟု စောစောက ကြံစည်ထားအပ်သော အယူ အဆကို "ဝါဒ "ဟု ယူပါ၊ ဝါဒေန+ခိတ္တော ဝါဒက္ခိတ္တော၊ ခိတ္တောကို ပက္ခိတ္တော ဟု သဒ္ဒတ္ထ ဖွင့်၏၊ ပဟိတော ပေသိတောတို့ကား အဓိပ္ပါယတ္ထတည်း၊ သူကြံစည်ထား အပ်သော ဝါဒက ပစ်ပို့အပ် စေလွှတ်အပ်သည်ဖြစ်၍ အရှင်ဟတ္ထကသည် ပဒဝါဒီတို့ အထံသို့ ရောက်၍ရောက်၍နေ၏၊ "ပဒဝါဒီတို့အထံသို့ မကြာမကြာသွားသည်"ဟူလို။

အကြင် အရပ်၌၊ ဝါဒေါ-ပြောဆိုဘွယ်သည်၊(ဟောတိ-ရှိ၏၊)တတြ တတြေဝ-ထိုထို အရပ်၌ပင်၊ သန္ဒိဿတိ - ထင်ရှား၏၊ (ပါဝင်၏၊) ဣတိပိ – ဤ အနက်ကြောင့်လည်း၊ ဝါဒက္ခိတ္တော-ဝါဒက္ခိတ္တမည်၏။

အဝဇာနိတွာ ပဋိဇာနာတီတိ– ကား၊ အတ္တနော– မိမိ၏၊ ဝါဒေ–အယူဝါဒ၌၊ ကံ္ခိ–တစုံတခုသော၊ ဒေါသံ-အပြစ်ကို၊ သလ္လက္ခေန္တော –မှတ်ထင်လသော်၊ အယံ-ဤဟာသည်၊ မမ-ငါ၏၊ န ဝါဒေါ-အယူဝါဒမဟုတ်၊ ဣတိ-သို့၊ အဝဇာနိတွာ-ပယ်ပြီး၍၊ (ပယ်ပြီးမှ၊) ပုန-တဖန်၊ ကထေန္တော ကထေန္တော-ပြောစဉ် ပြောစဉ်၊(ပြောရင်း ပြောရင်း)၊နိဒ္ဒေါသတံ-အပြစ်မရှိသည်၏ အဖြစ်ကို၊

× × × × × × ×

**ဝါဒမှိဝါ၊ပေ၊ ခိတ္တော ။** ။ ဤနည်း၌ “ ဝါဒမှိ + ခိတ္တော ဝါဒက္ခိတ္တော ” ဟု သတ္တမီတပ္ပုရိသ် သမာသ်ပြု၊ မိမိစိတ်က ဝါဒအတွင်းသို့ ပစ်သွင်း ပို့ထားအပ်သည်ဖြစ်၍“အရှင်ဟတ္ထကဟာ ပြိုင်ဘို့ရာ ဝါဒထည်းမှာချည်း စိတ်ရောက်နေသည်၊ ပြိုင်ဘို့ရာ ဝါဒကိုသာ စိတ်ကူးနေသည်”ဟု ဆိုလိုသည်။

**ယတြ၊ပေ၊ ဣတိပိ။** ။ရှေ့နည်း၌ ပေါင်းဘို့ရန် “ဣတိပိ” ဟု သမ္ပိဏ္ဍနတ္ထ ပိသဒ္ဒါဖြင့် ဆိုသောကြောင့် ဤ ယတြစသည်ကို “ဝါဒမှိ+ခိတ္တော” ဝိဂ္ဂြိုဟ်အတွက် အဓိပ္ပါယ်တနည်း ဖွင့်ပြချက် ဟု မှတ်ပါ၊ အကြင် အကြင်အရပ်၌ ဝါဒပြိုင်ပွဲဖြစ်၏၊ ထိုထိုအရပ်၌ အရှင်ဟတ္ထကကို တွေ့ရမြင်ရသည်၊ “ဝါဒပြိုင်ပွဲဟူသမျှ၌ ပါဝင်နေသည်သာ ဖြစ်လေအောင် အရှင်ဟတ္ထကကို မိမိစိတ်က ဝါဒထည်း၌ သွင်းထားအပ်သည်”ဟူလို။

**မှတ်ချက်။** ။ယောဇနာ၌ “ယတြ ယတြာတိ ယဿံ ယဿံ ဒိဗ္ဗယံ ” ဟု ဖွင့်၍ “ ပဝတ္တတီတိ သမ္ဗန္ဓော ” ဟု ပဝတ္တတိ ကြိယာထည့်ပါ၍၌ စပ်ဘို့ရန် ဖွင့်သည်ကို စဉ်းစားပါ၊ ဘာ့ကြောင့်နည်း– “ယတြယတြ” အရ “ ယဿံ ယဿံ ဒိဗ္ဗယံ ” ဟု ဖွင့်လျှင် ဝါဒေါအရလည်း ပြောဆိုကြောင်း အယူပင်ရသဖြင့် ယတြနှင့် ဝါဒေါတို့ အရမပြားဘဲ ရှိရာသောကြောင့်၎င်း, တိုက်ရိုက် မပါသော ကြိယာကို ထည့်လိုလျှင် “ ဟောတိ, အတ္ထိ ” စသည်ကိုသာ ထည့်ရိုးရှိသောကြောင့်၎င်းတည်း။

**အဝဇာနိတွာ ။** ။ ရူပသိဒ္ဓိ-နာမ် ဥပသာရတို့၏ အနက်တို့ကို ပြရာ၌ အဝ၏ အဓောဘာဝ(အောက်၌ ဖြစ်ခြင်း, အောက်ချခြင်း)အနက်၏ ပုံစံကို “အဝဇာနန်” ဟု ထုတ်၏၊ ထို့ကြောင့် မိမိပြောအပ်သော စကား၌(အယူ၌)အပြစ်မြင်၍“ငါ့ဝါဒမဟုတ်”ဟု ပယ်ချခြင်းသည် အဓောဘာဝ (အောက်ချခြင်း) ဟူသော အဝဇာနနပင်ဖြစ်၏၊ ထို့ကြောင့် အဝသည် အဓောဘာဝ အနက်ဟောသာ ဖြစ်သင့်၏၊ ယောဇနာ၌ကား ဝိယောဂ အနက်ကို ယူ၍ “ ပဋိသဝေန ဝိယောဂံ ကတွာ - ဝန်ခံခြင်းနှင့် ကင်းအောင်ပြု၍”ဟု ဖွင့်လေ၏၊ ထို့ပြင်“အပဇာနိတွာ”ဟု မူကွဲလည်းပြလေသည်၊ ထိုယောဇနာအဖွင့်ကို စဉ်းစားပါ။

**ကထေန္တော ကထေန္တော။** ။ပါဠိတော်၌“သော၊ပေ၊အဝဇာနိတွာ ပဋိဇာနာတိ”ဟု ရှိ၏၊ “သော”ဟူသော ကတ္တားနှင့် ကထေန္တောသည် အရတူသောကြောင့် အန္တသည် ကတ္တုသာဓနနှင့် တကွ လက္ခဏာအနက်ဟောတည်း၊ ထိုသို့ ကတ္တားပုဒ်နှင့်

သလ္လက္ခေတွာ– မှတ်ထင်ပြန်၍၊ အယံ–ဤဟာသည်၊ မမ - ၏၊ ဝါဒေါ၀ေ– ဝါဒပင်တည်း၊ ဣတိ-သို့၊ ပဋိဇာနာတိ–ဝန်ခံပြန်၏၊ ပဋိဇာနိတွာ အဝဇာနာတိတိ-ကား၊ ကိသ္မိဉ္စိဒေ၀-တစုံတခုပင်လျှင် ဖြစ်သော၊ ဝစနေ-စကား၌၊ အာနိသံသ–အကျိုးကို၊ သလ္လက္ခေန္တော- မှတ်ထင်လသော်၊ အယံ- သည်၊ မမ - ၏၊ ဝါဒေါ-တည်း၊ ဣတိ-သို့၊ ပဋိဇာနိတွာ–ဝန်ခံပြီး၍၊ ပုန–တဖန်၊ ကထေန္တော ကထေန္တော- ပြောစဉ် ပြောစဉ်၊ ( ပြောရင်း ပြောရင်း၊ ) တတ္တ- ထို စကား၌၊ ဒေါသံ-အပြစ်ကို၊ သလ္လက္ခေတွာ- မှတ်ထင်၍၊ အယံ - ဤဟာသည်၊ မမ - ၏၊ န ဝါဒေါ-ဝါဒမဟုတ်၊ ဣတိ–သို့၊ အဝဇာနာတိ-ပယ်ပြန်၏။

အညေနညံ ပဋိစရတီတိ - ကား၊ အညေန - အခြားသော၊ ကာရဏေန - နောက် အကြောင်းဖြင့်၊ အညံ- အခြားသော၊ ကာရဏံ - ရှေ့အကြောင်းကို၊ ပဋိစရတိ ပဋိစ္ဆာဒေတိ - ဖုံး၏၊ အဇ္ဈောတ္ထရတိ - လွှမ်း၏၊ ရူပံ - ရုပ်သည်၊ အနိစ္စံ- အနိစ္စတည်း၊ ( ကသ္မာ - အဘယ့်ကြောင့်နည်း၊ ) ဇာနိတဗ္ဗတော - သိထိုက်သည်၏ အဖြစ်ကြောင့်တည်း၊ ဣတိ-သို့၊ ဝတွာ- ပြောပြီး၍၊ ပုန-တဖန်၊ ဇာတိဓမ္မတော - ဖြစ်ခြင်းသဘော ရှိသည်၏အဖြစ်ကြောင့်တည်း၊ ဣတိအာဒိနိ- ဤသို့

× × × × × × × × ×

အရတူသောကြောင့် တဝါကျထည်း၌ ဝိဘတ်တူအောင် ထားရသည်၊ " ထို အရှင်ဟတ္ထကသည် ပြောလသော် ပြောလသော်၊ (ပြောစဉ် ပြောစဉ်, ပြောရင်း ပြောရင်း) အပြစ်မရှိ ဟု ထင်၍ ဝန်ခံပြန်သည် " ဟူလို။

**ထေယာဇနာ။** ။" ကထေန္တော၌ အန္တ်သည် မာနသဒ္ဒါ၏ အပြ ( ကာရိယ ) တည်း" ဟု ဆို၍ " ကထိယမာနော – ပြောအပ်သော် " ဟု ကံအနက် ဖွင့်၏၊ ထိုသို့ ဖွင့်သည်ကို တဝါကျတည်း၌ ကတ္တားဟောနှင့် ကံဟောပုဒ်တို့ ဝိဘတ်တူ မရှိကောင်းသောကြောင့် စဉ်းစားကြပါလေ။

**ပဋိစရတိ။** ။" ပဋိပုဗ္ဗ စရဓာတ်သည် ပဋိစ္ဆာဒန အနက်ဟော" ဟု သိစေလို၍ ပဋိစ္ဆာဒေတိဟု ဖွင့်၏၊ ပဋိစ္ဆာဒေတိကို အဇ္ဈောတ္ထရတိ ဟု ထပ်ဖွင့်သည်၊ ပဋိစ္ဆာဒန (ပစ္စည်းတစုံတခုကို ဖုံးခြင်း )ဟူသည် ထိုပစ္စည်းအပေါ်၌ အဇ္ဈောတ္ထရဏ ( အဝတ်စသည်ဖြင့် လွှမ်းထားခြင်း မိုးထားခြင်း )တည်း၊ ဤနေရာ၌လည်း မိမိ မလိုလားအပ်သော အကြောင်းတခုကို မိမိ လိုလားအပ်သော အကြောင်းတခုဖြင့် ဖုံးထားခြင်း လွှမ်းမိုးထားခြင်းဖြစ်သည်၊ ထို့ကြောင့်" ပဋိစ္ဆာဒေတိ "ကိုပင် အဇ္ဈောတ္ထရတိ"ဟု ထပ်၍ဖွင့်သည်။

**ရူပံ၊ပေ၊ဝဒတိ။** ။နောက်အကြောင်းတခုဖြင့် ရှေ့အကြောင်းတခု ဖုံးလွှမ်းပုံကို ထင်ရှားပြလို၍"ရူပံ၊ပေ၊ဝဒတိ"ဟု မိန့်သည်၊ "ရုပ်သည် နိစ္စလော, အနိစ္စလော"ဟု ပြဿနာဖြစ်ရာ၌"ရုပ်သည် အနိစ္စတည်း"ဟု ဖြေပြီးလျှင် ဘာ့ကြောင့်လဲဟု အကြောင်းကို မေးသောအခါ"ဇာနိတဗ္ဗတော- သိထိုက်သောကြောင့်"ဟု အကြောင်းပြ၏၊ ထိုအခါ တဖက်ပုဂ္ဂိုလ်က " သိထိုက်သောကြောင့် အနိစ္စဖြစ်တမ်းဆိုလျှင် နိဗ္ဗာန်လည်း သိထိုက်သော တရားဖြစ်ရကား အနိစ္စပေါ့ " ဟု ပြောသောအခါ ဇာနိတဗ္ဗတော ဟူသော အကြောင်းကို ဖုံးကွယ်လို၍ " ဇာတိဓမ္မတော - ဖြစ်ခြင်း သဘောရှိသော

**အစရှိသော** စကားတို့ကို၊ ဝဒတိ - ပြော၏၊ ကုရုန္ဒိယံ ပန-ကုရုန္ဒီ အဋ္ဌကထာ၌ကား၊ တေသု-၌ အဝဇာနန ပဋိဇာနနကို၊ [“ကေသု-တခုသောအဝဇာနန ပဋိဇာနနကို” ဟုလည်း မှုကွဲရှိ၏။] ပဋိစ္ဆာဒနဟေတုံ-ဖုံးလွှမ်းခြင်း၏ အကြောင်းဖြစ်သော၊ အညံ - အခြားသော၊ ဗဟုံ - များစွာသော စကားကို၊ ကထေတိ - ပြောဆို၏၊ ဣတိ-သို့၊ ဝုတ္တံ-ပြီ၊ တတြ-ထို စကားရပ်၌၊ အယံ-၌ ဆိုအပ်လတ္တံ့ကား၊ အဓိပ္ပါယော - ကုရုန္ဒီ အဋ္ဌကထာဆရာ၏ အလိုတည်း၊ ယံတံ ပဋိဇာနနဥ္စ - အကြင် ဝန်ခံခြင်းသည်၎င်း၊ ယံတံ အဝဇာနနဥ္စ - အကြင် ပယ်ခြင်းသည် ၎င်း၊ (အတ္ထိ၊) တေသု- ထို ဝန်ခံခြင်း ထို ပယ်ခြင်းကို၊ ပဋိစ္ဆာဒနတ္ထံ - ဖုံးလွှမ်းခြင်း အကျိုးငှါ၊ ကော- အဘယ်သူသည်၊ အာဟ- ပြောသနည်း၊ ကိံ-အဘယ် စကားကို၊ အာဟ- နည်း၊ ကိသ္မိံ - အဘယ်နေရာ၌၊ အာဟ- နည်း၊ ဣတိ ဧဝမာဒိံ - ဤသို့ အစရှိသော၊ ဗဟုံ - များစွာသော စကားကို၊ ဘာသတိ- ပြော၏၊ ဣတိ - ဤ ဆိုအပ်ပြီးကား၊ ( အဓိပ္ပါယော - ကုရုန္ဒီ အဋ္ဌကထာဆရာ၏ အလိုတည်း၊) ပုန- တဖန်၊ မဟာအဋ္ဌကထာယံ- ၌၊ (ဝုတ္တံ ဋ္ဌိစပ်၊) စ- ဆက်၊ အဝဇာနိတွာ- ပယ်ပြီး၍၊ ပဋိဇာနန္တော – ဝန်ခံသော၊ ပဋိဇာနိတွာ - ဝန်ခံပြီး၍၊ အဝဇာနန္တော ဝေ -ပယ်သူသည်ပင်၊ အညေနညံ ပဋိစရတိ - အညေနညံ ပဋိစရတိမည်၏၊ ဣတိ-သို့၊ ဝုတ္တံ- ဆိုအပ်ပြီ။

× × × × × × ×

ကြောင့်”ဟု နောက်အကြောင်း တမျိုးကို ပြပြန်သည်၊ ငါက “ဇာနိတဗ္ဗတော” ဟု မပြောပါဘူး, အသင်က အကြားလွဲလို့ပါ၊ “ဇာတိမ္မတော” ဟု ပြောပါသည်– ဟူလို။ ဤ၌ ဇာတိမ္မတော ဟူသော နောက်အကြောင်းဖြင့် ဇာနိတဗ္ဗတော ဟူသော ရှေ့အကြောင်းကို ဖုံးလွှမ်းခြင်းဖြစ်သည်။

**တေသု၊ပေ၊ကထေတိ။** ။တေသုကို ယောဇနာ၌“ရူပံ အနိစ္စံ၊ဇာနိတဗ္ဗတောတိ ဝစနသု”ဟု ဖွင့်၏၊ သင့်မည်မထင်၊ သီဟိုဠ်မှု၌ “ကေသု”ဟု သဲ့ျာဝါစကပုဒ်ရှိ၏၊ “ဗဟုံ ကထေတိ” ကို ထောက်၍ သဲ့ျာဝါစက ကေသုပါဌ်က ကောင်းသကဲ့သို့ ထင်၏၊ အဝဇာနနကိုဖြစ်စေ ပဋိဇာနနကိုဖြစ်စေ တခုကိုဖုံးဘို့ရန် များစွာသောစကားတွေကို ဆိုသည်-ဟူလို။

**တတြာယံ၊ပေ၊ဘာသတီတိ။** ။ ဤကား ဗဟုံကထေတိအရ အများအပြား စကား ပြောပုံကို ပြသော တပ္ပါကဋီကရဏဝါကျတည်း၊ ဝန်ခံအပ်ပြီးသော ပဋိဇာနနကို ဖြစ်စေ, ပယ်အပ်ပြီးသော အဝဇာနနကို ဖြစ်စေ ဖုံးလွှမ်းဘို့ရန် “ကော အာဟ, ကိံ အာဟ, ကိသ္မိံ အာဟ”စသည်ဖြင့် များစွာသော ဖုံးလွှမ်းကြောင်း စကားတွေကို ပြောသည်–ဟူလို။ [ဘာသတီတိ ဟု ဣတိသဒ္ဒါပါစေ။]

**ပုန မဟာအဋ္ဌကထာယံ။** ။ “ အညေန ကာရဏေန၊ ပေ၊ အာဒိန္နံ ဝဒတိ ” ဟူသော မူလအဖွင့်လည်း မဟာအဋ္ဌကထာမှ ယူအပ်သော အဖွင့်ပင်တည်း၊ မဟာအဋ္ဌကထာ၌ ထိုအဖွင့် အပြင် ထပ်၍ “အဝဇာနိတွာ၊ပေ၊ပဋိစရတိ” ဟု ဆိုပြန်သည် ဟု ပြလို၍ “ပုန၊ပေ၊ဝုတ္တံ”ဟု ပုနသဒ္ဒါဖြင့် မိန့်သည်၊ ပယ်အပ်ပြီးသော ဝါဒကို ပြန်၍

သမ္ပဇာနမုသာ ဘာသတီတိ- ကား၊ ဇာနန္တော- သိလျက်၊ မုသာ—မဟုတ်မမှန်သောစကားကို၊ ဘာသတိ-ပြောဆို၏၊ သင်္ကေတံ ကတွာ ဝိသံဝါဒေတီတိ- ကား၊ ပုရေဘတ္တာဒိသု - နံနက် အစရှိသောကာလ, ဒေသတို့တွင်၊ အသုကသ္မိံ နာမပဒေသေ - ဤမည်သော အရပ်၌၊ ဝါဒေါ - ပြောဆိုခြင်းသည်၊ ဟောတု- ဖြစ်စေ၊ ဣတိ-သို့၊ သင်္ကေတံ- ချိန်ခါနေရပ်, သတ်မှတ်မှုကို၊ ကတွာ - ပြုပြီး၍၊ သင်္ကေတတော-သင်္ကေတမှ၊ ပုဗ္ဗေဝါ-ရှေ့၌သော်ငင်း၊ ပစ္ဆာဝါ- နောက်၌သော်ငင်း၊ ဂန္တွာ-သွားပြီး၍၊ ဧတာ- အဓောင်ဘို့၊ ပဿထ- ကြည့်ကြလော၊ တိတ္ထိယာ - တိတ္ထိတို့သည်၊ န အာဂတာ - မလာကြကုန်၊ ပရာဇိတာ - ရှုံးကုန်ပြီ၊ ဣတိ– ဤသို့ ပြော၍၊ ပက္ကမတိ– ဖဲသွား၏၊ သမ္ပဇာန မုသာဝါဒေတိ - ကား၊ ဇာနိတ္ဝာ – သိပြီး၍ငင်း၊ ( မုသား မပြောမီ ရှေးအဘို့၌ ငါမုသား ပြောမည် ဟူ ဟု သိပြီး၍ငင်း၊ ) ဇာနန္တဿ-သိလျက်ငင်း၊ (မုသားပြောဆဲခဏ၌ ငါမုသား ပြောနေသည် ဟု သိလျက်ငင်း၊) မုသာ—မဟုတ်မမှန်သော စကားကို၊ ဘဏနေ- ပြောဆိုခြင်းကြောင့်၊(ပါဠိတော် ပါစိတ္တိယံ ဟောတိ—၌စပ်။)

× × × × × × ×

ဝန်ခံသော ဝန်ခံအပ်ပြီးသော ဝါဒကို ပြန်၍ ပယ်သော ပုဂ္ဂိုလ်ကိုပင် “ အညေနညံ ပဋိစရတိ- နောက်ဝါဒတမျိုးဖြင့် ရှေ့ါဒတမျိုးကို ဖုံးလွှမ်းသူဟု ဆိုရသည် ” ဟူလို၊ ဝေဖြင့် “ နောက်အကြောင်းဖြင့် ရှေ့အကြောင်းကို ဖုံးသူလည်း အခြားသူမဟုတ်, ပယ်ပြီး၍ ဝန်ခံသူ, ဝန်ခံပြီး၍ ပယ်သူပင် ဖြစ်သည်”ဟု ပြသည်။

ဇာနန္တော ။ ။ သမ္ပဇာနကို ဇာနန္တောဟု ဖွင့်သောကြောင့် သမ္ပဇာနန္တပုဒ်မှ န္တကို သိမှီ ဂဠန္တာဒီနံ န္တသဒ္ဒေါ အံသုတ်ဖြင့် အံပြု၍ သမ္ပဇာနံ ဟု ဖြစ်သင့်လျက် နိဂ္ဂဟိတ်ကိုချေ၍ သမ္ပဇာနဖြစ်သည် ဟု သိစေ၏၊ သံ + ပ ဥပသာရတို့အတွက် ဤနေရာ၌ အထူးမပြသော်လည်း နောက်၌ ဇာနိတ္ဝာ , ဇာနန္တဿတို့ဖြင့် ပြလတ္တံ့ဖြစ်၍ သံ + ပ ဥပသာရတို့ကို အနက်ရှိဘု ကြံပါ။ [ သမ္ပဇာနံ မုသာဘာသတီတိ ဝတ္တဗ္ဗေ အနုနာသိကလောပေန နိဒ္ဒေသော၊—ဋီကာ။]

သမ္ပဇာန မုသာဝါဒေ။ ။ဝါဒေကို ဘဏနေဟု ဖွင့်သောကြောင့် “ ဝဒနံ+ ဝါဒေါ” ဟု ဘာဝသာဓ်ပြု၊ ထို ဘာဝသာဓနကြောင့် “ယောပန ဘိက္ခု” နေရာဝယ် “ဘိက္ခုနော ” ဟု သမ္ဗန်ထည့်ရသည်၊ သမ္ပဇာနလည်း ဘိက္ခုနောနှင့် အရတူသောကြောင့် “သမ္ပဇာနန္တဿ+မုသာဝါဒေါ သမ္ပဇာန မုသာဝါဒေါ”ဟု ဆဋ္ဌီတပ္ပုရိသ် သမာသ်ပြု၍ န္တကို ချေ၊ ဇာနိတွာ ဇာနန္တဿတို့ဖြင့် “သံ– ပ– ကောင်းစွာ အပြားအားဖြင့်”သိပုံကို ပြသည်၊ ထိုတွင် ဇာနိတွာဟူသော ပုဗ္ဗကာလကြိယာ ဝိသေသနဖြင့် မုသားမပြောမီ ရှေ့အဘို့၌ သိပုံကိုပြ၏၊ ပစ္စုပ္ပန်အနက်ဟော အန္တနှင့်တကွ ဆိုအပ်သော ဇာနန္တဿဖြင့် ပြောဆဲခဏ၌ (ငါဟာ မုသားပြောနေပါတကားဟု) သိပုံကို ပြသည်။ [ ပုဗ္ဗဘာဂေပိ ဇာနိတွာ, ဝစနက္ခဏေပိ ဇာနန္တဿ၊— ဋီကာ။ ဤသို့ “ဋီကာ”ဟု တွေ့သမျှ၌ “သာရတ္ထ=ဒုတိယသင်္ဂါယနာကာဋီကာ” ဟု မှတ်ပါ။]]

ဝိသံဝါဒန ပုရေက္ခာရဿာတိ-ကား၊ ဝိသံဝါဒနစိတ္တံ-ချွတ်ယွင်းစေကြောင်း စိတ်ကို၊ ( အယူအဆမှားစေကြောင်း စိတ်ကို၊ ) ပုရတော-ရှေ့၌၊ ကတွာ-ပြု၍၊ (တနည်း) ပုရတောကတွာ—ရှေ့သွားပြု၍၊ ဝဒန္တဿ—ပြောဆိုသော ပုဂ္ဂိုလ်၏၊ ဝါစာတိ - ကား၊ မိစ္ဆာဝါစာ ပရိယာပန္န ဝစနသမုဋ္ဌာပိကာ - မိစ္ဆာဝါစာ၌ အကျုံးဝင်သော စကားကို ဖြစ်စေတတ်သော၊ စေတနာ – စေတနာတည်း၊ ဂိရာတိ-ဂိရာဟူသော ဤပါဠိဖြင့်၊ တာယစေတနာယ-ထိုစေတနာသည်၊ သမုဋ္ဌာပိတသဒ္ဒံ- ဖြစ်စေအပ်သော စကားသံကို၊ ဒဿေတိ- ပြ၏၊ ဗျပ္ပထောတိ- ကား၊ ဝစနပထော-စကားသံသည်ပင် လမ်းကြောင်းတည်း၊ ဟိ-မှန်၏၊ ဝါစာယေဝ-စကားသံကိုပင်၊ အညေသမ္ပိ – မူလပြောဆိုသူမှ တပါးလည်း ဖြစ်ကုန်သော၊ ဒိဋ္ဌာနုဂတိ- ဒိဋ္ဌာနုဂတိသို့၊ အာပဇ္ဇန္တာနံ- ရောက်သူတို့၏၊ ပထဘူတတော– လမ်းကြောင်းဖြစ်၍ ဖြစ်သည်၏ အဖြစ်ကြောင့်၊ ဗျပ္ပထောတိ – ဟူ၍၊ ဝုစ္စတိ– ဆိုအပ်၏၊ ဝစီဘေဒေါတိ- ကား၊ ဝစီသညိတာယ- ဝစီဟု ဆိုအပ်သော၊ ဝါစာယ-စကား၏၊ ဘေဒေါ-ကွဲပြားခြားနားခြင်းတည်း၊ (တလုံးနှင့်တလုံးမတူအောင် စကားလုံး၏ ကွဲပြားခြားနားခြင်းတည်း- ဟူလို၊ ) ပဘေဒဂတာ- ကွဲပြားသည်၏ အဖြစ်သို့ရောက်သော၊ ဝါစာဝေ - စကားသံကိုပင်၊ ဧဝံ- ဤသို့ ဝစီဘေဒဟူ၍၊

× × × × × × ×

**ဝိသံဝါဒနစိတ္တံ။** ။သံဝါဒေတိ ဓောနာတိ သံဝါဒနံ-မှန်ကန်စွာ ဆိုစေကြောင်း စိတ်၊ "န+သံဝါဒနံ ဝိသံဝါဒနံ" ဟု ပြု၍ မှန်ကန်စွာဆိုစေကြောင်းစိတ်၏ ဆန့်ကျင်ဘက် (လိမ်လည်ပြောဆိုစေတတ်သော) စိတ်တည်း၊ "ပုရေက္ခာရ–ရှေ့၌ပြု"ဟူသည် မပြောဆိုမီ ရှေ့အဘို့၌ လိမ်လိုသောစိတ်ကို ဖြစ်စေခြင်းတည်း။

**ဝိသံ၊ ပေ၊ ဝဒန္တဿ။** ။ပုရတော ကတ္ဂာ ဝဒန္တဿ၌ ဝဒန္တဿကား ပုရေက္ခာရဿဟူသော ပါဠိတော်၌ သိခါပတ္တ (အပြီးရောက်) အနက်ပြစကားတည်း၊ရှေ့သွား ပြုရုံဖြင့် မုသာဝါဒမဖြစ်, ပြောမှဖြစ်သည်–ဟူလို။

**ဝါစာ , ဂိရာ ။** ။ "ဝစတိ ဓောယာတိ ဝါစာ" ဟု ပြု၍ ပြောဆိုကြောင်း စေတနာကို ဝါစာဟု ယူပါ၊ "ဂိ–သဒ္ဒေ"နှင့်အညီ"ဂီယတေ သဒ္ဒီယတေတိ ဂိရာ"ဟု ပြု၍, စေတနာအရင်းခံ၍ ပြောဆိုအပ်သောအသံကို ဂိရာဟု ယူပါ။

**ဗျပ္ပထော။** ။ဝါစာဝေ၌ ဝေဖြင့် အဝဓာရဏာကမ္မဓာရည်းကို ပြ၏၊ ဝါစာဝေ– စကားသံသည်ပင် + ပထော–ဒိဋ္ဌာနုဂတိ လိုက်သူတို့၏ လမ်းကြောင်းတည်း၊ ဝါစာ ပထော – စကားလမ်းကြောင်း၊ "ဝါစာယ ဗျော ပထေ" ဟူသော သဒ္ဒနီတိ သန္ဓိ (၁၇၂) သုတ်ဖြင့် ပထနှောင်းရာ၌ ဝါစာကို ဗျပြု။

**ဝစီဘေဒေါ။** ။ဝစိယာ—စကားလုံး၏ + ဘေဒေါ– ( တလုံးနှင့်တလုံး မတူအောင် ) ကွဲပြားခြားနားခြင်းတည်း၊ ဝစီဘေဒေါ – ခြင်း၊ ဤဝိဂ္ဂဟ်အလိုအားဖြင့် ကွဲပြားခြင်းကြိယာကို ရသော်လည်း အမှန်အားဖြင့် ထိုကြိယာ၏တည်ရာ စကားလုံး ကိုသာ ဌာနူပစာရအားဖြင့်ယူပါဟု သိစေလို၍"ပဘေဒဂတာ ဝါစာဝေ ဧဝံ ဝုစ္စတိ" ဟု မိန့်သည်။

ဝုစ္စတိ- ဆိုအပ်၏၊ ဝါစသိကာ ဝိညတ္တိတိ- ကား၊ ဝစီဝိညတ္တိ-ဝစီဝိညတ်တည်း၊ ဧဝံ - ဤသို့လျှင်၊ ပဌမပဒေန- ဝါစာဟူသော ပဌမပုဒ်ဖြင့်၊ သုဒ္ဓစေတနာ-အသံမဖက် သက်သက်သော စေတနာကို၊ (ကထိတာ- ဆိုအပ်ပြီ၊) မဇ္ဈေ-အလယ်၌၊ တီဟိ- ဂိရာ , ဗျပ္ပထော, ဝစီဘေဒဒါဟူသော သုံးပုဒ်တို့ဖြင့်၊ တံသမုဋ္ဌာပိတသဒ္ဒသဟိတာ – ထို စေတနာသည် ဖြစ်စေအပ်သော အသံနှင့်တကွ ဖြစ်သော၊ စေတနာ- စေတနာကို၊ (ကထိတာ)၊ အန္တေ- အဆုံး၌၊ ဧကေန –ဝါစသိကာ ဝိညတ္တိ ဟူသော တပုဒ်ဖြင့်၊ ဝိညတ္တိသဟိတာ – ဝိညတ်နှင့်တကွ ဖြစ်သော၊ စေတနာ—ကို၊ ကထိတာ-ပြီ၊ ဣတိ- ဤသို့၊ ဝေဒိတဗ္ဗာ- သိထိုက်၏၊ အနရိယဝေါဟာရာတိ-ကား၊ အနရိယာနံ- အရိယာမဟုတ်ကုန်သော၊ ဗာလပုထုဇ္ဇနာနံ-တို့၏၊ ဝေါဟာရာ-ပြောဆိုအပ်သော အသုံးအနှုန်းတို့တည်း။[အနရိယာနံ+ဝေါဟာရာ-အနရိယဝေါဟာရာ။]

ဧဝံ – ဤ ဆိုအပ်ပြီးသောနည်းဖြင့်၊ သမ္ပဇာန မုသာဝါဒံ - သမ္ပဇာန မုသာဝါဒကို၊ ဒဿေတွာ—ပြတော်မူပြီး၍၊ ဣဒါနိ—ယခုအခါ၌၊ အန္တေ-ထို ၅ ပုဒ်တို့၏ အဆုံး၌၊ ဝုတ္တာနံ - ဟောတော်မူအပ် ကုန်သော၊ သမ္ပဇာန မုသာဝါဒသင်္ခါတာနံ-သမ္ပဇာန မုသာဝါဒဟု ဆိုအပ်ကုန်သော၊ အနရိယ ဝေါဟာရာနံ-တို့၏၊ လက္ခဏံ-မှတ်သားကြောင်း ရှစ်ပါးသရုပ်ကို၊ ဒဿေန္တော- ပြတော်မူလိုသည်၊ (ဟုတ္ဝာ– ဖြစ်၍၊) အဒိဋ္ဌံ ဒိဋ္ဌံမေတိ အာဒိ - အစရှိသော စကားရပ်ကို၊ အာဟ-မိန့်တော်မူပြီ။

တတ္ထ- ထို အဒိဋ္ဌံ ဒိဋ္ဌံ မေ အစရှိသော စကားရပ်၌၊ အဒိဋ္ဌံ – စက္ခုဒွါရဖြင့် မမြင်အပ်ဘူးသော ရူပါရုံကို၊ မေ-ငါသည်၊ ဒိဋ္ဌံ-မြင်အပ်ပြီ၊ ဣတိဝေ-ဤသို့၊ ဝဒ တော-ပြောဆိုသော ပုဂ္ဂိုလ်၏၊ ဝစနံ- စကားသည်၊ ဝါ-တနည်း၊ တံ သမုဋ္ဌာပိကာ-ထိုစကားကို ဖြစ်စေတတ်သော၊ စေတနာ- စေတနာသည်၊ ဧကော-တပါးသော၊ အနရိယဝေါဟာရော-အနရိယဝေါဟာရတည်း၊ ဣတိ ဣမိနာနယေန-

× × × × × × ×

**ဧဝံ ပဌမပဒေန၊ပေ၊ဝေဒိတဗ္ဗာ။** ။ဝါစာ ဂိရာစသော ၅ ပုဒ်သည် မုသာဝါဒ၏ အဖွင့်ဖြစ်သောကြောင့် ထိုအဖွင့်ဖြင့် စေတနာ , ဝိညတ် , အသံ ၃ ပါးစုံမှ မုသာဝါဒ ဖြစ်သည်၊ စေတနာချည်းရင်း, ဝိညတ်ချည်းရင်း, အသံချည်းရင်း, ၂ ပါးစီ စုံရုံဖြင့်ရင်း မုသာဝါဒမဖြစ်ဟု သိစေတော်မူသည်။

**ဧဝံ၊ပေ၊အာဒိမာဟ။** ။ဤကျမ်းတက်၌ " အန္တေ ဝုတ္တာနံ သမ္ပဇာန မုသာဝါဒ သင်္ခါတာနံ အနရိယဝေါဟာရာနံ " ဟူသော စကားကို ထောက်၍ ပါဠိတော်၌ အဋ္ဌ အနရိယဝေါဟာရလည်း သမ္ပဇာနမုသာဝါဒပေါ်၏အဖွင့်တည်းဟု သိသာ၏၊ထို့ကြောင့် ပါဠိတော်ဝယ် အဋ္ဌ အနရိယဝေါဟာရာ၏ နောက်၌ ပိုဒ်ရှိရမည်၊ ထိုသို့ ဖွင့်ပြီးနောက်မှ အနရိယဝေါဟာရ၏ အမှတ်လက္ခဏာ ဖြစ်သော ၈ ပါး သရုပ်ကို ပြတော်မူလိုသော ကြောင့် "အဒိဋ္ဌံ ဒိဋ္ဌံ မေ" အစရှိသောစကားကို မိန့်တော်မူသည်။

ဤနည်းဖြင့်၊ အတ္တော-ကို၊ ဝေဒိတဗ္ဗော-သိထိုက်၏၊ အပိစ-သည်သာမကသေး၊ တွေ - ဤ အဒိဋ္ဌံ ဒိဋ္ဌံ မေ အစရှိသော ပါဠိရပ်တို့၌၊ စက္ခုဝသေန - စက္ခုဒွါရ၏ အစွမ်းဖြင့်၊ အဂ္ဂဟိတာရမဏံ- စက္ခုဝိညာဉ်သည် မယူအပ်သော ရူပါရုံသည်၊ အဒိဋ္ဌံ–အဒိဋ္ဌမည်၏၊ သောတဝသေန-သောတဒွါရ၏ အစွမ်းဖြင့်၊ အဂ္ဂဟိတံ- သောတဝိညာဉ်သည် မယူအပ်သော၊ (အာရမဏံ - သဒ္ဒါရုံသည်၊) အသုတံ- မည်၏၊ ဃာနာဒိဝသေန - ဃာနဒွါရ အစရှိသည်တို့၏ အစွမ်းဖြင့်၊ မုနိတွာ- ဖွဲ့နှောင်၍၊ တီဟိ- ဃာန ဇိဝှါ ကာယ အားဖြင့် ၃ ပါးကုန်သော၊ ဣန္ဒြိယေဟိ- ဣန္ဒြေတို့ဖြင့်၊ ဧကာဗဒ္ဓံဝိယ - တစပ်ထည်း ဖွဲ့စပ်အပ်သကဲ့သို့၊ ကတွာ- ပြု၍၊ ပတွာ- ရောက်၍၊ အဂ္ဂဟိတံ– မယူအပ်သော၊ ( အာရမဏံ - ဂန္ဓာရုံ , ရသာရုံ, ဖေါဋ္ဌဗ္ဗာရုံသည်၊) အမုတံ- မည်၏၊ ပဉ္စဟိ-စက္ခုစသား ၅ ပါးကုန်သော၊ ဣန္ဒြိယေဟိ–တို့ကို၊ အညတြ-၍၊ သုဒ္ဓေန-၅ ဒွါရမဖက် သက်သက်သော၊ဝိညာဏေ မနေဝ - မနောဝိညာဉ်သည်သာလျှင်၊ အဂ္ဂဟိတံ - မယူအပ်သော၊ (အာရမဏံ- အာရုံသည်၊ )အဝိညာတံ - မည်၏၊ ဣတိ-သို့၊ ဝေဒိတဗ္ဗံ-သိထိုက်၏။

ပန-ထိုသို့ သိထိုက်ပါသော်လည်း၊ ပါဠိယံ–ပါဠိတော်၌၊ အဒိဋ္ဌံ၊ပေ၊ဒိဋ္ဌန္တိ- ဟူ၍၊ ဝံ–ဤသို့၊ သြဠာရိကေနေဝ—ထင်ရှားသည်သာလျှင်ဖြစ်သော၊ နယေန- နည်းဖြင့်၊ ဒေသနာ- ကို၊ ကတာ - ပြုတော်မူအပ်ပြီ၊ ဣတိ - ဤသို့ မှတ်အပ်၏၊ စ-ဆက်၊ ဒိဋ္ဌာဒိသု-ဒိဋ္ဌအစရှိသည်တို့တွင်၊ အတ္တနာပိ–မိမိသည်ရင်း၊ ပရေနပိ-

× × × × × × ×

**အပိစေတွေ။** ။အပိစကို အချို့နေရာ၌ အပရောနယောဟု အနက်ဆိုရသော်လည်း ဤနေရာ၌ကား ရှေ့အဖွင့်ကို ပေါင်းသော သမ္ပိဏ္ဍနတ္ထသာ ဖြစ်သင့်၏၊ ရှေ့အဖွင့်သာ မက ဤနောက်အဖွင့်လည်း ရှိပါသေးသည်–ဟူလို။

**စက္ခုဝသေန ။** ။ စက္ခုပသာဒ၏ အစွမ်းဟူသည် စက္ခုဝိညာဉ်အား ဝတ္ထုပုရေဇာတ နိဿယသတ္တိဖြင့် ကျေးဇူးပြုနိုင်သော သတ္တိတည်း၊ ထို စက္ခုပသာဒ၏ သတ္တိဖြင့် စက္ခုဝိညာဉ်သည် မယူအပ် (မသိအပ်) သော ရူပါရုံကို "အဒိဋ္ဌံ"ဟု ဆိုသည်။

**ဃာနာဒိ၊ပေ၊ပတွာ။** ။ ဃာနာဒိဝသေန မုနိတွာ အဂ္ဂဟိတံသည် မုတံပုဒ်၏ မူလအဖွင့်တည်း၊ "မု-ဗန္ဓနေ"နှင့် အညီ မုနိတွာကို အနက်ပေးရသည်၊ "တီဟိ၊ပေ၊ ပတွာ"ကား မုဓာတ်၏ ဗန္ဓနအနက်နှင့်တကွ ထိုဃာနဇိဝှါကာယ ပသာဒိန္ဒြေ ၃ပါး၏ သမ္ပတ္တဂ္ဂါဟက ( ထိရောက်သော အာရုံကို ယူတတ်သော ) ရုပ်များဖြစ်ကြောင်းကို ပြသော စကားတည်း၊ မှန်၏—ဃာနပသာဒသည် ဂန္ဓာရုံက မိမိနှင့် တဆက်ထည်း စပ်နေသကဲ့သို့ ရောက်လာမှ ထို အာရုံကို ယူနိုင်၏၊ ဇိဝှါ ကာယတို့လည်း နည်းတူ။

**သြဠာရိကေနေဝ။** ။ ဤ အဋ္ဌကထာ၌ အဒိဋ္ဌကို " စက္ခုဝသေန အဂ္ဂဟိတာရမဏံ " စသည်ဖြင့် စက္ခုဝိညာဉ်၏ ယူခြင်းတိုင်အောင် ဖွင့်ခြင်း ( အသုတစသည်ကိုလည်း ဤ့အတူ ဖွင့်ခြင်း ) သည် အမှန်ဖြစ်လျှင် ပါဠိတော်၌ ဤသို့ မဖွင့်ဘဲ "အဒိဋ္ဌံနာမ စက္ခုနာ န ဒိဋ္ဌံ"ဟု စက္ခုပသာဒကို (အလားတူ သောတပသာဒစသည်ကို ) ရအောင် အဘယ်နည်းဖြင့် ဒေသနာတော်ကို ပြုထားပါသနည်း ဟု မေးဘွယ် ရှိသောကြောင့်

သုတပါးသည့်ရင်း၊ ဒိဋ္ဌံ—မြင်အပ်သော ရူပါရုံသည်၊ ဒိဋ္ဌမေဝ- ဒိဋ္ဌသာတည်း၊ [ဝေဖြင့် နောက်နည်း၌ကဲ့သို့ သုတအဖြစ်မရှိ ဟု ကန့်သည်။] သုတမုတဝိညာ တာနိ-သုတမုတဝိညာတတို့သည်၊ ဧဝံ-ဤ့အတူတည်း၊[မိမိသည့်ရင်း,သုတပါး သည့်ရင်း ကြားအပ်သော သဒ္ဒါရုံဟူသမျှသည် သုတမည်၏, စသည်ဖြင့် သိပါ။] ဇာတိ အယံ—ဤဆိုအပ်ပြီးကား၊ ဧကော-တပါးသော၊ပရိယာယော-ပရိယာယ် အနက်တည်း၊ အပရောပန-အခြားပရိယာယ် တမျိုးကား၊ ယံ–အကြင် ရူပါရုံ ကို၊ အတ္တနာ-မိမိသည်၊ ဒိဋ္ဌံ—မြင်အပ်၏၊ တံ-ထိုရူပါရုံသည်၊ ဒိဋ္ဌမေဝ-ဒိဋ္ဌသာ မည်၏၊ သုတာဒိသု - သုတ အစရှိသည်တို့၌၊ သေနယော– ဤနည်းတည်း၊ [ "အကြင် သဒ္ဒါရုံကို မိမိသည် ကြားအပ်၏၊ ထိုသဒ္ဒါရုံသည် သုတသာမည်၏" စသည်ဖြင့် သိလေ။] ယံပန-အကြင် ရူပါရုံကိုကား၊ ပရေန-သူတပါးသည်၊ ဒိဋ္ဌံ- မြင်အပ်၏၊ တံ-ထိုရူပါရုံသည်။ အတ္တနာ-သည်၊ သုတဋ္ဌာနေ – ကြားအပ်သော အာရုံ၏အရာ၌၊ တိဋ္ဌတိ—တည်၏၊ မုတာဒိနိပိ—မုတ အစရှိသည်တို့သည်လည်း၊ ဧဝံ-ဤ့အတူတည်း။

ဇာဒါနိ—၌၊ တေသံ အနရိယ ဝေါဟာရာနံ– တို့၏၊ ဝသေန– အစွမ်းဖြင့်၊ အာပတ္တိ - အာပတ်သို့၊ အာရောပေတဗ္ဗာ – တင်၍၊ ဒဿေတ္ဗော – ပြတော်မူလို သည်၏ အဖြစ်ကြောင့်၊ တီဟာကာရေဟီတိ အာဒိ – အစရှိသောစကားရပ်ကို၊ အာဟ-မိန့်တော်မူပြီ၊ တဿ - ထို တီဟာကာရေဟိ အစရှိသောစကားရပ်၏၊ အတ္ထော—အနက်ကို၊ (ဝေဒိတဗ္ဗော-၌စပ်၊) တီဟိ၊ပေ၊ဝဏ္ဏနာယံ-တီဟိ၊ပေ၊ ပါရာဇိကဿ ဤသို့ အစရှိသော စတုတ္ထပါရာဇိက သိက္ခာပုဒ်ပါဠိတော်၏ အဖွင့်

× × × × × × × ×

"ဩဠာရိကေနေဝ နယေန" ဟု မိန့်သည်၊ လေးနှင့်တည်သော မြားဖြင့် ပစ်ခြင်းကို "ဓနုနာ ဝိဇ္ဈတိ-လေးဖြင့်ပစ်၏"ဟု ဌာနူပစာရ (ကာရဏူပစာရ) အားဖြင့် လောက၌ ပြောရိုးရှိသကဲ့သို့ စက္ခုနှင့်မှီသော စက္ခုဝိညာဉ်ဖြင့် မြင်ခြင်း ကိုလည်း " မျက်စိဖြင့် မြင်၏"ဟု ပြောရိုးရှိသောကြောင့် ပြောရိုးထင်ရှားသောနည်းဖြင့် ဟောတော်မူသည်- ဟူလို။

**အပရောပန**။ ။ရှေ့နည်း၌ ရူပါရုံမှန်လျှင် ကိုယ်တိုင်မြင်အပ်သည်ဖြစ်စေ, သူတပါး မြင်အပ်သည်ဖြစ်စေ ဒိဋ္ဌချည်းသာတည်း၊ ထို့ကြောင့် ရှေ့နည်းသည် ပရမတ္ထသဘော အတိုင်း ဖွင့်အပ်သော နည်းတည်း၊ ဤနောက်နည်း၌ကား မိမိကိုယ်တိုင် မြင်အပ် ကြားအပ် သိအပ်မှ ဒိဋ္ဌ သုတ မုတ ဝိညာတမည်၏၊ ရူပါရုံဖြစ်စေကာမူ " မည်သည့် အရပ်၌ မည်သည့်ရူပါရုံဟာ သိပ်လှတာဘဲ"ဟု မြင်ခဲ့သူက တဆင့်ပြောမှသိရလျှင် ထို ရူပါရုံသည်ပင် သုတဖြစ်တော့၏၊ သဒ္ဒ ဂန္ဓ ရသစသော အာရုံများလည်း တဆင့်ကြား ဖြစ်လျှင် သုတချည်းမည်၏၊ ထို့ကြောင့် ဤနောက်နည်းသည် လောကပြောရိုးအတိုင်း ဖွင့်အပ်သောနည်းတည်း။ [ ရှေ့ဝါကျမှ ပရိယာယသဒ္ဒါ လိုက်ရမည်ဖြစ်သောကြောင့် "အပရောနယော"ဟု အချို့ စာရှိသည်ကား မကောင်း၊ " အပရောပန "ဟု ရှိသော သီဟိုဠ်မူသာ ကောင်းသည်။]

၌၊ ဝုတ္တနယေနေဝ-ဆိုအပ်ပြီးသောနည်းဖြင့်သာလျှင်၊ ဝေဒိတဗ္ဗာ-သိထိုက်၏၊ ဟိ – မှန်၏၊ ( တနည်း ) ဟိ – စိုးစည်း အနည်းငယ် ဆိုဘွယ်အထူးကား၊ ကေဝလံ-ဝတ္ထုအာပတ် တူမျှခြင်း မဖက် သက်သက်၊ တတ္ထ– ထို စတုတ္ထ ပါရာဇိက သိက္ခာပုဒ်၌၊ ပဉ္စမံ ဈာနံ သမာပဇ္ဇိန္တိ – ဟူ၍ငင်း၊ ဣဓ - ဤ သမ္ပဇာနမုသာဝါဒသိက္ခာပုဒ်၌၊ အဒိဋ္ဌံ ဒိဋ္ဌံမေ တံ–ဟူ၍ငင်း၊ တတ္ထ-၌၊ အာပတ္တိ ပါရာဇိကဿာတိစ-ဟူ၍ငင်း၊ ဣဓ–၌၊ အာပတ္တိ ပါစိတ္တိယဿာတိစ– ဟူ၍ငင်း၊ ဧဝံ-ဤသို့၊ ဝတ္ထုမတ္တေ - အာပတ်သင့်ခြင်း၏ အကြောင်းဝတ္ထုမျှ၌ငင်း၊ အာပတ္တိမတ္တေစ–အာပတ်မျှ၌ငင်း၊ ဝိသေသော- ထူး၏၊ သေသံ- ကြွင်းသော အစီအရင်သည်၊ ကေလက္ခဏမေဝ-တူသောအမှတ်အသား ရှိသည်သာ၊ ဣတိ-သို့၊ (ဝေဒိတဗ္ဗော-သိထိုက်၏။)

တိဟာကာရေဟိ ၊ပေ၊ အာဒိနံ - အစရှိသော စကားရပ်တို့၏၊ အတ္ထောပိ– အနက်ကိုလည်း၊ ဒိဋ္ဌဿ ၊ပေ၊ ဝဏ္ဏနာယံ – ဒိဋ္ဌဿ ၊ပေ၊ ဝေမတိကော အစရှိသော ဒုဋ္ဌဒေါသသိက္ခာပုဒ်ပါဠိတော်၏အဖွင့်၌၊ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗော၊ ဟိ-မှန်၊ ဧတ္ထ-ဤ သိက္ခာပုဒ် ၂ ရပ်တို့၌၊ ပါဠိမတ္တမေဝ-ပါဠိမျှသည်သာ၊ ဝိသေသော-ထူး၏၊ သထေရဝါဒေ-ထေရဝါဒနှင့်တကွဖြစ်သော၊ အတ္ထေပန-အနက်၌ကား၊ ကိဉ္စိ–တစုံတခုသော၊ နာနာကရဏံ-အသီးအခြားပြုတတ်သော အထူးသည်၊ နတ္ထိ-မရှိတော့၊ သဟာသာ ဘဏတိတိ-ကား၊ အဝိမံသိတွာဝါ-မစူးစမ်းမူ၍ငင်း၊ အနုပဓာရေတွာဝါ - မနှိုင်းချိန်မူ၍ငင်း၊ ဝေဂေန - လျင်စွာ၊ ဒိဋ္ဌမ္ပိ–မြင်အပ်သော ရူပါရုံကိုလည်း၊ မေ - ငါသည်၊ အဒိဋ္ဌံ– မမြင်အပ်၊ ဣတိ- သို့၊ ဘဏတိ - ပြောမိ၏၊ အညံ၊ပေ၊ ဘဏာတိတိ - ကား၊ မန္တေတ္ဗာ - ညှိဖျင်းသည်၏ အဖြစ်ကြောင့်၊ ဇဥ္စတ္တာ – ထိုင်းမှိုင်းသည်၏ အဖြစ်ကြောင့်၊ ပက္ခလန္တော– အပြောချွတ်ချော်လျက်၊ စီဝရန္တိ-ဟူ၍၊ ဝတ္တဗ္ဗေ-ဆိုထိုက်ရာ၌၊ စီရန္တိအာဒိံ-စီရံ အစရှိသော စကားကို၊ ဘဏတိ-ပြောဆို၏။

ပန-ဆက်၊ ယော-အကြင် ရဟန်းသည်၊(နေဝဒဝါနရဝါ အညံ ဘဏတိ၌ လှမ်းစပ်၊ ) သာမဏောရေန - သာမဏေသည်၊ ဘန္တေ - အရှင်ဘုရား၊ မယှံ– တပည့်တော်၏၊ ဥပဇ္ဈာယံ-ဥပဇ္ဈာယ်ကို၊ အပိပဿိတ္ထ-မြင်လိုက်ပါကုန်၏လော၊ ဣတိ - ဤသို့၊ ဝုတ္တော - မေးအပ်သည်၊ (သမာနော - ဖြစ်လသော်၊) ကေဠိံ- ပြက်ရယ်မှုကို၊ ကုရုမာနော- ပြုလိုသည်၊ ( ဟုတွာ - ၍၊ ) တဝ-သင်၏၊ ဥပဇ္ဈာယော- သည်၊ ဒါရုသကဋံ- ထင်းလှည်းကို၊ ယောဇေတွာ- နွားဖြင့် ကပ်ယှဉ်၍၊ ဂတော-သွားသည်၊ဘဝိဿတိ-ဖြစ်လိမ့်မည်၊ဣတိဝါ-ဤသို့သော်ငင်း၊သိင်္ဂါလသဒ္ဒံ - မြေခွေးသံကို၊ သုတွာ- ကြား၍၊ ဘန္တေ - အရှင်ဘုရား၊ အယံ - ဤ အသံသည်၊ ကဿ-အဘယ်သူ၏၊ သဒ္ဒေါ-အသံပါနည်း၊ ဣတိဝုတ္တော (သမာနော)၊ အယံ – ဤအသံသည်၊ တေ– သင်၏၊ မာတုယာ- မယ်တော်သည်၊ ယာနေန–

(လှည်းတည်းဟူသော)ယာဉ်ဖြင့်၊ ဂစ္ဆန္တိယာ-သွားစဉ်၊ ကဒ္ဒမေ-ရွံ့ညွန်၌၊ လဂ္ဂစက္ကံ-ညိကပ် (ကျွံနစ်)နေသော လှည်းဘီးကို၊ ဥဒ္ဓရန္တာနံ- ထုတ်ဆောင်ပေးသူတို့၏၊ သဒ္ဒေါ-အသံတည်း၊ ဣတိဝါ-သော်၎င်း၊ ဝေ-သို့၊ နေဝဒဝါ- ဒဝါလည်း မဟုတ်ဘဲ၊ နရဝါ – ရဝါလည်း မဟုတ်ဘဲ၊ အညံ - အခြားစကားကို၊ ဘဏတိ—ပြောဆို၏၊ သော-ထိုရဟန်းသည်၊ အာပတ္တိံ-သမ္ပဇာန မုသာဝါဒ အာပတ်သို့၊ အာပဇ္ဇတိယေဝ—ရောက်သည်သာ။

အညာ - ဆိုအပ်ပြီးမှ တပါးသော၊ ပူရဏကထာနာမ - ပြည့်စေကြောင်းစကားမည်သည်၊ ( ဖြည့်စွက်၍ ကြီးကျယ်အောင် ပြောအပ်သော စကားမည်သည်၊) ဟောတိ-ရှိသေး၏၊ (ကာကထာ-အဘယ် စကားမျိုးနည်း၊)ကောရဟန်းတပါးသည်၊ ဂါမေ-ရွာ၌၊ ထောကံ-အနည်းငယ်သော၊ တေလံ-ဆီကို၊ လဘိတွာ-ရခဲ့၍၊ ဝိဟာရံ—ကျောင်းသို့၊ အာဂတော-ရောက်ပြီးသည်၊(ဟုတွာ-၍၊) သာမဏေရံ-ကို၊ ဘဏတိ-ပြော၏၊ (ကိံ) တွံ-သင်သည်၊ အဇ္ဇ - ယနေ့၊ ကုဟိံ-အဘယ်အရပ်သို့၊ ဂတော- သွားနေသနည်း၊ ဂါမော—တရွာလုံးသည်၊ ဧကတေလော- တခဲနက်သော ဆီရှိသည်၊ အဟောသိ-ဖြစ်ပြီ၊ ဣတိဝါ—၍သို့သော်၎င်း၊ ပစ္ဆိကာယ- တောင်းကလေး၌၊ ထပိတံ - ထားအပ်သော၊ ပူပခဏ္ဍံ-မုံ့အပိုင်းကို၊ လဘိတွာ-ရခဲ့၍၊အဇ္ဇ-ယနေ့၊ ဂါမေ—ရွာထည်း၌၊ ပစ္ဆိကာဟိ-တောင်းကလေးတို့ဖြင့်၊ ပူပေ-မုံ့တို့ကို၊ စာရေသုံ-လှည့်လည်စေကုန်ပြီ၊ [စာရေသုန္တိ ဥပနေသုံ၊— ဋီကာ၊ ရွာထည်း၌ မုံ့တို့ကို တောင်းတို့ဖြင့် ဝေငှကြသည်—ဟူလို၊] ဣတိဝါ- ၍သို့သော်၎င်း၊ (ဘဏတိ- ပြော၏၊) အယံ - ဤစကားသည်၊ မုသာဝါဒေါဝ - သည်သာ၊ ဟောတိ၊ [စိတ္တေန ထောကတရဘာဝံယေဝ အဂ္ဂဟေတွာ ဗဟုဘာဝံယေဝ ဂဟေတွာ ဝုတ္တတ္တာ " ဂါမော ဧကတေလော "တိ အာဒိနာပိ မုသာဝါဒေါ ဇာတော။ ဋီကာ။] သေသံ-ကြွင်းသောအစီအရင်သည်၊ ဥတ္တာနမေဝ- ပေါ်လွင်ထင်ရှားသည်သာ၊ ဣတိ-ဤသို့ မှတ်အပ်၏။

(ဇှုဒံ သိက္ခာပဒံ—ဤသိက္ခာပုဒ်သည်၊) တိသမုဋ္ဌာနံ—၃ ပါးသော သမုဋ္ဌာန်ရှိသော သိက္ခာပုဒ်တည်း၊ ကာယစိတ္တတော – ကိုယ်စိတ်ကြောင့်၎င်း၊ ဝါစာစိတ္တတော— ၎င်း၊ ကာယဝါစာ စိတ္တတောစ-၎င်း၊ သမုဋ္ဌာတိ—ဖြစ်၏၊ ကိရိယံ-မပြုထိုက်သော လွန်ကျူးမှုကို ပြုခြင်းရှိသော သိက္ခာပုဒ်တည်း၊ သညာဝိမောက္ခံ – ဝီတိက္ကမသညာ မရှိလသော် အာပတ်မှ လွတ်မြောက်ခြင်းရှိသော သိက္ခာပုဒ်တည်း၊ သစိတ္တကံ – ဝီတိက္ကမစိတ်နှင့် တကွဖြစ်သော သိက္ခာပုဒ်တည်း၊ လောကဝဇ္ဇံ— လောက၌ အပြစ်ရှိသော သိက္ခာပုဒ်တည်း၊ ကာယကမ္မံ—ကာယကံရှိသော သိက္ခာပုဒ်တည်း၊ ဝစီကမ္မံ—တည်း၊ အကုသလစိတ္တံ-အကုသိုလ်စိတ်ရှိသော သိက္ခာပုဒ်တည်း၊ တိဝေဒနံ- ၃ ပါးသော ဝေဒနာရှိသော သိက္ခာပုဒ်တည်း၊ ဣတိ—အပြီးတည်း။....ပဌမံ— ရှေးဦးစွာသော၊ မုသာဝါဒ သိက္ခာပဒံ—မုသာဝါဒ သိက္ခာပုဒ်တည်း။

# ဩမသဝါဒသိက္ခာပုဒ်

ဒုတိယသိက္ခာပဒေ—၌၊ ဩမသန္တိ တိ-ကား၊ ဩဝိဇ္ဈန္တိ-နှုတ်တည်းဟူသော လှံဖြင့် ထိုးကြကုန်၏၊ [ ဤပုဒ်၏ အဖွင့်ကို ကင်္ခါဘာသာဋီကာ၌ ပြထားပြီ။ ] ခုံသေန္တိတိ-ကား၊ အက္ကောသန္တိ - ဆဲရေးကြကုန်၏၊ [ ခုံသခတ် ဆဲရေးခြင်း အနက်ဟော။] ဝမ္ဘေန္တိတိ- ကား၊ ပဓံသေန္တိ - လွှမ်းမိုး နှိက်စက် ဖျက်ဆီးကြကုန်၏၊ ဘူတပုဗ္ဗန္တိ ဧဒံ ဝတ္ထုံ - ဘူတပုဗ္ဗံ အစရှိသော ဤဝတ္ထုကို၊ ဘဂဝါ-သည်၊ ဩမသဝါဒဂရဟဏတ္ထံ - နှုတ်လှံထိုးခြင်းကို ကဲ့ရဲ့တော်မူခြင်း အကျိုးငှါ၊ အာဟရိ—ဆောင်တော်မူပြီ၊ [ ပုဗ္ဗေ— ရှေး၌+ဘူတံ— ဖြစ်ဘူးသော ဝတ္ထုတည်း၊ ဘူတပုဗ္ဗံ – ရှေး၌ ဖြစ်ဘူးသော ဝတ္ထု၊ "ဘူတပုဗ္ဗံ - ရှေး၌ဖြစ်ဘူးသော ဝတ္ထုကား "ဟု ပဌမန္တ သော်ငြင်း, တနည်း "ဘူတပုဗ္ဗံ – ရှေး၌ဖြစ်ဘူးသော ဝတ္ထုကို၊ အာဟရိသာမိ - ဆောင်တော်မူအံ့ "ဟု ဒုတိယန္တ သော်ငြင်း ပါဠိတော်၌ အနက်ပေးပါ။ ]

နန္ဒိဝိသာလောနာမာတိ ( တွေ )၌၊ နန္ဒီတိ – နန္ဒီ ဟူသော ဤသဒ္ဒါသည်၊ တဿဗလိဗဒ္ဒဿ-ထို နွားလား၏၊ နာမံ–အမည်တည်း၊ (အမည်ဟော သဒ္ဒါ ဖြစ်သည်-ဟူလို။) ပန–ဆက်၊ အဿ–ထိုနွားလား၏၊ ဝိသာဏာနိ- ဦးချိုတို့သည်၊ ဝိသာလာနိ - ပြန့်ကားကုန်၏၊ တသ္မာ - ကြောင့်၊ နန္ဒိဝိသာလောတိ–ဟူ၍၊ ဝုစ္စတိ – ၏၊ တေနသမယေန – အလောင်းအစား လုပ်ရာ ထိုအခါ၌၊ ဗောဓိသတ္တော–ဘုရားလောင်းသည်၊ နန္ဒိဝိသာလောနာမ-နန္ဒိဝိသာလမည်သော

× × × × × × ×

**ဝမ္ဘေန္တိတိ။** ။ဝမ္ဘေန္တိကို ပဓံသေန္တိဟု ဖွင့်၏၊ ထို ပဓံသေန္တိကို အဘိဘဝန္တိဟု ဋီကာဖွင့်၏၊ " လွှမ်းမိုး " ဟူသည်မှာ ထိုသူ့ကို နိမ့်ကျသွားအောင် နှိမ်ချခြင်းတည်း၊ "ဝဘိ– နိန္ဒာယံ"ဟု ဓာတ်ကျမ်းရှိသောကြောင့် " ဝမ္ဘေန္တိ – ရှုတ်ချကြကုန်၏ " ဟု အနက်ပေးကြသည်၊ " ရှုတ်ချ " ဟူသည်လည်း နိမ့်ကျသွားအောင် နှိမ်၍ စကား ပြောခြင်းတည်း။

**ဗလိဗဒ္ဒဿ။** ။သက္ကတ၌ " ဗလိ ဗရ်ဒ "ဟု ရှိ၏၊ "ဗလိ + ဤ ဗရ်ဒ" ဟု ပုဒ်ခွဲ၊ ဗရ်ဒကိုလည်း ဗရ + ဒဟု ခွဲ၊ ဗရသည် ပါဠိ၌ ဝရဖြစ်၏၊ ဤစ – ကြက်သရေလည်း+ ဝရောစ—ဆုလာဘ်လည်း၊ ဤဝရာ–တို့၊ ဤဝရေ ဒဒါတီတိ ဤဝရဒေါ–ဟု ဆိုလိုလျက် ဝကို ဗပြု၊ ရပျောက်၍ ဒ ဒွေးဘော်ရောက်လျက် ဤဗဒ္ဒေါဟု ဖြစ်သည်၊ ဗလံ ယဿ အတ္ထီတိ ဗလီ၊ ဗလီစ + သော + ဤဗဒ္ဒေါစာတိ ဗလီဗဒ္ဒေါ – ခွန်အား ပြည့်မက် , ကြက်သရေ ဆုလာဘ်ကိုပေးတတ်သော နွားလား။

**နန္ဒိဝိသာလော။** ။နန္ဒိတဗ္ဗောတိ နန္ဒော–နှစ်သက်ဘွယ် ကိုယ်အဆင်းခွန်အား စသည်၊ နန္ဒော ယဿ အတ္ထီတိ နန္ဒီ၊ "နန္ဒီ"ကား ထို နွားလား၏ မူလနာမည်တည်း၊ ဝိသာလာနိ ယဿာတိ ဝိသာလော၊ နန္ဒီစ + သော + ဝိသာလောစာတိ နန္ဒိဝိသာ လော၊ နာမည်ဟောသဒ္ဒါဖြစ်၍ နန္ဒိ၌ ရဿ မပြုရ၊ ရဿပြုလျှင် နန္ဒီဟူသော နာမည်ရင်း ပျက်သွားလိမ့်မည်။

နွားလားသည်၊ ဟောတိ-ဖြစ်၏၊ ဗြာဟ္မဏော-ပုဏ္ဏားသည်၊ တံ-ထိုနွားလားကို၊ ယာဂုဘတ္တာဒီဟိ – ယာဂုထမင်း အစရှိသော အစာတို့ဖြင့်၊ အတိဝိယ – အလွန်အကဲသာလျှင်၊ ပေါသေသိ-ပြုစုမွေးမြူထားပြီ၊ အထ-ထိုအခါ၌၊ သော-ထို နွားလားသည်၊ ဗြာဟ္မဏံ - ကို၊ အနုကမ္ပမာနော – သနားစောင့်ရှောက်ချီးမြှောက်လိုသည်၊ ( ဟုတွာ - ၍၊ ) ဂစ္ဆတွန္တိ အာဒိံ - ဂစ္ဆတွံ အစရှိသော စကားကို၊ အာဟ-ပြောပြီ။

တတ္ထဝ အဋ္ဌာသီတိ–ကား၊ အဟေတုက ပဋိသန္ဓိကကာလေပိ- အဟိတ်ပဋိသန္ဓေ တည်နေရာအခါ၌ သော်မှလည်း၊ ပရခံသနံ - သူတပါးတို့၏ ဆဲရေးခြင်းကို၊ အမနာပတာယဝ-မြတ်နိုးဘွယ် မဟုတ်သည်၏ အဖြစ်ဖြင့်သာလျှင်၊ (တနည်း) အမနာပတာယေဝ- မြတ်နိုးဘွယ်မဟုတ် ဟူ၍သာလျှင်၊ ပစ္စေသိ–စိတ်၌ သိပြီ၊ တသ္မာ- ကြောင့်၊ ဗြာဟ္မဏဿ - ၏၊ ဒေါသံ- အပြစ်ကို၊ ဒဿေတုကာမော-ထင်ရှားပြလိုသည်၊ (ဟုတွာ-၍၊) အဋ္ဌာသိ-ရပ်နေပြီ။

သကဋ၊ပေ၊ ပဝဋ္ဋေသီတိ–ကား၊ ပဋိပါဋိယာ–အစဉ်အားဖြင့်၊ (စည်တန်းလျက်)၊ ထပေတွာ–ထားပြီး၍၊ ဟေဋ္ဌာ–လှည်းအိမ်၏အောက် လှည်းဝင်ရိုး၌၊ ရုက္ခေ–သစ်သားတို့ကို၊ ဒတွာ-ပေး၍၊(ရှေ့လှည်း နောက်လှည်း တဆက်ထည်း ဖြစ်အောင် သစ်သားတို့ကို လျှိုထား၍၊ ) ကောဗဒ္ဓံ – တဆက်ထည်း ဖွဲ့တုပ်အပ်သည်ကို၊ ကတွာ - ၍၊ မုဂ္ဂမာသ ဝါလုကာဒီဟိ – ပဲနောက် , ပဲကြီး , သဲ အစရှိသည်တို့ဖြင့်၊ ပုဏ္ဏံ – ပြည့်သော၊ သကဋသတံ – လှည်းပေါင်းတရာကို၊ ပဝဋ္ဋေဟ္ဝာ- လိမ့်စေလသော်၊ (လိမ့်အောင် ရုံးလသော်၊) (ပဝဋ္ဋေသိ၌စပ်၊) ပုဗ္ဗေ – မလိမ့်စေမီ ရှေ့အဘို့၌၊ ပတိဋ္ဌိတာရဂ္ဂဒေသံ – မြေ၌တည်သော အကန့်ဒေါက်ဆန့်၏ အရပ်ကို၊ ပုန- တဖန်၊ အရေ- အကန့်ဒေါက်ဆန်သည်၊ ပတ္တေ–

× × × × × × ×

**ဟောတိ။** ။"အတီတတ္ထေ ဝတ္တမာနဝစနံ" ဟု ဋီကာဖွင့်သောကြောင့် " ဖြစ်ခဲ့သည်, ဖြစ်လေသည်"ဟု အတိတ်အနက်ပေး၊ တနည်း–ထိုအချိန်က ဖြစ်ဆဲကြိယာကို ဆိုလိုသောကြောင့် ဟောတိ ဟု ပစ္စုပ္ပန်ကြိယာကို သုံးစွဲသည်၊ တံ ကာလာပေက္ခ ဝတ္တမာန်ဟု ဆိုလိုသည်၊ သဒ္ဒနီတိ၌ရ သန္နိဓာနေန ဘူတတာဝဂမော သိယာ – တေန သမယေနဟူသော သဒ္ဒါတပါး၏ အနီး၌ တည်ရှိခြင်းကြောင့် လွန်ပြီးဖြစ်ကြောင်းကိုကား သိနိုင်၏၊ ဤအလို "ဟောတိ–ဖြစ်၏"ဟုသာ ပေး။

**အမနာပတော။** ။အမနာပတော၌ ဘာဝပ္ပဓာန ဘာဝလောပကြံပါ၊ တနည်း တောပစ္စည်းကို ပဉ္စမာအနက်၌ သက်၍ ဇာတိအကြေကြံ၊ ချဲ့ဥုံးအံ့–အမနာပတောသည် ပရခံသနံနှင့် အရုတူနေ၏၊ အရုတူလျှင်လည်း တဝါကျတည်းဝယ် ဝိဘတ်တူမဖြစ်၏၊ ဤ၌ကား ဝိဘတ်မတူ၊ ထို့ကြောင့် အမနာပဘာဝတောဟု ဆိုလိုလျက် အမနာပတောဟု ဘာဝပ္ပဓာန ဘာဝလောပ ကြံရသည်၊ တနည်း–အမနာပတောကို အာကာရပုဒ် ဖြစ်အောင် ဇာတိအကြေကြံ၍ တောပစ္စည်းကို ပဉ္စမာအနက်၌ သက်ပါ။ [ ပစ္စေသီတိ အမနာပံ ဇာနံတိ အညာသိ၊–ဋီကာ။ ]

ရောက်လသော်၊ (''ရှေ့လှည်း အကန့်ဒေါက်ဆန်၏ တည်ရာအရပ်သို့ နောက်လှည်း အကန့်ဒေါက်ဆန်ရောက်လသော်'' ဟု ဆိုလိုဟန်တူသည်၊) ပဝဋ္ဋိတံ- လိမ့်စေ အပ်သည့် မည်သည်၊ (လိမ့်စေအပ်ရာ ရောက်သည်၊) ကိဋ္ဌာပိ ဟောတိ-အကယ်၍ကား ဖြစ်ပါပေ၏၊ ပန - ထိုသို့ပင် ဖြစ်ပါသော်လည်း၊ ဗောဓိသတ္တော- ဘုရားအလောင်းသည်၊ ပုရိမသကဋ္ဋေန-ရှေ့ဆုံးလှည်းသည်၊ ပတိဋ္ဌိတဋ္ဌာနေ - တည်ရာအရပ်၌၊ ပစ္ဆိမသကဋံ - နောက်ဆုံးလှည်းကို၊ ပတိဋ္ဌာပေတုံ - တည်စေခြင်းငှါ၊ (တည်အောင်၊) သကဋသတပ္ပမာဏံ — လှည်းတရာ ပမာဏရှိသော၊ ပဒေသံ-အရပ်တိုင်အောင်၊ ပဝဋ္ဋေသိ-လိမ့်စေပြီ၊ ဟိ-မှန်၊ ဗောဓိသတ္တာနံ-တို့၏၊ သီထိလကရဏံနာမ-ပေါ့ပေါ့လျော့လျော့ပြုခြင်းမည်သည်၊ နတ္ထိ-မရှိ။

တေန၊ ပေ၊ အဟူတိ-ကား၊ ဗြာဟ္မဏဿ-၏၊ တေနမနေလာဘေန-ထိုဥစ္စာကို ရခြင်းကြောင့်ရင်း၊ အတ္တနော-၏၊ ကမ္မေန စ-အလုပ်ကြောင့်ရင်း၊ သောနန္ဒိဝိသာလော — ထို နန္ဒိဝိသာလ နွားလားသည်၊ အတ္တမနော - မိမိစိတ်ရှိသူသည်၊ ဝါ-နှစ်သက်ဝမ်းမြောက်သူသည်၊ အဟောသိ-ဖြစ်ပြီ။ [တေန စတ္တမနော- ၌စသဒ္ဒါသည် အတ္တနော ကမ္မေနကို ဆည်းသော အဝုတ္တ သမုစ္စည်းတည်း၊ အဟုကို အဟောသိဟု ဖွင့်သည်၊ ရုပ်ပြီးပုံကို သဒ္ဒါကျမ်းတို့၌ ရှု။]

ပန- ဆက်၊ အက္ကောသေနာပီတိ တွေ-၌၊ (အက္ကောသေန ဣစ္စေဝမာဟ၌ လှမ်းစပ်၊) ယဿာ-အကြင့်ကြောင့်၊ ပရတော-နောက်၌၊ (အကျယ် ပဒဘာဇနီ၌၊)ဒွေ အက္ကောသာ၊ပေ၊ဥက္ကဋ္ဌာစာတိ-ဟူ၍၊ ဝိဘဇိတုကာမော-ဝေဘန့်တော်မူလိုသည်၊ (ဟောတိ၊) တဿာ-ကြောင့်၊ ပုဗ္ဗေ— ရှေ့ဝတ္ထုကြောင်း၌၊ ဟီနေနပိ၊ ပေ၊ ခုံသေန္တီတိ - ဟူ၍၊ (သင်္ဂီတိကာရေဟိ - သင်္ဂါယနာတင်ထေရ်တို့သည်၊) ဝုတ္တံယထာ-မိန့်ဆိုအပ်သကဲ့သို့၊ ဧဝံ- တူ၊ အဝတွာ- မိန့်တော်မမူဘဲ၊ အက္ကောသေန ဣစ္စေဝ — အက္ကောသေန ဟူ၍သာ၊ အာဟ - ပြီ၊ ဝေနဇာတီတိ- ကား၊ တစ္ဆကဇာတိ- လက်သမားတို့၏ အမျိုးဇာတ်တည်း၊ ဝေဏုကာရ ဇာတိတိပိ-ဝါးကိုပြုလုပ်သူ နှီးရွေသမားတို့၏ အမျိုးဇာတ်ဟူ၍လည်း၊ ဝဒန္တိ-ဆိုကြကုန်၏၊ [ဝါးကို နှီးဖြစ်အောင် ပြုလုပ်၍ နှီးဖြင့် တောင်းစသည် ယက်လုပ်သူကို ''နှီးရွေသမား''ဟု ခေါ်သည်။] နေသာဒဇာတီတိ- ကား၊ မိဂလုဒ္ဒကာဒိ ဇာတိ—သားမုဆိုး အစရှိသူတို့၏ အမျိုးဇာတ်တည်း၊ [အာဒိဖြင့် ကေဝဋ္ဋဇာတိ—တံငါသည်တို့၏ အမျိုးဇာတ်စသည်ကို ယူ။] ရထကာရဇာတီတိ - ကား၊ စမ္မကာရဇာတိ-သားရေနယ်သမားတို့၏ အမျိုးဇာတ်တည်း၊ ဝါ- ဘိနပ်ချုပ်သမားတို့၏ အမျိုးဇာတ်တည်း၊ [ရထားကို ပြုလုပ်သည့်အခါ သားရေဖြင့် အပေါ်ကအုပ်၍ ပြုလုပ်ရသောကြောင့် သားရေကိုပြုလုပ်သူ သားရေနယ်သမားကို '' ရထကာရ '' ဟု ခေါ်သည်၊ တနည်း— ဘိနပ်ချုပ်သမားကို '' ရထကာရ '' ဟု ခေါ်သည်၊ ရထကာရော စမ္မဿ , ပရိကန္တံ ဥပါဟနံ၊- ဒွါဒသနိပါတ် , ကာမဇာတ် ပါဠိ။ ]

ပုက္ကုသဇာတိတိ-ကား၊ ပုပ္ဖဆန္ဒကဇာတိ - ပန်းမှိုက်သွန် ဘင်ကြီးသမားတို့၏ အမျိုးဇာတ်တည်း။ [နန်းတော်သူ မိဖုရားတို့က မစင်ကို ပန်းဖြင့်ဖုံး၍ ထိုမစင်ကို ယဉ်ကျေးအောင် ပန်းမှိုက်ဟု ခေါ်ကြသတတ်၊ ထို ပန်းမှိုက်စွန့်ပစ်ရသူကို "ပုပ္ဖဆန္ဒက"ဟု ခေါ်၏၊ အမှန်မှာ မစင်စွန့်ပစ်ရသူပင်တည်း၊ ပု ဝုစ္စတိ ကရီသံ၊ တံ ကုသတိ အပနေတီတိ ပုက္ကုသော၊— ယောဇနာ၊ သဒ္ဒတ္ထ၌ " ပုဂ် - စက်ဆုပ်ဘွယ်သို့+ကသတိ- ရောက်တတ်၏၊ ဣတိ ပုက္ကုသော"ဟု ရှိသည်။]

အဝကဏ္ဏကာဒိ- အဝကဏ္ဏက အစရှိသော အမည်သည်၊ ဒါသာနံ- ကျွန်တို့၏၊ နာမံ-သည်၊ ဟောတိ၊ တသ္မာ–ကြောင့်၊ ဟိနံ-ယုတ်ညံ့၏။ [ ရှေးခေတ်က ကျွန်များကို "အဝကဏ္ဏက, ဇဝကဏ္ဏက" စသည်ဖြင့် နာမည်မှည့်ကြသည်၊] ဩညာတန္တိ – ကား၊ အဝညာတံ- အယုတ်အညံ့ဟု အသိအမှတ်ပြုအပ်သော အမည်တည်း၊ ဥညာတန္တိပိ-ဟူ၍လည်း၊ ပဌန္တိ-ဖတ်ကြကုန်၏၊ အဝညာတန္တိ- ကား၊ ဝမ္ဘေတွာ– ရှုတ်ချ၍၊ ဉာတံ - သိအပ်သော အမည်တည်း၊ [ "ရှုတ်ချ" ဟူသည် အောက်တန်းချခြင်းပင်တည်း၊ ထို့ကြောင့် ဩညာတံ , ဥညာတံ , အဝညာတံဟု သဒ္ဒါ ၃မျိုး ကွဲသော်လည်း အနက်တူဟုမှတ်၊ အဝညာတံ၌ အဝကို ဩပြုလျှင် ဩညာတံ, အဝကို ဩ၏ ဝိပရိတ် ဥပြုလျှင် ဥညာတံဟု ဖြစ်၏။] ဟီဠိတန္တိ - ကား၊ ဇိဂုစ္ဆိတံ- စက်ဆုပ်အပ်သော အမည်တည်း၊ ပရိဘူတန္တိ- ကား၊ တေန - ၎င်း အမည်ဖြင့်၊ ကိံ - အဘယ်အကျိုးရှိအံ့နည်း၊ ဣတိ- သို့၊ ပရိဘဝကတံ- လွှမ်းမိုးမှုကို ပြုအပ်သော အမည်တည်း၊ ဝါ- လွှမ်းမိုးအပ်သော အမည်တည်း၊ အစိတ္တီကတန္တိ - ကား၊ နဂရုကတံ - အလေးအမြတ် မပြုအပ်သော အမည်တည်း။ [ မိမိစိတ်ကို မိမိလေးစားသကဲ့သို့ မလေးစားအပ်သော အရာကို "အစိတ္တီကတ"ဟု ခေါ်သည်၊ ထို့ကြောင့် "အစိတ္တီကတံ - မိမိစိတ်ကဲ့သို့ မပြုအပ်သော အမည်၊ ဝါ - အလေးဂရု မပြုအပ်သောအမည် " ဟု ပေး။]

ကောဋ္ဌက ကမ္မန္တိ - ကား၊ တစ္ဆကကမ္မံ - လက်သမားတို့၏ အလုပ်တည်း၊ [ တစ္ဆကကမ္မန္တိ - ဝဍ္ဍကီကမ္မံ၊ ( ဋီကာ )၊ ကျောက်ဆစ်သမား တို့ကိုလည်း " ကောဋ္ဋက " ဟု ဆိုကြ၏၊ ထို့ကြောင့် " ကောဋ္ဋက ကမ္မန္တိ ဝါ ပါသာဏကောဋ္ဋကကမ္မံ "ဟု ဋီကာ၌ တနည်း ဖွင့်သည်။] မုဒ္ဒါတိ - ကား၊ ဟတ္ထမုဒ္ဒါဂဏနာ- လက်ချောင်းတို့ကို တွန့်စေခြင်းဖြင့် ရေတွက်ကြောင်းဖြစ်သော ဂဏန်း

× × × × × × ×

**ဟတ္ထမုဒ္ဒါဂဏနာ။** ။ အင်္ဂုလိသင်္ကောစနေန–လက်ချောင်းတို့ကို တွန့်စေခြင်းအားဖြင့်၊ ဂဏနာ–ရေတွက်ကြောင်း ဖြစ်သော ဂဏန်းအတတ်၊ ၁–ဆိုလျှင် လက်တချောင်းချိုး, ၂–ဆိုလျှင် လက် ၂ချောင်းချိုး, ၎င်းသို့စသော အားဖြင့် လက်ချောင်းတို့ကို တွန့်စေ၍၊ ဝါ–ချိုး၍ ရေတွက်ကြောင်း ဂဏန်း အတတ်ကို "မုဒ္ဒါ"ဟု ဆိုသည်၊ ဟတ္ထအရ လက်တခုလုံးရသော်လည်း ဧကဒေသျူပစာရအားဖြင့် လက်ချောင်းကိုယူ၊ မုဒ္ဒါသဒ္ဒါ၏ အနက်များစွာတို့တွင် သင်္ကောစန အနက်လည်း ဓာတွမနိဓိ၌ ပါ၏။

အတတ်တည်း၊ ဂဏနာတိ-ကား၊ အစ္ဆိန္နကာဒိ အဝသေသဂဏနာ– အစ္ဆိန္နက အစရှိသော ကြွင်းသော ဂဏန်း အတတ်တည်း၊ လေခါတိ-ကား၊ အက္ခရလေခါ-အက္ခရာတို့ကို ခရေးသားကြောင်း စာရေးအတတ်တည်း။

မဓုမေဟာဗာဓော-ဆီးချိုရောဂါကို၊ ဝေဒနာယ-နာကျင်ကိုက်ခဲမှုဝေဒနာ၏၊ အဘာဝတော - မရှိခြင်းကြောင့်၊ ဥက္ကဋ္ဌောတိ - အမြတ် ဟူ၍၊ ဝုတ္တော– ဟောတော်မူအပ်ပြီ၊[မေဟတိ သိဉ္စတိ ဧတေနာတိ မေဟော၊ မဓုနော+မေဟော မဓုမေဟော - ချိုသော ဆီးရည်၏ ယိုစီးကြောင်း ရောဂါ၊ ဝါ - ဆီးချိုရောဂါ။] ပါဋိကင်္ခါတိ–ကား၊ ဣစ္ဆိတဗ္ဗာ-အလိုရှိထိုက်၏၊ [ပဋိကင်္ခီတဗ္ဗာတိ ပဋိကင်္ခါ၊ ပဋိကင်္ခါယေဝ ပါဋိကင်္ခါ၊ သွတ္ထဍ္ဍ ဏာသက်။] ယကာရေနဝါ ဘကာရေန ဝါတိ – ကား၊ ယကာရဘကာရေ - ယအက္ခရာ, ဘအက္ခရာတို့ကို၊ ယောဇေတွာ – ယှဉ်စေ၍၊ ယော အက္ကောသော – အကြင် ဆဲရေးခြင်းသည်၊ ( အတ္ထိ၊ သော အက္ကောသော-ထို ဆဲရေးခြင်းသည်ဂုဏ်း၊) [ယဘ-မေထုနေဟု ခာတ်ကျမ်း ရှိသောကြောင့် မေထုန်နှင့် စပ်ယှဉ်သော"နင့် အမေ ငါ"အစရှိသော ဆဲရေး ခြင်းမျိုးကို ဆိုလိုသည်။] ကာဠကောဠစိကာယဝါတိ ( ဧတ္ထ )–ဍ္ဍ၊ ကာဠန္တိ–

× × × × × × ×

**အစ္ဆိန္နကာဒိ အဝသေသဂဏနာ ။** ။ ပါဒသိကမိလက္ခကာဒယော္ဝိယ နဝစ္ဆိဝသေန ဂဏနာ၊ ပါဒသိက – တောင်ခြေကို မှီ၍ နေသော၊ မိလက္ခက – လူရိုင်း၊ တောသူ တောင်သား– ဟူလို၊ တောသူ တောင်သားတို့၏ ၁–၂–၃–၄–၅–၆–၇–၈–၉–ဟု ၁ မှစ၍ ၉ အဆုံးတိုင်အောင် အဆက်မပြတ် ရေတွက်ကြောင်းဖြစ်သော ဂဏန်းအတတ်ကို "အစ္ဆိန္နကဂဏနာ" ဟု ဆိုသည်။ [ နဝစ္ဆာဒိဝိမိနာ ပဝတ္တော ဂဏနဂန္ထော အန္တရာ ဆိန္နာဘာဝေန အစ္ဆိန္နကောတိ ဝုစ္စတိ၊ သာမညဖလသုတ် ဋီကာသစ်။] အာဒိသဒ္ဒေန္န သင်္ကလန– (သံ–ပေါင်း၍+ ကလန– ရေတွက်ကြောင်း) ဂဏန်းအတတ်, အပေါင်း ရေတွက်နည်း၊ ပဋုပ္ပါဒန (သတုပ္ပါဒန) - ပေသီးစသော ဇယ်များကို ဖြစ်စေ၍ ချ၍ ရေတွက်ကြောင်း ဖြစ်သော ဂဏန်းအတတ်၊ ဝေါက္ကလန– (ဝိ– အဝ+ ကလန–) မပေါင်းဘဲ နှုတ်၍ ရေတွက်နည်း၊ ဘာဂဟာရာဒိဝသေန – တစုတပုံစီ ဆောင်ယူ ရေတွက်ကြောင်း ဖြစ်သော ဂဏန်းအတတ် အစရှိသည်တို့၏ အစွမ်းဖြင့်၊ ပဝတ္တာ ပိဏ္ဍဂဏနာ ဂဟိတာ။....ယဿ သာ ပဂုဏာ ဟောတိ- အကြင် သူမှာ ထိုအပေါင်း ရေတွက်ကြောင်း ဂဏန်းအတတ်ကို အဝါးဝစွာ လေ့လာအပ်ပြီး ဖြစ်၏၊ သော ရုက္ခမ္ပိ ဒိသွာ ဧတ္တကာနိ ဧတ္တ ပဏ္ဏာနီတိ ဇာနာတိ။

ဖြဟ္မဇာလသုတ် ဋီကာသစ် ။ ။ ဟတ္ထမုဒ္ဒါတိ ဟတ္ထေန အဓိပ္ပါယ ဝိညာပနံ၊ တံ ပန အင်္ဂုလိသင်္ကောစနေန ဂဏနာယေဝါတိ အာစရိယ ဓမ္မပါလတ္ထေရေန ဝုတ္တံ၊ အာစရိယသာရိပုတ္တတ္ထေရေန ပန ဟတ္ထမုဒ္ဒါဂဏနာတိ အင်္ဂုလိသင်္ကောစနေနေဝ ဂဏနာတိ ဝုတ္တံ၊ တေဟိစ ဟတ္ထမုဒ္ဒါနာမ အင်္ဂုလိပဗ္ဗေသု သညံ ထပေတွာ ဂဏနာတိ ဒဿိတာ၊ ဂဏနာ ဝုစ္စတိ အစ္ဆိန္နက ဂဏနာ ပါရိသေသညာယေန၊ သာပန ပါဒသိက မိလက္ခကာဒယော္ဝိယ ကေံဒ္ဒေတိအာဒိနာ နဝစ္ဆဝိမိနာ နိရန္တရဂဏနာတိ ဝေဒိတဗ္ဗာ။

ကား၊ ပုရိသနိမိတ္တံ—ယောကျ်ားနိမိတ်တည်း၊ ကောဋ္ဌစိကာတိ - ကား၊ ဣတ္ထိနိမိတ္တံ—မိန်းမနိမိတ်တည်း၊ ဝါ-တနည်း၊ ဧတေဟိ—ထိုယောကျ်ား အင်္ဂါဇာတ် မိန်းမအင်္ဂါဇာတ်တို့ဖြင့်၊ယောအက္ကောသော-အကြင်ဆဲရေးခြင်းသည်၊(အတ္ထိ)၊ ဧသော- ဤဆဲရေးခြင်းသည်၊ ဟီနောနာမ – ယုတ်ညံ့သည် မည်သော၊ အက္ကောသော—ဆဲရေးခြင်းတည်း၊ ဣတိ-ဤသို့ မှတ်အပ်၏။

ဣဒါနိ—အက္ကောသ ၁၀ မျိုးကို ပြပြီးရာ ယခုအခါ၌၊ တေသံ ဇာတိ အာဒီနံ-ထိုဇာတိ အစရှိသော အက္ကောသတို့၏၊ ပဘေဒဝသေန— အပြား၏ အစွမ်းဖြင့်၊ အာပတ္တိံ-သို့၊ ရောပေတွာ - တင်၍၊ ဒဿေန္တော - ပြတော်မူလိုသည်၏ အဖြစ်ကြောင့်၊ ဥပသမ္ပန္နော ဥပသမ္ပန္နန္တိအာဒိံ – အစရှိသော စကားရပ်ကို၊ အာဟ—မိန့်တော်မူပြီ၊ တတ္ထ-ထိုစကားရပ်၌၊ ခုံသေတုကာမောပေမက်ုကတ္တုကာမောတိ-ကား၊ အက္ကောသိတုကာမော - ဆဲရေးခြင်းငှါ လိုလားသည်၊ ဝါ-ဆဲရေးလိုသည်၊ ပမံသိတုကာမော - လွှမ်းမိုး နှိပ်စက် ဖျက်ဆီးခြင်းငှါ လိုလားသည်၊ ဂရဟိတုကာမော - ကဲ့ရဲ့ ရှုတ်ချခြင်းငှါ လိုလားသည်၊ နိတ္တေဇံ— အရှိန်အစော်မရှိသူ၏ အဖြစ်ကို၊ (ဘာဝပ္ပဓာန၊) ကတ္တုကာမော-သည်၊ (ဟုတ္တွာ—၍၊) ဣတိ အတ္ထော - နက်၊ [ အက္ကောသိတုကာမောသည် ခုံသေထုကာမော၏ အဖွင့်, ပမံသိတုကာမော ဂရဟိတုကာမောတို့သည် ဝမ္ဘေတုကာမော၏ အဖွင့်၊ နိတ္တေဇံ ကတ္တုကာမောသည် မင်္ကုကတ္တုကာမော၏ အဖွင့်တည်း။ ] ဟီနေန ဟီနန္တိ-ကား၊ ဟီနေန-ယုတ်ညံ့သော၊ ဇာတိဝစနေန-ဇာတ်ကို ပြောဆိုကြောင်း စကားဖြင့်၊ဟီနဇာတိကံ-ယုတ်ညံ့သောဇာတ်ရှိသူကို၊("ဝဒေတိ-ပြောဆို၏"ဟု ပါဠိတော်၌ စပ်။) ဧတေန ဥပါယေန-ဤနည်းဖြင့်၊ သဗ္ဗပဒေသု-ဟီနေန ဥက္ကဋ္ဌံ အစရှိသော အလုံးစုံသောပုဒ်တို့၌၊ အတ္ထော ဝေဒိတဗ္ဗော။

စ - ဆက်၊ တ္ထေ — ဤ ဟီနေန ဟီနံ အစရှိသောစကားရပ်၌၊ ("စောဒနာ သောမနာနယော- ကို၊ ဝေံ - သို့၊ ဝေဒိတဗ္ဗော—၏"ဟု ထည့်စပ်၊) ဟီနေန— ယုတ်ညံ့သောဇာတ် အစရှိသောစကားဖြင့်၊ ဟီနံ - ယုတ်ညံ့သောဇာတ် ရှိသော ရဟန်းကို၊ ဝဒန္တော-ပြောသောရဟန်းသည်၊ သစ္စံ-မှန်သောစကားကို၊ ကိဥ္စာပိ ဝဒတိ - အကယ်၍ကား ပြောပါပေ၏၊ ပန - ထိုသို့ပင် အမှန်ကိုပြောပါသော်လည်း၊ ဩမသိတု ကာမတာယ – ဆဲရေးခြင်းငှါ အလိုရှိသည်၏အဖြစ်ကြောင့်၊ အဿ- ထိုရဟန်း၏၊ ဝါစာယ ဝါစာယ- စကားခွန်းတိုင်း စကားခွန်းတိုင်း၌၊ ပါစိတ္တိယံ (ဟောတိ၊) ဥက္ကဋ္ဌေန-မြတ်သောဇာတ် အစရှိသောအားဖြင့်၊ ဟီနံ- ယုတ်ညံ့သောရဟန်းကို၊ ဝဒန္တောစ - ပြောသောရဟန်းသည်လည်း၊ အလိကံ- ချွတ်ချော်သောစကားကို၊ ကိဥ္စာပိ ဘဏတိ-အကယ်၍ကား ပြောပါပေ၏၊ ပန— ထိုသို့ပင် ချွတ်ချော်သောစကားကို ပြောပါသော်လည်း၊ ဩမသိတု ကာမတာယ- ကြောင့်၊ ဣမိနာဝ သိက္ခာပဒေန- ဖြင့်သာ၊ ပါစိတ္တိယံ-သို့၊ အာပဇ္ဇတိ- ၏၊ ပုရိ

မေန-ရွှေ မုသာဝါဒသိက္ခာပုဒ်ဖြင့်၊(ပါစိတ္တိယံ-သို့၊) န(အာပဇ္ဇတိ)-မရောက်၊ ယောပိ- အကြင်ရဟန်းသည်လည်း၊ (ဝဒတိ၌ လှမ်းစပ်၊) (တွံ- သင်သည်၊) အတိစက္ကာလော – စက္ကာလတို့ထက် လွန်သောစက္ကာလသည်၊ အသိ- ဖြစ်၏၊ (တွံ- သည်၊) အတိမြာဟ္မဏော - မြာဟ္မဏတို့ထက် လွန်သောမြာဟ္မဏသည်၊ အသိ-ဖြစ်၏၊ (တွံ-သည်၊) ဒုဋ္ဌစက္ကာလော- ပျက်သောစက္ကာလသည်၊ အသိ-၏၊ ( တွံ ) ဒုဋ္ဌမြာဟ္မဏော – ပျက်သော မြာဟ္မဏသည်၊ အသိ – ၏၊ ဣတိ အာဒိနိ-ဤသို့ အစရှိသော စကားတို့ကို၊ ဝဒတိ – ပြော၏၊ သောပိ- ထိုရဟန်းကိုလည်း၊ အာပတ္တိယာ-ပါစိတ်အာပတ်ဖြင့်၊ ကာရေတဗ္ဗော-ပြုစေထိုက်၏၊ ဝါ- ဆုံးဖြတ်ထိုက်၏။ [အာပတ္တိယာ ကာရေတဗ္ဗောတိ ပါစိတ္တိယေန ကာရေတဗ္ဗော၊ ဥပသဂ္ဂါဒိမတ္တ ဝိသိဋ္ဌာနံ - အတိ ဥပသာရပုဒ် စသည်မျှဖြင့်သာ ထူးကုန်သော၊ အတိစက္ကာလာဒိ ပဒါနံ ပါဠိယံ အာဂတေသုယေဝ သင်္ဂဟိတတ္တာ၊–ဋီကာ။]

ပန - ဆက်၊ သန္တိ ဇာမေကစ္စေတိ ဝါရေ– သန္တိ ဇာမေကစ္စေဟူသော ဝါရ၌၊ ပရိဟရိတွာ–ရှောင်လွှဲ၍၊ ဝုတ္တဘာဝေန - ပြောဆိုအပ်သည်၏ အဖြစ်ကြောင့်၊ ဒုက္ကဋံ (ဟောတိ၊) [ပါဠိတော်၌လာသော "စောရောသိ" အစရှိသော တိုက်ရိုက် ပြောမှုကို ရှောင်လွှဲ၍ ပြောဆိုအပ်သည်၏ အဖြစ်ကြောင့် ဒုက္ကဋ်သာ သင့်၏။] ယေနူန၊ပေ၊န မယန္တိ ဝါရေသုပိ-တို့၌လည်း၊ ဧသေဝနယော၊ ပန-ဆက်၊ အနုပ သမ္ပန္နေ-ရဟန်းမဟုတ်သူ၌၊ (ဝဒန္တဿ– ပြောဆိုသောရဟန်း၏၊) စတူသုပိ- ၄ ပါးလည်းဖြစ်ကုန်သော၊ ဝါရေသု-တို့၌၊ ဒုက္ကဋမေဝ-သည်သာ၊ (ဟောတိ၊) [၁–ဟီနေန ဟီနံစသော ဝါရ၊ ၂–သန္တိ ဇာမေကစ္စေစသော ဝါရ၊ ၃–ယေနူန စသော ဝါရ၊ ၄ – န မယံစသော ဝါရတို့၌ ရဟန်းမဟုတ်သူကို ပြောဆိုသော ကြောင့် ဒုက္ကဋ်ချည်းသာ - ဟူလို။] (တွံ - သည်၊ စောရော - သူခိုးသည်၊ အသိ- ဖြစ်၏၊ ဂဏ္ဌိဘေဒကော- အိမ်၏ အထုံးအဖွဲ့ အဆက်အစပ်ကို ဖြတ်တောက်တတ် သူသည်၊ အသိ-ဖြစ်၏၊ ဣတိ အာဒိဝစနေဟိပန-ဤသို့ အစရှိသောစကားတို့ဖြင့် ကား၊ ( ဝဒန္တဿ - ပြောဆိုသောရဟန်း၏၊ ) ဥပသမ္ပန္နေပိ - ရဟန်း၌ငင်း၊ အနုပသမ္ပန္နေပိ – ရဟန်းမဟုတ်သူ၌ငင်း၊ သဗ္ဗဝါရေသု- အလုံးစုံသော ၄ ဝါရ တို့၌၊ ဒုက္ကဋမေဝ – ဒုက္ကဋ်အာပတ်ချည်းသာ၊ ( ဟောတိ၊ ) [ စောရောသီတိ အာဒီနံပန ကေနစိပရိယာယေန ပါဠိယံ အနာဂတတ္တာ ဒုက္ကဋံ ဝုတ္တံ၊–ဋီကာ။]

ပန - ဆက်၊ ဒဝကမျတာယ - ရယ်မြူးခြင်းကို အလိုရှိသူ၏ အဖြစ်ကြောင့်၊ (ပြက်ရယ်ပြုလို, ပြောင်လှောင်လိုသူ၏ အဖြစ်ကြောင့်၊ ဝဒန္တဿ- ပြောဆိုသော ရဟန်း၏၊)ဥပသမ္ပန္နေပိ အနုပသမ္ပန္နေပိ သဗ္ဗဝါရေသု ဒုဗ္ဘာသိတံ- ဒုဗ္ဘာသိတ အာပတ်သည်၊ (ဟောတိ၊) [ဒုဗ္ဘာသိတံအရ မကောင်းသဖြင့် ပြောဆိုအပ်သော စကားရသော်လည်း ထို စကားကြောင့် သင့်ရောက်သော အာပတ်ကို ကာရဏူ ပစာရအားဖြင့် ဒုဗ္ဘာသိတဟု ဆိုသည်။] ဒဝကမျတာနာမ-မည်သည်၊ ကေဠိ-

ပြက်ရယ်ပြုခြင်းတည်း၊ ဟဿာဓိပ္ပါယတာ-ရယ်မြူးခြင်း၌ဖြစ်သော အလိုရှိသူ၏ အဖြစ်တည်း။[ကေဠိကို“ဟဿာဓိပ္ပါယတာ”ဟုဖွင့်သည်၊ဟဿာဓိပ္ပါယတာတိ ပုရိမပဒဿ အတ္ထဝိဝရဏံ—ဋီကာ။] စ-ဆက်၊ ဧမသ္မိံ သိက္ခာပဒေ-၌၊ဘိက္ခုံ-ရဟန်းယောကျာ်းကို၊ ထပေတွာ- ထား၍၊ ဘိက္ခုနီအာဒယော—ဘိက္ခုနီ အစ ရှိကုန်သော၊ သဗ္ဗသတ္တာ — တို့သည်၊ အနုပသမ္ပန္နဋ္ဌာနေ - အနုပသမ္ပန္နအရာ၌၊ ဌိတာ - တည်ကုန်၏၊ ဣတိ- သို့၊ ဝေဒိတဗ္ဗာ- သိထိုက်ကုန်၏။ [ အနုပသမ္ပန္န၌ ( အ ) ၏ အနက်ကို သဒ္ဒိသအနက်မယူမူ၍ အညအနက်ကို ယူပြီးလျှင် ရဟန်းယောကျာ်းမှ တပါးသော ဘိက္ခုနီ , ရှင်သာမဏေ , သာမဏေမ , သိက္ခမာန်, လူ နတ် တိရစ္ဆာန်တို့ကို အနုပသမ္ပန္နအရ ယူပါ—ဟူလို။]

အတ္ထပုရေက္ခာရဿာတိ အာဒိသု- အစရှိသော စကားရပ်တို့၌၊ ပါဠိယာ—၏၊ အတ္ထံ-အနက်အဓိပ္ပါယ်ကို၊ ဝဏ္ဏယန္တော-ဖွင့်ပြသောရဟန်းသည်၊ အတ္ထပုရေက္ခာရော - အနက်ကို ရှေးရှုသူမည်၏၊ [ ရှေးခေတ်က အဋ္ဌကထာစာအုပ် မရှိသေး၊ ပါဠိတော်ကို နှုတ်ဖြင့် အနက်အဓိပ္ပါယ် ဖွင့်ပြကြရသည်၊ ယခုခေတ်၌ ကား အဋ္ဌကထာစာအုပ်များ ရှိနေကြပြီ။] ပါဠိံ - ပါဠိကို၊ ဝါစေန္တော— ဆိုစေသူသည်၊ ဝါ- ပို့ချသူသည်၊ ဓမ္မပုရေက္ခာရော- ပါဠိကို ရှေးရှုသူမည်၏၊ အနုသိဋ္ဌိယံ— သွန်သင်ဆုံးမခြင်း၌၊ ဌတွာ-တည်၍၊ (ကထေန္တော ၌စပ်၊) ဣဒါနိပိ-ယခုဘဝ၌လည်း၊ (တွံ- သည်၊) စဏ္ဍာလော- သည်၊ အသိ- ဖြစ်နေ၏၊ ပါပံ-မကောင်းမှုကို၊ မာအကာသိ-မပြုပါလင့်၊ တမောတမပရာယဏော-တမောတမပရာယဏပုဂ္ဂိုလ်သည်၊ မာအဟောသိ - မဖြစ်ပါလင့်၊ ဣတိ အာဒိနာ - ဤသို့ အစရှိသော၊ နယေန —ဖြင့်၊ ကထေန္တော — ပြောဆိုသော ရဟန်းသည်၊ အနုသာသနီ ပုရေက္ခာရောနာမ- သွန်သင်ခြင်းကို ရှေးရှုသူမည်၏၊ ဣတိ- သို့၊ ဝေဒိတဗ္ဗော၊ သေသံ၊ပေ၊ ဒုက္ခဝေဒနန္တိ၊ ပန — ဆက်၊ ဧတ္ထ - ဤသိက္ခာပုဒ်၌၊ ဒုဗ္ဘာသိတာပတ္တိ-သည်၊ ဝါစာစိတ္တတော-ကြောင့်၊ သမုဋ္ဌာတိ-၏၊ ကြိယံ၊ပေ၊သုခါစ-သုခဝေဒနာဝုင်း၊ မဇ္ဈတ္တာစ-ဥပေက္ခာဝေဒနာဝုင်းတည်း၊ ဣတိ-အပြီးတည်း။.... ဒုတိယံ-သော၊ ဩမသဝါဒ သိက္ခာပဒံ-တည်း။

× × × × × × ×

**မာတမောတမပရာယဏော။** ။အချို့စာအုပ်များ၌ “မာတမောသိ, မာတမပရာယဏော အဟောသိ ” ဟု ရှိ၏၊ ၁— တမောတမပရာယဏပုဂ္ဂိုလ်, ၂ — တမောဇောတိ ပရာယဏပုဂ္ဂိုလ်, ၃ — ဇောတိ တမပရာယဏပုဂ္ဂိုလ်, ၄ — ဇောတိ ဇောတိ ပရာယဏပုဂ္ဂိုလ် ဟု ကောသလသံယုတ်ပါဠိတော်၌ ၄ မျိုးခွဲပြထား၏၊ ထို ၄ မျိုးတွင် တမောတမပရာယဏ ပုဂ္ဂိုလ်ကို ရည်ရွယ်၍ ဆိုသောကြောင့် “ မာ တမော တမပရာယဏော အဟောသိ”ပါဌ်သာသင့်သည်၊ တမော-ယခုဘဝ၌ မှောင်သည်၊ (ဟုတွာ)၊ တမပရာယဏော—အမှောင်လျှင် လည်းလျောင်းရာရှိသူသည်၊ မာ အဟောသိ—လင့်။

## ပေသုညသိက္ခာပုဒ်

တတိယသိက္ခာပဒေ - ၌၊ ဘဏ္ဍနဇာတာနန္တိ- ကား၊ သဉ္ဇာတဘဏ္ဍနာနံ- လွန်စွာဖြစ်သော မိမိတို့ဘက်တွင် တိုင်ပင်ခြင်းရှိကုန်သော၊ ( ဘိက္ခူနံ၌စပ်၊ ) ဘဏ္ဍနန္တိ - ကား၊ ကလဟဿ - ခိုက်ရန်ဖြစ်ခြင်း၏၊ ပုဗ္ဗဘာဂေါ - ရှေ့အဘို့၌ ဖြစ်သော တိုင်ပင်ခြင်းတည်း၊ ဣမိနာစ - ဤသူသည်လည်း၊ ဣဒံ - ဤအမှုကို၊ ကတံ-ပြုအပ်ပြီ၊ ဣမိနာစ-သည်လည်း၊ ဣဒံ-ကို၊ ကတံ-ပြီ၊ ဧဝံ-ဤသို့၊ ဝုတ္တေ- သူတို့က ဆိုအပ်သော်၊ ဧဝံ- သို့၊ ဝက္ခာမ– ငါတို့က ပြောဆိုကြစို့၊ ဣတိ အာဒိ ကံ-ဤသို့အစရှိသော၊ သကသကပက္ခေ- မိမိ မိမိတို့ဘက်၌၊ သမ္ဗန္ဓနံ-သဘောတူ တိုင်ပင်ခြင်းတည်း၊ ကလဟောတိ - ကား၊ အာပတ္တိဂါမိကော – အာပတ်သို့ ရောက်စေတတ်သော၊ ကာယဝါစာ ဝီတိက္ကမော-ကိုယ်နှုတ်တို့၏ လွန်ကျူးခြင်း တည်း၊ [ပဟာရဒါန ပါစိတ်အာပတ် သင့်လောက်အောင် ရိုက်နှက် ပုတ်ခတ်မှု ဟူသော ကိုယ်၏လွန်ကျူးမှု, ဩမသဝါဒ ပါစိတ်အာပတ် သင့်လောက်အောင် ဆဲရေးခြင်းဟူသော နှုတ်၏လွန်ကျူးမှု - ဟူလို။] ဝိဝါဒေါတိ- ကား၊ ဝိဂ္ဂါဟိက ကထာ– ဆန့်ကျင်ဘက်ယူကြောင်း စကားတည်း၊ တံဝိဝါဒံ-ထို ဆန့်ကျင်ဘက် ပြောဆိုခြင်းသို့၊ အာပန္နာနံ - ရောက်ကုန်သော၊ ဝိဝါဒါပန္နာနံ - ဆန့်ကျင်ဘက် ပြောဆိုခြင်းသို့ ရောက်ကုန်သော၊ (ဘိက္ခူနံ၌စပ်။)

ပေသုညန္တိ - ကား၊ ပိယသုဉ္ဉဝါစံ - ချစ်သူ ၂ ယောက်တို့ကို ကွဲပြားအောင် ချေမှုန်းကြောင်းစကားကို၊ ပိယဘာဝဿ-ချစ်အပ်သူ၏အဖြစ်ကို၊ သုညကရဏ ဝါစံ - ကင်းဆိတ်အောင်ပြုကြောင်း စကားကို၊(“ဥပသံဟရန္တိ - ပို့ဆောင်ကြ ကုန်၏”ဟု ပါဠိတော်၌စပ်၊)ဣတိ-ဤအနက်သည်၊ ဝါ-ကို၊ဝုတ္တံ-ဆိုအပ်သည်၊ ဝါ–ဆိုလိုသည်၊ ဟောတိ-၏၊ ဘိက္ခုပေသုညေတိ-ကား၊ ဘိက္ခူနံ-ရဟန်းတို့၏၊ ပေသုညေ-ချောပစ်ကုန်းတိုက်ခြင်းကြောင့်၊ ဘိက္ခုတော-ရဟန်းတပါး၏အထံမှ၊ သုတွာ- ကြားရ၍၊ ဘိက္ခုနော- ရဟန်းတပါးသည်၊ ဘိက္ခုဿ- ရဟန်းတပါး၏ (အထံသို့၊)ဥပသံဟဋေပေသုညေ-ပို့ဆောင်အပ်သော ချောပစ်ကုန်းတိုက်ကြောင်း

× × × × × × ×

**ဘဏ္ဍနဇာတာ။** ။ဘဏ္ဍနံ ဇာတံ ဧတေသန္တိ ဘဏ္ဍနဇာတာ၊ သမ္ဗန္ဓနန္တိ ရဟော သံသဒ္ဒနံ၊ ဟတ္ထပရာမာသာဒိဝသေန မတ္ထကံ ပတ္တော ကလဟော ဇာတော ဧတေသန္တိ ကလဟဇာတာ၊ အနာပတ္တိဂါမိကံ ဝိရုဒ္ဓဝါဒဘူတံ ဝိဝါဒံ အာပန္နာတိ ဝိဝါဒါပန္နာ၊ ဤပုဒ်တို့၏ အဓိပ္ပါယ်ကို ပါတိမောက်ဘာသာဋီကာ, သဟာဓမ္မိကဝဂ် ဥပဿုတိ သိက္ခာ ပုဒ်၌ ပြထားပြီ၊ [ဝိဂ္ဂဟံ+သံဝတ္တေတီတိ ဝိဂ္ဂါဟိကာ(ကထာ)။]

**ဘိက္ခုပေသုညေ။** ။“ဘိက္ခူနံ+ပေသုညံ ဘိက္ခုပေသုညံ” ဟု ဆဋ္ဌီတပ္ပုရိသ် သမာသ်ပြု၊ ထို ဘိက္ခူနံအရ ဘိက္ခုတို့ဟူသည် မည်သည့်ဘိက္ခုတို့ပါနည်းဟု မေးဘွယ် ရှိ၍ “ဘိက္ခုတော, ဘိက္ခုနော, ဘိက္ခုဿ”ဟု မိန့်သည်၊ ဘိက္ခုတောကို သုတွာ၌စပ်၊ ဘိက္ခုနောကို သံဟဋ၌စပ်၊ [redacted] ကနိ်ဘာသာဋီကာ၌ ပြထားပြီ။

စကားကြောင့်၊ (ပါစိတ္တိယံ ဟောတိ-၌စပ်၊) ဣတိအတ္ထော- ဤကား အဓိပ္ပါယ်နက်၊ ဋီပ္ပကာကာရေဟိတိ - ကား၊ ဋီပိကာရဏေဟိ - ၂ ပါးသော အကြောင်းတို့ကြောင့်၊ (ပေသုညံ ဟောတိ- ၌စပ်၊) ပိယကမျတာဝါတိ - ကား၊ ဧဝံ- ဤသို့ ပြောဆိုလိုက်ရသည်ရှိသော်၊ အယံ-သည်၊ ဧတဿ-ဤသူ၏၊ ပိယော-ချစ်အပ်သူ (အချစ်ခံရသူ)သည်၊ ဘဝိဿာမိ-ဖြစ်ရလိမ့်မည်၊ ဣတိ-သို့၊ အတ္တနော-မိမိ၏၊ ပိယဘာဝံ - ချစ်အပ်သူ၏ အဖြစ်ကို၊ ( အချစ်ခံရခြင်းကို )၊ ပတ္တယမာနဿ - တောင့်တသော ရဟန်း၏၊ ( ပိယကမျတာယ ) ဝါ – ချစ်ခြင်းကို အလိုရှိသူ၏ အဖြစ်ကြောင့်သော်၎င်း၊ ( ဤသို့ ထည့်ပေး၊ ) ဘေဒါဓိပ္ပါယဿဝါတိ - ကား၊ ဧဝံ - ဤသို့ ပြောဆိုလိုက်ရသည်ရှိသော်၊ အယံ - ဤသူသည်၊ ဧတေန-ထိုသူနှင့်၊ သဒ္ဓိံ-တကွ၊ ဘိဇ္ဇိဿတိ- ကွဲလိမ့်မည်၊ ဣတိ-သို့၊ ပရဿ-သူတပါး၏၊ ပရေန-သူတပါးနှင့်၊ ဘေဒံ - ကွဲပြားခြင်းကို၊ ဣစ္ဆန္တဿ - အလိုရှိသော ရဟန်း၏၊ (ဘေဒါဓိပ္ပါယတာယ) ဝါ - ကွဲပြားခြင်း၌ဖြစ်သော အလိုရှိသူ၏အဖြစ်ကြောင့် သော်၎င်း၊ (ဤသို့ ထည့်စပ်မှ ဋီပိကာရဏေဟိအရ သရုပ်ပေါ်သည်။)

ဇာတိတောပီတိ အာဒိ - ဇာတိတောပိ အစရှိသော၊ သဗ္ဗံ - အလုံးစုံသော စကားရပ်သည်၊ ပုရိမသိက္ခာပဒေ - ၌၊ ဝုတ္တနယမေဝ - ဆိုအပ်ပြီးသော နည်း ရှိသည်သာ၊ [“ဝေနဇာတိတိ တစ္ဆကဇာတိ”စသည်ဖြင့် ပြဆိုခဲ့ပြီ-ဟူလို။]ဣဓာပိ - ဤ သိက္ခာပုဒ်၌လည်း၊ ( ပိဖြင့် ရှေ့သိက္ခာပုဒ်ကိုပေါင်း၊ ) ဘိက္ခုနိံ - ကို၊ အာဒိံ ကတွာ - အစပြု၍၊ သဗ္ဗေ- အလုံးစုံသော သတ္တာတို့သည်၊ အနုပသမ္ပန္နာ နာမ- န္တို့မည်၏၊ နပိယကမျဿ န ဘေဒါဓိပ္ပါယဿာတိ-ကား၊ ကေံ-တပါး သော၊ အက္ကောသန္တံ- ဆဲရေးနေသော ရဟန်းကိုင်း၊ ကေံ - သော၊ ခမန္တံ စ– သည်းခံနေသော ရဟန်းကို၎င်း၊ ဒိသွာ-၍၊ (ဘဏန္တဿ၌စပ်၊) အဟောနိလ္လဇ္ဇော - အော်.... အရှက်မရှိလေစွ၊ ဤဒိသမ္ပိနာမ - ဤကဲ့သို့ ရှုအပ်သည်လည်း မည်သော၊ ( ဤမျှလောက် သည်းခံနေသော )၊ ဘဝန္တံ- အရှင်ကောင်းကို၊ ပုန- တဖန်၊ ဝတ္တဗ္ဗံ - ပြောဆိုထိုက်၏ဟု၊ (ဆဲရေးထိုက်၏ဟု၊) မညိဿတိ- မှတ်ထင် ပါဘိ၏၊ ဣတိ ဧဝံ- ဤသို့၊ ကေဝလံ- ပိယကမျတာ, ဘေဒါဓိပ္ပါယတာ မဘက် သက်သက်၊ ပါပဂရဟိတာယ – ယုတ်မာသူကို ကဲ့ရဲ့ခြင်းရှိသူ၏ အဖြစ်ဖြင့်၊ ဘဏန္တဿ- ပြောဆိုသော ရဟန်း၏၊ အနာပတ္တိ-အနာပတ်သည်၊(ဟောတိ၊) သေသံ၊ပေ၊ တိဝေဒနန္တိ။.... တတိယံ-သော၊ ပေသုညသိက္ခာပဒံ-တည်း။

× × × × × × ×

မှတ်ချက် ။ ။ စေခရောသိစသော ပါဠိမုတ္တက အက္ကောသစကားကို ဆောင်ခြင်း ကြောင့် ဒုက္ကဋ်အာပတ် သင့်၏၊ “ ဉးတိဿက ကိုယ်တော့ကို စာမတတ်ပါဘူးလို့ ပြောနေတယ်”စသော စကားကို မိမိကိုချစ်အောင် ပို့ဆောင်ရာ၌ ဤ သိက္ခာပုဒ်ဖြင့် အာပတ်မသင့်ပါ၊ သို့သော် ဒုက္ကဋ်အာပတ် ဖြစ်သင့်၏–ဟု ဋီကာ၌ ဝဒန္တိ ဝါဒလာ၏။

## ပဒသောဓမ္မ သိက္ခာပုဒ်

စတုတ္ထသိက္ခာပဒေ - ၌၊ အပ္ပတိဿတိ- ကား၊ အပ္ပတိဿဝါ- ရှေးရှု နားထောင်ခြင်း မရှိကုန်သည်၊ ဥပါသကာ - ဥပါသကာတို့၊ ဇုတိ-သို့၊ ဝုတ္တဝစနမ္ပိ- ခေါ်ဝေါ်အပ်သောစကားကိုလည်း၊ နသောတုကာမာ-နားထောင်ခြင်းငှါ အလို မရှိကုန်သည်၊ အနာဒရာ-လေးစားခြင်း မရှိကုန်သည်၊(ဟုတ္ဝာ ဝိဟရန္တိ ဥစ်၊) ဇုတိအတ္ထော- နက်၊ ဝါ- တနည်း၊ အပ္ပတိဿယာ- မှီခိုအားထားကိုးစားခြင်း မရှိကုန်သည်၊ အနီစဝုတ္တိနော-နိမ့်ကျသောဖြစ်ခြင်း မရှိကုန်သည်၊ ဇုတိအတ္ထော- နက်။ [ရဟန်းတို့အပေါ်၌ မိမိတို့စိတ်ကို နှိမ့်ချသောဖြစ်ခြင်းမရှိကြ- ဟူလို။] အသဘာဂဝုတ္တိကာတိ - ကား၊ ဝိသဘာဂဇီဝိကာ - သဘော မတူသော အသက်မွေးခြင်း ရှိကြကုန်သည်။ [ "ဇီဝနံ ဝုတ္တိ ဇီဝိကာ" ဟူသော အဘိဓာန်နှင့်အညီ ဝုတ္တိနှင့် ဇီဝိကာသည် ပရိယာယ်တည်း၊ ဇီဝိကာ ဟု ဆိုသော်လည်း သွားမှု လာမှု စသော ကိစ္စအားလုံးကိုယူ၊ ရဟန်းများ လုပ်ချင်သလို ဥပါသကာတို့က မလိုက်လျောကြ၊ သူတမျိုး ငါတဖုံ ဖြစ်နေကြသည် — ဟူလို။ ] ယထာ- အကြင် အခြင်းအရာ အားဖြင့်၊ ဘိက္ခူသု - ရဟန်းတို့၌၊ ဝတ္တိတဗ္ဗံ - ဥပါသကာတို့က ပြုကျင့်ထိုက်၏၊ ဧဝံ-ဤ အခြင်းအရာအားဖြင့်၊ အပ္ပဝတ္တ ဝုတ္တိနော - မဖြစ်သော ကျင့်ခြင်းရှိကုန်သည်၊ ဇုတိအတ္ထော- နက်။ [အရိုအသေပြုမှု, ပေးကမ်းလှူဒါန်းမှု စသည်ကို ဥပါသကာတို့က မပြုကျင့်ကြတော့—ဟူလို။]

ပဒသော ဓမ္မံ ဝါစေယျာတိ- ကား၊ ကေတော-တပေါင်းတည်း၊ ဝါ-သံပြိုင်၊ ပဒံပဒံ-အစုအစု ဖြစ်သော၊ ဓမ္မံ— ပါဠိ အဋ္ဌကထာတရားကို၊ ဝါစေယျ-ဆိုစေအံ့၊ ဝါ-ပို့ချအံ့၊ ကောဋ္ဌာသံ ကောဋ္ဌာသံ - အစုအစုဖြစ်သော ပါဠိအဋ္ဌကထာ တရားကို၊ ဝါစေယျ-အံ့၊ ဝါ-အံ့၊ ဇုတိ အတ္ထော-နက်၊[ပဒသောကို၊ ပဒံပဒံ ဟု ဖွင့်သဖြင့် သောပစ္စည်းသည် ဝိစ္ဆာအနက်၌ သက်ဟုရင်း, ပဒံကို ကောဋ္ဌာသံ ဟု ဖွင့်သဖြင့် ပဒသဒ္ဒါ ကောဋ္ဌာသ အနက်ဟောဟုရင်း သိစေသည်။]ပန-ဆက်၊ ယသ္မာ-ကြောင့်၊ ကောဋ္ဌာသနာမကံ- ကောဋ္ဌာသ အမည်ရှိသော၊ တံပဒံ - ထို ပဒသည်၊ စတုဗ္ဗိဓံ-၄ ပါးအပြားရှိသည်၊ ဟောတိ-၏၊ တသ္မာ- ကြောင့်၊ (ထိုသို့ ကောဋ္ဌာသ အမည်ရှိသော ထို ပဒ၏ ၄ ပါး အပြားရှိသည်၏ အဖြစ်ကြောင့်၊ ) တံ—၄ ပါး အပြားရှိသော ထိုပဒကို၊ ဒဿေတုံ- ငှါ၊ ပဒံ၊ပေ၊ အနုဗျဉ္ဇနန္တိ— ဟူသော၊ ပဒဘာဇနံ-ပဒဘာဇနီကို၊ ဝုတ္တံ-မိန့်တော်မူအပ်ပြီ။

× × × × × × × × ×

**အပ္ပတိဿာ**။ ။ပတိရှေးရှိသော သုဓာတ် အပစ္စည်းဖြင့် ပြီးကြောင်းကို ပြလို၍ "အပ္ပတိဿဝါ" ဟု ဖွင့်သည်၊ "ပတိဿဝနံ ပတိဿဝေါ၊ နတ္ထိ ပတိဿဝေါ ယေသံတိ အပ္ပတိဿဝါ" ဟု ပြု၊ ပတိရှေးရှိသော သိဓာတ် အပစ္စည်းဖြင့် တနည်း ပြီးပုံကိုပြလိုသောကြောင့်"အပ္ပတိဿယာဝါ"ဟု တနည်းဖွင့်သည်၊"ပတိဿယဏံ+ ပတိဿော၊ နတ္ထိ ပတိဿော ဧတေသန္တိ အပ္ပတိဿာ"ဟု ပြု။

တတ္ထ-ထိုပဒ, အနုပဒ, အန္တက္ခရ, အနုဗျဉ္ဇနတို့တွင်၊ ဧကော– တခုသော၊ ဂါထာပါဒေါ- ဂါထာပါဒကို၊ ပဒန္တိ–ဟူ၍၊ အဓိပ္ပေတော - အလိုရှိအပ်၏၊ [တဂါထာလျှင် ၄ ပါဒရှိ၏၊ ထိုတွင် စ၍ ရွတ်အပ်သော ပါဒသည် "ပဒ" မည်၏၊ ပဌမပါဒ ဖြစ်စေ, ဒုတိယပါဒ ဖြစ်စေ စ၍ ရွတ်အပ်လျှင် "ပဒ" မည်တော့သည်သာ။] ဒုတိယပါဒေါ-ကို၊ အနုပဒန္တိ-ဟူ၍၊ (အဓိပ္ပေတော၊) ဧကေကံအက္ခရံ-တလုံးတလုံးသောအက္ခရာကို၊ အန္တက္ခရန္တိ-ဟူ၍၊(အဓိပ္ပေတံ၊) [ဝိဘတျန္တဖြစ်သော ဂေါစသော တလုံးတလုံးသော အက္ခရာကို"အန္တက္ခရ"ဟု ယူပါ။] ပုရိမဗျဉ္ဇနေန-ရှေ့ပုဒ်ဗျဉ်းနှင့်၊ သဒိသံ-တူသော၊ ပစ္ဆာဗျဉ္ဇနံ-နောက်ပုဒ်ဗျည်းကို၊ အနုဗျဉ္ဇနန္တိ- ဟူ၍၊ (အဓိပ္ပေတံ၊) ဝါ- တနည်း၊ ယံကိဉ္စိ - အမှတ်မထား တပါးပါးသော၊ ဧကံအက္ခရံ - တလုံးသော အက္ခရာသည်၊ အန္တက္ခရံ-မည်၏၊ အက္ခရသမူဟော-အက္ခရာအပေါင်းသည်၊ အနုဗျဉ္ဇနံ- မည်၏၊ (ဝိဘတျန္တ မဟုတ်သော အက္ခရာအပေါင်းကို ယူပါ။) အက္ခရာနုဗျဉ္ဇနသမူဟော - ဝိဘတျန္တဖြစ်သော အက္ခရာအပေါင်း, ဝိဘတျန္တဖြစ်သော အနုဗျဉ္ဇနအပေါင်းသည်၊ ပဒံ-မည်၏၊ ပဌမပဒံ-သည်၊ ပဒမေဝ- ပဒသာမည်၏၊ ဒုတိယံ(ပဒံ)- ဒုတိယပဒသည်၊ အနုပဒံ-မည်၏၊ ဣတိဧဝံ- သို့၊ ဧတ္ထ- ဤအက္ခရ,အနုဗျဉ္ဇန,ပဒ, အနုပဒ၌၊ နာနာကရဏံ- အသီးအခြားပြုတတ်သောအထူးကို၊ ဝေဒိတဗ္ဗံ-၏။

× × × × × × ×

**ပဒံ၊ပေ၊ပစ္ဆာဗျဉ္ဇနံ။** ။ ရိုးရာအားဖြင့် ဝိဘတျန္တပုဒ်ကို ပဒဟု ခေါ်ရိုးရှိသော်လည်း ဤနေရာ၌ ထိုပဒကို မယူဘဲ ဂါထာ၏ ရှေ့ပါဒကို ပဒဟု ယူစေလိုသောကြောင့် "ပဒန္တိ ဧကော ဂါထာပါဒေါ"ဟု မိန့်သည်၊ ပဒအရ ရှေ့ဂါထာပါဒကို ယူပြီးဖြစ်၍ အနုပဒ၌ ပဒအရ ဒုတိယဂါထာပါဒကို ယူရမည် ဟု သိစေလိုသောကြောင့် "အနုပဒန္တိ ဒုတိယပါဒေါ" ဟု မိန့်သည်၊ အနုပဒံ၌ အနုသဒ္ဒါသည် ပစ္ဆာအနက်ဟော၊ အန္တက္ခရံ၌ အနုသဒ္ဒါသည် ဝိစ္ဆာအနက်ဟော ဟု သိစေလို၍ "အန္တက္ခရန္တိ ဧကေကမက္ခရံ" ဟု မိန့်သည်၊ "အက္ခရံ အက္ခရံ အနု အန္တက္ခရံ"ဟုပြု၊ အနုဗျဉ္ဇန၌ ဗျဉ္ဇနသဒ္ဒါသည် ဝိဘတျန္တပုဒ် ဟူသော ဗျဉ္ဇနကိုဟော၏၊ အနုသဒ္ဒါကား ပစ္ဆာအနက်ဟောတည်း၊ (ယောဇနာ၌ကား သဒိသ အနက်ဟော ဟု ဆို၏၊) ထို နောက်ပုဒ်ဗျည်း ဟူသည် ရှေ့ပုဒ်ဗျည်းနှင့် တူသော နောက်ပုဒ်ဗျည်းတည်း ဟု သိစေလို၍"ပုရိမဗျဉ္ဇနေန သဒိသံ ပစ္ဆာဗျဉ္ဇနံ"ဟု ဖွင့်သည်။

**ယံကိဉ္စိ၊ပေ၊ဝေဒိတဗ္ဗံ။** ။ ပဌမနည်း၌ ပဒ အနုပဒတို့ အရ ဂါထာပါဒတို့ကိုသာ ယူထားသောကြောင့်၎င်း, စုဏ္ဏိယ၌ အချို့ပဒ အနုပဒတို့ ကျန်နေသောကြောင့်၎င်း, အနုဗျဉ္ဇန အရ၌လည်း ရှေ့ပုဒ်ဗျည်းနှင့် တူသော နောက်ပုဒ်ဗျည်းကိုသာ မယူဘဲ ဂါထာစုဏ္ဏိယ အားလုံးပါဝင်သော နည်းကို ပြလို၍"ယံကိဉ္စိဝါ"စသည်မိန့်၊ ပု–ရိ–သော ဟူသော ပုဒ်၌ ပုသည် အန္တက္ခရ, ဝိဘတျန္တ မဟုတ်သော ပု-ရိ ဟု ၂ လုံးဖြစ်သောအခါ အနုဗျဉ္ဇန , ပုရိသော ဟု ဝိဘတျန္တဖြစ်သောအခါ ပဒဖြစ်၏၊ ပုရိသော ဂစ္ဆတိ၌ ပုရိသောသည် ပဒ, ဂစ္ဆတိသည် အနုပဒ ဖြစ်၏။

ဣဒါနိ–ပဒ, အနုပဒ , အန္ဝက္ခရ , အနုဗျဉ္ဇနတို့၏ သရုပ်ကို သိပြီးရာ ယခုအခါ၌၊ (ဝေဒိတဗ္ဗာ ဠ်စပ်၊) ပဒံ၊ပေ၊ ဩသာပေန္တီတိ-ကား၊ ဂါထာဗန္ဓံ - ဖွဲ့စီအပ်သော ဂါထာဖြစ်သော၊ ဓမ္မံ – ပါဠိ အဋ္ဌကထာ တရားကို၊ ဝါစေန္တော-ဆိုစေသော ဆရာသည်၊ ဝါ–ပို့ချသော ဆရာသည်၊ မနောပုဗ္ဗင်္ဂမာ ဓမ္မာတိ–ဟူသော၊ ဧကမေကံ-တခုတခုသော၊ ပဒံ–ပါဒကို၊ သာမဏေရေန-နှင့်၊ သဒ္ဓိံ-အတူ၊ ဧကတော–တပြိုင်နက်၊ ဝါ-သံပြိုင်၊အာရဘိတွာ-စတည်အားထုတ်ပြီး၍၊ ဧကတောယေဝ- တပြိုင်နက်ပင်လျှင်၊ နိဋ္ဌာပေတိ–ပြီးဆုံးစေ၏၊ ဧဝံ-သို့၊ ဝါစေန္တဿ-ဆိုစေသော ဆရာ၏၊ ဝါ–ပို့ချသော ဆရာ၏၊ ပဒဂဏနာယ - ဂါထာပါဒ အရေအတွက် အားဖြင့်၊ ပါစိတ္တိယာ-ပါစိတ် အာပတ်တို့ကို၊ ဝေဒိတဗ္ဗာ-ကုန်၏၊အနုပဒံ၊ပေ၊ဩသာပေန္တီတိ-ကား၊ထေရေန-စာချပေးသော ထေရ်သည်၊ မနောပုဗ္ဗင်္ဂမာ ဓမ္မာတိ-ဟူ၍၊ ဝုတ္တေ - ဆိုအပ်သော်၊ သာမဏေရော- သည်၊ တံ ပဒံ-ထိုပါဒကို၊ အပါပုဏိတွာ – မမှီလိုက်မူ၍၊ မနောသေဋ္ဌာ မနောမယာ"တိ-ဟူသော၊ ဒုတိယပဒံ - ကို၊ ဧကတော – တပြိုင်နက်၊ ဝါ– သံပြိုင်၊ ဘဏတိ-ရွတ်ဆို၏၊ ဣမေ-ဤဆရာတပည့်တို့သည်၊ ပါဠိံ့ကွံ-အသီးအသီး၊ ပဋ္ဌပေတွာ-စတည်အားထုတ်၍၊ ဧကတော - တပြိုင်နက်၊ ဝါ– သံပြိုင်၊ ဩသာပေန္တိနာမ-ပြီးဆုံးစေသူတို့ မည်၏၊ ဧဝံ ဝါစေန္တဿပိ အနုပဒဂဏနာယ ပါစိတ္တိယာ (ဝေဒိတဗ္ဗာ၊)[ဆရာက မနောပုဗ္ဗင်္ဂမာ ဓမ္မာဟု ပို့ချစဉ် တပည့်က အချောင်းဆိုးနေခြင်း စသည်ကြောင့် မမှီလိုက်ဘဲ "မနောသေဋ္ဌာ မနောမယာ" ဟူသော ပုဒ်ကို ရွတ်မှမှီ၍ ဆရာတပည့်တို့ သံပြိုင်ရွတ်မိ၏၊ သို့ဖြစ်လျှင် အနုပဒ အရေအတွက်ဖြင့် ဆရာမှာ ပါစိတ်အာပတ်သင့်၏။]

အန္ဝက္ခရံ၊ပေ၊ဩပါတေတီတိ- ကား၊ သာမဏေရ - သာမဏေ၊ ရူပံ အနိစ္စန္တိ-ဟူ၍၊ ဘဏ – ဆိုလော့၊ ဣတိ-သို့၊ ဝုစ္စမာနော – ပြောဆိုအပ်သော်၊ ဝါ–ပြောဆိုအပ်သော သာမဏေသည်၊ ရူကာရ မတ္တမေဝ – ရူအက္ခရာမျှ ကိုသာ၊ ဧကတော-တပြိုင်နက်၊ ဝါ-သံပြိုင်၊ ဝတွာ- ရွတ်၍၊ တိဋ္ဌတိ-ရပ်နေ၏၊ ဧဝံ-ဤသို့၊ ဝါစေန္တဿပိ - ပို့ချသော ရဟန်း၏လည်း၊ အန္ဝက္ခရဂဏနာယ ပါစိတ္တိယာ ( ဝေဒိတဗ္ဗာ၊ )စ- ဆက်၊ ဂါထာဗန္ဓေပိ - ဖွဲ့စီအပ်သော ဂါထာ၌လည်း၊ သေနယော–ကို၊ လဗ္ဘတိယေဝ–ရအပ်သည်သာ။ [မနောပုဗ္ဗင်္ဂမာ ဓမ္မာဟု ဆရာက

× × × × × × ×

**ရူ၊ နိ ၊ပေ၊ ပါစိတ္တိယာ ။** ။ပါဠိတော်၌ ရူနိနေရာဝယ် ရူတိ ဟု အချို့စာရှိ၏၊ ဝါစာသိလိဋ္ဌအကျိုးငှါ နိဂ္ဂဟိတ်လာ၍ "သံယောဂေ ပရေ ရဿတ္တံ "အရ ရှဉ္ဓ ရဿပြု၍ "ရုံတိ "ဟု ပါဌ်မှန်ရှိရမည်၊ နိဂ္ဂဟိတ်ကို နပြု၍ ရူနိဟုလည်း ရှိ၏၊ ရူနိ ဩပါတေတီတိ ဧတ္ထ အနုနာသိကော အာဂမဝသေန ဝုတ္တော၊ သံယောဂပုဗ္ဗဿ ရဿတ္တံ ကတန္တိ ဝေဒိတဗ္ဗံ၊– ဋီကာ၊ ရူပံ အနိစ္စံ ဟု ဆရာက ပို့ချရာ၌ တပည့်က ရူဟု သံပြိုင်ရွတ်၍ ရပ်နေ၏၊ ဤသို့ဖြစ်လျှင် ဆရာမှာ အက္ခရာအရေအတွက်ဖြင့် ပါစိတ်အာပတ်သင့်၏။

ပို့ချရာ၌ တပည့်က မ အက္ခရာမျှကိုသာ သံပြိုင်ရွတ်၍ ရပ်နေ၏၊ ဤသို့ဖြစ်လျှင် ဆရာမှာ အက္ခရာအရေအတွက်အားဖြင့် ပါစိတ်အာပတ်သင့်၏။]

အနုဗျဉ္ဇနံ၊ပေ၊နိဋ္ဌာရေတီတိ-ကား၊ ရူပံ၊ပေ၊ဓမ္မံသုတ္တံ-ဟူသော ဤသုတ္တန်ကို၊ ဝါစယမာနေန- ဆိုစေသော၊ ဝါ- ပို့ချသော၊ ထေရေန – ထေရ်သည်၊ ရူပံ အနိစ္စန္တိ – ဟူ၍၊ ဝုစ္စမာနေ – ဆိုအပ်စဉ်၊ သာမဏေရော – သည်၊ သီဃပညတာယ-လျင်သော ပညာရှိသည်၏အဖြစ်ကြောင့်၊ ဝေဒနာ အနိစ္စာတိ-ဟူသော၊ ဓမ္မံ အနိစ္စပဒံ–ဤအနိစ္စပုဒ်ကို၊ ထေရဿ–ထေရ်၏၊ ရူပံ အနိစ္စန္တိ–ဟူသော၊ ဧတေန အနိစ္စပဒေန - နှင့်၊ သဒ္ဓိံ-ကွ၊ ဧကတော - တပေါင်းတည်း၊ ဝါ-သံပြိုင်၊ ဘဏန္တော- ရွတ်ဆိုလျက်၊ ဝါစံ– စကားကို၊ နိဋ္ဌာပေတိ- မြွက်ဆို၏၊ ဧဝံ-သို့၊ ပေ၊ အနုဗျဉ္ဇန ဂဏနာယ – ရှေ့ပုဒ်ဗျည်းနှင့် တူသော နောက်ပုဒ်ဗျည်း အရေအတွက်အားဖြင့်၊ ပါစိတ္တိယာ ( ဝေဒိတဗ္ဗာ၊) ပန-ဆက်၊ အယံ - ဤ ဆိုအပ်လတ့်ကား၊ တွေ- ဤ ပဒ အနုပဒ အန္ဝက္ခရ အနုဗျဉ္ဇနတို့၊ သခ်ေပေါ - အကျဉ်းချုပ်တည်း၊ ဓမ္မေသု ပဒါဒိသု-ဤ ပဒ အစရှိသည့်တို့တွင်၊ ယံယံ-အကြင်အကြင်စာကို၊ ဧကတော - တပေါင်းတည်း၊ ဝါ - သံပြိုင်၊ ဘဏတိ - ရွတ်ဆို၏၊ တေန တေန – ထိုထိုစာဖြင့်၊ အာပတ္တိံ - သို့၊ အာပဇ္ဇတိ– ရောက်၏၊ ဣတိ- ဤကား အကျဉ်းချုပ်တည်း။

ဗုဒ္ဓဘာသိတောတိ - ကား၊ သကလံ- အလုံးစုံသော၊ ဝိနယပိဋကံ - ဝိနည်းပိဋကတ်သည်ရင်း၊ ( သကလံ - သော၊ ) အဘိဓမ္မပိဋကံ - သည်ရင်း၊ပေ၊ ဗြဟ္မဇာလာဒိနိ - ဗြဟ္မဇာလသုတ် အစရှိကုန်သော၊ သုတ္တာနိစ - သုတ်တို့သည်ရင်းတည်း။ [ပစ္စေကဗုဒ္ဓါတို့ ဟောတော်မူအပ်သော တရားများရှိသေး၏၊ ထို တရား

× × × × × × ×

**ရူပံ ဘိက္ခဝေ၊ပေ၊ဝါစံ နိဋ္ဌာရေတိ။** ။ [ဤဝါကျ၌"ဝါစယမာနော"ဟု ရှိ၏၊ ထေရေနနှင့် အရတူဖြစ်သောကြောင့် ဝါစယမာနေန ဟု ရှိရမည်၊"ဝုစ္စမာနော"နေရာ၌လည်း"ဝုစ္စမာနေ"ဟု အနာဒရိယလက္ခဏာရှိရမည်။] ဆရာက"ရူပံ ဘိက္ခဝေ အနိစ္စံ, ဝေဒနာ အနိစ္စာ "ဟု နှုတ် ခပ်လေးလေးဖြင့် ပို့ချနေသည်ကို လိုက်၍ဆိုသော သာမဏေက "ရူပံ ဘိက္ခဝေ အနိစ္စံ"ဟု ဆိုလိုက်လျှင်ပင် "ဝေဒနာ အနိစ္စာ" ကိုပါ လှမ်း၍မြင်လောက်အောင် လျင်သောဉာဏ်ရှိရကား"ဝေဒနာ အနိစ္စာ"ဟု အနိစ္စချင်း ဆရာနှင့် သံပြိုင်ရွတ်မိ၏၊ ထိုသို့ ရွတ်မိလျှင် ဆရာမှာ ပါစိတ်အာပတ်သင့်၏။

**အယံ ပနေတ္ထ သင်္ခေပေါ။** ။ ဤ အကျဉ်းမှတ်ချက်ကိုကြည့်၍ ဆရာနှင့်တပည့် သံပြိုင်ရွတ်ရာ၌ တလုံးချင်းဖြစ်စေ, တပုဒ်ချင်းဖြစ်စေ, တပါဒချင်းဖြစ်စေ, ရှေ့ပုဒ်ဗျည်းနှင့်တူသော နောက်ပုဒ်ဗျည်း ဖြစ်စေ သံပြိုင် ရွတ်မိလျှင် အာပတ် သင့်နိုင်၏၊ ရှေးခေတ်က စာအုပ်များ မရှိကြသေး၊ ဆရာက နှုတ်တက် ချပေးရ၏၊ ထို့ကြောင့် ဆရာနှင့်တပည့် သံပြိုင်ရွတ်မိတတ်၏၊ ယခုခေတ်၌ကား စာအုပ်များ ရှိပြီးဖြစ်၍ ဆရာက ရှေ့ကချပြီးမှ တပည့်က နောက်မှလိုက်ဆိုလျှင် အာပတ်မှ လွတ်နိုင်၏။

တို့ကိုလည်း ဤ ဗုဒ္ဓဘာသိတ၌ သွင်းယူပါ။ ] သာဝကဘာသိတောတိ – ကား၊ စတုပရိသ ပရိယာပန္နေဟိ-ပရိသတ် ၄ ပါး၌ အကျုံးဝင်ကုန်သော။ [ ပရိသတ် ၄ ပါးကား-ဘိက္ခု၊, ဘိက္ခုနီ, ဥပါသက, ဥပါသိကာတို့တည်း၊] သာဝကေဟိ-သာဝကတို့သည်၊ ဘာသိတော-ဟောအပ်သော၊ အနင်္ဂဏ၊ပေ၊ မဟာဝေဒလ္လာဒိကော-အနင်္ဂဏသုတ်၊ပေ၊ မဟာဝေဒလ္လသုတ် အစရှိသော တရားတော်တည်း၊ [အနင်္ဂဏ, သမ္မာဒိဋ္ဌိ, မဟာဝေဒလ္လသုတ်ဘို့ကို အရှင်သာရိပုတြာ ဟောတော်မူသည်၊ အနုမာနသုတ်ကို အရှင်မဟာမောဂ္ဂလ္လာန် ဟောတော်မူသည်၊ စူလဝေဒလ္လသုတ်ကို ဓမ္မဒိန္နာမည်သော ဘိက္ခုနီ ဟောတော်မူသည်။ ] ဣသိဘာသိတောတိ-ကား၊ ဗာဟိရ ပရိဗ္ဗာဇကေဟိ- သာသနာတော်၏ အပြင်ပ၌ဖြစ်သော ရသေ့ ပရိဗိုဇ်တို့သည်၊ ဘာသိတော- ဟောအပ် လျှောက်ထားအပ်သော၊ သကလော- သော၊ ပရိဗ္ဗာဇကဝဂ္ဂေါ- ဝဂ်ရင်း၊ ဗာဝရိယဿ- ဗာဝရိယပုဏ္ဏားစ်၊ အန္တေဝါသိကာနံ - တပည့်ဖြစ်ကုန်သော၊ သောဠသန္နံ- တကျိပ်ခြောက်ရောက်ကုန်သော၊ ဗြာဟ္မဏာနံ- ပုဏ္ဏားတို့၏၊ ပုစ္ဆာ- ပုစ္ဆာရင်း၊ ဣတိဝေမာဒိ-ဤသို့ အစရှိသော တရားတည်း၊ ဒေဝတာဘာသိတောတိ – ကား၊ ဒေဝတာဟိ– နတ်တို့သည်၊ ဘာသိတော- လျှောက်ထားအပ်သော တရားတော်တည်း၊ သော–ထို ဒေဝတာဘာသိတကို၊ ခဒေဝတာ၊ပေ၊ သံယုတ္တာဒိဝသေန-ဒေဝတာသံယုတ်၊ပေ၊ သက္ကသံယုတ် အစရှိသော သံယုတ်တို့၏ အစွမ်းဖြင့်၊ ဝေဒိတဗ္ဗော – ထိုက်၏၊ [''အစွမ်း''ဟူသည် ထိုသံယုတ်တို့၌ ပါဝင်သော နတ်တို့လျှောက်ထားအပ်သော စကားများသာတည်း။]

အတ္ထူပသဉ္ဟိတောတိ- ကား၊ အဋ္ဌကထာနိဿိတော-အဋ္ဌကထာကိုမှီသော တရားတည်း၊ ဓမ္မူပသဉ္ဟိတောတိ- ကား၊ ပါဠိနိဿိတော- ပါဠိတော်ကိုမှီသော တရားတည်း။ [ ဓမ္မူပသံဉှိတော၌ ဓမ္မအရ ပြခဲ့သော ဗုဒ္ဓဘာသိတ အားလုံးကို ယူ၊ ထိုနှင့် ဆက်သွယ်၍ မှတ်သားအပ်သော '' မက္ကဋိဝဏ္ဏိပုတ္တာစ '' စသော ဥဒ္ဒါန်းဂါထာ စကားမျိုးသည် ဓမ္မူပနိဿိတ မည်၏၊ အဋ္ဌကထာနိဿိတော တုန်းကလည်း ပါဠိတော်ကို တိုက်ရိုက်ဖွင့်သော စကားသည် အဋ္ဌကထာတည်း၊

× × × × × × × ×

**အဋ္ဌကထာနိဿိတော။** ။ "အတ္ထူပသဉ္ဟိတ-အနက်နှင့် စပ်ယှဉ်သော တရား" ဟူသည် ပါဠိတော်၏ အနက်ကို ဖွင့်ပြသော အဋ္ဌကထာတည်း၊ ထို့ကြောင့် "အတ္ထူပသဉ္ဟိတောတိ အဋ္ဌကထာနိဿိတော"ဟု ဖွင့်သည်၊ ပါဠိတော်သည် ပဉ္စမသင်္ဂါယနာတင်တုန်းက ပါဠိတော်တည်း၊ ထို့ကြောင့် အဋ္ဌကထာဟူသည်လည်း ပဉ္စမသင်္ဂါယနာတင်တုန်းက မာဂဓဘာသာဖြင့် ပါဠိတော်ကို ဖွင့်ဆိုသော အဋ္ဌကထာတည်းဟု သိသာ၏၊ သို့သော် ယခုအခါ၌ တွေ့မြင်အပ်သော အဋ္ဌကထာ စကားကိုလည်း အဋ္ဌကထာနိဿိတ၌ သွင်းယူရမည်ဟု ဆိုကြ၏။ [အဋ္ဌကထာ နိဿိတောတိ ပုဗ္ဗေ မာဂဓဘာသာယ ဝုတ္တံ ဓမ္မသင်္ဂဟာရုဠှံ အဋ္ဌကထံ သန္ဓာယ ဝဒတိ၊ ဣဒါနိပိ "ယထာပိ ဒီပိကောနာမ, နိလီယိတွာ ဂဏှတေ မိဂေ"တိ ဧဝမာဒိကံ အဋ္ဌကထာဝစနံ ဂဟေတဗ္ဗန္တိ ဝဒန္တိ။]

ထို စကားနှင့် ဆက်သွယ်၍ မှက်သားအပ်သော စကားများသည် အဋ္ဌကထာနိဿိတမည်၏။] ဥဘယေနာပိ-အတ္ထူပသဉှိတ,ဓမ္မူပသဉှိတ ၂ ပါးစုံဖြင့်လည်း၊ ဝိဝဋ္ဋူပနိဿိတမေဝ- ဝဋ်၏ဆန့်ကျင်ဘက်ဖြစ်သော နိဗ္ဗာန်ကိုမှီသောတရားကိုသာ၊ ဝဒတိ- ဆို၏၊ ဝိဝဋ္ဋူပနိဿိတံ– ကို၊ ကိဉ္စာပိ ဝဒတိ- အကယ်၍ကားဆိုပါပေ၏၊ ပန-ထိုသို့ပင် ဆိုပါသော်လည်း၊ တိဿော-ပဌမ, ဒုတိယ, တတိယအားဖြင့် ၃ ပါးကုန်သော၊ သင်္ဂီတိယော-သင်္ဂါယနာတို့သို့၊ အာရုဠှဓမ္မံယေဝ-တင်အပ်သောဓမ္မကိုသာ၊ ပဒသော-အစုအစုအားဖြင့်၊ ဝါစေန္တဿ-ပို့ချသောရဟန်း၏၊ အာပတ္တိ-သည်၊ (ဟောတိ–၏၊) ဝိဝဋ္ဋနိဿိတံပိ-ဝဋ်၏ဆန့်ကျင်ဘက်ဖြစ်သောနိဗ္ဗာန်ကိုမှီပါသော်လည်း၊နာနာဘာသာဝသေန-မာဂဓဘာသာမှ ကွဲပြားသော ဘာသာတို့၏ အစွမ်းဖြင့်၊ ဂါထာသိလောက ဗန္ဓာဒိဟိ - ဖွဲ့စီအပ်သော ဂါထာသိလောက အစရှိသည်တို့ဖြင့်၊ အဘိသင်္ခတေ – ပြုစီရင်အပ်သော တရား၌၊ (ဝါစေန္တဿ- ပို့ချသောရဟန်း၏၊) အနာပတ္တိ (ဟောတိ၊) [နာနာဘာသာဝသေနကို "အမျိုးမျိုးသောဘာသာ၏ အစွမ်းဖြင့်"ဟု ပေးလျှင် မာဂဓဘာသာပါ နာနာဘာသာအရ၌ ပါဝင်နေလိမ့်မည်၊ ထို့ကြောင့် "မာဂဓဘာသာမှ ကွဲပြားသော ဘာသာတို့၏အစွမ်းဖြင့်"ဟုသာပေး။]

တိဿော - ကုန်သော၊ သင်္ဂီတိယော- တို့သို့၊ အနာရုဠှေပိ - မတင်အပ်ပါသော်လည်း၊ ဝါ- မတင်အပ်သည်လည်း ဖြစ်သော၊ ကုလုမ္ဗသုတ္တံ - သုတ်ဂုဏ်း၊ ၊ပေ၊နန္ဒောပနန္ဒံ – နန္ဒောပနန္ဒသုတ်ဂုဏ်း၊ ဣတိ-သို့၊ ဧဝံဒိသေ-ဤကဲ့သို့ ရှုအပ်သော သုတ်၌၊ အာပတ္တိယေဝ - သည်သာ၊ (ဟောတိ၊) အပလာလဒမနမ္ပိ-အပလာလ နဂါးမင်းကို ဆုံးမကြောင်း စကားကိုလည်း၊ ဝုတ္တံ - ( အာပတ်သင့်ခြင်း၏ အကြောင်း ဟု ) ဆိုအပ်ပြီ၊ မဟာပစ္စရိယံ ပန - ၌ကား၊ ပဋိသိဒ္ဓံ- (အာပတ်သင့်ခြင်း၏ အကြောင်းမဟုတ် ဟု ) တားမြစ်အပ်ပြီ၊ ( နောက်၌ "နဣတရံ"ဟု တားမြစ်ထားသည်-ဟူလို။) မေဏ္ဍကမိလိန္ဒပဉှေသု-မေဏ္ဍကပဉှာ, မိလိန္ဒပဉှာတို့၌၊ ထေရဿ- အရှင် နာဂသိန်ထေရ်၏၊ သကပဋိဘာနေ- မိမိ၏ ဉာဏ်အထင် အမြင်ဖြစ်သော တရား စကား၌၊ အနာပတ္တိ(ဟောတိ၊)ရညော-မိလိန္ဒမင်းအား၊ဝါ-ကို၊သညာပနတ္ထံ-နားလည်စေခြင်းအကျိုးငှါ၊အာဟရိတွာ-ပါဠိတော် အဋ္ဌကထာမှ ထုတ်ဆောင်၍၊ ယံ-အကြင်သုတ်ကို၊ ဝုတ္တံ-ဆိုအပ်ပြီ၊ တတ္ထ-ထိုသုတ်၌။ အာပတ္တိ(ဟောတိ)၊ ပန-ဆက်၊ ဝဏ္ဏ၊ပေ၊ပိဋကာနိ-ဘုရားဂုဏ်တော်ကို ပြဆိုရာပိဋက,အင်္ဂုလိမာလ အကြောင်းကို ပြဆိုရာပိဋက,ရဋ္ဌပါလ၏ ကြီးဝါးကြောင်း စကားရပ်, အာဠဝက၏ ကြီးဝါးကြောင်း စကားရပ်, ဂုဠှမဂ္ဂ, ဂုဠှဝေဿန္တရ, ဂုဠှဝိနယ, ဝေဒလ္လပိဋကတ်တို့သည်၊ အဗုဒ္ဓဝစနာနိယေဝ–ဘုရားစကားတော်တို့ မဟုတ်ကုန်သည်သာ၊ ဣတိ-သို့၊ ဝုတ္တံ–ဆိုအပ်ပြီ၊ [ ဘုရားစကားတော် မဟုတ်သော်လည်း မသင်ယူအပ်သော ကျမ်းစာများ

ကား မဟုတ်ကြပါ။]သီလူပဒေသော နာမ—မည်သည်၊ ဓမ္မဒေသနာပတ်နာ-တရား စစ်သူကြီး ဖြစ်သော အရှင်သာရိပုတြာသည်၊ ဝုတ္တော-ဟောအပ်သော တရား တည်း၊ ဣတိ – သို့၊ ဝဒန္တိ၊ တသ္မိံ - ထို သီလူပဒေသ၌၊ အာပတ္တိယေဝ- သည်သာ၊ ( ဟောတိ၊ ) အညာနိပိ- အခြားလည်း ဖြစ်ကုန်သော၊ မဂ္ဂကထာ၊ ပေ၊အသုဘကထာဒီနိ - မဂ္ဂကထာ ကျမ်း , အာရမဏကထာကျမ်း , ဗုဒ္ဓိက , ဒဏ္ဍက, ဉာဏဝတ္ထု, အသုဘကထာကျမ်း အစရှိသည်တို့သည်၊ အတ္ထိ-ရှိကုန် ၏၊ တေသု—ထို ကထာကျမ်းတို့၌၊ သတ္တတ္တိံသ— ၃၇ ပါးသော၊ ဗောဓိပက္ခိယ ဓမ္မာ-တို့ကို၊ ဝိဘတ္တာ—ဝေဘန်အပ်ကုန်ပြီ၊ ခုတင်ပဥ္စ-ခုတင်ပဥ္စကျမ်း၌၊ ပဋိ ပဒါ—အကျင့်ပဋိပတ်ကို၊ ဝိဘတ္တာ- ဝေဘန်အပ်ပြီ၊ တသ္မာ- ကြောင့်၊ တေသု— ထို ကထာကျမ်းတို့၌၊ (ဝါစေန္တဿ—၏၊) အာပတ္တိ—သည်၊ (ဟောတိ၊)ဣတိ- သို့၊ ဝုတ္တံ—ရှေးအဋ္ဌကထာ၌ ဆိုအပ်ပြီ။

ပန- ဆက်၊ မဟာပစ္စရိယာဒီသု - မဟာပစ္စရီ အဋ္ဌကထာ အစရှိသည်တို့၌၊ သင်္ဂီတိံ-သင်္ဂါယနာသို့၊ အနာရုဠ္ဟေသု - မတင်အပ်ကုန်သော၊ ရာဇောဝါဒ၊ပေ၊ သုတ္တေသုယေဝ- ရာဇောဝါဒသုတ်, တိက္ခိန္ဒြိယသုတ်, စတုပရိဝဋ္ဋသုတ်, နန္ဒော ပနန္ဒသုတ်, ကုလုမ္ဗသုတ်တို့၌သာ၊ အာပတ္တိ- သည်၊ (ဟောတိ-၏၊) ဣတိ—သို့၊ ဝတွာ— ဆိုပြီး၍၊ အဝသေသေသု - ကြွင်းသောသုတ်တို့၌၊ ယံ — အကြင် တရား စကားကို၊ ဗုဒ္ဓဝစနတော - ဘုရားဟော စကားတော်မှ၊ အာဟရိတွာ - ထုတ် ဆောင်၍၊ ဝုတ္တံ-ဆိုအပ်ပြီ၊ တဒေဝ-ထို တရားစကားသည်သာ၊ အာပတ္တိဝတ္ထု- အာပတ်သင့်ခြင်း၏ အကြောင်းသည်၊ ဟောတိ- ၏၊ ဣတရံ-အခြားသော တရား စကားသည်၊ (အာပတ္တိဝတ္ထု-သည်၊) န(ဟောတိ)- မဟုတ်၊ ဣတိ-သို့၊ အယံ အတ္ထော-ဤ အနက်အဓိပ္ပါယ်ကို၊ ပရိဂ္ဂဟိတော-ပိုင်းခြား၍ယူအပ်ပြီ၊ [အာပတ် သင့်ခြင်း , မသင့်ခြင်း၏အကြောင်းကို ပိုင်းခြား၍ ယူအပ်ပြီ၊ မည်သည့်သုတ်ကို ပို့ချလျှင် အာပတ်သင့်၏၊ မည်သည့်သုတ်ကိုပို့ချလျှင် အာပတ်မသင့်ဟု ပိုင်းခြား ထားသည်-ဟူလို။]

ကေတော ဥဒ္ဒိသာပေန္တော္တိ (ပဒဿ)- ဟူသောပုဒ်၏၊ အနုပသမ္ပန္နေန- လူသာမဏေနှင့်၊ သဒ္ဓိံ-တကွ၊ ကေတော-တပေါင်းတည်း၊ ဝါ-အတူ၊ ဥဒ္ဒေသံ- သင်ယူအပ်သောပါဠိကို၊ ဘဏန္တော္တပိ-ရွတ်ဆိုသောရဟန်းသည်လည်း၊ [အချို့ စာအုပ်များ၌ ဂဏှန္တော္တပိဟု ရှိ၏၊ "သင်ယူသော ရဟန်းသည်လည်း" ဟု ပေး။] ကေတော - တပြိုင်နက်၊ ဝါ - သံပြိုင်၊ ဝဒတိ — ရွတ်ဆိုအံ့၊ အနာပတ္တိ— အနာပတ်သည်၊ ( ဟောတိ — ၏၊) ဣတိအတ္ထော - နက်။ [ပါဠိတော်၌ ဥဒ္ဒိသာ ပေန္တော၏ စပ်ပုဒ်မရှိသောကြောင့် ဝဒတိဟု ထည့်စပ်ပါ - ဟူလို။ ] တတြ - ထို ကေတော ဥဒ္ဒိသာပေန္တောဟူသော ပါဌ်၌၊ အယံ-ဤ ဆိုအပ်လတ့ံကား၊ ဝိနိစ္ဆ ယော-အဆုံးအဖြတ်တည်း၊ ဥပသမ္ပန္နောစ-ရဟန်းသည်ငှင်း၊ အနုပသမ္ပန္နောစ-

လူသာမဏေသည်ငှင်း၊ နိသိဒိတွာ- ထိုင်၍၊ ဥဒ္ဒိသာပေန္တိ - ပါဠိကို ရွတ်ပြစေကြကုန်၏၊ (ရွတ်ပြပါဘုရားဟု တောင်းပန်ကြကုန်၏၊) အာစရိယော- ဆရာသည်၊ နိသိန္နာနံ- ထိုင်နေကုန်သော တပည့်တို့အား၊ ဘဏာမိ-ရွတ်ပြအံ့၊ ဣတိ-ဤသို့ ကြံ၍၊ တေဟိ - ထို တပည့်တို့နှင့်၊ သဒ္ဓိံ - တကွ၊ ကေတော - တပြိုင်နက်၊ ဝါ-သံပြိုင်၊ ဝဒတိ-ဆိုအံ့၊ အာစရိယဿ-၏၊ အာပတ္တိ- သည်၊ (ဟောတိ၊) အနုပသမ္ပန္နေန- လူသာမဏေနှင့်၊ သဒ္ဓိံ - တကွ၊ ဂဏှန္တဿ- သင်ယူသောရဟန်း၏၊ အနာပတ္တိ - သည်၊ (ဟောတိ၊ ) ဒွေပိ - ရဟန်းနှင့် သာမဏေ ၂ ဦးလုံးတို့သည်လည်း၊ ဌိတာ - ရပ်ကုန်သည်၊ ( ဟုတွာ- ၍၊ ) ဂဏှန္တိ- သင်ယူကုန်အံ့၊ ဝေသေဝနယော- ဤနည်းပင်တည်း၊ ဒဟရဘိက္ခု- ရဟန်းငယ်သည်၊ နိသိန္နော- ထိုင်နေသည်၊ (ဟောတိ- ဖြစ်၍၊)သာမဏေရော—သည်၊ ဌိတော-ရပ်နေသည်၊ (ဟောတိ၊) နိသိန္နဿ - ထိုင်နေသော ရဟန်းငယ်အား၊ ဘဏာမိ - ရွတ်ပြအံ့၊ ဣတိ-ဤသို့ကြံ၍၊ ဘဏတော-သံပြိုင်ရွတ်ပြသောဆရာ၏၊ အနာပတ္တိ(ဟောတိ၊) ဒဟရော- ရဟန်းငယ်သည်၊ သစေ တိဋ္ဌတိ – အကယ်၍ ရပ်နေအံ့၊ ဣတရော - အခြားသော သာမဏေသည်၊ (သစေ) နိသီဒတိ - အကယ်၍ ထိုင်နေအံ့၊ (ဧဝံ သတိ- ဤသို့ ဖြစ်လသော်၊) ဌိတဿ-ရပ်နေသော ရဟန်းငယ်အား၊ ဘဏာမိ-အံ့၊ ဣတိ-ဤသို့ကြံ၍၊ ဘဏတောပိ အနာပတ္တိ ဟောတိ။

ဗဟူနံ - များစွာကုန်သော၊ ဘိက္ခူနံ- တို့၏၊ အန္တရေ- အကြား၌၊ ဧကော သာမဏေရော - သည်၊ နိသိန္နော – ထိုင်နေသည်၊ သစေ ဟောတိ – အံ့၊ (ဧဝံ သတိ၊)တသ္မိံ—ထိုသာမဏေသည်၊ နိသိန္နေ—စဉ်၊ ပဒသော-အစုအစုအားဖြင့်၊ ဓမ္မံ - ပါဠိ အဋ္ဌကထာတရားကို၊ ဝါစေန္တဿ - ပို့ချသော၊ အာစရိယဿ—ဆရာ၏၊ အစိတ္တကာပတ္တိ – အစိတ္တကအာပတ်သည်၊ (ဟောတိ၊ )သာမဏေရော-သည်၊ ဥပစာရံ-၁၂ တောင်ဥပစာကို၊ မုဉ္စိတွာ-လွတ်၍၊ ဌိတော ဝါ-ရပ်နေသည်သော်ငှင်း၊ နိသိန္နော ဝါ-ထိုင်နေသည်သော်ငှင်း၊ သစေဟောတိ- အံ့၊ (ဧဝံ သတိ ) [ ဥပစာရံ မုဉ္စိတွာတိ ပရိသ ပရိယန္တတော ဒွါဒသဟတ္ထံ မုဉ္စိတွာ။] ယေသံ—အကြင်သူတို့အား၊ ဝါစေတိ—ပို့ချ၏၊ တေသု—ထိုသူတို့၌၊(သာမဏေရဿ-၏၊) အပရိယာပန္နတ္တာ - အကျုံးမဝင်သည်၏ အဖြစ်ကြောင့်၊ ဧကေန - တခုသော၊ ဒိသာဘာဂေန-အရပ်အဘို့ဖြင့်၊ ပလာယနကဂန္ထံ နာမ- ထွက်သွားသော ကျမ်းစာမည်သည်ကို၊ ဂဏှာတိ - သင်ယူ၏၊ ဣတိ-သို့၊ သင်္ချံ - ခေါ်ဝေါ် အပ်သည်၏ အဖြစ်သို့၊ ဂစ္ဆတိ- ရောက်၏၊ [ စာလိုက်နေသော ပရိသတ်မှ အပြင် ထွက်သွားသောစာချသံ စာရွတ်သံကို “ ပလာယနကဂန္ထ ” ဟု ခေါ်သည်။ ] တသ္မာ-ကြောင့်၊ အနာပတ္တိ - အနာပတ်သည်၊ (ဟောတိ- ၏၊) ဣတိ- ဤကား အဆုံးအဖြတ်တည်း၊ [ “တတြာယံ ဝိနိစ္ဆယော ”ကို ပြန်လှည့်ဘို့ရာ “ အနာပတ္တိဟောတိ ”ဟု ဣတိသဒ္ဒါပါရမည်၊ မပါလျှင် ထည့်ပါ။]

ကေတော သဇ္ဈာယံ ကရောန္တော်တိ-ကား၊ [အချို့စာအုပ်များ၌ " ကရော န္တောပိ" ဟု ရှိ၏၊ ပါဠိတော် သံဝဏ္ဏနာတဗ္ဗကို ဖွင့်ပြရာဖြစ်သောကြောင့် "ကရော န္တောတိ" ဟု ဣတိသဒ္ဒါဖြင့်ရှိရမည်၊] အနုပသမ္ပန္နေန-နှင့်၊ သဒ္ဓိံ-တကွ၊ ဥပသမ္ပ န္နော-ရဟန်းသည်၊ ကေတော-တပေါင်းတည်း၊ ဝါ-အတူ၊ သဇ္ဈာယံ-သရဇ္ဈာယ ခြင်းကို၊ ဝါ-ရွတ်ပြန်ခြင်းကို၊ ကရောန္တော-ပြုလသော်၊ တေန-ထို လူ သာမဏေ နှင့်၊ သဒ္ဓိံယေဝ-တကွသာလျှင်၊ ဘဏတိ-ရွတ်ဆိုအံ့၊ အနာပတ္တိ၊ အနုပသမ္ပန္န ဿ- လူသာမဏေ၏၊ သန္တိကေ- အထံ၌၊ ဥဒ္ဒေသံ- သင်ယူအပ်သော ပါဠိကို၊ ဂဏှန္တဿပိ-သင်ယူသော ရဟန်း၏လည်း၊ တေန-ထို လူသာမဏေနှင့်၊ သဒ္ဓိံ- တူ၊ ကေတော - နက်၊ ဝါ- သံပြိုင်၊ ဘဏန္တဿ - ရွတ်ဆိုလသော်၊ အနာပတ္တိ၊ ဟိ-မှန်၊ အယမ္ပိ-ဤ လူသာမဏေ၏ အထံ၌ စာတက်သော ရဟန်းသည်လည်း၊ ကေတော သဇ္ဈာယံ ကရောတိစ္စေဝ - ကေတော သဇ္ဈာယံ ကရောတိ ဟူ၍သာ၊ သင်္ချံ ဂစ္ဆတိ။ (ဝါစေတိ-ဟု ခေါ်ဝေါ်အပ်သည်၏အဖြစ်သို့ မရောက်-ဟူလို။)

ယေဘုယျေန၊ပေ၊ ဩပါတေတီတိ-ကား၊ ကေဂါထာယ-ဂါထာတပုဒ်၏၊ ကော-တခုသော၊ပါဒေါ-ပါဒသည်၊ သစေ န အာဂစ္ဆတိ-အကယ်၍ နှုတ်သို့ မလာအံ့၊ (နှုတ်မတက်အံ့၊) သေသံ-ကြွင်းသော ၃ ပါဒသည်၊ (သစေ) အာဂစ္ဆ တိ - အကယ်၍ နှုတ်သို့လာအံ့၊ (ဧဝံသတိ - ဤသို့ ဖြစ်လသော်၊) အယံ- ဤ ကျမ်းစာသည်၊ ယေဘုယျေန ပဂုဏဂန္ထောနာမ - ယေဘုယျေန ပဂုဏဂန္ထ မည်၏။ [၄ ပါဒရှိသော ဂါထာတွင် ၃ ပါဒလောက နှုတ်တက်နေသောကြောင့် များသောအားဖြင့် ကျေညက်ပြီးသော ကျမ်းစာမည်၏၊] ဧတေန နယေန - ဤ နည်းအားဖြင့်၊ သုတ္တေပိ-စုဏ္ဏိယပါဠိ၌လည်း၊ ဝေဒိတဗ္ဗော-သိထိုက်၏၊ [ယေဘု ယျေန ပဂုဏဂန္ထကို သိထိုက်၏-ဟူလို။] တံ-ထို ပဂုဏဂန္ထကို၊ ဩပါတေန္တ ဿ-အပြီးအဆုံးသို့ ရောက်စေသော ရဟန်း၏၊ ဧဝံ-ဤသို့၊ ဘဏာဟိ-ရွတ်ဆို

× × × × × × × ×

**သဒ္ဓိံ ဂဏှန္တဿ။** ။ဥဒ္ဒိသာပေန္တိ၌ "ဥ+ဒိသ+ဏာပေ" ဟု ကာရိတ်ပစ္စည်း ဝင်နေ၏၊ ထို့ကြောင့် စာအုပ်မရှိသေးသော ရှေးခေတ်၌ သာမဏေနှင့်ရဟန်းဟူသော တပည့် ၂ ဦးတို့သည် စာတက်လိုလျှင် ဆရာကို တပည့်များက ရွတ်စေရ , ရွတ်ပြပါ ဘုရားဟု တောင်းပန်ရ၏၊ ထိုအခါ ဆရာက "ဧတေန ခေါ ပန သမယေန ဗုဒ္ဓေါဘဂဝါ သာဝတ္ထိယံ ဝိဟရတိ" စသည်ဖြင့် ရွတ်ပြရ၏၊ ထိုသို့ ရွတ်ပြသောစာကို သာမဏေနှင့် အတူ စာတက်သော ရဟန်းတို့သည် လိုက်၍ ဆိုကြရ၏၊ ထိုသို့ လိုက်၍ ဆိုသဖြင့် သာမဏေနှင့်အတူ သံပြိုင်ရွတ်မိသော်လည်း စာတက်ဘက် ရဟန်းမှာ အာပတ်မသင့်၊ ဘာ့ကြောင့်နည်း—ဝါစေယျအရ ပို့ချခြင်း မဟုတ်သောကြောင့်တည်း။

**ဩပါတေန္တဿ။** ။ဩပါတေန္တဿကို "ဧဝံ ဘဏာဟီတိ ကေတောပိ ဘဏန္တ ဿ" ဟု ဖွင့်သည်၊ ထို အဖွင့်၌ "ဧဝံဘဏာဟိ" ဖြင့် မကြေသေးသော အပိုဒ်ကို ထောက်ပေးကြောင်း သိသာ၏၊ ထို့ကြောင့် မကြေသေးသောအပိုဒ်ကို ထောက်ပေးရင်း

လော့၊ ဣတိ–ဤသို့ပြော၍၊ ကေတောပိ–တပြိုင်နက်လည်း၊ ဘဏန္တဿ-ရွတ်ဆိုလသော်၊ အနာပတ္တိ (ဟောတိ)။

ဩသာရေန္တံ ဩပါတေတိတိ – ကား၊ သုတ္တံ – ပါဠိကို၊ ဥစ္စာရေန္တံ – ရွတ်ဆိုစေစဉ်၊ [ ဩသာရေန္တံ၏ အဖွင့်ဖြစ်သောကြောင့် ဥဿာရေန္တံ ဟု ရှိလျှင်ကောင်းမည်ထင်သည်၊ အခြားနေရာ၌ ပါဠိသက်သက် ရွတ်သူကို ဩသာရကဟု ဆိုသည်၊] ပရိသမဇ္ဈေ- ၌၊ ပရိသက်မာနံ- ရှုံ၍နေသော သာမဏေကို၊ ဧဝံ- သို့၊ ဝဒေဟိ-ဆိုလော၊ ဣတိ-ဤသို့ ပြော၍၊ တေန-ထို သာမဏေနှင့်၊ သဒ္ဓိံ-တကွ၊ ကေတောပိ ဝဒန္တဿ အနာပတ္တိ(ဟောတိ၊)ပန-ဝါဒန္တရကား၊မဟာပစ္စရိယာဒိသု - မဟာပစ္စရီ အစရှိသော အဋ္ဌကထာတို့၌၊ မယာ - ငါနှင့်၊ သဒ္ဓိံ - တကွ၊ မာဝဒ-မဆိုနှင့်၊ ဣတိ-သို့၊ ဝုတ္တော-ပြောအပ်သော သာမဏေသည်၊ ယဒိဝဒတိ-အကယ်၍ အတူရွတ်ဆိုအံ့၊(ဧဝံသတိ-ဤသို့ အတူရွတ်ဆိုလသော်၊)အနာပတ္တိ-သည်၊(ဟောတိ၊) ဣတိ- သို့၊ ယံ- အကြင် စကားကို၊ ဝုတ္တံ- ဆိုအပ်ပြီ၊ တံ-ထိုစကားသည်၊ မဟာအဋ္ဌကထာယံ-၌၊ နတ္ထိ-မရှိ၊ စ-ဆက်၊ အဿ-ထိုစကား၏၊ နတ္ထိဘာဝေါယေဝ-မရှိသည်၏ အဖြစ်သည်သာ၊ ယုတ္တော-သင့်မြတ်၏၊ ကသ္မာ-အဘယ့်ကြောင့်နည်း၊ ( ဣမဿ သိက္ခာပဒဿ - ၏၊ ) ကိရိယ သမုဋ္ဌာနတ္တာ-ကိရိယသမုဋ္ဌာန်၏ အဖြစ်ကြောင့်တည်း၊ ဟိ-လဒ္ဓဒေါသ ထင်ရှားပြအံ့၊ ဣတရထာ-ဤသို့မဟုတ်လျှင်၊ (ဣဒံ သိက္ခာပဒံ-သည်၊) ကိရိယာ ကိရိယံ-ကိရိယာကိရိယသည်၊ သိယာ- ဖြစ်ရာ၏၊ သေသံ- ကြွင်းသော ပုဒ်အပေါင်းသည်၊ ဥတ္တာနတ္ထမေဝ - ပေါ်လွင်ထင်ရှားသော အနက်ရှိသည်သာ၊(ဣဒံ သိက္ခာပဒံ-သည်၊) ပဒသောဓမ္မသမုဋ္ဌာနံ - ပဒသောဓမ္မ သမုဋ္ဌာန်ရှိသော သိက္ခာပုဒ်တည်း၊ [ ဤ သိက္ခာပုဒ်သည် သမုဋ္ဌာနသီသဖြစ်သောကြောင့် “ ဤသိက္ခာပုဒ်သည် ဤသိက္ခာပုဒ်ဟူသော သမုဋ္ဌာန်ရှိ၏ ”ဟု ဆိုသည်၊] ဝါစာတော စ - နှုတ်ကြောင့်ဝင်း၊ပေ၊ တိဝေဒနံ– ရှိ၏၊ ဣတိ- အပြီးတည်း။.... စတုတ္ထံ– ၄ ခုမြောက်သော၊ ပဒသောဓမ္မသိက္ခာပဒံ–တည်း။

× × × × × × ×

သံပြိုင် ရွတ်မိသော်လည်း အာပတ် မသင့်၊ ကေတောပိ ဘဏန္တဿ၌ ပိကား သမ္ဘာဝနာ၊ သံပြိုင်ရွတ်မိသော်မှ အနာပတ် ဖြစ်သေး၏၊ သံပြိုင်မရွတ်သော် အနာပတ်ဟုပင် ဆိုဘွယ်မလို–ဟူလို။

**ကိရိယသမုဋ္ဌာနတ္တာ။** ။“သံပြိုင်မရွတ်ရ”ဟု ပညတ်ထားပါလျက် သာမဏေနှင့် အတူ ရွတ်ရကား “ ငါနှင့် အတူ မဆိုနှင့်” ဟု တားသော်လည်း အတူဆိုမိလျှင် ကိရိယပင်( မပြုထိုက်သော သံပြိုင်ရွတ်မှုကို ပြုခြင်းပင်) ဖြစ်တော့၏၊ “ ထို့ကြောင့် မဟာပစ္စရီစကားမျိုး၏ မဟာအဋ္ဌကထာ၌ မရှိခြင်းသည်သာ သင့်မြတ်၏”ဟူလို။

## သဟသေယျ သိက္ခာပုဒ်

ပဥ္စမသိက္ခာပဒေ-၌၊ မုဋ္ဌဿတိ အသမ္ပဇာနာတိ (တော်) - မုဋ္ဌဿတိ အသမ္ပဇာနာ ဟူသော ဤစကားကို၊ ပုဗ္ဗဘာဂေ- အိပ်မပျော်မီ ရှေ့အဘို့၌၊ သတိသမ္ပဇညဿ - သတိသမ္ပဇညကို၊ အကရဏဝသေန- မပြုခြင်း၏ အစွမ်းဖြင့်၊ ဝုတ္တံ- ဆိုအပ်ပြီ၊ ပန(သစ္စံ)-မှန်၏၊ ဘဝင်္ဂေါတိဏ္ဏကာလေ- ဘဝင်သို့ သက်ရောက်ရာ အခါ၌၊ (ဘဝင်ကျ၍ အိပ်ပျော်ရာ အခါ၌၊) သတိသမ္ပဇညံ-သည်၊ ကုတော- အဘယ်မှာ ရှိအံ့နည်း၊ ဣတိ-ဤသို့ မှတ်အပ်၏၊ [မဟာဝိပါက်စိတ်၌ သာမန် သတိနှင့်ဉာဏ်များကား ရှိကြသည်သာ၊သို့သော် ထိုသတိနှင့် ဉာဏ်တို့က တရား ဆင်ခြင်မှု မပြုနိုင်။]

ဝိက္ကူဇမာနာတိ-ကား၊ ဝိပ္ပလပမာနာ- ယောင်ယမ်း မြည်တန်းကုန်လျက်၊ ကာကစ္ဆမာနာတိ-ကား၊ နာသာယ-နှာခေါင်းမှ၊ (မုဠ္ဌမာနာ-၌စပ်၊) ကာကသဒ္ဒံဝိယ - ကျီး၏ အသံကဲ့သို့သော၊ နိရတ္ထကသဒ္ဒံ - အနက်မရှိသော အသံကို၊ (ဟောက်သံကို ဆိုလိုသည်၊) မုဥ္စမာနာ-လွှတ်ကုန်လျက်၊ (ပါဠိတော် "သေယျံ ကပ္ပေန္တိ"၌စပ်၊) ဥပါသကာတိ-ကား၊ ပဌမတရံ-ရဟန်းငယ်တို့၏ အလျင်၊ ဥဋ္ဌိတဥပါသကာ- အိပ်ရာမှ ထသော ဥပါသကာတို့သည်၊ (ပါဠိတော် "ဥဇ္ဈာ ယန္တိ"စသည်၌ စပ်၊) တေဒဝေါစုံ ဘဂဝတာ၊ပေ၊ပညတ္တန္တိ-ကား၊ [စာအုပ် များ၌ "တေဒဝေါစုန္တိ"ဟု ဣတိသဒ္ဒါ ပါသည်ကား မကောင်း၊ ပါဠိတော်၌ "တေ ဒဝေါစုံ ဘဂဝတာ ၊ပေ၊ ပညတ္တံ"ဟု တဆက်ထည်း ရှိ၏။] ဘိက္ခူ- တို့သည်၊ သိက္ခာပဒဂါရဝေနေဝ - သိက္ခာပုဒ်၌ လေးစားကုန်သည်၏ အဖြစ် ကြောင့်သာလျှင်၊တော်-ဤ(ဘဂဝတာ၊ပေ၊ပညတ္တံစသော)စကားကို၊ အဝေါစုံ- ပြောကြကုန်ပြီ၊ ပန-ဆက်၊ ပကတိယာ- ပင်ကိုယ်အားဖြင့်၊ တေ- ထိုရဟန်း တို့သည်၊ ဘဂဝတိ-မြတ်စွာဘုရား၌၊ ဂါရဝေနစ - ရိုသေလေးစားကုန်သည်၏

×　×　×　×　×　×　×

**မုဋ္ဌဿတိ**။　။မုဋ္ဌာ+သတိ ယေသန္တိ မုဋ္ဌဿတိနော၊ "သမ္ပာ + ပဇာနန္တီတိ သမ္ပဇာနာ၊ န+သမ္ပဇာနာ အသမ္ပဇာနာ"ဟု ပြု၊ ယောဇနာ၌ကား"နတ္ထိ သမ္ပဇာနံ ယေသန္တိ အသမ္ပဇာနာ"ဟု ပြုလေသည်။

**ဝိက္ကူဇမာနာ**။　။ဋီကာ၌ "ဝိက္ကူဇမာနာတိ-နိတ္ထုနန္တာ"ဟု ဖွင့်၏၊ "ညီးတွား ကုန်လျက်" ဟုပေး၊ "ပလာပ-စပါးဖျင်း" ဟူသကဲ့သို့ ဝိရှေး ပရှေးရှိသော ဤ လပ ဓာတ်လည်း အနက်အဓိပ္ပါယ်ကင်းသော စကားဖျင်းအနက်ဟောတည်း၊ "အည်း..., အဲ"စသည်ဖြင့် ညီးတွားသောအခါ အသံထွက်သော်လည်း အနက်အဓိပ္ပါယ်မရှိ။

**ကာကစ္ဆမာနာ**။　။ကာတပုဒ်, ကစ္ဆတပုဒ်ဟု ကြံ၊ ကာ-စက်ဆုပ်ဘွယ်အသံ ကို+ကစ္ဆမာနာ-ပြောဆိုကုန်လျက်၊ "ကထာယ ကစ္ဆမာနာယ"ဟု ဥပရိပဏ္ဏာ-ဗာလ ပဏ္ဍိတသုတ်၌ ရှိ၏၊ ကစ္ဆမာနာယကို "ကထိယမာနာယ"ဟု ဋီကာဖွင့်၏၊ ရှေးက "ကျီးသံကဲ့သို့ အသံပြုကြကုန်သည်"ဟု ပေးသည်မှာ သဒ္ဒတ္ထ မဟုတ်ပါ။

အဖြစ်ကြောင့်ငှင်း၊ [ ဂရုနံ + ဘာဝေါ ဂါရဝံ ဟု ပြု။ ] အာယသ္မတော ရာဟုလဿ - အရှင်ရာဟုလာ၏၊ သိက္ခာကာမတာယစ - သိက္ခာတို့ကို လိုလားသူ၏ အဖြစ်ကြောင့်ငှင်း၊ ဝသနဋ္ဌာနံ-မိမိတို့နေရာ အရပ်သို့၊ အာဂတဿ-ရောက်လာသော၊ တဿအာယသ္မတော-ထို အရှင်ရာဟုလာအား၊ စူဠမဉ္စကံဝါ-ညောင်စောင်းငယ်ကိုသော်ငှင်း၊ အပဿေနံဝါ - တကဲမှီ ပျဉ်ချပ်ကိုသော်ငှင်း၊ (ပညပေတွာ၌စပ်၊) ယံ- အကြင် ခင်းစရာသည်၊ အတ္ထိ- ရှိ၏၊ တံ- ထို ခင်းစရာကို၊ ပညပေတွာ-ခင်းပေးပြီး၍၊ စီဝရံဝါ-သင်္ကန်းကြီးကိုသော်ငှင်း၊ ဥတ္တရာသင်္ဂံဝါ-ကေသီကိုသော်ငှင်း၊ ဥဿီသကရဏတ္ထာယ-ခေါင်းအုံးပြုခြင်းအကျိုးငှါ၊ ဒေန္တိ-ပေးကြကုန်၏။[ဤသို့ သားတော်ဖြစ်သော ရှင်ရာဟုလာကို ဂရုစိုက်ကြခြင်းသည် ခမည်းတော်ဖြစ်သော ဘုရားရှင် အပေါ်၌လည်း ရှိသေရာ ရောက်သောကြောင့် ''ဘဂဝတိစ ဂါရဝေန''ဟု မိန့်ခဲ့သည်။]

တတြ-ထို အာယသ္မတော စ ရာဟုလဿ သိက္ခာကာမတာယဟူသောစကားရပ်၌၊ ဣဒံ- ဤဆိုအပ်လတ္တံ့ကား၊ တဿာယသ္မတော- ထို အရှင်ရာဟုလာ၏၊ သိက္ခာကာမတာယ-သိက္ခာတို့ကို လိုလားသူ၏အဖြစ်၌၊(ဝတ္ထု-ဝတ္ထုတည်း၊) (တနည်း၊) တတြ - ၌၊ ဣဒံ- ဤ ဝတ္ထုကား၊ တဿာယသ္မတော - ၏၊ သိက္ခာကာမတာယ - ၌၊ (နိဒဿနံ - အနည်းငယ်မျှ ညွှန်ပြအပ်သော ဝတ္ထုတည်း၊) [''တတြိဒံဝတ္ထု,နိဒဿနံဝါ''ဟု ဋီကာ၌ဝါထည့်၍ ဖွင့်သောကြောင့် နိဒဿနံ ထည့်၍ နောက်တနည်းပေးရသည်၊ ထိုနိဒဿနံဖြင့် အရှင်ရာဟုလာ၏ သိက္ခာကို လိုလားသူ၏ အဖြစ်၌ ဝတ္ထုပေါင်းများစွာ ရှိသော်လည်း ဤ၌ နိဒဿနနည်းအားဖြင့် တဝတ္ထုကိုသာ ညွှန်ပြခြင်းတည်းဟု သိစေသည်။ ] ဘိက္ခူ - တို့သည်၊ တံ-ထို အရှင်ရာဟုလာကို၊ ဒူရတောဝ-အဝေး၌ပင်၊ အာဂစ္ဆန္တံ-လာနေသည်ကို၊ ဒိသွာ-မြင်ရ၍၊မုဋ္ဌိသမ္မုဉ္ဇနိဉ္စ-လက်ဆုပ်တံမြက်စည်းကိုငှင်း၊ ကစဝရဆဍ္ဍနကဉ္စ-အမှိုက်စွန့်တောင်းကိုငှင်း၊ ဗဟိ-အပြင်ဘက်၌၊ ခိပန္တိ ကိရ-ချထားကြကုန်သတတ်၊ အထ-ထိုအခါ၌၊ အညေဟိ-အခြားသောရဟန်းတို့သည်၊ အာဝုသော-ငါ့ရှင်တို့၊ ကေန- အဘယ်သူသည်၊ ဣဒံ-ဤ လက်ဆုပ်တံမြက်စည်းနှင့် တောင်းကို၊ ပါတိတံ-ကျစေအပ်သနည်း၊ ဝါ- ချထားအပ်သနည်း၊ ဣတိ- သို့၊ ဝုတ္တေ—ပြောဆိုအပ်သော်၊ အညေ-အခြားသော ရဟန်းတို့သည်၊ ဧဝံ-သို့၊ ဝဒန္တိ-ပြောဆိုကြကုန်၏၊ (ကိံ-အဘယ်သို့ ပြောဆိုကြကုန်သနည်း၊) ဘန္တေ-အရှင်ဘုရားတို့၊ ရာဟုလော-ရာဟုလာသည်၊ (ရာဟုလာတော့)၊ ဣမသ္မိံ ပဒေသေ- ဤအရပ်၌၊ သဉ္စရိ-လှည့်လည်ပြီ၊ တေန-ထို ရာဟုလာသည်၊ ပါတိတံနုခေါ-ကျစေအပ်လေသလော၊ ဝါ-ချထားအပ်လေသလော၊ (ချထားထင်ပါ့၊) ဣတိ-ဤသို့ ပြောဆိုကြကုန်၏၊ [ပုစ္ဆာသဘောဖြင့် ပြောသောကြောင့် ရဟန်းတို့မှာ မုသာဝါဒမဖြစ်၊ အချို့ဆရာတို့ကား သံသယအနေဖြင့် ပြောသောကြောင့် မုသာဝါဒ မဖြစ် ဟု

ဆိုကြသည်၊] သော အာယသ္မာပန- ထို အရှင်ရာဟုလာသည်ကား၊ ဘန္တေ-တို့၊ ဇာဒံကမ္မံ-ဤအမှုသည်၊ မယှံ-တပည့်တော်၏၊ န (ကမ္မံ)-အမှုမဟုတ်ပါ၊ ဇာတိ-ဤသို့၊ ကေဒိဝသမ္ပိ-တနေ့၌လည်း၊ (တနေ့မျှလည်း၊) အဝတွာ-မပြောင်းဆိုမူ၍၊ တံ – ထို လက်ဆုပ်တံမြက်စည်းနှင့် အမှိုက်စွန့်တောင်းကို၊ ပဋိသာမေတွာ – သိမ်းဆည်းပြီး၍၊ ဘိက္ခူ - ပြောသော ရဟန်းတို့ကို၊ ခမာပေတွာ- သည်းခံစေ၍၊ ( တောင်းပန်၍၊ ) ဂစ္ဆတိ- သွားသတတ်၊ (ဇာတိ-ဤ ဆိုအပ်ပြီးကား၊ တဿာယသ္မတော-၏၊ သိက္ခာကာမတာယ-၌၊နိဒဿနံ-တည်း၊) [တတြိဒံကို ပြန်လှည့်ဘို့ရာ "ဂစ္ဆတီတိ" ဟု ဇာတိပါရမည်၊ မပါလျှင်ထည့်ပါ။]

ဝစ္စကုဋိယာ သေယျံ ကပ္ပေသီတိ – ကား၊ တံယေဝ သိက္ခာကာမတံ – ထို သိက္ခာတို့ကို လိုလားသူ၏အဖြစ်ကိုပင်၊ အနုဗြူဟန္တော–တိုးပွားစေလျက်၊ ဓမ္မသေနာပတိ ၊ပေ၊ အာနန္ဒတ္ထေရာ ဒီနံ - တရားစစ်သူကြီး ဖြစ်တော်မူသော အရှင်သာရိပုတ္တရာ , အရှင်မဟာမောဂ္ဂလ္လာန် , အရှင် အာနန္ဒာထေရ် အစရှိသော ပုဂ္ဂိုလ်ကြီးတို့၏၊ သန္တိကံ-သို့၊ အဂန္တွာ-မသွားမူ၍၊ ဘဂဝတော-ဘုရားရှင်၏၊ ဝဠဉ္ဇနက ဝစ္စကုဋိယံ- သုံးစွဲတော်မူအပ်သော ဝစ္စကုဋိ၌၊ သေယျံ - အိပ်ခြင်းကို၊ ကပ္ပေသိ– ပြုပြီ၊ သာကုဋိ- ထို ကုဋိသည်၊ ကဝါဋဗဒ္ဓါ- ဖွဲ့တပ်အပ်သော တံခါးရွက်ရှိသည်၊ ဂန္ဓ ပရိဘဏ္ဍကတာ – ပြုအပ်သော နံ့သာတို့ဖြင့် ထက်ဝန်းကျင် ထုံအပ်သောဘဏ္ဍာ ရှိသည်၊ (နံ့သာထုံထားအပ်သော ဘဏ္ဍာရှိသည်- ဟူလို။) သမောသရိတ ပုပ္ဖဒါမာ- အထက်မျက်နှာကျက်မှ ကောင်းစွာ အောက်သို့တွဲလျားကျသော ပန်းဆိုင်းရှိသည်၊ အညေသံ - အခြားသူတို့၏၊ အပရိဘောဂါ - အသုံးအဆောင်မဟုတ်သည်၊ (ဟုတွာ-ဖြစ်၍၊) စေတိယဋ္ဌာန မိဝ-စေတီအရပ်ကဲ့သို့၊ တိဋ္ဌတိကိရ– တည်ရှိသတတ်။ [လေးစားအပ်သောစေတီ အရပ်ကဲ့သို့ မည်သူမျှ မသုံးစွဲဘဲ တည်ရှိသည်-ဟူလို။]

ဥတ္တရိ ဒိရတ္တတိရတ္တန္တိ – ကား၊ ဘဂဝါ - သည်၊ သာမဏေရာနံ – တို့ကို၊ သင်္ဂဟကရဏတ္ထာယ-ချီမြှောက်မှုကို ပြုခြင်းအကျိုးငှါ၊ တိရတ္တံ–၃ ညဥ့်ပတ်လုံး၊ ပရိဟာရံ-အစောင့်အရှောက်ကို၊ အဒါသိ-ပေးတော်မူပြီ၊ ဟိ-မှန်၏၊(တနည်း) ဟိ (ယသ္မာ)-အကြင့်ကြောင့်၊ ကုလဒါရကေ-အမျိုးသားတို့ကို၊ ပဗ္ဗာဇေတွာ-ရှင်ပြုပေးပြီး၍၊ နာနုဂ္ဂဟေတုံ- မချီမြှောက်ခြင်းငှါ၊ (မချီမြှောက်ဘဲ ရှောင်လွှဲခြင်း

× × × × × × ×

**သိက္ခာကာမတံ၊ပေ၊အဂန္တွာ။** ။"လူသာမဏေနှင့် အတူမအိပ်ရ" ဟူသော ပညတ်တော် သိက္ခာပုဒ်ကို လေးလေးစားစား ကူညီအားပေးသော အားဖြင့် ရဟန်းတော်တို့နှင့် အတူမအိပ်ဘဲ ဝစ္စကုဋိ၌ အိပ်ခြင်းကိုပင် "တံယေဝ သိက္ခာကာမတံ အနုဗြူဟန္တော" ဟု ဆိုသည်၊ အဂန္တွာကား အခြား ရဟန်းတော်များမှာ အတူအိပ်မှု မအပ်လျှင် အရှင်သာရိပုတ္တရာစသော ထေရ်ကြီးများလည်း အပ်မည်မဟုတ်ဟု သိ၍ ထို ထေရ်ကြီးများထံ မသွားခြင်းတည်း။

၄ါ)၊ နယုတ္တံ- မသင့်၊ ဣတိ- ထို့ကြောင့်၊ (တိရတ္တံ ပရိဟာရံ အဒါသိ၊) သဟ သေယျန္တိ – ကား၊ ဧကတော- တပေါင်းတည်း၊ သေယျံ- အိပ်ခြင်းကို၊ (ကပ္ပေယျ- ၌စပ်၊ ) ကာယပ္ပသာရဏာ သင်္ခါတံ – ကိုယ်ကို ဆန့်တန်းခြင်းဟု ဆိုအပ်သော၊ သယနမ္ပိ-အိပ်ခြင်းကိုလည်း၊ သေယျာတိ- ဟူ၍၊ ဝုစ္စတိ၊ ယသ္မိံ သေနာသနေ-အကြင် ကျောင်းအိပ်ရာနေရာ၌၊ သယန္တိ-အိပ်ကုန်၏၊ တမ္ပိ-ထို ကျောင်းအိပ်ရာနေရာ ကိုလည်း၊ (သေယျာတိ ဝုစ္စတိ၊) တတ္ထ - ထို သေယျာတို့တွင်၊ တာဝ-ကာယပ္ပသာရဏသေယျာမှ ရှေးဦးစွာ၊ ( နိဒ္ဒိဋ္ဌံ- ညွှန်ပြအပ်သော၊ ) သေနာသနံ-ကျောင်း အိပ်ရာနေရာဟူသော သေယျာကို၊ ဒသေတုံ-၄ါ၊ သေယျာ နာမ သဗ္ဗစ္ဆန္နာတိ အာဒိ – အစရှိသော စကားရပ်ကို၊ ( ဘဂဝတာ ) ဝုတ္တံ၊ ကာယပ္ပသာရဏံ-ကိုယ်ကို ဆန့်တန်းခြင်းဟူသော သေယျာကို၊ ဒသေတုံ-၄ါ၊ အနုပသမ္ပန္နေ၊ပေ၊နိပဇ္ဇတီတိ အာဒိ - အစရှိသော စကားရပ်ကို၊ (ဘဂဝတာ) ဝုတ္တံ၊ တသ္မာ – ကြောင့်၊ ( သေယျာ ၂ မျိုးလုံးကို သိမ်းယူအပ်သည်၏ အဖြစ် ကြောင့်၊) အယံ-ဤ ဆိုအပ်လတ့်ကား၊ ဧတ္ထ-ဤ သဟသေယျံဟူသော ပါဌ်၌၊ အတ္ထော-အနက်တည်း၊ သေနာသန သင်္ခါတံ - ကျောင်း အိပ်ရာနေရာဟု ဆိုအပ် သော၊ သေယျံ - သေယျာသို့၊ ပဝိသိတွာ - ဝင်၍၊ ကာယပ္ပသာရဏ သင်္ခါတံ– သော၊ သေယျံ-အိပ်ခြင်းကို၊ ကပ္ပေယျ,ဝိဒဟေယျ-ပြုအံ့၊ သမ္ပာဒေယျ-ဖြစ်စေအံ့၊ ဣတိ - ကား၊ အတ္ထော – နက်။ [ ဤအဖွင့်များ၏ အဓိပ္ပါယ်ကို ကင်္ခါ ဘာသာ ဋီကာ၌ ပြထားပြီ။]

ပန – ဆက်၊ သဗ္ဗစ္ဆန္နာတိ အာဒိနာ - အစရှိသော ပါဠိရပ်ဖြင့်၊ သေနာသန သင်္ခါတာယ-ဟု ဆိုအပ်သော၊ တဿာသေယျာယ-၏၊ လက္ခဏံ-လက္ခဏာကို၊ ဝုတ္တံ – မိန့်တော်မူအပ်ပြီ၊ တသ္မာ – ကြောင့်၊ ( ထိုသို့ သေယျာ၏လက္ခဏာကို မိန့်တော်မူအပ်သည်၏ အဖြစ်ကြောင့်၊) ယံ သေနာသနံ- ကို၊ ဥပရိ- အထက်၌၊ ပဉ္စဟိ–(အုဋ္ဌ်, ကျောက်, သစ်ရွက်, အင်္ဂတေ, မြက်ဟူသော)ငါးမျိုးကုန်သော၊ ဆဒနေဟိ-အမိုးတို့ဖြင့် သော်၎င်း၊ အညေန-အခြားသော၊ ကေနစိဝါ-တစုံတခု သော အမိုးဖြင့်သော်၎င်း၊ (ပျဉ်ချပ်မိုး,ဝါးကပ်မိုး စသည်ဖြင့်၎င်း)၊ သဗ္ဗမေဝ- အလုံးစုံ အကုန်အစင်သာလျှင်၊ ( မိုးသင့်ရာ အားလုံးကိုသာလျှင် ) ပဋိစ္ဆန္နံ – ဖုံးလွှမ်းအပ်ပြီ၊ ဝါ- မိုးအပ်ပြီ၊ အယံ- ဤကျောင်းသည်၊ သဗ္ဗစ္ဆန္နာ- သဗ္ဗစ္ဆန္နာ မည်သော၊ သေယျာနာမ–မည်၏၊ ["သဗ္ဗမေဝ + ဆန္နာ သဗ္ဗစ္ဆန္နာ"ဟု ပြု။] ပန–ဆက်၊ အဋ္ဌကထာသု-ရှေးအဋ္ဌကထာတို့၌၊ ပါကဋဝေါဟာရံ - ထင်ရှား

× × × × × × ×

**ပရိဟာရံ အဒါသိ။** ။ပရိဟရတိ ဓေတနာတိ ပရိဟာရော၊ ဓေတန – ၌ ခွင့်ပြုခြင်းဖြင့်၊ ပရိဟရတိ–၃ ညဉ့်ပတ်လုံး အိပ်ခြင်းကြောင့် သင့်ရောက်အပ်သောအာပတ်ကို ရှောင်လွှဲနိုင်၏၊ ဣတိ–ကြောင့်၊ ပရိဟာရော–မည်၏၊ "ပရိဟာရံ–အပြစ်ကို ရှောင်လွှဲကြောင်းဖြစ်သော ခွင့်ပြုချက်ကို"ဟု သဒ္ဒတ္ထပေး။

သော အခေါ်အဝေါ်ကို၊ ဂဟေတွာ - ယူ၍၊ ဝါစုဂ္ဂတဝသေန - နှုတ်တက်သောစကား၏ အစွမ်းဖြင့်၊ သဗ္ဗစ္ဆန္ဒာနာမ၊ပေ၊ဆန္ဒာတိ- ဟူ၍၊ ဝုတ္တံ-ပြီ၊ [ရှေးအဋ္ဌကထာတို့၌ သဗ္ဗစ္ဆန္ဒအရ အမိုး ၅ မျိုးသာ ဆိုထား၏၊ ထိုသို့ ဆိုခြင်းသည် ထိုအခါက ပြောရိုးဆိုစဉ် ဖြစ်၍ နှုတ်တက်သောစကား၏ အစွမ်းဖြင့် ဆိုခြင်းသာဖြစ်သည်၊ ပျဉ်ချပ်မိုးစသော အမိုးကိုလည်း ယူနိုင်ပါ၏— ဟူလို။] ကိဥ္စာပိဝုတ္တံ-(သဗ္ဗစ္ဆန္ဒာနာမ၊ပေ၊ဆန္ဒာဟူ၍) အကယ်၍ကား ဆိုအပ်ပါပေ၏၊ အထခေါ်-ထိုသို့ပင်ဆိုအပ်ပါသော်လည်း၊ ဒုဿကုဋိယံ-ဒုဿကုဋိ၌၊(အဝတ်ဖြင့် မိုးအပ်ကာအပ်သော ကျောင်းငယ်၌၊ ) သယန္တဿာပိ - အိပ်သော ရဟန်း၏လည်း၊ အနာပတ္တိ-အာပတ်မသင့်ခြင်းသည်၊ ဝါ-ကို၊ကာတုံ-ပြုခြင်းငှါ၊ နသက္ကာ-မတတ်နိုင်၊(ဒုဿကုဋိက မဟာတ်နိုင်-ဟူလို၊)တသ္မာ—ကြောင့်၊ (ဒုဿကုဋိ၌အိပ်သောရဟန်း၏သော်မှလည်း အာပတ်မသင့်အောင် ဒုဿကုဋိက မတတ်နိုင်သည်၏အဖြစ်ကြောင့်၊)ယံကိဉ္စိ—အမှတ်မရှိ အလုံးစုံသော၊ ပဋိစ္ဆာဒနသမတ္ထံ-ဖုံးလွှမ်းခြင်း၌ စွမ်းနိုင်သော၊ ဆဒနဥ္စ- အမိုးကိုဂုင်း၊ ပရိစ္ဆိန္နဥ္စ-အကာကိုဂုင်း၊ ဣဓ-ဤသိက္ခာပုဒ်၌၊ ဝေဒိတဗ္ဗံ- သိထိုက်၏၊ ဟိ - မှန်၏၊ ပဥ္စဝိဓစ္ဆဒနေယေဝ - ၅ ပါးအပြားရှိသော အမိုးကိုသာလျှင်၊ ဂယှမာနေ - ယူအပ်သော်၊(ရှေး အဋ္ဌကထာတို့အဆိုအတိုင်း ၅ မျိုးသောအမိုးကိုသာ ယူအပ်သော်၊)ပဒရစ္ဆန္နေပိ— ပျဉ်ချပ်ဖြင့်မိုးအပ်သော ကျောင်း၌လည်း၊ (သယန္တဿ –အိပ်သောရဟန်း၏၊) သဟသေယျာ-သည်၊ န ဘဝေယျ-မဖြစ်ရာ၊ [သဟသေယျာကား ဖြစ်၏၊ ထို့ကြောင့် ရှေး အဋ္ဌကထာတို့၌ ဆိုအပ်သောအမိုး ၅ မျိုးကိုသာ မမှတ်သင့်-ဟူလို၊] ပန-ကား၊ (သဗ္ဗစ္ဆန္နမှတပါး သဗ္ဗ ပရိစ္ဆိန္နကား)၊ ယံ သေနာသနံ-ကို၊ ဘူမိတော-တည်ရာကျမ်းပြင်မှ၊ ပဋ္ဌာယ-စ၍၊ ယာဝဆဒနံ — အမိုးတိုင်အောင်၊ အာဟစ္စ -ထိခိုက်၍၊ ပါကာရေနဝါ-တံတိုင်းဖြင့်သော်ဂုင်း၊ အညေန—အခြားသော၊ ကေနစိဝါ — တစုံတခုသော အကာဖြင့် သော်ဂုင်း၊ အန္တမသော - အောက်ထစ်ဆုံးအားဖြင့်၊ ဝတ္ထေနပိ-အဝတ်ဖြင့်သော်လည်း၊ ပရိက္ခိတ္တံ- ကာရံအပ်ပြီ၊ အယံ-ဤကျောင်းသည်၊ သဗ္ဗပရိစ္ဆိန္နာနာမ - မည်သော၊ သေယျာ - မည်၏၊ ဆဒနံ—ကို၊ အနာဟစ္စ-မထိခိုက်မူ၍၊ သဗ္ဗန္တိမေန-အလုံးစုံသောအပိုင်းအခြားတို့၏အဆုံး၌ဖြစ်သော၊ ပရိယာယေန—လှည့်လည် ကာရံအပ်သော၊ ဒိယဍ္ဎ ဟတ္ထုဗ္ဗေဓေန-

× × × × × × ×

**ဘူမိတော ပဋ္ဌာယ။** ။"ဘူမိတော ပဋ္ဌာယ ယာဝဆဒနံ" ဟု ဆိုသောကြောင့် အပေါ်က ချထားအပ်သော ကဲလား စသည်များကို အကာမမြောက်ဟု ဆိုကြ၏၊ ထိုအဆိုသည် မသင့်၊ ဘာ့ကြောင့်နည်း၊ ကျမ်းပြင်မှစ၍ အမိုးအထိ, အမိုးမှစ၍ ကြမ်းပြင်အထိ ကာရံခြင်း စသည်များသည် လိုရင်းမဟုတ်၊ ဘယ်နည်းဖြင့် ကာကာ, သဗ္ဗ ပရိစ္ဆိန္န ဖြစ်မှုကိုသာ လိုရင်းဖြစ်သောကြောင့်တည်း။

အခွဲအားဖြင့် ၂ တောင် အစောက်ရှိသော၊ ( တတောင်ထွာ အစောက်ရှိသော၊ ) ပါကာရာဒိနာ – တံတိုင်း အစရှိသည်ဖြင့်၊ ပရိက္ခိတ္တာပိ – ကာရံ အပ်သော သေယျာသည်သည်း၊ သဗ္ဗပရိစ္ဆိန္နာယေဝ - သဗ္ဗပရိစ္ဆိန္နာပင်တည်း၊ ဣတိ-သို့၊ ကုရုန္ဒဋ္ဌကထာယံ- ၌၊ ဝုတ္တံ။

ပန- ကား၊ ( သဗ္ဗစ္ဆန္နသဗ္ဗပရိစ္ဆိန္နမှတပါး ယေဘုယျေနစ္ဆန္န ယေဘုယျေန ပရိစ္ဆိန္နကား၊ ) ယဿာ - အကြင် ကျောင်း အိပ်ရာနေရာ၏၊ ဥပရိ - အထက်၌၊ ဗဟုတရံ- များစွာသော၊ ဌာနံ- အရပ်ကို၊ ဆန္နံ- ဖုံးလွှမ်းအပ်ပြီ၊ ( မိုးအပ်ပြီ၊ ) အပ္ပံ-အနည်းငယ်သော၊ (ဌာနံ- ကို၊) အစ္ဆန္နံ- မဖုံးလွှမ်းအပ်၊ ( မမိုးအပ်၊ ) သမန္တတော ဝါ - ပတ်ဝန်းကျင်၌မူလည်း၊ ဗဟုတရံ - များစွာသော အရပ်ကို၊ ပရိက္ခိတ္တံ – ကာရံအပ်ပြီ၊ အပ္ပံ – အနည်းငယ်သော အရပ်ကို၊ အပရိက္ခိတ္တံ– မကာရံအပ်၊ အယံ - ဤ ကျောင်းအိပ်ရာနေရာသည်၊ ယေဘုယျေန ၊ ပေ ၊ ပရိစ္ဆိန္နာနာမ-မည်၏၊ ဟိ-မှန်၊ ဣမိနာလက္ခဏေန - နှင့်၊ သမန္နာဂတော-ပြည့်စုံသော ကျောင်းသည်၊ ("ကူပစာရောဟောတိ " ၌စပ်၊ ) သတ္တဘူမကော- ဘုံခုနစ်ဆင့်ရှိသော၊ ပါသာဒေါ-သည်၊ သစေပိဟောတိ-အကယ်၍မူလည်း ဖြစ်စေဦးတော့၊ (ဧဝံသတိပိ- သော်လည်း၊) ကူပစာရော - တူသော ဥပစာရှိသည်၊ ဟောတိ - ဖြစ်၏၊ သတဂဗ္ဘံ-အခန်းတရာရှိသော၊ စတုဿာလံဝါ- လေးဘက်

× × × × × × ×

**ဆဒနံ အနာဟစ္စ ၊ပေ၊ ဝုတ္တံ ။** ။ ဤ ကုရုန္ဒီ အဋ္ဌကထာအလို အမိုးထိအောင် မကာရံအပ်စေကာမူ သဟသေယျအဖြစ်မှ မလွတ်ဟု သိသာ၏၊ ဤ ကုရုန္ဒီဝါဒကိုပင် အဋ္ဌကထာ၌ နောက်ထား၍ ပြသဖြင့် လိုရင်းပမာဏဖြစ်သည်ဟု မှတ်၊ ပါကာရာဒိနာ၌ အာဒိဖြင့် နံရံ တံခါးရွက် စသည်ကိုယူ။ [ပဋိစ္ဆန္နံနာမ အာသနံ ကုဋ္ဋေနဝါ ကဝါဋေန ဝါကိလဉ္ဇေနဝါ သာဏိပါကာရေနဝါ ရုက္ခေနဝါ ထမ္ဘေနဝါ ကောတ္ထဠိယာဝါ ယေန ကေနစိ ပဋိစ္ဆန္နံ ဟောတိ၊ (ပဌမ အနိယတပါဠိတော်။) ]

**သဗ္ဗ ပရိစ္ဆိန္နာယေဝ။** ။စာအုပ်များ၌ ပရိစ္ဆန္နာဟု ဆဒဓာတ်ဖြင့် ရှိ၏၊ ထို ဆဒဓာတ်သည် အမိုး အကာဟူသော အနက်ကို ဟော၏၊ သို့သော် ဤ သဟသေယျ အခဏ်း၌ ပိုဘက် အခမ်းနှင့် သည်ဘက် အခမ်း ပိုင်းခြားကြောင်းဖြစ်သော အကာ လည်း ပါဝင်ရကား ပရိစ္ဆိန္နဟု ဆိဒဓာတ်ဖြင့် ရှိသင့်မည်–ထင်သည်၊ ပရိ–အခမ်း၏ ပတ်ဝန်းကျင်၌+ဆိန္န–ပိုင်းခြားကြောင်းဖြစ်သော အကာ၊ ပဋိစ္ဆန္နေ အာသနေ စသည် တို့၌ကား ပတိ ဥပသာရအစွမ်းကြောင့် "ဆန္န"ဟု ရှိရသည်။

**ကူပစာရော ။** ။ ဧကော ဥပစာရော ယဿပါသာဒဿာတိ ကူပစာရော– တခုတည်းသောဥပစာရှိသောပြာသာဒ်၊ကူပစာရော ဟောတိနောက်၌"သတဂဗ္ဘံဝါ စတုဿာလံဝါ"ဟု ဝါ ၂ ခုရှိသည်ကား မကောင်း၊ ကင်္ခါ၌"သတဂဗ္ဘံဝါ စတုဿာလံ"ဟု ရှိ၏၊ ကူပစာရောဟောတိကိုပင် လှည့်စပ်ရမည်ဖြစ်၍ စတုဿာလံ နောက်၌ ပါသော "ဧကသေယျာ ဇာဒွေဝ သင်္ချံဂစ္ဆတိ"လည်း အပိုဖြစ်ဟန်တူ၏။ [ဤဝါကျမျိုး ကင်္ခါ၌လည်းပါသည်။]

ပက်လည် တန်းလျားရှည် ကျောင်းသည်မူလည်း၊ (သစေပိဟောဘိ–ဉုးတော့၊ ဇဝံသတိပိ-သော်လည်း၊ ကောပစာရော ဟောတိ၊)[စာအုပ်များ၌ ''ကေသေယျာ ဇူရွေဝသချံ ဂစ္ဆတိ - တမိုးတရံထည်းသော ကျောင်း အိပ်ရာနေရာ ဟူ၍သာ ခေါ်ဝေါ်အပ်သည်၏ အဖြစ်သို့ ရောက်၏ ''ဟု ရှိ၏၊] တံ– ထို ကျောင်းအိပ်ရာနေရာကို၊ သန္ထာယ-ရည်ရွယ်တော်မူ၍၊ စတုတ္ထေ၊ပေ၊ ပါစိတ္တိယဿာတိ အာဒိ-အစရှိသော စကားကို၊ (ဘဂဝတာ)ဝုတ္တံ-ပြီ။

စ- ဆက်၊ တတ္ထ- ထို စတုတ္ထဒိဝသေ အစရှိသော ပါဠိရပ်၌၊ နိပဇ္ဇနမတ္တေ နေဝ– လျောင်းရုံမျှကြောင့်ပင်၊ ပါစိတ္တိယံ ဟောတိ၊ ပန – ဆက်၊ သမ္ဗဟုလာ– များစွာကုန်သော၊ သာမဏေရာ-တို့သည်ဖင်း၊ ဧကော-သော၊ ဘိက္ခု-သည်ဖင်း၊ သစေ (ဟောန္တိ-ကုန်အံ့၊ ဝံသတိ-သော်၊) သာမဏေရဂဏနာယ-သာမဏေ တို့၏ အရေအတွက်အားဖြင့်၊ ပါစိတ္တိယာ ( ဟောန္တိ၊ ) တေ - ထို သာမဏေ တို့သည်၊ ဥဋ္ဌာယုဋ္ဌာယ - ထ၍ထ၍၊ စေ နိပဇ္ဇန္တိ –အကယ်၍ ပြန်အိပ်ကုန်အံ့၊ (ဝံသတိ - ဤသို့ အိပ်ကုန်လသော်၊) တေသံ-ထို သာမဏေတို့၏၊ ပယောဂေ ပယောဂေ-၌၊ ဘိက္ခုဿ-၏၊ အာပတ္တိ (ဟောတိ၊) ဘိက္ခုဿ–၏၊ ဥဋ္ဌာယုဋ္ဌာယ–၍၊ နိပဇ္ဇနေပန-အိပ်ခြင်း၌ကား၊ ဘိက္ခုဿေဝ-၏သာလျှင်၊ ပယောဂေန– ကြောင့်၊ ဘိက္ခုဿ-၏၊ အာပတ္တိ (ဟောတိ၊) ပန-ဆက်၊ သမ္ဗဟုလာ-န်သော၊ ဘိက္ခူ-တို့သည်ဖင်း၊ ဧကော-သော၊ သာမဏေရော-သည်ဖင်း၊ သစေဟောန္တိ– ကုန်အံ့၊ (ဝံဟောန္တေသု - ဤသို့ ဖြစ်ကုန်လသော်၊) သဗ္ဗေသံ - အလုံးစုံသော ရဟန်းတို့၏၊ အာပတ္တိံ - ကို၊ ကရောတိ - သာမဏေက ပြုနိုင်၏၊ တဿ - ထို သာမဏေ၏၊ ဥဋ္ဌာယုဋ္ဌာယ- ၍၊ နိပဇ္ဇနေနပိ- ကြောင့်လည်း၊ ဘိက္ခူနံ- တို့၏၊ အာပတ္တိယေဝ- ပင်တည်း၊ ဉဘယေသံ- ရဟန်းသာမဏေ ၂ ဉုးလုံးတို့၏၊ သမ္ဗဟုလဘာဝေပိ-များကုန်သည်၏ အဖြစ်၌လည်း၊ ဧသေဝနယော။

× × × × × × ×

**ကောပစာရဖြစ်ပုံ ။** ။ တခုသောလမ်းဖြင့်ဝင်၍ ( အမိုးမရှိသော ) လွင်ပြင်သို့ မသက်ရောက်ဘဲ အလုံးစုံသော အခန်းတို့၌ လှည့်လည်ခြင်းငှါ လျောက်ပတ်သော ကျောင်းသည် ကောပစာရမည်၏၊ အခန်းတိုင်းမှာ တံခါးအများတပ်ထားသော်လည်း ကောပစာရ ပင်တည်း၊ ထို သတ္တဂဗ္ဘကျောင်းမျိုး၌ အခန်းတို့ကို နံရံတို့ဖြင့် ကန့်လျက် ကိုယ့်တံခါးနှင့် ကိုယ် တပ်ထားလျှင် နာနူပစာရကည်း၊ နံရံတို့ဖြင့် ကန့်ရုံသာ ကန့်၍ တံခါးသီးခြားမတပ်လျှင်ကား တံခါးတပေါက်ထည်းဖြင့် အခန်းအားလုံးသို့ သွားနိုင်သောကြောင့် ကောပစာရပင်။ [ ကောပစာရော ဧကေန မဂ္ဂေန ပဝိသိတွာ အဗ္ဘောကာသံ အနောတ္ထရိတွာ သဗ္ဗတ္ထ အနုပရိဂမနယောဂ္ဂေါ၊တော်(စတုဿာလံ) ဗဟုဒွါရံပိ ကောပစာရမေဝ၊ ယတ္ထ ပန ကုဋ္ဋာဒီဟိ ရုန္ဓိတွာ ဝိသုံ ဒွါရံ ယောဇေန္တိ၊ နာနူပစာရော ဟောတိ၊ သစေ ပန ရုန္ဓတိဝေ၊ ဝိသုံ ဒွါရံ န ယောဇေန္တိ၊ တော်ပိ ကောပစာရမေဝ။– ဝိမတိ။]

အပိစ - စိုးစဉ်းအနည်းငယ် ဆိုဘွယ် အထူးကား၊ တွေ – ဤသိက္ခာပုဒ်၌၊ ကောဝါသာဒိကမ္ပိ-ကောဝါသ အစရှိသည်လည်း ဖြစ်သော၊ စတုက္ကံ-ကို၊ ဝေဒိတဗ္ဗံ-၏၊[အာဒိဖြင့် နာနာဝါသ,ကေ အနုပသမ္ပန္န, နာနာအနုပသမ္ပန္နတို့ကိုယူ။] ဟိ-ချဲ့၊ ယော-အကြင် ရဟန်းသည်၊ ကေသွံ-တခုသော၊ အာဝါသေ-ကျောင်း၌၊ ဧကေနေဝ–တပါးသာ လျှင် ဖြစ်သော၊ အနုပသမ္ပန္နေန-သာမဏေနှင့်၊ သဒ္ဓိံ–တကွ၊ တိရတ္တံ- ၃ ညဉ့်ပတ်လုံး၊ သဟသေယျံ- ကို၊ ကပ္ပေတိ– ပြု၏၊ တဿ-ထို ရဟန်း၏၊ စတုတ္ထဒိဝသတော-၄ ရက်မြောက်နေ့မှ၊ ပဋ္ဌာယ-စ၍၊ဒေဝသိကာ- နေ့တိုင်း နေ့တိုင်း၌ဖြစ်သော၊ အာပတ္တိ (ဟောတိ၊) [ဒိဝသေ ဒိဝသေ+ပဝတ္တာ ဒေဝသိကာ ဟုပြု၊] ယောပိ - အကြင် ရဟန်းသည်လည်း၊ ဧကသ္မိံ ယေဝ- တခု တည်းပင်လျှင်ဖြစ်သော၊ အာဝါသေ-၌။ [ကောဝါသချင်း တူသောကြောင့် သန္နိဋ္ဌာနာဝဓာရဏ ဝေဖြင့်ဆိုသည်။ ] နာနာအနုပသမ္ပန္နေဟိ – အမျိုးမျိုးသော လူသာမဏေတို့နှင့်၊ သဒ္ဓိံ- တကွ၊ တိရတ္တံ သဟသေယျံ ကပ္ပေတိ၊ တဿပိ- ထို ရဟန်း၏လည်း၊ (စတုတ္ထ ဒိဝသတော ပဋ္ဌာယ ဒေဝသိကာ အာပတ္တိ။) [ ပဌမ ညဉ့် ဗုဒ္ဓရက္ခိတနှင့် , ဒုတိယညဉ့် ဓမ္မရက္ခိတနှင့် , စသည် သာမဏေ အပြောင်းအလွဲဖြင့် အိပ်ခြင်းကို "နာနာအနုပသမ္ပန္နေဟိ" ဟု ဆိုသည်။] ယောပိ- အကြင် ရဟန်းသည်လည်း၊ နာနာ အာဝါသေသု-အမျိုးမျိုးသော ကျောင်းတို့၌၊ [ပဌမ ညဉ့် တောင်ကျောင်း, ဒုတိယညဉ့် မြောက်ကျောင်း စသည်၌၊ ဧကေနေဝ ၊ ပေ၊ သဟသေယျံ ကပ္ပေတိ၊ တဿပိ - ထို ရဟန်း၏လည်း၊ ( စတုတ္ထ ဒိဝသတော ပဋ္ဌာယ ဒေဝသိတာ အာပတ္တိ။ ] ယောပိ - သည်လည်း ၊ပေ၊ ယောဇနသတမ္ပိ- ယူဇနာတရာရှိသော အရပ်သို့လည်း၊ ဂန္တွာ-၍၊ [ နာနာအာဝါသ ဖြစ်ကြောင်း ထင်ရှားအောင် ယောဇနသတမ္ပိ ဟု ဆိုသည်။] ၊ ပေ ၊ အာပတ္တိ ဟောတိ။

စ-ဆက်၊ အယံ သဟသေယျာပတ္တိနာမ-မည်သည်၊ ဘိက္ခုံ ၊ပေ၊ နာမာတိ- ဟူ၍၊ ဝစနတော- ပါဠိတော်၌ ဟောတော်မူခြင်းကြောင့်၊ တိရစ္ဆာနဂတေနပိ– နှင့်လည်း၊ သဒ္ဓိံ-ကွ၊ ဟောတိ-ဖြစ်နိုင်၏၊ တတြ-ထို တိရစ္ဆာနဂတေနပိ သဒ္ဓိံ ဟူသောစကားရပ်၌၊ တိရစ္ဆာနဂတဿ - ၏၊ ပရိစ္ဆေဒေါ - အပိုင်းအခြားကို၊ မေထုနဓမ္မာပတ္တိယံ- မေထုနဓမ္မအာပတ်၌၊ ဝုတ္တနယေနေဝ- ဖြင့်သာလျှင်၊ ဝေဒိတဗ္ဗော၊ [ ထို မေထုနဓမ္မအာပတ်၌ " အပဒါနံ အဟိမစ္ဆာ " စသည်ဖြင့် ဆိုခဲ့သည်။] တသ္မာ-ကြောင့်၊ ဂေါဓာဗိဠာလ မင်္ဂုသာဒီသု- ဖွတ်, ကြောင်, မြွေပါအစ ရှိသည်တို့တွင်၊ ကောစိ - တကောင်ကောင်သော တိရစ္ဆာန်သည်၊ ပဝိသိတွာ- ဝင်၍၊ ဘိက္ခုနော-၏၊ ဝသနသေနာသနေ-နေရာကျောင်း၌၊ ဧကူပစာရ ဋ္ဌာနေ- တူသော ဥပစာရှိသော အရပ်၌၊ သစေပိ သယတိ- အကယ်၍မူလည်း အိပ်အံ့၊ (ဝံသတိ - ဤသို့ အိပ်လသော်၊) သဟသေယျာဝ- သည်ပင်၊ ဟောတိ၊ [သဟသေယျအာပတ်သင့်၏--ဟူလို။]

ပန-ဆက်၊ ထမ္ဘာနံ-တိုင်တို့၏၊ ဥပရိ-အထက်၌၊ ကတပါသာဒသ-ပြုအပ်သော ပြာသာဒ်၏၊ ( သာမညသမ္ဗန်၊ ) ဥပရိမတလေန — အထက်အပြင်နှင့်၊ (အထက်ထပ်နှင့်၊)သဒ္ဓိံ-ကွ၊အသမ္ဗဒ္ဓ ဘိတ္တိကဿ-မဆက်စပ်သော နံရံရှိသော ပြာသာဒ်၏၊ ( ဝိသေသသမ္ဗန်၊ ) [ ထုတ်၏ထိပ်မှ အပေါက်ပေါ်နေရမည် ဖြစ်၍ အသမ္ဗဒ္ဓဘိတ္တိကဿဟု ဆိုသည်။]ဘိတ္တိယာ-အောက်ထပ်နံရံ၏၊ ဥပရိ-အထက်၌၊ ဌိတသုသိရတုလာသီသဿ-တည်သော အခေါင်းရှိသော ထုတ်လျှောက်ဦး၏၊ (ထုတ်လျှောက်ထိပ်၏၊)သုသိရေန-အခေါင်းဖြင့်၊ပဝိသိတ္ဗာ-ဝင်၍၊(ဖွတ်စသော တိရစ္ဆာန် ဝင်၍၊ ) တုလာယ - ထုတ်လျှောက်၏၊ အဗ္ဘန္တရေ - အတွင်း၌၊ သယိတ္ဗာ - အိပ်ပြီး၍၊ တေနေဝ သုသိရေန— ထို အခေါင်းဖြင့်ပင်၊ နိက္ခမိတ္ဗာ— ထွက်၍၊ ယဒိဂစ္ဆတိ-အကယ်၍သွားအံ့၊ (ဓံသတိ-သော်၊) [ဤစကားများဖြင့် နာနူပစာရဖြစ်ကြောင်းကို ပြသည်၊] ဟေဋ္ဌာပါသာဒေ-ပြာသာဒ်၏အောက်ထပ်၌၊ သယိတဘိက္ခုဿ - အိပ်သောရဟန်း၏၊ အနာပတ္တိ (ဟောတိ၊) ဆဒနေ— အမိုး၌၊ ဆိဒ္ဒံ - အပေါက်သည်၊ သစေ ဟောတိ - အကယ်၍ ရှိအံ့၊ (ဓံသတိ—သော်၊) တေန — ထို အပေါက်ဖြင့်၊ ပဝိသိတ္ဗာ — ၍၊ အန္တောဆဒနေ- အမိုး၏ အတွင်း၌၊ ဝသိတ္ဗာ-နေပြီး၍၊ တေနေဝ—ထို အပေါက်ဖြင့်ပင်၊ (သစေ) ပက္ကမတိ-အကယ်၍ ဖဲသွားအံ့၊ [အောက်ထပ်ကိုကား မကူးနိုင်-ဟူလို။] (ဓံသတိ-သော်၊) နာနူပစာရေ-ကွဲပြားသော ဥပစာရှိသော ကျောင်း၌၊ [ အထက်ထပ်နှင့် အောက်ထပ် ဥပစာမတူသော ကျောင်း၌၊] ဥပရိမတလေ-အထက်အပြင်၌၊ ဝါ-အထက်ထပ်၌၊ ဆဒနဗ္ဘန္တရေ-အမိုးအတွင်း၌၊ သယိတဿ-အိပ်သောရဟန်း၏၊ အာပတ္တိ-သည်၊ (ဟောတိ၊) ဟေဋ္ဌိမတလေ-အောက်အပြင်၌၊ ဝါ-အောက်ထပ်၌၊ သယိတဿ အနာပတ္တိ၊ အန္တောပါသာဒေနေဝ - ပြာသာဒ်အတွင်း ဖြင့်ပင်၊ အာရောဟိတ္ဗာ — အထက်ထပ်သို့ တက်၍။ [ အတွင်းလှေကားဖြင့် တက်၍၊ ] သမ္ဗတလာနိ - အလုံးစုံသော အပြင် ( အထပ် ) တို့ကို၊ သစေ ပရိဘုဥ္ဇန္တိ-အကယ်၍ သုံးစွဲကုန်အံ့၊ (ဓံသတိ, သဗ္ဗတလာနိ - တို့သည်၊ ) ဧကူပစာရာနိ-တူသော ဥပစာရှိကုန်သည်၊ဟောန္တိ၊ တေသု—ထို အပြင်တို့တွင်၊ ယတ္ထ ကတ္ထစိ-အမှတ်မရှိတစုံတခုသောအပြင်၌၊ သယိတဿ အာပတ္တိ ဟောတိ။[အမိုးအတွင်း ဝင်၍အိပ်သော ဖွတ်စသောသတ္တဝါကြောင့် အာပတ်သင့်ရသည်။]

သဘာသဓ်ေပေန-သဘာပုံသဏ္ဌာန်ဖြင့်၊ ကတေ-ပြုအပ်သော၊ အနုကုန္တကသေနာသနေ-ထက်ဝက်နံရံရှိသော ကျောင်း၌၊ သယိတဿ-အိပ်သောရဟန်း၏၊

× × × × × × × × ×

**သဘာသဓ်ေပေန** ။ ။ ဈေးရုံကို သဘာ ဟု ခေါ်၍ ထို ဈေးရုံအမျိုးအစား၌ ထည့်၍ယူနိုင်သော ထို ဈေးရုံကဲ့သို့ ဆောက်လုပ်အပ်သော ကျောင်းမျိုးကို “ သဘာသဓ်ေပေန”ဟု ဆိုသည်၊ သံခိပီယတိ-ထည့်သွင်းအပ်၏၊ ဣတိ သဓ်ေပေါ၊ သဘာယံ+သဓ်ေပေါ သဘာသဓ်ေပေါ=သဘာ၌အမျိုးအစား၌ သွင်းယူနိုင်သော ကျောင်း။

(အာပတ္တိယေဝ, အနာပတ္တိ တို့၌စပ်၊ ) ဝါဠုသင်္ဃာတာဒိသု- သားရဲရုပ် တပ်အပ်သော ထုတ်လျှောက်အစရှိသည်တို့၌၊ (ထုတ်လျှော်စသည်တို့၏ အပေါ်၌၊) ကပေါတာဒယော - ခို အစရှိသော သတ္တဝါတို့သည်၊ ပဝိသိတွာ - ဝင်၍၊ သယန္တိ-အိပ်ကုန်အံ့၊ အာပတ္တိယေဝ-ပင်တည်း၊ ပရိက္ခေပဿ-အကာအရံ၏၊ ဗဟိဂတေ-ပြင်ဘက်၌ရောက်နေသော၊ နိဗ္ဗကောသဿ္တန္တရေ-တံစက်မြိတ်၏အတွင်း၌၊ (ကပေါတာဒယော - တို့သည်၊) သယန္တိ၊ အနာပတ္တိ။

ပရိမဏ္ဍလံဝါ- အဝိုင်းကျောင်းသည် သော်၎င်း၊ စတုရဿံဝါ- လေးထောင့်ကျောင်းသည်သော်၎င်း၊ ဧကစ္စဒနာယ- တခုသော အမိုးရှိသော၊ ဂဗ္ဘမာလာယ - အခန်းအစဉ်ဖြင့်၊ သတဂဗ္ဘံ - အခန်းတရာရှိသော၊ သေနာသနံ - သည်၊ စေပိဟောတိ-အကယ်၍မူလည်းဖြစ်စေဦးတော့၊ တတြ-ထိုကျောင်း၌၊ ဧကေန-တပေါက်သော၊သာခါရဏာ ဒွါရေန-အများနှင့်ဆက်ဆံသော တံခါးပေါက်ဖြင့်၊ ပဝိသိတွာ- ၍၊ ဝိသုံ–သီးခြား၊ ပါကာရေန- အကာဖြင့်၊ အပရိစ္ဆိန္န ဂဗ္ဘူပစာရေ - မပိုင်းဖြတ်အပ်သော အခန်း ဥပစာရှိကုန်သော၊ သဗ္ဗဂဗ္ဘေ - အလုံးစုံသော အခန်းတို့သို့၊ စေ ပဝိသန္တိ-အကယ်၍ ဝင်နိုင်ကုန်အံ့၊ (ဧဝံသတိ) ဧကဂဗ္ဘေပိ-တခုသော အခန်း၌လည်း၊ အနုပသမ္ပန္နေ - လူသာမဏေသည်၊ နိပန္နေ - အိပ်လသော်၊ သဗ္ဗဂဗ္ဘေသု-အလုံးစုံသောအခန်းတို့၌၊ နိပန္နာနံ-အိပ်ကုန်သောရဟန်း

× × × × × × ×

**အဍ္ဍကုဋ္ဋကေ သေနာသနေ ။** ။နံရံ ၄ ဘက်မကာဘဲ ၃ ဘက်သာ ကာအပ်သော ကျောင်းကို "အဍ္ဍကုဋ္ဋက သေနာသန"ဟု ခေါ်သည်၊ တနည်း–ကျောဘက်၌သာ နံရံအပြည့်ထောင်၍ ထိပ် ၂ ဘက်၌ နံရံတဝက်သာ ရှိသော ( ရှေ့မျက်နှာက အကာမရှိသော) ကျောင်းကို "အဍ္ဍကုဋ္ဋကသေနာသန" ဟု ခေါ်၏၊ ဂဏ္ဌိပုဒ်၌ကား နံရံအပြည့် ထောင်မထားဘဲ ဘေးပတ်ပတ်လည် တဝက်စီသာ နံရံထောင်ထားသော ကျောင်းကို "အဍ္ဍကုဋ္ဋကသေနာသန" ဟု ဆိုသည်။

**ဝါဠသင်္ဃာတေ။** ။တိုင်တို့၏အထက်၌ ခြင်္သေ့ရုပ်စသည်တို့ရှိသော ထုတ်လျှော်ကို "ဝါဠုသင်္ဃာတ" ဟု ခေါ်သည်၊ ထိုထုတ်လျှောက် စသည်တို့၏ အပေါ်၌ သဟသေယျလေ့ံသော ခိုစသော သတ္တဝါတို့ဝင်၍ အိပ်အံ့၊ အာပတ်ပင်တည်း၊ဘာ့ကြောင့်နည်း၊ကျေူပစာရဖြစ်သောကြောင့်တည်း။ ["အပဒါနံ အဟိမစ္ဆာ, ဒွိပဒါနဉ္စ ကုက္ကုဋီ" စသည်ဖြင့် ပါရာဇိကဏ္ဍ ပြခဲ့သည့်အတိုင်း ကြက်နှင့် အလားတူသော ခိုစသော သတ္တဝါတို့ကို "ကပေါတာဒယော"ဟု ဆိုသည်။]

**ဝိသုံ အပရိစ္ဆိန္နဂဗ္ဘူပစာရေ ။** ။အဝိုင်းဖြစ်စေ လေးထောင့်ဖြစ်စေ အလည်၌ ဟာလာဟင်းလင်း ထား၍ ဘေးပတ်လည်၌ အခန်းများစွာ စဉ်တန်းလျက် ရှိသော ကျောင်းဝယ် အခန်းတို့၏ရှေ့၌ ဥပစာရှိ၏၊ ထို ဥပစာ၌ တနေရာနှင့် တနေရာ မကူးနိုင်အောင် ပိုင်းခြားထားသော အကာမရှိ။ [ ယခုအခါ အမြန်မီးရထား၌ တွဲတိုင်းသို့ပင် အမိုးအကာရှိသောလမ်းဖြင့် လျှောက်သွားနိုင်ရကား ၎င်းအသွားနှင့် သဘောတူသောကြောင့် ထိုတွဲအားလုံး ကျေူပစာရဖြစ်သည်။]

တို့၏၊ အာပတ္တိ ( ဟောတိ )၊ သပမုခါ - အဥုံးစမုန်နှင့် တကွဖြစ်ကုန်သော၊ ဂဗ္ဘာ - အခန်းတို့သည်၊ သစေ ဟောန္တိ- ကုန်အံ့၊ ပမုခဿ – အဥုံး စမုန်၏၊ ဉပရိ– အထက်၌၊ အစ္ဆန္နံ-အမိုးမရှိသည်၊ ( သမာနံ - သော်၊ ) ဉစ္စဝတ္ထုကံ- မြင့်သောအကြည်ရှိသည်၊ စေပိ ဟောတိ- အကယ်၍မူလည်း ဖြစ်စေဥုံးတော့၊ [အောက်ခံမြေခုံကို "အကြည် "ဟု ခေါ်၏၊ "ထို အကြည်ကမြင့်နေလျှင် အကာ သဘောဖြစ်သောကြောင့် အာပတ်ကိုပြုနိုင်၏"ဟု ယူမည်စိုး၍"စေပိ ဟောတိ" ဟုဆိုသည်။] (ဧဝံ သတိပိ)ပမုခေ–၌၊ သယိတော- အိပ်သော သာမဏေသည်၊ ဂဗ္ဘေ- အခန်း၌၊ သယိတာနံ - အိပ်ကုန်သော ရဟန်းတို့၏၊ အာပတ္တိံ-ကို၊ န ကရောတိ-နိုင်၊ [ကေစ္ဆန္န မဟုတ်သောကြောင့် အာပတ်မသင့်။]

ပန-ဆက်၊ ဂဗ္ဘစ္ဆဒနေနေဝ—အခန်း၏ အမိုးနှင့်သာလျှင်၊ သဒ္ဓိံ-ကွ၊ သမ္ဗဒ္ဓစ္ဆဒနံ-ဆက်စပ်နေသော အမိုးရှိသည်၊ သစေ ဟောတိ-အံ့၊ (ဧဝံသတိ)၊ တတြ- ထို အဥုံးစမုန်၌၊ သယိတော - အိပ်သော သာမဏေသည်၊ သဗ္ဗေသံ – အလုံးစုံသော ရဟန်းတို့၏၊ အာပတ္တိံ-ကို၊ ကရောတိ-ပြုနိုင်၏၊ ကသ္မာ-နည်း၊ သဗ္ဗစ္ဆန္နတ္တာ– အလုံးစုံ မိုးအပ်သည်၏ အဖြစ်ကြောင့်ရင်း၊ သဗ္ဗ ပရိစ္ဆိန္နတ္တာစ-အလုံးစုံ ကာရံအပ်သည်၏ အဖြစ်ကြောင့်ရင်းတည်း၊ ဟိ – မှန်၊ ( တနည်း ) ကသ္မာ– အဘယ့်ကြောင့် သဗ္ဗပရိစ္ဆိန္န ဖြစ်ရသနည်း၊ ဟိ(ယသ္မာ)-ကြောင့်၊ ဂဗ္ဘပရိက္ခေပေါ ယေဝ- အခန်း၏ အကာသည်ပင်၊ အဿ- ထိုအဥုံးစမုန်၏၊ ပရိက္ခေပေါ- အကာသည်၊(ဟောတိ၊)ဣတိ-ထို့ကြောင့်တည်း၊ ဟိ-မှန်၊ ဧဝံနေဝ နယေန- ဤနည်းဖြင့်ပင်၊ အဋ္ဌကထာသု-ရှေးအဋ္ဌကထာတို့၌၊ လောဟပါသာဒပရိက္ခေပဿ- လောဟပါသာဒ အကာ၏၊ စတူသု- ၄ ဘက်ကုန်သော၊ ဒွါရကောဋ္ဌကေသု - တံခါးမုခ်တို့၌၊ အာပတ္တိ-ကို၊ ဝုတ္တာ–ဆိုအပ်ပြီ။

ပန - ဆက်၊ အန္ဓကဋ္ဌကထာယံ - ၌၊ အပရိက္ခိတ္တေ ပမုခေ အနာပတ္တီတိ- ဟူသော သီဟိုဠ်အဋ္ဌကထာစကားကို၊ ဇဂတိယာ–အကြည်နှင့်၊ ဝိနာ-ကင်း၍၊ ဘူမိယံ-၌၊ (ဌိတံ-တည်သော၊) ပမုခံ-အဥုံးစမုန်ကို၊ သန္ဓာယ-၍၊ ကထိတံ- ဆိုအပ်ပြီ၊ ဣတိ-သို့၊ ယံ-အကြင် စကားကို၊ ဝုတ္တံ-ပြီ၊ တံ-ထိုစကားကို၊ အန္ဓကရဋ္ဌေ - အန္ဓကတိုင်း၌၊ ပါဠေက္ကသန္နိဝေသာ - အသီးအသီး စုဝေးတည်နေကုန်

× × × × × × ×

**ဂန္ထ ၊ပေ၊ ဂ္ဂေပေါယေဝ။** ။ဤစကားသည် ပရိမဏ္ဍလ, စတုရဿကျောင်း၏ အဆက်တည်း၊ ထို့ကြောင့် အခန်း၏ အဥုံးစမုန်တွေမှာ အမိုးဆက်လျက် ရှိနေလျှင် အခန်း၏ကျောဘက် အကာသည် စမုန်၏ အကာလည်း ဖြစ်သည် – ဟု ဆိုသည်။ [ ဤစကားကိုထောက်၍ ယခုခေတ် ဆောင်မ ရှေက စာမြင် ( စမြင် )ပါနေသော ကျောင်းများသည် ရှေတည့်တည့်မှာ အကာမပါသော်လည်း ထိပ် ၂ဘက်မှာ အကာ ပါလျှင် ဆောင်မကျောဘက် အကာသည် စမြင်၏အကာ ဖြစ်နေရကား များစွာအကာ ရှိသောနေရာဖြစ်သည်–ဟု မှတ်ပါ။]

သော၊ ကေစွဒနာ– တူသော အမိုးရှိကုန်သော၊ ( တခန်းနှင့် တခန်း အမိုးချင်း ဆက်နေကုန်သော၊ )ဂဗ္ဘပါဠိယော-အခန်းအစဉ်တို့ကို၊(တန်းလျားရှည်အခန်း တို့ကို) သန္ထာယ ဝုတ္တံ၊ စ - ဆက်၊ တတ္ထ- ထို အန္ဓကဋ္ဌကထာ၌၊ ဘူမိယံ ဝိနာ ဇဂတိယာတိ- ဟူသော၊ ယံ-အကြင် စကားကို၊ ဝုတ္တံ-ပြီ၊ တံ– ထိုစကားသည်၊ အဋ္ဌကထာသု - ရှေးအဋ္ဌကထာတို့၌၊ နေဝအတ္ထိ-မရှိ၊ ပါဠိယာ- ပါဠိတော်နှင့်၊ နသမေတိ-မညီညွတ်၊ ဟိ-မှန်၊ ဒသဟတ္ထုဗ္ဗေဓာပိ- ဆယ်တောင် အမြင့်အစေ့ံ ရှိသည်လည်းဖြစ်သော၊ ဇဂတိ-အကြည်သည်၊[ အုဋ်, မြေ စသည်တို့ဖြင့် စီထား အပ်သော ခုံသည်၊] ပရိက္ခေပ သင်္ချံ-အကာ ဟု ရေတွက်အပ်သည်၏ အဖြစ်သို့၊ နဂစ္ဆတိ၊ တသ္မာ-ကြောင့်၊ တတ္ထ-ထိုအန္ဓကအဋ္ဌကထာ၌၊ ဒုတိယသိက္ခာပဒေ- ဒုတိယသဟသေယျသိက္ခာပုဒ်၌၊ ဇဂတိယာ-အကြည်၏၊ ပမာဏံ-ကို၊ ဝတွာ- ဆိုပြီး၍၊ တော၊ပေ၊ဟောတိတိ- ဟူ၍၊ ယမ္ပိ- အကြင် စကားကိုလည်း၊ ဝုတ္တံ–ပြီ၊ တံ–ထို စကားကို၊ နဂဟေတဗ္ဗံ–မယူထိုက်။

ကောသာလ၊ပေ၊သန္နိဝေသာ-တဆောင်တည်းကျောင်း, ၂ ဆောင်တွဲကျောင်း, ၃ ဆောင်တွဲကျောင်း, ၄ ဆောင်တွဲကျောင်း အဖြစ်ဖြင့် စုဝေးတည်နေကုန်သော၊ ယေပိမဟာပါသာဒါ– အကြင်များစွာသော ပြာသာဒ်တို့သည်လည်း၊ (သန္တိ- ရှိတတ်ကုန်၏၊) [တချို့အရပ်၌ ရှေးက မိဘများဆောက်ထားသော ကျောင်းမ နှင့်တွဲ၍ ဆောက်ထားတတ်ကြသည်။] ကေသိုဉ္စိ ဣကာသေ–တခုသောအရပ်၌၊ ပါဒေ - ခြေတို့ကို၊ ဓောဝိတွာ - ဆေးပြီး၍၊ ပဝိဋ္ဌေန - ဝင်သော ရဟန်းသည်၊ သဗ္ဗတ္ထ–အလုံးစုံသော ပြာသာဒ်တို့၌၊ အနုပရိဂန္တုံ-အစဉ်အတိုင်း လှည့်လည် ခြင်းငှါ၊ သက္ကာ – တတ်ကောင်းကုန်သည်၊ ဟောန္တိ– ဖြစ်ကုန်၏၊ တေသုပိ-ထို ပြာသာဒ်တို့၌လည်း၊ သဟသေယျာပတ္တိယာ- မှ၊ န မုစ္စတိ- မလွတ်၊ [အကြား အကြား၌ အကာရှိသော်လည်း တဆက်တည်း ဝင်နိုင် ထွက်နိုင်သောကြောင့် အာပတ်မှ မလွတ်။] တသ္မိံ တသ္မိံ ဌာနေ-၌၊ ဥပစာရံ–ကို၊ ပရိစ္ဆိန္ဒိတွာ-ပိုင်းခြား ၍၊ ကတာ - ပြုအပ်ကုန်သည်၊ သစေဟောန္တိ - ကုန်အံ့၊ ( ဝေံသန္တေသု – ကုန် လသော်၊)ကေူပစာရဋ္ဌာနေယေဝ-တူသော ဥပစာရှိသောအရပ်၌သာ၊အာပတ္တိ- သည်၊ (ဟောတိ၊) ဒွိဟိ-၂ ခုကုန်သော၊ ဒွါရေဟိ–တံခါးပေါက်တို့ဖြင့်၊ ယုတ္တာ သ – တပ်ယှဉ်အပ်သော၊ [ တောင်ဘက်က တံခါးတပေါက် , မြောက်ဘက်က

× × × × × × ×

**ပါဠေ့တ္တ သန္နိဝေသာ ။** ၊ အခြားတန်းလျားနှင့် ကပ်၍ ဆက်၍ မထားဘဲ သီးခြားတည်နေသောဂဗ္ဘပါဠိကို " ပါဠေ့တ္တသန္နိဝေသာ"ဟု ဆိုသည်၊ ထို တတန်း တည်းရှိသော တိုက်ခန်း၏ အခန်းရှေ့မျက်နှာသာ အဉ္ဇုးစမုခ်သည် "ဇဂတိ" ခေါ် ခုံပါပါ, မပါပါ အဘယ်မှာ အကာဖြစ်နိုင်တော့အံ့နည်း။ [ "မဟိယံ ဇဂတိ ဝုတ္တာ, မန္ဒိရာလိန္ဒဝတ္ထုမှိ" — အဘိဓာန် ၉၉၇၊ အာလိန္ဒဝတ္ထု – ဆင်ဝင်စမုခ်၏ အကြည် (မြေခုံ)၊ ရှေ့ဦးပြခဲ့သော ဥစ္စဝတ္ထုနှင့် ဤဇဂတိသည် အတူပင်။]

တံခါးတပေါက်စသည်ဖြင့်တပ်ထားအပ်သော၊]သုဓာဆဒနမဏ္ဍပသဏ္ဌာန-အက်ဓတ အမိုးရှိသော မဏ္ဍပ်၏၊ [မဏ္ဍပ်ဆိုသော်လည်း အကာရှိသည်။] မဇ္ဈေ - ၌၊ ပါကာရံ - အကာအရံကို၊ ကရောန္တိ - ပြုကုန်အံ့၊ [ထို အကာ၌ တံခါးပေါက် မရှိသောကြောင့် အဆက်ပြတ်နေသည်။]ဧကေနဒွါရေန-တဘက်သောတံခါးဖြင့်၊ ပဝိသိတွာ- ဝင်၍၊ ကေသိဉ္စိ ပရိစ္ဆေဒေ- တခုသော အပိုင်းအခြား၌၊ အနုပသမ္ပန္နော-လူသာမဏေသည်၊ သယတိ-အိပ်အံ့၊ ကေသိဉ္စိ (ပရိစ္ဆေဒေ-၌၊) ဘိက္ခု-သည်၊ (သယတိ—အံ့၊) အနာပတ္တိ။

ပါကာရေ-အကာ၌၊(ပြခဲ့သော သုဓာဆဒနမဏ္ဍပ်၏ အလယ်က အကာ၌၊) ဂေါဓာဒီနံ - ဖွတ်အစရှိသော သတ္တဝါတို့၏၊ ပဝိသနမတ္တမ္ပိ - ဝင်နိုင်ခြင်း အတိုင်း အရှည် ရှိသည်လည်းဖြစ်သော၊ [ဝင်နိုင်လောက်ရုံဖြစ်သော၊] ဆိဒ္ဒံ - အပေါက် သည်၊ဟောတိ-ရှိအံ့၊ကေသိဉ္စိပရိစ္ဆေဒေ-၌လည်း၊ ဂေါဓာ-တို့သည်၊သယန္တိ-အိပ်ကုန်အံ့၊ အနာပတ္တိယေဝ - သည်သာ၊ (ဟောတိ၊) ဟိ— မှန်၊ ဆိဒ္ဒေန— အပေါက်ကြောင့်၊ ဂေဟံ-သည်၊ ကူပစာရံနာမ-မည်သည်၊ နဟောတိ-မဖြစ်၊ ပါကာရမဇ္ဈေ—အကာအလယ်၌၊ ဆိန္ဒိတွာ—ဖြတ်တောက်၍၊ ဒွါရံ-တံခါးကို၊ သစေ ယောဇေန္တိ-အကယ်၍ ယှဉ်တပ်ကုန်အံ့၊(ဧဝံ သတိ)၊ ကူပစာရတာယ-ကြောင့်၊ အာပတ္တိ-သည်၊ (ဟောတိ-၏၊) [အပိုင်းအခြား ၂ ခုတွင် ဖွင့်အိပ်ရာ အပိုင်းအခြား၏ ဟိုဘက်အပိုင်းအခြား၌ အိပ်သောရဟန်းမှာ အာပတ်သင့်၏။] တံဒွါရံ - ထို တံခါးပေါက်ကို၊ ကဝါဋေန- တံခါးရွက်ဖြင့်၊ ပိဒဟိတွာ- ပိတ်၍၊ သယန္တိ-အိပ်ကုန်အံ့၊ အာပတ္တိယေဝ—ပင်တည်း၊ ဟိ—မှန်၊ ဒွါရပိဒဟနေန— တံခါးပေါက်ကို ပိတ်ခြင်းကြောင့်၊ ဂေဟံ - သည်၊ နာနူပစာရံနာမ - မည်သည်၊ နဟောတိ၊ ဒွါရံဝါ - တံခါးပေါက်သည်မူလည်း၊ အဒွါရံ - တံခါးပေါက်မဟုတ် သည်၊(နဟောတိ၊)ဟိ-မှန်၊ကဝါဋံ-ကို၊သံဝရဏဝိဝရဏဟေ-ပိတ်ခြင်းဖွင့်ခြင်း တို့ဖြင့်၊ ယထာသုခံ - ချမ်းသာသည်အားလျော်စွာ၊ ဝဠဉ္ဇနတ္ထာယ — သုံးစွဲခြင်း အကျိုးငှါ၊ ကတံ-ပြုအပ်ပြီ၊ ဝဠဉ္ဇနုပစ္ဆေဒနတ္ထာယ-သုံးစွဲခြင်းကို ဖြတ်တော်ခြင်း အကျိုးငှါ၊ (မသုံးစွဲနိုင်ဘို့ရာ၊) န (ကတံ)— ပြုအပ်သည်မဟုတ်၊ ပန-ဆက်၊ တံ

× × × × × × ×

**နဟိ ဆိဒ္ဒေန၊ပေ၊ဟောတိ။** ။ဖွတ်စသောသတ္တဝါတို့ ဝင်နိုင်ရုံ အပေါက်ဖြစ်လျှင် ကား ထိုအပေါက်ကြောင့် ကျောင်းသည် ကူပစာရမဖြစ်နိုင်၊ သို့သော် အပေါက်က နံရံ၏အောက်ဘက်မှ တတောင့်ထွာအတွင်း၌ ရှိနေလျှင် ကိုအပေါက်က လူများတိုး နိုင်လောက်အောင် ကျယ်နေပါမူ ဒွါရပင် ဖြစ်တော့၏၊ ထို့ကြောင့် ကူပစာရဖြစ်နိုင် သည်၊ [နဟိ ဆိဒ္ဒေန ဂေဟံ ကူပစာရံ နဟောတီတိ ဧတ္ထ သစေ ဥဒ္ဒေဓေန ဒိယဍ္ဍ ဟတ္ထ ဗ္ဘန္တရေ မနုဿာနံ သဉ္စရဏပ္ပဟောနကံ ဆိဒ္ဒံ ဟောတိ၊ တမ္ပိ ဒွါရမေဝါတိ ကူပစာရံ ဟောတိ၊—ဋီကာ။] ဤစကားကို ထောက်၍ လေးသောက်ပြူတင်းလည်း ဝင်နိုင်ထွက်နိုင်လောက်အောင် ကျယ်လျှင် ဒွါရဟူ၍ပင် ဆိုထိုက်၏။

ဒွါရံ-ကို၊ပုန-ဖန်၊ ဋ္ဌကာဟိ-အုဋ္ဌတို့ဖြင့်၊ သစေပိဒဟန္တိ-အကယ်၍ပိတ်လိုက်ကုန်အံ့၊ (အသေ ပိတ်လိုက်ကုန်အံ့၊) ( ဝေသတိ ) အဒွါရံ- တံခါးမဟုတ်သည်၊ ဟောတိ၊ ပုရိမ-ရှေးဖြစ်သော၊ နာနူပစာရဘာဝေယေဝ- နာနူပစာရ၏ အဖြစ်၌သာ၊ တိဋ္ဌတိ-တည်တော့၏။

ဒိယပမုခံ-ရှည်သော အဉ္ဇးစမုခ်ရှိသော၊စေတိယဃရံ-စေတီကျောင်းဆောင်သည်၊ ဟောတိ-ရှိတတ်၏၊ [ စေတီ၏ အတွင်းလိုဏ်ဂူကို "စေတိယဃရ" ဟုခေါ်သည်၊ စေတီငယ်ကို မိုးကာထားသော ကျောင်းဖြစ်လျှင်လည်း စေတိယဃရပင်တည်း။] ကေကဝါဋ္ဋံ-တခုသော တံခါးရွက်သည်၊ အန္တော- အတွင်း၌၊ ကေကဝါဋံ-သည်၊ ဗဟိ-ပြင်ဘက်၌၊(ဟောတိ-ရှိအံ့၊)[တံခါးရွက် ၂ ခု ဆိုသော်လည်း ဤနေရာ၌ တံခါးရွက်ပေါက် ၂ ပေါက် ဟု ဆိုလိုဟန်တူသည်။ ] ဒွိန္နံ – ၂ ခုကုန်သော၊ ကဝါဋာနံ-တို့၏၊ အန္တရေ-အကြား၌ အနုပသမ္ပန္နော- သည်၊ အန္တောစေတိယဃရေ-စေတီကျောင်းဆောင်အတွင်း၌၊ သယန္တော-အိပ်သောရဟန်း၏၊ အာပတ္တိ ကရောတိ-နိုင်၏၊(ကသ္မာ-နည်း၊)ကေ္ဂူပစာရတ္တာ-(စေတီကျောင်းဆောင်နှင့်စမုခ်တို့၏)တူသောဥပစာရှိကုန်သည်၏အဖြစ်ကြောင့်တည်း။

တတြ – ဒွိန္နံကဝါဋာနံ ၊ ပေ ၊ ကေ္ဂူပစာရတ္တာ ဟူသော ထိုစကားရပ်၌၊ ယဿ–အကြင် ပရဝါဒီ ပုဂ္ဂိုလ်၏၊(ဤဒိသီ-ဤကဲ့သို့ ရှုအပ်သော၊ စောဒနာ-စောဒနာခြင်းသည်၊) သိယာ – ဖြစ်ရာ၏၊ ( ကီဒိသီ - သော၊ စောဒနာ - သည်၊ သိယာ-နည်း၊)အယံ ကေ္ဂူပစာရနာနူပစာရတာနာမ-ဤကေ္ဂူပစာရ နာနူပစာရ၏ အဖြစ်မည်သည်ကို၊ ဥဒေါသိတ သိက္ခာပဒေ–၌၊(ဒုတိယကထိန သိက္ခာပုဒ်၌၊) ဝုတ္တာ– ဟောတော်မူအပ်ပြီ၊ ဣဓပန- ဤသဟသေယျ သိက္ခာပုဒ်၌ကား၊ သေယျာနာမ၊ပေ၊ပရိစ္ဆိန္နာတိ-ဟူ၍၊ တွေကမေဝ-ဤမျှလောက်ကိုသာ၊ ဝုတ္တံ–ပြီ၊ ပိဟိတဒွါရေ- ပိတ်အပ်သော တံခါးပေါက်ရှိသော၊ ဂဗ္ဘောစ-အခန်းသည်သည်လည်း၊(တံခါးရွက်ပိတ်ထားသော အခန်းသည်လည်း၊) သဗ္ဗပရိစ္ဆိန္နောဝ-အလုံးစုံထက်ဝန်းကျင် ကာအပ်သည်သာ၊ဟောတိ၊ တသ္မာ-ကြောင့်၊ တတ္ထ-ထိုပိတ်အပ်သော တံခါးပေါက်ရှိသောအခန်း၌၊ အန္တော- အတွင်း၌၊ သယိတေန–အိပ်သော လူသာမဏေနှင့်၊ သဒ္ဓိံ–အတူ၊(သယန္တဿဝေ- အိပ်သော ရဟန်း၏သာလျှင်၊ ) အာပတ္တိ ( ဟောတိ )- ဖြစ်သည် မဟုတ်လော၊ ဗဟိ - အခန်းပြင်ဘက်၌(အပြင်ဘက်စမုခ်၌)၊သယိတေန-အိပ်သော လူသာမဏေနှင့်၊ (သဒ္ဓိံ သယန္တဿ-၏၊) အနာပတ္တိ-သည်၊ (ဟောတိ-ဖြစ်သည် မဟုတ်လော၊)ဣတိ-သို့၊ ( ဤဒိသီ စောဒနာ, သိယာ-၏၊ ဤသို့ ရှေပြန်လှည့်။)

သော-ထို ပရဝါဒီကို၊ ဧဝံ - သို့၊ ဝတ္တဗ္ဗော – ထိုက်၏၊ (ကိံ-နည်း၊) အပိဟိတဒွါရေ ပန-မပိတ်အပ်သော တံခါးရှိသော ကျောင်း၌ကား၊ ကသ္မာ-ကြောင့်၊ ဗဟိ-ပြင်ဘက်၌၊ သယိတေန-အိပ်သော လူသာမဏေနှင့်၊ (သဒ္ဓိံ သယန္တဿ-

၏၊) အာပတ္တိ-သည်၊ (ဟောတိ-နည်း၊) ဣတိ-ဤသို့၊ ဝတ္တဗ္ဗော-၏၊ ပမုခဿ-အဦးစမုခ်၏၊ ဂဏ္ဌေန – အခန်းနှင့်၊ သဒ္ဓိံ – တကွ၊ သဗ္ဗစ္ဆန္နတ္တာ – အလုံးစုံ မိုးအပ်သည်၏ အဖြစ်ကြောင့်၊ (အာပတ္တိ – သည်၊ ဟောတိ - ၏၊ ဣတိ–ဤသို့ ဖြေလတ့်၊) ကိံပန- အသို့နည်း၊ ဂဏ္ဌေ-ကို၊ ပိဟိတေ-ပိတ်အပ်သော်၊ ဆဒနံ–အမိုးသည်၊ ဝိဒ္ဓဿံ-ဖျက်အပ်သည်၊ ဝါ-ပျက်သွားသည်၊ ဟောတိ-ဖြစ်သလော၊ ဣတိ-ဤသို့ မေးထိုက်၏၊ န ဝိဒ္ဓဿံ-မဖျက်အပ်ပါ၊ ဝါ-မပျက်ပါ၊ ဂဏ္ဌေန-နှင့်၊ သဒ္ဓိံ, ပမုခဿ–၏၊ သဗ္ဗ ပရိစ္ဆိန္နတာ – အလုံးစုံ ကာအပ်သည်၏အဖြစ်သည်၊ န ဟောတိ–မဖြစ်၊ (ဣတိ-ဤသို့ ဖြေလတ့်၊) ပရိက္ခေပေါ-အကာကို၊ ဝိဒ္ဓဿော ကိံ – ဖျက်အပ်သလော၊ ဣတိ - ဤသို့ မေးထိုက်၏၊ [ အဦးစမုခ်၏ အကာကို ပရိက္ခေပဟု ဆိုသည်။] အဒ္ဓါ – မချွတ်ကေန်၊ ဝက္ခတိ – ပြောလတ့်၊ (ပရိက္ခေပေါ–ကို၊) န ဝိဒ္ဓဿော–မဖျက်အပ်ပါ၊ ကဝါဋေန-တံခါးရွက်ဖြင့်၊ ဥပစာရော-ကို၊ ပရိစ္ဆန္နော-ပိုင်းဖြတ်အပ်ပြီ၊ ဣတိ-ဤသို့ ပြောလတ့်၊ ဧဝံ-သို့၊ ဒူရံ-အဝေးသို့၊ ဂတ္ဘာပိ– သွား၍လည်း၊ ပုန- ဖန်၊ ကေူပစာရ နာနူပစာရတံယေဝ- အဖြစ်သို့ သာ၊ ပစ္စာဂမိဿတိ–ပြန်ရောက်လတ့်။

အပိစ – သည်သာမကသေး၊ (ဖြေရှင်းစရာ ရှိသေး၏- ဟူလို၊) ဗျဥ္ဇနမတ္တေယေဝ–သဒ္ဒါမျှ၌သာ၊ (သဒ္ဒါဟောနိုင်သလောက်သာ) အဘွော-အနက်သည်၊ ဝါ–ကို၊ သုဝိညေယျော–လွယ်ကူစွာ သိထိုက်သည်၊ ယဒိသိယာ – အကယ်၍ ဖြစ်အံ့၊ (ဧဝံသတိ-သော်၊) သဗ္ဗစ္ဆန္နာတိ- ဟူ၍၊ ဝစနတော- ဟောတော်မူခြင်းကြောင့်၊[ဆန္နာဟု လာသမျှ၌ ပါဠိတော်ဝယ် အမိုး၅ မျိုးသာလာသောကြောင့်၊] ပဉ္စန္နံ–၅ မျိုးသော အမိုးတို့တွင်၊ အညတရေန ဆဒနေန-တမျိုးမျိုးသော အမိုးဖြင့်၊ ဆန္နာဝေ–မိုးအပ်သောကျောင်း သည်သာ၊ သေယျာ-သေယျာမည်သည်၊ သိယာ - ဖြစ်ရာ၏၊ အညေန - အမိုး ၅ မျိုးမှ အခြားသောအမိုးဖြင့်၊ (ဆန္နာ–မိုးအပ်သောကျောင်းသည်၊ သေယျာ–သည်၊) န-မဖြစ်ရာ၊ စ-ဆက်၊ ဧဝံသတိ–သော်၊ ပဒရစ္ဆန္နာဒိသု - ပျဥ်ချပ်မိုးအပ်သောကျောင်း အစရှိသည်တို့၌၊ ( အနုပသမ္ပန္နေန သဒ္ဓိံ သယန္တဿ) အနာပတ္တိ - သည်၊ သိယာ - ဖြစ်ရာ၏၊ တတော-ထိုသို့ ဖြစ်ခြင်းကြောင့်၊ ယဒတ္ထံ – အကြင်အကျိုးငှါ၊ ( လူသာမဏေနှင့် အတူ

× × × × × × ×

**ဧဝံ ဒူရမ္ပိ ဂန္တွာ ။** ။ စကားသွားအားဖြင့် ကျယ်ပြန့်သွားသည်ကို " ဧဝံ ဒူရမ္ပိ ဂန္တွာ " ဟု ဆိုသည်၊ စောဒကပုဂ္ဂိုလ်သည် " အယံ ဧကူပစာရ နာနူပစာရတာနာမ ဥဒေါသိတသိက္ခာပဒေ ဝုတ္တာ "ဟု ဆို၍ ဧကူပစာရ နာနူပစာရအသုံးကို သဘောမတူသဖြင့် စောဒနာနေခြင်း ဖြစ်၏၊ သို့သော် ပရိဟာရပုဂ္ဂိုလ်က ပြန်၍ မေးရာ၌ကား "ကဝါဋေန ပရိစ္ဆိန္နော ဥပစာရော"ဟု သူသဘောမကျခဲ့သော ဥပစာကိုပင် ပြန်၍ဝန်ခံရသည်၊ ထို့ကြောင့်"ပုန ဧကူပစာရ နာနူပစာရတံယေဝ ပစ္စာဂမိဿတိ"ဟု ဆိုသည်၊ မိမိပယ်အပ်ခဲ့သော ဧကူပစာရ နာနူပစာရကိုပင် ပြန်၍လက်ခံရသည်–ဟူလို။

မအိပ်စေခြင်းအကျိုး၄ါ၊)သိက္ခာပဒံ-ကို၊ ပညတ္တံ-ပြီ၊ သွေ၀ အတ္တော-ထိုအကျိုးသည်ပင်၊ ပရိဟာသေယျ-ယုတ်လျော့ရာ၏၊ (သွေ၀ အတ္တော-သည်၊) ပရိဟာယတု၀ါ-ယုတ်လျော့သည်မူလည်း ဖြစ်စေ၊ မာ ပရိဟာယ တု၀ါ-မယုတ်လျော့သည်မူလည်း ဖြစ်စေ၊ ကထံ-အဘယ့်ကြောင့်၊ အ၀ုတ္တံ-မဟောအပ်သော စကားကို၊ ဂဟေတဗ္ဗံ-ယူထိုက်သနည်း၊ ဣတိ-ဤသို့ ပြောအံ့၊ ကော၀ါ-အဘယ်သူသည်မူလည်း၊ (ဘယ်သူကတော့)၊ အ၀ုတ္တံ - ကို၊ ဂဟေတဗ္ဗံ - ထိုက်၏၊ ဣတိ - သို့၊ ၀ဒတိ- ပြောနေသနည်း၊ ( မဟောအပ်တာကို ယူရမည်ဟု ဘယ်သူကမှ မပြောပါ- ဟုလို၊) ဟိ-သာဓကကား၊ အနိယတေသု-အနိယတသိက္ခာပုဒ် ၂ ပါးတို့၌၊ ပဋိစ္ဆန္နံ နာမ ၊ပေ၊ ဟောတီတိ— ဟူ၍၊ တံ (သုတ္တံ)- ဤပါဠိကို၊ (ဘဂ၀တာ) ၀ုတ္တံ-ဟောတော်မူအပ်ပြီ၊ [ပဋိစ္ဆန္နံ- ဖုံးကွယ်အပ်သော၊ အာသနံနာမ-အာသနမည်သည်၊ ကုဋ္ဋေန၀ါ-နံရံဖြင့် သော်၎င်း၊ ကဝါဋေန၀ါ-တံခါးရွက်ဖြင့်သော်၎င်း၊ ကိလဉ္ဇေန၀ါ- ဖျာဖြင့်သော်၎င်း၊ သာဏိပါကာရေန၀ါ- တင်းတိမ်ကန့်လန့်ကာဖြင့် သော်၎င်း၊ ရုက္ခေန၀ါ-သစ်သားဖြင့်သော်၎င်း၊ ထမ္ဘေန၀ါ-တိုင်ဖြင့်သော်၎င်း၊ ကောဋ္ဌလိကာယ၀ါ- ကဲလားဖြင့်သော်၎င်း၊ ယေနကေနစိ- အမှတ်မရှိ တစုံတခုသောအကာဖြင့်၊ ပဋိစ္ဆန္နံ-ဖုံးကွယ်အပ်သည်၊ ဟောတိ-၏။]

တသ္မာ- ကြောင့်၊ တတ္ထ- ထို အနိယတသိက္ခာပုဒ် ၂ ပါးတို့၌၊ ယေနကေနစိ- အမှတ်မရှိ တစုံတခုသော အကာဖြင့်၊ ပဋိစ္ဆန္နံ - ဖုံးကာအပ်သော နေရာသည်၊ ပဋိစ္ဆန္နမေ၀- ပဋိစ္ဆန္နသည်သာ၊ ( ဟောတိ ) ယထာ- သို့၊ ဧ၀ံ- တူ၊ ဣဓာပိ-ဤသိက္ခာပုဒ်၌လည်း၊ ဂဟေတဗ္ဗံ- ယူထိုက်၏၊ တသ္မာ- ကြောင့်၊ သေနာသနံ-ကျောင်းသည်၊ ခုဒ္ဒကံ၀ါ - ငယ်သည်မူလည်း၊ ဟောတု - ဖြစ်စေ၊ မဟန္တံ၀ါ-ကြီးသည်မူလည်း၊ ဟောတု- စေ၊ အညေန - အခြားသော ကျောင်းနှင့်၊ သဒ္ဓိံ - တကွ၊ သမ္ဗဒ္ဓံ၀ါ - ဆက်စပ်အပ်သည်မူလည်း၊ ဟောတု - စေ၊ အသမ္ဗဒ္ဓံ၀ါ - မဆက်စပ်အပ်သည်မူလည်း၊ ဟောတု-စေ၊ ဒီဃံ၀ါ- အရှည်မူလည်း၊ ဟောတု၊ ၀ဋ္ဋံ၀ါ - အဝိုင်းသည်မူလည်း၊ ( ဟောတု၊ ) စတုရဿံ၀ါ- ၄ ထောင့်မူလည်း၊ (ဟောတု)၊ ဧကဘူမကံ၀ါ-ဘုံတဆင့် ရှိသည်မူလည်း၊ (ဟောတု၊) အနေကဘူမကံ၀ါ- များသော ဘုံအဆင့် ရှိသည်မူလည်း၊ ( ဟောတု )၊ ယံယံ - အကြင်အကြင်ကျောင်းသည်၊ ဧကူပစာရံ- တူသော ဥပစာ ရှိ၏၊ သဗ္ဗတ္ထ- အလုံးစုံသော၊ တတ္ထ တတ္ထ- ထိုထိုကျောင်း၌၊ ( သာမည ) ယေနကေနစိ- အမှတ်မရှိ တစုံတခုသော၊ ပဋိစ္ဆာဒနေန- ဖုံးကာကြောင်းဖြစ်သော အမိုးအကာဖြင့်၊ သဗ္ဗစ္ဆန္နေ- အလုံးစုံမိုးအပ်သော၊ သဗ္ဗပရိစ္ဆိန္နေ-အလုံးစုံကာအပ်သော ကျောင်း၌သော်၎င်း၊ ယေဘုယျေန—များသောအားဖြင့်၊ ဆန္နေ—မိုးအပ်သော၊ ယေဘုယျေန-ဖြင့်၊ ပရိစ္ဆိန္နေ၀ါ — ကာအပ်သော ကျောင်း၌ သော်၎င်း၊ သဟသေယျာပတ္တိ — သည်၊ ဟောတိ၊ ဣတိ- ဤသို့ မှတ်ထိုက်၏။

ဥပသမ္ပန္နံ ၊ပေ၊ ဒုက္ကဋဿာတိ ဧတ္ထ- ၌၊(ဝိနိစ္ဆယော ဧဝံ ဝေဒိတဗ္ဗော၊) သဗ္ဗစ္ဆန္နေ ဥပသမ္ပန္နေတိ ဧဝမာဒီသုပိ- ဤသို့အစရှိသော ကျောင်းတို့၌လည်း၊ မဟာပစ္စရိယံ- ၌၊ ဒုက္ကဋမေဝ- သည်သာ၊ ( ဟောတိ၊ )ဣတိ ဝုတ္တံ၊ မဟာ အဋ္ဌကထာယံပန-၌ကား၊ သဗ္ဗစ္ဆန္နေ-အလုံးစုံမိုးအပ်သော၊ ယေဘုယျေန-များသော အားဖြင့်၊ပရိစ္ဆန္နေ-ကာအပ်သောကျောင်း၌၊(အနုပသမ္ပန္နေနသဒ္ဓိံ သယန္တဿ၊) ပါစိတ္တိယံ ( ဟောတိ၊ ) သဗ္ဗစ္ဆန္နေ - အလုံးစုံ မိုးအပ်သော၊ ဥပဍ္ဎပရိစ္ဆန္နေ — ထက်ဝက် ကာအပ်သော ကျောင်း၌၊ ပါစိတ္တိယံ ( ဟောတိ၊ ) ယေဘုယျေန- အားဖြင့်၊ ဆန္နေ- မိုးအပ်သော၊ ဥပဍ္ဎပရိစ္ဆန္နေ- ၌၊ ပါစိတ္တိယံ (ဟောတိ)၊ သဗ္ဗပရိစ္ဆန္နေ-အလုံးစုံမိုးအပ်သော၊ ယေဘုယျေန—အားဖြင့်၊ဆန္နေ-ကာအပ်သော ကျောင်း၌၊ ပါစိတ္တိယံ(ဟောတိ)၊ သဗ္ဗပရိစ္ဆန္နေ-သော၊ ဥပဍ္ဎစ္ဆန္နေ—ထက်ဝက် မိုးအပ်သောကျောင်း၌၊ ပါစိတ္တိယံ (ဟောတိ)၊ ယေဘုယျေန – ဖြင့်၊ ပရိစ္ဆန္နေ- ကာအပ်သော၊ ဥပဍ္ဎစ္ဆန္နေ - ၌၊ ပါစိတ္တိယံ (ဟောတိ)၊ ပါဠိယံ - ပါဠိတော်၌၊ ဝုတ္တပါစိတ္တိယေန - ဟောတော်မူအပ်သော ပါစိတ်အာပတ်နှင့်၊ သဒ္ဓိံ၊ သတ္တ- ၇ ပါးကုန်သော၊ ပါစိတ္တိယာနိ (ဟောန္တိ၊) ဣတိ- သို့၊ ဝုတ္တံ - ဆိုအပ်ပြီ၊ သဗ္ဗစ္ဆန္နေ—သော၊စူဠကပရိစ္ဆန္နေ—အနည်းငယ် ကာအပ်သောကျောင်း၌၊ (အနုပသမ္ပန္နေန သဒ္ဓိံ သယန္တဿ) ဒုက္ကဋံ (ဟောတိ )၊ပေ၊ ပါဠိယံ- ၌၊ ဒုက္ကဋေန- လာသော ဒုက္ကဋ်နှင့်၊ သဟ၊ ပဉ္စ - ၅ ပါးကုန်သော၊ ဒုက္ကဋာနိ ( ဟောန္တိ၊ ) ဣတိ- သို့၊ ဝုတ္တံ- ပြီ၊ပေ၊အနာပတ္တိ။

× × × × × × ×

**ပါဠိယံ ဝုတ္တ ပါစိတ္တိယေန ၊ ပေ ၊ ဝုတ္တံ ။** ။ ပါဠိတော်၌ သဗ္ဗစ္ဆန္နသဗ္ဗပရိစ္ဆန္န သေယျာဝဝယ် အိပ်သောရဟန်းမှာ ပါစိတ်အာပတ်, ယေဘုယျေနစ္ဆန္န ယေဘုယျေန ပရိစ္ဆန္နသေယျာဝယ် အိပ်သောရဟန်းမှာ ပါစိတ်အာပတ်၊ ဤ ပါစိတ်အာပတ် ၂ချက် ကို တသဘောတည်း ပါစိတ်အာပတ် တချက်ဟု ယူ၍ ဆိုခဲ့ပြီးသော ပါစိတ်အာပတ် ၆ ချက်နှင့် ပေါင်းလျှင် ပါစိတ်အာပတ် ၇ ချက်ဖြစ်၏။ [သတ္တ ပါစိတ္တိယာနီတိ ပါဠိယံ ဝုတ္တပါစိတ္တိယဒွယံ သာမညတော ဧကတ္တေန ဂဟေတွာ ဝုတ္တံ၊—ဋီကာ။] “အတ္ထင်္ဂတေ သူရိယေ ၊ပေ၊ ဘိက္ခု နိပဇ္ဇတိ အာပတ္တိ ပါစိတ္တိယဿ” စသည်ဖြင့် ပါဠိတော်၌ ပြအပ်သော အာပတ်များကား ကျောင်းအားလုံးနှင့်ဆိုင်သော အာပတ်များတည်း။

**ဥပဍ္ဎစ္ဆန္နေ ၊ ပေ ၊ အနာပတ္တိ။** ။၄ ပုံတွင် ၁ ပုံမိုးအပ်, ၃ ပုံမမိုးအပ်လျှင် စူဠကစ္ဆန္န, ၃ ပုံတွင် ၂ ပုံ မိုးအပ်, ၁ ပုံ မမိုးအပ်လျှင် ယေဘုယျေနစ္ဆန္န, ၂ ပုံတွင် ၁ ပုံ မိုးအပ်, ၁ ပုံ မမိုးအပ်လျှင် ဥပဍ္ဎစ္ဆန္နသေနာသနတည်း၊ ဤသို့ ဥပဍ္ဎစ္ဆန္နစသည် ခွဲခြားပုံကို သိပါ၊ စူဠကပရိစ္ဆန္န စသည်တို့၌လည်း ဤနည်းပင်တည်း။ [စူဠကစ္ဆန္နာဒီနိ ဧဝံ ဝေဒိတဗ္ဗာနိ၊ ယဿ စတူသု ဘာဂေသု ဧကော ဆန္နော, သေသာ အစ္ဆန္နာ၊ ဣဒံ စူဠကစ္ဆန္နံ၊ ယဿ တီသု ဘာဂေသု ဒွေ ဆန္နာ၊ ဧကော အစ္ဆန္နော၊ ဣဒံ ယေဘုယျေနစ္ဆန္နံ၊ ယဿ ဒွီသု ဘာဂေသု ဧကော ဆန္နော၊ ဧကော အစ္ဆန္နော၊ ဣဒံ ဥပဍ္ဎစ္ဆန္နံနာမ သေနာသနံ၊ စူဠကပရိစ္ဆန္နာဒီနိပိ ဣမိနာဝနယေန ဝေဒိတဗ္ဗာနိ၊—ဋီကာ။]

စ-ဆက်၊ သဗ္ဗစ္ဆန္နေ သဗ္ဗအပရိစ္ဆိန္နေတိ ဧတ္ထ-ဟူသော ဤပါဠ်၌၊ ( သေနာသနံ-သည်၊ ) သေနမ္ဗမဏ္ဍပဝဏ္ဏံ-သေနမ္ဗမည်သော မဏ္ဍပ်၏ပုံသဏ္ဌာန်ရှိသည်၊ ဟောတိ-၏၊ ဣတိ-သို့၊ ဝုတ္တံ- ရှေးအဋ္ဌကထာတို့၌ ဆိုအပ်ပြီ၊ ဣမိနာပိ-ဤစကားကြောင့်လည်း၊(ဝေဒိတဗ္ဗံ၌စပ်၊) ယထာ—အကြင် အခြင်းအရာကြောင့်၊ ဇဂတိ – မြေခံ (အကြည်) သည်၊ ပရိက္ခေပသင်္ချံ - အကာအရံဟူသော အရေအတွက်သို့၊ နဂစ္ဆတိ၊ တေံ- ဤ ဇဂတီ၏ အကာအရံဟူသော အရေအတွက်သို့ မရောက်ခြင်း ဟူသော အခြင်းအရာကို၊ ဝေဒိတဗ္ဗံ၊ ဣတိ - ဤသို့ မှတ်အပ်၏။ [ယောဇနာ၌ကား အနက်တမျိုး ပေးသေး၏။ ] သေသံ၊ပေ၊ တိဝေဒနန္တိ။........ သဟသေယျသိက္ခာပဒံ ပဌမံ။

# ဒုတိယသဟသေယျ သိက္ခာပုဒ်

ဒုတိယသဟသေယျ သိက္ခာပဒေ-၌၊ အာဝသထာဂါရန္တိ-ကား၊ အာဂန္တုကာနံ-ဧည့်သည်တို့၏၊ ဝသနာဂါရံ-နေရာအိမ်သည်၊( တည်းခိုရာ စရပ်သည်)၊ [ ပညတ္တံ ဟောတိ၌ စပ်၊ ဝသန္တိ ဧတ္ထာတိ ဝသထော၊ အာဂန္တုကာနံ + ဝသထော အာဝသထော၊ အာဝသထောစ + သော + အဂါရံစာတိ အာဝသထာဂါရံဟု ပြု၊] ပညတ္တံ ဟောတီတိ-ကား၊ ပုညကာမတာယ - ကောင်းမှုကို အလိုရှိသူ၏အဖြစ်ကြောင့်၊ ကတ္ဝာ – ဆောက်လုပ်၍၊ ထပိတံ - ထားအပ်ပြီးသည်၊ ဟောတိ၊ ယေန၊ပေ၊ဥပသင်္ကမိတိ-ကား၊ အသုကသ္မိံ နာမ ဌာနေ-ထိုမည်သော အရပ်၌၊ ပညတ္တံ - တည်ထားအပ်ပြီးသော၊ အာဝသထာဂါရံ - ဧည့်သည်တို့

× × × × × × ×

**သေနမ္ဗ မဏ္ဍပဝဏ္ဏံ ။** ။ သီဟိုဠ်ကျွန်း၌ အလုံးစုံ မိုး၍ ပတ်ဝန်းကျင် မြေခံ (အကြည်) ပါရှိသော စည်းဝေးရာ မဏ္ဍပ်တဆောင်ရှိ၏၊ ထိုမဏ္ဍပ်ကို "သေနမ္ဗ"ဟု နာမည်ခေါ်သတတ်၊ ထို သေနမ္ဗ မဏ္ဍပ်သည် အပရိစ္ဆိန္နဖြစ်၍ အာပတ်ကို မပြုတတ်၊ အကယ်၍ ဇဂတီခေါ် မြေခံ ( အကြည် ) သည် အကာဖြစ်အံ့၊ ထို သေနမ္ဗမဏ္ဍပ်သည် အပရိစ္ဆိန္န သေနာသနမဖြစ်နိုင်ရာ၊ အမှန်မှာ ထို သေနမ္ဗမဏ္ဍပ်သည် အပရိစ္ဆိန္န သေနာသနပင်တည်း၊ ဤသေနမ္ဗမဏ္ဍပ်၏ အပရိစ္ဆိန္န သေနာသနအဖြစ်ကို ထောက်၍ ဇဂတီသည် အကာအရံမဟုတ်ဟု သိသာသည်—ဟူလို။

**မှတ်ချက်။** ။ပဌမ သဟသေယျသိက္ခာပုဒ်၌ "ဘိက္ခုံ ထပေတွာ အဝသေသော" ဟု ဆိုသော်လည်း မာတုဂါမ မပါ၊ ဘာ့ကြောင့်နည်း-ဒုတိယ သဟသေယျ သိက္ခာပုဒ်၌ မာတုဂါမကို သီးခြားယူလတံ့ ဖြစ်သောကြောင့်တည်း၊ ထို့ကြောင့် ပါရိသေသနည်း, ဂေါဗလီဗဒ္ဒနည်း , ပုညညာဏ သမ္ဘာရ နည်းအားဖြင့် အထိးဖြစ်သော အနုပသမ္ပန္န များကိုသာ ယူရတော့သည်။ [ဂဏ္ဌိပဒေသု ပန တီသုပိ "ဣမသ္မိံ သိက္ခာပဒေ မာတုဂါမဿာ ပိသံ ဝုတ္တမာနတ္တာ ပဌမသိက္ခာပဒေ " ဘိက္ခုံ ထပေတွာ အဝသေသော အနုပသမ္ပန္နောနာမာ"တိ ပုရိသဿေဝ ဂဟဏံ အနုစ္ဆဝိက"န္တိ ဝုတ္တံ–ဋီကာ။]

တည်းခိုရာစရပ်သည်၊ အတ္ထိ - ၏၊ ဣတိ - သို့၊ မနုဿာနံ – တို့၏ (စကားကို၊) သုတွာ-၍၊ ဥပသက်မိ-သွားပြီ၊ ဂန္ဓဂန္ဓိနီတိ-ကား၊ အဂရု ကုက္ကုမာဒီနံ-အကျော် ကုက်မံ အစရှိကုန်သော၊ ဂန္ဓာနံ-နံ့သာတို့၏၊ ဂန္ဓော- အနံ့တည်း၊ ဂန္ဓဂန္ဓော- နံ့သာတို့၏ အနံ့၊ [ဂန္ဓာနံ+ ဂန္ဓော၊] အဿာ- ထိုမိန်းမ၏၊ သော– ထို နံ့သာ တို့၏ အနံ့သည်၊ အတ္ထိ-၏၊ ဣတိ-ကြောင့်၊ ဂန္ဓဂန္ဓိနီ-မည်၏၊ သာဋကံ နိက္ခိပိတွာတိ - ကား၊ ဣမမ္ဗိ ဝိပ္ပကာရံ - ဤ ဖေါက်ပြန်သော အခြင်းအရာကိုလည်း၊ ပဿန္တဿ - မြင်ရသော၊ အဿ - ဤရဟန်း၏၊ ရာဂေါ - သည်၊ အပ္ပေဝနာမ ဥပ္ပဇ္ဇေယျ-ဖြစ်တန်ရာ၏၊ ဣတိ-သို့၊ စိန္တေတွာ-၍၊ ဧဝံ-သို့၊ အကာသိ-ပြုပြီ။

ဩက္ခိပိတွာတိ – ကား၊ အဓော – အောက်၌၊ ခိပိတွာ- ချ၍၊ [အောက်၌ ချက်လွှာချ၍။ ] အစ္စယောတိ- ကား၊ အပရာဓော- အပြစ်သည်၊ မံ အစ္စာဂမာတိ– ကား၊ မံ – တပည့်တော်မကို၊ အတိက္ကမ္မ – ကျော်လွန်၍၊ အဘိဘဝိတွာ– လွှမ်းမိုး၍၊ ပဝတ္တော-ဖြစ်ပါပြီ၊[အစ္စာဂမာကို“အတိ+အဂမာ”ဟု ခွဲ၊ အတိကို “အတိက္ကမ္မ”ဟု ဖွင့်၍, အဂမာကို“ပဝတ္တော” ဟု ဖွင့်၏။ ] သေသံ-ကြွင်းသော အစီအရင်ကို၊ ပဌမသိက္ခာပဒေ- ၌၊ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗံ- ၏။

ဟိ - အထူးကား၊ အယမေဝ – ဤ ဆိုအပ်လတ္တံ့ သည်သာ၊ ဝိသေသော- ထူး၏၊ ပဌမသိက္ခာပဒေ - ၌၊ စတုတ္ထဒိဝသေ - ၄ ရက်မြောက်နေ့၌၊ အာပတ္တိ (ဟောတိ)၊ ဣဓ- ဤသိက္ခာပုဒ်၌၊ ပဌမဒိဝသေပိ- ၌သော်မှလည်း၊ (အာပတ္တိ ဟောတိ )၊ [ ပိသည် သမ္ဘာဝနာ , ဒုတိယနေ့ စသည်၌ ဆိုဘွယ်ပင် မရှိ ဟု ဂရဟာကိုဆည်း။] ဒိဿမာနက ရူပါဟိ-ထင်ရှားသော ရုပ်အဆင်းရှိကုန်သော၊ ယက္ခီ ပေတီဟိ - ဘီလူးမ , ပြိတ္တာမတို့နှင့်၎င်း၊ မေထုနဓမ္မ ဝတ္ထုဘူတာယဝေ- မေထုန်အကျင့်၏ တည်ရာဖြစ်၍ ဖြစ်သည်သာလျှင်ဖြစ်သော၊ တိရစ္ဆာနဂတိတ္ထိယာစ–တိရစ္ဆာန် မနှင့်၎င်း၊ (သဟ, သေယျံ ကပ္ပေန္တဿ) ဒုက္ကဋံ (ဟောတိ)၊ သေသာဟိ-ကြွင်းသောအမတို့နှင့်၊ ( ဒိဿမာနက မဟုတ်သော ယက္ခီ ပေတီမ, မေထုနဓမ္မ ဝတ္ထု မဟုတ်သော သေးငယ်သော တိရစ္ဆာန်မ တို့နှင့်၊ သဟ , သေယျံ ကပ္ပေန္တဿ)အနာပတ္တိ၊ ( ဣတိ-ဤကား အထူးတည်း၊ ) သမုဋ္ဌာနာဒီနိ, ပဌမသဒိသာနေဝ- ပဌမသိက္ခာပုဒ်၏ သမုဋ္ဌာန် အစရှိသည်တို့နှင့် တူကုန်သည်သာ၊ ဣတိ-အပြီးတည်း။…ဒုတိယ သဟသေယျ သိက္ခာပဒံ ဆဋ္ဌံ။

× × × × × × × × ×

**ဒီဝါသေယျ ။** ။ ဤ သိက္ခာပုဒ်ပါဠိတော်၌ “ အတ္ထင်္ဂတေ သူရိယေ”စသည်ဖြင့် ဟောတော်မူသောကြောင့်“မာတုဂါမနှင့်သဟသေယျ ပြုရာ၌ ညဉ့်အခါဖြစ်မှ အာပတ် သင့်၏၊ နေ့အခါဖြစ်လျှင် အာပတ်မသင့်”ဟု ဋီကာဆိုသည်။

## ဓမ္မဒေသနာ သိက္ခာပုဒ်

သတ္တမသိက္ခာပဒေ - ၌၊ ယရဏိတိ - ကား၊ ယရသာမိ ဒိ – အိမ်ရှင်မတည်း။ [ ယရသဒ္ဒူပပဒ , နီဓာတ်, အပစ္စည်း၊ နငယ်ကို ဏပြန်၍ ယရဏဟု ဖြစ်၏၊ ထို့နောက် ဣတ္ထိဇောတက ပစ္စည်းသက်၍ ယရဏီ ဟု ပြီးသည်၊ ယရံ- အိမ်ကို၊ ဝါ- အိမ်၏ အမှုကိစ္စကို (၅ာနူပစာ)၊ နေတိ- ဆောင်တတ်၏၊ ဣတိ ယရဏီ။ ] နိဝေသန ဒွါရေတိ- ကား၊ နိဝေသနဿ- အိမ်၏၊ မဟာဒွါရေ–တံခါးမကြီး၌၊ (အိမ်၏ အဝင် အထွက် တံခါးမကြီး၌၊) ယရသုဏှာတိ- ကား၊ တသ္မိံ ယရေ– ထို အိမ်၌၊ သုဏှာ-ချွေးမသည်၊ ( နိသိန္နာ ဟောတိ၌စပ်၊ ) [ ယရေ+သုဏှာ ယရသုဏှာ။ ]အာဝသထဒွါရေတိ-ကား၊ ဩဝရကဒွါရေ-အခန်း၏ တံခါးပေါက် ၌၊ [“အာဂတွာ ပဝိသိတွာ ဝသန္တိ ဧတ္ထာတိ အာဝသထော” ဟုပြု။ ]ဝိသဇ္ဇေနာ တိ-ကား၊ သုနိဂ္ဂဇေတန-ကောင်းစွာ ထွက်သော၊ သဒ္ဒေန- အသံဖြင့်၊ ဝိဝဋ္ဋေနာ တိ–ကား၊ သုဋ္ဌု - ကောင်းစွာ၊ ပကာသေန - ထင်ရှားသော၊ အသံဝုတေန- မပိတ်ဆို့အပ်သောအသံဖြင့်၊ [အသံကို ချုပ်၍ အုပ်၍မပြောဘဲ ပွင့်ပွင့်လင်းလင်း ပြောအပ်သော အသံဖြင့်။ ] ဓမ္မော ဒေသေတဗ္ဗောတိ - ကား၊ သရဏာသီလာဒိ ဘေဒေါ-သရဏဂုံ, သီလအစရှိသော အပြားရှိသော၊ အယံဓမ္မော- ကို၊ ကထေ တဗ္ဗော ( နနု ) - ဟောထိုက်သည် မဟုတ်ပါလော၊ (ပါဠိတော်၌ နနုနှင့်တွဲ၍ ပေးရသည်။ ]အညာတုန္တိ-ကား၊အာဇာနိတုံ-သိခြင်းငှါ၊ [“သက္ကာ-တတ်ကောင်း ပါ၏” ဟု ပါဠိတော်၌စပ်၊ အညာတုံ၌ အကို ပဋိသေဓကြံ၍ “မသိခြင်းငှါ” ဟု အနက်ပေးမည်စိုးသောကြောင့် “အာဇာနိတုံ” ဟု ဖွင့်သည်၊ အာ ရှေးရှိသော ဉာဓာတ်, ညသံယုဂ်ကြောင့် အာကို အရဿပြု။ ]

ဝိညူနာ ပုရိသဝိဂ္ဂဟေနာတိ - ကား၊ ပုရိသဝိဂ္ဂဟံ–ယောကျ်ား၏ ကိုယ်ကို၊ ဂဟေတွာပိ-ယူ၍လည်း၊ ဌိတေန-တည်သော၊ န ယက္ခေန-ဘီလူးလည်း မဟုတ် သော၊ နပေတေန- ပြိတ္တာလည်း မဟုတ်သော၊ န တိရစ္ဆာနဂတေန - သော၊ ဝိညူနာ- တတ်သိနားလည်းသော၊ ပုရိသေန - ကို၊ ( အညတြ၌ စပ်၊ ဝိဂ္ဂဟဟု လာသမျှ၌ ယောကျ်ား အစစ်ကိုသာ ယူရသောကြောင့် “ ပုရိသဝိဂ္ဂဟံ ၊ပေ ၊ န တိရစ္ဆာနဂတေန ”ဟု ဝိသေသနပြုသည်၊ )အနာပတ္တိ၊ပေ၊ ဝိဂ္ဂဟေနာတိ-ကား၊ ဝိညူနာ - တတ်သိ နားလည်သော၊ ပုရိသဝိဂ္ဂဟေန - ယောကျ်ား၏ ကိုယ်နှင့်၊ (ယောကျ်ား အစစ်နှင့်၊) သဒ္ဓိံ - ကွ၊ ဌိတာယ - တည်သော မာတုဂါမအား၊ ဗဟုမ္ပိ-များစွာလည်း ဖြစ်သော၊ ဓမ္မံ-ကို၊ ဒေသေန္တဿ-ဟောသော ရဟန်း၏၊ အနာပတ္တိ၊ ဆပ္ပဉ္စဝါစာဟီတိ-ကား၊ ဆဟိဝါ-၆ခွန်းသော်လည်းဖြစ်ကုန်သော၊ ပဉ္စဟိဝါ-၅ ခွန်းသော်လည်း ဖြစ်ကုန်သော၊ ဝါစာဟိ-စကားတို့ဖြင့်၊ [ အချို့ စာအုပ်များ၌ ဝါသဒ္ဒါ မပါ။ ]ယော–အကြင်ရဟန်းသည်၊ ဒေသေတိ-ဟော၏၊ တဿပိ- ထို ရဟန်း၏လည်း၊ အနာပတ္တိ၊ [ “ ဆဝါ+ပဉ္စဝါ ဆပ္ပဉ္စ ” ဟု

သန္ဓျာဘယပဒ ဗဟုဗ္ဗီဟိ သမာသ်ပြု၍ " ဆပ္ပဉ္စ+ တာ+ ဝါစာယောစာတိ ဆပ္ပဉ္စဝါစာယော" ဟု ပြု၊ ဤသို့ " ဆပ္ပဉ္စ "ပုဒ်က သန္ဓျာဘယပဒဗဟုဗ္ဗီဟိ သမာသ်ဖြစ်သောကြောင့်"ဆဟိဝါ ပဉ္စဟိဝါ"ဟု ဝါပါသင့်သည်။]

တတ္ထ—ထိုဆပ္ပဉ္စဝါစာဟိ ဟူသော စကားရပ်၌၊ ဧကော-တခုသော၊ ဂါထာ ပါဒေါ- ဂါထာ၏ ပါဒသည်၊ ဧကဝါစာ – တခွန်းသော စကားတည်း၊ ဧတိ ဧဝံ-သို့၊ သဗ္ဗတ္ထ - အလုံးစုံသော စကားတို့၌၊ ဝါစာပမာဏံ—စကားတခွန်း၏ အတိုင်းအရှည်ကို၊ ဝေဒိတဗ္ဗံ—၏၊ [ ဂါထာဗန္ဓဖြင့်ဟောသည်ကို ရည်ရွယ်၍ "ဧကော ဂါထာပါဒေါ ဧကာဝါစာ"ဟု ဆိုသည်၊ စုဏ္ဏိယဖြင့် ဟောလျှင်ကား ဝိဘတျန္တတပုဒ်ကို စကားတခွန်း ဟု ယူထိုက်၏၊ ဧကောဂါထာပါဒေါတိ ဣဒံ ဂါထာဗန္ဓမေဝ သန္ဓာယ ဝုတ္တံ၊ အညတ္ထပန ဝိဘတ္တိအန္တပဒမေဝ ဂဟေတဗ္ဗန္တိ ဝဒန္တိ၊-ဋီကာ။] အဋ္ဌကထံဝါ-အဋ္ဌကထာကို သော်၎င်း၊ ဓမ္မပဒံဝါ—ဓမ္မပဒကို ၎င်း၊ ဇာတကာဒိဝတ္ထုံဝါ - ဇာတ် အစရှိသော ဝတ္ထုကိုသော်၎င်း၊ ကထေတု ကာမော-ဟောခြင်းငှါ အလိုရှိသည်၊ သစေ ဟောတိ- အံ့၊ (ဧဝံသတိ)၊ ဆပ္ပဉ္စ ပဒမတ္တမေဝ-၆ပုဒ် ၅ ပုဒ်မျှကိုသာ၊ ကထေတုံ ဝဋ္ဋတိ၊ ပါဠိယာ-ပါဠိတော်နှင့်၊ သဒ္ဓိံ-တကွ၊ ကထေန္တေန-ဟောသော ပုဂ္ဂိုလ်သည်၊ ဧကပဒံ-တခုသောပုဒ်ကို၊ ပါဠိတော- ပါဠိတော်မှ၎င်း၊ ပဉ္စ-၅ ခုသော ပုဒ်တို့ကို၊ အဋ္ဌကထတော- မှ၎င်း၊ ဣတိ ဧဝံ—သို့၊ ဆပဒါနိ-၆ ပုဒ်တို့ကို၊ အနတိက္ကာမေတ္ဗာဝ-မလွန်စေမူ၍သာ၊ ကထေတဗ္ဗော- ဟောထိုက်၏၊ ဟိ-မှန်၊ ပဒသော ဓမ္မေ - ၌၊ ဝုတ္တပ္ပဘေဒေါ— ဆိုအပ်ပြီးသော အပြားရှိသော ဓမ္မသည်၊ ဣဓာပိ – ဤ သိက္ခာပုဒ်၌လည်း၊ သဗ္ဗော-အလုံးစုံသော၊ ဓမ္မောယေဝ-ပင်တည်း၊ [ ပဒသော ဓမ္မသိက္ခာပုဒ်လာ ဓမ္မနှင့် ဤသိက္ခာပုဒ်လာ ဓမ္မသည် သဘောတူပင်-ဟူလို။] တသ္မိံဒေသေတိတိ— ကား၊ တသ္မိံခဏေ-၌၊ ဒေသေတိ- ဟောအံ့၊ [ ထို ခဏဟူသည် မာတုဂါမက ထပြီးနောက် ပြန်ထိုင်ရာ ခဏတည်း၊ ပါဠိတော်ကို ကြည့်ပါ၊ ] ဝါ- တနည်း၊ ဧတံ-ဤတသ္မိံ ဟူသော သဒ္ဒါသည်၊ သမ္ပဒါနတ္ထေ-သမ္ပဒါန် အနက်၌၊ ဘုမ္မဝစနံ-သတ္တမီဝိဘတ်ရှိသော သဒ္ဒါတည်း၊ တဿာ-ထို မာတုဂါမအား၊ ဒေသေတိ-အံ့၊ ဣတိအတ္ထော-နက်။[ဝါတက်သောနည်း၌ တသ္မိံသည် ဝိဘတ္တိဝိပလ္လာသသာမက လိင်္ဂဝိပလ္လာသလည်း ဖြစ်သည်၊ မာတုဂါမကို စွဲရသော်လည်း ဝိသေသနမှာ တဿာ ဟု ဣတ္ထိလိန်ပင်တည်း။]

× × × × × × ×

**ဧကံပဒံ၊ပေ၊ကထေတဗ္ဗော။** ။ဤစကားဖြင့် သင်္ဂါယနာ ၃ တန်တင်အပ်သော ပါဠိတော်အဋ္ဌကထာကိုသာ ဓမ္မဟု ဆိုလို၏၊ မြန်မာဘာသာ ဒမိဠဘာသာတို့ဖြင့်ကား ၆ ခွန်းထက် အပိုအလွန်လည်း ဟောနိုင်သည်၊ အဋ္ဌကထံ ဓမ္မပဒံ ဇာတကာဒိဝတ္ထုံ ဝါတိ ဣမိနာပိ ပေါရာဏာ သင်္ဂီတိအာရုဠ္ဟမေဝ အဋ္ဌကထာတိ ဝုတ္တန္တိ ဝဒန္တိ၊ အဋ္ဌ ကထာဒိပါဠိံ ထပေတွာ ဒမိဠာဒိဘာသန္တရေန ယထာရုစိ ကထေတုံ ဝဋ္ဋတိ၊—ဋီကာ။

အညိဿာ မာတုဂါမဿာတိ-ကား၊ ကေိဿာ-တယောက်သော မာတုဂါမ အား၊ ဒေသေတွာ – ဟောပြီး၍၊ ပုန-တဖန်၊ အာဂတာဂတာယ- လာသော လာသော၊ အညိဿာပိ-အခြား မာတုဂါမအားလည်း၊ ဒေသေတိ-ဟောပြန်အံ့၊ ဥတိဧဝံ–သို့၊ ဝါ-ဤနည်းအားဖြင့်၊ ကောသနေ–တနေရာတည်း၌၊ နိသိန္နော-ထိုင်လျက်၊ မာတုဂါမသတာသဟဿန္တမ္ပိ - မာတုဂါမ တသိန်း တို့အားလည်း၊ ဒေသေတိ- အံ့၊ ဥတိအတ္ထော– နက်၊ မဟာပစ္စရိယဋ္ဌကထာယံ- ၌၊ ဝုတ္တံ- ပြီ၊ (ကိံ)၊ သမံ-အညီအမျှ၊ နိသိန္နာနံ-ထိုင်နေကုန်သော၊ မာတုဂါမာနံ-တို့အား၊ (ဒေသေတိ-၌စပ်၊) တုမှာကံ-သင်တို့အား၊ (ဒေသေဿာမိ-၌စပ်၊) ဧကေကိ ဿာ–တယောက်တယောက်အား၊ ဧကေကံ–တပုဒ်တပုဒ်သော၊ ဂါထံ–ကို၊ ဒေသေဿာမိ-ဟောအံ့၊ တံ– ထို ဂါထာကို၊ သုဏာထ- နားထောင်ကြလော၊ ဥတိ - ဤသို့ပြော၍၊ ဒေသေတိ - အံ့၊ အနာပတ္တိ၊ ပဌမံ- မဟောမိ ရှေးဦးစွာ၊ ဧကေကိဿာ-အား၊ ဧကေကံ ဂါထံ ကထေဿာမိ-အံ့၊ ဥတိ-သို့၊ အာဘောဂံ-နှလုံးသွင်းမှုကို၊ ကတွာ-ပြု၍၊ဇာနာပေတွာ-နားလည်စေပြီး၍၊(ထိုသို့ဟောမည်ဟု အသိပေးပြီး၍ ) ကထေတုံ ဝဋ္ဋတိ၊ ပစ္ဆာ - ဟောပြီးရာကာလမှ နောက်၌၊ (အာဘောဂံကတွာ ဇာနာပေတွာ ကထေတုံ) န (ဝဋ္ဋတိ)- မအပ်၊ ဥတိ-သို့၊ ဝုတ္တံ-ပြီ၊ပဉ္စ၊ပေ၊ ကထေတီတိ-ကား၊ မာတုဂါမော-သည်၊ ဘန္တေ-အရှင်ဘုရား၊ ဒီဃနိကာယော နာမ–မည်သည်၊ ကိမတ္ထံ–အဘယ်အနက် အဓိပ္ပါယ်ကို၊ ဒီပေတိ–ပြပါသနည်း၊ ဥတိ-သို့၊ ပုစ္ဆတိ-မေးအံ့၊ ဧဝံ-သို့၊ ပဉှံ-ကို၊ ပုဋ္ဌော-မေးအပ်သော၊ (အမေးခံရသော၊) ဘိက္ခု-သည်၊ သဗ္ဗံ-သော၊ ဒီဃနိကာယံ–ကို၊ စေပိ ကထေတိ– အကယ်မူလည်း ဟောဉးတော့၊ (ဧဝံသတိပိ- သော်လည်း၊ အနာပတ္တိ၊ပေ၊ တိဝေဒနန္တိ။.... ဓမ္မဒေသနာသိက္ခာပဒံ သတ္တမံ။

---

## ဘူတာရောစန သိက္ခာပုဒ်

အဋ္ဌမသိက္ခာပဒေ-၌၊ တာဝ-သိက္ခာပုဒ်၏အဖွင့်မှ ရှေးဦးစွာ၊ (နိဒ္ဒိဋ္ဌာယ-ညွှန်ပြအပ်သော၊) ဝတ္ထုကထာယ-ဝတ္ထုကြောင်းကို ဆိုရာစကားရပ်၌၊ (ဝဂ္ဂုမုဒါတီရိယေ ဘိက္ခူအစရှိသော ဝတ္ထုကြောင်းစကားရပ်၌၊)ယံ-အကြင် စကားရပ်သည်၊ ဝါ-ကို၊ ဝတ္တဗ္ဗံ-ဆိုထိုက်သည်၊ သိယာ-ဖြစ်၏၊ တံ သဗ္ဗံ–ထို အလုံးစုံသော စကားရပ်သည်၊ စတုတ္ထပါရာဇိက ဝဏ္ဏနာယံ-၌၊ ဝုတ္တနယမေဝ-ဆိုအပ်ပြီးသော နည်းရှိသည်သာ၊ ဟိ-အထူးကား၊ အယမေဝ- ဤ ဆိုအပ်လတ္တံ့သည်သာ၊ ဝိသေသော - ထူး၏၊ တတ္ထ- ထို စတုတ္ထပါရာဇိက သိက္ခာပုဒ်၌၊ အဘူတံ-မဟုတ်မမှန်သော ဥတ္တရိမနုဿဓမ္မကို၊ အာရောစေသုံ - ပြောဆိုကြကုန်ပြီ၊ ဣဓ-ဤသိက္ခာပုဒ်၌၊ ဘူတံ – ဟုတ်မှန်သော ဥတ္တရိမနုဿဓမ္မကို၊ (အာရောစေသုံ၊)

ဘူတမ္ပိ-ကိုလည်း၊ ပုထုဇ္ဇနာ- တို့သည်၊ အာရောစေသုံ-နဲ့ပြီ၊ အရိယာ-တို့သည်၊ န—မပြောဆိုကြကုန်၊ ဟိ-မှန်၊ အရိယာနံ-တို့၏၊ ပယုတ္တဂါစာနာမ-ပစ္စည်းနှင့် စပ်ယှဉ်သောစကား မည်သည်၊ နတ္ထိ၊ (ပစ္စည်းရအောင်မပြောကြ-ဟူလို၊) ပန-ဆက်၊ အတ္တနော- ၏၊ ဂုဏေ - ဟုတ်မှန်သောဂုဏ်ကို၊ အာရောစိယမာနေ—ပုထုဇဉ်တို့က ပြောဆိုအပ်သော်၊ အညေ—အခြားသော အရိယာပုဂ္ဂိုလ်တို့သည်၊ န ပဋိသေဓေသုံ -မတားမြစ်ကြကုန်၊ တထာ-ထိုသို့ဂုဏ်ကိုပြောဆိုခြင်းကြောင့်၊ ဥပ္ပန္နေ-ဖြစ်ကုန်သော၊ပစ္စယေစ-တို့ကိုလည်း၊ တထာ-ထိုသို့ဂုဏ်ကိုပြောဆိုခြင်းကြောင့်၊ ဥပ္ပန္နဘာဝံ- ဖြစ်ကုန်သည်၏ အဖြစ်ကို၊ အဇာနန္တာ—မသိကုန်သည်၊ (ဟုတ္တာ-၍၊) သာဒယိံသု— သာယာကြကုန်ပြီ၊ ဣတိ-ဤကား အထူးတည်း၊ [ဝိသေသကို ပြန်လှည့်ဘို့ရန် "အဇာနန္တာတိ"ဟု ဣတိပါရမည်၊ မပါလျှင် ထည့်ပါ။]

ပန-ဆက်၊ အထခေါ၊ပေ၊အာရောစေသုန္တိ အာဒိမှ- အစရှိသော ပါဠိရပ်၌၊ ( ဝေဒိတဗ္ဗံ၌စပ်၊ ) ယေ - အကြင် ရဟန်းတို့သည်၊ ဥတ္တရိမနုဿ ဓမ္မဿ - ၏၊ ဝဏ္ဏံ-ကို၊ ဘာသိံသု- ပြောဆိုကြကုန်ပြီ၊ တေ- ထိုရဟန်းတို့သည်၊ အာရောစေသုံ- လျှောက်ကြကုန်ပြီ၊ ဣတိ - သို့၊ ဝေဒိတဗ္ဗံ- ထိုက်၏၊ [အထခေါ တေ ဘိက္ခူ အစရှိသော ပါဠိတော်၌ "ယတ သဒ္ဒါ နိစ္စသမ္ဗန္ဓာ " ဟူသည်နှင့် အညီ တ၏ စွဲနက်ကို "ယေ ဥတ္တရိ မနုဿဓမ္မဿ ဝဏ္ဏံ ဘာသိံသု"ဟုပြသည်။] ပန-ဆက်၊ ကစ္စိ၊ပေ၊ဘူဘန္တိ-ဟူ၍၊ ပုစ္ဆိတေ-မေးတော်မူအပ်သော်၊ သဗ္ဗေပိ-အလုံးစုံသော ရဟန်းတို့သည်လည်း၊ (ပုထုဇဉ်အရိယာ အားလုံးသည်လည်း) ဘူတံ ဘဂဝါတိ-ဟူ၍၊ ဝါ—ဟုတ်မှန်သောဂုဏ် ဖြစ်ပါသည်ဘုရားဟူ၍၊ ပဋိဇာနိံသု—ဝန်ခံကြကုန်ပြီ၊ ဟိ-မှန်၊ (တနည်း) ဟိ(ယသ္မာ)-ကြောင့်၊ အနရိယာနမ္ပိ-အရိယာမဟုတ်သော ပုထုဇဉ်တို့၏လည်း၊ အဇ္ဈတ္တေ- အတွင်း၌၊ ဥတ္တရိမနုဿဓမ္မော—

× × × × × × ×

**အနရိယာနမ္ပိ**။ ။ဘူတံ ဘဂဝါဟု ဝန်ခံရာ၌ ဥတ္တရိမနုဿဓမ္မကို ပြောခဲ့ကြသော ပုထုဇဉ် ရဟန်းများလည်း ပါဝင်နေ၏၊ ထိုပုထုဇဉ်များ၏ ဝန်ခံခြင်းသည် ဘူတ ဟုတ်ပါ၏လော ဟု စောဒနာဘွယ် ရှိသောကြောင့် "အနရိယာနမ္ပိ" ဟု မိန့်သည်၊ "ပုထုဇဉ်တို့မှာလည်း လောကီချာန်တည်းဟူသော ဥတ္တရိမနုဿဓမ္မ ထင်ရှားရှိပါ၏" ဟူလို၊ ပိဖြင့် အရိယာတို့ကို သမ္ပိဏ္ဍနာ ပြုသည်၊ အရိယာတို့မှာ မဂ်ဖိုလ်တို့ကို ရပြီး ဖြစ်သောကြောင့် ဥတ္တရိမနုဿဓမ္မ၏ ဘူတဖြစ်ကြောင်း ဆိုဘွယ်ရာ မရှိတော့ပြီ, ဘူတ ဟုတ် မဟုတ် စိစစ်ဘွယ် မလိုတော့ပြီ— ဟူလို၊ ယောဇနာနှင့် တကွ များစွာသော စာအုပ်တို့၌"အရိယာနမ္ပိ"ဟု ရှိသည်၊ ထိုအတိုင်းမှန်လျှင် ပိအတွက် မည်သည့်အနက်ကို ယူကြမည်နည်း၊ အရိယာတို့မှာ မဂ်ဖိုလ်ကို ရပြီးဖြစ်သောကြောင့် ဥတ္တရိမနုဿ ဓမ္မ၏ ဘူတ ဟုတ် မဟုတ်ကို စိစစ်ဘွယ်လိုဦးတော့မည်လော။ [ရှေးနိဿယ၌လည်း အရိယာနမ္ပိ ပါဌ်အတိုင်း အနက်ပေး၍, ထိုပိဖြင့် "ပုထုဇ္ဇနာနမ္ပိ ဥစနံ ဘူတံ" ဟု ဝါကျတခုကို ဆည်းဖွဲ့လသည်။]

သည်၊ ဘူတော-ထင်ရှားရှိ၏၊ ဣတိ-ကြောင့်၊(သဗ္ဗေပိ ဘူတံ ဘဂဝါတိ ပဋိဇာနိံသု၊) အထ- ထိုအခါ၌၊ ဘဂဝါ- သည်၊ အရိယမိဿကတ္တာ- အရိယာတို့နှင့် ရောနေကုန်သည်၏ အဖြစ်ကြောင့်၊ မောဃပုရိသာတိ- ဟူ၍၊ အဝတွာ-မိန့်တော်မမူဘဲ၊ ကထံဟိ၊ပေ၊ဘိက္ခဝေတိ-ဟူ၍၊ ဝတွာ-မိန့်တော်မူပြီး၍၊ ဥဒရဿ ကာရဏာတိ အာဒိံ–အစရှိသော စကားရပ်ကို၊ အာဟ-မိန့်တော်မူပြီ။

တတ္ထ – ထို ဥဒရဿ ကာရဏာ အစရှိသော စကားရပ်၌၊ ( အတ္တော ဓေ ဝေဒိတဗ္ဗော၊) ယသ္မာ – ကြောင့်၊ ( ဍ်ယသ္မာကို ဘာသိတောဝိယ ဟောတိ တိုင်အောင်စပ်၊ ) အရိယာ - တို့သည်၊ ( ပုစ္ဆိယမာနာ ပဋိဇာနိံသု ၌စပ်၊ ) အညေသံ - အခြားသော ပုထုဇဉ်တို့၏ ( စကားကို )၊ သုတွာ - ၍၊ ဘန္တေ– အရှင်ဘုရား၊ အယျော – အရှင်သည်၊ သောတာပန္နောကိရ - သောတာပန်ဟု ကြားရပါတကား၊ ဣတိ အာဒိနာ- ဍ်သို့ အစရှိသော၊ နယေန-ဖြင့်၊ ပသန္နေဟိ- ကြည်ညိုကုန်သော၊ မနုဿေဟိ-တို့သည်၊ ပုစ္ဆိယမာနာ-မေးအပ်ကုန်လသော်၊ သိက္ခာပဒေ-သိက္ခာပုဒ်ကို၊ အပညတ္တေ-မပညတ်အပ်သေးမီ၊ (တနည်း)သိက္ခာပဒေ–၏၊ အပညတ္တေ– မပညတ်အပ်သေးသည်၏ အဖြစ်ကြောင့်၊ (ဟောတုမန္တလက္ခဏာ၊) အနာဒီနဝဒဿိနော – အပြစ်ကို မမြင်ကုန်သည်၊ (ဟုတွာ- ၍၊) သုဒ္ဓစိတ္တတာယ - စင်ကြယ်သော စိတ်ရှိကုန်သည်၏ အဖြစ်ဖြင့်၊ အတ္တနောစ - ၏၎င်း၊ ပရေသဉ္စ – တို့၏၎င်း၊ ဝိသေသာဓိဂမံ - တရားထူးကို ရခြင်းကို၊ ဝါ- ရအပ်သော တရားထူးကို၊ ပဋိဇာနိံသု-ဝန်ခံကြကုန်ပြီ။

စ—ဆက်၊ ဓံ-သို့၊ ပဋိဇာနန္တေဟိ-ဝန်ခံကုန်သော၊ တေဟိ–ထို အရိယာ ပုဂ္ဂိုလ်တို့သည်၊ အညေ – အခြားသော ပုထုဇဉ်တို့သည်၊ ဥဒရဿ – ဝမ်း၏၊ ကာရဏာ-အကြောင်းကြောင့်၊ ဥတ္တရိမနုဿဓမ္မဿ-၏၊ဝဏ္ဏံ-ကို၊ ဘာသိတွာ- ပြော၍၊ ယံ ပိဏ္ဍပါတံ - ကို၊ ဥပ္ပါဒေသုံ - ဖြစ်စေကြကုန်ပြီ၊ တံ - ထို ဆွမ်းကို၊ ( သာဒယန္တေဟိ၌စပ်၊ ) သုဒ္ဓစိတ္တတာယ- ဖြင့်၊ သာဒယန္တေဟိပိ - သာယာပါကုန်သော်လည်း၊ ဝါ- သာယာသည်လည်း ဖြစ်ကုန်သော၊ ( တေဟိ - ထို အရိယာ ပုဂ္ဂိုလ်တို့သည်၊ ) ဥဒရဿ ကာရဏာ , ဥတ္တရိမနုဿဓမ္မဿ - ၏၊ ဝဏ္ဏော-သည်၊ ဝါ- ကို၊ ဘာသိတောဝိယ- ပြောဆိုအပ်သကဲ့သို့၊ ဟောတိ-၏၊ တသ္မာ - ကြောင့်၊ [ ပုထုဇဉ်တို့၏ ဥတ္တရိမနုဿဓမ္မကိုပြော၍ ဖြစ်စေအပ်သော ဆွမ်းကို သာယာကုန်သော အရိယာပုဂ္ဂိုလ်တို့၏ ဝမ်းအတွက် ဥတ္တရိမနုဿဓမ္မ၏ဂုဏ်ကို ပြောဆိုအပ်သကဲ့သို့ ဖြစ်သည်၏ အဖြစ်ကြောင့်၊ ( ပြောဆိုအပ်ရာ ရောက်သောကြောင့်၊ ) ]သဗ္ဗသင်္ဂါဟကေန-အလုံးစုံသော အရိယာပုထုဇဉ်တို့ကို သိမ်းယူကြောင်းဖြစ်သော၊ နယေနေဝ- နည်းဖြင့်သာလျှင်၊ ကထံဟိ၊ပေ၊ ဘာသိဿထာတိ- ဟူ၍၊ အာဟ- မိန့်တော်မူပြီ။ [တုမှေအရ အရိယာများလည်း ပါဝင်သည်-ဟူလို၊" သင်္ယုတ္တိ တေနာတိ သင်္ဂါဟကော၊ သဗ္ဗေသံ + သင်္ဂါဟကော

သဗ္ဗသင်္ဂါဟကော” ဟုပြု၊ ယောဇနာ၌ “ သဗ္ဗသင်္ဂါဟိကေနေဝ ” ပါဠိကိုယူ၍ “သဗ္ဗေသံ ပုထုဇ္ဇနာ ရိယာနံ သင်္ဂါဟကဗဝတ္တေနေဝ”ဟုပဝတ္တအနက်၌ ဏိက ပစ္စည်းသက်သော ပဝတ္တတဒ္ဓိတ် ဖွင့်လေသည်။] သေသံ-ကြွင်းသော ပုဒ်အပေါင်း သည်၊စတုတ္ထပါရာဇိကဝတ္ထုသဒိသမေဝ-စတုတ္ထပါရာဇိကဝတ္ထု၏ ပုဒ်အပေါင်း နှင့်တူသည်သာ၊ သိက္ခာပဒဝိဘင်္ဂေပိ – သိက္ခာပုဒ်၏ ဝိဘင်း၌လည်း၊ ( အယံ ဝိသေသော၌စပ်၊)ကေဝလံ-သက်သက်၊ တတ္ထ-ထို စတုတ္ထပါရာဇိက သိက္ခာပုဒ် ၌၊ ပါရာဇိကဓ္ဓေဝ – ပါရာဇိက အာပတ်သည်ရင်း၊ ထုလ္လစ္စယဥ္စ – သည်ရင်း၊ (ဟောတိ၊)ဣဓ-ဤသိက္ခာပုဒ်၌၊ ဘူတတ္တာ-ဥတ္တရိမနုဿဓမ္မ၏ ဟုတ်မှန်သည်၏ အဖြစ်ကြောင့်၊ ပါစိတ္တိယဥ္စေဝ ဒုက္ကဋဉ္စ(ဟောတိ၊) အယံ–ဤ ဆိုအပ်ပြီးကား၊ ဝိသေသော- အထူးတည်း၊ [ ပါရာဇိကနှင့် ပါစိတ်, ထုလ္လစဉ်းနှင့် ဒုက္ကဋ်၊ ဤသို့ ထူးသည်–ဟူလို။] သေသံ ဝုတ္တနယမေဝ။

ဥပသမ္ပန္နဿ ဘူတံ အာရောစေတီတိ တေံ - ဟူသော ဤစကားကို၊ ဥတ္တရိ မနုဿဓမ္မံဝေ-ကိုသာ၊ သန္ဓာယ ဝုတ္တံ။ [ “ဘူတံ - ဟုတ်မှန်သောစကားကို”ဟု ပေးမည်စိုး၍ “ ဥတ္တရိမနုဿဓမ္မမေဝ ” ဟု ဖွင့်သည်၊ “ဘူတံ- ဟုတ်မှန်သော ဥတ္တရိမနုဿဓမ္မကို”ဟု ပါဠိတော်၌ အနက်ပေးပါ။] ဟိ - မှန်၏၊ (“ဟုတ်မှန် သော ဥတ္တရိမနုဿဓမ္မကို ပြောလျှင် အာပတ်မသင့် ” ဟူသော ပါဠိတော်စကား သည်-မှန်၏၊)ပရိနိဗ္ဗာနကာလေဝါ-ပရိနိဗ္ဗာန် စံခါနီးအခါ၌သော်ရင်း၊ အန္တ ရာဝါ - ပရိနိဗ္ဗာန်မစံမီ အကြား၌သော်ရင်း၊ အတိကမိုယမာနေန - စကားဖြင့် အလွန်ဆွဲငင်အပ်သောရဟန်းသည်၊ ဥပသမ္ပန္နဿ ဘူတံ အာရောစေတုံ ဝဋ္ဋတိ၊

× × × × × × ×

**အတိကမိုယ မာနေန။** ။“အရှင်ဘုရား........ပြောပါ၊ အဘယ်တရားထူးကို အရှင်ဘုရား ရအပ်ပါသနည်း”ဤသို့စသည်ဖြင့် လှည့်ပတ်၍ မပြောပြောအောင် အမေး ခံရသူကို “ အတိကမိုယမာနေန ” ဟု ဆိုသည်။ [ အတိကမိုယမာနေနာတိ “ဝုဒထ ဘန္တေ၊ ကိံ တုမှေဟိ အဓိဂတ” န္တိ ဧဝံ နိပ္ပီဠိယမာနေန။]

**ပရိနိဗ္ဗာနကာလေ ဟိ ။** ။ ပရိနိဗ္ဗာန် စံခါနီးဖြစ်စေ , မစံမီအကြား၌ဖြစ်စေ , တရားထူး ရ မရကို အတင်းမေးခြင်းဟူသော အကြောင်း , ဈာယီအရိယာမှန်း မသိ၍ စွပ်စွဲသောရဟန်းအား အပြစ် မဖြစ်စေလိုခြင်းဟူသော အကြောင်း, အထက်ပုဂ္ဂိုလ်က တရားထူးရပြီးပြီလော၊ဟု မေးခြင်းဟူသောအကြောင်း, ဤပုဂ္ဂိုလ်သည် တရားအလုပ်ကို အားထုတ်နေသူတည်းဟု အများသိ၍ အားထုတ်မှု၏ အချိန်နှီးမဖြစ်ကြောင်းကြားရလျှင် ရှင်လန်းစေလို အတုလိုက်၍ အားထုတ်စေလိုခြင်းစသော အကြောင်းများတည်း၊ ဤ အကြောင်း များကြောင့်ကား ( မေးမေး မမေးမေး ) မိမိ အရိယာ ဖြစ်ကြောင်းကို ပြောနိုင်၏၊ [ အနတိကမိုယ မာနေနပိ ပုစ္ဆိတေဝါ အပုစ္ဆိတေဝါ တထာရူပေ ကာရ ဏေ သတိ အာရောစေတုံ ဝဋ္ဋတိယေဝ၊ ကာရဏော အယန္တိ ဥတ္တာပိ ပဋိပတ္တိယာ အမောဃဘာဝ ဒဿနေန သမုတ္တေဇနာယ သမ္ပဟံသနာယစ အရိယာ အတ္တာနံ ပကာ သေန္တိယေဝ။– ဋီကာ။]

သုတပရိယတ္တိသီလဂုဏံပန-ကြားနာအပ်ပြီးသော သုတဂုဏ်, သင်အပ်ပြီးသော ပရိယတ္တိဂုဏ်, သီလဂုဏ် ကိုကား၊ အနုပသမ္ပန္နဿ အာရောစေတုံ ဝဋ္ဋတိ၊ [ဋီကာ၌ "သုတဂုဏံ, ပရိယတ္တိဂုဏံ, သီလဂုဏံစ" ဟု ဖွင့်သည်။] အာဒိကမ္မိကဿ-အစအဦး လွန်ကျူးမှု၌ယှဉ်သော ဝဂ္ဂုမုဒါမြစ်ကမ်း၌နေသော ရဟန်းအပေါင်း၏၊ အနာပတ္တိ။

ပန-ဆက်၊ ဥမ္မတ္တကဿာတိဣဒံ-ဟူသော ဤစကားကို၊ ဣဓ-ဤ သိက္ခာပုဒ်၌၊ နဝုတ္တံ—မိန့်တော်မမူအပ်၊ ကသ္မာ-နည်း၊ ဒိဋ္ဌိသမ္ပန္နာနံ- မဂ်ဉာဏ်အမြင်နှင့်ပြည့်စုံကုန်သော အရိယာပုဂ္ဂိုလ်တို့၏၊ ဥမ္မာဒဿဝါ-ရူးသွပ်ခြင်း၏၎င်း၊ စိတ္တက္ခေပဿဝါ— စိတ်ပြန့်လွင့်ခြင်း၏၎င်း၊ အဘာဝါ- မရှိခြင်းကြောင့်တည်း၊ ဣတိ- သို့၊ မဟာပစ္စရိယံပိ- ၌လည်း၊ ဝိစာရိတံ- စိစစ်အပ်ပြီ။ [အချို့စာများ၌ မဟာပစ္စရိယမ္ပိဟိဟု ရှိ၍၊ ထို(ဟိ)လိုမည်မထင်။]ပန-ထိုသို့ပင် စိစစ်အပ်ပါသော်လည်း၊ ဈာနလာဘီ - လောကီဈာန်ကို ရခြင်းရှိသော ပုဂ္ဂိုလ်သည်၊ ဈာနေ - သည်၊ ပရိဟီနေ-လျော့လသော်၊ (ဈာန်လျော့ပြီးနောက်မှ၊) ဥမ္မတ္တကော- ရူးသွပ်သူသည်၊ ဘဝေယျ - ဖြစ်နိုင်ရာ၏၊ တဿပိ - ထို ဈာန်လျော့ပြီးနောက်မှ ရူးသူ၏လည်း၊ ဘူတာရောစနပစ္စယာ-ဘူတာရောစနအကြောင်းကြောင့်၊ အနာပတ္တိ-အနာပတ်ကို၊ န ဝတ္တဗ္ဗာ- မဆိုထိုက်၊ ( ကသ္မာ- နည်း၊ ) ဘူတဿေဝ— ဟုတ်မှန်သော ဥတ္တရိမနုဿဓမ္မ၏ပင်၊ အဘာဝတော - မရှိခြင်းကြောင့်တည်း၊ ဣတိ - ဤသို့ မှတ်အပ်၏၊[ဈာန်လျော့ပြီးနောက် ဥတ္တရိမနုဿဓမ္မထင်ရှားမရှိ၍ ဘူတာရောစန မဟုတ်၊ သို့သော် ဥမ္မတ္တကဖြစ်၍ စတုတ္ထပါရာဇိက အဘူတာရောစန သိက္ခာပုဒ်အရ အာပတ်မသင့်။] သေသံ ဥတ္တာနမေဝ၊ တေံဘူတာရောစနံနာမ-မည်သည်၊ ပုဗ္ဗေ-၌၊ အဝုတ္တေဟိ-မဆိုအပ်ကုန်သေးသော၊ (ရှေးကမပါခဲ့ကုန်သေးသော)၊ ကာယတော- ၎င်း၊ ဝါစာတော- ၎င်း၊ ကာယဝါစာတော- ၎င်း၊ ဣတိ- ဤသို့၊ တီဟိ- ကုန်သော၊ သမုဋ္ဌာနေဟိ- တို့ကြောင့်၊ သမုဋ္ဌာတိ-ဖြစ်၏၊ပေ၊ ကုသလာဗျာကတစိတ္တေဟိ - ကုသိုလ်အဗျာကတ စိတ်တို့ဖြင့်၊ ဒွိစိတ္တံ - ၏၊ သုခမဇ္ဈတ္တဝေဒနာဟိ— သုခဥပေက္ခာဝေဒနာတို့ဖြင့်၊ ဒွိဝေဒနံ-၏၊ ဣတိ—အပြီးတည်း၊.... ဘူတာရောစနသိက္ခာပဒံ အဋ္ဌမံ။

× × × × × × ×

**မှတ်ချက်**။ ။ အရိယာမှန်း မသိ၍ စွပ်စွဲမိသော ရဟန်းငယ်အား အပြစ်မဖြစ်စေလို၍ ဥတ္တရိ မနုဿဓမ္မပြောပုံဝတ္ထုကို ပါရာဇိကဏ် ဝေရဉ္ဇကဏ္ဍ ဒိဗ္ဗစက္ခု အဘိဉာဏ် အခန်း၌ ရှုပါ။

သဂုဏာနာဝိကရဏေ, ကာရဏေ သတိ တာဒိသော၊
ဩစိတျဟီနတာပတ္တိ, နတ္ထိ ဘူတဿ သံသိနော။....အလင်္ကာ။

# ဒုဋ္ဌုလ္လာရောစန သိက္ခာပုဒ်

နဝမသိက္ခာပဒေ-၌၊ ဒုဋ္ဌုလ္လာနာမ၊ပေ၊သံဃာဒိသေသာတိ ဧမိဿာ ပါဠိ ယာ-ဟူသော ဤပါဠိ၌၊ ပါရာဇိကာနိ-တို့ကို၊ ဒုဋ္ဌုလ္လသဒ္ဒတ္တ ဒဿနတ္ထံ-ဒုဋ္ဌုလ္လ သဒ္ဒါ၏အနက်ကို ပြခြင်းအကျိုးငှါ၊ [ရသင့်သမျှအနက်တို့ကို ထုတ်ပြခြင်းဟူသော အတ္ထုဒ္ဓါရအကျိုးငှါ၊] ဝုတ္တာနိ- မိန့်တော်မူအပ်ကုန်ပြီ၊ ပန- စင်စစ်ကား၊ ဣဓ- ဤသိက္ခာပုဒ်၌၊ သံဃာဒိသေသံ-ကို၊ အဓိပ္ပေတံ- အလိုရှိအပ်၏၊ ဣတိ-သို့၊ အဋ္ဌ ကထာသု - ရှေးအဋ္ဌကထာတို့၌၊ ဝုတ္တံ - ဆိုအပ်ပြီ၊ တတြ - ထို ဒုဋ္ဌုလ္လာနာမ အာပတ္တိစသော စကားရပ်၌၊ (တနည်း) တတြ-ထို ပါဠိအဋ္ဌကထာတို့၌၊ အယံ- ဤ ဆိုအပ်လတ့ံကား၊ ဝိစာရဏာ - စိစစ်ခြင်းတည်း၊ ပါရာဇိကံ- ကို၊ အာရောစေန္တဿ - ပြောဆိုသော ရဟန်း၏၊ ပါစိတ္တိယံ - သည်၊ သစေ န ဘဝေယျ - အကယ်၍ မဖြစ်အံ့၊ (ဧဝံသတိ) ဘိက္ခု ဘိက္ခုနီနံ-တို့၏(အပေါ်၌၊) ဥပသမ္ပန္န သဒ္ဒေ-ဥပသမ္ပန္နသဒ္ဒါသည်၊ သမာနေပိ-တောနက်အဖြစ်ဖြင့် တူပါသော်လည်း၊ ယတ္ထ-အကြင်သိက္ခာပုဒ်၌၊ ဘိက္ခုနီ-သည်၊ အနဓိပ္ပေတာ-အလိုမရှိထိုက်သည်၊ ဟောတိ- ၏၊ တတ္ထ- ထိုသိက္ခာပုဒ်၌၊ ဘိက္ခုံ ထပေတွာ အဝသေသော အနုပ သမ္ပန္နောတိ-ဟူ၍၊ ဝုစ္စတိယထာ - ဟောတော်မူအပ်သကဲ့သို့၊ (ဟောတော်မူရိုး ရှိသကဲ့သို့၊) [ဘိက္ခုကိုချန်ထား၍ ကျန်သမျှ အနုပသမ္ပန္နဟု ဆိုလျှင် ဘိက္ခုသာ ဥပသမ္ပန္နမည်သည်-ဟူလို။] ဧဝံ-တူ၊ ဣဓ—ဤ သိက္ခာပုဒ်၌၊ ပါရာဇိက သံဃာဒိ သေသာနံ – တို့၏ (အပေါ်၌၊) ဒုဋ္ဌုလ္လသဒ္ဒေ – သည်၊ သမာနေပိ—တောနက် အဖြစ်ဖြင့် တူပါသော်လည်း၊ ပါရာဇိကံ- ကို၊ အနဓိပ္ပေတံ- အလိုမရှိအပ်သည်၊ ယဒိဟောတိ—အကယ်၍ဖြစ်အံ့၊ (ဧဝံသတိ-သော်၊) ဒုဋ္ဌုလ္လာနာမ၊ပေ၊သံဃာဒိ သေသာတိ-ဟူ၍၊ တေဒေဝ-ဤမျှလောက်သော စကားကိုသာ၊ ဝတ္တဗ္ဗံ-ဟောတော် မူထိုက်သည်၊ သိယာ-ဖြစ်ရာ၏၊ [ထိုသို့ကား ဟောတော်မမူ၊ ထိုသို့ ဟောတော် မမူသောကြောင့် ဤ ဒုဋ္ဌုလ္လအရာဝယ် ပါရာဇိက သံဃာဒိသေသ် ၂ မျိုးလုံးကို ယူထိုက်သည်ဟု စဉ်းစားမိသည်— ဟူလို။]

တတ္ထ- ထိုသို့ ဟောသင့်လျက် မဟောရာ၌၊ ( ကဿစိ - တစုံတယောက်၏၊ ဝိမတိ-တွေးတောခြင်းသည်၊)ဘဝေယျ—ဖြစ်ရာ၏၊ (ကိံ-နည်း၊)ယော-အကြင် ပုဂ္ဂိုလ်သည်၊ ပါရာဇိကံ - သို့၊ အာပန္နော - ရောက်ပြီ၊ သော - ထိုပုဂ္ဂိုလ်သည်၊ ဘိက္ခုဘာဝတော—ရဟန်းအဖြစ်မှ၊ စုတော- ရွေ့လျောပြီ၊ တသ္မာ — ကြောင့်၊ တဿ—ထို ပါရာဇိကကျပြီးသော ပုဂ္ဂိုလ်၏၊ အာပတ္တိံ-ကို၊ အာရောစေန္တော— ပြောသောရဟန်းသည်၊ ဒုက္ကဋံ- သို့၊ အာပဇ္ဇတိ- ၏၊ ဣတိ- သို့၊ ( ဝိမတိ ဘဝေ ယျ။)ဧဝံသတိ-ဤသို့ဖြစ်လသော်၊(ဤသို့ တွေးတောသည့်အတိုင်း မှန်လသော်၊) အက္ကောသန္တော ပိ - ပါရာဇိကကျပြီးသော ပုဂ္ဂိုလ်ကို ဆဲရေးသောရဟန်းသည် လည်း၊ ဒုက္ကဋံ-သို့၊ အာပဇ္ဇေယျ-ရာ၏၊ စ-စင်စစ်ကား၊ ပါစိတ္တိယမေဝ-သို့သာ၊

အာပဇ္ဇတိ – ၏၊ ဟိ – သာစေကကား၊ အသုဒ္ဓေါ ၊ပေ၊ ဩမသဝါဒဿာတိ– ဟူသော၊ တံ (သုတ္တံ) - ဤပါဠိကို၊ (ဘဂဝတာ) ဝုတ္တံ - မိန့်တော်မူအပ်ပြီ၊ (ဧတ္ထ - ဤကား စိစစ်ခြင်းတည်း၊ ဤသို့ ရှေ့ပြန်အုပ်ပါ၊ ) [ ပုဂ္ဂလော- သည်၊ အညတရံ-တပါးပါးသော၊ ပါရာဇိကံဓမ္မံ- သို့၊ အဇ္ဈာပန္နော - ရောက်ပြီးသည်၊ (ဟုတွာ) အသုဒ္ဓေါ- မစင်ကြယ်သူသည်၊ ဟောတိ၊ တံ–ထိုပုဂ္ဂိုလ်ကို၊ အသုဒ္ဓ ဒိဋ္ဌိ- မစင်ကြယ်သူဟု အယူရှိသည်၊ သမာနော-ဖြစ်ပါလျက်၊ ဩကာသံ- အခွင့် ကို၊ ကာရာပေတွာ - ပြုစေ၍၊ အက္ကောသာဓိပ္ပါယော - ဆဲရေးခြင်း၌ ဖြစ်သော အလိုရှိသည်၊ (ဟုတွာ - ၍၊) ဝဒတိ– အကယ်၍ ပြောဆိုစွပ်စွဲအံ့၊ ( ဝေံ သတိ) ဩမသဝါဒဿ - ဩမသဝါဒ ပါဠိတ်အာပတ်သို့၊ အာပတ္တိ- ရောက်ခြင်း သည်၊ (ဟောတိ၊)···· [ သံဃာဒိသေသ်– ဒုဋ္ဌဒေါသသိက္ခာပုဒ်။]

ဝေံ-သို့၊ ပါဠိယာ-ကို၊ ဝိစာရိယမာနာယ-စိစစ်အပ်သည်ရှိသော်၊ ပါရာဇိကံ- ကို၊ အာရောစေန္တဿာပိ–ပြောသော ရဟန်း၏လည်း၊ [ ပါရာဇိက ကျပြီးသူ၏ ပါရာဇိကအာပတ်ကို အနုပသမ္ပန္နအား ပြောသော ရဟန်း၏လည်း၊ ] ပါစိတ္တိယ မေဝ-ကိုသာ၊ ဒိဿတိ-တွေ့မြင်အပ်၏၊ ကိဉ္စာပိ ဒိဿတိ-အကယ်၍ကား တွေ့မြင် အပ်ပါပေ၏၊ အထခေါ- ထိုသို့ပင် တွေ့မြင်အပ်ပါသော်လည်း၊ သဗ္ဗအဋ္ဌကထာ သု-အလုံးစုံသော ရှေး အဋ္ဌကထာတို့၌၊ ဝုတ္တတ္တာ–ဆိုအပ်ပြီး၏အဖြစ်ကြောင့်၊ (သံဃာဒိသေသ်ကိုသာ အလိုရှိအပ်၏ ဟု ဆိုအပ်ပြီး၏ အဖြစ်ကြောင့်၊ ) အဋ္ဌ ကထာစရိယာဝ- ရှေး အဋ္ဌကထာဆရာတို့သည်သာ၊ ဧတ္ထ- ဤ ဒုဋ္ဌုလ္လသဒ္ဒါ၏ အနက်ကို ဖွင့်ပြရာ၌၊ ပမာဏံ - လိုရင်း ပမာဏတည်း၊ အညာ - အခြားသော၊ ဝိစာရဏာ– စိစစ်ခြင်းသည်၊ န (ပမာဏံ)- လိုရင်းမဟုတ်၊ စ– ဆက်၊ ပုဗ္ဗေပိ- ရှေး၌လည်း၊ (ပါရာဇိကဏ်အဋ္ဌကထာ ဂါထာရမ္ဘအခဏ်း၌လည်း၊) ဗုဒ္ဓေန၊ ပေ၊ ဉာတောတိ အာဒိ-အစရှိသော၊(ယံ ဝစနံ-အကြင်စကားသည်၊ အတ္ထိ-ရှိ၏၊ တံ ဝစနံ—ကို၊ မယံ- တို့သည်၊) အဝေါစုမှ- ဆိုခဲ့ကုန်ပြီ၊ ဟိ-မှန်၊ အဋ္ဌကထာ စရိယာ- တို့သည်၊ ဗုဒ္ဓဿ- ၏၊ အဓိပ္ပါယံ- ကို၊ ဇာနန္တိ–သိတော်မူကြကုန်၏။

စ - သည်သာ မကသေး၊ ဧမိနာပိ ပရိယာယေန - ဤဆိုအပ်လတ့ံသော အကြောင်းကြောင့်လည်း၊ တံ ( ပမာဏတ္တံ ) - ဤ ရှေးအဋ္ဌကထာ ဆရာတို့ ဆိုအပ်သော စကား၏ ပမာဏ၏ အဖြစ်ကို၊ ဝေဒိတဗ္ဗံ-၏၊ ဟိ - ချဲ့၊ အညတြ ဘိက္ခုသမ္မုတိယာတိ-ဟူ၍၊ ဝုတ္တံ-ပြီ၊ စ-ဆက်၊ ဘိက္ခုသမ္မုတိယာ-ရဟန်းအား ပေးအပ်သော သမ္မုတိကြောင့်၊ အာရောစနံ-ပြောခြင်းကို၊(ဒုဋ္ဌုလ္လကို အနုသမ္ပန္န

× × × × × × × × ×

**သဗ္ဗအဋ္ဌကထာသု ၊ ပေ၊ ပမာဏံ ။** ။ အရှင်မဟာဗုဒ္ဓဃောသသည် ဤနေရာ၌ ရှေး အဋ္ဌကထာတို့၏ ဖွင့်ပုံကို အားမရ၍ မိမိသဘောကျကို စိစစ်၍ ပြခဲ့သော်လည်း ရှေးအဋ္ဌကထာ ဆရာတို့၏ စကားကို မလွန်ဆန်ဝံ့သောကြောင့် ထို ရှေးအဋ္ဌကထာ တို့၏ စကားကိုပင် ပြန်၍ ထောက်ခံ ဖွင့်ပြရလေသည်။

အား ပြောခြင်းကို၊ အနုညာတံ၌ စပ်၊)အာယတိံ—နောင်အခါ၌၊ သံဝရတ္ထာယ-စောင့်စည်းခြင်း အကျိုးငှါ၊ ဝါ-စောင့်စည်းစေလိုသောကြောင့်၊ ပုန - တဖန်၊ တထာရူပံ—ထိုသို့ သဘောရှိသော၊ အာပတ္တိံ—သို့၊ အနာပဇ္ဇနတ္ထာယ-မရောက်ခြင်းအကျိုးငှါ၊ဝါ-မရောက်စေလိုသောကြောင့်၊(သံဝရတ္ထာယကို ထပ်ဖွင့်သည်၊) ဘဂဝတာ-သည်၊ အနုညာတံ—ပြီ၊ တဿဘိက္ခုနော-၏၊ အဝဏ္ဏမတ္တပ္ပကာသနတ္ထာယ— ကျေးဇူးမဲ့မျှကို ထင်ရှားပြခြင်းအကျိုးငှါ၊ သာသနေ—၌၊ အဿ- ထိုရဟန်း၏၊ ပတိဋ္ဌာနိသေဓနတ္ထာယ-ထောက်တည်ရာကို တားမြစ်ခြင်းအကျိုးငှါ၊ န အနုညာတံ-ခွင့်ပြုတော်မူအပ်သည် မဟုတ်၊ စ- ဆက်၊ ပါရာဇိကံ-သို့၊ အာပန္နဿ — ရောက်ပြီးသော ရဟန်း၏၊ ပုန- တဖန်၊ တထာရူပါယ- သော၊ အာပတ္တိယာ-ပါရာဇိကအာပတ်သို့၊အနာပဇ္ဇနေန-မရောက်ခြင်းကြောင့်၊ ဘိက္ခုဘာဝေါ နာမ-ရဟန်း၏ အဖြစ်မည်သည်၊ န အတ္ထိ-မရှိ၊ တသ္မာ—ကြောင့်၊ ပါရာဇိကာနိ၊ ပေ၊ ဍူမဒ္ဒါမိပ္ပေတန္တိ-ဟူသော၊ ယံ—အကြင် စကားကို၊ အဋ္ဌကထာသု—ရှေးအဋ္ဌကထာတို့၌၊ ဝုတ္တံ-ဆိုအပ်ပြီ၊ တံ-ထိုစကားကို၊ သုဝုတ္တမေဝ-ကောင်းစွာဆိုအပ်ပြီးသည်သာ။(ဧဝဖြင့်“စိစစ်ဘွယ် မလိုတော့”ဟု ကန့်သည်။)

ပန-ဆက်၊ အတ္ထိ၊ ပေ၊ ပရိယန္တ္တာတိ အာဒိသု-အစရှိသော ပါဠိရပ်တို့၌၊ ယာ အယံ ဉတ္တိသမ္ပတ္တိ-ကို၊ ဝုတ္တာ - ဟောတော်မူအပ်ပြီ၊ သာ-ထို ဉတ္တိသမ္ပတ္တိသည်၊ ကတ္ထစိ-တစုံတခုသော ပါဠိရပ်၌၊ န အာဂတာ-မလာ၊ ဝါ-မပါ၊ [အခြားအခြားသော ဉတ္တိသမ္ပတ္တိများသည် ထိုထိုပါဠိတော်၌ပါသော်လည်း ဤဉတ္တိသမ္ပတ္တိကား တစုံတခုသော ပါဠိရပ်၌မျှ မပါ။]ပန-ထိုသို့ပင် တစုံတခုသော ပါဠိရပ်၌ မလာပါသော်လည်း၊ ဣဓ-ဤသိက္ခာပုဒ်၌၊ ဝုတ္တတ္တာယေဝ—အတ္ထိဉတ္တိသမ္ပတ္တိ ဟု မိန့်တော်မူအပ်သည်၏ အဖြစ်ကြောင့်ပင်၊ အဘိဏှာပတ္တိကံ - မပြတ်သော အာပတ်ရှိသော၊ (မကြာမကြာ အာပတ်သင့်သော၊) ဘိက္ခုံ - ကို၊ ဒိသွာ-၍၊ ဧဝံ-ဤသို့ ပြောအပ်သော်၊ သေ—ဤရဟန်းသည်၊ ပရေသု—သူတပါးတို့၌၊ ဟိရောတ္တပ္ပေနာပိ-ရှက်ကြောက်ခြင်းကြောင့်လည်း၊ အာယတိံ-၌၊ သံဝရံ-စောင့်စည်းခြင်းသို့၊ အာပဇ္ဇိဿတိ- ရောက်လတ့်၊ ဣတိ-ဤသို့နှလုံးသွင်း၍၊ တဿ ဉတ္တိနော- ထို အဘိဏှာပတ္တိက ရဟန်း၏၊ ဟိတေသိတာယ—စီးပွားကို အလိုရှိသည်၏ အဖြစ်ကြောင့်၊ တိက္ခတ္တုံ- ၃ ကြိမ်၊ အပလောကေတွာ - ပန်ပြော၍၊ (အပလောကနကံ ပြု၍၊) သံဃေန- သည်၊ ကာတဗ္ဗာ- ပြုထိုက်၏၊ ဣတိ- သို့၊ ဝေဒိတဗ္ဗာ- သိထိုက်၏၊ ဣတိ- သို့ မှတ်အပ်၏။ [ ဉတ္တိသမ္ပတ္တိ ပေးပုံနှင့်တကွ အခြား မှတ်ဘွယ်များကို ကင်္ခါဘာသာဋီကာ၌ ပြထားပြီ။ ]

အဒုဋ္ဌုလ္လံ၊ ပေ၊ ဒုက္ကဋဿာတိ — ကား၊ ပဉ္စပိ- ၅ ပါးလည်း ဖြစ်ကုန်သော၊ အာပတ္တိက္ခန္ဓေ-အာပတ်အစုတို့ကို၊(ပိဖြင့် ၁-၂-၃-၄ ပါးသော အာပတ်အစုကို ဆည်း၊) အာရောစေန္တဿ ဒုက္ကဋံ၊ မဟာပစ္စရိယံ ပန- ၌ကား၊ ပါရာဇိကံ- ကို၊

အာရောစေန္တဿာပိ- ပြောသော ရဟန်း၏လည်း၊ ဒုက္ကဋမေဝ ဝုတ္တံ၊ အနုပသမ္ပ
န္နဿ၊ပေ၊ အဇ္ဈာစာရန္တိ ဧတ္ထ - ၌၊ အာဒိတော- အစမှ ( ပဋ္ဌာယ - စ၍၊ လိန်
၁၀ ပါးတွင် အစမှ စ၍)ပဉ္စ- ၅ ပါးကုန်သော၊ သိက္ခာပဒါနိ- တို့သည်၊(အနုပ
သမ္ပန္နဿ-သာမဏေ၏၊) ဒုဋ္ဌုလ္လောနာမ- မည်သော၊ အဇ္ဈာစာရော- လွန်ကျူး
မှုတည်း၊ သေသာနိ–၅ ပါးသော သိက္ခာပုဒ်တို့မှ ကြွင်းသော ဝိကာလဘောဇန
စသော သိက္ခာပုဒ်တို့သည်၊ အဒုဋ္ဌုလ္လော–မည်သော၊(အဇ္ဈာစာရော-တည်း၊)
ပန-ဆက်၊ သုက္ကဝိသဋ္ဌိ၊ပေ၊အတ္တကာမာ- သုက္ကဝိသဋ္ဌိ, ကာယသံသဂ္ဂ , ဒုဋ္ဌုလ္လ
ဝါစာ , အတ္တကာမတို့သည်၊ အဿ– ထို အနုပသမ္ပန္န၏ ( အတွက် )၊ အဇ္ဈာ
စာရောနာမ - မည်၏၊ ဣတိ- သို့၊ ဝုတ္တံ - ရှေးအဋ္ဌကထာတို့၌ ဆိုအပ်ပြီ၊ ဝတ္ထုံ
အာရောစေတိတိ- ကား၊ အယံ–ဤရဟန်းသည်၊ သုက္ကဝိသဋ္ဌိံ–သို့၊ အာပန္နော-
ရောက်ပြီ၊ပေ၊ကာယသံသဂ္ဂံ - သို့၊ အာပန္နော - ပြီ၊ ဣတိ ဧဝံ- ဤသို့၊ ဝဒန္တဿ
အနာပတ္တိ၊ အာပတ္တိံ အာရောစေတီတိ ဧတ္ထ(အတ္ထော ဧဝံ ဝေဒိတဗ္ဗော၊)အယံ-
ဤရဟန်းသည်၊ ပါရာဇိကံ-သို့၊ အာပန္နော-ပြီ၊ ပေ၊ ဣတိ-သို့၊ ဝဒတိ-အံ့၊ အနာ
ပတ္တိ၊ ပန-အန္တယကား၊ အယံ- ဤရဟန်းသည်၊ အသုစိံ-သုက်ကို၊ မောစေတွာ-
လွတ်စေ၍၊ သံဃာဒိသေသံ-သို့၊ အာပန္နော- ရောက်ပြီ၊ ဣတိ အာဒိနာ - သော၊
နယေန-ဖြင့်၊ ဝတ္ထုနာ- ဝတ္ထုနှင့်၊ သဒ္ဓိံ-ကွ၊ အာပတ္တိံ-ကို၊ ဃဋေတွာ- ဆက်စပ်
၍၊ အာရောစေန္တဿေဝ-ပြောသောရဟန်း၏သာ၊အာပတ္တိ–သည်၊(ဟောတိ၊)
သေသံ၊ပေ၊ဒုက္ခဝေဒနန္တိ။

ဒုဋ္ဌုလ္လာရောစနသိက္ခာပဒံ နဝမံ။

## ပထဝီခဏနသိက္ခာပုဒ်

ဒသမသိက္ခာပဒေ – ၌၊ ဇာတာစ ၊ပေ၊ ဣမေဟိပဒေဟိ - ဟူကုန်သော ဤ
ပုဒ်တို့ဖြင့်၊ ဇာတပထဝိံ စ-ဇာတပထဝီကိုငင်း၊ ဝါ-မြေအစစ်ကိုငင်း၊ အဇာတ
ပထဝိံ စ-အဇာတပထဝီကိုငင်း၊ ဝါ-အစစ်မဟုတ်သော မြေကိုငင်း၊ ဒဿေတိ-
ပြ၏၊ အပ္ပပါသာဏာဒိသု – အပ္ပပါသာဏ အစရှိသော ပုဒ်တို့၌၊ ( အတ္ထော
ဧဝ ဝေဒိတဗ္ဗော၊) ဧတ္ထ - ဤမြေ၌၊ အပ္ပါ- အနည်းငယ်ကုန်သော၊ ပါသာဏာ–
ကျောက်ခဲတို့သည်၊ (သန္တိ၊) ဣတိ-ကြောင့်၊ (သာ- ထိုမြေသည်၊) အပ္ပပါသာ
ဏာ-မည်၏၊ ဣတိဧဝံ အတ္ထော ဒဋ္ဌဗ္ဗော၊ တတ္ထ-ထို အပ္ပပါသာဏ အစရှိသည်
တို့တွင်၊ မုဋ္ဌိပ္ပမာဏတော-လက်ဆုပ်ဖြင့် ယူနိုင်သော ပမာဏရှိသော ကျောက်ခဲမှ၊
ဥပရိ-အထက်၌၊ (အထက်ဖြစ်သော ကျောက်ခဲတို့ကို၊) ပါသာဏာတိ–ဟူ၍၊
ဝေဒိတဗ္ဗာ-၏၊ မုဋ္ဌိပ္ပမာဏာ-လက်ဆုပ်ဖြင့် ယူနိုင်သော ပမာဏရှိသောကျောက်ခဲ
တို့ကို၊ သက္ခရာ-သက္ခရတို့ဟူ၍၊ ဝါ-ကျောက်စရစ်တို့ဟူ၍၊ ဝေဒိတဗ္ဗာ-ကုန်၏၊

[မုဋ္ဌိပ္ပမာဏာတိ-မုဋ္ဌိနာသင်္ဂဟေတဗ္ဗပ္ပမာဏာ၊] ကထလာတိ-ကား၊ ကပါလ ခဏ္ဍာနိ-အိုးခြမ်း၏ အစိတ်အပိုင်းတို့တည်း၊ ဝါ-အိုးခြမ်းကွဲတို့တည်း၊ မရုမ္ဗာတိ-ကား၊ ကဋ္ဌသက္ခရာ - ကျောက်ပြွတ်တို့တည်း၊ [ ကဋ္ဌေ+ သံဒိဿမာနာ သက္ခရာ ကဋ္ဌသက္ခရာ– ဖျာပေါ်၌ တွေ့မြင်အပ်ကုန်သော ကျောက်ခဲကလေးတို့၊ သက္ခရာ ၌လည်း " သံ + ခရ " ဟုခွဲ၊ ဖုံမှုံ့ကလေးများလို နည့်မနေဘဲ ကြမ်းတန်းသော အတွေ့ရှိသော ကျောက်မှုံ့များကို "သက္ခရ"ခေါ်သည်–ဟုကြံ။] ဝါလိကာတိ-ကား၊ ဝါလိကာယေဝ – သဲတို့ပင်တည်း၊ [ ပရိယာယ် အထူးမရှိ – ဟူလို။ ] ယေဘုယျေန ပံသုကာတိ – ကား၊ တိသု– ၃ ပါးကုန်သော၊ ကောဋ္ဌာသေသု– အတို့အစုတို့တွင်၊ ဒွေကောဋ္ဌာသာ – ၂ ဘို့ ၂ စု တို့သည်၊ ပံသု – မြေမှုံတည်း၊ ကော- တဘို့တစုသည်၊ ပါသာဏာဒိသု- ကျောက်ခဲ အစရှိသည်တို့တွင်၊ အည တရော-အမှတ်မထားတပါးပါးသော အဘို့အစုတည်း။

အဒဍ္ဎာပီတိ-ကား၊ ဥဒ္ဒန၊ပေ၊ ဝသေန-ဖိုခနောက်ထားခြင်း, သပိတ်ဖုတ်ခြင်း, အိုးထိန်းသည်တို့၏ အိုးကိုဖုတ်ခြင်း,အစရှိသည်တို့၏ အစွမ်းဖြင့်။ [ကန်ခါ၌"ဥဒ္ဒန ပတ္တပစနာဒိဝသေန"ဟုသာ ရှိ၏။] တထာတထာ-ထိုထို အခြင်းအရာအားဖြင့်၊ အဒဍ္ဎာ-မီးမလောင်အပ်သောမြေတည်း၊ ပန-ဆက်၊ သာ- ထို အဒဍ္ဎမြေသည်၊ ဝိသုံ-သီးခြား၊ နတ္ထိ-မရှိ၊ သုဒ္ဓပံသုအာဒိသု-သုဒ္ဓပံသု အစရှိသည်တို့တွင်၊ အည တရာဝ- တမျိုးမျိုးသော မြေသာတည်း၊ (ဍတိ- သို့၊) ဝေဒိတဗ္ဗာ- ၏၊ ယေဘု ယျေနသက္ခရာတိ – ကား၊ ဗဟုတရသက္ခရာ – များသော ကျောက်စရစ်ရှိသော မြေတည်း၊ ဟတ္ထိကုစ္ဆိယံ – ဟတ္ထိကုစ္ဆိအရပ်၌၊ ကေပစ္စိပူရံ - တောင်းတလုံး ပြည့်အောင်၊ အာဟရာပေတွာ-မြေကိုဆောင်စေ၍၊ ဒေါဏိယံ-စကျင်း၌၊ ဓောဝိ တွာ - ဆေး၍၊ ပထဝိယာ – မြေ၏၊ ယေဘုယျေနသက္ခရဘာဝံ - ယေဘုယျေန သက္ခရ၏အဖြစ်ကို၊ ဝါ - များသောအားဖြင့် ကျောက်စရစ် ရှိသည်၏အဖြစ်ကို၊ ဉတွာ–သိ၍၊ သယံ- ကိုယ်တိုင်၊ ဘိက္ခူ- တို့သည်၊ ပေါက္ခရဏိံ- ရေကန်ကို၊ ခနိံသုကိရ-တူးကြကုန်ဘူးသတတ်။ ["ခဏိံသု "ဟုလည်း ရှိ၏။]

ပန-ဆက်၊ မဇ္ဈေ-အလယ်၌၊ အပ္ပပံသု အပ္ပမတ္တိကာတိ-ဟူကုန်သော၊ ဒွေ- ၂ ပုဒ်ကုန်သော၊ ယာနိ ပဒါနိ- တို့သည်၊ (သန္တိ- ရှိကုန်၏၊) တာနိ-ထို ၂ ပုဒ်

× × × × × × ×

**ဟတ္ထိကုစ္ဆိယံ၊ပေ၊ခနိံသု။** ။ဟတ္ထိကုစ္ဆိအရပ်ဝယ် တတောင်းစာလောက်မြေကို ယူ၍ ရေစကျင်းထည်း၌ ရေဆေးကြည့်သော အခါ မြေမှုံတွေက ရေထည်း၌ မျော သွား၍ ကျောက်စရစ်တွေသာ ကျန်သည်၊ ထိုကျန်သော ကျောက်စရစ်တွေသည် မျော သွားသောမြေထက် များသောကြောင့် ယေဘုယျေနသက္ခရပထဝီဖြစ်ကြောင်း သိသာ ၏၊ ထို့ကြောင့် အဇာတပထဝီတွင် ပါဝင်ရကား ထို ဟတ္ထိကုစ္ဆိအရပ်၌ ရဟန်းများ ကိုယ်တိုင် ရေကန်တူးကြသတတ်၊ ဤဝတ္ထုကိုထောက်၍ "ယခုကာလ ကျောက်တောင် များကိုလည်း ကိုယ်တိုင်တူးနိုင်သည် "ဟု မှတ်ပါ။

တို့သည်၊ ယေဘုယျေန ပါသာဏာဒိ ပဉ္စကမေဝ–ယေဘုယျေန ပါသာဏ အစရှိသော ၅ ပါးအပေါင်းသို့သာ၊ ပဝိသန္တိ-ဝင်ကုန်၏၊ ဟိ–မှန်၊ တံ-ဤ ယေဘုယျေန ပါသာဏအစရှိသော ၅ ပါးအပေါင်းသည်၊ ဒွိန္နံ- အပ္ပပံသု အပ္ပမတ္တိက အားဖြင့် ၂ ပါးကုန်သော၊ တေသံယေဝ – ထိုပုဒ်တို့၏သာ၊ ပဘေဒဒဿနံ – အထူးအပြားကို ပြကြောင်းဖြစ်သော ၅ ပါးအပေါင်းတည်း၊ [ အပ္ပပံသုဆိုလျှင် ယေဘုယျေန ပါသာဏသော်လည်းဖြစ် , ယေဘုယျေန သက္ခရသော်လည်းဖြစ်, ယေဘုယျေန ကထလသော်လည်း ဖြစ် , ယေဘုယျေန မရုမ္ဗသော်လည်း ဖြစ် , ယေဘုယျေန ဝါလိကာသော်လည်း ဖြစ်ရမည်၊ အပ္ပမတ္တိကာဟူသည်လည်း ထို ၅ ပါးထည်းက တမျိုးမျိုးပင်ဖြစ်မည် – ဟူလို။ ] သယံ ၊ပေ၊ ပါစိတ္တိယဿာတိ ဧတ္ထ–၌၊ ပဟာရေ ပဟာရေ-ပုတ်ခတ်တိုင်း ပုတ်ခတ်တိုင်း၌၊ ( ပေါက်တူးစသည်ဖြင့် ပေါက်တိုင်း ပေါက်တိုင်း၌၊ ) ပါစိတ္တိယံ - ကို၊ ဝေဒိတဗ္ဗံ - ၏၊ သကိံ ၊ပေ၊ ခဏာတီတိ–ကား၊ (အာဏတ္တော- စေခိုင်းအပ်သူသည်၊ )သကလဒိဝသံ-တနေ့ပတ်လုံး၊ သစေပိ ခဏတိ - အကယ်၍မူလည်း တူးစေဉုးတော့၊ ( ဧဝံသတ်ပိ – ဤသို့ပင် တူးပါသော်လည်း၊ ) အာဏာပကဿ - စေခိုင်းတတ်သော ရဟန်း၏၊ ဧကံယေဝ – တချက်သာလျှင် ဖြစ်သော၊ ပါစိတ္တိယံ ( ဟောတိ၊ ) ပန - ဆက်၊ ( အာဏတ္တော - သည်၊ ) ကုသီတော - ပျင်းသည်၊ ပုနပ္ပုနံ – ထပ်ခါ ထပ်ခါ၊ အာဏာပေတဗ္ဗော–စေခိုင်းထိုက်သည်၊ သစေ ဟောတိ-အံ့၊ တံ-ထိုပျင်းသူကို၊ အာဏာပေတွာ-စေခိုင်း၍၊ ခဏာပေန္တဿ– တူးစေသောရဟန်း၏၊ ဝါစာယ ဝါစာယ- စကားခွန်းတိုင်း စကားခွန်းတိုင်း၌၊ ပါစိတ္တိယံ (ဟောတိ၊) အယံ–ဤ ဆိုအပ်ပြီးကား၊ တာဝ-ပါဠိမုတ္တကဝိနိစ္ဆယမှ ရှေးဦးစွာ၊ (နိဒ္ဒိဋ္ဌာ-သော၊) ပါဠိဝဏ္ဏနာ-ပါဠိတော်၏ အဖွင့်တည်း။

အယံ ပန - ဤ ဆိုအပ်လတ့ံကား၊ ပါဠိမုတ္တက ဝိနိစ္ဆယော - ပါဠိတော်မှ အလွတ်ဖြစ်သော အဆုံးအဖြတ်တည်း၊ [ ခဏတိဝါ ခဏာပေတိဝါ၏ ရှေ့နားတိုင်အောင် ပါဠိမုတ္တက ဝိနိစ္ဆယဖြစ်သည်။]ပေါက္ခရဏိံ - လေးထောင့်ကန်ကို၊ ခဏ-တူးလော၊ ဣတိ- သို့၊ ဝဒတိ-အံ့၊ ဝဋ္ဋတိ-အပ်၏၊ [“ဤနေရာ၌တူးလော”ဟု နေရာကိုသတ်မှတ်၍မခိုင်းသောကြောင့် အပ်သည်၊ ဝဋ္ဋတီတိ “ဣမဿ္မိံ ဩကာသေ”တိ အနိယမေတွာ ဝုတ္တတ္တာ ဝဋ္ဋတိ၊ ဋီကာ။] ဟိ-မှန်၏၊ (တနည်း၊) ဟိ (ယသ္မာ)-ကြောင့်၊ပေါက္ခရဏီနာမ-မည်သည်၊ ခတာယေဝ- တူးအပ်သည်သာ၊ (တူးစရာသည်သာ၊) ဟောတိ၊ တသ္မာ–ကြောင့်၊ အယံ- ဤ ပေါက္ခရဏိံ ခဏ ဟူသော အသုံးအနှုန်းသည်၊ ကပ္ပိယဝေါဟာရော – အပ်သော အသုံးအနှုန်းတည်း၊ [ ဤ ရေကန် – ဟု နေရာကို မသတ်မှတ်ဘဲ ခိုင်းသောကြောင့် ကပ္ပိယဝေါဟာရဖြစ်သည်။ ] ဝါပိံ ခဏ- ရေကန်ကို တူးလော၊ တဠာကံခဏ - တဖက်ဆည်ကန်ကို တူးလော၊ အာဝါဋံခဏ – တွင်းကိုတူးလော၊ ဣတိ အာဒိသုပိ–

ဤသို့ အစရှိသော စေခိုင်းခြင်းတို့၌လည်း၊ သေနယော - တည်း၊ ပန - ဗျတိရိက်ကား၊ ဍုမံသြကာသံ-ကို၊ ခဏ-တူးလော၊ ဍုမသ္မိံ သြကာသေ-၌၊ ပေါက္ခရဏိံ ခဏ၊ ဣတိ–သို့၊ ဝတ္တုံ န ဝဋ္ဋတိ၊ [နေရာသတ်မှတ်ချက် ပါသောကြောင့် မအပ်၊] ကန္ဒံ-သစ်အုကို၊ ခဏ၊ မူလံ-သစ်မြစ်ကို၊ ခဏ၊ ဣတိ-ဤသို့၊ အနိယမေတွာ–(မည်သည့် သစ်အု သစ်မြစ်ဟု)မသတ်မှတ်မူ၍၊ ဝတ္တုံ ဝဋ္ဋတိ၊ ဍုမံ ဝလ္လိံ-ဤနွယ်ကို၊ ခဏ၊ ဍုမသ္မိံ သြကာသေ- ၌၊ ကန္ဒံ ခဏ၊ ဣတိဝါ- ဤသို့ သော်ငြား၊ ဍုမံ မူလံ ခဏ ဣတိဝါ၊ ဝတ္တုံ-သတ်မှတ်၍ ပြောဆိုခြင်းငှါ၊ န ဝဋ္ဋတိ။

ပေါက္ခရဏိံ-ကို၊ သောဓေန္တေဟိ-သုမ်သင်ရှင်းလင်းသော ရဟန်းတို့သည်၊ (အပနေတုံ ဝဋ္ဋတိ၌စပ်၊) ယော တနုကကဒ္ဒမော–အကြင် ကြဲသော ညွန်သည်၊ ဝါ- ကို၊ ကုဋေဟိ– အိုးတို့ဖြင့်၊ ဥဿိဉ္စိတုံ - အထက်သို့ ခပ်ယူခြင်းငှါ၊ သက္ကာ-တတ်ကောင်းသည်၊ ဟောတိ-၏၊ တံ-ထိုကြဲသောညွန်ကို၊ အပနေတုံ-ဖယ်ရှားခြင်းငှါ၊ ဝဋ္ဋတိ-၏၊ ဗဟလော-ပြစ်သော၊ (ယော ကဒ္ဒမော-အကြင်ညွန်သည်၊ အတ္ထိ-၏၊တံ-ထို ပြစ်သောညွန်ကို၊ အပနေတုံ-ငှါ၊)န ဝဋ္ဋတိ။ [ဤသို့လိုက်သင့်သော ပုဒ်များကို လိုက်၍ပေးပါ၊ အချို့စာအုပ်များ၌ "ဗဟလံ န ဝဋ္ဋတိ" ဟု ရှိသည်ကား စာသွားမကောင်း၊ ] အာတပေန - နေပူကြောင့်၊ သုက္ခကဒ္ဒမော-ခြောက်သော ညွန်သည်၊ ဖလတိ - ကွဲအက်၏၊ တတြ - ထို ခြောက်သောညွန်၌၊ ဝါ-ထို ခြောက်သောညွန်တွင်၊ ယော- အကြင်ညွန်သည်၊ ဟေဋ္ဌာ- အောက်၌၊ ပထဝိယာ-မြေကြီးနှင့်၊ အသမ္ဗဒ္ဓေါ- မဆက်စပ်၊ (" အပေါ်ရန်၌ အလှပ်လှပ်ဖြစ်၍ မြေနှင့်ကွာနေသည်"ဟူလို၊) တမေဝ – ထို မြေကြီးနှင့် မဆက်စပ်သော ညွန်ကိုသာ၊ အပနေတုံ ဝဋ္ဋတိ၊ ဥဒကေန – ရေသည်၊ ဂတဋ္ဌာနေ – စီးသွားအပ်သောအရပ်၌၊ဥဒကပပ္ပဋကော နာမ-ရေလွှာမည်သည်၊ဟောတိ-ရှိတတ်၏၊ ဝါတပ္ပဟာရေန–လေ၏တိုက်ခတ်ခြင်းကြောင့်၊ စလတိ-လှုပ်၏၊ တံ-ထို ရေလွှာကို၊ အပနေတုံ ဝဋ္ဋတိ။

ပေါက္ခရဏီ အာဒီနံ - လေးထောင့်ကန် အစရှိသည်တို့၏၊ တဋံ – ကမ်းပါးသည်၊ ဘိဇ္ဇိတွာ-ပြတ်၍၊ ဝါ-ပျို၍၊ ဥဒကသာမန္တာ-ရေ၏အနီး၌၊ပတတိ-ကျ၏၊ [ကမ်းပြိုကျသည်- ဟူလို၊] သြမကစတုမာသသြဝဋ္ဋံ - မိုးစွပ်အပ်သည် ဖြစ်၍ ၄ လအောက် ယုတ်လျော့သော ကာလရှိသည်၊ သစေ ( ဟောတိ )- အံ့၊ ( ဧဝံ သတိ-သော်၊ တံ–ထိုမြေကို၊) ဆိန္ဒိတုံဝါ- ဖြတ်ခြင်းငှါငြင်း၊ ဘိန္ဒိတုံဝါ- ခွဲခြင်းငှါငြင်း၊ ဝဋ္ဋတိ၊ စာတုမာသတော - ၄ လမှ၊ ဥဒ္ဓံ - အထက်၌၊ န ဝဋ္ဋတိ၊ [ မိုးတကြိမ်စွပ်ပြီးနောက် လေးလကြာလျှင် ဇာတပထဝီ ဖြစ်သောကြောင့် ဖြတ်ခြင်း ခွဲခြင်းငှါ မအပ်-ဟူလို။] ပန-ဆက်၊(တဋံ-သည်၊ ဘိဇ္ဇိတွာ-၍၊)ဥဒကေယေဝ– ရေ၌သာ၊ သစေ ပတတိ – အကယ်၍ကျအံ့၊ ( ဧဝံသတိ - သော်၊ ) ဒေဝေန- မိုးသည်၊ ( သြဝဋ္ဌေ ၌စပ်၊ သြဝဋ္ဌေ၏ ကံကား " ဥဒကေယေဝ " တည်း၊)

အတိရေက စတုမာသံ - လေးလထက်လွန်သော ကာလ၌ ( ကာလတုန်းက )၊ သြဝဋ္ဌေပိ- စွပ်အပ်ပါသော်လည်း၊ ဝါ-စွပ်အပ်သည်လည်းဖြစ်သော၊ ဥဒကေ ယေဝ - ရေပြင်၌သာ၊ ဥဒကဿ- မိုယ်းရေ၏၊ ပတိတတ္တာ— ကျသည်၏ အဖြစ် ကြောင့်၊ ဝဋ္ဋတိ၊ [ ကမ်းပါးပြတ် မြေကား ရေထည်းရောက်နေ သောကြောင့် မိုယ်းသည် မြေကို မစွပ်၊ အ‌ပေါ်ရံ ရေပြင်ကိုသာစွပ်သည်၊ ထို့ကြောင့် ကမ်းပါး ပြိုထားသော ရေအတွင်းကမြေသည် ဆိန္ဒိတုံ ဘိန္ဒိတုံ ဝဋ္ဋတိ—ဟူလို။] ပါသာဏ ပိဋ္ဌိယံ — ကျောက်အပြင်ပေါ်၌၊ သော္ဏ္ဍိ-ရေကန်ကို၊ ခဏန္တိ- တူးကြကုန်၏၊ တတ္ထ- ထိုရေကန်၌၊ ပဌမမေဝ — ရှေးဦးစွာသာလျှင်၊ ( မိုယ်းမရွာမီ ရှေးဦး ကပင်၊ ) သုခုမရေဇုံ-သိမ်မွေ့သောမြူမှုံသည်၊ သစေ ပတတိ- အကယ်၍ ကျအံ့၊ တံ-ထိုမြူမှုံသည်၊ ဝါ - ကို၊ ဒေဝေန - မိုယ်းသည်၊ သြဝဋ္ဌံ - စွပ်အပ်သည်၊ စေ ဟောတိ-အကယ်၍ ဖြစ်အံ့၊ (ဧဝံသတိ- သော်၊) စတုမာသစ္စယေန- ၄ လလွန် သဖြင့်၊ ဝါ - ၄ လလွန်ရာ အခါ၌၊ အကပ္ပိယပထဝီသင်္ချံ — အကပ္ပိယပထဝီ ဟူသော အရေအတွက်သို့၊ ဂစ္ဆတိ-၏၊ (ဇာတပထဝီဖြစ်ပြီ—ဟူလို။) ဥဒကေ— သည်၊ ပရိယာဒိန္နေ- ကုန်ခန်းလသော်၊ သော္ဏ္ဍိံ - ရေကန်ကို၊ သောဓေန္တေ ဟိ-သုမ်သင်ကုန်သော ရဟန်းတို့သည်၊ တံ—ထိုမြေကို၊ ဝိကောပေတုံ—ဖျက်ဆီး ခြင်းငှါ၊ န ဝဋ္ဋတိ၊ [ဤစကားကိုထောက်၍ "ယခုကာလ ပန်းအိုးထည်း၌ ထည့်ထား သော အပေါ်ရံကစ၍ မိုယ်းစွပ်အပ်သမျှ မြေသည် ၄ လကြာလျှင် ဇာတပထဝီ ဖြစ်၏" ဟု မှတ်။]

ပဌမမေဝ- ရှေးဦးစွာသာလျှင်၊ ( မိုယ်းမရွာမီ ရှေးဦးကပင် ) ဥဒကေန- ရေဖြင့်၊ သစေ ပူရတိ— အကယ်၍ ပြည့်နေအံ့၊ ပစ္ဆာ-နောက်မှ၊ ရဇံ-မြူမှုံသည်၊ သစေပတတိ-အံ့၊ (ဧဝံသတိ) တံ— ထိုမြေကို၊ ဝိကောပေတုံ ဝဋ္ဋတိ၊ (ကသ္မာ- နည်း၊) ဟိ (ယသ္မာ)-ကြောင့်၊ တတ္ထ - ရေဖြင့်ပြည့်သော ထိုရေကန်၌၊ ဒေဝေ- မိုယ်းသည်၊ ဝဿန္တေ ပိ—ရွာသော်လည်း၊ ဥဒကေယေဝ-၌သာ၊(ရေ၏အပေါ် ၌သာ၊) ဥဒကံ - မိုယ်းရေသည်၊ ပတတိ - ၏၊ ဣတိ - ကြောင့်၊ ( ဝိကောပေတုံ ဝဋ္ဋတိ၊ [ နောက်မှကျသော မြူမှုံက ရေအတွင်းသို့ ဝင်သွားသဖြင့် မိုယ်းမစွပ် အပ်သောကြောင့် ဇာတပထဝီမဟုတ် - ဟူလို။ ] ပိဋ္ဌိပါသာဏေ - ကျောက်ဖျာ အပြင်ပေါ်၌၊ သုခုမရဇံ- သိမ်မွေ့သောမြူမှုံသည်၊ ဟောတိ၊ ဒေဝေ-မိုယ်းသည်၊ ဖုသာယန္တေ- ထိမှုကိုပြုလသော်၊ (မိုယ်းထိလသော်၊) အလ္လီယတိ - ငြိကပ်၏၊ (မိုယ်းထိသဖြင့် ထိုမြူမှုံသည် ကျောက်ဖျာ၌ ငြိကပ်သွား၏ - ဟူလို၊) တမ္ပိ- ထို မြူမှုံကိုလည်း၊ စတုမာသစ္စယေန ဝိကောပေတုံ န ဝဋ္ဋတိ။

ပန-ဆက်၊ အကတပဗ္ဘာရေ-မပြုမပြင်အပ်သော တောင်ဂူမ်း၌၊ ဝမ္မိကော- တောင်ပို့သည်၊ ဥဋ္ဌိတော-ထသည်၊ ဝါ- ပေါ်သည်၊ သစေ ဟောတိ၊ (ဧဝံသတိ၊ တံ-ထိုတောင်ပို့ကို၊) ယထာသုခံ- ချမ်းသာသည် အားလျော်စွာ၊ ဝိကောပေတုံ

ဝန္နတိ၊ အဇ္ဈောကာသေ-လွင်တီးခေါင်၌၊ (ဝမ္မိကော-သည်၊) သစေ ဥဋ္ဌဟတိ-အကယ်၍ ထအံ့၊ ဝါ - ပေါက်အံ့၊ ( ဝေံသတိ )၊ ဩမကစတုမာသ ဩဝဋ္ဌော-မိုးယ်း စွတ်အပ်သည်ဖြစ်၍ ယုတ်လျော့သော ၄ လရှိသည်၊ (သမာနော)ယေဝ-ဖြစ်သော်သာ၊ ဝါ - ဖြစ်မှသာ၊ ( ဝိကောပေတုံ ) ဝန္နတိ၊ (မိုယ်းတကြိမ်စွပ်ပြီး နောက် လေးလကျော်လျှင် မဖျက်ဆီးကောင်းတော့ - ဟူလို၊ ဩမက စတုမာသ ဩဝဋ္ဌောပုဒ်၏ သမာသ်ဖြစ်သင့်ကြောင်းကို နောက်၌ပြအံ့။]

ရုက္ခာဒီသု- သစ်ပင် အစရှိသော အရပ်တို့၌၊ အာရုဠ္ဌဥပစိကာမတ္တိကာယပိ-တက်သော ခြ၏ မြေညက်၌လည်း၊(ခြသွားလမ်း, ခြအိမ်၏ မြေညက်၌လည်း၊) ဧသေဝနယော-တည်း၊ ( လေးလအောက် မိုးစွပ်အပ်သော ခြသွားလမ်း ခြအိမ် တို့ကို ဖျက်ဆီးကောင်းသည်- ဟူလို။ ) ဂဏ္ဍုပ္ပါဒဂူထ၊ပေ၊ ဒီသုပိ- တီသတ္တာ၏ ချေး, ကြွက်ကျစ်စာ , နွားခွာဖြင့် ဖြတ်အပ်သော ဆူးအစရှိသည် တို့၌လည်း၊ ဧသေဝနယော၊[တီကျစ်စာကို"ဂဏ္ဍုပ္ပါဒဂူထ"ဟုဆိုသည်၊မူသိက+ဥက္ကုလ-ဟူသည် ကြွက်တို့၏ တွင်းလုပ်သောအခါဝယ် တွင်းဘေး၌ စုပုံထားအပ်သော မြေပုံတည်း။]ဂါဝီနံ-နွားမတို့၏၊ခုရစ္ဆိန္နကဒ္ဒမော-ခွာဖြင့်ဖြတ်အပ်သောညွန်ကို၊ ဂေါကဏ္ဍကောနာမ- မည်၏ ဟူ၍၊ ဝုစ္စတိ-၏၊ ပန- ဆက်၊(ဂေါကဏ္ဍကော-နွားခွာဖြင့် ဖြတ်အပ်သောဆူးသည်၊)ဟေဋ္ဌိမတလေန-အောက် အပြင်အားဖြင့်၊ ဘူမိသမ္ဗန္ဓော—မြေကြီးနှင့် ဆက်စပ်နေသည်၊ သစေ ဟောတိ— အံ့၊ (ဝေံသတိ) ကေဒိဝသမ္ပိ – တရက်မျှရှိသော ဂေါကဏ္ဍက ကိုလည်း၊ ( ဝိကောပေတုံ ) န

× × × × × × ×

**အကတပဗ္ဘာရေ ။** ။ မည်သူမျှ မသုံးစွဲဘဲ ပြစ်ထားအပ်သော တောင်ဂူမ်းကို အကတပဗ္ဘာရ ဟု ခေါ်သည်၊ သုံးစွဲဘို့ရန် တံမြက်လှည်းခြင်း စသည် မပြုအပ်သော ကြောင့် " အကတ " ဟု ဝိသေသန ပြုထားသည်၊ ထို တောင်ဂူမ်းမျိုး၌ တောင်ပို့ ပေါက်တတ်သောကြောင့် " အကတပဗ္ဘာရ "ကို ညွှန်ပြထားသည်၊ အမှန်အားဖြင့် ကား မည်သို့သော တောင်ဂူမ်း တောင်ခေါင်း၌ မဆို တောင်ပို့ပေါက်လျှင် မိုးမစွပ် အပ်သောကြောင့် ဖျက်ဆီးကောင်းပါ၏။

**ဂေါကဏ္ဍက။** ။နွားခွာဖြင့်နင်း၍ အပေါ်သို့တက်လာသောညွှန်သည် ဆူးကဲ့သို့ စူးတတ်သောကြောင့်"ဂေါကဏ္ဍက" မည်၏၊ ထိုဂေါကဏ္ဍကသည် ၂ မျိုးရှိ၏၊ နင်း လိုက်သော အခါ အောက်မြေနှင့် မဆက်မစပ် ပြတ်ထွက်သွားသော ခပ်မာမာညွှန် တမျိုး, ပြတ်ထွက်မသွားဘဲ အောက်က မြေနှင့် ဆက်စပ်နေသော ညွှန်တမျိုးတည်း၊ ထိုတွင် မြေနှင့်ဆက်နေသော ဂေါကဏ္ဍကကို မဖျက်ဆီးကောင်း။

**ကေဒိဝသံပိ။** ။ "ဩဝဋ္ဌ ကေဒိဝသာတိက္ကန္တေပိ – မိုးစွပ်အပ်ပြီး၍ တရက် လွန်မျှဖြစ်သော ညွှန်ကိုလည်း"ဟု ဖွင့်၏၊ မိမိကား "နွားခွါဖြင့် ဖြတ်ပြီးနောက် တရက် ရှိသော်လည်း " ဟု ဆိုလိုမည် ထင်သည်၊ မူလ ဇာတပထဝီနှင့် အဆက် မပြတ်သော ကြောင့် လုံးလုံးမဖျက်ကောင်းဟု ဆိုလိုသည်၊ အချို့ကား အပေါ်ပိုင်းမှာ ဇာတပထဝီ မဟုတ်သောကြောင့် ဖြတ်၍ယူကောင်း၏ဟု ဆိုကြသေးသတတ်၊—ဋီကာ။

ဝဋ္ဋတိ၊ [ကေဒိဝသမ္ဘိ၌ ပိဖြင့် သြမကစတုမာသကို သမ္ဗာဝနာပြု၊ လေးလအောံ ယုတ်၍လျော့သည်ကို မဆိုထားဘိ၊ တရက်မျှရှိသေးသော ဝေါကဏ္ဏကကိုတောင် မဖျက်ဆီးကောင်း - ဟူလို။ ] ကသိတဋ္ဌာနေပိ–ထွန်အပ်သော အရပ်၌လည်း၊ နင်္ဂလန္တိ နွ မတ္တိကာပိဏ္ဍံ-ထွန်သွားဖြင့်ဖြတ်အပ်သော မြေညက်ဆိုင်ကို၊ ဂဏှန္တဿ- ယူသောရဟန်း၏၊ ဝေဝနယော။ [ ထွန်ချေးခဲက ပြေ့နေ၍ စပ်နေလျှင် မယူကောင်း၊ မစပ်လျှင်ကား ယူကောင်းသည်၊ “ ကသိတဋ္ဌာနေပိ- ထွန်အပ်ရာ အရပ်၌လည်း ” ဟု မပေးနှင့်၊ ကသိတနှင့် ဌာနတို့ အရကောက် တမျိုးတည်း ဖြစ်သောကြောင့် “ထွန်အပ်သော အရပ်”ဟုသာ ပေး။]

အစ္ဆဒ္ဒန်ံဝါ - အမိုးမရှိသည်မူလည်း ဖြစ်သော၊ ဝိနဋ္ဌစ္ဆဒန်ံဝါ - ပျက်သော အမိုးရှိသည်မူလည်း ဖြစ်သော၊ ပုရာဏသေနာသနံ-ရှေးကျောင်းဟောင်းသည်၊ ဟောတိ - ရှိတတ်၏၊ အတိရေကစတုမာသဩဝဋ္ဌံ-မိုယ်းစွပ်အပ်ပြီးသည် ဖြစ်၍ လေးလထက် ပိုလွန်သော ကာလရှိသည်၊ ( သမာနံ - သော်၊ ) ဇာတပထဝီ သင်္ချမေဝ ဂစ္ဆတိ၊ တတော-ထိုကျောင်းဟောင်းမှ၊ အဝသေသံ-ကြွင်းကျန်သော၊ ဆဒနိဋ္ဌကံဝါ-အမိုးအုဋ်ကိုသော်၎င်း၊ ဂေါပါနသီအာဒိကံ-အချင်ယနယ် အစ ရှိသော၊ ဥပကရဏံဝါ-အဆောက်အဦးကို သော်၎င်း၊ (ဂဏှိတုံ၌ လှမ်းစပ်၊) ဣဋ္ဌကံ–အုဋ်ကို၊ ဂဏှာမိ- ယူ၏၊ ဂေါပါနသိံ- ကို၊ (ဂဏှာမိ၊) ဘိတ္တိပါဒံ– နံရံခြေကို၊ (ဂဏှာမိ၊) ပဒရတ္ထရဏံ-ပျဥ်ချပ်အခင်းကို၊ (ဂဏှာမိ၊) ပါသာဏ ထမ္ဘံ-ကျောက်တိုင်ကို၊ (ဂဏှာမိ၊) ဣတိ–သို့သော၊ သညာယ-အမှတ်သညာ ဖြင့်၊ ဂဏှိတုံ ဝဋ္ဋတိ၊ ဘေန-ထို အုဋ်အစရှိသည်နှင့်၊ သဒ္ဓိံ-ကွ၊မတ္တိကာ-သည်၊ ပတတိ - ပြိုကျလာအံ့၊ အနာပတ္တိ၊ [ မြေကို ယူမည်ဟု အမှတ်မရှိသောကြောင့် မြေပြိုကျသော်လည်း အာပတ်မသင့်၊ ] ပန- ဗျတိရိက်ကား၊ ဘိတ္တိမတ္တိကံ – နံရံ မြေညက်ကို၊ ဂဏှန္တဿ အာပတ္တိ ဟောတိ၊ ယာယာ-အကြင်အကြင်မြေညက်ကို၊ အတိန္တာ-မိုယ်းမစွပ်အပ်၊ တံတံ-ထိုထို မြေညက်ကို၊ သစေဂဏှာတိ–အံ့၊(ဇဝံ သတိ ) အနာပတ္တိ၊ အန္တောဂေဟေ – အိမ်၏ အတွင်း၌၊ မတ္တိကာပုဉ္ဇော – မြေညက်ပုံသည်၊ ဟောတိ-ရှိတတ်၏၊ တသ္မိံ-ထိုမြေညက်ပုံကို၊ ကေဒိဝသံ-တနေ့ ၌၊ ဩဝဋ္ဌေ - မိုယ်းစွပ်အပ်ပြီးသော်၊ ( မိုယ်းစွပ်အပ်ပြီးမှ ) ဂေဟံ - အိမ်ကို၊ ဆာဒေန္တိ – မိုယ်းကျကုန်၏၊ သဗ္ဗော – ( အထက် အောက် အတွင်း အပြင် )

× × × × × × ×

**အတိရေကစတုမာသ ဩဝဋ္ဌံ။** ။ဤပုဒ်၌ အတိရေကစာတုမာသံဟု ဩဝဋ္ဌံနှင့် သမာသ်မတွဲဘဲ စာအုပ်များ၌ ရှိ၏၊ မိမိကား – မာသဇာတာပုဒ်ကဲ့သို့ “အတိရေက စတုမာသံ + ဩဝဋ္ဌဿ + ယဿာတိ အတိရေကစာတုမာသဩဝဋ္ဌံ ”ဟု သမာသ် ရှိသင့်မည် ထင်သည်၊ မိုယ်းစွပ်အပ်ပြီး၍ လေးလထက် ပိုလွန်သော ကာလရှိသော ကျောင်းဟောင်း–ဟူလို၊ ရှေ့“ ဩမကစတုမာသံ ဩဝဋ္ဌော ယေဝ”၌လည်း “ဩမက စတုမာသ ဩဝဋ္ဌောယေဝ”ဟု သမာသ်ပင် ရှိစေလိုသည်။

အလုံးစုံသော မြေညက်ပုံသည်၊ တိန္နော-မိုယ်းစွပ်အပ်သည်၊ သဒေ(ဟောတိ)-အံ့၊ (ဗေ ဝံသတိ) စတုမာသစ္စယေန —၌၊ ဇာတပထဝီယေဝ- ပင်တည်း၊ အထ-သို့မဟုတ်၊ အသ-ထိုမြေညက်ပုံ၏၊ ဥပရိဘာဂေါယေဝ-အထက်အဘို့သည်သာ၊ တိန္နော- မိုယ်းစွပ်အပ်သည်၊ (ဟောတိ- အံ့၊) အန္တော - အတွင်းအဘို့သည်၊ အတိန္နော-မိုယ်းမစွပ်အပ်သည်၊ (ဟောတိ-အံ့၊)ယတ္ထကံ-အကြင်မျှလောက်သော အရပ်ကို၊ တိန္နံ- မိုယ်းစွပ်အပ်၏၊ တံ-ထိုမျှလောက်သော အရပ်ကို၊ ကပ္ပိယကာရကေဟိ - ကပ္ပိယကာရကတို့သည်၊ ဝါ- တို့ကို၊ ( ကာရိတ်ကံ၊ ) ကပ္ပိယဝေါဟာရေန- အပ်သော အသုံးအနှုန်းဖြင့်၊ အပနာမေတွာ-ဖယ်ရှားစေပြီး၍၊ [ဤမြေကို သိမ်း,စသော အသုံးအနှုန်းဖြင့် ပယ်ရှားစေ၍၊] သေသံ-ကြွင်းသော မြေညက်ကို၊ ယထာသုခံ-ချမ်းသာသည်အားလျော်စွာ၊ ဝဋ္ဋေတုံ-သုံးစွဲခြင်းငှါ၊ ဝဋ္ဋတိ၊ ဟိ — မှန်၊ ဥဒကေန — ဖြင့်၊ တေမေတွာ — စိုစေ၍၊ ဧကာဗဒ္ဓါယေဝ—တစပ်ထည်းဖွဲ့စပ်အပ်သောမြေသည်သာ၊ ဇာတပထဝီ-သည်၊ဟောတိ၊ ဣတရာ-အခြားသော မြေသည်၊ ( ရေဖြင့် မစိုအပ်ဘဲ တစပ်ထည်း မဖွဲ့စပ်အပ်သောမြေသည်၊) ဇာတပထဝီ—သည်၊ န—မဟုတ်၊ ဣတိ—ဤသို့ မှတ်အပ်၏။

အဗ္ဘောကာသေ - လွင်တီးခေါင်၌၊ ( အမိုးမရှိသော အရပ်၌ )၊ မတ္တိကာပါကာရော-မြေညက် တံတိုင်းသည်၊ ဟောတိ - ရှိဟတ်၏၊ အတိရေကစတုမာသဩဝဋ္ဌော — မိုယ်းစွပ်အပ်သည်ဖြစ်၍ ၄ လထက် ပိုလွန်သော ကာလရှိသည်၊ (သမာနော-ဖြစ်လသော်၊)ဇာတပထဝီသင်္ချံ,ဂစ္ဆတိ-၏၊ [ဤ၌လည်း "အတိရေက စတုမာသ ဩဝဋ္ဌော" ဟု ရှိရမည်။ ] ပန— ဆက်၊ တတ္ထ- ထို မြေညက်တံတိုင်း၌၊ လဂ္ဂပံသုံ-ငြိကပ်နေသော မြူမှုံကို၊ အလ္လဟတ္ထေန-စိုသော လက်ဖြင့်၊ ဆုပိတွာ- တို့၍၊ ဂဟေတုံ ဝဋ္ဋတိ၊ [ လက်ဖြင့် ကုတ်၍ ခြစ်၍ ယူခြင်းငှါကား မအပ်-ဟူလို။] ဣဋ္ဌကပါကာရော-အုတ်၌တံတိုင်းသည်၊ သစေ ဟောတိ-အံ့၊(ဗေ ဝံသတိ- သော်၊) ယေဘုယျေန ကထလဋ္ဌာနေ—များသော အားဖြင့် အိုးခြမ်းကွဲ၏အရာ၌၊ တိဋ္ဌတိ —တည်၏၊(တသ္မာ)ယထာသုခံ ဝိကောပေတုံ ဝဋ္ဋတိ၊ အဗ္ဘောကာသေ-၌၊ ဌိတမဏ္ဍပထမ္ဘံ - တည်သော မဏ္ဍပ်တိုင်ကို၊ ဣတော စိတော စ-ဤမှ ဤမှလည်း၊ သဥ္စာလေတွာ - လှုပ်စေ၍၊ ပထဝီံ - ကို၊ ဝိကောပေန္တေန-ဖျက်ဆီးလျက်၊ ဂဟေတုံ နဝဋ္ဋတိ၊ ဥဇုကမေဝ- ဖြောင့်ဖြောင့်သာလျှင်၊ ဥဒ္ဓရိတုံ-နှုတ်ခြင်းငှါ၊ ဝဋ္ဋတိ၊ [ဟိုဘက် ဒီဘက် လှုပ်ရှားစေသောအားဖြင့် မနဲ့ဘဲ အထက်သို့ တည့်တည့် ဆွဲနှုတ်ခြင်းငှါ အပ်၏။ ] အညမ္ပိ - မဏ္ဍပ်တိုင်မှ အခြားလည်း ဖြစ်သော၊ သုက္ခရုက္ခံဝါ-ခြောက်သော သစ်ပင်ကိုသော်၎င်း၊ သုက္ခခါဏုကံဝါ—ခြောက်သော သစ်ငုတ်ကိုသော်၎င်း၊ ဂဏ္ဌသ္သ - ယူသော ရဟန်း၏၊ ဧသေဝ နယော။[မနဲ့ဘဲ နှုတ်ခြင်းငှါ အပ်၏-ဟူလို၊ စိုသောသစ်ပင်သစ်ငုတ်ကို နှုတ်ရာ၌ ဘူတဂါမ အာပတ်သင့်သောကြောင့် "သုက္ခ" ဟု ဝိသေသနပြုသည်။]

နဝကမ္မတ္ထံ-အသစ်အသစ်ဖြစ်သော အမှုကျိုး၄ါ၊(ကျောင်းအိုကို ခုထားခြင်း, 
ကျားထောက်ခြင်းစသော အကျိုး၄ါ၊) ပါသာဏံဝါ-ကျောက်တုံးကိုသော်၎င်း၊ 
ရုက္ခံဝါ-သစ်တုန်းကိုသော်၎င်း၊ ဒဏ္ဍကေဟိ-ဒုတ်တို့ဖြင့်၊ ဥစ္စာလေတွာ-မြှောက် 
ကော်၍ (ကုတ်ဟိုဖြင့်ကော်၍၊) ပဝဋ္ဋေန္တာ-လိမ့်စေကုန်လျက်၊ (လှိမ့်လျက်၊) 
ဂစ္ဆန္တိ-သွားကြကုန်၏၊ တတ္ထ- ထိုသို့ လှိမ့်သွားရာ၌၊ ပထဝီ-သည်၊ ဘိဇ္ဇတိ-
ပျက်၏၊သုဒ္ဓစိတ္တာ-သန့်ရှင်းသောစိတ်ရှိကြကုန်သည်၊(ဟုတွာ)သစေ ပဝဋ္ဋေန္တိ-
အကယ်၍ လိမ့်စေကုန်အံ့၊ (ဝေံသတိ) အနာပတ္တိ၊ [ မြေကြီးကို ပျက်စီးစေလို
သော စိတ်နှင့် မရောခြင်းကို "သုဒ္ဓစိတ္တ" ဟု ဆိုသည်။ ] အထပန - သို့မဟုတ်၊
တေန အပဒေသေန-ထိုညွှန်ပြအပ်သော အမြွက်ဖြင့်၊ ("ကျောက်တုံး လိမ့်တာဘဲ,
သစ်ပင်လှိမ့်တာဘဲ, မြေပျက်လို့ အရေးမကြီးပါ" ဟု အမြွက်ထောင်သဖြင့်၊ )
ပထဝိံ-ကို၊ ဘိန္ဒိတုကာမာယေဝ-ဖျက်ဆီးလိုကုန်သည်သာလျှင်၊ ဟောန္တိ-ဖြစ်
ကုန်အံ့၊ အာပတ္တိ(ဟောတိ)၊ သာခါဒိနိ-သစ်ခက် အစရှိသည်တို့ကို၊ ကမ္မန္တာ
နမ္ပိ-ဆွဲငင်ကုန်သော ရဟန်းတို့၏၎င်း၊ ပထဝိယံ-မြေပေါ်၌၊ ဒါရူနိ-ထင်းတို့ကို၊
ဖါလေန္တာနမ္ပိ-ခွဲကုန်သော ရဟန်းတို့၏၎င်း၊ ဧသေဝနယော-ပင်တည်း။

ပထဝိယံ- ၌၊ အဋ္ဌိ သူစိ ကဏ္ဍကာဒီသုပိ - အရိုး, အပ်, ဆူး အစရှိသည်တို့
တွင်လည်း၊ ယံကိဉ္စိ - အမှတ်မရှိ တစုံတခုကို၊ အာကောဋေန္တေနဝါ- စိုက်နှက်ခြင်း
၄ါ၎င်း၊ ပဝေသေန္တေနဝါ- သွင်းခြင်း၄ါ၎င်း၊ န ဝဋ္ဋတိ၊ ပဿာဝဓာရာယ-ကျင်ငယ်
အယဉ်၏၊ ဝေဂေန-အဟုန်ဖြင့်၊ (ကျင်ငယ်ကို ပြင်းပြင်းစွန့်သဖြင့်၊) ပထဝိံ-ကို၊
ဘိန္ဒိဿာမိ-ဖျက်ဆီးအံ့၊ ဣတိ- ဤသို့ကြံ၍၊ ဝေံ-ဤသို့ အဟုန်ပြင်းပြင်း၊ ပဿာဝ
မ္ပိ - ကျင်ငယ်ကိုသော်မှလည်း၊ ကာတုံ န ဝဋ္ဋတိ၊ [ ဝိဖြင့် အခြားသော ရေသွန်
ခြင်းစသည်ကို သင်္ဂြိုဟ်နာပြုလျက် ဆည်းသည်။ ] (ဝေံ – ဤသို့ အဟုန်ပြင်းပြင်း၊
ပဿာဝံ-ကို၊) ကရောန္တဿ-ပြုစဉ်၊ (ပထဝီ-သည်၊)ဘိဇ္ဇတိ-ပျက်အံ့၊ အာပတ္တိ
(ဟောတိ၊) ဝိသမဘူမိံ-မညီညွတ်သောမြေကို၊ သမံ-ညီညွတ်အောင်၊ ကရိဿာ
မိ-အံ့၊ ဣတိ- ဤသို့ကြံ၍၊ သမ္မုဉ္ဇနိယာ- တံမြက်စည်းဖြင့်၊ ဃံသိတုမ္ပိ- ပွတ်တိုက်
ခြင်း၄ါလည်း၊ န ဝဋ္ဋတိ၊ [ ပွတ်တိုက်သောအားဖြင့် ခပ်နာနာဖိ၍ လှည်းခြင်း၄ါ
လည်း မအပ် - ဟူလို။ ] ဟိ- မှန်၊ ဝတ္တသီသေနေဝ- ဝတ်ကို အဦးပြုသဖြင့်သာ
လျှင်၊ သမ္မဇ္ဇိတဗ္ဗံ- တံမြက်လှည်းရာ၏၊ (လှည်းရမည်၊) ကေစိ-အချို့ပုဂ္ဂိုလ်တို့
သည်၊ ကတ္တရယဋ္ဌိယာ-တောင်ဝှေးဖြင့်၊ ဘူမိံ- ကို၊ ကောဋ္ဋေန္တိ-ရိုက်နှက်တတ်
ကြကုန်၏၊ (ရိုက်နှက်သကဲ့သို့ နာနာ ထောက်တတ်ကြကုန်၏၊) ပါဒင်္ဂုဋ္ဌကေန—
ခြေမဖြင့်၊ ဝိလိခန္တိ - ခြစ်တတ်ကြကုန်၏၊ စင်္ကမိတဋ္ဌာနံ - စင်္ကြံသွားအပ်သော
အရပ်ကို၊ ဒဿေဿာမ - ပြကုန်အံ့၊ ဣတိ - ဤသို့ကြံ၍၊ ပုနပ္ပုနံ – ထပ်ကာ
ထပ်ကာ၊ ဘူမိံ—ကို၊ ဘိန္ဒန္တာ-ဖျက်ဆီးကုန်လျက်၊ စင်္ကမန္တိ - စင်္ကြံသွားတတ်
ကြကုန်၏၊ သဗ္ဗံ-အလုံးစုံသောအမှုသည်၊(ဘူမိကောဋ္ဋနစသောအလုံးစုံသည်၊)

န ဝဋ္ဋတိ၊ ပန - ဆက်၊ ဝီရိယ သမ္ဗဂ္ဂဟတ္ထံ - ဝီရိယကို ချီးမြှောက်ခြင်း အကျိုးငှါ၊ သမဏာဓမ္မံ - ရဟန်းတရားကို၊ ကရောန္တေန - ပြုလျက်၊ သုဒ္ဓစိတ္တေန- သန့်ရှင်းသော စိတ်ဖြင့်၊ (သူတပါးတို့က အထင်ကြီးစေလိုသောစိတ် မဘက် သက်သက်၊) စင်္ကမိတုံ ဝဋ္ဋတိ၊ [ထိုင်နေ လျှောင်းနေလျှင် ဝီရိယလျော့သွားတတ်၏၊ ထို့ကြောင့် ဝီရိယကို ချီးမြှောက်ခြင်း အကျိုးငှါ ရှေးအခါက စင်္ကြန်သွားလျက် တရားနှလုံးသွင်းလေ့ရှိကြသည်။] ဟတ္ထံ-လက်ကို၊ ဓောဝိဿာမ-ဆေးကုန်အံ့၊ ဣတိ- ဤသို့ကြံ၍၊ ပထဝိယံ-၌၊ ဃံသန္တိ-ပွတ်တိုက်ကြကုန်၏၊ န ဝဋ္ဋတိ၊ ပန-အန္ဒယကား၊ အဃံသန္တေန-မပွတ်တိုက်ဘဲ၊ အလ္လဟတ္ထံ- စိုသောလက်ကို၊ ပထဝိယံ-၌၊ ထပေတွာ-၍၊ ရဇံ – ကို၊ ဂဟေတုံ ဝဋ္ဋတိ၊ ကေစိ - အချို့ပုဂ္ဂိုလ်တို့သည်၊ ကဏ္ဍုကစ္ဆု အာဒိဟိ- ယားနာ ဝဲနာ အစရှိသည်တို့ဖြင့်၊ (အာဒိဖြင့် မိတ်ပေါက်ခြင်း စသည်ကိုယူ၊) အာဗာဓိကာ - အနာရှိကုန်သည်၊ ( ဟုတွာ ) ဆိန္နတဋာဒိသု- ပြတ်သောကမ်းပါး အစရှိသောအရပ်တို့၌၊ အင်္ဂပစ္စင်္ဂါနိ - အင်္ဂါကြီးငယ်တို့ကို၊ ဃံသန္တိ - ပွတ်တိုက်တတ်ကြကုန်၏၊ န ဝဋ္ဋတိ၊ ( ဣတိ- ဤကား၊ ပါဠိမုတ္တက ဝိနိစ္ဆယော–တည်း၊ ဤသို့ ပြန်အုပ်ဘို့ရာ "ဣတိ" ပါသင့်၏။)

ခဏတိဝါ ခဏာပေတိဝါတိ- ကား၊ အန္တမသော-အားဖြင့်၊ ပါဒင်္ဂုဋ္ဌကေန ပိ- ခြေမဖြင့်ငင်း၊ သမ္မုဉ္စနီသလာကာယပိ - တံမြက်စည်းတံဖြင့်ငင်း၊ သယံဝါ- ကိုယ်တိုင်မူလည်း၊ ခဏတိ - တူးခြစ်အံ့၊ အညေနဝါ - အခြားသူသည်မူလည်း၊ ဝါ - ကိုမူလည်း၊ ခဏာပေတိ – တူးခြစ်စေအံ့၊ ဘိန္ဒတိဝါ ဘေဒါပေတိဝါတိ- ကား၊အန္တမသော-အားဖြင့်၊ ဥဒကမ္ပိ-ရေကိုသော်လည်း၊ ဆဍ္ဍေန္တော-စွန့်လျက်၊ သယံဝါ - မူလည်း၊ ဘိန္ဒတိ- ဖျက်အံ့၊ အညေနဝါ, ဘိန္ဒာပေတိ - ဖျက်စေအံ့၊ ဒဟတိဝါ ဒဟာပေတိဝါတိ-ကား၊ အန္တမသော, ပတ္တမ္ပိ-သပိတ်ကိုသော်လည်း၊ ပစန္တော- ဖုတ်လျက်၊ (ဖုတ်စဉ်၊) သယံဝါ, ဒဟတိ- မီးတိုက်အံ့၊ အညေနဝါ, ဒဟာပေတိ-မီးတိုက်စေအံ့၊ ယတ္တကေသု-အကြင်မျှ အတိုင်းအရှည်ရှိကုန်သော၊ ဌာနေသု - အရပ်တို့၌၊ အဂ္ဂိံ – မီးကို၊ ဒေတိဝါ - ကိုယ်တိုင်မူလည်း ပေးအံ့၊ ဒါပေတိဝါ-သူတပါးကိုမူလည်း ပေးစေအံ့၊ တတ္တကာနိ - ထိုမျှ အတိုင်းအရှည်ရှိကုန်သော၊ ပါစိတ္တိယာနိ ( ဟောန္တိ၊ ) ဟိ - မှန်၊ ပတ္တံ – ကို၊ ပစန္တေနပိ- ဖုတ်သောရဟန်းသည်လည်း၊ ပုဗ္ဗေ- ရှေး၌၊ ပက္ကဋ္ဌာနေယေဝ - ဖုတ်အပ်ဘူးရာ အရပ်၌သာလျှင်၊ ပစိတဗ္ဗော - ဖုတ်ထိုက်၏၊ အဒဍ္ဎာယ - မီးမလောင် အပ်ဘူးသော၊ ပထဝိယာ- ၌၊ အဂ္ဂိံ ထပေတုံ နဝဋ္ဋတိ၊ ပန- ဆက်၊ ပတ္တပစန ကပါလသ - သပိတ်ဖုတ်ရာ အိုးကင်း၏၊ ဥပရိ - အထက်၌၊ အဂ္ဂိံ ထပေတုံ ဝဋ္ဋတိ၊ ဒါရုနံ- ထင်းတို့၏၊ ဥပရိ–အထက်၌၊ (အဂ္ဂိံ) ထပေတိ- ထားတတ်၏၊(သပိတ်ဖုတ်ကြောင်း ထင်းတို့၏အပေါ်၌ မီးကိုထားတတ်၏၊) သောအဂ္ဂိ- သည်၊ တာနိ- ထိုထင်းတို့ကို၊ ဒဟန္တော- လောင်လျက်၊ ဂန္တွာ- သွား၍၊ ပထဝိံ- ကို၊ ဒဟတိ-

လောင်အံ့၊ နဝန္တတိ၊ (ဘာ့ကြောင့်နည်း၊ ထင်းတို့က လောင်စာဖြစ်သောကြောင့်တည်း- ဟူလို၊) ဧဝ္ဝက ကပါလာဒီသုပိ- အိုးခြမ်းဖုတ်ရာခွက် အစရှိသည်တို့၌လည်း၊ (အိုးခြမ်းကျင်း အစရှိသည်တို့၌လည်း) ဧသေဝနယော၊ (အာဒိဖြင့် ကျောက်တို့ကို ထုံးဖြစ်အောင်ဖုတ်ရာ ကျောက်ကျင်း စသည်ကိုယူ။) ဟိ - မှန်၊ တတြာပိ - ထို အိုးခြမ်းကျင်းအစရှိသည်တို့၌လည်း၊ ဧဝ္ဝကာဒီနံယေဝ- အိုးခြမ်းအစရှိသည်တို့၏သာ၊ ဥပရိ(အဂ္ဂိ)ထပေတုံ ဝဋ္ဋတိ၊ ကသ္မာ- နည်း၊ တေသံ-ထို အိုးခြမ်းအစရှိသည်တို့၏၊ အနုပါဒါနတ္တာ- လောင်စာမဟုတ်ကုန်သည်၏ အဖြစ်ကြောင့်တည်း၊ ဟိ- မှန်၊ တာနိ- ထို အိုးခြမ်းအစရှိသည်တို့သည်၊ အဂ္ဂိဿ- ၏၊ ဥပါဒါန သင်္ချံ - လောင်စာ ဟူသော အရေအတွက်သို့၊ န ဂစ္ဆန္တိ။

သုက္ခခါဏုသုက္ခရုက္ခာဒီသုပိ-အစရှိသည်တို့၌လည်း၊ အဂ္ဂိံ ဒါတုံ န ဝဋ္ဋတိ၊ (လောင်စာဖြစ်သောကြောင့် မအပ် - ဟူလို၊) ပန- ဆက်၊ ပထဝိံ- သို့၊ အပတ္တမေဝ- မရောက်သေးမီသာလျှင်၊ နိဗ္ဗာပေတွာ- ငြိမ်းစေ၍၊ ဂမိဿာမိ- အံ့၊ ဣတိ- ဤသို့ကြံ၍၊ (အဂ္ဂိံ- ကို၊) သစေ ဒေတိ- အံ့၊ (ဧဝံသတိ) ဝဋ္ဋတိ၊ ပစ္ဆာ- မီးကိုပေးပြီးနောက်မှ၊ နိဗ္ဗာပေတုံ-ငှါ၊ န သက္ကောတိ-မတတ်နိုင်အံ့၊ အဝိသယတ္တာ-စွမ်းနိုင်သောအရာ မဟုတ်သည်၏ အဖြစ်ကြောင့်၊ အနာပတ္တိ၊ တိဏုက္ကံ- မြက်မီးရှူးကို၊ ဂဟေတွာ-ကိုင်၍၊ ဂစ္ဆန္တော- သွားသောရဟန်းသည်၊ ဟတ္ထ- လက်ကို၊ ဒယှမာနေ-မီးလောင်အပ်သော်၊ ဘူမိယံ-မြေပေါ်၌၊ ပါတေတိ-ကျစေအံ့၊ အနာပတ္တိ၊ (ဤနေရာ၌လည်း "အဝိသယတ္တာ- လက်ကိုမီးလောင်နေသဖြင့် ကိုင်၍ထားခြင်းငှါ တတ်နိုင်သော အရာမဟုတ်တော့သည်၏ အဖြစ်ကြောင့် အနာပတ်ဖြစ်သည်- ဟူလို။) ပတိတဋ္ဌာနေယေဝ- မီးကျရာအရပ်၌သာလျှင်၊ ဥပါဒါနံ- လောင်စာကို၊ ဒတွာ- ပေး၍၊ အဂ္ဂိံကာတုံ ဝဋ္ဋတိ၊ ဣတိ- သို့၊ မဟာပစ္စရိယံ ဝုတ္တံ၊ စ- ဆက်၊ ဒဍ္ဎပထဝိယာ-မီးလောင်အပ်ပြီးသောမြေ၏၊ ယတ္တကံဌာနံ-အကြင်မျှလောက်သော

× × × × × × × ×

**အဝိသယတ္တာ အနာပတ္တိ။** ။သုက္ခခါဏုစသည်တို့က မြေပေါ်မှာ အတော်ရှည်လျားသည်ဖြစ်၍ အထက်ပိုင်းကိုသာ ရှို့ပြီးလျှင် မြေကြီးသို့ မရောက်မီ ငြိမ်းအံ့ ဟု ကြံ၍ မီးရှို့ခြင်းငှါ အပ်၏၊ ရှို့ရင်း ရှို့ရင်း မီးက အားကောင်းလာသဖြင့် မြေကြီး မရောက်မီ ငြိမ်းခြင်းငှါ မစွမ်းနိုင်လျှင်လည်း အဝိသယဖြစ်သောကြောင့် (တတ်နိုင်သော အရာမဟုတ်သောကြောင့်) အနာပတ်တည်း။

**ဋီကာ။** ။ဋီကာ၌ "နဂိုရ်က မြေကြီးမရောက်မီ ငြိမ်းအံ့"ဟု သုဒ္ဓစိတ်ဖြင့် မီးရှို့လျှင် နောင်အခါ ငြိမ်းနိုင်စေကာမူ မငြိမ်းတော့ဘဲ မြေကြီးပါလောင်ချင် လောင်ပစေတော့ ဟု သဘောထားသော်လည်း အနာပတ်ဟုပင် ဆို၏၊ ထိုအဆိုသည် သင့်သည်သာ၊ ဘာ့ကြောင့်နည်း၊ မီးရှို့မှု ကာယပယောဂပြုစဉ်က သုဒ္ဓစိတ် ဖြစ်သောကြောင့်တည်း၊ လောင်ချင် လောင်ပစေတော့ ဟု နောက်မှဖြစ်သော စိတ်မှာ ကာယပယောဂ ဝစီပယောဂ မဘက် စိတ်သက်သက်သာ ဖြစ်၏၊ ထို့ကြောင့် " မနောဒွါရေ အနာပတ္တိ"အရ အနာပတ် ဖြစ်နိုင်သည်။

အရပ်ကို၊ ဥသုမာယ - မီး၏ အငွေ့သည်၊ ( မီး၏ အရှိန်သည်၊ ) အနုဂတံ- အစဉ်လိုက်အပ်ပြီ၊ သမ္ဗံ- အလုံးစုံသော ထိုအရပ်ကို၊ ဝိကောပေတုံ ဝဋ္ဋတိ၊ ဣတိ- သို့၊ တတ္ထဝ- ထို မဟာပစ္စရိ အဋ္ဌကထာ၌ပင်၊ ဝုတ္တံ- ပြီ။

ပန- ဆက်၊ အဇာနနကော-မီးလုပ်နည်းကို နားမလည်သော၊ ယောဘိက္ခု- အကြင်ရဟန်းသည်၊အရဏိသဟိတေန-ပွတ်ခုံနှင့်တကွဖြစ်သော ပွတ်ကြည်ဖြင့်၊ အဂ္ဂိံ-ကို၊ နိဗ္ဗတ္တေတွာ-ဖြစ်စေပြီး၍၊ ဟတ္ထေန-လက်ဖြင့်၊ ဥက္ခိပိတွာ-ခြှော်ယူ၍၊ ကိံ–အဘယ်ကို၊ ကရောမိ- ပြုရမည်နည်း၊ ဣတိ-သို့၊ ဝဒတိ-ပြော၏၊ (တံ-ထို ရဟန်းကို၊ အညော–အခြားရဟန်းသည်၊) ဇာလေဟိ-မီးကို တောက်စေလော၊ ဣတိ–သို့၊ ဝတ္တဗ္ဗော – ပြောဆိုထိုက်၏၊ ဟတ္ထော - လက်ကို၊ ဍယှတိ- လောင် အပ်၏၊ ဣတိ-သို့၊ ဝဒတိ- ပြောပြန်အံ့၊ ယထာ- အကြင် အခြင်းအရာအားဖြင့် ပြုအပ်သော်၊ (ဟတ္ထော- ကို၊) န ဍယှတိ-မီးမလောင်အပ်၊ တထာ–ထို အခြင်း အရာအားဖြင့်၊ ကရောဟိ- ပြုလော၊ ဣတိ ဝတ္တဗ္ဗော၊ ပန- ဗျတိရိက်ကား၊ ဘူမိ ယံ-၌၊ ပါတေဟိ- ကျစေလော၊ ဣတိ– သို့၊ န ဝတ္တဗ္ဗော၊ (ပြောလျှင် မြေကြီးကို မီးရှို့စေရာရောက်သောကြောင့် ဤ သိက္ခာပုဒ်အရ အာပတ်သင့်၏၊) ဟတ္ထေ- ကို၊ ဍယှမာနေ- မီးလောင်အပ်သော်၊ သစေ ပါတေတိ - အကယ်၍ မီးကိုကျစေ အံ့၊ (မီးကို မြေကြီးပေါ်၌ ချပစ်လိုက်အံ့၊) ( ဧဝံသတိ - ဤသို့ ကျစေလသော်၊) ပထဝိံ-ကို၊ဒဟိဿာမိ-မီးရှို့အံ့၊ဣတိ-ဤသို့ကြံ၍၊အပါတိတတ္တာ-မကျစေအပ် သည်၏ အဖြစ်ကြောင့်၊ အနာပတ္တိ၊ ပန–ဆက်၊ ပတိတဋ္ဌာနေ-မီးကျရာအရပ်၌၊ အဂ္ဂိံ-ကို၊ ကာတုံ ဝဋ္ဋတိ၊ ဣတိ-သို့၊ ကုရုန္ဒိယံ-ကုရုန္ဒီအဋ္ဌကထာ၌၊ ဝုတ္တံ-ပြီ။

**အနာပတ္တိ ဣမံ** ဇာနာတိအာဒိသု–အစရှိသော ပါဠိရပ်တို့၌၊ (အတ္ထော ဧဝံ ဝေဒိတဗ္ဗော၌စပ်၊) ဣမဿထမ္ဘဿ– ဤတိုင်၏၊ အာဝါဋံ–တွင်းကို၊ ဇာန– သိလော့၊ မဟာမတ္တိကံ-မြေညက်ဆိုင်ကြီးကို၊ ဇာန၊ ထုသမတ္တိကံ-ဖွဲနှင့်ရောသော မြေညက်ကို၊ ဇာန၊ မဟာမတ္တိကံ-ကို၊ ဒေဟိ–ပေးလော့၊ ထုသမတ္တိကံ ဒေဟိ၊ မတ္တိကံ–မြေညက်ကို၊ အာဟရ - ဆောင်ယူခဲ့လော၊ ပံသုံ- မြေမှုန့်ကို၊ အာဟရ၊ မတ္တိကာယ-မြေညက်ဖြင့်၊ အတ္ထော-အလိုရှိ၏၊ ပံသုနာ အတ္ထော၊ ဣမဿ ထမ္ဘ ဿ-၏၊ အာဝါဋံ-ကို၊ကပ္ပိယံကရောဟိ-အပ်အောင်ပြုလော့၊ (ကပ္ပိစမ်းလော့၊) ဣမံမတ္တိကံ-ကို၊ ကပ္ပိယံ ကရောဟိ၊ ဣမံ ပံသုံ, ကပ္ပိယံကရောဟိ- လော့၊ ဣတိ ဧဝမတ္ထော ဝေဒိတဗ္ဗော။

× × × × × × × × ×

**အာဝါဋံဇာန စသည်** ။ ။ တွင်းတူးလိုလျှင် "တွင်းတူးလော့" ဟု မခိုင်းရ၊ "တွင်းကိုသိလော့, တိုင်စိုက်ဘို့ရာ တွင်းအလိုရှိ၏၊ တွင်းကို ကပ္ပိစမ်း"ဟု ခိုင်းရမည်၊ ထုသမတ္တိကာဟူသည် ဖွဲတို့ဖြင့်ရော၍နယ်အပ်သော မြေညက်တည်း၊ ထိုကဲ့သို့ မြေညက် လုပ်ဘို့ရာ မြေတူးခိုင်းခြင်းကို "ထုသမတ္တိကံ ဇာန"ဟု ဆိုသည်၊ ဤ၌လည်း "သိလော့, ကပ္ပိလော့, ဆောင်ယူခဲ့လော့"ဟု ခိုင်းရမည်။

အသဉ္စိစ္စာတိ–ကား၊ ပါသာဏရုက္ခာဒိနိ-ကျောက်တုံး သစ်တုံးအစရှိသည် တို့ကို၊ ပဝဋ္ဋေန္တဿဝါ– လိမ့်စဉ်သော်ငြား၊ ကတ္တရဒဏ္ဍေန- တောင်ဝှေးဖြင့်၊ အာဟစ္စ အာဟစ္စ - ထောက်၍ ထောက်၍၊ ဂစ္ဆန္တဿဝါ– သွားစဉ်သော်ငြား၊ ပထဝီ- သည်၊ ဘိဇ္ဇတိ- ပျက်အံ့၊ သာ-ထို မြေကြီးသည်၊ ( ဘိန္နာနာမ ဟောတိ ဣစ္စပိ၊) တေန - ထိုရဟန်းသည်၊ (အဘိန္နတ္တာ ဣစ္စပိ၊) ဘိန္ဒိဿာမိ – ဖျက်အံ့၊ ဣတိဧဝံ-ဤသို့ကြံ၍၊ သဉ္စိစ္စ-သညာနှင့်တကွစေ့ဆော်၍၊ အဘိန္နတ္တာ-မဖျက်အပ် သည်၏ အဖြစ်ကြောင့်၊ အသဉ္စိစ္စ ဘိန္နာနာမ-အသဉ္စိစ္စဘိန္နာ မည်သည်၊ ဟောတိ၊ [ယောဇနာ၌ "တေနာတိ ပဝဋ္ဋနာဒိနာ" ဟု ဖွင့်၏၊ စဉ်းစားပါ၊] ဣတိ-ဤသို့၊ အသဉ္စိစ္စ-ပျက်စေမှန်းကိုသိသော သညာနှင့်တကွ မစေ့ဆော်မူ၍၊ ဘိန္ဒန္တဿ– ဖျက်သောရဟန်း၏၊ အနာပတ္တိ။ [ ပါဠိတော်၌ အသဉ္စိစ္စ၏ စပ်ဘို့ရာ "ဘိန္ဒန္တဿ" ထည့်ပါ - ဟူလို၊] အသတိယာတိ - ကား၊ အညဝိဟိတော–အခြားသော အာရုံ၌ ထားအပ်သောစိတ်ရှိသည်၊(အခြားသော အာရုံကို နှလုံးသွင်းနေသည်၊ ဟုတ္တာ) ကေနစိ- တဦးတယောက်သောပုဂ္ဂိုလ်နှင့်၊ သဒ္ဓိံ- တူ၊ ကိဉ္စိ- တစုံတခု သော အကြောင်းအရာကို၊ ကထေန္တော-ပြောဆိုနေစဉ်၊ ပါဒင်္ဂုဋ္ဌကေနဝါ–ခြေမ ဖြင့်သော်ငြား၊ ကတ္တရယဋ္ဌိယာဝါ – တောင်ဝှေးဖြင့် သော်ငြား၊ ပထဝိံ - ကို၊ ဝိလိခန္တော - ခြစ်လျက်၊ တိဋ္ဌတိ - တည်အံ့၊ ဧဝံ - သို့၊ အသတိယာ - သတိကင်း သဖြင့်၊ ဝိလိခန္တဿဝါ– ခြစ်သည်မှုလည်းဖြစ်သော၊ ဘိန္ဒန္တဿဝါ-ဖျက်သည် မှုလည်းဖြစ်သော၊ (ဘိက္ခုနော-၏၊) အနာပတ္တိ။

အဇာနန္တဿာတိ – ကား၊ အန္တောဂေဟေ – အိမ်၏ အတွင်း၌၊ ဩဝဋ္ဋံ- မိုယ်းစွပ်အပ်ပြီးသည်၊ (ဟုတွာ) ဆန္နံ–မိုးအပ်သော၊ ( မိုယ်းစွပ်အပ်ပြီးမှ မိုး အပ်သော၊) ပထဝိံ - ကို၊ အကပ္ပိယပထဝီတိ- ဟူ၍၊ နဇာနာတိ-မသိ၊ ကပ္ပိယ ပထဝီတိ- ဟူသော၊ သညာယ- အမှတ်ဖြင့်၊ ဝိကောပေတိ- ဖျက်ဆီးအံ့၊ ( ဧဝံ အဇာနန္တဿ အနာပတ္တိ ဣစ္စပိ၊ ) ဝါ - တနည်း၊ ခဏာမိ – တူး၏၊ ဘိန္ဒာမိ- ဖျက်၏၊ ဒဟာမိ-မီးရှို့၏၊ ဣတိ- သို့၊ နဇာနာတိ-မသိအံ့၊ ကေဝလံ- သက်သက်၊ သင်္ဂေါပနတ္ထာယ- လုံခြုံစေခြင်း အကျိုးငှါ၊ ခဏိတ္တာဒီနိဝါ- တူးရွင်းအစရှိသည် တို့ကိုမူလည်း၊ ထပေတိ–ထားအံ့၊ ဥယျမာနဟတ္ထော-မီးလောင်အပ်သော လက် ရှိသည်၊ (ဟုတွာဝါ-ဖြစ်၍မူလည်း၊) အဂ္ဂိံ–ကို၊ ပါတေတိ-ကျစေအံ့၊ ဧဝံ-သို့၊ အဇာနန္တဿ-မသိသောရဟန်း၏၊ အနာပတ္တိ၊သေသံ၊ပေ၊တိဝေဒနန္တိ။....ပထဝီ ခဏနသိက္ခာပဒံ ဒသမံ။....ဝဏ္ဏနာက္ကမေန- ဖွင့်ခြင်း၏ အစဉ်အားဖြင့်၊ ပဌမော- ရှေးဦးစွာသော၊ မုသာဝါဒဝဂ္ဂေါ-သည်၊ သမတ္တော-ပြည့်စုံပြီ။

**မုသာဝါဒဝဂ် ပြီးပြီ။**

## ဘူတဂါမဝဂ်

### ဘူတဂါမသိက္ခာပုဒ်

သေနာသနဝဂ္ဂဿ—၏၊ ပဌမသိက္ခာပဒေ— ၌၊ အနာဒိယန္တော်တိ— ကား၊ တဿာ-ထို နတ်မ၏၊ ဝစနံ-စကားကို၊ အဂဏှန္တော-မယူသည်၊ (နားမထောင်သည်၊ ဂရုမစိုက်သည်၊) [ဟုတ္ထာ—၍၊ ဆိန္ဒိယေဝ-ဖြတ်မြဲဖြတ်သည်သာ၊ ဤသို့ ပါဠိတော်၌စပ်၊]ဒါရကဿ ဗာဟုံ အာကောဋ္ဋေသိတိ - ကား၊ ဥက္ခိတ္တံ-မြှောက်ချီ အပ်သော၊ ဖရသုံ - ပုဆိန်ကို၊ နိဂ္ဂဟေတုံ – မြဲစွာယူခြင်းငှါ၊ ( မခုတ်မိအောင် ကောင်းစွာ ဆောင်ထားခြင်းငှါ၊ ထိန်းထားခြင်းငှါ၊ ) အသက္ကောန္တော - မစွမ်း နိုင်သည်၊ (ဟုတ္ထာ-၍၊) မနဿာနံ-တို့၏၊ စက္ခုဝိသယာတီတေ-မျက်စိအရာကို လွန်သော၊ ( မျက်စိဖြင့် မမြင်နိုင်သော၊ ) မဟာရာဇသန္တိကာ –ဝေဿဝဏ် နတ်မင်းကြီး၏ အထံမှ၊ လဒ္ဓေ - ရအပ်သော၊ ရုက္ခဋ္ဌက ဒိဗ္ဗဝိမာနေ - သစ်ပင်၌ တည်သော နတ်ဗိမာန်၌၊ နိပ္ပန္နဿ—အိပ်နေသော၊ ဒါရကဿ-နတ်ကလေး၏၊ ဗာဟုံ- လက်မောင်းကို၊ ထနမူလေယေဝ- သားမြတ်ရင်း၌ပင်၊ ဆိန္ဒိ-ဖြတ်မိပြီ။

နခေါ၊ပေ၊ ပတိရူပန္တိ အာဒိမှ – အစရှိသော ပါဠိရပ်၌၊ အယံ - ဤ ဆိုအပ် လတ္တံကား၊ သင်္ခေပဝဏ္ဏနာ - အကျဉ်းချုပ်ဖြစ်သော အဖွင့်တည်း။ ကိရ - ချဲ၊ ဟိမဝန္တေ-၌၊ ပက္ခဒိဝသေသု – လဆန်းပက္ခ, လဆုတ်ပက္ခနေ့တို့၌၊ (လပြည့် လကွယ်နေ့ကို ဆိုလိုဟန်တူသည်၊) ဒေဝတာ သန္နိပါတော- နတ်တို့၏ အစည်း အဝေးသည်၊ ဟောတိ - ရှိ၏၊ တတ္ထ - ထိုနတ်တို့၏ အစည်းအဝေး၌၊ ရုက္ခဓမ္မံ- ရုက္ခဓမ်ကို၊ (သစ်ပင်၏သဘောကို၊) ပုစ္ဆန္တိ-မေးကြကုန်၏၊ (ကိံ-နည်း၊)တွံ- သည်၊ ရုက္ခဓမ္မေ—ရုက္ခဓမ်၌၊ ဌိတာ— တည်သလော၊ န ဌိတာ—မတည်သလော၊ ဣတိ—သို့၊ (ပုစ္ဆန္တိ၊) [ဒေဝတာကိုငဲ့၍ ဌိတာဟုထားသည်။] ရုက္ခဓမ္မောနာမ- မည်သည်၊ ရုက္ခေ-ကို၊ ဆိဇ္ဇမာနေ- လူတို့က ဖြတ်အပ်သော်၊ ရုက္ခဒေဝတာယ— သစ်ပင်၌နေသောနတ်၏၊ (ရုက္ခဗိုဝ်း၏၊) မနောပဒေါသဿ-စိတ်၏ ပျက်စီးခြင်း

× × × × × × × ×

ဋီကာ။ ။ရုက္ခဋ္ဌကဒိဗ္ဗဝိမာနေတိစ သာခဋ္ဌကဝိမာနံ သန္ဓာယ ဝုတ္တံ၊ ရုက္ခဿ ဥပရိ နိဗ္ဗတ္တံ ဟိ ဝိမာနံ ရုက္ခပဋိဗဒ္ဓတ္တာ “ ရုက္ခဋ္ဌကဝိမာန ” န္တိ ဝုစ္စတိ၊ သာခဋ္ဌက ဝိမာနံ ပန သဗ္ဗသာခါ သန္နိဿိတံ ဟုတွာ တိဋ္ဌတိ၊ တတ္ထ ယံ ရုက္ခဋ္ဌကဝိမာနံ ဟောတိ၊ တံ ယာဝ ရုက္ခဿ မူလမတ္တမ္ပိ တိဋ္ဌတိ၊ တာဝ န နဿတိ၊ သာခဋ္ဌကဝိမာနံ ပန သာခါသု ဘိဇ္ဇ မာနာသု တတ္ထတတ္ထေဝ ဘိဇ္ဇိတွာ သဗ္ဗသာခါသု ဘိန္နာသု သဗ္ဗံ ဘိဇ္ဇတိ၊ ဣဒမ္ပိစ ဝိမာနံ သာခဋ္ဌကံ၊ တသ္မာ ရုက္ခေ ဆိန္နေ တံ ဝိမာနံ သဗ္ဗသော ဝိနဋ္ဌံ၊ တေနေဝ သာဒေဝတာ ဘဂဝတော သန္တိကာ လဒ္ဓေ အညသ္မိံ ဝိမာနေ ဝသိ၊ ဗာဟုံ ထနမူလေယေဝ ဆိန္ဒီတိ— အံ့သေန သဒ္ဓိံ ဗာဟုံ ဆိန္ဒိ၊ ဣမိနာစ ( ဤစကားဖြင့်လည်း ) ရုက္ခဒေဝတာနံ ဂတ္တာနိ ဆိဇ္ဇန္တိ ( ရုက္ခဗိုဝ်းတို့၏ ခန္ဓာကိုယ်တို့ကို ခုတ်ဖြတ်အပ် ခုတ်ဖြတ်နိုင်ကုန်၏၊) န စာတု မဟာရာဇိကာဒီနံ့ဝိယ အစ္ဆေဇ္ဇာနီတိ ဒဿိတံ။

ကို၊ (ဒေါသကို၊) အကရဏံ - မပြုခြင်းတည်း၊ [ရုက္ခသ - သစ်ပင်၏+ဓမ္မော— သဘောတည်း၊ ရုက္ခဓမ္မော-သဘော၊ တစုံတယောက်ကဖြတ်သောအခါ သစ်ပင်သည် စိတ်မဆိုးသကဲ့သို့ စိတ်မဆိုးခြင်းသဘော။ ] တတ္ထ — ထို ရုက္ခဓမ္မကို မေးကြရာ၌၊ (တနည်း) တတ္ထ - ထိုနတ်တို့တွင်၊ ယာဒေဝတာ - သည်၊ ရုက္ခဓမ္မေ - ၌၊ အဋ္ဌိတာ — မတည်သည်၊ ဟောတိ၊ သာ - ထိုနတ်သည်၊ ဒေဝတာ သန္နိပါတံ- နတ်တို့၏ အစည်းအဝေးသို့၊ ပဝိသိတုံ - ဝင်ခြင်းငှါ၊ (ဝင်ခွင့်ကို၊) န လဘတိ- မရ၊ ဣတိ-ထို့ကြောင့်၊ သာဒေဝတာ— ထို နတ်မသည်၊ ရုက္ခဓမ္မေ- ၌၊ အဋ္ဌာန ပစ္စယံ - မတည်ခြင်းဟူသော အကြောင်းရှိသော၊ ဣမဋ္ဌ အာဒိနဝံ - ၍အပြစ်ကို လည်း၊ အဒ္ဒသ - မြင်ပြီ၊ စ - သည်သာမကသေး၊ ဘဂဝတော - ၏၊ သမ္မုခါ — မျက်မှောက်တော်၌၊ သုတပုဗ္ဗ ဓမ္မဒေသနာနုသာရေန- ကြားနာအပ်ဘူးသော တရားဒေသနာတော်ကို အစဉ်လိုက်သဖြင့်၊ တထာ ဂတဿ - ၏၊ ဆဒ္ဒန္တာဒိကာလေ- ဆဒ္ဒန်ဆင်မင်းအစရှိသည်၏အခါ၌၊ ပုဗ္ဗစရိတံ-ရှေး၌ ကျင့်အပ်ဘူးသောအကျင့်ကို၊ အနုဿရိ-အမှတ်ရပြီ၊ တေန-ကြောင့်၊ အဿာ-ထို နတ်မ၏၊ နခေါပနေတံ ၊ပေ၊ ဝေါရောပေယျန္တိ—ဟူသော၊ တံ - ၍အကြံသည်၊ အဟောသိ-ပြီ။ [ဣတိ အယံ-ကား၊ သင်္ခေပဝဏ္ဏနာ၊ (ဣတိတလုံးကြေ။) ]

ယန္နူနာဟံ ၊ပေ၊ အာရောစေယျန္တိ ဣဒံ ပန- ဟူသော ၍ အကြံသည်ကား၊ (အဟောသိ၌ လှမ်းစပ်၊ အဿာကို နောက်မှပေး၊)အယံဘိက္ခု-သည်၊ သပိတိ ကော - အဘရှိသော၊ ပုတ္တော – သားတည်း၊ [ သံဝိဇ္ဇတိ ပိတာ အဿာတိ- သပိတိကော၊ သမာသန္တ ကပစ္စည်းသက်၊ အာကို ဣ ပြု၊ သဟ၏ ကာရိယ ဖြစ်သော(သ)သည် သံဝိဇ္ဇမာန အနက်ဟော။ ] အဒ္ဓါ- မချွတ်ကေန်၊ ဘဂဝါ- သည်၊ ဣမဿ-၍ရဟန်း၏၊ ဣမံ အဇ္ဈာစာရံ-၍လွန်ကျူးမှုကို၊ သုတွာ-ကြား တော်မူရ၍၊ မရိယာဒံ-စည်းကမ်း (စည်းရိုး)ကို၊ ဗန္ဓိဿတိ - ဖွဲ့တော်မူလတ့်၊ သိက္ခာပဒံ-ကို၊ ပညပေဿတိ - ပညတ်တော်မူလတ့်၊ ( မရိယာဒံ ဗန္ဓိဿတိကို ထပ်ဖွင့်သည်၊ )ဣတိ-သို့၊ပဋိသင်္ခါယ-စဉ်းစားသော၊ အဿာ-ထို နတ်မ၏ (စိတ်၌၊)အဟောသိ-ဖြစ်ပြီ၊ သစေဇ္ဇ တွံ ဒေဝတေတိ-ကား၊ ဒေဝတေ-နတ်သမီး၊ အဇ္ဇ-ယနေ့၊ တွံ-သင်သည်၊ (တံ—ထိုရဟန်းကို၊ ဇီဝိတာ-မှ၊) သစေ ဝေါရောပေယျာသိ- အကယ်၍ ခွင်းလိုက်အံ့၊ ပသဝေယျာသီတိ - ကား၊ ဇနေယျာသိ— ဖြစ်စေရာ၏၊ ဥပ္ပါဒေယျာသိ-ဖြစ်စေရာ၏၊ [ ပရှေးရှိသော သုဓာတ်သည် ဇနန အနက်ဟော၊ မွေးဖွားခြင်း အနက်ကို ယူမည်စိုး၍ ဇနေယျာသိကို ဥပ္ပါဒေယျာသိ ဟု ထပ်ဖွင့်သည်။]စပန-ထပ်၍ ဆက်၊ ဧဝံ-သို့၊ ဝတွာ-မိန့်တော်မူပြီး၍၊ဘဂဝါ- သည်၊ တံဒေဝတံ-ထိုနတ်သမီးကို၊ သညာပေန္တော-နားလည်စေတော်မူလိုသည်၏ အဖြစ်ကြောင့်၊ ယောဝေ၊ပေ၊ဇနောတိ—ဟူသော၊ ဣမံဂါထံ-ကို၊ အဘာသိ— ဟောတော်မူပြီ။

**ဂါထာနက်**။ ။သာရထိ–ရထားထိန်းသည်၊····(ရထားကို ထိန်းထိန်း သိမ်းသိမ်း မောင်းနှင်တတ်သူသည်၊ ) ဘန္တံ– လှုပ်လှုပ်ရှားရှား သွားနေသော၊ ရထံ-ရထားကို၊ ဝါရေတိ ဣဝ-မလိုရာအရပ်သို့ မသွားအောင် တားမြစ်သကဲ့သို့၊ (တထာ - ထို့အတူ၊) ယော– အကြင် ပုဂ္ဂိုလ်သည်၊ ဝေ- စင်စစ်၊ ဥပ္ပတိတံ– အထက်အထက်၌ ဖြစ်ပေါ်လာသော၊ ကောဓံ-ဒေါသကို၊ ဝါရယေ- တားမြစ် နိုင်၏၊ တံ- ထို ပုဂ္ဂိုလ်ကို၊ သာရထိံ - ရထားထိန်းဟူ၍၊ အဟံ- ငါဘုရားသည်၊ ဗြူမိ-ဟောတော်မူ၏၊ ဣတရော-ကောဓကို တားနိုင်သူမှတပါးသော၊ ဇနော- ရထားမောင်းသူ လူအပေါင်းသည်၊ ရသ္မိဂ္ဂါဟော-ရထားမြင်း၏ကြိုးကို ကိုင်တတ် သူမျှသာတည်း။···· ဂါထာပရိယောသာနေ- ဂါထာ၏အဆုံး၌၊ သာဒေဝတာ- သည်၊ သောတာပတ္တိဖလေ- ၌၊ ပတိဋ္ဌာသိ- တည်ပြီ၊ ပုန-ဖန်၊ ဘဂဝါ - သည်၊ သမ္ပတ္တပရိသာယ – ရောက်လာသော ပရိသတ်အား၊ ဓမ္မံ - ကို၊ ဒေသေန္တော- ဟောတော်မူလိုသည်၏အဖြစ်ကြောင့်၊ ယော ဥပ္ပတိတံ ၊ပေ၊ ပုရာဏာန္တိ-ဟူသော၊ ဣမံ ဂါထံ အဘာသိ။

**ဂါထာနက်**။ ။(တိကိစ္ဆကော – မြွေဆေးဆရာသည်၊ သပ္ပဒဋ္ဌော - မိမိ ကိုယ်ကို မြွေကိုက်အပ်သည်၊ ဝါ - မြွေကိုက်ခံရသည်၊ ဟုတ္ဝာ – ၍၊) ဝိသဋံ– ကျယ်ပြန့်လာသော၊ (အကိုက်ခံရသောနေရာမှ ကျယ်ပြန့်လာသော၊) သပ္ပဝိသံ- မြွေ၏အဆိပ်ကို၊ ဩသဓေဟိ-အဆိပ်ဖြေဆေးတို့ဖြင့်၊ ဝိနေတိဣဝ-ပယ်ဖျောက် သကဲ့သို့၊ (တထာ– ထို့အတူ၊) ယော- အမှတ်မထား တပါးပါးသော အကြင် ရဟန်းသည်၊ ဥပ္ပတိတံ-အထက်အထက်၌ ဖြစ်ပေါ်လာသော၊ ကောဓံ-ဒေါသ ကို၊ ဝိနေတိ-ပယ်ဖျောံနိုင်၏။[မြွေကိုက်ခံရသော ဆေးဆရာသည် တက်လာသော အဆိပ်ကို ကိုယ်တိုင် ပယ်ဖျောက်သကဲ့သို့ ထို့အတူ မိမိ၌ ဖြစ်ပေါ်လာသော ကောဓကို ကိုယ်တိုင် ပယ်ဖျောက်သည် - ဟူလို။] ဥရဂေါ – မြွေသည်၊ ဇိဏ္ဏံ– ဆွေးမြည့်သော၊ ပုရာဏံ – ဟောင်းသော၊ တစံ – အရေကို၊ ဇဟာတိ ဣဝ– စွန့်သကဲ့သို့၊ ( တထာ - တူ၊ ) သောဘိက္ခု – ကောဓကို ပယ်ဖျောက်နိုင်သော ထို ရဟန်းသည်၊ ဩရပါရံ - ဩရပါရအမည်ရသော ၅ ပါးသော ဩရမ္ဘာဂိယ သံယောဇဉ်ကို၊ ဇဟာတိ-ပယ်စွန့်နိုင်၏။

တတြ-ထို ၂ ဂါထာတို့တွင်၊ ပဌမဂါထာ-ကို၊ဓမ္မပဒေ-၌၊သင်္ဂဟံ-သင်္ဂါယနာ သို့၊ အာရုဠှာ - တင်အပ်ပြီ၊ ဒုတိယာ- ဒုတိယဂါထာကို၊ သုတ္တနိပါတေ- သုတ္တ နိပါတ်၌၊ ( သင်္ဂဟံ အာရုဠှာ၊ ) ဝတ္ထုပန – ဝတ္ထုကြောင်းကိုကား၊ ဝိနယေ— ဝိနည်း ပိဋကတ်၌၊ ( ဤသိက္ခာပုဒ်၌၊ သင်္ဂဟံ အာရုဠှံ၊ ) ဣတိ-သို့မှတ်အပ်၏၊ အထ-ထိုမှနောက်၌၊ ဘဂဝါ-သည်၊ ဓမ္မံ- ကို၊ ဒေသေန္တောယေဝ-ဟောတော် မူစဉ်ပင်၊ တဿာ ဒေဝတာယ- ၏၊ ဝသနဋ္ဌာနံ- နေရာအရပ်ကို၊ အာဝဇ္ဇန္တော- ဆင်ခြင်တော်မူလသော်၊ ပတိရူပံ - သင့်တော်သော၊ ဌာနံ- အရပ်ကို၊ ဒိသွာ- ၍၊

ဒေဝတေ-နတ်သို့း၊ ဂန္တွ – သွားချေ၊ အသုကသ္မိံ – ထိုမည်သော၊ ဩကာသေ– အရပ်၌၊ ရုက္ခော- သည်၊ ဝိဝိတ္တော- ပိုင်ရှင်နတ်မှ ကင်းဆိတ်၏၊ (ပိုင်ရှင်မရှိ၊) တသ္မိံ – ထိုသင်ပင်၌၊ ဥပဂစ္ဆ - ချဉ်းကပ်ချေလော၊ ဣတိ - ဤသို့၊ အာဟ– မိန့်တော်မူပြီ၊....ကိရ–ချွ၊ သောရုက္ခော– သည်၊ အာဠဝိရဋ္ဌေ- အာဠဝိတိုင်း၌၊ ဝါ-တိုင်းက၊ ရုက္ခော-သည်၊ န-မဟုတ်၊ ဇေတဝနဿ-၏၊ အန္တောပရိက္ခေပေ- အကာအရံအတွင်း၌၊ ဝါ–က၊ ရုက္ခော- သစ်ပင်တည်း၊ ယဿဒေဝပုတ္တဿ- ၏၊ ပရိဂ္ဂဟော-သိမ်းပိုက်အပ်သောဥစ္စာသည်၊ အဟောသိ-ဖြစ်ဘူးပြီ၊ သော-ထို ပိုင်ရှင်နတ်သားသည်၊ စုတော – စုတေလေပြီ၊ တသ္မာ – ကြောင့်၊ ဝိဝိတ္တောတိ- ဟူ၍၊ ဝုတ္တော-မိန့်တော်မူအပ်ပြီ။

စပန- ထပ်၍ဆက်၊ တတော- ထိုအခါမှ၊ ပဋ္ဌာယ- ၍၊ သာဒေဝတာ-သည်၊ သမ္မာသမ္ဗုဒ္ဓတော - မြတ်စွာဘုရား အထံတော်မှ၊ လဒ္ဓပရိဟာရာ - ရအပ်သော အဆောင် အယောင်ရှိသော၊ ဗုဒ္ဓုပဋ္ဌာယိကာ – မြတ်စွာဘုရားကို ဆည်းကပ် တတ်သူသည်၊ အဟောသိ- ပြီ၊ ယဒါ- အကြင် အခါ၌၊ ဒေဝတာသမာဂမော- နတ်တို့၏ အစည်းအဝေးသည်၊ ဟောတိ– ၏၊ (ဘုရားဖူးလာသူများ၏ အစည်း အဝေးတည်း၊ ) တဒါ- ထိုအခါ၌၊ မဟေသက္ခဒေဝတာသု - တန်ခိုးကြီးသော နတ်တို့သည်၊ အာဂစ္ဆန္တီသု- လာကုန်လသော်၊ အညာ- အခြားကုန်သော၊ အပ္ပေ သက္ခာ- နည်းသော တန်ခိုးရှိကုန်သော၊ ဒေဝတာ - တို့သည်၊ ယာဝ - အကြင် မျှလောက်သော အရပ်၌၊ မဟာသမုဒ္ဒစက္ကဝါဠပဗ္ဗတာ- မဟာသမုဒြာ စကြာဝဠာ တောင်တို့သည်၊ (သန္တိ- ရှိကုန်၏၊) တာဝ- ထို အရပ်တိုင်အောင်၊ ပဋိက္ကမန္တိ- နောက်ဆုတ်ကြရကုန်၏၊ အယံပန- ဤနတ်မသည်ကား၊ အတ္တနော- ၏၊ ဝသန ဋ္ဌာနေ- နေရာအရပ်၌၊ နိသီဒိတွာဝ- ထိုင်၍သာလျှင်၊ ဓမ္မံ- ကို၊သုဏာတိ-နာနိုင် ၏၊ ယမ္ပိပဉှံ - အကြင် ပြဿနာကိုလည်း၊ ပဌမယာမေ - ၌၊ ဘိက္ခူ - တို့သည်၊ ပုစ္ဆန္တိ- မေးကြကုန်၏၊ မဇ္ဈိမယာမေ, ဒေဝတာ(ပုစ္ဆန္တိ၊) သဗ္ဗံ- အလုံးစုံသော၊ တံ- ထိုပြဿနာကို၊ တတ္ထေဝ- ထိုမိမိနေရာ ဗိမာန်၌သာလျှင်၊ နိသီဒိတွာ-ထိုင်၍၊ သုဏာတိ- နာနိုင်၏၊ စတ္တာရော- ၄ ယောက်ကုန်သော၊ မဟာရာဇာနောပိ-နတ်မင်း ကြီးတို့သော်မှလည်း၊ ဘဂဝတော- ကို၊ ဥပဋ္ဌာနံ-ဆည်းကပ်ခြင်းငှါ၊ အာဂတ္တွာ- လာ၍၊ ဂစ္ဆန္တာ- ပြန်ကုန်လသော်၊ တံဒေဝတံ- ထိုနတ်မကို၊ ဒိသွာဝ- တွေ့ပြီး ၍သာလျှင်၊ (တွေ့ပြီးမှသာလျှင်, နှုတ်ဆက်ပြီးမှသာလျှင်)ဂစ္ဆန္တိ- ပြန်ကြကုန်၏။

× × × × × × ×

**မဟေသက္ခ, အပ္ပေသက္ခ**။ ။ဤသတိ–အစိုးရ၏၊ ဣတိ ဤသော၊ မဟန္တော+ ဤသော မဟေသော၊ (အစိုးရသူ အကြီးစား၊ )မဟေသော ဣတိ + အက္ခာယတီတိ မဟေသက္ခာ ( ဒေဝတာ )၊ ကြီးသော အစိုးရသူ ဟု ဆိုအပ်သောနတ်၊ “ အပ္ပေါ+ ဤသော အပ္ပေသော ” စသည်ပြု၊ နိဿယအနက်မှာ အများသုံး အဓိပ္ပါယ် နက်သာ ဖြစ်သည်။

ဘူတဂါမ ပါတဗျတာယာတိ ဧတ္ထ– ၌၊ ( အဝယဝတ္ထော- အစိတ်အနက်ကို၊ ဧဝံ–၌ ဆိုအပ်လတ့်သောနည်းဖြင့်၊ ဝေဒိတဗ္ဗာ- ၏၊) ဘဝန္တိ- ဖြစ်ကုန် ကြီးပွားကုန်ဆဲ၊ ဣတိစ – ၌ ပစ္စုပ္ပန္နကာလိက ဝစနတ္တကြောင့်၎င်း၊ အဟုဝုံ- ဖြစ်ကုန် ကြီးပွားကုန်ပြီ၊ ဣတိစ - ၌ အတီတကာလိက ဝစနတ္တကြောင့်၎င်း၊ ဘူတာ - ဘူတာတို့ မည်၏၊ ဇာယန္တိ - ဖြစ်ကုန်ဆဲ၊ ဝဍ္ဎန္တိ – ကြီးပွားကုန်ဆဲ၊ (ဣတိ အတ္ထောစ-၌ ၂ နက်သည်၎င်း၊) ဇာတာ-ဖြစ်ကုန်ပြီ၊ ဝဍ္ဎိတာ-ကြီးပွားကုန်ပြီ၊ ဣတိအတ္ထောစ-သည်၎င်း၊(ဟောတိ၊)ဂါမောတိ-ကား၊ရာသိ-အပေါင်းအစုတည်း၊ ဘူတာနံ-ဖြစ်ဆဲ ကြီးပွားဆဲ, ဖြစ်ပြီး ကြီးပွား ပြီးသော မြက်သစ်ပင် ခြုံနွယ်တို့၏၊ ဂါမော– အပေါင်းတည်း၊ ဘူတဂါမော- ပေါင်း၊ (ဂါမောတိ ဟု ဣတိပါနေသည်ကား မကောင်း၊) ဝါ-တနည်း၊ ဘူတာဝေ-ဖြစ်ဆဲ ကြီးပွားဆဲ, ဖြစ်ပြီး ကြီးပွားပြီးသော မြက်သစ်ပင် ခြုံနွယ်တို့သည်ပင်၊ ဂါမော - အပေါင်းတည်း၊ ဘူတဂါမော-အပေါင်း၊ ဧတံ-၌ ဘူတဂါမော ဟူသော အမည်သည်၊ ပတိဋ္ဌိတ ဟရိတ တိဏရုက္ခာဒီနံ - မြေ၌တည်သော စိမ်းစိုသော မြက်သစ်ပင် အစရှိသည်တို့၏၊ အဓိဝစနံ–အမည်တည်း၊ ပါတဗျဿ-သုံးစွဲအပ်သော မြက်သစ်ပင် အပေါင်း၏၊ ဘာဝေါ–ဖြစ်ကြောင်း ဖြစ်ရာ(သုံးစွဲခြင်း ကြိယာ)တည်း၊ ပါတဗျတာ-၊ပေ၊ကြိယာ၊ ဆေဒနဘေဒနာဒိဟိ- ဖြတ်ခြင်း ခွဲခြင်း အစရှိသည်တို့ဖြင့်၊ ယထာရုစိ-အလိုရှိတိုင်း၊ ပရိဘုဉ္ဇိတဗ္ဗတာ- သုံးစွဲအပ်သည်၏အဖြစ်တည်း၊ ( သုံးစွဲအပ်သော မြက်သစ်ပင် အပေါင်း၏ ဖြစ်ကြောင်း ဖြစ်ရာ ဖြတ်ခြင်း ခွဲခြင်း စသည်ဖြင့် သုံးစွဲခြင်းကြိယာတည်း၊) ဣတိအတ္ထော၊ တဿ ဘူတဂါမ ပါတဗျတာယ-ထိုဘူတဂါမ်၏ သုံးစွဲအပ်သည်၏ အဖြစ်ကြောင့်(ပါစိတ္တိယံ ဟောတိ၊) စ-ဆက်၊ ဧတံ- ၌ဘူတဂါမ ပါတဗျတာယ ဟူသော သဒ္ဒါသည်၊ နိမိတ္တတ္ထေ-၌၊ ဘုမ္မဝစနံ- သတ္တမီဝိဘတ်ရှိသောသဒ္ဒါတည်း၊ [“ နိမိတ္တတ္ထေဧတံ ဘုမ္မဝစနံ”ဟု ရှိပါစေ။] ဘူတဂါမ ပါတဗျတာဟေတု - ဘူတဂါမ်၏ သုံးစွဲအပ်သည်၏ အဖြစ်ဟူသော အကြောင်းကြောင့်၊ ဘူတဂါမဿ- ကို၊ ဝါ- ဖြစ်ဆဲ ကြီးပွားဆဲ ဖြစ်ပြီး ကြီးပွားပြီးသော မြက်သစ်ပင် အပေါင်းကို၊ ဆေဒနာဒိပစ္စယာ - ဖြတ်ခြင်း အစရှိသော အကြောင်းကြောင့်၊ ပါစိတ္တိယံ ( ဟောတိ၊ ) ဣတိ အတ္ထော၊ [ အဖွင့်၏ အဓိပ္ပါယ်ကို ကင်္ခါဘာသာဋီကာ၌ ပြထားပြီ။]

ဣဒါနိ-၌၊ တံ ဘူတဂါမံ-ကို၊ ဝိဘဇိတွာ-အကျယ်ဝေဘန်၍၊ ဒဿေန္တော-ပြတော်မူလိုသည်၏ အဖြစ်ကြောင့်၊ ဘူတဂါမော၊ပေ၊ဇာတာနီတိ အာဒိံ-အစရှိသောပါဠိရပ်ကို၊ အာဟ–မိန့်တော်မူပြီ၊ တတ္ထ-ထို ဘူတဂါမောနာမ ပဉ္စဗီဇဇာတာနိ အစရှိသောပါဠိရပ်၌၊ ဘူတဂါမော နာမာတိ - ဟူ၍၊ ဘူတဂါမံ-ကို၊ ဥဒ္ဒိသိတွာ- ထုတ်ပြတော်မူပြီး၍၊ ယသ္မိံ - အကြင် မျိုးစေ့သည်၊ သတိ- ရှိလသော်၊ ဘူတဂါမော- သစ်ပင်အပေါင်းသည်၊ ဟောတိ၊ တံ-ထိုမျိုးစေ့ကို၊ ဒဿေတုံ- ငှါ၊

ပဉ္စဗီဇဇာတာနီတိ-ဟူ၍၊ အာဟ-မိန့်တော်မူပြီ၊ ဣတိ-သို့၊ အဋ္ဌကထာသု-ရှေး အဋ္ဌကထာတို့၌၊ ဝုတ္တံ-ဖွင့်ဆိုအပ်ပြီ၊ ဧဝံသန္တေပိ—ဤသို့ဆိုအပ်ပါသော်လည်း၊ ( ဤသို့ ရှေးအဋ္ဌကထာတို့၌ ပဉ္စ ဗီဇဇာတာနိအရ မျိုးစေ့ ၅ ပါးကို ရအောင် ဖွင့်ကြပါသော်လည်း၊) တံဝစနံ - ထို ရှေးအဋ္ဌကထာတို့၌ ဆိုအပ်သောစကား သည်၊ (ထည့်၊ ) ယာနိဝါ၊ပေ၊ဇာယန္တီတိ အာဒိနာ – အစရှိသော ပါဠိတော် စကားရပ်နှင့်၊ န သမေတိ-မညီညွတ်၊ ဟိ-မှန်၊ (တနည်း) ဟိ(ယသ္မာ)-ကြောင့်၊ မူလဗီဇာဒီနိ- အမြစ်မျိုးစေ့ အစရှိသည်တို့သည်၊ မူလာဒီသု-အမြစ် အစရှိသည် တို့၌၊ န ဇာယန္တိ- ဖြစ်ကုန်သည် မဟုတ်၊ ပန- စင်စစ်ကား၊ မူလာဒီသု- အမြစ် အစရှိသည်တို့၌၊ ဇာယမာနာနိ-ဖြစ်ကုန်လသော်၊ ဝါ-ဖြစ်ကုန်သော၊ တာနိ-ထို သစ်ပင်တို့ကို၊ ဗီဇကတာနိ-မျိုးစေ့သည် ပြုအပ်ကုန်၏၊ (တသ္မာ-ကြောင့်၊ ယာနိ ဝါ၊ပေ၊ဇာယန္တီတိ အာဒိနာ-နှင့်၊ န သမေတိ၊)တသ္မာ-ထိုသို့ မညီညွတ်သည်၏ အဖြစ်ကြောင့်၊ ဧဝံ-ဤ ဆိုအပ်လတ္တံ့သောနည်းဖြင့်၊ ဧတ္ထ- ဤ ဘူတဂါမေ နာမ ပဉ္စ ဗီဇဇာတာနိ အစရှိသော ပါဠိရပ်၌၊ ဝဏ္ဏနာ-အဖွင့်ကို၊ ဝေဒိတဗ္ဗာ- ၏။

ဘူတဂါမော နာမာတိ (ဣဒံ)-ဟူသော ဤပုဒ်သည်၊ ဝိဘဇိတဗ္ဗပဒံ-ဝေဘန် ထိုက်သော ပုဒ်တည်း၊ [ ဝေဘန်ဘွယ်ရာ ဖြစ်သော အကျဉ်းပုဒ်တည်း။ ] ပဉ္စာတိ- ဟူသောသဒ္ဒါသည်၊ တဿ- ထို ဝေဘန်ထိုက်သော ဘူတဂါမ်၏၊ ဝိဘာဂ ပရိစ္ဆေဒေါ- ဝေဘန်အပ်သောအပြားကို ပိုင်းခြားကြောင်း သဒ္ဒါတည်း၊ [ဘူတဂါမ် သည် ၅ ပါး ရှိ၏၊ ၅ ပါးထက် မပို, ၅ ပါးအောက် မလျော့ဟု ပိုင်းခြားသည် - ဟူလို။ ] ဗီဇဇာတာနီတိ - ဟူသောသဒ္ဒါသည်၊ ပရိစ္ဆိန္နဓမ္မ နိဒဿနံ - ပဉ္စဟု ပိုင်းခြားအပ်ပြီးသော ဓမ္မကို ညွှန်ပြကြောင်းသဒ္ဒါတည်း၊ တဿ-ထို ဗီဇဇာတာနိ ဟူသောသဒ္ဒါ၏၊ အတ္ထော- အနက်ကား၊ ဗီဇေဟိ- မျိုးစေ့တို့ကြောင့်၊ ဇာတာနိ- ဖြစ်သော သစ်ပင်တို့တည်း၊ ဗီဇဇာတာနိ- တို့၊ ဧတံ- ဤ ဗီဇဇာတာနိ ဟူသော သဒ္ဒါသည်၊ ရုက္ခာဒီနံ- တို့ကို၊ အဓိဝစနံ- ဟောသောသဒ္ဒါတည်း။

× × × × × × × ×

**ဧဝံသန္တေပိ၊ပေ၊ဝေဒိတဗ္ဗာ။** ။ရှေး အဋ္ဌကထာတို့က "ပဉ္စ ဗီဇဇာတာနိ"အရ မျိုးစေ့ကိုရအောင် ဖွင့်ကြသော်လည်း ထို အဖွင့်စကားသည် "ယာနိဝါ ပန ညာနိပိ" စသော ပါဠိတော်နှင့်မညီ၊ ပါဠိတော်၌ "မူလေ ဇာယန္တိ"အရ မျိုးစေ့ကိုမရဘဲ အမြစ် ပေါ်၌ ပေါက်သော သစ်ပင်ကိုသာ ရသောကြောင့်၎င်း, ဗီဇဇာတာနိ၌လည်း ဇာယန္တိ ကဲ့သို့ ဇနဓာတ်ဖြင့် ဆိုထားသောကြောင့်၎င်း ထို ရှေးအဋ္ဌကထာတို့၏ စကားသည် ပါဠိတော်နှင့်မညီ—ဟူလို။

**မှတ်ချက်။** ။စာအုပ်တို့၌ " အာဒိနိ န သမေန္တိ "ဟု တွေ့ရ၏၊ ထိုအတိုင်းဆိုလျှင် "ပါဠိတော်စကားတို့က အဋ္ဌကထာစကားနှင့် မညီကြ"ဟု အဓိပ္ပါယ်ရ၍ ပါဠိတော်ကို အပြစ်တင်ရာရောက်သည်၊ အမှန်ကား " အဋ္ဌကထာစကားက ပါဠိတော်နှင့်မညီ "ဟု ရှေးအဋ္ဌကထာကိုသာ အပြစ်တင်လိုရင်းဖြစ်သည်၊ ထို့ကြောင့် "အာဒိနာ န သမေတိ" ဟု ပါဌ်ရှိစေရမည်၊ န သမေတိ၏ကတ္တားကို "တံဝစနံ"ဟု ထည့်ပါ။

အပရောနယော—တနည်းကား၊ ဗီဇာနိစ-မျိုးစေ့တို့လည်း ဟုတ်၏၊ တာနိ-ထို မျိုးစေ့တို့ဟူသည်၊ ဝိဇာတာနိစ— ပေါက်ဖွားပြီးကုန်လည်း ဟုတ်၏၊ ပသုတာနိ-ပေါက်ဖွားပြီးကုန်သည်၊ နိဗ္ဗတ္တပဏ္ဏမူလာနိ— ဖြစ်သော ( ထွက်သော ) အရွက် အမြစ်ရှိကုန်သည်၊ ( ဟောန္တိ— ဟုတ်ကုန်၏၊ ) ဣတိ- ကြောင့်၊ ဗီဇဇာတာနိ-ဗီဇဇာ်တတို့မည်၏၊ တေန- ဤ ဗီဇာနိစ တာနိစသော ဒုတိယနည်းဖြင့်၊ အလ္လဝါလိကာဒီသု-စိုသော သဲအစရှိသော အရပ်တို့၌၊ ထပိတာနံ- ထားအပ်ကုန်သော၊ နိဗ္ဗတ္တပဏ္ဏမူလာနံ—ဖြစ်သော အရွက် အမြစ်ရှိကုန်သော၊ သိင်္ဂိဝေရာဒီနံ - ချင်း အစရှိသည်တို့ကို၊ သင်္ဂဟော - သိမ်းယူခြင်းသည်၊ ဝါ – ကို၊ ကတော—ပြုအပ်သည်၊ ဟောတိ၊ "ဣတိ ဝဏ္ဏနာ ဝေဒိတဗ္ဗာ"ပြန်လှည့်။

ဣဒါနိ-၌၊ ယေဟိဗီဇေဟိ-အကြင်မျိုးစေ့တို့မှ၊ ဝါ-တို့ကြောင့်၊ ဇာတတ္တာ-ဖြစ်ကုန်သည်၏ အဖြစ်ကြောင့်၊ ရုက္ခာဒီနိ-သစ်ပင် အစရှိသည်တို့ကို၊ ( သစ်ပင်မြက်ခြုံနွယ်တို့ကို၊ ) ဗီဇဇာတာနီတိ-တို့ဟူ၍၊(ဘဂဝတာ)ဝုတ္တာနိ-ဟောတော်မူအပ်ကုန်ပြီ၊ တာနိ-ထိုမျိုးစေ့တို့ကို၊ ဒဿေန္တော-ပြတော်မူလိုသည်၊(ဟုတွာ-၍၊) မူလဗီဇန္တိအာဒိံ-အစရှိသော ပါဠိရပ်ကို၊(ဘဂဝါ)အာဟ-ပြီ၊ တေသံ–ထို မျိုးစေ့တို့၏၊ ဥဒ္ဒေသော – အကျဉ်းချုပ် ညွှန်ပြကြောင်း စကားရပ်သည်၊ ( မူလဗီဇံ, ခန္ဓဗီဇံစသော အကျဉ်းညွှန်ပြကြောင်း စကားရပ်သည်၊ ) ပါကဋော ဝေ— ထင်ရှားသည်သာ၊ နိဒ္ဒေသေ - ၌၊ ( မူလဗီဇံနာမ ဟလိဒ္ဒိ , သိင်္ဂိဝေရံ စသော နိဒ္ဒေသ၌၊ ) ယာနိ၊ပေ၊သဉ္ဇာယန္တီတိ ဧတ္ထ- ဟူသော ဤပါဠိရပ်၌၊ ဗီဇတော-ကြောင့်၊ နိဗ္ဗတ္တေန-ဖြစ်သော သစ်ပင်ဖြင့်၊ ဗီဇံ-ကို၊ ဒဿိတံ-ပြီ၊ တသ္မာ-

×　×　×　×　×　×　×

**အပရော နယော**။ ။ပဌမနည်း၌ "ဗီဇေဟိ+ဇာတာနိ ဗီဇဇာတာနိ" ဟု တပ္ပုရိသ်သမာသ်ပြုသောအခါ ချင်းစသော သစ်ပင်များကို မရသောကြောင့်"အပရော နယော"ဟု တနည်း တက်ရပြန်သည်၊ ဤနည်း၌ကား"ဗီဇာနိစ+တာနိ+ဝိဇာတာနိ စာတိ ဗီဇဇာတာနိ"ဟု ကမ္မဓာရည်း သမာသ်ပြုသောကြောင့် ချင်းစသော သစ်ပင်များကို သိမ်းယူနိုင်သည်၊ မှန်၏၊—ချင်းတက်သည် အပင်ပေါက်ဘိုရာ မျိုးစေ့လည်း ဟုတ်၏၊ အရွက် အမြစ် ထွက်လာသောအခါ အပင်လည်း ဟုတ်၏။

**ဆက်ဉုးအံ့**။ ။ ဗီဇဇာတာနိ၌ ဇာတဝယ် ဝိသဒ္ဒါကြေနေသည် ဟု ပြလိုသောကြောင့်"တာနိ ဝိဇာတာနိ"ဟု ဝိဂ္ဂြိုဟ်ပြုသည်၊ ဝိဇာတသဒ္ဒါ၏ သားသမီးပေါက်ဖွားခြင်း အနက်ကို သိစေလိုသောကြောင့် "ပသုတာနိ" ဟု ဖွင့်သည်၊ ထို ပသုတာနိအရ (သက်ရှိများ၏ မွေးခြင်းအနက်ကို ယူမည်စိုး၍) "နိဗ္ဗတ္တ ပဏ္ဏမူလာနိ" ဟု ထပ်၍ ဖွင့်သည်၊ ယောဇနာ၌ "တေနာတိ ဗီဇတောတိ အာဒိနာ" ဟု အဖွင့် တွေ့ရ၏၊ ပါဠ်ပျက်ဟန်တူသည်။

**ဗီဇတော၊ပေ၊ဒဿိတံ**။ ။မူလဗီဇံနာမ ဟလိဒ္ဒိ, သိင်္ဂိဝေရံစသည်ဖြင့် မျိုးစေ့ကို စ၍တည်ခဲ့၏၊ အတ္ထ မူလေ ဇာယန္တိစသော ယာနိဝါပန စကား၌ကား အမြစ်၌ပေါက်သော သစ်ပင်ကို ရနေ၏၊ ဤသို့ မူလ စတည်သော စကားနှင့် ယာနိဝါပန ညာနိပိ

ကြောင့်၊ ဧဝံ-ဤဆိုအပ်လတ္တံ့သော နည်းဖြင့်၊ ဝေ့-ဤယာနိဝါပနညာနိပိ အစ ရှိသော ပါဠိရပ်၌၊ အဌကထာ ဒဋ္ဌဗ္ဗော၊ ဝါပန–သည်သာ မကသေး၊ အညာနိပိ-အခြားလည်းဖြစ်ကုန်သော၊ ယာနိ ဂစ္ဆဝလ္လိ ရုက္ခာဒီနိ-အကြင် ခြုံ နွယ် သစ်ပင် အစရှိသည်တို့သည်၊ အတ္ထိ – ရှိကုန်၏၊ တာနိ ဂစ္ဆဝလ္လိရုက္ခာဒီနိ - တို့သည်၊ အာလုဝ-မြိန်းပင်၊ ကသေရု-ဝက်မြေအုပင်၊ ကမလုပ္ပလ-ကြာနီ ကြာညို၊ ပုဏ္ဍရိက-ကြာပုဏ္ဍရိက်၊ ကုဝလယ-ကြာဖြူပင်၊ ကုန္ဒ- သင်းခွေပင်၊ ပါဋလိမူလာဒိဘေဒေ - သခွတ်ပင်၏ အမြစ် အစရှိသော အပြားရှိသော၊ မူလေ - အမြစ်၌၊ ဇာယန္တိ– ပေါက်ကုန်၏၊ သဉ္ဇာယန္တိ - ကောင်းစွာ ဖြစ်ထွန်း ကြီးပွားကုန်၏၊ တာနိ(ဂစ္ဆဝလ္လိရုက္ခာဒီနိ)-တို့သည်၊ ယမှိမူလေ- အကြင် အမြစ်၌၊ ဇာယန္တိ စေဝ-ပေါက်လည်း ပေါက်ကုန်၏၊ သဉ္ဇာယန္တိစ - ကောင်းစွာလည်း ဖြစ်ထွန်း ကြီးပွားကုန်၏၊ တံ့စမူလံ-ထိုမြိန်းပင်အစရှိသည်တို့၏ အမြစ်သည်ငှင်း၊ပါဠိယံ-၌၊ ဝုတ္တံ-တိုက်ရိုက် ဟောတော်မူအပ်သော၊ ဟလိဒ္ဒါဒိစ-နနွင်း အစရှိသည်သည်ငှင်း၊ သဗ္ဗမ္ပိ - အလုံးစုံလည်း ဖြစ်သော၊ ဧတံ- ဤ အမြစ်သည်၊ မူလဗီဇံနာမမည်၏၊ ဝါ-အမြစ်ဟူသော မျိုးစေ့မည်၏၊(ဧတ္ထ အဋ္ဌကထာ ဒဋ္ဌဗ္ဗော၊) ခန္ဓဗီဇာဒီသု-ခန္ဓဗီဇ အစရှိသော မျိုးစေ့တို့၌၊ ဧသေဝနယော-တည်း။

ပန- ဆက်၊ ဧတ္ထ (ဧတေသု ခန္ဓဗီဇာဒီသု) - ဤ ခန္ဓဗီဇ အစရှိသည်တို့တွင်၊ ယေဝါပနက ခန္ဓဗီဇာဒီသု – ယေဝါပန သဒ္ဒါဖြင့် ဟောအပ်ကုန်သော ခန္ဓဗီဇ အစရှိသည်တို့တွင်၊အမ္ဗာဋက-အိမ်ခွေး၊ ဇုန္ဓသာလ-နပဲ၊ နုဟီ-ရှားစောင်းကြီး၊

× × × × × × ×

စသော စကားသည် ရှေ့နောက် မညီသကဲ့သို့ ရှိ၏၊ ထို့ကြောင့် ရှေ့နောက်ညီအောင် မျိုးစေ့ကြောင့်ဖြစ်သော အကျိုးသစ်ပင်ဖြင့် အကြောင်းမျိုးစေ့ကို ဖလူပစာရနည်းအရ ပြထားသည်–ဟူသောအနက်ကို မှတ်ပါ–ဟူလို၊ [ ဗီဇတော နိဗ္ဗတ္တေန ဗီဇံ ဒဿိတန္တိ ကာရိယောပစာရေန ကာရဏံ ဒဿိတန္တိ ဒီပေတိ၊ ( ဋီကာ )။.... ယောဇနာ၌ကား "ကာရဏူပစာရံ ဒီပေတိ"ဟု တွေ့ရ၏၊ စဉ်းစားပါ။]

**ယာနိဝါ၊ပေ၊သဉ္ဇာယန္တိ**။ ။ ယာနိဝါပန ညာနိပိသည် အတ္ထိ၌ အဆုံးသတ်၏၊ ထို့ကြောင့် ဇာယန္တိ သဉ္ဇာယန္တိတို့၏ ကတ္တားကို တာနိဟု ထည့်၍ "ဂစ္ဆဝလ္လိ ရုက္ခာဒီနိ "နှင့် တွဲပေးရသည်၊ ဇာယန္တိ အရ ပဌမပေါက်ဖွားခြင်းကို ယူ၍ သဉ္ဇာယန္တိအရ ကောင်းစွာဖြစ်ထွန်း ကြီးပွားခြင်းကို ယူပါ၊ ထိုသို့ အရကွဲအောင်ယူမှ "ဇာယန္တိစေဝ သဉ္ဇာယန္တိစ"ဟု စေဝသဒ္ဒါ စသဒ္ဒါပါသော အဋ္ဌကထာနှင့် ညီမည်။

**ယေဝါပနက၊ပေ၊ပနေတ္ထ**။ ။ယေဝါပနေန+ကိယန္တိ ကထိယန္တီတိ ယေဝါပနကာ–ယေဝါပနသဒ္ဒါဖြင့် ဟောအပ်ကုန်သော ခန္ဓဗီဇစသည်တို့၊ ပါဠိတော်၌ ယာနိဝါ ပနညာနိဟု ရှိသော်လည်း ယေဝါပနကနာမည်က ထင်ရှားနေသောကြောင့် "ယေဝါ ပနက"ဟု ဆိုသည်၊ ပနေတ္ထ၌ ဧတ္ထကား ခန္ဓဗီဇာဒီသုကို ပြန်၍စွဲသော နိဒ္ဓါရဏ သမုဒါယတည်း၊ ထိုအနက်ထည်း၌ ယေဝါပနက ဟုတ် မဟုတ်သော ဗီဇအားလုံး ပါဝင်

ပါဠိဘဒ္ဒ-ပင်လယ်ကသစ်၊ ကဏိကာရာဒိနိ- မဟာလှေခါး အစရှိသည်တို့သည်၊ ခန္ဓဗီဇာနိ - ပင်စည်မျိုးစေ့တို့တည်း၊ အမ္ဗုလဝလ္လိ - ဇီးဆောက်နွယ်၊ စတုရဿ ဝလ္လိ-ကြာဟင်းနွယ်၊ ကဏဝီရာဒိနိ – ကုလားဇလပ် အစရှိသည်တို့သည်၊ ဖဠုဗီဇာနိ – အဆစ်မျိုးစေ့တို့တည်း၊ မကစိ- သင်ပန်းလျှော်၊ သုမန – မြတ်လေး၊ ဇယသုမနာဒိနိ - လယ်ခေါင်ရန်း အစရှိသည်တို့သည်၊ အဂ္ဂဗီဇာနိ – အညွန့်မျိုးစေ့တို့တည်း၊ အမ္ဗဇမ္ဗု ပနသဋ္ဌိ အာဒိနိ – သရက်စေ့ , သပြေသီးစေ့, ပိန္နဲစေ့ အစရှိသည်တို့သည်၊ ဗီဇဗီဇာနိ- အစေ့ မျိုးစေ့တို့တည်း၊ ဣတိ ဒဠှဗ္ဗာနိ။

ဣဒါနိ - ၌၊ ဘူတဂါမ ပါတဗျတာယ ပါစိတ္တိယန္တိ - ဟူ၍၊ ယံ - အကြင် သိက္ခာပုဒ်ကို၊ ဝုတ္တံ-ဟောတော်မူအပ်ပြီ၊ တတ္ထ-ထိုသိက္ခာပုဒ်၌၊ သညာဝသေန- သညာ၏အပြားအားဖြင့်၊ ( ဗီဇသညာ ရှိ – မရှိ အပြားအားဖြင့်၊ ) အာပတ္တာ နာပတ္တိဘေဒံ-အာပတ်အနာပတ် အပြားကိုင်၍၊ ပါတဗျတာဘေဒဉ္စ-ပါတဗျတာ အပြားကိုင်၍၊ ဒဿေန္တော - ပြတော်မူလိုသည်၊ ( ဟုတ္ဝာ၊ ) ဗီဇေ ဗီဇသညီတိ အာဒိ- အစရှိသော ပါဠိရပ်ကို၊ အာဟ- မိန့်တော်မူပြီ၊ ["ဆိန္ဒတိဝါ ဆေဒါ ပေတိဝါ , ဘိန္ဒတိဝါ ဘေဒါပေတိဝါ , ပစတိဝါ ပစာပေတိဝါ" စကားတို့ကို ပါတဗျတာ အပြားဟု ဆိုသည်၊]တတ္ထ-ထိုဗီဇေဗီဇသညီ အစရှိသော ပါဠိရပ်၌၊ သာလိနံ၊ပေ၊ ဘုဉ္ဇတီတိအာဒိသု-အစရှိသော ပါဠိရပ်တို့၌၊ သာလိတဏ္ဍုလာနံ- သလေးဆန်တို့၏၊ ဩဒနော– ထမင်းကို၊ သာလိနံ ဩဒနောတိ– ဟူ၍၊ ဝုစ္စတိ ယထာ – ဆိုအပ်သကဲ့သို့၊ ဧဝံ - ဤအတူ၊ ဗီဇတော – မျိုးစေ့မှ၊ သမ္ဘူတော– ကောင်းစွာဖြစ်သော၊ ဘူတဂါမော-ဘူတဂါမ်သစ်ပင်ကို၊ ဗီဇန္တိ-ဟူ၍၊ ဝုတ္တော- ဟောတော်မူအပ်ပြီ၊ ဣတိ ဝေဒိတဗ္ဗော။

× × × × × × ×

သည်၊ ထို့ကြောင့် ထို ဗီဇအားလုံးမှ ယေဝါပနက ဗီဇတို့ကို ထုတ်ပြလို၍ "ယေဝါ ပနက ခန္ဓဗီဇာဒိသု"ဟု မိန့်သည်၊ ထို ယေဝါပနက ခန္ဓဗီဇာဒိအရ၌ " ယေဝါပနက ခန္ဓဗီဇ, ယေဝါပနက ဖဠုဗီဇ, ယေဝါပနက အဂ္ဂဗီဇ, ယေဝါပနက ဗီဇဗီဇ" တို့သာ ပါဝင်သည်၊ ထို့ကြောင့် ထို ခန္ဓဗီဇစသည်ကို အစိတ်အစိတ် ထုတ်ပြလတ့်၊ ဤအဓိပ္ပါယ် အတိုင်းဆိုလျှင် "ယေဝါပနက ခန္ဓဗီဇာဒီသုံ " ဟု ရှိရမည်၊ ယခုစာအုပ် တို့၌ကား "ယေဝါပနက ခန္ဓဗီဇေသု"ဟု ရှိ၏၊ စဉ်းစားကြပါလေ။

**ယထာ၊ပေ၊ ဝေဒိတဗ္ဗော။** ။သာလိနံအရ သလေးစပါးရ၏၊ ထမင်းချက်သော အခါ စပါးကို မချက်နိုင်၊ ဆန်ကိုသာ ချက်နိုင်၏၊ ထို့ကြောင့် အကြောင်း စပါး၏ သာလိ အမည်ကို အကျိုးဆန်၌ တင်စားသကဲ့သို့ ပါစိတ် အာပတ် သင့်ရာ၌လည်း မျိုးစေ့ကို ဖျက်ဆီး၍ အာပတ်မသင့်၊ သစ်ပင်ကို ဖျက်ဆီးမှ သင့်၏၊ ထို့ကြောင့် "ဗီဇေ ဗီဇသညီ " ဝယ် ဗီဇအရ အကြောင်းမျိုးစေ့ဖြင့် အကျိုးသစ်ပင်ကို ကာရဏူပစာရ အားဖြင့် ပြသည်၊ [ဗီဇေ ဗီဇသညီတိ ဧတ္ထ ကာရဏူပစာရေန ကာရိယံ ဝုတ္တန္တိ ဒဿေန္တော "တတ္ထ ယထာ"တိ အာဒိမာဟ–ဋီကာ။.... ယောဇနာ၌ ဖလူပစာရ ဟု ဆို၏၊ စဉ်းစားပါ။]

ပန - ဆက်၊ ဗီဇဂါမ ၊ပေ၊ ပဋိဝိရတောတိ အာဒီသု — အစရှိသော သုတ္တန် ပါဠိတော်တို့၌၊ ဝုတ္တံ-ဟောတော်မူအပ်သော၊ ဘူတဂါမပရိမောစနံ-ဘူတဂါမ်မှ လွတ်စေခြင်းကို၊ ကတွာ - ၍၊ ( သစ်ပင်မှ ဆွတ်ခူးမှုစသည်ကို ပြု၍၊ ) ထပိတံ— ထားအပ်သော၊ ယံ ဗီဇံ-အကြင် မျိုးစေ့သည်၊ (အတ္ထိ၊) တံ-ထို မျိုးစေ့သည်၊ ဒုက္ကဋဝတ္ထု — ဒုက္ကဋ်အာပတ်၏ တည်ရာအကြောင်းတည်း၊ အထဝါ — ထို့ပြင် တနည်းကား၊ သိက္ခာပဒဝိဘင်္ဂေ-သိက္ခာပုဒ်ဝိဘင်း၏၊ ဘူတဂါမော နာမာတိ- ဟူသော၊ ယံ ဇာတံ အာဒိပဒံ - အကြင် အစပုဒ်သည် ( အတ္ထိ၊ ) ( သိက္ခာပုဒ်ကို ဖွင့်ပြရာ၌ "ဘူတဂါမော နာမ" ကို အစဆုံး တွေ့ရ၏၊) တေန- ထို အစပုဒ်နှင့်၊ သဒ္ဓိံ - တကွ၊ ယောဇေတွာ— ယှဉ်စေ၍၊ (အနက်ပေးရာ၌ တွဲစပ်၍၊) ယံ ဗီဇံ— အကြင် မျိုးစေ့သည်၊ ဘူတဂါမော နာမ - မည်သည်၊ ဟောတိ၊ တသ္မိံ ဗီဇေ - ထို ဘူတဂါမ်မျိုးစေ့၌၊ ဗီဇသညီ-မျိုးစေ့ဟု အမှတ်ရှိသည်(ဟုတွာ၊) သတ္တကာဒီနိ- ဒါးငယ် အစရှိသည်တို့ကို၊ ဂဒဟတွာ - ကိုင်၍၊ သယံဝါ — ကိုယ်တိုင်မူလည်း၊ ဆိန္ဒတိ-ဖြတ်အံ့၊ အညေနဝါ-သူတပါးသည်မူလည်း၊ ဝါ-ကိုမူလည်း၊ ဆေဒါ ပေတိ-ဖြတ်စေအံ့၊ ပါသာဏာဒီနိ— ကျောက်ခဲ အစရှိသည်တို့ကို၊ ဂဟေတွာ— ယူ၍၊ သယံဝါ-မူလည်း၊ ဘိန္ဒတိ-ထုခွဲအံ့၊ အညေနဝါ-မူလည်း၊ ဘေဒါပေတိ— ထုခွဲစေအံ့၊ အဂ္ဂိံ - မီးကို၊ ဉပသံဟရိတွာ - အနီးသို့ ကပ်ဆောင်၍၊ သယံဝါ, ပစတိ- မီးတိုက်အံ့၊ အညေနဝါ, ပစာပေတိ- မီးတိုက်စေအံ့၊ ပါစိတ္တိယဿ-သို့၊ အာပတ္တိ-ရောက်ခြင်းသည်၊ (ဟောတိ၊) ဣတိဧဝံ-သို့၊ ဩ္ဍ-ဗီဇေဗီဇသညီ အစ ရှိသော ဤ ပါဠိရပ်၌၊ အတ္တော ဝေဒိတဗ္ဗော၊ ပန- ဆက်၊ ယထာရုတံ- အကြင် အကြင် ဟောတော်မူအပ်သည့်အတိုင်း၊ ဂဟေတွာ - ယူ၍၊ ("ဗီဇေဗီဇသညီ" အစရှိသည်ဖြင့် ပါဠိတော်၌ ဟောတော် မူအပ်သည့်အတိုင်း မျိုးစေ့ ဟူသော အနက်ကိုယူလျှင်၊) ဘူတဂါမ ဝိနိမုတ္တဿ- ဘူတဂါမ်မှ လွတ်သော၊ ဗီဇဿ— မျိုးစေ့ကို၊ ဆိန္ဒနာဒိဘေဒါယ - ဆိန္ဒနအစရှိသော အပြားရှိသော၊ ပါတဗျတာ ယ-ပါတဗျတာကြောင့်၊ ပါစိတ္တိယံ-ကို၊ န ဝတ္တဗ္ဗံ-ထိုက်၊ (ဗီဇဂါမ်ကို ဖျက်ဆီး ခြင်းကြောင့် ဒုက္ကဋ်အာပတ်ကိုသာ ဆိုထိုက်သည်-ဟူလို။)

× × × × × × × × ×

**အထဝါ၊ပေ၊ဝေဒိတဗ္ဗော။** ။သိက္ခာပုဒ်ကို အကျယ်ဝေဘန်ဘို့ရာ စတည်သော အခါ "ဘူတဂါမော နာမ" ဟု တွေ့ရ၏၊ ဤပုဒ်နှင့် တွဲဘက်၍ အနက်အဓိပ္ပါယ် ယူပါ၊ ထို့ကြောင့် " ဗီဇေ — ဘူတဂါမ်ဖြစ်သော မျိုးစေ့၌၊ ဗီဇသညီ — ဘူတဂါမ် မျိုးစေ့ဟု အမှတ်ရှိသည်၊ (ဟုတွာ—ဖြစ်၍၊) "ဟု အနက်ပေးပါ၊ ရှေးနည်း၌ ဗီဇအရ သစ်ပင်ကို ကာရဏူပစာရအားဖြင့် အရကောက်ရ၏၊ အထဝါတက်သော ဤ ဒုတိယနည်း၌ကား ဘူတဂါမောနာမနှင့် အနက်အားဖြင့် တွဲထားသောကြောင့် ဗီဇအရ ဘူတဂါမ်အဖြစ်သို့ ရောက်နေသော မျိုးစေ့ကိုပင် အရကောက်ရသည်—ဟု မှတ်ပါ။ [ဤ အထဝါတက်သော နည်းသည် ရှေး၌ "အပရေနယော"ဟု ဆိုခဲ့သော "ဗီဇေဗီဇသညီ"ဟူသော အနက် ကိုပင် ယူ၍ ဖွင့်သောနည်း ဖြစ်ဟန်တူသည်။]

ဟိ-ဆက်၊ အယံ- ဤဆိုအပ်လတ္တံ့ကား၊ ဝွေ- ဤဗီဇ ဗီဇသညီ အစရှိသော ပါဠိရပ်၌၊ ဝိနိစ္ဆယကထာ—ဆုံးဖြတ်ကြောင်း စကားတည်း၊ ဘူတဂါမံ- ဘူတဂါမ် သစ်ပင်ကို၊ ဝိကောပေန္တဿ-ဖျက်ဆီးသောရဟန်း၏၊ ပါစိတ္တိယံ(ဟောတိ)၊ ဘူတဂါမ ပရိမောစိတံ - ဘူတဂါမ်မှ လွတ်စေအပ်ပြီးသော၊ ပဉ္စဝိဓမ္ပိ - ငါးပါး အပြားရှိသည်လည်းဖြစ်သော၊ ဗီဇဂါမံ- ဗီဇဂါမ် မျိုးစေ့ကို၊ ဝိကောပေန္တဿ ဒုက္ကဋံ (ရှေးစာအုပ်တို့၌ "ဗီဇဂါမဘူတဂါမေသု အတ္ထိ ဥဒကဋ္ဌော"ဟုရှိ၏။] သေဗီဇဂါမဘူတဂါမောနာမ-ဤဗီဇဂါမ် ဘူတဂါမ်မည်သည်၊ ဥဒကဋ္ဌော-ရေ၌ တည်သော ဗီဇဂါမ် ဘူတဂါမ်သည်၊ အတ္ထိ-ရှိ၏၊ ထလဋ္ဌော-ကုန်း၌တည်သော ဗီဇဂါမ် ဘူတဂါမ်သည်၊ အတ္ထိ၊ တတ္ထ - ထို နှစ်မျိုးတို့တွင်၊ ( ဥဒကဋ္ဌော - ကို နောက်ပုဒ်မှာတွဲ၊ )သာသပမတ္တိက တိလဗီဇကာဒိ ဘေဒါ - မုံညင်းစေ့ ပမာဏ ရှိသော မှော်ညှင်း, နှမ်းစေ့ပမာဏ ရှိသော မှော်နှမ်း အစရှိသော အပြားရှိသော၊ သပဏ္ဏိကာ - အရွက်ရှိသည်လည်း ဖြစ်သော၊ အပဏ္ဏိကာစ - အရွက်မရှိသည် လည်း ဖြစ်သော၊ သဗ္ဗာ- အလုံးစုံသော၊ သေဝါလဇာတိ- မှော်မျိုးကို၊ အန္တမသော- အောက်ထစ်ဆုံးအားဖြင့်၊ ဥဒကပပ္ပဋကံ - ရေလွှာကို၊ ( ရှေးနိဿယ၌ "ရေညှိကို"ဟု ပေး၏၊ )ဥပါဒါယ-အစပြု၍၊ ဥဒကဋ္ဌော-ရေ၌ တည်သော၊ ဘူတဂါမောတိ-ဟူ၍၊ ဝေဒိတဗ္ဗော၊ ဥဒကပပ္ပဋကော နာမ-ရေလွှာမည်သည်၊ ဥပရိ- အထက်၌၊ ဝါ-အပေါ်ရံက၊ ထဒ္ဓေါ-ထန့်သည်၊ ဝါ- မာသည်၊ ဖရုသဝဏ္ဏော- ကြမ်းသော အဆင်းရှိသည်၊ [ဤပါဌ်သည် ပျက်နေဟန်တူ၏၊ "ဖါရုသဝဏ္ဏော- ဖက်သက်သီး အဆင်းရှိသည်"ဟု ထင်သည်။] ဟေဋ္ဌာ- အောက်၌၊ ဝါ- အောက်ဘက်က၊ မုဒု—နူးညံ့သည်၊ နီလဝဏ္ဏော- ညိုသော အဆင်းရှိသည်၊ ဟောတိ-၏။

တတ္ထ -ထို မှော်တို့တွင်၊ ယဿ သေဝါလဿ-အကြင်မှော်၏၊ မူလံ-အမြစ်သည်၊ ဩရုဟိတွာ—အောက်သို့ သက်ဆင်း၍၊ ပထဝိယံ-မြေပေါ်၌၊ ပတိဋ္ဌိတံ-တည်သည်၊(ဟောတိ၊) [ရေမှအောက်သို့ အမြစ်ရှည်ကြီးဆင်းသက်၍ မြေပေါ်၌ တည်နေသည်—ဟူလို၊] တဿ-ထိုမှော်၏၊ ပထဝီ-သည်၊ ဌာနံ- တည်ရာတည်း၊

×　　×　　×　　×　　×　　×　　×

**သာသပမတ္တိက တိလဗီဇကာဒိဘေဒါ**။ ။သာသပဿ+မတ္တံ ပမာဏံ အဿ သေဝါလဿာတိ သာသပမတ္တိကော၊ (သေဝါလော၊ )တိလဿ+ဗီဇပ္ပမာဏံ အဿ သေဝါလဿာတိ တိလဗီဇကော ( သေဝါလော )ပမာဏတ္တေ ကော၊ အာဒိသဒ္ဒေန သင်္ခပဏကာဒယော သေဝါလေ သင်္ဂဏှာတိ၊ တတ္ထ တိလဗီဇပ္ပမာဏော ဇလသဏ္ဌိတော နီလာဒိဝဏ္ဏယုတ္တော သေဝါလော တိလဗီဇံ နာမ၊ သပတ္တော အပ္ပကဏ္ဍော ဥက္ခလိပိဓာနာဒိပ္ပမာဏော သမူလော ဧကော သေဝါလဝိသေသော သင်္ခေါ်နာမ၊ ဘမရသဏ္ဌာနော နီလဝဏ္ဏော ဧကော သေဝါလဝိသေသော ပဏကော နာမ — (ယောဇနာ)။ "ပဏကန္တိ—ပန္တိလံ ဥဒကမလံ— (ပြစ်ချွဲသောရေ၏ အညစ်အကြေး၊ ဝါ-ရေညှိ") ဟု မူလဋီကာဖွင့်၏၊ ဒုဗ္ဗစသိက္ခာပုဒ်အဋ္ဌကထာ၌လည်း တမျိုးဖွင့်ခဲ့သည်။

ယော - အကြင်မှော်သည်၊ ဥဒကေ - ရေပေါ်၌၊ သဋ္ဌရတိ - လှည့်လည်နေ၏၊ ( တောင်လေတိုက်လျှင် မြောက် , မြောက်လေတိုက်လျှင် တောင်, စသည်ဖြင့် လှည့်လည်နေသည်-ဟူလို၊) တဿ—ထိုမှော်၏၊ ဥဒကံ-သည်၊ (ဌာနံ-တည်း၊) ပထဝိယံ-မြေပေါ်၌၊ ပတိဋ္ဌိတံ-တည်သောမှော်ကို၊ (ဩရုဟိတွာ ပထဝိယံ ပတိဋ္ဌိတံ-ဟူသောမှော်ကို ဆိုလိုသည်၊) ယတ္ထကတ္ထစိ-အမှတ်မထား, တပါးပါးသော အရပ်၌၊ (ယတ္ထကတ္ထစိတိ-မူလေ, အဂ္ဂေ,မဇ္ဈေဝါ၊) ဝိကောပေန္တဿ-ဖျက်ဆီးသောရဟန်း၏ငင်း၊ ဥဒ္ဓရိတွာ-နှုတ်၍၊ ဌာနန္တရံ-အရပ်တပါးသို့၊ သင်္ကာမေန္တဿ-ပြောင်းရွှေ့သောရဟန်း၏ငင်း၊ ပါစိတ္တိယံ(ဟောတိ၊)ဥဒကေ-ရေထည်း၌၊ သဋ္ဌရန္တံ-လှည့်လည်နေသောမှော်ကို၊ ဝိကောပေန္တဿဝ-၏သာလျှင်၊ ပါစိတ္တိယံ (ဟောတိ၊) [ဝေဖြင့် "ဌာနန္တရံ သင်္ကာမေန္တဿ" ကို ကန့်။]

ပန-ဆက်၊ ဟတ္ထေဟိ-တို့ဖြင့်၊ ဥတော စိတောစ-ဤမှ ဤမှလည်း၊ ဝိယူဟိတွာ— ယက်၍ (ဖယ်၍၊) နှာယိတုံ— ရေချိုးခြင်းငှါ၊ ဝဋ္ဋတိ- အပ်၏၊ ဟိ—မှန်၊ (တနည်း၊) ဟိ (ယသ္မာ) - ကြောင့်၊ သကလံ - အလုံးစုံသော၊ ဥဒကံ - သည်၊ တဿ- ထိုမှော်၏၊ ဌာနံ- တည်း၊ တသ္မာ- ကြောင့်၊ (ထိုသို့ အလုံးစုံသောရေ၏ ထိုမှော်၏ တည်ရာ၏အဖြစ်ကြောင့်၊ ) ဟတ္ထေဟိ ဥတော စိတောစ ဝိယူဟိတွာ နှာယိတုံ ဝဋ္ဋတိ၊ (ပြန်လှည့်၊) တသ္မာ-ကြောင့်၊ (ထိုသို့ လက်တို့ဖြင့် ဤမှ ထိုမှ ဖယ်၍ ရေချိုးခြင်းငှါ အပ်သည်၏အဖြစ်ကြောင့်၊) သော-ထိုရဟန်းသည်၊ တွော ဝတာ— ဤမျှ အတိုင်းအရှည်ဖြင့်၊ ( လက်တို့ဖြင့်ဖယ်၍ ရေချိုးခြင်း ဟူသော အတိုင်းအရှည်ဖြင့်၊) ဌာနန္တရံ-အရပ်တပါးသို့၊ သင်္ကာမိတော- ပြောင်းရွှေ့စေ အပ်သည်၊ နဟောတိ၊ (ပြောင်းရွှေ့စေရာမရောက်။)

ပန - ဗျတိရိက်ကား၊ ဥဒကတော - မှ၊ (ဥက္ခိပိတုံ-၌စပ်၊) ဥဒကေန-နှင့်၊ ဝိနာ-ခွဲ၍၊ သဋ္ဌိစ္စ - သညာနှင့်တကွ စေ့ဆော်၍၊ ဥက္ခိပိတုံ - မြှောက်ယူခြင်းငှါ၊ နဝဋ္ဋတိ၊ ဥဒကေန- နှင့်၊ သဒ္ဓိံ၊ ဥက္ခိပိတွာ- မြှောက်ယူ၍၊ ပုန- တဘန်၊ ဥဒကေ- အခြားရေ၌၊ ပက္ခိပိတုံ ဝဋ္ဋတိ၊ ( ရေကန်တခုမှ ရေကန်တခုသို့ ရေနှင့် အတူ ယူ၍ထားခြင်းငှါ အပ်၏၊) ပရိဿာဝနန္တရေန-ပုဝါရေစစ်၏ အပေါက်အကြားဖြင့်၊ (သေဝါလော- သည်၊) နိက္ခမတိ-ထွက်ကျလာအံ့၊ ကပ္ပိယံ-အပ်သည်ကို၊ ကာရာပေတွာဝ-သာလျှင်၊ ဥဒကံ-ကို၊ ပရိဘုဉ္ဇိတဗ္ဗံ-သုံးဆောင်ထိုက်၏။[အကပ်ခံ၍, သို့မဟုတ် နောက်ထပ်စစ်၍ သုံးဆောင်ပါ-ဟူလို။]

× × × × × × ×

**သဉ္ဇိစ္စ။** ။သဉ္စိစ္စ ဥက္ခိပိတုံ န ဝဋ္ဋတီတိ ဧတ္ထ သစေပိ သဗ္ဗိရေ လဂ္ဂဘာဝံ ဇာနန္တောဝ ဥဒကတော ဥဒ္ဓဟတိ၊ "တံ ဥဒ္ဓရိဿာမိ "တိ သညာယ အဘာဝတော ဝဋ္ဋတိ၊ [သံ+ စိစ္စ၊ သံ—ရေမှခွဲ၍ မြှောက်ယူနေ၏ ဟူသော အမှတ်သညာနှင့်တကွ+စိစ္စ—မြှောက်ယူကြောင်း မစေတနာဖြင့် စေ့ဆော်၍။]

ဥပ္ပလိနီ ပဒုမိနီ အာဒိနိ – ဥပ္ပလကြာရှိသော ကြာရုံ , ပဒုမ္မာကြာရှိသော ကြာရုံ အစရှိကုန်သော၊ ဇလဇဝလ္လိတိဏာနိ- ရေ၌ဖြစ်သော နွယ်, မြက်တို့ကို၊ ဥဒကတော- မှ၊ ဥဒ္ဓရန္တဿဝါ- ထုတ်ဆယ်သည်မူလည်း ဖြစ်သော၊ တတ္ထေဝ- ထိုရေ၌ပင်၊ ဝိကောပေန္တဿဝါ-ဖျက်ဆီးသည်မူလည်းဖြစ်သော၊ (ဘိက္ခုနော- ၏၊) ပါစိတ္တိယံ (ဟောတိ၊) ပရေဟိ-သူတပါးတို့သည်(လူသာမဏေတို့သည်၊) ဥပ္ပါဋိတာနိ-နှုတ်အပ်ကုန်ပြီးသော နွယ် မြက်တို့ကို၊ ဝိကောပေန္တဿ-၏၊ ဒုက္ကဋံ (ဟောတိ၊) ဟိ - မှန်၊ တာနိ - ထို နွယ်မြက်တို့သည်၊ ဗီဇဂါမေ - ဗီဇဂါမ်၌၊ သင်္ဂဟံ- သိမ်းယူအပ်ကုန်သည် အဖြစ်သို့၊ ဂစ္ဆန္တိ- ကုန်၏၊ (သူတပါးတို့ရေမှ နှုတ်ထားသည့်အတွက် ဘူတဂါမ်မဟုတ်တော့၊ ဗီဇဂါမ်ဖြစ်နေသည်– ဟူလို၊) တိလဗီဇက သာသပမတ္တိက သေဝါလေပိ-နှမ်းစေ့ ပမာဏရှိသော မှော်နှမ်း, မုံညင်းစေ့ ပမာဏရှိသော မှော်ညှင်းဟူသော မှော်သည်လည်း၊ ဥဒကတော–မှ၊ ဥဒ္ဓတော-ထုတ်ဆယ်အပ်ပြီးသည်၊ (ဟုတွာ၊) အမိလာတော- မညှိုးသေးသည်၊ (သမာနော–ဖြစ်လသော်၊) အဂ္ဂဗီဇ သင်္ဂဟံ–အညွန့်ဟူသော မျိုးစေ့၌ သွင်းယူအပ်သည်၏ အဖြစ်သို့၊ ဂစ္ဆတိ–၏။

မဟာပစ္စရိယာဒိသု - တို့၌၊ (ဝုတ္တံ - ၌စပ်၊) အနန္တက တိလဗီဇက ဥဒက ပပ္ပဋကာဒိနိ- အနန္တကမည်သော မှော်ညှင်း, နှမ်းစေ့ပမာဏရှိသော မှော်နှမ်း, ရေလွှာ အစရှိသည်တို့သည်၊ ဒုက္ကဋဝတ္ထုကာနိ– ဒုက္ကဋ်အာပတ်၏ တည်ရာ အကြောင်းတို့တည်း၊ ဣတိ ဝုတ္တံ၊ တတ္ထ-ထိုသို့ ဆိုရာ၌၊ ကာရဏံ-အကြောင်းကို၊ န ဒိဿတိ-မတွေ့မြင်အပ်၊ အန္ဓကဋ္ဌကထာယံ-၌၊ သမ္ပုဏ္ဏဘူတဂါမော-ပြည့်စုံသော ဘူတဂါမ်မည်သည်၊ န ဟောတိ-မဖြစ်၊ တသ္မာ-ကြောင့်၊ ဒုက္ကဋံ(ဟောတိ၊) ဣတိ ဝုတ္တံ၊ တမ္ပိ–ထိုစကားသည်လည်း၊ န သမေတိ- ပါဠိတော် အဋ္ဌကထာနှင့် မညီ၊ ဟိ–မှန်၊ (တနည်း) ဟိ (ယသ္မာ)- ကြောင့်၊ ဘူတဂါမေ- ဘူတဂါမ်၌၊

× × × × × × ×

**ဥပ္ပလိနီ, ပဒုမိနီ။** ။ဥပ္ပလကြာဟူသည် ကြာညို, ကြာဖြူ,ကြာနီတည်း၊ ပဒုမ္မာကြာ ဟူသည်ကား အထပ်တရာရှိသော ကြာနီတမျိုးတည်း၊ ဥပ္ပလာနိ+ဧတ္ထ သန္တိတိ ဥပ္ပလိနီ – အဿတ္ထိအနက်၌ ဥပ္ပလနောင် ဣနီပစ္စည်း , ထို့နောင် ဣတ္ထိဇောတက ဤပစ္စည်း သက်၊ ဥပ္ပလ ကြာမျိုးရှိရာ ကြာရုံ ကြာချုံတည်း၊ ပဒုမိနီ၌လည်း နည်းတူ၊ ယောဇနာ၌ကား ဥပ္ပလနောင် ဣနပစ္စည်း, ဣတ္ထိဇောတက ဤပစ္စည်း သက်လေသည်။

**အနန္တက ။** ။ အနန္တကဂ္ဂဟဏေန သာသပမတ္တိကာ ဂဟိတာ၊ နာမံ ဟေတံ သေဝါလ ဇာတိယာ၊ (ဋီကာ၊)ယောဇနာ၌ကား“သော ဟိ နတ္ထိ အတ္တတော အန္တော လာမကော သေဝါလော တေသာတိ ကတွာ အနန္တကောတိ ဝုစ္စတိ”ဟု ဆိုလေသည်၊ “မိမိတည်းဟူသောမှော်အောက် ယုတ်ညံ့သောသေးငယ်သော မှော်မရှိတော့၊ မှော် အသေးငယ်ဆုံးဖြစ်သည်”ဟု ဆိုလိုသတတ်၊ သို့သော် ထိုမှော်သည် အထက်၌ အရွက် ရှိသေးသောကြောင့် အရွက်မျှမထင်ရှားသော မှော်ကလေးများလောက် မသေးငယ်သေး။

ပါစိတ္တိယံ-(ဟောတိ၊) ဗီဇဂါမေ- ၌၊ ဒုက္ကဋံ-(ဟောတိ၊ ဣတိ-ဤသို့၊) ဝုတ္တံ-ဟောတော်မူအပ်ပြီ၊ အသမ္ဘုဏ္ဏ ဘူတဂါမေ နာမ – မပြည့်စုံသော ဘူတဂါမ်မည်သော၊ တတိယော-သုံးခုမြောက်ဖြစ်သော၊ ကောဋ္ဌာသော-အဘို့အစုသည်၊ (ဗီဇဂါမ်သည်တဘို့, ဘူတဂါမ်သည်တဘို့, ထို ၂ဘို့ကိုထောက်၍ သုံးခုမြောက်အဘို့သည်၊) ပါဠိယံ– ပါဠိတော်၌၊ နေဝအာဂတော-မလာ၊ အဋ္ဌကထာသု–ရှေးအဋ္ဌကထာတို့၌၊ န အာဂတော၊(“တသ္မာ န သမေတိ”ဟုပြန်လှည့်၊)[မူလပဏ္ဏာနံ အသမ္ဘုဏ္ဏတ္တာ “အသမ္ဘုဏ္ဏဘူတဂါမောနာမာ”တိ ဝုတ္တံ၊] တံ-ဤအသမ္ဘုဏ္ဏ ဘူတဂါမ်သည်၊ ဗီဇဂါမသင်္ဂဟံ - ဗီဇဂါမ်၌ သိမ်းယူအပ်သည်၏ အဖြစ်သို့၊ ဂစ္ဆိဿတိ - ရောက်လတံ့၊ ဣတိ - ဤသို့၊ အထ(ဝုတ္တံ)-အကယ်၍ ဆိုအပ်သည် ဖြစ်အံ့၊ တမ္ပိ- ထို စကားသည်လည်း၊ န ယုတ္တံ-မသင့်၊ (ကသ္မာ–နည်း၊) တာဒိသဿ-ထိုကဲ့သို့ ရှုအပ်သော၊ ဗီဇဂါမဿ-၏၊ အဘူတဂါမမူလတ္တာ - ဘူတဂါမ်၏ အရင်းခံမဟုတ်သည်၏ အဖြစ်ကြောင့်တည်း၊ ဣတိ - ဤသို့ မှတ်အပ်၏။[ဗီဇဂါမ်ဆိုလျှင် သစ်ပင်ဖြစ်ဘို့ရန် အရင်းခံဖြစ်ရမည်၊ ဤအသမ္ဘုဏ္ဏ ဘူတဂါမ်ကား သစ်ပင်ဖြစ်ဘို့ရန် အရင်းခံမဟုတ်၊ ထို့ကြောင့် ဗီဇဂါမ်တွင် မပါဝင်နိုင်–ဟူလို။] အပိစ- သည်သာမကသေး၊ ဂရုက လဟုကေသု - ဂရုက လဟုကအရာတို့တွင်၊ ဂရုကေ-ဂရုကအရာ၌၊ ဌာတဗ္ဗံ-တည်ရာ၏၊(ဘူတဂါမ်၌ သွင်းမှ ပါစိတ်အာပတ်၏ အကြောင်းဖြစ်၍ ဂရုကဖြစ်သည်၊)ဣတိ-ဤသို့သော၊ တံ- ဤ လက္ခဏာသည်၊ ဝိနယလက္ခဏံ–ဝိနည်း၏ လက္ခဏာတည်း။

× × × × × × × ×

ဗီဇဂါမ် ၃ မျိုး ။ ။ အဘူတဂါမမူလတ္တာ တာဒိသဿ ဗီဇဂါမဿာတိ ဧတ္ထ ဗီဇဂါမော တိဝိဓော ဟောတိ၊ ( ၁ ) ယော သယံ ဘူတဂါမတော ဟုတွာ အညမ္ပိ ဘူတဂါမံ ဇနေတိ၊ အမ္ဗဋ္ဌိအာဒိကော၊ (၂)ယော ပန သယံ ဘူတဂါမတော ဟုတွာ အညံပန ဘူတဂါမံ နဇနေတိ၊ တာလ နာဠိကေရာဒိခါဏု၊ (၃)ယောပန သယမ္ပိ ဘူတဂါမတော အဟုတွာ အညမ္ပိ ဘူတဂါမံ နဇနေတိ၊ပါနီယဃဋာဒီနံ ဗဟိ သေဝါလောတိ။

ဘူတဂါမ် ၄ မျိုး။ ။ဘူတဂါမော ပန စတုဗ္ဗိဓော ဟောတိ၊(၁)ယော သယံ ဗီဇဂါမတော ဟုတွာ အညမ္ပိ ဗီဇဂါမံ ဇနေတိ၊တေရဟိ အမ္ဗရုက္ခာဒိကော၊(၂)ယော ပန သယံ ဗီဇဂါမတော အဟုတွာဝ အညံ ဗီဇဂါမံ ဇနေတိ၊ အာဒိကပ္ပကာလေ အမ္ဗရုက္ခာဒိကော၊ (၃)ယော ပန သယံ ဗီဇဂါမတော ဟုတွာ အညံ ပန ဗီဇဂါမံ နဇနေတိ၊ နိုလဝဏ္ဏော ဖလိတကဒလိရုက္ခာဒိကော၊ (၄)ယော ပန သယမ္ပိ ဗီဇဂါမတော အဟုတွာ အညမ္ပိ ဗီဇဂါမံ နဇနေတိ၊ ဣမ ဝုတ္တော အနန္တက သေဝါလာဒိကောတိ။

တတ္ထ စတုတ္ထံ ဘူတဂါမံ သန္ဓာယ ဝုတ္တံ အဘူတဂါမမူလတ္တာ တာဒိသဿ ဗီဇဂါမဿာတိ၊ အယံ ပန တတိယဗီဇဂါမဿစ စတုတ္ထဘူတဂါမဿစ ဝိသေသော၊ တတိယဗီဇဂါမေ မူလပဏ္ဏာနိ န ပညာယန္တိ၊ စတုတ္ထဘူတဂါမေ တာနိ ပညာယန္တီတိ၊ မူလပဏ္ဏာနံ အပညာယနတ္တာ ဗီဇဂါမောတိ ဝုတ္တော၊ တေသံ ပညာယနတ္တာ ဘူတဂါမောတိ ဝုတ္တော၊ ဣတရထာဟိ ဝိရောဓော ဘဝေယျာတိ။

[ ဥဒကဋ္ဌကို ပြပြီး၍ ထလဋ္ဌကို ပြလိုသောကြောင့် " ထလဋ္ဌေ " စသည်ကို မိန့်၊] ထလဋ္ဌေ- ကုန်း၌တည်သော ဗီဇဂါမ ဘူတဂါမ်၌၊ (ဝိနိစ္ဆယော ဧဝံ ဝေဒိတဗ္ဗော၊) ဆိန္နရုက္ခာနံ-ဖြတ်အပ်ပြီးသော သစ်ပင်တို့၏၊ အဝသိဋ္ဌော-ကြွင်းကျန်သော၊ ဟရိတခါဏုနာမ - စိမ်းစိုသော သစ်ငုတ် မည်သည်၊ ဟောတိ – ရှိ၏၊ တတ္ထ-ထိုအငုတ်တို့တွင်၊ ကကုဓကရဉ္ဇဥဒုမ္ဗရအဿတ္ထပိလက္ခုဒိုင်္ဂါဒီနံ-ရေခတက်ပင်, သင်းဝင်ပင်, ပြင်းပင်, ပိန္နဲပင် အစရှိသည်တို့၏၊ ခါဏု—အငုတ်သည်၊ ဥဒ္ဓံ—အထက်သို့၊ ဝဍ္ဍတိ—တိုးပွား၏၊ သော—ထို အငုတ်ကို၊ ဘူတဂါမေန - ဖြင့်၊ သင်္ဂဟိတော—သွင်းယူအပ်၏၊ တာလနာဠိကေရာဒီနံ - ထန်းပင်, အုန်းပင် အစရှိသည်တို့၏၊ ခါဏု-သည်၊ ဥဒ္ဓံ - သို့၊ နဝဍ္ဍတိ၊ သော – ထို အငုတ်ကို၊ ဗီဇဂါမေန - ဖြင့်၊ သင်္ဂဟိတော-သွင်းယူအပ်၏၊ ပန-ဆက်၊ အဖလိတာယ-အသီးမရှိသော၊ ဝါ—အသီးမသီးသော၊ ကဒလိယာ—ငှက်ပျောပင်၏၊ ခါဏု-ကို၊ ဘူတဂါမေန သင်္ဂဟိတော၊ ဖလိတာယ- အသီးရှိသော (ကဒလိယာ ခါဏု) ဗီဇဂါမေန ( သင်္ဂဟိတော၊) ပန—ဆက်၊ ဖလိတာ-အသီးရှိသော၊ ကဒလီ-ငှက်ပျောပင်ကို(သင်္ဂဟိတာ-၌စပ်၊) ယာဝ-အကြင်မျှလောက်သော ကာလပတ်လုံး၊ နီလပဏ္ဏာ-စိမ်းညိုသော အရွက်ရှိသည် (ဟောတိ၊) တာဝ - ထိုမျှလောက်သော ကာလပတ်လုံး၊ ဘူတဂါမေနေဝ-ဖြင့်သာ၊ သင်္ဂဟိတာ၊ တထာ—ထို့အတူ၊ ဖလိတော-သော၊ ဝေဠု—ဝါးပင်ကို၊ (ဘူတဂါမေန သင်္ဂဟိတော။)

ယဒါ ပန-အကြင်အခါ၌ကား၊ အဂ္ဂတော-အဖျားမှ၊ ပဋ္ဌာယ-၍၊သုဿတိ-ခြောက်လာ၏၊ တဒါ – ၌၊ ဗီဇဂါမေန – ဖြင့်၊ သင်္ဂဟံ – သွင်းယူအပ်သည်၏ အဖြစ်သို့၊ ဂစ္ဆတိ၊ ကတရဗီဇဂါမေန- အဘယ် ဗီဇဂါမ်ဖြင့်(သင်္ဂဟံ ဂစ္ဆတိ-နည်း၊) ဖဠုဗီဇဂါမေန-ဖဠုဗီဇဂါမ်ဖြင့် ( သင်္ဂဟံ ဂစ္ဆတိ၊ ) တတော - ထို ခြောက်လာသော ငှက်ပျောပင်, ဝါးပင်မှ၊ ကိံ – အဘယ်သည်၊ နိဗ္ဗတ္တတိ—ဖြစ်သေးသနည်း၊ ကိဉ္စိ-တစုံတခုမျှ၊ န(နိဗ္ဗတ္တတိ)မဖြစ်တော့၊ ဟိ-မှန်၊ (ကိဉ္စိ-သည်၊) ယဒိ နိဗ္ဗတ္တေယျ-အကယ်၍ ဖြစ်သေးအံ့၊(ဧဝံသတိ၊)ဘူတဂါမေနေဝ-ဖြင့်သာ၊ သင်္ဂဟံ-သိမ်းယူအပ်သည်၏ အဖြစ်သို့၊ ဂစ္ဆေယျ-ရောက်ရာ၏။

ဇာနုန္တသာလာဒိရုက္ခေ- နဲ့ အစရှိသော သစ်ပင်တို့ကို၊ ဆိန္ဒိတွာ- ၍၊ ရာသိံ—အစုအပုံကို၊ ကရောန္တိ - ပြုတတ်ကြကုန်၏၊ ရာသိကတ ဒဏ္ဍကေဟိ - အစုအပုံပြုအပ်ကုန်ပြီးသော အရိုးတို့မှ၊ ရတနပ္ပမာဏာပိ – တတောင် ပမာဏရှိသည်လည်း ဖြစ်ကုန်သော၊ သာခါ - အခက်တို့သည်၊ ကိဉ္စာပိ နိက္ခမန္တိ - အကယ်၍ မူလည်း ထွက်ကုန်ဉီးတော့၊ ( ပန- ထိုသို့ပင် ထွက်ပါကုန်သော်လည်း၊ ) ဗီဇဂါမေနေဝ သင်္ဂဟံ ဂစ္ဆန္တိ၊ တတ္ထ-ထို အစုအပုံပြုအပ်သော နဲ့တုံး အစရှိသည်တို့၌၊ (မူလေသုစေဝ ပဏ္ဏေသုစ နိဂ္ဂတေသု၌စပ်၊)မဏ္ဍူပတ္တာယဝါ- မဏ္ဍပ်တိုင် အကျိုးငှါသော်၎င်း၊ ဝတိ အတ္ထာယဝါ- စောင်ရန်း(စီးရိုး)အကျိုးငှါသော်၎င်း၊

ဝလ္လိအာရောပနတ္ထာယဝါ- ( ဝဲနွယ် အစရှိသော )နွယ်တို့ကို တင်ခြင်းအကျိုးငှါ သော်၎င်း၊ ဘူမိယံ - မြေပေါ်၌၊ နိခဏန္တိ - တူးစိုက်ကြကုန်အံ့၊ မူလေသုစေဝ— အမြစ်တို့သည်၎င်း၊ ပဏ္ဏေသုစ — အရွက်တို့သည်၎င်း၊ နိဂ္ဂတေသု-ထွက်ကုန်လ သော်၊ ပုန-တဖန်၊ ဘူတဂါမသင်္ချံ - ဘူတဂါမ်ဟူသော အရေအတွက်သို့၊ ဂစ္ဆ န္တိ-ကုန်၏၊ [ထို့ကြောင့် ခုတ်အပ်ပြီးသော နပဲကိုင်း,ညောင်ကိုင်း စသည်များကို ရဟန်းတို့ဖြတ်လိုသောအခါ "ကပ္ပိယံ ကရောဟိ "ဟု ဆို၍ ကပ္ပိပြီးမှ ဖြတ်ကြရ သည်၊] ပန-ဆက်၊ မူလမတ္တေသု–အမြစ်မျှတို့သည်သော်၎င်း၊ ပဏ္ဏမတ္တေသုဝါ- အရွက်မျှတို့သည် သော်၎င်း၊ နိဂ္ဂတေသု- ထွက်ကုန်လသော်၊ ဗီဇဂါမေန— ဖြင့်၊ သင်္ဂဟိတာဝေ— သွင်းမြဲ သွင်းယူအပ်ကုန်သည်၊ ( ဟောန္တိ။ ) [ မူလမတ္တဖြင့် ပဏ္ဏကိုကန့်, ပဏ္ဏမတ္တဖြင့် မူလကိုကန့်။]

ယာနိကာနိစိ– အမှတ်မရှိ ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော၊ ဗီဇာနိ-မျိုးစေ့ တို့ကို၊ ပထဝိယံဝါ-မြေ၌သော်လည်း၊ ဥဒကေန-ရေဖြင့်၊ သိဉ္စိတွာ-သွန်လောင်း ၍၊ ထပိတာနိ- ထားအပ်ကုန်သည်၊ ဟောန္တိ – ဖြစ်ကုန်၏၊ ကပါလာဒီသုဝါ— အိုးကင်း အစရှိသည်တို့၌သော်လည်း၊ (အာဒိဖြင့် ပန်းအိုး စသည်ကိုယူ၊)အလ္လ ပံသုံ – စိုသောမြေကို၊ ပက္ခိပိတွာ - ထည့်၍၊ နိက္ခိတ္တာနိ – ထားအပ်ကုန်သည်၊ ဟောန္တိ - ကုန်၏၊ သဗ္ဗာနိ - အလုံးစုံကုန်သော၊ (တာနိ- ထို မျိုးစေ့တို့သည်၊) မူလမတ္တေ-အမြစ်မျှသည်သော်၎င်း၊ ပဏ္ဏမတ္တေဝါ-အရွက်မျှသည်သော်၎င်း၊ နိဂ္ဂ တေပိ-ထွက်ပြီးပါသော်လည်း၊ ဗီဇာနိယေဝ - မျိုးစေ့တို့သာတည်း၊ မူလာနိစ— အမြစ်တို့သည်၎င်း၊ ဥပရိ- အထက်၌၊ အင်္ကုရောစ - အညွန့်သည်၎င်း၊ သစေပိ နိဂ္ဂစ္ဆတိ - အကယ်၍မူလည်း ထွက်အံ့၊ ( ဝေံသတိပိ - ထိုသို့ပင် ထွက်ပါသော် လည်း၊ ) ယာဝ – အကြင်မျှလောက်သော ကာလပတ်လုံး၊ အင်္ကုရော—အညွန့် သည်၊ ဟရိတော - စိမ်းစိမ်းစိုစိုသည်၊ န ဟောတိ- သေး၊ တာဝ- ထိုမျှလောက် သော ကာလပတ်လုံး၊ ဗီဇာနိယေဝ- မျိုးစေ့တို့သာတည်း၊ ပန-ဆက်၊ မုဂ္ဂါဒီနံ- ပဲနောက် အစရှိသည်တို့၏၊ ပဏ္ဏေသု - အရွက်တို့သည်၊ ဥဋ္ဌိတေသု - ထွက်ကုန် သော်၎င်း၊ ဝီဟိအာဒီနံ - ကောက် အစရှိသည်တို့၏၊ အင်္ကုရေ - သည်၊ ဟရိတေ ဝါ-စိမ်းစိုလသော်၎င်း၊ နီလပဏ္ဏဝဏ္ဏေ-ညိုသောအရွက်၏ အဆင်းနှင့်တူသော အဆင်းသည်၊ ဇာတေ - ဖြစ်သော်၎င်း၊ ဘူတဂါမသင်္ဂဟံ - ဘူတဂါမ်၌ သွင်းယူ အပ်ကုန်သည် အဖြစ်သို့၊ ဂစ္ဆန္တိ - ရောက်ကုန်၏။ [ အင်္ကုရေ ဟရိတေ ကိုပင် " နီလပဏ္ဏဝဏ္ဏေ ဇာတေ " ဟု ထပ်ဖွင့်သည်၊ အင်္ကုရေ ဟရိတေတိ ဝတွာ တမေဝ ဝိဘာဝေတိ"နီလပဏ္ဏဝဏ္ဏေ ဇာတေ"တိ၊ နီလပဏ္ဏဿ ဝဏ္ဏသဒိသေ ဝဏ္ဏေ ဇာတေတိ အတ္ထော၊ နီလဝဏ္ဏေ ဇာတေတိဝါ ပါဌော ဂဟေတဗ္ဗော။]

တာလဋ္ဌိနံ-ထန်းစေ့ အစရှိသည်တို့၏၊ ပဌမံ-ရှေးဦးစွာ၊ သူကရဒါဌာဝိယ- ဝက်စွယ်ကဲ့သို့၊ မူလံ- အမြစ်သည်၊ နိဂ္ဂစ္ဆတိ- ထွက်လာ၏၊ (မူလေ- သည်၊)

နိဂ္ဂတေပိ-ထွက်ပြီးပါသော်လည်း၊ ယာဝ-အကြင်မျှလောက်သော ကာလပတ်လုံး၊ ဥပရိ - အထက်၌၊ ပတ္တဝဋ္ဋံ - အရွက်လုံးသည်၊ (ဖူးတိုင်သည်၊) န နိဂ္ဂစ္ဆတိ- မထွက်သေး၊ တာဝ - ထိုမျှလောက်သော ကာလပတ်လုံး၊ ဗီဇဂါမော ဧဝ- ဗီဇဂါမ်သာတည်း၊ နာဠိကေရဿ- အုန်းသီး၏၊ တစံ-အခွံကို၊ ဘိန္ဒိတွာ-ခွဲ၍၊ ဒန္တသူစိဝိယ- ဆင်စွယ်ဆံထိုးကဲ့သို့၊ အင်္ကုရော-သည်၊ နိဂ္ဂစ္ဆတိ၊ ယာဝ-လုံး၊ မိဂသိင်္ဂသဒိသာ - သမင်၏ ဦးချိုနှင့်တူသော၊ နီလပတ္တဝဋ္ဋံ- ညိုသော အရွက်လုံးသည်၊ န ဟောတိ- မဖြစ်သေး၊ တာဝ- ထိုမျှလောက်သော ကာလပတ်လုံး၊ ဗီဇဂါမော ဧဝ - ဂါမ်သာတည်း။ [ အုန်းပင်၌ အရွက်များ ထွက်စပြုသော အခါ ရှေးဦးစွာ အရွက် ၂ ခွရှိသော အုန်းလက်ကလေးတခု ထွက်လာ၏၊ ထို အုန်းလက်ကလေးကို"မိဂသိင်္ဂသဒိသ"ဟု ဆိုသည်၊] မူလေ-သည်၊ အနိဂ္ဂတေ ပိ - မထွက်သေးပါသော်လည်း၊ တာဒိသာယ - ထိုကဲ့သို့ ရှုအပ်သော၊ ပတ္တဝဋ္ဋိယာ-အရွက်လုံးသည်၊ ဇာတာယ-ဖြစ်လသော်၊ အမူလက ဘူတဂါမေ-အမြစ် မရှိသော ဘူတဂါမ်၌၊ သင်္ဂဟံ ဂစ္ဆတိ၊ [ အုန်းသီးအတွက် သီးခြား ဘူတဂါမ် တမျိုးတည်း၊ အမူလက ဘူတဂါမေ သင်္ဂဟံ ဂစ္ဆတီတိ နာဠိကေရဿ အာဝေဏိကံ ကတွာ ဝဒတိ။]

အမ္ဗဋ္ဌိအာဒီနိ - သရက်စေ့ အစရှိသည်တို့ကို၊ ဝီဟိအာဒီဟိ - ကောက်ပင် အစရှိသည် တို့ဖြင့်၊ ဝိနိစ္ဆိနိတဗ္ဗာနိ – ဆုံးဖြတ်ထိုက် ကုန်၏၊ ဝန္ဒကာဝ ါ– ကြည်ပေါင်းသည်သော်၎င်း၊ အညာ- အခြားသော၊ ယာကာစိဝ ါ-အမှတ်မထား တပ ါးပ ါးသည်သော်၎င်း၊ ရုက္ခေ- သစ်ပင်ပေါ်၌၊ ဇာယိတွာ- ပေါက်၍၊ ရုက္ခံ- ကို၊ ဩတ္ထရတိ - လွှမ်းမိုး၏၊ ရုက္ခော ဝ - သစ်ပင်သည်သာလျှင်၊ တဿာ – ထို ကြည်ပေါင်း အစရှိသည်၏၊ ဌာနံ – တည်ရာတည်း၊ တံ - ထို ကြည်ပေါင်း အစ ရှိသည်ကို၊ ဝိကောပေန္တဿဝ ါ- ဖျက်ဆီးသည်မူလည်း ဖြစ်သော၊ တတော-ထို သစ်ပင်မှ၊ ဥဒ္ဓရန္တဿဝ ါ- ထုတ်ဆောင်သည်မူလည်း ဖြစ်သော၊ (ဘိက္ခုနော- ၏၊) ပါစိတ္တိယံ (ဟောတိ၊) ကော-တမျိုးသော၊ အမူလိကာ-အမြစ်မရှိသော၊ လတာ-နွယ်သည်၊ ဟောတိ-ရှိ၏၊ အင်္ဂုလိဝေဌကောဝိယ-လက်စွပ်ကဲ့သို့၊ ဝန ပ္ပဂုမ္ဗဒဏ္ဍကေ-တောချုံ၏ အရိုးတို့ကို၊ ဝေဌေတိ-ရစ်ပတ်တတ်၏၊ တဿာပိ-ထို နွယ်၏လည်း၊ အယမေဝ ဝိနိစ္ဆယော - ဤအဆုံးအဖြတ်ပင်တည်း၊ [ ဝိကော ပေန္တဿဝ ါ,တတော ဥဒ္ဓရန္တဿဝ ါ ပါစိတ္တိယံဟူသော ဤအဆုံးအဖြတ်ပင်။]

ဂေဟမုခပေ၊ စေတိယာဒီသု-အိမ်၏ အဦးစမုခ်, တံတိုင်း, ပွတ်တိုင်, စေတီ အစရှိသော အရပ်တို့၌၊ နီလဝဏ္ဏော- ညိုသော အဆင်းရှိသော၊ သေဝ ါလော- မှော်သည်၊ ဟောတိ- ရှိ၏၊ (ရေညှိပင်တည်း၊) ယာဝ– အကြင် မျှလောက်သော ကာလပတ်လုံး၊ ဒွတ္တိပတ္တာနိ- ၂ ရွက် ၃ ရွက်တို့သည်၊ န သဉ္ဇာယန္တိ- မဖြစ် ကုန်သေး၊ တာဝ-ထိုမျှလောက်သော ကာလပတ်လုံး၊ အဂ္ဂဗီဇသင်္ဂဟံ-အဂ္ဂဗီဇ၌

သွင်းယူအပ်သည်၏ အဖြစ်သို့၊ ဂစ္ဆတိ၊ ပတ္တေသု-အရွက်တို့သည်၊ ဇာတေသု-ဖြစ်ကုန်လသော်၊ ပါစိတ္တိယဝတ္ထု-ပါစိတ်အာပတ်၏ တည်ရာအကြောင်းတည်း၊ တသ္မာ-ကြောင့်၊ တာဒိသေသု-ထိုကဲ့သို့ ရှုအပ်ကုန်သော၊ ဌာနေသု-အရပ်တို့၌၊ သုဓာလေပမ္ပိ- သုတ်လိမ်းကြောင်း အင်္ဂတေကိုလည်း၊ ဒါတုံ - ငှါ၊ န ဝဋ္ဋတိ၊ အနုပ သမ္ပန္နေန- သည်၊ လိတ္တသ- လိမ်းကျံအပ်ပြီးသော အင်္ဂတေ၏၊ ဥပရိ-အထက်၌၊ သေ့ဟလေပေါ - သုတ်လိမ်းကြောင်း အစေးကို၊ ဒါတုံ - ငှါ၊ ဝဋ္ဋတိ၊ [အောက်ခံက အင်္ဂတေစသည် ဖြစ်နေသောကြောင့် အပ်၏၊ ယခုခေတ် ထုံးသုတ်ခြင်းမျိုးကို ဆိုလိုသည်၊ ] နိဒါဃသမယေ – နွေအခါ၌၊ သုက္ခသေဝါလော-ချောက်သောမှော်သည်၊ သစေ တိဋ္ဌတိ– အကယ်၍ တည်နေအံ့၊ ( ဝေံသတိ-သော်၊ ) တံ- ထိုမှော်ချောက်ကို၊ သမ္မုဥ္ဇနီ အာဒိဟိ- တံမြက်စည်း အစရှိသည်တို့ဖြင့်၊ သံသိတွာ-ပွတ်တိုက်၍၊ အပနေတုံ-ဖယ်ရှားခြင်းငှါ၊ ဝဋ္ဋတိ၊ ပါနီယဃဋာဒီနံ– သောက်ရေအိုး အစရှိသည်တို့၏၊ ဗဟိ– အပြင်ဘက်၌၊ ( အိုးအပြင်ဘက်ဘေးက ) သေဝါလော - မှော်သည်၊ ဒုက္ကဋဝတ္ထု - ဒုက္ကဋ်အာပတ်၏ တည်ရာအကြောင်းတည်း၊ အန္တော - အတွင်း၌၊ (အိုး၏အတွင်းက၊) (သေဝါလော-သည်၊ ) အဗ္ဗောဟာရိကော - အာပတ်၏ အင်္ဂါ ဟု ခေါ်ဝေါ် ပြောဆိုခြင်းငှါ မထိုက်၊ ဝါ - မပြောပလောက်။ [ ပါနီယဃဋာဒီနံ ဗဟိ သေဝါလော ဥဒကေ အဋ္ဌိတတ္တာ ဗီဇဂါမာနုလောမတ္တာစ ဒုက္ကဋဝတ္ထုတိ ဝဒန္တိ၊–ဋီကာ။]

ဒန္တကဋ္ဌပူပါဒိသု - ဒန်ပူ, မုန့်အစရှိသော ဝတ္ထုတို့၌၊ ကဏ္ဏကမ္ပိ - မှိုသည်လည်း၊ အဗ္ဗောဟာရိကမေဝ-ပင်တည်း၊ ဟိ– သာဓကကား၊ သစေ ၊ပေ၊ ပမဇ္ဇိတဗ္ဗာတိ-ဟူသော၊ တံ (သုတ္တံ)–ဤ ပါဠိကို၊ (ဘဂဝတာ) ဝုတ္တံ–ဟောတော်မူအပ်ပြီ။ [ဂေရုကပရိကမ္မကတာ-ဌေ့နီဖြင့် ပြုအပ်သော အချောကိုင်မှုရှိသော၊ (ဌေ့နီသုတ်ထားအပ်သော၊) ဘိတ္တိ- နံရံသည်၊ ကဏ္ဏကိတာ– ရောပွမ်းသော မှိုရှိသည်၊ ဝါ-မှိုတက်သည်၊ သစေဟောတိ-အံ့၊ (ဝေံသတိ-သော်၊) စောဠကံ-အဝတ်ကြမ်းကို၊ တေမေတွာ–ရေဆွတ်ပြီး၍၊ ပီဠေတွာ-(ရေကို)ညှစ်၍၊ ပမဇ္ဇိတဗ္ဗာ-သာသာယာယာ ပွတ်တိုက်ထိုက်၏။]ပါသာဏဇာနိ-ကျောက်မှ ဖြစ်ကုန်သော၊ ပါသာဏဒဒ္ဒု,သေဝါလသေလေယျကာဒီနိ-ကျောက်အပွေး, ကျောက်မှော်, ကျောက်ချင် အစရှိသည့်တို့သည်၊ အဟရိတဝဏ္ဏာနိ – စိမ်းစိုသော အဆင်းမရှိကုန်သည်၊ (သမာနာနိစ- ဖြစ်ကုန်သော်ငြား၊) အပတ္တကာနိ– အရွက်မရှိကုန်သည်၊ (သမာနာနိစ–သော်ငြား၊) ဒုက္ကဋဝတ္ထူနိ–တို့တည်း။[ယခုစာအုပ်တို့၌ “ ပါသာဏဇာတိ ” ဟု ရှိ၏၊ “ ပါသာဏတော + ဇာတာနိ ” ဟု ဝိဂြိုဟ်ပြု၍ “ ပါသာဏဇာနိ ” ဟု ပါဠ်မှန်ရှိစေရမည်။] အဟိစ္ဆတ္တကံ- မှိုသည်၊ ယာဝ–လောက်၊ မကုဋ္ဌံ - ငုံနေသည်၊ ဟောတိ - ၏၊ တာဝ – လောက်၊ ဒုက္ကဋဝတ္ထု-တည်း။ [ မှိုအောက်၌ မြေများနေတတ်ရကား မြေ၏ အထက်၌ ထီးမိုးသကဲ့သို့

ဖြစ်နေ၏၊ ထို့ကြောင့် မှိုကို " အဟိစ္ဆတ္တက " ဟု ဆိုသည်၊ ဆတ္တံဝိယာတိ ဆတ္တကံ၊ ဥပမာအနက်၌ ကပစ္စည်းသက်၊ အဟိဿ+ဆတ္တကံ အဟိစ္ဆတ္တကံ။] ပုပ္ဖိတကာလေ–ပွင့်ရာအခါမှ၊ ပဋ္ဌာယ-၍၊ အဗ္ဗောဟာရိကံ-တည်း၊ ပန–ဆက်၊ အလ္လရုက္ခတော-စိုသောသစ်ပင်မှ၊ အဟိစ္ဆတ္တကံ-ကို၊ ဂဏှန္တော-ယူသော ရဟန်းသည်၊ ရုက္ခတ္တစံ-သစ်ပင်၏အခွံ (အခေါက်)ကို၊ ဝိကောပေတိ-ဖျက်ဆီး၏၊ (ဖျက်ဆီးရာရောက်၏၊) တသ္မာ- ကြောင့်၊ တတ္ထ- ထိုသို့ ယူရာ၌၊ ပါစိတ္တိယံ ဟောတိ၊ ရုက္ခပပ္ပဋိကာယပိ– သစ်ပင်၏ အပွေး၌လည်း၊ (သစ်ပင်၏ အပွေးကို ခွါရာ၌လည်း၊) ဧသေဝနယော၊ ပန - ဆက်၊ ဇာန္တသာလကကုဓာဒီနံ - နံ့သာပင်, ရေခတက်ပင် အစရှိသည်တို့၏၊ ယာ ပပ္ပဋိကာ-အကြင်အပွေးသည်၊ ရုက္ခတော-မှ၊ မုစ္စိတွာ-လွတ်၍၊ (ကွာ၍၊) တိဋ္ဌတိ-တည်၏၊ တံ-ထိုအပွေးကို၊ ဂဏှန္တဿ-ယူသောရဟန်း၏၊ အနာပတ္တိ၊ နိယျာသမ္ပိ-သစ်စေးကိုလည်း၊ ရုက္ခတော မုစ္စိတွာ, ဌိတံ-တည်သော သစ်စေးကိုဖင်း၊ သုက္ခရုက္ခေ-၌၊ လဂ္ဂံဝါ-ကပ်နေသော သစ်စေးကိုဖင်း၊ ဂဏှိတုံ - ၎င်း၊ ဝဋ္ဋတိ၊ အလ္လရုက္ခတော – မှ၊ ( ဂဏှိတုံ ) န ဝဋ္ဋတိ၊ လာခါယပိ–ချိပ်၌လည်း၊ ဧသေဝ နယော။

ရုက္ခံ-သစ်ပင်ကို၊ စာလေတွာ- လှုပ်စေ၍၊ ပဏ္ဏပုလာသံဝါ-ဖက်ရွက်ရော်ကို သော်၎င်း၊ ပရိဏတ ကဏိကာရာဒိ ပုပ္ဖံဝါ-ရင့်ပြီးသော မဟာလှေကား အစရှိသော အပွင့်ကိုသော်၎င်း၊ ပါတေန္တဿ – ကျစေသော ရဟန်း၏၊ ပါစိတ္တိယ မေဝ - ပါစိတ်အာပတ်သည်သာ၊ (ဟောတိ - ၏၊) ဟတ္ထကုက္ကုစ္စေန - လက်၏ စက်ဆုပ်အပ်စွာ ပြုအပ်သော အမှုဖြင့်၊ ဝါ– လက်ဆော့သဖြင့်၊ မုဒုကာသု– နူးညံ့ကုန်သော၊ ဇာန္တသာလနယ်ဟိ ခန္ဓာဒီသုဝါ-နံ့သာပင်စည်, ရှားစောင်းကြီးပင်စည် အစရှိသည်တို့၌သော်၎င်း၊ တတ္တဇာတက တာလပဏ္ဏာဒီသုဝါ– ထိုထန်းပင်၌ ဖြစ်သော ထန်းရွက် အစရှိသည်တို့၌ သော်၎င်း၊ အက္ခရံ - အက္ခရာကို၊ ဆိန္ဒန္တဿပိ-ဖြတ်ထွင်းသော(ရေးသော)ရဟန်း၏လည်း၊ဧသေဝနယော-ပင်တည်း၊

× × × × × × × ×

**ရုက္ခတော၊ မေ၊ ဌိတံ။** ။ တမာစေး စသောအစေးသည် သစ်ပင်မှ ထွက်လာပြီး နောက် အရင်းပိုင်းမှာသာ သစ်ပင်နှင့်ထိ၍ အလယ်ပိုင်း အဖျားပိုင်းမှာ သစ်ပင်နှင့် ကွာနေတတ်၏၊ ထိုအ စေးကို "နိယျာသံပိ ရုက္ခတော မုစ္စိတွာ ဌိတံ"ဟု ဆိုသည်။

**ဟတ္ထကုက္ကုစ္စေန။** ။ကုစ္ဆိတံ–စက်ဆုပ်အပ်စွာ+ကတံ–ပြုအပ်သောအမှုတည်း၊ ကုကတံ– စက်ဆုပ်အပ်စွာ ပြုအပ်သောအမှု၊ ကုကတမေဝ – စက်ဆုပ်အပ်စွာ ပြုအပ် သော အမှုသည်ပင် + ကုက္ကုစ္စံ – မည်၏၊ သွတ္တ၌ ဏျပစ္စည်း သက်၍ တျကို စပြု, ဒွေဘော်လာ, ကတ၌ ကဲ၏ အ ကို ဥပြု၊ ဟတ္ထဿ- ၏+ကုက္ကုစ္စံ – စက်ဆုပ်အပ်စွာ ပြုအပ်သောအမှုတည်း၊ ဟတ္ထကုက္ကုစ္စံ – မှု၊ နံ့သာပင် ရှားစောင်းကြီးပင် စသည်တို့၏ ပင်လုံး၌၎င်း , ထန်းပင်၌တည်သော ထန်းရွက်၌၎င်း စာရေးမှုပြုသော ရဟန်းသည် သက်သက် လက်ဆော့ရာရောက်၏၊ ထိုလက်ဆော့မှုကို"ဟတ္ထကုက္ကုစ္စ"ဟု ခေါ်သည်။

ကို၊ ဥပ္ပါဋေ္ဋဟိ-နှုတ်လော၊ မုဉ္စတိဏံ - ဖြူဆံမြက်ကို၊ ဥပ္ပါဋေ္ဋဟိ၊ အသုကရုက္ခ ဍ္ဍလ္လိံ-ထို မည်သောသစ်ပင်၏အခွံကို၊ ဥပ္ပါဋေ္ဋဟိ-ခွါလော၊ ဣတိ အာဒိဝစနမ္ပိ-ဤသို့ အစရှိသောစကားသည်လည်း၊ အနိယမိတမေဝ - မသတ်မှတ်အပ်သော စကားသည်ပင်၊ ဟောတိ- ၏၊ ဟိ — မှန်၊ ဣမံ အမ္ဗရုက္ခံ— ကို၊ (ဆိန္ဒ)၊ ဣတိ အာဒိဝစနမေဝ—ဤသို့ အစရှိသောစကား သည်သာ၊ နိယမိတံနာမ-သတ်မှတ် အပ်သောစကား မည်၏၊ တံ—ထိုစကားသည်၊ ဝါ—ကို၊ (ဝတ္တုံ) န ဝဋ္ဋတိ။

ပစတိဝါ ပစာပေတိဝါတိ-ကား၊ အန္တမသော-အားဖြင့်၊ ပတ္တမ္ပိ- သပိတ်ကို လည်း၊ ပစိတုကာမော-ဖုတ်လိုသည်၊ (ဟုတွာ-၍၊)တိဏာဒီနံ-မြက်အစရှိသည် တို့၏၊ ဥပရိ-အထက်၌၊ သဦ္ဓစ္စ-သညာနှင့်တကွ စေ့ဆော်၍၊ အဂ္ဂိံ-မီးကို၊ ကရော န္တော-ပြုလျက်၊ (မီးထည့်လျက်၊) သယံဝါ-မူလည်း၊ ပစတိ- မီးတိုက်အံ့၊ အညေ နဝါ— မူလည်း၊ ပစာပေတိ — မီးတိုက်စေအံ့၊ ဣတိ- ဤသို့ အစရှိသော၊ သဗ္ဗံ- အလုံးစုံသောစကားကို၊ ပထဝိခဏန သိက္ခာပဒေ- ၌၊ ဝုတ္တနယေန ဝေဒိတဗ္ဗံ၊ ပန-ဆက်၊ အနိယမေတွာ-မသတ်မှတ်မူ၍၊ မုဂ္ဂေ- ပဲနောံတို့ကို၊ ပစ-ချက်လော၊ မာသေ-ပဲကြီးတို့ကို၊ ပစ-ချက်လော၊ ဣတိအာဒိ- ဤသို့ အစရှိသောစကားသည်၊ ဝတ္တုံ ဝဋ္ဋတိ၊ ဣမေ မုဂ္ဂေ-ဤ ပဲနောက်တို့ကို၊ ပစ,ဣမေမာသေပစ၊ ဣတိဧဝံ-သို့၊ ဝတ္တုံ န ဝဋ္ဋတိ၊ အနာပတ္တိ ဣမံ ဇာနာတိအာဒီသု - အစရှိသော ပါဠိရပ်တို့၌၊ (ဝေမတ္တော ဒဠ္ဌဗ္ဗော- ၌စပ်၊) ဣမံ မူလဘေသဇ္ဇံ - ဤ အမြစ်ဆေးကို၊ ဇာန - သိလော၊ [ဇာနအတွက် တခုတည်းဖြစ်သောကြောင့် ဝါမပါရ။] ဣမံမူလံ-ကို၊ ဒေဟိ-လော၊ ဣတိဝါ- သော်ငင်း၊ ဣမံပဏ္ဏံ-ကို၊ ဒေဟိ-လော၊ ဣတိဝါ-ငင်း၊ ဣမံရုက္ခံ-ကို၊ အာဟရ-လော၊ ဣတိဝါ- ငင်း၊ ဣမံလတံ- ကို၊ အာဟရ- လော၊ ဣတိဝါ- ငင်း၊ ဣမိနာပုပ္ဖေန- ဖြင့်၊ အတ္ထော-အလိုရှိ၏၊ ဣတိဝါ၊ပေ၊ဣမံရုက္ခံ- ကို၊ ကပ္ပိယံ–အပ်သည်ကို၊ ကရောဟိ-လော၊(တနည်း) ကပ္ပိယံ ကရောဟိ-ကပ္ပိ စမ်းလော၊ ဣတိဝါ-သော်ငင်း ၊ပေ၊ ဣတိဧဝံ- သို့၊ အတ္ထော- ကို၊ ဒဠ္ဌဗ္ဗော- ၏၊ ဧတ္တာဝတာ-ဤမျှ အတိုင်းအရှည်ရှိသော ဇာန,ဒေဟိစသည်ကို ပြောဆိုခြင်းဖြင့်၊ ဘူတဂါမ ပရိမောစနံ- ဘူတဂါမ်အဖြစ်မှ လွတ်စေခြင်းသည်၊ ဝါ- ကို၊ ကတံ- ပြုအပ်ပြီးသည်၊ ဟောတိ၊ ပန - ထိုသို့ပင် ဘူတဂါမ်အဖြစ်မှ လွတ်စေခြင်းကို ပြုအပ်ငြီး ဖြစ်ပါသော်လည်း၊ ပရိဘုဉ္ဇိတုကာမေန - သုံးဆောင်လိုသော ရဟန်းသည်၊ ဗီဇဂါမပရိမောစနတ္ထံ - ဗီဇဂါမ်အဖြစ်မှ လွတ်စေခြင်း အကျိုးငှါ၊ ပုန- တဖန်၊ ကပ္ပိယံ- ကပ္ပိမှုကို၊ ကာရေတဗ္ဗံ- ပြုစေထိုက်၏။

× × × × × × ×

**ဘူတဂါမပရိမောစနံ ကတံ။** ။“ဣမံ မူလဘေသဇ္ဇံ ဇာန”စသည်ဖြင့် ရဟန်းက ပြောအပ်သော ဝစီပယောဂကြောင့် လူသာမဏေက နှုတ်ခြင်း , ခုတ်ခြင်း စသည်ကို ပြုလျှင် ရဟန်းမှာ အာပတ် မသင့်တော့၊ ထိုသို့ အာပတ်မသင့်အောင် ပြောခြင်းကိုပင် “ဘူတဂါမပရိမောစနံ ကတံ”ဟု ဆိုသည်။

စ- ဆက်၊ ဓေတ္တ- ဤ ကပ္ပိယံ ကာရေတဗ္ဗံဟူသော စကားရပ်၌၊ ကပ္ပိယကရဏံ-အပ်အောင်ပြုခြင်းကို၊ ဇာမိနာ သုတ္တာနုသာရေန-ဤပါဠိတော်ကိုအစဉ်လိုက်သဖြင့်၊ ဝေဒိတဗ္ဗံ-၏၊(ကိံ)၊ ဘိက္ခဝေ-တို့၊ အဂ္ဂိပရိဇိတံ-မီးဖြင့် ထက်ဝန်းကျင် ညှဉ်းဆဲအပ်, ကပ္ပိအပ်သော အသီးရင်း၊ သတ္ထပရိဇိတံ - ဒါးဖြင့် ထက်ဝန်းကျင် ညှဉ်းဆဲအပ်, ကပ္ပိအပ်သောအသီးရင်း၊ နခပရိဇိတံ– လက်သည်းဖြင့် ထက်ဝန်းကျင် ညှဉ်းဆဲအပ် ကပ္ပိအပ်သောအသီးရင်း၊ အဗီဇံ-ဗီဇမဟုတ်သော အသီးရင်း၊ ဝါ-နုသော အစေ့ရှိသောအသီးရင်း၊(မျိုးစေ့အဖြစ်သို့ မရောက်သေးသော နုသော အစေ့တည်း၊) ပဉ္စမံ—၅ ခုမြောက်ဖြစ်သော၊ နိဗ္ဗဋ္ဋဗီဇမေဝ- ထုတ်အပ်ပြီးသော အစေ့ရှိသော အသီးသာလျှင်ရင်း၊ ဇာတိ- သို့၊ ပဉ္စဟိ - ၅ ပါးကုန်သော၊ သမဏကပ္ပေဟိ - ရဟန်းတို့၏ အသုံးအနှုန်း တို့ဖြင့်၊ ဖလံ – အသီးကို၊ ပရိဘုဉ္ဇိတုံ – သုံးဆောင်ခြင်းငှါ၊ အနုဇာနာမိ- ခွင့်ပြုတော်မူ၏၊ (ဇာတိ, ဝေဒိတဗ္ဗံ၊)တတ္ထ-ထို ၅ ပါးတို့တွင်၊ အဂ္ဂိပရိဇိတန္တိ ပဒဿ - အဂ္ဂိ ပရိဇိတံဟူသော ပုဒ်၏၊ အဂ္ဂိနာ-ဖြင့်၊(ကပ္ပိယကာရကေန-အပ်အောင်ပြုတတ်သူသည်၊)ပရိဇိတံ-ထက်ဝန်းကျင်

× × × × × × ×

**ဇာမိနာ သုတ္တာနုသာရေန** ။ ။ ပါဠိတော်၌ ကပ္ပိအပ်သော အသီးတို့ကိုသာ တိုက်ရိုက်ပြ၏၊ ကပ္ပိပုံကို တိုက်ရိုက်မပြ၊ ဤသို့ ကပ္ပိပုံကို တိုက်ရိုက် မပြသော်လည်း ပါဠိတော်ကို အစဉ်လိုက်၍ ကြည့်က မီးဖြင့် ကပ္ပိရကြောင်း , ဒါး , လက်သည်းတို့ဖြင့် ကပ္ပိရကြောင်းကိုရင်း , နုသော အစေ့ရှိသောအသီး- စားသောအခါ အစေ့ကိုထုတ်၍ ပစ်ရသော အသီးများ၏ အလိုလို ကပ္ပိပြီး ဖြစ်ကြောင်းကိုရင်း သိနိုင်သည်၊ ထို့ကြောင့် "ဇာမိနာ သုတ္တေန"ဟု မဆိုဘဲ "ဇာမိနာ သုတ္တာနုသာရေန"ဟု ဆိုသည်။

**ပဉ္စဟိ သမဏကပ္ပေဟိ** ။ ။ အဘိဓာန်၌ ကပ္ပသဒ္ဒါ၏ အနက် များစွာတို့တွင် သမဏဝေါဟာရ (ရဟန်းတို့၏ အသုံးအနှုန်း) ဟူသော အနက်တမျိုးပါရှိ၏၊ သစ်သီးကို မီးဖြင့်တို့ရုံမျှဖြင့် ထိုမျိုးစေ့ ပျက်မသွားနိုင်၊ သို့သော် ဤကဲ့သို့ မီးဖြင့် တို့လိုက်လျှင် (၊ကပ္ပိလိုက်လျှင်) ရဟန်းတို့အား သုံးစားကောင်း၏ဟူသော အခေါ်အဝေါ်တမျိုး ဖြစ်၏၊ ထို အခေါ်အဝေါ်ကိုပင် "သမဏကပ္ပ"ဟု ခေါ်သည်။

**ဋီကာ**။ ။ ပဉ္စဟိ သမဏကပ္ပေဟီတိ ပဉ္စဟိ သမဏ ဝေါဟာရေဟိ၊ ကိဉ္စာပိ ဟိ ဗီဇာနံ အဂ္ဂိနာ ဖုဋ္ဌမတ္တေန , နခါဒီဟိ ဝိလိခန မတ္တေန စ အဝိရုဠှိဓမ္မတာ န ဟောတိ၊ တထာပိ ဧဝံကတေယေဝ သမဏာနံ ကပ္ပတီတိ အဂ္ဂိပရိဇိတာဒယော သမဏဝေါဟာရာ နာမ ဇာတာ၊ တသ္မာ တေဟိ သမဏဝေါဟာရေဟိ ကရဏဘူတေဟိ (ကရိုဏ်းအနက်ဖြစ်သော ထိုသမဏဝေါဟာရတို့ဖြင့် ) ဖလံ ပရိဘုဉ္ဇိတုံ အနုဇာနာမီတိ အဓိပ္ပါယော၊ အဗီဇ နိဗ္ဗဋ္ဋဗီဇာနိပိ သမဏာနံကပ္ပန္တီတိ ပဉ္စတ္တပဏ္ဏတ္တိဘာဝတော သမဏဝေါဟာရာ ဇာတ္တေဝ သင်္ဂဟိတာနိ။

**ပရိဇိတံ** ။ ။ ဇိတံ၌ ဟိံသာ အနက်ဟော ဇိရိဓာတ် ကြံပါ၊ ပရိဇိရိယိတ္ထ – ထက်ဝန်းကျင် ညှဉ်းဆဲအပ်ပြီ၊ ဇာတိ ပရိဇိတံ၊ အတိဘူတံသည် ပရိဇိတံ၏ သဒ္ဒတ္ထဖွင့်တည်း၊ ဒမှို ဆိန္န ဝိဒ္ဓံတို့ကား အဓိပ္ပါယ်ဖွင့်တည်း။

ညှဉ်းဆဲအပ်သော၊ အဓိဘူတံ - လွှမ်းမိုးအပ်သော၊ (အဂ္ဂိနာ - သည်၊) ဒမုံ-
လောင်အပ်သော၊ ဖုဋ္ဌံ-ထိအပ်သောအသီးတည်း၊ ဇာတိအတ္တော-ကို၊ (ဒဋ္ဌဗ္ဗော၊)
သတ္ထပရိဇိတန္တိ ပဒဿ-၏၊ သတ္ထေန-ဒါးဖြင့်၊ ပရိဇိတံ-သော၊ အဓိဘူတံ-သော၊
ဆိန္နံ-ဖြတ်အပ်သော၊ ဝါ - တနည်း၊ ဝိဒ္ဓံ - ထိုးဖေါက်အပ်သော အသီးတည်း၊
ဇာတိအတ္တော (ဒဋ္ဌဗ္ဗော၊) နခ ပရိဇိတေ-လက်သည်းဖြင့် ထက်ဝန်းကျင် ညှဉ်းဆဲ
အပ်သော အသီး၌၊ သေနယော-တည်း၊ အဗီဇနိဗ္ဗဋ္ဋဗီဇာနိ - ဗီဇ မဟုတ်သော
အသီး ထုတ်အပ်ပြီးသော အစေ့ရှိသော အသီးတို့သည်၊ သယမေဝ — အလိုလို
သာလျှင်၊ (မကပ္ပိဘဲသာလျှင်)၊ ကပ္ပိယာနိ-အပ်ကုန်၏။

အဂ္ဂိနာ — ဖြင့်၊ ကပ္ပိယံ - ကပ္ပိမှုကို၊ ကရောန္တေန - ပြုသောပုဂ္ဂိုလ်သည်၊
(လူ-သာမဏေသည်၊) ကဋ္ဌဂ္ဂိ ဂေါမယဂ္ဂိအာဒီသု — ထင်းမီး, နွားချေးမီး အစ
ရှိသော မီးတို့တွင်၊ ယေနကေနစိ-အမှတ်မရှိ တစုံတခုသောမီးဖြင့်၊ အန္တမသော-
အောက်ထစ်ဆုံးအားဖြင့်၊ အာဒိတ္တေန-လွန်စွာ တောက်လောင်သော၊ ဝါ-ရဲရဲ
ငြိသော၊ လောဟခဏ္ဍေနပိ-သံ၏ အပိုင်းအစဖြင့် သော်လည်း၊ ကပ္ပိယံ-ကပ္ပိမှု
ကို၊ ကာတဗ္ဗံ — ပြုနိုင်၏၊ တဉ္စ- ထို ကပ္ပိမှုကိုလည်း၊ (ကာတဗ္ဗံ— ၌စပ်၊) ဧက
ဒေသေ—တခုသော အစိတ်အပိုင်း၌၊ ဖုသန္တေန- ထိလျက်၊ ကပ္ပိယန္တိ- ကပ္ပိယံ
ဟူ၍၊ ဝတ္တာဝ - ဆိုပြီး၍သာလျှင်၊ ဝါ - ဆိုပြီးလျှင် ပြီးခြင်းသာလျှင်၊ ကာတဗ္ဗံ-
ပြုရာ၏၊ သတ္ထေန-ဒါးစသောလက်နက်ဖြင့်၊ (ကပ္ပိယံ-ကို၊) ကရောန္တေန-ပြုသော
ပုဂ္ဂိုလ်သည်၊ ယဿကဿစိ-အမှတ်မရှိတစုံတခုသော၊ လောဟမယသတ္ထဿ-
ကြေး,သံဖြင့် ပြုအပ်သော လက်နက်၏၊ အန္တမသော-အောက်ထစ်ဆုံးအားဖြင့်၊
သူစိ နခစ္ဆေဒနာနမ္ပိ- အပ်, လက်သည်းလှီး ဒါးငယ်တို့၏လည်း၊ တုဏ္ဍေနဝါ—

× × × × × × × × ×

**ကပ္ပိယန္တိ ဝတ္တာဝ။** ။ဤဝါကျ၌ ရဟန်းက " ကပ္ပိယံ ကရောဟိ" ဟု ဆိုရမည်
ဟု မပါ၊ သို့သော် အထက်၌"ပရိဘုဉ္ဇိတုကာမေန၊ပေ၊ကပ္ပိယံ ကာရေတဗ္ဗံ"ဟု ဆိုရမည် ဟု
ရဟန်း၏ ပြုရမည့် လုပ်ငန်းကို ပြထားသောကြောင့် ကပ္ပိခါနီး၌ ရဟန်းက " ကပ္ပိယံ
ကရောဟိ " ဟု ဆိုရဦးမည်၊ ထို " ကပ္ပိယံ ကရောဟိ, ကပ္ပိယံ ဘန္တေ " ဟူသော
စကားကို ပါဠိဘာသာဖြင့်ဖြစ်စေ, မြန်မာဘာသာ စသော အခြားဘာသာဖြင့်ဖြစ်စေ
ဆို၍ ကပ္ပိနိုင်သည်။

**ဋီကာ။** ။"ကပ္ပိယ"န္တိ ဝတ္တာဝ ကာတဗ္ဗန္တိ ယော (လူသာမဏေသည်) ကပ္ပိယံ
ကရောတိ၊ တေန ကတ္တဗ္ဗာကာရဿေဝ ဝုတ္တတ္တာ ဘိက္ခုနာ အဝုတ္တေပိ ကာတုံ ဝဋ္ဋတီတိ
န ဂဟေတဗ္ဗံ၊ " ပုနကပ္ပိယံ ကာရေတဗ္ဗ" န္တိ ကာရာပနဿ ပဌမမေဝ ကထိတတ္တာ
ဘိက္ခုနာ "ကပ္ပိယံ ကရောဟီ"တိ ဝုတ္တေယေဝ အနုပသမ္ပန္နေန "ကပ္ပိယံ"န္တိ ဝတ္တာ အဂ္ဂိ
ပရိဇိတာဒိ ကာတဗ္ဗန္တိ ဂဟေတဗ္ဗံ၊ "ကပ္ပိယ"န္တိ ဝစနံ ပန ယာယ ကာယစိ ဘာသာယ
ဝတ္တုံ ဝဋ္ဋတီတိ ဝဒန္တိ၊ "ကပ္ပိယ"န္တိ ဝတ္တာဝ ကာတဗ္ဗ"န္တိ ဝစနတော ပဌမံ ကပ္ပိယန္တိ
ဝတ္တာ ပစ္ဆာ အဂ္ဂိအာဒိနာ ဖုသနာဒိ ကာတဗ္ဗန္တိ ဝေဒိတဗ္ဗံ၊ ပဌမံ အဂ္ဂိံ နိက္ခိပိတွာ
နခါဒိနာ ဝါ ဝိဇ္ဈိတွာ တံ အနုဒ္ဓရိတွာဝ ကပ္ပိယန္တိ ဝတ္တုမ္ပိ ဝဋ္ဋတီတိ ဝဒန္တိ။

အဉုးဖြင့် သော်၎င်း၊ ခါရာယဝါ-အသွားဖြင့် သော်၎င်း၊ ဆေဒံဝါ-ဖြတ်ခြင်းကို သော်၎င်း၊ ဝါ-ဖြတ်အပ်ရာကို သော်၎င်း၊ ဝေဓံဝါ-ထိုးဖေါက်ခြင်းကိုသော်၎င်း၊ ဝါ- ထိုးဖေါက်အပ်ရာကို သော်၎င်း၊ ဒဿေန္တေန- ပြလျက်၊ ကပ္ပိယန္တိ– ဟူ၍၊ ဝတ္တဗ္ဗံ-သာလျှင်၊ ကာတဗ္ဗံ–ပြုရာ၏။

နခေန - လက်သည်းဖြင့်၊ ကပ္ပိယံ – ကို၊ ကရောန္တေန - သည်၊ ပူတိနခေန-ပုတ်သော လက်သည်းဖြင့်၊ န ကာတဗ္ဗံ - မပြုရာ၊ ပန - ဆက်ဦးအံ့၊ မနုဿာနံ-လူတို့၏၎င်း၊ သီဟဗျဂ္ဃဒီပိ မက္ကဋာနံ - ခြင်္သေ့ , ကျား , သစ် , မျောက်တို့၏၎င်း၊ (တချို့စာ၌ "မက္ကဋာဒီနံ"ဟု အာဒိပါ၏၊) သကုန္တာနဉ္စ-ငှက်တို့၏၎င်း၊ နခါ-လက်သည်း, ခြေသည်းတို့သည်၊ တိခိဏာ - ထက်ကုန်သည်၊ ဟောန္တိ – ကုန်၏၊ တေဟိ - ထို လက်သည်း , ခြေသည်းတို့ဖြင့်၊ ( ကပ္ပိယံ ) ကာတဗ္ဗံ၊ အဿ၊ ပေါ၊ ဂေါ ရူပါဒီနံ - မြင်း, ကျွဲ, ဝက်, သမင်, နွားအပေါင်း အစရှိသော သတ္တာတို့၏၊ ခုရာ- ခွါတို့သည်၊ အတိခိဏာ- မထက်ကုန်၊ တေဟိ- ထိုခွါတို့ဖြင့်၊ န ကာတဗ္ဗံ၊ ကတံ– ပြုအပ်ပြီးသည်၊ (သမာနံ)ပိ- ဖြစ်ပါသော်လည်း၊ အကတံ– ပြုအပ်ပြီး မဟုတ်သည်၊ ဝါ - ပြုအပ်ရာမရောက်သည်၊ ဟောတိ၊ ပန - ဆက်၊ ဟတ္ထိနခါ-ဆင်တို့၏ လက်သည်း, ခြေသည်းတို့သည်၊ ခုရာ-ခွါတို့သည်၊ န ဟောန္တိ-မဟုတ်ကုန်၊ တေဟိ– ထို ဆင်တို့၏ လက်သည်း, ခြေသည်းတို့ဖြင့်၊ (ကပ္ပိယံ ကာတုံ၊) ဝဋ္ဋတိ၊ ပန - ဆက်၊ ယေဟိ– အကြင် လက်သည်း, ခြေသည်းတို့ဖြင့်၊ ကာတုံ, ဝဋ္ဋတိ - ၏၊ တေဟိ- ထို လက်သည်း , ခြေသည်းတို့ဖြင့်၊ ( သာမညာ )၊ တတ္ထ ဇာတကေဟိပိ- ထိုလူစသော သတ္တာတို့၌ ဖြစ်သော လက်သည်း , ခြေသည်းတို့ဖြင့်၎င်း၊ ဥဒ္ဓရိတွာ-ထုတ်ဆောင်၍၊ ဝါ-နှုတ်၍၊ ဂဟိတကေဟိပိ - ယူအပ်သော လက်သည်း,ခြေသည်းတို့ဖြင့်၎င်း၊(ဝိသေသ)၊ ဆေဒံဝါ-ကိုသော်၎င်း၊ ဝေဓံဝါ-ကိုသော်၎င်း၊ ဒဿေန္တေန-ပြလျက်၊ ကပ္ပိယန္တိ, ဝတ္တဗ္ဗံ ကာတဗ္ဗံ။ ["ဆေဒံဝါ ဝေဓံဝါ"ဟု အရာထင်အောင် ခုတ်ဘို့ ထိုးဘို့ရန်ဆိုသောကြောင့် ဖြတ်ထားသဖြင့် တိုနေသော လက်သည်းဖြင့် မကပ္ပိရ-ဟု သတိပြုပါ။]

တတ္ထ–ထိုသို့ ကပ္ပိရာ၌၊ ဗီဇာနံ-မျိုးစေ့တို့၏၊ ပဗ္ဗတမတ္တော-တောင်အတိုင်း အရှည်ရှိသော၊ ဝါ - တောင်လောက်ကြီးသော၊ ရာသိ–အစုအပုံသည်၊ သစေပိ ဟောတိ-အကယ်၍မူလည်းဖြစ်စေဦးတော့၊ ရုက္ခသဟဿံ-အပင်တထောင်ကို၊

× × × × × × ×

**ဆေဒံဝါ ဝေဓံဝါ။** ။ [ကပ္ပိယံ ကရောဟိ၏အဓိပ္ပါယ်ကို ပါတိမောက် ဘာသာ ဋီကာ၌ ပြထားပြီ၊] ထိုသို့ ကပ္ပိရာ၌ ဒါးစသည်ဖြင့် ကပ္ပိလျှင် ဖြတ်အပ်သော အရာကို, အပ်စသည်ဖြင့် ကပ္ပိလျှင် ဖေါက်အပ်သော အရာကို ထင်ရှားစေရမည်၊ ဝိမတိ၌ "တဋ္ဋိ ဒွိခါ အကတွာ (၂ ပိုင်းပြတ်သွားအောင် မပြုဘဲ) ဆေဒေန ဘေဒနမေဝ ( ဖြတ်ရာ ထိုးဖေါက်ရာကိုသာ ) ဒဿေတဗ္ဗံ"ဟု ဆို၏၊ ကြံစသည်ကို ဒါးဖြင့် ကပ္ပိရာ၌ ၂ ပိုင်း ပြတ်သွားခြင်းကြောင့် အပြစ်ရှိမည် မထင်ပါ။

ဆိန္နိတွာ-၍၊ ကောဇင့္ဒ - တစပ်ထည်း ဖွဲ့အပ်သည်ကို၊ ကတွာဝါ - သော်ငင်း၊ ဥစ္ဆုနံ-ကြံတို့၏၊ မဟာဘာရော-ကြီးစွာသော ဝန်ထုပ်, ဝန်ပိုးသည်၊ ဝါ—ကို၊ ဗန္ဓိတွာဝါ-ဖွဲ့၍သော်ငင်း၊ ထပိတော-ထားအပ်သည်၊ သစေပိ ဟောတိ-အကယ်၍မူလည်း ဖြစ်စေဦးတော့၊ (ဧဝံ သတိပိ — ဤသို့ပင် ဖြစ်ပါသော်လည်း၊) ကေသ္မိံ - တခုသော၊ ဗီဇေဝါ - မျိုးစေ့ကိုသော်ငင်း၊ (ဗီဇာနံ ပဗ္ဗတမတ္တောကို ရည်ရွယ်သည်၊) (ကေသံ-တခုသော၊) ရုက္ခသာခါယဝါ — သစ်ကိုင်းကိုသော်ငင်း၊(ရုက္ခသဟာသံ၊ပေ၊ကတွာကိုရည်ရွယ်သည်၊)(ကေသ္မိံ-တချောင်းသော၊) ဥစ္ဆုမှိဝါ - ကြံကိုသော်ငင်း၊ ကပ္ပိယေ - ကပ္ပိအပ်သည်ကို၊ ကတေ— ပြုအပ်ပြီးသော်၊ သဗ္ဗံ-အလုံးစုံသည်၊ ဝါ-ကို၊ ကတံ-ပြုအပ်ပြီးသည်၊ ဟောတိ- ၏၊ ဥစ္ဆုစ-ကြံတို့သည်ငင်း၊ ဝါ— တို့ကိုငင်း၊ ဒါရုနိစ — တို့သည်ငင်း၊ ဝါ — တို့ကိုငင်း၊ ကေတော - တပေါင်းထည်း၊ ဗဒ္ဓါနိ - ဖွဲ့အပ်ကုန်သည်၊ ဟောန္တိ- ဖြစ်ကုန်အံ့၊ (ကြံနှင့် သစ်သားတို့ကို တစည်းထည်း ရောစည်းထားသည် — ဟူလို၊) ဥစ္ဆုံ-ကြံကို၊ ကပ္ပိယံ- ကပ္ပိအပ်သည်ကို၊ ကရိဿာမိ- ပြုအံ့၊ ဣတိ-ဤသို့ ကြံ၍၊ ဒါရုံ-သစ်သားကို၊ ဝိဇ္ဈတိ- ထိုးဖေါက်မိအံ့၊ (ကပ္ပိသောအားဖြင့် ထိုးဖေါက်မိအံ့၊) ဝဋ္ဋတိယေဝ - သာ၊ [ ဒါရုံ ဝိဇ္ဈတီတိ တွေ့ ဇာနိတွာပိ ဝိဇ္ဈတိဝါ ဝိဇ္ဈာပေတိ ဝါ ဝဋ္ဋတိ ယေဝါတိ ဝဒန္တိ၊ ဘတ္တသိတ္တေ ဝိဇ္ဈတီတိ တွေ့ာပိ သေဝနယော-နောက်၌လာမည့်"ဘတ္တသိတ္တေ ဝိဇ္ဈတိ"၌လည်း သိလျက် ကပ္ပိသူက ထိုးသည်ဖြစ်စေ, ကပ္ပိခိုင်းသောရဟန်းက ထိုးစေသည်ဖြစ်စေ အပ်၏—ဟူလို။] ပန - ဗျာဘိရိက်ကား၊ ယာယရဇ္ဇုယာဝါ-အကြင် ကြိုးဖြင့်သော်ငင်း၊ ယာယဝလ္လိယာဝါ-အကြင်နွယ်ဖြင့်သော်ငင်း၊ ဗဒ္ဓါနိ-ဖွဲ့အပ် စည်းအပ်ကုန်သည်၊(ဟောန္တိ-ဖြစ်ကုန်၏၊) တံ— ထိုကြိုး, သို့မဟုတ် နွယ်ကို၊ သစေ ဝိဇ္ဈတိ - အကယ်၍ ထိုးဖေါက်မိအံ့၊(ဧဝံသတိ- သော်၊) န ဝဋ္ဋတိ-မအပ်။

ဥစ္ဆုခဏ္ဍာနံ — ကြံအပိုင်းတို့ဖြင့်၊ ပစ္ဆိံ - တောင်းကို၊ ပူရေတွာ- ပြည့်စေ၍၊ (သစေ) အာဟရန္တိ — အကယ်၍ ဆောင်ယူလာကုန်အံ့၊ ကေသ္မိံ - တခုသော၊ ခဏ္ဍေ- အပိုင်းကို၊ ကပ္ပိယေ- ကပ္ပိအပ်သည်ကို၊ ကတေ-ပြုအပ်ပြီးသော်၊ သဗ္ဗံ-အလုံးစုံသည်၊ ကတမေဝ — ပြုအပ်ပြီးသည်သာလျှင်၊ ဟောတိ၊ မရိစပက္ကာဒိဟိ-

× × × × × × ×

**ကေသ္မိံဗီဇေ၊ပေ၊ ကတံ ဟောတိ။** ။ထိုသို့ ကပ္ပိရာ၌ သစ်သီးစသော ဝတ္ထုက ရဟန်း၏ လက်ထည်း၌ ရှိနေမှမဟုတ် , ထောင်ပုံ ရာပုံ ပုံထားသော အကပ်မခံရသေးသော သစ်သီးပုံ ကြီးစည်း တို့ကိုလည်း ရဟန်းက လက်နှင့် မထိ မကိုင်ဘဲ "ကပ္ပိယံ ကရောဟိ" ဟု ဆိုလိုက်သော အခါ လူသာမဏေက တစပ်ထည်းနေသော သစ်သီး တလုံးကို, (ကြံ တချောင်းကို) "ကပ္ပိယံ ဘန္တေ" ဟု ဆို၍ ထိုးလိုက် ခုတ်လိုက်လျှင် အားလုံးပင် ကပ္ပိပြီး ဖြစ်တော့၏၊ တကြိမ် ကပ္ပိပြီးသော သစ်သီးများကို (အကပ် မခံရသေးလျှင်) နောက်နေ့ ရက်များ၌လည်း ထပ်၍ မကပ္ပိတော့ဘဲ စားနိုင်သည်။

ရေပ်သီးမှည့် အစရှိသည်တို့ဖြင့်၊ မိဿေတွာ- ရော၍၊ ဘတ္တံ- ထမင်းကို၊ (သစေ) အာဟရန္တိ-အကယ်၍ ဆောင်ယူလာကုန်အံ့၊ (ဝံသတိ) ကပ္ပိယံ ကရောဟီတိ- ကပ္ပိယံ ကရောဟိဟူ၍၊ ဝုတ္တေ-ဆိုအပ်ပြီးသော်၊ ဘတ္တသိတ္ထေ-ထမင်းလုံးတို့ကို၊ သစေပိ ဝိဇ္ဈတိ – အကယ်၍မူလည်း ထိုးမိအံ့၊ ( ဝံသတိပိ ) ဝဋ္ဋတိယေဝ– အပ်သည်သာ၊ တိလတဏ္ဍုလာဒိသုပိ- နှမ်းဖြင့်ရောအပ်သော ဆန် အစရှိသည် တို့၌လည်း၊ ဧသေဝနယော-တည်း၊ (နှမ်းက အစိမ်းဖြစ်လျှင် အပင်ပေါက်မည် ဖြစ်သောကြောင့် ကပ္ပိသောအခါ ဆန်ကိုထိုးမိသော်လည်း အပ်သည်-ဟူလို၊) ပန-ဆက်၊ ယာဂုယာ-၌၊ ပက္ခိတ္တာနိ-ထည့်အပ်သော ရေပ်သီးမှည့် အစရှိသည် တို့သည်၊ ကော ဗဒ္ဓါနိ– တစပ်ထည်း စပ်ကုန်သည်၊ ဟုတွာ, န သန္တိဋ္ဌန္တိ – ကောင်းစွာ မတည်ကုန်၊ တတ္ထ - ထို ရေပ်သီးမှည့် ထည့်အပ်ရာ ယာဂု၌၊ ဧကေ မေကံ - တစေ့တစေ့ကို၊ ဝိဇ္ဈိတွာ - ထိုး၍၊ ကပ္ပိယံ - ကို၊ ကာတဗ္ဗမေဝ - ပြုရာ သည်သာ၊ဝါ-ပြုရမည်သာ၊ ကပိတ္ထဖလာဒီနံ-သီးသီး အစရှိသည်တို့၏၊ အန္တော- အတွင်း၌၊ မိဉ္ဇံ - အနှစ်အဆန်သည်၊ ကဋာဟံ – အခွံတည်းဟူသော ခွက်ကို၊ မုဉ္စိတွာ—လွတ်၍၊ သဉ္စရတိ- လှည့်လည်နေအံ့၊ ဘိန္ဒာပေတွာ-ခွဲစေ၍၊ ကပ္ပိယံ— ကို၊ ကာရေတဗ္ဗံ၊ (မိဉ္ဇံ- အနှစ်အဆန်သည်၊ ကဋာဟေန-အခွံနှင့်၊) ကောဗဒ္ဓံ- တစပ်ထည်း စပ်နေသည်၊ (သစေ) ဟောတိ-အံ့၊ (ဝံသတိ-သော်၊) ကဋာဟေ ပိ-အခွံ၌လည်း၊ ကပ္ပိယံ-ကို၊ကာတုံ ဝဋ္ဋတိ။ [ဘိန္ဒာပေတွာ ကပ္ပိယံ ကာရာပေ တဗ္ဗန္တိ-ဗီဇတော မုတ္တဿ ကဋာဟဿ ဘာဇနဂတိကတ္တာ ဝုတ္တံ။]

အသဉ္စိစ္စာတိ-ကား၊ ပါသာဏရုက္ခာဒိနိ- ကျောက်တုံး, သစ်တုံးအစရှိသည် တို့ကို၊ ပဝဋ္ဋေန္တဿဝါ – လှိမ့်စဉ်သော်ငှင်း၊ သာခံ-သစ်ခက် (သစ်ကိုင်း)ကို၊ ကဍ္ဎန္တဿဝါ - ဆွဲငင်စဉ်သော်ငှင်း၊ ကတ္တရဒဏ္ဍေန - တောင်ဝှေးဖြင့်၊ ဘူမိံ - မြေကို၊ ပဟရိတွာ- ပုတ်ခတ်၍၊ ဂစ္ဆန္တဿဝါ- သွားစဉ်သော်ငှင်း၊ တိဏာနိ - မြက်တို့သည်၊ ဆိဇ္ဇန္တိ - ပြတ်တတ်ကုန်၏၊ တာနိ- ထို မြက်တို့သည်၊ (အသဉ္စိစ္စ ဆိန္ဒာနိနာမ-၌စပ်၊) တေန-ထိုရဟန်းသည်၊ (အစ္ဆိန္နတ္တာ-၌စပ်၊) ဆိန္ဒိဿာမိ- ဖြတ်အံ့၊ ဣတိဝံ-ဤသို့ကြံ၍၊ သဉ္စိစ္စ-သညာနှင့်တကွ စေ့ဆော်၍၊ အစ္ဆိန္နတ္တာ- မဖြတ်အပ်ကုန်သည်၏ အဖြစ်ကြောင့်၊ အသဉ္စိစ္စ ဆိန္ဒာနိနာမ- အသဉ္စိစ္စ ဆိန္ဒတို့ မည်သည်၊ ဟောန္တိ၊ ဣတိ-သို့၊ အသဉ္စိစ္စ - သညာနှင့်တကွ မစေ့ဆော်မူ၍၊ ဆိန္ဒန္တဿ-မဲ့တော်တဆ ဖြတ်မိသောရဟန်း၏၊ အနာပတ္တိ (ဟောတိ)။

× × × × × × ×

**မရိစ ပက္ကာဒီဟိ ။** ။ ထမင်းသုတ်စသည် လုပ်သောအခါ ရေပ်သီးမှည့်အစေ့ ပါလာလျှင် ကပ္ပိရမည်၊ ထိုသို့ ကပ္ပိရာ၌ ရေပ်သီးမှည့်အစေ့ကို မထိုးမိဘဲ ဆွမ်းလုံးတို့ကို ထိုး၍ ကပ္ပိလိုက်လျှင် အပ်တော့၏၊ လှော်ပြီးမဟုတ်သော နှမ်းစိမ်းပါလျှင်လည်း ကပ္ပိ ရမည်။ [ မရိစ ပက္ကာဒီဟိ မိဿေတွာတိ ဧတ္ထ ဘတ္တသိတ္ထ သမ္ဗန္ဓဝသေန ကောဗဒ္ဓတာ ဝေဒိတဗ္ဗာ၊ န ဖလာနံယေဝ အညမညံ သမ္ဗန္ဓဝသေန။]

အသတိယာတိ- ဟူသည်ကား၊ အညဝိဟိတော - တပါးသောအာရုံ၌ ထားအပ်သောစိတ် ရှိသည်၊ ဝါ- တပါးသောအာရုံကို နှလုံးသွင်းနေသည်၊ ဟုတ္တာ- ၍၊ ကေနစိ- တစုံတယောက်နှင့်၊ သဒ္ဓိံ - ကွ၊ ကိဉ္စိ - တစုံတခုသော အကြောင်းအရာကို၊ ကထေန္တော-ပြောဆိုစဉ်၊ ပါဒင်္ဂုဋ္ဌကေန ဝါ-ခြေမဖြင့်သော်၎င်း၊ ဟတ္ထေန ဝါ - လက်ဖြင့်သော်၎င်း၊ တိဏံ ဝါ - မြက်ကိုသော်၎င်း၊ လတံ ဝါ - နွယ်ကိုသော်၎င်း၊ ဆိန္ဒန္တော-ဖြတ်လျက်၊ တိဋ္ဌတိ-တည်အံ့၊ ဧဝံ-သို့၊ အသတိယာ-သတိကင်းသဖြင့်၊ ဝါ-အမှတ်တမဲ့၊ ဆိန္ဒန္တဿ- ဖြတ်မိသောရဟန်း၏၊ အနာပတ္တိ (ဟောတိ)။

အဇာနန္တဿာတိ-ဟူသည်ကား၊ ဧတ္တအန္တော ဂေ-၌အတွင်း၌၊(၌စည်းရိုးအတွင်း, ကောက်ရိုးပုံ အတွင်း၌၊)ဗီဇဂါမော-ဗီဇဂါမ်သည်၊ (အတ္ထိ၊) ဣတိ ဝါ-၌သို့သော်၎င်း၊ဘူတဂါမော-သည်၊(အတ္ထိ၊)ဣတိဝါ-သော်၎င်း၊နဇာနာတိ-မသိ၊ ဆိန္ဒာမိ-ငါဖြတ်နေ၏၊ ဣတိပိ- ၌သို့လည်း၊ နဇာနာတိ-မသိ၊(ဗီဇဂါမ်ရှိ၏, သို့မဟုတ် ဘူတဂါမ်ရှိ၏ ဟု မသိခြင်း တမျိုး, ငါဖြတ်နေ၏ ဟု မသိခြင်း တမျိုး၊ ၌သို့အားဖြင့် မသိခြင်း ၂ မျိုးရှိသည် ဟူလို၊) ကေဝလံ- သိခြင်း မဖက်သက်သက်၊ ဝတိယာ ဝါ- စည်းရိုး၌သော်၎င်း၊ ပလာလပုဉ္ဇေ ဝါ-ကောက်ရိုးပုံ၌သော်၎င်း၊ နိခါဒနံ ဝါ-ဆောက်ကိုသော်၎င်း၊ ခဏိတ္တိံ ဝါ-တူရွင်းကိုသော်၎င်း၊ ကုဒါလံ ဝါ-ပေါက်တူးကိုသော်၎င်း၊ သင်္ဂေါပနတ္ထာယ - လုံခြုံစေခြင်း အကျိုးငှါ၊ ထပေတိ- ထားအံ့၊ ဥယျမာနဟတ္ထော-မီးလောင်အပ်သောလက်ရှိသည်၊(ဟုတ္တာ) ဝါ-ဖြစ်၍သော်လည်း၊ အဂ္ဂိံ- မီးကို၊ ပါတေတိ - ကျစေအံ့၊ ဝါ- ချပစ်လိုက်အံ့၊ တတြ-ထိုသို့ ဖြစ်ရာ၌၊ တိဏာနိ - မြက်တို့ကို၊ ဝါ - တို့သည်၊ စေ ဆိဇ္ဇန္တိ ဝါ- အကယ်၍မူလည်း ပြတ်ကုန်အံ့၊ စေ ဍယှန္တိ ဝါ-အကယ်၍ မူလည်း မီးလောင်အပ်ကုန်အံ့၊(ဧဝံ သတိ-သော်၊) အနာပတ္တိ။

ပန–ဆက်၊ မနုဿဝိဂ္ဂဟ ပါရာဇိကဝဏ္ဏနာယံ - မနုဿဝိဂ္ဂဟ ပါရာဇိကသိက္ခာပုဒ်၏အဖွင့်၌၊ သဗ္ဗအဋ္ဌကထာသု- အလုံးစုံသောအဋ္ဌကထာတို့၌၊(ဝုတ္တံ-၌စပ်၊)"ဘိက္ခု-သည်၊ ဝါ-ကို၊ ရုက္ခေန ဝါ- သစ်ပင်သည်သော်လည်း၊ အဇ္ဈောတ္ထဋော-လွှမ်းဖိအပ်သည်၊ သစေ ဟောတိ- အံ့၊ ဩပါတေ ဝါ- တွင်း၌မူလည်း၊ ပတိတော-ကျနေသည်၊ (သစေ ဟောတိ၊)ရုက္ခံ-ကို၊ ဆိန္ဒိတွာ ဝါ- ဖြတ်၍သော်၎င်း၊ ဘူမိံ-ကို၊ ခဏိတွာ ဝါ- တူး၍သော်၎င်း၊ နိက္ခမိတုံ-ထွက်ခြင်းငှါ၊ သက္ကာစတတ်ကောင်းသည်လည်း၊ သစေ ဟောတိ-အံ့၊ (ဧဝံ သတိ-သော်၊)ဇီဝိတဟေတုပိ- အသက်ဟူသော အကြောင်းကြောင့်သော်မှလည်း၊ အတ္တနာ - ကိုယ်တိုင်၊ နကာတဗ္ဗံ-မပြုထိုက်၊ပန-ကား၊အညေန-သော၊ဘိက္ခုနာ-သည်၊ဘူမိံ ခဏိတွာ ဝါ, ရုက္ခံ ဆိန္ဒိတွာ ဝါ, အလ္လရုက္ခတော- စိုသောသစ်ပင်မှ၊ ဒဏ္ဍကံ-ဒုတ်ကို၊ ဆိန္ဒိတွာ ဝါ,တံရုက္ခံ-ကို၊ ပဝဋ္ဋေတွာ-လိမ့်စေ၍၊ ဝါ-လှိမ့်၍၊နိက္ခာမေတုံ-ထွက်စေခြင်းငှါ၊

ဝဋ္ဋတိ၊ အနာပတ္တိ- အာပတ်မသင့်၊ ဣတိ-သို့၊ ဝုတ္တံ၊ တတ္ထ- ထိုသို့ ဆိုအပ်ရာ၌၊ ကာရဏံ — အကြောင်းကို၊ န ဒိဿတိ — မတွေ့မြင်အပ်၊ အနုဇာနာမိ ၊ ပေ ၊ ကာတုန္တိ ဣဒံ ဧကမေဝ သုတ္တံ ပန-အနုဇာနာမိ၊ပေ၊ကာတုံဟူသော ဤတသုတ် ကိုကား၊ ဒိဿတိ- တွေ့အပ်၏၊ [ဘိက္ခဝေ-တို့၊ ဒဝဍ္ဍာဟေ- တောမီးသည်၊ ဒယှ မာနေ- လောင်လာသော်၊ ပဋဂ္ဂိံ-မီးကြိုကို၊ ဒါတုံ- ပေးခြင်းငှါလည်း၊ ပရိတ္တံ - အရံ အတားကို၊ ကာတုံ-ပြုခြင်းငှါလည်း၊ အနုဇာနာမိ–ခွင့်ပြုတော်မူ၏။]

တေဿ- ဤသုတ်အား၊ အနုလောမံ- လျော်သည်၊ သစေ (ဟောတိ)- အံ့၊ (ဧဝံသတိ—သော်၊) အတ္တနော-မိမိအား၊ န ဝဋ္ဋတိ- မအပ်၊ အညဿ-အခြား ရဟန်းအား၊ ဝဋ္ဋတိ-၏၊ ဣတိ - ဤသို့၊ ဣဒံ နာနာကရဏံ — ဤ အသီးအခြား ပြုတတ်သော အထူးသည်၊ ဝါ- ကို၊ လဒ္ဓုံ—ရခြင်းငှါ၊ န သက္ကာ-မတတ်ကောင်း၊ အတ္တနော-၏၊ အတ္တာယ-ငှါ၊ ကရောန္တော- ပြုသောရဟန်းသည်၊ အတ္တသိနေဟေ န - မိမိ၌ ချစ်ခြင်းဟူသော၊ အကုသလစိတ္တေနဝ - အကုသိုလ်စိတ်ကြောင့်သာ၊ ကရောတိ- ပြု၏၊ ပရောပန- အခြားသူသည်ကား၊ ကာရုညေန- သနားခြင်းကြောင့်၊ ကရောတိ၊ တသ္မာ- ထို့ကြောင့်၊ အနာပတ္တိ၊ ဣတိစေ- ဤသို့ ဆိုအံ့၊ တေမ္ပိ- ဤ အကြောင်းသည်လည်း၊ အကာရဏံ- သင့်မြတ်သော အကြောင်းမဟုတ်၊(ကသ္မာ- အဘယ့်ကြောင့်နည်း၊) ဟိ ယသ္မာ- အကြင့်ကြောင့်၊ ကုသလစိတ္တေနပိ- ကုသိုလ် စိတ်ကြောင့်လည်း၊ ဣမံအာပတ္တိံ- ဤဘူတဂါမ်ကို ဖျက်ဆီးခြင်းကြောင့်သင့်ရော အပ်သော အာပတ်သို့၊ အာပဇ္ဇတိ — ရောက်၏၊ တသ္မာ တေမ္ပိ အကာရဏံ၊ (ပြန်လှည့်၊ ) ပန- ထိုသို့ပင် အကြောင်းကို မတွေ့မြင်အပ် ပါသော်လည်း၊ သဗ္ဗ အဋ္ဌကထာသု — တို့၌၊ ဝုတ္တတ္တာ - တညီတညွတ်ထည်း ဆိုအပ်သည်၏ အဖြစ် ကြောင့်၊ ပဋိသေဓေတုံ- တားမြစ်ခြင်းငှါ၊ န သက္ကာ - မတတ်ကောင်း၊ ဧတ္ထ—ဤ ရေးအဋ္ဌကထာတို့၏ စကား၌၊ ယုတ္တိ-သင့်သောအကြောင်းကို၊ ဂဝေသိတဗ္ဗာ- ရှာမှီးထိုက်၏၊ အဋ္ဌကထာစရိယာနံ- အဋ္ဌကထာဆရာတို့၏ အပေါ်၌၊ သဒ္ဓါယ ဝါ- ယုံကြည်ခြင်းကြောင့် သော်လည်း၊ ဂန္တဗ္ဗံ - ဆုံးဖြတ်ချက် ချထိုက်၏၊ ဣတိ- ဤသို့မှတ်အပ်၏၊ သေသံ ဥတ္တာနမေဝ၊ပေ၊ တိဝေဒနံ- ၏၊ ဣတိ- တည်း။........ ပဌမံ- ရှေးဦးစွာသော၊ ဘူတဂါမသိက္ခာပဒံ- တည်း။

× × × × × × ×

**ပဋဂ္ဂိ**။ ။အဝေးမှ လောင်လာသော မီးသည် လောင်စာရှိသမျှ လိုက်၍လောင် မည်သာ၊ တောကျောင်းအနီးမှ တောကို ကြိုတင်၍ မီးရှို့ထားလျှင် လောင်စာမရှိသော ကြောင့် ကျောင်းထိအောင် မလောင်နိုင်တော့၊ ထိုသို့ တောမီး၏ ကျောင်းထိအောင် လောင်၍မလာဘို့ရာ ဆန့်ကျင်ဘက်အနေအားဖြင့် ကြိုတင်၍ရှို့အပ်သော မီးကို "ပဋိ+ အဂ္ဂိ"ဟု ခေါ်သည်။

## အညဝါဒက သိက္ခာပုဒ်

ဒုတိယသိက္ခာပဒေ–၌၊ အနာစာရံ အာစရိတွာတိ-ကား၊ အကာတပ္ပံ-မပြု ထိုက်သောအမှုကို၊ ကတွာ-ပြုပြီး၍၊ ကာယဝစီ ဒွါရေသု–ကာယဒွါရ, ဝစီဒွါရ တို့၌၊ အာပတ္တိံ- အာပတ်သို့၊ အာပဇ္ဇိတွာ- ရောက်ပြီး၍၊ ဣတိ ဝုတ္တံ ဟောတိ၊ အညေနညံ ပဋိစရတီတိ- ကား၊ အညေန-မေးအပ်သောစကားမှ တပါးသော၊ ဝစနေန-စကားဖြင့်၊ အညံ-ဖြေအပ်သောစကားမှ တပါးသော၊ ဝစနံ-မေးအပ် သောစကားကို၊ ပဋိစရတိ ပဋိစ္ဆာဒေတိ-ဖုံး၏၊ အဇ္ဈောတ္ထရတိ-လွှမ်း၏၊ ဣဒါနိ- ၌၊ တံ ပဋိစရဏာဝိဓိံ - ထို ဖုံးလွှမ်းပုံ အစီအရင်ကို၊ ဒဿေန္တော - ပြတော်မူလို သော သင်္ဂါယနာတင် ထေရ်အပေါင်းသည်၊ ကော အာပန္နောတိ အာဒိံ - အစ ရှိသော စကားရပ်ကို၊ အာဟ-မိန့်ပြီ။

တတြ - ထိုကောအာပန္နော အစရှိသော စကားရပ်၌၊ အယံ - ဤ ဆိုအပ် လတ္တံကား၊ ဝစနသမ္ဗန္ဓော- သဒ္ဒါတို့၏အနက်နှင့် စပ်ခြင်းတည်း၊ ကိရ- ချဲ၊ သော- ထို ရဟန်းသည်၊ (ဝဒတိ၌စပ်၊)ကိဉ္စိ- တစုံတခုသော၊ ဝီတိက္ကမံ- လွန်ကျူးမှုကို၊ ဒိသွာ- မြင်၍၊ အာဝုသော- ရှင်၊ တွံ- သည်၊ အာပတ္တိံ- အာပတ်သို့၊ အာပန္နော- ရောက်သည်၊ အသိ-ဖြစ်၏၊ ဣတိ- သို့၊ သံဃမဇ္ဈေ-သံဃာ့အလယ်၌၊ အာပတ္တိယာ- အာပတ်ဖြင့်၊ အနုယုဉ္ဇိယမာနော- စစ်ဆေးမေးမြန်းအပ်သော်၊ ကော- အဘယ် သူသည်၊ (အာပတ္တိံ- သို့၊) အာပန္နော- ရောက်သနည်း၊ ဣတိ- ဤသို့၊ ဝဒတိ- ပြော၏၊ တတော - ထိုသို့ ပြောခြင်းကြောင့်၊ တွံ - သင်သည်၊ ( အာပတ္တိံ - သို့၊ အာပန္နော- ၏၊)ဣတိ,ဝုတ္တေ- ပြောဆိုအပ်သော်၊ အဟံ- တပည့်တော်သည်၊ ကိံ - အဘယ်အာပတ်သို့၊ အာပန္နော- ရောက်ပါသနည်း၊ ဣတိ-သို့၊ ဝဒတိ- ပြောပြန်၏၊ အထ- ထိုအခါ၌၊ ပါစိတ္တိယံ - ပါစိတ်အာပတ်သို့၊ (အာပန္နော- ၏၊) ဣတိဝါ-

× × × × × × ×

**အညေနညံ** ။ ။ "အညံ" အရ စောဒကပုဂ္ဂိုလ်က အပြစ်တင်လို၍ မေးအပ် သော စကားကို ယူ၊ ထိုစကားကို (အညေန–အရ) မိမိ ဖြေဆိုအပ်သော စကားဖြင့် ဖုံးသည်၊ ဋီကာ၌ စကားကိုယူသော အဋ္ဌကထာနည်း အပြင်–ကာရဏ (အကြောင်း ကို ) ယူသော နည်းကိုလည်း ပြသေး၏၊ စောဒကပုဂ္ဂိုလ်က အပြစ်တင်ခြင်း၏ အကြောင်းကို တပါးသောအကြောင်းဖြင့် ဖုံးလွှမ်း၏–ဟူလို။

**ပဋိစရတိ** ။ ။ "ပဋိသည် ပဋိစ္ဆာဒန အနက်ဟော၊ စရဓာတ်သည် ဖြစ်ခြင်း အနက်ဟော"ဟု ဋီကာ၌ သဒ္ဒတ္ထဖွင့်၏၊ ဤအလို "ပဋိစရတိ–ဖုံးလွှမ်းသော အားဖြင့် ဖြစ်၏" ဟု ပေး၊ ပဋိစ္ဆာဒေတိ အဇ္ဈောတ္ထရတိတို့ကား အဓိပ္ပါယတ္ထဖွင့်၊ တနည်း– "ဓာတူနံ အနေကတ္ထတ္တာ" နှင့် အညီ "စရဓာတ်သည်ပင် ပဋိစ္ဆာဒန အနက်ဟော တည်း"ဟုလည်း တနည်းဖွင့်၏၊ ဤအလို ပဋိစ္ဆာဒေတိ အဇ္ဈောတ္ထရတိသည် သဒ္ဒတ္ထ ပင်တည်း၊ လောက၌ ဖုံးခြင်းသည် အဝတ်စသည်ဖြင့် အပေါ်၌ လွှမ်းခြင်းဖြစ်ရကား ပဋိစ္ဆာဒေတိကိုပင် အဇ္ဈောတ္ထရတိ ဟု ပရိယာယ် ထပ်ဖွင့်သည်။

ဤသို့သော်ငြင်း၊ ဒုက္ကဋံ- သို့၊ (အာပန္နော-၏၊) ဣတိဝါ- သော်ငြင်း၊ ဝုတ္တေ-ပြောဆို အပ်သော်၊ ဝတ္ထုံ- ဝတ္ထုကို၊ ပုစ္ဆန္တော- မေးလိုသည်၊ (ဟုတ္ဟာ)၊ အဟံ- သည်၊ ကိသ္မိံ- အဘယ်ဝတ္ထုကြောင့်၊ (အာပတ္တိံ- သို့၊) အာပန္နော- ရောက်ပါသနည်း၊ ဣတိ-သို့၊ ဝဒတိ-ပြောပြန်၏၊ တတော-ထိုသို့ ပြောခြင်းကြောင့်၊ အသုကသ္မိံနာမ ဝတ္ထုသ္မိံ- ထိုမည်သော ဝတ္ထုကြောင့်၊ (အာပတ္တိံ- သို့၊ အာပန္နော- ၏၊) ဣတိ ဝုတ္တေ—ပြောဆိုအပ်သော်၊ အဟံ-သည်၊ ကထံ-အဘယ်နည်းဖြင့်၊ (အာပတ္တိံ— သို့၊)အာပန္နော-သည်၊ အမှိ-သနည်း၊ ကိံ-အဘယ်အမှုကို၊ ကရောန္တော-ပြုစဉ်၊ (အာပတ္တိံ-သို့၊) အာပန္နော—သည်၊ အမှိ-သနည်း၊ ဣတိ၊ ပုစ္ဆတိ-မေးပြန်၏၊ အထ-၌၊ ဣဒံနာမ-ဤမည်သော အမှုကို၊ (ကရောန္တော-ပြုစဉ်၊) (အာပတ္တိံ— သို့၊) အာပန္နော-၏၊ ဣတိဝုတ္တေ၊ ကံ- အဘယ်သူ့ကို၊ ဘဏထ-ပြောဆိုနေကြ ပါကုန်သနည်း၊ ဣတိ ဝဒတိ၊ တတော — ကြောင့်၊ တံ - သင့်ကို၊ ဘဏာမ — ပြောဆိုနေကြကုန်၏၊ ဣတိ ဝုတ္တေ၊ ကိံ - အဘယ်စကားကို၊ ဘဏထ-သနည်း၊ ဣတိ ဝဒတိ၊ ဣတိ အယံ ဝစနသမ္ဗန္ဓော (ဟု ဣတိ တလုံးထည့်၍ ပြန်လှည့်။)

အပိစ-သည်သာမကသေး၊ ဧတ္ထ-၌ အညေနညံ ပဋိစရတိဟူသော ပါဌ်၌၊ အယံ — ဤ ဆိုအပ်လတံ့ကား၊ ပါဠိမုတ္တကောပိ — ပါဠိတော်မှ အလွတ်လည်း ဖြစ်သော၊ အညေနညံ ပဋိစရဏဝိဓိ - အညေနညံ ပဋိစရဏ အစီအရင်တည်း၊ (" အညေနည ပဋိစရဏဝိဓိ''ဟု ရှိလျှင် ကောင်းသည်၊) ဘိက္ခုဟိ- တို့သည်၊ (ဝုတ္တော— ၌စပ်၊) တဝ-သင်၏၊ သီပါဋိကာယ- အိပ်ထည်း၌၊ ကဟာပဏော- အသပြာကို၊ ဒိဋ္ဌော-တွေ့အပ်ပါပြီ၊ ကိဿ-အဘယ့်ကြောင့်၊ ဧဝံ-သို့၊ အသာရုပ္ပံ- မလျော်ပတ်သောအမှုကို၊ ကရောသိ-နည်း၊ ဣတိ-သို့၊ ဝုတ္တော-ပြောဆိုအပ်သည်၊ (သမာနော)၊ ဘန္တေ- တို့၊ သုဒိဋ္ဌံ - ကောင်းစွာ မြင်အပ်ပါပေပြီ၊ ပန - သို့သော် လည်း၊ သော-ဤအရာသည်၊ န ကဟာပဏော- အသပြာမဟုတ်ပါ၊ ဧတံ-ဤ အရာသည်၊ တိပုမဏ္ဍလံ - သလွဲဖြူဝိုင်းကလေး ပါတည်း၊ ဝါ- ခဲဖြူဝိုင်းကခဲလေး ပါတည်း၊ ဣတိ, ဘဏန္တော ဝါ- ပြောဆိုသူကိုငြင်း၊ တွံ- သည်၊ သုရံ-သေရည်ကို၊ ပိဝန္တော— သောက်နေသည်ကို၊ ဒိဋ္ဌော-မြင်အပ်ပြီ၊ ကိဿ-ကြောင့်၊ ဧဝံ-သို့၊ ကရောသိ- ပြုဘိသနည်း၊ ဣတိ ဝုတ္တော (သမာနော၊) ဘန္တေ - တို့၊ သုဒိဋ္ဌော — ကောင်းစွာမြင်အပ်ပါပေပြီ၊ ပန-သို့သော်လည်း၊ သော-ဤအရည်ကား၊ နသုရာ- သေရည်မဟုတ်ပါ၊ ဘေသဇ္ဇတ္ထာယ-ဆေးအကျိုးငှါ၊ သမ္ပာဒိတံ-ပြီးစေအပ်သော၊ အရိဋ္ဌံ-အရိဋ္ဌဆေးရည် ပါတည်း၊ ဣတိ, ဘဏန္တော ဝါ- ကိုငြင်း၊ တွံ- သင့်ကို၊ ပဋိစ္ဆန္နေ— ဖုံးကွယ်အပ်သော၊ အာသနေ- နေရာ၌၊ မာတုဂါမေန- နှင့်၊ သဒ္ဓိံ- အတူ၊ နိသိန္နော — ထိုင်နေသည်ကို၊ ဒိဋ္ဌော - မြင်အပ်ပြီ၊ ကိဿ- ကြောင့်၊ ဧဝံ အသာရုပ္ပံ ကရောသိ၊ ဣတိ ဝုတ္တော (သမာနော၊) ဧကေန-အကြင်ရဟန်းသည်၊ ဒိဋ္ဌံ-ပြီ၊ (တေန-သည်၊) သုဒိဋ္ဌံ-ကောင်းစွာ မြင်အပ်ပေပြီ၊ ပန-သို့သော်လည်း၊

ဌေ—ဤအရပ်၌၊ ဝိညူ-တတ်သိနားလည်သော၊ ဒုတိယော-၂ ယောက်မြောက်အဖေါ်သည်၊ အတ္ထိ—ရှိပါ၏၊ သော-ထို ၂ ယောက်မြောက်အဖေါ်ကို၊ ကိဿ-ကြောင့်၊ န ဒိဋ္ဌော— မမြင်အပ်ပါလိမ့်မည်နည်း၊ ဣတိ, ဘဏန္တော ဝါ- ကိုရင်း၊ တယာ-သည်၊ ဤဒိသံ—ဤကဲ့သို့ ရှုအပ်သော၊ ကိစ္စံ—တစုံတခုကို၊ ဒိဋ္ဌံ-မြင်အပ်သလော၊ ဣတိ, ပုဋ္ဌော—မေးအပ်သည်၊ (သမာနော၊)န သုဏာမိ—မကြားပါ၊ ဣတိ,သောတံ–သောတဒွါရသို့၊ ဉပနေန္တော ဝါ-ကပ်ဆောင်သူကိုရင်း၊ သောတဒွါရေ - ၌၊ ပုစ္ဆန္တာနံ- မေးသူတို့၏(ပြဿနာကို)၊ စက္ခုံ- စက္ခုဒွါရသို့၊ ဉပနေန္တော ဝါ— သူကိုရင်း၊ အညေနညံ ပဋိစရတီတိ - အညေနညံ ပဋိစရတိ ဟူ၍၊ ဝေဒိတဗ္ဗော- သိထိုက်၏၊ ဣတိအယံ — ကား၊ ပါဠိမုတ္တကောပိ — ပါဠိတော်မှ အလွတ်လည်းဖြစ်သော၊ အညေနညံ ပဋိစရဏဝိဓိ –တည်း၊ [ဤသို့ ဣတိတလုံး ထည့်၍ ပြန်လှည့်။]

အညဝါဒကံ ရောပေတူတိ - ကား၊ အညဝါဒကံ- အညဝါဒကကံသို့၊ ဝါ— အညဝါဒကပုဂ္ဂိုလ်၏ အဖြစ်သို့၊ အာရောပေတု — တင်လော၊ ပတိဋ္ဌာပေတု - တည်စေလော့၊ ဣတိအတ္ထော၊ ("တင်" ဟူသည်မှာ ဆိုင်ရာကျင့်ဝတ်ကို မကျင့်သမျှ ထိုကံအပေါ်၌ တည်စေခြင်းတည်း၊ ထို့ကြောင့် " ပတိဋ္ဌာပေတု " ဟု ဖွင့်သည်၊ ) ဝိဟေသကံ ရောပေတူတိ ဧတသ္မိံပိ - ပါဌ်၌လည်း၊ ဧသေဝနယော။ [ အချို့စာအုပ်၌ ဤအဖွင့် နောက်ရောက်နေ၏၊ ပါဠိတော်၌ သိက္ခာပုဒ်၏ရှေ့မှာ ရှိသည်၊ အညဝါဒကန္တိ- အညဝါဒကကမ္မံ အာရောပေတု၊ အညဝါဒကတ္တံဝါ ဣဒါနိ ကရိယမာနေန ကမ္မေန အာရောပေတူတိ အတ္ထော၊— ဋီကာ။]

အညဝါဒကေ ဝိဟေသကေ ပါစိတ္တိယန္တိ ဧတ္ထ — ( ဝစနတ္ထော ဧဝံ ဝေဒိတဗ္ဗော၊ ) အညံ - မေးအပ်သော အကြောင်း အရာမှ တပါးသော အကြောင်း အရာကို၊ ဝဒတိ-ပြောတတ်၏၊ ဣတိ—ကြောင့်၊ အညဝါဒကံ-က မည်၏၊ ဧတံ-အညဝါဒက ဟူသော ဤအမည်သည်၊ အညေနညပဋိစရဏဿ- တပါးသော အကြောင်းဖြင့် တပါးသော အကြောင်းကို ဖုံးလွှမ်းကြောင်း စကား၏၊ နာမံ - အမည်တည်း၊ ဝိဟေသေတိ-ညှဉ်းဆဲတတ်၏၊ ဣတိ ဝိဟေသကံ၊ ဧတံ - ဝိဟေသကဟူသော ဤအမည်သည်၊ တုဏှီဘူတဿ-ဆိတ်ဆိတ် ဖြစ်ခြင်း၏၊ နာမံ—တည်း၊ တသ္မိံ အညဝါဒကေ- ထို အညဝါဒက အမှုကြောင့်ရင်း၊ တသ္မိံ ဝိဟေ

× × × × × × ×

**အညေနည ၊ပေ၊ နာမံ ။** ။ ပဋိစရဏအရ ဖုံးလွှမ်းခြင်းကို ယူသင့်သော်လည်း "ယဒေတံ အညေန အညံ ပဋိစရဏဝသေန ပဝတ္တဝစနံ၊ တဒေဝ ပုစ္ဆိတမတ္ထံ ထပေတွာ အညံ ဝဒတီတိ အညဝါဒကန္တိ အာဟ အညေနညံ ပဋိစရဏဿေတံ နာမန္တိ" ဟူသော ဋီကာကိုထောက်၍ တပါးသော အနက်အဓိပ္ပါယ်ဖြင့် တပါးသော အနက်အဓိပ္ပါယ်ကို ဖုံးလွှမ်းကြောင်းစကားကို ယူပါ၊ ဤသို့ ယူမှလည်း " အညံ ဝဒတီတိ အညဝါဒကံ " ဟူသော ဝစနတ္ထနှင့် လျော်မည်၊ "ဝဒတိ" အရလည်း နှုတ်ဖြင့် ပြောအပ်သောစကား

သကေ-ထို ဝိဟေသက အမှုကြောင့်ရင်း၊ (ပါစိတ္တိယံ ဟောတိ–ဟု ပါဠိတော်၌စပ်၊) ပါစိတ္တိယန္တိ-ကား၊ ဝတ္ထုဒွယေ-ဝတ္ထုနှစ်ပါး အပေါင်းကြောင့်၊ ပါစိတ္တိယဒွယံ–ပါစိတ်အာပတ် ၂ ပါး အပေါင်းကို၊ ဝုတ္တံ-ဟောတော်မူအပ်ပြီ။

အရောပိတေ အညဝါဒကေတိ– ကား၊ အညဝါဒကေ–အညဝါဒကကံသို့၊ ကမ္မဝါစာယ-ဖြင့်၊ အနာရောပိတေ-မတင်အပ်သေးမီ၊ (အညေနညံ ပဋိစရတိ-ဟု ပါဠိတော်၌စပ်၊ ) အရောပိတေ ဝိဟေသကေတိ တေသွိ`မ္ပိ - ၌လည်း၊ သေဝ နယော၊ ဓမ္မကမ္မေ ဓမ္မကမ္မသညီတိ အာဒိသု-အစရှိသော ပါဠိရပ်တို့၌၊ (အတ္ထော ဝေဒိတဗ္ဗော-၌စပ်၊) ယံ တံ အညဝါဒက ဝိဟေသကာရောပနကမ္မံ-အကြင်အညဝါဒက, ဝိဟေသကသို့ တင်ကြောင်းကံကို၊ ကတံ–ပြုအပ်ပြီ၊ တံ–ထို ကံသည်၊ ဓမ္မကမ္မံ-ဓမ္မကံသည်၊ စေ ဟောတိ-အံ့၊ သော စ ဘိက္ခု-ထို ရဟန်းသည်လည်း၊ တသ္မိ`-ထိုဓမ္မကံ၌၊ ဓမ္မကမ္မသညီ-ဓမ္မကံဟုအမှတ်ရှိသည်၊ (ဟုတ္ဝာ၊)အညဝါဒကတ္တ-မေးအပ်သောစကားမှ တပါးသော စကားကို ပြောတတ်သော အညေနည ပဋိစရဏ အမှုကိုရင်း၊ ဝိဟေသကတ္တ- သံဃာကို ညှဉ်းဆဲတတ်သော ဆိတ်ဆိတ်နေမှုကိုရင်း၊ ကရောတိ - အံ့၊ အထ - ထိုအခါ၌၊ အဿ– ထိုရဟန်း၏၊ တသ္မိ` အညဝါဒကေစ - ထို မေးအပ်သော စကားမှ တပါးသော စကားကို ပြောတတ်သော အညေနည ပဋိစရဏကြောင့်ရင်း၊ (တသ္မိ`) ဝိဟေသကေစ-ထို သံဃာကို ညှဉ်းဆဲတတ်သော ဆိတ်ဆိတ်နေမှုကြောင့်ရင်း၊ ပါစိတ္တိယဿ- သို့၊ အာပတ္တိ– ရောက်ခြင်းသည် (ဟောတိ၊) ဣတိ ဣမိနာ နယေန-ဖြင့်၊ အတ္ထော ဝေဒိတဗ္ဗော။

အဇာနန္တော ပုစ္ဆတီတိ-ကား၊ အာပတ္တိ`-သို့၊ [ဝါ– ဟု ရှိသည်ကား ပို၏၊ ပါဠိတော်၌ ဤဝါကျမှာ ဝါ မပါသေး၊] အာပန္နဘာဝံ - ရောက်ပြီး၏ အဖြစ်ကို၊ အဇာနန္တောယေဝ-မသိသည်သာလျှင်၊ (ဟုတွာ)-ဖြစ်၍၊ တုမှေ-အရှင်ဘုရားတို့သည်၊ ကိ`-အဘယ်စကားကို၊ ဘဏထ - ပြောနေပါကုန်သနည်း၊ အဟံ–တပည့်တော်သည်၊ န ဇာနာမိ - မသိပါ၊ ဣတိ – ဤသို့၊ ပုစ္ဆတိ - မေးအံ့၊ ဂိလာနော ဝါ န ကထေတီတိ-ကား၊ ယေန-အကြင် အနာကြောင့်၊ ကထေတုံ-ဖြေဆိုခြင်းငှါ၊ န သက္ကာ-မစွမ်းနိုင်၊ တာဒိသော– ထိုကဲ့သို့ ရှုအပ်သော၊ ဗျာဓိ ဝါ– အနာသည် သော်လည်း၊ ဟောတိ- ဖြစ်နေအံ့။ [တာဒိသော ဝါ ဗျာဓိ-ဟု ဝါပါလျှင် ကောင်းမည်၊ ပါဠိတော်၌လည်း ဝါ ပါ၏၊] သံဃဿ ဘဏ္ဍနံ ဝါတိ အာဒိသု-အစရှိသော ပါဠိရပ်တို့၌၊ (အတ္ထော ဝေဒိတဗ္ဗော၌စပ်၊) သံဃမဇ္ဈေ–

× × × × × × × × ×

မဟုတ်၊ အနက်ကိုဟော၍သော သဒ္ဒါ (စကား) တည်း၊ တုဏှီဘူတဿေတံ နာမမန္တိ တုဏှီဘာဝဿေတံ နာမံ၊ အယမေဝ ဝါ ပါဠော၊ ယောဇနာ၌ကား "အညံ ဝဒတီတိ အညဝါဒကံ" ၌ အညဝါဒက အရ ဘာဝပ္ပဓာန ကြံလေသည်၊ ထိုအကြံမှာ ဤနေရာနှင့် မလျော်၊ ပုဂ္ဂိုလ်ကို အရကောက်ဘို့ရန် "အညံ ဝဒတီတိ အညဝါဒကော" ဟု ပုံလိန်ချသော ကတ္တုအဋ္ဌကထာနှင့်သာ လျော်သည်။

သံဃာ့အလယ်၌၊ ကထိတေ – ဖြေဆိုအပ်သော်၊ တပ္ပစ္စယာ – ထို ဖြေဆိုခြင်းဟူသော အကြောင်းကြောင့်၊ သံဃဿ-၏၊ ဘဏ္ဍနံဝါ-ငြင်းခုံခြင်းသည်သော်၎င်း၊ ကလဟော ဝါ- ခိုက်ရန်ဖြစ်ခြင်းသည် သော်၎င်း၊ ဝိဝါဒေါ ဝါ- ဆန့်ကျင်ဘက်ပြောဆိုခြင်းသည်သော်၎င်း၊ ဘဝိဿတိ-ဖြစ်လတ့်၊ သော-ထို ဘဏ္ဍန, ကလဟ, ဝိဝါဒသည်၊ မာ အဟောသိ - မဖြစ်ပါစေလင့်၊ ဣတိ - ဤသို့၊ မညမာနော– မှတ်ထင်သည်၊(ဟုတွာ)၊ န ကထေတိ- မဖြေဆိုအံ့၊ (အနာပတ္တိ-ဟု ပါဠိတော်၌စပ်၊)ဣတိ ဣမိနာ နယေန အတ္ထော ဝေဒိတဗ္ဗောပေ၊ သိယာ-ရံခါ၊ ကိရိယံ-မပြုထိုက်သော လွန်ကျူးမှုကို ပြုခြင်းရှိသည်၎င်း၊ သိယာ – ရံခါ၊ အကိရိယံ – ပြုထိုက်သော ဖြည့်ကျင့်မှုကို မပြုခြင်းရှိသည်၎င်း၊(ဟောတိ၊)ဟိ-မှန်၊ အညေန-တပါးသော စကားဖြင့်၊ အညံ– တပါးသော စကားကို၊ ပဋိစရန္တဿ-ဖုံးသော ရဟန်း၏ ( အတွက်၊) ကိရိယံ – ကိရိယသည် ( ဟောတိ၊ ) တုဏှီဘာဝေန-ဆိတ်ဆိတ်၏ အဖြစ်ဖြင့်၊ ဝိဟေသန္တဿ – သံဃာကို ညှဉ်းဆဲသော ရဟန်း၏(အတွက်၊)အကိရိယံ-အကိရိယသည်၊ ဟောတိ၊ပေ၊ဒုက္ခဝေဒနံ၊ဣတိ-တည်း၊.... ဒုတိယံ-သော၊ အညဝါဒကသိက္ခာပဒံ–တည်း။

## ဥဇ္ဈာပနကသိက္ခာပုဒ်

တတိယသိက္ခာပဒေ–၌၊ ဒဗ္ဗံ၊ပေ၊ ဥဇ္ဈာပေန္တီတိ – ကား၊ ဆန္ဒာယပေ၊ အာဒီနိ- ဤသို့ အစရှိသော စကားတို့ကို၊ ဝဒန္တာ- ပြောကုန်လျက်၊ တံအာယသ္မန္တံ- ထိုအရှင်ဒဗ္ဗကို၊ တေဟိ ဘိက္ခူဟိ-တို့သည်(ခတ်ကတ္တား)၊ ဝါ-တို့ကို၊ ( ကာရိတ်ကံ )၊ အဝဇ္ဈာပေန္တိ - အောက်တန်းစား ဟု အသိအမှတ်ပြုလျက်ကြည့်ရှုစေကြကုန်၏၊ ဝါ - အယုတ်သဘော ထုတ်မပြောဘဲ တွေးတော ကြံစည်စေကြကုန်၏၊ အဝညာယ- အောက်တန်းစားဟု,အသိအမှတ်ပြုသဖြင့်၊ဩလောကာပေန္တိ-ကြည့်ရှုစေကြကုန်၏၊ ဝါ- အမြင်သေးစေကြကုန်၏၊ ဝါ- တနည်း၊ လာမကတော- ယုတ်မာသူ၏ အဖြစ်ဖြင့်၊ (ဘာဝပ္ပဓာန၊)စိန္တာပေန္တိ - ကြံစည်စေကြကုန်၏၊ ဝါ-အထင်သေးစေကြကုန်၏၊ ဣတိ အတ္ထော၊ ပန-ဆက်၊ ထွေ-ဤဥဇ္ဈာပေန္တိကို အဝဇ္ဈာပေန္တိစသည် ဖွင့်ပြရာ၌၊ လက္ခဏာ-သဒ္ဒါလက္ခဏာကို၊ သဒ္ဒသတ္ထာနုသာရေန-သဒ္ဒါကျမ်းသို့ အစဉ်လိုက်သဖြင့်၊ ဝေဒိတဗ္ဗံ- ၏၊ [ကစ်ဘာသာဋီကာ၌ ပြထားပြီ။]ဩဇ္ဈာပေန္တိပိ - ဟူ၍လည်း၊ ပါဌော- ပါဠိတော်ပါ၌သည်၊(အတ္ထိ၊)အယမေဝအတ္ထော-ဤအနက်ပင်တည်း၊[အဝကို ဩပြုလျှင် ဩဇ္ဈာပေန္တိ ဟု ဖြစ်သည်၊]ဆန္ဒာယာတိ-ကား၊ ဆန္ဒေန-ချစ်ခြင်းကြောင့်၊ ပက္ခ

× × × × × × ×

**ဆန္ဒာယ ။** ။ ပုံလိန်မှ ဣတ္ထိလိန်ပြန်သော လိင်ဝိပလ္လာသနည်းအားဖြင့် ဆန္ဒာ ဟူသော ဣတ္ထိလိင်နေ၍ တတိယာနဝိဘတ်ကို အာယပြုထားသည် ဟု သိစေလို၍

ပါတေန-မိမိဘက်၌ ကျရောခြင်းကြောင့်၊ ဝါ-ဘက်လိုက်ခြင်းကြောင့်၊ အတ္တနော-၏၊ သန္ဒိဋ္ဌသမ္ဘတ္တာနံ - သန္ဒိဋ္ဌ မိတ်ဆွေ , သမ္ဘတ္တ မိတ်ဆွေတို့ဘို့၊ ပဏီတာနိ-မွန်မြတ်ကုန်သော အိပ်ရာ နေရာ အခင်းတို့ကို၊ ပညပေတိ — ခင်းပေး၏၊ ဥတိ-ဤကား၊ အဓိပ္ပါယော- မေတ္တိယဘူမဇက ရဟန်းတို့၏ အလိုတည်း၊ ခိယနိ္တတိ-ကား၊ ဆန္ဒာယ၊ပေ၊အာဒီနိ-အစရှိသောစကားတို့ကို၊ ဝဒန္တာ-ပြောကုန်လျက်၊ ပကာသေန္တိ-အပြစ်ကို ထင်ရှားပြကြကုန်၏။

ဥဇ္ဈာပနကေ၊ပေ၊ပါစိတ္တိယန္တိထွေ- ၌၊ (အတ္ထော ဧဝံ ဝေဒိတဗ္ဗော၊)ယေန ဝစနေန- အကြင် စကားဖြင့်၊ ဥဇ္ဈာပေန္တိ - အောက်တန်းစား ဟု အသိအမှတ် ပြုလျက် ကြည့်ရှုစေကြကုန်၏၊ ဝါ- အယုတ်သဘော, ထုတ်မပြောဘဲ, တွေးတော ကြံစည်စေကြကုန်၏၊ တံ-ထို အောက်တန်းစား ဟု၊ပေ၊ ကြည့်ရှုစေကြောင်းစကား သည်၊ ဝါ—အယုတ်သဘော၊ပေ၊ကြံစည်စေကြောင်း စကားသည်၊ ဥဇ္ဈာပနကံ-ကမည်၏၊ စ—ကား၊ ယေန-အကြင် စကားဖြင့်၊ ခိယန္တိ-အပြစ်ကို ထင်ရှားပြကြ ကုန်၏၊ ဝါ- ရှုတ်ချကြကုန်၏၊ တံ-ထို အပြစ်ပြောကြောင်း စကားသည်၊ ဝါ-ထို ရှုတ်ချကြောင်း စကားသည်၊ ခိယနကံ-ကမည်၏၊ ဥဇ္ဈာပနကေ- အောက်တန်း စားဟု၊ပေ၊ကြည့်ရှုစေကြောင်း ဖြစ်သော၊ ဝါ-အယုတ်သဘော ၊ပေ၊ ကြံစည်စေ ကြောင်းဖြစ်သော၊တသ္မိံ-ထိုစကားကြောင့်ငှင်း၊ ခိယနကေ-အပြစ်ပြောကြောင်း ဖြစ်သော၊ တသ္မိံ- ထို စကားကြောင့်ငှင်း၊ (ပါစိတ္တိယံ ဟောတိ-၌စပ်၊)ပါစိတ္တိ ယန္တိ-ကား၊ ဝတ္ထုဒွယေ-ဝတ္ထု ၂ပါး အပေါင်းကြောင့်၊ ပါစိတ္တိယဒွယံ-ပါစိတ် အာပတ် ၂ ပါး အပေါင်းကို၊ ဝုတ္တံ-ဟောတော်မူအပ်ပြီ။

ဥပသမ္ပန္နံ၊ပေ၊ တေသံပဒါနံ-ဟူသော ဤပုဒ်တို့၏၊ မက်ုကတ္တုကာမောတိ ဇှမိနာ-ဤပုဒ်နှင့်၊ သမ္ဗန္ဓော-ကမ္မ+ကမ္မီအဖြစ်ဖြင့် စပ်ခြင်းကို၊ (ကာတဗ္ဗော၊)

× × × × × × × ×

" ဆန္ဒေန " ဟု ဖွင့်သည်၊ ထို ဆန္ဒဟူသည်လည်း ဘက်လိုက်သော တဏှာလောဘ တည်း ဟု သိစေလို၍ ပက္ခပါတေန ဟု ဖွင့်သည်၊ ပက္ခေ—မိမိဘက်၌+ပါတော—စိတ် အားဖြင့် ကျရောက်ခြင်းတည်း၊ပက္ခပါတော—ခြင်း၊မြန်မာလို—ဘက်လိုက်ခြင်းတည်း။

**ဥဇ္ဈာပနကေ, ခိယျနကေ၊** ။ယေနဝစနေနကိုကြည့်၍"ဥဇ္ဈာပေန္တိ တေနာတိ ဥဇ္ဈာပနံ၊ ဥဇ္ဈာပနံယေဝ ဥဇ္ဈာပနကံ"ဟု ပြု၊ (ကပစ္စည်း သွတ္တ၊) ခိယန္တိ တေနာတိ ခိယနံ စသည်နည်းတူ၊ ခိန္ဒ ဇှကို ဇှယပြု၍ နိဿယအတိုင်း အနက်ပေးပါ၊ ဇှယျပြု၍ "ခိယျ"ဟုလည်း ရှိ၏၊ ကြွင်းအဓိပ္ပါယ်များကို ကင်္ခါဘာသာဋီကာ၌ ပြထားပြီ။

**ဥပသမ္ပန္နံ၊ပေ၊ သမ္ဗန္ဓော။** ။ဥပသမ္ပန္နံ သံဃေန သမ္မတံ၊ပေ၊ အပ္ပမတ္တကေ ဝိသဇ္ဇန ကံဝါ ဟူသော ဤဒုတိယန္တပုဒ်တို့ကို မက်ုကတ္တုကာမောဝယ် ကတ္တု၌ ကံအဖြစ်ဖြင့် စပ်၊ထို့ကြောင့်"တေသံ ပဒါနံ မက်ုကတ္တုကာမောတိ ဇှမိနာ သမ္ဗန္ဓော"ဟု ဆိုသည်၊ "ဥပသမ္ပန္နံ—ရဟန်းကို၊ (သာမညကံ၊) သံဃေန— သည်၊ သမ္မတံ— သမုတ်အပ်သော၊ သေနာသန ပညပကံဝါ— အိပ်ရာနေရာကို ခင်းပေးတတ်သူကို သော်ငှင်း ၊ ပေ ၊ အပ္ပ

ပန–ဆက်၊ အဝဏ္ဏံ၊ပေ၊ ဈာယေသိ ( ပဒါနံ )-တို့၏၊ ဝသေန– အစွမ်းဖြင့်၊ ဥပသမ္ပန္နန္တိအာဒိသု-အစရှိသော ပါဠိရပ်တို့၌၊ ဥပသမ္ပန္နသ္မိံ-ဟူ၍၊ ဧဝံ- သို့၊ ဝိဘတ္တိ ဝိပရိဏာမော-ဝိဘတ် ပြောင်းလွဲခြင်းကို၊ ကာတဗ္ဗော။

ပန-ဆက်၊ ဥဇ္ဈာပေတိဝါ၊ပေ၊ပါစိတ္တိယန္တိ တွေ-၌၊ ယသ္မာ-ကြောင့်၊ ခိယနကံနာမာတိ-ဟူ၍၊ ဧဝံ-သို့၊ **မာတိကာပဒံ**-ကို၊ ဥဒ္ဓရိတွာပိ-ထုတ်၍လည်း၊ ဝါ – ထုတ်ပါသော်လည်း၊ ဥဇ္ဈာပနကံ နာမာတိ ဈာယေ ပဒဿ – ၏၊ ဝုတ္တ ဝိဘင်္ဂေါ ဒယဝ -ဟောတော်မူအပ်ပြီးသော အကျယ်ဝိဘင်း သည်သာလျှင်၊ ဝါ– ကိုသာလျှင်၊ ဝတ္တဗ္ဗော - ထပ်၍ ဟောတော်မူထိုက်သည်၊ ဟောတိ - ၏၊ အညဝါဒက သိက္ခာပဒေ ဒိယ- ကဲ့သို့၊ အညော - အခြားသော၊ ဝိသေသော- အထူးသည်၊ နတ္ထိ၊ [ အညဝါဒကသိက္ခာပုဒ်၌ အညဝါဒကအတွက် အကျယ်တမျိုး, ဝိဟေသကအတွက် အကျယ်တမျိုး ဟု အထူးရှိသကဲ့သို့ ဤသိက္ခာပုဒ်၌ ဥဇ္ဈာပနကအတွက် အကျယ်တမျိုး, ခိယနကအတွက် အကျယ်တမျိုး ဟု အထူးမရှိ–ဟူလို။] တသ္မာ-ကြောင့်၊ တံ-ထို ခိယနကံနာမဟူသော မာတိကာပုဒ်ကို၊ အနုဒ္ဓရိတွာ - ထုတ်လည်း ထုတ်တော်မမူဘဲ၊ အဝိဘဇိတွာစ - အကျယ်ဝိဘင်းလည်း ဝေဘန်တော်မမူဘဲ၊ နိဂမနမေဝ - နိဂုမ်းကိုသာ၊ ကေဝလံ - တပေါင်းတည်း၊ ကတံ-ပြုတော်မူအပ်ပြီ၊ ဣတိ ဝေဒိတဗ္ဗံ။ [“အဝိဘဇိတွာစ”ဟု ရှိစေ။]

× × × × × × ×

မတ္တက ဝိသဇ္ဇနကံဝါ–အနည်းငယ်သော ပိတ်တို့ ဖျင်စ စသည်ကို စွန့်လွှတ်တတ်သူကိုသော်ငင်း၊ ( ဝိသေသကံ၊ ) မင်္ကုကတ္တုကာမော – အရှိန် အစော် မဲ့သူ၏ အဖြစ်ကို ပြုခြင်းငှါ လိုလားသည်၊ (ဟုတွာ)”ဟု ပါဠိတော်၌ အနက်ပေးပါ။

**မှတ်ချက်** ။ ။ ဥပသမ္ပန္နံ၏ရှေ့၌ ဥဇ္ဈာပနကံနာမ ဟု ယခုစာအုပ်တို့၌ တွေ့ရ၏၊ ထိုဥဇ္ဈာပနကံနာမပုဒ်က ပဌမန္တပုဒ်ဖြစ်၍ မင်္ကုကတ္တုကာမော၌ မစပ်နိုင်သောကြောင့် ပါဠိတော်မှ အပိုယူထားသော ပါဌ်ပိုသာတည်း၊ ထို ဥဇ္ဈာပနကံနာမပုဒ်ကို ပါဠိတော်ဝယ် အနက်ပေးရာ၌ “ဥဇ္ဈာပနကံနာမ–မည်သည်ကား”ဟု သံဝဏ္ဏေတဗ္ဗ မူလတည်ပါဌ် အဖြစ်ဖြင့်သော်ငင်း, သို့မဟုတ် “ ယေန ဝစနေန ဥပသမ္ပန္နံ ဥဇ္ဈာပေတိ၊ တံဝစနံ ဥဇ္ဈာပနကံနာမ” ဟူ၍သော်ငင်း အနက်ပေးရမည်။

**ဝိဘတ္တိ ဝိပရိဏာမော** ။ ။ အဝဏ္ဏံ ကတ္တုကာမော, အယသံ ကတ္တုကာမော တို့၌ စပ်သောအခါ ဥပသမ္ပန္နံပုဒ်က ကံအဖြစ်ဖြင့်မစပ်နိုင်၊ အဝဏ္ဏံ အယသံတို့၏ သမ္ဗန်အဖြစ်ဖြင့်သာ စပ်နိုင်သောကြောင့် ဥပသမ္ပန္နံပုဒ်ကို ဆဋ္ဌီမှ ဒုတိယာပြန်နေသော ဝိဘတ္တိဝိပရိဏာမလုပ်၍ “ ဥပသမ္ပန္နံ – ရဟန်း၏ ” ဟု အနက်ပေးပါ၊ ရဟန်း၏ အဝဏ္ဏ, ရဟန်း၏ အယသ–ဟူလို။

**နိဂမနမေဝ ကေဝလံ ကတံ** ။ ။ ပါဠိတော်ကို ကြည့်ပါ၊ “ ဥဇ္ဈာပနကံနာမ ဥပသမ္ပန္နံ သံဃေနသမ္မတံ ” စသည်ဖြင့် မာတိကာပုဒ် ထုတ်စဉ်တုန်းက “ဥဇ္ဈာပနကံနာမ ” ကိုသာ ထုတ်ခဲ့သည်၊ ခိယနကံနာမဟု မထုတ်ခဲ့၊ နိဂုမ်းအုပ်သောအခါ၌ကား “ ဥဇ္ဈာပေတိ ဝါ ခိယတိ ဝါ ” ဟု ခိယနကအတွက်ပါ နိဂုမ်းအုပ်ထား၏၊ အဘယ့်

ဓမ္မကမ္မေ ဓမ္မကမ္မသညီတိ အာဒီသု – အစရှိသော ပါဠိရပ်တို့၌၊ တဿ ဥပသမ္ပန္နဿ – ထိုရဟန်း၏ (အပေါ်၌၊) ယံ သမ္မုတိကမ္မံ- ကို၊ ကတံ- ပြုအပ်ပြီ၊ တံ-ထို သမ္မုတိကံသည်၊ ဓမ္မကမ္မံ-သည်၊ စေဟောတိ- အကယ်၍ဖြစ်အံ့၊ သော စ ဘိက္ခု-သည်လည်း၊ တသ္မိံ-ထို ဓမ္မကံ၌၊ ဓမ္မကမ္မသညီ- ဓမ္မကံဟု အမှတ်ရှိသည်၊ (ဟုတွာ )၊ ဥဇ္ဈာပနကဉ္စ- အထင်သေး အမြင်သေးစေကြောင်း စကားကိုရင်း၊ ခိယနကဉ္စ–ရှုတ်ချကြောင်းစကားကိုရင်း၊ ကရောတိ–ပြုအံ့၊ အထ- ထိုအခါ၌၊ အဿ-ထိုရဟန်း၏၊ တသ္မိံ ဥဇ္ဈာပနကေစ-ကြောင့်ရင်း၊ တသ္မိံ ခိယနကေစ-ကြောင့်ရင်း၊ ပါစိတ္တိယဿ–သို့၊ အာပတ္တိ- ရောက်ခြင်းသည်၊ (ဟောတိ)၊ ဣတိ ဣမိနာ နယေန-ဖြင့်၊ အတ္ထော ဝေဒိတဗ္ဗော။

အနုပသမ္ပန္နံ၊ပေ၊ခိယျတိဝါတိ ဧတ္ထ–၌၊ (အတ္ထော၌ စပ်၊) သံဃေန-သည်၊ သမ္မတံ- သမုတ်အပ်သော၊ ဥပသမ္ပန္နံ- ကို၊ အညံ-အခြားသော၊ အနုပသမ္ပန္နံ–လူသာမဏေကို၊(ကာရိတ်ကံ၊)ဝါ-သည်၊(ခွတ်ကတ္တား၊)ဥဇ္ဈာပေတိ အဝဇ္ဈာပေတိ- အထင်သေး အမြင်သေးစေအံ့၊ တဿ- ထို လူသာမဏေ၏၊ သန္တိကေ-၌၊ တံ- ထို သံဃသမ္မတ ရဟန်းကို၊ ခိယတိဝါ– ရှုတ်ချမှုလည်း ရှုတ်ချအံ့၊ ဣတိ အတ္ထော။

× × × × × × × ×

ကြောင့် အစတုန်းက "ခိယနကံနာမ"ဟု မာတိကာပုဒ်မထုတ်ဘဲ နိဂုမ်းကျမှပေါင်း၍ "ခိယတိဝါ"ဟု ထုတ်ရသနည်း၊ ဤသို့ မေးဘွယ်ရှိ၍ ထိုအဖြေကို ပြလိုသောကြောင့် "ယသ္မာ ခိယနကံနာမ၊ပေ၊တသ္မာ" ဟု မိန့်သည်၊ "ခိယနကံနာမ" ဟု မာတိကာပုဒ် ထုတ်သော်လည်း " ဥပသမ္ပန္နံ သံဃေန သမ္မတံ" စသည်ဖြင့် ဥဇ္ဈာပနကံနာမအတိုင်း အကျယ်ဝိဘင်းကို ဟောရလိမ့်မည်၊ ထို့ကြောင့် "ခိယနကံနာမ"ဟု ခိယနကအတွက် မာတိကာပုဒ် သီးခြားလည်းမထုတ်ဘဲ, ပဒဘာဇနီ ဝိဘင်းကိုလည်း သီးခြားမဟောဘဲ နိဂုံးကျမှ "ဥဇ္ဈာပေတိဝါ ခိယတိဝါ"ဟု တပေါင်းတည်း အုပ်လိုက်ရသည်–ဟူလို။

**အတ္ထော ဝေဒိတဗ္ဗော။** ။ပါဠိတော်၌ " ဓမ္မကမ္မေ ဓမ္မကမ္မသညီ၊ ဥဇ္ဈာပနကေ ခိယနကေ အာပတ္တိ ပါစိတ္တိယဿ " စသည်ဖြင့် ရှိ၏၊ ထိုပါဠိတော်အတိုင်း ပါဌ်ပို မထည့်ဘဲ သဒ္ဒါနည်းမှန်အောင် အနက်ပေး၍ မဖြစ်၊ ထို့ကြောင့် "ဓမ္မကမ္မေ–၌၊ ဓမ္မကမ္မသညီ (ဟုတွာ ဥဇ္ဈာပနကဉ္စ ခိယနကဉ္စ ကရောတိ၊ အဿ ) ဥဇ္ဈာပနကေ ခိယနကေ ပါစိတ္တိယဿ အာပတ္တိ "ဟု ပါဌ်ပိုထည့်၍ အနက်ပေးပါ–ဟူလို။

**အနုပသမ္ပန္နံ၊ပေ၊ခိယျတိ။** ။အညံ အနုပသမ္ပန္နံ ဥဇ္ဈာပေတီတိ အညေန အနုပသမ္ပန္နေန ဥဇ္ဈာပေတိ၊ တဿဝါတံ သန္တိကေ ခိယျတီတိ တဿ အနုပသမ္ပန္နဿ သန္တိကေ တံ သံဃေန သမ္မတံ ဥပသမ္ပန္နံ ခိယျတိ၊ အဝဏ္ဏံ ဝဒန္တော ဝါ ပကာသေတိ။– ဋီကာ၊ [ဤဋီကာအလို"အနုပသမ္ပန္နံ"၌ ဒုတိယာကို တတိယာအနက်၌ ခွတ်ကတ္တား အနေအားဖြင့် သက်စေလိုသည်၊ တဿဝါ တံ သန္တိကေ၌လည်း တဿကို အနုပသမ္ပန္နဿစွဲ၍ သန္တိကေ၌ စပ်ပါဟုရင်း, တံကိုလည်း သံဃေန သမ္မတံ ဥပသမ္ပန္နံကို စွဲပါဟုရင်း သိစေသည်။]

ဥပသမ္ပန္နံ သံဃေန အသမ္မတန္တိ—ကား၊ ကမ္မဝါစာယ-ဖြင့်၊ အသမ္မတံ-သော၊ ကေဝလံ - သမုတ်ခြင်း မဖက် သက်သက်၊ သေဘာဘာရော - ဤ တာဝန်သည်၊ တဝ—သင်၏၊ ဘာရော- တာဝန်တည်း၊ ဣတိ—သို့၊ သံဃေန-သည်၊ အာရော ပိတဘာရံ-တင်အပ်သောတာဝန်ရှိသော ပုဂ္ဂိုလ်ကိုငင်း၊ ဝါ-တနည်း၊ ဘိက္ခုနီ- တို့၏၊ ဖါသုဝိဟာရတ္ထာယ-ချမ်းသာစွာနေရခြင်း အကျိုးငှါ၊ သယမေဝ — မိမိ ကိုယ်တိုင်သာလျှင်၊ တံဘာရံ - ထို တာဝန်ကို၊ ဝဟန္တံ - ရွက်ဆောင်နေသော ပုဂ္ဂိုလ်ကိုငင်း၊ [ဥဋ္ဌာပေတိ၌စပ်၊] ယတြ-အကြင် ကျောင်းတိုက်၌၊ ဒွတ္တယော- ၂ ပါး ၃ ပါးကုန်သော၊ ဘိက္ခု-တို့သည်၊ ဝိဟရန္တိ-ကုန်၏၊ တတြ- ထိုကျောင်း တိုက်၌၊ တာဒိသံ - သော၊ ကမ္မံ- တာဝန်ဆောင်မှုကို၊ ကရောန္တံ – ပြုနေသော ပုဂ္ဂိုလ်ကို၊ ဣတိ—ကား၊ အဓိပ္ပါယော-တည်း။

ပန-ကား၊ အနုပသမ္ပန္နံပေ၊ ဝါတိတ္တေ-၌၊အနုပသမ္ပန္နသ-အား၊ တေရသ- ၁၃ ပါးကုန်သော၊ သမ္မုတိယော-တို့ကို၊ ဒါတုံ, ကိဥ္စာပိ နဝဋ္ဋန္တိ-အကယ်၍ ကား မအပ်ပါပေကုန်၊ အထခေါ-သော်လည်း၊ ဥပသမ္ပန္နကာလေ-ရဟန်းဖြစ်ရာ အခါ၌၊ လဒ္ဓသမ္မုတိကော-ရအပ်သော သမ္မုတိရှိသည်၊ (ဟုတွာ၊) ပစ္ဆာ—၌၊ အနုပသမ္ပန္နဘာဝေ - ၌၊ ဌိတော—တည်သူတည်း၊ တံ-ထိုသူ့ကို၊ သန္ဓာယ- ၍၊ သံဃေန သမ္မတံဝါတိ-ဟူ၍၊ ဝုတ္တံ-ပြီ၊ [ သမ္မတပုဗ္ဗကိုပင် ဘူတပုဗ္ဗဂတိကနည်း အားဖြင့် " သမ္မတ "ဟု ဆိုထားသည်-ဟူလို။] ပန— ဆက်၊ ဗျတ္တသ — ဝိနည်း အရာ၌ ထက်မြက်သော၊ ယဿသာမဏေရဿ- ၏၊ (အပေါ်၌၊) ကေဝလံ- သက်သက်၊ သံဃေနဝါ - သည်သော်ငင်း၊ သမ္မတေန – သော၊ ဘိက္ခုနာဝါ- သော်ငင်း၊ တွံ- သင်သည်၊ ဣဒံကမ္မံ- ကို၊ ကရောဟိ-လော၊ ဣတိ-သို့၊ ဘာရော- တာဝန်ကို၊ ကတော- ပြုအပ်ပြီ၊ တာဒိသံ- ထိုကဲ့သို့ ရှုအပ်သော သာမဏေကို၊ သန္ဓာယ- ၍၊ အသမ္မတံဝါတိ- ဟူ၍၊ ဝုတ္တံ- ပြီ၊ သေသံပေ၊ ဒုက္ကဋေဒနန္တိ။.... ဥဋ္ဌာပနကသိက္ခာပဒံ တတိယံ။

× × × × × × ×

**ဥပသမ္ပန္နံ သံဃေန အသမ္မတံ ။** ။ ကမ္မဝါစာဖြင့် မသမုတ်ဘဲ နှုတ်အပြောဖြင့် သံဃာက တာဝန်ချထား အပ်သူကို " ဥပသမ္ပန္နံ သံဃေန အသမ္မတံ " ဟု ဆိုသည်၊ တနည်း — ရဟန်းတို့၏ ချမ်းချမ်းသာသာ နေနိုင်ခြင်း အကျိုးငှါ ကိုယ်တိုင် တာဝန် ယူထားသော ပုဂ္ဂိုလ်ကိုလည်း "ဥပသမ္ပန္နံ သံဃေန အသမ္မတံ" ဟု ဆိုသည်။

**ယတြ ဒွတ္တယော၊ပေ၊အဓိပ္ပါယော။** ။ဤဝါကျကား"ဘိက္ခုနံဝါ"တက်သော ဝါကျ၏အဓိပ္ပါယ်တည်း၊ မိမိဘာသာ တာဝန်ဆောင်သော ပုဂ္ဂိုလ်သည် ၂ ပါး ၃ ပါး နေရာ ကျောင်းတိုက်များ၌ ရှိနိုင်သည် — ဟူလို၊ ဤသို့ ဘိက္ခုနံ ဝါ စသော ဝါကျ၏ အဓိပ္ပါယ်ပြဖြစ်သောကြောင့်"ယတြဝါ,တတြဝါ"ဟု စာအုပ်များ၌ ဝါပါနေသည်ကို စဉ်းစားပါ။

## ပဉ္စမသေနာသန သိက္ခာပုဒ်

စတုတ္ထ သိက္ခာပဒေ-၌၊ ဟေမန္တိကေ ကာလေတိ- ကား၊ ဟေမန္တကာလေ- ဆောင်းအခါ၌၊ ဟိမပါတ သမယေ - ဆီးနှင်းကျရာအခါ၌၊ ကာယံ ဩတာပေန္တာတိ - ကား၊ .မဇ္ဈိမဒေသ၌ – ညောင်စောင်း, အင်းပျဉ် အစရှိသောနေရာတို့၌၊ နိသိန္နာ– ထိုင်ကုန်လျက်၊ ဗာလာတပေန-နေစောသည်၊ (ခါတ်ကတ္တား)၊ ဝါ– ကို၊ ကာယံ-ကိုယ်ကို၊ ဩတာပေန္တာ-ပူစေကုန်လသော်၊(ဗာလာတပေန ကာယံ ဩတာပေန္တာ–နေစာလှုံကုန်လသော်၊ နေဝ ဥဋ္ဌရိံသု, န ဥဋ္ဌရာပေသုံ-ဟု ပါဠိတော်၌ လှမ်းစပ်၊) ကာလေ အာရောစိတေတိ-ကား၊ ယာဂုဘတ္တာဒိသု-ယာဂု, ထမင်းအစရှိသည်တို့တွင်၊ ယဿ ကဿစိ- အမှတ်မရှိ တစုံတခု၏၊ ကာလေ– အချိန်ကို၊ အာရောစိတေ - လျှောက်အပ်သော်၊ (ယာဂုဘုဉ်းပေးချိန် တန်ပါပြီ, ယာဂုခံချိန်တန်ပါပြီ,စသည်ဖြင့် လျှောက်အပ်သော်၊)ဩဝဋ္ဋဲ ဟောတီတိ-ကား၊ ဟိမဝဿေန – ဆီးနှင်းမိုယ်းသည်၊ ဩဝဋ္ဋဲ တိန္တံ- စိုစွတ်အပ်သည်၊ ဟောတိ– ဖြစ်၏။ [ဩဝဋ္ဋဲကို "တိန္တံ" ဟု ဖွင့်သည်။]

အဝဿိက သင်္ကေတေတိ - ကား၊ ဝဿိကဝဿာနမာသာ- မိုယ်းအခါ၌ ဖြစ်သော မိုယ်းလတို့၊ ဉတိဝံ - သို့၊ အပညာတေ - မသိအပ်ကုန်သော၊ ဝါ- မထင်ရှားကုန်သော၊ စတ္တာရော-၄ လကုန်သော၊ ဟေမန္တိကေ-ဆောင်းအခါ၌ ယှဉ်သည်လည်းဖြစ်ကုန်သော၊ စတ္တာရော,ဂိမှိကေစ-နွေအခါ၌ ယှဉ်သည်လည်း ဖြစ်ကုန်သော၊ အဋ္ဌမာသေ - ဂ လတို့ပတ်လုံး၊ ("နိက္ခိပိတုံ အနုဇာနာမိ" ဟု

× × × × × × ×

**ဟေမန္တကာလေ။** ။"ဟိမမေဝ—ဆီးနှင်းသည်ပင်၊ ဟိမန္တော-မည်၏၊ သုတ္တန္တ ဝနန္တကဲ့သို့ အန္တသဒ္ဒါ အနက်သီးခြား မရှိ၊ ဟိမန္တော+ ဌေ အတ္ထိတိ ဟေမန္တိကော (ကာလော)"ဟု ပြု၊ ဤကား ပါဠိတော်၌ ဟေမန္တိကောရှိသည့်အတိုင်း ပြုအပ်သော ဝိဂ္ဂဟတည်း၊ ဟေမန္တကာလေ ၌ကား " ဟိမံ ဧတ္ထာတိ ဟေမော၊ ဟေမောယေဝ ဟေမန္တော "ဟု အန္တသဒ္ဒါ တဒ္ဓိတပြု၊ ဤသို့ ဟေမန္တိကနှင့် ဟေမန္တသည် အရတူသောကြောင့် "ဟေမန္တကာလေ"ဟု ဖွင့်သည်။

**ဟိမဝဿေန။** ။ဟိမမေဝ ဝဿော ဟိမဝဿော– ဆီးနှင်းသာလျှင် ဖြစ်သော မိုယ်း၊ ဆောင်းအခါဖြစ်၍ ဆီးနှင်းသည် မိုယ်းပေါက်ကဲ့သို့ တဖျောက်ဖျောက်ကျနေသည်၊ ဟိမဝဿေနာတိ ဟိမမေဝ ဝုတ္တံ၊ (ဋီကာ)၊ ယောဇနာ၌ "ဟိမဝဿေနာတိ ဟိမေနစ ဝဿေနစ"ဟု ဒွန်သမာသ်ကြံလေသည်ကား ဋီကာနှင့် မညီ။

**အဝဿိက သင်္ကေတေ။** ။ ဝဿေ + နိယုတ္တာ ဝဿိကာ၊ ဝဿိကာ ဉတိ+ သင်္ကေတာ ဝဿိကသင်္ကေတာ၊ န+ဝဿိက သင်္ကေတာ အဝဿိက သင်္ကေတာ—ဟု ပြုစေလို၍ "ဝဿိကဝဿာနမာသာတိ ဝံ အပညာတေ"ဟု ဖွင့်သည်၊ အပညာတေ ကား အသင်္ကေတ၏ အဖွင့်။ [ အပညာတေတိ – အပ္ပတီတေ – မသိအပ်ကုန်သော၊ အပ္ပသိဒ္ဓေ—မထင်ရှားကုန်သော၊ ဉတိ အတ္ထော၊ (ဋီကာ။) ]

ပါဠိတော်၌ လှမ်းစပ်၊ ) ဉာတိအတ္ထော၊ မဏ္ဍပေဝါတိ - ကား၊ သာခါမဏ္ဍပေဝါ - သစ်ခက်ဖြင့်မိုးအပ်သော မဏ္ဍပ်၌သော်၎င်း၊ ပဒရမဏ္ဍပေဝါ - ပျဉ်ချပ်ဖြင့် မိုးအပ်သောမဏ္ဍပ်၌ သော်၎င်း၊ ရုက္ခမူလေဝါတိ-ကား၊ ယဿကဿစိ-အမှတ်မရှိ တစုံတခုသော၊ ရုက္ခဿ - ၏၊ ဟေဋ္ဌာ - အောက်၌သော်၎င်း၊ ( မဏ္ဍပေဝါ ရုက္ခမူလေဝါ၌ ဝါသဒ္ဒါအတွက် ဟင်းလင်းအပြင်၌လည်း ထားကောင်းသည်-ဟု ဋီကာဖွင့်သည်။)

ယတ္ထ၊ပေ၊ န ဉီဟာဒန္တီတိ- ကား၊ ယတ္ထ- အကြင် သစ်ပင်၏ အောက်၌၊ ဓုဝနိဝါသေန- အမြဲနေခြင်းအားဖြင့်၊ ကုလာဝကေ- အသိုက်တို့ကို၊ ကတွာ - ၍၊ ဝသမာနာ-နေကုန်သော၊ ဓေတ ကာက ကုလလာဝါ—ဤ ကြိုး, စွန်သတ္တဝါတို့ သည်သော်၎င်း၊ အညေ-အခြားကုန်သော၊ သကုန္တာဝါ- ငှက်တို့သည်သော်၎င်း၊ တံ သေနာသနံ-ထို အိပ်ရာ နေရာကို၊ န ဉီဟာဒန္တိ-ကျင်ကြီး စွန့်မချကုန်၊ တာဒိသေ- ထိုကဲ့သို့ ရှုအပ်သော၊ ရုက္ခမူလေ-သစ်ပင်၏ အနီးအောက်၌၊ နိက္ခိပိတုံ- ထားခြင်းငှါ၊ အနုဇာနာမိ—ခွင့်ပြုတော်မူ၏၊ ဣတိ-ဤသို့ မှတ်အပ်၏၊ တသ္မာ-ကြောင့်၊ ယတ္ထ - အကြင် သစ်ပင်၌၊ ဂေါစရပ္ပသုတာ – ကျက်စားရာ အရပ်သို့ သွားကုန်သော၊ သကုန္တာ- ငှက်တို့သည်၊ ဝိဿမိတွာ - အပန်းဖြေ၍၊ ဂစ္ဆန္တိ- သွားကြကုန်၏၊ တဿ ရုက္ခဿ-၏၊ မူလေ - အနီးအောက်၌၊ နိက္ခိပိတုံ - ငှါ၊ ဝဋ္ဋတိ- ၏၊ ပန- ဗျတိရိက်ကား၊ ယသ္မိံ - အကြင် သစ်ပင်၌၊ ဓုဝနိဝါသေန- အမြဲနေခြင်းအားဖြင့်၊ ကုလာဝကေ-အသိုက်တို့ကို၊ ကတွာ—၍၊ ဝသန္တိ-နေကြကုန်၏၊ တဿရုက္ခဿ-၏၊ မူလေ-အနီးအောက်၌၊ န နိက္ခိပိတဗ္ဗံ-မထားရာ။

အဇ္ဈောကာသေတိ – ဟူ၍၊ ဝစနတော – ဟောတော်မူခြင်းကြောင့်၊ ယေသု ဇနပဒေသု- တို့၌၊ ဝဿကာလေ- မိုးယံအခါ၌၊ န ဝဿတိ-မိုးမရွာ၊ တေသုပိ-

× × × × × × ×

ဋီကာ။ ။ အဇ္ဈောကာသေတိ ဣမိနာ အနုညာတေပိ အဇ္ဈောကာသေ ယတ္ထ ဟေမန္တေ ဒေဝေါ ဝဿတိ၊ တတ္ထ အပရေပိ စတ္တာရော မာသာ ပဋိက္ခိတ္တာတိ အာဟ "အဇ္ဈောကာသေတိ ဝစနတော"တိ အာဒိ၊ ဣမိနာ ဣမံ ဒီပေတိ "ယသ္မိံ ဒေသေ ဟေမန္တေ ဒေဝေါ ဝဿတိ၊ တတ္ထ အဋ္ဌမာသေ ပဋိက္ခိပိတွာ စတ္တာရော မာသာ အနုညာတာ၊ ယတ္ထ ပန ဝဿာနေယေဝ ဝဿတိ၊ တတ္ထ စတ္တာရော မာသေ ပဋိက္ခိပိတွာ အဋ္ဌမာသာ အနုညာတာ"တိ၊ ဣမိနာဝ နယေန မဇ္ဈိမပဒေသေ ယတ္ထ ဟေမန္တေ ဟိမဝဿံ ဝဿတိ၊ တတ္ထာပိ အဋ္ဌေဝ မာသာ ပဋိက္ခိတ္တာတိ ဝေဒိတဗ္ဗာ၊ တသ္မာ ဝဿာနကာလေ ပကတိ အဇ္ဈောကာသေ ဩဝဿက မဏ္ဍပေ ရုက္ခမူလေစ သန္ထရိတုံ န ဝဋ္ဋတိ၊ ဟေမန္တကာလေ ပကတိ အဇ္ဈောကာသေ ဩဝဿက မဏ္ဍပေပါဒိသုပိ ဝဋ္ဋတိ၊ တဉ္စခေါ ယတ္ထ ဟိမဝဿေန သေနာသနံ န တေမေတိ၊ ဂိမှကာလေပိ ပကတိ အဇ္ဈောကာသာဒီသု ဝဋ္ဋတိယေဝ၊ တဉ္စ ခေါ အကာလမေဃာဒဿနေ၊ ကာကာဒီနံ နိဗဒ္ဓဝါသရုက္ခမူလေ ပန ကဒါစိပိ န ဝဋ္ဋတီတိ ဧဝမေတ္ထ ဝိနိစ္ဆယော ဝေဒိတဗ္ဗော။

ထို ဇနပုဒ်တို့၌လည်း၊ စတ္တာရော မာသေ – မိုယ်းလေးလတို့ ပတ်လုံး၊ နိက္ခိပိတုံ န ဝဋ္ဋတိယေဝ၊ အဝသိက သင်္ကေတေတိ-ဟူ၍၊ ဝစနတော- ဟောတော်မူခြင်းကြောင့်၊ ယတ္ထ- အကြင် ဇနပုဒ်၌၊ ဟေမန္တေ– ဆောင်းအခါ၌၊ ဒေဝေါ-မိုယ်းသည်၊ ဝဿတိ - ရွာ၏၊ တတ္ထ – ထို ဇနပုဒ်၌၊ ဟေမန္တေပိ- ၌လည်း၊ အဗ္ဘောကာသေ - လွင်တီးခေါင်၌၊ နိက္ခိပိတုံ န ဝဋ္ဋတိ၊ ပန - ကား၊ ဂိမှေ- နွေအခါ၌၊ သဗ္ဗတ္ထ-အလုံးစုံသောဇနပုဒ်၌၊ ဝိဂတဝလာဟကံ-ကင်းသောတိမ်တိုက်ရှိသော၊ ဝိသုဒ္ဓံ- စင်ကြယ်သော၊ နဘံ- ကောင်းကင်သည်၊ ဟောတိ-၏၊ ဝေရူပေ- ဤသို့သဘောရှိသော၊ ကာလေ-၌၊ ကေနစိဒေဝ-တစုံတခုသောလျှင်ဖြစ်သော၊ ကရဏီယေန–ပြုဘွယ်ကိစ္စကြောင့်၊ အဗ္ဘောကာသေ မဥ္စပီဌံ နိက္ခိပိတုံ ဝဋ္ဋတိ။

အဇ္ဈောကာသိကေနာပိ–လွင်တီးခေါင်၌ နေလေ့ရှိသော ရဟန်းသည်လည်း၊ ဝါ–အဇ္ဈောကာသ ဓုတင်ဆောင်သော ရဟန်းသည်လည်း၊ ဝတ္တံ-ကျင့်ဝတ်ကို၊ ဇာနိတဗ္ဗံ-သိထိုက်၏၊ ဟိ- ချဲ့၊ တဿ-ထို အဇ္ဈောကာသိက ရဟန်း၏၊ ပုဂ္ဂလိက မဉ္စကော-သည်၊ သစေ အတ္ထိ၊ တတ္ထေဝ- ထိုပုဂ္ဂလိကညောင်စောင်း၌သာ၊ သယိတဗ္ဗံ–အိပ်ရာ၏၊ သံဃိကံ-သံဃိက ညောင်စောင်းကို၊ ဂဏှန္တေန-ယူလိုလသော်၊ ဝေတ္တေန ဝါ–ကြိမ်ဖြင့်သော်၎င်း၊ ဝါကေန ဝါ– လျှော်ဖြင့်သော်၎င်း၊ ဝီတမဉ္စကော – ယက်အပ်သော ညောင်ခစောင်းငယ်ကို၊ ဂဟေတဗ္ဗော – ယူထိုက်၏၊ [ အညံ့ဆုံး ညောင်စောင်းငယ်ကို ယူထိုက်သည် - ဟူလို။ ] တသ္မိံ – ထို ကြိမ်ဖြင့်ခက်အပ်,လျှော်ဖြင့်ခက်အပ်သော ညောင်စောင်းငယ်သည်၊ အသတိ-မရှိလသော်၊ ပုရာဏ မဉ္စကော– အဟောင်း ဖြစ်သော ညောင်စောင်းကို၊ ဂဟေတဗ္ဗော-၏၊ [အဝတ်ပြားဖြင့် ယက်အပ်သော ညောင်စောင်းအဟောင်းကိုယူထိုက်၏၊ ကုလားများ၏ အဝတ်အိပ်စဥ် မျိုးတည်း။ ] တသ္မိံပိ – ထို ပုရာဏမဉ္စက သည်လည်း၊ အသတိ - သော်၊ နဝ ဝါယိမော ဝါ - အသစ်ယက်အပ်သော ညောင်စောင်းကိုသော်၎င်း၊ဩနဒ္ဓကော ဝါ-သားရေဖြင့်ကြက်အပ်သော ညောင်စောင်းကိုသော်၎င်း၊ ဂဟေတဗ္ဗော၊ (" ဣတိ-သို့၊ ဝတ္တံ ဇာနိတဗ္ဗံ "ပြန်လှည့်၊) [အသစ်ယက်အပ်သော ညောင်စောင်းသည် ယုတ်တရက် မပျက်နိုင်၊ သားရေဖြင့် ကြက်အပ်သော ညောင်စောင်းကား သာ၍ပင် မပျက်စီးနိုင်၊ ထို့ကြောင့် ထို ညောင်စောင်းမျိုးကို ယူပါ။]

စပန-ထပ်၍ဆက်၊ ဂဟေတွာ-ယူပြီး၍၊ အဟံ-သည်၊ ဥက္ကဋ္ဌရုက္ခမူလိကော- ဥက္ကဋ္ဌရုက္ခမူဓုတင်ဆောင် ပုဂ္ဂိုလ်တည်း၊ ဥက္ကဋ္ဌ အဇ္ဈောကာသိကော – ဥက္ကဋ္ဌ အဇ္ဈောကာသဓုတင်ဆောင် ပုဂ္ဂိုလ်တည်း၊ ဣတိ-ဤသို့ အကြောင်းပြ၍၊ စီဝရကုဋိမ္ပိ- သင်္ကန်းကျောင်းငယ်ကိုလည်း၊ အကတွာ-မပြုမူ၍၊ အသမယေ-မထားသင့်ရာအခါ၌၊ (မိုယ်းအခါ၌၎င်း,မိုယ်းရွာလိမ့်မည်ဟု မှန်းဆနိုင်သောအခါ၌၎င်း ဟူလို၊) အဗ္ဘောကာသေ-၌သော်၎င်း၊ ရုက္ခမူလေ ဝါ-သစ်ပင်၏ အနီးအောက်၌

သော်ဝရင်း၊ ပညပေတွာ နိပ္ပဇ္ဇိတုံ န ဝဋ္ဋတိ၊ ပန-ဆက်၊ စတုဂ္ဂုဏောနပိ-၄ ထပ် ရှိသည်လည်းဖြစ်သော၊ စိဝရေန- ဖြင့်၊ ကတကုဋိ– ပြုအပ်သော ကျောင်းငယ် သည်၊ (မဥ္စပီဌံ - ကို၊) အဒတမေန္တံ- မိုယ်းမစွပ်အောင်၊ ရက္ခိတုံ န သက္ကောတိ၊ သတ္တာဟဝဋ္ဋလိကာဒိနိ-၇ ရက်ပတ်လုံး တိမ်တိုက်တို့၏ လှည့်လည်ရာအခါ အစ ရှိသည်တို့သည်၊ ဝါ – ၇ ရက်ပတ်လုံး မိုယ်းရွာရာအခါ အစရှိသည်တို့သည်၊ ဘဝန္တိ - ဖြစ်ကုန်အံ့၊ ( မဥ္စပီဌဿ - ၏၊ ) ဘိက္ခုနော- ၏၊ ကာယာနုဂတိက တ္တာ–ကိုယ်သို့ အစဉ်လိုက်သည်၏အဖြစ်ကြောင့်၊ ဝဋ္ဋတိ။

အရညေ–၌၊ ပဏ္ဏကုဋိသု-သစ်ရွက်ကျောင်းတို့၌၊ ဝသန္တာနံ- နေကုန်သော ရဟန်းတို့အား၊ သီလသမ္ပဒါယ - သီလ၏ ပြည့်စုံခြင်း၌၊ ပသန္နစိတ္တာ- ကြည်ညို သော စိတ်ရှိကုန်သော၊ မနုဿာ - တို့သည်၊ သံဃိက ပရိဘောဂေန - သံဃိက ပစ္စည်းကိုသုံးဆောင်နည်းဖြင့်၊ ပရိဘုဉ္ဇထ-သုံးစွဲကြပါကုန်၊ ဣတိ- ဤသို့လျှော်၍၊ နဝံ-အသစ်ဖြစ်သော၊ မဥ္စပီဌံ-ကို၊ ဒေန္တိ-လှူတတ်ကြကုန်၏၊ ဝသိတွာ-နေပြီး၍၊

× × × × × × ×

**သတ္တာဟ ဝဋ္ဋလိကာဒိနိ။** ။ ဝဋ္ဋန္တိ ဝလာဟကာ အာဝဋ္ဋန္တိ အသ္မိံ သမယေတိ ဝဋ္ဋလော၊ ( ဝဋ္ဋခေတ်, ဉလပစ္စည်း၊ ) သောဧဝ ဝဋ္ဋလိကော၊ (သွတ္ထအနက် ဏိက ပစ္စည်းသက်၊ ) သတ္တာဟံ ဝဋ္ဋလိကော , သတ္တာဟောဝါ ဝဋ္ဋလိကော သတ္တာဟ ဝဋ္ဋ လ္လိကော၊ သော အာဒိ ယေသံ တာနိတိ သတ္တာဟဝဋ္ဋလိကာဒိနိ၊ (ယောဇနာ)။

**ကာယာနုဂတိကတ္တာ။** ။ကာယံ–ရဟန်း၏ကိုယ်သို့+ အနုဂစ္ဆတိ- အစဉ်လိုက် တတ်၏၊ ဣတိ ကာယာနုဂတိကံ ( မဥ္စပီဌံ၊ ) ညောင်စောင်း အင်းပျဉ်က ရဟန်း၏ ကိုယ်နှင့် မကွဲမကွာ ဖြစ်သောကြောင့် ရဟန်း၏ကိုယ်ကို မိုးစွပ်သောအခါ မဥ္စပီဌ လည်း မိုးစွပ်မည်ဖြစ်ရကား ထို မိုးစွပ်ခြင်းကြောင့် အပြစ်မရှိပါ–ဟူလို၊ ဤစကား ကိုလည်း ရဟန်းက စီဝရကုဋိ၌ နေခိုက်အခါကို ရည်ရွယ်သည်၊ ဆွမ်းခံ သွားဘို့ရန် အစရှိသည်ဖြင့် စီဝရကုဋိမှ ထွက်သွားသောအခါ၌ကား ညောင်စောင်း အင်းပျဉ်ကို စီဝရကုဋိအတွင်း၌ ထားခဲ့ခြင်းငှါ မအပ်–ဟု သာရတ္ထဋီကာ ဆိုသည်။

**မဥ္စ ပီဌံ ဒေန္တိ ။** ။ ဒါယကာတို့က အမိုးတဆောင်ထိုက်သော ကမ္ဗလာကိုပင် "ခြေသုတ်ပုဝါလုပ်၍ သုံးပါဘုရား"ဟု လျှောက်၍ သံဃိကအဖြစ်ဖြင့် လှူစေဦးတော့၊ ထို လျှောက်သည့်အတိုင်း ခြေသုတ်လုပ်၍ သုံးကောင်းသည်၊ ထို့ကြောင့် ဒါယကာ တို့က ညောင်စောင်း အင်းပျဉ်ကို ချမ်းသာသလို သုံးစွဲကြပါဟု လျှောက်၍ လှူလျှင် လွင်တီးခေါင်၌လည်း ထား၍ သုံးစွဲကောင်း၏-ဟု ဋီကာ၌ ဝဒန္တိဝါဒလာ၏။

**မှတ်ချက်။** ။ ထို ဝဒန္တိဝါဒကို လိုက်၍ရင်း, "ယထာ ဒါယကာ ဝဒန္တိ၊ တထာ ပဋိပဇ္ဇိတဗ္ဗံ " ဟူသော အဋ္ဌကထာစကားကို ယူ၍ရင်း , ယခုခေတ် သံဃိကကျောင်း ရေစက်ချရာ၌လည်း " ချမ်းသာသလို အသုံးပြုကြပါ " ဟု ထည့်၍ ချကြ၏၊ သို့သော် ပစ္စလက်ခတ်ကား သုံးကောင်းလိမ့်မည်မဟုတ်၊ မိမိပိုင်ပစ္စည်းသော်မှ မရှိမသေ သုံးစွဲ လျှင် ဒုပ္ပရိဘောဂ ဒုက္ကဋ်ငှါအာပတ် သင့်သေး၏၊ သံဃိကပစ္စည်းကို မရှိမသေ သုံးစွဲ လျှင်ကား ဘာဆိုဘွယ်ရာ ရှိတော့အံ့နည်း၊ [ မိမ္မိသာ့ရမင်း၏ ခြေဖဝါးကို ဒါးခွဲခံရ

ဂစ္ဆေန္တေ ဟိ-သွားလိုကုန်လသော်၊ သာမန္တ ဝိဟာရေ-အနီးဖြစ်သော ကျောင်း၌၊ သဘာဂဘိက္ခုနံ - သဘာဂဖြစ်သော ရဟန်းတို့၏ ( အထံသို့၊ ) ပေသေတွာ-ပို့၍၊ ဂန္တဗ္ဗံ-သွားရာ၏၊ သဘာဂါနံ-သဘောတူသောရဟန်းတို့၏၊ အဘာဝေ-မရှိခြင်းသည်၊ (သတိ – ဖြစ်လသော်၊) အနောဝဿကေ- မိုးမစွပ်အပ်သော အရပ်၌၊ နိက္ခိပိတွာ ဂန္တဗ္ဗံ၊ အနောဝဿကေ - သည်၊ အသတိ - မရှိလသော်၊ ရုက္ခေ – ၌၊ လဂ္ဂေတွာ- ချိပ်၍၊ ဂန္တဗ္ဗံ – သွားရာ၏။ [ သစ်ပင်၌ ချိပ်ထားလျှင် တော်တော်ကြာအောင် ခြ မတက်နိုင်သောကြောင့်၎င်း , မိုယ်းစိုပြန် လျှင်လည်း ခြောက်လွယ်သောကြောင့်၎င်း "လဂ္ဂေတွာ ဂန္တဗ္ဗံ"ဟု ဆိုသည်။]

စေတိယင်္ဂဏေ-စေတီယင်ပြင်၌၊ သမ္မဇ္ဇနိံ - တံမြက်စည်းကို၊ ဂဟေတွာ-၍၊ ဘောဇန သာလင်္ဂဏံဝါ- ဆွမ်းစားကျောင်း အပြင်ကိုသော်၎င်း၊ ဥပေါသထာ ဂါရင်္ဂဏံဝါ-ဥပုသ်ကျောင်းဆောင် အပြင်ကိုသော်၎င်း၊ ပရိဝေဏ၊ပေ၊သာလာ ဒီသု - ပရိဝုဏ်, နေ့နေရာအရပ် , မီးတင်းကုပ် အစရှိသောအရပ်တို့တွင်၊ အည တရံဝါ- အမှတ်မထား တပါးပါးသောအရပ်ကို သော်၎င်း၊ သမ္မဇ္ဇိတွာ -တံမြက် လှည်းပြီး၍၊ ဓောဝိတွာ-ဆေးကြောပြီး၍၊ ပုန-တဖန်၊ သမ္မဇ္ဇနီ မာဠကေယေဝ-တံမြက်စည်းထားရာ စင်၌သာ၊ ထပေတဗ္ဗာ - ထားထိုက်၏၊ ဥပေါသထာ ဂါရာ ဒီသု - ဥပုသ်ကျောင်းဆောင် အစရှိသောအရပ်တို့တွင်၊ အညတရသ္မိံ - အမှတ် မထား တပါးပါးသောအရပ်၌၊ ဂဟေတွာ-ယူပြီး၍၊ အဝသေသာနိ-ကြွင်းသော ဘောဇနသာလင်္ဂဏ အစရှိသောအရပ်တို့ကို၊ သမ္မဇ္ဇန္တဿပိ – တံမြက်လှည်း သော ရဟန်း၏အတွက်လည်း၊ သောဝနယော၊ (မူလ တံမြက်စည်းထားရာစင်၌ ပြန်၍ထားထိုက်သည်-ဟူလို။)

ပန-ဆက်၊ ယော-အကြင်ရဟန်းသည်၊ ဘိက္ခာစာရမဂ္ဂံ-ဆွမ်းခံလှည့်လည်ရာ လမ်းကို၊ [ ရွာမရောက်မီ လမ်းကို ဆိုသည်၊ ] သမ္မဇ္ဇန္တော ဝ - လျက်သာ၊ ဂန္တု ကာမော- သည်၊ ဟောတိ- ဖြစ်၏၊ ( သပိတ်ကို နောက်၌ လွယ်ထားသောကြောင့် တံမြက်လှည်းလျက် သွားနိုင်သည်၊ )တေန- ထိုရဟန်းသည်၊ သမ္မဇ္ဇိတွာ-တံမြက်

× × × × × × ×

ခြင်း၏ အကြောင်း၌ သံဃိက သင်ဖြူးပေါ်ဝယ် ခြေမဆေးဘဲ နင်းခဲ့ဘူးကြောင်းကို လည်း သာမညဖလသုတ် အဋ္ဌကထာ၌ ဆိုသည်။]

**စေတိယင်္ဂဏေ၊ပေ၊ထပေတဗ္ဗာ။** ။မူလက စေတီယင်ပြင် လှည်းဘို့ရာ တံမြက် စည်းကို ယူသွား၍ လှည်းပြီးလျှင် ဘောဇနသာလင်္ဂဏ စသည်ကို ဆက်၍လှည်းပြီးနေခံ ထို ဘောဇနသာလင်္ဂဏ စသည်၌ ထားမပစ်ခဲ့ရ၊ မူလနေရာဖြစ်သော တံမြက်စည်း စင်သို့ ရောက်အောင်ထားပါ – ဟူလို၊ "သမ္မဇ္ဇိတွာ, ဓောဝိတွာ"ဟု ဆိုသောကြောင့် မြေကြီးပေါ်၌ တံမြက်လှည်းပြီးလျှင် ထို တံမြက်စည်းကို ဆေးရမည် ဟု သတိပြုပါ၊ ဖုံများများ မလူးလျှင် အသင့်အတင့် ခါလျှင်လည်း သင့်လျော်စရာရှိ၏၊ ထို့ကြောင့် ယောဇနာ၌ ဓောဝိတွာကို "သမ္မဇ္ဇနိံ သုဒ္ဓံ ကတွာ"ဟု ဖွင့်သည်။

လှည်းပြီး၍၊ အန္တရာမဂ္ဂေ-ခရီးအကြား၌၊ သာလာ- စရပ်သည်၊ သစေ အတ္ထိ-အံ့၊(ဝေံသတိ)၊ တတ္ထ—ထိုစရပ်၌၊ ထပေတဗ္ဗာ-ထားထိုက်၏၊(မိုးမစွပ်အောင် စရပ်ထည်း၌ ထားခဲ့ပါ-ဟူလို။) (သာလာ- စရပ်သည်၊)သစေ နတ္ထိ-အံ့၊ (ဝေံသတိ)၊ ဝလာဟကာနံ-တိမ်တိုက်တို့၏၊ အနုဋ္ဌိတဘာဝံ-မတက်လာကုန်သည်၏ အဖြစ်ကို၊ သလ္လက္ခေတွာ - မှတ်သား၍၊ အဟံ - ငါသည်၊ ယာဝ - အကြင်မျှလောက်သော အခါ၌၊ ဂါမတော- ရွာမှ၊ နိက္ခမာမိ- ထွက်လာ၏၊ တာဝ-ထိုရွာမှ ထွက်လာရာအခါတိုင်အောင်၊ န ဝဿိဿတိ- မိုးရွာလိမ့်မည် မဟုတ်၊ ဣတိ-သို့၊ ဇာနန္တေန-သိလသော်၊ ယတ္ထကတ္ထစိ- အမှတ်မထား တပါးပါးသော အရပ်၌၊ နိက္ခိပိတွာ - ထားခဲ့၍၊ ပုန - ဖန်၊ ပစ္စာဂစ္ဆန္တေန- ပြန်လာလသော်၊ (တချို့စာ၌ "ပုန ဂစ္ဆန္တေန" ဟု ရှိ၏၊ မကောင်း။) ပါကတိကဋ္ဌာနေ- ပကတိယူခဲ့ရာအရပ်၌၊ ထပေတဗ္ဗာ - ပြန်ထားထိုက်၏၊ ဝဿိဿတိ - မိုးရွာလတ့်၊ ဣတိ၊ ဇာနန္တော- သိလျက်၊(အသိသားနဲ့။) အဇ္ဈောကာသေ- လွင်တီးခေါင်၌၊ သစေ ထပေတိ— အကယ်၍ထားခဲ့အံ့၊ (ဝေံသတိ) ဒုက္ကဋံ (ဟောတိ၊) ဣတိ၊ မဟာပစ္စရိယံ— ၌၊ ဝုတ္တံ၊ [သံဃိကပစ္စည်းကို မကောင်းသဖြင့် သုံးစွဲခြင်းကြောင့် ရေခံအပ်သော ဒုပ္ပရိဘောဂ ဒုက္ကဋ်အာပတ်ကို ဆိုလိုဟန်တူသည်။]ပန- ဆက်၊ တတြတတြေဝ-ထိုထို အရပ်၌ပင်၊(စေတီယင်ပြင် စသော ထိုထို အရပ်၌ပင်၊) သမ္မဇ္ဇနတ္ထာယ- ငှါ၊ သမ္မဇ္ဇနီ-သည်၊ ဝါ-ကို၊ နိက္ခိတ္တာ- ထားအပ်ပြီးသည်၊ သစေ ဟောတိ- အံ့၊(အသင့်ထားပြီး ဖြစ်အံ့၊)(ဝေံ သတိ) တံတံဌာနံ-ထိုထို အရပ်ကို၊ (စေတီယင်ပြင် စသော ထိုထို အရပ်ကို၊)သမ္မဇ္ဇိတွာ- တံမြက်လှည်းပြီး၍၊ တတြေဝ - ၌ပင်၊ နိက္ခိပိတုံ - ထားခြင်းငှါ၊ ဝဋ္ဋတိ - ၏၊ ("တံမြက်စည်းစင်သို့ ရောက်အောင်ပို့နေဘွယ် မလို"ဟူလို။

အာသနသာလံ - နေရာ စရပ်ကို၊ ဝါ — ဆွမ်းစားစရပ်ကို၊ သမ္မဇ္ဇန္တေန - တံမြက်လှည်းသော ရဟန်းသည်၊ ဝတ္တံ - ကျင့်ဝတ်ကို၊ ဇာနိတဗ္ဗံ - သိထိုက်၏၊ တတြ-ထို "ဝတ္တံ ဇာနိတဗ္ဗံ"ဟူသောစကားရပ်၌၊ ဣဒံ—ဤဆိုအပ် လတ့်ကား၊

× × × × × × ×

**ဝလာဟကာနံ အနုဋ္ဌိတဘာဝံ သလ္လက္ခေတွာ။** ။ဤပါဌ်ကို ထောက်၍ "နွေအခါ၌ပင် ဖြစ်သော်လည်း မိုးတက်လာလျှင် မဥ္စပီဌ စသော သေနာသန အသုံးအဆောင်ကို လွင်တီးခေါင်၌ ထားခြင်းငှါ မအပ်" ဟူသော အဓိပ္ပါယ်ကို သိထိုက်သည်။ [ဝလာဟကာနံ အနုဋ္ဌိတ ဘာဝံ သလ္လက္ခေတွာတိ ဣမိနာစ ဂိမှာနေပိ မေဃေ ဥဋ္ဌိတေ မဉ္စ ပီဌာဒိံ ယံကိဉ္စိသေနာသနံ အဇ္ဈောကာသေ နိက္ခိပိတုံ န ဝဋ္ဋတီတိ ဒီပိတံတိ ဝေဒိတဗ္ဗံ။ (ဋီကာ။)]

**အာသနသာလံ ။** ။ယောဇနာ၌ အသ (ဘက္တဇော)ဓာတ်, ယုပစ္စည်းကြံ၍ "အသနသာလံ"ဟု ပါဌ်တွေ့ရ၏၊ အဘိဓာန် (၂၁၀)၌ "အာသနသာလာနှင့် ပဋိက္ကမန"ကို ပရိယာယ်ဟု ဆို၏၊ ထို့ကြောင့် ရွာတွင်းရှိ စရပ်သည် ဆွမ်းစားရုံသာမက,

ဝတ္တံ-ကျင့်ဝတ်တည်း၊ မဉ္စတော– အလယ်မှ၊ ပဋ္ဌာယ- ၍၊ ပါဒဋ္ဌာနာဘိမုခါ-
ခြေ၏တည်ရာ အရပ်သို့ ရှေးရှုနေကုန်သော၊ ဝါလိကာ - သဲတို့ကို၊ ဟရိတဗ္ဗာ-
ဖယ်ရှားထိုက်ကုန်၏၊ ကစဝရံ-အမှိုက်ကို၊ ဟတ္ထေဟိ-လက်တို့ဖြင့်၊ ဂဟေတွာ-
ယူပြီး၍၊ ဗဟိ-ပြင်ပ၌၊ ဆဍ္ဍေတဗ္ဗံ–စွန့်ပစ်ရာ၏၊ ဣဒံ-ကား၊ ဝတ္တံ-တည်း။

မသာရကောတိ – ကား၊ မဉ္စပါဒေ – ညောင်စောင်း ခြေတို့ကို၊ ဝိဇ္ဈိတွာ–
ထွင်းဖေါက်၍၊ တတ္ထ- ထိုအပေါက်၌၊ အင်္ဂနိယော-အပေါင်တို့ကို၊ ( ဖောင်တို့
ကို၊ )ပဝေသေတွာ-သွင်း၍၊ ကတော-ပြုအပ်သော ညောင်စောင်းတည်း၊ ဗုန္ဒိကာ
ဗဒ္ဓေါတိ–ကား၊ အင်္ဂနီဟိ-တို့ဖြင့်၊ မဉ္စပါဒေ- ညောင်စောင်းခြေတို့ကို၊ ဍံသာပေ
တွာ- ကိုက်ယူစေ၍ (ညှပ်၍)၊ ပလ္လင်္ကသင်္ဌာနေန - ပလ္လင်အသွင်ဖြင့်၊ ကတော-
ပြုအပ်သော ညောင်စောင်းတည်း၊ ကုဠီရပါဒကောတိ–ကား၊ အဿ မေဏ္ဍကာ
ဒီနံ–မြင်း, သိုး အစရှိသော သတ္တဝါတို့၏၊ ပါဒသဒိသေဟိ- ခြေနှင့်တူကုန်သော၊
ပါဒေဟိ-ခြေတို့ဖြင့်၊ ကတော-ပြုအပ်သောညောင်စောင်းတည်း၊ ဝါပန-သည်သာ
မကသေး၊ ယော ကောစိ – အမှတ်မထား တပါးပါးသော၊ ဝင်္ကပါဒကော –
ကောက်သော အခြေရှိသော ညောင်စောင်းသည်၊ (အတ္ထိ၊) အယံ-ဤကော်သော

×　×　×　×　×　×　×

ခေတ္တခဏ ကပ်ဝင်နားနေရာလည်းဖြစ်, တရားနှလုံးသွင်းရာလည်း ဖြစ်၏၊ ထို့ကြောင့်
" အာသနသာလံ "ဟုသာ ရှိသင့်သည်။ [သီဟဠဒီပေယေဝ တေသုတေသု ဂါမေသု
အာသနသာလာယံ န တံ အာသနမတ္ထိ, ယတ္ထ ယာဂုံ ဝိဝိတွာ အရဟတ္တပ္ပတ္တာ ဘိက္ခူ
နတ္ထီတိ၊ —သီလက္ခန္ဓ, သာမညဖလ, သမ္မဇ္ဇအခင်း။]

**မဉ္စတော ၊ပေ၊ ဆဍ္ဍေတဗ္ဗံ ။** ။ အာသနသာလာကို တံမြက်လှည်းသူအတွက်
အထူးဝတ္တရား ရှိ၏၊ ထို ဝတ္တရားဟူသည် အလည်မှစ၍ ခြေချရာဘက်သို့ ရှေးရှုနေသော
သဲများကို ဖယ်ရခြင်း,(ထိုသို့ မဖယ်လျှင် ထိုသဲတို့က ဝင်သူထွက်သူ၏ ခြေကို လူးဘွယ်
ကပ်ပါနေဘွယ် ရှိသည်၊ ) အမှိုက်တို့ကိုလည်း လက်တို့ဖြင့် ယူ၍ စွန့်ပစ်ရခြင်းတည်း၊
တောင်း စသည်ဖြင့် ကျုံးလျှင် သဲတွေပါသွားမည် စိုး၍ " ဟတ္ထေဟိ ဂဟေတွာ " ဟု
ဆိုသည်။

**မှတ်ချက်။** ။ ဤ အာသနသာလာ၌ တံမြက်လှည်းပုံ ကျင့်ဝတ်သည် ရှေးရှေးက
ပင် ပျောက်ကွယ်နေဟန် တူ၏၊ ထို့ကြောင့် ဋီကာတို့၌ ဝါဒအမျိုးမျိုးပြလျက် ရှိသည်၊
ဤ၌လည်း မိမိအထင်မျှကိုသာရေးရပါသည်။ [ယောဇနာ၌ မဉ္စဓာတ်၏ သုဒ္ဓိအနက်ကို
ယူ၍ မဉ္စတောကို "ပရိတ္တတော (စင်ကြယ်သော အရပ်မှ)"ဟု ဖွင့်၏၊ စဉ်းစားပါ။]

**မသာရကော။** ။ပါဒေ မသိတွာ (ဝိဇ္ဈိတွာ) တတ္ထ အင်္ဂနိယော ပဝေသေတဗ္ဗာ
ဧတ္တာတိ မသာရကော၊– ယောဇနာ၊ မသဓာတ် , အာရပစ္စည်း, က-လာဟု ကြံ၊ " မ
သာရကော–ထွင်းအပ်သော အခြေရှိသော ညောင်စောင်း"ဟု ပေးပါ။

**ဗုန္ဒိကာဗဒ္ဓေါ။** ။ဗုန္ဒော ဧဝ ဗုန္ဒိကော (ပါဒေါ)၊ တသ္မိံ အာဗဒ္ဓါ (ဗန္ဓိတာ)
အင်္ဂနီ ယဿာတိ ဗုန္ဒိကာဗဒ္ဓေါ၊–ယောဇနာ၊"ဗုန္ဒိကာဗဒ္ဓေါ-အခြေ၌ ဖွဲ့စပ် ညှပ်ထား
အပ်သော အပေါင်ရှိသော ညောင်စောင်း"ဟု ပေးပါ။

အခြေရှိသော ညောင်စောင်းကို၊ ကုဠီရပါဒကောတိ-က ဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏၊ အာဟစ္စပါဒကောနာမ၊ပေ၊ ဟောတီတိ-ဟူ၍၊ ဧဝံ-ဤသို့၊ ပရတော-နောက်၌၊ ပါဠိယံယေဝ-ပါဠိတော်၌ပင်၊ ဝုတ္တော-တိုက်ရိုက်ဖွင့်ဆိုအပ်ပြီ၊ (ဘူတဂါမဝဂ်, ဝေဟာသ ကုဋိသိက္ခာပုဒ်၏ ပဒဘာဇနီ၌ ဖွင့်ဆိုထားသည်၊) တသ္မာ-ကြောင့်၊ အင္ဂနိယော - အပေါင်တို့ကို၊ ဝိဇ္ဈိတွာ- ထိုးဖေါက်၍၊ ဝါ- ထွင်း၍၊ တတ္ထ- ထို အပေါက်၌၊ ပါဒသိခံ-ခြေ၏အဖျားကို၊ ပဝေသေတွာ-သွင်း၍၊ ဥပရိ-အထက်၌၊ ဝါ- အထက်က၊ အာဏိံ- မယ်နကို၊ ဝါ– စို့ကို၊ ဒတွာ- ပေး၍၊ ဝါ-ရိုက်၍၊ ကတမဉ္စော-ပြုအပ်သော ညောင်စောင်းကို၊ အာဟစ္စပါဒကောတိ- ဟူ၍၊ ဝေဒိတဗ္ဗော-၏၊ ဝိဒေပိ-အင်းပျဉ်၌လည်း၊ ဧသေဝနယော။

အနေ္တာ သံဝေဌေတွာ ဗဒ္ဓံဟောတီတိ- ကား၊ ဟေဋ္ဌာစ- အောက် အပြင်၌ ၎င်း၊ ဥပရိစ- အထက် အပြင်၌၎င်း၊ ဝိတ္ထတံ – ကျယ်ပြန့်သည်ကို၎င်း၊ မဇ္ဈေ– အလယ်၌၊ သံခိတ္တံ-ချုံးအပ်သည်ကို၎င်း၊ ပဏဝသဏ္ဌာနံ-ထက်စည် သဏ္ဌာန် ရှိသည်ကို၊ ကတွာ-၍၊ ဗဒ္ဓံ-ရစ်ပတ်ဖွဲ့ချီအပ်သည်၊ ဟောတိ၊ တံ-ထို ကောစ္ဆကို၊ ဝါ-ထို ခတ်အခင်းကို၊ မဇ္ဈေ- ၌၊ သီဟဗျဂ္ဃစမ္မပရိက္ခိတ္တမ္ပိ - ခြင်္သေ့ရေ, ကျားရေ တို့ဖြင့် မွန်းမံ ကာရန်အပ်သည်ကိုလည်း၊ ကရောန္တိ ကိရ - ပြုကြကုန်သတတ်၊ ဧတ္ထ-ဤ ခတ်အခင်း၌၊ အကပ္ပိယစမ္မံ နာမ-မအပ်သော အရေမည်သည်၊ နတ္ထိ-မရှိ၊ ဟိ-မှန်၊ သေနာသနံ-သံဃိကမဉ္စပီဌစသော အိပ်ရာနေရာသည်၊ သောဝဏ္ဏမယမ္ပိ-ရွှေဖြင့်ပြုအပ်သော အိပ်ရာနေရာသော်မှလည်း၊ ဝဋ္ဋတိ၊ တသ္မာ-ကြောင့်၊ တံ- ထို ခတ်အခင်းသည်၊ မဟဂ္ဃံ-များသော အဖိုးရှိသည်၊ ဝါ- အဖိုးများစွာ

× × × × × × × ×

**ကုဠီရပါဒေါ**။ ။ကုဠီရဿ (ပုဇွန်၏)ပါဒေါဝိယ ပါဒါယဿာတိ ကုဠီရပါဒေါ၊ ပုဇွန်၏ခြေသည် ကောက်သကဲ့သို့, ကော့သော ခြေရှိသော ညောင်စောင်းအားလုံးကို "ကုဠီရပါဒ" ဟု ခေါ်ပါ၊ ထို့ကြောင့် "အဿမေဏ္ဍကာဒီနံ ပါဒသဒိသေဟိ" ဟု ဆိုသည်၊ "ကုဠီရပါဒေါ-ပုဇွန်မြင်းခြေ,ယွင်းမသွေ့သည့်, အခြေရှိသောညောင်စောင်း" ဟု ပေးပါ။ [ ဤညောင်စောင်း၌ အပေါင် အခြေတို့ကို သွင်းခြင်း မသွင်းခြင်းမှာ ပဓာနမဟုတ်, အခြေ၏ ကောက်ခြင်းသာ ပဓာနတည်း။]

**အာဟစ္စပါဒကော**။ ။"အာဟစ္စ (အင်္ဂံ ဝိဇ္ဈိတွာ) တတ္ထ ပဝေသိတော ပါဒေါ ယဿာတိ အာဟစ္စပါဒကော" ဟု ယောဇနာ ပြု၏၊ "အာဟစ္စပါဒကော–အပေါင် ထွင်း၍, သွင်းအပ်သော အခြေရှိသော ညောင်စောင်း" ဟု ပေးပါ။

**ကောစ္ဆံ**။ ။ အထက်အောက် ၂ ဘက်က စ၍ အတွင်းဘက်သို့ ရစ်ပတ်ဖွဲ့ချည် လာသောအခါ တိုး၍ တိုး၍ ကျဉ်းသွားအောင် ရစ်ပတ်အပ်သောကြောင့် အလယ် ခေါင်၌ ကျုံ့လျက် အထက်အောက် ၂ ဘက်၌ ကျယ်ပြန့်နေသည်၊ ဆင်းတုတော် တင်ပလ္လင်ခွေအောက်၌ တည်သော ပလ္လင်နှင့် ပုံသဏ္ဌာန်တူ၏၊ တချို့ပလ္လင်တော်မှာ အလွန်မြင့်သော်လည်း တချို့ပလ္လင်တော်ကား တထွာလောက်သာ ရှိသည်၊ ထိုသို့ တထွာလောက်သာ ရှိသော်လည်း အလယ်မှာ ကျုံ့လျက်ပင်။

ထိုက်တန်သည်၊ ဟောတိ - ၏၊ အနုပသမ္ပန္နံ ၊ ပေ၊ ပလိဗောဓေတိ – ကား၊ ယေန - အကြင် ရဟန်းသည်၊ သင်္ဃာရာမိတံ - လူ သာမဏေကို ခင်းစေအပ်ပြီ၊ ဝါ-အခင်းခိုင်းအပ်ပြီ၊ တဿ-ထို အခင်းခိုင်းသော ရဟန်း၏၊ ပလိဗောဓေ– ပလိဗောဓတည်း၊ ဝါ - ဖဲသွားခြင်းကို နှောက်ရှက်တတ်သော တာဝန်တည်း၊ (လူသာမဏေကိုအခင်းခိုင်းလျှင် အရပ်တပါးသို့သွားလိုသောအခါ ထိုအခင်းကို မရုပ်သိမ်းဘဲသွားလျှင် ခိုင်းသောရဟန်းမှာ အာပတ်သင့်၏-ဟူလို၊) လေဍ္ဍုပါတံ ၊ပေ၊ပါစိတ္တိယဿာတိ–ကား၊ ထာမမဇ္ဈိမဿ-အားအစွမ်းအားဖြင့် အလယ် အလတ်၌ဖြစ်သော၊ ပုရိသဿ-၏၊ လေဍ္ဍုပါတံ- ခဲကျရာအရပ်ကို၊ ဝါ-ခဲတကျ အရပ်ကို၊ အတိက္ကမန္တဿ-ကျော်လွန်သွားသောရဟန်း၏၊ ပါစိတ္တိယံ ဟောတိ။

ပန-ဆက်၊ အယံ- ဤ ဆိုအပ်လတ္တံကား၊ ဧတ္တ - ဤလေဍ္ဍုပါတံ အတိက္ကမန္တဿ ဟူသော ပါဌ်၌၊ ဝိနိစ္ဆယော - တည်း၊ [ ယောဇနာ၌ကား " ဧတ္တာတိ အနာပုစ္ဆံဝါ ဂစ္ဆေယျာတိ ပဒေ " ဟု ဆို၏၊ အနာပုစ္ဆံဝါ ဂစ္ဆေယျကို တိုက်ရိုက် ဖွင့်နေသော အရာ မဟုတ်သောကြောင့် ထိုအနက်ကို စဉ်းစားပါ။ ] ထေရော-ထေရ်သည်၊ ဘောဇနသာလာယံ–ဆွမ်းစားစရပ်၌၊ ဘတ္တကိစ္စံ-ဆွမ်း ကိစ္စကို၊ ကတွာ-ပြုပြီး၍၊ ဒဟရံ–ရဟန်းငယ်ကို၊ အာဏာပေတိ - စေခိုင်းအံ့၊ (ကိံ -နည်း၊) ဂစ္ဆ –သွားချေ၊ ဒိဝါဋ္ဌာနေ-နေ့နေရာအရပ်၌၊ မဉ္စပီဌံ - ညောင် စောင်း အင်းပျဉ်ကို၊ ပညပေဟိ-ခင်းထားချေလော၊ဣတိ-ဤသို့စေခိုင်းအံ့၊သော- ထိုရဟန်းငယ်သည်၊ တထာ-ထိုစေခိုင်းသည့်အတိုင်း၊ ကတွာ-ပြုပြီး၍၊နိသိန္နော- ထိုင်နေ၏၊ ထေရော- သည်၊ ယထာရုစိ - အလိုရှိတိုင်း၊ ဝိစရိတွာ–လှည့်လည် ပြီး၍၊(လှည့်လည်ပြီးမှ၊)တတ္တ-ထိုညောင်စောင်းအင်းပျဉ်ခင်းထားရာအရပ်သို့၊ ဂတွာ-၍၊ ထဝိကံဝါ- အိပ်ကိုသော်၎င်း၊ ဥတ္တရာသင်္ဂံဝါ-အပေါ်ရုံ ကေသိကို သော်၎င်း၊ ထပေတိ-ထားအံ့၊ တတော- ထိုအခါမှ၊ ပဋ္ဌာယ-စ၍၊ ထေရဿ- ၏၊ ပလိဗောဓော-တည်း၊ ( ရဟန်းငယ်မှာ ရုပ်သိမ်းဘို့ အတွက် တာဝန် မရှိ တော့-ဟူလို၊) နိသီဒိတွာ–ထိုင်ပြီး၍၊ သာယံ - ညနေချမ်း အခါ၌၊ ဂစ္ဆန္တော– သွားလသော်၊ နေဝဥဒ္ဓရတိ– ကိုယ်တိုင်မူလည်း မရုပ်သိမ်းအံ့၊ န ဥဒ္ဓရာပေတိ– သူတပါးကိုမူလည်း မရုပ်သိမ်းစေအံ့၊ လေဍ္ဍုပါတာတိက္ကမေ-ခဲတကျကို လွန်ရာ အခါ၌၊ ပါစိတ္တိယံ ( ဟောတိ။ )

ထေရော - သည်၊ တတ္တ - ထို ညောင်စောင်း အင်းပျဉ်ခင်းထားရာ အရပ်၌၊ ထဝိကံဝါ - သော်၎င်း၊ ဥတ္တရာသင်္ဂံဝါ- သော်၎င်း၊ အထပေတွာ- မထားမူ၍၊ စင်္ကမန္တော - စင်္ကြံသွားလျက်သာ၊ ဒဟရံ - ရဟန်းငယ်ကို၊ တွံ - သင်သည်၊ ဂစ္ဆ–သွားတော့၊ ဣတိ- သို့၊ သစေ ဘဏာတိ–အံ့၊(ဝံသတိ-သော်၊)တေန-ထို ရဟန်းငယ်သည်၊ ဘန္တေ- အရှင်ဘုရား၊ ဣဒံ- ဤဟာကား၊ မဉ္စပီဌံ- ပါတည်း၊ ဣတိ-ဤသို့၊ အာစိက္ခိတဗ္ဗံ-လျှောက်ထားရာ၏၊ ထေရော-သည်၊ ဝတ္တံ-ကျင့်ဝတ်

ကို၊ သစေ ဇာနာတိ-အကယ်၍ နားလည်အံ့၊ (ဝေဒိတိ) တွဲ-သင်သည်၊ ဂစ္ဆ-သွားတော့၊ အဟံ-သည်၊ ပါကတိကံ-ပင်ကိုယ်သဘော ရှိသည်ကို၊ ကရိဿာမိ-ပြုလိုက်အံ့၊ ဣတိ,ဝတ္တဗ္ဗံ-ပြောရာ၏၊ (နဂိုရ်နေရာသို့ ပြန်ထားလိုက်အံ့ဟု ပြောရမည် - ဟူလို၊) (ထေရော — သည်၊) ဗာလော - ကျင့်ဝတ်၌ မကျွမ်းကျင်သည်၊ အနုဂ္ဂဟိတဝတ္တော - သင်ယူအပ်ပြီးသောကျင့်ဝတ် မရှိသည်၊ ဝါ - ကျင့်ဝတ်ကို မသင်ယူခဲ့ရသည်၊ ( ဗာလော - ကို ထပ်၍ ဖွင့်သည်၊ ) သစေ ဟောတိ၊ ဂစ္ဆ — သွား၊ ဣမ- ဤအရပ်၌၊ မာတိဋ္ဌ- ရပ်မနေနှင့်၊ နိသီဒိတုံ- ထိုင်ခြင်းငှါ၊ ဝါ-ထိုင်ခွင့်ကို၊ နေဝ ဒေမိ- မပေး၊ နိပဇ္ဇိတုံ-လျောင်းခြင်းငှါ၊ ဝါ-လျောင်းခွင့်ကို၊ န ဒေမိ-မပေး၊ ဣတိ-ဤသို့ ပြော၍၊ ဒဟရံ- ရဟန်းငယ်ကို၊ (သစေ) တဇ္ဇေတိယေဝ-အကယ်၍ ခြိမ်းခြောက်၍သာ နေအံ့၊(ဝေဒိတိ)၊ ဒဟရေန—ရဟန်းငယ်သည်၊ ဘန္တေ-အရှင်ဘုရား၊ သုခံ-ချမ်းချမ်းသာသာ၊ သယထ - အိပ်ရစ်ပါကုန်၊ ဣတိ—ဤသို့ လျှောက်၍၊ ကပ္ပံ-အပ်သောအခွင့်ကို၊ လဘိတွာ- ရ၍၊ ဝန္ဒိတွာ-ဝပ်ချ၍၊ ဂန္တဗ္ဗံ-သွားရာ၏။ [ကပ္ပံ လဘိတွာတိ—ဂစ္ဆာတိ ဝုတ္တဝစနေန ကပ္ပံ လဘိတွာ၊ ထေရဿ ဟိ အာဏတ္တိယာ ဂစ္ဆန္တဿ အနာပတ္တိ၊-ဋီကာ။] တသ္မိံ-ထိုရဟန်းငယ်သည်၊ ဂတေ-သွားလသော်၊ ထေရဿေဝ- ၏သာ၊ ပလိဗောဓော—တည်း၊ စ - ဆက်၊ ပုရိမနယေနေဝ - ဖြင့်သာလျှင်၊ ( နိသီဒိတွာ သာယံ ဂစ္ဆန္တောတိ အာဒိနာ ပုဗ္ဗေ ဝုတ္တနယေန၊) အဿ-ထိုထေရ်၏၊ အာပတ္တိ ဝေဒိတဗ္ဗာ။

ပန-ဆက်၊ အာဏတ္တိကွဏေယေဝ-စေခိုင်းအပ်ရာခဏ၌ပင်လျှင်၊ (ခိုင်းရာခဏတုန်းကပင်၊) ဒဟရော - ရဟန်းငယ်သည်၊ ဘန္တေ— အရှင်ဘုရား၊ မယှံ—တပည့်တော်၏၊ ( တပည့်တော်မှာ၊ ) ဘဏ္ဍကဓောဝနာဒိ — ဘဏ္ဍာငယ်ကို ဖွပ်လျှော်ခြင်း အစရှိသော၊ ကိစ္စံ— တစုံတခုသော၊ ကရဏီယံ-ပြုဘွယ်ကိစ္စသည်၊ အတ္ထိ— ရှိပါ၏၊ ဣတိ— သို့၊ အထဝဒတိ- အကယ်၍ လျှောက်အံ့၊ (ဝေဒိတိ—သော်၊) ထေရောစ- ထေရ်သည်လည်း၊ နံ - ထို ရဟန်းငယ်ကို၊ တွံ— သင်သည်၊ ပညပေတွာ-ခင်းပြီး၍၊ ဂစ္ဆာဟိ—လော၊ (သွားတော့၊) ဣတိဝတွာ၊ ဘောဇန သာလတော—ဆွမ်းစားဇရပ်မှ၊ နိက္ခမိတွာ-ထွက်၍၊ အညတ္ထ-အခြားအရပ်သို့၊ ဂစ္ဆတိ—သွားအံ့၊ ပါဒုဒ္ဓါရေန-ခြေကို ကြွမြောက်ခြင်းဖြင့်၊ ကာရေတဗ္ဗော-ပြုစေထိုက်၏၊ ဝါ-ဆုံးဖြတ်ထိုက်၏၊ တတ္ထေဝ-ထို ညောင်စောင်းအင်းပျဉ် ခင်းထားရာ အရပ်သို့သာ၊ ဂတ္ဍာ — သွား၍၊ သစေ နိသီဒတိ — အကယ်၍ ထိုင်အံ့၊ ပုရိမ

× × × × × × ×

**အညတ္ထ ဂစ္ဆတိ၊ ပါဒုဒ္ဓါရေန။** ။ညောင်စောင်းအင်းပျဉ် ခင်းထားရာ အရပ်သို့ သွားကြောင်းလမ်းမှ အခြားသောလမ်းသို့သွားခြင်းကို"အညတ္ထ ဂစ္ဆတိ"ဟု ဆိုသည်၊ ခင်းထားသောနေရာနှင့် ယခုသွားသောနေရာမှာ ခဲတကျကို လွန်ပြီးဖြစ်သောကြောင့် လေဍ္ဍုပါတအတိက္ကမဖြင့် မဆုံးဖြတ်ဘဲ အခြား လမ်းဘက်သို့ ပဌမခြေလှမ်း ကြွလျှင် ဒုက္ကဋ်, ဒုတိယခြေလှမ်းကြွလျှင် ပါစိတ် ဟု ဆုံးဖြတ်ပါ။

နယေနေဝ- ရှေးနည်းဖြင့်သာလျှင်၊ အသ- ထို ရဟန်း၏၊ လေဍ္ဍုပါတာတိက္ကမေစ—ခဲတကျကို လွန်ရာအခါ၌လည်း၊ အာပတ္တိ ဟောတိ– ၏။

[ဒုဟရကို စေခိုင်းပုံမှတပါး သာမဏေကို စေခိုင်းပုံကိုပြလို၍ "သစေပန" စသည်မိန့်၊] ပန-ကား၊ ထေရော-သည်၊သာမဏေရံ-ကို၊ သစေ အာဏာပေတိ-အကယ်၍ စေခိုင်းအံ့၊ ( ဝေံသတိ )၊ သာမဏေရေ—သည်၊ တတ္တ-၌၊ မဍ္ဍပိဌံ-ညောင်စောင်းအင်းပျဉ်ကို၊ ပညပေတွာ - ခင်းပြီး၍၊ နိသိန္နေပိ- ထိုင်နေပါသော်လည်း၊ ဘောဇနသာလတော - ဆွမ်းစားစရပ်မှ၊ အညတ္တ - အခြားအရပ်သို့၊ ဂစ္ဆန္တော—သွားသောထေရ်ကို၊ ပါဒုဒ္ဓါရေန-ခြေကို ကြွမြောက်ခြင်းဖြင့်၊ ကာဒရတမ္ဗော-ပြုစေထိုက်၏၊ ဝါ-ဆိုးဖြတ်ထိုက်၏၊[သာမဏေမှာ ရဟန်းငယ်လောက်တာဝန်မရှိ၊ ထို့ကြောင့် သာမဏေက စောင့်၍နေသော်လည်း အခြားအရပ်သို့ သွားသောထေရ်မှာ အာပတ်သင့်ရသည်။] ဂတ္တွာ- သွားပြီး၍၊ နိသိန္နော-ထိုင်နေပြီးသော ထေရ်ကို၊ ပုန- ဖန်၊ ဂမနကာလေ- ပြန်သွားရာအခါ၌၊ လေဍ္ဍုပါတာတိက္ကမေ-ခဲတကျကို လွန်ရာအခါ၌၊ အာပတ္တိယာ-ပါစိတ်အာပတ်ဖြင့်၊ ကာရေတဗ္ဗော-၏၊ပန-ဆက်၊ အာဏာပေန္တော-စေခိုင်းလသော်၊ ဝါ-စေခိုင်းတုန်းက၊ မဍ္ဍပိဌံ-ညောင်စောင်းအင်းပျဉ်ကို၊ ပညပေတွာ-ခင်းပြီး၍၊ တတ္ထေဝ-ထိုအရပ်၌ပင်၊နိသီဒ-ထိုင်နေဦးလော့၊ ဣတိ-ဤသို့ပြော၍၊သစေအာဏာပေတိ-အကယ်၍ စေခိုင်းအံ့၊ (ဝေံသတိ)၊ ယတြ-အကြင်အရပ်သို့၊ (ဂန္တုံ—ငှါ၊)ဣစ္ဆတိ—အလိုရှိ၏၊ တတြ-ထိုအရပ်သို့၊ ဂတ္တွာ- သွားပြီး၍၊ အာဂန္တုံ—ပြန်လာခြင်းငှါ၊ ဝါ—ပြန်လာခွင့်ကို၊ လဘတိ- ရ၏၊ ပန-ဆက်၊ သာယံ- ညနေချမ်းအခါ၌၊ ပါကတိကံ-ပင်ကိုယ်အတိုင်းရှိသည်ကို၊ အကတွာ- မပြုမူ၍၊ ဂစ္ဆန္တဿ-ပြန်သွားသောထေရ်၏၊ လေဍ္ဍုပါတာတိက္ကမေ ပါစိတ္တိယံ။

အန္တရသန္နိပါတေ-အကြား အကြား စည်းဝေးရာအခါ၌၊ (စည်းဝေးနေကျရက်မဟုတ်ဘဲ အကြားအကြား အစည်းအဝေး၌၊ ) မဍ္ဍပိဌာနိ - ညောင်စောင်းအင်းပျဉ်တို့ကို၊ပညပေတွာ-ပြီး၍၊ နိသိန္နေဟိ-ထိုင်နေကုန်သော ရဟန်းတို့သည်၊ (ဝတ္တမ္ဗံ—၌စပ်) ဂမနကာလေ- ပြန်သွားရာ အခါ၌၊ အာရာမိကာနံ- အာရာမ်စောင့်တို့အား၊ ဣမံ-ဤ ညောင်စောင်းအင်းပျဉ်ကို၊ ပဋိသာမေထ- သိမ်းထားလိုက်ပါကုန်၊ ဣတိ၊ ဝတ္တမ္ဗံ- ပြောဆိုရာ၏၊ အဝတွာ-မပြောဆိုဘဲ၊ ဂစ္ဆန္တာနံ—သွားကုန်သော ရဟန်းတို့၏၊ လေဍ္ဍုပါတာတိက္ကမေ — ၌၊ အာပတ္တိ - ပါစိတ်အာပတ်သည်၊ဟောတိ၊ မဟာဓမ္မဿဝနံနာမ-ကြီးကျယ်သောတရားပွဲမည်သည်၊ ဟောတိ—ရှိ၏၊ တတ္ထ-ထို တရားပွဲ၌၊ ဥပေါသထာဂါရတောပိ - ဥပုသ်ကျောင်းဆောင်မှငင်း၊ ဘောဇနသာလတောပိ - ဆွမ်းစားစရပ်မှငင်း၊ အာဟရိတွာ - ဆောင်ယူ၍၊ မဍ္ဍပိဌာနိ—တို့ကို၊ ပညပေန္တိ- ခင်းတတ်ကြကုန်၏၊ ( ဝေံ သန္တေ-သော်၊)အာဝါသိကာနံယေဝ-တို့၏သာလျှင်၊ ပလိဗောဓော-တည်း၊ အာဂန္တု

ကာ-တို့သည်၊ ဣဒံ - ဤ ညောင်စောင်းအင်းပျဉ်သည်၊ အမှာကံ-တို့၏၊ ဥပဇ္ဈာယဿ-ဘို့၊ (ဟောတိ)၊ ဣဒံ-သည်၊ အမှာကံ-တို့၏၊ အာစရိယဿ- ဆရာဘို့၊ (ဟောတိ၊) ဣတိ-ဤသို့၊ သစေ ဂဏှန္တိ-ကုန်အံ့၊ (ဝေံသတိ)၊ တတော - မှ၊ ပဋ္ဌာယ- စ၍၊ တေသံယေဝ-ထို အာဂန္တုကတို့၏သာ၊ ဗလိဝဗ္ဗာဓော - တည်း၊ ဂမနကာလေ — ပြန်သွားရာ အခါ၌၊ ပါကတိကံ—ပင်ကိုယ်အတိုင်း ရှိသည်ကို၊ အကတွာ— မပြုမူ၍၊ လေဍ္ဍုပါတံ- ကို၊ အတိက္ကမန္တာနံ— ကျော်လွန်ကုန်သော အာဂန္တုက ရဟန်းတို့၏၊ အာပတ္တိ—ပါစိတ် အာပတ်သည်၊ ဟောတိ။

ပန-ဝါဒန္တရကား၊ မဟာပစ္စရိယံ- ၌၊ ဝုတ္တံ - အပ်ပြီ၊ ( ကိံ - အဘယ်သို့ ဆိုအပ်သနည်း၊ ) ယာဝ — အကြင်မျှလောက်သော ကာလပတ်လုံး၊ အညေ-အခြားရဟန်းတို့သည်၊ န နိသီဒန္တိ-မထိုင်ကုန်သေး၊ တာဝ-ထို မထိုင်သေးသမျှ ကာလပတ်လုံး၊ ယေဟိ-အကြင် ရဟန်းတို့သည်၊ [အာဂန္တုကဖြစ်စေ အာဝါသိကဖြစ်စေ အကြင်ရဟန်းတို့သည်။] ပညတ္တံ-ခင်းအပ်ပြီ၊ တေသံ-ထို ခင်းသော ရဟန်းတို့၏၊ ဘာရော-တာဝန်တည်း၊ အညေသု-အခြား ရဟန်းတို့သည်၊ အာဂတ္တွာ - လာ၍၊ နိသိန္နေသု - ထိုင်ကုန်ပြီးလသော်၊ နိသိန္နကာနံ- ထိုင်ကုန်သော ရဟန်းတို့၏၊ ဘာရော — တည်း၊ တေ - ထို ထိုင်သော ရဟန်းတို့သည်၊ အနုဒ္ဓရိတွာဝါ-ကိုယ်တိုင် မရုပ်သိမ်းမူ၍ငင်း၊ အနုဒ္ဓရာပေတွာဝါ- သူတပါးကို မရုပ်သိမ်းစေမူ၍ငင်း၊ သစေ ဂစ္ဆန္တိ- ကုန်အံ့၊(ဝေံသတိ)၊ ဒုက္ကဋံ၊ ကသ္မာ- အဘယ့်ကြောင့် ဒုက္ကဋ်သာ ဖြစ်ရသနည်း၊ အနာဏတ္တိယာ—မစေခိုင်းခြင်းဖြင့်၊(မစေခိုင်းဘဲ)၊ ပညပိတတ္တာ—ခင်းအပ်ကုန်သည်၏ အဖြစ်ကြောင့်တည်း၊ ဣတိ- သို့၊ ဝုတ္တံ-ဆိုအပ်ပြီ။ [မဟာအဋ္ဌကထာ၌ ပါစိတ်အာပတ် ဟု ဆို၍ မဟာပစ္စရိ၌ မခိုင်းဘဲ ခင်းအပ်သော အခင်းဖြစ်၍ ဒုက္ကဋ် ဟု ဆိုသည်။]

ဓမ္မာသနေ — တရားဟောပလ္လင်ကို၊ ပညတ္တေ - ခင်းအပ်ပြီးသော်၊ ယာဝ — အကြင်မျှလောက်သော ကာလပတ်လုံး၊ ဥဿာရကောဝါ - ပါဠိသက်သက်ကို ဖြစ်စေတတ် ရွတ်ပြတတ်သော ပုဂ္ဂိုလ်သည်သော်ငင်း၊ ဓမ္မကထိကောဝါ - ဓမ္မကထိကသည်သော်ငင်း၊ န အာဂစ္ဆတိ-မလာသေး၊ တာဝ-ထို မလာသေးသမျှ ကာလပတ်လုံး၊ ပညာပကာနံ- ခင်းသောရဟန်းတို့၏၊ ပလိဗောဓော- တည်း၊ တသ္မိံ-ထို ဥဿာရကပုဂ္ဂိုလ်, သို့မဟုတ် ဓမ္မကထိကပုဂ္ဂိုလ်သည်၊ အာဂတ္တွာ-

× × × × × × × × ×

**ဥဿာရကော ။** ။ "သရဘာဏကော—အသံသာသာဖြင့် ပါဠိကိုသာ ရွတ်ဆိုတတ်သောပုဂ္ဂိုလ်"ဟု ဖွင့်၏၊ ဥဒ္ဓံ ဥဒ္ဓံ—အထက်အထက်၌၊ သာရေတိ—ပါဠိကို ဖြစ်စေတတ်၏၊ ဣတိ ဥဿာရကော- ဟု ပြု (ဝိမတိ)၊ ပါဠိသက်သက်ကိုသာ မက အနက် အဓိပ္ပါယ်ကိုပါ ဟောပြတတ်သော ပုဂ္ဂိုလ်ကို "ဓမ္မကထိက"ဟု ခေါ်သည်၊ ဓမ္မကထာယံ — တရားစကား၌ + နိယုတ္တော ဓမ္မကထိကော " ဟု တဒ္ဓိတ်ပြု။ [ " ကထေတီတိ ကထိကော"ဟုမပြုနိုင်၊ထိုသို့ပြုလျှင် ဏွုပစ္စည်းဖြင့်"ကထကော"ဟုသာပြီးလိမ့်မည်။]

လာ၍၊ နိသိန္နေ-လသော်၊ တဿ-ထို ဥဿာရကပုဂ္ဂိုလ်,သို့မဟုတ် ဓမ္မကထိက ပုဂ္ဂိုလ်၏၊ ပလိဗောဓော-တည်း၊ သကလံ-အလုံးစုံသော၊ အဟောရတ္တံ-နေ့ညဉ့်ပတ်လုံး၊ ဓမ္မဿဝနံ – တရားနာခြင်းသည်၊ ဝါ- တရားပွဲသည်၊ ဟောတိ - အံ့၊ အညော-အခြားသော၊ ဥဿာရကောဝါ-သော်၎င်း၊ ဓမ္မကထိကောဝါ-သော်၎င်း၊ ဥဋ္ဌဟတိ-ထသွား၏၊ အညော - အခြားသော ဥဿာရကပုဂ္ဂိုလ်, သို့မဟုတ် ဓမ္မကထိက ပုဂ္ဂိုလ်သည်၊ နိသီဒတိ – ထိုင်လာ၏၊ ယောယော - အကြင်အကြင် ရဟန်းသည်၊ အာဂတ္တွာ–၍၊ နိသီဒတိ-၏၊ တဿ တဿ-ထိုထို ထိုင်လာသော ရဟန်း၏၊ ဘာရော–တည်း၊ ပန–ထိုသို့ ထိုင်လာသောရဟန်း၏ တာဝန်ဖြစ်ပါသော်လည်း၊ ဥဋ္ဌဟန္တေန -ထသွားသော ရဟန်းသည်၊ ဣဒံ အာသနံ–ဤနေရာသည်၊ တုမှာကံ–အရှင်ဘုရားတို့၏၊ ဘာရော- တာဝန်ပါတည်း၊ ဣတိ - ဤသို့၊ ဝတ္တာ- နောက်လာသောရဟန်းအား ပြော၍၊ ဂန္တဗ္ဗံ- သွားရာ၏၊ ဣတရသ္မိံ – အခြားသောရဟန်းသည်၊ အနာဂတေယေဝ- မလာသေးမီပင်၊ ပဌမံ-စွာ၊ နိသိန္နော-ထိုင်နေသောရဟန်းသည်၊ ဥဋ္ဌာယ-၍၊သစေပိ ဂစ္ဆတိ-အကယ်၍မူလည်း သွားအံ့၊ (ဝေံသတိ - သော်၊) တသ္မိံစ - ထို ထသွားသောရဟန်းသည်လည်း၊ အန္တော ဥပစာရဋ္ဌေယေဝ - ဥပစာအတွင်း၌ တည်စဉ်ပင်၊ ဣတရော - အခြားသောရဟန်းသည်၊ အာဂတ္တွာ-၍၊ နိသီဒတိ-အံ့၊ဥဋ္ဌာယ-၍၊ ဂတော-သွားသော ရဟန်းကို၊ အာပတ္တိယာ - ဖြင့်၊ န ကာရေတဗ္ဗော - မဆုံးဖြတ်ထိုက်၊ ပန-ဆက်၊ ဣတရသ္မိံ - သည်၊ အနာဂတေယေဝ – မီပင်၊ ပဌမံ- စွာ၊ နိသိန္နော-ထိုင်သော ရဟန်းသည်၊ အာသနာ-နေရာမှ၊ ဥဋ္ဌာယ-၍၊ လေဍ္ဍုပါတံ–ခဲတကျအရပ်ကို၊ သစေ အတိက္ကမတိ–အံ့၊ (ဝေံသတိ)၊ အာပတ္တိယာ ကာရေတဗ္ဗော၊ စ-ဆက်၊ သဗ္ဗတ္ထ-အလုံးစုံသော အဆုံးအဖြတ်တို့၌၊ လေဍ္ဍုပါတာ တိက္ကမေ-၌၊ ပဌမပါဒေ-၌၊ ဒုက္ကဋံ၊ ဒုတိယေပါဒေ ပါစိတ္တိယံ၊ ဣတိ–သို့၊ အယံနယော-ကို၊ မဟာ ပစ္စရိယံ-၌၊ ဝုတ္တော–ပြီ၊ အယံ–ကား၊ ဧတ္ထ–ဤ လေဍ္ဍုပါတံ အတိက္ကမန္တဿ အစရှိသော ပါဠိရပ်၌၊ ဝိနိစ္ဆယော – တည်း၊ ( ဣတိတလုံး အပိုထည့်၍ " အယံ ပဒနတ္ထ ဝိနိစ္ဆယော"ကို ပြန်လှည့်။)

စိမိလိကံ ဝါတိ အာဒိသု– အစရှိသော ပါဠိရပ်တို့၌၊ စိမိလိကာနာမ-စိမိလိကာ-မည်သည်၊ သုဓာဒိ ပရိကမ္မကတာယ-အင်္ဂတေ အစရှိသည်တို့ဖြင့် ပြုအပ်သော ပရိကမ်ရှိသော၊ (အင်္ဂတေစသည်ဖြင့် သုတ်လိမ်းအပ်သော၊) ဘူမိယာ-မြေ၏၊ ဝဏ္ဏာနုရက္ခဏတ္ထံ - အဆင်းကို စောင့်ရှောက်ခြင်း အကျိုးငှါ၊ ကတာ – ပြုအပ်သော အခင်းတည်း၊ ( ဟောတိ - ဟု ရှိသည်ကား မကောင်း၊ ) တံ - ထို

× × × × × × × ×

**သုဓာဒိ ပရိကမ္မကတာယ။** ။ကတံ ပရိကမ္မံ ဧတိဿာတိ ပရိကမ္မကတာ၊ သုဓာဒီဟိ + ပရိကမ္မကတာ သုဓာဒိပရိကမ္မကတာ၊ ထက်ဝန်းကျင် အင်္ဂတေ စသည်တို့ဖြင့် သုတ်လိမ်းမှုကို "ပရိကမ်"ဟု ခေါ်သည်၊ သုဓာဒိ၌ အာဒိဖြင့် မြေညက်, ဆေးအမျိုးမျိုး

အခင်းကို၊ ဟေဋ္ဌာ-အောက်၌၊ ဝါ-အောက်က၊ ပတ္ထရိတွာ-ဖြန့်ခင်း၍၊ ဥပရိ-အထက်၌၊ ဝါ- အပေါ်က၊ ကဋသာရကံ-သင်ဖြူးကို၊ ပတ္ထရန္တိ- ဖြန့်ခင်းကြကုန်၏၊ ဥတ္တရတ္ထရဏံနာမ- မည်သည်၊ မဉ္စပီဌာနံ- တို့၏၊ ဥပရိ- ၌၊ အတ္ထရိတဗ္ဗကံ-ခင်းထိုက်သော၊ ပစ္စတ္ထရဏံ- အပေါ်လွှမ်းအခင်းတည်း၊ [အတ္ထရိယတေတိ အတ္ထရဏံ၊ ဥတ္တရိ+အတ္ထရဏံ ဥတ္တရတ္ထရဏံ။] ဘူမတ္ထရဏံနာမ-မည်သည်၊ ဘူမိယံ-မြေ၌ပေါ်၌၊ အတ္ထရိတဗ္ဗာ-ခင်းထိုက်သော၊[ဘူမိယံ အတ္ထရိတဗ္ဗာတိ စိမိလိကာယ သတိ တဿာ ဥပရိ, အသတိ သုဒ္ဓဘူမိယံ အတ္ထရိတဗ္ဗာ၊] ကဋသာရကာဒိ ဝိကတိ- သင်ဖြူးအစရှိသော အထူးပြုအပ်သော အခင်းတည်း၊ ( " ကဋသာရကာဒိ ဝိကတိ " ဟု ဆိုသောကြောင့် တန္တိကာမှ အထူးပြုအပ်သော သင်ဖြူးကိုယူပါ။) တန္တိကာနာမ – မည်သည်၊ တာလပဏ္ဏေဟိဝါ – ထန်းရွက်တို့ဖြင့် သော်၎င်း၊ ဝါကေဟိဝါ – လျှော်တို့ဖြင့် သော်၎င်း၊ ကတတန္တိကာ – ပြုအပ်သော သပေါ့ဖျာတည်း။

စမ္မခဏ္ဍောနာမ–စမ္မခဏ်မည်သည်၊ သီဟဗျဂ္ဃ ဒီပိ တရစ္ဆ စမ္မာဒိသုပိ- ခြင်္သေ့ရေ,ကျားရေ,သစ်ရေ,အောင်းရေ အစရှိသောအရေတို့တွင်လည်း၊ ယံကိဉ္စိ-အမှတ်မထား တပါးပါးသော၊ စမ္မံ–အရေတည်း၊ [ စမ္မဿ–အရေ၏၊ ခဏ္ဍော-အပိုင်းတည်း၊ စမ္မခဏ္ဍော - ပိုင်း၊ ] ဟိ – မှန်၊ အဋ္ဌကထာသု- ရှေး အဋ္ဌကထာတို့၌၊ သေနာသန ပရိဘောဂေ–ကျောင်း အသုံးအဆောင်၌၊ ပဋိက္ခိတ္တစမ္မံနာမ- ပယ်အပ်သော အရေမည်သည်ကို၊ န ဒိဿတိ-မတွေ့မြင်အပ်၊ တသ္မာ-ကြောင့်၊သီဟစမ္မာဒီနံ-ခြင်္သေ့ရေ အစရှိသည်တို့ကို၊ ပရိဟရဏေယေဝ-သွားလေရာ ဆောင်ယူခြင်း၌သာ၊ ပဋိက္ခေပေါ-ပယ်မြစ်ခြင်းကို၊ ဝေဒိတဗ္ဗော- သိထိုက်၏၊ ပါဒပုဉ္ဆနီနာမ- မည်သည်၊ ရဇ္ဇုကေဟိ ဝါ- ကြိုးငယ်တို့ဖြင့်သော်၎င်း၊ ပိလောတိကာဟိ ဝါ – အဝတ်ပိုင်းတို့ဖြင့် သော်၎င်း၊ ပါဒပုဉ္ဆနတ္ထံ – ခြေကို သုတ်ခြင်းအကျိုးငှါ၊

× × × × × × ×

တို့ကို ယူပါ၊ ထိုကဲ့သို့ အက်တေ မြေညက် ဆေးတို့ဖြင့် သုတ်လိမ်းထားသော မြေပေါ်ဝယ် သင်ဖြူးတို့ကို တိုက်ရိုက်ခင်းလိုက်လျှင် အက်တေရောင် , မြေညက်ရောင် , ဆေးရောင်တို့ ပျက်သွားစရာရှိ၏၊ ထိုသို့ မပျက်အောင် " စိမိလိကာ " ခေါ်သော အဝတ်ကြမ်းကို အောက်ကထားပြီးမှ သင်ဖြူးတို့ကို ခင်းကြရသည်။

**ပရိဟရဏေယေဝ** ။ ။ ကိုယ့်ဥစ္စာ အနေအားဖြင့် ထိုထို အရပ်သို့ သွားလေရာ ဆောင်ယူ၍ (ညောင်စောင်းအင်းပျဉ်စသည်တို့၌ ခင်း၍) သုံးဆောင်ခြင်း၌သာ ခြင်္သေ့ရေစသော သားရေကိုပယ်သည်၊ ကိုယ်ပိုင်မဟုတ်ဘဲ သံဃိကကျောင်းအသုံးအဆောင် အဖြစ်၌ကား မအပ်သော သားရေ မရှိပါ၊ [ သီဟစမ္မာဒီနံ ပရိဟရဏေယေဝ ပဋိက္ခေပေါ ဝေဒိတဗ္ဗောတိ ဧတ္ထ "နဘိက္ခဝေ မဟာစမ္မာနိ ဓာရေတဗ္ဗာနိ၊ သီဟစမ္မံ၊ ဗျဂ္ဃစမ္မံ, ဒီပိစမ္မံ၊ ယော ဓာရေယျ၊ အာပတ္တိ ဒုက္ကဋဿ " တိ ဧဝံ ဝုတ္တာယ ခန္ဓက ပါဠိယာ အဓိပ္ပါယံ ဝိဘာဝေတိ။—ဋီကာ။]

ကတာ-ပြုအပ်သော ခြေသုတ်တည်း။ [ကြိုးကလေးတို့ကို ရစ်၍ ဝိုင်းပြီးထားလိုက်လျှင် ခြေသုတ်ကြိုးဝန်း ဖြစ်၏၊ သက်နန်းစုတ်တို့ကို ကြိုးကျစ်၍ ဝိုင်းထားလိုက်လျှင် ပိလောတိက ခြေသုတ်ဖြစ်၏၊ ရှေးက ထိုခြေသုတ်မျိုးသာရှိသည်၊ ယခုအခါ ခြေသုတ်ဖုံများကိုကား အတ္တန္တရဝိကပ္ပနတ္ထ ဝါသဒ္ဒါဖြင့် ယူပါ။]

ဖလကပီဌံနာ့မ – မည်သည်၊ ဖလကမယံ - ပျဉ်ချပ်ဖြင့် ပြုအပ်သော၊ ပီဌ-အင်းပျဉ်တည်း၊ ဝါ-ထိုင်ခုံတည်း၊ [ဤ ပဌမနည်းဖြင့် ဖလကပီဌံဝယ် အလယ်၌ မယပုဒ် ကြေနေသည်ကို ပြသည်-ဟု ယောဇနာဆို၏၊ "ဖလကဥ္စ+တံ+ပီဌဉ္စာတိ ဖလကပီဌံ" ဟု အရတူ ကမ္မဓာရည်းသမာသ်ကို ပြသည် - ဟု ထင်သည်။] အထဝါ - ထို့ပြင်တနည်းကား၊ ဖလကဉ္စဝ - ပျဉ်ချပ်ငင်း၊ ဒါရုမယပီဌဉ္စ – သစ်သားဖြင့်ပြုအပ်သော အင်းပျဉ်ငင်းတည်း၊ [ဤ ဒုတိယနည်းအလို ဖလကနှင့် ပီဌအရကို တမျိုးစီယူ၍ "ဖလကဉ္စ+ပီဌဉ္စ ဖလကပီဌံ"ဟု ဒွန်သမာသ်ပြုရမည်-ဟု ပြသည်။] ဧတေန- ဤ ဖလကပီဌံ ဟူသောပါဠ်ဖြင့်၊ သဗ္ဗမ္ပိ - အလုံးစုံလည်း ဖြစ်သော၊ ဒါရုဘဏ္ဍာဒိ-သစ်ဘဏ္ဍာ အစရှိသည်ကို၊ သင်္ဂဟိတံ-သိမ်းယူအပ်ပြီ၊ ပန-ဝါဒန္တရကား၊ မဟာပစ္စရိယံ-၌၊ ဝိတ္တာရေနေဝ-အကျယ်အားဖြင့်သာလျှင်၊ ဝုတ္တံ–ပြီ၊ ["သဗ္ဗမ္ပိ ဒါရုဘဏ္ဍာဒိ သင်္ဂဟိတံ" ဟု တပေါင်းထည်းလုံး၍ မဆိုဘဲ ခွဲခြား၍ ဆိုထားသည်ကို "အကျယ်ဆိုအပ်ပြီ"ဟု ဆိုသည်၊] (ကိံ–အဘယ်သို့ ဆိုအပ်သနည်း၊) အာဓာရကံ-သပိတ်ခြေကိုငင်း၊ ပတ္တပိဓာနံ– သပိတ်ဖုံးကိုငင်း၊ ပါဒကထလိကံ-ခြေပွတ်အိုးခြမ်းကိုငင်း၊ တာလဝဏ္ဋံ-ထန်းရွက်ယပ်ဝန်းကိုငင်း၊ ဗီဇနီပတ္တကံ–ယပ်အပြားကိုငင်း၊ ယံကိဉ္စိ-အမှတ်မထား တပါးပါးသော၊ ဒါရုဘဏ္ဍံ – သစ်ဘဏ္ဍာကိုငင်း၊ အန္တမသော – အောက်ထစ်ဆုံးအားဖြင့်၊ ပါနီယဥဠုင်္ကံ - သောက်ရေမှုတ်ကိုငင်း၊ ပါနီယသင်္ခံ - သောက်ရေ ခရုသင်းကိုငင်း၊ အဇ္ဈောကာသေ-လွင်တီးခေါင်၌၊ နိက္ခိပိတွာ- ထား၍၊ ဂစ္ဆန္တဿ - သွားသော ရဟန်း၏၊ ဒုက္ကဋံ– တည်း၊ ဣတိ ဝုတ္တံ၊ မဟာအဋ္ဌကထာယံ ပန-၌ကား၊ သေ(သော) နယော-ဤနည်းကို၊ ဒုတိယ သိက္ခာပဒေ-၌၊ ဒဿိတော-ပြအပ်ပြီ။

အဇ္ဈောကာသေ- လွင်တီးခေါင်၌၊ ရဇနံ - ဆိုးရည်ကို၊ ပစိတွာ - ကျိုပြီး၍၊ ရဇနဘာဇနံ- ဆိုးရည်အိုးငင်း၊ ရဇန ဥဠုင်္ကော- ဆိုးရည်မှုတ်ငင်း၊ ရဇနဒေါဏိကာ-ဆိုးရည်ထည့်စရာ ဇလားငင်း၊ ဣတိ-ဤသို့ အစရှိသော၊ သဗ္ဗံ-အလုံးစုံကို၊ အဂ္ဂိသာလာယ – မီးတင်းကုပ်၌၊ ပဋိသာမေတဗ္ဗံ – သိုမှီး သိမ်းဆည်း ရာ၏၊ အဂ္ဂိသာလာ-မီးတင်းကုပ်သည်၊ သစေ နတ္ထိ-အံ့၊ အနောဝဿကေ- မိုးမစွပ်အပ်သော၊ ပဗ္ဘာရေ – တောင်ဂူမ်း၌၊ နိက္ခိပိတဗ္ဗံ - ထားရာ၏၊ တသ္မိံပိ – ထို တောင်ဂူမ်းသည်လည်း၊ အသတိ -သော်၊ ယတ္ထ - အကြင်အရပ်၌၊ ဩလောကေန္တာ-ကြည့်ရှုကုန်သော၊ ဘိက္ခူ-တို့သည်၊ ပဿန္တိ-အလွယ်တကူမြင်နိုင်ကုန်၏၊ တာဒိသေ-ထိုကဲ့သို့ ရှုအပ်သော၊ ဌာနေ- အရပ်၌၊ ထပေတွာပိ- ထား၍လည်း၊

ဂန္တုံ- သွားခြင်းငှါ၊ ဝဋ္ဋတိ- အပ်၏၊ [ခြံ စသည်တို့ တက်နေလျှင် အလွယ်တကူ မြင်နိုင်လောက်သောအရပ်၌ အခြားရဟန်းများမြင်လျှင် သုတ်သင် ရှင်းလင်းနိုင်၏၊ ထို့ကြောင့် "ယတ္ထ ဒိဿလောကေန္တာ၊ပေ၊ ထပေတွာပိ"ဟု ဆိုသည်။]

အညာသပုဂ္ဂလိကေတိ-ကား၊ ယသ္မိံ-အကြင်ပုဂ္ဂိုလ်၌၊ ဝိဿာသဂ္ဂါဟော-အကျွမ်းဝင်ခြင်းကြောင့် ယူခြင်းသည်၊ နရုဟတိ-မတက်ရောက်၊ဝါ-အထမမြောက်၊ တဿ—ထိုပုဂ္ဂိုလ်၏၊ သန္တကေ-ဥစ္စာ၌၊ ( အနုဒ္ဓရိတွာဝါ- ၍ဝှင်း၊ အနုဒ္ဓရာပေတွာဝါ—၍ဝှင်း၊ ဂစ္ဆန္တဿ-၏၊) ဒုက္ကဋံ (ဟောတိ)၊ ပန- အန္တယကား၊ ယသ္မိံ- အကြင် ပုဂ္ဂိုလ်၌၊ ဝိဿာသော - အကျွမ်းဝင်ခြင်းသည်၊ ဝါ - အကျွမ်းဝင်ခြင်းကြောင့်ယူခြင်းသည်၊ ရုဟတိ-တက်ရောက်၏၊ ဝါ- အထမြောက်၏၊ တဿ-ထိုပုဂ္ဂိုလ်၏၊ သန္တကံ- ဥစ္စာသည်၊ အတ္တနော- ၏၊ ပုဂ္ဂလိကမိဝ- ပုဂ္ဂလိကဥစ္စာကဲ့သို့၊ ဟောတိ- ၏၊ ဣတိ–၍သို့၊ မဟာပစ္စရိယာဒိသု- မဟာပစ္စရီ အစရှိသော အဋ္ဌကထာတို့၌၊ ဝုတ္တံ- ဆိုအပ်ပြီ၊ အာပုစ္ဆိဂစ္ဆတီတိ- ကား၊ ယော ဘိက္ခု၊ဝါ- အကြင်ရဟန်းသည်သော်ငှင်း၊ ယောသာမဏေရောဝါ - သည်သော်ငှင်း၊ ယော အာရာမိကောဝါ-အကြင် အာရာမ်စောင့်သည်သော်ငှင်း၊ လဇ္ဇီ-ရှက်ခြင်းရှိသည်၊ ဟောတိ - ၏၊ အတ္တနော- ၏၊ ပလိဗောဓံဝိယ-ပလိဗောဓကိုကဲ့သို့၊ မညတိ- မှတ်ထင်၏၊ [လဇ္ဇီဟူရာ၌ လဇ္ဇီပေသလသိက္ခာကာမကို ဆိုလိုသည် မဟုတ်၊ မိမိဥစ္စာကဲ့သို့ ဂရုစိုက်တတ်သော ပုဂ္ဂိုလ်ကို ၍နေရာ၌ လဇ္ဇီ ခေါ်သည် ဟု ပြလို၍ " အတ္တနော ပလိဗောဓံ ဝိယ မညတိ"ဟု လဇ္ဇီပုဒ်ကို ထပ်၍သရုပ်ဖော်သည်။] ယော-အကြင်ရဟန်းသည်၊တထာရူပံ-ထိုသို့သဘောရှိသောပုဂ္ဂိုလ်ကို၊ အာပုစ္ဆိတွာ- ပန်ပြော၍၊ ဂစ္ဆတိ- ၏၊ တဿ—၏၊ အနာပတ္တိ၊ ဒိဿတာပေက္ခော ဂစ္ဆတီတိ - ကား၊ အာတပေ - နေပူ၌၊ ဒိဿတာပေက္ခော- နေလှမ်းလျှက်၊ အာဂန္တွာ— ပြန်လာ၍၊ ဥဒ္ဓရိဿာမိ- ရုပ်သိမ်းအံ့၊ ဣတိ- ၍သို့ကြံ၍၊ ဂစ္ဆတော- သွားသော ရဟန်း၏၊ အနာပတ္တိ။

ကေနစိ ပလိဗုဒ္ဓံ ဟောတီတိ- ကား၊ သေနာသနံ- အိပ်ရာနေရာသည်၊ ဝါ—ကို၊ ကေနစိ - တစုံတယောက်သည်၊ ဥပဒ္ဒုတံ- ကပ်၍ နှိပ်စက်အပ်သည်၊ ဝါ- နှောက်ရှက်အပ်သည်၊ ဟောတိ - ဖြစ်အံ့၊ ဣတိအတ္ထော - နက်၊ ဟိ - ချဲ့၊ ဝုဍ္ဎ တရော-မိမိထက်သီတင်းကြီးသော၊ ဘိက္ခု-သည်၊ ဥဋ္ဌာပေတွာ-ထစေ၍၊ သစေပိ ဂဏှာတိ- အံ့၊ ( ဇဝံသတိဝါ- ၍သို့ ယူသော်ငှင်း၊ ) ယက္ခောဝါ- ဘီလူးသည် သော်ငှင်း၊ ပေတောဝါ- ပြိတ္တာသည်သော်ငှင်း၊ အာဂန္တွာ- ၍၊သစေပိ နိသီဒတိ- အံ့၊ (ဇဝံသတိဝါ- ၍သို့ ထိုင်သော်ငှင်း၊)ကောစိ- တစုံတယောက်သော၊ ဣဿရော- အစိုးရသူသည်၊ အာဂန္တွာ- ၍၊ သစေ ဂဏှာတိ- အံ့၊ (ဇဝံသတိဝါ-၍သို့ ယူသော်ငှင်း၊ ) သေနာသနံ - သည်၊ ဝါ - ကို၊ ပလိဗုဒ္ဓံ- နှောက်ရှက်အပ်သည်၊ ဟောတိ - ၏၊ ဝါ ပန - သည်သာမကသေး၊ သီဟဗျဂ္ဃါဒိသု- ခြင်္သေ့ ကျား အစ

ရှိသော သတ္တာတို့သည်၊ တံ ပဒေသံ-သို့၊ အာဂတ္ဝာ-၍၊ ဋ္ဌိတေသုပိ-တည်နေပြန်ကုန်သော်လည်း၊ သေနာသနံ-သည်၊ ဝါ-ကို၊ ပလိဗုဒ္ဓံ- နှောက်ရှက်အပ်သည်၊ ဟောတိယေဝ - သည်သာ၊ ဧဝံ- သို့၊ ကေနစိ- တစုံတယောက်သည်၊ (သေနာသနေ-ကို၊) ပလိဗုဒ္ဓေ-နှောံရှက်အပ်သော်၊ အနုဋ္ဌိတ္ဝာပိ-မရုပ်သိမ်းမူ၍လည်း၊ ဂစ္ဆတော- သွားသောရဟန်း၏၊ အနာပတ္တိ။ [ ပလိဗုဒ္ဓေန-ဟု ရှေးစာအုပ်တို့၌ န-ပါနေသည်ကား အပို၊]အာပဒါသူတိ-ကား၊ ဇီဝိတ ဗြဟ္မစရိယန္တရာယေသု-အသက်အန္တရာယ်, ဗြဟ္မစရိယ အန္တရာယ်တို့ကြောင့်၊(အနုဋ္ဌိတ္ဝာ ဂစ္ဆတော အနာပတ္တိ၊ ) သေသံ ဥတ္တာနမေဝ ၊ပေ၊ တိဝေဒနန္တိ။ [ ဤ အဋ္ဌကထာဆိုပုံနှင့် ကခ်ါအဋ္ဌကထာဆိုပုံသည် မတူ၊ ကခ်ါအဋ္ဌကထာ၌ ရှုပါ။]…. ပဌမသေနာသန သိက္ခာပဒံ စတုတ္ထံ။

---

## ဒုတိယသေနာသန သိက္ခာပုဒ်

ဒုတိယသေနာသန သိက္ခာပဒေ – ၌၊ ဘိသီတိ – ကား၊ မဉ္စကဘိသိဝါ– ညောင်စောင်းငယ်၏ ဘုံလျှိသည်သော်ငှင်း၊ ဝါ - ညောင်စောင်းငယ်ပေါ်၌ ခင်းအပ်သော ဘုံလျှိသည်သော်ငှင်း၊ ပီဌကဘိသိဝါ- အင်းပျဉ်ငယ်၏ ဘုံလျှိသည်သော်ငှင်း၊ ဝါ-အင်းပျဉ်ငယ်ပေါ်၌ ခင်းအပ်သော ဘုံလျှိသည်သော်ငှင်းတည်း၊ စိမိလိကာဒီနိပိ-စိမိလိကာအစရှိသော အိပ်ရာနေရာတို့သည်လည်း၊ ပုရိမသိက္ခာပဒေ - ရှေ့သိက္ခာပုဒ်၌၊ ဝုတ္တပ္ပကာရာနိယေဝ - ဆိုအပ်ပြီးသော အပြားရှိကုန်သည်သာ၊ သဒသံ- အဆာနှင့်တကွဖြစ်သော အခင်းကို၊ နိသီဒနန္တိ-ဟူ၍၊ ဝေဒိတဗ္ဗံ၊ ပစ္စတ္ထရဏန္တိ-ကား၊ ပါဝါရော-အပေါ်ခြုံတဘက်သည်ငှင်း၊ ကောဇဝေါ- ကော်ဇောသည်ငှင်းတည်း၊ ဋတိဏ္ဌကမေဝ- ဤမျှလောက်ကိုသာ၊ ဝုတ္တံ- ရှေးအဋ္ဌကထာတို့၌ ဆိုအပ်ပြီ၊ တိဏသန္ထာရောတိ- ကား၊ ယေသံကေသဉ္စိ-အမှတ်မထား တပါးပါးကုန်သော၊ တိဏာနံ - မြက်တို့၏၊ သန္ထာရော - အခင်းတည်း၊ ပဏ္ဏသန္ထာရေ - ပဏ္ဏသန္ထာရ၌၊ သေနယော- ဤနည်းတည်း၊ ပရိက္ခေပံ အတိက္ကမန္တဿတိ ဧတ္တ - ၌၊ ပဌမပါဒံ - ပဌမခြေလှမ်းကို၊ အတိက္ကာမေန္တဿ– လွန်စေသောရဟန်း၏၊ ဒုက္ကဋံ–သည်၊ (ဟောတိ၊) ဒုတိယာတိက္ကမေ-ဒုတိယ

× × × × × × ×

**မဉ္စကဘိသိ။** ။ယောဇနာ၌ “မဉ္စေ အတ္ထရိတဗ္ဗာ မဉ္စကော” ဟု ကပစ္စည်းကို အတ္ထရိတဗ္ဗ အနက်၌သက် ဟု ကြံလေသည်၊ ထိုအကြံကို စဉ်းစားပါ၊ အဘယ့်ကြောင့်နည်း၊ တယောက် အိပ်လောက်သော ညောင်စောင်းငယ်ကို မဉ္စကသဒ္ဒါက ဟောရိုးရှိသောကြောင့်တည်း၊ ထို့ကြောင့် “မဉ္စကေ+အတ္ထရိတဗ္ဗာ+ဘိသိ=မဉ္စကဘိသိ”ဟု အတ္ထရိတဗ္ဗ အလယ်ပုဒ်ကြေသော သတ္တမီတပ္ပုရိသ်သမာသ်ပြုပါ၊တနည်း“မဉ္စကဿ+ဘိသိ=မဉ္စကဘိသိ ”ဟု ဆဋ္ဌီတပ္ပုရိသ်ပြုပါ၊ ပီဌကဘိသိ၌လည်း နည်းတူ။

ခြေလှမ်းကို လွှန်စေရာအခါ၌၊ ပါစိတ္တိယံ (ဟောတိ၊) အပရိက္ခိတ္တသ္မ— မကာရံ အပ်သော အာရာမ်၏၊ ဥပစာရေနာမ – ဥပစာမည်သည်၊ သေနာသနတော— အဆုံးဖြစ်သောကျောင်းမှ၊ ဒွေလေဍ္ဍုပါတာ- ခဲ ၂ ကျ အရပ်တို့တည်း။ [သေနာ သနတောတိ သဗ္ဗပစ္ဆိမ သေနာသနတော၊— ဋီကာ။]

အနာပုစ္ဆံဝါ ဂစ္ဆေယျာတိ ဧတ္ထ-ဟူသော ဤပါဠ်၌၊(ဝိနိစ္ဆယော ဧဝံ ဝေဒိ တဗ္ဗော!) ဘိက္ခုမှိ - ရဟန်းသည်၊ သတိ- သော်၊ ဘိက္ခု- ရဟန်းကို၊ အာပုစ္ဆိ တဗ္ဗော-ပန်ပြောထိုက်၏၊တသ္မိံ-ထိုရဟန်းသည်၊အသတိ-မရှိလသော်၊သာမဏေ ရော - ကို၊ (အာပုစ္ဆိတဗ္ဗော၊) တသ္မိံ - ထို သာမဏေသည်၊ အသတိ - သော်၊ အာရာမိကော— အာရာမ်စောင့်ကို၊ (အာပုစ္ဆိတဗ္ဗော၊) တသ္မိံပိ- ထို အာရာမ် စောင့်သည်လည်း၊ အသတိ-သော်၊ ယေန-အကြင် ဥပါသကာသည်၊ ဝိဟာရော- ကို၊ ကာရိတော-ဆောက်လုပ်စေအပ်ပြီ၊ သော ဝိဟာရသာမိကောဝါ-ကျောင်းရှင် ဖြစ်သော ထို ဥပါသကာကိုသော်၎င်း၊ တဿ – ထို ကျောင်းရှင်ဥပါသကာ၏၊ ကုလေ - အမျိုး၌၊ ယောကောစိဝါ – အမှတ်မရှိ တစုံတယောက်ကို သော်၎င်း၊ အာပုစ္ဆိတဗ္ဗော - ပန်ပြောထိုက်၏၊ တသ္မိမ္ပိ - ထိုကျောင်းရှင် ဥပါသကာ, ထို ကျောင်းရှင် ဥပါသကာ၏အမျိုး၌ တစုံတယောက်သည်လည်း၊ အသတိ-သော်၊ စတူသု-၄ လုံးကုန်သော၊ ပါသာဏေသု-ကျောက်ခဲတို့၌၊ မဉ္စံ-ညောင်စောင်းကို၊ ထပေတွာ—တင်ထားပြီး၍၊ မဉ္စေ—ညောင်စောင်းပေါ်၌၊ အဝသေသ မဉ္စပီဌာနိ- ကြွင်းသော ညောင်စောင်းအင်းပျဉ်တို့ကို၊ အာရောပေတွာ – တင်၍၊ ဥပရိ – ၌၊ ဘိသိအာဒိကံ - ဘုံလျှိုအစရှိသော၊ ဒသဝိဓမ္ပိ – ၁၀ ပါး အပြားရှိသည်လည်း ဖြစ်သော၊ သေယျံ - အိပ်ရာနေရာကို၊ ရာသိံ – အစုအပုံကို၊ ကရိတွာ – ပြု၍၊ (တနည်း) ရာသိံ ကရိတွာ - စုပုံ၍၊ ဒါရုဘဏ္ဍံ - သစ်ဘဏ္ဍာကိုင်း၊ မတ္တိကာ ဘဏ္ဍံ-မြေညက်ဘဏ္ဍာကို၎င်း၊ ပဋိသာမေတွာ-သိမ်းသိမ်းဆည်းပြီး၍၊ ဒွါရဝါတ ပါနာနိ- တံခါးမ, လေသောက်ပြူတင်းတို့ကို၊ ပိဒဟိတွာ-ပိတ်ပြီး၍၊ ဂမိယဝတ္တံ- ခရီးသွားမည့်ပုဂ္ဂိုလ်၏ ကျင့်ဝတ်ကို၊ ပူရေတွာ- ပြည့်စေ၍၊ ဂန္တဗ္ဗံ-သွားရာ၏။

ပန- ဆက်၊ သေနာသနံ- ကျောင်းကို၊ သစေ ဩဝဿတိ-အကယ်၍ မိုးယိုး စွပ်အပ်သည် ဖြစ်အံ့၊ ဆဒနတ္ထဉ္စ – မိုးခြင်းအကျိုးငှါလည်း၊ (မိုးဘို့ရန်လည်း၊) တိဏံဝါ-မြက်ကိုသော်၎င်း၊ ဣဋ္ဌကာဝါ-အုဋ်ကိုသော်၎င်း၊ အာနီတာ-ဆောင်ယူ

× × × × × × × ×

**တသ္မိံ အသတိ ။** ။ သစေ ဘိက္ခု သာမဏေရော အာရာမိကော စာတိ တယော ဟောန္တိ၊ ဘိက္ခုံ အနာပုစ္ဆိတွာ သာမဏေရောဝါ အာရာမိကောဝါ န အာပုစ္ဆိတဗ္ဗော၊ အထ သာမဏေရော အာရာမိကောစာတိ ဒွေ ဟောန္တိ၊ သာမဏေရံ အနာပုစ္ဆိတွာ အာရာမိကော န အာပုစ္ဆိတဗ္ဗောတိ ဒဿေန္တော အာဟ "ဘိက္ခုမှိ အသတိ" တိ အာဒိ၊ တီသုပိ အသန္တေသု အာပုစ္ဆိတဗ္ဗ ဝိဓိံ ဒဿေတုံ ဝုတ္တံ "တသ္မိမ္ပိ အသတိ"တိ အာဒိ။—ယောဇနာ။

အပ်ကုန်ပြီးသည်၊ (သစေ)ဟောန္တိ၊ သစေ စ ဥဿဟတိ - အကယ်၍မူလည်း မိုးခြင်း၄ါ စွမ်းနိုင်အံ့၊ ["သစေ စ ဥဿဟတိ" ဟု (စ)ရှိလျှင် ကောင်းသည်၊] (ဧဝံသတိ– ဤသို့ ဖြစ်လသော်၊) ဆာဒေတဗ္ဗံ - မိုးရာ၏၊ နောစေ သက္ကောတိ– အကယ်၍ မိုးခြင်း၄ါ မစွမ်းနိုင်အံ့၊ ( ဧဝံသတိ )၊ ယော ဩကာသော– အကြင် အရပ်ကို၊ အနောဝဿကော-မိုယ်းမစွပ်အပ်၊ တတ္ထ-ထိုအရပ်၌၊ မဉ္စပီဌာဒီနိ- အစရှိသည်တို့ကို၊ နိက္ခိပိတွာ- ထားပြီး၍၊ ဂန္တဗ္ဗံ– ရာ၏၊ သဗ္ဗမ္ပိ- အလုံးစုံသော ကျောင်းကိုလည်း၊ (တကျောင်းလုံးကိုလည်း၊) သစေ ဩဝဿတိ – အကယ်၍ မိုယ်းစွပ်အပ်သည်ဖြစ်အံ့၊(ဧဝံသတိ)၊ ဥဿဟန္တေန-စွမ်းနိုင်သောရဟန်းသည်၊ အန္တောဂါမေ - ရွာတွင်း၌၊ ဥပါသကာနံ - တို့၏၊ ဃရေ- အိမ်၌၊ ထပေတဗ္ဗံ– ထားရာ၏၊ တေပိ-ထို ဥပါသကာတို့သည်လည်း၊ ဘန္တေ-အရှင်ဘုရား၊ သံဃိကံ နာမ - သံဃာ့ဉစ္စာမည်သည်၊ ဘာရိယံ - ဝန်လေးပါ၏၊ အဂ္ဂိဒါဟာဒီနံ-အိမ်ကို မီးလောင်ခြင်းအစရှိသည်တို့မှ၊ ဘာယာမ-ကြောက်ပါကုန်၏၊ (အိမ်ကိုမီးလောင် လျှင် သံဃိကပစ္စည်း ပါသွားမှာ စိုးရိမ်ပါသည်-ဟူလို၊) ဇူတိ-ဤသို့လျှောက်၍၊ သစေ န သမ္ပဋိစ္ဆန္တိ-အကယ်၍ လက်မခံလိုကုန်အံ့၊ (ဧဝံသတိ-ဤသို့ လက်မခံ လိုကုန်လသော်၊) အဇ္ဈောကာသေပိ - ၌လည်း၊ ပါသာဏာနံ- ကျောက်တို့၏၊ ဥပရိ- အထက်၌၊ မဉ္စံ- ကို၊ ထပေတွာ – တင်ထားပြီး၍၊ သေသံ – ကြွင်းသော ညောင်စောင်း အင်းပျဉ်စသည်ကို၊ ပုဗ္ဗေ - ၌၊ ဝုတ္တနယေနေဝ - ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင်၊ နိက္ခိပိတွာ - ထားပြီး၍၊ တိဏေဟိစ- မြက်တို့ဖြင့်၎င်း၊ ပဏ္ဏေဟိစ-တို့ဖြင့်၎င်း၊ ပဋိစ္ဆာဒေတွာ-ဖုံးအုပ်၍၊ ဂန္တုံ, ဝဋ္ဋတိ-သင့်၏၊ (မိုယ်းမစွပ် အောင် ဖုံးအုပ်၍ ထားခဲ့ရသည်၊ ) ( ကသ္မာ တိဏေဟိစ ပဏ္ဏေဟိစ ပဋိစ္ဆာဒေ တွာ ဂန္တုံ, ဝဋ္ဋတိ- သင့်သနည်း၊) ဟိ(ယသ္မာ)- ကြောင့်၊ တတ္ထ- ထို ဖုံးအုပ် အပ်သော အိပ်ရာနေရာတို့တွင်၊ ယံ - အကြင် အိပ်ရာနေရာသည်၊ အင်္ဂမတ္တမ္ပိ – အစိတ်အပိုင်းမျှသည်လည်း၊ အဝသိဿတိ- ကြွင်းကျန်လတ့်၊ တံ-ထို ကြွင်းကျန် သော အိပ်ရာနေရာသည်၊ အညေသံ-သွားသောရဟန်းမှတပါးကုန်သော၊ တတ္ထ- ထိုအရပ်သို့၊ အာဂတာနံ-ရောက်လာကုန်သော၊ ဘိက္ခူနံ- တို့အား၊ ဥပကာရံ– လျော်သောကျေးဇူးကို ပြုတတ်သည်၊ ဘဝိဿတိ - လတ့်၊ ဇူတိ - ဤအကျိုးကို ရစေလိုခြင်းကြောင့်၊ (တိဏေဟိစ ပဏ္ဏေဟိစ ပဋိစ္ဆာဒေတွာ ဂန္တုံ ဝဋ္ဋတိ။)

ဝိဟာရဿဥပစာရေတိ အာဒီသု-အစရှိသော ပါဠိရပ်တို့၌၊ ဝိဟာရဿ-၏၊ ဥပစာရေနာမ-ဥပစာမည်သည်၊ ပရိဝေဏံ-ပရိဝုဏ်တည်း၊ [ကျောက်တိုက်ကြီး တခုအတွင်း၌ အသီးအသီး ကျောင်းများ၏ အကာအရံရှိလျှင် ထို အကာအရံ ပရိဝုဏ်သည် ကျောင်းအသီး အသီး၏ ဥပစာတည်း၊ ပရိဝေဏန္တိ ဧကေ ကဿ ဝိဟာရဿ ပရိက္ခေပဗ္ဘန္တရံ၊—ဋီကာ။] ဥပဋ္ဌာနသာလာတိ - ကား၊ ပရိဝေဏ ဘောဇနသာလာ- ပရိဝုဏ်အတွင်း၌ ဆွမ်းစားစရပ်တည်း၊ (ရွာတွင်းက ဆွမ်း

စား စရပ်မဟုတ်- ဟူလို။ ) မဏ္ဍပေါတိ- ကား၊ ပရိဝေဏ မဏ္ဍပေါ– ပရိဝုဏ် အတွင်း၌ မဏ္ဍပ်တည်း၊ (ပရိဝုဏ်ပြင်ဘက်ကမဏ္ဍပ်မဟုတ် ဟူလို။] ရုက္ခမူလန္တိ- ကား၊ ပရိဝေဏရုက္ခမူလံ- ပရိဝုဏ်အတွင်း၌ သစ်ပင်၏ အနီးအောက်တည်း၊ တာဝ-သမာနဝါဒမှ ရှေးဦးစွာ၊ (နိဒ္ဒိဋ္ဌော-သော၊) အယံ နယော-ဤနည်းကို၊ ကုရုန္ဒိဌကထာယံ-၌၊ ဝုတ္တော-အပ်ပြီ။ [ " ဝိဟာရဿ ဥပစာရေနာမ "မှ စ၍ " ပရိဝေဏရုက္ခမူလံ " တိုင်အောင် ကုရုန္ဒီစကားကို ပယ်ရှား၍ မိမိဝါဒကို ပြလိုသောကြောင့် ကိဥ္စာပိဝုတ္တော" စသည် မိန့်။] ကိဥ္စာပိ ဝုတ္တော - အကယ်၍ ကား ဆိုအပ်ပါပေပြီ၊ အထခေါ - ထိုသို့ပင် ဆိုအပ်ပါသော်လည်း၊ အန္တော ဂဗ္ဘောဝါ - အတွင်းအခန်းကိုဂ်င်း၊ အညံ- အခြားသော၊ သဗ္ဗပရိစ္ဆန္နံ- အလုံးစုံ မိုးကာအပ်သော၊ ဂုတ္တသေနာသနံဝါ–လုံခြုံသော ကျောင်းကိုဂ်င်း၊ ဝိဟာရော တိ-ဟူ၍၊ ဝေဒိတဗ္ဗံ-၏၊ ဝိဟာရဿ ဥပစာရေတိ-ကား၊ တဿ-ထို ကျောင်း၏၊ ဗဟိ–ပြင်ဘက်၌၊ အာသန္နေ– အနီးဖြစ်သော၊ ဩကာသေ- အရပ်၌၊ ဥပဋ္ဌာန သာလာယံဝါတိ-ကား၊ ဘောဇနသာလာယံ ဝါ- ဆွမ်းစား စရပ်၌သော်ဂ်င်း၊ မဏ္ဍပေဝါတိ – ကား၊ အပရိစ္ဆိန္နေဝါ ဒိ – ထက်ဝန်းကျင် မကာရံအပ်သည် မူလည်း ဖြစ်သော၊ ပရိစ္ဆန္နေဝါ ဒိ – ထက်ဝန်းကျင် ကာရံအပ်သည်မူလည်း ဖြစ်သော၊ ဗဟုန္နံ-များစွာကုန်သော ရဟန်းတို့၏၊ သန္နိပါတမဏ္ဍပေ - စုဝေးရာ မဏ္ဍပ်၌သော်ဂ်င်း၊ ရုက္ခမူလေ- ၌၊ ဝတ္တဗ္ဗံ - အထူးဖွင့်ဆိုဘွယ်သည်၊ နတ္ထိ။

အာပတ္တိ ဒုက္ကဋဿာတိ (ဧတ္ထ)-၌၊ ဂုဠွတ္ထံ- လျှို့ဝှက်အပ်သော အနက်ကို၊) ဟိ-(ဥဒ္ဓရိတွာ ဒဿေမိ)-ထုတ်၍ပြဦးအံ့၊ ဝုတ္တပ္ပကာရံ-ဆိုအပ်ပြီးသော အပြား ရှိသော၊ ဒသဝိဓံ- ဆယ်ပါး အပြားရှိသော၊ သေယျံ- အိပ်ရာနေရာကို၊ အန္တော ဂဗ္ဘာဒိမှိ – အတွင်းအခန်း အစရှိသော၊ ဂုတ္တဋ္ဌာနေ – လုံခြုံရာ အရပ်၌၊ ပည ပေတွာ-ခင်းပြီး၍၊ ဂစ္ဆန္တဿ-သွားသော ရဟန်း၏၊ (ပါစိတ္တိယံ ဝုတ္တံ-၌စပ်၊) ယသ္မာ- ကြောင့်၊ သေယျာပိ-အိပ်ရာနေရာကိုဂ်င်း၊ သေနာသနမ္ပိ-ကျောင်းကိုဂ်င်း၊ ဥပစိကာဟိ–ခြတို့သည်၊ ပလုဇ္ဇတိ - ဖျက်ဆီးအပ်၏၊ (တနည်း ) သေယျာပိ– သည်ဂ်င်း၊ သေနာသနမ္ပိ- သည်ဂ်င်း၊ ဥပစိကာဟိ- တို့ကြောင့်၊ ပလုဇ္ဇတိ-ပျက်စီး ၏၊ ဝမ္မိကရာသိယေဝ - တောင်ပို့ အစုသည်သာ၊ ဟောတိ၊ [ " ဥပစိကာဟိ ပလုဇ္ဇတိ"ကိုပင်"ဝမ္မိကရာသိ ယေဝ ဟောတိ " ဟု ထပ်ဖွင့်သည်၊ ] တသ္မာ – ကြောင့်၊ ပါစိတ္တိယံ - ပါစိတ်အာပတ်ကို၊ ဝုတ္တံ- ဟောတော်မူအပ်ပြီ၊ ဗဟိပန- ပြင်ပ၌ကား၊ ဥပဋ္ဌာနသာလာဒီသု- ဆွမ်းစားစရပ် အစရှိကုန်သော အရပ်တို့၌၊ ပညပေတွာ- ပြီး၍၊ ဂစ္ဆန္တဿ- ၏၊ (ဒုက္ကဋံ ဝုတ္တံ-၌စပ်၊) သေယျာမတ္တမေဝ– အိပ်ရာနေရာမျှသည်သာ၊ နဿေယျ- ပျက်စီးရာ၏၊ ဌာနဿ- တည်ရာ အရပ်၏၊ အဂုတ္တတာယ- မလုံခြုံသည်၏ အဖြစ်ကြောင့်၊ သေနာသနံ - ကျောင်းသည်၊ န နဿေယျ- မပျက်စီးရာ၊ တသ္မာ-ကြောင့်၊ ဧတ္ထ- ၌ ဥပဋ္ဌာနသာလာ အစရှိသော

အရပ်တို့၌၊ ဒုက္ကဋ်-ဒုက္ကဋ်အာပတ်ကို၊ ဝုတ္တံ-ပြီ၊ မဉ္စပီဌ ဝါတိ ဧတ္ထ- ယသ္မာ-ကြောင့်၊ မဉ္စ ပီဌံ - ကို၊ သဟသာ- အဆောတလျင်၊ ဥပစိကာဟိ – ခြတို့သည်၊ ခါယိတုံ - ခဲစားခြင်းငှါ၊ န သက္ကာ - မတတ်နိုင်၊ တသ္မာ, တံ- ထို ညောင်စောင်း အင်းပျဉ်ကို၊ ဝိဟာရေပိ–ကျောင်းတွင်း၌လည်း၊ သန္ထရိတွာ–ခင်းပြီး၍၊ ဂစ္ဆန္တဿ-၏၊ ဒုက္ကဋံ ဝုတ္တံ၊ ဝိဟာရူပစာရေပန – ကျောင်း၏ ဥပစာ၌ကား၊ တံ – ထို ညောင်စောင်း အင်းပျဉ်ကို၊ ဝိဟာရစာရိကံ - ကျောင်းစဉ် လှည့်လည်ခြင်းကို၊ အာဟိဏ္ဍန္တာပိ – လှည့်လည်ကုန်သော ရဟန်းတို့သည်လည်း၊ ဒိသွာ-၍၊ ပဋိသာမေဿန္တိ-သိမ်း သိမ်းဆည်းကုန်လတံ့၊ (တသ္မာ ဒုက္ကဋံ ဝုတ္တံ-ဟူလို။)

ဥဒ္ဓရိတွာ ဂစ္ဆတီတိ ဧတ္ထ - ပါဠ်၌၊ ဥဒ္ဓရိတွာ - ရုပ်သိမ်း၍၊ ဂစ္ဆန္တေန - သွားသော ရဟန်းသည်၊ မဉ္စပီဌကဝါနံ- ညောင်စောင်းအင်းပျဉ်ငယ်ကို ဖွဲ့ကြက်ကြောင်းဖြစ်သော ကြိမ်,အဝတ်ပြား အစရှိသော၊ သဗ္ဗံ-အလုံးစုံကို၊ အပနေတွာ-ဖယ်ရှား၍၊ သံဟရိတွာ- ခေါက်လိပ်၍၊ စီဝရဝံသေ- သက်နှီးတန်းဝါး၌၊ လဂ္ဂေတွာ-ချိတ်၍၊ ဂန္တဗ္ဗံ - ရာ၏၊ ပစ္ဆာ-နောင်မှ၊ အာဂတ္တွာ-၍၊ ဝသနက ဘိက္ခုနာပိ – နေမည့် ရဟန်းသည်လည်း၊ ပုန- တဖန်၊ မဉ္စဝါ - ကိုသော်၎င်း၊ ပီဌဝါ-ကိုသော်၎င်း၊ ပညပေတွာ- ပြီး၍၊ သယိတွာ- အိပ်ပြီး၍၊ ဂစ္ဆန္တေန - လသော်၊ တထေဝ - ထို ရှေးအတူသာလျှင်၊ ကာတဗ္ဗံ - ပြုရာ၏၊ အန္တေ ကုဋ္ဋတော– နံရံ အတွင်းမှ၊ ဿေယျံ- ကို၊ ဗဟိကုဋ္ဋေ- နံရံပြင်ပ၌၊ ပညပေတွာ - ၍၊ ဝသန္တေန-နေသော ရဟန်းသည်၊ ဂမနကာလေ-ပြန်သွားရာ အခါ၌၊ ဂဟိတဋ္ဌာနေယေဝ-ယူအပ်ရာ အရပ်၌သာလျှင်၊ ပဋိသာမေတဗ္ဗံ-၏၊ ဥပရိပါသာဒတော-ပြာသာဒ်၏ အထက်ထပ်မှ၊ ဩရောပေတွာ-အောက်သို့ ချ၍၊ ဟေဋ္ဌာပါသာဒေ- ပြာသာဒ်၏ အောက်ထပ်၌၊ ဝသန္တဿပိ-၏လည်း၊ ဧသေဝနယော၊ (ယူအပ်ခဲ့ရာ အရပ်၌ သိုမှီးသိမ်းဆည်းထားခဲ့ပါ-ဟူလို၊) ရတ္တိဋ္ဌာန ဒိဝါဋ္ဌာနေသု- ညဉ့်နေရာ နေ့နေရာ တို့၌၊ မဉ္စပီဌံ- ညောင်စောင်းအင်းပျဉ်ကို၊ ပညပေတွာပိ- ခင်းပြီး၍လည်း၊ ဂမန ကာလေ-သွားရာအခါ၌၊ ပုန - တဖန်၊ ဂဟိတဋ္ဌာနေယေဝ -ယူအပ်ရာ အရပ်၌ သာလျှင်၊ ထပေတဗ္ဗံ-ပြန်ထားရာ၏။

အာပုစ္ဆံ ဂစ္ဆတီတိ ဧတ္ထ-၌၊ အယံ-ဤဆိုအပ်လတံ့ကား၊ အာပုစ္ဆိတဗ္ဗာနာ ပုစ္ဆိတဗ္ဗဝိနိစ္ဆယော-ပန်ပြောထိုက် မပန်ပြောထိုက် အဆုံးအဖြတ်တည်း၊ တာဝ-ပါသာဏ ပိဋ္ဌိ စသည်တို့မှ ရှေးဦးစွာ၊ (နိဒ္ဒိဋ္ဌာယံ-သော၊) ဘူမိယံ-မြေပေါ်၌၊ ယာ ဒီဃသာလာဝါ- အကြင် တန်းလျားရှည်စရပ်သည် သော်၎င်း၊ ယာ ပဏ္ဏ

× × × × × × × × ×

မဉ္စပီဌကဝါနံ။ ။ယေန မဉ္စဝါ ပီဌဝါ ဝိနန္တိ၊ တံ မဉ္စပီဌကဝါနံ၊ ယေန– အကြင် အဝတ်ပြား,ကြိမ်စသည်ဖြင့်၊ မဉ္စဝါ–ညောင်စောင်းကိုသော်၎င်း၊ ပီဌဝါ–အင်းပျဉ်ကို သော်၎င်း၊ ဝိနန္တိ–ဖွဲ့ကြက်ကြကုန်၏၊ တံ–ထိုဖွဲ့ကြက်ကြောင်းဖြစ်သော ကြိုးအဝတ်ပြား ကြိမ်စသည်သည်၊ မဉ္စပီဌကဝါနံ-မည်၏၊ ဤဋီကာအတိုင်း"မဉ္စပီဌကဝါနံ"ဟု ရှိပါစေ။

သာလာဝါ-အကြြင် သစ်ရွက်မိုးစရပ်သည် သော်၎င်း၊ ဟောတိ-ရှိ၏၊ ရုက္ခတ္ထမ္ဘေ သု - သစ်သားတိုင်တို့၌၊ ယံ ကတဂေဟံဝါ – အကြြင် ဆောက်လုပ်အပ်သော ကျောင်းသည် သော်လည်း၊ ဥပစိကာနံ - ခြတို့၏၊ ဥဋ္ဌာနဋ္ဌာနေ - ပေါ်ထွက်ရာ အရပ်၌၊ ( ခြပေါ်သော အရပ်၌၊ ) ဟောတိ -၏၊ ( " ဥဋ္ဌာနဋ္ဌာနံ " မရှိသင့်၊ ) တတော - ထိုစရပ် ထိုကျောင်းမှ၊ ( ဒီဃသာလာ , ပဏ္ဏသာလာ , ခြပေါ်သော အရပ်၌ ဆောက်အပ်သောကျောင်းမှ၊ ) ပက္ကမန္တေန-ဖဲသွားသော ရဟန်းသည်၊ အာပုစ္ဆိတဗ္ဗာဝ - ပန်ပြော၍သာလျှင်၊ ပက္ကမိတဗ္ဗံ - ဖဲသွားရာ၏၊ ( ပက္ကမန္တေန တာဝဟု တာဝပါနေသည်ကား ပိုဟန်တူသည်၊ )ဟိ-မှန်၊တသ္မိံ -ထိုကျောင်းကို၊ ကတိပယာနိ - အနည်းငယ်ကုန်သော၊ ဒိဝသာနိ - ရက်တို့ပတ်လုံး၊ အဇဂ္ဂိယ မာနေ - မသုတ်သင်အပ်သော်၊ ဝမ္မိကာဝ - တောင်ပို့ တို့သည်သာ၊ သန္တိဋ္ဌန္တိ- ကောင်းစွာတည်ကုန်၏။ [ကေဝုစ်ရှိလျှင် ကောင်း၏။]

ပန- ကား၊ ပါသာဏပိဋ္ဌိယံ ဝါ - ကျောက်ဖျာပေါ်၌သော်၎င်း၊ ပါသာဏ ထ္တမ္ဘေသုဝါ-ကျောက်တိုင်တို့၌ သော်၎င်း၊ ယံ ကတသေနာသနံ-အကြြင်ဆောက်လုပ် အပ်သော ကျောင်းသည်သော်၎င်း၊ ယံ သိလုစ္စယလေဏံဝါ - အကြြင် တောင်၌ လှိုဏ်ဂူသည်သော်၎င်း၊ ယံ သုဓာလိတ္တသေနာသနံဝါ - အကြြင် အင်္ဂတေတို့ဖြင့် လိမ်းကျံအပ်သော ကျောင်းသည်သော်၎င်း၊ (အတ္ထိ)၊ ယတ္ထ - အကြြင်ကျောင်း ၌၊ ဥပါိကာသင်္ကာ- ခြတို့၌ဖြစ်သော ယုံမှားဘွယ်သည်၊ နတ္ထိ၊(ခြတက်လိမ့်မည် ဟု ယုံမှားစရာမရှိ- ဟူလို၊ ) တတော- ထိုကျောင်းမှ၊ ပက္ကမန္တဿ- ဖဲသွားသော ရဟန်း၏၊ အာပုစ္ဆိတ္ဗာပိ- ၍၎င်း၊ အနာပုစ္ဆိတ္ဗာပိ- ဘဲ၎င်း၊ ဂန္တုံ ဝဋ္ဋတိ၊ ပန- ထိုသို့ပင် အပ်ပါသော်လည်း၊ အာပုစ္ဆနံ- ပန်ပြောခြင်းသည်၊ ဝတ္တံ- ကျင့်ဝတ် တည်း၊ တာဒိသေပိ- ထိုကဲ့သို့ ရှုအပ်သည်လည်း ဖြစ်သော၊ [ပိသည် သမ္ဘာဝနာ၊ ခြတက်ဘို့ ယုံမှားဘွယ် မရှိသည်ကို သမ္ဘာဝနာ ပြုသည်။] သေနာသနေ – ၌၊ ဧကေန- တဖက်သော၊ ပဿေန - နံပါးဖြင့်၊ ဥပစိကာ - တို့သည်၊ သစေ အာရော ဟန္တိ- နအံ့၊ (စေ်သတိ)၊ အာပုစ္ဆိတဗ္ဗာဝ- ပန်ပြော၍သာ၊ ဂန္တဗ္ဗံ- ရာ၏။

ပန– ဆက်၊ အာဂန္တုကော – အာဂန္တုကဖြစ်သော၊ ယောဘိက္ခု - သည်၊ သံဃိကံ-သံဃိကဖြစ်သော၊ သေနာသနံ-ကို၊ ဂဟေတွာ- သိမ်းခြားယူ၍၊ ဝသန္တံ- နေသော၊ ဘိက္ခုံ-သို့၊ အနုဝတ္တန္တော-အစဉ်လိုက်လျက်၊ အတ္တနော-ဘို့၊ သေနာ သနံ-ကို၊ အဂ္ဂဟေတွာ - သိမ်းခြားမယူဘဲ၊ ဝသတိ - ၏၊ ယာဝ- လုံး၊ သော-ထို အာဂန္တုကရဟန်းသည်၊ (သေနာသနံ) န ဂဏှတိ-သိမ်းခြားမယူသေး၊ တာဝ- ထို မယူသေးသမျှ ကာလပတ်လုံး၊ တံ သေနာသနံ-ထိုကျောင်းသည်၊ ပုရိမဘိက္ခု သောဝ- ရှေ့ဖြစ်သော ရဟန်း၏သာ၊ ပလိဗောဓော - တည်း၊ ယဒါပန-အကြြင် အခါ၌ကား၊ သော-ထို အာဂန္တုကရဟန်းသည်၊ သေနာသနံ-ကို၊ ဂဟေတွာ- သိမ်းခြားယူ၍၊ အတ္တနော- ၏၊ ဇဂ္ဂိယေန- အစိုးရသူ၏ အဖြစ်ဖြင့်၊ ဝသတိ-၏၊

တတော-ထိုအခါမှ၊ ပဌာယ-၍၊ အာဂန္တုကသေဝ-အာဂန္တုကရဟန်း၏သာ၊ ပလိဗောဓော-တည်း၊ ဥဘောပိ-အာဂန္တုက အာဝါသိကရဟန်း ၂ ပါးတို့သည်လည်း၊ ဝိဘာဇိတွာ-ခွဲခြားဝေဘန်၍၊ (ကျောင်းတကျောင်းထည်း၌ ဤဘက်အပိုင်းက အရှင်ဘုရားတို့, ဤဘက်အပိုင်းက တပည့်တော်တို့ ဟု ခွဲခြားဝေဘန်၍၊ ) သစေ ဂဏ္ဍန္တိ-အကယ်၍ ယူကုန်အံ့၊ (ဓေဝံသတိ၊) ဥဘိန္နမ္ပိ-အာဂန္တုက,အာဝါသိက ရဟန်း ၂ ပါး တို့၏လည်း၊ ပလိဗောဓော - တည်း၊ ပန - ဝါဒန္တရကား၊ မဟာပစ္စရိယံ-၌၊ ဝုတ္တံ-ပြီ၊ (ကိံ-အဘယ်သို့ဆိုအပ်သနည်း၊) ဒွတ္တယော-၂ ပါး ၃ ပါးကုန်သော ရဟန်းတို့သည်၊ ဧကတော- တပေါင်းတည်း၊ ဟုတွာ၊ သစေ ပညပေန္တိ-အကယ်၍ ခင်းကုန်အံ့၊ (ဓေဝံသတိ-သော်၊) ဂမနကာလေ- ပြန်သွားရာ အခါ၌၊ သဗ္ဗေဟိပိ- အလုံးစုံကုန်သော ရဟန်းတို့သည်လည်း၊ အာပုစ္ဆိတဗ္ဗံ-ရာ၏၊ တေသု-ထိုရဟန်းတို့တွင်၊ ပဌမံ-ရှေးဦးစွာ၊ ဂစ္ဆန္တော-သွားသောရဟန်းသည်၊ ပစ္ဆိမော-နောဲဖြစ်သောရဟန်းသည်၊ ဇဂ္ဂိဿတိ- စောင့်ရှောက်လိမ့်မည်၊ ဣတိ-ဤသို့၊ အာဘောဂံ-နှလုံးသွင်းမှုကို၊ ကတွာ-၍၊ စေ ဂစ္ဆတိ-အံ့၊(ဓေဝံသတိ) ဝဋ္ဋတိ၊ ပစ္ဆိမဿ-နောက်ဆုံးဖြစ်သော ရဟန်း၏၊ အာဘောဂေန-နှလုံးသွင်းခြင်းကြောင့်၊ မုတ္တိ- အာပတ်မှ လွတ်မြောက်ခြင်းသည်၊ နတ္ထိ၊ ( နောက်ဆုံးရဟန်းမှာ မိမိ၏နောက်၌ စောင့်ရှော့မည့်သူ မရှိသောကြောင့် "နောက်ပုဂ္ဂိုလ် စောင့်ရှော့ လိမ့်မည်"ဟု အာဘောဂပြုသော်လည်း အာပတ်မှမလွတ်-ဟူလို၊) ဗဟူ-များစွာ ကုန်သော ရဟန်းတို့သည်၊ ဧကံ - ရဟန်းတပါးကို၊ ပေသေတွာ – စေလွှတ်၍၊ သန္ထရာပေန္တိ- ခင်းစေကုန်အံ့၊ ဂမနကာလေ - ပြန်သွားရာအခါ၌၊ သဗ္ဗေဟိဝါ- အလုံးစုံသော ရဟန်းတို့သည် သော်လည်း၊ အာပုစ္ဆိတဗ္ဗံ- ရာ၏၊ ဧကံ- ရဟန်း တပါးကို၊ ပေသေတွာဝါ- စေလွှတ်၍ သော်လည်း၊ အာပုစ္ဆိတဗ္ဗံ- ရာ၏၊ ( ဤ၌ ဣတိထည့်၍ "မဟာပစ္စရိယံ ပန ဝုတ္တံ"ဟု ပြန်လှည့်သင့်၏–ဟု ထင်သည်။)

အညတော—အခြားသော ကျောင်းမှ၊ မဉ္စပီဌာဒီနိ-ညောင်စောင်းအင်းပျဉ် အစရှိသည်တို့ကို၊ အာနေတွာ- ဆောင်ယူ၍၊ အညတြ-အခြားသော ကျောင်း၌၊ ဝသိတွာပိ-နေပြီး၍လည်း၊ ဂမနကာလေ - ပြန်သွားရာ အခါ၌၊ တတ္ထေဝ - ထို မူလကျောင်းသို့သာ၊ နေတဗ္ဗာနိ - ပြန်ဆောင်ထိုက်ကုန်၏၊ အညာဝါသတော- အခြားသော နေရာမှ၊ အာနေတွာ-၍၊ ဝသမာနဿ- နေစဉ်၊ အညော - သော၊ ဝုဍ္ဎတရော- သီတင်းကြီးသူသည်၊ သစေ အာဂစ္ဆတိ-အံ့၊(ဓေဝံသတိ)န ပဋိဗာဟိတဗ္ဗော - ထိုက်၊ ဘန္တေ- ရား၊ မယာ - တပည့်တော်သည်၊ အညာဝါသတော- အခြားသော နေရာမှ၊ အာနီတံ - ဆောင်ယူအပ်ပါပြီ၊ ပါကတိကံ - ပင်ကိုယ် သဘောရှိသည်ကို၊ ကရေယျာထ- ပြုရစ်ပါကုန်၊ ဣတိ- သို့၊ ဝတ္တဗ္ဗံ- လျှောက်ရာ ၏၊ တေန- ထို သီတင်းကြီးသူသည်၊ ဧဝံ- ဤသင်ပြောသည့်အတိုင်း၊ ကရိဿာမိ- အံ့၊ ဣတိ-သို့၊ သမ္ပဋိစ္ဆိတေ-ဝန်ခံအပ်သော်၊ ဣတရဿ-အခြားသောသီတင်းငယ်

ရဟန်းအား၊ ဂန္တုံ ဝဋ္ဋတိ၊ ဧဝံ-သို့၊ အညတ္ထ-အခြားသောအရပ်သို့၊ ဟရိတွာပိ-ဆောင်ယူ၍လည်း၊ သံဃိကပရိဘောဂေန - သံဃိကပစ္စည်းကို သုံးဆောင်နည်းဖြင့်၊ ပရိဘုဉ္ဇန္တဿ - သုံးဆောင်စဉ်၊ နဋ္ဌံဝါ - ပျောက်သော အိမ်ရာနေရာသည် သော်၎င်း၊ ဇိဏ္ဏံဝါ- ဆွေးမြည့်သော အိပ်ရာနေရာ သည်သော်၎င်း၊ စောရေဟိ-ခိုးသူတို့သည်၊ ဟဋံဝါ- ဆောင်ယူအပ်သော အိပ်ရာနေရာသည်သော်၎င်း၊ ဂီဝါ-ဘဏ္ဍာစားသည်၊ နဟောတိ-မဖြစ်၊ ပန-ကား၊ ပုဂ္ဂလိကပရိဘောဂေန- ပုဂ္ဂလိက ပစ္စည်းကို သုံးဆောင်နည်းဖြင့်၊ ပရိဘုဉ္ဇန္တဿ- သုံးဆောင်စဉ်၊( နဋ္ဌံဝါ ဇိဏ္ဏံဝါ စောရေဟိ ဟဋံဝါ ) ဂီဝါ ဟောတိ၊ အညဿ - အခြားပုဂ္ဂိုလ်၏၊ မဉ္စပီဌံပန-ညောင်စောင်းအင်းပျဉ်ကိုကား၊ သံဃိက ပရိဘောဂေနဝါ - သံဃိက ပစ္စည်းကို သုံးဆောင်နည်းဖြင့်သော်၎င်း၊ ပုဂ္ဂလိက ပရိဘောဂေနဝါ - ပုဂ္ဂလိကပစ္စည်းကို သုံးဆောင်နည်းဖြင့်သော်၎င်း၊ ပရိဘုဉ္ဇန္တဿ- သုံးဆောင်စဉ်၊ နဋ္ဌံ-ပျောက်သော ညောင်စောင်းအင်းပျဉ်သည်၊ ဂီဝါယေဝ- ဘဏ္ဍာစားသာတည်း၊ (ဧတိ-ကား၊ အာပုစ္ဆိတမ္ပာနာပုစ္ဆိတဗ္ဗပိနိစ္ဆယော-တည်း။)

ကေနစိ ပလိဗုဒ္ဓံ ဟောတိတိ-ကား၊ ဝုဍ္ဎတရဘိက္ခုပေ၊ သပ္ပါဒီသု-သီတင်းကြီး ရဟန်း , အစိုးရသူ , ဘီလူး , ခြင်္သေ့ , သားရဲ , မြွေဟောက် အစရှိသည်တို့တွင်၊ ယေနကေနစိ- အမှတ်မရှိ တစုံတခုသည်၊ သေနာသနံ- သည်၊ ဝါ-ကို၊ ပလိဗုဒ္ဓံ-နှောက်ရှက်အပ်သည်၊ ဟောတိ- အံ့၊ သာပေက္ခော ၊ ပေ ၊ ဟောတိတိ - ကား၊ အဇ္ဇေဝ - ယနေ့၌ပင်၊ အာဂန္တွာ - ပြန်လာ၍၊ ပဋိ ဇဂ္ဂိဿာမိ - သုတ်သင်အံ့၊ ( ရှင်သိမ်းအံ့၊ ) ဣတိဧဝံ- သို့၊ သာပေက္ခော- ငဲ့ကွက်ခြင်းရှိသည်၊ ( ဟုတ္တွာ၊ ) နဒိပါရံ ဝါ- မြစ်၏ တဖက်ကမ်းသို့ သော်၎င်း၊ ဂါမန္တရံဝါ- ရွာတပါးသို့သော်၎င်း၊ ဂန္တွာ- သွားပြီး၍ ( သွားပြီးနောက် )၊ ယတ္ထ- အကြင် အရပ်၌၊ အဿ-ထိုရဟန်း၏၊ ဂမနစိတ္တံ- ခရီးသွားကြောင်းစိတ်သည်၊(ဆက်လက်၍ ခရီးသွားလိုသော စိတ်သည်၊) ဥပ္ပန္နံ- ဖြစ်ပြီ၊ တတ္ထေဝ-ထိုအရပ်၌ပင်၊ ဌိတော- တည်လျက်၊ ကဉ္စိ-တစုံတယောက်ကို၊ ပေသေတွာ-စေလွှတ်၍၊ အာပုစ္ဆတိ-အံ့၊[သာပေက္ခော ၊ ပေ ၊ အာပုစ္ဆတိ၏ အဖွင့်၊ ] နဒီပူရရာဇစောရာဒီသု - မြစ်ရေ ပြည့်ခြင်း, မင်း, ခိုးသူ အစရှိသည်တို့တွင်၊ ကေနစိဝါ – တစုံတခုသည် သော်လည်း၊ ပလိဗုဒ္ဓေါ ဥပဒ္ဒုတော - နှိပ်စက်အပ်သည်၊ ဟောတိ - အံ့၊ ပစ္စာဂန္တုံ - ပြန်လာခြင်းငှါ၊ န သက္ကောတိ - အံ့၊ [ ပါဠိတော်၌ ကေနစိ ပလိဗုဒ္ဓေါ အဖွင့်၊ ] ဧဝံ ဘူတဿပိ-ဤသို့ဖြစ်သော ရဟန်း၏လည်း၊ အနာပတ္တိ၊ သေသံ-ကြွင်းသောအစီအရင်သည်၊ သမုဋ္ဌာနာဒိဟိ- သမုဋ္ဌာန်အစရှိသည်တို့နှင့်၊ သဒ္ဓိံ-တကွ၊ ပဌမသိက္ခာပဒေ- ၌၊ ဝုတ္တနယမေဝ - ဆိုအပ်ပြီးသော နည်းရှိသည်သာ၊ ဣတိ-အပြီးတည်း။....ပဌမံ-သော၊ ဒုတိယ သေနာသန သိက္ခာပဒံ- တည်း။

## အနုပခဇ္ဇ သိက္ခာပုဒ်

ဆဋ္ဌသိက္ခာပဒေ-၌၊ ပလိဗုဒ္ဓေန္တိတိ-ကား၊ ပဌမတရံ–ရှေးဦးစွာ၊ ဂတွာ–သွားပြီး၍၊ ပတ္တစီဝရံ-ကို၊ အတိဟရိတွာ-ရှေးရှုဆောင်ယူ၍၊ ရုန္ဓိတွာ-ပိတ်ဆို့၍၊ တိဋ္ဌန္တိ-တည်နှင့်ကြကုန်၏၊ ထေရာ ဘိက္ခူ ဝုဍ္ဍာပေန္တိတိ-ကား၊ အာဝုသော-ငါ့ရှင်တို့၊ အမှာကံ– ငါတို့၏ (အထံသို့)၊ (သေယျာ-အိပ်ရာနေရာသည်၊) ပါပုဏာတိ - ရောက်၏၊ ဣတိ - ဤသို့ ပြော၍၊ ဝဿဂ္ဂေန - ဝါ အပိုင်းအခြားအားဖြင့်၊ ဝါ - ဝါစဉ်အားဖြင့်၊ ဂဟေတွာ- ၍၊ ဝုဋ္ဌာပေန္တိ- ထစေကြကုန်၏၊ အနုပခဇ္ဇသေယျံ ကပ္ပေန္တီတိ- ကား၊ ဘန္တေ- အရှင်ဘုရားတို့၊ တုမှာကံ- အရှင်ဘုရားတို့၏ (အထံသို့)၊ မဉ္စဋ္ဌာနံယေဝ-ညောင်စောင်းတည်ရာ အရပ်သည်သာ၊ ပါပုဏာတိ- ရောက်၏၊ သမ္ဗော- သော၊ ဝိဟာရော- သည်၊ န (ပါပုဏာတိ)–မရောက်ပါ၊ အမှာကံ - တပည့်တော်တို့၏ (အထံသို့)၊ ဒါနိ- ယခုအခါ၌၊ ဣဒံ ဌာနံ - ဤ ကြွင်းကျန်သော အရပ်သည်၊ ပါပုဏာတိ- ၏၊ ဣတိ– ဤသို့ ပြော၍၊ အနုပဝိသိတွာ - အနီးသို့ကပ်ဝင်၍၊ (အနုပခဇ္ဇ၏အဖွင့်၊) မဉ္စပီဌံ–ကို၊ ပညပေတွာ- ၍၊ နိသီဒန္တိပိ- ထိုင်လည်း ထိုင်ကြကုန်၏၊ နိပဇ္ဇန္တိပိ- လျောင်းလည်း လျောင်းကြကုန်၏၊ သဇ္ဈာယမ္ပိ - စာအံခြင်းကိုလည်း၊ ကရောန္တိ - ပြုကြကုန်၏။

ယာမကာလိကာဒီသု- ယာမကာလိက အစရှိသော အာဟာရတို့တွင်၊ ယံ- အကြောင် အာဟာရကို၊ အဇ္ဈောဟာရေ အဇ္ဈောဟာရေ- စားမျိုတိုင်း စားမျိုတိုင်း ၌၊ ဒုက္ကဋံ- ဒုက္ကဋ်အာပတ်သည်၊ ( ဟောတိ )၊ တံ- ထို အာဟာရကို၊ အသံသဋ္ဌ ဝသေန-ဆွမ်းစသောအာမိသနှင့် မရောအပ်သော ခဲဘွယ်ဘောဇဉ်၏အစွမ်းဖြင့်၊ ဝုတ္တံ-ဟောတော်မူအပ်ပြီ၊ ပန-ဆက်၊ အာမိသသံသဋ္ဌာနိ- ဆွမ်းစသော အာမိသ နှင့် ရောအပ်ကုန်သည်၊ သစေဟောန္တိ-ကုန်အံ့၊(ဧဝံသတိ)၊ အာဟာရတ္ထာယပိ- အာဟာရအကျိုးငှါသော်ငင်း၊အနာဟာရတ္ထာယပိ-အာဟာရအကျိုးငှါ မဟုတ် သော်ငင်း၊ ပဋိဂ္ဂဟေတွာ – အကပ်ခံပြီး၍၊ အဇ္ဈောဟရန္တဿ – စားမျိုသော ရဟန်း၏၊ ပါစိတ္တိယမေဝ- သည်သာ၊ (ဟောတိ)၊ [ဆီစသည်ကို ခြေနယ် ဆီ စသည်လုပ်၍ အပြင်ဘက်၌သုံးစွဲဘို့ရန် အကျိုးကို“အနာဟာရတ္ထ”ဟု ဆိုသည်။] သတိပစ္စယတိ – ကား၊ ယာမကာလိကံ – ယာမကာလိကကို၊ ပိပါသာယ– မွတ်သိပ်ဆာလောင် ခြင်းသည်၊ သတိ - ရှိလသော်၊ ပိပါသစ္ဆေဒနတ္ထံ - မွတ်သိပ် ဆာလောင်ခြင်းကို ဖြတ်ခြင်းအကျိုးငှါငင်း၊ သတ္တာဟကာလိကံ- ကိုငင်း၊ ယာဝ ဇီဝိကဉ္စ-ကိုငင်း၊ တေန တေန- ထိုထိုဆေးဖြင့်၊ ဥပသမေတဗ္ဗကေ- ငြိမ်းပျောက် စေထိုက်သော၊ အာဗာဓေ- အနာသည်၊ သတိ- ရှိလသော်၊ တဿ- ထိုအနာ၏၊

ဥပသမန္နတ္တိ-ငြိမ်းပျော်ခြင်းအကျိုးငှါငှင်း၊ ပရိဘုဥ္ဇတော-၏၊ အနာပတ္တိ၊ သေသံ ၊ပေ၊ တိဝေဒနန္တိ။.... ပဌမ ပဝါရဏာသိက္ခာပဒံ ပဌမံ။

× × × × × × ×

**သတိပစ္စယ။** ။သတိပစ္စယေကို "ယာမကာလိကံ ၊ပေ၊ အာဗာဓေ သတိ" ဟု ဖွင့်၏၊ ယာမကာလိက (ညဥ့်ယာမ်ကာလ၌ သုံးဆောင်ထိုက်သော) ဖျော်ရည်စသည် အတွက် ဗိပါသ (ရေဆာသကဲ့သို့ ဆာလောင်မွတ်သိပ်ခြင်း) သည် ပစ္စယတည်း၊ ထိုသို့ ဆာခြင်းဟူသော အကြောင်းရှိမှ အဆာပြေအောင် သောက်ကောင်းသည်၊ မဆာဘဲ သက်သက် အရသာခံလို၍ ဘိလပ်ရည် စသည်ကို မသောက်ကောင်း၊ သတ္တာဟကာလိက ( တခါ အကပ်ခံထားလျှင် ၇ ရက်ပတ်လုံး သုံးဆောင် ကောင်းသော )၊ သကြား ထန်းလျက် ကြံသကာ စတုမဓု စသည်အတွက် လေနာခြင်း အားနည်းခြင်း စသော ရောဂါရှိမှ ထိုရောဂါပျောက်အောင် သုံးစားကောင်း၏၊ သက်သက်စားလို၍ သို့မဟုတ် ဆာရုံမျှဖြင့် မစားကောင်း။

ယာဝဇီဝိက (တခါ အကပ်ခံထားလျှင် တသက်လုံး သုံးစွဲနိုင်သော) လျက်ဆား စသည် အတွက်လည်း ရောဂါရှိမှ သုံးစွဲကောင်း၏၊ ဇီးဖြူသီး ဖန်ခါးသီး စသော အသီး,ဆေးရွက် ကွမ်းရွက်စသော အရွက်,ဂျင်း နှမ်း ကြက်သွန်စသော အတက်အဒု များသည် ယာဝဇီဝိက ဖြစ်ကြ၏၊ ထို အသီးများ ထို အရွက်များကိုလည်း သက်ဆိုင် သော ရောဂါရှိမှ ထိုရောဂါ ပျောက်ကင်းအောင် သက်သာအောင် သုံးစွဲကောင်း၏၊ သက်ဆိုင်သောရောဂါ မရှိဘဲ ကွမ်း ဆေး ဂျင်းသုတ် စသည်ကို နေ့လွဲအခါ သုံးစွဲလျှင် နေ့ံ ဝိကာလဘောဇနသိက္ခာပုဒ်၏ အာပတ္တိဝါရအရ အကပ်ခံရုံဖြင့် ဒုက္ကဋ်, စားတိုင်း သောက်တိုင်းလည်း ဒုက္ကဋ်အာပတ်သင့်၏။

**မှတ်ချက်။** ။"သတိပစ္စယေ=ပစ္စဝေက္ခဏာဆင်ခြင်မှု သတိရှိသော်၊ ပရိဘုဥ္ဇတိ- သုံးဆောင်အံ့၊ အနာပတ္တိ"ဟု အနက်ပေး၍ "ပစ္စယ"အရ ဗိပါသ-ဝေလညအကြောင်း ကို မယူဘဲ ပစ္စဝေက္ခဏာ ဆင်ခြင်မှုသတိကိုယူ၍ အလွဲအမှား ဆုံးဖြတ်ထားကြ၏၊ ထို အဆုံးအဖြတ်၏ သင့် မသင့်ကို ဤအဋ္ဌကထာအဖွင့် ကြည့်၍ စဉ်းစားပါ။ [အဘယာ ရာမ ဆရာတော် ဆုံးဖြတ်တော်မူအပ်သော သတိပစ္စယ အဆုံးအဖြတ်ကိုလည်း ရှုပါ။]

---

## ဒုတိယပဝါရဏာ သိက္ခာပုဒ်

ဆဋ္ဌသိက္ခာပဒေ - ၌၊ အနာစာရံ အာစရတိတိ - ကား၊ ပဏ္ဏတ္တိဝီတိက္ကမံ- ပညတ်တော်ကို ကျူးလွန်မှုကို၊ ကရောတိ - ပြု၏၊ ဥပနန္ဓိတိ - ကား၊ ဥပနာဟံ- ကပ်၍ ဖွဲ့တတ်သောဒေါသကို၊ ဝါ- ရန်ငြိုးကို၊ ဇနေနေ္တာ- ဖြစ်စေလျက်၊ တသ္မိံ ပုဂ္ဂလေ- ၌၊ အတ္တနော- ၏၊ ကောဓံ - ဒေါသကို၊ ဗန္ဓိ-ဖွဲ့ပြီ၊ ပုနပ္ပုနံ- အဖန်ဖန် အထပ်ထပ်၊ အာဃာတံ- ဒေါသကို၊ ဇနေသိ- ဖြစ်စေပြီ၊ ဣတိအတ္ထော။[ပုဂ္ဂိုလ် တယောက်၏ အပေါ်၌ မကြာမကြာ ဒေါသဖြစ်နေခြင်းကို "ရန်ငြိုးဖွဲ့သည်"ဟု ခေါ်သည် - ဟူလို။] ဥပနဒ္ဓေါ ဘိက္ခုတိ- ကား၊ ဇနိတဥပနာဟော- ဖြစ်စေအပ် သော ရန်ငြိုးရှိသော၊ ဘိက္ခု - သည်၊ အဘိဟဋ္ဌုံ ပဝါရေယျာတိ- ကား၊ အဘိ

ဟရိတွာ- ရှေးရှုဆောင်ယူ၍၊ (ပဝါရေယျာ၌စပ်၊) ဘိက္ခု- ရဟန်း၊ ဟန္ဒ-ရော့၊ ခါဒဝါ- ခဲမူလည်း ခဲပါလော၊ ဘုဉ္ဇဝါ- စားမူလည်း စားပါလော၊ ဣတိဝံ- သို့၊ ပဝါရေယျ- ဖိတ်မန်အံ့၊ ပဒဘာဇနေ ပန- ၌ကား၊ ဟန္ဒဘိက္ခုတိ အာဒိံ- အစ ရှိသော စကားကို၊ အနုဒ္ဓရိတွာ- ထုတ်ဆောင်တော်မမူဘဲ၊ သာခရဏာ မေဝ- ဆက်ဆံသည်သာလျှင်ဖြစ်သော၊ [ဟန္ဒဘိက္ခု ခါဒဝါတိ အာဒိနာ ဝုတ္တပဝါရဏာ ယ သာခရဏံ၊ အတ္ထံ၌စပ်။] အဘိဟဋ္ဌုံ ပဝါရဏာယ- အဘိဟဋ္ဌုံ ပဝါရဏာ ၏၊ အတ္ထံ- အနက်ကို၊ ဒဿေတုံ-ငှါ၊ ယာဝတကံ၊ပေ၊ ဂဏှာဟီတိ- ဟူ၍၊ ဝုတ္တံ- မိန့်တော်မူအပ်ပြီ။

ဇာနန္တိ-ကား၊ ပဝါရိတဘာဝံ-ပဝါရိတ်သင့်ပြီးသူ၏ အဖြစ်ကို၊ ဇာနန္တော- သိလျက်၊ ( ပဝါရေယျာ၌စပ်၊ ) ပန-ဆက်၊ အဿ-ထို ရဟန်း၏၊ တံဇာနနံ-ထို သိခြင်းသည်၊ ယသ္မာ- ကြောင့်၊ တီဟိ-ကုန်သော၊ အာကာရေဟိ- အကြောင်းတို့ ကြောင့်၊[ကိုယ်တိုင်သိခြင်း,သူတပါးကပြော၍ သိခြင်း,ပဝါရိတ်သင့်သောရဟန်း ကိုယ်တိုင်က ပြော၍သိခြင်း အားဖြင့် ၃ ပါးကုန်သော အကြောင်းတို့ကြောင့်။] ဟောတိ—၏၊ တသ္မာ-ကြောင့်၊ ဇာနာတိနာမ သာမံဝါဇာနာတိတိ အာဒိနာ— အစရှိသော၊ နယေန-ဖြင့်၊ပဒဘာဇနံ-ကို၊(ဘဂဝတာ)ဝုတ္တံ-ပြီ၊ အာသာဒနာ ပေက္ခောတိ-ကား၊ အာသာဒနံ စောဒနံ-အပြစ်တင်ခြင်းကို၊ မင်္ကုကရဏဘာဝံ- မျက်နှာမသာယာအောင် ပြုတတ်သည်၏ အဖြစ်ကို၊ အပေက္ခမာနော-ရှုငဲ့သည်၊ ( ဟုတွာ ပဝါရေယျ ) [ အာသာဒနာပုဒ်၏ အဖွင့်ကို ကင်္ခါဘာသာဋီကာ၌ ပြထားပြီ။] ပဋိဂ္ဂဏှာတိ ၊ပေ၊ ဒုက္ကဋဿာတိ–ကား၊ ယဿ-အကြင်ရဟန်းဘို့၊ အဘိဟဋံ- ရှေးရှုဆောင်ယူအပ်ပြီ၊ တသ္မိံ – ထို ရဟန်းသည်၊ ပဋိဂ္ဂဏှန္တေ-ခံယူ လသော်၊ အဘိဟာရကဿ-ရှေးရှုဆောင်ယူလာသော၊ ဘိက္ခုနော-၏၊ ဒုက္ကဋံ- သည်၊ (ဟောတိ)၊ ပန- ကား၊ ဣတရဿ- ရှေးရှုဆောင်ယူလာသော ရဟန်းမှ အခြားသော ရဟန်း၏၊ သဗ္ဗော— သော၊ အာပတ္တိဘေဒေါ—အာပတ်အပြားကို၊ ပဌမသိက္ခာပဒေ - ပဌမပဝါရဏာ သိက္ခာပုဒ်၌၊ ဝုတ္တော - ပြီ၊ [ “ ဣတရဿ” ဟူသည် ပဝါရိတ်သင့်သောရဟန်းတည်း၊ ထိုရဟန်းမှာ သင့်ထိုက်သောအာပတ် အပြားသည် ပဌမ ပဝါရဏာသိက္ခာပုဒ်နှင့်ဆိုင်သော အာပတ်ချည်းဖြစ်၍ ထို သိက္ခာပုဒ်၌ ဆိုအပ်သည့်အတိုင်းသိပါ-ဟူလို။]ပန-ဆက်၊ ဣမသ္မိံ သိက္ခာပဒေ- ၌သိက္ခာပုဒ်၌၊ သဗ္ဗာ-ကုန်သော၊ အာပတ္တိယော- တို့ကို၊ အဘိဟာရကဿဝ- ရှေးရှုဆောင်ယူသော ရဟန်း၏ အတွက်သာ၊ ဝေဒိတဗ္ဗာ – သိထိုက် ကုန်၏၊ သေသံ - ကြွင်းသော ပုဒ်အပေါင်းသည်၊ ပဌမသိက္ခာပဒေ – ၌၊ ဝုတ္တနယတ္တာ- ကြောင့်၊ ပါကဋမေဝ - သည်သာ၊ တိသမုဋ္ဌာနံ ၊ပေ၊ ဒုက္ခဝေဒနန္တိ။.... ဒုတိယ ပဝါရဏာသိက္ခာပဒံ ဆဋ္ဌံ။

# ဝိကာလဘောဇန သိက္ခာပုဒ်

သတ္တမသိက္ခာပဒေ- ၌၊ ဂိရဂ္ဂသမဇ္ဇောတိ – ကား၊ ဂိရိမှိ – တောင်၌၊ အဂ္ဂသမဇ္ဇော–ကောင်းမြတ်သောပွဲသဘင်သည်၊ (ဟောတိ)၊ ဝါ–တနည်း၊ ဂိရိဿ-တောင်၏၊ အဂ္ဂဒေသေ-မြတ်သောအရပ်၌၊ သမဇ္ဇော-ပွဲသဘင်သည်၊ (ဟောတိ)၊ ကိရ–ချဲ့၊ သော – ထို ပွဲသဘင်သည်၊ သတ္တမေ ဒိဝသေ – ၇ ရက်မြောက်နေ့၌၊ ဘဝိဿတိ-ဖြစ်လတ့်၊ ဣတိ-သို့၊ နဂရေ–၌၊ ဃောသနာ–ကြွေးကြော်ခြင်းကို၊ ( ကျေညာခြင်းကို၊ ) ကရိယတိ– ပြုအပ်၏၊ နဂရဿ- ရာဇဂြိုဟ်မြို့၏၊ ဗဟိဒ္ဓါ-ပြင်ဘက်၌၊ သမေ-ညီညွတ်သော၊ ဘူမိဘာဂေ-မြေအဘို့၌၊ ပဗ္ဗတစ္ဆာယာယ-တောင်ရိပ်၌၊ မဟာဇနကာယော-များစွာသော လူအပေါင်းသည်၊ သန္နိပတတိ-စုဝေး၏၊ အနေကပ္ပကာရာနိ- တပါးမက များသော အပြားရှိကုန်သော၊ နဋ္ဋနာဋကာနိ-ကချေသည်တို့၏ ကပြသီဆို တီးမှုတ်ခြင်းတို့သည်၊ ပဝတ္တန္တိ-ဖြစ်ကုန်၏၊ တေသံ–ထို နဋ္ဋနာဋကတို့ကို၊ ဒဿနတ္ထံ– ကြည့်ရှုခြင်း အကျိုးငှါ၊ မဉ္စာတိမဉ္စေ– ညောင်စောင်း အဆင့်ဆင့်တို့ကို၊ ဝါ– ထိုင်ခုံ အဆင့်ဆင့်တို့ကို၊ ဗန္ဓန္တိ-ဖွဲ့ကြကုန်၏၊ [ယခုကာလ ပွဲကြည့်စင် အနိမ့်အမြင့် အဆင့်ဆင့်မျိုးတည်း။]

သတ္တရသဝဂ္ဂိယာ-သတ္တရသဝဂ္ဂီ ရဟန်းတို့သည်၊ သိက္ခာပဒေ - ဥုနဝီသတိဝဿ သိက္ခာပုဒ်ကို၊ အပညတ္တေ–ပညတ်တော်မမူအပ်သေးမီ [တနည်း-သိက္ခာပဒေ-ဥုနဝီသတိဝဿ သိက္ခာပုဒ်၏၊ အပညတ္တေ – ပညတ်တော်မမူအပ်သေး

× × × × × × × ×

ဂိရဂ္ဂ သမဇ္ဇော ။ ။ သမံ အဇန္တိ ဂစ္ဆန္တိ ဧတ္ထာတိ သမဇ္ဇော– အညီအညွတ်သွားရောက်ကြရာဖြစ်သော ပွဲသဘင်၊ အဂ္ဂေါ+သမဇ္ဇော အဂ္ဂသမဇ္ဇော–ကောင်းမြတ်သော (ကြီးကျယ်ခမ်းနားသော) ပွဲသဘင်၊ ဂိရိမှိ + ပဝတ္တော + အဂ္ဂသမဇ္ဇော ဂိရဂ္ဂသမဇ္ဇော–တောင်၌ဖြစ်သော ကောင်းမြတ်သော (ကြီးကျယ်ခမ်းနားသော) ပွဲသဘင်၊ တနည်း– ဂိရိဿ+အဂ္ဂေါ, ဂိရဂ္ဂေါ– တောင်၏ ကောင်းမြတ်သောအရပ်၊ ဂိရဂ္ဂေ+ပဝတ္တော+သမဇ္ဇော ဂိရဂ္ဂသမဇ္ဇော– တောင်၏ ကောင်းမြတ်သောအရပ်၌ ဖြစ်သော ပွဲသဘင်။

မှတ်ချက်။ ။ဋီကာ၌"တံ ကိရ ပဗ္ဗတမတ္ထကေ ဌတ္វာ ကော် ဒေဝတံ ဥဒ္ဒိဿ ကရော န္တိ"ဟု ဆို၏၊ ထိုအဆိုကို လိုက်၍ "ဂိရဂ္ဂသမဇ္ဇော – တောင်ထိပ်ပွဲ " ဟု ဆိုကြသည်၊ သို့သော် နောက်၌ " သမေ ဘူမိဘာဂေ ပဗ္ဗတစ္ဆာယာယံ " ဟု ဆိုသောကြောင့် ထို "သမဘူမိဘာဂ"ပင် ဖြစ်သင့်၏၊ ဋီကာအဆိုအတိုင်း နတ်ပူဇော်သော အခမ်းအနား ကိုကား တောင်ထိပ်အရပ်၌ ပြုလုပ်ပေလိမ့်မည်။

နဋ္ဋ နာဋကာနိ။ ။နာဋကဟူသည် ကချေသည်တို့၏ ကပြ သီဆို တီးမှုတ်မှုတည်း၊ ထို့ကြောင့် "နဋ္ဋာနံ + ဣမာနိ နာဋကာနိ"ဟု ဣဒံ တဒ္ဓိတ်ပြု၊ ထို့နောက် " နဋ္ဋာနံ+နာဋကာနိ နဋ္ဋနာဋကာနိ " ဟု ဋီကာဝိဂြိုဟ် ပြု၍ သီတာဝိဖုရားကို ဒသဂိရိဘီလူးက ဆောင်ယူခြင်းစသော ရာမဇာတ် စသည်ကို အရကောက်သည်။ [ယောဇနာ၌ "နဋ္ဋဿ+နာဋကာ နဋ္ဋနာဋကာနိ"ဟု ပြု၏၊ စဉ်းစားပါ။]

သည့်၏ အဖြစ်ကြောင့်။] ဒဟရာဝ- အသက် ၂၀ မပြည့်သေးသော ငယ်ရွယ်သူတို့သည်သာ၊ (ဟုတွာ-၍၊) ဥပသမ္ပန္နာ—မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ကုန်ပြီ၊ တေ – ထို သတ္တရသဝဂ္ဂိ ရဟန်းကလေးတို့သည်၊ [ အဂမံသု၌ စပ်၊ ] အာဝုသော— ငါ့ရှင်တို့၊ နာဋကာနိ - ကချေသည်တို့၏ ဥစ္စာဖြစ်သော ကပြသီဆိုတီးမှုတ်ခြင်းတို့ကို၊ ပဿိဿာမ-ကြည့်ချေကြစို့၊ ဣတိ— ဤသို့တိုင်ပင်၍၊ တတ္ထ-ထိုပွဲသဘင်သို့၊ အဂမံသု-သွားကြကုန်ပြီ၊ အထ- ထိုအခါ၌၊ နေသံ-ထို သတ္တရသဝဂ္ဂိ ရဟန်းကလေးတို့အား၊ ဝါ-တို့၏၊ ဉာတကာ—တို့သည်၊ အမှာကံ-ငါတို့၏၊ အယျာ- အရှင်ကလေးတို့သည်၊ အာဂတာ - လာကြကုန်ပြီ၊ ဣတိ - သို့၊ တုဋ္ဌစိတ္တာ-နှစ်သက်သောစိတ်ရှိကြကုန်သည်၊ (ဟုတွာ)၊နှာပေတွာ-ရေချိုးပေးပြီး၍၊ ဝိလိမ္ပေတွာ-နံ့သာ လိမ်းကျံပေးပြီး၍၊ ဘောဇေတွာ-စားစေပြီး၍၊ ဝါ- ကျွေးပြီး၍၊ အညမ္ပိ- အခြားလည်း ဖြစ်သော၊ ပူပခါဒနီယာဒိံ - မုံ့ ခဲဘွယ် အစရှိသော စားဘွယ်ကို၊ ဟတ္ထေ-၌၊ အဒံသု- ပေးလိုက်ကြကုန်ပြီ၊ တေ—ထို ဆွေမျိုးတို့ကို၊ သန္ဓာယ-၍၊ မနုဿာ၊ပေ၊ ပဿိတွာတိ အာဒိ- အစရှိသော စကားကို၊ ဝုတ္တံ— သင်္ဂါယနာတင် ထေရ်တို့ မိန့်ဆိုအပ်ပြီ။

ဝိကာလေတိ-ကား၊ ဝိဂတကာလေ-ရဟန်းတို့၏ စားသောက်ချိန်ကာလမှ ကင်းသော နေလွဲအခါ၌၊ ( တနည်း ) ကာလေ – ရဟန်းတို့၏ စားသောက်ရာ အချိန်အခါသည်၊ ဝိဂတေ-ကင်းလသော်၊ (ခါဒေယျဝါ, ဘုဉ္ဇေယျဝါ-၌စပ်၊) ဘိက္ခူနံ-တို့၏၊ ဘောဇနကာလော-စားသောက်ရာအချိန်အခါကို၊ ကာလောတိ-ကာလဟူ၍၊ အဓိပ္ပေတော-အလိုရှိအပ်၏၊ သောစ-ထိုရဟန်းတို့၏ စားသောက်ရာ အချိန်အခါသည်လည်း၊ သဗ္ဗန္တိမေန-အလုံးစုံသော အပိုင်းအခြားတို့၏ အဆုံး၌ ဖြစ်သော၊ ပရိစ္ဆေဒေန-ဖြင့်၊ မဇ္ဈန္ဟိကော-နေ့၏ အလယ်၌ဖြစ်သော အဘို့တည်း၊ ဝါ-မွန်းတည့်အခါတည်း၊ တသ္မိံ-ထို မွန်းတည့်အခါသည်၊ ဝီတိဝတ္တေ-လွန်လ

× × × × × × ×

**ဝိကာလေ။** ။စာအုပ်များ၌“ဝိဂတေ ကာလေ”ဟု တွေ့ရ၏၊ ကာလအရ ရဟန်းတို့၏ စားသောက်ချိန်ကာလကို ယူရမည်ဖြစ်သောကြောင့် ဝိဂတေနှင့် ကာလေသည် အရတူ မဖြစ်ထိုက်၊ ထိုပါဌ်အတိုင်း အတည်ယူလျှင် “ ကင်းသော စားသောက်ချိန် ကာလ”ဟု အနက်ထွက်နေသောကြောင့် လိုအပ်သော အဓိပ္ပါယ်မရနိုင်၊ ထို့ကြောင့် “ဝိဂတကာလေ”ဟု ရှိသင့်သည်၊“ကာလတော—ရဟန်းတို့၏ စားသောက်ချိန်ကာလ မှ+ဝိဂတော—ကင်းသော အခါတည်း၊ ဝိကာလော – ရဟန်းတို့၏ စားသောက်ချိန် ကာလမှကင်းသော (နေလွဲ)အခါ”ဟု ပြု။

**တသ္မိံ ဝီတိဝတ္တေ။** ။ဤပုဒ်အဖွင့်သည် ဝိကာလေ၏ အဓိပ္ပါယ်အဖွင့်သာ, သဒ္ဒတ္ထ မဟုတ်၊ ထို့ကြောင့် ဤအဖွင့်ကို ကြည့်၍ ရှေးက “ ဝိဂတေ ကာလေ”ဟု ဝါကျဖွင့်ဟန်တူ၏၊ ထိုအတိုင်း အမှန်ယူလျှင် “ကာလေ—ရဟန်းတို့၏ စားသောက်ချိန် အခါသည်+ဝိဂတေ—ကင်းလသော်”ဟု အနက်မှန်ရ၏၊ သို့သော် ထို ဝိကာလေကို ဝိဂ္ဂဟ

သော်၊ ဇုတိ(အယံ)-ဤ ဆိုအပ်ပြီးကား၊ အမိပ္ပါယော-ဘုရားရှင်၏ အလိုတော် တည်း၊ တေနေဝ-ကြောင့်ပင်၊ အဿ- ထို ဝိကာလေပုဒ်၏၊ ပဒဘာဇနေ-၌၊ ဝိကာလော ၊ပေ၊ အရုဏုဂ္ဂမနာတိ– ဟူ၍၊ (ဘဂဝတာ) ဝုတ္တံ၊ [မဇ္ဈန္တိကေ– မွန်းတည့်အခါသည်၊ ဝီတိဝတ္တေ- လွန်လသော်၊ ယာဝ အရုဏုဂ္ဂမနာ- အရုဏ် တက်သည်တိုင်အောင်၊ ဝိကာလောနာမ–မည်၏။] ဌိတ မဇ္ဈန္တိကောပိ–တန့်ရပ် တည်နေသော မွန်းတည့်အခါ သည်လည်း၊ (မွန်း မတ်မတ်တည့်ရာ အခါသည် လည်း၊) ကာလသင်္ဂဟံ - ကာလ၌ သွင်းယူအပ်သည်၏ အဖြစ်သို့၊ ဂစ္ဆတိ- ၏၊ ပန-ဆက်၊ တတော- ထို မွန်းတည့်အခါမှ၊ ပဋ္ဌာယ-၍၊ ခါဒိတုံဝါ ဘုဉ္ဇိတုံဝါ, န သက္ကာ-မတတ်ကောင်း၊ သဟသာ- အဆော့တလျင်၊ ပိဝိတုံ-သောက်ခြင်းငှါ၊ သက္ကာ-တတ်ကောင်းသည်၊ ဘဝေယျ-ဖြစ်နိုင်ရာ၏၊ ပန-ထိုသို့ပင် ဖြစ်ရာပါသော် လည်း၊ ကုက္ကုစ္စကေန – ကုက္ကုစ္စကို ပြုတတ်သော ရဟန်းသည်၊ န ကတ္တဗ္ဗံ – သောက်ခြင်းကို မပြုရာ၊ [ "ငါသောက်နေရာ အချိန်အခါသည် မွန်းများ လွဲနေ ရော့သလား" ဟု ကုက္ကုစ္စဖြစ်လျက် သောက်လျှင် ဒုက္ကဋ်အာပတ် သင့်နိုင်သော ကြောင့် "ကုက္ကုစ္စကေန န ကတ္တဗ္ဗံ" ဟု ဆိုသည်။] စ- ဆက်၊ ကာလပရိစ္ဆေဒ ဇာနတ္ထံ- ကာလအပိုင်းအခြားကို သိခြင်းအကျိုးငှါ၊ (မွန်းတည့်-မတည့်ကို သိဘို့ ရာ၊) ကာလတ္ထမ္ဘော- ကာလကိုသိကြောင်းတိုင်ကို၊ (နေမှတ်တိုင်ကို၊) ယောဇေ တဗ္ဗော – ယှဉ်စေထိုက်၏၊ ဝါ – သုံးစွဲထိုက်၏၊ ကာလန္တရေယေဝ - ကာလ အတွင်း၌သာ၊ ဘတ္တကိစ္စံ- ဆွမ်းကိစ္စကို၊ ကာတဗ္ဗံ-ပြုရာ၏။

အာသေသံ ခါဒနီယံနာမာတိ တွေ-၌၊ တာဝ-ဝနမူလစသည်တို့မှ ရှေးဦး စွာ၊ (နိဒ္ဒိဋ္ဌံ - သော၊) သက္ခလိမောဒကာဒိ- မုန့်ကြွက်ကြစ်, လဒ္ဒူးမုန့်အစရှိသော၊ ပုဗ္ဗဏ္ဏာပရဏ္ဏမယံ-ကောက်ဖြင့်ပြုအပ်, ပဲဖြင့် ပြုအပ်သော၊ ယံ-အကြင် မုန့်ခဲဘွယ် သည်၊(အတ္ထိ-ရှိ၏၊)တတ္တ-ထိုကောံပဲတို့ဖြင့် ပြုအပ်သောခဲဘွယ်၌၊ ဝတ္တဗ္ဗမေဝ- ခါဒနီယဟု ဆိုဘွယ်သည်ပင်၊ နတ္ထိ-မရှိ၊ ဝနမူလာဒိပ္ပဘေဒံ-တောသစ်မြစ် အစ ရှိသော အပြားရှိသော၊ ယမ္ပိ – အကြင် ခဲဘွယ် သည်လည်း၊ အာမိသဂတိကံ– အာမိသနှင့်အလားတူသည်၊ ဟောတိ–၏၊ [အာမိသဂတိကံ-ဖြင့် ဆေးသဘော ရှိသော အမြစ်စသည်ကို တားမြစ်သည်။] သေယျထိဒံ - အာမိသနှင့် အလားတူ သော ခဲဘွယ်ဟူသည် အဘယ်နည်း၊ မူလခါဒနီယံ - သစ်မြစ်ခဲဘွယ်ဝှင်း၊ ကန္ဒ ခါဒနီယံ-သစ်အု ခဲဘွယ်ဝှင်း၊ မုဠာလခါဒနီယံ–ကြာစွယ် ကြာရင်း ခဲဘွယ်ဝှင်း၊

× × × × × × ×

ပြုလျှင်"ဝိဂတော+ကာလော"ဟု အရတူပြုရလိမ့်မည်၊ ထို ဝိဂ္ဂဟအတိုင်း "ကင်းသော စားသောက်ချိန် ကာလ" ဟု အနက်ပေးလျှင်ကား ကာလအရ မွန်းလွဲကာလရ၍ "ကာလောတိ ဘိက္ခူနံ ဘောဇနကာလော"နှင့် ဆန့်ကျင်ဘက်ဖြစ်သည်၊ ထို့ကြောင့် " ဝိကာလေတိ ဝိဂတကာလေ " ဟု ပါဠိမှန် ရှိစေ၍ " ကာလတော + ဝိဂတော ဝိကာလော"ဟု ပြုသင့်ပါသည်။

မတ္တကခါဒနီယံ-အညှောက် ခဲဘွယ်ဝင်း၊ ခန္ဓခါဒနီယံ-ပင်စည် ခဲဘွယ်ဝင်း၊ တစ ခါဒနီယံ - အခေါက် အခွံ ခဲဘွယ်ဝင်း၊ ပတ္တခါဒနီယံ—အရွက်ခဲဘွယ်ဝင်း၊ ပုပ္ဖ ခါဒနီယံ—အပွင့် ခဲဘွယ်ဝင်း၊ ဖလခါဒနီယံ- အသီးခဲဘွယ်ဝင်း၊ အဋ္ဌိခါဒနီယံ- အစေ့ခဲဘွယ်ဝင်း၊ ပိဋ္ဌခါဒနီယံ- အမှုန့် ခဲဘွယ်ဝင်း၊ နိယျာသခါဒနီယံ - အစေး ခဲဘွယ်ဝင်း၊ ဣတိ- ဤသည်တည်း၊ ဣဒမ္ပိ- မူလခါဒနီယ စသော ဤအလုံးစုံ သည်လည်း၊ ခါဒနီယ သင်္ချေဝ-ခါဒနီယ၌ ရေတွက်အပ်သည်၏အဖြစ်သို့သာ၊ ဂစ္ဆတိ-၏။ [ဘောဇနီယကဲ့သို့ လုပ်၍ လွေး၍ မစားရ၊ ကိုက်၍ ခဲ၍ စားရသော ကြောင့် ထိုမူလစသော အားလုံးကို ခါဒနီယ(ခဲဘွယ်)ဟု ခေါ်သည်။]

ပန-ဆက်၊ တတ္ထ-ထို ၁၂ ပါးသော ခါဒနီယတို့၌၊အာမိသဂတိက သလ္လက္ခဏတ္ထံ- အာမိသနှင့် အလားတူသည်၏အဖြစ်ကို မှတ်သားခြင်း အကျိုးငှါ၊ ဣဒံ- ဤဆိုအပ်လတ့ံကား၊ မုခမတ္တနိဒဿနံ-အမြွက်မျှကို ပြဆိုကြောင်းစကားတည်း၊ ဝါ- အနည်းငယ်သော ခါဒနီယကို ပြဆိုကြောင်း စကားတည်း၊ တာဝ – ကန္ဒ ခါဒနီယ စသည်တို့မှ ရှေးဦးစွာ၊ ( နိဒ္ဒိဋ္ဌေ- သော၊ ) မူလခါဒနီယေ- အမြစ် ခဲဘွယ်၌၊ (အာမိသဂတိကာနိ— ၌ စပ်၊ ယောဇနာ၌ကား " ဝိနိစ္ဆယော ဧဝံ ဝေဒိတဗ္ဗော''ဟု ထည့်စပ်လေသည်၊)မူလကမူလံ- မုံလာမြစ်ဝင်း၊(မုံလာဥကို ဆိုဟန်တူသည်၊) ခါရကမူလံ-ဟင်းခါးမြစ်ဝင်း၊ စစ္စုမူလံ- ဟင်းခလာဖိုလ်မြစ် ဝင်း၊ တမ္ဗကမူလံ- ဟင်းချဉ်နီမြစ်ဝင်း၊ တဏ္ဍုလေယျက မူလံ- ဟင်းဆန်ကွဲမြစ် ဝင်း၊ ဝတ္တုလေယျကမူလံ- ကြွက်နှာပေါင်းမြစ်ဝင်း၊ ဝဇကလိမူလံ- ကင်ပိတ်မြစ် ဝင်း၊ ဇဇ္ဈရိမူလံ - ဟင်းခါးပန်းတူမြစ်ဝင်း၊ ဣတိ ဧဝမာဒီနိ- ဤသို့ အစရှိကုန် သော၊သူပေယျပဏ္ဏမူလာနိ-ဟင်းချက်၍ ရကောင်းသော အရွက်ရှိသော သစ်ပင် ၏ အမြစ်တို့သည်၊ အာမိသဂတိကာနိ - အာမိသနှင့် အလားတူကုန်၏၊ စ— ဆက်၊ ဧတ္ထ- ဤအမြစ်ဘို့တွင်၊ ဝဇကလိမူလေ- ကင်ပိတ်မြစ်၌၊ ဇရဋ္ဌံ- ရင့်သည် ၏ အဖြစ်ဖြင့် တည်သော အပိုင်းကို၊ ဆိန္ဒိတွာ- ဖြတ်၍၊ ဆဍ္ဍေန္တိ - စွန့်ပစ်ကြ

× × × × × × × × ×

**သူပေယျ၊ ပေ၊ ဂတိကာနိ။** ။သူပသ + ဟိတံ သူပေယျံ— ဟင်း၏ စီးပွား၊ ဟင်းချက်၍ ရကောင်းသော အရွက်၊ သူပေယျံ + ပဏ္ဏံ ယေသံတိ သူပေယျပဏ္ဏာ – ဟင်းချက်၍ ရကောင်းသော အရွက်ရှိသော သစ်ပင်တို့၊ တေသံ – မူလာနိ သူပေယျ ပဏ္ဏ မူလာနိ၊ တဏှာယ အာမသီယတေတိ အာမိသော – စားဘွယ် ဟူသမျှသည် တဏှာဖြင့် သုံးသပ်အပ်သောကြောင့် အာမိသ မည်၏၊ အာမိသဿ+ဂတိဗိယ ဂတိ ယေသံတိ အာမိသဂတိကာနိ – အာမိသ၏ ဖြစ်ခြင်းကဲ့သို့ ဖြစ်ခြင်းရှိသော အမြစ်တို့၊ (သဒ္ဒတ္ထ၊) ဝါ-အာမိသနှင့် အလားတူသော အမြစ်တို့၊ (အဓိပ္ပါယတ္ထ၊) "ဟင်းချက်၍ စားကောင်းသော အမြစ်တို့"ဟူလို၊ ယောဇနာ၌ "အာမိယတိ အဇ္ဈောပဝေသီယတီ တိ အာမိသော – ခံတွင်း၌ သွင်းအပ်သောကြောင့် အာမိသ " ဟု ကြံလေသည်၊ "ကာမဂုဏ် ၅ ပါးကို လောကာမိသ"ဟု ဆိုသောစကားဖြင့် ထိုအကြံကို စဉ်းစားပါ၊ ကာမဂုဏ်သည်"အာမီယတိ အဇ္ဈော ပဝိသတိ"ဟူသော ဝစနတ္ထနှင့် မလျော်ပါ။

ကုန်၏၊ တံ-ထိုရင့်သောအပိုင်းသည်၊ ယာဝဇီဝိကံ-ယာဝဇီဝိကသည်၊ဟောတိ-၏၊ အညမ္ပိ- အခြားလည်း ဖြစ်သော၊ ဝေရူပံ- ဤသို့ သဘောရှိသော ရင့်သော အပိုင်းကို၊ တေနေဝ နယေန-ဖြင့်သာ၊ ဝေဒိတဗ္ဗံ-ထိုက်၏၊ ပန-ဆက်၊ မူလက ခါရကဇဋ္ဋရိမူလာနံ–မုံလာမြစ်, ဟင်းခါးမြစ်, ဟင်းခါးပန်တူမြစ်တို့၏၊ ဇရဋ္ဌာ နိပိ - ရင့်သည်၏ အဖြစ်ဖြင့် တည်သော အပိုင်းတို့သည်လည်း၊ အာမိသဂတိ ကာနေဝ- အာမိသနှင့် အလားတူကုန်သည်သာ၊ (ဟောန္တိ၊) ဣတိ-သို့၊ ဝုတ္တံ- ရှေးအဋ္ဌကထာတို့၌ ဆိုအပ်ပြီ။

ပန-ဆက်၊ ယာနိ-အကြင် အမြစ်တို့ကို၊( ဝုတ္တာနိ၌စပ်၊) ပါဠိယံ-ပါဠိတော် ၌၊ (ဝိနည်းမဟာဝါ ဘေသဇ္ဇက္ခန္ဓက၌၊) အနုဇာနာမိ ၊ပေ၊ ဖရန္တိ - ဟူ၍၊ ဝုတ္တာနိ-ဟောတော်မူအပ်ကုန်ပြီ၊ တာနိ-ထိုအမြစ်တို့သည်၊ ယာဝဇီဝိကာနိ– ယာဝဇီဝိကတို့တည်း။ [ဘိက္ခဝေ-တို့၊ မူလာနိ-အမြစ်ဖြစ်ကုန်သော၊ ဘေသဇ္ဇာ နိ-ဆေးတို့ကို၊ ဟလိဒ္ဒိံ-နနွင်းကိုဃင်း၊ သိင်္ဂိဝေရံ-ချင်းကိုဃင်း၊(အဆာမပါသော ချင်းသက်သက်ကိုသာ ရည်ရွယ်သည်၊ အဆာတွေနှင့် ရောစ၍ သုတ်ထားသော ချင်းကား ခါဒနီယတွင် ပါဝင်၏၊) ဝစံ – လင်းနေကိုဃင်း၊ ဝစတ္တံ– ဆိတ်ဖူးကို ဃင်း၊ အတိဝိသံ–တိဝုတ်ကိုဃင်း၊ ကဋုကရောဟိဏိံ-ကုလားဆောင်းမေးခါးကို ဃင်း၊ ဥသိရံ–ပန်းရင်းကိုဃင်း၊ ဘဒ္ဒမုတ္တကံ–န္တွားမြေရင်းကိုဃင်း၊ အနုဇာနာမိ– ခွင့်ပြုတော်မူ၏၊ ဝါပန-သည်သာမကသေး၊ အညာနိပိ-ဆိုအပ်ပြီးမှတပါးလည်း ဖြစ်ကုန်သော၊ မူလာနိ – အမြစ်ဖြစ်ကုန်သော၊ ယာနိဘေသဇ္ဇာနိ– တို့သည်၊ အတ္ထိ- ရှိကုန်၏၊ (ယာနိ – အကြင် အမြစ်ဟူသော ဆေးတို့သည်၊) ခါဒနီယေ-ခဲဘွယ်၏ အရာ၌၊ ခါဒနီယတ္ထံ-ခဲဘွယ်၏ကိစ္စကို၊ နေဝ ဖရန္တိ-မပြီးစေနိုင်ကုန်၊ ဘောဇနီယေ-ဘောဇဉ်၏အရာ၌၊ ဘောဇနီယတ္ထံ-ဘောဇဉ်၏ကိစ္စကို၊ န ဖရန္တိ-ကုန်၊ (တာနိ-ထို အမြစ်ဟူသော ဆေးတို့ကို၊) အနုဇာနာမိ-၏။]

× × × × × × ×

ဇရဋ္ဌံ။ ။"ဇရံဟုတ္တာ- ရင့်ရော်သည်ဖြစ်၍၊ တနည်း-ဇရံဟုတ္တာ-ရင့်ရော်သည်၏ အဖြစ်ဖြင့်၊ ဌာတိ တိဋ္ဌတီတိ ဇရဋ္ဌံ" ဟု ပြု၊ ယောဇနာ၌ကား "ဇရမ္ဘံ"ဟု ပါဌ်ကိုပြင်၍ "ဇရ+အမ္ဘ–ရင့်သော တဝက်"ဟု အနက်ဖွင့်လေသည်။

ခါဒနီယေ၊ပေ၊ဖရန္တိ။ ခါဒနီယတ္ထံကို "ခါဒနီယေန ကတ္တဗ္ဗံ ကိစ္စံ" ဟု ဋီကာ ဖွင့်၏၊ အတ္ထသဒ္ဒါ ကိစ္စအနက်ဟောဟု ဆိုလိုဟန်တူသည်၊ "ခဲဘွယ်၏ ကိစ္စ"ဟူသည် မွတ်သိပ်ဆာလောင်ခြင်းကို ပယ်ဖျောက်ခြင်း ကိစ္စတည်း၊ နေဝဖရန္တိကို "န နိပ္ဖာဒေန္တိ"ဟု ဖွင့်ကြသည်၊ ထို ခဲဘွယ်၏ကိစ္စဖြစ်သော မွတ်သိပ် ဆာလောင်ခြင်းကို မပြီးစေ နိုင်–ဟူလို။ [ခါဒနီယေကို နေဝ ဖရန္တိ၌စပ်၍ "ခဲဘွယ်အရာဝယ် မပြီးစေနိုင် ဟူရာ၌" " ခဲဘွယ်အရာ၌ အသုံးမကျ"ဟု ဆိုလိုသည်။] ယောဇနာ၌ကား ခါဒနီယေကို ခါဒနီ ယတ္ထံ ၌ဃင်း, န ဘောဇနီယေကို ဘောဇနီယတ္ထံ ၌ဃင်း စပ်လေသည်၊ ထို စပ်ပုံကို စဉ်းစားပါ။

တေသံ-ထိုအမြစ်တို့၏၊ (အနေ္တာနတ္ထိ- ၌စပ်၊) ဗူဠပဉ္စမူလံ- ဗူဠပဉ္စမူရင်း၊ (ရှေးနိဿယ၌"အမြစ်ငယ် ၅ ပါး"ဟု ပေး၏၊)မဟာပဉ္စမူလံ-မဟာပဉ္စမူရင်း၊ (ရှေးနိဿယ၌"အမြစ်ကြီး ၅ ပါး"ဟုပေး၏၊)ဣတိ အာဒိနာ-သော၊နယေန-ဖြင့်၊ ဝုတ္တိယမာနာနံ-ရေတွက်အပ်ကုန်လသော်၊ ဝါ - ရေတွက်အပ်ကုန်သော၊ တေသံ - ထို အမြစ်တို့၏၊ ဂဏနာယ - ရေတွက်ကြောင်း ဂဏန်း၏၊ အနေ္တာ-အဆုံးသည်၊ နတ္ထိ-မရှိနိုင်၊ ပန-စင်စစ်ကား၊ ခါဒနီယတ္ထံ-ခဲဘွယ်၏ ကိစ္စကိုရင်း၊ ဘောဇနီယတ္ထံ- ဘောဇဉ်၏ ကိစ္စကိုရင်း၊ ဖရဏာဘာဝေါ ယေဝ- ပြီးစေခြင်း၏ မရှိခြင်းသည်သာလျှင်၊ တေသံ-ထို ယာဝဇီဝိကတို့၏၊ လက္ခဏံ-အမှတ်လက္ခဏာ တည်း၊ တသ္မာ-ကြောင့်၊ ယံကိဉ္စိ-သော၊ မူလံ-သည်၊ တေသု တေသု ဇနပဒေသု-တို့၌၊ ပကတိ အာဟာရဝသေန — ရိုးရာအာဟာရ၏ အစွမ်းဖြင့်၊ မနုဿာနံ—တို့၏၊ ခါဒနီယတ္ထံ-ကိုရင်း၊ ဘောဇနီယတ္ထဉ္စ-ကိုရင်း၊ ဖရတိ-ပြီးစေနိုင်၏၊ တံ—ထိုအမြစ်သည်၊ ယာဝကာလိကံ - တည်း၊ ဣတရံ - အခြားသော အမြစ်သည်၊ (ခါဒနီယတ္ထ, ဘောဇနီယတ္ထကို မပြီးစေနိုင်သော အမြစ်သည်၊) ယာဝဇီဝိကံ-တည်း၊ ဣတိ, ဝေဒိတဗ္ဗံ-ထိုက်၏။

ဟိ- မှန်၊ တေသု - ထို အမြစ်တို့၌၊ ဗဟုံ - များစွာ၊ ဝတ္တာပိ - ဆို၍လည်း၊ ဣမသ္မိံ ယေဝ လက္ခဏေ-၌သာ၊ဌာတဗ္ဗံ-တည်ရာ၏၊(ခါဒနီယတ္ထကိုပြီးစေခြင်း, ဘောဇနီယတ္ထကို ပြီးစေခြင်းဟူသော လက္ခဏာ၌သာ တည်စရာရှိသည်-ဟူလို၊) ပန — ဆက်၊ နာမသညာသု — အမည်သညာတို့ကို၊ ဝုစ္စမာနာသု - ဆိုအပ်ကုန် လသော်၊ တံတံ နာမံ- ထိုထိုနာမည်ကို၊ အဇာနန္တာနံ - မသိကုန်သောပုဂ္ဂိုလ် တို့၏၊ သမ္မောဟောယေဝ-ပြင်းစွာ တွေဝေခြင်းသည်သာ၊ ဟောတိ- ၏၊ တသ္မာ-ကြောင့်၊ နာမသညာယ - ၌၊ အာဒရံ - အလေးဂရုကို၊ အကတွာ - မပြုမူ၍၊ လက္ခဏမေဝ-ကိုသာ၊ ဒဿိတံ-ပြအပ်ပြီ၊ ဝါ-ပြလိုက်ပြီ၊ [ခါဒနီယတ္ထ,ဘောဇနီယတ္ထကို ပြီးစေနိုင်လျှင် ယာဝကာလိက , မပြီးစေနိုင်လျှင် ယာဝဇီဝိကဟူသော ဤ လက္ခဏာကိုသာပြထားလိုက်သည်-ဟူလို။] စ-ဆက်၊ မူလေ-၌၊ (လက္ခဏံ-ကို၊ ဒဿိတံ)ယထာ- ပြအပ်သကဲ့သို့၊ ကန္ဒာဒိသုပိ- သစ်အုံ အစရှိသော ခဲဘွယ် တို့၌လည်း၊ ယံ လက္ခဏံ- ကို၊ ဒဿိတံ - ပြီ၊ တဿေဝ - ထို လက္ခဏာ၏သာ၊ ဝသေန-စပ်သဖြင့်၊ ဝိနိစ္ဆယော- အဆုံးအဖြတ်ကို၊ ဝေဒိတဗ္ဗော-သိထိုက်၏၊ စ-ဆက်၊ ပါဠိယံ - ပါဠိတော်၌၊ ဟလိဒ္ဒါဒိ - နနွင်း အစရှိသော၊ အဋ္ဌဝိဓံ - သော၊ ယံတံ- အကြင် အမြစ်ခဲဘွယ်ကို၊ ဝုတ္တံ—ဟောတော်မူအပ်ပြီ၊ တဿ- ထို အမြစ် ခဲဘွယ်၏၊ ခန္ဓ တစ ပတ္တ ဖလမ္ပိ - ပင်စည် , အခေါက် , အပွင့် , အသီးလည်းဖြစ် သော၊ သဗ္ဗံ- အလုံးစုံသည်၊ ယာဝဇီဝိကံ-တည်း၊ ဣတိ-ဤသို့မှတ်အပ်၏၊ မူလ ခါဒနီယံ- အမြစ်ခဲဘွယ်ကို၊ ဝုတ္တံ- ဆိုအပ်ပြီ၊ ဝါ- ဆိုပြီးပြီ။ [ "ဝုတ္တံ မူလခါဒနီယံ"ကား နိဂုံးစကားတည်း။]

ကန္ဒခါဒနိယေ-သစ်အုခဲဘွယ်၌၊ ကန္ဒော-သစ်အုသည်၊ ဒီဃော-ရှည်သော သစ်အုရင်း၊ ရဿောစ - တိုသော သစ်အုရင်း၊ (ဇုတိ - သို့၊) ဒုဝိဓော - ၂ ပါး အပြားရှိ၏၊ ဘိသ ကိံသုကကန္ဒာဒိ – ကြာစွယ်, ပေါက်အုအစရှိသည်တည်း၊ ဝဋ္ဋော- လုံးသော၊ ( အလုံးအဝိုင်း ဖြစ်သော )၊ ဥပ္ပလ ကသေရုက ကန္ဒာဒိ– ကြာအု, ဝက်မြေအု အစရှိသည်သည်၊(အတ္ထိ)၊ ယံ-ယင်းအအုကို၊ ဂဏ္ဍိတိပိ– အဆစ်အဖု ဟူ၍လည်း၊ ဝဒန္တိ- ကုန်၏၊ တတ္ထ- ထို ကန္ဒခါဒနိယ၌၊ သဗ္ဗေသံ- ကုန်သော၊ ကန္ဒာနံ-တို့၏၊ ဗိဏ္ဍာဇရဋ္ဌာနိစ- ဆွေးမြည့်သော အပိုင်း,ရင့်သည်၏ အဖြစ်ဖြင့် တည်သော အပိုင်းတို့သည်ရင်း၊ ဆလ္လိစ - အခွံအခေါက် သည်ရင်း၊ သုခုမမူလာနိစ - သိမ်မွေ့သေးငယ်သော အမြစ်တို့သည်ရင်း၊ ယာဝဇီဝိကာနိ- တို့တည်း၊ ပန-ကား၊ (ယာဝကာလိကကား - ဟူလို၊ ) တရုဏော– နုသော၊ သုခခါဒနိယော – လွယ်ကူစွာ ခဲအပ် ခဲနိုင်သော၊ သာလကလျာဏိ ပေါတက ကန္ဒော- နဝဲပင်ငယ် ၏အအုရင်း၊ ကိံသုကပေါတကကန္ဒော- ပေါက်ပင်ငယ်၏ အအုရင်း၊ အမ္ဗာဋကကန္ဒော-ငွေးပင်၏အအုရင်း၊ ကေတကကန္ဒော-ဆပ်သွား အုရင်း၊ မာလုဝကန္ဒော- ကညင်အုရင်း။ [ " မာလုဝလတာ- မာလောန္ဒယ် " ဟူရာ၌ ခွေးတောက်နွယ် ဟု ဆရာတို့ဆိုကြသည်။ ] ဘိသသင်္ခါတော–ကြာစွယ် ကြာရင်း ဟု ဆိုအပ်သော၊ ပဒုမ ပုဏ္ဍရိက ကန္ဒော - ပဒုမ္မာ ကြာအု, ပုဏ္ဍရိက် ကြာအုရင်း၊ ပိဏ္ဍာလု မဿာလု အာဒယောစ-သတွေးအု,မြောက်အုအစရှိသည် တို့ရင်း၊ ခီရဝလ္လိကန္ဒော - ဥမ္မွန်းအုရင်း၊ အာလုဝကန္ဒော – ပြိန်းအုရင်း၊ သိဂ္ဂု ကန္ဒော - သနပ်အုရင်း၊ ( " ဒန့်သလွန်အု "လည်း ဆို၏၊ ) တာလကန္ဒော- ထန်းအုရင်း၊ ဝါ– ထန်းမြစ်ရင်း၊ နီလုပ္ပလ ရတ္တုပ္ပလ ကုမုဒသောဂန္ဓိကာနံ– ကြာညို, ကြာနီ, ကုမုဒြာကြာ, ကြာတံဆိပ်တို့၏၊ ကန္ဒာ- အအုတို့ရင်း၊ ကဒလီ ကန္ဒော - ငှက်ပျောအုရင်း၊ ဝေဠုကန္ဒော - ဝါးအုရင်း၊ ကသေရုကကန္ဒော- ဝက်မြေအုရင်း၊ ဣတိဝေမာဒယော - ဤသို့ အစရှိကုန်သော၊ တေသုတေသု ဇန ပဒေသု-တို့၌၊ ပကတိအာဟာရ ဝသေန – ရိုးရာ အာဟာရ၏ အဖြစ်ဖြင့် ၊ ပေ၊ ဖရဏကကန္ဒာ-ပြီးစေနိုင်သော အအုတို့သည်၊ ယာဝကာလိကာ-တို့တည်း။

ခီရဝလ္လိကန္ဒော - ဥမ္မွန်းအုသည်၊ အဓောတော - (စပ်သော အရသာကုန် အောင်) မဆေးကြောအပ်သေးသည်၊ (သမာနော - သော်၊) ယာဝဇီဝိကော– တည်း၊ ဓောတော - ဆေးကြောအပ် ပြီးသည်၊ ( သမာနော - သော်၊ ) ယာဝ ကာလိကော-တည်း၊ ပန-ကား၊ ခီရကာကောလိ ဇီဝိက ဥသဘက လသုဏာဒိ ကန္ဒာ-မျောက်ငိုအု, သစ်ခွအု, ကြက်သွန်နီအု, ကြက်သွန်ဖြူအုအစရှိကုန်သော အအုတို့သည်၊ ယာဝဇီဝိကာ-တို့တည်း၊ တေ-ထိုအအုတို့ကို၊ ပါဠိယံ-တော်၌၊ ယာနိ၊ပေ၊ ဘေသဇ္ဇာနိတိ-ဟူ၍၊ ဧဝံ – သို့၊ မူလဘေသဇ္ဇသင်္ဂဟေနေဝ–မူလ ဘေသဇ္ဇ၌ သွင်းယူခြင်းဖြင့်သာလျှင်၊ သင်္ဂဟိတာ–သွင်းယူအပ်ကုန်ပြီ။

ပန-ကား၊ မုဥ္ဂလခါဒနီယေ-အစွယ်အရင်း ခဲဘွယ်၌၊ ပဒုမမုဥ္ဂလံ-ပဒုမ္မာကြာစွယ်သည်၊ ပုဏ္ဍရိကမုဥ္ဂလသဒိသမေဝ – ပုဏ္ဍရိက်ကြာစွယ်နှင့် တူသည်သာ၊ ဟောတိ၊ ရေကမူလံ-ပြိတ်စွယ်ရင်း၊ ကန္ဒလမူလံ–ကြာဖြူစွယ်ရင်း၊ ဣတိဝေမာဒိ-ဤသို့ အစရှိသော၊ပေ၊ ဖရဏကမုဥ္ဂလံ-ပြီးစီးနိုင်သော အစွယ်သည်၊ ယာဝကာလိကံ-တည်း၊ ပန-ကား၊ဟလိဒ္ဒါ၊ပေ၊ပူဂရုက္ခာဒိမုဥ္ဂလံ-နနွင်း,ချင်း, သင်ပန်း, ကြာဟင်းနွယ်, ဆပ်သွား,ထန်း, ဒနန်း,မင်းဘော, အုန်း,ကွမ်းသီးပင် အစရှိသည်တို့၏ အစွယ်သည်၊ ယာဝဇီဝိကံ-တည်း၊တံသဗ္ဗမ္ပိ-ထိုအလုံးစုံသော အစွယ်ကိုလည်း၊ ပါဠိယံ-၌၊ ယာနိ၊ပေ၊ သင်္ဂဟိတံ–သွင်းယူအပ်ပြီ။

မတ္ထက ခါဒနီယေ– အညှောက်ခဲဘွယ်၌၊ တာလ၊ပေ၊ ကဒလီနံ-ထန်းပင်, ဒနန်းပင်, မင်းဘောပင် , ဆပ်သွားပင်, အုန်းပင် , ကွမ်းသီးပင် , သင်ပေါင်းပင်, ကြိမ်ပင်, ပြိတ်ပင် , ငှက်ပျောပင်တို့၏၊ ကဠီရသခါတာ - အညှောက်ဟု ဆိုအပ်ကုန်သော၊ မတ္ထကာ - ဦးထိပ်တို့ရင်း၊ ဝေဏုကဠီရော - ဝါးညှောက်ရင်း၊ နဠကဠီရော - ကျူညှောက်ရင်း၊ ဥစ္ဆုကဠီရော - ကြံညှောက်ရင်း၊ မူလကကဠီရော– မုံလာညှောက်ရင်း၊ သာသပကဠီရော-မုံညင်းညှောက်ရင်း၊ သတာဝရိကဠီရော– ကြိုးဩတ်အညှောက်ရင်း၊ သတ္တန္နံ- ကုန်သော၊ ဓညာနံ- စပါးမျိုးတို့၏၊ ကဠီရာ-အညှောက်တို့ရင်း၊ ဣတိ ဝေမာဒိ – သော ၊ပေ၊ ဖရဏကော - ပြီးစေနိုင်သော၊ ရုက္ခဝလ္လိ အာဒီနံ - သစ်ပင်, နွယ် အစရှိသည်တို့၏၊ မတ္ထကော- ဦးထိပ်သည်၊ ယာဝကာလိကော - တည်း၊ ဟလိဒ္ဒါ၊ပေ၊ လသုဏာနံ- နနွင်း, ချင်း, လင်းနေ, သင်ပန်း, ကြက်သွန်ဖြူတို့၏၊ ကဠီရာ-အညှောက်တို့သည်ရင်း၊ တာလ၊ပေ၊ကဠီရာနံ-ထန်း, ဒနန်း, မင်းဘော, အုန်းညှောက်တို့၏၊ ဆိန္နိတ္တာ - ဖြတ်၍၊ ပါတိတော-ကျစေအပ်သော၊ ဇရဋ္ဌမုန္ဒေဝစ- ရင့်သည်၏အဖြစ်ဖြင့် တည်သော အဖုသည်ရင်း၊ ယာဝဇီဝိကော-တည်း။

ခန္ဓခါဒနီယေ – ပင်စည်ခဲဘွယ်၌၊ အန္တော ပထဝိဂတော – မြေအတွင်းသို့ ရောက်သော၊ [သာလကလျာဏီ ခန္ဓကိုသာ ရည်ရွယ်သည်။] သာလကလျာဏီ ခန္ဓော - နပဲပင်စည်ရင်း၊ ဥစ္ဆုခန္ဓော - ကြံပင်စည်ရင်း၊ နီလုပ္ပလ၊ပေ၊ သောဂန္ဓိကာနံ-ကြာညို, ကြာနီ, ကုမုဒြာကြာ, ကြာတံဆိပ်တို့၏၊ ခန္ဓကာ-ပင်စည်တို့ရင်း၊ ဣတိ ဝေမာဒိ-သော၊ပေ၊ ဖရဏကော-သော၊ ခန္ဓော-သည်၊ ယာဝကာလိကော-တည်း၊ ဥပ္ပလဇာတီနံ-ဥပ္ပလဇာတ်ရှိသော ကြာတို့၏၊ ပဏ္ဏဒဏ္ဍကော-အရွက်၏ အရိုးသည်ရင်း၊ ပဒုမဇာတီနံ-ပဒုမ္မာဇာတ်ရှိသော ကြာတို့၏၊ သဗ္ဗောပိ-အလုံးစုံလည်း ဖြစ်သော၊ (အပွင့်ရိုး, အရွက်ရိုး အားလုံးဖြစ်သော၊) ဒဏ္ဍကော-အရိုးသည်ရင်း၊ ကာရဝိန္ဒက ဒဏ္ဍာဒယောစ-ဟင်းရဲပင်၏ အရိုး အစရှိသည်တို့သည်ရင်း၊ အဝသေသ သဗ္ဗခန္ဓာ(စ)-ကြွင်းသော အလုံးစုံသော ပင်စည်တို့သည်ရင်း၊ ယာဝဇီဝိကာ-တို့တည်း။

တစခါဒနီယေ-အခေါက်အခွံခဲဘွယ်၌၊ဧကော-တမျိုးသော၊ဥစ္ဆုတစော၀-ကြိခွံသည်သာ၊ ယာဝကာလိကော- တည်း၊ သောပိ - ထို ကြိခွံသည်လည်း၊ သရသော-အရည်နှင့်တကွ ဖြစ်သောအခွံသည်၊ (ယာဝကာလိကော၊)သေသော-ကြိခွံမှ ကြွင်းသော၊ သဗ္ဗော- အလုံးစုံသော အခွံသည်၊ ယာဝဇီဝိကော- တည်း၊ ပန-ဆက်၊ တိဏ္ဏံ-ကုန်သော၊ တေသံ မတ္တကခဏ္ဍ တစာနံ·ထိုအညှောက်,ပင်စည်, အခွံတို့ကို၊ ပါဠိယံ-၌၊ ကသာဝဘေသဇ္ဇေန - အဖန်ဆေးဖြင့်၊ သင်္ဂဟော - ကို၊ ဝေဒိတဗ္ဗော-၏၊ ဟိ- သာဓကကား၊ အနုဇာနာမိ၊ပေ၊ ဖရန္တိ တိ-ဟူသော၊ တေံ (သုတ္တံ)-ဤပါဠိကို၊ (ဘဂဝတာ)ဝုတ္တံ-ပြီ။ [ဘိက္ခဝေ-တို့၊ ကသာဝါနိ-အဖန်ဖြစ်ကုန်သော၊ ဘေသဇ္ဇာနိ - တို့ကို၊ နိမ္ဗကသာဝံ – တမာအဖန်ကိုင်း၊ ကုဋဇကသာဝံ- လက်ထုတ်အဖန်ကိုင်း၊ ပဋောလကသာဝံ- မြူးတားရွက် အဖန်ကိုင်း၊ဖဂ္ဂဝကသာဝံ-ခွေးတောံအဖန်ကိုင်း၊ နတ္တမာလကသာဝံ-သင်းဝင်အဖန်ကိုင်း၊ အနုဇာနာမိ - ၏၊ ဝါပန- သည်သာမကသေး၊ အညာနိပိ- ဆိုအပ်ပြီးတို့မှ အခြားလည်း ဖြစ်ကုန်သော၊ ကသာဝါနိ – အဖန်ဖြစ်ကုန်သော၊ ယာနိ ဘေသဇ္ဇာနိ-တို့သည်၊ အတ္ထိ- ရှိကုန်၏၊ (ယာနိ- အကြင် အဖန်ဆေးတို့သည်၊) ခါဒနီယေ-၌၊ပေ၊န ဖရန္တိ-မပြီးစေနိုင်ကုန်၊ (တာနိ-ထို အဖန်ဆေးတို့ကို၊) အနုဇာနာမိ-၏။] ဟိ–မှန်၊ ဧတ္ထ-ဤပါဠိရပ်၌၊ တေသမ္ပိ-ဤ အညှောက်, ပင်စည်, အခွံတို့ကိုလည်း၊ သင်္ဂဟော-သည်၊ သိဇ္ဈတိ-ပြီး၏၊ စ-ဆက်၊ ဝုတ္တကသာဝါနိ-ဆိုအပ်ပြီးသောအဖန်တို့ကို၊ သဗ္ဗကပ္ပိယာနိတိ–အလုံးစုံ အကုန်အစင်အားဖြင့် အပ်ကုန်၏ဟူ၍၊ ဝေဒိတဗ္ဗာနိ-န်၏။ [သဗ္ဗကပ္ပိယာနီတိ-မူလ ခန္ဓ တစ ပတ္တာဒိ ဝသေန သမ္ဗသော ကပ္ပိယာနိ၊–ဋီကာ။]

ပတ္တခါဒနီယေ – အရွက်ခဲဘွယ်၌၊ မူလကံ-မုံလာငင်း၊ ခါရကော-ဟင်းကျိငင်း၊ စစ္စု - ဟင်းခလာငင်း၊ တမ္ဗကော - ဟင်းချင်နီငင်း၊ တဏ္ဍုလေယျကော–ဟင်းစကွဲငင်း၊ ပပုန္နာဂေါ-ဒန့်ကျွဲငင်း၊ ဝတ္တုလေယျကော-ကြွက်နားပေါင်းငင်း၊ ဝဇကလိ-ကင်ပိတ်ငင်း၊ ဇဇ္ဈရီ-ဟင်းခါးပန်းတူငင်း၊ သေလ္လု-သနပ်ငင်း၊ သိဂ္ဂု-ဒန့်သလွန်ငင်း၊ ကာသမဒ္ဒကော- မှို့ချွန်ငင်း၊ ဥမ္မာ-ကန်တောံငင်း၊ [အဘိဓာန်၌ "ဥမာ - နှမ်းကြပ်၊ ဝါ- ဗိဇ္ဇာ" ဟု ရှိ၏။] စီနမုဂ္ဂေါ- ပဲနောက်ငင်း၊ မာသော–ပဲလွန်းငင်း၊ ရာဇမာသော- ပဲကြီးငင်း၊ မဟာနိပ္ဖါဝံ- ပဲတက်ကို၊ ထပေတွာ- ၍၊ အဝသေသနိပ္ဖါဝေါ–ကြွင်းသောပဲတက်ငင်း၊ အဂ္ဂိမန္ထော- တပဲဆေးငင်း၊ သုနိသန္နကော – တောင်ကစွန်းငင်း၊ သေတဝရဏော – ခတက်ဖြူငင်း၊ နာဠိကာ–ကန်စွန်းငင်း၊ ဘူမိယံ - မြေ၌၊ ဇာတလောဏီ - ဖြစ်သော ကြိပေါင်းငင်း၊ (ရှေးနိဿယ၌ "ဘူမိယံ ဇာတလောဏီ- မြေဖြစ်ကြိ" ဟု ပေး၏၊) ဣတိ- သို့၊ ဧတေသံ–ဤ သစ်ပင်တို့၏၊ ပတ္တာနိ- အရွက်တို့သည်ငင်း၊ အညာနိ– ကုန်သော၊ ဧဝရူပါနိ-ဤသို့ သဘောရှိကုန်သော၊ပေ၊ဖရဏကာနိ-ကုန်သော၊ ပတ္တာနိစ-အရွက်

တိုသည့်ငှင်း၊ ကေသေန–စင်စစ်အားဖြင့်၊ ယာဝကာလိကာနိ- တို့တည်း၊ ပန–ကား၊ အညာ- အခြားသော၊ မဟာ- ကြီးသော၊ နခ ပိဋ္ဌိမတ္တာ - လက်သည်းခွံ၏ ကျောက်ကုန်း ပမာဏရှိသော၊ ပဏ္ဏလောဏိ – အရွက်ရှိသော မြေဖြစ်ကြီပေါင်းသည်၊ ရုက္ခစ – သစ်ပင်တို့ကိုငှင်း၊ ဂစ္ဆစ – ချုံတို့ကိုငှင်း၊ အာရောဟတိ–တက်၏၊ တဿာ - ထို မြေဖြစ်ကြီးပေါင်း၏၊ ပတ္တံ - အရွက်သည်၊ ယာဝဇီဝိကံ-တည်း၊ စ-ဆက်၊ မြဟ္မီပတ္တံ– မြဟ္မွေရွက်သည်၊ ယာဝကာလိကံ-တည်း၊ ဍုတိ–သို့၊ ဒီပဝါသိနော- သီဟိုဠ်ကျွန်း၌ နေလေ့ရှိသူတို့သည်၊ ဝဒန္တိ - ဆိုကြကုန်၏၊ အမ္ဗပလ္လဝံ-သရက်ညွန့်သည်၊ ယာဝကာလိကံ- တည်း၊ ပန-ကား၊ အသောက ပလ္လဝံ-ပန်းသုံးညွန့်သည်၊ ယာဝဇီဝိကံ-တည်း၊ အညာနိ- ကုန်သော၊ ယာနိ–အကြင် အရွက်တို့ကို၊ ပါဠိယံ - တော်၌၊ (ယာနိဝါပနညာနိ-ဟု ဝါပနပါသည် ကား ပါဠိတော်မဟုတ်သောကြောင့် အပို၊) အနုဇာနာမိ ၊ပေ၊ ဖရန္တိတိ - ဟူ၍၊ ဝုတ္တာနိ-ဟောတော်မူအပ်ကုန်ပြီ၊ တာနိ-ထို အရွက်တို့သည်၊ ယာဝဇီဝိကာနိ-တို့တည်း။ [ဘိက္ခဝေ- တို့၊ ပဏ္ဏာနိ- အရွက်ဖြစ်ကုန်သော၊ ဘေသဇ္ဇာနိ–တို့ကို၊ နိမ္ဗပဏ္ဏံ-တမာရွက်ကိုငှင်း၊ ကုဋဇပဏ္ဏံ-လက်ထုတ်ရွက်ကိုငှင်း၊ ပဋောလပဏ္ဏံ-မြူးတားရွက်ကိုငှင်း၊ သုလသိပဏ္ဏံ-ရုံးရွက်ကိုငှင်း၊ ကပ္ပါသိကပဏ္ဏံ- ဝါရွက်ကိုငှင်း၊ အနုဇာနာမိ၊ ဝါပန-သေး၊ အညာနိပိ-ကုန်သော၊ ဘေသဇ္ဇာနိ-ကုန်သော၊ ယာနိပဏ္ဏာနိ - အကြင် အရွက်တို့သည်၊ အတ္ထိ - ကုန်၏၊ (ယာနိ - တို့သည်၊) ခါဒနီယေ၊ပေ၊န ဖရန္တိ-ကုန်၊ (တာနိ-တို့ကို၊) အနုဇာနာမိ။]

စ- ဆက်၊ ကေဝလံ- ပုပ္ဖဖလ စသည်မဘက် သက်သက်၊ တေသံ- ထို တမာ စသော သစ်ပင်တို့၏၊ ပဏ္ဏာနိယေဝ-တို့သည်သာ၊ (ယာဝဇီဝိကာနိ-တို့သည်၊) န- မဟုတ်ကုန်သေး၊ တေသံ- ထို တမာစသော သစ်ပင်တို့၏၊ ပုပ္ဖဖလာဒီနိပိ–အပွင့် အသီး အစရှိသည်တို့သည်လည်း၊ ယာဝဇီဝိကာနိ-တို့တည်း၊ [တေသန္တိ နိမ္ဗာဒီနံ၊ ဍုဒံ ပဒံ ပုဗ္ဗပရာပေက္ခံ၊တသ္မာ ဋ္ဌိန္နမဇ္ဈေ ဝုတ္တန္တိ ဒဋ္ဌဗ္ဗံ၊–ယောဇနာ။] ပဏ္ဏာနံ-တို့၏၊ (အန္တော နတ္ထိ-၌စပ်၊) ဖဂ္ဂဝပဏ္ဏံ- ခွေးတောံရွက်ငှင်း၊ အဇ္ဇုကပဏ္ဏံ-ကညွှံရွက်ငှင်း၊ ဖဏိဇ္ဇကပဏ္ဏံ- ရုံးရွက်ငှင်း၊ ပဋောလပဏ္ဏံ-မြူးတားရွက်ငှင်း၊ တမ္ဗူလပဏ္ဏံ-ကွမ်းရွက်ငှင်း၊ ပဒုမိနိပဏ္ဏံ - ပဒုမ္မာကြာရွက်ငှင်း၊ ဍုတိဧဝံ-သို့၊ ဂဏန ဝသေန - ဂဏန်း၏ အစွမ်းဖြင့်၊ အန္တော - အဆုံးသည်၊ နတ္ထိ။ [အဇ္ဇုက-ရုံးဖြူ (ပင်စိမ်းဖြူ)၊ ဖဏိဇ္ဇက-ရုံးရိုင်း (ပင်စိမ်းရိုင်း)ဟု အဘိဓာန် နိဿယသစ်(၅၇၉)၌ ပေး၏။]

ပုပ္ဖခါဒနီယေ - အပွင့် ခဲဘွယ်၌၊ မူလကပုပ္ဖံ - မုံလာပွင့်ငှင်း၊ ခါရကပုပ္ဖံ–ဟင်းကျိပွင့်ငှင်း၊ စစ္စုပုပ္ဖံ - ဟင်းခလာပွင့်ငှင်း၊ တမ္ဗကပုပ္ဖံ - ဟင်းချဉ်နီပွင့်ငှင်း၊ ဝဇကာလိပုပ္ဖံ- ကင်ပိတ်ပွင့်ငှင်း၊ ဇတ္တုရိပုပ္ဖံ - ဟင်းခါးပန်းတူပွင့်ငှင်း၊ စူဠနိပ္ဖါဝပုပ္ဖံ-ပဲပဇွန်ပွင့်ငှင်း၊မဟာနိပ္ဖါဝပုပ္ဖံ-ပဲတက်ပွင့်ငှင်း၊ကသေရုကပုပ္ဖံ-ဝက်မြေပွင့်

ငင်း၊ နာဠိကေရတာလ ကေတကာနံ - အုန်း, ထန်း, ဆတ်သွားတို့၏၊ တရုဏ ပုပ္ဖာနိ - နုသောအပွင့်တို့ငင်း၊ သေတဝရဏပုပ္ဖံ - ခတက်ဖြူပွင့်ငင်း၊ သိဂ္ဂုပုပ္ဖံ— ဒန့်သလွန်ပွင့်ငင်း၊ ဥပ္ပလပဒုမ ဇာတိကာနံ - ဥပ္ပလဇာတ်, ပဒုမ္မာဇတ် ရှိကုန်သော ကြာတို့၏၊ ပုပ္ဖါနိ - အပွင့်တို့ငင်း၊ ကဏ္ဏိကမတ္တံ - အချက်မျှသာ ရှိသော၊ အဂန္ဓိကပုပ္ဖံ - ပေါက်ပွင့်ငင်း၊ ကဠီရပုပ္ဖံ - ဆင်နှာ:မောင်းပွင့်ငင်း၊ ဇီဝန္တိပုပ္ဖံ— စမုံနီပွင့်ငင်း၊("မိုးဆွေပွင့်"ဟုလည်း ပေးကြ၏၊ ) ဣတိ ဧဝမာဒိ- သော၊ပေ၊ ဖရဏကပုပ္ဖံ-ပြီးစေနိုင်သောအပွင့်သည်၊ ယာဝကာလိကံ-တည်း။

ပန- ကား၊ (ယာဝဇီဝိကကား၊) အသောက- ပန်းသိုး၊ ဗကုလ- ချယား၊ ကုလျက-ဆူးရစ်၊ ပုန္နာဂ-ပုန်းညက်၊ စမ္ပက- စကား၊ ဇာတိ-မလေး စပ္ပါယ်၊ ကဏဝီရ-ကုလားဇလပ်၊ ကဏိကာရ - မဟာလှေကား၊ ကုန္ဒ- သင်းခွေ၊ နဝ မာလိက-ဆိတ်ဘီလူး၊ မလ္လိကာဒီနံ—ကြက်ရုံးအစရှိသည်တို့၏၊ ပုပ္ဖံ-အပွင့်သည်၊ ယာဝဇီဝိကံ— တည်း၊ တဿ-ထို အပွင့်၏၊ ဂဏနာယ- ဂဏန်း၏၊ အန္တော နတ္ထိ၊ ပန-ဆက်၊ အဿ- ထို အပွင့်ကို၊ ပါဠိယံ - တော်၌၊ ကသာဝဘေသဇ္ဇေ နေဝ-ဖြင့်သာ၊ သင်္ဂဟော ဝေဒိတဗ္ဗော။

ဖလခါဒနိယေ-အသီးခဲဘွယ်၌၊ ပနသ-ဒိန်ပိန္နဲ၊ လဗုဇ-တောင်ပိန္နဲ၊ တာလ-ထန်း၊ နာဠိကေရ-အုန်း၊ အမ္ဗ-သရက်၊ ဇမ္ဗူ-သပြေ၊ အမ္ဗာဋက-ဂွေး (ဝွေး)၊ တိန္တိဏိက-မန်းကျည်း၊ မာတုလုင်—ရှောက်၊ ကပိတ္ထ-သီး၊ လာဗု-ဗူး၊ ကုမ္ဘဏ္ဍ- ဖရုံ၊ ပုဿဖလ — သခွါး ပြောတ်၊ တိမ္ဗရူသက— တည်၊ တိပုသ- သခွါးဆေစ်၊ ဝါတိင်္ဂဏ - ခရမ်း၊ စောစ - တောငှက်ပျော၊ မောစ- အိမ်ငှက်ပျော—မဓုကာ ဒီနံ- သစ်မည်စည် အစရှိသည်တို့၏၊ ယာနိဖလာနိ-တို့သည်၊ လောကေ-၌၊ ပေ၊ ဖရန္တိ- ကုန်၏၊ သဗ္ဗာနိ - ကုန်သော၊ တာနိ—ထို အသီးတို့သည်၊ ယာဝကာလိ ကာနိ၊ နာမဂဏနဝသေန-နာမည်ကို ရေတွက်ခြင်း၏ အစွမ်းဖြင့်၊ နေသံ - ထို အသီးတို့၏၊ ပရိယန္တံ- အဆုံးအပိုင်းအခြားကို၊ ဒဿေတုံ- ၄ါ၊ န သက္ကာ- မတတ် နိုင်၊ ပန - ဆက်၊ ယာနိ - အကြင် အသီးတို့ကို၊ ပါဠိယံ - ၌၊ အနုဇာနာမိ၊ပေ၊ ဖရန္တိတိ-ဟူ၍၊ ဝုတ္တာနိ- ကုန်ပြီ၊ တာနိ- ထို အသီးတို့သည်၊ ယာဝဇီဝိကာနိ၊ [ ဘိက္ခဝေ ဖလာနိ ဘေသဇ္ဇာနိ - တို့ကို၊ ဝိလင်္ဂ - အိမ်မွေ့သီးကိုငင်း၊ ပိပ္ဖလိံ - ပိတ်ချင်းကိုငင်း၊ မရိစံ— ငရုပ်သီးကိုငင်း၊ ဟရီတကံ - ဖန်းခါးသီးကိုငင်း၊ ဝိဘီ

× × × × × × ×

မာတုလုင် ။ ။ ဤမာတုလုင်ကို ယာဝဇီဝိက ထင်၍ နေလွဲအခါ၌ အကပ်ခံ ရှလပတ်ရည်လုပ်၍ မစစ်ဘဲ သောက်တတ်ကြ၏၊ အမှန်မှာ — ယာဝကာလိက၌ ပါနေ သောကြောင့် နေလွဲအခါ၌ မန်ကျည်းသီးမှည့်ကဲ့သို့သာ အသုံးပြုနိုင်၏၊ အရည်ညှစ်၍ ရေဖြင့်ရောပြီးလျှင် စင်ကြယ်စွာစစ်ပြီးမှ ဆေးအဖြစ်ဖြင့် အကပ်ခံ၍ သုံးကောင်းသည်— ဟုလို၊ ဤမာတုလုင်၏ အဆုံးအဖြတ်ကို အဘယာရာမဆရာတော်၏ အဘိဓာန် နိဿယသစ် (၅၇၇) ၌ ရှုပါ။

တကံ-သစ်ဆိမ့်သီးကိုင်း၊ အာမလကံ-ရှစ်ရှားသီးကိုင်း၊ ဂေါဋ္ဌဖလံ-သမင်စာ သီးကိုင်း၊ အနုဇာနာမိ၊ပေ၊] တေသမ္ပိ-ထို အသီးတို့၏လည်း၊ အပရိပက္ကာနိ-မမှည့်ရင့်သေးသော အသီးတို့သည်ငှင်း၊ အဋ္ဌိဝ၊ပေ၊အာဒီနံ-ရင်ခတ်, ကျီးအာ, ခတက်, ဆပ်သွား, ကုန်ကျဉ်း (ဂုန်ညင်း) အစရှိသည်တို့၏၊ ဖလာနိ - တို့ငှင်း၊ ဇာတိဖလံ— ဇာဒိပ္ဖိုလ်သီးငှင်း၊ ကဋုကဖလံ - ဆောင်းမေးခါးသီးငှင်း၊ ဧဠာ-ဖါလာငှင်း၊ တက္ကောလံ - ကရဝေးငှင်း၊ ဣတိ ဧဝံ- သို့၊ နာမဝသေန - နာမည်အစွမ်းဖြင့်၊ ပရိယန္တံ ဒဿေတုံ, နသက္ကာ- နိုင်။

အဋ္ဌိခါဒနီယေ-အစေ့ခဲဘွယ်၌၊ လဗုဇဋ္ဌိ- တောင်ပိန္နဲစေ့ငှင်း၊ ပနသဋ္ဌိ-အိမ်ပိန္နဲစေ့ငှင်း၊ အမ္ဗာဋကဋ္ဌိ-ဝေး(ဝွေး)စေ့ငှင်း၊သာလဋ္ဌိ-အင်ကြင်းစေ့ငှင်း၊ ခဇ္ဇူရိကေတကတိမ္ဗရူသကာနံ- သင်ပေါင်း, ဆပ်သွား, တည်ပင်တို့၏၊ တရုဏဖလဋ္ဌိ-နုသော အသီး၏ အစေ့ငှင်း၊ တိန္တိဏိကဋ္ဌိ-မန်ကျည်းစေ့ငှင်း၊ ဗိမ္ဗဖလဋ္ဌိ- ကျီးအာစေ့ငှင်း၊ ဥပ္ပလပဒုမဇာတိနံ - ဥပ္ပလဇာတ်, ပဒုမ္မာဇာတ်ရှိသော ကြာတို့၏။ ပေါက္ခရဋ္ဌိ-ကြာစေ့ငှင်း၊ ဧဝမာဒီနိ-ကုန်သော၊ပေ၊ အဋ္ဌီနိ- အစေ့တို့သည်၊ ယာဝကာလိကာနိ၊ မဓုကဋ္ဌိ-သစ်မည်စည်စေ့ငှင်း၊ပုန္နာဂဋ္ဌိ-ပုန်းညက်စေ့ငှင်း၊ ဟရီတကာဒီနံ-ဖန်ခါး အစရှိသော အသီးတို့၏၊ အဋ္ဌီနိ-တို့ငှင်း၊ သိဒ္ဓတ္ထကဋ္ဌိ-မုံညင်းဖြူစေ့ငှင်း၊ ရာဇိကဋ္ဌိ-မုံညင်းနက်စေ့ငှင်း၊ ဣတိ ဧဝမာဒီနိ အဋ္ဌီနိ ယာဝဇီဝိကာနိ၊ တေသံ—ထို အစေ့တို့ကို၊ ပါဠိယံ ဖလဘေသဇ္ဇေနေဝ သင်္ဂဟော ဝေဒိတဗ္ဗော။

ပိဋ္ဌခါဒနီယေ - အမှုန့်ခဲဘွယ်၌၊ တာဝ- တာလပိဋ္ဌစသည်တို့မှ ရှေးဦးစွာ၊ (နိဒ္ဒိဋ္ဌာနံ-ကုန်သော၊) သတ္တန္နံ-န်သော၊ ဓညာနံ-စပါးတို့၏ငှင်း၊ ဓညာနုလောမာနံစ – စပါးအားလျော်သော ကျိတ်ဆန်, လမန်းဆန် အစရှိသည်တို့၏ငှင်း၊ အပရဏ္ဏာနဉ္စ- ပဲတို့၏ငှင်း၊ ပိဋ္ဌံ-ကျိတ်အပ်သော အမှုန့်ငှင်း၊ ပနသပိဋ္ဌံ- ပိန္နဲစေ့မှုန့်ငှင်း၊ လဗုဇပိဋ္ဌံ- တောင်ပိန္နဲစေ့မှုန့်ငှင်း၊ အမ္ဗာဋကပိဋ္ဌံ— ဝေး (ဝွေး)စေ့မှုန့်ငှင်း၊ သာလပိဋ္ဌံ- အင်ကြင်းစေ့မှုန့်ငှင်း၊ ဓောတက တာလပိဋ္ဌဉ္စ-ဆေးအပ်သော ထန်းစေ့ မှုန့်ငှင်း၊ ခီရဝလ္လိပိဋ္ဌဉ္စ – ဥမ္ဗန်းမှုန့်ငှင်း၊ ဣတိ ဧဝမာဒီနိ - ကုန်သော၊ ပေ၊ ပိဋ္ဌာနိ , ယာဝကာလိကာနိ၊ အဓောတက တာလပိဋ္ဌံ - မဆေးအပ်သော ထန်းသီးစေ့မှုန့်သည်ငှင်း၊ ခီရဝလ္လိပိဋ္ဌံ - ဥမ္ဗန်းမှုန့်သည်ငှင်း၊ အဿဂန္ဓာဒိ ပိဋ္ဌာနိစ-တောင့်တဲစာ အစရှိသော အသီးတို့၏ အမှုန့်တို့သည်ငှင်း၊ ယာဝဇီဝိကာနိ၊ တေသံ - ထို အမှုန့်တို့ကို၊ ပါဠိယံ - ၌၊ ကသာဝေဟိစ- အဖန်တို့ဖြင့်ငှင်း၊ မူလဖလေဟိစ-အမြစ် အသီးတို့ဖြင့်ငှင်း၊ သင်္ဂဟော ဝေဒိတဗ္ဗော။

နိယျာသခါဒနီယေ - အစေးခဲဘွယ်၌၊ ကောဝ - တမျိုးသော၊ ဥစ္ဆုနိယျာသောဝ – ကြံစေးသည်သာ၊ သတ္တာဟကာလိကော၊ သေသာ- ကြွင်းကုန်သော၊ (ပါဠိယံဝုတ္တနိယျာသာ-၌စပ်၊) အနုဇာနာမိ၊ပေ၊ ဒဘာသဇ္ဇာနိတိ-ဟူ၍၊ ပါဠိယံ-၌၊ ဝုတ္တနိယျာသာ – ဟောတော်မူအပ်သော အစေးတို့သည်၊ ယာဝဇီဝိကာ—

တို့တည်း။ [ ဘိက္ခုဝေ, ဇတုနိ-ချိတ်ဖြစ်ကုန်သော၊ ဘေသဇ္ဇာနိ - တို့ကို၊ ဟိင်္ဂုံ-ဟိန်းခိုစစ် (ရှိန်းခိုစစ်) ကိုငင်း၊ ဟိင်္ဂုဇတုံ - ဟိန်းခိုချိတ်ကိုငင်း၊ ဟိင်္ဂုသိပါဋိကံ-ဟိန်းခိုလွှာကိုငင်း၊ တကံ-ချိတ်ကိုငင်း၊ တကပတ္တိံ-ချိတ်နှစ်ကိုငင်း၊ တကပဏ္ဏိံ-ချိတ်လွှာကိုငင်း၊ သဇ္ဇုလသံ — ပွဲရက်ကိုငင်း၊ အနုဇာနာမိ ၊ပေ၊ ။] တတ္ထ - ထို ပါဠိတော်၌၊ ယေဝါပနကဝသေန - ယေဝါပနကသဒ္ဒါ၏ အစွမ်းဖြင့်၊ သင်္ဂဟိတာနံ-သိမ်းယူအပ်ကုန်သော အစေးတို့၏၊ (ပရိယန္တံ-၌စပ်၊) အမွှန်ယျာသော-သရက်စေးငင်း၊ ကဏိကာရနိယျာသော-မဟာလှေကားစေးငင်း၊ ဣတိဧဝံ-သို့၊ နာမဝသေန ပရိယန္တံ ဒဿေတုံ နသက္ကာ၊ ဧဝံ-၍သို့လျှင်၊ ဣမေသု မူလခါဒနီယာဒီသု-၌အမြစ်ခဲဘွယ် အစရှိသည်တို့တွင်၊ ယံကိဉ္စိ-အမှတ်မရှိတစုံတခုသည်၊ ယာဝကာလိကံ (ဟောတိ)၊ သဗ္ဗမ္ပိ - အလုံးစုံသော ယာဝကာလိကကိုလည်း၊ ဣမသ္မိံ အတ္ထေ-၌ ပါဠိတော်၏အနက်၌။ [''ခါဒနီယံနာမ ပဉ္စဘောဇနာနိ ယာမကာလိကံ, သတ္တာဟကာလိကံ, ယာဝဇီဝိကံ ထပေတွာ အဝသေသံ ခါဒနီယံ နာမ '' ဟူသော ပါဠိတော်၏အနက်၌၊ ] အဝသေသံ ခါဒနီယံနာမာတိ — အဝသေသံ ခါဒနီယံနာမဟူ၍၊ သင်္ဂဟိတံ-သိမ်းယူအပ်ပြီ။

ဘောဇနီယံ၊ပေ၊အာဒိမှိ- အစရှိသော ပါဠိရပ်၌၊ ယံ- အကြင် အဆုံးအဖြတ် စကားရပ်ကို၊ ဝတ္တဗ္ဗံ - ဆိုထိုက်၏၊ တံ - ထို အဆုံးအဖြတ် စကားရပ်ကို၊ ဝုတ္တမေဝ - ဆိုအပ်ပြီးသည်သာ၊ (ပဌမပဝါရဏာ သိက္ခာပုဒ်၌ ဆိုပြီးခဲ့ပြီ - ဟူလို၊) ခါဒိံသု၊ပေ၊ပဋိဂ္ဂဏှာတီတိ- ကား၊ ယောဘိက္ခု-သည်၊ ဝိကာလေ- နေလွဲအခါ၌၊ ဧတံ ခါဒနီယံ-၌ ပြအပ်ပြီးသော ခဲဘွယ်ကိုငင်း၊ ဧတံ ဘောဇနီယဉ္စ-၌ ပြအပ်ပြီးသော ဘောဇဉ်ကိုငင်း၊ ပဋိဂ္ဂဏှာတိ-အကပ်ခံ၏၊ တဿ- ထိုရဟန်း၏၊ တာဝ-မစားမီ ရှေးဦးစွာ၊ ပဋိဂ္ဂဟဏေ—အကပ်ခံခြင်းကြောင့်၊ ဒုက္ကဋံသ—သို့၊ အာပတ္တိ-သည်၊(ဟောတိ)၊ သေသမေတ္ထ ဥတ္တာနမေဝ ၊ပေ၊တိဝေဒနန္တိ။....

ဝိကာလဘောဇနသိက္ခာပဒံ သတ္တမံ။

## သန္နိဓိကာရ သိက္ခာပုဒ်

အဋ္ဌမသိက္ခာပဒေ-၌၊ ဗေလဋ္ဌသီသောနာမ—ဗေလဋ္ဌ သီသထေရ်မည်သည်၊ ဇဋိလသဟဿဗ္ဘန္တရော-ရသေ့တထောင်၏ အတွင်း၌ဖြစ်သော၊မဟာထေရော-မဟာထေရ်တပါးတည်း၊ [ဥရုဝေလ ကဿပ အမှူးရှိသော ရသေ့တထောင်တွင် ပါဝင်သော မဟာထေရ်တပါး— ဟူလို။ ] အရညေ ဝိဟရတီတိ- ကား၊ ဇေတဝနဿ-ဇေတဝန် ကျောင်းတိုက်၏၊ အဝိဒူရေ- အနီး၌၊ ပဓာနဃရေ-ကမ္မဋ္ဌာန်း ကျောင်းဖြစ်သော၊ ဧကသ္မိံ အာဝါသေ-တခုသော ကျောင်း၌၊ ဝသတိ-နေတော်မူ၏။[ပဒဟတိ ဧတ္ထာတိ ပဓာနံ၊ ပဓာနဉ္စ+တံ+ဃရဉ္စာတိ ပဓာနဃရံ - ကမ္မ

ဠာန်း အားထုတ်ရာ ကျောင်း၊ ဝါ– ကမ္မဋ္ဌာန်းကျောင်း။ ] သုက္ခကုရန္တိ– ကား၊ အသူပဗျဉ္ဇနံ–ဟင်းရည် ဟင်းလျာမရှိသော၊ ဩဒနံ-ထမင်းကို၊(ထမင်းသန့်သန့်ကို၊ "နိက္ခိပတိ–ချန်ထား၏"ဟု ပါဠိတော်၌စပ်၊) ကိရ- ချဲ၊ သော–ထိုဗေလဋ္ဌသီသထေရ်သည်၊ အန္တောဂါမေ– ရွာတွင်း၌၊ ဝါ- ရွာတွင်း ဆွမ်းစားစရပ်၌၊ ဘုဉ္ဇိတွာ– ဆွမ်းဘုဉ်းပေးပြီး၍၊ ပစ္ဆာ-နောက်မှ၊ ပိဏ္ဍာယ - ၄ါ၊ စရိတွာ - ၍၊ တာဒိသံ- ထိုကဲ့သို့ ရှုအပ်သော၊ ဩဒနံ- ထမင်းကို၊ ( " အသူပ ဗျဉ္ဇနဖြစ်သော ထမင်းသန့်သန့်ကို") အာဟရတိ- ဆောင်ယူလာ၏၊ တဉ္စ-ထို ဆွမ်းကိုလည်း၊ အပ္ပိစ္ဆတာယ - အပ္ပိစ္ဆတာဂုဏ်ကြောင့်၊ ( အာဟရတိ၊ ) ပစ္စယဂိဒ္ဓတာယ– ပစ္စည်း၌ မက်မောသည်၏အဖြစ်ကြောင့်၊ န(အာဟရတိ)၊ ဆောင်ယူလာသည် မဟုတ်၊ ထေရော-သည်၊ သတ္တာဟံ–၇ ရက်ကို၊ နိရောဓသမာပတ္တိယာ–နိရောဓသမာပတ်ဖြင့်၊ ဝီတိနာမေတွာ- လွန်စေပြီး၍၊ သမာပတ္တိတော – မှ၊ ဝုဋ္ဌာယ-ထပြီး၍၊ တံပိဏ္ဍပါတံ– ထို ဆွမ်းခြောက်ကို၊ ဥဒကေန–ရေဖြင့်၊ တေမေတွာ–စိုစေ၍၊ ဝါ-နှူး၍၊ ဘုဉ္ဇတိကိရ–ဘုဉ်းပေးတော်မူသတတ်၊ တတော-ထိုသို့ ဆွမ်းဘုဉ်းပေးပြီးရာအခါမှ(နောက်၌)၊ ပုန-တဖန်၊ သတ္တာဟံ-လုံး၊ သမာပတ္တိယာ-ဖြင့်၊ နိသီဒတိ–နေတော်မူပြန်၏၊ [ အာဟာရကိုမှီ၍ အသက်ရှည်ရသော ကာမဘုံသားတို့၏ တကြိမ် စားအပ်သော အာဟာရသည် ၇ ရက်သာ မျှတစေနိုင်သောကြောင့် "သတ္တာဟံ"ဟု ဆိုသည်။ ] ဧဝံ- သို့၊ ဒွေ- ၂ ခုကုန်သော၊(သတ္တာဟာနိ)ပိ–သတ္တာဟတို့ကိုငင်း၊ တီဏိ(သတ္တာဟာနိ)ပိ, စတ္တာရိ သတ္တာဟာနိပိ-တို့ကိုငင်း၊ ဝီတိနာမေတွာ– ပြီး၍၊ ဝါ- လွန်စေပြီးမှ၊ ဂါမံ ပိဏ္ဍာယ ပဝိသတိ၊ တေန- ကြောင့်၊ပေ၊ ဝုတ္တံ- သင်္ဂါယနာတင်ထေရ်တို့ မိန့်ဆိုအပ်ပြီ။ •

ကာရော-ကာရော ဟူသော ပုဒ်ငင်း၊ ကရဏံ-ကရဏံဟူသော ပုဒ်ငင်း၊ ကိရိယာ- ကိရိယာဟူသော ပုဒ်ငင်း၊ ဣတိ-ဤပုဒ် ၃ ခု အပေါင်းသည်၊ အတ္ထတော-အနက်အားဖြင့်၊ ဧကံ – တမျိုးတည်းသာတည်း၊ အဿ - ထို ခဲဘွယ် ဘောဇဉ်၏၊ သန္နိဓိ°-သိုမှီးသိမ်းဆည်းမှုကို၊ ကာရော- ပြုခြင်းသည်၊(အတ္ထိ)၊ ဣတိ- ဤသို့ သိုမှီးသိမ်းဆည်းမှုကို ပြုခြင်းရှိသည်၏ အဖြစ်ကြောင့်၊( တံ- ထို ခဲဘွယ်ဘောဇဉ်သည်၊) သန္နိဓိကာရံ - သန္နိဓိကာရမည်၏၊ သန္နိဓိကာရမေဝ - သိုမှီးသိမ်းဆည်းမှုကို ပြုခြင်းရှိသော ခဲဘွယ်ဘောဇဉ် သည်ပင်၊ သန္နိဓိကာရကံ- သန္နိဓိကာရက မည်၏၊ သန္နိဓိကြိယံ-သိုမှီးသိမ်းဆည်းမှုကို ပြုခြင်းရှိသော၊(ခါဒနီယံဝါ ဘောဇနီယံဝါ ၌စပ်၊)ဣတိအတ္ထော-နက်၊ [သန္နိဓိကာရကပုဒ်၏အဖွင့်ကို ပါတိမောက် ဘာသာဋီကာ၌ ပြထားပြီ၊ သန္နိဓိပုဒ်ကို " သမ္မာ+ နိဓာနံ သန္နိဓိ - ကောင်းစွာ သိုမှီးသိမ်းထားခြင်း"ဟု ပြုပါ။] တံ-ဤ သန္နိဓိကာရကံ ဟူသော အမည်သည်၊ ပဋိဂ္ဂဟေတွာ - အကပ်ခံပြီး၍၊ ဧကရတ္တံ - တည၌ကို၊ ဝီတိနာမိတဿ - လွန်စေအပ်ပြီးသော ခဲဘွယ်ဘောဇဉ်၏၊ အဓိဝစနံ-တည်း၊ တေနေဝ- ထို့ကြောင့်ပင်၊

အသ- ဤ သန္နိဓိကာရကံပုဒ်၏၊ ပဒဘာဇနေ- ပဒဘာဇနီ၌၊ သန္နိဓိ၊ပေ၊ အပရဇ္ဇုတိ – ဟူ၍၊ ဝုတ္တံ – ဟောတော်မူအပ်ပြီ။ [ ဤဝါကျ၏ အဓိပ္ပါယ်ကို ကန်ါဘာသာဋီကာ၌ ပြထားပြီ။]

ပဋိဂ္ဂဏှာတိ အာပတ္တိ ဒုက္ကဋဿာတိ - ဟူသည်ကား၊ ဧဝံ - ဤသို့၊ သန္နိဓိကတံ-ပြုအပ်သော သိုမှီးသိမ်းဆည်းမှုရှိသော၊ ယံကိဉ္စိ-အမှတ်မထား တပါးပါးသော၊ ယာဝကာလိကံဝါ- ယာဝကာလိကကိုသော်၎င်း၊ ယာမကာလိကံဝါ– ယာမကာလိကကိုသော်၎င်း၊ အဇ္ဈောဟရိတု ကာမတာယ- စားမျိုခြင်းငှါ အလိုရှိသည်၏အဖြစ်ကြောင့်၊ ဂဏှန္တဿ-ယူသောရဟန်း၏၊ တာဝ-မစားမီ ရှေးဦးစွာ၊ ပဋိဂ္ဂဟဏေ– ယူခြင်းကြောင့်၊ ဒုက္ကဋဿ- သို့၊ အာပတ္တိ (ဟောတိ)၊ ပန– ကား၊ အဇ္ဈောဟရတော-စားမျိုသောရဟန်း၏၊ ဧကမေကဿ̊-တကြိမ် တကြိမ်သော၊ အဇ္ဈောဟာရေ-စားမျိုခြင်း၌၊ ဝါ-ကြောင့်၊ ပါစိတ္တိယံ (ဟောတိ)။

ပတ္တော - သည်၊ ဒုဒ္ဓေါတော - မကောင်းသဖြင့် ဆေးအပ်သည်၊ ဝါ - မစင်မကြယ် ဆေးအပ်သည်၊ သစေပိ ဟောတိ – အကယ်၍မူလည်း ဖြစ်အံ့၊ ယံ – အကြင်သပိတ်ကို၊ အင်္ဂုလိယာ - လက်ချောင်းဖြင့်၊ ဃံသန္တဿ - ပွတ်တိုက်လသော်၊(ပွတ်၍ကြည့်သော ရဟန်း၏)၊ လေခါ-အရေးသည်၊ ဝါ-လက်ချောင်းရာသည်၊ ပညာယတိ-ထင်ရှားအံ့၊ ဂဏ္ဍိကပတ္တဿဝါ-အဖွဲ့အတုပ်ရှိသော သပိတ်၏မူလည်း၊ ဂဏ္ဍိကန္တရေ-အဖွဲ့အတုပ်၏အကြား၌၊သ္နေဟော-ဝါ-အဆီစေးသည်သော်လည်း၊ ပဝိဋ္ဌော-ဝင်နေသည်၊ ဟောတိ-အံ့၊ သော-ထို အဆီအစေးသည်၊ ဥဏှော-နေပူ၌၊ ဒြတာပေန္တဿ-သပိတ်ကို နေလှမ်းလသော်၊ ဝါ- စဉ်၊ ပဂ္ဃရတိ- ယိုထွက်လာတတ်၏၊ ဥဏှယာဂုယာဝါ - ပူသောယာဂုကို မူလည်း၊ ဂဟိတာယ - ခံယူအပ်သော်၊ သန္ဒိဿတိ - ထင်ရှားလာတတ်၏၊ ( ယာဂုအပေါ်၌ အဆီဝေ့လာတတ်၏၊) တာဒိသေ-ထိုကဲ့သို့ ရှုအပ်သော၊ ပတ္တေပိ-၌လည်း၊ ပုန ဒိဝသေ-၌၊ ဘုဥ္ဇန္တဿ-စားသောရဟန်း၏၊ ပါစိတ္တိယံ (ဟောတိ)၊ [ဤဝါကျများ၏ အဓိပ္ပါယ်ကို ကန်ါဘာသာဋီကာ၌ ရှုပါ၊] တသ္မာ - ကြောင့်၊ ပတ္တံ- ကို၊ ဓောဝိတွာ-ဆေးပြီး၍၊ ပုန-တဖန်၊ တတ္ထ-ထိုသပိတ်၌၊ အစ္ဆောဒကံ-ကြည်သောရေကို၊ အာသိဉ္စိတွာဝါ – လောင်းထည့်၍သော်၎င်း၊ အင်္ဂုလိယာ- ဖြင့်၊ ဃံသိ

× × × × × × ×

**ပဋိဂ္ဂဟဏေ တာဝ ။** ။ နဂိုရ်က အကပ်ခံပြီး၍ သန္နိဓိ ဖြစ်နေသော ယာဝကာလိက, ယာမကာလိက ဖြစ်ရကား "ပဋိဂ္ဂဟဏေ" အရ အကပ်ခံခြင်းကို မဆိုလို၊ စားဘို့ရန်ယူခြင်းကို ဆိုလိုသည်ဟု ဋီကာဖွင့်၏။ [ပဋိဂ္ဂဟဏေတိ ဂဟဏေမေဝ သန္ဓာယ ဝုတ္တံ၊ ပဋိဂ္ဂဟိတမေဝ ဟိ တံ၊ ပုန ပဋိဂ္ဂဟဏကိစ္စံ နတ္ထိ၊ တေနေဝ အဇ္ဈောဟရိတု ကာမတာယ ဂဏှန္တဿ (ယူသော ရဟန်း၏) ပဋိဂ္ဂဟဏေတိ ဝုတ္တံ။– ဋီကာ။] သို့သော် တစုံတခုသော အကြောင်းကြောင့် အကပ်ပျက်နေသော သန္နိဓိဝတ္ထုကို အကပ်ခံလျှင်လည်း ဒုက္ကဋ်သင့်သည်သာ။

တ္တာ၀ါ- ပွတ်၍သော်၎င်း၊ နိသ္သေ ဟဘာဝေါ-အဆီအစေး မရှိသည်၏အဖြစ်ကို၊ ဇာနိတဗ္ဗော - သိထိုက်၏၊ ဟိ- မှန်၊ ဥဒကေ - ရေ၌၊ သ္သေ ဟဘာဝေါ ဝါ- အဆီအစေး ရှိသည်၏အဖြစ်သည်သော်၎င်း၊ ပတ္တေ-၌၊ အင်္ဂုလိလေခါ ဝါ-လက်ချောင်း ရာသည်သော်၎င်း၊ သစေ ပညာယတိ- အံ့၊ (ဝေံသတိ)၊ ဒုဒ္ဓေါတော- မကောင်း သဖြင့် ဆေးအပ်သည်၊ ဝါ-မစင်မကြယ်ဆေးအပ်သည်၊ ဟောတိ၊ ပန-ဆက်၊ တေလဝဏ္ဏပတ္တေ-ဆီ၏ အရောင်ရှိသောသပိတ်၌၊ အင်္ဂုလိလေခါ- လက်ချောင်း ရာသည်၊ ပညာယတိ-ထင်ရှား၏၊ သာ-ထို လက်ချောင်းရာသည်၊ အဗ္ဗောဟာရိကာ—အာပတ်၏အင်္ဂါဟု ပြောဆိုခြင်းကို မထိုက်။

ယံ-အကြင် ခဲဘွယ်ဘောဇဉ်ကို၊ ဘိက္ခု—တို့သည်၊ နိရပေက္ခာ—ငဲ့ကွက်ခြင်း မရှိကုန်သည်၊ (ဟုတွာ) သာမဏေရာနံ— တို့အား၊ ပရိစ္စဇန္တိ-စွန့်ကုန်၏၊ တံ—ထို ခဲဘွယ်ဘောဇဉ်ကို၊ သာမဏေရာ—တို့သည်၊ နိဒဟိတွာ-သိုမှီးသိမ်းဆည်း၍၊ စေဒေန္တိ—အကယ်၍ ပေးလှူကုန်အံ့၊ (ဝေံသတိ)၊ သဗ္ဗံ-အလုံးစုံသော ခဲဘွယ် ဘောဇဉ်သည်၊ ဝဋ္ဋတိ-အပ်၏၊ ဟိ— မှန်၊ သယံ— ရဟန်းကိုယ်တိုင်၊ ပဋိဂ္ဂဟေ တွာ-အကပ်ခံပြီး၍၊ အပရိစ္စတ္တမေဝ-မစွန့်အပ်သော ခဲဘွယ်ဘောဇဉ်သည်သာ၊ ဒုတိယဒိဝသေ-ဒုတိယနေ့၌၊နဝဋ္ဋတိ-မအပ်၊ ဟိ-မှန်၊ တတော-ထိုအပရိစ္စတ္တ ခဲဘွယ်ဘောဇဉ်မှ၊ (နိဟရိတွာ - ထုတ်ဆောင်၍၊) ကေသိတ္တမတ္တိ— ဆွမ်းတလုံး ကိုသော်လည်း၊ အဇ္ဈောဟရတော – စားမျိုသော ရဟန်း၏၊ ပါစိတ္တိယမေဝ (ဟောတိ)၊ [ဤ"တတောဟိ"ဝါကျဖြင့် "သယံ၊ပေ၊ နဝဋ္ဋတိ "ကို ခိုင်မြဲစေ သည်။] အကပ္ပိယမံသေသု - အကပ္ပိယ အသားတို့တွင်၊ ( အသားကြီး ၁၀ ပါး တို့တွင်)၊ မနုဿမံသေ—၌၊ ထုလ္လစ္စယေန— နှင့်၊ သဒ္ဓိံ—ကွ၊ ပါစိတ္တိယံ—သည်၊ (ဟောတိ)၊ ( သန္ဓိမိပါစိတ်အာပတ် သင့်သည် – ဟူလို၊ ) အဝသေသေသု – လူသားမှ ကြွင်းသော အသားကြီး ၉ ပါး တို့၌၊ ဒုက္ကဋေန သဒ္ဓိံ ( ပါစိတ္တိယံ ဟောတိ )၊ ယာမကာလိကံ – ကို၊ ပစ္စယေ – ဝိပါသ အကြောင်းသည်၊ သတိ— ရှိလသော်၊ အဇ္ဈောဟရတော—စားမျိုသော ရဟန်း၏၊ ပါစိတ္တိယံ(ဟောတိ)၊ (သန္ဓိမိ ပါစိတ်အာပတ်သင့်သည်-ဟူလို၊) အာဟာရတ္ထာယ-အာဟာရအကျိုး ငှါ၊ အဇ္ဈောဟရတော ဒုက္ကဋေန သဒ္ဓိံ ပါစိတ္တိယံ(ဟောတိ)။

× × × × × ×

**သယံ၊ပေ၊ နဝဋ္ဋတိ ။** ။ သယံ ပဋိဂ္ဂဟေတွာ ၊ပေ၊ န ဝဋ္ဋတီတိဣဒ္ဓေ ပဋိဂ္ဂဟဏေ အနပေက္ခဝိသဇ္ဇနေန ( အကပ်ခံခြင်း၌ မငဲ့မကွက် စွန့်ခြင်းအားဖြင့် သော်၎င်း၊ ဤ စကားဖြင့် အကပ်စွန့်ကို ပြ၏၊ ) အနုပသမ္ပန္နဿ အနပေက္ခဒါနေနဝါ ( မငဲ့မကွက် ပေးခြင်းအားဖြင့် သော်၎င်း၊ ဤစကားဖြင့် ဝတ္ထုစွန့်ကို ပြ၏၊ ) ဝိဇဟိတ ပဋိဂ္ဂဟဏံ ပရိစ္စတ္တမေဝ ဟောတီတိ အပရိစ္စတ္တန္တိ ဣမိနာ ဥဘယထာပိ အဝိဇဟိတပဋိဂ္ဂဟဏမေဝ ဝုတ္တံ၊—ဋီကာ၊ ဤ သာရတ္ထဋီကာဆရာသည် အကပ်စွန့်ခြင်း ကိုလည်း " ပရိစ္စတ္တ " ဟု ယူဆ၏၊ ထိုဝါဒကို ပါတိမောက်ဘာသာဋီကာ၌ စိစစ်ထားပြီ။

ပဝါရိတော-ပယ်မြစ်စေအပ်ပြီးသည်၊ ဝါ-ပဝါရိတ်သင့်ပြီးသည်၊ (ဟုတ္ဝာ) အနတိရိတ္တကတံ-ပြုအပ်ပြီးသော အတိရိတ် ဝိနည်းကံမရှိသော ခဲဘွယ်ဘောဇဉ်ကို၊ သစေ အဇ္ဈောဟရတိ-အကယ်၍စားမျိုအံ့၊(ဧဝံသတိ)၊ ပကတိ အာမိသေ-ပကတိ အာမိသ၌၊ [အကပ္ပိယမပါသော စားရိုးအာမိသကို ပကတိအာမိသဟု ခေါ်၏၊] ဒွေ-၂ ချက်ကုန်သော၊ ပါစိတ္တိယာနိ-တို့သည်၊(ဟောန္တိ)၊ [ပဝါရိတ် ပါစိတ်အာပတ် တချက် , သန္နိဓိပါစိတ်အာပတ် တချက်၊] မနုဿမံသေ – ၌၊ ထုလ္လစ္စယေန သဒ္ဓိံ ဒွေ ( ပါစိတ္တိယာနိ ဟောန္တိ၊ ) သေသ အကပ္ပိယမံသေ–ကြွင်းသော အကပ္ပိယအသား၌၊ ဒုက္ကဋေန သဒ္ဓိံ (ဒွေ ပါစိတ္တိယာနိ ဟောန္တိ)၊ ယာမကာလိကံ-ကို၊ ပစ္စယေ-ဖိပါသအကြောင်းသည်၊ သတိ-ရှိလသော်၊ သာမိသေန - အာမိသနှင့် တကွဖြစ်သော၊ မုခေန - ခံတွင်းဖြင့်၊ အဇ္ဈောဟရတော–စားမျိုသော ရဟန်း၏၊ ဒွေ(ပါစိတ္တိယာနိ ဟောန္တိ)၊ နိရာမိသေန– အာမိသ မရှိသော၊ (မုခေန အဇ္ဈောဟရတော) ဧကမေဝ – တချက်သာလျှင် ဖြစ်သော၊ (ပါစိတ္တိယံ ဟောတိ)၊ [သန္နိဓိပါစိတ်အာပတ်၊] အာဟာရတ္ထာယ အဇ္ဈောဟရတော, ဝိကပ္ပဒ္ဒယေပိ- ဝိကပ် ၂ ပါး အပေါင်း၌လည်း၊ ( သာမိသ , နိရာမိသ ဟူသော ဝိကပ် ၂ ပါး အပေါင်း၌လည်း၊) ဒုက္ကဋံ, ဝဍ္ဎတိ-တိုးပွား၏။[အာဟာရတ္ထာယ အဇ္ဈောဟရဏ ပစ္စယာ ဒုက္ကဋံ ဝဍ္ဎတိ။] ဝိကာလေ-၌၊ သစေ အဇ္ဈောဟရတိ- အံ့၊ (ဧဝံသတိ)၊ ပကတိဘောဇနေ- ပကတိဘောဇဉ်၌၊ (အကပ္ပိယ မံသမပါသော ဘောဇဉ်၌၊) သန္နိဓိပစ္စယာစ-သန္နိဓိဟူသော အကြောင်းကြောင့် ၎င်း၊ ဝိကာလဘောဇန ပစ္စယာစ-ဝိကာလဘောဇနဟူသော အကြောင်းကြောင့် ၎င်း၊ ဒွေ ပါစိတ္တိယာနိ ( ဟောန္တိ )၊ အကပ္ပိယမံသေသု - တို့၌၊ ထုလ္လစ္စယဉ္စ-သည်၎င်း၊(လူ၏ အသားအတွက်၊)ဒုက္ကဋဉ္စ-သည်၎င်း၊(ကြွင်းသောအသားကြီး ၉ ပါးအတွက်၊) ဝဍ္ဎတိ၊ ယာမကာလိကေသု – တို့၌၊ ဝိကာလပစ္စယာ အနာပတ္တိ၊ ပန-ဆက်၊ အနတိရိတ္တပစ္စယာ–အနတိရိတ္တဟူသော အကြောင်းကြောင့်၊ ဝိကာလေ-၌၊သဗ္ဗဝိကပ္ပေသု-အလုံးစုံသော ဝိကပ်တို့၌၊ အနာပတ္တိ။ [အပ်သော အာဟာရကိုသာ အတိရိတ်ဝိနည်းကံ ပြုကောင်း၏၊ မအပ်သော အာဟာရကို အတိရိတ် မပြုကောင်း၊ ထို့ကြောင့် အနတိရိတ္တအတွက် အာပတ်မသင့်။]

× × × × × × ×

**ယာမကာလိကံ၊ပေ၊ ဟရတော ဒွေ ။** ။ ဟိယျော ပဋိဂ္ဂဟိတယာမကာလိကံ အဇ္ဇ ပုရေဘတ္တံ သာမိသေန မုခေန ဘုဉ္ဇတော သန္နိဟိတယာမကာလိကပစ္စယာ ဧကံ ပါစိတ္တိယံ၊ သန္နိဟိတေန သံသဋ္ဌ အာမိသပစ္စယာ ဧကန္တိ ဒွေ ပါစိတ္တိယာနိ။ သန္နိဓိ သိက္ခာပုဒ် အခဏ်း ဖြစ်သောကြောင့် သန္နိဓိ ဖြစ်လောက်သော ယာမကာလိကကို ထုတ်ပြသည်၊ အကယ်၍ ယနေ့ အကပ်ခံအပ်သော ယာမကာလိကကို အာမိသနှင့် ရောစ၍ ကာလသ၌(နံနက်ပိုင်း၌) စားလျှင် အာပတ်မသင့်၊ ညနေကျမှ အာမိသနှင့်ရောစ၍ စားသောက်လျှင် ဝိကာလဘောဇန ပါစိတ်သင့်သည်။

သတ္တာဟကာလိကံ၊ပေ၊အာဟာရတ္ထာယာတိ-ကား၊ အာဟာရတ္ထာယ-၄၊ ပဋိဂ္ဂဟိတေ-အကပ်ခံသော ရဟန်း၏၊ တာဝ-မစားမီ ရှေးဦးစွာ၊ ပဋိဂ္ဂဟဏပစ္စယာ-အကပ်ခံခြင်းဟူသောအကြောင်းကြောင့်၊ ဒုက္ကဋံ(ဟောတိ)၊ပန-ကား၊ အဇ္ဈောဟရတော-စားမျိုသော ရဟန်း၏၊ နိရာမိသံ- အာမိသ မရှိသည်၊ သစေ ဟောတိ-အံ့၊(ဝေ သတိ)၊ အဇ္ဈောဟာရေ အဇ္ဈောဟာရေ-၌၊ ဒုက္ကဋံ ဟောတိ၊ (သတ္တာဟကာလိက ယာဝဇီဝိကကို အာမိသနှင့် မရောဘဲ စားလျှင် ဒုက္ကဋ် အာပတ်သင့်သည်-ဟူလို။) အထ - သို့မဟုတ်၊ အာမိသ သံသဋ္ဌ- အာမိသနှင့် ရောနှောအပ်သော သတ္တာဟကာလိက ယာဝဇီဝိကကို၊ ပဋိဂ္ဂဟေတွာ-အကပ်ခံပြီး၍၊ ထပိတံ-ထားအပ်သည်၊ (သစေ) ဟောတိ-အံ့၊ (ဝေသတိ)၊ ယထာဝတ္ထုကံ- အကြင် အကြင် ဝတ္ထုကြောင်း အတိုင်း၊ ပါစိတ္တိယမေဝ – သည်သာ၊ (သန္နိမိပါစိတ်အာပတ်သည်သာ၊ ဟောတိ)။

အနာပတ္တိ ယာဝကာလိကန္တိအာဒိမှိ-အစရှိသော ပါဠိရပ်၌၊(ဝိနိစ္ဆယော ဝေ ဝေဒိတဗ္ဗော၊) ဝိကာလဘောဇန သိက္ခာပဒေ-၌၊ နိဒ္ဒိဋ္ဌ- သော၊ ခါဒနီယ ဘောဇနီယံ-သည်၊(ယာဝကာလိကံ-၌စပ်၊)ယာဝ-အကြင်မျှလောက်၊ မဇ္ဈန္ဟိက သင်္ခါတော-မွန်းတည့် ကာလ ဟု ဆိုအပ်သော၊ ကာလော - သည်၊ ( အတ္ထိ )၊ တာဝ- ထို မွန်းတည့် ကာလတိုင်အောင်၊ ဘုဉ္ဇိတဗ္ဗတော - စားကောင်းသည်၏ အဖြစ်ကြောင့်၊ ယာဝကာလိကံ- ကမည်၏၊ အနုလောမပါနေဟိ- အနုလောမ ဖျော်ရည်တို့နှင့်၊ သဒ္ဓိံ-တကွ၊ အဋ္ဌဝိဓံ-သော၊ ပါနံ- ဖျော်ရည်သည်၊ ယာဝ- အကြင်မျှလောက်၊ ရတ္တိယာ-ညဉ့်၏၊ ပစ္ဆိမယာမ သင်္ခါတော-ပစ္ဆိမယာမ် ဟု ဆိုအပ်သော၊ ယာမော-သည်၊ ( အတ္ထိ )၊ တာဝ - ထို နောက်ဆုံး ညဉ့်ယာမ် တိုင်အောင်၊ ပရိဘုဉ္ဇိတဗ္ဗတော – သုံးဆောင်ကောင်းသည်၏ အဖြစ်ကြောင့်၊ အသဃ-ထို ဖျော်ရည်၏၊ ယာမော- နောက်ဆုံးညဉ့်ယာမ် ဟူသော၊ ကာလော- သုံးဆောင်ကောင်းရာ ကာလသည်၊ (အတ္ထိ)၊ ဣတိ,ယာမကာလိကံ - မည်၏၊ သပ္ပိအာဒိ- ထောပတ်အစရှိသော၊ ပဉ္စဝိဓံ - သော၊ ဘေသဇ္ဇံ - သည်၊ သတ္တာဟံ- ၇ရက်ပတ်လုံး၊ နိဓေတဗ္ဗတော-သိုမှီးသိမ်းဆည်းကောင်းသည်၏အဖြစ်ကြောင့်၊ အဿ–ထို ဆေး၏၊ သတ္တာဟော-၇ ရက် ဟူသော၊ ကာလော-သိုမှီးရာကာလသည်၊ (အတ္ထိ)၊ ဣတိ,သတ္တာဟကာလိကံ-မည်၏၊ [ဤဝါကျ၌ သတ္တာဟောကို စဉ်းစားထိုက်၏၊ သမာဟာရဒိဂုဖြစ်၍"သတ္တာဟံ"ရှိလျှင် ကောင်း၏၊ သို့မဟုတ်

× × × × × × × ×

**ပဋိဂ္ဂဟဏပစ္စယာ ။** ။ ပဋိဂ္ဂဟဏပစ္စယာ တာဝ ဒုက္ကဋန္တိ ဧတ္ထ သန္နိဟိတတ္တာ ပုရေဘတ္တမ္ပိ ဒုက္ကဋမေဝ၊ သတိ ပစ္စယေ ပန သန္နိဟိတမ္ပိ သတ္တာဟကာလိက ယာဝဇီဝိကံ ဘေသဇ္ဇတ္ထာယ ဂဏှန္တဿ ပရိဘုဉ္ဇန္တဿစ အနာပတ္တိယေဝ။ [သတိပစ္စယ– ဟူသည် ဂေလည အကြောင်းတည်း၊ "သန္နိဟိတ သတ္တာဟကာလိက" ဟူရာ၌လည်း အကပ်ခံပြီး၍ ၇ ရက် မလွန်သေးကို ရည်ရွယ်သည်။]

သမာဟာရဒွိဂုနှင့် တခါတရံ ပုံလိန်နှိကောင်း၏ဟု ကြံ။] ဥဒကံ- အမှုန်မပါသော ရေကို၊ ထပေတွာ-ချန်ထား၍၊[အမှုန့်မပါသောရေက ကာလိကဝိမုတ် ဖြစ်သော ကြောင့် ချန်ထား၏၊ အမှုန့်ပါလျှင်ကား အမှုန်အတွက် ယာဝဇီဝိကဖြစ်သည်။] အဝသေသံ- ကာလိက ၃ ပါးမှ ကြွင်းသော၊ သဗ္ဗမ္ပိ - အလုံးစုံသော အာဟာရ ကိုလည်း၊ ယာဝဇီဝံ- အသက်ထက်ဆုံး၊ ပရိဟရိတွာ- သွားလေရာ ဆောင်ယူ၍၊ ပစ္စယေ- ဝေလည အကြောင်းသည်၊ သတိ- သော်၊ ပရိဘုဉ္ဇိတဗ္ဗတော- ကြောင့်၊ ယာဝဇီဝိကန္တိ- ဟူ၍၊ ဝုစ္စတိ-၏၊ [ ဤပုဒ်တို့၏ အဖွင့်ကို ပါတိမောက်ဘာသာ ဋီကာ ဝိကာလဘောဇနသိက္ခာပုဒ်၌ ပြထားပြီ။]

တတ္ထ- ထိုကာလိက ၄ ပါးတို့တွင်၊ အရုဏောဒယေဝ - အရုဏ်တက်ရာ အခါ၌ပင်လျှင်၊ ပဋိဂ္ဂဟိတံ- အကပ်ခံအပ်ပြီးသော၊ ယာဝကာလိကံ- ကို၊ သတ ကွတ္တုမ္ပိ- အကြိမ်တရာလည်း၊ နိဒဟိတွာ- သိုမှီး သိမ်းဆည်း၍၊ ယာဝ-လေ၊ ကာလော- စားသောက်ချိန့်ကာလသည်၊ နာတိက္ကမတိ- မလွန်သေး၊ တာဝ- ထို မျှလောက်သော ကာလပတ်လုံးငှင်း၊ ( ပရိဘုဥ္ဇိတဗ္ဗံ - ၌စပ်၊ ) ( အရုဏော ဒယေဝ-၌ ပင်လျှင်၊ ပဋိဂ္ဂဟိတံ-သော၊)ယာမကာလိကံ- ကို၊ ဧကံ-တခုသော၊ အဟောရတ္တံ-နေ့ညဉ့်ပတ်လုံးငှင်း၊(ပရိဘုဥ္ဇိတဗ္ဗံ-၌စပ်၊)(အရုဏောဒယေဝ- ၌ပင်၊ ပဋိဂ္ဂဟိတံ- သော၊) သတ္တာဟကာလိကံ- ကို၊ သတ္တရတ္တံ- ၇ ညဉ့်ပတ်လုံး ငှင်း၊ (ပရိဘုဥ္ဇိတဗ္ဗံ-၌စပ်၊) ဣတရံ- ကာလိက ၃ ပါးမှ တပါးသော ယာဝ ဇီဝိကကို၊ ပစ္စယေ-ဝေလည အကြောင်းသည်၊ သတိ-ရှိလသော်၊ ယာဝဇီဝမ္ပိ- အသက်ထက်ဆုံးငှင်း၊ ပရိဘုဥ္ဇိတဗ္ဗံ - သုံးဆောင်သော ရဟန်း၏၊ အနာပတ္တိ၊ [ဝေလည အကြောင်းမရှိလျှင်ကား ဇီးဖြူ ရှစ်ရှား လျက်ဆားစသည်ကိုမျှ မစား ကောင်း၊ စားလျှင် ဒုက္ကဋ်၊ "ဝေလည"အကြောင်းရှိစေကာမူ ထိုဆေးနှင့် ထို ရောဂါ သင့်မြတ်မှ စားကောင်းသည်။] သေသမေတ္ထ ဥတ္တာနမေဝ။

ပန - ဆက်၊ အဋ္ဌကထာသု - ရှေးအဋ္ဌကထာတို့၌၊ ဣမသ္မိံ ဌာနေ- ဤသိက္ခာ ပုဒ်အရာ၌၊ ပါနကထာ - ပါနကထာကိုငှင်း၊ ကပ္ပိယာနုလောမကထာ- ကိုငှင်း၊ (ကပ္ပိယ အာဟာရအားလျော်သော အာဟာရကိုဆိုကြောင်း စကားကိုငှင်း၊) ကပ္ပတိ၊ပေ၊ အာဒိကထာစ- အစရှိသော ကထာကိုငှင်း၊ ကပ္ပိယဘူမိကထာစ- ကိုငှင်း၊ ဝိတ္ထာရိတာ - အကျယ် ချဲ့အပ်ပြီ၊ တံ - ထိုကထာကို၊ မယံ - တို့သည်၊ အာဂတဋ္ဌာ နေယေဝ- တိုက်ရိုက်လာရာ ပါဠိရပ်၌သာ၊(ဘေသဇ္ဇက္ခန္ဓကစသည် ၌သာ၊) ကထယိဿာမ- ဆိုကုန်အံ့၊ (ဣဒံသိက္ခာပဒံ - သည်၊) ဧဠကလောမ သမုဋ္ဌာနံ - ဧဠကလောမသိက္ခာပုဒ်၏ သမုဋ္ဌာန်နှင့် တူသောသမုဋ္ဌာန်ရှိ၏ ၊ပေ၊ တိဝေဒနန္တိ။····သန္နိဓိကာရသိက္ခာပဒံ အဋ္ဌမံ။

## ပဏီတဘောဇန သိက္ခာပုဒ်

နဝမသိက္ခာပဒေ- ၌၊ ပဏီတဘောဇနာနီတိ – ကား၊ ဥတ္တမဘောဇနာနိ– မွန်မြတ်သော အာဟာရဖြင့် ရောစပ်အပ်သောဘောဇဉ်တို့ကို၊ ("ဝိညာပေတွာ ဘုဉ္ဇန္တိ" ဟု ပါဠိတော်၌စပ်၊) [" ပဏီတေန သံသဋ္ဌာနိ ဘောဇနာနိ ပဏီတ ဘောဇနာနိ " ဟု ပြု၊ သံသဋ္ဌ အလယ်ပုဒ်ကြေသော မဇ္ဈေလောပီ တပ္ပုရိသ်။ ] ကဿ၊ပေ၊ နမနာပန္တိ–ကား၊ သမ္ပတ္တိယုတ္တံ-သမ္ပတ္တိနှင့်ယှဉ်သော ဘောဇဉ်ကို၊ ကဿ-အဘယ်သူသည်၊ နပိယံ-မနှစ်သက်အပ်ဘဲရှိပါအံ့နည်း၊ သာဒုန္တိ-ကား၊ သုရသံ– ကောင်းသောအရသာကို၊ ("န ရုစ္စတိ– မနှစ်သက်ဘဲ ရှိပါအံ့နည်း" ဟု ပါဠိတော်၌စပ်၊ "သာဒု " ဟု ဖြစ်သင့်လျက် ဝါစာသိလိဋ္ဌ နိဂ္ဂဟိတ်လာ။) ယောပန၊ပေ၊ဘုဉ္ဇေယျာတိတ္ထေ – ၌၊ (ဝိနိစ္ဆယော ဧဝံ ဝေဒိတဗ္ဗော၊) သုဒ္ဓါနိ– သြဒနစသည် မဖက် သက်သက် ( သန့်သန့် ) ဖြစ်ကုန်သော၊ သပ္ပိအာဒီနိ – ထောပတ် အစရှိသော အာဟာရတို့ကို၊ ဝိညာပေတွာ- ၍၊ ဘုဉ္ဇန္တော-စားသော ရဟန်းသည်၊ ပါစိတ္တိယံ - သို့၊ နာပဇ္ဇတိ- မရောက်၊ သေခိယေသု- သေခိယတို့၌၊ ဝါ-သေခိယတို့ထည်းက၊ သူပေါဒနဝိညတ္တိ ဒုက္ကဋံ-သူပေါဒန ဝိညတ္တိဒုက္ကဋ်သို့၊ အာပဇ္ဇတိ-၏၊ ပန-ဆက်၊ သြဒနသံသဋ္ဌာနိ - ထမင်းဖြင့် ရောစပ်အပ်သော သပ္ပိစသော အာဟာရတို့ကို၊ ဝိညာပေတွာ – ၍၊ ဘုဉ္ဇန္တော-သည်၊ ပါစိတ္တိယံ–သို့၊ အာပဇ္ဇတိ-၏၊ ဣတိ ဝေဒိတဗ္ဗော၊ အယံ-ဤ ဆိုအပ်ပြီးကား၊ တ္ထေ-ဤ ပဏီတ ဘောဇနာနိ အစရှိသောပါဠိရပ်၌၊ အဓိပ္ပါယော- ဘုရားရှင်၏ အလိုတော်သည်၊ (ဟောတိ) ကိရ-ဖြစ်သတတ်၊ စ-ဆက်၊ တေနေဝ- ကြောင့်ပင်၊ ပဏီတာနီတိ– ဟူ၍၊ အဝတွာ - မိန့်တော်မမူဘဲ၊ ပဏီတဘောဇနာနီတိ - ဟူ၍၊ သုတ္တေ- ပါဠိ တော်၌၊ ဝုတ္တံ – မိန့်တော်မူအပ်ပြီ၊ ဟိ – မှန်၊ ပဏီတာနီတိ– ဟူ၍၊ ဝုတ္တေ– ဟောတော်မူအပ်သော်၊ သပ္ပိ အာဒီနံယေဝ - ထောပတ် အစရှိသော အာဟာရ တို့ကိုသာ၊ ဂဟဏံ- ယူရခြင်းသည်၊ ဟောတိ- ၏၊ ပဏီတဘောဇနာနီတိ- ဟူ၍၊ ဝုတ္တေပန - သော်ကား၊ ပဏီတသံသဋ္ဌာနိ - မွန်မြတ်သောအာဟာရဖြင့် ရောစပ် အပ်ကုန်သော၊ သတ္တဓညေ နိဗ္ဗတ္တာနိ – စပါးမျိုး ၇ ပါးတို့မှ ဖြစ်ကုန်သော၊ ဘောဇနာနိ-တို့သည်၊ ပဏီတဘောဇနာနိ-တို့မည်၏၊ ဣတိအယံအတ္ထော-သည်၊ ပညာယတိ – ထင်ရှား၏။ [ " ဣတိအယံ - ကား၊ ဝိနိစ္ဆယော- တည်း " ဟု ပြန်လှည့်။]

ဣဒါနိ- ၌၊ ဝိညာပေတိ ၊ပေ၊ အာဒီသု- အစရှိသော ပါဠိရပ်တို့၌၊ အယံ-ဤ ဆိုအပ်လတ္တံ့ကား၊ ဝိနိစ္ဆယော-တည်း၊ သပ္ပိနာ-ထောပတ်ဖြင့်၊ ဘတ္တံ-ထမင်းကို၊ ဒေဟိ-ပေးလှူလော၊ သပ္ပိ-ထောပတ်ကို၊ အာကိရိတွာ-လောင်းထည့်၍၊ ဒေဟိ၊ သပ္ပိမိဿကံ-ထောပတ်ဖြင့်ရောနှောအပ်သည်ကို၊ ကတွာ-၍၊ ဒေဟိ-လော၊ သပ္ပိနာ-နှင့်၊ သဟ-ကွ၊ ဒေဟိ-လော၊ သပ္ပိဉ္စ- ကိုလည်း၊ ဘတ္တဉ္စ-ထမင်းကိုလည်း၊ ဒေဟိ-

လော၊ ဣတိ-ဤသို့ပြော၍၊ ဝိညာပေန္တဿ-တောင်းသောရဟန်း၏၊ ဝိညတ္တိယာ-တောင်းခြင်းကြောင့်၊ ဒုက္ကဋံ (ဟောတိ)၊ ပဋိဂ္ဂဟဏေ-ခံယူခြင်းကြောင့်၊ ဒုက္ကဋံ ဟောတိ၊ အဇ္ဈောဟာရေ-ကြောင့်၊ ပါစိတ္တိယံ (ဟောတိ)၊ ပန-ကား၊ သပ္ပိဘတ္တံ ဒေဟီတိ-ဟူ၍၊ ဝုတ္တေ — ပြောဆိုအပ်သော်၊ ဝါ — ပြောဆို၍ တောင်းအပ်သော်၊ ယသ္မာ- ကြောင့်၊ သာလိဘတ္တံ- သလေးထမင်းသည်၊ (အတ္ထိ) ဝိယ- ရှိသကဲ့သို့၊ (တထာ-တူ၊) သပ္ပိဘတ္တံနာမ-ထောပတ် တည်းဟူသော ထမင်းမည်သည်၊ နတ္ထိ-မရှိ၊ တသ္မာ-ကြောင့်၊ သူပေါဒနဝိညတ္တိ ဒုက္ကဋမေဝ-ကိုသာ၊ ဝေဒိတဗ္ဗံ-၏၊ ပန-ကား၊ သပ္ပိနာ ဘတ္တံ ဒေဟီတိ-ဟူ၍၊ ဝုတ္တေ — ပြောဆိုအပ်သော်၊ ဝါ-ပြောဆို၍ တောင်းအပ်သော်၊ ဘတ္တံ-ကို၊ ဒတွာ-ပေးလှူပြီး၍၊ သပ္ပိံ - ထောပတ်ကို၊ ကတွာ—ပြု၍၊ ဘုဥ္ဇ-စားပါလော၊ ဣတိ-ဤသို့လျှောက်၍၊ နဝနီတံဝါ-ဆီဥးကိုသော်၎င်း၊ ခီရံဝါ-နို့ရည်ကိုသော်၎င်း၊ ဒဓိံဝါ-နို့ခမ်းကိုသော်၎င်း၊ သစေဒေတိ-အကယ်၍ ပေးလှူအံ့၊ (ဧဝံသတိဝါ-ဤသို့ ပေးလှူသော်၎င်း၊) ပန-သို့မဟုတ်၊(သည်သာမက သေး၊)မူလံ-အဖိုးကို၊ ဣမိနာ-ဤအဖိုးဖြင့်၊ သပ္ပိံ-ကို၊ ဂဟေတွာ-လဲယူ၍၊ ဘုဥ္ဇ-စားပါလော၊ ဣတိ-ဤသို့ လျှောက်၍၊ သစေ ဒေတိ- အကယ်၍ လှူအံ့၊ (ဧဝံသတိ ဝါ - ဤသို့ ပေးလှူသော်၎င်း၊ ) ယထာ ဝတ္ထုကမေဝ - အကြင် အကြင် ဝတ္ထု ကြောင်း အတိုင်းပင်တည်း။ [ " ယထာဝတ္ထုကံ " ၏ ဝိဂ္ဂဟကို ကင်္ခါဘာသာ ဋီကာ၌ ပြထားပြီ၊ " အဖိုး "ဟူရာ၌ ငွေစသော အကပ္ပိယဝတ္ထုကို ဆိုလိုသည် မဟုတ်၊ ဆန် စသော ကပ္ပိယပစ္စည်းဝတ္ထုကိုသာ ဆိုလိုသည်၊ မူလန္တိ- ကပ္ပိယ ဘဏ္ဍံ သန္ဓာယ ဝုတ္တံ၊—ဋီကာ။]

ပန - ဆက်၊ ဂေါသပ္ပိနာ - နွားမှဖြစ်သော ထောပတ်ဖြင့်၊ ဘတ္တံ - ဘတ်ကို၊ ဒေဟိ - လှူပါလော၊ ဣတိဝုတ္တေ— သော်၊ ဝါ - သော်၊ ဂေါသပ္ပိနာဝါ— နွားမှ ဖြစ်သော ထောပတ်ဖြင့်မူလည်း၊ (ဘတ္တံ- ကို၊) ဒေတု— လှူပစေ၊ ဂေါသပ္ပိမှိ-နွားမှ ဖြစ်သော ထောပတ်သည်၊ အသတိ — မရှိလသော်၊ ပုရိမနယေနေဝ — ရှေးနည်းဖြင့် သာလျှင်။[''သပ္ပိံ ကတွာဘုဥ္ဇ"စသည်ဖြင့် ဆိုအပ်ပြီးသောနည်းဖြင့် သာလျှင်၊]ဂေါနဝနီတာဒီနိဝါ-နွားမှဖြစ်သော ဆီဥးအစရှိသည်တို့ကို မူလည်း၊ (ဒေတု)၊ ဣတော - ဤနွားမှ၊ (နိဗ္ဗတ္တေန- ဖြစ်သော၊) သပ္ပိနာ- ဖြင့်၊ ဘုဥ္ဇ-စားပါလော၊ ဣတိ- ဤသို့ လျှောက်၍၊ ဂါဝိံ ယေဝဝါ - နွားမကိုသာလျှင်သော် လည်း၊ ဒေတု- စေ၊ ယထာဝတ္ထုကမေဝ- ပင်တည်း၊ ပန- ဆက်၊ ဂေါသပ္ပိနာ-ဖြင့်၊ (ဘတ္တံ- ကို၊) ယာစိတော- တောင်းအပ်သော ဒါယကာသည်၊ အဇိယာ-

× × × × × × × ×

သပ္ပိဘတ္တံ ။ ။ သပ္ပိဘတ္တန္တိ ဧတ္ထ ကိဥ္စာပိ သပ္ပိသံသဋ္ဌံ ဘတ္တံ သပ္ပိဘတ္တံ၊ သပ္ပိစ ဘတ္တဥ္စ သပ္ပိဘတ္တံတိပိ ဝိညာယတိ၊ အဋ္ဌကထာသု ပန " သာလိဘတ္တံဝိယ သပ္ပိဘတ္တံ နာမ နတ္ထိ"တိ ကာရဏံ ဝတွာ ဒုက္ကဋဿေဝ ဒဠှတရံ ကတွာ ဝုတ္တတ္တာ န သက္ကာ အညံ ဝတ္တုံ၊ အဋ္ဌကထာစရိယာ ဧဝ ဟိ ဤဒိသေသု ဌာနေသု ပမာဏံ။

ဆိတ်မ၏၊ သပ္ပိအာဒိဟိ - ထောပတ် အစရှိသည်တို့ဖြင့်၊ ( ဘတ္တံ - ကို၊ ) သစေ ဒေတိ - အကယ်၍လှူအံ့၊ ( ဝေံသတိ )၊ ဝိသင်္ကေတံ - သင်္ကေတမှ ကင်းသည်၊ (ချွတ်ယွင်းခြင်းသည်၊) (ဟောတိ)၊ ဟံ- မှန်၊ (တနည်း)၊ ဟိယသ္မာ- ကြောင့်၊ ဧဝံသတိ-သော်၊[ဂေါသပ္ပိဘတ္တကို တောင်းပါလျက် အဇိကာသပ္ပိဘတ္တစသည်ကို လှူလသော်။ ] အညံ - အခြားသော ဝတ္ထုကို၊ ယာစိတေန - တောင်းအပ်သော ဒါယကာသည်၊ အညံ- အခြားသော ဝတ္ထုကို၊ ဒိန္နံနာမ- လှူအပ်သည်မည်သည်၊ ဟောတိ၊ တသ္မာ - ကြောင့်၊ အနာပတ္တိ၊ အဇိယာ — ဆိတ်မမှ၊ ( နိဗ္ဗတ္တေန— ဖြစ်သော၊) သပ္ပိနာ- ဖြင့်၊ (ဘတ္တံ-ကို၊) ဒေဟိ- လှူပါလော၊ ဣတိအာဒိသုပိ-၌သို့ အစရှိသော တောင်းခြင်းတို့၌လည်း၊ ဧသေနယော- တည်း။

ကိစ္စံ–အကပ်ခံဘွယ် ကိစ္စသည်၊ နတ္ထိ-မရှိ၊ ပန-သို့မဟုတ်၊ အတ္တနော-၏၊ ပတ္တဂတံ- ကို၊ ဖုသိတွာ- ထိပြီး၍၊ ဝါ- မှ၊ တတော- ထိုရဟန်း၏ သပိတ်မှ၊ ယဒိဂဏှာတိ–အကယ်၍ယူအံ့၊ (ဝေံသတိ)၊ သာမဏေရသန္တကေန- သာမဏေ၏ ဥစ္စာနှင့်၊ သံသဋ္ဌ-ရောအပ်သည်၊ ဟောတိ၊ ပုန, ပဋိဂ္ဂဟေတဗ္ဗံ-ရာ၏။

ပန- ဝါဒန္တရကား၊ ကေစိ – အချို့သော အဘယဂိရိဝါသီ ဆရာတို့သည်၊ ဂယှမာနံ- ယူအပ်ဆဲဖြစ်သော မှုံသည်၊ ဆိဋ္ဌိတွာ- ပြတ်၍၊ တတ္ထ- ထိုရဟန်း၏ သပိတ်၌၊ သစေပိ ပတတိ-အံ့၊ (ဝေံသတိ)၊ ပုန, ပဋိဂ္ဂဟေတဗ္ဗံ- ထိုက်၏၊ ဣတိ ဝဒန္တိ၊ တံ- ထိုစကားကို၊ ဧကံ-သော၊ ဘတ္တပိဏ္ဍံ- ထမင်းခဲကို၊ ဂဏှ-ယူလော၊ ဧကံ-သော၊ ပူပံ- ကို၊ ဂဏှ၊ ဣမဿ ဂုဠပိဏ္ဍဿ–၌ တင်လဲအခဲ၏၊ ဧတ္တကံ-၌မျှ အတိုင်းအရှည်ရှိသော၊ ပဒေသံ – အရပ်ကို၊ ဂဏှ၊ ဣတိဝေံ-သို့၊ ပရိစ္ဆိန္ဒိတွာ-ပိုင်းခြား၍၊ ဝုတ္တေ-ပြောဆိုအပ်သော်၊ ဝါ-အပ်ရာ၌၊ ဝေဒိတဗ္ဗံ-သိထိုက်၏၊ ဣဓပန–၌ "ဧတ္တော ပူပံဝါ ဘတ္တံဝါ ဂဏှ" ဟူသော စကား၌ကား၊ ပရိစ္ဆေဒေါ– ဤ၍ ဤမျှဟု အပိုင်းအခြားသည်၊ နတ္ထိ – မရှိ၊ တသ္မာ - ကြောင့်၊ ယံ – အကြင် ခဲဘွယ်ဘောဇဉ်သည်၊ သာမဏေရဿ - ၏၊ ပတ္တေ - ၌၊ ပတတိ - ၏၊ တဒေဝ-ထို ခဲဘွယ်ဘောဇဉ်သည်သာ၊ ပဋိဂ္ဂဟိတံ-အကပ်ခံခြင်းကို၊ ဝိဇဟတိ-စွန့်၏၊ ဟတ္ထဂတံပန - သာမဏေ၏လက်၌ တည်ရှိသော ခဲဘွယ်ဘောဇဉ်သည်ကား၊ ယာဝ-အကြင်မျှလောက်၊ သာမဏေရောဝါ-သည်သော်လည်း၊ အလန္တိ-တော်ပါပြီဟူ၍၊ န ဩရမတိ- မရှောင်ကြဉ်သေး၊ ဘိက္ခုဝါ - သည်သော်လည်း၊ နဝါရေတိ- မတားမြစ်သေး၊ တာဝ-လောက်၊ ဘိက္ခုဿေဝ- ၏သာ၊ သန္တကံ-ဥစ္စာတည်း၊ တသ္မာ, ပဋိဂ္ဂဟဏံ-ကို၊ န ဝိဇဟတိ။

× × × × × × ×

**ယဒိ ပန၊ပေ၊ပဋိဂ္ဂဟေတဗ္ဗံ။** ။သာမဏေသည် ဒုတိယအကြိမ် မှုံ့ကို မိမိသပိတ်ထည်း၌ ထည့်သောအခါ သပိတ်ထည်း၌ အရင်ရောက်ပြီးသောမှုံ့ကို လက်ဖြင့်ထိပြီးမှ ရဟန်း၏သပိတ်ထည်းက မှုံ့ကို ယူပြန်လျှင် ရဟန်း၏သပိတ်ထည်းက ကျန်သော မှုံ့များသည် သာမဏေ၏လက်၌ပါသော မှုံ့၏အမှုန်များနှင့် ရောစပ်လျက်ရှိ၏၊ ထို အမှုန်များကို အကပ်မခံရသေးသောကြောင့် နောက်ထပ်စားလိုလျှင် ထပ်၍ အကပ်ခံရသည်။

**ယံ သာမဏေရဿ၊ပေ၊ န ဝိဇဟတိ။** ။ပုနပ္ပုနံ ဂဏှန္တဿ အတ္တနော ပတ္တေ ပက္ခိတ္တမေဝ အတ္တနော သန္တကတ္တံ သန္နိဋ္ဌာနကရဏတော ဟတ္ထဂတံ ပဋိဂ္ဂဟဏံ နဝိဇဟတိ–ထပ်၍ထပ်၍ယူသော သာမဏေ၏ မိမိသပိတ်၌ ထည့်အပ်ပြီးကိုသာ မိမိဥစ္စာဟု ဆုံးဖြတ်မှုကို ပြုခြင်းကြောင့် (သပိတ်၌ မထည့်ရသေးဘဲ) လက်၌တည်သော အာဟာရသည် အကပ်ခံခြင်းကို မစွန့်၊ ပရိစ္ဆိန္ဒိတွာ ဒိန္နံ ပန ဂဏှန္တဿ-မည်၍မည်မျှယူလောဟု ပိုင်းခြား၍ပေးအပ်သော အာဟာရကို ယူသော သာမဏေ၏ကား၊ ဂဟဏသမယေ ယေဝ အတ္တနော သန္တကန္တ္တံ သန္နိဋ္ဌာနသ္သ ကတတ္တာ ဟတ္ထဂတံ ပဋိဂ္ဂဟဏံ ဝိဇဟတိ– ယူရာအခါတုန်းကပင် မိမိပိုင်ပြီဟု ဆုံးဖြတ်မှုကို ပြုသောကြောင့် လက်၌တည်သော အာဟာရသည် အကပ်ကိုစွန့်၏။

အတ္တနော ဝါ-(ရဟန်းဟူသော)မိမိတပါးတည်း၏သော်၎င်း၊ [ယောဇနာ၌ "အတ္တနော ဝါ တိ သာမဏေရဿ ဝါ" ဟုဖွင့်၏၊ စဉ်းစားပါ၊ သာမဏေ၏လက်၌ ဆွမ်းကိုထည့်ခဲ့သော ရဟန်းကိုသာ " အတ္တနော "ဟု ဆိုလိုသည်။] ဘိက္ခူနံ ဝါ-ရဟန်းအများတို့၏သော်၎င်း၊ ယာဂု ပစနကဘာဇနေ- ယာဂုကျိုကြောင်းအိုး၌၊ (ယာဂုကျိုနေကျအိုး၌၊ ) ကေသဉ္စိ-အချို့သော ရဟန်းသာမဏေတို့၏၊ အတ္ထာယ-အကျိုး၄ါ၊ ဩဒနံ-ကို၊ သစေ ပက္ခိပတိ- အကပ်၍ ထည့်လိုအံ့၊ ( ဝေံသတိ-ဤသို့ ထည့်လိုလသော်၊) သာမဏေရ- သာမဏေ၊ ဘာဇနဿ- အိုး၏၊ ဥပရိ-၌၊ ဟတ္ထံ-ကို၊ ကရောဟိ- ပြုထားစမ်းလော၊ ဣတိ, ဝတွာ- ပြော၍၊ တဿ-ထို သာမဏေ၏၊ ဟတ္ထေ - လက်ပေါ်၌၊ ပက္ခိပိတဗ္ဗံ- ထည့်ရာ၏၊ ဟိ- အကျိုးကား၊ တဿ - ထို သာမဏေ၏၊ ဟတ္ထတော - မှ၊ ဘာဇနေ - အိုးထည်း၌၊ ပတိတံ-ကျသောဆွမ်းသည်၊ ဒုတိယဒိဝသေ - ၌၊ ဘာဇနဿ- အိုး၏၊ အကပ္ပိယဘာဝံ-မအပ်သည်၏ အဖြစ်ကို၊ န ကရောတိ - မပြု၊ ( ကသ္မာ - နည်း၊ ဩဒနဿ- ၏၊ ဝါ-ကို၊)ပရိစ္စတ္တတ္တာ—စွန့်အပ်ပြီး၏ အဖြစ်ကြောင့်တည်း၊ ဝေံ-သို့၊(သာမဏေ ၏လက်ကို အိုးပေါ်၌ဖြန့်၍ ခံထားစေမှုကို)၊ အကတွာ- မပြုမူ၍၊ သစေ ပက္ခိပ တိ- အကယ်၍ထည့်အံ့၊ (ဝေံသတိ - ဤသို့ ထည့်လသော်၊) ပတ္တမိဝ-သပိတ်ကို ကဲ့သို့၊ ဘာဇနံ-အိုးကို၊ နိရာမိသံ—အာမိသမရှိအောင်၊ ကတွာ-၍၊ ပရိဘုဉ္ဇိတဗ္ဗံ-သုံးစွဲရာ၏။

× × × × × × ×

**သစေ၊ပေ၊ ပက္ခိပိတဗ္ဗံ ။** ။ ရဟန်းတပါးသည် မိမိအတွက်, သို့မဟုတ် ရဟန်း အများ အတွက် ယာဂုကျိုနေကျ အိုး၌ အကပ်ခံပြီးသော ဆွမ်းကို အခြား ရဟန်း သာမဏေတို့အတွက် ခေတ္တခဏ ထည့်လိုလျှင် " အို သာမဏေ.... အိုး၏အပေါ်၌ သင်၏လက်ကို ဖြန့်ထားစမ်းပါလော"ဟု ပြော၍ ထို သာမဏေ၏လက်၌ ထည့်ရသည်။

**တဿ၊ပေ၊ ပရိစ္စတ္တတ္တာ။** ။ဤသို့ ထည့်ရခြင်း၏ အကျိုးကား ရဟန်း၏လက်မှ ဆွမ်းသည် သာမဏေ၏ လက်ပေါ်၌ ကျရောက်သည်နှင့် တပြိုင်နက် အကပ်ပျက်ပြီး ဖြစ်၏၊ ထို့ကြောင့် သာမဏေ၏လက်မှ ထိုကဲ့သို့ ကျသွားသောဆွမ်းသည် ထိုအိုးဖြင့် နောက်တနေ့၌ ချက်သောအခါ အိုးကို မအပ်သော အိုးဖြစ်အောင် ( သန္နိဓိပစ္စည်း လူးနေသော အိုးဖြစ်အောင်) မပြုတော့။

**သစေ၊ပေ၊ ပရိဘုဉ္ဇိတဗ္ဗံ ။** ။ ဤသို့ သာမဏေ၏လက်ကို အိုး၏အပေါ်၌ ဖြန့်၍ မခံစေဘဲ အိုး၌ တိုက်ရိုက်ထည့်လိုက်လျှင် အိုးမှာ အကပ် မပျက်သေးသော ဆွမ်း အာမိသလူးလျက် ရှိ၏၊ ထို လူးသည့် အတိုင်းသာ နက်ဖန်တိုင်အောင် ထားလျှင် ထို အာမိသသည် သန္နိဓိဖြစ်၏၊ ထိုအိုးဖြင့် ယာဂုကျိုလျှင် ထို ယာဂုသည် သန္နိဓိပစ္စည်းနှင့် ရောခဲ့နေ၏၊ ထို့ကြောင့် အကပ်ခံပြီးသော ဆွမ်း၏လူးနေရာ သပိတ်ကို စင်ကြယ်စွာ ဆေးရသကဲ့သို့ အိုးကိုလည်း စင်ကြယ်စွာဆေးပြီးမှ ယာဂုကျိုစေရသည်။

**ပတ္တမိဝ နိရာမိသံ ကတွာ။** ။ယခုအခါ ဆွမ်းခံသပိတ်ကို စင်ကြယ်စွာ ဆေးကြ ရာ၌ သန့်ရှင်းစေမှုသာ မက, သပိတ်၌ ကပ်နေသော အာမိသတို့၏ နက်ဖန်၌ သန္နိဓိ

ဒါယကာ - အလှူ့ရှင်တို့သည်၊ ယာဂုကုဋံ- ယာဂုအိုးကြီးကို၊ ထပေတွာ- ထားခဲ့၍၊ ဂတာ-သွားကုန်ပြီ၊ တံ- ထို ယာဂုအိုးကြီးကို၊ ဒဟရသာမဏေရော- ကိုရင်ကလေးသည်၊ ပဋိဂ္ဂဏှာပေတုံ – အကပ်ခံစေခြင်းငှါ၊ ဝါ- ကပ်ခြင်းငှါ၊ န သက္ကောတိ-မစွမ်းနိုင်အံ့။ ["ယာဂုအိုးကြီးကို ထာမမဖျှမပုရိသ (မ)နိုင်သော် လည်း သာမဏေက ငယ်နေ၍ မနိုင်သောကြောင့် မြှောက်၍မကပ်နိုင်" ဟူလို။] (ဝေံသတိ-ဤသို့ မစွမ်းနိုင်လသော်၊)ဘိက္ခု-သည်၊ပတ္တံ-သပိတ်ကို၊ ဥပနာမေတိ- အနီးသို့ညွှတ်စေအံ့၊ သာမဏေရော-သည်၊ ကုဋဿ-အိုး၏၊ ဂီဝံ-ကို၊ ပတ္တဿ- ၏၊ မုခဝဋ္ဋိယံ—နုခမ်းရစ်ပေါ်၌၊ ထပေတွာ—တင်ထား၍၊ အာဝဇ္ဇေတိ-စောင်း လိုက်အံ့၊ ဟတ္ထဂတာ— ရဟန်း၏လက်၌ ရောက်သော၊ ယာဂု— သည်၊ ပဋိဂ္ဂဟိ တာဝ-အကပ်ခံအပ်ပြီးသည်သာ၊ ဝါ - အကပ်မြေခံပြီးသည်သာ၊ ဟောတိ-၏။ ["ယာဂုအိုးက မြေမှမခြေခံသော်လည်း အကပ်မြှောက်သည်"ဟူလို။]အထဝါ- ထို့ပြင် တနည်းကား၊ ဘိက္ခု—သည်၊ ဘူမိယံ-မြေပေါ်၌၊ ပတ္တံ-ကို၊ ထပေတိ- ထားအံ့၊ သာမဏေရော – သည်၊ ပဝဋ္ဋေတွာ – လှိမ့်၍၊ တတ္ထ – ထို ရဟန်း၏ လက်ပေါ်၌၊ အာရောပေတိ – ယာဂုအိုးကို တင်လိုက်အံ့၊ ဝဋ္ဋတိ – အပ်၏၊ ("အကပ်ခြေခံသည်"ဟူလို၊)ပူပပစ္ဆိ၊ပေ၊ ဒီသုပိ-မုန့်တောင်းကြီး, ဆွမ်းတောင်း ကြီး, ကြံစည်းဝန်အစရှိသည်တို့၌လည်း၊ ဧသေဝ နယော-တည်း။

× × × × × × ×

မဖြစ်ခြင်း အကျိုးလည်း ရှိ၏၊ သပိတ်ကဲ့သို့ပင် နေ့စဉ် ထည့်၍စားအပ်သော ဇွန်းပုဂံ များကိုလည်း သန့်ရှင်းအောင်ဆေးမှ သန္နိဓိအပြစ်လွတ်သည်၊ ထို့ကြောင့် ဆရာအစဉ် အဆက်ပင် နေ့စဉ် ဇွန်းပုဂံ လဘက်ရည်အိုးများကို ညနေအခါ၌ ဝတ်တခု အနေအား ဖြင့် ပွတ်တိုက် ဆေးကြောမှုကို ပြုစေတော်မူကြသည်၊ ပွတ်တိုက်၍ မရနိုင်သော အကွဲ အက်ကြောင်းပါသော ပုဂံများနှင့် နှုတ်သီးအလုံး ပါသော လဘက်ရည်အိုး များကို ကား ရဟန်းများအတွက် လုံးလုံးအသုံးမပြုစေကြပါ။

**အာပတ် ၃ ချက်။** ။သန္နိဓိပါနေသော သပိတ် ဇွန်း ပုဂံကို နက်ဖန်၌ အကပ်မခံ ဘဲ ကိုယ်တိုင်ယူလျှင် ဥဂ္ဂဟိတကဒုက္ကဋ်သင့်၏၊ ထိုခွက်များ၌ အခြားအာမိသကိုထည့်၍ စားလျှင် သန္နိဓိပါစိတ်သင့်၏၊ မနေ့က သန္နိဓိပစ္စည်းကို အကပ်မခံဘဲ စားရာရောက် သောကြောင့် ( ယနေ့ အာမိသများကို အကပ်ခံသော်လည်း ) အဒိန္နပါစိတ်အာပတ် သင့်သေး၏၊ ထို့ကြောင့် သန္နိဓိ မဖြစ်အောင် သပိတ် ဇွန်း ပုဂံတို့ကို စင်ကြယ်စွာ ပွတ် တိုက်၍ ဆေးကြရသည်၊ ထိုသို့ စင်ကြယ်စွာဆေးမှု၌ သံသယမဖြစ်အောင်ကား မိမိ၏ စားသောက်ခွက်များကို လူသာမဏေတို့အား ( အကြွင်းအကျန် ရှိရှိ– မရှိရှိ ) စွန့်ပေး လိုက်လျှင် သန္နိဓိအပြစ် လွတ်၏၊ [ထိုသို့စွန့်ပေးရာ၌ အကြွင်းအကျန် အာမိသနှင့်တကွ အက်ကြောင်းတို့တွင် ဝင်နေသော ဆီ စသည်တို့ အပေါ်ဝယ် တွယ်တာမှု အာလယ လည်း မရှိတော့ပါ။ ] နက်ဖန်၌လည်း ဇွန်း ပုဂံ သပိတ် လဘက်ရည်အိုး ကွမ်းအစ်မှ စ၍ ထည့်စရာ ဟူသမျှကို အကပ်ခံပြီးမှ ထည့်၍စားလျှင် ဥဂ္ဂဟိတက–အဒိန္နအပြစ်တို့ မှလည်း လွတ်နိုင်ပါသည်။

ပဋိဂ္ဂဟကျူပဂံ-အကပ်ခံခြင်းသို့ ကပ်ရောက်သော၊ ဝါ—ကပ်နိုင်လေသံသော၊ ဘာရံ-ထာမမဇ္ဈိမတယောက်နိုင်ဝန်ကို၊ ဒွတ္တယော—၂ ပါး ၃ ပါးကုန်သော၊ သာမဏေရာ- တို့သည်၊ သစေ ဒေန္တိ - အကယ်၍ ပေးကုန်အံ့၊ (ဧဝံသတိဝါ)၊ ဧကေန-တပါးသော၊ ဗလဝတာ-အားရှိသော သာမဏေသည်၊ ဥက္ခိတ္တံ-မြှောက်၍ ကပ်အပ်သောဝန်ကို၊ ဒွတ္တယော-ကုန်သော၊ဘိက္ခူ-တို့သည်၊(သစေ)ဂဏှန္တိ-အကယ်၍ ခံယူကုန်အံ့၊ (ဧဝံသတိဝါ)၊ ဝဋ္ဋတိ— အပ်၏၊ ( "အကပ်မြောက်သည်"ဟူလို။) မဉ္စသဏ္ဌဝါ-ညောင်စောင်း၏ သော်၎င်း၊ ပီဌသဏ္ဌဝါ-၏သော်၎င်း၊ ပါဒေ-ခြေ၌၊ တေလဃဋံဝါ—ဆီအိုးကိုသော်၎င်း၊ ဖာဏိတဃဋံဝါ- တင်လဲအိုးကိုသော်၎င်း၊နဝနီတဃဋံဝါ-ဆီဥုးအိုးကိုသော်၎င်း၊လဂ္ဂေန္တိ-ချိတ်ထားကုန်အံ့၊ (ဧဝံသတိ)၊ ဘိက္ခုဿ- ၏၊ မဉ္စေပိ-ညောင်စောင်း၌၎င်း၊ ပီဌေပိ-၎င်း၊ နိသီဒိတုံ ဝဋ္ဋတိ၊ ဥဂ္ဂဟိတကံနာမ- ဥဂ္ဂဟိတကမည်သည်၊ နဟောတိ။

နာဂဒန္တကေဝါ— ဆင်စွယ်ကောက်၌သော်၎င်း၊ အင်္ကုသကေဝါ-ချွန်းချိတ်၌သော်၎င်း၊ ဒွေ—၂ လုံးကုန်သော၊ တေလဃဋာ- ဆီအိုးတို့သည်၊ ဝါ- တို့ကို၊ လဂ္ဂိတာ-ချိတ်ထားအပ်ကုန်သည်၊ ဟောန္တိ—ဖြစ်ကုန်အံ့၊ ဥပရိ – အထက်၌၊ (လဂ္ဂိတော-ချိတ်အပ်သောအိုးသည်၊) ပဋိဂ္ဂဟိတကော-အကပ်ခံအပ်ပြီးသည်၊ (ဟောတိ-အံ့၊) ဟေဋ္ဌာ—၌၊ (လဂ္ဂိတော-သည်၊) အပ္ပဋိဂ္ဂဟိတကော-အကပ်မခံအပ်သေးသည်၊ ဟောတိ-အံ့၊(ဧဝံသတိ)၊ ဥပရိမံ-အထက်၌ဖြစ်သောအိုးကို၊ ဂဟေတုံ-ယူခြင်းငှါ၊ ဝဋ္ဋတိ၊ ဟေဋ္ဌာ—၌၊(လဂ္ဂိတော-သည်၊)ပဋိဂ္ဂဟိတကော-အကပ်ခံအပ်ပြီးသည်၊ (ဟောတိ—အံ့၊) ဥပရိ-၌၊ (လဂ္ဂိတော-သည်၊)အပ္ပဋိဂ္ဂဟိတကော- အကပ်မခံအပ်သေးသည်၊ (ဟောတိ၊ ဧဝံသတိ)၊ ဥပရိမံ— ကို၊ ဂဟေတွာ- ယူပြီး၍၊ ဝါ-မှ၊ ဧတရံ- အခြားသော အောက်အိုးကို၊ ဂဏှတော-ယူသောရဟန်း၏၊ ဥပရိမော - အထက်၌ ဖြစ်သော အိုးသည်၊ ဥဂ္ဂဟိတကော-ဥဂ္ဂဟိတကသည်၊ ဟောတိ။

ဟေဋ္ဌာမဉ္စေ — ညောင်စောင်းအောက်၌၊ အပ္ပဋိဂ္ဂဟိတကံ- အကပ်မခံအပ်သေးသော၊ တေလထာလကံ-ဆီခွက်သည်၊ ဟောတိ- ရှိအံ့၊ တံ- ထိုဆီခွက်ကို၊ (ဃဋ္ဋေတိ - ၌စပ်၊) သမ္မဇ္ဇန္တော - တံမြက်လှည်းသော ရဟန်းသည်၊ သမ္မုဉ္ဇနိယာ—တံမြက်စည်းဖြင့်၊စေ ဃဋ္ဋေတိ-အကယ်၍ထိခိုက်မိအံ့၊(ဧဝံသတိ-သော်၊)

× × × × × × ×

၂ ပါး ၃ ပါးကပ် ။ ။ ထာမမဇ္ဈိမ ယောကျ်ား၏ တယောက်မြှောက်နိုင်သော စားပွဲခုန်စသည်ကို ၂ ယောက် ၃ ယောက်(မ)၍ ရဟန်းအား ကပ်ရာ၌ "ပဋိဂ္ဂဟကျူပဂံ ၊ပေ၊ ဝဋ္ဋတိ"ကို ထောက်၍ "အကပ်မြောက်၏"ဟူ၍၎င်း, "ဗလဝတာ—ထာမမဇ္ဈိမအား ရှိသော သာမဏေတပါးသည် မြှောက်၍ကပ်အပ်သော စားပွဲခုန်စသည်ကို ၂ ပါး ၃ ပါး အကပ်ခံရာ၌လည်း "ဧကေန ဗလဝတာ၊ပေ၊ ဝဋ္ဋတိ"ကို ထောက်၍ "အကပ်မြောက်၏" ဟူ၍၎င်း မှတ်ပါ။

ဥဂ္ဂဟိတက်-သည်၊ န ဟောတိ၊ [ကိုင်ယူလိုသောစိတ်မရှိသောကြောင့် ဥဂ္ဂဟိတက မဖြစ်။] ပဋိဂ္ဂဟိတက်-အကပ်ခံအပ်ပြီးသောဝတ္ထုကို၊ ဂဏှိဿာမိ-ယူအံ့၊ ဣတိ-ဤသို့ကြံ၍၊ အပ္ပဋိဂ္ဂဟိတကံ - အကပ်မခံအပ်သေးသော ဝတ္ထုကို၊ ဂဟေတွာ-ယူပြီး၍၊ ဥ ့တွာ-( အကပ်မခံအပ်သေး ဟု )သိ၍၊ ပုန-တဖန်၊ ထပေတိ-အံ့၊ ဥဂ္ဂဟိတကံ န ဟောတိ၊ ဗဟိ-ပြင်ဘက်သို့၊ နီဟရိတွာ-ထုတ်ဆောင်ပြီး၍၊ ဝါ-မှ၊ သဉ္ဇာနာတိ–(အကပ်မခံအပ်သေးသောဝတ္ထု ဟု)သိအံ့၊ (ဧဝံသတိ)၊ ဗဟိ–ပြင်ဘက်၌၊ အထပေတွာ– မထားမူ၍၊ ဟရိတွာ-ပြန်ဆောင်၍၊ တတ္ထေဝ–ထို မူလနေရာ၌သာ၊ ထပေတမ္ဗံ- ထားရာ၏၊ ဒေါသော – အပြစ်သည်၊ နတ္ထိ - မရှိ၊ ( သိပြီးနောက် ပြန်၍ယူသွားခြင်းကြောင့် ဥဂ္ဂဟိတက အပြစ်မရှိ၊ ) ပန – ဆက်၊ ပုဗ္ဗေ-မယူမီရှေး၌၊ ဝိဝရိတွာ-ဖွင့်၍၊ ထပိတံ-ထားအပ်သည်၊ သစေ (ဟောတိ)-အံ့၊ (ဧဝံသတိ) န ပိဒဟိတမ္ဗံ- မပိတ်ရာ၊ (ပိတ်လျှင် ဒုရူပစိဏ္ဏဖြစ်လိမ့်မည်။) ယထာ – အကြင် အခြင်းအရာအားဖြင့်၊ ပုဗ္ဗေ – မယူမီရှေး၌၊ ဌိတံ - တည်ပြီ၊ တထေဝ-ထို တည်မြဲကိုင်းသောအခြင်းအရာအားဖြင့်သာ၊ ထပေတမ္ဗံ-ထားရာ၏၊ ဗဟိ – ပြင်ဘက်၌၊ သစေ ထပေတိ- အကယ်၍ ချထားမိအံ့၊ (ဧဝံသတိ)၊ ပုန, န ဆုပိတဗ္ဗံ- မတို့မထိရာ၊ ဟေဋ္ဌာပါသာဒံ-ပြာသာဒ်အောက်ထပ်သို့၊ ဩရောဟန္တော - သက်ဆင်းလသော်၊ နိဿေဏိမဇ္ဈေ - လှေခါးအလယ်၌၊ ဝါ- လှေခါးအလယ်ရောက်မှ၊ သဉ္ဇာနာတိ - (အကပ်မခံအပ်သေး ဟု) သိအံ့၊ (ဧဝံသတိ)၊ အနောကာသတ္တာ–ထားရာ မဟုတ်သည်၏အဖြစ်ကြောင့်၊ (လှေခါးအလယ်က ပစ္စည်းထားဘို့နေရာ မဟုတ်သောကြောင့်၊ ) ဥဒ္ဓံဝါ – ပြာသာဒ်၏ အထက်သို့ သော်၎င်း၊ အဓောဝါ–ပြာသာဒ်၏ အောက်သို့သော်၎င်း၊ ဟရိတွာ-ဆောင်ယူ၍၊ ထပေတဗ္ဗံ–ထားရာ၏။

ပဋိဂ္ဂဟိတကေ-အကပ်ခံအပ်ပြီးသော၊ တေလာဒိမှိ-ဆီ အစရှိသောဝတ္ထု၌၊ ကဏ္ဏိကံ-မှိုသည်၊ ဥဋ္ဌေဘိ-တက်တတ်၏၊ သိင်္ဂိဝေရာဒိမှိ-ချင်းအစရှိသောဝတ္ထု၌၊ ဃနစုဏ္ဏံ-တခဲနက်သောအမှုန့်သည်၊ (ဥဋ္ဌေတိ၊) တေံ- ဤ မှို, အမှုန့်သည်၊ တံ သမုဋ္ဌာနမေဝ နာမ—ထို ဆီ ချင်း အစရှိသောဝတ္ထုတို့ကြောင့် ဖြစ်ပေါ်လာသည် သာ မည်၏၊ (တသ္မာ–ကြောင့်၊) ပုန- တဖန်၊ ပဋိဂ္ဂဟဏကိစ္စံ- အကပ်ခံဘွယ် ကိစ္စသည်၊ နတ္ထိ–မရှိ။

× × × × × × ×

**တံ သမုဋ္ဌာနမေဝ၊ပေ၊နတ္ထိ။** ။ "တံသမုဋ္ဌာနဓမေဝ နာမေတံ" ဟု ပြင်ကြ၏၊ ယောဇနာ၌ကား "တံ သမုဋ္ဌာနမေဝနာမ တံ"ဟု ဆို၍ ထို "တံ"ပုဒ်ကိုလည်း ရှေးနေခံ ၀ဲ့သော့ပုဒ်ဟု ဆိုသည်၊ သို့သော် ထိုတံသည် ပဋိဂ္ဂဟဏကိစ္စံ၌ စပ်၍လည်းမကောင်း၊ ပဋိဂ္ဂဟဏကိစ္စံ၌ စပ်လိုလျှင်"တဿ"ဟု ရှိရမည်၊ နတ္ထိ၏ကတ္တားလည်းမဖြစ်နိုင်၊ ကိစ္စံ ဟု ကတ္တားရှိပြီးဖြစ်သည်၊ ထို့ကြောင့် စဉ်းစားပါ၊ [ တတော+သမုဋ္ဌိတံ တံသမုဋ္ဌိတံ၊ ဤ တံသမုဋ္ဌိတံပါဌ်ဖြင့် ရှေး၌ပြခဲ့သော နဝ်သမုဋ္ဌိတကို ကန့်သည်။]

တာလံဝါ - ထန်းပင်ကိုသော်၎င်း၊ နာဠိကေရံဝါ - အုန်းပင်ကို သော်၎င်း၊ အာရုဠ္ဟော-တက်သော လူသာမဏေသည်၊ ယောတ္တေန-ကြိုးဖြင့်၊ ဖလပိဏ္ဍိံ - အသီးခိုင်ကို၊ ဩတာရေတွာ - ချ၍၊ ဥပရိ - သစ်ပင်၏ အထက်၌၊ ဌိတောဝ - တည်လျက်သာ၊ ဂဏှထ-ခံယူပါကုန်၊ ဣတိ, ဝဒတိ-လျှောက်အံ့၊(ဧဝံ သတိ)၊ နဂဟေတဗ္ဗံ-မခံယူထိုက်။ [ ပေးသူက ဟတ္ထပါသ်အတွင်း မရောက်သောကြောင့် မခံယူထိုက်။] အညော- အခြားသော၊ ဘူမိယံ-မြေပေါ်၌၊ ဌိတော – တည်သော လူသာမဏေသည်၊ ယောတ္တပါသကေ- ကြိုးကွင်း၌၊ ဂဟေတွာ- ကိုင်၍၊ ဥက္ခိပိတွာ- မြှောက်၍၊ သစေ ဒေတိ–အံ့၊ (ဧဝံသတိ၊)ဝဋ္ဋတိ–အပ်၏၊ (အကပ်မြေခံ ၏။) သဖလံ - အသီးနှင့်တကွဖြစ်သော၊ မဟာသာခံ - သစ်ခက်ကြီးကို၊ ကပ္ပိယံ- အပ်သည်ကို၊ ကာရေတွာ-ပြုစေပြီး၍၊ ("ကပ္ပိယံ ကရောဟိ, ကပ္ပိယံ ဘန္တေ"ဟု ပြုစေပြီး၍၊) (သစေ) ပဋိဂ္ဂဏှာတိ-အကယ်၍ အကပ်ခံအံ့၊ (ဧဝံသတိ)ဖလာနိ-တို့သည်၊ ဝါ- တို့ကို၊ ပဋိဂ္ဂဟိတာနေဝ - အကပ်ခံအပ်ပြီး ဖြစ်ကုန်သည်သာ၊ ဟောန္တိ၊ ယထာသုခံ - ချမ်းသာသည်အားလျော်စွာ၊ ပရိဘုဉ္ဇိတုံ ဝဋ္ဋတိ။

အန္တောဝတိယံ- စည်းစောင်ရန်း အတွင်း၌၊ ဌတွာ– ၍၊ ဝတိံ - စည်းကို၊ ဆိန္ဒိတွာ- ဖြတ်၍၊ ဝါ- ဖေါက်၍၊ ဥစ္ဆုံ၊ဝါ- ကြံကိုသော်၎င်း၊ တိမ္ဗရူသကံဝါ- တည်သီးကိုသော်၎င်း၊ (သစေ) ဒေန္တိ-အကယ်၍ ပေးကုန်အံ့၊(ဧဝံသတိ)၊ဟတ္ထပါသေ-သည်၊ သတိ-ရှိလသော်၊ ဝဋ္ဋတိ-အပ်၏၊(အကပ်မြောက်သည်-ဟုလို။) ဝတိ ဒဏ္ဍကေသု–စည်းစောင်ရန်း၏ ရိုးတံတို့၌၊ အပ္ပဟရိတွာ-မထိခိုက် မပုတ်ခတ်မူ၍၊ နိဂ္ဂတံ - ထွက်လာသော အသီးကို၊ ဂဏှန္တဿ – အား၊ ဝဋ္ဋတိ - ၏၊ ပဟရိတွာ-၍၊ နိဂ္ဂတေ-ထွက်လာသောအသီး၌၊ အဋ္ဌကထာသု-ရှေးအဋ္ဌကထာတို့၌၊ ဒေါသော–ကို၊ န ဒဿိတော – မပြအပ်၊ မယံပန– (ဗုဒ္ဓဃောသဆရာ) ငါတို့သည်ကား၊ ယံဌာနံ – အကြင်အရပ်ကို၊ ပဟဋံ – ထိခိုက် ပုတ်ခတ်အပ်ပြီး၊ တတော- ထိုအရပ်မှ၊ သယံပတိတမေဝ- အလိုလို ကျလာသည်သာ၊ ဟောတိ-၏၊ ဣတိ–သို့၊ တက္ကယာမ-ကြံမိကုန်၏၊ [အလိုလို ကျလာသောကြောင့် ကပ်သူ မရှိရကား အကပ်မခံကောင်း ဟု ဆိုလိုသည်။ ] တသ္မိံ - ထို ပုတ်ခတ်အပ်သော စည်းစောင်ရန်း၏ရိုးတံ၌လည်း၊ အဌတွာ-မတန့်ရပ်မူ၍၊ ဂစ္ဆန္တေ-သွားလသော်၊ ( ပဋိဂ္ဂဟေတုံ- ၄ါ၊) ယုဇ္ဇတိ – သင့်၏၊ သုက်ဃာတတော- ကင်းခွန်ကောက်ရာ အရပ်မှ၊ ပဝဋ္ဋေတွာ-လိမ့်၍၊ ဗဟိ-ပြင်ဘက်၌၊ ပတိတဘဏ္ဍံဝိယ-ကျလာသော

× × × × × ×

**သုက်ဃာတတော၊ပေ၊ဝိယ ။** ။ ကင်းခွန်ကောက်ရာ ပြင်ဘက်သို့ ဘဏ္ဍာကို ပစ်၍ ပို့ရာ၌ တစုံတခုကို ထိခိုက်၍ အရှိန်သေပြီးမှ လိမ့်သွားလျှင် ပါရာဇိက မကျဘဲ, ထိခိုက်သော်လည်း အရှိန်မသေဘဲ လိမ့်သွားလျှင် ပါရာဇိကကျသကဲ့သို့"စည်းရိုးဝယ် တစုံတခုကို တိုက်မိ၍ မတန့်ရပ်ဘဲထွက်လာလျှင် အကပ်ခံခြင်း၄ါ အပ်၏၊ တန့်ရပ်ပြီးမှ ထွက်လာလျှင် အရှိန်သေသောကြောင့် အကပ်ခံခြင်း၄ါ မအပ်"ဟု ဆိုလိုသည်။

ဘတ္တဂ္ဂါကဲ့သို့တည်း၊ ဝတ္ထိံဝါ- စည်းစောင်ရန်းကိုသော်၎င်း၊ ပါကာရံဝါ-တံတိုင်းကိုသော်၎င်း၊ လင်္ဃေတွာ - ကျော်စေ၍၊ ဒေန္တိ- ပေးကုန်အံ့၊ ပန - ဆက်၊ ပုထုသော-ပြန့်ကျယ်သော၊ ပါကာရော- သည်၊ သစေ န(ဟောတိ)၊ အန္တောပါကာရေစ-တံတိုင်းတွင်း၌၎င်း၊ ဗဟိ ပါကာရေစ—တံတိုင်း၏ပြင်ဘက်၌၎င်း၊ ဌိတဿ-တည်သူ၏၊(ပေးသူနှင့် အကပ်ခံသူ၏၊)ဟတ္ထပါသော-သည်၊ သစေ ပဟောတိ-အကယ်၍ လောက်အံ့၊(ဧဝံသတိ)ဟတ္ထသတမ္ပိ—အတောင် တရာလည်း၊ ဥဒ္ဓံ—အထက်သို့၊ ဂတ္တွာ- တက်သွား၍၊ သမ္ပတ္တံ- ရောက်လာသော သစ်သီးကို၊ ဂဟေတုံ-ဖမ်းယူခြင်းငှါ၊ ဝဋ္ဋတိ။

ဘိက္ခု - ရဟန်းတပါးသည်၊ ဂိလာနံ — မကျန်းမာသော၊ သာမဏေရံ- ကို၊ ခန္ဓေန — ပခုံးဖြင့်၊ ဝဟာတိ - ထမ်းဆောင်သွား၏၊ သော— ထိုသာမဏေသည်၊ ဖလာဖလံ- သစ်သီးငယ်, သစ်သီးကြီးကို၊ ဒိသွာ-မြင်၍၊ ဂဟေတွာ-ယူ၍၊ ခန္ဓေ-ရဟန်း၏ပခုံးပေါ်၌၊ နိသိန္နောဝ-နေလျက်ပင်၊ ဒေတိ-ပေးအံ့၊ ဝဋ္ဋတိ-အင်၏၊ အပရော - အခြားသော သာမဏေသည်၊ ဘိက္ခုံ - မကျန်းမာသော ရဟန်းကို၊ ဝဟန္တော-ထမ်းဆောင်လျက်၊ ခန္ဓေ-၌၊ နိသိန္နဿ-နေသော၊ ဘိက္ခုနော-အား၊ ဒေတိ- အံ့၊ ဝဋ္ဋတိယေဝ— သည်သာ၊ ဘိက္ခု- သည်၊ ဖလိနိံ - အသီးရှိသော၊ သာခံ—သစ်ခက်ကို၊ ဆာယတ္ထာယ—အရိပ်အကျိုးငှါ၊ ဂဟေတွာ—၍၊ ဂစ္ဆတိ-သွားအံ့၊ ဖလာနိ-တို့ကို၊ ခါဒိတုံ-ငှါ၊ စိတ္တံ-သည်၊ ဥပ္ပန္နေ-လသော်၊ ပဋိဂ္ဂါဟာပေတွာ— ကပ်စေပြီး၍၊ ဝါ- ကပ်ဘိုရန်စေခိုင်းပြီး၍၊ ခါဒိတုံ- ငှါ၊ ဝဋ္ဋတိ— ၏၊ မစ္ဆိကဝါရဏတ္ထံ- ယင်တို့ကို တားမြစ်ခြင်းအကျိုးငှါ၊(ယင်ချောက်ခြင်း အကျိုးငှါ၊)ကပ္ပိယံ-အပ်သည့်ကို၊ ကာရေတွာ- ပြုစေပြီး၍၊ (ကပ္ပိပြီး၍၊)ပဋိဂ္ဂဏှာတိ—အကပ်ခံအံ့၊ ခါဒိတုကာမော - ခဲစားခြင်းငှါ အလိုရှိသည်၊ စေ ဟောတိ - အံ့၊ (ဧဝံ သတိ)၊ မူလပဋိဂ္ဂဟဏမေဝ- မူလ အကပ်ခံခြင်းသည်ပင်၊ ဝဋ္ဋတိ၊ ခါဒန္တဿ-ခဲစားသော ရဟန်း၏၊ ဒေါသော နတ္ထိ။

× × × × × × ×

မစ္ဆိကဝါရဏတ္ထံ။ ။မစ္ဆိကဝါရဏတ္ထန္တိဧတ္ထ "သစေပိ သာခါယ လဂ္ဂရဇံ ပတ္တေ ပတတိ၊ သုခေန ပရိဘုဉ္ဇိတုံ သက္ကာ, သာခါယ ပဋိဂ္ဂဟိတတ္တာ၊ [သစ်ခက်ကို အကပ် ခံပြီးဖြစ်သောကြောင့် သစ်ခက်၌ မြူမှုန်လည်း အကပ်ခံရာတွင် ပါဝင်ပြီး ဖြစ်တော့၏၊ ထို့ကြောင့် "သုခေန ပရိဘုဉ္ဇိတုံ သက္ကာ"ဟု ဆိုသည်။] အဗ္ဘန္တရပရိဘောဂတ္ထမေဝိဓ ပဋိဂ္ဂဟဏန္တိ "မူလပဋိဂ္ဂဟဏမေဝ ဝဋ္ဋတီ"တိ ဝုတ္တံ။ [မူလ အကပ်ခံတုန်းကပင် အသီး ရှိသော အခက်ဖြစ်၍ စားလိုလျှင် စားရအောင် အကပ်ခံခြင်း ဖြစ်၏၊ ထို့ကြောင့် အဗ္ဘန္တရပရိဘောဂ (အတွင်းစားသုံးဘို့)ဟု ဆိုသည်။] အပရေပန "မစ္ဆိကဝါရဏ တ္ထန္တိဧတ္ထ ဝစနမတ္တံ ဂဟေတွာ ဗာဟိရပရိဘောဂတ္ထံ ဂဟိတ"န္တိ ဝဒန္တိ။—အပရေဆရာ တို့ကား "ယင်ချောက်ဘို့"ဟူသော စကားမျှကိုယူ၍ ဗာဟိရပရိဘောဂတ္ထဟု ဆိုကြ၏။ ["မက္ခိက"ဟု ရှိသင့်လျက် က္ခကို စ္ဆပြု၍ "မစ္ဆိက"ဟု ရှိသည်။]

ဘိက္ခု- သည်၊ ပဋိဂ္ဂဟဏာရဟံ- အကပ်ခံခြင်းကို ထိုက်သော၊ ဘဏ္ဍံ- ကို၊ မနုဿာနံ-တို့၏၊ ယာနေ – ယာဉ်ပေါ်၌၊ ထပေတွာ – ထား၍၊ မဂ္ဂံ– ခရီးကို၊ ဂစ္ဆတိ-သွား၏၊ ယာနံ-သည်၊ကဒ္ဒမေ- ရွှံ့ညွန်၌၊ လဂ္ဂတိ - ငြိနေအံ့၊ ဒဟရော- ရဟန်းငယ်သည်၊ စက္ကံ-လှည်းဘီးကို၊ ဂဟေတွာ-ကိုင်၍၊ ဥက္ခိပတိ-မြှောက်အံ့၊ ဝဋ္ဋတိ - အပ်၏၊ ဥဂ္ဂဟိတကံနာမ န ဟောတိ၊ ( ဝဋ္ဋတိကိုပင် ထပ်ဖွင့်သည်၊ ) [ လှည်းဘီးကိုသာ မြှော်လိုစိတ်ရှိ၍ စားဘွယ်ကို မြှောက်လိုစိတ်မရှိသောကြောင့် ဥဂ္ဂဟိတက မဖြစ်။] နာဝါယ-လှေပေါ်၌၊ ထပေတွာ-၍၊ နာဝံ-ကို၊ အရိတ္တေန ဝါ–ထိုးဝါးဖြင့်သော်လည်း၊ ပါဇေတိ-သွားစေအံ့၊ ဟတ္ထေန ဝါ- လက်ဖြင့်သော်လည်း၊ ကမ္မတိ-ဆွဲငင်အံ့၊ ဝဋ္ဋတိ-၏၊ ဥဋ္ဌမ္ဘေပိ-ဖေါင်၌လည်း၊ ဧသေဝနယော၊ စာဋိယံ - အိုးစရည်းကြီး၌ သော်၎င်း၊ ကုဏ္ဍကေဝါ – ထမင်းအိုး၌ သော်၎င်း၊ ထပေတွာပိ – ထား၍လည်း၊ တံ- ထိုအိုးကို၊ အနုပသမ္ပန္နေန—သည်၊ ဝါ- ကို၊ ဂါဟာပေတွာ-ယူစေပြီး၍၊ အနုပသမ္ပန္နံ-ကို၊ ဗာဟာယံ—လက်မောင်း၌၊ ဂဟေတွာ- ကိုင်၍၊ တရိတုံ - ကူးခြင်းငှါ၊ ဝဋ္ဋတိ - အပ်၏၊ တသ္မိံ - ထို အိုးစရည်း, သို့မဟုတ် ထမင်းအိုးသည်လည်း၊ အသတိ - သော်၊ အနုပသမ္ပန္နံ( နေ့န )- ကို၊ ဂါဟာပေတွာ-ယူစေပြီး၍၊ တံ-ထိုလူသာမဏေကို၊ဗာဟာယံ ဂဟေတွာ တရိတုံ ဝဋ္ဋတိ။ [အနုသမ္ပန္နံ နေရာဝယ် "အနုပသမ္ပန္နေန"ဟု ရှိသင့်၏။]

ဥပါသကာ-တို့သည်၊ ဂမိကဘိက္ခူနံ-ခရီးသွားမည့် ရဟန်းတို့အား၊ ပါထေယျ တဏ္ဍုလေ – ရိက္ခာဆန်တို့ကို၊ ဒေန္တိ – လှူတတ်ကြကုန်၏၊ သာမဏေရာ- တို့သည်၊ဘိက္ခူနံ-တို့၏၊ တဏ္ဍုလေ-ဆန်တို့ကို၊ ဂဟေတွာ-ယူရ၍၊ ဝါ-ကြောင့်၊ အတ္တနော-၏၊ တဏ္ဍုလေ-တို့ကို၊ ဂဟေတုံ-ငှါ၊ န သက္ကောန္တိ-မစွမ်းနိုင်ကုန်အံ့၊ ဘိက္ခူ – တို့သည်၊ တေသံ- ထို သာမဏေတို့၏၊ တဏ္ဍုလေ - တို့ကို၊ ဂဏှန္တိ– ယူကုန်အံ့၊ သာမဏေရာ - တို့သည်၊ အတ္တနာ - သည်၊ ဂဟိတ တဏ္ဍုလေသု– ယူအပ်သော ဆန်တို့သည်၊ ခီဏေသု - ကုန်ကုန်လသော်၊ ဧတရေဟိ - မိမိတို့ ယူအပ်သောဆန်မှ တပါးကုန်သော၊ တဏ္ဍုလေဟိ-ရဟန်းတို့ယူအပ်သော ဆန်တို့ဖြင့်၊ ယာဂုံ-ကို၊ ပစိတွာ-ကျို၍၊ သဗ္ဗေသံ-အလုံးစုံသောရဟန်းတို့၏၊ ပတ္တာနိ- တို့ကို၊ ပဋိပါဋိယာ - အစဉ်အားဖြင့်၊ ထပေတွာ- ၍၊ ယာဂုံ- ကို၊ အာကိရန္တိ- လောင်းထည့်ကုန်အံ့၊ ပဏ္ဍိတော - ဉာဏ်ရှိသော၊ ( ဝိနည်းကို တတ်သိသော၊) သာမဏေရော- သည်၊ အတ္တနော - ၏၊ ပတ္တံ- ကို၊ ဂဟေတွာ - ၍၊ ထေရဿ- အား၊ ဒေတိ-အံ့၊ ထေရဿ- ၏၊ ပတ္တံ - ကို၊ (ဂဟေတွာ - ၍၊) အနုထေရဿ- အနုထေရ်အား၊ (ဒေတိ-အံ့၊) ဧတိနေ-သို့၊ ဝါ– ဤနည်းအားဖြင့်၊ သဗ္ဗာနိ– အလုံးစုံသော သပိတ်တို့ကို၊ ပရိဝတ္တေတိ- လဲလှယ်အံ့၊ သဗ္ဗေဟိ-အလုံးစုံသော ရဟန်းတို့သည်၊ သာမဏေရဿ – သာမဏေ၏၊ သန္တကံ - ဥစ္စာသည်၊ ဝါ-ကို၊ ဘုတ္တံ-စားသောက်အပ်သည်၊ ဟောတိ၊ (တသ္မာ-ကြောင့်၊) ဝဋ္ဋတိ။

သာမဏေရော - သည်၊ အပဏ္ဍိတော - ဉာဏ်မရှိသည်၊ သစေပိ ဟောတိ – အကယ်၍မူလည်း ဖြစ်အံ့၊ အတ္တနော - ၏၊ ပတ္တေ-၌၊ ယာဂုံ - ကို၊ သယမေဝ-မိမိချည်းသာ၊ ပါတုံ - ငှါ၊ (သစေပိ) အာရဘတိ - အကယ်၍မူလည်း အား ထုတ်အံ့၊ (အပဏ္ဍိတော ကိုပင် အတ္တနော စသည်ဖြင့် ထပ်ဖွင့်သည်၊) (ဝေံသတိ ပိ-ဤသို့ဖြစ်ပြန်သော်လည်း၊) အာဝုသော-ငါ့ရှင်သာမဏေ၊ တုယှံ—၏၊ ယာဂုံ-ကို၊ မယှံ—အား၊ ဒေဟိ- ပေးပါလော၊ ဣတိဝေံ- သို့၊ ထေရေဟိ- တို့သည်၊ ပဋိပါဠိယာ– အားဖြင့်၊ ယာစိတွာပိ - တောင်း၍လည်း၊ ပိဝိတုံ, ဝဋ္ဋတိ- အပ်၏၊ သဗ္ဗေဟိ - အလုံးစုံသော ရဟန်းတို့သည်၊ သာမဏေရဿ - ၏၊ သန္တကမေဝ—ဥစ္စာသည်သာ၊ ဝါ- ကိုသာ၊ ဘုတ္တံ – စားသောက်အပ်သည်၊ ဟောတိ၊ ဥဂ္ဂဟိတ ပစ္စယာ- ဥဂ္ဂဟိတဟူသော အကြောင်းကြောင့်၊ ဝဇ္ဇံ– အပြစ်သို့၊ နေဝဖုသန္တိ–မထိရောက်ကုန်၊ သန္နိဓိပစ္စယာ - သန္နိဓိဟူသော အကြောင်းကြောင့်၊ ဝဇ္ဇံ—သို့၊ န ဖုသန္တိ၊ [သာမဏေတို့၏ဆန်ကို မိမိတို့က ယူခဲ့ရသော်လည်း ဥဂ္ဂဟိတက မဖြစ်၊ အကပ်ခံ၍ ရှေးရှေးနေ့က ယူခဲ့စေကာမူ သန္နိဓိလည်း မဖြစ်၊] ပန—ဆက်၊ ဧတ္ထ- ၌ သပိတ်လဲလှယ်ခြင်းကို ဆိုကြောင်း စကားရပ်၌၊ မာတာပိတူနံ- တို့အို၊ တေလာဒိနိ - ဆီ အစရှိသည်တို့ကိုငင်း၊ ဆာယာဒိနံ - အရိပ် အစရှိသည်တို့၏၊ အတ္ထာယ-ငှါ၊ သာခါဒိနိစ-သစ်ခက် အစရှိသည်တို့ကိုငင်း၊ ဟရန္တာနံ- ဆောင် ယူသောရဟန်းတို့၏ငင်း၊ ဣမေသဥ္စ-၌ရဟန်းတို့၏ငင်း၊ ဝိသေသော-အထူးကို၊ န ဒိဿတိ – မတွေ့မြင်အပ်၊ တသ္မာ – ကြောင့်၊ ကာရဏံ - ကို၊ ဥပပရိက္ခိတဗ္ဗံ-စူးစမ်း ရှာဖွေထိုက်၏။

× × × × × × ×

**ဖွေး၊ပေ၊ဥပပရိက္ခိတဗ္ဗံ။** ။ မိဘတို့အို ဆီ အစရှိသည်တို့ကို ဆောင်ယူသွားရာ၌ငင်း, နေပူကွယ်ကာဘို့ရန် သစ်ခက်တို့ကို ဆောင်ယူသွားရာ၌ငင်း, လမ်း၌စားလို သောစိတ် ဖြစ်လျှင် အကပ်ခံ၍စားရုံသာ၊ ထိုကဲ့သို့ လဲလှယ်ခြင်းသော အစီအစဉ်ကို ပြုလုပ်ဘို့မလို၊ ဤနေရာ၌လည်း သာမဏေတို့၏ အကျိုးငှါ သာမဏေတို့၏ ဆန်ကို ဆောင်ယူသွားရာ၌ ထိုဆန်ဖြင့် ကျိုသော ယာဂုအတွက် ဥဂ္ဂဟိတက, သန္နိဓိ လုဉ်းပါး စရာ လိုမည်မထင်၊ ထို့ကြောင့် "ကာရဏံ ဥပပရိက္ခိတဗ္ဗံ"ဟု အဋ္ဌကထာဆိုသည်။

**ဋီကာ။** ။ဧတ္ထ ပန သာမဏေရေဟိ ဂဟိတတဏ္ဍုလေသု ပရိက္ခီဏေသု (သာမဏေ တို့ ယူအပ်သော ဆန်များကုန်လျှင်) အဝသံ အမှာကံ သာမဏေရာ သင်္ဂဟံ ကရော န္တီတိ ဝိတက္ကုပ္ပတ္တိ သမ္ဘဝတိ—(ကေန် သာမဏေတို့က ငါတို့အား ချီးမြှောက်မှုကို ပြုလိမ့်မည်" ဟု အကြံဖြစ်စရာရှိ၏၊) တသ္မာ တံ ပရိဝဇ္ဇေတွာဝ ပရိဘုဥ္ဇိတဗ္ဗံ—(ထို့ကြောင့် ရဟန်းများဆောင်ယူအပ်ခဲ့သော သာမဏေများ၏ဆန်ကို ယာဂုကျိုရာ၌ လဲ၍သာသုံးဆောင်ထိုက်၏၊) မာတာပိတူနံ အတ္ထာယ ပန ဆာယတ္ထာယဝါ ဂဟဏေ (မိဘတို့အို ယူခြင်း, အရိပ်ရဘို့ သစ်ခက်ကို ယူခြင်း၌ကား) ပရိဘောဂါသာ နတ္ထိ (စားလိုသောအာသာ မရှိခဲ့၊) တသ္မာ တံ ဝဋ္ဋတီတိ ကာရဏံ ဝဒန္တိ။

သာမဏေရော – သည်၊ ဘတ္တံ - ဆွမ်းကို၊ ပစိတုကာမော - ချက်လိုသည်၊ (ဟုတွာ)တဏ္ဍုလေ-ဆန်တို့ကို၊ ဓောဝိတွာ-ဆေးပြီး၍၊ နိစ္စာလေတုံ- အကြွင်း မရှိ လှုပ်စေခြင်းငှါ၊ နသက္ကောတိ-မစွမ်းနိုင်အံ့၊[နိစ္စာလေတွာ သက္ခရံ အပနေတုံ န သက္ကောတိ–ဆန်ဆေးသောအခါ လှုပ်၍ ကျောက်ခဲကလေးများကို ဖယ်ရှား ခြင်းငှါ မစွမ်းနိုင်။] ဘိက္ခုနာ-သည်၊ တဏ္ဍုလေစ - ဆန်တို့ကိုငှင်း၊ ဘာဇနဉ္စ- အိုးကိုငှင်း၊ ပဋိဂ္ဂဟေတွာ- အကပ်ခံပြီး၍၊ တဏ္ဍုလေ-တို့ကို၊ ဓောဝိတွာ-ဆေး ပြီး၍၊ နိစ္စာလေတွာ-အကြွင်း မရှိ လှုပ်စေပြီး၍၊ ဘာဇနံ- အိုးကို၊ ဥဒ္ဓနံ- မိုခနေ့ံ သို့၊ အာရောပေတဗ္ဗံ-တင်ပေးထိုက်၏၊ အဂ္ဂိ- မီးကို၊ နကာတဗ္ဗော - မပြုထိုက်၊ (သာမံပါက ဖြစ်မည်စိုးသောကြောင့်တည်း။)ပက္ကကာလေ-ကျက်ပြီးရာ အခါ၌၊ ဝိဝရိတွာ-ဖွင့်၍၊ပက္ကဘာဝေါ-ကျက်သည်၏အဖြစ်ကို၊ဇာနိတဗ္ဗော-သိထိုက်၏၊ [ဆန်တုန်းက အကပ်ခံထားသောကြောင့် ကိုယ့်ဘာသာ ဖွင့်လျက် ကျက်မကျက် စုံစမ်းနိုင်သည်။] ဒုပ္ပက္ကံ – မကောင်းသဖြင့် ကျက်သည်၊ ( မနူးမနပ်သည်၊ ) သစေ ဟောတိ၊(ဧဝံသတိ)၊ပါကတ္ထာယ-ကျက်ခြင်း အကျိုးငှါ၊ ပိဒဟိတုံ-ပြန်၍ ပိတ်ခြင်းငှါ၊ နဝဋ္ဋတိ - မအပ်၊ [ ကျက်စေလို၍ ပိတ်ခြင်းကြောင့် သာမံပါက ဖြစ်သည်၊ ထို့ကြောင့် မပိတ်ရ။ ] ရဇဿဝါ- မြူမှုန်၏သော်ငှင်း၊ ဆာရိကာယ ဝါ-ပြာ၏သော်ငှင်း၊ အပတနတ္ထာယ–မကျခြင်းအကျိုးငှါ၊ (ပိဒဟိတုံ) ဝဋ္ဋတိ၊ [ကျက်စေလို၍ မဟုတ်ဘဲ မြူမှုန်- ပြာ စသည် မကျအောင်ကား ပိတ်ကောင်း၏။] ပက္ကကာလေ- ကျက်ပြီးရာ အခါ၌၊ ဩရောပေတုံပိ - အောက်သို့ ချခြင်းငှါငှင်း၊ ဘုဉ္ဇိတုမ္ပိ-စားခြင်းငှါငှင်း၊ဝဋ္ဋတိ၊ ပုန ပဋိဂ္ဂဟဏကိစ္စံ နတ္ထိ။[ဆန်အဖြစ်တုန်းက အကပ်ခံပြီးဖြစ်သောကြောင့် ထပ်၍ အကပ်ခံဘွယ် မလို။]

သာမဏေရော-သည်၊ ပစိတုံ-ငှါ၊ ပဋိဗလော - စွမ်းနိုင်၏၊ ပန - ထိုသို့ပင် စွမ်းနိုင်ပါသော်လည်း၊ အဿ- ထိုသာမဏေ၏၊ ခဏော– အားလပ်ခွင့်သည်၊ နတ္ထိ-မရှိအံ့၊ ကတ္ထစိ- တစုတခုသော အရပ်သို့၊ ဂန္တုကာမော– သွားလိုသည်၊ (ဟောတိ-အံ့၊)[ခဏော နတ္ထိကို ထပ်ဖွင့်သည်၊](ဧဝံသတိ)၊ ဘိက္ခုနာ-သည်၊ သတဏ္ဍုလောဒကဘာဇနံ- ဆန်, ရေနှင့်တကွဖြစ်သော အိုးကို၊ ပဋိဂ္ဂဟေတွာ- အကပ်ခံပြီး၍၊ ဥဒ္ဓနံ- မိုခနောက်သို့၊ အာရောပေတွာ- တင်ပြီး၍၊ အဂ္ဂိံ-မီးကို၊ ဇာလေတွာ-တောက်စေပြီး၍၊ဝါ-မှ၊ ဂစ္ဆာဟိ-သွားပါလော၊ ဣတိ,ဝတ္တဗ္ဗော- ပြောထိုက်၏၊[အကပ်ခံအပ်ပြီးသော ဆန်စသည်နှင့် တကွ ထမင်းအိုးကို ရဟန်း ကိုယ်တိုင် တည်ပြီးနောက် မီးကို ကိုယ်တိုင် မတောက်စေကောင်းသောကြောင့် "ကိုရင်....မီးကို တောက်ခစေပြီးမှ သွားပါ"ဟု ပြောရမည်။] တတော-ထိုမီးကို တောက်စေပြီးရာအခါမှ၊ ပရံ–နောက်၌၊ ပုရိမနယေနေဝ-ဖြင့်သာလျှင်၊ ("ပက္က ကာလေ ဝိဝရိတွာ ပက္ကဘာဝေါ ဇာနိတဗ္ဗော "မှ စ၍ " ပုန ပဋိဂ္ဂဟဏကိစ္စံ နတ္ထိ"တိုင်အောင် ညွှန်သည်။) သဗ္ဗံ- အလုံးစုံကို၊ ကာတုံ - ငှါ၊ ဝဋ္ဋတိ - ၏။

ဘိက္ခု-သည်၊ ယာဂုအတ္ထာယ - ယာဂုအကျိုးငှါ၊ သုဒ္ဓံ - စင်ကြယ်သော၊ ဘာဇနံ-အိုးကို၊(အာမိသစသည်လည်း မပါ,မြူမှုန်မပါအောင်လည်း စင်ကြယ်သော ရေဖြင့် ဆေးအပ်ပြီးသော အိုးကို၊) အာရောပေတွာ - မိုခနောက်ပေါ်သို့ တင်၍၊ ဥဒကံ- ကို၊ (ဆန်မပါသော ရေသက်သက်ကို၊) တာပေတိ - ပူစေအံ့၊ ဝဋ္ဋတိ၊ တတ္တေ-ပူသော၊ ဥဒကေ-၌၊ သာမဏေရော-သည်၊ တဏ္ဍုလေ—တို့ကို၊ ပက္ခိပတိ—ထည့်အံ့၊ တတော- ထိုထည့်ပြီးရာ အခါမှ၊ ပဋ္ဌာယ-၍၊ ဘိက္ခုနာ—သည်၊ အဂ္ဂိ-ကို၊န ကာတဗ္ဗော-မပြုထိုက်၊["သာမံပါကဖြစ်မည်စိုးသောကြောင့် မီးကို မပြုထိုက် "ဟု ဆိုသည်။ ] ပက္ကယာဂုံ- ကျက်ပြီးသော ယာဂုကို၊ ပဋိဂ္ဂဟေတွာ-အကပ်ခံ၍၊ ပါတုံ ဝဋ္ဋတိ၊ သာမဏေရော- သည်၊ ယာဂုံ - ကို၊ ပစတိ- ကျိုနေ၏၊ ဟတ္ထကုက္ကုစ္စကော-လက်၏ကုက္ကုစ္စကိုပြုတတ်သော၊ ဝါ-လက်ဆော့သော၊ ဘိက္ခု — သည်၊ ကီဠန္တော - ကစားလျက်၊ ( ကစားသော အားဖြင့်၊ ) ဘာဇနံ-အိုးကို၊အာမသတိ-သုံးသပ်အံ့၊ ဝါ-ကိုင်အံ့၊ ပိဓာနံ-အဖုံးကို၊အာမသတိ-အံ့၊ ဝါ— အံ့၊ ဥဂ္ဂတံ-တက်လာသော၊ ဖေဏံ- ယာဂုအမြှုပ်ကို၊ ဆိန္ဒိတွာ-ဖြတ်၍၊(ယောက်မ စသည်ဖြင့် ဖြတ်၍၊) ဟရတိ- ဖယ်ရှားအံ့၊ တဿေဝ - ထိုရဟန်းအားသာ၊ ပါတုံ န ဝဋ္ဋတိ၊ ဒုရူပစိဏ္ဏံနာမ- မကောင်းသဖြင့် ပြုကျင့်ခြင်း မည်သည်၊ ဟောတိ၊ ပန-ဆက်၊ ဒဗ္ဗိံ ဝါ—ယောက်မကိုသော်၎င်း၊ ဥဠုင်္ကံ ဝါ- ယောက်ချိုကိုသော်၎င်း၊ ဝါ- ဗွန်းကိုသော်၎င်း၊ ဂဟေတွာ- ကိုင်၍၊ အနုက္ခိပန္တော- မမြှောက်ဘဲ၊ သစေ အာလုဠေတိ— အကယ်၍ မွှေအံ့၊ (ဧဝံသတိ- ဤသို့ မွှေလသော်၊) သဗ္ဗေသံ-အလုံးစုံသော ရဟန်းတို့အား၊(ပါတုံ) နဝဋ္ဋတိ၊ သာမံပါကဉ္စေဝ—ကိုယ်တိုင် ချက်ခြင်းသည်၎င်း၊ ဒုရူပစိဏ္ဏဉ္စ—မကောင်းသဖြင့် ပြုကျင့်ခြင်းသည်၎င်း၊ ဟောတိ-၏၊ (ဘာဇနံ— အိုးကို၊) သစေ ဥက္ခိပတိ - အကယ်၍ မြှောက်အံ့၊(ဧဝံ သတိ)၊ ဥဂ္ဂဟိတကမ္ပိ-ဥဂ္ဂဟိတကသည်လည်း၊ (အကပ်မခံဘဲ ကိုယ်တိုင် မြှောက်ယူအပ်သည်လည်း၊) ဟောတိ။

ဘိက္ခုနာ-သည်၊ ပိဏ္ဍာယ- ငှါ၊ စရိတွာ - လှည့်လည်ပြီး၍၊ အာဓာရကေ- သပိတ်ခြေပေါ်၌၊ ပတ္တော-သည်၊ ဝါ-ကို၊ ထပိတော-ထားအပ်သည်၊ ဟောတိ- အံ့၊ [ သပိတ်ကို ချထားတုန်းက နောက်ထပ် အကပ်ခံဘို့ရန် အကပ်ဖျက်သော အားဖြင့် ချထားသောသပိတ်တည်း။] တတြ-ထိုသို့ ချထားရာ၌၊ အညော-သပိတ်ရှင်မှ အခြားသော၊ လောလဘိက္ခု- လျှပ်ပေါ်လော်လီသော ရဟန်းသည်၊ ကီဠန္တော - ကစားလျက်၊ ( ကစားသောအားဖြင့်၊ ) ပတ္တံ - ကို၊ စေ အာမသတိ— အကယ်၍ သုံးသပ်အံ့၊ (ကိုင်အံ့၊) ပတ္တပိဓာနံ— သပိတ်ဖုံးကို၊ စေ အာမသတိ၊ (ဧဝံသတိ)၊ တဿေဝ-ထိုရဟန်းအားသာ၊ တတော-ထိုသပိတ်ထည်းမှ၊ လဒ္ဓံ- ရအပ်သော၊ ဘတ္တံ - ဆွမ်းသည်၊ န ဝဋ္ဋတိ၊ ပန- ဆက်၊ ပတ္တံ- ကို၊ ဥက္ခိပိတွာ- မြှောက်၍၊ သစေ ထပေတိ - အကယ်၍ ပြန်ထားအံ့၊ ( ဧဝံသတိ )၊ သဗ္ဗေသံ—

အလုံးစုံသောရဟန်းတို့အား၊ န ဝဋ္ဋတိ၊ (မြေခံယူတုန်းက ဥဂ္ဂဟိတကဖြစ်သောကြောင့် ရဟန်းအားလုံး မအပ် - ဟူလို။) တတ္တ ဇာတကဖလာနိ-ထို သစ်ပင်၌ ဖြစ်သော သစ်သီးတို့ကို၊ သာခါယဝါ– သစ်ခက်၌သော်၎င်း၊ ဝါ- ကိုသော်၎င်း၊ ဝလ္လိယာဝါ-နွယ်၌သော်၎င်း၊ ဝါ-ကိုသော်၎င်း၊ ဂဟေတွာ- ကိုင်၍၊ (သစေ) စာလေတိ-အကယ်၍ လှုပ်စေအံ့၊(ဝေဝံသတိ-ဤသို့လှုပ်စေလသော်၊)တဿဝ-ထိုရဟန်းအားသာ၊ တတော-ထိုသစ်ပင်မှ၊ လဒ္ဓံ-ရအပ်သော၊ ဖလံ-အသီးသည်၊ န ဝဋ္ဋတိ၊ ဒုရူပစိဏ္ဏဒုက္ကဋဉ္စ - ဒုရူပစိဏ္ဏဒုက္ကဋ်အာပတ်သို့လည်း၊ အာပဇ္ဇတိ-ရောက်၏၊ ပန - ဆက်၊ ဖလရုက္ခံ - အသီးရှိသော သစ်ပင်ကို၊ အပဿယိတုံဝါ-မှီခြင်းငှါ၎င်း၊ တတ္ထ-ထိုသစ်ပင်၌၊ ကဏ္ဍကေ—ဆူးတို့ကို၊ ဗန္ဓိတုံဝါ-ဖွဲ့ခြင်းငှါ၎င်း၊ ဝဋ္ဋတိ၊ [ ရှဉ့် စသော တိရစ္ဆာန်များ သစ်ပင်ပေါ်တက်၍ အသီးကို မစားနိုင်အောင် သစ်ပင်၏ပင်လုံး၌ ဆူးစသည် ဖွဲ့ထားခြင်းငှါ အပ်သည် - ဟူလို။ ] ဒုရူပစိဏ္ဏံ—သည်၊ န ဟောတိ၊ ဣတိ မဟာပစ္စရိယံ ဝုတ္တံ။

ပန-ဆက်၊ အရညေ-တော၌၊ ပတိတံ-ကျနေသော၊ အမ္ဗဖလာဒိံ-သရက်သီးအစရှိသော ဝတ္ထုကို၊ ဒိသွာ - ၍၊ သာမဏေရဿ - အား၊ ဒဿာမိ- ပေးအံ့၊ ဣတိ - ဤသို့ ကြံ၍၊ အာဟရိတွာ - ဆောင်ယူ၍၊ ဒါတုံ ဝဋ္ဋတိ။ [ မိမိအတွက်, ရဟန်းများအတွက် မဟုတ်ရကား ကိုယ်တိုင်ကောက်ယူခြင်းကြောင့် ဥဂ္ဂဟိတကဒုက္ကဋ်အာပတ် မသင့် - ဟူလို။] သီဟဝိဃာသာဒိံ - ခြင်္သေ့စားကြွင်း အစရှိသောအစာကို၊ ဒိသွာပိ-တွေ့၍လည်း၊ သာမဏေရဿ—အား၊ ဒဿာမိ - အံ့၊ ဣတိ-ဤသို့ကြံ၍၊ ပဋိဂ္ဂဟေတွာဝါ-အကပ်ခံ၍သော်၎င်း၊ အပ္ပဋိဂ္ဂဟေတွာဝါ-အကပ်မခံမူ၍သော်၎င်း၊ အာဟရိတွာ ဒါတုံ ဝဋ္ဋတိ၊ ပန- ဆက်၊ ဝိတက္ကံ—အကြံကို၊ သောဓေတုံ – သုတ်သင်ခြင်းငှါ၊ သစေ သက္ကောတိ – အကယ်၍ စွမ်းနိုင်အံ့၊ (ဝေဝံသတိ)၊ တတော-ထိုသာမဏေ၏အထံမှ၊ လဒ္ဓံ-ရအပ်သော သီဟဝိဃာသ

× × × × × × × × ×

**သီဟဝိဃာသာဒိံ၊ပေ၊ဒါတုံ ဝဋ္ဋတိ။** ။အစိမ်းသရဲဖမ်းစားသော ရောဂါရှိလျှင် သားစိမ်း ငါးစိမ်းကို ခွင့်ပြုတော် မူ၏၊ အနုဇာနာမိ ဘိက္ခဝေ အမနုဿိကာဗာဓေ အာမကမံသံ, အာမက လောဟိတံ၊— [ ဝိနည်းမဟာဝါ, ဘေသဇ္ဇက္ခန္ဓက။ ] ဤနေရာ၌ သားစိမ်းငါးစိမ်းလည်းဖြစ်, အမနုဿိကအာဗာဓလည်း မရှိပါဘဲလျက် ခြင်္သေ့စားကြွင်း စသည်ကို ကိုင်ယူကောင်းပါသလော—ဟု မေးဘွယ်ရှိသောကြောင့် "သီဟဝိဃာသာဒိံ"စသည်ကိုမိန့်၊ မိမိအတွက် ရဟန်းများအတွက်မဟုတ်၊ သာမဏေအတွက်ဖြစ်သောကြောင့် ကိုင်ယူကောင်းပါသည်—ဟူလို။

**ဝိတက္ကံ သောဓေတုံ။** ။"သာမဏေ့အထံရောက်လျှင် သာမဏေက ငါ့ကိုလည်း ပေးလိမ့်မည်"ဟူသော အကြံကို " ဝိတက္က " ဟု ခေါ်သည်၊ ထိုအကြံမျိုး မရှိအောင် စိတ်ထားနိုင်ခြင်းကို "သောဓေတုံ"ဟု ခေါ်သည်၊ ထိုအကြံမျိုးမဖြစ်အောင် သုတ်သင်ခြင်းငှါ စွမ်းနိုင်လျှင် သာမဏေ့အထံ ရောက်သောအခါ သာမဏေက တဆင့်ပေးပြန်မူ စားကောင်းသည်။

အစရှိသည်ကို၊ ခါဒိတုမ္ပိ ဝဋ္ဋတိ၊ အာမကမံသပဋိဂ္ဂဟဏာ ပစ္စယာ - သားစိမ်း ငါးစိမ်းကို ကောက်ယူခြင်းဟူသော အကြောင်းကြောင့်၊ ဝဇ္ဇံ - အပြစ်သို့၊ နေဝ ဖုသတိ-မရောက်၊ ဥဂ္ဂဟိတကပစ္စယာ-ကြောင့်၊ ဝဇ္ဇံ န ဖုသတိ။

မာတာပိတူနံ - တို့၏၊ အတ္ထာယ– ၄၊ တေလာဒီနိ - ဆီ အစရှိသည်တို့ကို၊ ဂဟေတွာ-ယူ၍၊ ဂစ္ဆတော-သွားသောရဟန်း၏၊ အန္တရာမဂ္ဂေ-၌၊ ဗျာဓိ-အနာ သည်၊ (သစေ)ဥပ္ပဇ္ဇတိ–အကယ်၍ ဖြစ်အံ့၊ (ဧဝံသတိ)၊ တတော- ထိုဆီအစ ရှိသည်တို့မှ၊ ယံ-အကြင်ဝတ္ထုကို၊(ပရိဘုဉ္ဇိတုံ–၄၊) ဣစ္ဆတိ-အလိုရှိ၏၊ တံ-ထို ဝတ္ထုကို၊ ပဋိဂ္ဂဟေတွာ ပရိဘုဉ္ဇိတုံ ဝဋ္ဋတိ၊ ပန-ဆက်၊ မူလေပိ-အရင်း၌လည်း၊ ( ဆောင်ယူခဲ့စဉ်တုန်းကလည်း၊ ) ပဋိဂ္ဂဟိတံ – အကပ်ခံအပ်ပြီးသည်၊ သစေ ဟောတိ၊ (ဧဝံသတိ)၊ ပုန, ပဋိဂ္ဂဟဏကိစ္စံ, နတ္ထိ၊ မာတာပိတူနံ-တို့၏၊ တဏ္ဍု လေ-တို့ကို၊ အာဟရိတွာ-၍၊ ဒေတိ-အံ့၊ တေ-ထိုမိဘတို့သည်၊ တတောယေဝ- ထို ဆန်တို့မှသာလျှင်၊ ယာဂုအာဒီနိ - ယာဂုအစရှိသည်တို့ကို၊ သမ္ပာဒေတွာ– ပြီးစီးစေ၍၊ တဿ- ထိုရဟန်းအား၊ ဒေန္တိ- ကုန်အံ့၊ ဝဋ္ဋတိ၊ သန္နိဓိပစ္စယာဝါ, ဥဂ္ဂဟိတက ပစ္စယာဝါ ဒေါသောနတ္ထိ။ [ သန္နိဓိပါစိတ် အာပတ် , ဥဂ္ဂဟိတက ဒုက္ကဋ်အာပတ်မသင့်-ဟူလို။]

ဘိက္ခု–သည်၊ ဝိဒဟိတွာ-ဝိတ်၍၊ (ပြာမကျအောင်ပိတ်၍၊) ဥဒကံ-ရေကို၊ (ထင်ရှားသောအမှုန် မပါအောင် စစ်အပ်ပြီးသောရေကို၊) တာပေတိ-ပူစေအံ့၊ ယာဝ ပရိက္ခယာ-ကုန်သည့်တိုင်အောင်၊ ပရိဘုဉ္ဇိတုံ ဝဋ္ဋတိ၊ ပန-ဆက်၊ တွေ- ဤရေနွေး၌၊ ဆာရိကာ-ပြာသည်၊ သစေပတတိ-အကယ်၍ ကျအံ့၊ (ဧဝံသတိ)၊ ပဋိဂ္ဂဟေတဗ္ဗံ-ရာ၏၊ဒီဃသဏ္ဍာသေန-ရှည်သောသံညှပ်ဖြင့်၊ထာလကံ-ခွက်ကို၊ ဂဟေတွာ - ကိုင်၍၊ တေလံ - ဆီကို၊ ပစန္တဿ - ချက်စဉ်၊ ဆာရိကာ - သည်၊ (သစေ)ပတတိ-အံ့၊(ဧဝံသတိ)၊ ဟတ္ထေန-ဖြင့်၊ဝါ-မှ၊ အမုဉ္စန္တေနေဝ-မလွှတ် ဘဲသာ၊ ပစိတွာ– ချက်မြဲ ချက်ပြီး၍၊ ဩတာရေတွာ–အောက်သို့ချ၍၊ ပဋိဂ္ဂဟေ တဗ္ဗံ–ရာ၏၊ အင်္ဂါရာပိ – မီးကျီးတို့သည်၎င်း၊ ဝါ- တို့ကို၎င်း၊ ဒါရူနိဝါ - ထင်း တို့သည်၎င်း၊ ဝါ-တို့ကို၎င်း၊ပဋိဂ္ဂဟေတွာ–အကပ်ခံပြီး၍၊ ထပိတာနိ-ထားအပ် ကုန်သည်၊ သစေ (ဟောန္တိ)၊ (ဧဝံသတိ)၊ မူလ ပဋိဂ္ဂဟဏမေဝ-မူလ အကပ် ခံခြင်းသည်ပင်၊ ဝဋ္ဋတိ၊ [ပြာကျသော်လည်း မီးကျီးထင်းတို့ကို အကပ်ခံပြီးဖြစ်၍ နောက်ထပ် အကပ်ခံဘွယ် မလို၊ ပြာသည် နဝသမုဋ္ဌိတမဟုတ် ဆိုမီးကျီးထင်း တို့မှဖြစ်သော တံသမုဋ္ဌိတတည်း။] ဘိက္ခု-သည်၊ ဥစ္ဆုံ-ကို၊ ခါဒတိ-ခဲစားနေ၏၊ သာမဏေရော- ပည့်၊မယှမ္ပိ-တပည့်တော်အားလည်း၊ ဒေထ-ပေးပါကုန်၊ဣတိ, ဝဒတိ-လျှောက်အံ့၊ ဣတော-ဤကြံမှ၊ ဆိန္ဒိတွာ-ဖြတ်၍၊ ဂဏှ-ယူလော့ ဣတိ- သို့၊ ဝုတ္တော-ပြောဆိုအပ်သော သာမဏေသည်၊ ဂဏှာတိ-ယူအံ့၊ အဝသေသေ- ကြွင်းသော ကြံအပိုင်း၌၊ ပုန ပဋိဂ္ဂဟဏကိစ္စံ နတ္ထိ၊ ဂုဠပိဏ္ဍကံ - တင်လဲခဲကို၊

ခါဒန္တဿာပိ-ခဲစားစဉ်လည်း၊ ဧသေဝ နယော၊ ဟိ-မှန်၊ ဝုတ္တောကာသတော-ပြောဆိုအပ်သောအရပ်မှ၊ဆိန္ဒိတွာ-၍၊ ဂဟိတာဝသေသံ-ယူအပ်ပြီးမှကြွင်းသောကြံပိုင်း ထန်းလျက်ခဲသည်၊အဇဟိတ ပဋိဂ္ဂဟဏမေဝ-မစွန့်အပ်သော အကပ်ခံခြင်းရှိသည်သာ၊ ဝါ—အကပ်ခံခြင်းကို မစွန့်သည်သာ၊ ဟောတိ။

ဘိက္ခု - သည်၊ ဂုဠံ-တင်လဲကို၊ ဘာဇေန္တော- ဝေဘန်လိုသည်၊ (ဟုတွာ)၊ ပဋိဂ္ဂဟေတွာ-အကပ်ခံပြီး၍၊ ကောဋ္ဌာသေ – အဘို့အစုတို့ကို၊ ကရောတိ-ပြု၏၊ ဘိက္ခုပိ- တို့သည်ငှင်း၊ သာမဏေရာပိ- တို့သည်ငှင်း၊ အာဂတ္ဘော- လာ၍၊ ကေဂ္ဂဟဏေနေဝ-တကြိမ်တည်း ကိုင်ယူခြင်းဖြင့်သာလျှင်၊ [ကိုင်ပြီး ပြန်မချဘဲ ယူသွားခြင်းကို "ကေဂ္ဂဟဏ" ဟု ဆိုသည်။] ဂဟိတာဝသေသံ-ယူအပ်ပြီးမှ ကြွင်းသောတင်လဲသည်၊ ပဋိဂ္ဂဟိတမေဝ– အကပ်ခံအပ်မြဲ ခံအပ်သည်သာ၊ ဟောတိ-၏၊ လောလသာမဏေရော – လျှပ်ပေါ်လော်လီသော သာမဏေသည်၊ ဂဏှိတွာ ဂဏှိတွာ-ယူပြီး၍ယူပြီး၍၊ ပုန-တဖန်၊ သဓေ ထပေတိ-အကယ်၍ ထားအံ့၊(ဧဝံ သတိ)၊ တဿ - ထို သာမဏေ၏၊ ဝါ- သည်၊ ဂဟိတာဝသေသံ- ယူအပ်ပြီးမှကြွင်းသော တင်လဲသည်၊ (ယူပြီး၍ ပြန်ချထားအပ်ခဲ့သော တင်လဲသည်၊) အပ္ပဋိဂ္ဂဟိတကံ-ပဋိဂ္ဂဟိတ မဟုတ်သည်၊ ဝါ-အကပ်ပျက်သည်၊ ဟောတိ။

ဘိက္ခု-သည်၊ ရူမဝန္တံ-အခိုးရှိသောအလိပ်ကို၊ ဝါ-ဆေးလိပ်ကို၊ ပဋိဂ္ဂဟေတွာ-အကပ်ခံပြီး၍၊ ရူမံ- အခိုးကို၊ ပိဝတိ- သောက်အံ့၊ မုခဋ္ဌ-ခံတွင်းသည်ငှင်း၊ ကဏ္ဍောစ–လည်ချောင်းသည်ငှင်း၊ မနောသိလာယ–ဆေးဒန်းမြင်းသီလာဖြင့်၊ လိတ္တောဝိယ-သုတ်လိမ်းအပ်သကဲ့သို့၊ ဟောတိ-၏၊ (ဧဝံသတိပိ-ဤသို့ ဖြစ်ပါသော်လည်း၊) ယာဝကာလိကံ - ယာဝကာလိက ခဲဘွယ်ဘောဇဉ်ကို၊ ဘုဉ္စိတုံ ဝဋ္ဋတိ၊ ယာဝကာလိကေန-ယာဝကာလိက ခဲဘွယ်ဘောဇဉ်နှင့်၊ ယာဝဇီဝိက သံသဂ္ဂေ-ယာဝဇီဝိကဆေးညှိတို့ရောနှောမိခြင်းကြောင့်၊ ဒေါသော-သည်၊ နတ္ထိ။

× × × × × × ×

**ကောဋ္ဌာသေ ကရောတိ။** ။ကောဋ္ဌာသေ ကရောတီတိ ဘိက္ခူစ သာမဏေရာစ အတ္တဲနော အတ္တနော အဘိရုစိတံ ကောဋ္ဌာသံ ဂဏှန္တူတိ သဗ္ဗေသံ သမကေ ကောဋ္ဌာသေ ကရောတိ၊—ဋီကာ၊ ဤဋီကာကိုထောက်၍ "အချို့သံဃိက စားဘွယ် သောက်ဘွယ် ဝေစုဝေရာဝယ် သာမဏေများလည်း ရဟန်းများနှင့်အညီအမျှ ရနိုင်၏"ဟု မှတ်ချက်တခု ရပြန်သည်၊ မဟာဝါ, စီဝရက္ခန္ဓကပါဠိတော်၌ကား သာမဏေတို့အား တဝက်ပေးရမည်-ဟု မိန့်တော်မူ၏၊ ထို့ကြောင့် "ကျေးဇူးအထူးမများလျှင် တဝက်သာပေး, သာမဏေများက သံဃိက အလုပ်ကို များစွာ လုပ်ရလျှင် အညီအမျှ ပေးပါ" ဟု မှတ်သင့်သည်။

**ဘိက္ခုပေ၊ ဒေါသော နတ္ထိ။** ။ရူမ – အခိုးရှိသော + ဝန္တိ– အလုံး (အလိပ်) ဟူသည်ကို "ဆေးလိပ်" ဟု ဆိုကြ၏၊ ကုလားကြီးတွေသောက်သော တမာဂူလည်း ရူမဝန္တိပင်တည်း၊ ထို ဆေးလိပ်ကို သောက်သောအခါ ခံတွင်း၌ငှင်း လည်ချောင်း၌

ပတ္တံ-သပိတ်ကို၊ ပစန္တသာဝါ—ဖုတ်စဉ်သော်ငင်း၊ ရဇနံ - ဆိုးရည်ကို၊ ပစန္တသာဝါ- ကျိုစဉ်သော်ငင်း၊ ကဏ္ဏနာသမုခဆိဒ္ဒေဟိ - နားပေါက် , နှာခေါင်းပေါက်, ပါးစပ်ပေါက်တို့မှ၊ ရူမေဘ-မီးအခိုးသည်၊ ပဝိသတိ - ဝင်အံ့၊ ဗျာဓိပစ္စယာ-အနာဟူသော အကြောင်းကြောင့်၊ ပုပ္ဖံဝါ - ပန်းကိုသော်ငင်း၊ ဖလံဝါ-ကိုသော်ငင်း၊ ဥပသိဃ်တိ-နမ်းရှုအံ့၊ (ဧဝံ သတိ- ဤသို့ ဖြစ်လသော်၊) အဗ္ဗောဟာရိကတ္တာ—အဗ္ဗောဟာရိက၏ အဖြစ်ကြောင့်၊ ဝဋ္ဋတိ-အပ်၏၊ ဘတ္တုဂ္ဂါရော-ကြို့ထိုးခြင်း စသည်ကြောင့် အနံ့ထွက်လာသော အစာသည်၊ တာလုံ-အာစေ့

× × × × × × × ×

ငင်း ဆေးညွှိကလေးတွေ အနည်းငယ် ကပ်နေတတ်၏၊ အနည်းငယ် ဆိုသော်လည်း ကြိမ်ဖွဲ့ အခွံခွါသော အခါ အညိုရောင်ကလေးသည် အဗ္ဗောဟာရိက မဖြစ်သကဲ့သို့ ဤဆေးညွှိကလေးလည်း အဗ္ဗောဟာရိကမဟုတ်၊ အာပတ်၏အင်္ဂါဟု ပြောဆိုလေ့သည်၊ သို့သော် အာရုံတက်ပြီးမှ အကပ်ခံ၍ သောက်သောကြောင့် ယာဝကာလိက ခဲဘွယ်ဘောဇဉ်ကို ထပ်၍ စားခြင်း၄ါ အပ်၏၊ ယာဝကာလိက ခဲဘွယ်ဘောဇဉ်နှင့် ယာဝဇီဝိကဖြစ်သော ဆေးညွှိကလေး၏ ပါးစပ်အတွင်း၌ ရော၍ ဝမ်းတွင်းသို့ ဝင်သွားခြင်းကြောင့် ဤ သိက္ခာပုဒ်အရ အပြစ်မရှိ။

**ဆက်ဦးအံ့၊**— ဆေးလိပ်ကို အကပ်ခံသော်လည်း ဆေးလိပ် သောက်ပြီးသော အခါ ခံတွင်း၌ ငြိကပ်၍ကျန်ရစ်သော အညွှိကလေးများကို အကပ်မခံရသေး ဟု ထင်မှားဘွယ်ရှိ၏၊ ထိုသို့ ထင်မှား၍ ဤသိက္ခာပုဒ်အရ အပြစ်ရှိပါသလောဟု ယုံမှားဘွယ်ရှိသောကြောင့် " ဒေါသောနတ္ထိ "ဟု ဆိုသည်။ [ပဋိဂ္ဂဟေတွာတိ— တဒဟု ပဋိဂ္ဂဟေတွာ၊-- တေနေဝ "ယာဝကာလိကေနပေ၊ဒေါသောနတ္ထိ"တိ ဝုတ္တံ၊—ဋီကာ။] သစေ ပန ပုရိမဒိဝသေ ပဋိဂ္ဂဟေတွာ ထပိတာ ဟောတိ၊ သာမိသေန မုခေန— အာမိသနှင့် တကွဖြစ်သော ခံတွင်းဖြင့်၊ တဿာ ဝဋ္ဋိယာ ဓူမံ ပိဝိတုံ နဝဋ္ဋတိ၊ ဆိုလိုရင်းကား— "ဆေးလိပ်ကို ရှေးရှေးနေ့က အကပ်ခံထားလျှင် ထိုဆေးလိပ်၏ အာခေါင်တွင်ကပ်နေသော ဆေးညွှိနှင့် ယနေ့အကပ်ခံအပ်သော ယာဝကာလိက ( ဆွမ်းစသော အာမိသတို့) ရော၍သွားလျှင် သန္နိဓိပါစိတ်သင့်သည်"ဟု ဆိုလိုသည်။

**မှတ်ချက်။** ။"ဓူမဝဋ္ဋိ ပဋိဂ္ဂဟေတွာ"ဟု အဋ္ဌကထာဆိုသောကြောင့် ဆေးလိပ်ကို အကပ်မခံဘဲမသောက်ကောင်း၊ အကပ်မခံဘဲသောခံလျှင် ကိုင်ယူတုန်းကပင် ဥဂ္ဂဟိတက ဒုက္ကဋ်အာပတ် သင့်၏၊ အကပ်ခံပြန်သော်လည်း အာရုံမတက်ခင် အကပ်ခံ၍သောခံလျှင် အာရုံတက်ပြီးမှ စားဘွယ် သောက်ဘွယ်နှင့် ခံတွင်း၌ ရောသွားသောကြောင့် သန္နိဓိ ပါစိတ်အာပတ် သင့်ပြန်၏၊ ဆေးလိပ်ဟူသည် ယာဝဇီဝိကဝတ္ထု ဖြစ်ရကား ထိုဆေးညွှိ ငွေလည်း ယာဝဇီဝိကဝတ္ထုပင်တည်း၊ အကြောင်းမရှိဘဲ လျက်ဆားသော်မျှ မလျက်ကောင်းရကား ထို ယာဝဇီဝိက ဆေးလိပ်ကိုလည်း အကြောင်းမရှိဘဲ သောက်ချင်ရုံမျှဖြင့် နေလွဲအခါ၌ မသောခံကောင်း၊ လေနာခြင်းစသော သင့်လျော်သော အကြောင်းရှိလျှင် သောက်ကောင်း၏၊ နံနက်အခါ ၌ကား အကပ်ခံ၍ သောက်လျှင် မည်သည့် အပြစ်မျှ မရှိပါ၊ သို့သော် လူမြင် သူမြင် မသောက်ဘို့ရန်ကား ဆရာကြီး သမားကြီးတို့ တားမြစ်လေ့ ရှိကြသည်၊ ဆေးလိပ်သောက်မှုသာ မက, နေလွဲအခါ ဆေးဝါးမှု ကွမ်းစားမှုများ၌လည်း ဤသဘောပင်တည်း။

ကို၊ အာဟစ္စ—ထိခိုက်၍၊ အန္တောယေဝ-အတွင်းသို့သာ၊ ပဝိသတိ-ပြန်ဝင်အံ့၊ အဝိသယတ္တာ—စောင့်စည်းနိုင်သော အရာမဟုတ်သည်၏ အဖြစ်ကြောင့်၊ (ပြန်မကျအောင် မထိန်းသိမ်းနိုင်သောကြောင့်၊ ) ဝဋ္ဋတိ၊ ပန - ထိုသို့ အပ်ပါသော်လည်း၊ မုခံ-ခံတွင်းသို့၊ ပဝိဋ္ဌ- ဝင်ပြီးသော ကြို့ထိုးဖတ်ကို၊ အဇ္ဈောဟရတော-ပြန်၍ မျိုချသော ရဟန်း၏၊ ဝိကာလေ - ၌၊ အာပတ္တိ (ဟောတိ)၊ ဒန္တန္တရေ-သွား၏ အကြား၌၊ လဂ္ဂဿ-ငြိကပ်နေသော၊ အာမိသဿ –အာမိသ၏၊ ရသော-အရည်သည်၊ ပဝိသတိ—ဝင်အံ့၊ အာပတ္တိယေဝ-သည်သာ၊ (ဟောတိ)၊ သုခုမံ-သိမ်မွေ့သော၊ အာမိသံ—သည်၊ သစေ ဟောတိ- အံ့၊ ရသော- အရသာသည်၊ (သစေ)နပညာယတိ-အကယ်၍ မထင်ရှားအံ့၊(ဇဝံသတိ-ဤသို့ ဖြစ်လသော်၊) အဗ္ဗောဟာရိက ပက္ခံ-အဗ္ဗောဟာရိက ဘက်သို့၊ ဘဇတိ-ကပ်ဝင်တော့၏။

ကာလေ-မွန်းတည့်ချိန် အခါသည်၊ ဥပကဋ္ဌေ-နီးကပ်သော်၊ နိရုဒကဋ္ဌာနေ-ရေမရှိသော အရပ်၌၊ ဘတ္တံ—ကို၊ ဘုဉ္ဇိတွာ-စားပြီး၍၊ ကက္ခာရေတွာ-ကက် ဟု အသံပြု၍၊ (ဟက်၍၊) ဒွတ္တယော— ၂ ခု ၃ ခုကုန်သော၊ ခေဠပိဏ္ဍေ— တံထွေးခဲတို့ကို၊ ပါတေတွာ— ကျစေပြီး၍၊ ဥဒကဋ္ဌာနံ— ရေ၏တည်ရာအရပ်သို့၊ ဂန္တွာ-ရောက်၍၊ ဝါ-ရောက်မှ၊ မုခံ-ပါးစပ်ကို၊ ဝိက္ခာလေတဗ္ဗံ - ဆေးရာ၏၊ ပဋိဂ္ဂဟေတွာ-အကပ်ခံပြီး၍၊ ထပိတသိင်္ဂိဝေရာဒီနံ-ထားအပ်သော ချင်းအစရှိသည်တို့၏၊ အကိုရာ-အညွန့်တို့သည်၊ နိက္ခမန္တိ-ထွက်ကုန်အံ့၊ ပုန, ပဋိဂ္ဂဟဏကိစ္စံ, နတ္ထိ၊ (တံသမုဋ္ဌိတ ဖြစ်သောကြောင့် နောက်ထပ် အကပ်ခံဘွယ်—မလို။) လောဏ-ဆားသည်၊ အသတိ—သော်၊ သမုဒ္ဒေါဒကေန- သမုဒ္ဒရာရေဖြင့်၊ လောဏကိစ္စံ—

× × × × × × ×

**ဝိကာလေ အာပတ္တိ။** ။ "ဝိကာလေ အာပတ္တိ" ဟူသည် ဝိကာလ ဘောဇန အာပတ် သန္နိမိအာပတ်တည်း၊ လည်ချောင်းသို့ ဝင်ပြီးအာဟာရသည် ပြန်ထွက်လာသော်လည်း နံနက်ကာလ၌ ဖြစ်လျှင် ပြန်၍ မျိုချမှုကြောင့် အာပတ် မသင့်၊ ဘာ့ကြောင့်နည်း—ထို အာဟာရက အကပ်ခံအပ်ပြီး ဖြစ်သောကြောင့်တည်း၊ ဝိကာလ၌ ပြန်၍ မျိုချလျှင် အဒိန္နသိက္ခာပုဒ်နှင့် စပ်၍ အာပတ် မသင့်သော်လည်း ဝိကာလဘောဇနနှင့် သန္နိမိအာပတ်ကား သင့်သည်—ဟူလို။

**ကက္ခာရေတွာ ။** ။ ကက်ဣတိ ကရိယတေတိ ကက်ကာရော၊ က် ကို နောက်အက္ခရာသို့ ကပ်သော အခါ ကာ၌ ကသည် ခဖြစ်၏၊ ထို့ကြောင့် (နိက္ခမော့ကဲ့သို့) "ကက္ခာရော" ဟု ဖြစ်၏၊ ထို့နောက် အာစာရ ( ကရ ) အနက်၌ ဣပစ္စည်းသက်, ပြေ၍ တွာပစ္စည်းဖြင့်"ကက္ခာရေတွာ"ဟု ပြီးသည်၊ ထို"ကက်"ဟူသော အသံဟူသည် ယခုအခါ သလိပ်ဟက်သံပင်တည်း၊ ထို့ကြောင့် သလိပ်ဟက်၍ သလိပ်ခဲ တံထွေးခဲများ ၂ ခဲ ၃ခဲ ကျသွားပါစေ"ဟု ဆိုသည်။ [ဤသို့ သလိပ်ဟက်စေခြင်းမှာလည်း ခံတွင်း၌ ဆွမ်းစသော အာမိသများ မကျန်ဘဲ သန့်ရှင်းစေလိုသောကြောင့် ဖြစ်သည်၊ ထိုနေ့မှ အတော် ဝေးသော ရေရှိရာအရပ်သို့ ရောက်သောအခါ ပါးစပ်ကို ဆေးပါ — ဟု ညွှန်ပြသည်။

ဆား၏ကိစ္စကို၊ ကာတုံ ဝဋ္ဋတိ၊ ပဋိဂ္ဂဟေတွာ-၍၊ ထပိတံ-သော၊ လောဏော ဒကံ-ဆားရေသည်၊ လောဏံ-သည်၊ ဟောတိ-ဖြစ်အံ့၊ လောဏံဝါ-ဆားသည် သော်လည်း၊ ဥဒကံ – သည်၊ ဟောတိ- ဖြစ်အံ့၊ ရသောဝါ - ကြီရည်သည်သော် လည်း၊ ဖာဏိတံ-တင်လဲသည်၊ ဟောတိ–အံ့၊ ဖါဏိတံဝါ– တင်လဲသည်သော် လည်း၊ ရသော - အရည်သည်၊ ဟောတိ – ဖြစ်အံ့၊ မူလပဋိဂ္ဂဟဏမေဝ - မူလ အကပ်ခံခြင်းသည်ပင်၊ ဝဋ္ဋတိ- အပ်၏၊ ဟိမကရကာ-ဆီးနှင်း, မိုယ်းသီး မိုယ်း ပေါက်တို့သည်၊ ဥဒကဂတိကာဝေ - ရေနှင့် အလားတူ ကုန်သည် သာတည်း၊ ပါရိဟာရိကေန- သွားလေရာရာ ဆောင်ယူအပ်သော၊ ကတကဋ္ဌိနာ - ခပေါင်း ရေကြည်စေ့ဖြင့်၊ ဥဒကံ-ရေကို၊ ပသာဒေန္တိ–ကြည်စေကုန်အံ့၊ တံ- ထို ခပေါင်း ရေကြည်စေ့သည်၊ အဗ္ဗောဟာရိကံ- ကတည်း၊ အာမိသေန- နှင့်၊ သဒ္ဓိံ-တကွ၊ (ပိဝိတုံ)ဝဋ္ဋတိ။[ယသ္မာ ကတကဋ္ဌိ ဥဒကံ ပသာဒေတွာ ဝိသုံ တိဋ္ဌတိ၊ တသ္မာ “အဗ္ဗောဟာရိက” န္တိ ဝုတ္တံ၊-ဋီကာ။] အာမိသဂတိကေဟိ-အာမိသ၏ဖြစ်ခြင်း နှင့်တူသော ဖြစ်ခြင်းရှိကုန်သော၊ ဝါ- အာမိသနှင့် အလားတူကုန်သော၊ ကပိတ္ထ ဖလာဒီဟိ- သီးသီး အစရှိသည်တို့ဖြင့်၊ ပသာဒိတံ- ကြည်စေအပ်သောရေသည် ပုရေဘတ္တမေဝ- နံနက်အခါ၌သာ၊ ဝဋ္ဋတိ-၏။ [ ရေထည်း၌ သီးသီး၏ အရသာ ပါနေသောကြောင့် နံနက်အခါ၌သာ အပ်သည်။]

ပေါက္ခရဏီအာဒီသု-လေးထောင့်ကန် အစရှိသောအရပ်တို့၌၊ ဥဒကံ-သည်၊ ဗဟလံ- ပြစ်သည်၊ ဟောတိ - ဖြစ်တတ်၏၊ ဝဋ္ဋတိ-အပ်၏၊ [ “ပြစ်သော်လည်း အကပ်မခံဘဲ သောက်ကောင်း၏ ” ဟူလို။] ပန-ဗျတိရိက်ကား၊ မုခေစ– ခံတွင်း ၌၎င်း၊ ဟတ္ထေစ - ၌၎င်း၊ သစေ လဂ္ဂတိ - အကယ်၍ ငြိကပ်အံ့၊ (ဧဝံသတိ၊) န ဝဋ္ဋတိ၊ ပဋိဂ္ဂဟေတွာ - ၍၊ ပရိဘုဉ္ဇိတဗ္ဗံ - သုံးဆောင်ရာ၏၊ [ ဥဒကေ သုက္ခေ သေတဝဏ္ဏံ ဒဿေန္တံ လဂ္ဂတိ-ရေခြောက်သောအခါ ပါးစပ်နှင့်လက်၌ ဖြူသော အဆင်းကိုပြလျက် ငြိကပ်နေလျှင် အကပ်မခံဘဲ မသုံးဆောင်ကောင်း – ဟူလို။] ခေတ္တေသု-လယ်တို့၌၊ ကသိတဋ္ဌာနေ- ထွန်အပ်ရာအရပ်၌၊ ဗဟလံ-ပြစ်သော၊ ဥဒကံ- သည်၊ ဟောတိ - ၏၊ ပဋိဂ္ဂဟေတဗ္ဗံ - ရာ၏၊ (အမှုန်ပါနေသောကြောင့် အကပ်ခံရသည်၊) သန္ဒိတွာ-လယ်မှ စီးသွား၍၊ ကန္ဒရာဒီနိ- ချောင်း အစရှိသည် တို့သို့၊ ပဝိသိတွာ- ဝင်၍၊ နဒိံ-မြစ်ကို၊ သစေ ပူရေတိ– အကယ်၍ ပြည့်စေအံ့၊ (ဧဝံ သတိ) ဝဋ္ဋတိ၊ [ မြစ်ထဲရောက်သွားလျှင် အပ်၏၊ အပ်၏ ဆိုသော်လည်း အမှုန်မပါအောင် ကြည်နေသော ရေသာ မစစ်ဘဲ သောက်ကောင်းသည်၊ ထင် ရှားသော အမှုန်ပါနေလျှင်ကား စစ်၍သောက်ရမည်။]ကကုဓသောဗ္ဘာဒယော- ရေခတက်ပင်ရှိသော ထူးအိုင် အစရှိသည်တို့သည်၊ ရုက္ခတော- သစ်ပင်မှ၊ ပတိ တေဟိ-ကျကုန်သော၊ ပုပ္ဖေဟိ- အပွင့်တို့ဖြင့်၊ သဉ္ဆန္နောဒကာ – ဖုံးလွှမ်းအပ် သော ရေရှိကုန်သည်၊ ဟောန္တိ-ဖြစ်ကုန်အံ့၊ ပုပ္ဖရသော-အပွင့်၏အရသာသည်၊

သစေ န ပညာယတိ-အကယ်၍ မထင်ရှားအံ့၊ (ဧဝံ သတိ)၊ ပဋိဂ္ဂဟဏကိစ္စ-ရေကို အကပ်ခံဘွယ် ကိစ္စသည်၊ နတ္ထိ၊ ပရိတ္တံ - နည်းသော၊ ဥဒကံ - သည်၊ ဟောတိ-အံ့၊ ရသော-အပွင့်၏အရသာသည်၊ ပညာယတိ-အံ့၊ ပဋိဂ္ဂဟေတဗ္ဗံ-ရာ၏၊ ပဗ္ဗတကန္ဒရာဒိသု—တောင်, ချောက် အစရှိသောအရပ်တို့၌၊ ကာဠဝဏ္ဏပဏ္ဏ သဉ္ဆန္နဥဒကေပိ- မည်းနက်သော အဆင်းရှိသော သစ်ရွက်တို့ဖြင့် ဖုံးလွှမ်းအပ်သော ရေ၌လည်း၊ ဧသေဝနယော။

ပါနီယဃဋေ- သောက်ရေအိုး၌၊ သရေဏုကာနိဝါ-ဝတ်မှုန်နှင့်တကွ ဖြစ်သည်လည်း ဖြစ်ကုန်သော၊ သဝဏ္ဋခီရာနိဝါ— အညှာ၏ နို့ရည်နှင့်တကွ ဖြစ်သည်လည်း ဖြစ်ကုန်သော၊ ပုပ္ဖာနိ - ပန်းတို့သည်၊ ဝါ- တို့ကို၊ ပက္ခိတ္တာနိ- ထည့်အပ်ကုန်သည်၊ ဟောန္တိ- ဖြစ်ကုန်အံ့၊ (ဥဒကံ- ကို၊) ပဋိဂ္ဂဟေတဗ္ဗံ- ရာ၏၊ ပုပ္ဖာနိ ဝါ-ပန်းတို့ကိုသော်လည်း၊ ပဋိဂ္ဂဟေတွာ-အကပ်ခံပြီး၍၊ ဝါ-ပြီးမှ၊ ပက္ခိပိတဗ္ဗာနိ – ထည့်ထိုက်ကုန်၏၊ ပါဋလိ စမ္ပက မလ္လိကာ - သခွတ်ပန်း, စကားဝါပန်း, စပယ်ပန်းတို့သည်၊ ဝါ-တို့ကို၊ ပက္ခိတ္တာ—ထည့်အပ်ကုန်သည်၊ ဟောန္တိ-နံ့အံ့၊ ဝါသမတ္တံ—ထုံအပ်သော အနံ့မျှသည်၊ တိဋ္ဌတိ - တည်အံ့၊ တံ-ထို အနံ့မျှသည် အဗ္ဗောဟာရိကံ- ကတည်း၊ ဒုတိယဒိဝသေပိ - ၌လည်း၊ အာမိသေန - ဆွမ်းစသော အာမိသနှင့်၊ သဒ္ဓိံ (ပါတုံ) ဝဋ္ဋတိ၊ ဘိက္ခုနာ-သည်၊ ထပိတ၊ပေ၊ပါနီယတော-အကပ်ခံ၍ထားအပ်သော ပန်းဖြင့် ထုံအပ်သောသောက်ရေမှ၊ သာမဏေရော - သည်၊ ပါနီယံ - သောက်ရေကို၊ ဂဟေတွာ - ခပ်ယူ၍၊ ပီတာဝသေသံ — သောက်အပ်ပြီးမှအကြွင်းကို၊ တတ္ထေဝ-ထိုအိုး၌သာ၊ အာကိရတိ-လောင်းထည့်အံ့၊ ပဋိဂ္ဂဟေတဗ္ဗံ — ရာ၏၊ ပဒုမသရာဒိသု - ပဒုမ္မာကြာအိုင် အစရှိသည်တို့၌၊ ဥဒကံ-ကို၊ သန္ထရိတွာ—ဖြန့်ခင်း၍၊ ဌိတံ-တည်သော၊ ပုပ္ဖရေဏုံ- ပန်းဝတ်မှုန်ကို၊ ဃဋေန - အိုးဖြင့်၊ ဝိက္ခမ္ဘေတွာ— ခွါ၍၊ ဝါ-ဖယ်၍၊ ဥဒကံ-ကို၊ ဂဟေတုံ-ခပ်ယူခြင်းငှါ၊ ဝဋ္ဋတိ-အပ်၏။

ကပ္ပိယံ— အပ်သည်ကို၊ ကာရာပေတွာ- ပြုစေပြီး၍၊ ပဋိဂ္ဂဟေတွာ- အကပ်ခံပြီး၍၊ ထပိတံ—ထားအပ်သော၊ ဒန္တကဋ္ဌံ-ဒန်ပူသည်၊ ဟောတိ- ရှိအံ့၊ တဿ—ထိုဒန်ပူ၏၊ ရသံ-အရည်ကို၊ ပိဝိတုကာမော-သောက်လိုသည်၊ သစေ(ဟောတိ-)အံ့၊ (ဧဝံသတိ)၊ မူလ ပဋိဂ္ဂဟဏမေဝ-မူလ အကပ်ခံခြင်းသည်ပင်၊ ဝဋ္ဋတိ-၏၊

× × × × × × ×

**ပီတာဝသေသံ ။** ။ **သာမဏေ၏** မိမိသောက်ဘို့ ခပ်ယူအပ်ပြီးသော ရေသည် အကပ်ပျက်ပြီး ဖြစ်၏၊ ထို အကပ်ပျက်ပြီး ရေကို အိုးထည်း၌ လောင်းထည့်လိုက်လျှင် ထိုရေအားလုံး အကပ်ပျက်၏၊ ထို့ကြောင့် နောက်ထပ် အကပ်ခံရသည်၊ ခပ်ယူတုန်းကပင် ကျန်တာကို ပြန်ထည့်မည်ဟူသော အာဘောဂရှိလျှင် ကျန်သောရေကို ပြန်၍ ထည့်ခြင်းကြောင့် အကပ်မပျက်—ဟု ဋီကာဆို၏၊ ပန်းဖြင့် မထုံအပ်ဘဲ ကြည်နေသော ရေရိုးရိုးကား **သာမဏေ၏** အကျန်ပင်ဖြစ်စေ အကပ်ခံဘွယ် မလို။

အပ္ပဋိဂ္ဂဟေတွာ- ၍၊ ထပိတံ- ထားအပ်သော ဒန်ပူရည်ကို၊ (ဝိဝိတုကာမေန- သောက်လိုသောရဟန်းသည်၊) ပဋိဂ္ဂဟေတဗ္ဗံ - ဒန်ပူကို အကပ်ခံရာ၏၊ [ဒန်ပူရည်ကို သွား၏ဆေးတမျိုးဟု ယူဆ၍ မျိုချလိုလျှင် အကပ်ခံပါ - ဟူလို။] အဇ္ဈောနန္တဿ – မသိစဉ်၊ ရသေ- ဒန်ပူရည်သည်၊ ပဝိဋ္ဌေပိ–ဝင်သွားပါသော်လည်း၊ အာပတ္တိယေဝ - သည်သာ၊ (ကသ္မာ - နည်း၊) ဟိ ( ယသ္မာ) - ကြောင့်၊ ဧဝံ သိက္ခာပဒံ-၌ ဒန္တပေါနသိက္ခာပုဒ်သည်၊ အစိတ္တကံ-လွန်ကျူးလိုစိတ် မရှိသော်လည်း သင့်ရောက်ခြင်းရှိသော သိက္ခာပုဒ်၊ (ဟောတိ)၊ ( တသ္မာ–တည်း။)

မဟာဘူတေသု-မဟာဘုတ်တို့တွင်၊ ကိံ-အဘယ် မဟာဘုတ်သည်၊ ဝဋ္ဋတိ- အပ်သနည်း၊ ကိံ-သည်၊ န ဝဋ္ဋတိ-မအပ်သနည်း၊ ဧတိ-၍ကား အမေးတည်း၊ တာဝ-အသုစသည်တို့မှ ရှေးဦးစွာ၊ (နိဒ္ဒိဋ္ဌ-သော၊)ခီရံ-နို့ရည်သည်၊ ဝဋ္ဋတိ- အပ်၏၊ ကပ္ပိယမံသ ခီရံဝါ-အပ်သောအသားရှိသော နွား စသော သတ္တာတို့၏ နို့ရည်သည်သော်လည်း၊ ဟောတု-ဖြစ်စေ၊ အကပ္ပိယမံသ ခီရံဝါ–မအပ်သော အသားရှိသော မြင်းစသော သတ္တာတို့၏ နို့ရည်သည်သော်လည်း၊ ဟောတု-စေ၊ ပိဝန္တဿ – သောက်သောရဟန်း၏၊ အနာပတ္တိ - အနာပတ်တည်း၊ အဿု – မျက်ရည်ငှင်း၊ ခေဠော-တံထွေးငှင်း၊ သဃ်ာဏိကာ-နှပ်ငှင်း၊ မုတ္တံ-ကျင်ငယ်ငှင်း၊ ( အာပေါ်ဓာတ် လွန်ကဲသော မဟာဘုတ်တို့တည်း၊ ) ကရီသံ – ကျင်ကြီးငှင်း၊ သေမှံ- သလိပ်ငှင်း၊ ဒန္တမလံ - သွားချေးငှင်း၊ အက္ခိဂူထကော - မျက်ချေးငှင်း၊ ကဏ္ဏဂူထကော-နားချေးငှင်း၊ သရီရေ -ကိုယ်၌၊ ဥဋ္ဌိတလောဏံ - ပေါက်သော ဆားငှင်း၊ (ပထဝီဓာတ် လွန်ကဲသော မဟာဘုတ်များတည်း၊) ဧတိ ဧဒံ သဗ္ဗံ- ၍ အလုံးစုံသည်၊ ဝဋ္ဋတိ – အပ်၏၊ ပန - ဆက်၊ တတ္ထ - ၌ ကိုယ်၌တည်သော မဟာဘုတ်တို့တွင်၊ ယံ-အကြင် မဟာဘုတ်သည်၊ ဌာနတော-တည်ရာမှ၊ စဝိတွာ- ရွေ့လျော၍၊ ပတ္တေဝါ- သပိတ်၌သော်ငှင်း၊ ဟတ္ထေဝါ-သော်ငှင်း၊ ပတတိ-ပြုတ်ကျ၏၊ တံ- ထို မဟာဘုတ်ကို၊ ပဋိဂ္ဂဟေတဗ္ဗံ - အကပ်ခံရာ၏၊ [ ပြုတ်ကျလျှင်သာ အကပ်ခံရသည်၊လက်ဖြင့် တမင်ယူလျှင် အကပ်ခံဘွယ်မလို၊ပတတီတိ ဝိစ္ဆိန္ဒိတွာ ပတတိ၊ ဝိစ္ဆိန္ဒိတွာ ပတိတမေဝ ဟိ ပဋိဂ္ဂဟေတဗ္ဗံ၊ န ဧတရံ၊—ဋီကာ။]

အင်္ဂလဂ္ဂံ-ကိုယ်၌ငြိကပ်သော မဟာဘုတ်သည်၊ ပဋိဂ္ဂဟိတကမေဝ-ပဋိဂ္ဂဟိတကမည်သည်သာ၊ ဝါ–အကပ်ခံအပ်ပြီးဖြစ်သည်သာ၊ ဥဏှပါယသံ- ပူသော နို့ဃနာကို၊ ဘုဉ္ဇန္တဿ - စားစဉ်၊ သေဒေါ - ချွေးသည်၊ အင်္ဂုလိ အနုသာရေန- လက်ချောင်းသို့ အစဉ်လိုက်သဖြင့်၊ ကောဗန္ဓေါ – နို့ဃနာနှင့် တစပ်ထည်း သာလျှင်၊ ဟုတွာ – ၍၊ ပါယသေ- နို့ဃနာ၌၊ သန္တိဋ္ဌတိ - ကောင်းစွာ တည်အံ့၊ (ပဋိဂ္ဂဟဏကိစ္စံ နတ္ထိ-၌စပ်၊ )ဝါ-တနည်း၊ ပိဏ္ဍာယ-၄ါ၊ စရန္တဿ-စဉ်၊ ဟတ္ထတောဝါ- လက်မှသော်ငှင်း၊ ပတ္တဿ- ၏၊ မုခဝဋ္ဋိတောဝါ- နှုတ်ခမ်းရစ်မှသော်ငှင်း၊ ပတ္တတလံ- သပိတ်အပြင်သို့၊ ဩရောဟတိ- သက်ဆင်းအံ့၊ တတ္ထ-၌ချွေး၌၊

ပဋိဂ္ဂဟဏကိစ္စံ နတ္ထိ၊ (ကိုယ်အင်္ဂါနှင့် တဆက်ထည်းဆက်၍သွားသောကြောင့် နောက်ထပ် အကပ်ခံဘွယ်မလို၊) ဈာမ မဟာဘူတေသု – မီးလောင်အပ်သော မဟာဘုတ်တို့တွင်၊ ဇာဒံနာမ- ဤမည်သော မဟာဘုတ်သည်၊ န ဝဋ္ဋတိ-မအပ်၊ ဇာတိ- ဤသို့ ဆိုဘွယ်သည်၊ နတ္ထိ- မရှိ၊ ပန – ထိုသို့ ဆိုဘွယ်မရှိပါသော်လည်း၊ ဒုဇ္ဈာပိတံ – မကောင်းသဖြင့် မီးလောင်စေအပ်သော အရိုးစသော မဟာဘုတ်သည်၊ န ဝဋ္ဋတိ- မအပ်၊ သုဇ္ဈာပိတံ–ကောင်းစွာ မီးလောင်စေအပ်သော မဟာဘုတ်သည်၊(ဝဋ္ဋတိ-ဥ္စစပ်၊)ဝါ-ကို၊ (စုဏ္ဏံကတွာ-ဥ္စစပ်၊) မနုဿဋ္ဌိမ္ဗိ-လူရိုးကို သော်မှလည်း၊ စုဏ္ဏံ-အမှုန့်ကို၊ကတွာ-၍၊လေဟေ-လျက်ဘွယ်၌၊(လျက်ဆားစသော လျက်ဘွယ်၌၊) ဥပနေတုံ–ကပ်ဆောင်ခြင်းငှါ၊ ဝဋ္ဋတိ။

စတ္တာရိ – လေးပါးကုန်သော၊ မဟာဝိကဋာနိ - မဟာဝိကဋ ဆေးတို့ကို၊ [ဝိကဋာနီတိ အပကတိဘောဇနတ္တာ – ရိုးရာအစာ မဟုတ်ကုန်သည်၏ အဖြစ် ကြောင့်၊ ဝိကဋာနိ-ဝိကဋိဖြစ်ကုန်သော၊ ဝိရူပါနီတိအတ္ထော၊–နိသဂ္ဂိ,ဘေသဇ္ဇ သိက္ခာပုဒ်ဋီကာ၊ ကင်္ခါဘာသာဋီကာ၌အကျယ်ရေးထားပြီ။]ကပ္ပိယကာရကေ- သည်၊ အသတိ–မရှိလသော်၊ သာမမ္ပိ– ရဟန်းကိုယ်တိုင်လည်း၊ ဂဟေတွာ-၍၊ ပရိဘုဉ္ဇိတုံ ဝဋ္ဋတိ၊ စ-ဆက်၊ ဧတ္တ-ဤ အသတိကပ္ပိယကာရကေဟူသောပါဌ်၌၊ ဒုဗ္ဗစောပိ–အပြောအဆို ခက်သူမှလည်းဖြစ်သော၊ အသမတ္ထောပိ–မစွမ်းနိုင်သူ မှုလည်းဖြစ်သော၊(အိုနေ၍,သို့မဟုတ်ငယ်နေ၍ မစွမ်းနိုင်သူမှုလည်းဖြစ်သော၊) ကပ္ပိယကာရကော–သည်၊ အသန္တပက္ခေဌယေဝ-မရှိသူ၏အဘို့၌သာ၊ တိဋ္ဌတိ- တည်၏၊ ဆာရိကာယ – သစ်စိမ်းပြာသည်၊ အသတိ– မရှိလသော်၊ သုက္ခဒါရုံ- ခြောက်သောသစ်သားကို၊ ဈာပေတွာ– မီးရှို့၍၊ ဆာရိကာ-ကို၊ ဂဟေတဗ္ဗာ– ထိုက်၏၊ သုက္ခဒါရုမ္ပိ-ခြောက်သောသစ်သားသည်၊ အသတိ-သော်၊ အလ္လဒါရုံ- စိုသောသစ်သားကို၊ ရုက္ခတော–မှ၊ ဆိန္ဒိတွာပိ–ရဟန်းကိုယ်တိုင်ဖြတ်၍လည်း၊ ကာတုံ ဝဋ္ဋတိ။ [ အလ္လဒါရုံ၊ပေ၊ဝဋ္ဋတီတိတ္တေ မတ္တိကတ္တာယ ပထဝိံ ခဏိတုမ္ပိ ဝဋ္ဋတီတိ ဝေဒိတဗ္ဗံ၊–ဋီကာ။]ပန-ဆက်၊ စတုမ္ဗိမ္ပိ-၄ ပါးအပြားရှိသည်လည်း ဖြစ်သော၊ ဇာဒံမဟာဝိကဋံ - ဤ မဟာဝိကဋဆေးသည်၊ ကာလောဒိဿံနာမ- ကာလောဒိဿ မည်၏၊ ဝါ - မြွေကိုက်ရာကာလကို ရည်ရွယ်၍ ခွင့်ပြုအပ်သော ဆေးမည်၏၊ သပ္ပဒဋ္ဌက္ခဏေယေဝ-မြွေကိုက်ရာခဏ၌သာ၊ ဝဋ္ဋတိ၊ [သပ္ပဒဋ္ဌက္ခ ဏေယေဝ ဝဋ္ဋတီတိ အသတိ ကပ္ပိယကာရကေ သာမံ ဂဟေတွာ ပရိဘုဉ္ဇိတုံ ဝဋ္ဋတိ၊ အညဒါ ပဋိဂ္ဂါဟာပေတွာ ပရိဘုဉ္ဇိတဗ္ဗံ၊–ဋီကာ။]သေသံ၊ပေ၊တိဝေဒ နန္တိ။.... ဒန္တပေါနသိက္ခာပဒံ ဒသမံ။.... ဝဏ္ဏနက္ကမေန - ဖွင့်စဉ်အားဖြင့်၊ စတုတ္ထော-သော၊ ဘောဇနဝဂ္ဂေါ- သည်၊ သမတ္တော–ပြည့်စုံပြီ။

**ဘောဇနဝဂ်အဖွင့် ပြီး၏။**

## အစေလကဝဂ်

### အစေလက သိက္ခာပုဒ်

**အ**စေလကဝဂ္ဂဿ – ၏၊ ပဌမသိက္ခာပဒေ - ၌၊ ပရိဝေသနဋ္ဌံ- ကား၊ ပရိဝေသနဋ္ဌာနံ-ဆွမ်းလုပ်ကျွေးရာအရပ်သို့၊(''အဂမာသိ–သွားပြီ''ဟု ပါဠိတော်၌စပ်၊) ပရိဗ္ဗာဇကသမာပန္နောတိ– ကား၊ ပဗ္ဗဇ္ဇံ - လူမှုကိစ္စကို စွန့်ခွါ၍ သိမ်းကျောင်းသို့ သွားနေကြောင်းအကျင့်သို့၊ သမာပန္နော- ကောင်းစွာရောက်သူတည်း၊ ဒေတိ အာပတ္တိ ပါစိတ္တိယဿာတိ- ကား၊ သမတိတ္တိကံ- သပိတ်၏နှုတ်ခမ်းရစ်နှင့် အညီအမျှပြည့်သော၊ ယာဂုဘတ္တံ- ယာဂုဘတ်ကို၊ ဧကပယောဂေန- တကြိမ်တည်းသော ပယောဂဖြင့်၊ ဒေတိ – ပေးအံ့၊ ဧကံ – တချက်သော၊ ပါစိတ္တိယံ (ဟောတိ)၊ အဝစ္ဆိန္ဒိတွာ အဝစ္ဆိန္ဒိတွာ-ယာဂုအယဉ်ကို ဖြတ်၍ဖြတ်၍၊ ဒေတိ- ပေးအံ့၊ပယောဂေ ပယောဂေ ပါစိတ္တိယံ(ဟောတိ)၊ ပူပဘတ္တာဒိသု-မုံ့,ထမင်း အစရှိသည်တို့၌၊ ဧသေဝနယော။

× × × × × × × ×

**ပရိဝေသနံ။** ။ထောမနိဓိ၌ "ပရိပုဗ္ဗ + ဝိသဓာတ်, ကာရိတ် ဏေပစ္စည်း, ယုပစ္စည်း"ဟု ဆို၏၊ကာရိတ်ပစ္စည်းကြောင့်"ဝေ"ဟု ဝုဒ္ဓိဖြစ်ရ၏၊ ဘောဇနတ္ထံ အန္နာဒိ-ကျွေးမွေးခြင်းအကျိုးရှိသော ထမင်းစသောအနက်, ဘောဇနပတ္တံ–စားခွက်ဟူသော (စားရာခွက်) ဟူသောအနက်, ဒါန ( ပေးခြင်း ) အနက်တို့ကို ဟော၏၊ ဤ၌ "စားစေရာ ဌာန=ကျွေးမွေးရာဌာန"ဟူသော အနက်ကိုဟော၏၊ ထို့ကြောင့် "ပရိဝေသနဋ္ဌာနံ "ဟု ဖွင့်သည်။ [စာအုပ်တို့၌ "ပရိဝိသနဋ္ဌာနံ "ဟု တွေ့ရ၏၊ ကာရိတ်မပါသောကြောင့် ဝိသဓာတ်ကို ဒါနအနက်ဟော ဟု ကြံပါ၊ ဆွမ်းကိုပေးရာ ( ဆွမ်းလုပ်ကျွေးရာဌာန)၊ ပရိဝိသတိ ဧတ္ထာတိ ပရိဝိသနံ၊ "ပရိဝိသိတွာ"စသည်၌လည်း နည်းတူ။]

**ပရိဗ္ဗာဇက,ပဗ္ဗဇ္ဇာ။** ။ပရိဗ္ဗာဇကပုဒ်၏အနက်ကို ပါတိမောက်ဘာသာဋီကာ၌ အကျယ်ပြထားပြီ၊ အချုပ်မှာ – ပရိ ( ပရိစ္စဇိတွာ ) – လူမှုကိစ္စကို စွန့်၍ + ဝဇတိ – ကျောင်းသင်္ခမ်းသို့ ထွက်သွားတတ်၏၊ ဣတိ ပရိဗ္ဗာဇကော– မည်၏၊ သက္ကတ၌ "ပြဗြဇျာ"သည် ပါဠိ၌ "ပဗ္ဗဇ္ဇာ" ဟု ဖြစ်၏၊ "ပ+ဝဇ–ဏျ "တည်း၊ ပသည် ပရိကဲ့သို့ ပရိစ္စဇနအနက်ကို ဟော၏၊ ပရိစ္စဇိတွာ + ဝဇတိ ဧတာယာတိ ပဗ္ဗဇ္ဇာ – လူမှုကိစ္စကို စွန့်ခွါ၍ ကျောင်းသင်္ခမ်းသို့ သွားနေကြောင်း အကျင့်၊ ဤနည်းအားဖြင့် ပရိဗ္ဗာဇက ဘာဝနှင့် ပဗ္ဗဇ္ဇာသည် အနက်အမိပ္ပါယ် တူရကား ပရိဗ္ဗာဇကသမာပန္နောကို " ပဗ္ဗဇ္ဇံ သမာပန္နော"ဟု ဖွင့်သည်၊ ပရိဗ္ဗာဇက၌လည်း ဘာဝပုဒ် အကြေကြံပါ။

**ယာဂုပတ္တံ, ယာဂုဘတ္တံ။** ။ ရှေး နိဿယ၌ " ယာဂုပတ္တံ " ဟု တွေ့ရ၏၊ အချို့ အဋ္ဌကထာစာအုပ်များ၌ "ယာဂုဘတ္တံ"ဟုလည်း တွေ့ရ၏၊ နောက်ဝါကျ၌ "အဝစ္ဆိန္ဒိတွာ အဝစ္ဆိန္ဒိတွာ ဒေတိ " ကို ထောက်လျှင် " ခွက်ကို ဖြတ်၍ ဖြတ်၍ " ဟု မပေးနိုင်သောကြောင့်၎င်း, " သမတိတ္တိကံ ပိဏ္ဍပါတံ "ကို ထောက်၍၎င်း , " ယာဂုဘတ္တံ " ပါဌ်က ကောင်းမည် ထင်သည်၊ " ယာဂု တည်းဟူသော ဘတ်ကို " ဟု အနက်ပေး၊ ယာဂုကို တကြိမ်တည်းလောင်းမပေးဘဲ အယဉ်ကို ဖြတ်၍ဖြတ်၍ ပေးခြင်းကို "အဝစ္ဆိန္ဒိတွာ ဒေတိ"ဟု ဆိုသည်။

တိတ္ထိယေ အတိတ္ထိယသညီတိ-ကား၊ မာတာဝါ-အမိသည်သော်၎င်း၊ ပိတာဝါ-၎င်း၊ တိတ္ထိယေသု – တို့၌၊ ပဗ္ဗဇတိ- ကျင့်အံ့၊ တေသံ – ထို တိတ္ထိတို့အား၊ မာတာပိတုသညာယ-အမိ အဘဟူသော အမှတ်ဖြင့်၊ ဒေန္တဿာပိ–ပေးသော ရဟန်း၏လည်း၊ ပါစိတ္တိယမေဝ ဟောတိ၊ ဒါပေတိတိ- ကား၊ အနုပသမ္ပန္နေန–လူသာမဏေသည်၊ ဝါ-ကို၊ ဒါပေတိ-ပေးစေအံ့၊ ဥပနိက္ခိပိတွာ ဒေတီတိ-ကား၊ တထာရူပေ–ထိုသို့ သဘောရှိသော၊ ဘာဇနေ-ခွက်၌၊ (တိတ္ထိတို့အား ပေးဘို့ရန် ထည့်ခြင်းငှါ လျောက်ပတ်သောခွက်၌၊) တံ ဘာဇနံ-ကို၊ ထပေတွာ-၍၊ တေသံ-ထို တိတ္ထိတို့၏၊ သန္တိကေ-အနီး၌၊ ဘူမိယံ-၌၊ နိက္ခိပိတွာ-ချထား၍၊ ဒေတိ-အံ့၊ ဝါ-တနည်း၊ တေသံ·ထို တိတ္ထိတို့၏၊ ဘာဇနံ-ကို၊ နိက္ခိပါပေတွာ-ချထားစေ၍၊ တတ္ထ·ထိုခွက်၌၊ ဒေတိ-အံ့၊ ("အနာပတ္တိ" ဟု ပါဠိတော်၌စပ်၊ )ပတ္တံ-သပိတ်ကို၊ အာဓာရကေဝါ- သပိတ်ခြေ၌သော်၎င်း၊ ဘူမိယံဝါ- သော်၎င်း၊ ထပေတွာပိ- ၍လည်း၊ ဣတော-ဤသပိတ်ထည်းမှ၊ ဂဏှထ-ယူကြကုန်၊ ဣတိ-သို့၊ ဝတ္တုံ၊ ဝဋ္ဋတိ၊ တိတ္ထိယော–သည်၊ သစေ ဝဒတိ–အကယ်၍ လျှောက်အံ့၊(ကိံ–နည်း၊)ဣဒံ-ဤဥစ္စာသည်၊ မယှံ နာမ သန္တကံ–တပည့်တော်၏ဥစ္စာ မည်ပါ၏၊ ဣဓ–ဤခွက်၌၊ နံ-ထိုဥစ္စာကို၊ အာကိရထ–လောင်းထည့်ပါကုန်၊ ဣတိ–ဤသို့ လျှောက်အံ့၊ အာကိရိတဗ္ဗံ-လောင်းထည့်နိုင်၏၊ (လောင်းထည့်ကောင်း၏၊ ) ["စောစောက မိမိဘို့ ရည်မှန်းထားသော ဥစ္စာဖြစ်၍ မိမိပိုင်ဖြစ်၏" ဟု ယူဆသောကြောင့် "မယှံ နာမ ဣဒံ သန္တကံ" ဟု ဆိုသည်။ ] တဿ- ထို တိတ္ထိ၏၊ သန္တကတ္တာ–ဥစ္စာ၏အဖြစ်ကြောင့်၊ သဟတ္ထာ-ဖြင့်၊ ဒါနံနာမ-ပေးခြင်းမည်သည်၊ န ဟောတိ၊ သေသံ၊ ပေ၊ တိဝေဒနန္တိ။....အစေလကသိက္ခာပဒံ ပဌမံ။

## ဥယျောဇန သိက္ခာပုဒ်

ဒုတိယသိက္ခာပဒေ - ၌၊ ပဋိက္ကမနေပိတိ - ကား၊ အာသနသာလာယမ္ပိ - ရှာတွင်း ဆွမ်းစားစရပ်၌လည်း၊ ဘတ္တဝိသဂ္ဂန္တိ-ကား၊ ဘတ္တကိစ္စံ-ဆွမ်းစားခြင်းကိစ္စကို၊ န သမ္ဘာဝေသီတိ-ကား၊ န ပါပုဏိ-မရောက်၊ ဝါ- မမှီ၊ အနာစာရန္တိ–ကား၊ ဝုတ္တာဝသေသံ-ပါဠိတော်၌ တိုက်ရိုက်ဟောတော်မူအပ်ပြီးမှ ကြွင်းသော၊ ကာယ ဝစီဒွါရ ဝီတိက္ကမံ- ကာယဒွါရ ဝစီဒွါရ၌ လွန်ကျူးမှုကို၊ ("အာစရိတုကာမော" ဟု ပါဠိတော်၌စပ်၊ ) [ပါဠိတော်၌ " မာတုဂါမေန သဒ္ဓိံ ဟသိတုကာမော , ကီဠိတုကာမော , ရဟော နိသီဒိတုကာမော , အနာစာရံ အာစရိတုကာမော " ဟု ၄ မျိုး ဟောတော်မူ၏၊ ထိုတွင် ဟသိတုကာမ , ကီဠိတုကာမ , ရဟောနိသီဒိတုကာမ တို့မှ ကြွင်းသမျှကို " အနာစာရံ အာစရိတုကာမ " ဟု ဆိုသည်။]ဒဿနူပစာရံဝါ၊ပေ၊ဝိဇဟန္တဿာတိ တွေ့-၌၊(ဝိနိစ္ဆယော ဧဝံ ဝေဒိတဗ္ဗော၊)ဌိတော-ရပ်နေသည်၊ (ဟုတွာ)ဝါ-ဖြစ်၍သော်၎င်း၊ နိသိန္နော-ထိုင်နေ

သည်၊ (ဟုတွာ)ဝါ - သော်၎င်း၊ ယဒိ ဥယျောဇေတိ - အကယ်၍ ပြန်လွှတ်အံ့၊ (ဝေံသတိ)၊ ယော-အကြင်ရဟန်းကို၊ ဥယျောဇိတော-ပြန်လွှတ်အပ်ပြီ၊ သော-ထို ပြန်လွှတ်အပ်သော ရဟန်းသည်၊ ဝိဇဟတိ - ဒဿနူပစာ, သွိမဟုတ် သဝနူပစာကိုစွန့်၏၊ တဿစ – ထို စွန့်သွားသော ရဟန်း၏လည်း၊ အာပတ္တိနာမ – မည်သည်၊ နတ္ထိ၊ ပန-စင်စစ်ကား၊ တဿ - ထို ပြန်လွှတ်အပ်သောရဟန်းသည်၊ ဝိဇဟနွေ့ပိ-စွန့်သော်လည်း၊ အတ္တတော- လိုရင်းအနက်အားဖြင့်၊ ဥတရေန-ပြန်လွှတ်အပ်သောရဟန်းမှ တပါးသော ပြန်လွှတ်တတ်သောရဟန်းသည်၊ ဝိဇဟိတမေဝ-စွန့်အပ်သည်သာ၊ ဟောတိ။ [ပြန်လွှတ်အပ်သောရဟန်းက ဥပစာကို စွန့်လျှင် " ပြန်လွှတ်တတ်သောရဟန်းလည်း ထိုသူ့ကိုမမြင်ရ, ထိုသူ၏အသံကို မကြားရသောကြောင့် ဥပစာကို စွန့်ရာရောက်သည်" ဟူလို။] တသ္မာ - ကြောင့်၊ ယော-အကြင်ရဟန်းသည်၊ ဥယျောဇေတိ-ပြန်လွှတ်၏၊ တဿေဝ-ထို ပြန်လွှတ်သော ရဟန်း၏သာ၊ အယံ အာပတ္တိ-ဤအာပတ်သည်၊ (ဟောတိ)။

တတ္ထ–ထိုသို့ ပြန်လွှတ်ရာ၌၊ ဥပစာရန္တ္တရေ-ဥပစာ၏အတွင်း၌၊ ကောဘာက်သော၊ ပါဒေါ-ခြေသည်၊ သစေ ဟောတိ-အံ့၊ (ဝေံသတိ-သော်၊) ဒုက္ကဋံ (ဟော တိ၊) သီမာတိက္ကမေ – ဥပစာ အပိုင်းအခြားကို လွန်ရာအခါ၌၊ ပါစိတ္တိယံ (ဟောတိ)၊ စ - ဆက်၊ တွေ- ၌ ဒဿနူပစာ, သဝနူပစာတို့တွင်၊ ဒဿနူပစာရဿ - ၏၊ အဗ္ဘောကာသေ – လွင်တီးခေါင်၌၊ ဒွါဒသဟတ္ထပ္ပမာဏံ – တဆဲ့နှစ်တောင် ပမာဏသည်၊ (ဟောတိ)၊ သဝနူပစာရဿ-၏၊ (အဗ္ဘောကာသေ-၌၊) တထာ-ထို့အတူ တဆဲ့နှစ်တောင် ပမာဏသည်၊ (ဟောတိ)၊ ပန-ကား၊ အန္တရာ-တဆဲ့နှစ်တောင်၏အကြား၌၊ ကုဋ္ဋဒွါရ ပါကာရာဒယော-နံရံ, တံခါး, တံတိုင်း အစရှိသည်တို့သည်၊ သစေ ဟောန္တိ-အကယ်၍ရှိကုန်အံ့၊(ဝေံသတိ)၊ တေဟိ – ထို နံရံ , တံခါး , တံတိုင်း အစရှိသည်တို့သည်၊ အန္တရိတဘာဝေါ–ခြားကွယ် အပ်သည်၏ အဖြစ်သည်၊ ဒဿနူပစာရာတိက္ကမော - ဒဿနူပစာကို လွန်ခြင်းတည်း၊တဿ-ထိုဒဿနူပစာကိုလွန်ခြင်း၏၊ဝသေန-ဖြင့်၊အာပတ္တိ-ကို၊ ဝေဒိတဗ္ဗာ– ၏၊ န အညော၊ပေ၊ ဟောတီတိ- ကား၊ ဝုတ္တပ္ပကာရံ- ဆိုအပ်ပြီး သော အပြားရှိသော၊ အနာစာရံ-မလျောက်ပတ်သောအကျင့်ကို၊ ထပေတွာ-၍၊ အညံ–အခြားသော၊ ကိဉ္စိကာရဏံ-တစုံတခုသော အကြောင်းသည်၊ န ဟောတိ-မရှိအံ့။

ကလိသာသနံ အာရောပေတီတိ (တွေ)– ၌၊ ကလီတိ - ကား၊ ကောဓော-ကောဓတည်း၊ တဿ-ထိုကောဓ၏၊ သာသနံ- အမိန့်အာဏာကို၊ အာရောပေတိ-တင်အံ့၊ ကောဓဿ–၏၊ အာဏံ- ကို၊ အာရောပေတိ- အံ့၊ ကောဓဝသေန–ဖြင့်၊ ဌာနနိသဇ္ဇာဒီသု - ရပ်ခြင်း, ထိုင်ခြင်း အစရှိသည်တို့၌၊ ဒေါသံ - အပြစ်ကို၊ ဒဿေတွာ - ၍၊ ဘော- အမောင်တို့၊ ဣမဿ- ဤရဟန်း၏၊ (ငါ၏ နောက်ပါ

ရဟန်း၏၊) ဌာနံ- ရပ်ပုံကိုဧင်း၊ နိသဇ္ဇံ- ထိုင်ပုံကိုဧင်း၊ အာလောကိတံ - ရှေးရှု ကြည့်ပုံကိုဧင်း၊ ဝိလောကိတံ - အထောင့်ကြည့်ပုံ ကိုဧင်း၊ ပဿထ - ရှုကြကုန်၊ ဓါဏုကောဝိယ-သစ်ငုတ်ကဲ့သို့၊ တိဋ္ဌတိ-ရပ်၏၊ ( သစ်ငုတ်ကြီး ထောင်နေသလို စန့်စန့်ကြီး ရပ်နေ၏၊) ဘသုနခေါ၀ိယ— ခွေးကဲ့သို့၊ နိသီဒတိ—ထိုင်၏၊ မက္ကဋောဝိယ-မျောက်ကဲ့သို့၊ ဣတောစိတောစ-ဤမှဤမှလည်း၊ ဝိဓလာကေတိ-ကြည့်၏၊ ဣတိဝံ-သို့၊ အမနာပဝစနံ- မနှစ်သက်ဘွယ်စကားကို၊ ဝဒတိ-ပြောအံ့၊(ကိံ-အဘယ်သို့ကြံ၍ ပြောသနည်း၊ ) ဣမိနာပိ - ဤစကားသည်လည်း၊ ဥပ္ပဇ္ဇန္တော— ထွက်သွားစေအပ်သည်၊ ဝါ-နှိပ်စက်အပ်သည်၊(ဟုတွာ)၊ အပ္ပေဝနာမပက္ကမေယျ-ဖဲသွားတန်ရာ၏၊ဣတိ-ဤသို့ကြံ၍၊(ဝဒတိ-အံ့၊)သေသံ၊ပေ၊တိဝေဒနန္တိ။…. ဥယျောဇနသိက္ခာပဒံ ဒုတိယံ။

× × × × × ×

**နိုးနှော ချက်။** ။ဒုဋ္ဌုလ္လာရောစန သိက္ခာပုဒ်ဝယ် သုက္ကဝိသဋ္ဌိ စသည်ကို ဒုဋ္ဌုလ္လ သဒ္ဒါမပါဘဲ "အဇ္ဈာစာရ"ဟု သာမညဆိုခဲ့၏၊ ထို အဇ္ဈာစာရသည် ဒုဋ္ဌုလ္လ အဒုဋ္ဌုလ္လ ၂ မျိုးခွဲလျှင် သုက္ကဝိသဋ္ဌိ ကာယသံသဂ္ဂ ၂ ပါးသည် ဒုဋ္ဌုလ္လ ဖြစ်၍, အတ္တကာမသည် အဒုဋ္ဌုလ္လဖြစ်သောကြောင့် ဤ သိက္ခာပုဒ်အဋ္ဌကထာ၌ ဒုဋ္ဌုလ္လသဒ္ဒါထည့်၍ သုက္ကဝိသဋ္ဌိ ကာယသံသဂ္ဂကို "ဒုဋ္ဌုလ္လအဇ္ဈာစာရ"ဟု နာမည်ပေးသည် ဟု ကြံပါ။

## ဥုနဝီသတိဝဂ္ဂ သိက္ခာပုဒ်

ပဉ္စမသိက္ခာပဒေ-၌၊ အင်္ဂုလိယော ဒုက္ခာ ဘဝိဿန္တိ တိ- ကား၊ အင္ဂုရာနိ- အင္ဂုရာတို့ကို၊ ဝါ-စာတို့ကို၊ လိခန္တဿ-ရေးရသော ဥပါလိ၏၊ အင်္ဂုလိယော– လက်ချောင်းတို့သည်၊ ဒုက္ခာ-ဆင်းရဲကုန်သည်၊ ဘဝိဿန္တိ-ဖြစ်ကုန်လတ္တံ့၊ ဣတိ- သို့၊ စိန္တေသုံ - ကြံကြကုန်ပြီ၊ ဥရဿ ဒုက္ခောတိ-ကား၊ ဂဏနံ – ဂဏန်းသင်္ချာ အတတ်ကို၊ သိက္ခန္တေန- သင်သူသည်၊ ဗဟုံ- များစွာ၊ စိန္တေတဗ္ဗံ-ကြံစည်ထိုက် သည်၊ ဝါ - ကြံစည်ရသည်၊ ဟောတိ - ၏၊ တေန - ထိုသို့ များစွာ ကြံစည်ရခြင်း ကြောင့်၊ တဿ–ထို ဥပါလိ၏၊ ဥရော-ရင်ဘတ်သည်၊ ဒုက္ခော-ဆင်းရဲသည်၊ ဝါ- ပူလာသည်၊ ဘဝိဿတိ - ဖြစ်လတ္တံ့၊ ဣတိ - သို့၊ မညိံသု - မှတ်ထင်ကြကုန်ပြီ၊ အက္ခီနိ - မျက်လုံးတို့သည်၊ ဒုက္ခာနိ - ဆင်းရဲကုန်သည်၊ ဘဝိဿန္တိ - ဖြစ်ကုန် လတ္တံ့၊ ဣတိ- သို့၊ မညိံသု - မှတ်ထင်ကြကုန်ပြီ၊ [ တကယ် ဖြစ်နိုင်သည်မဟုတ်၊ မိဘတို့၏ အယူအဆဟုသာ သိစေလို၍ "မညိံသု" ဟု အဋ္ဌကထာ ဖွင့်သည်။] ၃ုံသာဒီသု - ၃ုံသ အစရှိသည်တို့တွင်၊ ၃ုံသာတိ - ကား၊ ပိင်္ဂလမက္ခိကာယော- ကြောင်သော အဆင်းရှိသော မှက်တို့တည်း၊ဒုက္ခာနန္တိ-ကား၊ ဒုက္ခမာနံ-ခဲယဉ်း သဖြင့် သည်းခံအပ်ကုန်သော၊ ဝါ- သည်းခံနိုင်ခဲကုန်သော၊ တိဗ္ဗာနန္တိ – ဗဟာ

လာနံ-ထူထဲကုန်သော၊ ခရာနန္တိ-ကား၊ တိခိဏာနံ-ထက်ကုန်သော၊ ကဋုကာနန္တိ-ကား၊ ဖရုသာနံ - ကြမ်းတန်းကုန်သော၊ ဝါ- တနည်း၊ အမနာပတာယ- မြတ်နိုးဘွယ် မဟုတ်ကုန်သည်၏ အဖြစ်ကြောင်၊ ကဋုကရသသဒိသာနံ - ခါးစပ်သော အရသာနှင့် တူကုန်သော၊ [ "ကဋုကာနံ-ကြမ်းတန်းကုန်သော၊ ဝါ-ခါးစပ်သော အရသာနှင့် တူကုန်သော" ဟု အနက်ပေး။ ] အသာတာနန္တိ - ကား၊ အမဓုရာနံ-မချိုမြိန်ကုန်သော၊ပါဏဟရာနန္တိ-ကား၊ ဇီဝိတဟရာနံ-အသက်ကို ပယ်ရှားတတ်ကုန်သော၊ ( " ဝေဒနာနံ - တို့ကို၊ အနဓိဝါသကဇာတိကော- သည်းခံနိုင်သူ၏အဖြစ်ဟူသောသဘောမရှိသည်၊ ဟောတိ" ဟု ပါဠိတော်၌စပ်။)

သီမံ သမ္ဘိန္ဒတီတိ-ကား၊ နဝံ-အသစ်ဖြစ်သော၊ သီမံ- သိမ်ကို၊ ဗန္ဓတိ - ဖွဲ့အံ့၊ ပန - ဝါဒန္တရကား၊ ကုရုန္ဒိယံ - ၌၊ ဥဒကုက္ခေပပရိစ္ဆိန္နနေပိ - ဥဒကုက္ခေပကို ပိုင်းခြားခြင်း၌လည်း၊(ရေကိုပစ်၍ ရေတကျပတ်လည်ကို ပိုင်းခြားခြင်း၌လည်း၊) ဒုက္ကဋံ- ဒုက္ကဋ်အာပတ်ကို၊ ဝုတ္တံ- ဆိုအပ်ပြီ၊ ပရိပုဏ္ဏဝီသတိဝဿောတိ - ကား၊ ပဋိသန္ဓိဂ္ဂဟဏတော - ပဋိသန္ဓေယူရာ အခါမှ၊ ပဋ္ဌာယ - ၍၊ ပရိပုဏ္ဏဝီသတိ ဝဿော- ပြည့်သော အနှစ် ၂၀ ရှိသူတည်း၊[ပရိပုဏ္ဏဝီသတိဝဿသည် ဟူသော ပါဠိတော်ဝယ် ပရိပုဏ္ဏဝီသတိဝဿကိုခွဲ၍ ဖွင့်သည်။]ဟိ- မှန်၊ ဂဗ္ဘဝီသောပိ- အမိဝမ်းဝယ် ကိန်းရာကာလနှင့် တကွ ၂၀ မြောက်နှစ် ရှိသော ပုဂ္ဂိုလ်သည် လည်း၊ ပရိပုဏ္ဏဝီသတိဝဿောတွေဝ - ဟူ၍သာ၊ သင်္ချံ ဂစ္ဆတိ၊ ယထာဟ- မြတ်စွာဘုရား အဘယ်သို့ ဟောတော်မူသနည်း၊ တေန၊ပေ၊ဥပသမ္ပာဒေတုန္တိ – ဟူ၍၊ အာဟ-ပြီ၊ [ တေန ခေါပန သမယေန, အာယသ္မာ ကုမာရကဿပေါ– သည်၊ ဂဗ္ဘဝီသော - အမိဝမ်းဝယ် ကိန်းရာကာလနှင့်တကွ ၂၀ မြောက်နှစ် ရှိသည်၊(ဟုတွာ-၍၊)ဥပသမ္ပန္နော-မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်သည်၊ ဟောတိ၊ပေ၊ ဘဂဝတာ–သည်၊ ဥနဝီသတိဝဿော-ယုတ်လျော့သော အနှစ် ၂၀ ရှိသော၊ ပုဂ္ဂလော – ကို၊ န ဥပသမ္ပာဒေတဗ္ဗော - မြင့်မြတ်သော ရဟန်း အဖြစ်သို့ မရောက်စေထိုက်၊ ဣတိ-သို့၊ ပညတ္တံ–ပြီ၊ အဟဉ္စ - ငါသည်လည်း၊ ဂဗ္ဘဝီသော-သည်၊ (ဟုတွာ- ၍၊) ဥပသမ္ပန္နော-သည်၊ အမှိ- ဖြစ်၏၊ (အဟံ) ဥပသမ္ပန္နော - သည်၊ အမှိနုခေါ – ဖြစ်လေသလော၊ န အမှိနုခေါ - မဖြစ်လေ သလော၊ ဣတိ စေတံ-၍ အကြံသည်၊ အဟောသိ-ပြီ၊ပေ၊ ဘိက္ခဝေ–တို့၊ မာတု ကုစ္ဆိမှိ – အမိဝမ်း၌၊ ပဌမံ - ရှေးဦးစွာသော၊ ယံစိတ္တံ–အကြင် စိတ်သည်၊ ဥပ္ပန္နံ–ဖြစ်ပြီ၊ ပဌမံ-သော၊(ယံ) ဝိညာဏံ-အကြင် ဝိညာဉ်သည်၊ ပါတုဘူတံ–

× × × × × × × ×

ဂဗ္ဘဝီသောပိ။ ။ဂဗ္ဘေ သယိတကာလေန သဒ္ဓိံ ဝီသတိမံ ဝဿံ အဿာတိ ဂဗ္ဘဝီသော – အမိဝမ်းဝယ် ကိန်းရာကာလနှင့် တကွ ၂၀ မြောက်နှစ် ရှိသော ပုဂ္ဂိုလ်၊ (ဋီကာ၊ ) ဤစကားအရ ဂဗ္ဘဖြင့် ဂဗ္ဘ၌သယိတကာလကို ဌာနူပစာရ အားဖြင့် ယူ၊ ဝီသတိမံ ဟု ဆိုလိုလျက် တိပုဒ် မပုဒ်တို့ကို ချေ–ဟု ကြံပါ။

ထင်ရှားဖြစ်ပြီ၊ တံ- ထိုစိတ် ထို ဝိညာဉ်ကို၊ ဥပါဒါယ - အစပြု၍၊ အဿ- ထို သူငယ်၏၊ သာဝဇာတိ-ထိုဖြစ်ခြင်းသည်ပင်၊ (ဂဗ္ဘာနာမ-မည်သည်၊ဟောတိ၊) ဘိက္ခဝေ-တို့၊ ဂဗ္ဘဝီသံ- ကို၊ ဥပသမ္ပါဒေတုံ - မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်စေခြင်းငှါ၊ ဝါ - ရဟန်းခံပေးခြင်းငှါ၊ အနုဇာနာမိ - ခွင့်ပြုတော်မူ၏၊— မဟာဝါ မဟာခန္ဓကပါဠိတော်။]

တတ္ထ - ထို ပါဠိရပ်၌၊ ( ဝိနိစ္ဆယော ဧဝံ ဝေဒိတဗ္ဗော၊ ) ယော - အကြင် သူငယ်သည်၊ ဒွါဒသမာသေ- ၁၂ လတို့ပတ်လုံး၊ မာတုကုစ္ဆိသ္မိံ-၌၊ ဝသိတွာ— နေပြီး၍၊ မဟာ ပဝါရဏာယ — သီတင်းကျွတ်လပြည့် မဟာ ပဝါရဏာနေ့၌၊ ဇာတော-မွေးဖွားပြီ၊ သော-ထိုသူငယ်ကို၊ တတော-ထိုမွေးဖွားရာနေ့မှ၊ ပဋ္ဌာယ- ၍၊ယာဝ-အကြင်မျှလောက်၊ဧကူနဝီသတိမေ-တနှစ်ဖြင့်ယုတ်လျော့သော ၂၀မြောက် ဖြစ်သော၊ ဝါ-၁၉ နှစ်မြောက်ဖြစ်သော၊ ဝဿေ- နှစ်၌၊ မဟာပဝါရဏာ-သည်၊ (အတ္ထိ)၊ တံ - ထို မဟာပဝါရဏာနေ့ကို၊ အတိက္ကမိတွာ- ကျော်လွန်၍၊ ပါဋိ ပဒေ-အထွက် တရက်နေ့၌၊ ဥပသမ္ပာဒေတဗ္ဗော-မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်စေနိုင်၏၊ [ အမိဝမ်း၌ တနှစ် , ဖွားပြီးနောက် ၁၉ နှစ်အားဖြင့် အသက် ၂၀ ပြည့်သောကြောင့် ရဟန်းပြုပေးကောင်းသည်- ဟူလို။] ဧတေန ဥပါယေန- ဖြင့်၊ ဟာယနဝဍ္ဎနံ- ယုတ်လျော့ခြင်း တိုးခြင်းကို၊ ဝေဒိတဗ္ဗံ- သိထိုက်၏။

ပန—ဝါဒန္တရကား၊ ပေါရာဏကတ္ထေရာ— ရှေး၌ဖြစ်သော ထေရ်တို့သည်၊ ဧကူနဝီသတိဝဿံ - တနှစ်ဖြင့် ယုတ်လျော့သော အနှစ် ၂၀ ရှိသော၊ ဝါ- ၁၉ နှစ်ရှိသော၊ ( မဟာ ပဝါရဏာနေ့၌ ၁၉ နှစ်ပြည့်သော၊ ) သာမဏေရံ - ကို၊ နိက္ခမနီယပုဏ္ဏမာသိံ - ဝါခေါင်လပြည့်နေ့ကို၊ အတိက္ကမ္မ-၍၊ ပါဋိပဒဒိဝသေ- အထွက်တရက်နေ့၌၊ ဥပသမ္ပာဒေန္တိ- နိ၏၊ [ထိုအခါ ၁၉ နှစ်နှင့် ၁၀ လရှိပြီ။] တံ- ထို သာမဏေကို၊ ကသ္မာ- ကြောင့်၊ ဥပသမ္ပာဒေန္တိ- နည်း၊ ဣတိ- ဤကား အမေးတည်း၊ (ပရိဟာရော- အဖြေကို၊ မယာ- ငါသည်၊) ဝုစ္စတေ- ဆိုအပ်၏၊ ဝါ— ဆိုဦးအံ့၊ ကေသုိံဝဿေ- တနှစ်၌၊ ဆ - ၆ ပါးကုန်သော၊ စာတုဒ္ဒသိက ဥပေါသထာ - စာတုဒ္ဒသီ ဥပုသ်နေ့တို့သည်၊ ဟောန္တိ- ရှိကုန်၏၊ ဣတိ- ဤနည်း အားဖြင့်၊ ဝီသတိယာ-၂၀ သော၊ ဝဿေသု-နှစ်တို့၌၊ စတ္တာရောမာသာ-၄ လ တို့သည်၊ ပရိဟာယန္တိ-ယုတ်လျော့ကုန်၏၊ ရာဇာနော-မင်းတို့သည်၊ တတိယေ တတိယေဝဿေ - ၃ နှစ်မြောက် , ၃ နှစ်မြောက်၌၊ ဝဿံ - ဝါကို၊ ဥက္ကမုန္တိ— အထက်သို့ ငင်ကြကုန်၏၊ ဣတိ — ဤနည်းအားဖြင့်၊ အဋ္ဌာရသသု ဝဿေသု — ၁၈ နှစ်တို့၌၊ ဆမာသာ- ၆ လတို့သည်၊ ဝဍ္ဎန္တိ-တိုးကုန်၏၊ တတော-ထို ၆ လမှ၊ ဥပေါသထဝသေန - စာတုဒ္ဒသီ ဥပုသ်နေ့၏ အစွမ်းဖြင့်၊ ပရိဟီနေ - ယုတ်လျော့ ကုန်သော၊ စတ္တာရောမာသေ—တို့ကို၊ အပနေတွာ - ဖယ်ရှား၍၊ ဝါ - ဖယ်ရှား လိုက်သည်ရှိသော်၊ ဒွေမာသာ-၂လတို့သည်၊ အဝသေသာ-ကြွင်းကျန်ကုန်သည်၊

ဟောန္တိ၊ တေ ဒွေမာသေ - ထို ၂ လတို့ကို၊ ဂဟေတွာ - ၍၊ ဝီသတိဝဿာနိ- အနှစ် ၂၀ တို့သည်၊ ပရိပုဏ္ဏာနိ-ပြည့်ကုန်သည်၊ ဟောန္တိ၊ ဣတိ—ထို့ကြောင့်၊ နိက္ကင်္ခါ-ယုံမှားမရှိကုန်သည်၊ ဟုတွာ-၍၊ နိက္ခမနီယပုဏ္ဏမာသိံ-ဝါခေါင်လပြည့်နေ့ကို၊ အတိက္ကမ္မ- ၍၊ ပါဋိပဒေ—၌၊ ဥပသမ္ပာဒေန္တိ-ကုန်၏။

ပန - မှန်၏၊ ဧတ္ထ - ဤ ဂဗ္ဘဝီသတိဝဿံ သာမဏေရံ အစရှိသော စကားရပ်၌၊ ယော- အကြင်သာမဏေသည်၊ ပဝါရေတွာ- ပဝါရဏာပြုပြီး၍၊ ဝါ-မှ၊ ဝီသတိဝဿော— အနှစ် ၂၀ ရှိသည်၊ ဝါ-အနှစ် ၂၀ ပြည့်သည်၊ ဘဝိဿတိ—လတ့်၊ တံ-ထို သာမဏေကို၊ သန္ဓာယ-၍၊ ဂဗ္ဘဝီသတိဝဿံတိ- ဟူ၍၊ ဝုတ္တံ—ပြီ၊ တသ္မာ-ကြောင့်၊ ယော-အကြင်သာမဏေသည်၊ မာတုကုစ္ဆိသ္မိံ- ၌၊ ဒွါဒသမာသေ- ၁၂ လတို့ပတ်လုံး၊ ဝသိ - နေခဲ့ပြီ၊ သော—ထို သာမဏေသည်၊ ဧကဝီသတိဝဿော - ၂၁ နှစ်ရှိသည်၊ ဟောတိ၊ [ ဧကဝီသတိဝဿော ဟောတီတိ ဇာတဒိဝသတော ပဋ္ဌာယ ဝီသတိဝဿော သမာနော ဂဗ္ဘမာသေဟိ သဒ္ဓိံ ဧကဝီသတိဝဿော ဟောတိ၊ — ဋီကာ။ ] ယော - အကြင် သာမဏေသည်၊ (မာတုကုစ္ဆိသ္မိံ - အမိဝမ်း၌၊) သတ္တမာသေ —ခုနစ်လတို့ ပတ်လုံး၊ ဝသိ - ပြီ၊ သော—ထိုသာမဏေသည်၊ သတ္တမာသာဓိကဝီသတိဝဿော— ခုနစ်လ အလွန်ရှိသော အနှစ် ၂၀ ရှိသည်၊ ဟောတိ၊ [ဤစကားကို ထောက်၍ "ဂဗ္ဘဝီသတိဝဿံ သာမဏေရံ"တုန်းက အမိဝမ်း၌ ကိန်းခဲ့သောလများ မပါဘဲ ရေတွက်ထားသည်-ဟု မှတ်ပါ။ ] ပန— အဘို့တပါးကား၊ ဆမာသေ— ၆ လတို့ပတ်လုံး၊ (ဝသိတွာ— အမိဝမ်း၌ နေပြီး၍၊) ဇာတော - မွေးဖွားလာသူသည်၊ န ဇီဝတိ- အသက်မရှည်။

× × × × × × ×

**ဧတ္ထပန၊ပေ၊ဝုတ္တံ ။** ။ နနုစ "တေဒွေမာသေ ဂဟေတွာ ဝီသတိဝဿာနိ ပရိပုဏ္ဏာနိ ဟောန္တိ"တိ ကသ္မာ ဝုတ္တံ၊ဂဗ္ဘဝီသတိဝဿမှိ ပုန အပရသ္မိံဝဿေ ပက္ခိတ္တေ ဝီသတိဝဿာနိ ပရိပုဏ္ဏာနိ ဟောန္တီတိ အာဟ "ဧတ္ထ ပန၊ပေ၊ဝုတ္တ" န္တိ၊ အနေကတ္ထတ္တာ နိပါတာနံ ပန သဒ္ဒေါ ဟိသဒ္ဒတ္ထေ၊ ဧတ္ထဟီတိ ဝုတ္တံ ဟောတိ၊ ဣဒံ ဟိ ဝုတ္တသော ဥတ္တသ သမတ္ထနဝသေန ဝုတ္တံ၊ ဣမိနာစ ဣမံ ဒီပေတိ၊ ယံဝုတ္တံ " ဂဗ္ဘဝီသတိဝဿံ သာမဏေရံ နိက္ခမနီယပုဏ္ဏမာသိံ အတိက္ကမ္မ ပါဋိပဒဒိဝသေ ဥပသမ္ပာဒေန္တိ"တိ၊ တတ္ထ ဂဗ္ဘမာသေပိ အဂ္ဂဟေတွာ ဒွီဟိမာသေဟိ အပရိပုဏ္ဏဝီသတိဝဿံ သန္ဓာယ " ဂဗ္ဘဝီသတိဝဿံ "တိ ဝုတ္တံ၊ တသ္မာ အဓိကမာသေသု ဒွိသု ဂဟိတေသု ဝီသတိဝဿာနိ ပရိပုဏ္ဏာနိ နာမ ဟောန္တီတိ။

**ဆမာသေ ဇာတော။** ။ ယခုစာအုပ်တို့၌ "ဆမာသဇာတော" ဟု ရှိ၏၊ ထိုပါဌ်ရှိအတိုင်းဆိုလျှင် " မွေးသည်မှ စ၍ ၆ လ ရှိသူ" ဟု အဓိပ္ပါယ်ရ၏၊ ထိုအဓိပ္ပါယ်လည်း မဖြစ်သင့်၊ ယောဇနာ၌ " ဆမာသေ ဝသိတွာတိ သမ္ဗန္ဓော " ဟု ဝသိတွာ ထည့်၍ စပ်သည်၊ ထို့ကြောင့် "ဆမာသေ ဇာတော"ဟု ပါဌ်မှန် ရှိရမည်။

အနာပတ္တိ၊ပေ၊ သညီတိဣတ္ထ – ၌၊ ဥပသမ္ပာဒေန္တဿ - ဥပဇ္ဈာယ် လုပ်၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်စေသော ရဟန်း၏၊ အနာပတ္တိ - သည်၊ ကိဉ္စာပိ ဟောတိ-အကယ်၍ကား ဖြစ်ပါပေ၏၊ ပန-ထိုသို့ပင် အနာပတ်ဖြစ်ပါ သော်လည်း၊ ပုဂ္ဂလော-ရဟန်းခံပေးအပ်သော ပုဂ္ဂိုလ်သည်၊ အနုပသမ္ပန္နော-ရဟန်းမဖြစ်သည်သာ၊ ဟောတိ–ဖြစ်၏၊ ပန–ဆက်၊ သော-ထို ရဟန်းမဖြစ် သူသည်၊ ဒသဝဿစ္စယေန – ၁၀ ဝါ လွန်ရာအခါ၌၊ အညံ - အခြား ရဟန်း လောင်းကို၊ သစေ ဥပသမ္ပာဒေတိ - အကယ်၍ ဥပဇ္ဈာယ်လုပ်၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်စေအံ့၊ တံ–ထို ဥပဇ္ဈာယ်ကို၊ မုဉ္စိတွာ-အရေအတွက်မှ လွှတ်၍၊ ဂဏော-ဂိုဏ်းသည်၊ စေပူရတိ-အကယ်၍ ပြည့်အံ့၊ (ဝေံသတိ- ဤသို့ ပြည့်လသော်၊) သူပသမ္ပန္နော (သု+ဥပသမ္ပန္နော)-ကောင်းစွာ ရဟန်းအဖြစ်သို့ ရောက်သည်၊ ( ဟောတိ၊ ) [ ထို ဥပဇ္ဈာယ်လုပ်သော ရဟန်းတုကို ချန်လှပ်၍ ရဟန်းစစ်စစ်ဖြစ်သူ မဇ္ဈိမဒေသ၌ ၁၀ ပါး, ပစ္စန္တရာဇ်၌ ၅ ပါးဂိုဏ်းပြည့်လျှင် ထိုသူ ရဟန်းစစ်စစ် ဖြစ်၏- ဟူလို။ ] သောပိ - ထို ရဟန်းစစ်စစ် မဖြစ်သူသည် လည်း၊ ယာဝ-အကြင်မျှလောက်၊ နဇာနာတိ- ရဟန်း မဖြစ်ခဲ့ကြောင်းကို မသိ သေး၊ တာဝ-ထို မသိသေးသမျှ၊ အဿ-ထိုရဟန်းစစ်စစ်မဖြစ်သူ၏၊ သဂ္ဂန္တရာ ယော– နတ်ပြည်၏ အန္တရာယ်သည်၊ နေဝ (ဟောတိ) – မဖြစ်၊ မောက္ခန္တရာ ယော-နိဗ္ဗာန်၏အန္တရာယ်သည်၊န(ဟောတိ)-မဖြစ်၊ပန-ထိုသို့ပင် သဂ္ဂန္တရာယ် မောက္ခန္တရာယ် မဖြစ်ပါသော်လည်း၊ ဉတွာ-ရဟန်းမဖြစ်မှန်းကိုသိပြီး၍၊ ဝါ- သိလသော်၊ ပုန-တဖန်၊ ဝါ - ထပ်၍၊ ဥပသမ္ပဇ္ဇိတဗ္ဗံ – မြင့်မြတ်သော ရဟန်း အဖြစ်သို့ ရောက်ရာ၏၊ ( " မဖြစ်မှန်း သိလျှင် ထပ်၍ ရဟန်းခံပါ " ဟူလို။ ) သေသံ၊ပေ၊တိဝေဒနန္တိ။....ဥပနိဝိသတိ ဝဿသိက္ခာပဒံ ပဋ္ဌမံ။

× × × × × ×

**သစေ၊ပေ၊သူပသမ္ပန္နော ။** ။ ရဟန်းမဖြစ်သော်လည်း မိမိကိုယ်ကို ရဟန်းဖြစ် သည် ဟု ထင်၍ ၁၀ ဝါ လွန်ပြီးသောအခါ အခြား အင်္ဂါများနှင့်လည်း ပြည့်စုံသော ကြောင့် ဥပဇ္ဈာယ်လုပ်၍ ရဟန်းခံပေးလျှင် ထိုရဟန်းလောင်းသည် ကောင်းစွာ ရဟန်း ဖြစ်၏၊ ဥပဇ္ဈာယ်မဟုတ်ဘဲ ကမ္မဝါစာဆရာလုပ်၍ ရဟန်းခံပေးလျှင်လည်း ကောင်းစွာ ရဟန်းဖြစ်သည်သာ၊.... [ အညံ ဥပသမ္ပာဒေတီတိ ဥပဇ္ဈာယော ကမ္မဝါစာစရိယော ဝါ ဟုတွာ ဥပသမ္ပာဒေတိ၊ — ဋီကာ။ ] ထိုအားလုံးသည် သင့်မြတ် မှန်ကန်၏၊ ဘာ့ ကြောင့်နည်း၊ — ဥပဇ္ဈာယ်ဆရာ လုံးလုံး မရှိစေကာမူ ကမ္မဝါစာ၌ ဥပဇ္ဈာယ်ဆရာ တပါးပါး၏ အမည်ကိုထည့်၍ ရွတ်ဆိုလျှင်ပင် ရဟန်း ဖြစ်ကြောင်းကို မဟာဝါ အနု ပဇ္ဈာယကဝတ္ထု၌ အဋ္ဌကထာ, ဋီကာတို့ ဖွင့်ပြလတ့် ဖြစ်သောကြောင့်တည်း၊ ထို့ပြင် ကမ္မဝါစာ ရွတ်ရာ၌လည်း ရဟန်း မဟုတ်စေကာမူ ရဟန်း ဟု အမှတ်ရှိလျက် ဌာန် ကရိုဏ်းပီသအောင် ရွတ်နိုင်လျှင် ထို ကမ္မဝါစာလည်း အထမြောက်နိုင်ပါသည်။

## ထေယျသတ္ထသိက္ခာပုဒ်

ဆဋ္ဌေ- ၌၊ ပဋိယာလောကန္တိ–ကား၊ သူရိယာလောကဿ - နေရောင်၏၊ ပဋိမုခံ- ရှေးရှုဖြစ်သောအရပ်သို့၊ ပစ္ဆိမံဒိသံ - အနောက်အရပ်သို့၊ ( " ဂန္တုကာမော ဟောတိ "ဟု ပါဠိတော်၌စပ်၊ ) ဇုတိ အဇ္ဈေ၊ ကမ္မိယာတိ - ကား၊ သုက်ဌာနေ-ကင်းခွန်ကောက်ရာ အရပ်၌၊ ကမ္မိကာ- အလုပ်၌ ယှဉ်သူတို့သည်၊ (" အဿောသုံ"ဟု ပါဠိတော်၌စပ်၊ ) [ ကမ္မေ+ နိယုတ္တာ ကမ္မိကာ, နိယုတ္တအနက်၌ ဏိကပစ္စည်းသက်၊ ကကို ယပြု၍ "ကမ္မိယာ"ဟု ဖြစ်သည်။] ရာဇာနံ ၊ပေ၊ ဂစ္ဆန္တီတိ-ကား၊ ရာဇာနံဝါ-သော်လည်း၊ ဝါ-မင်း၏ဥစ္စာကိုသော်လည်း၊ ထေနေတွာ ဝဉ္စေတွာ - လှည့်ပတ်၍သော်၎င်း၊ [ ဝါဖြင့် ပါဠိတော်လာ "သုက်ံ ဝါ ပရိဟရန္တိ"ကို ဝိကပ်ပြုသည်။] ရညော-၏၊ သန္တကံ- ဥစ္စာဖြစ်သော၊ ကိဉ္စိ- တစုံတခုကို၊ ဂဟေတွာ- ယူ၍၊ ဧဒါနိ– ၌၊ တဿ - ထိုမင်းအား၊ န ဒဿာမ- မပေးကုန်တော့အံ့၊ ဇုတိ- ဤသို့ကြံ၍၊ ဂစ္ဆန္တိ-သွားကုန်၏၊ ဝိသင်္ကေတေနာတိ-ကား၊ ကာလဝိသင်္ကေတေန - ကာလ၏ချွတ်ယွင်းခြင်းဖြင့်၊ ( ဂစ္ဆတောစ-သွားသော ရဟန်း၏၎င်း၊) ဒိဝသဝိသင်္ကေတေန-နေ့၏ ချွတ်ယွင်းခြင်းဖြင့်၊ ဂစ္ဆတောစ–သွားသောရဟန်း၏၎င်း၊ အနာပတ္တိ (ဟောတိ)၊ ပန – ကား၊ မဂ္ဂဝိသင်္ကေတေန( ဝါ )– လမ်း၏ ချွတ်ယွင်းခြင်းဖြင့်သော်၎င်း၊ အဋဝိဝိသင်္ကေတေနဝါ– တောအုပ်၏ ချွတ်ယွင်းခြင်းဖြင့်သော်၎င်း၊ ( ဂစ္ဆတော- ၏၊ ) အာပတ္တိယေဝ– သာ၊ (ဟောတိ၊) ဓွေ-ဤသိက္ခာပုဒ်၌၊ သေသံ- ကြွင်းသောပုဒ်အပေါင်းသည်၊ ဘိက္ခုနိဝဂ္ဂေ-၌၊(ဘိက္ခုနောဝါဒကဝဂ်,သံဝိဓာနသိက္ခာပုဒ်၌၊)ဝုတ္တနယတ္တာ ဥတ္တာနတ္ထမေဝ၊သေသံ၊ပေ၊တိဝေဒနန္တိ။····ထေယျသတ္ထသိက္ခာပဒံ ဆဋ္ဌံ။

× × × × × × ×

**ပဋိယာလောကံ။** ။"အာလောက"အရ မီးရောင်စသည်ကိုမယူဘဲ နေရောင်ကို ယူစေလို၍ " သူရိယာလောကဿ " ဟု ဖွင့်သည်၊ နေထွက်လာသောအခါ နေရောင်သည် အရှေ့အရပ်မှ အနောက်အရပ်သို့ ရှေးရှုလင်း၏၊ ထို့ကြောင့်"အာလောကဿ+ ပဋိမုခံ ပဋိယာလောကံ " ဟု ပြု၍ အနောက်အရပ်ကို အရကောက်ရသည်။

**မှတ်ချက်။** ။ယောဇနာ၌"အာလောကသဒ္ဒေန သူရိယော ဝုတ္တော ဥပစာရေန" ဟု ဖွင့်၏၊ " အရောင်၏ အာလောကအမည်ကို နေ၌တင်စား၍ ဌာနူပစာရ အားဖြင့် နေကို အာလောကခေါ်သည် " ဟု ဆိုလိုဟန်တူသည်၊ ထိုစကားကို " စတ္တာရော မေ ဘိက္ခဝေ အာလောကာ"စသော စတုက္ကင်္ဂုတ္တရ, အာဘာဝဂ် ပါဠိတော်ဖြင့်စဉ်းစားပါ။

**ရာဇာနံဝါ၊ပေ၊ဂစ္ဆန္တိ။** ။ထေယျံကို " ထေနေတွာ " ဟု ဖွင့်သောကြောင့် ကြိယာဝိသေသန ဟု သိစေ၏၊ " ထေနေတွာ "အရလည်း ပစ္စည်းကိုခိုးခြင်း မဟုတ်, လှည့်ပတ်ခြင်း ဟု သိစေလို၍" ဝဉ္စေတွာ "ဟု ဖွင့်သည်၊ ရညော၊ပေ၊ န ဒဿာမိတိ ကား လှည့်ပတ်ပုံကိုပြသော အာကာရစကားတည်း။

## သံဝိဓာန သိက္ခာပုဒ်

သတ္တမေ- ၌၊ ပရူပေနေ္တာ နိသိဒိတိ — ကား၊ ပဏ္ဏာယန္တော — ကြံမှိုင်လျက်၊ အတ္တာနံယေဝ - မိမိကိုယ်ကိုသာလျှင်၊ ပရိဘာသန္တော- ရေးရွတ်လျက်၊ နိသိဒိ- ထိုင်နေပြီ၊ နာယျော၊ပေ၊နိပ္ပါတေသီတိ - ကား၊ အယျော-အရှင်၊ အယံဘိက္ခု- သည်၊ မံ-ကျွန်မကို (ကျမကို)၊ န နိက္ခာမေသိ-ထွက်စေသည်မဟုတ်ပါ၊ မံ-ကို၊ ဂဟေတွာ-ခေါ်၍၊ န အဂမာသိ - သွားသည်မဟုတ်ပါ၊ ဣတိ အတ္တော – နက်၊ သေသံ ၊ပေ၊ သမုဋ္ဌာနာဒီဟီတိ။ ····သံဝိဓာနသိက္ခာပဒံ သတ္တမံ။ [ပတ - ဂတိမှ ဟူသောဓာတ်သည် နိဒ္ဒေးရှိသောကြောင့် "နိက္ခမနအနက်ဟော"ဟု သိစေလို၍ နိပ္ပါတေသိကို "နိက္ခာမေသိ"ဟု ဖွင့်သည်။]

× × × × × × ×

**ပရူပေနေ္တာ။** ။ပပုဗ္ဗ ရူပဓာတ်မဟုတ်, ပရူပံဟူသော နာမ်ပုဒ်နောင် ကရောတိ အနက်၌ ဣပစ္စည်းသက်သော နာမဓာတ်ဟု ကြံသင့်၏၊ "များစွာသောဝိတက်အခိုးကို ပြုလျက်" ဟု သဒ္ဒါနက်ပေး၊ ထိုသို့ အခိုးလွှတ်ခြင်း ဟူသည် ကြံစည်ခြင်း မှိုင်နေခြင်း ဖြစ်သောကြောင့် "ပဏ္ဏာယန္တော"ဟု အဓိပ္ပါယ်ဖွင့်သည်၊ "မိန်းမ၏ ငါ့နောက်လိုက်လာ ခြင်းကို လက်ခံမိတာ မှားလေခြင်း"ဟု မိမိကိုယ်ကို မိမိ အပြစ်တင်ကာ မှိုင်နေသည်- ဟူလို။ [ ယောဇနာ၌ " ပပုဗ္ဗ ရူပဓာတ်သည် ပရိဘာသနအနက်ဟော " ဟု ဆို၏၊ စဉ်းစားပါ၊ သံဃာဒိသေသ် ဒုဋ္ဌဒေါသသိက္ခာပုဒ်၌ "ပဏ္ဏာယန္တောတိ ပရူပါယန္တော"ဟု ဖွင့်၏၊ထို၌ ပရိဘာသနအနက်လုံးလုံးမရှိချေ၊ပရူပါယန္တ၌ အာယပစ္စည်းသာထူး၏။]

---

## အရိဋ္ဌသိက္ခာပုဒ်

အဋ္ဌမေ-၌။ (ဝစနတ္ထော ဇဝံ ဝေဒိတဗ္ဗော၊) ဂဒ္ဓေ- လင်းတတို့ကို၊ ဗာဓယိံ သု- ညှဉ်းဆဲသတ်ဖြတ်ကုန်ပြီ၊ ဣတိ- ကြောင့်၊ ဂဒ္ဓဗာဓိနော- ဂဒ္ဓဗာဓိတို့မည်၏၊ အာဿ - ထို အရိဋ္ဌ၏၊ ဂဒ္ဓဗာဓိနော - လင်းတတို့ကို ညှဉ်းဆဲ သတ်ဖြတ်ဘူးကုန် သော၊ ပုဗ္ဗပုရိသာ - ရှေး၌ ဖြစ်သော ယောကျ်ားတို့သည်၊ ( သန္တိ - ရှိကုန်၏၊ ) ဣတိ—ကြောင့်၊ ဂဒ္ဓဗာဓိပုဗ္ဗော—ဂဒ္ဓဗာဓိပုဗ္ဗမည်၏၊ ဂဒ္ဓဗာဓိပုဗ္ဗဿ - လင်းတ တို့ကို ညှဉ်းဆဲသတ်ဖြတ်ဘူးသော ရှေးရှေးယောကျ်ားရှိသော၊ တဿ-ထိုအရိဋ္ဌ၏၊ ဂိဇ္ဈယာတက ကုလပ္ပသုတဿ- လင်းတတို့ကို သတ်သောအမျိုး၌ မွေးဖွားသော၊ (တဿ-ထို အရိဋ္ဌ၏၊ ဇဝရူပံ ဒိဋ္ဌိဂတံ-ဟု ပါဠိတော်၌ စပ်၊) ဣတိ အတ္တော။

× × × × × × × × ×

**ဂဒ္ဓဗာဓိပုဗ္ဗဿ။** ။သက္ကတ၌ ဂြိဓြသည် ပါဠိ၌ "ဂိဒ္ဓ" ဟု ဖြစ်၏၊ ကုဏာပေ ဂိဇ္ဈန္တီတိ ဂဒ္ဓါ၊ ဂိဓ္ဓဓာတ်, တပစ္စည်း, ဂိ၌ ဣကို (အ) ပြု၊ဗာဓယိံသူတိ ဗာဓိနော—ညှဉ်းဆဲ သတ်ဖြတ်တတ်သော ရှေးရှေး ယောကျ်ားတို့၊ ဂဒ္ဓေ+ဗာဓိနော၊ ဂဒ္ဓဗာဓိနော+ပုဗ္ဗာ- ရှေးယောကျ်ားတို့သည်၊ ဧတဿာတိ ဂဒ္ဓဗာဓိပုဗ္ဗော၊ ["ဂန္ဓ"ဟု တချို့စာ၌ ရှိသော် လည်း ကျမ်းရင်း၌ မရှိ။]

(ယေ- အကြင်တရားတို့သည်၊)သဂ္ဂမောက္ခာနံ- နတ်ပြည် မြဟ္မာ့ပြည် နိဗ္ဗာန် တို့၏၊ အန္တရာယံ-ကို၊ ကရောန္တိ-ပြုတတ်ကုန်၏၊ ဣတိ-ကြောင့်၊(တေ-တို့သည်၊) အန္တရာယိကာ- တို့မည်၏၊ တေ-ထိုအန္တရာယိကဓမ္မတို့သည်၊ကမ္မ၊ပေ၊ဝသေန- ကမ္မန္တရာယ်, ကိလေသန္တရာယ်, ဝိပါကန္တရာယ်, ဥပဝါဒန္တရာယ် , အာဏာ ဝီတိက္ကမန္တရာယ်တို့၏ အပြားအားဖြင့်၊ပဥ္စဝိဓာ- ၅ ပါး အပြားရှိကုန်၏၊ တတ္ထ- ထို ၅ ပါးတို့တွင်၊ ပဥ္စ-ကုန္နသော၊ အာနန္တရိယဓမ္မာ-အာနန္တရိယသဘောရှိသော စေတနာတရား တို့သည်၊ ကမ္မန္တရာယိကာနာမ – ကမ္မန္တရာယိက တို့မည်၏၊ ဝါ- ကံ ဟူသော အန္တရာယိကတို့ မည်၏၊ [ ကမ္မာနိ ဧဝ+အန္တရာယိကာ ကမ္မန္တရာယိကာ။]ဘိက္ခုနိဒူသကကမ္မံ-ကံသည်၊ တထာ - ထိုအတူ ကမ္မန္တရာယိက မည်၏၊ ပန – ထိုသို့ပင် ကမ္မန္တရာယိက ဖြစ်ပါသော်လည်း၊ တံ– ထို ဘိက္ခုနိ ဒူသကကံသည်၊ မောက္ခဿေဝ - နိဗ္ဗာန်၏သာ၊ အန္တရာယံ – ကို၊ ကရောတိ- ပြုနိုင်၏၊ သဂ္ဂဿ–နတ်ပြည်၏၊ (အန္တရာယံ–ကို၊) န ( ကရောတိ )- မပြုနိုင်၊ နိယတမိစ္ဆာဒိဋ္ဌိဓမ္မာ - နိယတမိစ္ဆာဒိဋ္ဌိတရား တို့သည်၊ ကိလေသန္တရာယိကာ နာမ-တို့ မည်၏၊ ဝါ- ဒိဋ္ဌိကိလေသာ ဟူသော အန္တရာယိက တို့မည်၏၊ [ ဒိဋ္ဌိ စေတသိက်က ကိလေသာ ၁၀ ပါးတွင် ပါဝင်သောကြောင့် နိယတမိစ္ဆာဒိဋ္ဌိကို

× × × × × × × ×

**အန္တရာယိကာ ॥** ॥ သတ္တသန္တာနဿ ဝေမဇ္ဈေ ဧတိ အာဂစ္ဆတီတိ အန္တရာယော၊ (ဒိဋ္ဌဓမ္မိကာဒိ အနတ္ထော)၊ သတ္တာဟု ခေါ်အပ်သော ခန္ဓာအစဉ် အစ အဆုံး၏ အလယ် (အကြား) ၌ (ပဋိသန္ဓေနှင့်စုတိအကြားဝယ်) ဖြစ်ပေါ်လာတတ်သောကြောင့် ယခုဘဝ၌ အကျိုးမဲ့ဖြစ်ရခြင်း, နောက်ဘဝ၌ ဒုဂ္ဂတိဘုံဝယ် ဖြစ်ရခြင်း, လူဆင်းရဲဖြစ်ရ ခြင်း စသည်ကို “အန္တရာယ” ဟု ခေါ်၏၊ အနတိက္ကမနဋ္ဌေန ( မိမိပြုအပ်သော ကံ စသည်က ထိုအန္တရာယ်ကို မကျော်လွန်နိုင်, မဖြစ်အောင် မတတ်နိုင်သောကြောင့်) –

၁။ အန္တရာယေ + နိယုတ္တာ အန္တရာယိကာ = အန္တရာယ်၌ ယှဉ်သောတရားတို့။ [နိယုတ္တတဒ္ဓိတ်, ဏိကပစ္စည်း။]

၂။ အန္တရာယံ + အရဟန္တီတိ အန္တရာယိကာ = အန္တရာယ်ဟူသော အကျိုးကို ထိုက်သော (အန္တရာယ်အကျိုး ရထိုက်သော)တရားတို့။ [အရဟာတိတဒ္ဓိတ်။]

၃။ အန္တရာယော ( အန္တရာယကရဏံ ), + သီလံ ဧတေသန္တိ အန္တရာယိကာ= အန္တရာယ်ကိုပြုခြင်း အလေ့ရှိသော တရားတို့။ [တဿီလတဒ္ဓိတ်, အန္တရာယ ကရဏကိုပင် ဌာနူပစာရအားဖြင့် “အန္တရာယ”ဟု ဆိုထားသည်။]

**အာနန္တရိယဓမ္မာ။** ။[ “ကမ္မာ” ဟု စာအုပ်တို့၌ တွေ့ရသော်လည်း ဋီကာ၌ “အာနန္တရိယ ဓမ္မာတိ – အာနန္တရိယသဘာဝါ စေတနာဓမ္မာ”ဟု ဖွင့်သောကြောင့် “ဓမ္မာ”ဟု ရှိပါစေ။] စုတိ၏ အခြားမဲ့အကျိုးကို “အနန္တရ”ဟု ခေါ်ပါ၊ အနန္တရေ+ နိယုတ္တာ, အနန္တရံ ( စုတိအခြားမဲ့အကျိုးကို ပြုခြင်းဟူသော) သီလံ ဧတေသံတိဝါ အာနန္တရိယာ၊ အနန္တရံ ပယောဇနံ ဧတေသံတိ အာနန္တရိယာ၊ ယကို ကပြု၍ “အာန န္တရိကာ”ဟု ဖြစ်၏။

" ကိလေသန္တရာယိက " ဟု ဆိုသည်။ ] ပဏ္ဍက ၊ပေ၊ ဗျဥ္ဇနကာနံ - ပဏ္ဍုက်, တိရစ္ဆာန်, ဥဘတောဗျဉ်းတို့၏၊ ပဋိသန္ဓိဓမ္မာ - ပဋိသန္ဓေ ဝိပါက်တရားတို့သည်၊ ဝိပါကန္တရာယိကာနာမ - တို့မည်၏၊ ဝါ-ဝိပါက်ဟူသော အန္တရာယိကဓမ္မတို့ မည်၏၊ [ ပဏ္ဍုက်, တိရစ္ဆာန် , ဥဘတောဗျဉ်းတို့၏ ပဋိသန္ဓေဝိပါက်တရားတို့ သည် သုဂတိအဟိတ်, ဒုဂ္ဂတိ အဟိတ် ဖြစ်သောကြောင့် ဈာန် မဂ်ဖိုလ်ကို မရ နိုင်အောင် အန္တရာယ်ကို ပြုတတ်ရကား ဝိပါကန္တရာယိကတို့မည်၏၊] အရိယူပ ဝါဒါ - အရိယာကို စွပ်စွဲခြင်းတို့သည်၊ ( အရိယာကို စွပ်စွဲကြောင်း ဖြစ်သော ဒေါသပြခန်းသော စိတ္တုပ္ပာဒ်တို့သည်၊ ) ဥပဝါဒန္တရာယိကာနာမ - တို့မည်၏၊ ဝါ—အရိယာကိုစွပ်စွဲကြောင်း စိတ္တုပ္ပာဒ်ဟူသော အန္တရာယိကဓမ္မတို့မည်၏။

ပန - ဆက်၊ တေ - ထို အရိယူပဝါဒတို့သည်၊ ယာဝ — အကြင်မျှလောက်၊ အရိယေ—တို့ကို၊ န ခမာပေန္တိ - သည်းမခံစေကြကုန်သေး၊ ဝါ- မကန်တော့ကြ ကုန်သေး၊ တာဝဒေဝ—ထိုမကန်တော့သေးသမျှကာလပတ်လုံးသာလျှင်၊(အန္တ ရာယိကာ ဟောန္တိ၊)တတော-ထိုကန်တော့ပြီးရာအခါမှ၊ ပရံ—၌၊(အန္တရာယိ ကာ) န(ဟောန္တိ)၊ သဉ္စိစ္စ- သညာနှင့်တကွစေ့ဆော်၍၊ အာပန္နာ - သင့်ရောက် အပ်ကုန်သော၊ အာပတ္တိယော - တို့သည်၊ အာဏာဝီတိက္ကမန္တရာယိကာနာမ- တို့မည်၏၊ ( မြတ်စွာဘုရား၏ ဝိနည်းပညတ်တော် ဟူသော အမိန့် အာဏာ တော်ကို ကျူးလွန်ကျော်နင်းကြောင်း အကုသိုလ်စိတ္တုပ္ပါဒ်ဟူသော အန္တရာယိက

× × × × × × ×

**ဥပဝါဒန္တရာယိက**။ ။အရိယာကို ဂုဏ်ပျက်အောင် စွပ်စွဲမိ၍ မတောင်းပန်မိက ထိုသူ့ သန္တာန်၌ အကုသိုလ်ကံ၏ သတ္တိ ရှိနေသော်လည်း ကန်တော့ တောင်းပန်၍ ကုသိုလ်စေတနာ ဖြစ်သောအခါ ထို အကုသိုလ်၏သတ္တိသည် ပျက်ပြယ်တော့ရကား အန္တရာယ်ကို မပြုနိုင်တော့။

**အာဏာဝီတိက္ကမန္တရာယိကာ**။ ။ဤ၌လည်း မြတ်စွာဘုရား၏အာဏာတော်ကို ကျူးလွန်ကျော်နင်းသော အကုသိုလ်စိတ္တုပ္ပါဒ်၏ ကမ္မပစ္စယ သတ္တိသည် လူဝတ်လဲမှု စသည်ကို ပြုလိုက်သောအခါ မြတ်စွာဘုရားကို ကန်တော့တောင်းပန်ရာ ရောက်သော ကြောင့် ထိုသတ္တိများ ပြယ်လေတော့၏၊ သို့သော် လောကဝဇ္ဇ ဖြစ်သော သိက္ခာပုဒ် များ၌ကား လောကထုံးစံ အတိုင်း ဖြစ်ရသော အကုသိုလ်စိတ်များ၏ သတ္တိသည် ပြယ်လိမ့်မည်မဟုတ်၊ ဥပမာ—သူတပါးမယားကိုခိုး၍ ပဌမပါရာဇိကအမှုကို ကျူးလွန် ခြင်း, သူတပါးဥစ္စာကိုခိုး၍ ဒုတိယပါရာဇိကအမှုကို ကျူးလွန်ခြင်း, လူ၏အသက်ကို သတ်၍ တတိယပါရာဇိကအမှုကို ကျူးလွန်ခြင်း, အကျိုးပျက်အောင် လိမ်လည်လှည့် ပတ်၍ မုသာဝါဒအမှုကို ကျူးလွန်ခြင်း, တိရစ္ဆာန်ကိုသတ်၍ သဉ္စိစ္စပါဏသိက္ခာပုဒ်ကို ကျူးလွန်ခြင်းစသော လောကဝဇ္ဇများသည် လူဝတ်လဲ၍သော်၎င်း, ဒေသနာပြော၍ သော်၎င်း မြတ်စွာဘုရား၏ အာဏာတော်ကို ကျူးကျော်မှု ဝီတိက္ကမန္တရာယိကသာ ပြေပျောက်၏၊ သူ့မယား ခိုးမှု , သူ့အသက် သတ်မှု စသော ကာမေသုမိစ္ဆာစာရ ပါဏာတိပါတ စေတနာတို့၏သတ္တိကား ပျက်သွားလိမ့်မည် မဟုတ်။

ဓမ္မဘိုမည်၏။)တာပိ-ထိုအာဏာဝီတိက္ကမန္တရာယိကဟူသော အာပတ်တို့သည်လည်း၊ ယာဝ-အကြင်မျှလောက်၊ ဘိက္ခုဘာဝံ-ရဟန်း၏အဖြစ်ကို၊ ပဋိဇာနာတိ ဝါ-ဝန်ခံမှုလည်းဝန်ခံသေး၏၊(ပါရာဇိကအာပတ်သင့်သူအတွက်၊)နှ ဝုဋ္ဌာတိ ဝါ-အာပတ်မှမှုလည်း မထသေး၊ ( သံဃာဒိသေသ် အာပတ်သင့်သူအတွက်၊ ) နှ ဒေသေတိဝါ– ဒေသနာမှုလည်း မပြောသေး၊ ( အောက်အာပတ် ၅ ဖုံသင့်သူအတွက်၊) တာဝဒေဝ- ထိုမျှလောက်သော ကာလပတ်လုံးသာလျှင်၊ ( အန္တရာယိကာ ဟောန္တိ၊)နှ တတော ပရံ။ [ပါရာဇိကအာပတ်သင့်သူအတွက် လူထွက်ပြီးနောက်, သံဃာဒိသေသ်အာပတ် သင့်သူအတွက် ဝုဋ္ဌာနကံပြုပြီးနောက်, အောက်အာပတ် ၅ ဖုံသင့်သူ အတွက် ဒေသနာပြောပြီးနောက် အန္တရာယ် မပြုတော့-ဟူလို။]

တတြ - ထို ၅ ပါးသော အန္တရာယိကဓမ္မတို့တွင်၊ အယံဘိက္ခု - ဤ အရိဋ္ဌရဟန်းသည်၊ ဗဟုဿုတော - များသော သုတရှိသော၊ ဓမ္မကထိကော - ဓမ္မကထိကသည်၊(ဟုတ္ဝာ-၍၊ဝါ-ကြောင့်၊)သေသန္တရာယိကေ-အာဏာဝီတိက္ကမန္တရာယိကမှ ကြွင်းသော အန္တရာယိကဓမ္မ တို့ကို၊ ဇာနာတိ - သိ၏၊ ပန- ဗျတိရိက်ကား၊ ဝိနယေ - ၌၊ အကောဝိဒတ္တာ - မကျွမ်းကျင်သည်၏ အဖြစ်ကြောင့်၊ ပဏ္ဏတ္တိ ဝီတိက္ကမန္တရာယိကေ - မြတ်စွာဘုရား၏ ပညတ်တော်ကို ကျူးလွန်ခြင်းဟူသော အန္တရာယိကဓမ္မတို့ကို၊ နှ ဇာနာတိ - နားမလည်၊ တသ္မာ - ကြောင့်၊ (ကမ္မ,ကိလေသ, ဝိပါက, ဥပဝါဒန္တရာယိကတို့ကိုသာနားလည်၍ ပဏ္ဏတ္တိဝီတိက္ကမန္တရာယိကကို နားမလည်သည်၏အဖြစ်ကြောင့်၊)ရဟောဂတော-ဆိတ်ငြိမ်ရာအရပ်၌ ရောက်ပြီးသည်၊(ဟုတ္ဝာ-၍၊) ဧဝံ-သို့၊ စိန္တေသိ-ကြံစည်ပြီ၊(ကိံ–နည်း၊) ဣမေ အာဂါရိကာ-ဤအိမ်၌နေသူ လူဝတ်ကြောင်တို့သည်၊ ပဉ္စ-၅ ပါးကုန်သော၊ ကာမဂုဏေ- ကာမဂုဏ်တို့ကို၊ ပရိဘုဉ္ဇန္တာ- သုံးဆောင်ကုန်လျက်၊ ( သုံးဆောင်ကြ ကုန်ရင်း၊ ) သောတာပန္နာပိ – သောတာပန်တို့ သည်ရင်း၊ သကဒါဂါမိနောပိ - တို့သည်ရင်း၊ အနာဂါမိနောပိ - တို့သည်ရင်း၊ ဟောန္တိ–ဖြစ်ကြရကုန်၏၊ ဘိက္ခူပိ-ရဟန်းတို့သည်လည်း၊ မနာပိကာနိ- မြတ်နိုးဘွယ်ကိုဖြစ်စေတတ်ကုန်သော၊ စက္ခုဝိညေယျာနိ- စက္ခုဖြင့် သိအပ်ကုန်သော၊ ရူပါနိ–ရူပါရုံတို့ကို၊ ပဿန္တိ-မြင်ကြကုန်၏၊ [ပေယျာလ ဖေါ်ပါ။] ပေ၊ဖုသန္တိ-ထိကြကုန်၏၊ မုဒုကာနိ - နူးညံ့ကုန်သော၊ အတ္ထရဏ ပါဝုရဏာဒီနိ - အခင်း, အခြုံ အစရှိသော အသုံးအဆောင်တို့ကို၊ ပရိဘုဉ္ဇန္တိ-သုံးစွဲကြကုန်၏၊ ဧတံ သဗ္ဗံ– ဤ အလုံးစုံသည်၊ ဝဋ္ဋတိ-အပ်၏၊ ကသ္မာ-အဘယ့်ကြောင့်၊ ဣတ္ထိရူပ၊ပေ၊ဖေါဋ္ဌဗ္ဗာဝေ-မိန်းမ၏အဆင်း, မိန်းမ၏အသံ၊ပေ၊မိန်းမ၏အတွေ့တို့သည်သာ၊ နှ ဝဋ္ဋန္တိ–မအပ်ကုန်သနည်း၊ ဧတေပိ - ဤ ဣတ္ထိရူပ အစရှိသည်တို့သည်လည်း၊ ဝဋ္ဋန္တိ-အပ်ကုန်၏၊ ဣတိ-သို့၊ (စိန္တေသိ)။

ဧဝံ - သို့၊ ရဒသန - အပြစ်မရှိသော ပစ္စည်း ၄ ပါးကို သုံးဆောင်ခြင်းကြောင့် ဖြစ်သော အရသာဖြင့်၊ ရသံ-အပြစ်ရှိသော ကာမဂုဏ်ကို သုံးဆောင်ခြင်းကြောင့် ဖြစ်သော အရသာကို၊ သံသန္ဒိတွာ- ရောနှော၍၊ သစ္ဆန္ဒရာဂ ပရိဘောဂဉ္စ-ဆန္ဒရာဂနှင့်တကွ ဖြစ်သော သုံးစွဲခြင်းကိုငင်း၊ နိစ္ဆန္ဒရာဂ ပရိဘောဂဉ္စ - ဆန္ဒရာဂ မရှိသော သုံးစွဲခြင်းကိုငင်း၊ ဧကံ - တမျိုးထည်းကို၊ ကတွာ - ပြု၍၊ ထူလဝါကေ ဟိ–ထူသောလျှော်တို့နှင့်၊ ဝါ-တုတ်သောလျှော်တို့နှင့်၊ သဒ္ဓိံ-တကွ၊ အတိသုခုမ သုတ္တံ- အလွန် သိမ်မွေ့သေးငယ်သော ချည်ကို၊ ဃဋေန္တော ဝိယ - ဆက်သကဲ့သို့ ငင်း၊ သာသပေန – မုန်ညင်းစေ့နှင့်၊ သဒ္ဓိံ, သိနေရုံ– မြင့်မိုရ်တောင်ကို၊ ဥပသံ ဟရန္တော ဝိယ- အတူဆောင်သကဲ့သို့ငင်း၊ [ဥပသံဟရန္တော ဝိယာတိ သဒိသတံ ဥပသံဟရန္တော ဝိယ ဧကန္တသာဝဇ္ဇေ အနဝဇ္ဇဘာဝ ပက္ခေပနတော။] ပါပကံ- ယုတ်မာသော၊ ဝါ-အပါယ်သို့ကျရောက်စေတတ်သော၊ ဒိဋ္ဌိဂတံ-မိစ္ဆာအယူကို၊ ဥပ္ပါဒေတွာ- ဖြစ်စေ၍၊ ဘဂဝတာ - ဘုန်းတော်ကြီးဘုရားသည်၊ မဟာသမုဒ္ဒံ– မဟာသမုဒြာကို၊ ဗန္ဓန္တေနဝိယ - ကံသင်း ဖွဲ့သကဲ့သို့၊ မဟတာ - ကြီးစွာသော၊ ဥဿာဟေန– အားထုတ်ခြင်းဖြင့်၊ ပဋ္ဌမပါရာဇိကံ- ကို၊ ကိံ - အဘယ့်ကြောင့်၊ ပညတ္တံ-ပညတ်တော်မူအပ်ပါလိမ့်မည်နည်း၊ ဧတ္တ-ဤ မေထုန်အမှု၌၊ ဒေါသော- အပြစ်သည်၊ နတ္ထိ– မရှိပါ၊ (ပဋ္ဌမပါရာဇိက ပညတ်လောက်အောင် မကြီးပါ– ဟူလို။) ဣတိ-သို့၊ သဗ္ဗညုတဉာဏေန– သဗ္ဗညုတဉာဏ်တော်နှင့်၊ သဒ္ဓိံ-တကွ၊ ပဋိဝိရုဇ္ဈန္တော-ဆန့်ကျင်လျက်၊ ဘဗ္ဗပုဂ္ဂလာနံ - သတ္တဝါ ၄ ပါးကို သိထိုက်သော

× × × × × × ×

**ရသေန ရသံ သံသန္ဒိတွာ ။** ။ ရသေန ရသံ သံသန္ဒိတွာတိ – အနဝဇ္ဇေန ပစ္စယ ပရိဘုဉ္ဇနရသေန (ပစ္စည်း ၄ ပါးကိုသုံးစွဲခြင်း၌ဖြစ်သော အပြစ်မရှိသောအရသာနှင့်) သာဝဇ္ဇကာမဂုဏ ပရိဘောဂရသံ ( ကာမဂုဏ်ကို သုံးဆောင်ခြင်း၌ ဖြစ်သော အပြစ်ရှိသောအရသာကို )သမာနေတွာ( အတူဆောင်၍, အတူတူဖြစ်အောင်ရောမွှေ၍) ။

**သစ္ဆန္ဒ ၊ပေ၊ ဧကံ ကတွာ ။** ။ "ဆန္ဒ" ဟူသည် ကာမဂုဏ်ကို လိုလားသော တဏှာတည်း၊ ရာဂ ဟူသည်လည်း ထို ကာမဂုဏ်ကို စွဲမက်သောရာဂပင်တည်း၊ သဒ္ဒါ ၂ ခုအတွက် အလွန်တပ်မက်သော တဏှာရာဂကို ယူပါ၊ ပစ္စည်း ၄ ပါးကို သုံးဆောင်ရာ၌ ပစ္စဝေက္ခဏာဉာဏ်ဖြင့် ပရိယတ် ပဋိပတ် အားထုတ်ဘို့ရန်သုံးလျှင် တဏှာလောဘ မဖြစ်သောကြောင့် နိစ္ဆန္ဒရာဂ ပရိဘောဂဖြစ်၏၊ ကာမဂုဏ်ကို ခံစားရာ၌ကား ထိုကဲ့သို့ ပစ္စဝေက္ခဏာဆင်ခြင်၍ မဖြစ်, တဏှာရာဂ ပြင်းပြစွာဖြင့် ခံစားရကား သစ္ဆန္ဒရာဂ ပရိဘောဂဖြစ်သည်၊ ဤသို့ သဘောချင်း အလွန်ဝေးနေသော သစ္ဆန္ဒရာဂ သုံးဆောင်ခြင်းနှင့် နိစ္ဆန္ဒရာဂ သုံးဆောင်ခြင်းကို တမျိုးတည်း တန်းတူထား၍ စဉ်းစားရကား ကြမ်းတန်း တုတ်ခိုင်သော လျှော်ချည်နှင့် သိမ်မွေ့သော အပ်ချည်ကို ဆက်ပုံနှင့်ငင်း, မြင့်မိုရ်တောင်နှင့် မုန်ညင်းစေ့ကို အတူထား၍ ရှုစားသူနှင့်ငင်း တူနေလေသည်။

**သဗ္ဗညုတ ၊ပေ၊ ပဋိဝိရုဇ္ဈန္တော ။** ။ ဗုဒ္ဓမြတ်စွာသည် ပဋ္ဌမပါရာဇိက အမှုကို အလွန်ကြီးကျယ်သော အပြစ်ဟု မြင်တော်မူ၏၊ အရိဋ္ဌကား ဘာမျှ ကြီးကျယ်သော

ပုဂ္ဂိုလ်တို့၏၊ အာသံ-ကျင့်ကြံလိုသော အာသာကို၊ ဆိန္ဒန္တော-ဖြတ်တော်လျက်၊ ဇိနသဿ - မြတ်စွာဘုရား၏၊ အာဏာစက္ကေ - အာဏာတော်ဟူသော စက်ဘီး၌၊ ပဟာရံ - ပုတ်ခတ်ခြင်းကို၊ အဒါသိ - ပေးပြီ၊ [အာဏာစက္ကေတိ ပဌမပါရာဇိက သိက္ခာပဒ သံဝဏ္ဏနာယံ "အပြိယ္မစရိယံ ပဟာယာ"တိ အာဒိဒေသနာသင်္ခါတေစ အာဏာစက္ကေ။] တေန- ကြောင့်၊ တထာဟံ၊ပေ၊အာဇာနာမီတိ အာဒိ- အစရှိသော၊ (ယံ ဝစနံ-သည်၊ အတ္ထိ၊ တံ ဝစနံ-ကို၊ အရိဋ္ဌော-သည်၊) အာဟ-ပြီ။

အဋ္ဌိကင်္ကလူပမာတိ အာဒိမှိ-အစရှိသော ပါဠိရပ်၌၊ (အတ္တော ဧဝံ ဝေဒိတဗ္ဗော၊) အပ္ပဿာဒဋ္ဌေန - အနည်းငယ်သာ သာယာဘွယ် ရှိသည်၏ အဖြစ်ဟူသော အနက်သဘောကြောင့်၊ အဋ္ဌိကင်္ကလူပမာ-အသားမစပ်အညီကပ်၍၊ ခွေးဝတ် မလွှတ်ရက်နိုင်သော အရိုးစုဟူသော ဥပမာရှိကြကုန်၏၊ ဗဟုသာဓာ ရဏဋ္ဌေန-များစွာသောသတ္တဝါတို့နှင့် ဆက်ဆံနေသည်၏ အဖြစ်ဟူသော အနက် သဘောကြောင့်၊ မံသပေသူပမာ- ကျီးများဘောင်တွင်, တကောင်ရလစ် , ဝိုင်း အော်ဟစ်သည့် , အသားတစ် ဟူသော ဥပမာရှိကြကုန်၏၊ အနုဒဟနဋ္ဌေန-

× × × × × × × × ×

အဖြစ်မရှိ ဟု ယူဆလေ၏၊ ဤသို့ ယူဆသည့်အတွက် ဗုဒ္ဓမြတ်စွာ၏ သဗ္ဗညုတဉာဏ် တော်ကို ဆန့်ကျင်ဘက် အပြိုင်ပြုရာ ရောက်သည်။ [ သဗ္ဗညုတညာဏေန သဒ္ဓိံ ပဋိ ဝိရုဇ္ဈန္တော၊တိ–သာဝဇ္ဇံတိ ဒိဋ္ဌံ အနဝဇ္ဇံ့ ဂဟဏေန တေန သဟ ပဋိဝိရုဇ္ဈန္တော။]

**အဋ္ဌိကင်္ကလူပမာ။** ။ဝိဂတမံသာယ ဟိ အဋ္ဌိသင်္ခလိကာယ ကေဋ္ဌိမှိဝါ ကင်္ကလ သဒ္ဒေါ နိရုဠ္ဌော=ကင်္ကလသဒ္ဒါသည် အသားမရှိသော အရိုးဆက်၌၎င်း အရိုးတချောင်း တည်း၌၎င်း ထင်ရှားသော အထင်ရှဋ္ဌီသဒ္ဒါတည်း၊ အဋ္ဌိဧဝ+ကင်္ကလံ အဋ္ဌိကင်္ကလံ– အသားမရှိသောအရိုး, အရိုးဆက်၊ အဋ္ဌိကင်္ကလံ+ဥပမာ ယေသံတိ အဋ္ဌိကင်္ကလူပမာ။ [အပ္ပ•ဿာဒ=အပ္ပ+အဿာဒ။]

ခွေးသတ် သမားတို့သည် အသားကို ခွါ၍ အရိုးချည်းသာ ကျန်နေသော ညှီစို့စို့ အနံ့လောက်သာ ရှိသော အရိုးကို ပစ်ထားကြ၏၊ ထို အရိုးကို ဝတ်နေသော ခွေးပိန် ကလေး တွေ့သောအခါ သွားရည် တမြားမြားကျလျက် ခဲ၍ရှာလေ၏၊ အရိုးချည်းသာ ဖြစ်သော်လည်း အညှီနံ့ကလေးရှိနေသေး၍ ခွေးပိန်ကလေးသည် မပစ်ရက်ရှာ၊ ပို၍ ကောင်းသော အရသာ ရနိုးရနိုးနှင့် ခဲ၍သာ နေရှာသည်၊ ထို့အတူ ကာမဂုဏ် အာရုံ တို့သည် မေထုန်အတွေ့ပင် ဖြစ်သော်လည်း အညှီနံ့ရသော ခွေး၏ မြော်လင့်ချက်မျိုး ဖြင့် တိုး၍ အရသာပေါ်နိုးနိုးသာရှိ၏၊တကယ်ကား အရသာမတိုးလာချေ၊ထို့ကြောင့် ကာမဂုဏ်သည် ခွေးပိန်ကလေး မလွှတ်နိုင်သော အရိုးနှင့် တူလှလေ၏။

**မံသပေသူပမာ။** ။ကျီးတကောင်သည် အသားတုံးတခုကို ရ၍၊ အခြားကျီး တို့ကား ထိုကျီးကို ဝိုင်း၍ ထိုးကြကုန်၏၊ ကာမဂုဏ်တို့လည်း ထို ကာမဂုဏ်ရနေသူကို ဝိုင်း၍ လုယူလိုကြသောကြောင့် အသားတုံး အသားတစ်နှင့် တူကြလေသည်။

**အနုဒဟနဋ္ဌေန။** ။အနုပါယပတိပတ္တိယာ (ဤဘဝ နောင်ဘဝ ကြီးပွားကြောင်း မဟုတ်သော အကျင့်အားဖြင့်) သမ္ပတိအာယတိဥ (ယခုဘဝ၌၎င်း, နောင်ဘဝ၌၎င်း)

အစဉ်အတိုင်း လောင်တတ်သည်၏ အဖြစ်ဟူသော အနက်ကြောင့်၊ တိဏုက္ကူပမာ - လေတင် လှည့်ဆောင်, လက်ထိလောင်သည့်, တန်ဆောင်မြက်မီးရှူး ဟူသော ဥပမာရှိကြကုန်၏၊ မဟာဘိတာပနဋ္ဌေန-ကြီးကျယ်စွာပူလောင်စေတတ်သည်၏ အဖြစ်ဟူသော အနက်သဘောကြောင့်၊ အင်္ဂါရကာသူပမာ-မီးကျီးတွင်း ဟူသော ဥပမာရှိကြကုန်၏၊ ဣတ္တရပစ္စုပဋ္ဌာနဋ္ဌေန— တိုတောင့်လှစွာ, ခဏသာ လျှင်,ထင်လာကုန်သည်၏အဖြစ်ဟူသောအနက်သဘောကြောင့်၊ သုပိနကူပမာ-စားရဇယောင်ယောင်, သောံရယောင်ယောင်, နတ်လှည့်ဆောင်သည့်, သန်းခေါင် အိပ်မက်ဟူသော ဥပမာရှိကြကုန်၏၊ တာဝကာလိကဋ္ဌေန - အခိုက် အတန့်မျှ သုံးစွဲရသည်၏အဖြစ်ဟူသော အနက်သဘောကြောင့်၊ ယာစိတကူပမာ-ငှါးရမ်း ယူငင်, ပွဲသဘင်၌, ဝတ်ဆင် ခဏ,သုံးဆောင် ရသော ဥစ္စာဟူသော ဥပမာရှိကြ

× × × × × × × ×

အနုဒဟနဋ္ဌေန ( အတ္တာနုဝါဒဘေး ပရာနုဝါဒဘေး ဒဏ္ဍဘေး တို့ဖြင့် ယခုဘဝ၌ လောင်တတ်, ဒုဂ္ဂတိဘေးတို့ဖြင့် နောင်ဘဝ၌ လောင်တတ်သောသဘောကြောင့်)။

**တိဏုက္ကူပမာ**။ ။မြက်ဆုပ်ကို မီးရှို့၍ ညဉ့်မှောင်တုန်းဝယ် လေးဘက်သို့လှည့်ကာ မီးရှူးမီးတိုင် လုပ်၍ ယူသွားသူ၏ လက်ကို ထို မြက်မီးရှူးက လောင်သကဲ့သို့ ကာမဂုဏ်မီးတိုင်ကို ကိုင်ထားသူအားလည်း ထိုကာမဂုဏ်က လောင်တတ်လေရကား ကာမဂုဏ်တို့သည် မြက်မီးရှူးနှင့် တူလှကုန်၏။

**အင်္ဂါရကာသူပမာ**။ [မဟာဘိတာပနဋ္ဌေနာတိ အနဝဋ္ဌိတသဘာဝတာယ။] သက်မဲ့ပစ္စည်း ဖြစ်စေ သက်ရှိ သား လင်ခင်ပွန်း ဇနီးဖြစ်စေ မိမိအထံ၌ အမြဲမတည်၍ တခြားလက်သို့ရောက်သွားလျှင် သို့မဟုတ် သေကြေပျက်စီးသွားလျှင် အလွန်အမင်း သောကဖြစ်ကြရသောကြောင့် ကာမဂုဏ်အာရုံတို့သည် အလွန်ပူသော မီးကျီးတွင်းနှင့် တူကြလေ၏။

**သုပိနကူပမာ**။ ။[ ဣတ္တရသဒ္ဒါသည် မုဟုတ္တ ( တမုဟုတ်, တခဏ) အနက်ကို ဟော၏။] အိပ်မက်မက်ရာ၌ တကယ်ပင် စားရ ဝတ်ရ မြင်ရ တွေ့ရသည် ဟု မြင်မက်သော်လည်း အိပ်ရာမှ နိုးလာသောအခါ ဘာမျှ မဟုတ်တော့၊ ထို့အတူ ကာမဂုဏ် တို့သည် ကြည့်တုန်း ကြားတုန်း ခံစားတုန်း ခဏကလေးမျှ မက်လိုက်ရ သော်လည်း ပြီးလျှင် ဘာမျှမရှိတော့၊ ထို့ကြောင့် ကာမဂုဏ်တို့သည် အိပ်မက်နှင့်တူကြကုန်၏။

**ယာစိတကူပမာ**။ ။လူတယောက်သည် သူတပါး၏ ယာဉ်ရထား မော်တော်ကားကိုငှါး၍, ငှါးရမ်းထားသော လက်ဝတ်တန်ဆာတို့ကို ဆင်ပြင်ကာ ပွဲသဘင်သို့ ထွက်လာရာ၏၊ ဘေးကမြင်သူ လူအများကလည်း တကယ်ချမ်းသာသော စည်းစိမ်ရှင်ကြီး ဟု ထင်မှားကုန် ရာ၏၊ ထိုကဲ့သို့ သူတပါး အထင်မှားအောင် ဝါကြွား၍ နေစဉ် ဥစ္စာရှင်တို့သည် သူတို့၏ဥစ္စာကို ပြန်၍ယူသောအခါ ထိုအငှါးဖြင့် ကြွားနေသူအတွက် အလွန် စိတ်မကောင်း ဖြစ်ရသကဲ့သို့ ကာမဂုဏ် အာရုံများလည်း ကိုယ်ပိုင် အစစ် မဟုတ်ကြ, ရန်သူ အမျိုးမျိုးကြောင့် ပျက်စီးတတ်ရကား ငှါးရမ်းထားသော ပစ္စည်း များနှင့် အလားတူကြကုန်၏။ [တာဝကာလိကဋ္ဌေန—ပရေဟိ အဘိဘဝနီယတာယ-ရေ မီး မင်းစသူတို့က လွှမ်းမိုးအပ်သဖြင့် ငှါးရမ်းအပ်သော ပစ္စည်းကဲ့သို့ဖြစ်၏။]

ကုန်၏၊ သဗ္ဗဂ်ပစ္စဂ်ပလိဘဥ္စနဋ္ဌေန - အလုံးစုံသော အင်္ဂါကြီးငယ်ကို ချိုးဖျက်ကြောင်း၏ အဖြစ်ဟူသော အနက်သဘောကြောင့်၊ ရုက္ခဖလူပမာ – အခက်အရွက်, ထွားထွားညက်အောင်,ခုတ်ဖြတ်ယူငင်,အသီးသီးသော သစ်ပင်ဟူသော ဥပမာရှိကြကုန်၏၊ အမိကုဋ္ဌနဋ္ဌေန - ဖြတ်တောက် ခုတ်စင်းရာ၏ အဖြစ်ဟူသော အနက်သဘောကြောင့်၊ အသိသူနူပမာ - သန်လျက်ဝင်းဝင်း, သားတစ်မြှင်းတို့, စင်းတီတုံးဟူသော ဥပမာရှိကြကုန်၏၊ [အသိ-သန်လျက်+ သူနာ-စင်းတီတုံး။] ဝိနိဝိဇ္ဈနဋ္ဌေန–လျှိုထွင်း ထိုးဖေါက်တတ်သည်၏အဖြစ်ဟူသောအနက်သဘောကြောင့်၊ သတ္တိသူလူပမာ - လှံမတံကျင် ဟူသော ဥပမာရှိကြ ကုန်၏၊ သာသက်သပ္ပဋိဘယဋ္ဌေန – ရှုံ့ရှားဘွယ်နှင့် တကွ, ဘေးရန်နှင့်တကွ ဖြစ်သည်၏ အဖြစ်ဟူသောအနက်သဘောကြောင့်၊ သပ္ပသိရူပမာ-အဆိပ်ထန်သောမြွေ၏ ဦးခေါင်းဟူသော ဥပမာရှိကြကုန်၏၊ ဣတိ အယံ - ဤ ဆိုအပ်ပြီးကား၊ ဧတ္ထ- ဤသမန္တ

× × × × × × ×

**သဗ္ဗဂ်၊ပေ၊နဋ္ဌေန။** ။ဆေဒနဘေဒနာဒိ အမိကရဏဘာဝေန–ဖြတ်ခြင်း ခွဲခြင်း စသည်တို့၏ တည်ရာ အဖြစ်ဖြင့် ( အဖြတ်ခံရ အခွဲခံရခြင်း စသည်ဖြင့် )၊ သဗ္ဗဂ်ပစ္စင်ပလိဘဥ္စန–အလုံးစုံသော အင်္ဂါကြီးငယ်တို့ကို ဖျက်ချိုးကြောင်းဖြစ်သည်။

**ရုက္ခဖလူပမာ။** ။အသီးရှိသောသစ်ပင်ကို ရုက္ခဖလဟု ခေါ်၏၊ လူတယောက်သည် အသီးကိုလို၍ အပင်ပေါ်သို့တက်နေစဉ်, အခြားတယောက်လည်း ဒါးမကြီးကိုကိုင်၍ ထိုအပင်အောက်သို့ရောက်လာ၏၊ ထိုသူသည် အပင်ပေါ်သို့မတက်နိုင်ရကား အမြစ်က ခုတ်လှဲနေ၏၊ ထိုအချိန်၌ အထက်ကလူသည် မြန်မြန်ဆင်းလျှင် ဆင်းရော့, မဆင်းလျှင် သစ်ပင်လဲသောအခါ လက်ခြေအင်္ဂါတို့ ကျိုးပျက်ကုန်ရာသကဲ့သို့ ကာမဂုဏ်တို့လည်း သူတပါးက လိုလားသည့်အတွက် ဥစ္စာရှင်မှာ ပျက်စီးစရာများရကား အသီးရှိသော သစ်ပင်နှင့် တူလှကုန်၏။

**အသိသူနူပမာ။** ။ကာမဂုဏ်အာရုံတို့သည် (အသားတင်၍ခုတ်စင်းရာ)စင်းတီတုံးနှင့် တူကုန်၏၊ ကိလေသာတို့ကား သန်လျက်နှင့်တူကုန်၏၊ ကာမဂုဏ်အာရုံပေါ်၌ ကိလေသာကို ခံစားရကား ကာမဂုဏ်အာရုံတို့သည် သန်လျက်ဖြင့်ခုတ်စင်းရာ စင်းတီတုံးနှင့် တူကြလေသည်။

**သတ္တိသူလူပမာ။** ။ လှံတံကျင်သည် အနာမရှိသော အရပ်ကို အနာပေါက်ဖြစ်အောင် ပြုလျက် အထည်းသို့စိုက်ဝင်သကဲ့သို့, ကာမဂုဏ်အာရုံတို့လည်း ဒုက္ခမရှိသူကို ဒုက္ခဖြစ်အောင်ပြုလျက် သောကပရိဒေဝ စသည်တိုင်အောင် အတွင်းစိုက်သောကြောင့် လှံတံကျင်နှင့် ဥပမာတူကြလေသည်။

**သပ္ပသိရူပမာ။** ။ မြွေပွေး မြွေဟောက်တို့၏ တကိုယ်လုံးတွင် ဦးခေါင်းသည် ကြောက်ရွံ့စရာ အကောင်းဆုံး ဖြစ်၏၊ ကာမဂုဏ် အာရုံတို့သည် ဒုက္ခ အမျိုးမျိုးကို ပေးတတ်ရကား ပညာရှိ သူတော်စင်တို့၏ အမြင်အားဖြင့် မြွေပွေး မြွေဟောက်တို့၏ ဦးခေါင်းပမာ အလွန်ရွံ့စရာ ကြောက်စရာဖြစ်ကြလေသည်။ [မဇ္ဈိမပံ, ဂဟပတိဝဂ္ဂ, ပေါတလိသုတ် စသည်မှယူသည်။]

ပါသာဒိကာ မည်သော ဝိနည်းအဋ္ဌကထာ၌၊ သင်္ခေပေါ — အကျဉ်းချုပ်တည်း၊ ဝိတ္ထာရတောပန- အကြွယ်ကိုကား၊ ပပဉ္စသူဒနိယံ - ပပဉ္စသူဒနီမည်သော၊ မဇ္ဈိမဋ္ဌကထာယံ—မဇ္ဈိမနိကာယ်အဋ္ဌကထာ၌၊ ဂဟေတဗ္ဗော- ယူထိုက်၏၊ စေဝံဗျာခေါတိ- ကား၊ စေဝံ-ဤသို့၊ (အာဇာနာမိ)ဝိယ- သိသကဲ့သို့ရှိပါ၏၊ ဝါ- သိသလိုလို ရှိပါ၏၊ သေသံပေ၊ ဒုက္ကဋဝေဒနန္တိ॥....အရိဋ္ဌသိက္ခာပဒံ အဋ္ဌမံ॥

## ဥက္ကိဋ္ဌသမ္မောဂသိက္ခာပုဒ်

နဝမေ- ၌၊ အကတာနုဓမ္မေနာတိ(တွေ)- ၌၊ အာပတ္တိယာ— အာပတ်ကို၊ အဒဿနေဝါ- မရှုခြင်းကြောင့်သော်၎င်း၊ အပ္ပဋိကမ္မေဝါ-မကုစားခြင်းကြောင့်သော်၎င်း၊ ပါပိကာယ - ယုတ်မာသော၊ ဒိဋ္ဌိယာ - အယူကို၊ အပ္ပဋိနိဿဂ္ဂေဝါ-မစွန့်ခြင်းကြောင့်သော်၎င်း၊ ဓမ္မေန-ဟုတ်မှန်သောဝတ္ထုဖြင့်၊ ဝိနယေန-စောဒနာသာရဏာ ဝိနည်းဖြင့်၊ သတ္ထုသာသနေန — မြတ်စွာဘုရား၏ အဆုံးအမတော်ဖြစ်သော ဥတ်ကမ္မဝါစာဖြင့်၊ ဥက္ကိတ္တကဿ-နှင်ထုတ်အပ်ပြီးသောရဟန်းကို၊ (ဩသာရဏာ-၌စပ်၊) ဝါ-၏၊ (အနုလောမဝတ္တံ-၌စပ်၊) အနုလောမဝတ္တံ-ဥက္ကိတ္တကကံအားလျော်သော ကျင့်ဝတ်ကို၊ ဒိသွာ-မြင်၍၊ ကတာ-ပြုအပ်သော၊ ဩသာရဏာ-သံဃဘောင်သို့ သွင်းခြင်းကို၊ အနုဓမ္မော- အနုဓမ္မဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏၊ ယဿ - အကြင်ရဟန်း၏ ( အပေါ်၌၊ ) ဩသာရဏာသင်္ခါတော-သံဃဘောင်သို့သွင်းခြင်း ဟု ဆိုအပ်သော၊ သော အနုဓမ္မော – ထို အနုဓမ္မကို၊ န ကတော-မပြုအပ်၊ အယံ— ဤရဟန်းသည်၊ အကတာနုဓမ္မောနာမ - မည်၏၊ တာဒိသေန-ထိုကဲ့သို့ရှုအပ်သော ရဟန်းနှင့်၊ သဒ္ဓိံ-တကွ၊ ဣတိအတ္ထော-နက်၊ တေနေဝ-ကြောင့်ပင်၊ အဿ-ထိုအကတာနုဓမ္မေနဟူသောပုဒ်၏၊ပဒဘာဇနေ-၌၊ အကတာနုဓမ္မောနာမ ၊ပေ၊ သာရိတောတိ– ဟူ၍၊ (ဘဂဝတာ) ဝုတ္တံ- ပြီ၊ ဒေတိဝါ ပဋိဂ္ဂဏှာတိဝါတိ-ကား၊ ဧကပဒယောဂေန-ဖြင့်၊ ဗဟုမ္ပိ-များစွာသော အာမိသကိုလည်း၊ ဒဒတောဝါ—ပေးသောရဟန်း၏သော်၎င်း၊ ဂဏှတောဝါ-ယူသောရဟန်း၏သော်၎င်း၊ ကော ပါစိတ္တိယံ(ဟောတိ၊) ဝိစ္ဆိန္ဒိတွာ ဝိစ္ဆိန္ဒိတွာ-ပေးခြင်း ယူခြင်းကြိယာကို ဖြတ်၍ဖြတ်၍၊ ဒေန္တဿစ - ပေးသောရဟန်း၏သော်၎င်း၊ ဂဏှန္တဿစ— ယူသောရဟန်း၏သော်၎င်း၊ ပယောဂဂဏနာယ ပါစိတ္တိယာနိ(ဟောန္တိ၊)သေသံပေ၊တိဝေဒနန္တိ॥....ဥက္ကိတ္တသမ္မောဂသိက္ခာပဒံ နဝမံ॥

× × × × × × ×

**အနုဓမ္မော ॥** ॥ ဩသာရဏာသင်္ခါတောဖြင့် အနုဓမ္မ၏ သရုပ်ကို ပြသည်၊ အနုရူပေါ–ဥက္ခေပနီယကံအားလျော်သော၊ ဓမ္မော-ဩသာရဏာကံဟူသော ဝိနည်းတရားတည်း၊ အနုဓမ္မော – တရား၊ ယောဇနာ ၌ကား “ အနုလောမဝတ္တံနှင့်တကွ ကတာ ဩသာရဏာသည် အနုဓမ္မ၏ သရုပ်ပြ ”ဟု ဆိုလေသည်။

## ကဏ္ဍက သိက္ခာပုဒ်

ဒသမေ-၌၊ ဒိဋ္ဌိဂတံ ဥပ္ပန္နန္တိ-ကား၊ အရိဋ္ဌဿဝိယ-အရိဋ္ဌ၏ကဲ့သို့၊ တေဿာပိ-ဤကဏ္ဍက၏လည်း၊ အယောနိသော-မသင့်သောအကြောင်းအားဖြင့်၊ ဥမ္မုဇ္ဇန္တဿ-ဖေါ်စဉ်၊ ဝါ-တွေးတော ကြံစည်စဉ်၊ [''ဥမ္မဇ္ဇန္တဿ- ပွတ်တိုက် ကြံစည်စဉ်"ဟုလည်း ရှိ၏။] (ဒိဋ္ဌိဂတံ မိစ္ဆာအယူသည်၊) ဥပ္ပန္နံ-ဖြစ်သည်၊ (ဟောတိ)၊ နာသေတူတိဧတ္ထ- ၌၊ နာသနာ—နာသနာတို့သည်၊ သံဝါသနာသနာ—သံဝါသနာသနာဂုဏ်း၊ လိင်္ဂနာသနာ-ဂုဏ်း၊ ဒဏ္ဍကမ္မနာသနာ-ဂုဏ်း၊ ဣတိ-သို့၊ တိဝိဓာ-၃ ပါး အပြားရှိကုန်၏၊ တတ္ထ— ထို ၃ ပါးတို့တွင်၊ အာပတ္တိယာ - အာပတ်ကို၊ အဒဿနာဒိသု-မရှုခြင်းအစရှိသောအကြောင်းတို့ကြောင့်၊ ဥက္ခေပနာ-နှင်ထုတ်ခြင်းသည်၊ သံဝါသနာသနာ နာမ — နာမည်၏၊ ဝါ— ကံကြီး ကံငယ်ဟူသော သံဝါသကို ဖျက်ဆီးခြင်းမည်၏၊ ဒူသကော— ဖျက်ဆီးတတ်သော သာမဏေကို၊ နာသေတဗ္ဗော - ပျက်စီးစေထိုက်၏၊ ဝါ— အသွင်ကိုဖျက် လူထွက်စေထိုက်၏၊ မေတ္တိယံ- မေတ္တိယာမည်သော၊ ဘိက္ခုနိံ - ကို၊ နာသေထ — ပျက်စီးစေကြကုန်လော၊ ဝါ - အသွင်ကိုဖျက် လူထွက်စေကြကုန်လော၊ ဣတိအယံ-ဤ ဖျက်ဆီးခြင်းသည်၊ လိင်္ဂနာသနာနာမ - မည်၏၊ ဝါ - အသွင်ကိုဖျက်ခြင်း မည်၏၊ အဇ္ဇတဂ္ဂေ၊ပေ၊ အပဒိသိတဗ္ဗောတိ- ဟူသော၊ အယံ-ဤဖျက်ဆီးခြင်းသည်၊ ဒဏ္ဍကမ္မနာသနာနာမ- မည်၏၊ ဝါ- ဒဏ်ပေးမှုဟူသော ဖျက်ဆီးခြင်းမည်၏၊ အယံ-ဤ ဒဏ္ဍကမ္မနာသနာကို၊ ဣဓ-ဤသိက္ခာပုဒ်၌၊ အဓိပ္ပေတာ-အလိုရှိအပ်၏၊ တေန-ထို့ကြောင့်၊ ဝေဒ္ဓ၊ပေ၊ ဝိနဿာတိ- ဟူ၍၊ (ဘဂဝါ) အာဟ—မိန့်တော်မူပြီ၊

တတ္ထ - ထို ဝေဒ္ဓပန ဘိက္ခဝေ အစရှိသောပါဠိရပ်၌၊ စရာတိ-ကား၊ ဂစ္ဆ—သွားတော့၊ ပိရေတိ - ကား၊ ပရ- ဟဲ့ သာသနာတော်၌ အပဖြစ်သူ၊ အမာမက-ရတနာ ၃ ပါးကို မမြတ်နိုးသူ၊ ဝိနဿာတိ - ကား၊ နဿ - ပျက်စီးလေတော့၊ ယတ္ထ-အကြင်အရပ်၌၊ တေ-သင့်ကို၊[ဥပယောဂတွေ့ သာမိဝစနံ၊ ကန်ါ၌ တံဟုရှိ၏။] နပဿာမ- ငါတို့ မမြင်ကြရကုန်၊ တတ္ထ- ထိုအရပ်သို့၊ ဂစ္ဆ- သွားတော့၊ ဣတိ-ဤကား အဓိပ္ပါယ်နက်၊ [ စရ, ပိရေပုဒ်တို့၏အဓိပ္ပါယ်ကို ကန်ါဘာသာဋီကာ၌ပြထားပြီ။] ဥပလာပေယျာတိ- ကား၊ သင်္ဂဏှေယျ-ချီမြှောက်အံ့၊ ဥပဋ္ဌာပေယျာတိ - ကား၊ တေန - ထို သာမဏေသည်၊ ( ခါတ်ကတ္တား၊ ) ဝါ - ကို၊ (ကာရိတ်ကံ၊) အတ္တနော - မိမိအား၊ ဥပဋ္ဌာနံ - လုပ်ကျွေးမှုကို၊ ကာရာပေယျ-ပြုစေအံ့၊ သေသံ၊ပေ၊ သမုဋ္ဌာနာဒီဟိတိ။....ကဏ္ဍကသိက္ခာပဒံ ဒသမံ။....

သမတ္တော ဝဏ္ဏနက္ကမေန သပ္ပါဏကဝဂ္ဂေါ သတ္တမော။

**သပ္ပါဏကဝဂ် ပြီး၏။**

## သဟာဓမ္မိကဝဂ်

### သဟာဓမ္မိက သိက္ခာပုဒ်

သဟာဓမ္မိကဝဂ္ဂဿ-၏၊ ပဌမသိက္ခာပဒေ-၌၊ တေသ္မိံ သိက္ခာပဒေတိ-ကား၊ တေသ္မိံ သိက္ခာပဒေ-၌၊ ယံ-အကြင် ကျင့်ဝတ်ကို၊ (တုမ္ဟေဟိ- သင်တို့သည်၊ ) ဝုတ္တံ-ပြောဆိုအပ်ပြီ၊ တံ-ထိုကျင့်ဝတ်ကို၊(ဘူတဂါမ သိက္ခာပုဒ်၌''ဘူတဂါမ်ကို မဖျက်အပ်" စသည်ဖြင့် မိန့်တော်မူအပ်သော အကျင့်များကို၊ ) နတာဝ သိက္ခိဿာမိ-ကျင့်လိမ့်ဦးမည် မဟုတ်၊ ပန-ဆက်၊ အာပတ္တိ ပါစိတ္တိယဿာတိ တွေ-၌၊ ဝါစာယဝါစာယ - စကားခွန်းတိုင်း စကားခွန်းတိုင်း၌၊ အာပတ္တိ – ကို၊ ဝေဒိတဗ္ဗာ-ထိုက်၏၊ သိက္ခမာနေန၊ပေ၊ ဘိက္ခုနာတိ- ကား၊ ပြဝါဒံ - အဆုံးအမကို၊ သိရသာ-ဦးခေါင်းဖြင့်၊ သမ္ပဋိစ္ဆိတွာ- ခံယူ၍၊ သိက္ခိတုကာမေနေဝ-ကျင့်လိုသည်သာလျှင်၊ ဟုတွာ- ၍၊ အာဇာနိတဗ္ဗန္တေဝ - သိလည်း သိထိုက်၏၊ ဝါ–မသိ, သိအောင်လည်း ပြုထိုက်၏၊ ပုစ္ဆိတဗ္ဗန္တ–မသိလျှင်လည်း မေးထိုက်၏၊ ဥပပရိက္ခိတဗ္ဗန္တ - မေးမြန်းပြီးနေ၍ စူးစမ်းနှိုင်းချိန်လည်း စူးစမ်းနှိုင်းချိန်ထိုက်၏၊ သေသံ၊ပေ၊ဥတ္တာနမေဝ၊ပေ၊ဒုက္ခဝေဒနန္တိ။....သဟာဓမ္မိကသိက္ခာပဒံ ပဌမံ။

---

## ဝိလေခနသိက္ခာပုဒ်

ဒုတိယေ-၌၊ ဝိနယကထံ ကထေတီတိ-ကား၊ ကပ္ပိယာ၊ပေ၊သံယုတ္တကထာ-အပ်သော အကြောင်းအရာ,မအပ်သော အကြောင်းအရာ, အာပတ်, အနာပတ်, စောင့်စည်းကြောင်းတရား , ပယ်ကြောင်းတရားနှင့် စပ်ယှဉ်သော စကားသည်၊ ဝိနယကထာနာမ-မည်၏၊ တံ-ထိုဝိနည်းနှင့်စပ်ယှဉ်သောစကားကို၊ ကထေတိ-ဟောတော်မူ၏၊ [ဝိနယေန+ ပဋိသံယုတ္တာ + ကထာ ဝိနယကထာ။]ဝိနယဿ ဝဏ္ဏံ ဘာသတီတိ-ကား၊ ပဉ္စန္နံ-၅ ပါးကုန်သော၊ အာပတ္တိက္ခန္ဓာနမ္ပိ - အာပတ်အစုတို့၏ရင်း၊ သတ္တန္နံ-ကုန်သော၊ အာပတ္တိက္ခန္ဓာနမ္ပိ-တို့၏ရင်း၊ ဝသေန-အပြားအားဖြင့်၊ မာတိကံ–မာတိကာကို၊ နိက္ခိပိတွာ-ထားတော်မူ၍၊ ပဒဘာဇနေန-ပုဒ်တို့ကို အကျယ်ဝေဘန်ကြောင်းပဒဘာဇနီအားဖြင့်၊ ဝဏ္ဏနာ-ဖွင့်ခြင်းသည်၊ ဝိနယဿဝဏ္ဏောနာမ-ဝိနယဿဝဏ္ဏမည်၏၊ တံ-ထိုအကျယ်ဝေဘန်ကြောင်း ပဒဘာဇနီကို၊ ဘာသတိ - ဟောတော်မူ၏၊ [ ဤ၌ ဝဏ္ဏသဒ္ဒါသည် ဝိတ္ထာရ အနက်ကို ဟောသည်။] ဝိနယပရိယတ္တိယာ ဝဏ္ဏံ ဘာသတီတိ- ကား၊ ဝိနယံ-ဝိနည်းပိဋကကို၊ ပရိယာပုဏန္တာနံ- သင်ယူကုန်သော ပုဂ္ဂိုလ်တို့၏၊ ဝိနယပရိယတ္တိမူလကံ - ဝိနည်းပိဋကကို သင်ယူခြင်းလျှင် အကြောင်းရင်း ရှိသော၊ ဝဏ္ဏံ-ဂုဏ်ကျေးဇူးကို၊ ဂုဏံ- ဂုဏ်ကျေးဇူးကို၊ အာနိသံသံ-အာနိသင်ကို၊ ဘာသတိ–ဟောတော်မူ၏၊[ဝဏ္ဏံ-ကို''ဂုဏံ အာနိသံသံ''ဟု ဖွင့်သည်၊ ဤဝဏ္ဏသဒ္ဒါသည်

ဂုဏအနက်ကို ဟော၏။ ] ဟိ - မှန်၊ ဝိနယဓရော - ဝိနည်းဓိုရ် ပုဂ္ဂိုလ်သည်၊ ဝိနယပရိယတ္တိမူလကေ - ဝိနည်း ပိဋကတ်ကို သင်ယူခြင်းလျှင် အကြောင်းရင်း ရှိကုန်သော၊ ပဉ္စ—၅ ပါးကုန်သော၊ အာနိသံသေ - အာနိသင်တို့ကိုဂင်း ၊ ပေ ၊ ကောဒသ- ၁၁ ပါးကုန်သော၊ အာနိသံသေစ-အာနိသင်တို့ကိုဂင်း၊ လဘတိ– ရနိုင်၏၊ တေသဗ္ဗေ- ထို အလုံးစုံသော အာနိသင်တို့ကို၊ ဘာသတိ- ဟောတော်မူ၏၊ ဣတိ အတ္ထော၊ ပဉ္စ-ကုန်သော၊ ကတမေ အာနိသံသေ-အဘယ် အာနိသင် တို့ကို၊ လဘတိ-ရနိုင်သနည်း၊ ဣတိ-ဤကားအမေးတည်း၊ အတ္တနော သီလက္ခန္ဓ သုဂုတ္တိအာဒိကေ—အတ္တနော သီလက္ခန္ဓသုဂုတ္တိ အစရှိကုန်သော၊ (ပဉ္စ, အာနိ သံသေ, လဘတိ-နိုင်၏၊) ဟိ- သာဓကကား၊ ပဋ္ဌမေ၊ပေ၊ ဟောတီတိ- ဟူသော၊ တေံ - ဤပါဠိတော်ကို၊ ( ဘဂဝတာ ) ဝုတ္တံ - ဟောတော်မူအပ်ပြီ၊ [ ဘိက္ခဝေ- တို့၊ ဝိနယဓရေ-ဝိနည်းကို ဆောင်သော၊ ပုဂ္ဂလေ- ပုဂ္ဂိုလ်၌၊ ဝါ—၏၊ အာနိ သံသာ-တို့သည်၊ ဣမေ ပဉ္စ-ဤ ၅ ပါးတို့တည်း၊ အတ္တနော-၏၊ ဝါ-သည်၊ သီလ က္ခန္ဓော- သီလဂုဏ်သည်၊ ဝါ—ကို၊ သုဂုတ္တော -ကောင်းစွာ လုံခြုံစေအပ်သည်၊ သုရက္ခိတော-ကောင်းစွာ စောင့်ရှောက်အပ်သည်၊ ဟောတိ၊ ကုက္ကုစ္စာပကတာ နံ- ကုက္ကုစ္စသည် ပင်ကိုယ်သဘောမှ ကင်းအောင်ပြုအပ်ကုန်သော ရဟန်းတို့၏၊ ဝါ - ကုက္ကုစ္စသည် နှိပ်စက်အပ်ကုန်သော ရဟန်းတို့၏၊ ပဋိသရဏံ—လည်း လျှောင်းရာသည်၊ ဟောတိ - ၏၊ ဝိသာရဒေါ— ကင်းသော ရွံ့ရှားခြင်း ရှိသည်၊ ဝါ-ရွံ့ရှားခြင်းကင်း ရဲတင်းသည်၊(ဟုတွာ) သံဃမဇ္ဈေ-၌၊ ဝေါဟရတိ-ပြောဆို နိုင်၏၊ ပစ္စတ္ထိကေ-ဆန့်ကျင်ဘက်ကို အလိုရှိသော ရဟန်းတို့ကို၊ သဟဓမ္မေန- အကြောင်းနှင့်တကွ၊(ဝိနည်းတော်နှင့်အညီ၊)သုနိဂ္ဂဟိတံ—ကောင်းစွာနှိပ်အပ် သည် မည်လေသံအောင်၊ နိဂ္ဂဏှာတိ—နှိပ်နိုင်၏၊ သဒ္ဓမ္မဋ္ဌိတိယာ-သူတော်ကောင်း တရား၏ တည်တန့်ခြင်းငှါ၊ ပဋိပန္နော-ကျင့်သည်၊ ဟောတိ။]

ကထံ-အဘယ်သို့လျှင်၊ အဿ—ထို ဝိနည်းဓိုရ်ပုဂ္ဂိုလ်၏၊ ဝါ-သည်၊ အတ္တ နော-၏၊ သီလက္ခန္ဓော-သည်၊ ဝါ-ကို၊ သုဂုတ္တော, သုရက္ခိတော,ဟောတိ-နည်း၊ ဣဓ — ဤ သာသနာတော်၌၊ ကေစိ - သော၊ ဘိက္ခု - သည်၊ အာပတ္တိံ -သို့၊ အာပဇ္ဇန္တော -ရော်လသော်၊ အလဇ္ဇိတာ-အရှက်မရှိသည်၏အဖြစ်ကြောင့်ဂင်း၊ အညာဏတာ-မသိတတ်သူ၏အဖြစ်ကြောင့်ဂင်း၊ ကုက္ကုစ္စာပကတတာ-ကုက္ကုစ္စ သည် ပင်ကိုယ်သဘောမှ ကင်းအောင်ပြုအပ်သည်၏ အဖြစ်ကြောင့်ဂင်း၊ ဝါ – ကုက္ကုစ္စ နှိပ်စက်အပ်သည်၏ အဖြစ်ကြောင့်ဂင်း၊ အကပ္ပိယေ-မအပ်သောအရာ၌၊ ကပ္ပိယသညိတာ-အပ်သောအရာဟု အမှတ်ရှိသူ၏အဖြစ်ကြောင့်ဂင်း၊ ကပ္ပိယေ- အပ်သောအရာ၌၊ အကပ္ပိယသညိတာ-မအပ်သောအရာဟု အမှတ်ရှိသူ၏အဖြစ် ကြောင့်ဂင်း၊ သတိသမ္မောသာ – သတိပျောက်ကင်း မေ့လျော့ခြင်းကြောင့်ဂင်း၊ ဆဟိ-ကုန်သော၊ ဣတိ ( ဣမေဟိ ) အာကာရေဟိ- ဤအကြောင်းတို့ကြောင့်၊

အာပဇ္ဇတိ-၏၊ [သတိသမ္မောသာကိုဋင်း, ဆပါ အာကာရေဟိဟူသော အပေါင်းကိုဋင်း ကြည့်၍ အလဇ္ဇိတာ စသည်တို့၌ "အလဇ္ဇိတာယ" ဟု ဆိုလိုလျက် တတိယာဝိဘတ်၏ ကာရိယဖြစ်သော(ယ)ကြေနေသည် ဟု မှတ်ပါ။]

ကထံ– အဘယ်သို့လျှင်၊ အလဇ္ဇိတာယ- ကြောင့်၊ အာပတ္တိံ-သို့၊ အာပဇ္ဇတိ- ရောက်သနည်း၊ အကပ္ပိယဘာဝံ - မအပ်သည်၏ အဖြစ်ကို၊ (မအပ်မှန်းကို၊) ဇာနန္တောယေဝ–သိလျက်ပင်၊ မဒ္ဒိတွာ-ပညတ်တော်ကို နင်းချေ၍၊ ဝီတိက္ကမံ-ကျူးလွန်မှုကို၊ ကရောတိ- ၏၊ (ဧဝံ- လျှင်၊ အလဇ္ဇိတာယ- ကြောင့်၊ အာပတ္တိံ အာပဇ္ဇတိ၊ ဤသို့ နိဂုံးဝါကျရှိလျှင်ကောင်း၏၊ မရှိလျှင်ထည့်ပါ၊ နေ၁်၌ တိုက်ရိုက်ရှိ၏၊) စ–သာ၁ကေကား၊ သဉ္စိစ္စ၊ပေ၊အလဇ္ဇိပုဂ္ဂလောတိ- လော ဟူသော၊ ဧတံ (ဂါထာဝစနံ) - ဤ ဂါထာစကားကို၊ (ဘဂဝတာပိ - မြတ်စွာဘုရားသည် လည်း၊) ဝုတ္တံ- ဟောတော်မူအပ်ပြီ၊ (ပရိဝါပါဠိတော်၌ ဟောတော်မူအပ်ပြီ၊) [သဉ္စိစ္စ - သညာနှင့်တကွ စေတနာဖြင့် စေ့ဆော်၍၊ အာပတ္တိံ - သို့၊ အာပဇ္ဇတိ-၏၊ အာပတ္တိံ-သင့်ရောက်အပ်ပြီးသော အာပတ်ကို၊ ပရိဂူဟတိ- လျှို့ဝှက်ထား၏၊ အဂတိဂမနဉ္စ- အဂတိလိုက်ခြင်းသို့လည်း၊ ဂစ္ဆတိ-ရောက်၏၊ ဧဒိသော-ဤကဲ့သို့ ရှုအပ်သော ပုဂ္ဂိုလ်ကို၊ အလဇ္ဇိပုဂ္ဂလော-အလဇ္ဇိပုဂ္ဂိုလ် ဟူ၍၊ ဝုစ္စတိ-၏။]

ကထံ အညာဏတာယ(အာပတ္တိံ) အာပဇ္ဇတိ-နည်း၊ ဟိ–ချဲ့၊ အညာဏပုဂ္ဂလော-မသိတတ်သောပုဂ္ဂိုလ်သည်၊ မန္ဒော-နုံညံ့သည်၊ မောမူဟော-အလွန်တွေဝေသည်၊ ကတ္တဗ္ဗာကတ္တဗ္ဗံ-ပြုထိုက် မပြုထိုက်သော အမှုကို၊ အဇာနန္တော-မသိသည်၊ (ဟုတွာ-ဖြစ်၍၊ ဝါ- ကြောင့်၊) အကတ္တဗ္ဗံ– မပြုထိုက်သောအမှုကို၊ ကရောတိ- ၏၊ ကတ္တဗ္ဗံ - ပြုထိုက်သောအမှုကို၊ ဝိရာဓေတိ – ချွတ်လွဲစေ၏၊ ဧဝံ အညာဏတာယ (အာပတ္တိံ) အာပဇ္ဇတိ၊ ကထံ ကုက္ကုစ္စပကတတာယ (အာပတ္တိံ)အာပဇ္ဇတိ၊ ကပ္ပိယာကပ္ပိယံ-အပ်သောအရာ,မအပ်သောအရာကို၊ နိဿာယ- မှီ၍၊ ကုက္ကုစ္စေ- ဝိနယကုက္ကုစ္စသည်၊ ဥပ္ပန္နေ–ဖြစ်လသော်၊ ဝိနယဓရံ-ဝိနည်းဓိုရ်ပုဂ္ဂိုလ်ကို၊ ပုစ္ဆိတွာ-မေး၍၊ ကပ္ပိယံ-အပ်သည်၊ စေ(ဟောတိ)- အကယ်၍ဖြစ်အံ့၊ (ဧဝံသတိ)၊ ကတ္တဗ္ဗံ-ပြုထိုက်သည်၊ သိယာ- ဖြစ်၏၊ အကပ္ပိယံ- မအပ်သည်၊ စေ(ဟောတိ)–အံ့၊ (ဧဝံသတိ)၊ နကတ္တဗ္ဗံ–မပြုထိုက်၊ အယံ ပန-ဤကုက္ကုစ္စပကတပုဂ္ဂိုလ်သည်ကား၊ ဝဋ္ဋတိ-အပ်၏၊ ဣတိ-ဤသို့ယူဆ၍၊ မဒ္ဒိတွာ-ပညတ်တော်ကို နင်းချေ၍၊ ဝီတိက္ကမတိယေဝ-ကျူးလွန်သည်သာ ၊ပေ၊ အာပဇ္ဇတိ။

ကထံ အကပ္ပိယေ ကပ္ပိယသညိတာယ (အာပတ္တိံ) အာပဇ္ဇတိ၊ အစ္ဆမံသံ- ဝံသားကို၊ (မအပ်သောအသားကြီး ၁၀ ပါးတွင်ပါဝင်သော ဝံသတ္တဝါ၏အသား ကို၊) သူကရမံသံ – ဝက်သားတည်း၊ ဣတိ – ဤသို့သော အမှတ်သညာဖြင့်၊ ခါဒတိ-ခဲစား၏၊ ဒီပိမံသံ-သစ်၏အသားကို၊ မိဂမံသံ - သမင်သားတည်း၊ ဣတိ-

၍သို့သောအမှတ်သညာဖြင့်၊ ခါဒတိ၊ အကပ္ပိယဘောဇနံ-မအပ်သောဘောဇဉ်ကို၊ ကပ္ပိယဘောဇနံ - အပ်သောဘောဇဉ်တည်း၊ ဣတိ- ဖြင့်၊ ဘုဉ္ဇတိ - စား၏၊ ဝိကာလေ- နေလွဲအခါ၌၊ ကာလသညာယ - စားချိန်အခါဟူသော အမှတ်ဖြင့်၊ ဘုဉ္ဇတိ-၏၊ အကပ္ပိယပါနကံ-မအပ်သောဖျော်ရည်ကို၊ ကပ္ပိယပါနကံ-အပ်သောဖျော်ရည်တည်း၊ ဣတိ - ဖြင့်၊ ပိဝတိ-သောက်၏၊ပေ၊ ကထံ သတိသမ္မောသာယ (အာပတ္တိံ)အာပဇ္ဇတိ-နည်း၊သဟသေယျ၊ပေ၊ ပစ္စယာ-လူသာမဏေစသူနှင့် အတူတကွ အိပ်ခြင်းဟူသော အကြောင်း , တ်စီဝရိက်အဓိဋ္ဌာန် တင်အပ်သော သက်န်းနှင့် ညဉ့်ကင်းနေခြင်းဟူသော အကြောင်း , ဆေးပစ္စည်း သက်န်းပစ္စည်းတို့ကို ဆိုင်ရာကာလ လွန်စေခြင်း ဟူသော အကြောင်းကြောင့်၊ အာပတ္တိံ စ– သို့လည်း၊ သတိသမ္မောသာယ-သတိပျောက်ကင်း မေ့လျော့ခြင်းကြောင့်၊ အာပဇ္ဇတိ-ရောက်၏။

ပန-ကား၊ ဝိနယဓရော-ဝိနည်းမိုရ်ပုဂ္ဂိုလ်သည်၊ ဆဟိ-ကုန်သော၊ ဣမေဟိ အာကာရေဟိ- ကြောင့်၊ အာပတ္တိံ - သို့၊ န အာပဇ္ဇတိ၊ ကထံ - အဘယ်သို့လျှင်၊ လဇ္ဇိတာယ-ရှက်ခြင်းရှိသူ၏ အဖြစ်ကြောင့်၊ န အာပဇ္ဇတိ-မရောက်သနည်း၊ ဟိ-ချဲ့၊ သော-ထို ဝိနည်းမိုရ်ပုဂ္ဂိုလ်သည်၊ ဘော-အရှင်တို့၊ ပဿထ-ကြည့်ကြပါကုန်၊ အယံ-ဤရဟန်းသည်၊ ကပ္ပိယာ ကပ္ပိယံ-အပ်သောအရာ, မအပ်သောအရာကို၊ ဇာနန္တောယေဝ – သိလျက်ပင်၊ ပဏ္ဏတ္တိဝီတိက္ကမံ - ပညတ်တော်ကို ကျူးလွန်ခြင်းကို၊ ကရောတိ – ပြု၏၊ ဣတိ - ဤသို့၊ ဣမံ ပရူပဝါဒံ - ဤ သူတပါးဘို့၏ စွပ်စွဲခြင်းကို၊ ရက္ခန္တောပိ-စောင့်ရှောက်လျက်လည်း၊ (စောင့်ရှောက်ခြင်းကြောင့်လည်း၊) န အာပဇ္ဇတိ-မရောက်၊ ဧဝံ လဇ္ဇိတာယ နာပဇ္ဇတိ၊ သဟသာ- အဆောတလျင်၊ အာပန္နမ္ပိ - သင့်ရောက်အပ်သော အာပတ်ကိုလည်း၊ ဒေသနာဂါမိနိံ- ဒေသနာဂါမိအာပတ်ကို၊ ဒေသေတွာ- ဒေသနာပြော၍ရင်း၊ ဝုဋ္ဌာနဂါမိနိယာ- ဝုဋ္ဌာနဂါမိအာပတ်မှ၊ ဝုဋ္ဌဟိတွာ– ထ၍ရင်း၊ သုဒ္ဓန္တေ–စင်ကြယ်သူ၏အဘို့၌၊ ပတိဋ္ဌာတိ-တည်၏၊ တတော-ထိုသို့ တည်ခြင်းကြောင့်၊ သဥ္ဆိစ္စ၊ပေ၊လဇ္ဇိပုဂ္ဂလော တိ–သဥ္ဆိစ္စ၊ပေ၊လဇ္ဇိပုဂ္ဂလောဟူသော၊ ဣမသ္မိံ လဇ္ဇိဘာဝေ-ဤ လဇ္ဇိအဖြစ်၌၊

× × × × × × ×

**အာပတ္တိဥ္စ။** ။အာပတ္တိဥ္စ သတိသမ္မောသာယာတိ ဧတ္ထ စ သဒ္ဒေါ အဝုတ္တဝါကျသမ္ပိဏ္ဍနတ္ထော၊ ကတ္တာဗ္ဗဥ္စ န ကရောတီတိ အတ္ထော (ယောဇနာ)၊ လူသာမဏေ စသူနှင့် အတူတကွအိပ်မိရာ၌ သတိမထားမိခြင်းကြောင့် အိပ်သူမှာသတိသမ္မောသကြောင့် အာပတ်သင့်၏၊ ထို သတိသမ္မောသကြောင့် ၃ ရက်မြောက်သောညဉ့်၌ အာရုံမတက်ခင် အိပ်ရာမှထမှုကို မပြုမိဘဲရှိ၏၊အဓိဋ္ဌာန်သက်န်းနှင့် ညဉ့်ကင်းရာ,ဆေးပစ္စည်းကို ၇ ရက်ကာလလွန်စေရာ, သက်န်းကာလဖြစ်သော တန်ဆောင်မုန်းလပြည့် တပေါင်းလပြည့်ကို လွန်စေရာတို့၌ သတိသမ္မောသကြောင့် အာပတ်သင့်၏၊ သတိသမ္မောသကြောင့်ပင် ညဉ့်မကင်းအောင် စောင့်ရှောက်မှု, မလွန်မီ မိဋ္ဌာန်မှုစသည်ကို မပြုမိဘဲရှိရသည်။

ပတိဋ္ဌိတော၀-တည်ပြီးတော့သည်သာ၊ ဟောတိ-ဖြစ်၏၊ [သဋ္ဌိစ္စ-သညာနှင့်တကွ စေတနာဖြင့် စေ့ဆော်၍၊ အာပတ္တိံ-သို့၊ န အာပဇ္ဇတိ-မရောက်၊ အာပတ္တိံ-သင့်ရောက်အပ်ပြီးသော အာပတ်ကို၊ န ပရိဂူဟတိ- မလျှို့ဝှက်၊ အဂတိဂမနဉ္စ-သို့လည်း၊ န ဂစ္ဆတိ-မရောက်၊ ဧဒိသော-ကို၊ လဇ္ဇီပုဂ္ဂလော-ဟူ၍၊ ဝုစ္စတိ-၏။]

ကထံ ဉာဏတာယ နာပဇ္ဇတိ၊ ဟိ-ချဲ့၊ သော- ထို ဝိနည်းမိုရ်ပုဂ္ဂိုလ်သည်၊ ကပ္ပိယာကပ္ပိယံ-အပ်သောအရာ, မအပ်သောအရာကို၊ ဇာနာတိ-သိ၏၊ တသ္မာ-ကြောင့်၊ ကပ္ပိယမေ၀ - အပ်သော အရာကိုသာ၊ ကရောတိ - ၏၊ အကပ္ပိယံ န ကရောတိ၊ပေ၊ကထံ အကုက္ကုစ္စာပကတတာယ နာပဇ္ဇတိ၊ ဟိ-ချဲ့၊ သော-ထို ဝိနည်းမိုရ်ပုဂ္ဂိုလ်သည်၊ ကပ္ပိယာ ကပ္ပိယံ-ကို၊ နိဿာယ- ၍၊ ကုက္ကုစ္စေ-ဝိနယ ကုက္ကုစ္စသည်၊ ဥပ္ပန္နေ- ဖြစ်လသော်၊ ဝတ္ထုံ-ဝတ္ထုကြောင်းကို၊ ဩလောကေတွာ စ-ကြည့်၍ရင်း၊ မာတိကံ - သိက္ခာပုဒ်မာတိကာကို၊ (ယောပန ဘိက္ခုစသော သိက္ခာပုဒ်ကို၊ ဩလောကေတွာစ - ကြည့်၍ရင်း၊ ) ပဒဘာဇနံ - ပဒဘာဇနီကို၊ (ယောပနာတိ ယောယာဒိသော အစရှိသော သိက္ခာပုဒ် အကျယ်ကို၊ ဩလောကေတွာစ-၍ရင်း၊) အန္တရာပတ္တိံ-အန္တရာပတ်ကို၊ ("အလာတံ ဥက္ခိပတိ, အာပတ္တိ ဒုက္ကဋဿ"စသော အကြားအာပတ်ကို၊ )ဩလောကေတွာစ-ရင်း၊ အာပတ္တိံ - အာပတ်ကို၊ ( တိကပါစိတ္တိယံ စသောအာပတ်ကို၊ ဩလောကေတွာစ-ရင်း၊)အနာပတ္တိံ-အနာပတ်ကို၊ (အနာပတ္တိ အဇာနန္တဿစသော အနာပတ္တိကို၊) ဩလောကေတွာစ- ရင်း၊ ကပ္ပိယံ - အပ်သောအရာသည်၊ စေ ဟောတိ - အကယ်၍ဖြစ်အံ့၊ ( ဝေံသတိ- ဤသို့ ဖြစ်လသော်၊) ကရောတိ- ၏၊ အကပ္ပိယံ-သည်၊ စေ ဟောတိ-အံ့၊ (ဝေံသတိ) န ကရောတိ၊ပေ၊နာပဇ္ဇတိ။

ကထံ အကပ္ပိယာဒိ သညိတာယ - မအပ်သောအရာ အစရှိသည်ဟု အမှတ်ရှိသူ၏အဖြစ်ကြောင့်၊ န အာပဇ္ဇတိ- နည်း၊ ဟိ- ချဲ့၊ သော-ထို ဝိနည်းမိုရ်ပုဂ္ဂိုလ်သည်၊ပေ၊စ- သည်သာမကသေး၊ (တနည်း၊) စ- အကပ္ပိယေ ကပ္ပိယသညိတာကြောင့် အာပတ်သို့ မရောက်ပုံမှ တပါး သတိသမ္မောသာကြောင့် အာပတ်သို့ မရောက်ပုံကား၊ အဿ - ထို ဝိနည်းမိုရ်၏၊ သတိ – သတိသည်၊ သူပဋ္ဌိတာ - ကောင်းစွာတည်သည်၊ ဟောတိ၊ အဓိဋ္ဌာတဗ္ဗံ-အဓိဋ္ဌာန်တင်ထိုက်သော သပိတ် သင်္ကန်း စသည်ကို၊ အဓိဋ္ဌေတိ-အဓိဋ္ဌာန်တင်၏၊ ဝိကပ္ပေတဗ္ဗံ-ဝိကပ္ပနာ ပြုထိုက်သော သပိတ် သင်္ကန်းစသည်ကို၊ ဝိကပ္ပေတိ— ဝိကပ္ပနာပြု၏၊ ဣတိ-ဤသို့လျှင်၊ ဆဟိ ဌာနေဟိ အာကာရေဟိ အာပတ္တိံ နာပဇ္ဇတိ၊အာပတ္တိံ-သို့၊အနာပဇ္ဇန္တော-မရောက်လသော်၊ အခဏ္ဍသီလော – မကျိုး မပြတ်သောသီလ ရှိသည်၊ ပရိသုဒ္ဓသီလော—စင်ကြယ်သောသီလရှိသည်၊ ဟောတိ၊ ဧဝံ၊ပေ၊သုရက္ခိတော ဟောတိ။

ကထံ ကုက္ကုစ္စာပကတာနံ ပဋိသရဏံ ဟောတိ - နည်း၊ တိရောရဋ္ဌေသု - တပါးသော တိုင်းတို့၌ရင်း၊ [မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းတို့တွင် မန္တလေး

တိုင်းကို ထောက်လျှင် စစ်ကိုင်းတိုင်းသည် တိရောရဋ္ဌ,စစ်ကိုင်းကိုင်းကို ထောက်လျှင် မန္တလေးတိုင်းသည် တိရောရဋ္ဌ၊ ] တိရောဇနပဒေသုစ - တပါးသော ဇနပုဒ်တို့၌ ၎င်း၊[ရွှေဘိုခရိုင်နှင့် မုံရွာခရိုင်တို့တွင် ရွှေဘိုကို ထောက်လျှင် မုံရွာသည် တိရောဇနပဒ, မုံရွာကို ထောက်လျှင် ရွှေဘိုသည် တိရောဇနပဒ။ ] ဥပ္ပန္နကုက္ကုစ္စာ – ဖြစ်သော ကုက္ကုစ္စရှိကုန်သော၊ ဘိက္ခူ - တို့သည်၊ အသုကသ္မိံ ဝိဟာရေ – ထိုမည်သော ကျောင်းတိုက်၌၊ ဝိနယဓရော- သည်၊ ဝသတိကိရ-နေသတတ်၊ဣတိ-ဤသို့ ကြားရ၍၊ ဒူရတောပိ-အဝေးမှလည်း၊ တဿ-ထို ဝိနည်းဓိုရ်၏၊ သန္တိကံ-သို့၊ အာဂန္တွာ–၍၊ ကုက္ကုစ္စံ– ကို၊ ပုစ္ဆန္တိ - မေးကြကုန်၏၊ သော- ထို ဝိနည်းဓိုရ်သည်၊ တေဟိ-ထို ရဟန်းတို့သည်၊ ကတဿ- ပြုအပ်သော၊ ကမ္မဿ-အမှု၏၊ ဝတ္ထုံ–ကို၊ ဩလောကေတွာ-၍၊ အာပတ္တာ၊ပေ၊ဘေဒံ–အာပတ်, အနာပတ်, ဂရုကအာပတ်, လဟုကအာပတ် အစရှိသော အပြားကို၊ သလ္လက္ခေတွာ- မှတ်သား၍၊ ဒေသနာဂါမိနိံ-ဒေသနာဂါမိ အာပတ်ကို၊ ဒေသာပေတွာ - ဒေသနာပြောစေ၍၊ ဝုဋ္ဌာနဂါမိနိယာ - ဝုဋ္ဌာနဂါမိ အာပတ်မှ၊ ဝုဋ္ဌာပေတွာ - ထစေ၍၊ သုဒ္ဓန္တေ-စင်ကြယ်သော အဘို၌၊ ပတိဋ္ဌာပေတိ-တည်စေ၏၊ ဧဝံ၊ပေ၊ ဟောတိ။

သံဃမဇ္ဈေ၊ပေ၊ဒေါဟရတီတိ (ဧတ္ထ–၌၊ ဂုဋ္ဌတ္ထံ)ဟိ (ဥဒ္ဒရိတွာ ဒဿေမိ)- အံ့၊ သံဃမဇ္ဈေ-၌၊ ကထေန္တဿ - ပြောဆိုသော၊ အဝိနယဓရဿ - ဝိနည်းဓိုရ်မဟုတ်သော ပုဂ္ဂိုလ်၏ (စိတ်၌)၊ ဘယံ - ကြောက်ခြင်းသည်၊ သာရဇ္ဇံ - ရွံ့ရှားခြင်းသည်၊ဩက္ကမတိ-သက်ရောက်၏၊ဝိနယဓရဿ-ဝိနည်းဓိုရ်ပုဂ္ဂိုလ်၏(စိတ်၌)၊ တံ-ထို ဘယသာရဇ္ဇံသည်၊ န ဟောတိ–မဖြစ်၊ ကသ္မာ-နည်း၊ ဧဝံ- သို့၊ ကထေန္တဿ-ပြောဆိုလသော်၊ ဒေါသော– အပြစ်သည်၊ ဟောတိ၊ ဧဝံ-သို့၊ ( ကထေန္တဿ-သော်၊) ဒေါသော- သည်၊ န (ဟောတိ)- မဖြစ်၊ ဣတိ- သို့၊ ဉတွာ- သိပြီး၍၊ ဝါ-သိပြီးမှ၊ ကထနတော- ပြောဆိုခြင်းကြောင့်တည်း။

ပစ္စတ္ထိကေ၊ပေ၊နိဂ္ဂဏှာတီတိ ဧတ္ထ-၌၊(လဒ္ဓမာနာ-ကုန်သော၊)ပစ္စတ္ထိကာနာမ–ဆန့်ကျင်ဘက်ကို အလိုရှိသော ရန်သူတို့မည်သည်၊ အတ္တပစ္စတ္ထိကာစ–မိမိ၏ ဆန့်ကျင်ဘက်ကို အလိုရှိသော ရန်သူတို့၎င်း၊ သာသနပစ္စတ္ထိကာစ – သာသနာတော်၏ ဆန့်ကျင်ဘက်ကို အလိုရှိသောရန်သူတို့၎င်း၊ (ဣတိ-ဤသို့၊) ဒွိဓာ-၂ ပါးပြားကုန်၏၊ [ အတ္တနော+ပစ္စတ္ထိကာ အတ္တပစ္စတ္ထိကာ။] တတ္ထ–ထို ၂ ပါးတို့တွင်၊ မေတ္တိယဘူမဇကာ- မေတ္တိယဘူမဇကမည်ကုန်သော၊ ဘိက္ခူစ-

× × × × × × × ×

ပစ္စတ္ထိကာ ။ ။ ပဋိပက္ခံ ပဋိဝိရုဒ္ဓံဝါ အတ္ထယန္တီ ဣစ္ဆန္တီတိ ပစ္စတ္ထိကာ၊ ဏျသဒ္ဒေါ ဗဟုလံ ကတ္တာဘိဓာယကော၊ ဏျပစ္စည်းမှ ဏကိုချေ၊ ယကို ကပြု၊ ဣလာ၊ ( ယောဇနာ။) အတ္တနော+ပစ္စတ္ထိကာ အတ္တပစ္စတ္ထိကာ၊ မေတ္တိယဘူမဇက ရဟန်းတို့သည်၎င်း ဝဍ္ဍလိစ္ဆဝီသည်၎င်း အရှင်ဒဗ္ဗကို စွပ်စွဲကြကုန်၏၊ (သံဃာဒိသေသ်, ဒုဋ္ဌဒေါသသိက္ခာပုဒ်, စူဠဝါ–ခုဒ္ဒကဝတ္ထုခန္ဓက)၊ ထိုသူတို့သည် အရှင်ဒဗ္ဗ၏ အတ္တပစ္စတ္ထိကတို့တည်း။

တို့သည်၎င်း၊ ဝမှော– ဝမှုမည်သော၊ လိစ္ဆဝိစ- လိစ္ဆဝီမင်းသည်၎င်း၊ အမူလ ကေန–အခြေအမြစ် မရှိသော၊ အန္တိမဝတ္ထုနာ- အဆုံး၌ ဖြစ်သော ပါရာဇိက ဝတ္ထုဖြင့်၊ စောဒေသုံ-စောဒနာကြကုန်ပြီ၊ ဣမေ–ဤသူတို့သည်၊ အတ္တပစ္စတ္ထိကာနာမ – အတ္တပစ္စတ္ထိကတို့ မည်၏၊ ဝါပန- သည်သာ မကသေး၊ အညေပိ- အခြားလည်းဖြစ်ကုန်သော၊ ဒုဿီလာ-သီလမရှိကုန်သော၊ ပါပဓမ္မာ-ယုတ်မာသော အကျင့်ရှိကုန်သော၊ ယေ- အကြင် ပုဂ္ဂိုလ်တို့သည်၊ ( သန္တိ- ရှိကုန်၏၊) သဗ္ဗေ-အလုံးစုံကုန်သော၊ တေ-ထို ပုဂ္ဂိုလ်တို့သည်၊ အတ္တပစ္စတ္ထိကာ- အတ္တပစ္စတ္ထိကတို့မည်၏၊ ပန-ကား၊ ဝိပရီတဒဿနာ-ဖေါက်ပြန်သော အယူရှိကုန်သော၊ အရိဋ္ဌဘိက္ခုပေ၊ ဝဇ္ဇိပုတ္တကာ–အရိဋ္ဌရဟန်း, ကဏ္ဋကသာမဏေ, ဝေသာလီမြို့၌ မွေးဖွားသော ဝဇ္ဇီမင်း၏ သားတို့သည်၎င်း၊ [ ဝဇ္ဇီပုတ္တကတို့သည် ဒုတိယသံဂါယနာတင်ရခြင်း အကြောင်းဖြစ်သော ဆယ်ပါးသောဝတ္ထုကို ပြုကြသူတို့တည်း။ ] ပရူပဟာရ ပေ၊ ပရဝိတာရဏာဒိဝါဒါ–ပရူပဟာရဝါဒ ,အညာဏဝါဒ , ကင်္ခါဝါဒ , ပရဝိတာရဏဝါဒ အစရှိသော ဝါဒရှိကုန်သော၊ မဟာသံဃိကာဒယောစ - မဟာသံဃိကဂိုဏ်းသား အစရှိသော ပုဂ္ဂိုလ်တို့သည်၎င်း၊

× × × × × × ×

**ပရူပဟာရဝါဒ**။ ။ယေ အရဟတ္တံ ပဋိဇာနန္တာနံ အပ္ပတ္တေ ပတ္တသညီနံ အဓိမာနိကာနံ , ကုဟကာနံဝါ အရဟတ္တံ ပဋိဇာနန္တာနံ , သုက္ကဝိသဋ္ဌိံ ဒိသွာ မာရကာယိကာ ဒေဝတာ "အရဟတော အသုစိံ ဥပသံဟရန္တိ"တိ မညန္တိ သေယျထာပိ ပုဗ္ဗသေလိယာ အပရသေလိယာစ၊ တေ ပရူပဟာရဝါဒါ = မရအပ်သော အရဟတ္တမဂ်ကို ရအပ်ပြီဟု ထင်မှတ်၍၎င်း , ဝါကြွားသော အားဖြင့်၎င်း ရဟန္တာ ဟု ဝန်ခံကြကုန်၏၊ ထိုသူတို့၏ သုက္ကဝိသဋ္ဌိကိုပြင်၍ မာရ်နတ်ဘက်သားတို့က ရဟန္တာတို့ကိုယ်သို့ သုက်ကိုဆောင်သွင်းကြကုန်၏ဟု ပုဗ္ဗသေလိယ, အပရသေလိယဂိုဏ်းသားတို့သည် အယူရှိကြ၏၊ ထိုရဟန်းတို့ကို ပရဥပဟာရဝါဒ ရှိသူတို့ဟူ၍ ဆိုရသည်။

**အညာဏဝါဒစသည်**။ ။ယေသံ ပန အရဟတော ဣတ္ထိ ပုရိသာဒီနံ နာမဂေါတ္တာဒိသု ဉာဏပဝတ္တိယာ အဘာဝေန အတ္ထိ အရဟတော အညာဏံ၊ တတ္ထေဝ သန္နိဋ္ဌာနာဘာဝေန အတ္ထိ အရဟတော ကင်္ခါ၊ ယသ္မာစသ တာနိ ဝတ္ထူနိ ပရေ ဝိတာရေန္တိ ပကာသေန္တိ အာစိက္ခန္တိ၊ တသ္မာ အတ္ထိ အရဟတော ပရဝိတာရဏာတိ ဣမာတိသော လဒ္ဓိယော သေယျထာပိ ဧတရဟိ ပုဗ္ဗသေလိယာနံ၊ တေ အညာဏ ကင်္ခါ ပရဝိတာရဏဝါဒါ၊ နိဂ္ဂဟောပန နေသံ ကထာဝတ္ထုပ္ပကရဏေ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗော = ရဟန္တာပုဂ္ဂိုလ်တို့သည် မိန်းမယောကျာ်း စသည်တို့၏နာမည်ကို၎င်း အနွယ်စသည်ကို၎င်း မသိကြ, ထို အနွယ်နာမည်ကို မည်သူမည်ဝါဟု ဆုံးဖြတ်ချက် မချနိုင်ကြ၊ သူတပါးတို့က ပြောပြမှ သိနိုင်ကြ၏၊ ထို့ကြောင့် ရဟန္တာတို့မှာ အညာဏ ( မောဟ ) ရှိသေး၏, ကင်္ခါ ( ဝိစိကိစ္ဆာ ) လည်း ရှိသေး၏ဟု အယူရှိကြသည်၊ မသိတာကို သူတပါးကပြောပြပေးရသောကြောင့် ပရဝိတာရ ( သူတပါးတို့က လွန်မြောက်စေရသည် ) ဟု အယူလည်း ရှိကြသည်၊ ထို ပုဂ္ဂိုလ်တို့ကား ပုဗ္ဗသေလိယဂိုဏ်းသားတို့တည်း၊ ထိုအယူရှိသူများကို ကထာဝတ္ထု ပါဠိတော်၌ နှိပ်နင်းထားပြီ။

အဗုဒ္ဓသာသနံ-ဘုရား အဆုံးအမတော် မဟုတ်သောစကားကို၊ ဗုဒ္ဓသာသနန္တိ-ဘုရားအဆုံးအမတော်ဟူ၍၊ ဝတွာ- ပြော၍၊ ကတပဂ္ဂဟာ- ပြုအပ်သော ချီးမြှောက်ခြင်းရှိကုန်သည်၊ (ဟုတွာ- ဖြစ်၍၊ ဝါ- ဖြစ်ခြင်းကြောင့်၊) သာသနပစ္စတ္ထိကာနာမ-တို့မည်၏၊ သဗ္ဗေပိ-အလုံးစုံလည်းဖြစ်ကုန်သော၊ တေ-ထို အတ္တပစ္စတ္ထိက, သာသနပစ္စတ္ထိကတို့ကို၊ သဟဓမ္မေန - အကြောင်းနှင့် တကွဖြစ်သော၊ သကာရဏေန - အကြောင်းနှင့် တကွဖြစ်သော၊ ဝစနေန - စကားဖြင့်၊ ယထာ-အကြင်အခြင်းအရာအားဖြင့် နှိပ်အပ်သော်၊ တံအသဒ္ဓမ္မံ-ထိုမသူတော်တို့၏ တရားကို၊ ပတိဋ္ဌာပေတုံ – တည်စေခြင်းငှါ၊ န သက္ကောန္တိ – မစွမ်း နိုင်ကုန်၊ ဧဝံ – ဤသို့ တည်စေခြင်းငှါ မစွမ်းနိုင်လောက်အောင်သော အခြင်းအရာအားဖြင့်၊ သုနိဂ္ဂဟိတံ- ကောင်းစွာ နှိပ်အပ်သည်ကို၊ ကတွာ - ၍၊ နိဂ္ဂဏှာတိ- နှိပ်နိုင်၏၊ [ သဟဓမ္မေနကို သကာရဏေန ဟု ထပ်ဖွင့်သည်၊ ထိုတွင် သဟကို သ,ဓမ္မေနကို ကာရဏေန ဟု ဖွင့်သည်၊ ထိုသို့ဖွင့်သဖြင့် သဟနှင့် ဓမ္မေနတို့၏ သမာသ်၏ အဖြစ်ကို သိစေသည်၊ ''သဟ + ဓမ္မေန ယံ ဝတ္တတီတိ သဓမ္မံ''ဟု ပြု။]

ပန - ကား၊ သဒ္ဓမ္မဋ္ဌိတိယာ ပဋိပန္နော ဟောတီတိ ဧတ္ထ- ၌၊ (လဗ္ဘမာနော-ရထိုက်သော၊) သဒ္ဓမ္မော–သဒ္ဓမ္မသည်၊ ပရိယတ္တိ၊ပေ၊ဝသေန– ပရိယတ္တိသဒ္ဓမ္မ, ပဋိပတ္တိသဒ္ဓမ္မ , အဓိဂမသဒ္ဓမ္မတို့၏ အပြားအားဖြင့်၊ တိဝိဓော - ၃ ပါး အပြားရှိ၏၊ တတ္ထ – ထို ၃ ပါးတို့တွင်၊ တေ ပိဋကံ– ပိဋက ၃ ပုံဟူသော၊ ဗုဒ္ဓဝစနံ–ဘုရားစကားတော်သည်၊ ပရိယတ္တိသဒ္ဓမ္မော နာမ - မည်၏၊ တေရသ - ၁၃ ပါးကုန်သော၊ ဓုတင်္ဂဂုဏာ - ဓုတင်ဂုဏ်တို့ရှင်း၊ စုဒ္ဒသ- ၁၄ ပါးကုန်သော၊ ခန္ဓကဝတ္တာနိ-ခန္ဓကဝတ်တို့ရှင်း၊ ဒွေ အသီတိ - ၈၂ ပါးသော၊ မဟာဝတ္တာနိ-မဟာဝတ်တို့ရှင်း၊ ဣတိအယံ-ဤ သဒ္ဓမ္မသည်၊ ပဋိပတ္တိ သဒ္ဓမ္မောနာမ-မည်၏၊ [ သီလဖြည့်မှု, ဘာဝနာပွားမှုများလည်း ပဋိပတ္တိသဒ္ဓမ္မများပင်ဖြစ်ကြ၏။] စတ္တာရော-၄ ပါးကုန်သော၊ မဂ္ဂါ- မဂ်တို့ရှင်း၊ (စတ္တာရိ - ၄ ပါးကုန်သော၊) ဖလာနိစ-ဖိုလ်တို့ရှင်း၊ ဣတိအယံ – ဤ သဒ္ဓမ္မသည်၊ အဓိဂမသဒ္ဓမ္မောနာမ – မည်၏။ [စတ္တာရော မဂ္ဂါစ ဖလာနီတိ ဥက္ကဋ္ဌ နိဒ္ဒေသဝသေန ဝုတ္တံ၊ စတသော ပဋိသမ္ဘိဒါ, တိဿောဝိဇ္ဇာ , ဆ အဘိညာတိ အယမ္ပိ အဓိဂမ သဒ္ဓမ္မောယေဝ၊ စကာရေဝါ အဝုတ္တ သမ္ပိဏ္ဍနတ္ထော ဒဋ္ဌဗ္ဗော၊ ဋီကာ၊– အဓိဂမနှင့် ပဋိဝေဓသည် သဘောတူပင်တည်း။ ] တတ္ထ – ထို ၃ ပါးသော သဒ္ဓမ္မတို့တွင်၊ ကေစိ –ကုန်သော၊ ထေရာ-ထေရ်တို့သည်၊ [ဝဒန္တိ-၌စပ်၊ ကေစိ ထေရာတိ ဓမ္မကထိကာ။] ယောဝေါ၊ပေ၊သတ္ထာတိ - ဟူသော၊ ဣမိနာ သုတ္တေန - ဤ ပါဠိတော်ဖြင့်၊ ပရိယတ္တိ-ပရိယတ္တိသဒ္ဓမ္မသည်၊ သာသနဿ-သာသနာတော်၏၊ မူလံ-အခြေအမြစ်တည်း၊ ဣတိ - သို့၊ ဝဒန္တိ - ကုန်၏၊ ကေစိထေရာ– တို့သည်၊ [ အာဟံသုနှင့်စပ်၊ အာဟံသူတိ ပံသုကူလိကတ္ထေရာ ဧဝံ အာဟံသု-ဋီကာ။] ဣမေစ၊ပေ၊အဿာတိ-

ဟူသော၊ ဍမိနာသုတ္တေန- ဖြင့်၊ ပဋိပတ္တိ- ပဋိပတ္တိ သဒ္ဓမ္မသည်၊ သာသနဿ-၏၊ မူလံ-တည်း၊ ဣတိ,ဝတွာ-ပြောဆို၍၊ ယာဝ-အကြင်မျှလောက်၊ သမ္မာ-ကောင်းစွာ၊ ပဋိပန္နာ- ကျင့်ကုန်သော၊ ပဉ္စ - ၅ ပါးကုန်သော၊ ဘိက္ခူ- တို့သည်၊ သံဝိဇ္ဇန္တိ- ရှိကုန်၏၊ တာဝ – ကောင်းစွာကျင့်သော ရဟန်း ၅ ပါးတို့ ရှိသေးသမျှ ကာလ ပတ်လုံး၊ သာသနံ-တော်သည်၊ ဌိတံ-တည်သည်၊ ဟောတိ-၏၊ ဣတိ-သို့၊ အာဟံသု—ပြောဆိုကြကုန်ပြီ။

ပန- ကား၊ ဣတရေ- တပါးကုန်သော၊ ထေရာ - တို့သည်၊ ပရိယတ္တိယာ— ပရိယတ်သည်၊ အန္တရဟိတာယ—ကွယ်လသော်၊ သုပ္ပဋိပန္နဿာပိ-ကောင်းစွာ ကျင့်သောရဟန်း၏လည်း ဓမ္မာဘိသမယော-သစ္စာ ၄ ပါး တရားကို ထိုးထွင်း၍ သိနိုင်ခြင်းသည်၊ နတ္ထိ-မရှိ၊ ဣတိ- ဤသို့၊ အာဟံသု-ပြောဆိုကြကုန်ပြီ၊ စတ္တာရိ- ကုန်သော၊ ပါရာဇိကာနိ- တို့ကို၊ ရက္ခမာနာ - စောင့်ရှောက်ကုန်သော၊ ပဉ္စ – ကုန်သော၊ ဘိက္ခူ-တို့သည်၊ သစေ ဟောန္တိ- အကယ်၍ ရှိကုန်အံ့၊ (ဝေံသတိ— ဤသို့ ရှိကုန်လသော်၊) တေ-ထိုရဟန်းတို့သည်၊ သဒ္ဓေ-သဒ္ဓါရှိကုန်သော၊ ကုလ ပုတ္တေ - အမျိုးကောင်းသားတို့ကို၊ ပဗ္ဗာဇေတွာ - ရှင်ဖြစ်စေ၍၊ ပစ္စန္တိမေ- မဇ္ဈိမ ဒေသ၏ အစွန်အဖျား၌ဖြစ်သော၊ ဇနပဒေ-၌၊ ဥပသမ္ပာဒေတွာ-မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်စေ၍၊ ဒသဝဂ္ဂံ - ၁၀ ပါးအစုရှိသော၊ ဂဏံ- ဂိုဏ်းကို၊ ပူရေတွာ- ပြည့်စေ၍၊ မဇ္ဈိမေ ဇနပဒေပိ- မဇ္ဈိမဇနပုဒ်၌လည်း၊ ဥပသမ္ပဒံ- မြင့် မြတ်သော ရဟန်းအဖြစ်သို့ရောက်စေခြင်းကို၊ ကရိဿန္တိ-ပြုကြကုန်လတ္တံ့၊ ဧတေန ဥပါယေန - ဖြင့်၊ ဝီသတိဝဂ္ဂဂဏံ — ၂၀ အစုဟူသော အရေအတွက်ရှိသော၊

× × × × × × ×

**ဣတရေပန**။ ။ပတိပတ်ကို သာသနာတော်၏ မူလဟု ပြောကြသော ဒုတိယ ကေစိထေရ်တို့မှ တပါးသော ပဌမကေစိထေရ်တို့ကိုပင်“ဣတရေ”ဟု ဆို၏။ [ဣတရေ ပနာတိ အာဒိသု အယံ အဓိပ္ပါယော၊— ဓမ္မကထိကထေရာ ပန ပံသုကူလိကတ္ထေရေဟိ အာဘတံ သုတ္တံ ( “ဣမေစ သုဘဒ္ဒ ဘိက္ခူ သမ္မာ ဝိဟရေယျုံ” စသော ပရိနိဗ္ဗာန သုတ်တော်ကို) သုတွာ “ယာဝ တိဋ္ဌန္တိ၊ပေ၊ယောဂက္ခေမာ နဓံသတိ”တိ ဣဒံ သုတ္တံ အာဟရိတွာ အတ္တနော ဝါဒံ ပတိဋ္ဌာပေန္တာ ပါရာဇိကာနာပဇ္ဇနဝသေန ဌိတာ ပတိပတ္တိသင်္ဂဟိတာ ပရိယတ္တိယေဝ မူလန္တိ အာဟံသုတိ၊–ဝိမတိ။]

**စတ္တာရိ ပါရာဇိကာနိ ရက္ခမာနာ**။ ။ပါရာဇိက မကျရုံသာ သီလသိက္ခာတည် ရှိသော ရဟန်း ၅ ပါးမှ တဖန်ပြန်၍ သာသနာတော်တည်စေရပုံကို ပြသော ဤ အဋ္ဌ ကထာ စကားကိုထောက်၍ ဝိနည်းပရိယတ်ကို တတ်သိသောပုဂ္ဂိုလ်များ ရှိသေးသော ကြောင့်သာ သာသနာတော်ပြန်၍တည်နိုင်သေးကြောင်း,ရှင်ပြုရဟန်းခံစသော ဝိနည်း ပရိယတ်ဆိုင်ရာကိုမသိလျှင် ထို ရဟန်းများလည်း သာသနာတော်ကို ပြန်၍ အသက် မဆက်နိုင်ကြောင်း သိသာ၏၊ ထို့ကြောင့် “ပရိယတ်သာ သာသနာတော်၏ မူလ” ဟု ဆိုလိုကြသည်။ [ သာရတ္ထဋီကာ၌ ထေရ်တို့၏ ပြောဆိုကြပုံကို အကျယ်ပြထား၏၊ ရှုပါလေ။ ]

သံဃံ - ကို၊ ပူရေတွာ - ပြည့်စေ၍၊ အတ္တနော ပဉ္စမော - မိမိ၏လည်း၊ အဗ္ဘာနကမ္မံ - အဗ္ဘာနကံကို၊ ကတွာ-ပြု၍၊ [ပစ္စန္တရဇ်၌ ၅ ပါးရှိလျှင် ဥပသမ္ပဒကံဖြစ်နိုင်သောကြောင့် ပဉ္စဘိက္ခုဟု ဆိုသည်။] သာသနံ-တော်ကို၊ ဝုဒ္ဓိံ-ကြီးပွားခြင်းသို့၊ ဝိရူဠှိံ-စည်ပင်ခြင်းသို့၊ ဝေပုလ္လံ-ပြန့်ပြောသည်၏အဖြစ်သို့၊ ဂမယိဿန္တိ- ရောက်စေနိုင်ကုန်လတ့်၊ ဧဝံ - ဤသို့လျှင်၊ အယံ ဝိနယဓရော - သည်၊ တိဝိဓေသာပိ - ၃ ပါး အပြားရှိသည်လည်းဖြစ်သော၊ သဒ္ဓမ္မဿ-၏၊ စိရဋ္ဌိတိယာ-ကြာမြင့်စွာတည်ခြင်းငှါ၊ ပဋိပန္နော ဟောတိ၊ ဣတိဧဝံ-ဤသို့လျှင်၊ အယံ ဝိနယဓရော-သည်၊ တာဝ-ဆ အာနိသံသစသည်တို့မှ ရှေးဦးစွာ၊ ပဉ္စ-ကုန်သော၊ ဣမေ အာနိသံသေ-တို့ကို၊ ပဋိလဘတိ-ရနိုင်၏၊ ဣတိ ဝေဒိတဗ္ဗော။

ဆ-ကုန်သော၊ ကတမေ အာနိသံသေ-တို့ကို၊ လဘတိ-နိုင်သနည်း၊ ဣတိ-ဤကား အမေးတည်း၊ ဥပေါသထော-သည်၊ တဿ-ထို ဝိနည်းမိုရ်၏၊ အာဓေယျော-ဆောင်ထားအပ်သော ဥစ္စာတည်း၊ ပဝါရဏာ- သည်၊ ( တဿ-၏၊ အာဓေယျော- တည်း၊ )သံဃကမ္မံ - ကြွင်းသော သံဃာ့ကံသည်၊ (တဿ - ၏၊ အာဓေယျံ၊) ပဗ္ဗဇ္ဇာ- ရှင် အဖြစ်သည်ငှင်း၊ ဥပသမ္ပဒါ- မြင့်မြတ်သော ရဟန်း အဖြစ်သို့ ရောက်ခစကြောင်း အစီအရင်သည်ငှင်း၊ (တဿ - ၏၊ အာဓေယျာ- တည်း၊) နိဿယံ- နိဿယည်းကို၊ ဒေတိ-ပေးနိုင်၏၊ သာမဏေရံ-ကို၊ ဥပဋ္ဌာပေတိ- လုပ်ကျွေးစေနိုင်၏၊ ဟိ-ချဲ့၊ စာတုဒ္ဒသိကော-စာတုဒ္ဒသီ ဥပုသ်ငှင်း၊ ဥပေါသထော-သံဃဥပုသ်ငှင်း၊ ဂဏောဥပေါသထော၊ပေ၊ သုတ္တုဒ္ဒေသော-သုတ္တုဒ္ဒေသဥပုသ်ငှင်း၊ ပါရိသုဒ္ဓိဥပေါသထော-ငှင်း၊ အဓိဋ္ဌာန ဥပေါသထော-ငှင်း၊ ဣတိ-သို့၊ နဝ-၉ ပါးကုန်သော၊ ယေ ဣမေ ဥပေါသထာ-အကြင်ဥပုသ်တို့သည်၊ (သန္တိ - ရှိကုန်၏၊ ) သဗ္ဗေ- ကုန်သော၊ တေ-ထိုဥပုသ်တို့သည်၊ ဝိနယဓရာယတ္တာ- ဝိနည်းမိုရ်ပုဂ္ဂိုလ်၏စပ်ဆိုင်သော ဥစ္စာတို့တည်း။

× × × × × × × ×

**ယေ ဟိ ဣမေ။** ။ဤနေရာ၌"ယေ ဣမေ"ဟု စာအုပ်တို့၌ရှိ၏၊ ယောဇနာ၌ကား "ယေပိ ဣမေ နဝဥပေါသထာတိ သမ္ဗန္ဓော"ဟု ရှိ၏၊ နောက်၌ ယာပိ,ယာနိပိ စသည်ကို ထောက်၍ ယေပိ ဟု ရှိခြင်းသည် ကောင်းသကဲ့သို့ ထင်ရ၏၊ သို့သော် ပဌမစကား ရပ်၌ ပိသဒ္ဒါပါခြင်းသည် ထုံးစံမဟုတ်၊ နောက်ဝါကျတို့၌သာ သမ္ပိဏ္ဍနတ္ထ ပိသဒ္ဒါ ပါရသည်၊ ထို့ကြောင့် "တဿာ ဓေယျော ဥပေါသထော"စသော ရှေ့စကားကိုချဲ့ပြသော ဝါကျသာဖြစ်၍"ယေဟိ ဣမေ"ဟု ဝိတ္ထာရဇောတက"ဟိ"သဒ္ဒါသာ ပါသင့်သည်။

**တဿ အာဓေယျော။** ။အာဓေ့ရ+ အာဓေ့ယျ ဟူရာ၌ကဲ့သို့ အာဓေယျသဒ္ဒါသည် "ဆောင်ထားအပ်" ဟူသော အနက်ကို ဟော၏၊ ဝိနယဓရာယတ္တာကို တဿ သန္တကာ ဟု ထပ်ဖွင့်သည်၊ ထိုသို့ ဖွင့်သောကြောင့် "ဝိနယဓရာယတ္တာ-ဝိနည်းမိုရ်နှင့် စပ်သော ဥစ္စာတို့တည်း" ဟု မပေးရ၊ "ဝိနည်းမိုရ်၏ စပ်ဆိုင်သော ဥစ္စာတို့တည်း" ဟု သမ္ဗန်အနက်သာ ပေးရသည်၊ [ အကျယ်ကို ကင်္ခါဘာသာဋီကာ နိဒါနုဒ္ဒေသ အဖွင့်၌ ရှုပါ။]

စ-သည်သာ မကသေး၊ စာတုဒ္ဒသိကာ-စာတုဒ္ဒသိကာ ပဝါရဏာ၎င်း၊ပေ၊ သံဃေပဝါရဏာ – သံဃပဝါရဏာ၎င်း ၊ ပေ ၊ တေဝါစိကာ ( ပဝါရဏာ )- တေဝါစိကာပဝါရဏာ၎င်း၊ ဒွေဝါစိကာ ၊ ပေ၊ သမာနဝဿိကာ ပဝါရဏာ- သမာနဝဿိကာ ပဝါရဏာ၎င်း၊ ဣတိ-သို့၊ နဝ-ကုန်သော၊ ယာဣမာ ပဝါရဏာယော-အကြင် ပဝါရဏာတို့သည်၊ ( သန္တိ- ကုန်၏၊ ) တာပိ-ထို ပဝါရဏာတို့သည်လည်း၊ ဝိနယဓရောယတ္တာဝေ- ဝိနည်းမိုရ်၏ စပ်ဆိုင်သော ဥစ္စာတို့သာတည်း၊ တဿ-ထို ဝိနည်းမိုရ်၏၊ သန္တကာ- ဥစ္စာတို့တည်း၊ သော- ထို ဝိနည်းမိုရ်သည်၊ တာသံ-ထို ပဝါရဏာတို့၏၊ သာမီ - အရှင်တည်း။ [ ယာပိမှ ပိကို တာနှင့်တွဲ၊ တာပိ၌ ပိသည် အပို။] အပလောကနကမ္မံ-အပလောကနကံ၎င်း၊ ဉတ္တိကမ္မံ-ဉတ္တိကံ၎င်း၊ ဉတ္တိဒုတိယကမ္မံ,ဉတ္တိစတုတ္ထကမ္မံ-၎င်း၊ ဣတိ-သို့၊စတ္တာရိ-ကုန်သော၊ ယာနိ ဣမာနိ သံဃကမ္မာနိ-အကြင် သံဃာ့ကံတို့သည်၊ (သန္တိ)၊ တာနိပိ-ထို သံဃာ့ကံတို့သည်လည်း၊ ဝိနယဓရောယတ္တာနိ - ဝိနည်းမိုရ်၏ စပ်ဆိုင်သော ဥစ္စာတို့တည်း၊ စ- သည်သာ မကသေး၊ ဥပဇ္ဈာယေန- ဥပဇ္ဈာယ်ဆရာသည်၊ ဟုတွာ- ၍၊ ကုလပုတ္တာနံ-တို့၏၊ ယာ အယံ ပဗ္ဗဇ္ဇာစ- အကြင် ရှင်အဖြစ်ကို၎င်း၊ ယာ အယံ ဥပသမ္ပဒါစ-အကြင်မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ကြောင်း အစီအရင်ကို၎င်း၊ ကာတဗ္ဗာ-ပြုထိုက်၏၊ အယမ္ပိ-ဤ ပဗ္ဗဇ္ဇာ ဥပသမ္ပဒါသည်လည်း၊ ဝိနယဓရာယတ္တာဝ - သာတည်း၊ ဟိ - မှန်၊ အညော-ဝိနည်းမိုရ်မှ တပါးသော၊ ဒွိပိဋကဓရောပိ- သုတ္တန် အဘိဓမ္မာ ၂ ဖြာ သော ပိဋကတ်ကိုဆောင်သော ပုဂ္ဂိုလ်သော်မှလည်း၊ တံ-ဤပဗ္ဗဇ္ဇာ ဥပသမ္ပဒါ ကို၊ ကာတုံ-ဥပဇ္ဈာယ်ဆရာလုပ်၍ ပြုခြင်းငှါ၊ န လဘတိ – မရ၊ သောဝေ - ထို ဝိနည်းမိုရ်သည်သာ၊ နိဿယံ-ကို၊ ဒေတိ-နိုင်၏၊ အညော - ဝိနည်းမိုရ်မှတပါး သော ပုဂ္ဂိုလ်သည်၊ နိဿယံ-ကို၊ ဒါတုံ-ငှါ၊ နေဝလဘတိ - မရ၊ သာမဏေရံ- ကို၊ ဥပဋ္ဌာပေတုံ-ဥပဇ္ဈာယ်လုပ်၍ ပြုစုလုပ်ကျွေးစေခြင်းငှါ၊ န လဘတိ။

ပန-ဆက်၊ သာမဏေရုပဋ္ဌာနံ-သာမဏေ၏ပြုစုလုပ်ကျွေးခြင်းကို၊ ပစ္စာသီသန္တော-တောင့်တသောပုဂ္ဂိုလ်သည်၊ ဝိနယဓရဿ- ၏၊ သန္တိကေ- ၌၊ ဥပဇ္ဈံ-ကို၊ ဂါဟာပေတွာ - ယူစေ၍၊ ဝတ္တပဋိပတ္တိံ - ဝတ်အကျင့်ကို၊ သာဒိတုံ - သာယာ ခြင်းငှါ၊ လဘတိ-ရ၏၊ ( ဓမ္မာစရိယ, အနုဿာဝနာစရိယအဖြစ်ဖြင့် သာယာ နိုင်သည်-ဟူလို။) စ-ဆက်၊ ဧတ္ထ-ဤ ဆ အာနိသံသတို့တွင်၊ နိဿယဒါနဉ္စ- နိဿယည်းပေးခြင်း သည်၎င်း၊ သာမဏေရုပဋ္ဌာပနဉ္စ – သာမဏေကို ပြုစုလုပ် ကျွေးစေခြင်းသည်၎င်း၊ ဧကံ-တပါးသော၊ အင်္ဂံ-တည်း၊ ဣတိ- ဤသို့လျှင်၊ ဆ- ကုန်သော၊ ဣမေသု အာနိသံသေသု-တို့တွင်၊ ဧကေန-တပါးသောအာနိသင်နှင့်၊ သဒ္ဓိံ–ကွ၊ ပုရိမာ-ရှေးဖြစ်ကုန်သော၊ ပဉ္စ-၅ ပါးသော အာနိသင်တို့သည်၊ ဆ- ၆ ပါးတို့သည်၊ ဟောန္တိ၊ ဒွိဟိ-၂ ပါးသောအာနိသင်တို့နှင့်၊ သဒ္ဓိံ (ပုရိမာပဉ္စ)

သတ္တ– ၇ ပါးသောအာနိသင်တို့သည်၊ ဟောန္တိ၊ တီဟိ– ၃ ပါးသောအာနိသင်တို့နှင့်၊ သဒ္ဓိံ–ကွ၊ (ပုရိမာ ပဉ္စ)အဋ္ဌ-၈ ပါးသောအာနိသင်တို့သည်၊ ဟောန္တိ၊ စတူဟိ သဒ္ဓိံ(ပုရိမာပဉ္စ)နဝ ဟောန္တိ၊ ပဉ္စဟိ သဒ္ဓိံ(ပုရိမာပဉ္စ)ဒသဟောန္တိ၊ သဗ္ဗေဟိပိ- အလုံးစုံလည်း ဖြစ်ကုန်သော၊ ဧတေဟိ- ဤ အာနိသင်တို့နှင့်၊ သဒ္ဓိံ (ပုရိမာ ပဉ္စ)ဧကာဒသ–၁၁ ပါးသော အာနိသင်တို့သည်၊ (ဟောန္တိ)၊ ဣတိ ဧဝံ–ဤသို့၊ ဝိနယဓရော-သော၊ ပုဂ္ဂလော–သည်၊ ပဉ္စ- ကုန်သော၊ အာနိသံသေ စ-တို့ကိုငင်း၊ ပေ ၊ ဧကာဒသ–ကုန်သော၊ အာနိသံသေစ– တို့ကိုငင်း၊ လဘတိ-ရနိုင်၏၊ ဣတိ ဝေဒိတဗ္ဗော၊ ဧဝံ-ဤသို့လျှင်၊ ဘဂဝါ-သည်၊ ဣမေ အာနိသံသေ-တို့ကို၊ ဒဿေန္တော- ပြတော်မူလျက်၊ ဝိနယပရိယတ္တိယာ-ဝိနည်းကို သင်ယူခြင်း၏၊ ဝဏ္ဏံ- ဂုဏ်ကျေးဇူးကို၊ ဘာသတိ – ဟောတော်မူ၏၊ ဣတိ ဝေဒိတဗ္ဗော။

အာဒိဿ အာဒိဿာတိ-ကား၊ ပုနပ္ပုနံ- အဖန်ဖန် အထပ်ထပ်၊ ဝဝတ္ထပေတွာ - အခြားပုဂ္ဂိုလ်တို့မှ သီးသန့် တည်စေ၍၊ ဝိသုံဝိသုံ - အခြား ပုဂ္ဂိုလ်တို့နှင့် မရောအောင် အသီးအခြား အသီးအခြား၊ ကတွာ-ပြု၍၊(ဝဏ္ဏံ ဘာသတိ-၌စပ်၊) အာယသ္မတော၊ပေ၊ ဘာသတီတိ- ကား၊ ဝိနယပရိယတ္တိံ - ဝိနည်းပရိယတ်ကို၊ နိဿာယ-မှီ၍၊ (အကြောင်းပြု၍၊) ဥပါလိတ္ထေရဿ- ၏၊ ဂုဏံ- ကို၊ ဘာသတိ-မိန့်တော်မူ၏၊ ထောမေတိ - ထောမနာတော်မူ၏၊ ပသံသတိ - ချီးမွမ်းတော်မူ၏၊ ကသ္မာ-ကြောင့်၊(ဥပါလိတ္ထေရဿ ဂုဏံ ဘာသတိ ထောမေတိ ပသံသတိ-နည်း၊) မမ–ငါ၏၊ ဝဏ္ဏနံ- ချီးမွမ်းခြင်းကို၊ သုတွာပိ- ကြားရ၍လည်း၊ ဘိက္ခူ- တို့သည်၊ ဥပါလိဿ- ၏၊ သန္တိကေ- ၌၊ ဝိနယံ - ကို၊ ဥဂ္ဂဟေတဗ္ဗံ - နာယူထိုက်၏ ဟူ၍၊ ပရိယာပုဏိတဗ္ဗံ-သင်ယူထိုက်၏ဟူ၍၊အပေ့ဝနာမ မညေယျုံ-မှတ်ထင်ကုန်တန်ရာ၏၊ ဧဝံ–ဤသို့ မှတ်ထင်ကုန်လသော်၊ ဣဒံ သာသနံ- တော်သည်၊ အဒ္ဓနိယံ–ရှည်သောအခွန့်သို့ ရောက်သည်၊ ဘဝိဿတိ- ဖြစ်လတ့်၊ ပဉ္စဝဿသဟဿာနိ-အနှစ်ငါးထောင်တို့ပတ်လုံး၊ပဝတ္တိဿတိ-ဖြစ်လတ့်၊ ဣတိ-ထို့ကြောင့်၊(ဥပါလိတ္ထေရဿ ဂုဏံ ဘာသတိ ထောမေတိ ပသံသတိ။ ) [ ဤ ပဉ္စဝဿသဟဿာနိ ဟူသော စကားသည် အဋ္ဌကထာဆရာ၏အလိုသာ ဖြစ်၏။]

တေဓဗဟူ ဘိက္ခူတိ - ကား၊ ဘဂဝတော - ၏၊ ဣမံဝဏ္ဏနံ - ကို၊ သုတွာ-ကြားရ၍၊ ဣမေ အာနိသံသေ - တို့ကို၊ သုတ္တန္တိကာ- သုတ္တန်ဆောင် ရဟန်းတို့

× × × × × × ×

**ဥဂ္ဂဟ,ပရိယာပုဏန။** ။ဆရာကရွတ်ပြသည်ကို နားထောင်ရုံသာနားထောင်၍ သင်ယူခြင်းကို (ယခုအခါ စာလိုက်ခြင်းမျိုးကို) "ဥဂ္ဂဟ" ဟု ခေါ်၏၊ ဆရာက ရွတ်ပြသောအခါ (ယခုအခါ စာဆိုသကဲ့သို့) ပုဒ်စဉ်အတိုင်း အဆက်မပြတ်လိုက်၍ဆိုခြင်းကို " ပရိယာပုဏန "ဟု ခေါ်၏။ [ " သုတွာ တုဏှီ ဘူတောဝ ပဂုဏံ ကရောန္တော ဥဂ္ဂဏှာတိ နာမ၊ ပဒါနုပဒံ ဃဋ္ဋေတွာ ဝါစာယ ပရိစိတံ ကရောန္တော ပရိယာပုဏာတိ နာမ"–နိဒါနသံယုတ်, ဂဟပတိဝဂ္ဂ, ပဌမသုတ် အဋ္ဌကထာ။ ]

သည်၊ နေဝလာဘန္တိကိရ-မရနိုင်ကုန်သတတ်၊ အာဘိဓမ္မိကာ-အဘိဓမ္မာဆောင်ရဟန်းတို့သည်လည်း၊ န လာဘန္တိကိရ-မရနိုင်ကုန်သတတ်၊ ဣတိ-ဤသို့ တွေး၍၊ ယထာပရိကိတ္တိတာနိသံသာဓိဂမေ- အကြင် အကြင် ဟောတော်မူအပ်ပြီးသော အာနိသင်တို့ကို ရခြင်း၌၊ ဥဿာဟဇာတာ – ဖြစ်သော အားထုတ်ခြင်း ရှိကုန်သော၊ ဗဟူ - များစွာကုန်သော၊ ထေရာ - ၁၀ ဝါရပြီး ထေရ်ကြီးဖြစ်ကုန်သော၊ တေ ဘိက္ခူစ-ထို ရဟန်းတို့သည်၎င်း၊ နဝါ-၅ ဝါမကြွယ်, သိတင်းငယ်ဖြစ်ကုန်သော၊ တေ ဘိက္ခူစ—တို့သည်၎င်း၊ မၛ္ဈိမာ-၅ ဝါပြည့်မြောက်, ၁၀ ဝါအောက်ငယ်, အလယ်အလတ် ဖြစ်ကုန်သော၊ တေ ဘိက္ခူစ - တို့သည်၎င်း၊ အာယသ္မတော ဥပါလိဿ-၏၊ သန္တိကေ-၌၊ ဝိနယံ-ကို၊ ပရိယာပုဏန္တိ-သင်ယူကြကုန်၏၊ ဣတိအယံ-ဤ ဆိုအပ်ပြီးကား၊ တွေ-ဤ တေဓဗဟူ ဘိက္ခူ အစရှိသောပါဠိ၌ရပ်၌၊ အတ္ထော—အနက်တည်း၊ ဣဓာတိ-ဣဓဟူသော ပုဒ်သည်၊ နိပါတ မတ္တမေဝ—အနက်မရ နိပါတ်မျှသာတည်း၊ [တေဓကို "တေ+ဣဓ" ဟု ပုဒ်ဖြတ်။]

ဥဒ္ဒိဿမာနေတိ - ကား၊ အာစရိယေန - ဆရာသည်၊ အန္တေဝါသိကဿ-အနီးနေတပည့်အား၊ ဥဒ္ဒိဿမာနေ- ရွတ်ပြအပ်သော်၊ (ဝေံ ဝဒေယျ-၌စပ်၊) [ရှေးက စာအုပ်မရှိသောကြောင့် စာချသောအခါ ရှေးဦးစွာ ဆရာက ရွတ်ပြရသည်။] ပန-ဆက်၊ သော-ထို ပါတိမောက်သည်၊ (ဥဒ္ဒိဿမာနောနာမ ဟောတိ-၌စပ်၊) ယသ္မာ- အကြင့်ကြောင့်၊ အာစရိယေ- ဆရာသည်၊ အတ္တနော- ၏၊ ရုစိယာ- အလိုအားဖြင့်၊ ဥဒ္ဒိသန္တေ- ရွတ်ပြသော်၎င်း၊ အာစရိယံ- ကို၊ ယာစိတွာ- ရွတ်ပြဘို့ရန်တောင်းပန်၍၊ အန္တေဝါသိကေန-အနီးနေတပည့်သည်၊ ဥဒ္ဒိသာပေန္တေဝါ-ရွတ်ပြစေသော်၎င်း၊ (ဆရာကိုရွတ်ပြဘို့ရန် တပည့်က တောင်းပန်သော်၎င်း၊) ယော—အကြင်ရဟန်းသည်၊ နံ—ထို ပါတိမောက်ကို၊ ဓာရေတိ—ဆောင်ထား၏၊ တဿ-ထိုရဟန်းသည်၊ သဇ္ဈာယံ-သရဇ္ဈာယ်ခြင်းကို၊ ဝါ-စာပြန်ခြင်းကို၊ ကရောန္တေဝါ- ပြုသော်၎င်း၊ ဥဒ္ဒိဿမာနောနာမ - ရွတ်ပြအပ်သည် မည်သည်၊ ဟောတိ၊ တသ္မာ-ကြောင့်၊ ဥဒ္ဒိသန္တေဝါ၊ပေ၊ကရောန္တေတိ-ဟူ၍၊ ပဒဘာဇနံ-ကို၊ (ဘဂဝတာ) ဝုတ္တံ၊

× × × ×. × × ×

**ပဒဘာဇနံ ဝုတ္တံ၊** ။ဥဒ္ဒိဿမာနေဟူသော သိက္ခာပုဒ်ပါဠိကို " ဥဒ္ဒိသန္တေဝါ, ဥဒ္ဒိသာပေန္တေဝါ,သဇ္ဈာယံ ဝါကရောန္တေ"ဟုပဒဘာဇနီ ၃ မျိုးဖွင့်၏၊ ထို ၃ မျိုးတို့တွင် ဥဒ္ဒိသန္တေဟူသည် တပည့်ကို ပို့ချသောအားဖြင့် ဆရာ့ကိုယ်တိုင် ရွတ်ပြခြင်းတည်း၊ ဥဒ္ဒိသာပေန္တေဟူသည် စာတက်လိုသောတပည့်က ဆရာ့ကို ရွတ်ပြဘို့ရန်တောင်းပန်၍ ရွတ်ပြစေခြင်းတည်း၊ သဇ္ဈာယံ ကရောန္တေဟူသည် ဆောင်ရွက် မှတ်သားထားသော ပါတိမောက်ကို ရွတ်အံနေခြင်း စာပြန်နေခြင်းတည်း၊ ထို ၃ မျိုးလုံးကိုပင် " ဥဒ္ဒိဿမာနေ – ရွတ်ပြအပ်သော်"ဟု ဆိုရသည်။ [ကံဟောဖြစ်၍ "ဒိဿ"ဟု သ ဒွေဘော် ရှိရသည်၊ ကတ္တားဟော၌ကား "ဒိသ"ဟုသာ ရှိရသည်။]

ခုဒ္ဒါနု ခုဒ္ဒကေဟိတိ-ကား၊ ခုဒ္ဒကေဟိစ-ငယ်သည်လည်းဖြစ်ကုန်သော၊ အနုခုဒ္ဒကေဟိစ- ထို့အောက် ငယ်သည်လည်းဖြစ်ကုန်သော၊ ("သိက္ခာပဒေဟိ"၌ စပ်၊ ) [ခုဒ္ဒကသိက္ခာပုဒ် , အနုခုဒ္ဒကသိက္ခာပုဒ်အခွဲကို၊ ကင်္ခါဘာသာဋီကာ၌ ပြထားပြီ။] ယာဝ ဒေဝါတိ(တော်)-ယာဝ ဒေဝဟူသော ဤသဒ္ဒါသည်၊ တေသံ-ထို ကုက္ကုစ္စ အစရှိသည်တို့၏၊ သံဝတ္တန မရိယာဒ ပရိစ္ဆေဒဝစနံ – ဖြစ်ခြင်း၏ အပိုင်းအခြားကို ပိုင်းဖြတ်ကြောင်း သဒ္ဒါတည်း၊ ဣဒံ ဝုတ္တံ ဟောတိ၊ (ကိံ ဝုတ္တံ ဟောတိ၊)ဟိ-ချဲ့၊ တောနိ-ဤခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်တို့သည်၊(သံဝတ္တန္တိ၌စပ်၊) ဝါ-တို့ကို၊ ယေ-အကြင်ရဟန်းတို့သည်၊ ဥဒ္ဒိသန္တိဝါ - ဆရာအဖြစ်ဖြင့်မူလည်း ရွတ်ပြကြကုန်၏၊ ဥဒ္ဒိသာပေန္တိဝါ-တပည့်အဖြစ်ဖြင့်မူလည်းရွတ်ပြစေကြကုန်၏၊ သဇ္ဈာယန္တိဝါ - စာပြန်သောအားဖြင့်မူလည်း သရဇ္ဈာယ်ကြကုန်၏၊ တေသံ- ထို ရဟန်းတို့၏၊ ယာဝ-လောက်၊ကပ္ပတိနုခေါ-အဝ်လေသလော၊ န ကပ္ပတိနုခေါ-မအဝ်လေသလော၊ ဣတိ-သို့၊ ကုက္ကုစ္စသင်္ခါတော - ကုက္ကုစ္စ ဟု ဆိုအပ်သော၊ ဝိပ္ပဋိသာရော- နှလုံးမသာယာခြင်းသည်၎င်း၊ ဝိဟေသာ- ကိုယ်စိတ် ပင်ပန်းခြင်းသည်၎င်း၊ ဝိစိကိစ္ဆာသင်္ခါတော-ဝိစိကိစ္ဆာဟုဆိုအပ်သော၊ မနောဝိလေခေါစ-စိတ်ကိုရေးခြစ်ကြောင်းသဘောသည်၎င်း၊ ဥပ္ပဇ္ဇတိယေဝ-ဖြစ်သည်သာ၊ တာဝ-ထို ကုက္ကုစ္စ, ဝိဟေသာ, ဝိလေခ ဖြစ်သည့်တိုင်အောင်၊ သံဝတ္တန္တိ- ဖြစ်ကုန်၏၊ [ကိံအမေးကို ပြန်လှည့်ဘို့ရန် ဥပ္ပဇ္ဇတိယေဝါတိ ဟု ဣတိသဒ္ဒါပါလျှင် ကောင်း၏၊ မပါလျှင် ထည့်၍ ဣတိ ဝုတ္တံ ဟောတိ ဟု ပြန်လှည့်ပါ၊ အဓိပ္ပါယ်ကို ကင်္ခါဘာသာဋီကာ၌ ပြထားပြီ။]

အထဝါ- ထို့ပြင်တနည်းကား၊ ယာဝဒေဝါတိ(တော်)- သည်၊ အတိသယဝဝတ္တာပနံ- အလွန်အကဲအားဖြင့် ပိုင်းခြားကြောင်း သဒ္ဒါတည်း၊ [ ယာဝသည် အတိသယအနက်,ဧဝကား ဝဝတ္ထာပနအနက်ကိုဟောသည်။]တဿ-ထိုယာဝ ဒေဝ သဒ္ဒါ၏၊ သံဝတ္တန္တီတိဣမိနာ - သံဝတ္တန္တိ ဟူသော ဤပုဒ်နှင့်၊ သမ္ဗန္ဓော-ဆက်စပ်ခြင်းသည်၊ (ဟောတိ)၊ ကုက္ကုစ္စာယ - ကုက္ကုစ္စ အကျိုး၄ါ၎င်း၊ ဝိဟေသာယ-ကိုယ်စိတ် ပင်ပန်းခြင်း၄ါ၎င်း၊ ဝိလေခါယ - စိတ်ကို ရေးခြစ်သကဲ့သို့ဖြစ်သော ဝိစိကိစ္ဆာ အကျိုး၄ါ၎င်း၊ အတိဝိယ - အလွန်အကဲသာလျှင်၊ သံဝတ္တန္တိယေဝ– ဖြစ်ကုန်သည်သာ၊ ဣတိ ဝုတ္တံ ဟောတိ၊ ဥပသမ္ပန္နဿ ဝိနယံ ဝိဝဏ္ဏေန္တီတိ-ကား၊ ဥပသမ္ပန္နဿ-ရဟန်း၏၊ သန္တိကေ-၌၊ တဿ-ထိုရဟန်း၏၊ တသ္မိံ-ထိုသိက္ခာပုဒ်၌၊ ဝိမတိ–တွေးတောခြင်းကို၊ ဥပ္ပါဒေတုကာမော–ဖြစ်စေလိုသည်၊ (ဟုတွာ)၊ ဝိနယံ-ကို၊ ဝိဝဏ္ဏေတိ- ကဲ့ရဲ့အံ့၊ နိန္ဒတိ-ကဲ့ရဲ့အံ့၊ ဂရဟတိ-ရှုတ်ချအံ့၊ ( ဝိဝဏ္ဏေတိကို ထင်ဖွင့်သည်။) သေသံ၊ပေ၊ ဒုက္ခဝေဒနန္တိ။···· ဝိလေခန သိက္ခာပဒံ ဒုတိယံ။

## မောဟနသိက္ခာပုဒ်

တတိယေ—၌၊ အန္ဒဒ္ဓမာသန္တိ-ကား၊ အနုပဋိပါဋိယာ-အစဉ်အားဖြင့်၊ အဒ္ဓမာသေ အဒ္ဓမာသေ-လခွဲတိုင်း လခွဲတိုင်း၌၊ ပန—ဆက်၊ ယသ္မာ-ကြောင့်၊ သော-ထိုပါတိမောက်ကို၊ ဥပေါသထဒိဝသေ-၌၊ ဥဒ္ဒိသိယတိ-ရွတ်ပြအပ်၏၊ တသ္မာ-ကြောင့်၊ အနုပေါသထိကန္တိ-ဟူ၍၊ ပဒဘာဇနေ-၌၊(ဘဂဝတာ)ဝုတ္တံ၊ ဥဒ္ဒိဿမာနေတိ-ကား၊ ဥဒ္ဒိသိယမာနေ-ရွတ်ပြအပ်သော်၊ ပန-ဆက်၊ ယသ္မာ-ကြောင့်၊ သော-ထိုပါတိမောက်သည်၊ ပါတိမောက္ခုဒ္ဒေသကေ-ပါတိမောက်ကို ရွတ်ပြသော ရဟန်းသည်၊ ဥဒ္ဒိသန္တေ-ရွတ်ပြလသော်၊ ဥဒ္ဒိသိယမာနောနာမ-ရွတ်ပြအပ်သည် မည်သည်၊ ဟောတိ၊ တသ္မာ၊ပေ၊ ဝုတ္တံ၊ ယဒ္ဓ ၊ပေ၊ **အာပန္နော**တိ - ကား၊ တသ္မိံ အနာစာရေ-ထို မလျောက်ပတ်သော အကျင့်ကို၊ စိဏ္ဏေ-ကျင့်အပ်ပြီးသော်၊ ယံ **အာပတ္တိံ**-သို့၊ **အာပန္နော**—ပြီ။

ယထာဓမ္မော ကာရေတဗ္ဗောတိ — ကား၊ အညာဏေန - မသိခြင်းကြောင့်၊ အာပန္နတ္တာ- သင့်ရောက်အပ်သည်၏ အဖြစ်ကြောင့်၊ တဿာ အာပတ္တိယာ- မှ၊ မောက္ခော-လွတ်မြောက်ခြင်းသည်၊ နတ္ထိ-မရှိ၊ ပန-စင်စစ်ကား၊ ယထာ- အကြင်အခြင်းအရာအားဖြင့်၊ ဓမ္မောစ - သုတ်အဘိဓမ္မာ တရားသည်၎င်း၊ ဝိနယောစ-ဝိနည်းသည်၎င်း၊ ဌိတော-တည်၏၊ တထာ-ထိုဓမ္မဝိနယ တည်တိုင်းသောအခြင်းအရာအားဖြင့်၊ ကာရေတဗ္ဗော — ပြုစေထိုက်၏၊ ဝါ - ဆုံးဖြတ်ထိုက်၏၊ ဒေသနာဂါမိနိံ - ဒေသနာဂါမိအာပတ်သို့၊ အာပန္နော - ရောက်သည်၊ စေဟောတိ- အံ့၊ (စေ ံ သတိ )၊ ဒေသာပေတဗ္ဗော — ဒေသနာ ပြောစေထိုက်၏၊ ဝုဋ္ဌာနဂါမိနိံ-ဝုဋ္ဌာနဂါမိအာပတ်သို့၊(အာပန္နော—သည်၊) စေ(ဟောတိ)- အံ့၊ (စေ ံသတိ)၊ ဝုဋ္ဌာပေတဗ္ဗော-ထစေထိုက်၏၊ ဥတ္တရိအတ္တော- နက်၊ [အဓိပ္ပါယ်ကို ကင်္ခါဘာသာဋီကာ၌ ပြထားပြီ၊] သာဓုကန္တိ-ကား၊ သုဋ္ဌု-ကောင်းစွာ၊ အဋ္ဌိံ ကတွာတိ-ကား၊ အတ္ထိကဘာဝံ-အကျိုးရှိသည်၏အဖြစ်ကို၊ ဝါ-အလိုရှိသည်၏အဖြစ်ကို၊ ကတွာ-၍၊ အတ္ထိကော — အကျိုးရှိသည်၊ ဝါ- အလိုရှိသည်၊ ဟုတွာ- ၍၊ ဣတိ ဝုတ္တံ ဟောတိ၊ [ပုဒ်ပြီးပုံကို ပါတိမောက်ဘာသာဋီကာ၌ ရှုပါ။] ဓမ္မကမ္မေတိအာဒိသု-အစရှိသော ပါဠိရပ်တို့၌၊ မောဟာရောပနကမ္မံ- မောဟာရောပနကံကို၊ အဓိပ္ပေတံ-အလိုရှိအပ်၏၊ သေသံ၊ပေ၊ ဒုက္ခဝေဒနန္တိ။....မောဟနသိက္ခာပဒံ တတိယံ။

× × × × × × × ×

**ယထာဓမ္မော**။ ။ဤယထာဓမ္မော ဟူသော ပါဠိကို စာအုပ်များ၌ "ယထာ ပန ဓမ္မောစ ဝိနယောစ"ဟု စသဒ္ဒါနှင့်တကွ ဖွင့်ထားသည်ကိုတွေ့ရ၏၊ ထို့ကြောင့် ဓမ္မအရ သုတ္တန် အဘိဓမ္မာတရားကိုယူ၍ ဝိနယ အရ ဝိနည်းကိုယူရသည်၊ သို့သော် " ဒေသနာဂါမိနိံစေ"စသော နောက်ဝါကျကိုထောက်လျှင် ဝိနည်းနှင့်သာဆိုင်ရကား ဓမ္မောကို "ဝိနယော"ဟု ထပ်ဖွင့်သည် ဟု ထင်သည်၊ ဤအလို စသဒ္ဒါ မပါသင့်။

## ပဟာရသိက္ခာပုဒ်

စတုတ္ထေ-၌၊ ပဟာရံဒေန္တိတိ-ကား၊ အာဝုသော- ငါ့ရှင်တို့၊ ပီဠကံ- အင်းပျဉ်ငယ်ကို၊ ပညပေထ-ခင်းကြကုန်၊ ပါဒဓောဝနံ-ခြေဆေးရေကို၊ အာဟရထ-ဆောင်ခဲ့ကြကုန်၊ ဣတိ အာဒီနိ-ဤသို့ အစရှိသော စကားတို့ကို၊ ဝတွာ-ပြောဆို၍၊ တထာ – ထို စေခိုင်းသည့် အတိုင်း၊ ဝါ – ထို စေခိုင်းအပ်သော အမှုကို၊ အကရောန္တာနံ - မပြုကုန်သော သတ္တရသဝဂ္ဂိ ရဟန်းကလေးတို့အား၊ ပဟာရံ-ပုတ်ခတ်ခြင်းကို၊ ဒေန္တိ–ပေးကြကုန်၏၊ ပဟာရံ၊ပေ၊ပါစိတ္တိယဿာတိ တွေ-၌၊ ပဟရိတုကာမတာယ-ပုတ်ခတ်ခြင်းငှါ အလိုရှိသည်၏အဖြစ်ကြောင့်၊ ပဟာရေ-ပုတ်ခတ်ခြင်းကို၊ဒိန္နေ-ပေးအပ်သော်၊ သစေပိ မရတိ-အကယ်၍မူလည်း သေစေဦးတော့၊(ဝေ့ံသတိပိ)၊ ပါစိတ္တိယမေဝ-သည်သာ၊(ဟောတိ၊)[သေစေလိုသော စိတ်မပါသောကြောင့် ပါစိတ်သာ သင့်၏။] ပဟာရေန - ပုတ်ခတ်ခြင်းကြောင့်၊ ဟတ္ထာဝါ-လက်သည်သော်ငှင်း၊ ပါဒေါဝါ- ခြေသည်သော်ငှင်း၊ ( သစေပိ ) ဘိဇ္ဇတိ - အကယ်၍မူလည်း ကျိုးစေဦးတော့၊ သီသံဝါ - ဦးခေါင်းသည်သော်လည်း၊ ဆိဒ္ဒ - ပေါက်သည်၊ (" ဘိန္န-ကွဲသည် "ဟုလည်း ရှိ၏၊) (သစေပိ) ဟောတိ–အကယ်၍မူလည်း ဖြစ်စေဦးတော့၊ (ဝေ့ံသတိပိ-ဤသို့ ဖြစ်ပါသော်လည်း၊) ပါစိတ္တိယမေဝ (ဟောတိ)၊ ယထာ-အကြင်အခြင်းအရာအားဖြင့် ပြုလသော်၊ အယံ-ဤရဟန်းသည်၊ သံဃမဇ္ဈေ-၌၊ နပိရောစတိ-မတင့်တယ်၊ တထာ-ထို မတင့်တယ်နိုင်လေခံအောင်သော အခြင်းအရာအားဖြင့်၊ နံ- ထို ရဟန်းကို၊ ကရောမိ-ပြုအံ့၊ ဣတိဝေ့ံ-သို့၊ ဝိရူပကရဏာဓိပ္ပါယေန-ဖေါက်ပြန်သောအဆင်းရှိအောင် ပြုခြင်း၌ဖြစ်သော အလိုဖြင့်၊ (ရုပ်ပျက် ဆင်းပျက် ဖြစ်စေလိုသဖြင့်၊ ) ကဏ္ဏံဝါ–နားကိုသော်ငှင်း၊ နာသံဝါ-နှာခေါင်းကိုသော်ငှင်း၊ ဆိန္ဒတိ-ဖြတ်အံ့၊ ဒုက္ကဋံ (ဟောတိ)။

အနုပသမ္ပန္နဿာတိ- ကား၊ ဂဟဋ္ဌဿဝါ - လူဝတ်ကြောင်အားသော်ငှင်း၊ ပဗ္ဗဇိတဿဝါ-ရဟန်း သာမဏေအားသော်ငှင်း၊ ဣတ္ထိယာဝါ–သော်ငှင်း၊ ပုရိသဿ-သော်ငှင်း၊အန္တမသော-အားဖြင့်၊တိရစ္ဆာနဂတဿာပိ-အားသော်လည်း၊ ပဟာရံ-ကို၊ ဒေတိ-အံ့၊ ဒုက္ကဋံ (ဟောတိ)၊ ပန- ဆက်၊ ရတ္တစိတ္တော- တပ်မက်သော စိတ်ရှိသည်၊(ဟုတွာ) ဣတ္ထိံ – ကို၊ သစေ ပဟရတိ - အံ့၊ (ဝေ့ံ သတိ)၊ သံဃာဒိသေသော(ဟောတိ)၊ကေနစိ ဝိဟေဌိယမာနောတိ-ကား၊မနုဿေနဝါ-လူသည်သော်ငှင်း၊ တိရစ္ဆာနဂတေနဝါ- သည်သော်ငှင်း၊ ဝိဟေဌိယမာနော-ညှဉ်းဆဲအပ်သော်၊ ( " မောက္ခာဓိပ္ပါယော ပဟာရံ ဒေတိ " ၌စပ်၊ ) မောက္ခာဓိပ္ပါယောတိ-ကား၊တတော-ထိုသို့ညှဉ်းဆဲသူမှ၊["တတောတိ ဝိဟေဌနတော" ဟု ယောဇနာဖွင့်သည်ကို စဉ်းစားပါ။] အတ္တနော-၏၊ မောက္ခံ - လွတ်ခြင်းကို၊ ပတ္ထယမာနော-တောင့်တသည်၊(ဟုတွာ)("ပဟာရံ ဒေတိ-"၌စပ်၊) ပဟာရံ

ဒေတိတိ–ကား၊ ကာယ ကာယပဋိဗဒ္ဓ နိသဂ္ဂိယာနံ - ကိုယ်, ကိုယ်နှင့်စပ်သော ဝတ္ထု,ပစ်လွှတ်အပ်သောလက်နက်တို့တွင်၊အညတရေန-တပါးပါးဖြင့်၊ပဟာရံ-ကို၊ ဒေတိ-အံ့၊ အနာပတ္တိ။ [မောက္ခာဓိပ္ပါယကြောင့် အာပတ်မသင့်။]

အန္တရာမဂ္ဂေ- ခရီးအကြား၌၊ စောရံဝါ- ခိုးသူမူလည်း ဖြစ်သော၊ ပစ္စတ္ထိကံ ဝါ- ဆန့်ကျင်ဘက်ကိုအလိုရှိသော ရန်သူမူလည်းဖြစ်သော၊ ဝိဟေဌေတုကာမံ-မိမိကိုယ် ညှဉ်းဆဲလိုသူကို၊ ဒိသွာ - တွေ့၍၊ ဥပါသက - ဥပါသကာ၊ ဧတ္တေဝ-အဲဒီအရပ်၌ပင်၊ တိဋ္ဌ-ရပ်လော၊ ( တွံ - သည်၊ ) မာ အာဂမိ–ရှေ့သို့မလာနှင့်၊ ဣတိ-ဤသို့၊ ဝတွာ- ပြော၍၊ ဝစနံ - စကားကို၊ အနာဒိယိတွာ – မနာယူမူ၍၊ ( ဂရုမစိုက်ဘဲ၊) အာဂစ္ဆန္တံ-လာသူကို၊ ဂစ္ဆ, ရေ- သွားရေ့ဟ၊ ဣတိ-ဤသို့ ပြော၍၊ မုဂ္ဂရေနဝါ - လက်ရိုက်ဖြင့် သော်၎င်း၊ သတ္ထကေနဝါ - ထားငယ်ဖြင့် သော်၎င်း၊ ပဟရိတွာ-ပုတ်ခတ်၍၊ သစေပိ ယာတိ–အကယ်၍မူလည်း သွားစေဦးတော့အံ့၊ သော- ထို ပုတ်ခတ်အပ်သူသည်၊ တေနပဟာရေန–ထို ပုတ်ခတ်မှု ကြောင့်၊ စေ(ပိ)မရတိ-အကယ်၍မူလည်း သေစေဦးတော့၊ (ဝေဲသတိပိ-ဤသို့ သေပါသော်လည်း၊) အနာပတ္တိယေဝ - အနာပတ်ပင်တည်း၊ ဝါဠမိဂေသုပိ–ခြင်္သေ့ သစ် ကျား စသော ရဲသော သားကောင်တို့ ၌လည်း၊ ဧသေဝ နယော–ဤနည်းပင်တည်း၊ သေသမေတ္ထ ဥတ္တာနမေဝ၊ ပန-ဆက်၊ အသ-ဤသိက္ခာပုဒ်၏၊ သမုဋ္ဌာနာဒီနိ– သမုဋ္ဌာန် အစရှိသည်တို့သည်၊ ပဌမပါရာဇိကသဒိသာနိ-ပဌမပါရာဇိက သိက္ခာပုဒ်၏ သမုဋ္ဌာန် အစရှိသည်တို့နှင့် တူကုန်၏၊ ပန-အထူး ကား၊ ဣဒံ - ဤသိက္ခာပုဒ်သည်၊ ဒုက္ခဝေဒနံ - ဒုက္ခဝေဒနာ ရှိ၏၊ ဣတိ-အပြီး တည်း။.... ပဟာရသိက္ခာပဒံ စတုတ္ထံ။

## တလသတ္တိကသိက္ခာပုဒ်

ပဉ္စမေ- ၌၊ တလသတ္တိကံ ဥဂ္ဂိရန္တီတိ- ကား၊ ပဟာရဒါနာကာရံ - ပုတ်ခတ်ခြင်းကို ပေးခြင်းဟူသော အခြင်းအရာကို၊ ဝါ-ပုတ်ခတ်မှုကိုပေးမည့် အခြင်းအရာ ကို၊ ဒဿေတွာ-ပြ၍၊ကာယမ္ပိ-ကိုယ်ကိုလည်း၊ကာယပဋိဗဒ္ဓမ္ပိ-ကိုယ်နှင့်စပ်သော လက်နက်ကိုလည်း၊ ဥစ္စာရေန္တိ - မြှောက်ချီကုန်၏၊ ဝါ - မိုးကုန်၏၊ တေ ပဟာရ သမုစ္စိတာ ရောဒန္တီတိ– ကား၊ တေ - ထို သတ္တရသဝဂ္ဂီရဟန်းကလေးတို့သည်၊ ပဟာရပရိစိတာ- ပုတ်ခတ်ခြင်း၌ လေ့ကျက်အပ်သော အလေ့အကျင့်ရှိကုန်သည်၊

× × × × × × ×

**ပဟာရသမုစ္စိတာ ။** ။ သံရှေး, ဥ ရှေးရှိသော စိခါတ်သည် ပရိစယ အနက်ကို ဟော၏၊ ပရိစယဟူသည် ရှေးအခါတုန်းကလည်း ထိုကဲ့သို့ဆဗ္ဗဂ္ဂီရဟန်းတို့၏ ပုတ်ခတ် ခံရခြင်း၌ အလေ့အကျင့် ရှိခြင်းတည်း၊ ထို့ကြောင့် “ ပဟာရပရိစိတာ ” ဟု သဒ္ဒတ္ထ ဖွင့်၍ “ပုဗ္ဗေပိ လဒ္ဓပဟာရတ္တာ၊ပေ၊မညမာနာ”ဟု အဓိပ္ပါယတ္ထဖွင့်သည်၊“ပဟာရေ+ သံ(ပုနပ္ပုနံ) ဥစ္စိတာ ပဟာရသမုစ္စိတာ”ဟု ပြု။

(ဟုတ္ဝာ- ၍၊) ပုဗ္ဗေပိ- ရှေး၌လည်း၊ လဒ္ဓပဟာရတ္တာ- ရအပ်ပြီးသော ပုတ်ခတ်ခံရခြင်း ရှိကုန်သည်၏အဖြစ်ကြောင့်၊ (အပုတ်အခတ် ခံရဘန် များကုန်သည်၏အဖြစ်ကြောင့်၊) ဣဒါနိစ- ယခုအခါ၌လည်း၊ ပဟာရံ-ပုတ်ခတ်ခြင်းကို၊ ဒဿန္တိ- ပေးကြကုန်တော့လတ့ံ-(ပေးကြကုန်တော့မှာပါ တကား၊) ဣတိ- ဤသို့၊ မည မာနာ- မှတ်ထင်ကုန်သည်၊ (ဟုတွာ)၊ ရောဒန္တိ-ငိုကြကုန်၏၊ ဣတိ အတ္ထော- နက်၊ ပဟာရဿ မုစ္စိတာတိပိ – ဟူ၍လည်း၊ သဇ္ဈာယန္တိ- သရဇ္ဈာယ်ကြကုန်၏၊ တတ္ထ–ထို ပဟာရဿမုစ္စိတာ ဟူသောပါဌ်၌၊ ပဟာရဿ-ပုတ်ခတ်ခြင်း၏၊ ဝါ– မှ၊ ဘီဘာ-ကြောက်ကုန်သည်၊ (ဟုတွာ ရောဒန္တိ-ကုန်၏၊) ဣတိ အတ္ထော။

ဥဂ္ဂိရတိ အာပတ္တိ ပါစိတ္တိယဿာတိ ထွေ-၌၊ ဥဂ္ဂိရိတွာ–မြှောက်ချီ၍၊ ဝါ– မိုး၍၊ ဝိရဒ္ဓေါ- ချွတ်ချော်လျက် (လက်လွှန်၍၊) ပဟာရံ- ကို၊ သစေ ဒေတိ- အကယ်၍ ပေးမိအံ့၊(ဇေ သတိ-ဤသို့ ပေးမိလသော်၊)အဝဿံ–မချွတ်ကေန်၊ ဓာရေတုံ–ဆောင်ထားခြင်းငှါ၊ (မပုတ်ခတ်မိအောင် ထိန်းထားခြင်းငှါ၊) အသက္ကောန္တဿ-မစွမ်းနိုင်သောရဟန်း၏၊ ပဟာရော-ပုတ်ခတ်ခြင်းသည်၊ သဟာသာ- အဆော့တလျင်၊ ပတတိ-ကျအံ့၊ န ပဟာရိတုကာမတာယ-ပုတ်ခတ်ခြင်းငှါအလို

× × × × × × × × ×

**ပဟာရဿ မုစ္စိတာ**။ ။ယောဇနာ၌ " ပဟာရဿ ဥဗ္ဗိဂ္ဂါ " ဟု ရှိ၏၊ ဘီတာ ဟူသော အဖွင့်ကို ထောက်လျှင် ထိုဥဗ္ဗိဂ္ဂါပါဌ်ကပင် သင့်မည်ထင်သည်၊ ပဟာရဿ၌ ဆဋ္ဌီကား ဘီရုတာယောဂ ဆဋ္ဌီတည်း။

**န ပဟာရိတုကာမတာယ ၊ပေ၊ ဒုက္ကဋံ ။** ။ပဟာရိတုကာမတာယ ပဟာဒေ့ ပုရိမ သိက္ခာပဒေန ပါစိတ္တိယံ၊ ဥစ္စာရေတုကာမတာယ ကေဝလံ ဥဂ္ဂိရဏမတ္တေ ကတေ ဣမိနာ ပါစိတ္တိယံ၊ ဣမိနာ ပန ဝိရဇ္ဈိတွာ ပဟာရော ဒိန္နော၊ တသ္မာ ဒုက္ကဋံ၊ (ဤရဟန်းကား မြှောက်ရုံတွင်မက ချော်၍ ပုတ်ခတ်မိသောကြောင့် ဒုက္ကဋ်သင့်သည်။)

**မေးဘွယ်။** ။ " ဤဒုက္ကဋ်သည် ပုတ်ခတ်မိခြင်းကြောင့် သင့်သလော, သို့မဟုတ် မိုးခြင်းကြောင့် သင့်သလော "ဟု မေးဘွယ်ရှိ၏၊ ဋီကာ၌ ကေစိဆရာတို့ ဖြေပုံကား– ပုတ်ခတ်မိခြင်းကြောင့်သာ ဒုက္ကဋ်သင့်ရသည်၊ ပဌမမိုးခြင်းကြောင့်ကား ပါစိတ်လည်း သင့်ခဲ့ပြီ၊ ထို့ကြောင့် မြှောက်ရာမှ ချော်၍ပုတ်ခတ်မိသော ထိုပုဂ္ဂိုလ်မှာ ဒုက္ကဋ်နှင့်တကွ ပါစိတ်အာပတ်ဖြစ်သင့်၏၊ ဤသို့ဆိုကြသည်။

**ဋီကာဆရာ ။** ။ငါတို့ကား ဤသို့ ကြံမိကြကုန်၏၊ – လက်ကို မြှောက်မိုးလျက် တည်မနေသောကြောင့် ပါစိတ်အာပတ် မဖြစ်သင့်၊ မစင်ကြယ်သော စိတ်ဖြင့် (ဒေါသ စိတ်ဖြင့်) မြှော်မိုးရာမှ ပုတ်ခတ်မိသောကြောင့် လုံးလုံးအာပတ်မသင့်လည်း မဖြစ်နိုင်၊ ထို့ကြောင့် ဒုက္ကဋ်အာပတ် ဟု အဋ္ဌကထာဆိုသည်၊ ဤကား ဋီကာဆရာအလိုတည်း။

**မှတ်ချက်။** ။ကိုယ်တော်တပါးသည် ပုတ်ခတ်လိုသော ဆန္ဒမရှိဘဲ ရွယ်ရုံသာ ရွယ်ထားစဉ်, ဤ တလသတ္တိက သိက္ခာပုဒ်အရ အာပတ်သင့်မှန်း သိသောကြောင့် "မထူးတော့ပါဘူး"ဟု ဆို၍ ပုတ်ခတ်အံ့၊ ထိုကိုယ်တော်ကား ဤသိက္ခာပုဒ်နှင့် ရှေး သိက္ခာပုဒ်အရ ပါစိတ်အာပတ် ၂ ချက် သင့်သည်။

မရှိသည်၏အဖြစ်ဖြင့်၊ဒိန္နတ္တာ-ပေးအပ်သည်၏အဖြစ်ကြောင့်၊ဒုက္ကဋံ(ဟောတိ၊) တေန ပဟာရေန-ကြောင့်၊ ဟတ္ထာဒီသု-လက်အစရှိသော အင်္ဂါတို့တွင်၊ ယံကိဉ္စိ-အမှတ်မထား တပါးသော အင်္ဂါသည်၊ ဘိဇ္ဇတိ—ကျိုးပဲ့ပျက်စီးအံ့၊ ဒုက္ကဋမေဝ-ဒုက္ကဋ်အာပတ်ပင်တည်း။

မောက္ခာဓိပ္ပါယော ၊ပေ၊ ဥဂ္ဂိရတီတိ ဧတ္ထ-၌၊ ပုဗ္ဗေ-ရှေးသိက္ခာပုဒ်၌၊ ဝုတ္တေသု-ဆိုအပ်ပြီးကုန်သော၊ ဝတ္ထူသု—စောရစသော ဝတ္ထုတို့၌၊ ပုရိမနယေနေဝ-ဖြင့်သာလျှင်၊ တလသတ္တိကံ-လှံ၏အလား လက်ဝါးပြင်ကို၊ ဥဂ္ဂိရန္တဿ- မြှောက်ချီသော ရဟန်း၏၊ ဝါ-မိုးသော ရဟန်း၏၊ အနာပတ္တိ-အနာပတ်တည်း၊ ဝိရဇ္ဈိတွာ- ချွတ်ချော်၍၊ ပဟာရံ- ကို၊ သစေပိ ဒေတိ- အကယ်၍မူလည်း ပေးမိစေဦး တော့၊(ဧဝံသတိပိ-ဤသို့ပင် ပေးမိပါသော်လည်း၊)အနာပတ္တိယေဝ-အနာပတ် ပင်တည်း၊ သေသံ၊ပေ၊ သမုဋ္ဌာနာဒီဟိတိ။.... တလသတ္တိကသိက္ခာပဒံ ပဉ္စမံ။

× × × × × × ×

**တလသတ္တိကံ။** ။[သတ္တိ—လှံ+က—တူသည်၊ သတ္တိက—လှံနှင့် တူသော+တလ-လက်ဝါးပြင်။ ] လှံသည် ထိုးဆွစရာဖြစ်သကဲ့သို့ လက်ဝါးအပြင်လည်း ရိုက်ပုတ်စရာ ဖြစ်သည်၊ လက်ဝါးအပြင်ကို ဥပလက္ခဏနည်းဖြင့် မှတ်၍ ဆိုထားသည်၊ လက်ဝါးသာ မက, ခြေဖြင့်ကန်ခြင်း, ဒူးဖြင့်တိုက်ခြင်း စသည်၌ ဒူးစသော ကိုယ်အင်္ဂါ အစိတ်များ ကိုပါ တလသတ္တိကအရ ယူရမည်။

---

## အမူလကသိက္ခာပုဒ်

ဆဋ္ဌေ- ၌၊ အနုဒ္ဓံသေန္တီတိ- ကား၊ တေ- ထို ဆဗ္ဗဂ္ဂိရဟန်းတို့သည်၊ သယံ—မိမိတို့ကိုယ်တိုင်၊ အာကိဏ္ဏဒေါသတ္တာ-ရောပြွမ်းသောအပြစ်ရှိကုန်သည်၏အဖြစ် ကြောင့်၊ဧဝံ-ဤသို့ မိမိတို့က တင်ကြို၍ စောဒနာရသည်ရှိသော်၊ ဘိက္ခူ-တို့သည်၊ အမှေ - ငါတို့ကို၊ နေဝ စောဒေဿန္တိ -စောဒနာကြလိမ့်မည်မဟုတ်၊ န သာရေ ဿန္တိ – အပြစ်ကို အမှတ်ရစေကြလိမ့်မည် မဟုတ်၊ ဣတိ - ဤသို့ကြံ၍၊ အတ္တ ပရိတ္တာဏံ - မိမိကိုယ်ကို စောင့်ရှောက်ခြင်းကို၊ ကရောန္တာ – ပြုလိုကုန်သည်၊ (ဟုတွာ)၊ ပဋိကစ္စေဝ-စောစောကပင်၊(တင်ကြို၍)၊ဘိက္ခူ-တို့ကို၊ အမူလကေ န - သော၊ သံဃာဒိသေသေန- သံဃာဒိသေသ် အာပတ်ဖြင့်၊ စောဒေန္တိကိရ—စောဒနာကြကုန်သတတ်၊ ဧတ္ထ-ဤသိက္ခာပုဒ်၌၊ သေသံ-ကြွင်းသောပုဒ်အပေါင်း သည်၊ တေရသကမှိ- ၁၃ ပါးသော သိက္ခာပုဒ်အပေါင်း၌၊ (သံဃာဒိသေသ်၌၊) အမူလကသိက္ခာပဒေ - ၌၊ ဝုတ္တနယတ္တာ ဥတ္တာနမေဝ၊ပေ၊ ဒုက္ခဝေဒနန္တိ။.... အမူလကသိက္ခာပဒံ ဆဋ္ဌံ။

## သဥ္စိစ္စ သိက္ခာပုဒ်

သတ္တမေ- ၌၊ ဥပဒဟန္တီတိ- ကား၊ ဥပ္ပါဒေန္တိ- ဖြစ်စေကြကုန်၏၊ [ဤပုဒ်၏ အဖွင့်ကို ကင်္ခါဘာသာဋီကာ၌ ပြထားပြီ၊] ကုက္ကုစ္စံပေပါစိတ္တိယယာတိ-ကား၊ ဝါစာယ ဝါစာယ – စကားခွန်းတိုင်း စကားခွန်းတိုင်း၌၊ အာပတ္တိ – သည်၊ (ဟောတိ)၊ အနုပသမ္ပန္နဿာတိ-ကား၊ သာမဏေရဿ-သာမဏေ၏အပေါ်၌၊ ( " သဥ္စိစ္စ ကုက္ကုစ္စံ ဥပဒဟတိ " ၌ စပ်၊) မာတုဂါမေန - နှင့်၊ သဒ္ဓိံ - တကွ၊ ရဟော - ဆိပ်ကွယ်ရာအရပ်၌၊ တယာ - သင်သည်၊ နိသိန္နံမညေ - ထိုင်ခြင်းဟု ငါထင်၏၊ နိပန္နံမညေ - လျောင်းခြင်းဟု ငါထင်၏၊ (ဝိကာလေ - နေလွဲအခါ၌၊ တယာ-သည်၊) ဘုတ္တံမညေ- စားအပ်ပြီ ဟု ထင်၏၊ (မဇ္ဇံ- သေရည်အရက်ကို၊ တယာ-သည်၊) ပီတံမညေ– သောက်အပ်ပြီ ဟု ထင်၏၊ [ဤပုဒ်တို့နှင့် စပ်သွယ်သောပုဒ်များသည် ပါဠိတော်၌ တိုက်ရိုက်ပါ၏၊ ဤ အဌကထာ၌ကား အတိုချုံးထားသည်။ ] သံဃမဇ္ဈေ - ၌၊ ဇာဒဒ္ဓိဒဋ္ဌ - ဤမည် ဤမည်သော အမှုကိုလည်း၊ ကတံ-ပြုအပ်ပြီ၊ ဇာတိ အာဒိနာ-သော၊ နယေန-ဖြင့်၊ ကုက္ကုစ္စံ-ကို၊ ဥပဒဟတိ– အနီး၌ထားအံ့၊ ဝါ-ဖြစ်စေအံ့၊ (ဝေဝသတိ)၊ ဝါစာယ ဝါစာယ ဒုက္ကဋံ၊ သေသံ၊ ပေ၊အမူလကသဒိသာနေဝါတိ။....သဥ္စိစ္စသိက္ခာပဒံ သတ္တမံ။

× × × × × × ×

**နိသိန္န နိပန္န။** ။နိ ရှေးရှိသော သဒ ဓာတ် , ပဒ ဓာတ်တို့က အကမ္မကဖြစ်သော ကြောင့် ကံအနက်မပေးနိုင်၊တယာဟူသောကတ္တားနှင့်လျော်အောင် ဘာဝအနက်သာ ပေးနိုင်၏၊ သို့မဟုတ် " နိသိန္နံ – ထိုင်ခြင်းကို၊ ကတံမညေ– ပြုအပ်၏ "ဟု ငါထင်၏၊ ဤသို့သော်လည်း ကြံယာထည့်၍ပေးပါ။

---

## ဥပဿုတိသိက္ခာပုဒ်

အဋ္ဌမေ - ၌၊ အဓိကရဏဇာတာနန္တိ - ကား၊ တေဟိ ဘဏ္ဍနာဒီဟိ- ဤ ဘဏ္ဍန အစရှိသည်တို့ဖြင့်၊ ( ဥပ္ပန္န၏ ဝိသေသန ) ဥပ္ပန္န ဝိဝါဒါဓိကရဏာနံ - ဖြစ်သော ဝိဝါဒါဓိကရဏ်းရှိကုန်သော၊["ဘိက္ခူနံ ဥပဿုတိံ"၌စပ်၊ ဘဏ္ဍန, ကလဟ, ဝိဝါဒတို့သည် ဤသိက္ခာပုဒ် ပါဠိတော်၌ တိုက်ရိုက်ပါ၏၊ ထို့ကြောင့် "တေဟိ ဘဏ္ဍနာဒီဟိ"ဟု ညွှန်ပြသည်၊] ဥပဿုတိန္တိ - ကား၊ သုတိသမီပံ– ကြားအပ်သောအသံ၏ အနီး၌၊ ယတ္ထ-အကြင်အရပ်၌၊ ဌတွာ-တည်၍၊ တေသံ- ထိုရဟန်းတို့၏၊ ဝစနံ-စကားကို၊ သောတုံ-ကြားခြင်းငှါ၊ သက္ကာ-တတ်ကောင်းသည်၊ ဟောတိ၊ တတ္ထ- ထို ကြားလောက်ရာအရပ်၌၊ (တိဋ္ဌေယျ - ၌စပ်၊) [ဤပုဒ်၏အဖွင့်ကို ကင်္ခါဘာသာဋီကာ၌ ပြထားပြီ။]ဂစ္ဆတိ အာပတ္တိ ဒုက္ကဋဿာတိ ဧတ္ထ - ၌၊ ပဒဝါရေ ပဒဝါရေ – ခြေ၏အကြိမ်တိုင်း ခြေ၏အကြိမ်တိုင်း၌၊ ဒုက္ကဋံ (ဟောတိ)၊ မန္တေန္တန္တိ-ကား၊ အညေန- အခြားသောရဟန်းနှင့်၊ သဒ္ဓိံ-တကွ၊

အညသ္မိံ-အခြားသောရဟန်းသည်၊ မန္တယမာနေ-တိုင်ပင်လသော်၊ ဝါ-တနည်း၊
မန္တေန္တေတိ – မန္တေန္တေဟူ၍၊ ပါဠော – ပါဌ်သည်၊ ( အတ္ထိ )၊ အယမေဝ
အတ္တော - ဤ လက္ခဏာ အနက်ပင်တည်း၊ ဝူပသမိဿာမီတိ - ကား၊ ဥပသမံ–
ငြိမ်းခြင်းသို့၊ ဂမိဿာမိ - ရောက်အံ့၊ ကလဟံ - ငြင်းခုံခြင်းကို၊ န ကရိဿာမိ–
မပြုအံ့၊ အတ္တာနံ ပရိမောစေဿာမီတိ-ကား၊ မမ-ငါ၏၊ အကာရကဘာဝံ–မပြု
တတ်သူ၏ အဖြစ်ကို၊ ကထေတွာ - ပြောပြ၍၊ အတ္တာနံ - မိမိကိုယ်ကို၊ မောစေ
ဿာမိ-အမိကရုဏ်းမှ လွတ်စေအံ့၊ပေ၊သောတုကာမတာယ- နားထောင်ခြင်းငှါ
အလိုရှိသည်၏ အဖြစ်ကြောင့်၊ ဂမနဝသေန– သွားခြင်း၏အစွမ်းဖြင့်၊ သိယာ–
ရံခါ၊ ကိရိယံ-မပြုထိုက်သောအမှုကို ပြုခြင်းရှိသော သိက္ခာပုဒ်တည်း၊ ဌိတဋ္ဌာနံ-
မိမိ၏ တည်ရာအရပ်သို့၊ အာဂတ္တွာ - လာ၍၊ မန္တယမာနာနံ - တိုင်ပင်ကုန်လ
သော်၊ ဝါ - တိုင်ပင်သူတို့ကို၊ အဇာနာပနဝသေန - မသိစေခြင်း၏အစွမ်းဖြင့်၊
သိယာ-ရံခါ၊ အကိရိယံ-ပြုထိုက်သောအမှုကို မပြုခြင်းရှိသော သိက္ခာပုဒ်တည်း၊
ဟိ - မှန်၊ ရူပိယံ - ရူပိယသိက္ခာပုဒ်ငင်း၊ အညဝါဒကံ - ငင်း၊ ဥပဿုတိ- ငင်း၊
ဣတိ-သို့၊ တီဏိ-ကုန်သော၊ ဣမာနိ သိက္ခာပဒါနိ- တို့သည်၊ ကေပရိစ္ဆေဒါနိ-
တူသောအပိုင်းအခြားရှိကုန်၏၊ပေ၊ဒုက္ခဝေဒနန္တိ။....ဥပဿုတိသိက္ခာပဒံ အဋ္ဌမံ။

× × × × × × ×

**မန္တယမာနေ ။** ။ ပါဠိတော်၌ "မန္တေန္တံ ဥဏ္ဏာသိတဗ္ဗံ "ဟု ရှိ၏၊ "မန္တေန္တံ–
တိုင်ပင်သူကို၊ ဥဏ္ဏာသိတဗ္ဗံ-ချောင်းဟန့်ရမည်"ဟုလည်းမဖြစ်နိုင်၊ "တိုင်ပင်သူကို"ဟု
ကံအနက် မဖြစ်နိုင်သောကြောင့် "မန္တယမာနေ"ဟု လက္ခဏာအနက် ဖွင့်သည်၊ သတ္တမီ
အနက်၌ ဒုတိယာဝိဘတ်သက်၊ ] မန္တေန္တန္တိ ဘုမ္မတ္ထေ ဥပယောဂဝစနံ၊ — ဋီကာ။]
ထို့ကြောင့် "မန္တေန္တေ"ဟု ပါဌ်တမျိုးပြင်၍ ရွတ်ကြသည်။

## ကမ္မပဋိဗာဟန သိက္ခာပုဒ်

နဝမေ - ၌၊ သစေ စ မယံ ဇာနေယျာမာတိ- ကား၊ မယံ-ငါတို့သည်၊ သစေ
ဇာနေယျာမ-အကယ်၍သိကုန်အံ့၊ စကာရောပန-စအက္ခရာသည်ကား၊ နိပါတ
မတ္တမေဝ - အနက်မရ, နိပါတ်မျှသာတည်း၊ ဓမ္မိကာနန္တိ- ကား၊ ဓမ္မေန- ဟုတ်
မှန်သောဝတ္ထုဖြင့်၊ ဝိနယေန-စောဒနာ,သာရဏာဝိနည်းဖြင့်၊ သတ္ထုသာသနေ
န-မြတ်စွာဘုရား၏ အဆုံးအမဥတော်ဖြစ်သော ဉတ်ကမ္မဝါစာဖြင့်၊ ကတတ္တာ–
ပြုအပ်သည်၏အဖြစ်ကြောင့်၊ တေသု–ဤကံတို့၌၊ ဓမ္မော-ဓမ္မသည်၊ အတ္ထိ-ရှိ၏၊
ဣတိ-ကြောင့်၊(တာနိ-ထိုကံတို့သည်၊)ဓမ္မိကာနိ-ဓမ္မိကတို့မည်၏၊[ဣကပစ္စည်း
အဿတ္ထိအနက် သက်ပါ-ဟူလို။] ဓမ္မိကာနံ-တရားရှိကုန်သော၊ စတုန္နံ-နှံသော၊
တေသံ သံဃကမ္မာနံ–ထို သံဃကံတို့ဘို၊( ဆန္ဒံ ဒတွာ- ၌စပ်)၊ပေ၊ ဒုက္ခဝေဒန
န္တိ။....ကမ္မပဋိဗာဟနသိက္ခာပဒံ နဝမံ။

## ဆန္နံ့ အဒတွာဂမနသိက္ခာပုဒ်

ဒသမေ – ၌၊ ဝတ္ထု ဝါအာရောစိတန္တိ – ကား၊ စောဒကေနစ– စောဒက ပုဂ္ဂိုလ်သည်၎င်း၊ ဝါ- အပြစ်တင်တတ်သော တရားလိုပုဂ္ဂိုလ်သည်၎င်း၊ စုဒိတကေနစ – စုဒိတကပုဂ္ဂိုလ်သည်၎င်း၊ ဝါ- အပြစ်တင်အပ်သော တရားခံပုဂ္ဂိုလ်သည်၎င်း၊ အတ္တနော-၏၊ ကထာ - စကားကို၊ ကထိတာ - ပြောဆိုအပ်ပြီ၊ အနုဝိဇ္ဇကော- မေးစိစစ်တတ်သော ဝိနည်းမိုရ်ပုဂ္ဂိုလ်ကို၊ သမ္မတော–သမုတ်အပ်ပြီ၊ ဩတ္တာဝတာပိ–၍မျှ အတိုင်းအရှည်ရှိသော ကိစ္စဖြင့်လည်း၊ ဝတ္ထုမေဝ– ဝတ္ထုသည်သာ၊ ဝါ - ကိုသာ၊ အာရောစိတံ - ပြောပြအပ်သည်၊ ဟောတိ-၏၊ [ ဥ တ် မထားသေးမီ ကိစ္စဟူသမျှသည် "ဝတ္ထု အာရောစိတ"တွင် ပါဝင်သည်-ဟူလို။] သေသံ၊ပေ၊ ဒုက္ခဝေဒနန္တိ။....ဆန္နံ့ အဒတွာဂမနသိက္ခာပဒံ ဒသမံ။

## ဒုဗ္ဗလသိက္ခာပုဒ်

ဧကာဒသမေ–၌၊ ယထာမိတ္တတာတိ - ကား၊ ယထာမိတ္တတာယ– အကြင်အကြင်မိတ်ဆွေအား၊[မိတ္တတာ၌ ယကြေသည်ဟု ပြသည်။]ယောယော-အကြင်အကြင် ပုဂ္ဂိုလ်သည်၊ မိတ္တော–မိတ်ဆွေတည်း၊ တဿတဿ–ထိုထို မိတ်ဆွေဖြစ်သော ပုဂ္ဂိုလ်အား၊ ဒေတိ–ပေး၏၊ ဣတိ ဝုတ္တံ ဟောတိ၊[တာပစ္စည်းအနက်မရှိ။ ] သဗ္ဗပဒေသု - အလုံးစုံသော ပုဒ်တို့၌၊ ( " ယထာ သန္ဒိဋ္ဌတာ , ယထာသမ္ဘတ္တတာ, ယထာသမာနုပဇ္ဈာယကတာ, ယထာသမာနာစရိယကတာ"ပုဒ်တို့၌၊ ) သေနယော - တည်း၊ သေသံ၊ ပေ ၊ ဒုက္ခဝေဒနန္တိ။.... ဒုဗ္ဗလသိက္ခာပဒံ ဧကာဒသမံ။

## ပရိဏာမနသိက္ခာပုဒ်

ဒွါဒသမေ–၌၊ ယံ-အကြင် အဆုံးအဖြတ်,စကားရပ်သည်၊ ဝါ-ကို၊ ဝတ္တဗ္ဗံ-ဆိုထိုက်သည်၊ သိယာ–ဖြစ်၏၊ တံသဗ္ဗံ – ထို အလုံးစုံသော စကားရပ်သည်၊ တိံသကေ- တိံသက၌၊ ( နိသဂ္ဂိပါစိတ်၌၊ ) ပရိဏာမနသိက္ခာပဒေ – ၌၊ ဝုတ္တနယမေဝ-သာ၊ ဟိ-အထူးကား၊ အယမေဝ-၌ ဆိုအပ်လတ္တံ့သည်သာ၊ ဝိသေသော-အထူးတည်း၊ တတ္ထ-ထို နိသဂ္ဂိယ ပရိဏာမန သိက္ခာပုဒ်၌၊ အတ္တနော–မိမိ၏အထံသို့၊ ပရိဏာမိတတ္တာ-ညွတ်စေအပ်သည်၏အဖြစ်ကြောင့်၊ နိသဂ္ဂိယံ-စွန့်ခြင်း ဝိနည်းကံရှိသော၊ ပါစိတ္တိယံ (ဟောတိ)၊ ဣဓ-၌ ပရိဏာမန သိက္ခာပုဒ်၌၊ ပုဂ္ဂလဿ - ပုဂ္ဂိုလ်၏ အထံသို့၊ ပရိဏာမိတတ္တာ - ကြောင့်၊ သုဒ္ဓိကပါစိတ္တိယံ-နိသဂ္ဂိမဖက် သက်သက်သော ပါစိတ်အာပတ်သည်၊ ဟောတိ၊ဣတိ-၍ကား အထူးတည်း၊ပေ၊ တိဝေဒနန္တိ။....ပရိဏာမသိက္ခာပဒံ ဒွါဒသမံ။ ။

သမတ္တော ဝဏ္ဏနာက္ကမေန သဟာဓမ္မိကဝဂ္ဂေါ အဋ္ဌမော။

## ရတနဝဂ်

### အန္ဓေပုရသိက္ခာပုဒ်

ရာဇဝဂ္ဂဿ—၏၊ ပဉ္စမသိက္ခာပဒေ—၌၊ ဩရကောတိ- ကား၊ ပရိတ္တကော- အညံ့စားသည်၊ (''န ဘဝိဿတိ—ဖြစ်လိမ့်မည် မဟုတ်''ဟု ပါဠိတော်၌စပ်၊) ဥပရိပါသာဒဝရဂတောတိ - ကား၊ ပါသာဒဝရဿ - မြတ်သော ပြာသာဒ်၏၊ ဥပရိ-အထက်ထပ်၌၊ဂတော-ရောက်နေသည်၊(ဟောတိ)၊အယျာနံ ဝါဟသာတိ- ကား၊ အယျာနံ-အရှင်တို့၏၊ ကာရဏာ-အကြောင်းကြောင့်၊ တေဟိ-ထို အရှင်တို့သည်၊ ဇာနာပိတတ္တာ-သိစေအပ်သည်၏ အဖြစ်ကြောင့်၊ ဇာနာမိ-သိရပါ၏၊ ဣတိ ဝုတ္တံ ဟောတိ၊ ပိတရံ ပဏ္ဍေတိတိ— ကား၊ အန္တရံ – အခွင့်အလမ်းကို၊ ဝါ—အပေါက်အကြားကို၊ ပဿိတွာ-ကြည့်၍၊ ဃာတေတုံ- သတ်ခြင်းငှါ၊ ဣစ္ဆတိ-အလိုရှိ၏။

ရာဇန္တေပုရံ ဟတ္ထိသမ္ဗဒ္ဓန္တိ အာဒိသု—အစရှိသော ပါဠိရပ်တို့၌၊(ဝစနတ္ထော ဧဝံ ဝေဒိတဗ္ဗော၊) ဧတ္ထ-ဤ နန်းတော်တွင်း၌၊ ဟတ္ထိဟိ -ဆင်တို့ဖြင့်၊ သမ္ဗဒ္ဓေါ- ကျဉ်းမြောင်းခြင်းသည်၊(အတ္ထိ၊)ဣတိ- ကြောင့်၊(ထိုသို့ ဆင်တို့ဖြင့် ကျဉ်းမြောင်းခြင်းရှိရာ၏အဖြစ်ကြောင့်၊) တံ-ထိုနန်းတော်တွင်းသည်၊ ဟတ္ထိသမ္ဗဒ္ဓံ-ဟတ္ထိသမ္ဗဒ္ဓမည်၏၊ ဟတ္ထိသမ္ဗာဓံ— ဆင်တို့ဖြင့် ကျဉ်းမြောင်းခြင်းရှိ၏၊ ဣတိ အတ္ထော- နက်၊ အဿရထ သမ္ဗဒ္ဓပဒေသုပိ- အဿသမ္ဗဒ္ဓပုဒ်, ရထသမ္ဗဒ္ဓပုဒ်တို့၌လည်း၊ ဧသေဝ နယော-ပင်တည်း၊ သမ္မတ္တနိ-ဟူ၍၊ ကေစိ-တို့သည်၊ ပဌန္တိ- ရွတ်ဆိုကြကုန်၏၊ တံ—ထို သမ္မတ္တံပုဒ်ကို၊ နဂဟေတဗ္ဗံ-မယူထိုက်။

ရညော အန္ဓေပုရေ ဟတ္ထိသမ္ဗဒ္ဓန္တိပိ- ဟူ၍လည်း၊ ပါဌော (အတ္ထိ၊) [ ပုရံ နေရာ၌ ''ပုရေ''ဟုလည်း ရှိ၏။ ] တတ္ထ-ထိုပါဌ်၌၊ ဟတ္ထီနံ - ဆင်တို့၏၊ သမ္ဗဒ္ဓံ- အချင်းချင်း တကောင်တကောင် တိုးဝှေ့နင်းမိခြင်းတည်း၊ ဟတ္ထိသမ္ဗဒ္ဓံ- ဆင်တို့၏ တကောင့်တကောင် တိုးဝှေ့ နင်းမိခြင်း၊ ရညော-မင်း၏၊ အန္ဓေပုရေ- နန်းတော်တွင်း၌၊ ဟတ္ထိသမ္ဗဒ္ဓေါ- ဆင်တို့၏ တကောင့်တကောင် တိုးဝှေ့ နင်းမိခြင်းသည်၊ အတ္ထိ၊ ဣတိ ဝုတ္တံ ဟောတိ၊[ပါဠိတော်၌ ဟတ္ထိသမ္ဗဒ္ဓံသည် ''ဟတ္ထိ သမ္ဗဒ္ဓေါ''၏ လိင်ဝိပလ္လာသတည်း၊ ဆိုလိုရင်းမှာ – ဆင်တွေများလွန်း၍ တကောင့်တကောင် တိုးဝှေ့ နင်းမိသည်—ဟူလို။] သေသပဒေသုပိ - တို့၌လည်း၊ ( အဿသမ္ဗဒ္ဓပုဒ်, ရထသမ္ဗဒ္ဓ ပုဒ်တို့၌လည်း၊၊) ဧသနယော-တည်း။

× × × × × × ×

**ဝါဟသာ ။** ။ ဝါဟသဒ္ဒါသည် ဆောင်ခြင်းအနက်ကို ဟော၏၊ မနေဥဂိဏ်းတည်း၊ ထို့ကြောင့် ''ဝါဟသာ''ဟု ရှိရသည်၊ ''ဝါဟ—ရဟန်းတို့၏ ပို့ဆောင်ခြင်း'' ဟူသည် ရဟန်းအရှင်မြတ်တို့၏ ပို့ချခြင်း ဟောပြောခြင်းတည်း၊ထို့ကြောင့် ကာရဏာကို ဝါဟသာ၏ အဓိပ္ပါယတ္ထဖွင့် ဟု မှတ်ပါ။

ရဇနီယာနီတိ – ကား၊ တသ္မိံ အန္တေပုရေ-၌၊ ဒေိသာနိ - ဤကဲ့သို့ ရှုအပ်ကုန်သော၊ (တပ်နှစ်သက်ဘွယ် ကောင်းကုန်သော၊) ရူပါဒီနိ-ရူပါရုံ အစရှိသည်တို့သည်၊ (သန္တိ-ရှိကုန်၏၊) မုဒ္ဓါဝသိတ္တဿာတိ-ကား၊ မုဒ္ဓနိ-ဦးထိပ်၌၊ အဝသိတ္တဿ- သွန်းလောင်းအပ်သော ဘိသိက်ရေစင်ရှိသော၊ ("ရညော- မင်း၏"၌ စပ်၊) ဣတော-ဤ အိပ်ရာခန်းဆောင်မှ၊ အနိက္ခန္တော-မထွက်သေးသော၊ ရာဇာ-မင်းသည်၊ (အတ္ထိ)၊ ဣတိ- ထိုသို့ မထွက်သေးသောမင်း ရှိရာ၏အဖြစ်ကြောင့်၊ (တံ-ထို အိပ်ရာခန်းဆောင်သည်၊) အနိက္ခန္တရာဇကံ- ကမည်၏၊ အနိက္ခန္တရာဇကေ-မထွက်သေးသော မင်းရှိသော၊ တသ္မိံ သယနိယရေ-ထို အိပ်ရာခန်းဆောင်၌၊ ဣတိအတ္ထော-နက်၊ မဟေသီ-မိဖုရားကို၊ ရတနံ-ရတနဟူ၍၊ ဝုစ္စတိ-အပ်၏၊ [ ဤဝါကျ၏အဓိပ္ပါယ်ကို ကင်္ခါဘာသာဋီကာ၌ ပြထားပြီ။ ] နိဂ္ဂတန္တိ - ကား၊ နိက္ခန္တံ-ထွက်ပြီးသော၊ (ရတနံ၌စပ်၊) ဣတော-ဤ အိပ်ရာခန်းဆောင်မှ၊ အနိဂ္ဂတံ-ထွက်ပြီးမဟုတ်သော၊ ဝါ-မထွက်သေးသော၊ ရတနံ-မိဖုရားရတနာသည်၊ (အတ္ထိ)၊ ဣတိ - ထိုသို့ မထွက်သေးသော မိဖုရားရတနာ ရှိရာ၏အဖြစ်ကြောင့်၊ (တံ – ထို အိပ်ရာခန်းဆောင်သည်၊) အနိဂ္ဂတရတနကံ - ကမည်၏၊ အနိဂ္ဂတရတနကေ – မထွက်သေးသော မိဖုရားရတနာရှိသော၊ တသ္မိံ သယနိယရေ-၌၊ ဣတိအတ္ထော-နက်၊ သေသံ၊ ပေ၊ တိဝေဒနန္တိ။....အန္တေပုရသိက္ခာပဒံ ပဌမံ။

---

## ရတန သိက္ခာပုဒ်

ဒုဘိးယေ, ဝိဿရိတွာတိ- ကား၊ ပမုဿိတွာ – သတိပျောက်ကင်း၍၊ ဝါ-မေ့၍၊ ("အဂမာသိ - သွားပြီ" ဟု ပါဠိဒေတာ်၌စပ်၊ "မုသ-နဿနေ" ဓာတ်ကျမ်း၊) သတတော - တရာမှ၊ ပဥ္စ ကဟာပဏာ – ၅ ကျပ်တို့သည်၊ ပုဏ္ဏပတ္တံ နာမ- ပုဏ္ဏပတ္တမည်၏၊ ကျာဟံ ကရိဿာမိဘိ - ကား၊ အဟံ - ငါသည်၊ ကိံ – အဘယ်ကို၊ ကရိဿာမိ-ပြုအံ့နည်း၊ (တနည်း) ကိံ ကရိဿာမိ–ဘာလုပ်အံ့နည်း၊ ("ဥယျာဉ်သွားလို့ ဘာအကျိုးရှိမှာလဲ"ဟူလို။) အာဘရဏံ ဩမုဉ္စိတွာ

× × × × × × ×

ပုဏ္ဏပတ္တံ။ ။"ပုဏ္ဏပတ္တန္တိ တုဋ္ဌိဒါယံ၊ တံ ဟိ မနောရထပုဏ္ဏေန ပတ္တဗ္ဗဘာဝတော ပုဏ္ဏပတ္တန္တိ ဝုစ္စတိ"ဟု ယောဇနာဆို၏၊ စိတ်အလို၏ ပြည့်ခြင်းကြောင့် ရောက်ထိုက်ရထိုက်သော အဘိုကို "ပုဏ္ဏပတ္တ" ဟု ဆိုသည်၊ တုဋ္ဌိယာ – နှစ်သက်ခြင်းကြောင့်+ ဒါတဗ္ဗော–ပေးထိုက်သော+အာယော–ဝင်လာသော ပစ္စည်းတည်း၊ ဝါ-ဆုလာဘ်တည်း၊ တုဋ္ဌိဒါယော = နှစ်သက်ခြင်းကြောင့် ပေးထိုက်သော ဝင်လာသော ပစ္စည်း၊ (ဆုလာဘ်)၊ ကျေးဇူးတင်၍ ကျေးဇူးဆပ်ကြောင်း ဥစ္စာ-ဟူလို၊ ထိုတုဋ္ဌိဒါယမျိုးသည် ၁၀၀ ကျေးဇူးပြုလျှင် ၅ ကျပ်ပြန်၍ ကျေးဇူးဆပ်ရိုးရှိသတတ်၊ ထို့ကြောင့်"သတတော ပဥ္စကဟာပဏာ"ဟု ဖွင့်သည်။

တိ-ကား၊ မဟာလတံနာမ- မဟာလတာ မည်သော၊ နဝကောဋိ အဂ္ဃနကံ– ၉ ကုဋေထိုက်တန်သော၊ အလင်္ကာရံ- တန်ဆာကို၊ အပနေတွာ – ဖယ်ရှား၍၊ ဝါ-ချွတ်၍၊ ("ဒါသိယာ အဒါသိ"၌ စပ်၊) [မဟာလတာ တန်ဆာအကြောင်းကို ဓမ္မပဒ ဝိသာခါဝတ္ထုမှယူ၍ ဋီကာ၌ ပြထား၏၊ ရှုပါလေ။] အဇ္ဈောဝါသိတိ-ကား၊ ပရိစာရကော - အလုပ်အကျွေးသည်၊ ဝါ-ကို၊ ( အာဏတ္တော ဟောတိ၌စပ်၊ )[အနာထပိဏ်သဋ္ဌေးက သူ၏လယ်တော၌ အလုပ်လုပ်သောတပည့်ကို စေခိုင်းထားသည်-ဟူလို။]

အပရိက္ခိတ္တဿ ဥပစာရောတိဧတ္ထ – ၌၊ အာရာမဿ-၏၊ ဒွေလေဍ္ဍုပါတာ-ခဲ ၂ ကျ အရပ်တို့သည်၊ ဥပစာရောနာမ –ဥပစာမည်၏၊ အာဝါသထဿ ပန-အိမ်၏ကား၊ သုပ္ပပါတောဝါ-မန်းစကော၏ကျရာအရပ်သည်သော်၎င်း၊ မုသလပါတောဝါ- ကြည်ပွေ့၏ကျရာ အရပ်သည်သော်၎င်း၊ ( ဥပစာရောနာမ- ၏၊) ဣတိ-သို့၊ မဟာပစ္စရိယံ ဝုတ္တံ၊ ဥဂ္ဂဏှာတိ အာပတ္တိ ပါစိတ္တိယဿာတိ ဧတ္ထ-၌၊ ဇာတရူပရဇတံ-ရွှေငွေကို၊ အတ္တနော-၏၊ အတ္ထာယ - ၄ါ၊ ဥဂ္ဂဏှန္တဿဝါ–ကိုယ်တိုင်ကောက်ယူသည်မူလည်းဖြစ်သော၊ ဥဂ္ဂဏှာပေန္တဿဝါ-သူတပါးကိုကောက်ယူစေသည်မူလည်း ဖြစ်သော၊ ( ဘိက္ခုနော - ၏၊) နိဿဂ္ဂိယံ–စွန့်ခြင်းဝိနည်းကံရှိသော၊ ပါစိတ္တိယံ (ဟောတိ)၊ သံဃဂဏပုဂ္ဂလ စေတိယ နဝကမ္မာနံ–သံဃာ, ဂိုဏ်း, ပုဂ္ဂိုလ်, စေတီ, နဝကမ္မတို့၏၊ အတ္ထာယ-၄ါ၊(ဥဂ္ဂဏှန္တဿဝါ ဥဂ္ဂဏှာပေန္တဿဝါ ဘိက္ခုနော)ဒုက္ကဋံ (ဟောတိ)၊ အဝသေသံ - ရွှေငွေမှကြွင်းသော၊ မုတ္တာဒိရတနံ - ပုလဲ အစရှိသော ရတနာကို၊ အတ္တနောဝါ– မိမိ၏သော်၎င်း၊ သံဃာဒီနံဝါ- သံဃာအစရှိသည်တို့၏ သော်၎င်း၊ [ အာဒိဖြင့် ဂဏပုဂ္ဂလစေတိယ နဝကမ္မတို့ကိုယူ။] အတ္ထာယ ဥဂ္ဂဏှန္တဿဝါ ဥဂ္ဂဏှာပေန္တဿဝါ (ဘိက္ခုနော) ဒုက္ကဋံ (ဟောတိ)၊ ကပ္ပိယဝတ္ထုံဝါ–အပ်သော ဝတ္ထုသည်မူလည်း၊ ဟောတု–ဖြစ်စေ၊ အကပ္ပိယဝတ္ထုံဝါ-မအပ်သောဝတ္ထုသည်မူလည်း၊ ဟောတု - စေ၊ အန္တမသော – အားဖြင့်၊ မာတု– အမိ၏၊ ကဏ္ဏပိဠန္ဓနတာလပဏ္ဏမ္ပိ- နားကို ပန်ဆင်ကြောင်းဖြစ်သော ထန်းရွက်သော်လည်းဖြစ်သော၊ ဂိဟိသန္တကံ - လူဝတ်ကြောင်တို့၏ ဥစ္စာကို၊ ဘဏ္ဍာဂါရိကသီသေန – ဘဏ္ဍာစိုး၏အဖြစ်ကို အဦးပြုသဖြင့်၊ ပဋိသာမေန္တဿ - သိုမှီးသိမ်းဆည်းသော ရဟန်း၏၊ ပါစိတ္တိယမေဝ-ပင်တည်း။

× × × × × × ×

**အာဝသထဿ။** ။ ဤ အာဝသထ ဟူသည် တည်းခိုစရာ စရပ်စသည် မဟုတ်, ကျောင်းတိုက်တွင်း၌ ဖြစ်စေ, အခြားနေရာ ရွာ – တောစသည် ဖြစ်စေ မိမိ၏ နေရာကျောင်း, အိမ်, လယ်လုပ်တဲ စသည်ကို "အာဝသထ" ဟု ခေါ်ရသည်။ [ အာဝသထောတိ စေတ္ထ (အန္တောအာရာမေဝါ ဟောတု, အညတ္ထဝါ၊) အတ္တနော ဝသနဋ္ဌာနံ ဝုစ္စတိ — ဋီကာ။ ]

ပန-ဆက်၊ မာတာပိတူနံ-တို့၏၊ သန္တကံ-ဥစ္စာသည်၊ အဝသံ-မချွတ်ကေန်၊ ပဋိသာမေတဗ္ဗံ–သိုမှီးသိမ်းဆည်းထိုက်သော၊ ကပ္ပိယဘဏ္ဍံ-အပ်သော ဘဏ္ဍာသည်၊ သစေ ဟောတိ-အကယ်၍ ဖြစ်အံ့၊ (ဧဝံသတိ)၊ အတ္တနော-၏၊ အတ္ထာယ-ငှါ၊ ဂဟေတွာ–ယူ၍၊ (မိမိဥစ္စာ အဖြစ်ဖြင့် ယူ၍၊) ပဋိသာမေတဗ္ဗံ-ထိုက်၏၊ ပန–ဗျတိရိက်ကား၊ ဣဒံ-ဤဥစ္စာကို၊ ပဋိသာမေတွာ – သိမ်းဆည်း၍၊ ဒေဟိ-ပေးပါလော၊ ဣတိ-သို့၊ ဝုတ္တော-လျှော်အပ်သော်၊ နဝဋ္ဋတိ-(သိမ်းထားခြင်းငှါ) မအပ်၊ ဣတိ-ဤသို့ ပြော၍၊ ပဋိက္ခိပိတဗ္ဗံ-ပယ်မြစ်ရာ၏၊ ပဋိသာမေဟိ-သိုမှီး သိမ်းဆည်းပါလော၊ ဣတိ-ဤသို့ ပြော၍၊ ပါတေတွာ–ကျစေ၍၊ ဝါ-ပစ်ချ၍၊ သစေဂစ္ဆန္တိ-ကုန်အံ့၊ (ဧဝံ သတိ)၊ ပလိဗောဓောနာမ–ပလိဗောဓ မည်သည်၊ ဟောတိ-၏၊ ပဋိသာမေတုံ ဝဋ္ဋတိ၊ ဝိဟာရေ-၌၊ ကမ္မံ-ကို၊ ကရောန္တာ-ပြုကုန်သော၊ ဝဍ္ဎကီအာဒယောဝါ- လက်သွား အစရှိသူတို့သည်သော်၎င်း၊ ရာဇဝလ္လဘာဝါ–မင်း၏ အကျွမ်းဝင်သူ တို့သည်သော်၎င်း၊ အတ္တနော- ၏၊ ဥပကရဏဘဏ္ဍံဝါ – ပဲခွပ် , ပုဆိန် စသော လက်သွားတို့၏ အဆောက်အဦးဘဏ္ဍာကို သော်၎င်း၊ သယနဘဏ္ဍံဝါ- အိပ်ရာဘဏ္ဍာကိုသော်၎င်း၊ ပဋိသာမေတွာ- သိုမှီး သိမ်းဆည်း၍၊ ဒေထ- ပေးပါကုန်၊ ဣတိ–သို့၊ ဝဒန္တိ - လျှောက်တတ်ကုန်၏၊ ဆန္ဒေနပိ-ချစ်ခြင်းကြောင့်၎င်း၊ ဘယေနပိ-ကြောက်ခြင်းကြောင့်၎င်း၊ နကာတဗ္ဗံ မေဝ-မပြုထိုက်သည်သာ၊ ဂုတ္တဋ္ဌာနံပန- လုံခြုံသော အရပ်ကိုကား၊ ဒဿေတုံ-ပြခြင်းငှါ၊ ဝဋ္ဋတိ-အပ်၏၊ ဗလက္ကာရေန-အားကို အသုံးပြုသဖြင့်၊ ပါတေတွာ-ပစ်ချ၍၊ ဂတေသု- သွားကုန်လသော်၊ ပဋိသာမေတုံ, ဝဋ္ဋတိ- အပ်၏။ [ဝဍ္ဎကီ အာဒိသု ဆန္ဒေန, ရာဇဝလ္လဘေသု ဘယေန၊–ဋီကာ။]

အဇ္ဈာရာမေဝါ အဇ္ဈာဝသထေဝါတိ တွေ - ၌၊ မဟာဝိဟာရ သဒိသော– မဟာဝိဟာရနှင့်တူသော၊ မဟာရာမော-ကျောင်းတိုက်ကြီးသည်၊ သစေ ဟောတိ- အံ့၊ (ဧဝံသတိ)၊ တတ္ထ-ထို ကျောင်းတိုက်ကြီး၌၊ ပါကာရပရိက္ခိတ္တော-တံတိုင်းဖြင့် ကာရံအပ်သော၊ ပရိဝေဏော - ပရိဝုဏ်၌၊ [ထပေတဗ္ဗံ၏ သာမညအာဓာရ။] ယတ္ထ-အကြင်အရပ်၌၊ ဘိက္ခူဟိဝါ- ရဟန်းတို့သည်သော်၎င်း၊ သာမဏေရေဟိ ဝါ– တို့သည်သော်၎င်း၊ ဂဟိတံ– ယူအပ်သည်၊ ဘဝိဿတိ–ဖြစ်လတ့ံ၊ ဣတိ- သို့၊ သင်္ကာ - ယုံမှားခြင်းသည်၊ (ကခ်ါအဋ္ဌကထာ၌ “ အာသင်္ကာ ”ဟု ရှိ၏၊) ဥပ္ပဇ္ဇတိ - ဖြစ်တတ်၏၊ တာဒိသေဝ - ထိုကဲ့သို့ ရှုအပ်သည်သာလျှင် ဖြစ်သော၊ ဌာနေ - အဇ္ဈာရာမ, အဇ္ဈာဝသထ အရပ်၌၊ [ ထပေတဗ္ဗံ၏ ဝိသေသာဓာရ။ ]

× × × × × × × ×

**ပလိဗောဓောနာမ။** ။မိမိကို အခြားတနေရာသို့ သွား၍ မဖြစ်လောက်အောင် အနှောက်အရှက်ပေးသော ပစ္စည်း ဖြစ်နေသည်ကို ပလိဗောဓ ဟု ဆိုသည်၊ ထို့ကြောင့် ကိုင်ကောင်းသော ကပ္ပိယဝတ္ထုဖြစ်လျှင် ကိုယ်တိုင်သိမ်းဆည်းရာ၏၊ အကပ္ပိယဝတ္ထု ဖြစ်လျှင် ကပ္ပိယကာရကတို့ကို သိမ်းဆည်းစေရာ၏။

ဥဂ္ဃာဋိတ္တာဝါ – သော်ငငြ်း၊ ဥဂ္ဃာဋာပေတ္တာဝါ–သော်ငငြ်း၊ ထပေဘဗ္ဗံ-ထားရာ၏၊ မဟာဗောဓိ ၊ ပေ ၊ သဒ္ဒိသေသု- မဟာဗောဓိ တံခါးမုခ်, အမွှင်္ဂဏအရပ်နှင့် တူကုန်သော၊ မဟာဇန သမ္ဗရဏဌာနေသု ပန-များစွာသောလူတို့၏လှည့်လည်ရာ အရပ်တို့၌ကား၊ န ဂဟေတဗ္ဗံ - ကောက် မယူရာ၊ ( ကောက်ယူ၍ သိမ်းထားဘွယ် မလို–ဟူလို၊ )ပလိဗောဓော- ပလိဗောဓသည်၊ (မိမိကို အခြားတနေရာသို့ သွား၍ မဖြစ်အောင် နှောက်ရှက်တတ်သော ပစ္စည်းသည်၊ ) န ဟောတိ - မဖြစ်။ [ပလိဗောဓမဖြစ်သောကြောင့် မယူပါနှင့်-ဟူလို။]

ပန- ဝါဒန္တရကား၊ ကုရုန္ဒိယံ-၌၊ ဝုတ္တံ- ပြီ၊ (ကိံ-သနည်း၊) ကော- ရဟန်းတပါးသည်၊ မဂ္ဂံ-ခရီးကို၊ ဂစ္ဆန္တော – သွားစဉ်၊ နိမ္မနုဿဋ္ဌာနေ- လူမရှိသော အရပ်၌၊ ကိဉ္စိ-သော၊ ဘဏ္ဍံ-ဘဏ္ဍာကို၊ ပဿတိ- တွေ့အံ့၊ အာကိဏ္ဏမနုဿေ- ရောပြွမ်းသော လူရှိသော ခရီးသည်၊ ဇာတေပိ- ဖြစ်ပါသော်လည်း၊ မနုဿာ- တို့သည်၊ တမေဝ ဘိက္ခုံ–ထို ရဟန်းကိုသာ၊ အာသင်္ကန္တိ · ယုံမှားကြကုန်၏၊ (မိမိတို့ နောက်ကလာသူ လူမရှိသောကြောင့် ရဟန်းကိုသာ ယုံမှားကြသည်။) တသ္မာ-ကြောင့်၊ မဂ္ဂါ-လမ်းမှ၊ ဩက္ကမ္မ-ဖဲ၍၊ နိသီဒိတဗ္ဗံ - ထိုင်နေရာ၏၊ သာမိကေသု–ဥစ္စာရှင်တို့သည်၊ အာဂတေသု-လာကုန်လသော်၊ (ရှာဘို့ရန် ပြန်လာကုန်လသော်၊) တံ–ထိုဘဏ္ဍာကို၊ အာစိက္ခိတဗ္ဗံ–ပြောပြရာ၏၊ သာမိကေ-တို့ကို၊ သစေနပဿတိ-အကယ်၍ မတွေ့အံ့၊(ဝေံသတိ-သော်၊ သော-ထိုရဟန်းသည်၊) ပတိရူပံ-လျော်သလို၊ ကရိဿတိ–ပြုလတံ့၊ ဣတိ-သို့၊ ဝုတ္တံ-ပြီ။ [ကိုင်ကောင်းသော ပစ္စည်းဖြစ်လျှင် ပံသုကူအဖြစ်ဖြင့် ကောက်ယူလိမ့်မည်၊ ကိုင်ကောင်းသော ပစ္စည်းမဟုတ်လျှင်ကား ကြောင့်ကြမစိုက်ဘဲ ဖဲသွားလိမ့်မည်- ဟူလို။]

ရူပေန၊ပေ၊ ကတ္တာတိဧတ္ထ-၌၊ အန္တောဘဏ္ဍိကာယ-ဘဏ္ဍာထုပ်၏အတွင်း၌၊ ဘဏ္ဍံ–သည်၊ ရူပံနာမ- ရူပမည်၏၊ တသ္မာ- ကြောင့်၊ ဘဏ္ဍိကံ – ဘဏ္ဍာထုပ်ကို၊ မုဉ္စိတွာ- ဖြေ၍၊ ဂဏေတွာ-ရေတွက်၍၊ ဧတ္တကာ-ဤမျှအတိုင်းအရှည်ရှိကုန်သော၊ ဂဟာပဏာ - ရွှေအသပြာ, ငွေအသပြာ တို့တည်း၊ ( ဣတိ )ဝါ-ဤသို့သော်ငငြ်း၊(ဧတ္တကံ-သော၊)ဇာတရူပရဇတံ-ရွှေတုန်း ငွေခဲတည်း၊(ဣတိ) ဝါ-သော်ငငြ်း၊ ဣတိ-သို့၊ သလ္လက္ခေတဗ္ဗံ-မှတ်သားရာ၏၊ နိမိတ္တန္တိ-ကား၊ လဉ္ဆနာဒိ-အမှတ်တံဆိပ် အစရှိသည်တည်း၊ တသ္မာ - ကြောင့်၊ လဉ္ဆိတာယ- အမှတ်တံဆိပ်ခပ်နှိပ်အပ်သော၊ ဘဏ္ဍိကာယ-ဘဏ္ဍာထုပ်၏၊မတ္တိကာလဉ္ဆနံ-မြေညက်အမှတ်တံဆိပ်တည်း၊ ဣတိဝါ - ဤသို့သော်ငငြ်း၊ လာခါလဉ္ဆနံ - ချိတ် အမှတ်တံဆိပ်တည်း၊ ဣတိဝါ၊ နီလပိလောတိကာယ-ညိုသောအဝတ်ဖြင့်၊ ဘဏ္ဍိကာ–ဘဏ္ဍာထုပ်ကို၊ ကတာ–ပြုအပ်ပြီ၊ ဣတိဝါ၊ သေတပိလောတိကာယ-ဖြူသော အဝတ်ဖြင့်၊ (ဘဏ္ဍိကာ–ကို၊)ကတာ-ပြီ၊ ဣတိဝါ–သော်ငငြ်း၊ ဧဝမာဒိ-ဤသို့ အစရှိသော၊ သဗ္ဗံ- အလုံးစုံသော အမှတ်အသားကို၊ သလ္လက္ခေတဗ္ဗံ - ရာ၏။

ဘိက္ခုပတိရူပါတိ - ကား၊ လဇ္ဇီနော - ရှက်ခြင်းရှိကုန်သော၊ ကုက္ကုစ္စကာ— ကုက္ကုစ္စကို ပြုတတ်ကုန်သောရဟန်းတို့သည်၊ (ဟောန္တိ - ရှိကုန်အံ့၊) ဟိ- မှန်၊ လောလဇာတိကာနံ - လျှပ်ပေါ်လော်လီသူ၏ အဖြစ် ဟူသော သဘောရှိကုန်သော ရဟန်းတို့၏၊ ဟတ္ထေ—လက်၌၊ ထပေတုံ- ငှါ၊ နလဘတိ-မရ၊ ပန-ဆက်၊ ယော-အကြင်ရဟန်းသည်၊ တမှာ အာဝါသာ—ထိုကျောင်းမှ၊ နေဝ ပက္ကမတိ— မဖဲသွား၊ သာမိကေ-ဥစ္စာရှင်တို့ကို၊ နပဿတိ-မတွေ့၊ တေနာပိ-ထိုရဟန်းသည် လည်း၊ အတ္တနော-၏၊ စီဝရာဒိမူလံ-သင်္ကန်းအစရှိသည်တို့၏အဖိုးကို၊ နကာတ ဗ္ဗံ-မပြုထိုက်၊ ပန- အန္တယကား၊ ထာဝရံ- ခိုင်မြဲသော၊ သေနာသနံဝါ- ကျောင်း ကိုသော်၎င်း၊ စေတိယံဝါ-စေတီကိုသော်၎င်း၊ ပေါက္ခရဏီဝါ- ရေကန်ကိုသော် ၎င်း၊ ကာရေတဗ္ဗာ - ပြုစေထိုက်၏၊ [ဥစ္စာရှင် လာလျှင် ထိုဥစ္စာဖြင့်ပြုအပ်သော အဆောက်အဦးကို ပြဘို့ရန် ထာဝရ အဆောက်အဦး လုပ်ထားပါ - ဟူလို။] ဒီဃဿ- ရှည်စွာသော၊ အဒ္ဓုနော- ကာလ၏၊ အစ္စယေန-လွန်ရာအခါ၌၊ သာမိ ကော-ဥစ္စာရှင်သည်၊ သစေ အာဂစ္ဆတိ- အကယ်၍ လာအံ့၊ ( ဝေံသတိ- ဤသို့ လာလသော်၊) ဥပါသက- ဥပါသကာ၊ တဝ - သင်၏၊ သန္တကေန - ဥစ္စာဖြင့်၊ ဣဒံနာမ- ဤမည်သော အဆောက်အဦးကို၊ ကတံ - ပြုအပ်ပြီ၊ အနုမောဒါဟိ- ဝမ်းမြောက်ပေတော့၊ ဣတိ-သို့၊ ဝတ္တဗ္ဗော-ပြောပြထိုက်၏၊ သစေ အနုမောဒတိ- အကယ်၍ ဝမ်းမြောက်အံ့၊ ဣတိ-ဤသို့ဝမ်းမြောက်လသော်၊ တံ-ဤသို့ဝမ်းမြောက် ခြင်းသည်၊ ကုသလံ-ကောင်း၏၊ နောစေ အနုမောဒတိ-အကယ်၍ဝမ်းမမြောက်အံ့၊ မမ—တပည့်တော်၏၊ ဓနံ- ဥစ္စာကို၊ ဒေထ- ပေးပါကုန်၊ ဣတိ - သို့၊ စောဒေတိ ယေဝ-တောင်းမြဲတောင်းနေအံ့၊ (ဝေံသတိ- ဤသို့ဖြစ်လသော်၊) အညံ-အခြား သူကို၊ သမာဒါပေတွာ-ဆောက်တည်စေ၍၊ ဒါတဗ္ဗံ- ပေးရာ၏၊ ရတနၕပေၕဂဏှာ တိတိအာဒိသု-အစရှိသောပါဠိရပ်တို့၌၊ အာမာသမေဝ-သုံးသပ်အပ်, သုံးသပ် ကောင်းသော ပစ္စည်းကိုသာ၊ သန္ဓာယ, ဝုတ္တံ - မိန့်တော်မူအပ်ပြီ၊ အနာမာသံ- မသုံးသပ်အပ် , မသုံးသပ်ကောင်းသော ပစ္စည်းကို၊ ( ဝိဿာသံ— အကျွမ်းဝင် သဖြင့်၊ ဂဏှိတုံ-ငှါ၊) နဝဋ္ဋတိ- မအပ်၊ [ အာမာသမေဝ၏ နိဝတ္တေတဗ္ဗဝါကျ ဖြစ်သောကြောင့်"နဝဋ္ဋတိယေဝ"ဟု ဧဝပါဘွယ်-မလို။]သေသံ၊ပေ၊တိဝေဒန န္တိ။····ရတနသိက္ခာပဒံ ဒုတိယံ။

× × × × × × ×

**အညံ သမာဒါပေတွာ ။** ။ သမာဒါပေတွာတိ- အညံ့ သမာဒါပေတွာ၊ ဤသို့ ဋီကာ ဖွင့်သောကြောင့် ရှေးက " အညံ " ဟု အဋ္ဌကထာ၌ ရှိဟန် မတူ၊ ကန်ါ အဋ္ဌ ကထာ၌ " သမာပေတွာ " ဟု ရှိ၏၊ " ဆောက်တည်စေ " ဟူသည်လည်း ဆွမ်းရပ် သကဲ့သို့ ဒါယကာ့အိမ်သို့သွား၍ရပ်ပြီးလျှင် ထိုဒါယကာကမေးသောအခါ အကြောင်း ကို ပြောပြရမည်၊ ထိုအခါ ထိုဒါယကာက မူလဥစ္စာရှင်အား အစားပြန်ပေးလိမ့်မည်။

# ဝိကာလေ ဂါမပ္ပဝေသန သိက္ခာပုဒ်

တတိယေ- ၌၊ တိရစ္ဆာနကထန္တိ - ကား၊ အရိယမဂ္ဂဿ - အရိယာမင်္ဂ၏၊ တိရစ္ဆာနဘူတံ-ဖီလာဖြစ်၍ ဖြစ်သော၊ ကထံ—ကို၊ (ကထေန္တိ—၌စပ်၊) ရာဇကထန္တိ- ကား၊ ရာဇပဋိသံယုတ္တံ - မင်းနှင့်စပ်ယှဉ်သော၊ ကထံ- စကားကိုဋင်း၊ စောရကထာဒိသုပိ-စောရကထာအစရှိသောကထာတို့၌လည်း၊ သေဝနယော၊ သန္နံဘိက္ခုနန္တိ စ္တေ-၌၊ ယံ-အကြင်အဆုံးအဖြတ် စကားရပ်ကို၊ ဝတ္တဗ္ဗံ-ဆိုထိုက်၏၊ တံ-ထိုအဆုံးအဖြတ်စကားရပ်ကို၊ စာရိတ္တသိက္ခာပဒေ-၌၊ ဝုတ္တံ-မဝ-ဆိုအပ်ပြီးသည်သာ၊ သမ္ဗဟုလာ - များစွာကုန်သော ရဟန်းတို့သည်၊ ကေနစိ- သော၊ ကမ္မေန- အမှုကြောင့်၊ ဝါ-ကိစ္စကြောင့်၊ ဂါမံ-သို့၊ သစေ ပဝိသန္တိ—အကယ်၍ ဝင်ကုန်အံ့၊ (ဝေံသတိ-သော်၊) ဝိကာလေ ဂါမပ္ပဝေသနံ အာပုစ္ဆာမိတိ-ဟူ၍၊ သဗ္ဗေဟိ- အလုံးစုံသော ရဟန်းတို့သည်၊ အညမညံ- အချင်းချင်းကို၊ ဝါ- တပါး တပါးကို၊ အာပုစ္ဆိတဗ္ဗံ - ပန်ပြောရာ၏၊ [ဝိကာလေ- နေလွဲအခါ၌၊ ဂါမပ္ပဝေသနံ—ရွာသို့ဝင်ခြင်းကို၊အာပုစ္ဆာမိ-ပန်ပြောပါ၏။]တသ္မိံ ဂါမေ-၌၊ တံကမ္မံ-ထိုအမှုသည်၊ န သမ္ပဇ္ဇတိ- မပြီးစီးအံ့၊ ဣတိ- ထို့ကြောင့်၊ အညံဂါမံ- အခြားတရွာသို့၊ ဂစ္ဆန္တိ - သွားကုန်အံ့၊ ဂါမသတမ္ပိ- ရွာပေါင်းတရာ သည်လည်း၊ ဟောတု- ဖြစ်ပစေ၊ ပုန- တဖန်၊ အာပုစ္ဆနကိစ္စံ-ပန်ပြောဘွယ်ကိစ္စသည်၊ နတ္ထိ- မရှိတော့၊ ပန— ဆက်၊ ဥဿာဟံ - ရွာသို့ဝင်ခြင်း၌ အားထုတ်ခြင်းကို၊ ပဋိပဿမ္ဘေတွာ-ငြိမ်းစေပြီး၍၊ ဝိဟာရံ- သို့၊ ဂစ္ဆန္တာ-သွားကုန်စဉ်၊ အန္တရာ-ကျောင်းမရောက်မီ အကြား၌၊ အညံဂါမံ—သို့၊ ပဝိသိတုကာမာ- ဝင်လိုကုန်သည်၊ သစေ ဟောန္တိ-ကုန်အံ့၊ (ဝေံသတိ)၊ ပုန-တဖန်၊ အာပုစ္ဆိတဗ္ဗမေဝ - ပန်ပြောရာသည်သာ။

ကုလဃရေဝါ—အမျိုးအိမ်၌သော်ငင်း၊[မိမိ၏ အမျိုးကို ဆိုလိုသည် မဟုတ်၊ ''ဒတ္တိယစသော အမျိုးတို့၏ အိမ်၌''ဟု ဆိုလိုသည်။] အာသနသာလာယဝါ-ဆွမ်းစားစရပ်၌သော်ငင်း၊ [ ရွာတွင်းရှိ ဆွမ်းစားစရပ်၌- ဟူလို၊] ဘတ္တကိစ္စံ—ဆွမ်းကိစ္စကို၊ ကတွာ-ပြုပြီး၍၊ တေလဘိက္ခာယဝါ-ဆီကိုတောင်းခံခြင်း အကျိုးငှါသော်ငင်း၊ သပ္ပိဘိက္ခာယဝါ-ထောပတ်ကို တောင်းခံခြင်း အကျိုးငှါသော်ငင်း၊ စရိတုကာမော-လှည့်လည်လိုသည်၊ ဟောတိ-ဖြစ်အံ့၊ပဿေ-မိမိဘေး၌၊ဘိက္ခု-သည်၊ သစေ အတ္ထိ-အံ့၊(ဝေံသတိ)၊အာပုစ္ဆိတွာ,ဂန္တဗ္ဗံ-သွားရာ၏၊(ဘိက္ခုမှိ-ရဟန်းသည်၊) အသန္တေ— မရှိလသော်၊ နတ္ထိ-မရှိ၊ ဣတိ -.ဤသို့ နှလုံးသွင်း၍၊ ဂန္တဗ္ဗံ-သွားရာ၏၊ ဝါ-သွားကောင်း၏၊ ဝီထိံ-လမ်းသို့၊ဩတရိတွာ-သက်ရောက်ပြီး၍၊ ဝါ-ပြီးမှ၊ ဘိက္ခုံ- ကို၊ ပဿတိ- တွေ့အံ့၊ အာပုစ္ဆနကိစ္စံ နတ္ထိ၊ [ မရှိဘူး အနေဖြင့် သွားပြီးနောက် လမ်းပေါ်ရောက်မှ ရဟန်းကိုမြင်လျှင် ပန်ပြောဘွယ် မလို။] အနာပုစ္ဆိတွာပိ - မပန်ပြောဘဲလည်း၊ စရိတဗ္ဗမေဝ— လှည့်လည်ထိုက်သည်သာ၊ ဝါ- လှည့်လည်ကောင်းသည်သာ၊ ဂါမမဇ္ဈေန- ရွာ၏ အလယ်ဖြင့်၊

မဂ္ဂေါ-လမ်းသည်၊ ဟောတိ-ရှိအံ့၊ တေန- ထို လမ်းဖြင့်၊ ဂစ္ဆန္တဿ-သွားသော ရဟန်း၏၊ တေလာဒိ ဘိက္ခာယ—ဆီအစရှိသည်တို့ကို တောင်းခံခြင်းအကျိုးငှါ၊ စရိယာမိ-လှည့်လည်အံ့၊ဣတိ-သို့၊ စိတ္တေ-သည်၊ ဥပ္ပန္နေ-ဖြစ်လသော်၊ပဿေ-မိမိဘေး၌၊ ဘိက္ခု-သည်၊ သစေ အတ္ထိ-အံ့၊(ဝေံသတိ)၊ အာပုစ္ဆိတွာ စရိတဗ္ဗံ၊ ပန-ကား၊ မ-ဂ္ဂါ—သွားမြဲလမ်းမှ၊ အနောက္ကမ္မ—မဖဲမူ၍၊ ဘိက္ခာယ-(ဆီစသည် တို့ကို)တောင်းခံခြင်းအကျိုးငှါ၊ စရန္တဿ-လှည့်လည်သောရဟန်း၏၊ အာပုစ္ဆန ကိစ္စံ နတ္ထိ၊ အပရိက္ခိတ္တဿ-မကာရံအပ်သော(အကာအရံမရှိသော)၊ဂါမဿ- ၏၊ ဥပစာရော-ကို၊ အဒိန္နာဒါနသိက္ခာပဒေ- အဒိန္နာဒါနသိက္ခာပုဒ်၌ (ဒုတိယ ပါရာဇိကဝ၌)၊ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗော။

အန္တရာရာမန္တိအာဒိသု - အစရှိသော ပါဠိရပ်တို့၌၊ ကေဝလံ-ခါးပန်းဖွဲ့ခြင်း စသည်တို့ မဖက်,သက်သက်၊ အနာပုစ္ဆာ-မပန်ပြောဘဲ၊(ဂစ္ဆန္တဿ-သွားသော ရဟန်း၏၊အနာပတ္တိ-အနာပတ်သည်၊)န-မဟုတ်သေး၊ကာယဗန္ဓနံ-ခါးပန်းကို၊ အဗန္ဓိတွာ- မဖွဲ့မူ၍ငှင်း၊ သင်္ဃာဋိံ — သင်္ကန်းကို၊ အပါရုပိတွာ - မရုံမူ၍ငှင်း၊ ဂစ္ဆန္တဿပိ- သွားသောရဟန်း၏လည်း၊ အနာပတ္တိ-အနာပတ်တည်း၊ အာပဒါသုတိ-ကား၊ သီဟော ဝါ- ခြင်္သေ့သည်သော်ငှင်း၊ ဗျဂ္ဃော ဝါ-ကျားသည်သော်ငှင်း၊ အာဂစ္ဆတိ-လာအံ့၊မေဃော ဝါ-မိုဃ်းသည်သော်လည်း၊ ဥဋ္ဌေတိ-တက်လာအံ့၊ အညော-အခြားသော၊ ကောစိ-သော၊ ဥပဒ္ဒဝေါ ဝါ- ဘေးရန်သည်သော်လည်း၊ ဥပ္ပဇ္ဇတိ-ဖြစ်အံ့၊ (ပဝိသန္တဿ- ဝင်သော ရဟန်း၏၊) အနာပတ္တိ၊ ဧဝရူပါသု-ကုန်သော၊ အာပဒါသု — ဘေးရန်တို့ကြောင့်၊ ဗဟိဂါမတော - ရွာပြင်ဘက်မှ၊ အန္တောဂါမံ-ရွာတွင်းသို့၊ ပဝိသိတုံ,ဝဋ္ဋတိ-အပ်၏၊ သေသံ၊ပေ၊တိဝေဒနန္တိ။.... ဝိကာလေဂါမပ္ပဝေသန သိက္ခာပဒံ တတိယံ။

## သူစိဃရသိက္ခာပုဒ်

စတုတ္ထေ-၌၊ ဘေဒနမေဝ-ခွဲခြင်းသည်ပင်၊ ဘေဒနကံ—ကမည်၏၊ [ကာပစ္စည်း သွတ္တ၊ ဘေဒိယတေ- ကွဲစေခြင်း၊ ဝါ-ခွဲခြင်း၊ ဘေဒနံ- ခွဲခြင်း၊ ဘေဒနမေဝ ဘေဒ နကံ၊] အဿ-၏ ပါစိတ်အာပတ်၏၊ တံ - ထို ခွဲခြင်းသည်၊ အတ္ထိ - ရှိ၏၊ ဣတိ-ကြောင့်၊ (ထိုသို့ ခွဲခြင်းရှိသည်၏ အဖြစ်ကြောင့်၊) တံ· ထို ပါစိတ်အာပတ်သည်၊ ဘေဒနကမေဝ- ကပင် မည်၏။ [ အဿတ္ထိအနက်၌ အပစ္စည်းသက်၊ ဘေဒနကံ တုန်းကနှင့် ဘေဒနကချင်းတူသောကြောင့် ဘေဒနကမေဝ-ဟု ဝေဖြင့်ဆိုသည်။] အရဏိကေတိ—ကား၊ အရဏိဓနုကေ-ပွတ်နှိပ်လေး၌၊(မီးထွက်အောင်ပွတ်ရာ၌ နှိပ်သောလေး၌၊) (အနာပတ္တိ၊) ဝိဓေတိ—ကား၊ ဝေဓကေ-ခါးပန်းဘိင်၌၊ ဝါ- ခါးပန်းသီး၌၊(အနာပတ္တိ၊)သေသံ၊ပေ၊တိဝေဒနန္တိ၊....သူစိဃရသိက္ခာပဒံစတုတ္ထံ။

## မဇ္ဈသိက္ခာပုဒ်

ပဉ္စမေ-၌၊ ဆေဒနကံ-ကာသည်၊ ဝုတ္တနယမေဝ-ဆိုအပ်ပြီးသော နည်းရှိသည်သာ၊ (“ဘေဒနကနှင့် အတူတူပင်” ဟူလို။ ) ဆိန္နတ္တာ ပရိဘုဉ္ဇတိတိ ဧတ္ထ - ၌၊ ဆိန္နတုကာမော-ဖြတ်ခြင်းငှါ အလိုရှိသည်၊ သစေ နဟောတိ-အကယ်၍ မဖြစ်အံ့၊ (စေ သတိ)၊ ဘူမိယံ- ၌၊ နိခဏိတွာ- တူးမြှုပ်၍၊ ပမာဏံ–အဋ္ဌင်္ဂုလ ပမာဏကို၊ ဒဿေတိ-ပြထားအံ့၊ [ရှည်သော အခြေကို မဖြတ်လိုလျှင် မြေ၌ တွင်းတူး၍ မြှုပ်ပါ၊ ထိုသို့မြှုပ်ရာ၌ တွင်း၏အပေါ်မှာ လက်ရှစ်သစ် ပမာဏရှိရုံသာ ချန်ရမည်-ဟူလို။] ဝါ–တနည်း၊ ဥတ္တာနံ - ပက်လက်၊ ကတွာ - ပြု၍၊ ပရိဘုဉ္ဇတိ-သုံးစွဲအံ့၊ [ခြေထောက်ဘက်ကို အပေါ်ကထား၍ အပေါင် အထက်က ထိပ်ဘက်ကို အောက်ကထားပါ- ဟူလို ] ဝါ- တနည်း၊ ဥက္ခိပိတွာ- မြှောက်၍၊ တုလာသင်္ဃာဋေ-ထုတ်လျှောက်ပေါ်၌၊ ထပေတွာ-ထား၍၊ အင်္ဂ-လင့်စင်ကို၊ ကတွာ၊ ၍၊ ပရိဘုဉ္ဇတိ – သုံးစွဲအံ့၊ [ ခုင်ကို အပေါ်မြှောက်၍ ထုတ်- လျှောက်ပေါ်၌ တင်ကာ ( လယ်ယာ၌ လင့်စင်ထိုးသကဲ့သို့ ) လင့်စင်လုပ်၍ သုံးစွဲအံ့ - ဟူလို။] သဗ္ဗံ-အလုံးစုံသောပြုမှုသည်၊ ဝဋ္ဋတိ-အပ်၏၊ သေသံ ၊ပေ၊ ဆသမုဋ္ဌာနံ။···· မဇ္ဈသိက္ခာပဒံ ပဉ္စမံ။

---

## တူလောနဒ္ဓ သိက္ခာပုဒ်

ဆဋ္ဌေ-၌၊ ဧတ္ထ- ဤညောင်စောင်း အင်းပျဉ်၌၊ ဩနဒ္ဓ- မြှေးယှက်အပ်သော၊ တူလံ-လဲသည်၊ (အတ္ထိ-ရှိ၏၊) ဣတိ-ကြောင့်၊ (ထိုသို့ မြှေးယှက်အပ်သော လဲရှိသည်၏ အဖြစ်ကြောင့်၊ တံ - ထို ညောင်စောင်းအင်းပျဉ်သည်၊ ) တူလောနဒ္ဓံ-မည်၏၊ တူလံ-လဲကို၊ ပက္ခိပိတွာ - ထည့်၍၊ ဥပရိ - အပေါ်၌၊ စိမိလိကာယ-အဝတ်ကြမ်းဖြင့်၊ ဩနဒ္ဓ-ဖွဲ့ယှက်အပ်သော၊ (မဉ္စံဝါ ပီဌံဝါ-၌စပ်၊)ဣတိ ဝုတ္တံ ဟောတိ၊[မဉ္စပီဌတို့အပေါ်၌ အဝတ်ကိုဖြန့်၍ ခင်း,ထိုအဝတ်၌ လဲဝါဂွမ်းတို့ကိုဖြန့်၊ ထို အပေါ်၌ ထပ်၍ အုပ်လျက် ခတင်နှင့် တွဲစပ်၍ ချုပ်ထားခြင်းမျိုးကို ဆိုသည်၊ မွေ့ရာသည် ညောင်စောင်း အင်ပျဉ်းနှင့်တွဲ၍ မနေ၊ ဤ အခင်းကား ညောင်စောင်း အင်းပျဉ်နှင့် တွဲနေသည်။ ] သေသံ၊ပေ၊ ဆသမုဋ္ဌာနံ။···· တူလောနဒ္ဓသိက္ခာပဒံ ဆဋ္ဌံ။

---

## နိသီဒန သိက္ခာပုဒ်

သတ္တမေ -၌၊ နိသီဒနံ အနုညာတံ ဟောတီတိ-ကား၊ ကတ္ထ-အဘယ်ဌာန၌၊ အနုညာတံ – ခွင့်ပြုတော်မူအပ်သနည်း၊ စီဝရက္ခန္ဓကေ-စီဝရက္ခန္ဓက၌၊ ပဏီတဘောဇနဝတ္ထုသ္မိံ-ပဏီတဘောဇနဝတ္ထု၌၊ (အနုညာတံ-ပြီ၊) ဟိ-မှန်၊ တတ္ထ-

ထို ပဏီတဘောဇနဝတ္ထု၌၊ အနုဇာနာမိ၊ပေ၊နိသီဒနန္တိ- ဟူ၍၊ (ဘဂဝတာ) ဝုတ္တံ၊ [ဘိက္ခဝေ-တို့၊ ကာယဂုတ္တိယာ—ကိုယ်ကို စောင့်ရှောက်ခြင်းငှါငှင်း၊ စီဝရဂုတ္တိယာ-ငှင်း၊ သေနာသနဂုတ္တိယာ — ကျောင်း အိပ်ရာနေရာကို စောင့်ရှောက်ခြင်းငှါငှင်း၊ နိသီဒနံ-နိသီဒိုန်ကို၊အနုဇာနာမိ-မူ၏။]သေယျထာပိ၊ပေ၊ကောဋ္ဌောတိ- ကား၊ ယထာနာမ — ဥပမာမည်သည်ကား၊ ပုရာဏ စမ္မကာရော — ရှေး၌ဖြစ်သော သားရေအလုပ်သွားသည်၊ ( သမဉ္ဇတိယထာ- ဆွဲငင်သကဲ့သို့၊) ဠတိအတ္ထော - နက်၊ [ ကုဋ္ဋတိ ဆိန္ဒတိတိ ကောဋ္ဌော၊ အသိနာ + ကောဋ္ဌော အသိကောဋ္ဌော-သန်လျက်ဖြင့် သားရေကိုဖြတ်တတ်သူ။]ဟိ-ချွ၊ စမ္မကာရော—သားရေအလုပ်သွားသည်၊ စမ္မံ- သားရေကို၊ ဝိတ္ထတံ — ပြန့်ကျယ်အောင်၊ ကရိဿာမိ—ပြုအံ့၊ ဠတိ-၍သို့ကြံ၍၊ ဠတောစ- ၍ဘက်မှငှင်း၊ ဠတောစ-ထိုဘက်မှငှင်း၊ သမဉ္ဇတိ ကဍ္ဍတိယထာ — ဆွဲဆန့်သကဲ့သို့၊ ဧဝံ - တူ၊ သောပိ — ထို ဥဒါယိသည်လည်း၊ တံ နိသီဒနံ-ကို၊ (သမဉ္ဆတိ)၊ တေန- ကြောင့်၊ တံ-ထို ဥဒါယိကို၊ ဘဂဝါ-သည်၊ ဧဝံ-၍သို့ သေယျထာပိ ပုရာဏာသိကောဋ္ဌောဟူ၍၊ အာဟ-ပြီ၊ နိသီဒနံ၊ပေ၊ဝုစ္စတီတိ—ကား၊ သန္တတသဒိသံ—သန္တတနှင့် တူစွာ၊ သန္ထရိတွာ—ဖြန့်ခင်း၍၊ (သုံ စွဲရာ၌ သန္တတအခင်းကဲ့သို့ ဖြန့်ခင်း၍၊) ကေသွံ အန္တေ- တခုသော အစွန်း၌၊ သုဂတဝိဒတ္ထိယာ — မြတ်စွာဘုရား၏ အထွာတော်ဖြင့်၊ ဝိဒတ္ထိမတ္တေ-တထွာ ပမာဏရှိသော၊ ပဒေသေ-အစိတ်အပိုင်းအရပ်၌၊ ဒွိသု ဌာနေသု-နှစ်ဌာနတို့၌၊ ဖါလေတွာ-ခွဲ၍၊ တိသော-သုံးခုကုန်သော၊ ဒသာ-အမြိတ်အဆာတို့ကို၊ ကရိယန္တိ - ပြုအပ်ကုန်၏၊ တာဟိ ဒသာဟိ - ထို အမြိတ်အဆာတို့ဖြင့်၊ သဒသံနာမ - သဒသမည်၏ ဟူ၍၊ ဝုစ္စတိ၊ [ နိသီဒိုင်ပြုပုံကို ပါတိမောက် ဘာသာဋီကာ၌ ပြထားပြီ။] သေသံ၊ပေ၊ဆ သမုဋ္ဌာနံ။….နိသီဒနသိက္ခာပဒံ သတ္တမံ။

## ကဏ္ဍုပဋိစ္ဆာဒိ သိက္ခာပုဒ်

အဋ္ဌမေ-၌၊ ကဏ္ဍုပဋိစ္ဆာဒိ၊ပေ၊ဟောတီတိ-ကား၊ ကတ္ထ-အဘယ်ဝတ္ထု၌၊ အနုညာတာ — နည်း၊ စီဝရက္ခန္ဓကေ - ၌၊ ဗေလဋ္ဌသီသ ဝတ္ထုသို့ -၌၊ (အနုညာတာ၊) ဟိ — မှန်၊ တတ္ထ - ထို ဗေလဋ္ဌသီသဝတ္ထု၌၊ အနုဇာနာမိ ၊ပေ၊ ကဏ္ဍုပဋိစ္ဆာဒိန္တိ-ဟူ၍၊ (ဘဂဝတာ)ဝုတ္တံ၊ [ဘိက္ခဝေ-တို့၊ ယဿ-အကြင်ရဟန်း၏၊ ကဏ္ဍုဝါ — ယားနာသည်မူလည်း ဖြစ်သော၊ ပိဠကာဝါ — အိုင်း အနာသည်မူလည်းဖြစ်သော၊ အဿာဝေါဝါ—အရိယိုသော အနာသည်မူလည်းဖြစ်သော၊ ထုလ္လကစ္ဆုဝါ — ဝဲကြီးနာသည်မူလည်း ဖြစ်သော၊ အာဗာဓော - အနာသည်၊ (အတ္ထိ)၊ တဿ—ထိုရဟန်းအား၊ ကဏ္ဍုပဋိစ္ဆာဒိံ - အနာကို ဖုံးလွှမ်းကြောင်းဖြစ်သော အဝတ်ကို၊ ဝါ — အနာလွှမ်းသင်္ကန်းကို၊ အနုဇာနာမိ၊ ] ယဿ၊ပေ၊ မဏ္ဍလန္တိ-ကား၊ ယဿ ဘိက္ခုနော-၏၊ နာဘိယာ-ချက်၏၊ ဟေဋ္ဌာ-အောက်၌

ငှင်း၊ ဇာထာမလ္လာလာနံ-ပုဆစ်ဒူးဝန်းတို့၏၊ ဥပရိ-အထက်၌ငှင်း၊ (ကလ္လာ၊ဝါ–စသည်၌စပ်၊ ) ကဏ္ဍူတိ– ကား၊ ကစ္ဆု- ယားနာတည်း၊ ပိဠကာတိ - ကား၊ လောဟိတတုဏ္ဍိကာ– အဖျား၌ သွေးဖုရှိသော၊ သုခုမပိဠကာ–သေးငယ်သော အိုင်းအနာတည်း၊ အဿာဝေါတိ – ကား၊ အရိသ ၊ပေ၊ မဓုမေဟာဒိနံ–ဒူလာ မြင်းသရိုက်နာ ( လိပ်ခေါင်းထွက်နာ ), ဘဂန္ဒြရ်နာ ( ဂရင်ဂျီနာ ), ဆီးချိုနာ တို့၏၊ ဝသေန-ဖြင့်၊ အသုစိ ပဂ္ဃရဏကံ – မစင်မကြယ် ရွှံစဖွယ်ကို ယိုချတတ် သော အနာတည်း၊ မဟာပိဠကာဗာဓော-ကြီးစွာသော အိုင်းအနာကို၊ (ဝဲကြီး နာကို၊ ) ထုလ္လကစ္စံ၊ဝါ အာဗာဓောတိ - ဓဟူ၍၊ ဝုတ္တံ - မိန့်တော်မူအပ်၏ သေသံ၊ပေ၊ဆ သမုဋ္ဌာနံ။····ကဏ္ဍုပဋိစ္ဆာဒိသိက္ခာပဒံ ဒဿမံ။

## ဝဿိကသာဋိကာ သိက္ခာပုဒ်

နဝမေ, ဝဿိကသာဋိကာ၊ပေ၊ဟောတီတိ- ကား၊ ကတ္တ- အဘယ်ဝတ္ထု၌၊ အနုညာတာ-နည်း၊ စီဝရက္ခန္ဓကေ- ၌၊ ဝိသာခါဝတ္ထုသ္မိံ (အနုညာတာ)၊ ဟိ-မှန်၊ တတ္ထ - ထို ဝိသာခါဝတ္ထု၌၊ အနုဇာနာမိ၊ပေ၊ဝဿိကသာဋိကန္တိ-ဟူ၍၊ (ဘဂဝတာ) ဝုတ္တံ၊ သေသံ၊ပေ၊ဆ သမုဋ္ဌာနံ။ ....ဝဿိကသာဋိကာ သိက္ခာပဒံ နဝမံ။

## နန္ဒတ္ထေရ သိက္ခာပုဒ်

ဒသမေ, စတုရင်္ဂုလောမကောတိ-ကား၊ စတူဟိ အင်္ဂုလေဟိ- လက် ၄ သစ် တို့ဖြင့်၊ ဦနကပ္ပမာဏော-ယုတ်လျော့သောပမာဏရှိ၏၊ [စတ္တာရိ+အင်္ဂုလာနိ စတုရင်္ဂုလံ၊ စတုရင်္ဂုလေန+ဩမကော စတုရင်္ဂုလောမကော၊ ယောဇနာ၌ စတု ရင်္ဂုလကို အသမာဟာရဒိဂုဟု ဆိုသည်ကို စဉ်းစားပါ။ ] သေသံ၊ပေ၊ဆ သမုဋ္ဌာ နံ။···· နန္ဒတ္ထေရ သိက္ခာပဒံ ဒသမံ။ .... ဝဏ္ဏနာက္ကမေန - အဖွင့်အစဉ် အားဖြင့်၊ နဝမော-၉ ဝဂ်မြောက်သော၊ ရတနဝဂ္ဂေါ-သည်၊ သမတ္တော- ပြည့်စုံပြီ။

ဥဒ္ဒိဋ္ဌာခေါတိ အာဒိ-အစရှိသောစကားရပ်သည်၊ ဝုတ္တနယမေဝ-သည်သာ၊ ဣတိ-အပြီးတည်း၊ သမန္တ ပါသာဒိကာယ– မည်သော၊ ဝိနယ သံဝဏ္ဏနာယ– ဝိနည်းအဖွင့်၌၊ ခုဒ္ဒကဝဏ္ဏနာ– ခုဒ္ဒကသိက္ခာပုဒ်တို့ကို ဖွင့်ကြောင်းဖွင့်ရာ အဋ္ဌ ကထာသည်၊ ဝါ-ကို၊ သမတ္တာ-ပြည့်စုံပြီ၊ ဝါ-အလုံးစုံ အကုန်အစင်ယူအပ်ပြီ။

ပါစိတ္တိယကဏ္ဍံ– ပါစိတ္တိယအခန်းသည်၊ နိဋ္ဌိတံ- ပြီ။

# ပါဠိဒေသနီယ အဖွင့်

ခုဒ္ဒကာနံ- ခုဒ္ဒကသိက္ခာပုဒ်တို့၏၊ အနန္တရာ- အခြားမဲ့၌၊ ပါဋိဒေသနီယာ- ပါဋိဒေသနီယ မည်ကုန်သော၊ ယေဓမ္မာ - အကြင် သိက္ခာပုဒ်တို့ကို၊ ( သင်္ဂီတိကာရဇရဟိ) ထပိတာ - ထားအပ်ကုန်ပြီ၊ ဒါနိ- ၌၊ တေသံ - ထို ပါဋိဒေသနီယ သိက္ခာပုဒ်တို့၏၊ အယံဝဏ္ဏနာ-ဤ ဖွင့်ကြောင်းဖွင့်ရာအဋ္ဌကထာသည်၊ ဘဝတိ- ဖြစ်၏၊ ဝါ-ဖြစ်တော့လတံ့။

## ပဌမ ပါဋိဒေသနီယ

တာဝ-ဒုတိယပါဋိဒေသနီယ စသည်တို့မှရှေးဦးစွာ၊ (ထပိတေ-ထားအပ်သော၊)ပဌမပါဋိဒေသနီယေ-၌၊(အဝတ္ထာ ဇဝံ ဝေဒိတဗ္ဗာ၊)ပဋိက္ကမနကာဇလတိ-ကား၊ ပိဏ္ဍာယ-၄ါ၊ စရိတွာ-ပြီး၍၊ ပဋိအာဂမနကာလေ-ပြန်လာရာအခါ၌၊ [" ကမု-ဂတိမှိ " ဟု ဓာတ်ကျမ်းရှိ၏၊ ပဋိဥပသာရကြောင့် ကမုဓာတ်သည် ပြန်လာခြင်းအနက်ကို ဟောသည်။] သဗ္ဗဝ အဂ္ဂဟေသိတိ - ကား၊ သဗ္ဗမေဝ- အလုံးစုံသောဆွမ်းကိုပင်၊ အဂ္ဂဟေသိ- ယူပြီ၊ [ သဗ္ဗဝကို " သဗ္ဗံ+ဧဝ " ဟု ပုဒ်ဖြတ်စေလို၍ သဗ္ဗမေဝ ဟု ဖွင့်သည်။ ] ပဝေဓေန္တီတိ - ကား၊ ကမ္ပမာနာ- တုန်လှုပ်လျက်၊("ဂစ္ဆတိ-သွားနေ၏"ဟု ပါဠိတော်၌စပ်။)အပေဟိဘိ-ကား၊ အပဂစ္ဆ-ဖဲ့ါခဲလော့၊[အပ+ဣဓာတ်ဖြင့်ပြီးသော အပေဟိကို "အပဂစ္ဆ"ဟု ဖွင့်သည်။ ] ဂါရယှံ အာဝုသောတိ အာဒိ - ဂါရယှံ အာဝုသော အစရှိသော သဒ္ဒါသည်၊ပဋိဒေသေတဗ္ဗာကာရဒဿနံ-သီးခြားပြောပြထိုက်ပုံအခြင်းအရာကို ညွှန်ပြကြောင်းသဒ္ဒါတည်း။["ပဋိဒေသနာကာရ"ဟု ရှိလျှင် ကောင်း၏။]

ရထိကာတိ- ကား၊ ရစ္ဆာ- ရထားလမ်းတည်း၊ [ရထိကာ၌ ရထပုဒ်, ဣက ပစ္စည်းတည်း၊ ရစ္ဆာ၌ ရထပုဒ် ယက်ပစ္စည်း,(တနည်း)ယပစ္စည်းတည်း၊ ထျကို ဆပြု, ဒွေဘော်လာ၍"ရစ္ဆာ"ဟု ဖြစ်၏၊ ဝိဂြိုဟ်မှာ— "ရထဿ+ဟိတာ ရထိကာ,ရစ္ဆာ"ဟုပြု။] ဗျူဟန္တိ-ကား၊ အနိဗ္ဗိဇ္ဈိတွာ- ထုတ်ချင်းမထွင်းမူ၍၊ ဌိတာ-

× × × × × × ×

ပဋိဒေသေတဗ္ဗာကာရဒဿနံ ။ ။ ပဋိဒေသေတဗ္ဗကို ကြည့်၍ ပါဋိဒေသနီယ၌ အနီယပစ္စည်း ဟု သိသာ၏၊ ပဋိကို ကြည့်၍ ပဋိဒေသနီယမေဝ ပါဋိဒေသနီယံ ဟု သွတ္တဏ္ဍ ဏပစ္စည်း သက်စေလိုကြောင်းကိုလည်း ပြသည်၊ ပဋိသဒ္ဒါကား ဝိသုံ အနက်ဟောတည်း၊ အခြားအာပတ်တို့နှင့်မရောယှက်စေဘဲ သီးခြားပြောပြထိုက်သည်-ဟူလို။ ထို့ကြောင့် " ဂါရယှံ၊ပေ၊ ပဋိဒေသေမိ " သည် သီးခြားပြောပြပုံကိုပြသော စကားတည်း၊ ဤသို့ ဒေသနာပြောရမည်၊ သို့သော် အများပြောရိုးအတိုင်း ပြောလျှင်လည်း ဒေသနာပြောရာရောက်ပါ၏။

ဗျူဟံ။ ။ " အညတ္ထ—အခြားလမ်းသို့၊ ဂန္တုံ—သွားခွင့်ကို၊ အပ္ပဒါနဝသေန- မပေးခြင်း၏ အစွမ်းဖြင့်၊ ဇနေ-လမ်းသွားနေသူ လူဘို့ကို၊ ဗျူဟတိ သမ္ပိဏ္ဍတိ-ပေါင်း

တည်သော၊ ဂတပစ္စာဂတရစ္ဆာ-သွားအပ်သည်ဖြစ်၍ပြန်အပ်သောလမ်းတည်း၊ [သွားလမ်းအတိုင်း ပြန်သွားရသောလမ်း– ဟူလို။] သိဃ် ဌကန္တိ-ကား၊ စတုက္ကောဏံဝါ- ၄ ထောင့်ရှိသည်မူလည်း ဖြစ်သော၊ ဝါ- လမ်း ၄ ခွမူလည်းဖြစ်သော၊ တိကောဏံဝါ-၃ ထောင့်ရှိသည်မူလည်းဖြစ်သော၊ဝါ-လမ်း ၃ ခွမူလည်း ဖြစ်သော၊ မဂ္ဂသမောဓာနဋ္ဌာနံ– လမ်းတို့၏ ပေါင်းဆုံရာဖြစ်သောအရပ်တည်း၊ ဃရန္တိ-ကား၊ ကုလဃရံ– ခတ္တိယစသော အမျိုး ၄ ပါးတို့၏ အိမ်တည်း၊ ဧတေသု-၌ ရထိကာ အစရှိသော အရပ်တို့တွင်၊ ယတ္ထကတ္ထစိ- အမှတ်မထား တပါးပါးသောအရပ်၌၊ ဌတွာ—တည်၍၊ ဂဏှန္တဿ-ခံယူသောရဟန်း၏၊ ဂဟဏေ-ခံယူခြင်းကြောင့်၊ ဒုက္ကဋံ ဟောတိ၊ အဇ္ဈောဟာရေ- စားမျိုခြင်းကြောင့်၊ အဇ္ဈောဟာရ ဂဏနာယ – စားမျိုခြင်း၏ အရေအတွက် အားဖြင့်၊ ပါဋိဒေသနီယံ (ဟောတိ)၊ဟတ္ထိသာလာဒီသု–ဆင်တင်းကုပ်အစရှိသောအရပ်တို့၌၊(ဌတွာ) ဂဏှန္တဿာပိ–ခံယူသောရဟန်း၏လည်း၊ ဧသေဝနယော-တည်း။

ဘိက္ခုနီ–သည်၊ ရထိကာယ-ရထားလမ်း၌၊ ဌတွာ - ၍၊ ဒေတိ - ပေးအံ့၊ ဘိက္ခု–သည်၊ အန္တရာရာမာဒီသု–ရွာတွင်းကျောင်းတိုက် အစရှိသော အရပ်တို့၌၊ ဌတွာ- ၍၊ သစေပိ ဂဏှာတိ– အကယ်၍မူလည်း ခံယူအံ့၊ ( ဧဝံသတိပိ - သော်လည်း၊) အာပတ္တိယေဝ-ပင်တည်း၊ [အန္တရာရာမာဒီသု၌ အာဒိဖြင့် ပါဠိတော်၌ လာသော ဘိက္ခုနုပဿယ, တိတ္ထိယသေယျစသည်တို့ကို ယူ။] ဟိ-မှန်၊ (တနည်း)ဟိ(ယသ္မာ)-ကြောင့်၊ အန္တရဃရံ ပဝိဋ္ဌာယာတိ-ဟူ၍၊ ဝစနတော-ဟောတော်မူခြင်းကြောင့်၊ အန္တရဃရေ-ရွာတွင်း၌၊ ဌတွာ - ၍၊ ဒဒမာနာယ-ပေးသော၊ဘိက္ခုနိယာ-၏၊ ဝသေန-စပ်သဖြင့်၊ ဧတ္ထ-ဤသိက္ခာပုဒ်၌၊ အာပတ္တိ-ကို၊ဝေဒိတဗ္ဗာ-ထိုက်၏၊ ဘိက္ခုဿ-၏၊ ဌိတဋ္ဌာနံပန-တည်ရာအရပ်သည်ကား၊ အပ္ပမာဏံ-လိုရင်း မဟုတ်၊ တသ္မာ- ကြောင့်၊ ဝီထိအာဒီသု - လမ်းအစရှိသော အရပ်တို့၌၊ ဌိတော-တည်သော၊ ဘိက္ခု-သည်၊ အန္တရာရာမာဒီသု-အစရှိသော

× × × × × × ×

စုဘတ်၏၊ ဥတိဗျူဟော”ဟု ယောဇနာ ဝိဂ္ဂြဟ်ပြု၏၊ သွားလမ်းအတိုင်း ပြန်၍ထွက်ရသော လမ်းတိုဖြစ်၍ ထုတ်ချင်း မပေါက်, အခြားလမ်းသို့ မရောက်နိုင်သော လမ်းအတိုတည်း။ [ဝိ+ဥ၊ဟာဓာတ်၊ ဝိဥပသာရကြောင့် “ပေါင်းခြင်း”အနက်ကို ယူ။]

**ဂတပစ္စာဂတရစ္ဆာ။** ။ဂတပစ္စာဂတ၌ “အဂမိယိတ္ထ–သွားအပ်ပြီ၊ ဣတိ ဂတာ၊ ပစ္စာဂမိယတေ– ပြန်လာအပ်၏၊ ဣတိ ပစ္စာဂတာ၊ ဂတာစ+ သာ + ပစ္စာဂတာစာတိ ဂတပစ္စာဂတာ (ရစ္ဆာ)”ဟု ပြု။

**အန္တရာ၊ပေ၊အနာပတ္တိ။** ။ ပါဠိတော်၌ “အန္တရဃရံနာမ–ရထိကာ, ဗျူဟံ, သိဃ်ာဋကံ ဃရံ” ဟု ၄ ဌာနဖွင့်၏၊ ဤ ၄ ဌာနကိုသာ အန္တရဃရ ( ရွာတွင်း )ဟု ခေါ်၍ ကျောင်းအာရာမ်စသည်ကို အန္တရဃရ ဟု မခေါ်ရသောကြောင့် ထို အန္တရာရာမ စသည်၌နေ၍ ဘိက္ခုနီကပေးလျှင် ခံယူသောဘိက္ခုမှာ အနာပတ် ဟု ဆိုသည်၊

အရပ်တို့၌၊ ဌတွာ-၍၊ ဒဒမာနာယ-ပေးသော၊ ဘိက္ခုနိယာ-၏၊(ဟတ္ထတော-မှ၊) သစေပိ ဂဏှာတိ-အကယ်၍မူလည်း ခံယူအံ့၊(ဝေံသတိပိ–သော်လည်း၊) အနာပတ္တိယေဝ- ပင်တည်း၊ ယာမကာလိကံ၊ပေ၊ ဒုက္ကဋဿာတိဣဒံ- ဟူသော ဤစကားကို၊ အာမိသေန-ဆွမ်းစသောအာမိသနှင့်၊ အသမ္ဘိန္နံ–မရောစပ်သော ယာမကာလိက,သတ္တာဟကာလိက, ယာဝဇီဝိကကို၊သန္ဓာယ- ရည်ရွယ်တော်မူ၍၊ (ဘဂဝတာ)ဝုတ္တံ၊ သမ္ဘိန္နေ–ဆွမ်းစသော အာမိသနှင့် ရောစပ်ပြီးသော၊ ဧကရသေ–တပေါင်းတည်း အရသာရှိသော ယာမကာလိကစသည်၌၊(ဂဏှန္တဿ)ပန်–ခံယူသော ရဟန်း၏ကား၊ ပါဠိဒေနီယမေဝ-ပါဠိဒေသနီယ အာပတ်ပင်တည်း၊ ဧကတော ဥပသမ္ပန္နာယာတိ-ကား၊ ဘိက္ခုနိနံ-တို့၏၊ သန္တိကေ- ၌၊ ဥပသမ္ပန္နာယ-မြင့်မြတ်သောဘိက္ခုနီအဖြစ်သို့ရောက်သောရဟန်းမ၏၊("ဟတ္ထတော-မှ" ဟု ပါဠိတော်၌ စပ်၊) ဘိက္ခုနိနံ- တို့၏၊ သန္တိကေ-၌၊ ဥပသမ္ပန္နာယ-မြင့်မြတ်သော ဘိက္ခုနီအဖြစ်သို့ရောက်သော ရဟန်းမ၏၊ (ဟတ္ထတော-လက်မှ၊ ဂဏှန္တဿ)ပန်-ခံယူသောရဟန်း၏ကား၊ယထာဝတ္ထုကမေဝ-အကြင်အကြင်ဝတ္ထုအတိုင်းသာတည်း၊(ပါဠိဒေသနီယ အာပတ်ပင်–ဟူလို။)

ဒါပေတိ နဒေတီတိ–ကား၊ အညာတိကာ - ဆွေမျိုးမတော်သော ဘိက္ခုနီသည်၊ အညေန-အခြားသော၊ ဧကနစ်-တစုံတယောက်သည်၊ ဝါ-ကို၊ ဒါပေတိ-ပေးစေအံ့၊[ဏာပေပစ္စည်း၏ ကာရိတ်ကတ္တားကို "အညာတိကာ"ဟု ထည့်၍ ဒါဓာတ်၏ကတ္တားကို "အညေန ဧကနစ်" ဟု ထည့်သည်။] တံ - ထို ခဲဘွယ်ဘောဇဉ်ကို၊ ဂဏှန္တဿ–ခံယူသောရဟန်း၏၊ အနာပတ္တိ၊ ဥပနိက္ခိပိတွာဒေတီတိ-ကား၊ ဘူမိယံ-၌၊ထပေတွာ-၍၊အယျ-အရှင်ဘုရား၊ ဣဒံ-ဤခဲဘွယ်ဘောဇဉ်ကို၊ တုမှာကံ-အရှင်ဘုရားတို့အား၊ ဒမ္မိ-လှူပါ၏၊ ဣတိ-ဤသို့လျှောက်၍၊ ဒေတိ-အံ့၊ ဝေံ - သို့၊ ဒိန္နံ – ပေးအပ်သော ခဲဘွယ်ဘောဇဉ်ကို၊ ဘဂိနိ - နှမ၊ သာဓု-ကောင်းပြီ၊ ဣတိ-ဤသို့ ပြော၍၊ သမ္ပဋိစ္ဆိတွာ - လက်ခံ၍၊ တာယဝေ ဘိက္ခုနိယာဝါ-ထို ဘိက္ခုနီမသည်သော်၎င်း၊ ဝါ-ကိုသော်၎င်း၊ အညေန-အခြားသော၊ ဧကနစ်ဝါ-တစုံတယောက်သည်သော်၎င်း၊ ဝါ-ကိုသော်၎င်း၊ ပဋိဂ္ဂါဟာပေတွာ-ကပ်စေ၍၊ ဘုဉ္ဇိတုံဝဋ္ဋတိ၊ သိက္ခမာနာယ သာမဏေရိယာတိ-ကား၊ တာသံ-၌သိက္ခမာန် သာမဏေမတို့သည်၊ ဒဒမာနာနံ-ပေးလှူကုန်လသော်၊ ဂဏှန္တဿ အနာပတ္တိ၊ ထွေ-ဤသိက္ခာပုဒ်၌၊ သေသံ-ကြွင်းသောပုဒ်အပေါင်းသည်၊ ဥတ္တာနမေဝ - သာ၊ ဧဠကလောမသမုဋ္ဌာနံ - ဧဠကလောမ သိက္ခာပုဒ်၏ သမုဋ္ဌာန်နှင့် တူသောသမုဋ္ဌာန်ရှိ၏ ၊ပေ၊ တိဝေဒနံ - ၃ ပါးသော ဝေဒနာရှိ၏၊ ဣတိ– အပြီးတည်း၊.... ပဌမပါဠိဒေသနီယံ– ပဌမပါဠိဒေသနီယသိက္ခာပုဒ်သည်၊ (သမတ္တံ-ပြီးပြီ။)

---

## ဒုတိယ ပါဋိဒေသနီယ

ဒုတိယေ-၌၊ အပဿက္ကတာဝ ဘဂိနိတိအာဒိ—အစရှိသော စကားရပ်သည်၊ အပသာဒေတဗ္ဗာကာရဒဿနံ-ဖဲသွားစေထိုက်ပုံအခြင်းအရာကို ညွှန်ပြကြောင်း စကားတည်း၊ အတ္တနော ၊ပေ၊ န ဒေတိတိ တွေ- ၌၊ အတ္တနော- ၏၊ ဘတ္တံ-ကို၊ သစေပိ ဒေတိ— အကယ်၍မူလည်းပေးအံ့၊ ( ဝေ်သတိ )၊ ဉာတိကာ သိက္ခာပဒေန-ဖြင့်၊ အနာပတ္တိံယေဝ-အနာပတ်သာတည်း၊ ပုရိမသိက္ခာပဒေန-ဖြင့်၊ အာပတ္တိ-သည်၊ (ဟောတိ)၊ အညေသံ၊ပေ၊န ဒါပေတီတိ တွေ-၌၊ (အညေသံ–အခြားသူတို့၏၊ ဘတ္တံ-ကို၊)သစေပိ ဒါပေယျ–အကယ်၍မူလည်း ပေးစေအံ့၊(ဝေ်သတိ-ဤသို့ ပေးစေလသော်၊)ဉာတိကာ သိက္ခာပဒေန-ဖြင့်၊ အာပတ္တိ-သည်၊ ဘဝေယျ-ဖြစ်ရာ၏၊ (အညေသံ–တို့၏၊ ဘတ္တံ-ကို၊) ဒေန္တိယာပန – ပေးသော ရဟန်းမ၏ ကား၊ ဉာတိကာ–၌ သိက္ခာပုဒ်ဖြင့်၊ (အာပတ္တိ-သည်၊) နေဝ(ဟောတိ)-မဖြစ်၊ ပုရိမေန-ရှေ့သိက္ခာပုဒ်ဖြင့်၊ အာပတ္တိ-သည်၊ န(ဟောတိ)၊ သေသံ၊ပေ၊တိဝေဒနန္တိ။····ဒုတိယ ပါဋိဒေသနီယံ။

× × × × × × ×

**အပသာဒေ၊ပေ၊ဒဿနံ။** ။အပပုဗ္ဗ, သဒဒေ့တ်, ဏောပစ္စည်းဖြင့် " တားမြစ် " ဟု အနက်ပေးခဲ့၏၊"ခြိမ်းချောက် မောင်းမဲ"ဟုလည်း ပေးကြ၏၊ သို့သော် မဟာဝါ, နသမ္မာဝတ္တနာဒိကထာ၌ " ပဏာမေတဗ္ဗောတိ အပသာဒေတဗ္ဗော" ဟု ဖွင့်သော ကြောင့် ပဏာမန ( နှင်ထုတ်ခြင်း ) အနက်သာ " အပသက္ကတာဝ ဘဂိနိ " စသော နှင်ထုတ်ပုံပြ စကားနှင့်လျော်သည်၊ ထို့ကြောင့် သဒဒေ့တ်၏ ဂတိအနက်ကိုယူ၍"အပသာဒေ–ဖဲသွားစေ"ဟု သဒ္ဒတ္ထ,"နှင်ထုတ်"ဟု အဓိပ္ပါယတ္ထသာ သင့်သည်။[" အပသာဒေတဗ္ဗာကာရ"၌ " အပသာဒနာကာရ– ဖဲသွားစေပုံ အခြင်းအရာ "ဟု ရှိလျှင် ကောင်း၏။]

**ဒေန္တိယာ ပန။** ။ ရှေ့သိက္ခာပုဒ်သည် မိမိပစ္စည်းကို ပေးခြင်းကြောင့် အာပတ်သင့်၏၊ ဤသိက္ခာပုဒ်ကား သူတပါးပစ္စည်းကို ပေးစေခြင်းကြောင့် သင့်၏၊ ဤဘိက္ခုနီမသည် သူတပါးပစ္စည်းကို အပေးမခိုင်းဘဲ ကိုယ်တိုင်ပေးခြင်းကြောင့် ဤသိက္ခာပုဒ်ဖြင့်လည်း အာပတ်မသင့်၊ ရှေ့သိက္ခာပုဒ်ဖြင့်လည်း အာပတ်မသင့်။

## တတိယ ပါဋိဒေသနီယ

တတိယေ, ဥဘတော ပသန္နန္တိ-ကား၊ ဥပါသကေနပိ— အားဖြင့်ဥင်း၊ ဥပါသိကာယပိ–အားဖြင့်ဥင်း၊ ဒွိဟိ- ၂ ယောက်လုံးတို့ဖြင့်၊ ပသန္နံ – ကြည်ညိုသည်၊ (ဟောတိ)၊ [ပါဠိတော်၌ " အညတရံ ကုလံ "ဟု ကတ္တားရှိပြီးဖြစ်သောကြောင့် "ဒွိဟိ"ကို ကတ္တားအနက် မပေးဘဲ ဝိသေသနအနက် ပေးရသည်။] ကိရ - ချဲ၊ တသ္မိံ ကုလေ—ထိုအမျိုးအိမ်၌၊ ဥဘောပိ— ၂ ယောက်လုံးလည်းဖြစ်ကုန်သော၊ တေ-ထို ဇနီးမောင်နှံတို့သည်၊ သောတာပန္နာယေဝ-သောတာပန်တို့ချည်းသာ

တည်း၊ ဘောဂေန ဟာယတီတိ — ကား၊ ဟိ - မှန်၏၊ ( ဘောဂေန ဟာယတိ ဟူသောစကားသည် မှန်၏၊) ဒေိသံ-ဤကဲ့သို့ရှုအပ်သော၊ (ဤမျှလောက် သဒ္ဓါတရားကောင်းသော၊) ကုလံ- အမျိုးသည်၊ အသီတိ ကောဋိဓနံ- ကုဋေရှစ်ဆယ် ဥစ္စာရှိသည်၊ သစေပိ ဟောတိ— အကယ်၍မူလည်း ဖြစ်စေဦးတော့၊ (ဝေံသတိပိ-ဤသို့ပင်ဖြစ်ပါသော်လည်း၊) ဘောဂေဟိ-စည်းစိမ်တို့ဖြင့်၊ ဟာယတိယေဝ- ယုတ်လျော့မည်သာ၊ ကသ္မာ-နည်း၊ ယသ္မာ- ကြောင့်၊ တတ္ထ— ထို အမျိုးအိမ်၌၊ ဥပါသိကာ—ဥပါသိကာမသည်၊ (ဘောဂေ-တို့ကို၊) နေဝ (ရက္ခတိ)—မစောင့်ရှောက်၊ ဥပါသကော—သည်၊ ဘောဂေ—တို့ကို၊ န ရက္ခတိ၊ (တသ္မာ- တည်း၊) [ လှူဒါန်းခြင်းမှ မစောင့်ရှောက်ခြင်းကို ဆိုလိုသည်၊ စိပ္ပားဥစ္စာမရှာဘဲ ပစ္စလက္ခ သုံးစွဲခြင်းကို ဆိုလိုသည်မဟုတ်ပါ။ ] ယရတော၊ပေ၊ဒေန္တီတိ – ကား၊ အာသန သာလံဝါ- ရွာတွင်း ဆွမ်းစားစရပ်သို့သော်၎င်း၊ ဝိဟာရံဝါ-သော်၎င်း၊ အာနေတွာ-ဆောင်၍၊ ဒေန္တိ-ပေးလှူကုန်အံ့၊ (“ဘုဥ္ဇန္တဿ အနာပတ္တိ” ၌စပ်၊) ဘိက္ခု မှိ- ရဟန်းသည်၊ အနာဂတေ- မလာသေးမှီ၊ ပဌမံယေဝ- စွာသာလျှင်၊ နီဟရိတွာ·အိမ်မှထုတ်၍၊ ဒွါရေ-တံခါးပေါက်၌၊ ထပေတွာ-၍၊ ပစ္ဆာ-နောင်မှ၊ သမ္ပတ္တဿ- ရောက်လာသောရဟန်းအား၊ သစေပိ ဒေန္တိ - ကုန်အံ့၊ (ဝေံသတိပိ-ဤသို့ပေးပြန်သော်လည်း၊ ပဋိဂ္ဂဟေတုံ) ဝဋ္ဋတိ၊ ပန-ဗျတိရိက်ကား၊ ဘိက္ခုံ-ကို၊ ဒိသွာ-၍၊ (မြင်ပြီးမှ၊) အန္တောဂေဟတော - အိမ်တွင်းမှ၊ နီဟရိတွာ - ထုတ်၍၊ ဒိယျမာနံ-ပေးလှူအပ်သောခဲဘွယ်ဘောဇဉ်ကို၊(ပဋိဂ္ဂဟေတုံ) န ဝဋ္ဋတိ၊ ဧတိ မဟာပစ္စရိယံ ဝုတ္တံ၊ သေသံ၊ပေ၊တိဝေဒနန္တိ။····တတိယ ပါဠိဒေသနီယံ။

---

## စတုတ္ထ ပါဠိဒေသနီယ

စတုတ္ထေ, အဝရုဒ္ဓါဒိဟာန္တိတိ - ကား၊ ပဋိဝိရုဒ္ဓါ - ဆန့်ကျင်ကြကုန်သည်၊ ဟောန္တိ၊ ပဉ္စန္နံ ပဋိသံဝိဒိတန္တိ- ကား၊ ပဉ္စသု - ၅ ယောက်ကုန်သော၊ သဟဓမ္မိကေသု — သီတင်းသုံးဘော်တို့တွင်၊ ယံကဥ္စိ — တစုံတယောက်ကို၊ ပေသေတွာ - စေလွှတ်၍၊ ခါဒနီယံ-ကို၎င်း၊ ဘောဇနီယံ-ကို၎င်း၊ အာဟရိဿာမ-ဆောင်ပါ

× × × × × × × × ×

**အဝရုဒ္ဓါ ဟောန္တိ**။ ။အဝ ရှေးရှိသော ရုဓဓာတ်သည် အခြားနေရာ၌ ပိတ်ဆို့ခြင်းအနက်ကိုဟောသော်လည်း ဤနေရာ၌ကား“ပဋိဝိရုဒ္ဓ - ဆန့်ကျင်ဘက်”အနက်ကို ဟောသည် ဟု သိစေလို၍ “ပဋိဝိရုဒ္ဓါ”ဟု ဖွင့်သည်၊ ဆန့်ကျင်ခြင်းဟူသည်လည်း ကျွန်တို့၏ ထုံးစံအတိုင်း စကားကိုနားမထောင်ကြခြင်း, အလုပ်မလုပ်ကြဘဲ ဆန့်ကျင်ဘက်ပြုနေခြင်းမျိုးတည်း၊ ယခုအခါ သပိတ်မှောက်ခြင်းနှင့် သဘောတူပင်။

**ပဉ္စန္နံ ပဋိသံဝိဒိတံ**။ ။ ပါဠိတော်၌ “ အပ္ပဋိသံဝိဒိတံနာမ ပဉ္စန္နံ ပဋိသံဝိဒိတံ၊ ဧတံ အပ္ပဋိသံဝိဒိတံနာမ” ဟု ရှိ၏၊ “ ပဉ္စန္နံ — သီတင်းသုံးဘော် ၅ ယောက်တို့သည်၊ ပဋိသံဝိဒိတံ—တင်ကြို၍ သိစေအပ်သော ခဲဘွယ်ဘောဇဉ်သည်၊ အပ္ပဋိသံဝိဒိတံနာမ-

ကုန်အံ့၊ ဝါ-ပို့ပါကုန်အံ့၊ ဣတိ-သို့၊ ပဋိသံဝိဒိတံ-ကြိုတင်၍ သိစေအပ်သည်ကို၊ ဝါ-ကြိုတင်၍ လျှောက်အပ်သည်ကို၊ ကတံ - ပြုအပ်သည်၊ (သမာနံ)ပိ- ဖြစ်ပါသော်လည်း၊ အပ္ပဋိ သံဝိဒိတမေဝ - ကြိုတင်၍ သိစေအပ်သည် မမည်သည်သာ တည်း၊ ဣတိအတ္ထော၊ အာရာမံ၊ပေ၊ထပေတွာတိ - ကား၊ အာရညက သေနာသနာ ရာမတ္တ-တောကျောင်း အာရာမ်ကိုရင်း၊ တဿ-ထို တောကျောင်းအာရာမ်၏၊ ဥပစာရဥ္စ-ကိုရင်း၊ ထပေတွာ-၍၊ ဥပစာရတော-မှ၊ နိက္ခန္တံ-ထွက်ပြီးသော၊ အန္တရာမဂ္ဂေ-ခရီးအကြား၌၊ ဘိက္ခုံ-ကို၊ ဒိသွာဝါ-မြင်၍သော်၎င်း၊ ဂါမံ-ရွာသို့၊ အာဂတဿဝါ-လာသောရဟန်းအား သော်၎င်း၊ ပဋိသံဝိဒိတံ-ကြိုတင်၍ သိစေအပ်သည်ကို၊ကတံ-ပြုအပ်သည်၊(သမာနံ)ပိ-ဖြစ်ပါသော်လည်း၊အပ္ပဋိ သံဝိဒိတမေဝ – ကြိုတင်၍ သိစေအပ်သည် မမည်သည်သာ၊ ဟောတိ၊ ဣတိ ဝေဒိတဗ္ဗံ။ [ဒိသွာဝါ, အာဂတဿဝါဟု ဝါသဒ္ဒါထားပုံ ရိုးရာမကျ၊ ထို့ကြောင့် ''ဒိသွာ ပဋိသံဝိဒိတံ ကတံ (သမာနံ)ပိဝါ-သော်၎င်း၊ အာဂတဿ ပဋိသံဝိဒိတံ (သမာနံ)ပိဝါ-သော်၎င်း''ဟု ပေးမှ ထုံးစံကျမည်၊ ဤ၌ အလွယ်သာ ပေးလိုက်သည်။]

သစေ၊ပေ၊ အာစိက္ခိတဗ္ဗန္တိ- ဟူ၍၊ ကသ္မာ–ကြောင့်၊ အာစိက္ခိတဗ္ဗံ- ပြောပြရာသနည်း၊ အာရာမေ-၌၊ စောရေ-ခိုးသူတို့ကို၊ ဝသန္တေ-နေသည်တို့ကို၊ အမှာကံ- ငါတို့အား၊ န အာရောစေန္တိ- ပြောမပြကြကုန်၊ ဣတိ- သို့၊ ဝစနပဋိမောစနတ္ထံ–ပြောဆိုကဲ့ရဲ့ခြင်းမှ လွတ်ခြင်းအကျိုးငှါ၊(အာစိက္ခိတဗ္ဗံ-ရာ၏၊) စောရာ၊ပေ၊ ဣရုပစရန္တီတိ-ဟူ၍၊ ကသ္မာ- ကြောင့်၊ ဝတ္တဗ္ဗံ- ပြောဆိုရာသနည်း၊ အတ္တနော-၏၊ ဥပဋ္ဌာကေဟိ–အလုပ်အကျွေးတို့သည်၊ ဝါ–တို့ကို၊ အမှေ-ငါတို့ကို၊ ဂဏှာ

× × × × × × × ×

မည်၏ '' ဟု ပေး၊ နောက် " စေတံ အပ္ပဋိသံဝိဒိတံနာမ'' ကား နိဂုံးတည်း၊ ဤသို့ အနက်ပေးရမည်ဖြစ်သော်လည်း တင်ကြို၍ တကယ်သိစေသောအခါ သိတင်းသုံးဘော် ၅ ယောက်လုံး မပါနိုင်၊ သိတင်းသုံးဘော် ၅ ယောက်ထည်းက တယောက်ယောက် ကိုသာစေလွှတ်၍သိစေနိုင်သောကြောင့်"ပဉ္စသု သဟဓမ္မိကေသု ယံကဥ္စိ ပေသေတွာ" စသည်ဖြင့် အဓိပ္ပါယ်ပေါ်အောင် ဖွင့်သည်၊ ယောဇနာ၌ကား " ပဉ္စသု သဟဓမ္မိကေ သု ''သည် ပဉ္စန္နံ၏ နိဒ္ဓါရဏ အဖွင့်, " ယံကဥ္စိကား နိဒ္ဓါရဏီယအဖွင့် '' စသည်ဖြင့် ဆိုသွားလေသည်။

**နိက္ခန္တံ၊ပေ၊အာဂတဿဝါ။** ။ဥပစာရမှထွက်ပြီးသော ရဟန်းကိုမြင်၍ ခါဒနီယ ဘောဇနီယကို ပို့လာမည့်အကြောင်းကို လျှောက်သော်၎င်း, ရွာသို့ကြွလာသောရဟန်း အား ခါဒနီယ ဘောဇနီယကို ပို့လာမည့်အကြောင်းကို လျှော်သော်၎င်း ပဋိသံဝိဒိတ မမည်၊ အာရာမ, အာရာမူပစာရသို့လာ၍လျှောက်မှသာ ပဋိသံဝိဒိတမည်သည်–ဟူလို။

**ကသ္မာ၊ပေ၊ဝစနပဋိမောစနတ္ထံ။** ။ကသ္မာ ဟု အကြောင်းကို မေးသော်လည်း "ဝစန ပဋိမောစနတ္ထံ '' ဟု အကျိုးကို ဖြေသည်၊ ထို အကျိုးသည်ပင် ပြောပြခြင်း၏ အကြောင်းဖြစ်သည်၊ ယောဇနာ၌ကား "ကသ္မာတိ ပုစ္ဆာယ ပဋိမောစနတ္ထန္တိ ဝိသဇ္ဇ နာယ သမေတုံ သမ္ပဒါနတ္တေ နိဿက္ကဝစနံ ကာတဗ္ဗံ၊ ကိမတ္ထံတိ ဟိ အတ္ထော၊ '' ဟု

ပေန္တိ-ဖမ်းယူကြစေကုန်၏၊ ဣတိ-သို့၊ ဝစနပဋိမောစနတ္ထံ-ငှါ၊ (ဝတ္တုမ္ပိ- ရာ၏၊) ယာဂုယာ၊ပေ၊အာဟရိယျတီတိ-ကား၊ ယာဂုယာ-ဖြင့်၊ပဋိသံဝိဒိတံ-ကြိုတင်၍ သိစေအပ်သည်ကို၊ ကတွာ - ပြုပြီး၍၊ ဒိန္နာယ- ပေးအပ်သော၊ သုဒ္ဓယာဂုယာ-သက်သက်သောယာဂုဖြင့်၊ ကိံ-အဘယ်အကျိုး ရှိအံ့နည်း၊ ပူပဘတ္တာဒီနိပိ- မုံ့, ထမင်းအစရှိသော ခဲဖွယ်ဘောဇဉ်တို့ကိုလည်း၊ တေိသာယာဂုယာ-၍ ယာဂု၏၊ ပရိဝါရံ - အခြံအရံကို၊ ကတွာ- ပြု၍၊ ဒဿာမ - ပေးလှူကုန်အံ့၊ ဣတိစေ-၍သို့ကြံ၍၊ ယံကိဉ္စိ-အမှတ်မရှိ တစုံတခုသော ခဲဖွယ်ဘောဇဉ်ကို၊ အာဟရန္တိ-ဆောင်ပို့လာကုန်အံ့၊ သဗ္ဗံ - အလုံးစုံသော ခဲဖွယ်ဘောဇဉ်သည်၊ ပဋိသံဝိဒိတမေဝ-တင်ကြို၍ သိစေအပ်သည်မည်သည်သာ၊ ဟောတိ၊ ဘတ္တေနပဋိသံဝိဒိတေ တိ အာဒီသုပိ-အစရှိသောပါဠိရပ်တို့၌လည်း၊ ဧသေဝနယော-တည်း၊ အသုကံ နာမ ကုလံ- ထိုမည်သောအမျိုးသည်၊ ပဋိသံဝိဒိတံ- ကို၊ ကတွာ-၍၊ ခါဒနီယာ ဒီနိ-တို့ကို၊ ဂဟေတွာ-၍၊ ဂစ္ဆတိ-သွား၏၊ ဣတိ- သို့၊ သုတွာ-၍၊ အညာနိပိ-အခြားသောအမျိုးတို့သည်လည်း၊ တေန-ထိုအမျိုးနှင့်၊ သဒ္ဓိံ-တကွ၊ အတ္တနော-၏၊ ဒေယျဓမ္မံ—ပေးလှူထိုက်သော သဘောရှိသော ပစ္စည်းဝတ္ထုကို၊ အာဟရန္တိ-ဆောင်ပို့လာကုန်အံ့၊(ပဋိဂ္ဂဟိတုံ)ဝဋ္ဋတိ၊ ယာဂုယာ-ဖြင့်၊ ပဋိသံဝိဒိတံ-ကို၊ ကတွာ-၍၊ ပူပံဝါ-မုံ့ကိုသော်၎င်း၊ ဘတ္တံဝါ-ကိုသော်၎င်း၊ အာဟရန္တိ-ကုန်အံ့၊ တေမ္ပိ - ၍ ဆောင်ယူအပ်သော ပူပဘတ္တသည်လည်း၊ ( ပဋိဂ္ဂဟိတုံ )ဝဋ္ဋတိ– အပ်၏၊ ဣတိ ကုရုန္ဒိယံ ဝုတ္တံ။

ဂိလာနဿာတိ-ကား၊ အပ္ပဋိသံဝိဒိတေပိ-တင်ကြို၍ သိစေအပ်သည် မဟုတ်သော ခဲဖွယ်ဘောဇဉ်ကိုလည်း၊ ( ခါဒိယမာနေပိ - ခဲအပ်သော်၎င်း၊ ဘုဥ္ဇိယမာနေပိ- စားအပ်သော်၎င်း၊)ဂိလာနဿ-၏၊ အနာပတ္တိ၊ ပဋိသံဝိဒိတေဝါ၊ပေ၊ သေသကန္တိ-ကား၊ ဧကဿ- တပါးသောရဟန်း၏၊ အတ္ထာယ-ငှါ၊ ပဋိသံဝိဒိတံ ကတွာ, အာဟဋံ - ဆောင်ယူအပ်သော၊ တဿ - ထို တပါးသော ရဟန်း၏၊ သေသကံ- အကြွင်း အကျန်ဖြစ်သော ခဲဖွယ်ဘောဇဉ်ကို၊ အညဿာပိ - အခြားသော ရဟန်းအားလည်း၊ ဘုဥ္ဇိတုံ ဝဋ္ဋတိ၊ စတုန္နံဝါ-၄ ပါးသော ရဟန်းတို့အတွက်သော်၎င်း၊ ပဉ္စန္နံဝါ—၅ ပါးသော ရဟန်းတို့အတွက်သော်၎င်း၊ ပဋိသံဝိဒိတံ ကတွာ, ဗဟုံ—များစွာ၊ အာဟဋံ - ဆောင်ယူအပ်သည်၊ ဟောတိ - ဖြစ်အံ့၊ အညေသမ္ပိ-

× × × × × × ×

ဆို၏၊ "ကသ္မာ—အဘယ်အကျိုးငှါ" ဟု ပေးစေလိုသည်၊ ဤသို့ စသည်ဖြင့် " ဝစနပဋိမောစနတ္ထံ— ပြောဆိုကဲ့ရဲ့ခြင်းမှ လွတ်ခြင်းအကျိုးငှါ " ဟု တဒတ္ထသမ္ပဒါန်အနက်၌ ပဌမာဝိဘတ်သက်ဟု ၎င်း, တနည်းအားဖြင့် ကသ္မာဟူသော အမေးနှင့် လျော်အောင် ပဋိမောစနတ္ထံ-၌ အတ္ထကို ကာရဏဝါစက ဟု ကြံ၍"လွတ်စေခြင်းဟူသော အကြောင်းကြောင့် " ဟု၎င်း ပေးမှ ဝိစယာဟာရနေတ္တိ နည်းနှင့် ညီမျှသည် ဟု ဆိုသွားလေ၏၊ အကြံလွန်ဟန်တူသည်။

အခြားရဟန်းတို့အားလည်း၊ ဒါတုံ–၄၊ ဥစ္စန္တိ–အလိုရှိကုန်အံ့၊ တေမ္ပိ-ဤ များစွာဆောင်ယူအပ်သော ခဲဘွယ်ဘောဇဉ်သည်လည်း၊ ပဋိသံဝိဒိတသေသက မေဝ-ပဋိသံဝိဒိတသေသက မည်သည်သာ၊ သဗ္ဗေသမ္ပိ-အလုံးစုံသော ရဟန်းတို့ အာလည်း၊ ဝဋ္ဋတိ၊ အထ - သို့မဟုတ်၊ အမိကမေဝ - ပိုလွန်သည်သာလျှင်၊ ဟောတိ-ဖြစ်အံ့၊ သန္နိမိ° - သိုမှီးခြင်းကို၊ ( သန္နိဓိအာပတ်ကို၊ ) မောစေတွာ- လွတ်စေ၍၊ ထပိတံ - ထားအပ်သော ခဲဘွယ်ဘောဇဉ်သည်၊ ဒုတိယဒိဝသေပိ- ၌လည်း၊ ဝဋ္ဋတိ၊[ဤကျမှ "ပဋိသံဝိဒိတေဝါ"၏ အဖွင့်ပြီးသည်။]

[ယခုအခါ"ဂိလာနဿ ဝါ သေသကံ"၏ အဖွင့်ကိုပြလို၍ "ဂိလာနဿ" အစရှိသော ပါဌ်ကို မိန့်။ ] ဂိလာနဿ - ဂိလာနအို၊ အာဟဋ္ဌာဝသေသေပိ- ဆောင်ယူအပ်သောခဲဘွယ်ဘောဇဉ်မှ ကြွင်းကျန်သောခဲဘွယ်ဘောဇဉ်၌လည်း၊ ဧသေဝနယော၊ ပန - ဆက်၊ ယံ - အကြင် ခဲဘွယ်ဘောဇဉ်ကို၊ အပ္ပဋိသံဝိဒိတ မေဝ-တင်ကြို၍ မသိစေအပ်သည်ကိုသာလျှင်၊ ကတွာ- ၍၊ အာဘတံ-ဆောင်ယူ အပ်ပြီ၊ တံ-ထိုခဲဘွယ်ဘောဇဉ်ကို၊ ဗဟိအာရာမံ-အာရာမ်၏ပြင်ဘက်သို့၊ပေသေ တွာ-ပို့၍၊(ပြန်ပို့၍၊) ပဋိသံဝိဒိတံ- တင်ကြို၍သိစေအပ်သည်ကို၊ ကာရေတွာ- ပြုစေပြီး၍၊ ဝါ - ပြုစေပြီးမှ၊ အာဟရာပေတဗ္ဗံ - ဆောင်ယူစေထိုက်၏၊ ဘိက္ခုဟိ ဝါ– ရဟန်းတို့သည်သော်လည်း၊ ဂတွာ – ၍၊ အန္တရာမဂ္ဂေ – ခရီးအကြား၌၊ ဂဟေတဗ္ဗံ–ခံယူရာ၏၊ ယမ္ပိ-အကြင်ခဲဘွယ်ဘောဇဉ်ကိုလည်း၊ ဝိဟာရမဇ္ဈေန- ကျောင်း၏ အလယ်ဖြင့်၊ ဂစ္ဆန္တာဝါ - သွားသူတို့သည်သော်၎င်း၊ ဝနစရကာ ဒယောဝါ- မုဆိုး အစရှိသူတို့သည်သော်၎င်း၊ ဝနတော-မှ၊ အာဟရိတွာ–၍၊ ဒေန္တိ-ပေးလှူကြကုန်၏၊ (တံ- ခဲဘွယ် ဘောဇဉ်ကို၊) ပုရိမနယေနေဝ- ဖြင့်သာ လျှင်၊ ( ဗဟိအာရာမံ ပေသေတွာ စသော ရှေ့နည်းဖြင့်သာလျှင် - ဟူလို၊) ပဋိ သံဝိဒိတံ-အပ်သည်ကို၊ ကာရာပေတဗ္ဗံ-ပြုစေထိုက်၏၊ တတ္ထဇာတကံတိ– ကား၊ အာရာမေ-၌၊ ဇာတကမေဝ-ပေါက်သည်သာလျှင်ဖြစ်သော၊ မူလခါဒနိယာဒိ°- အမြစ်ခဲဘွယ် အစရှိသည်ကို၊ အညေန–အခြားသူသည်၊ ကပ္ပိယံ-အပ်သည်ကို၊ ကတွာ–၍၊ ဒိန္နံ – ပေးအပ်သည်၊ ( သမာနံ – ဖြစ်လသော်၊ ) ပရိဘုဉ္စတော - သုံးဆောင်သော ရဟန်း၏၊ အနာပတ္တိ၊ ပန-ဆက်၊ နံ(တံ)-အာရာမ်၌ဖြစ်သော ထို အမြစ်ခဲဘွယ် အစရှိသည်ကို၊ ဂါမံ- သို့၊ ဟရိတွာ- ဆောင်ယူပြီး၍၊ ပစိတွာ- ချက်ပြီး၍၊ အာဟရန္တိ- ဆောင်ယူလာကုန်အံ့၊(ပဋိဂ္ဂဏှိတုံ)နဝဋ္ဋတိ၊ ပဋိသံဝိဒိ တံ– ကို၊ ကာရေတဗ္ဗံ– ပြုစေထိုက်၏၊ သေသံ၊ပေ၊ တိဝေဒနန္တိ။.... စတုတ္ထပါဋိ ဒေသနီယံ ။ ။သမန္တပါသာဒိကာယ ဝိနယသံဝဏ္ဏနာယ ပါဋိဒေသနီယ ဝဏ္ဏနာ နိဋ္ဌိတာ။

**ပါဋိဒေသနီယအဖွင့် ပြီး၏။**

# သေခိယအဖွင့်

သိက္ခိတသိက္ခေန-.မဂ်လေးဆင့်ဖြင့် ကျင့်အပ်ပြီးသော သိက္ခာ ၃ ပါး ရှိတော်မူသော၊ ဝါ-သိက္ခာ ၃ ပါးကို မဂ်လေးဆင့်ဖြင့် ကျင့်တော်မူပြီးသော၊ တာဒိနာ-ကောင်းဆိုး ၂ တန်, လောကဓမ်ကြောင့် , ဖေါက်ပြန် မတုန် , တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည်၊ ဝါ-ထို ဣဋ္ဌကိုကဲ့သို့ အနိဋ္ဌကို ရှုတော်မူတတ် , ထို အနိဋ္ဌကိုကဲ့သို့ ဣဋ္ဌကိုလည်း ရှုတော်မူတတ်သော မြတ်စွာဘုရားသည်၊ ယာနိ-အကြင်သိက္ခာပုဒ်တို့ကို၊ သေခိယာနီတိ-သေခိယတို့ဟူ၍၊ ဘာသိတာနိ – ဟောတော်မူအပ်ကုန်ပြီ၊ ဒါနိ - ပါဠိဒေသနိယတို့ကို ဖွင့်ပြပြီးရာ ယခုအခါ၌၊ တေသမ္ပိ-ထို သေခိယသိက္ခာပုဒ်တို့၏လည်း၊ အယံ ဝဏ္ဏနာက္ကမော-ဤ ဖွင့်ကြောင်းဖွင့်ရာ အဋ္ဌကထာအစဉ်သည်၊ ဘဝတိ-ဖြစ်၏၊ ဝါ-ဖြစ်တော့လတ့်။

× × × × × × ×

**သိက္ခိတ သိက္ခေန ။** ။ သိက္ခိယံ°သူတိ သိက္ခိတာ၊ သိက္ခိတဗ္ဗာတိ သိက္ခာယော၊ သိက္ခိတာ + သိက္ခာယော ယေနာတိ သိက္ခိတသိက္ခော – မဂ်လေးပါးတို့ဖြင့် သိက္ခာ ၃ ပါးတို့ကို ကျင့်တော်မူပြီးသော မြတ်စွာဘုရား၊ သိက္ခာ ၃ ပါးကား အဓိသီလ အဓိစိတ္တ အဓိပညာတို့တည်း။ [စတူဟိ မဂ္ဂေဟိ တိဿောသိက္ခာ သိက္ခိတွာ ဋ္ဌိတေန၊ သဗ္ဗသော ပရိနိဋ္ဌိတ ကိစ္စေနာတိ ဝုတ္တံ ဟောတိ။ —ဋီကာ။]

**တာဒိနာ။** ။ ပဌမနည်းအလို အကမ္ပနဋ္ဌေဝါစီ ရှုဋ္ဌိ အနိပ္ဖန္န ပါဠိပဒိကပုဒ်တည်း၊ [ တာဒိနာတိ အဋ္ဌဟိ လောကဓမ္မေဟိ အကမ္ပိယဋ္ဌေန တာဒိနာ။-ဋီကာ။ ] ဒုတိယနည်းအလို— တမိဝ ပဿတီတိ တာဒီ၊ ဣယတမကိ စသောသုတ်ဖြင့် စီရင်၊ တံဣဝ–ထို ဣဋ္ဌကိုကဲ့သို့၊ ပဿတိ–အနိဋ္ဌကိုလည်း ရှုတော်မူတတ်၏၊ တံဣဝ- ထို အနိဋ္ဌကိုကဲ့သို့၊ ပဿတိ–ဣဋ္ဌကိုလည်း ရှုတော်မူတတ်၏၊ ဣတိ တာဒီ–မည်တော်မူ၏။

**သေခိယာနိ။** ။သိက္ခိတဗ္ဗာနီတိ သေခိယာနိ၊ ယာနိ– အကြင် သိက္ခာပုဒ်တို့ကို၊ သိက္ခိတဗ္ဗာနိ-မသိလျှင် သိအောင် သင်ယူထိုက်ကုန်, သိသည့်အတိုင်းလည်း ကျင့်ထိုက်ကုန်၏၊ ဣတိ သေခိယာနိ၊ သိက္ခခေတ်, ဏျ ပစ္စည်း, ဣ အာဂုံ၊ (သွာခါတော ကဲ့သို့) ကကိုချေ, ဝုဒ္ဓိပြု၍ “သေခိယ”ဟု ပြီး၏။

**တေသမ္ပိ။** ။ တေသမ္ပိ၌ ပိဖြင့် ပါနိဒေသနိယ သိက္ခာပုဒ်တို့ကိုပေါင်း၊ တနည်း– “တေသံ–တို့၏၊ အယံဝဏ္ဏနာက္ကမောပိ–သည်လည်း၊ ဘဝတိ”ဟုပေး၊ ဤအလို ပိဖြင့် ပါဠိဒေသနိယအဖွင့်ကိုပေါင်း။

**အမှာ။** ။ဤ သေခိယသိက္ခာပုဒ်များ၌ “စတ္တာရော ပါရာဇိကာဓမ္မာ”စသည်ကဲ့သို့ အခရေအတွက်သင်္ချာ မပြခြင်း,“ယော ပန ဘိက္ခု ဩလမ္ဗေန္တော နိဝါသေယျ၊ ဒုက္ကဋံ” စသည်ဖြင့် အာပတ်နာမည်တပ်၍ မပြခြင်း၏ အကြောင်းကို ဋီကာမှယူ၍ ပါတိမောက်ဘာသာဋီကာ၌ ပြထားပြီ။

## ပရိမဏ္ဍလဝဂ်

တတ္ထ– ထို သေခိယသိက္ခာပုဒ်တို့၌၊ (အတ္ထော စေဝံ ဝေဒိတဗ္ဗော၊) ပရိမဏ္ဍလန္တိ- ကား၊ သမန္တတော - ပတ်ဝန်းကျင်၌၊ မဏ္ဍလံ- ဝန်းဝိုင်းစွာ၊ (နိဝါသေဿာမိ၌စပ်၊) နာဘိမဏ္ဍလံ ဇာဏုမဏ္ဍလန္တိ - ကား၊ ဥဒ္ဓံ - အထက်၌၊ နာဘိမဏ္ဍလံ – ချက်၏ အဝန်း အဝိုင်းကိုငင်း၊ [ချက်၏ ဝဲ ယာ ဘေးပတ်ပတ်လည် နောက်ကျောနှင့်တကွ အားလုံးကိုဆိုသည်။] အဓော -အောက်၌၊ ဇာဏုမဏ္ဍလံ- ပုဆစ်ဒူးဝန်းကိုငင်း၊ ပဋိစ္ဆာဒေန္တေန-ဖုံးအုပ်လျက်၊ ဇာဏုမဏ္ဍလဿ-ပုဆစ်ဒူးဝန်း၏၊ ဟေဋ္ဌာ-အောက်၌၊ ဇင်္ဃဋ္ဌိကတော- မြင်းခေါင်းရိုးမှ၊ ပဋ္ဌာယ- စ၍၊ အဋ္ဌင်္ဂုလမတ္တံ-လက်ရှစ်သစ်မျှ၊ နိဝါသနံ- သင်းပိုင်ကို၊ ဩတာရေတွာ-အောက်သို့ ချ၍၊ နိဝါသေတဗ္ဗံ- ဝတ်ရာ၏၊ တတော– ထို လက်ရှစ်သစ်မှ၊ ပရံ– နောက်၌၊ (တနည်း) တတော - ထို လက်ရှစ်သစ်ထက်၊ ပရံ- အလွန်၊ ဩတာရေန္တဿ– အောက်သို့ချသော ရဟန်း၏၊ ဒုက္ကဋံ-သည်၊ (ဟောတိ)၊ ဣတိ-သို့၊ ဝုတ္တံ-မဟာအဋ္ဌကထာ၌ ဆိုအပ်ပြီ၊ [ဤဝါကျများနှင့် စပ်၍ အဓိပ္ပါယ်ကို ပါတိမောက် ဘာသာဋီကာနှင့် ကင်္ခါ ဘာသာဋီကာတို့၌ ပြထားပြီ။] ယထာ - အကြင် အခြင်း အရာအားဖြင့် ဝတ်လသော်၊ နိသိန္နဿ – ထိုင်သောရဟန်း၏၊ ဇာဏုမဏ္ဍလတော - ပုဆစ်ဒူးဝန်းမှ၊ ဟေဋ္ဌာ - အောက်၌၊ စတုရင်္ဂုလမတ္တံ - လက်လေးသစ် အတိုင်းအရှည်ရှိသောအရပ်သည်၊ ဝါ-ကို၊ ပဋိစ္ဆန္နံ-ဖုံးလွှမ်းအပ်သည်၊ ဟောတိ၊ (တထာ- ထို အခြင်းအရာအားဖြင့်၊ နိဝါသေတဗ္ဗံ- ရာ၏၊) ဣတိ မဟာပစ္စရိယံ ဝုတ္တံ၊ ပန-ဆက်၊ ဧဝံ-ဤသို့၊ (လက်ရှစ်သစ် အောက်သို့ချ၍၊) နိဝါသေန္တဿ-ဝတ်သောရဟန်း၏၊ နိဝါသနံ-သင်းပိုင်သည်၊ ပမာဏိကံ - ပမာဏ၌ယှဉ်သော သင်းပိုင်သည်၊ (ဘဝိတုံ-ဖြစ်ခြင်းငှါ၊) ဝဋ္ဋတိ-သင့်၏။

တတြ- ထို ပမာဏိကံ ဝဋ္ဋတိဟူသော စကားရပ်၌၊ (တနည်း) တတြ– ထို သင်းပိုင်၏၊ ဣဒံ-ဤ ဆိုအပ်လတ့်ကား၊ ပမာဏံ– ပမာဏတည်း၊ ဒီဃတော- အလျားအားဖြင့်၊ မုဋ္ဌိပဉ္စကံ-လက်ဆုပ် အတောင်နှင့်တကွ ငါးတောင် အပေါင်း သည်ငင်း၊ တိရိယံ - အနံအားဖြင့်၊ အဍ္ဎတေယျဟတ္ထံ - အခွဲအားဖြင့် ၃ တောင် သည်ငင်း၊(ပမာဏံ-ပမာဏတည်း၊) [မုဋ္ဌိပဉ္စက၏ အဓိပ္ပါယ်ကို ကင်္ခါဘာသာ ဋီကာ ပဌမကထိနသိက္ခာပုဒ်၌ ပြထားပြီ၊ အနက်ကိုလည်း တမျိုးပေးခဲ့သည်။] ပန–ဆက်၊ တာဒိသဿ-ထိုကဲ့သို့ ရှုအပ်သောသင်းပိုင်ကို၊ (အလျား ၅ တောင် တောင်ဆုပ် အနံ ၂ တောင့်ထွာရှိသော သင်းပိုင်ကို၊) အလာဘေ-မရခြင်းသည်၊ (သတိ-ရှိသော်၊) တိရိယံ-အနံအားဖြင့်၊ ဒွိဟတ္ထပ္ပမာဏမ္ပိ- ၂ တောင် အတိုင်း အရှည်ရှိသောသင်းပိုင်သည်လည်း၊ ဇာဏုမဏ္ဍလ ပဋိစ္ဆာဒနတ္ထံ-ပုဆစ်ဒူးဝန်း ကို ဖုံးအုပ်ခြင်းအကျိုးငှါ၊ ဝဋ္ဋတိ-သင့်တော်လောက်၏၊ နာဘိမဏ္ဍလံ ပန-ချက် အဝန်းကိုကား၊ စီဝရေနာပိ - ကေသီသက်န်းဖြင့်လည်း၊ ပဋိစ္ဆာဒေတုံ- ဖုံးအုပ်

ခြင်း၄ါ၊ သက္ကာ - တတ်ကောင်း၏၊ ဍတိ- သို၊ (ဝုတ္တံ- မဟာပစ္စရိ၌ ဆိုအပ်ပြီ၊) တတ္တ—ထို သက်နိုးတို့တွင်၊ ကောပန္ဋစီ၁ရံ - တထပ်တလ္လာရှိသော သက်နိုးသည်၊ ဧဝံ - ဤ ဆိုအပ်ပြီးသောနည်းဖြင့်၊ ( ချက်အဝန်း ဒူး ပုဆစ်အဝန်းကို ဖုံးလွှမ်းလောက်အောင်၊ ) နိဝတ္ထံ - ဝတ်အပ်သည်၊ (သမာနမ္ပိ - ဖြစ်ပါသော်လည်း၊) နိဝတ္ထဋ္ဌာနေ- ဝတ်အပ်သော သင်းပိုင်၏နေရာ၌၊ န တိဋ္ဌတိ-မတည်၊ ပန-အနွယကား၊ ဒုပဋ္ဋံ - ၂ ထပ် ၂ လ္လာရှိသောသက်နိုးသည်၊ (ဧဝံ- ဖြင့်၊ နိဝတ္ထံ - သည်၊ သမာနံ-သော်၊ နိဝတ္ထဋ္ဌာနေ- ၌၊) တိဋ္ဌတိ-တည်၏၊ ''ဝတ်သည့်အတိုင်း မြဲ၏'' ဟူလို။

ဩလမ္ဗေန္တော ၊ပေ၊ ဒုက္ကဋဿာတိ ဧတ္ထ - ဩလမ္ဗေန္တော ၊ ပေ ၊ ဒုက္ကဋဿ ဟူသော ဤပါဌ်၌၊(ဝိနိစ္ဆယော ဧဝံ ဝေဒိတဗ္ဗော၊)ကေဝလံ- ဂိဟိနိဝတ္ထမဖက်သက်သက်၊ ပုရတော၈—ရှေ့၌ဂုင်း၊ ပစ္ဆတော၈- နောက်၌ဂုင်း၊ ဩလမ္ဗေတွာ—တွဲလျားကျစေ၍၊ နိဝါသေန္တဿေဝ—ဝတ်သော ရဟန်း၏သာ၊ ဒုက္ကဋံ-သည်၊ န-မဟုတ်သေး၊ ပန- အဟုတ်ကား၊ အညေ—အခြားကုန်သော၊ ( ရှေ့နောက်တွဲလျားချ၍ ဝတ်ခြင်းမှ တပါးကုန်သော၊ ယေနိဝါသန ဒေါသာ၌စပ်၊ ) ဧတေ ခေါ်ပနသမဒေယန ၊ ပေ ၊ နိဝါသေန္တီတိ အာဒိနာ – နိဝါသေန္တိ အစရှိသော၊ နယေန - နည်းဖြင့်၊ ခန္ဓကေ—စူဠဝါခန္ဓက၌၊ ယေ နိဝါသနဒေါသာ—အကြင်ဝတ်ခြင်း၌ အပြစ်တို့ကို၊ (ဘဂဝတာ)ဝုတ္တာ-ဟောတော်မူအပ်ကုန်ပြီ၊ တထာ-ထို ဟောတော်မူအပ်သော အပြစ်တို့ဖြင့်၊ နိဝါသေန္တဿာပိ-ဝတ်သော ရဟန်း၏လည်း၊ ဒုက္ကဋမေဝ – ဒုက္ကဋ်အာပတ်ပင်တည်း၊ [ ဧတေ ခေါ် ပန သမယေန-ထိုအခါ၌၊ ဆဗ္ဗဂ္ဂိယာ-မည်ကုန်သော၊ ဘိက္ခူ - တို့သည်၊ ဂိဟိနိဝတ္ထံ- လူတို့၏ ဝတ်ခြင်းကို၊ (သဒိသူပစာ၊) နိဝါသေန္တိ - ဝတ်ကြကုန်၏၊ ဟတ္ထိသောဏ္ဍကံ-ဆင့်နှာမောင်းနှင့် တူသော ဝတ်ခြင်းကို၊ (နိဝါသေန္တိ)၊ မစ္ဆဝါဠကံ-ငါးကြင်းမြီးနှင့်တူသော ဝတ်ခြင်းကို၊ (နိဝါသေန္တိ)၊ စတုက္ကဏ္ဏကံ- လေးခုသော အနားရှိသော ဝတ်ခြင်းကို၊ ဝါ—လေးခုသော အစွန်းဒေါင့်ရှိသော ဝတ်ခြင်းကို၊ (နိဝါသေန္တိ)၊ တာလဝဏ္ဋကံ—ထန်းရွက် ယပ်ဝန်းနှင့် တူသော ဝတ်ခြင်းကို၊ (နိဝါသေန္တိ)၊ သတဝလိကံ-များသော အတွန့်ရှိသော ဝတ်ခြင်းကို၊ ( နိဝါသေန္တိ )။]

× × × × × × × × ×

**ဟတ္ထိသောဏ္ဍကစသည်။** ။[ဟတ္ထိသောဏ္ဍ-ဆင်၏နှာမောင်း+က-တူသည်၊] ရှေ့ဘက်၌ ခေါက်ထားအပ်သော သင်းပိုင်ဝယ် ချက်နား၌ အပြားကြီး၍ ခြေသလုံးလောက် ရောက်သည့်အထိ အောက်သို့ တဖြေးဖြေး သေးသွားသော ဆင်နှာမောင်းနှင့်တူသော ပုံသဏ္ဌာန်ရှိအောင်ဝတ်ခြင်းကို ဟတ္ထိသောဏ္ဍကဟု ခေါ်သည်၊ သင်းပိုင်၏ အစ ၂ ခုလုံးကို အောက်သို့ချ၍ ဝဲဘက်၌ အစတခု အစွန်းထွက်အောင်, ယာဘက်၌ အစတခု အစွန်းထွက်အောင် ဝတ်သော အခါ ငါးကြင်းမြီး ပုံသဏ္ဌာန်နှင့် တူနေ၏၊ ထိုသို့ဝတ်ခြင်းကို မစ္ဆဝါလကဟု ခေါ်သည်။ [မစ္ဆဝါလ—ငါးကြင်းမြီး+က-တူသည်၊

တေသမွေ- ထိုအလုံးစုံသော အပြစ်တို့သည်၊ (နဟောန္တိဝ္ဌိစပ်၊) ဝုတ္တနယေန- ဆိုအပ်ပြီးသော နည်းဖြင့်၊ ( ဥဒ္ဓံ နာဘိမဏ္ဍလံ အဓောဇာဏုမဏ္ဍလံ ပဋိစ္ဆာဒေန္တေန စသော ဆိုအပ်ပြီးသောနည်းဖြင့်၊ )ပရိမဏ္ဍလံ-ဝန်းဝိုင်းစွာ၊ နိဝါသေန္တဿ - ဝတ်သော ရဟန်း၏ (သန္တာန်၌၊) န ဟောန္တိ - မဖြစ်ကုန်၊ အယံ- ဤ ဆိုအပ်ပြီးသည်ကား၊ ဧတ္ထ – ဤ သေခိယသိက္ခာပုဒ်အဖွင့်၌၊ သင်္ခေပေါ- အကျဉ်းချုပ်တည်း၊ ဝိတ္ထာရတောပန - အကျယ်အားဖြင့်ကား၊ တတ္ထေဝ–ထို ကုရုန္ဒဝါဒဿက္ခန္ဓကေ၌ပင်၊ အာဝိ-ထင်စွာ၊ ဘဝိဿတိ- ဖြစ်လတံ့။

အသဉ္စိစ္စာတိ-ကား၊ ပုရတော ဝါ-ရှေ့၌သော်၎င်း၊ ပစ္ဆာတော ဝါ- နောက်၌ သော်၎င်း၊ ဩလမ္ဗေတွာ-တွဲလျားကျစေ၍၊ နိဝါသေဿာမိ-ဝတ်အံ့၊ ဣတိဧဝံ- ဤသို့၊ အသဉ္စိစ္စ-သညာနှင့်တကွ စေတနာဖြင့် မစေ့ဆော်မူ၍၊ အထခေါ-စင်စစ် ကား၊ ပရိမဏ္ဍလံယေဝ – ဝန်းဝိုင်းစွာသာလျှင်၊ နိဝါသေဿာမိ- အံ့၊ ဣတိ- ဤသို့နှလုံးသွင်း၍၊ဝိရစ္စိတွာ-ချုတ်ချော်၍၊အပရိမဏ္ဍလံ-မဝန်းမဝိုင်းဘဲ၊နိဝါသေန္တဿ-ဝတ်မိသောရဟန်း၏၊ အနာပတ္တိ (ဟောတိ)၊ အဿတိယာတိ– ကား၊ အညဝိဟိတဿ - အခြားအာရုံ၌ ထားအပ်သောစိတ် ရှိသည်ဖြစ်၍၊ ( သမာနဿာပိ-ဖြစ်လျက်လည်း၊ ) တထာ-ထို အပရိမဏ္ဍလမဟုတ်သော အခြင်းအရာအားဖြင့်၊ နိဝါသေန္တဿ–ဝတ်မိသောရဟန်း၏၊ အနာပတ္တိ (ဟောတိ)။

အဇာနန္တဿာတိ ဧတ္ထ-၌၊ (ဝိနိစ္ဆယော ဧဝံ ဝေဒိတဗ္ဗော၊) နိဝါသနဝတ္တံ- သင်းပိုင်ဝတ်ခြင်း၏ကျင့်ဝတ်ကို၊ အဇာနန္တဿ-မသိသောရဟန်း၏၊ မောက္ခော- အာပတ်မှ လွတ်မြောက်ခြင်းသည်၊ နတ္ထိ၊ ဟိ – မှန်၊ (တနည်း) ဟိ (ယသ္မာ)- ကြောင့်၊ နိဝါသနဝတ္တံ-ကို၊ သာဓုကံ-ကောင်းစွာ၊ ဝါ- လေးလေးစားစား၊ ဥဂ္ဂဟေတဗ္ဗံ-သင်ယူရာ၏၊ ဝါ-သင်ယူရမည်၊ တဿ-ထိုနိဝါသနဝတ်ကို၊ အနုဂ္ဂဟဏံ ဧဝ–မသင်ယူခြင်းသည်ပင်၊ အဿ - ထိုရဟန်း၏၊ အနာဒရိယံ–အနာဒရိယ

× × × × × × ×

"မစ္ဆဝါလေန+သဒိသံ–မစ္ဆဝါလကံ" ဟု ပြု၊] ချက်နား၌ သင်းပိုင်၏ အနားစွန်း ၂ ခု, အောက်ဒူးဆစ်နား၌ သင်းပိုင်၏ အနားစွန်း ၂ ခု, ဤသို့အားဖြင့် အနားစွန်း လေးခုပေါ်အောင် ဝတ်ခြင်းကို"စတုက္ကဏ္ဏက"ဟု ခေါ်သည်၊ ထန်းရွက်ယပ်ဝန်းကဲ့သို့ ဝိုင်းနေအောင် ဝတ်ခြင်းကို တာလဝဏ္ဋကဟု ခေါ်သည်၊ ရှည်သော အဝတ်ကို အတွန့် ပေါင်းများစွာ တွန့်၍ ဝတ်ခြင်းကို သတဝလိက ဟု ခေါ်၏။ [ အဓိပ္ပါယ် အကျယ်ကို ကခ်ါဘာသာဋီကာ၌ ပြထားပြီ။ ]

**အဇာနန္တဿ၊** ၊အဇာနန္တနှင့်စပ်၍ မဟာအဋ္ဌကထာဝါဒ , ကုရုန္ဒီ အဋ္ဌကထာဝါဒဟု ၂ ဝါဒဖွင့်ထား၏၊ မဟာ အဋ္ဌကထာအလို–အထက်သို့ တက်နေသည်ကို၎င်း, အောက်သို့ ကျနေသည်ကို၎င်း မသိသူကို "အဇာနန္တ"ဟု ဆို၏၊ ဝတ်ပုံဝတ်နည်း မသိခြင်းကို အဇာနန္တဟု မဆိုလို၊ ကုရုန္ဒီ၌ ဝတ်ပုံဝတ်နည်း မသိသူကိုပင် "အဇာနန္တ"ဟု ဆိုသည်။

တည်း၊ ဝါ-လေးစားခြင်းမရှိသူ၏အဖြစ်တည်း၊ ပန-ဆက်၊ တံ-ထို အနာဒရိယ
သည်၊ သဉ္စိစ္စ-သညာနှင့်တကွမသင်ယူလိုသောစေတနာဖြင့်စေ့ဆော်၍၊ အနုဂ္ဂဏှ
န္တဿ-မသင်ယူသောရဟန်း၏၊(အတွက်၊)ယုဇ္ဇတိ-သင့်မြတ်၏၊တဿ-ကြောင့်၊
ယော-သည်၊ ဥဂ္ဂဟိတဝတ္တော-သင်ယူအပ်ပြီးသော နိဝါသနဝတ်ရှိသည်၊ ဝါ-
နိဝါသနဝတ်ကို သင်ယူပြီးသည်၊ ( သမာနောပိ - ဖြစ်ပါသော်လည်း၊ ) အာရုဠ္ဟ
ဘာဝံဝါ - အထက်သို့ တက်နေသည်၏အဖြစ်ကို သော်၎င်း၊ ဩရုဠ္ဟဘာဝံဝါ –
အောက်သို့ သက်နေသည်၏အဖြစ်ကို သော်၎င်း၊ န ဇာနာတိ- မသိ၊ တဿ-၏၊
အနာပတ္တိ၊ (ဟောတိ)၊ ပန-ဝါဒန္တရကား၊ ကုရုန္ဒိယံ-၌၊ ပရိမဏ္ဍလံ-စွာ၊ နိဝါ
သေတုံ - ဝတ်ခြင်းငှါ၊ ဝါ – ဝတ်နည်းကို၊ အဇာနန္တဿ – ၏၊ အနာပတ္တိ
(ဟောတိ)၊ ဣတိဝုတ္တံ၊ပန-ဆက်၊ယော-အကြင်ရဟန်းသည်၊သုက္ခဇင်္ဃောဝါ-
ခြောက်သော ခြေသလုံးရှိသည် သော်၎င်း၊ မဟာပိဏ္ဍိက မံသောဝါ – ကြီးသော
အသားဆိုင်ရှိသည်သော်၎င်း၊ ဟောတိ-၏၊ တဿ-၏၊ သာရုပ္ပတ္ထာယ–လျောက်
ပတ်သည်၏အဖြစ်ဟူသောအကျိုးငှါ၊ ဇာဏုမဏ္ဍလတော-မှ၊ အဋ္ဌင်္ဂုလာဓိကမ္ပိ-
လက်ရှစ်သစ်ထက် အလွန်လည်း၊ ဩတာရေတွာ-အောက်သို့ချ၍၊ နိဝါသေတုံ-
ငှါ၊ ဝဋ္ဋတိ-အပ်၏။

ဂိလာနဿာတိ-ကား၊(ယဿ-အကြင် ရဟန်း၏၊) ဇင်္ဃာယဝါ-ခြေသလုံး
၌သော်၎င်း၊ ပါဒေဝါ-ခြေ၌ သော်၎င်း၊ ဝဏော- အနာသည်၊ ဟောတိ - ရှိ၏၊
(သော-သည်၊) ဥက္ခိပိတွာဝါ-အထက်သို့ မြှောက်၍သော်၎င်း၊ ဩတာရေတွာ
ဝါ– အောက်သို့ချ၍သော်၎င်း၊ နိဝါသေတုံ-ဝတ်ခြင်းငှါ၊ ဝဋ္ဋတိ-အပ်၏၊ အာပဒါ
သူတိ - ကား၊ ဝါဠမိဂါဝါ - ခြင်္သေ့ သစ်ကျား စသော ရဲရင့်သော သားကောင်
တို့သည်သော်၎င်း၊ စောရာဝါ - တောပုန်း ဒါးမြတို့သည်သော်၎င်း၊ အနုဗန္ဓန္တိ–
လိုက်ကုန်အံ့၊ ဧဝ ရူပါသု-ဤသို့ သဘောရှိကုန်သော၊ အာပဒါသု - ဘေးရန်တို့
ကြောင့်၊ ( အပရိမဏ္ဍလံ - ထက်ဝန်းကျင် မဝန်းဝိုင်းဘဲ၊ နိဝါသေန္တဿ–

× × × × × × × ×

**အနုဂ္ဂဟဏ၊ပေ၊အနာဒရိယံ။** ။"မသိလျှင် အနာပတ်" ဟူသော ဤစကားကို
အားကိုး၍ မသိအောင်မနေရ၊ မသိ, သိအောင် ဝတ်ပုံဝတ်နည်းကို ဆရာ့အထံ၌ သင်ရ
မည်၊ ထိုသို့ မသင်လျှင် အနာဒရိယဖြစ်၏၊ ထိုအနာဒရိယကိုအကြောင်းပြု၍ မညီမညွတ်
ဝတ်မိပြန်လျှင်လည်း ဒုက္ကဋ်အာပတ် သင့်ပြန်၏၊ ထို့ကြောင့် "ယော အနာဒရိယံ ပဋိစ္စ
ပုရတောဝါ ပစ္ဆတောဝါ ဩလမ္ဗေန္တော နိဝါသေတိ၊ အာပတ္တိ ဒုက္ကဋဿ " ဟု
ပါဠိတော်၌ မိန့်တော်မူသည်။

**သဉ္စိစ္စကံ။** ။"မိမိဝတ်နေခြင်းသည် မညီမညွတ်"ဟု ဝတ္ထုကို သိသော စိတ်နှင့်
တကွ ဖြစ်သောကြောင့် သစိတ္တကတည်း၊ တနည်း – " ဤသို့ မညီ မညွတ်ဝတ်လျှင်
အာပတ်သင့်၏"ဟု သိက္ခာပုဒ်ပညတ်တော်ကို သိသောစိတ်နှင့်တကွဖြစ်သောကြောင့်
သစိတ္တကတည်း။ [သစိတ္တကန္တိ ဝတ္ထုဝိဇာနနစိတ္တေန ပဏ္ဏတ္တိဝိဇာနနစိတ္တေနစ သစိတ္တ
ကံ, အနာဒရိယံ ပဋိစ္စာတိ ဝုတ္တတ္တာ။—ဋီကာ။]

ဝတ်သော ရဟန်း၏၊) အနာပတ္တိ(ဟောတိ)၊ သေသမေတ္ထ ဥတ္တာနမေဝ။(ဠဒ္ဓိ သိက္ခာပဒံ - သည်၊) ပဌမပါရာဇိက သမုဋ္ဌာနံ — ပဌမပါရာဇိက သိက္ခာပုဒ်၏ သမုဋ္ဌာန်နှင့်တူသောသမုဋ္ဌာန်ရှိ၏၊ ကိရိယံ-မပြုထိုက်သောမညီမညွတ်ဝတ်မှုကို ပြုခြင်းရှိသော သိက္ခာပုဒ်တည်း ၊ ပေ ၊ အကုသလစိတ္တံ — အကုသိုလ်စိတ်ရှိသော သိက္ခာပုဒ်တည်း၊ ဒုက္ခဝေဒနံ — ဒုက္ခဝေဒနာရှိသော သိက္ခာပုဒ်တည်း၊ ဣတိ— ဤသို့မှတ်အပ်၏၊ ဖုဿဒေဝတ္ထေရော-သည်၊ အစိတ္တကံပဏ္ဏတ္တိဝဇ္ဇံ တိဝေဒနန္တိ- ဟူ၍၊ အာဟ- ဆိုပြီ၊ ဥပတိဿတ္ထေရောပန-သည်ကား၊ အနာဒရိယံ ပဋိစ္စာတိ— အနာဒရိယံပဋိစ္စဟူ၍၊ ဝုတ္တတ္တာ-မိန့်တော်မူအပ်သည်၏အဖြစ်ကြောင့်၊လောက ဝဇ္ဇံ, အကုသလစိတ္တံ, ဒုက္ခဝေဒနန္တိ- ဟူ၍၊ အာဟ-ဆိုပြီ။

ပရိမဏ္ဍလံ ပါရုပိတဗ္ဗန္တိ—ကား၊ တေန ခေါ ပန သမယေန၊ပေ၊ ပါရုပန္တီတိ- တေန ခေါပန သမယေန ၊ ပေ ၊ ပါရုပန္တိ အစရှိသည်ဟူ၍၊ ဧဝံ - ဤသို့၊ ဝုတ္တံ— ဟောတော်မူအပ်သော(ခုဒ္ဒကဝတ္ထုခန္ဓကဉ္စ ဟောတော်မူအပ်သော၊) အနေကပ္ပကာရံ— တပါးမက များသော အပြားရှိသော၊ ဂိဟိပါရုပနံ - လူတို့၏ ခြုံနည်းကို၊ အပါရုပိတွာ— မခြုံမူ၍၊ ဣဓ — ဤသိက္ခာပုဒ်၌၊ ဝုတ္တနယေန— ဟောတော်မူအပ်သော နည်းဖြင့်သာလျှင်၊ ဥဘော- နှစ်ဖက်ကုန်သော၊ ကဏ္ဍေ- သက်နုး၏အနားတို့ကို၊ သမံ - အညီအမျှ၊ ကတွာ - ၍၊ ပါရုပနဝတ္တံ- ခြုံခြင်း၏ ကျင့်ဝတ်ကို၊ ဝါ-ရမ်းခြင်း၏ကျင့်ဝတ်ကို၊ ပူရေန္တေန—ဖြည့်လျက်၊ ပရိမဏ္ဍလံ— ထက်ဝန်းကျင် ဝန်းဝိုင်းစွာ၊ ဝါ - ညီညီညွတ်ညွတ်၊ ပါရုပိတဗ္ဗံ - ခြုံရာ၏၊ ဝါ— ရမ်းရာ၏၊ စ-ဆက်၊ ဒွေ- နှစ်ပါးကုန်သော၊ ဣမာနိ သိက္ခာပဒါနိ- တို့ကို၊ အဝိ သေသေန-အထူးမပြု သာမညအားဖြင့်၊ (ဝိဟာရ,အန္တရဃရဟု အထူးမပြုဘဲ၊) ဝုတ္တာနိ- ဟောတော်မူအပ်ကုန်ပြီ၊ တသ္မာ-ကြောင့်၊ ဝိဟာရေပိ- ၌၎င်း၊ အန္တရ ဃရေပိ-၌၎င်း၊(ရွာတွင်းတည်းခိုနေခိုက်ကို ရည်ရွယ်သည်၊ ) ပရိမဏ္ဍလမေဝ- စွာသာလျှင်၊ နိဝါသေတဗ္ဗဉ္စ- ဝတ်လည်းဝတ်ထိုက်၏၊ ပါရုပိတဗ္ဗဉ္စ— ခြုံလည်း ခြုံထိုက်၏၊ ဝါ-ရမ်းလည်းရမ်းထိုက်၏၊ ဣတိ-ဤသို့မှတ်အပ်၏၊ သမုဋ္ဌာနာဒီနိ- တို့ကို၊ ထေရာဒါဒေန - ထေရဝါဒနှင့်၊ သဒ္ဒိံ - တကွ၊ ပဌမသိက္ခာပဒေ - ၌၊ ဝုတ္တ နယေနေဝ-ဖြင့်သာလျှင်၊ ဝေဒိတဗ္ဗာနိ- န်၏။[ဤဝါကျများနှင့်စပ်၍ အမိပ္ပါယ် များကို ကခ်ါဘာသာဋီကာ၌ ပြထားပြီ။]

× × × × × × ×

**လောကဝဇ္ဇံ၊ပေ၊ဒုက္ခဝေဒနံ။** ။သိက္ခာပုဒ်ကို မရိုသေ မလေးစားသော အနာ ဒရိယစိတ်သည် အကုသိုလ် ဒေါသမူစိတ်တည်း၊ ထိုစိတ်သည် လောက၌ပင် သူတော် စင်တို့ ကဲ့ရဲ့ထိုက်၏၊ ထို့ကြောင့် "လောကဝဇ္ဇံ, အကုသလစိတ္တံ, ဒုက္ခဝေဒနံ" ဟု ဆိုသည်။ [ယသ္မာ အနာဒရိယဝသေနေဝ အာပဇ္ဇိတဗ္ဗတ္တာ ကေဝလံ အကုသလမေဝ၊ တဉ္စ ပကတိယာ ဝဇ္ဇံ၊ သဉ္စိစ္စ ဝီတိက္ကမနဉ္စ ဒေါမနဿိတဿေဝ ဟောတိ၊ တသ္မာ လောကဝဇ္ဇံ အကုသလစိတ္တံ ဒုက္ခဝေဒနန္တိ အာဟ။ —ဋီကာ။ ]

ကာယံ ဝိဝရိတွာတိ–ကား၊ ဇတ္တုမွိ - ပခုံးစွန်းကိုငှင်း၊ ဥရမှိ - ရင်ကိုငှင်း၊ ဝိဝရိတွာ-ဖွင့်၍၊ ဝါ-ဖေါ်၍၊(ဂန္တဗ္ဗန္တိ ဥစ္စပ်၊)သုပ္ပဋိစ္ဆန္နေနာတိ-ကား၊ သသီသံ-ဦးခေါင်းနှင့်တကွဖြစ်သောကိုယ်ကို၊ ပါရုတေန-ခြုံလျက်၊ န(ဂန္တဗ္ဗံ)-သွားရာသည် မဟုတ်သေး၊ အထခေါ–အဟုတ်ကား၊ ဂဏ္ဌိကံ–အနားပတ်သီးကို၊ ပဋိမုဉ္စိတွာ - စွပ်၍၊ ( တပ်၍၊ ) အနုဝါတန္တေန– အလျား အနားပတ်စွန်းဖြင့်၊ ဂီဝံ- လည်ပင်းကို၊ ပဋိစ္ဆာဒေတွာ - ဖုံးအုပ်၍၊ ဥဘော – ကုန်သော၊ ကဏ္ဏေ– သက်န်း၏အနားတို့ကို၊ သမံ– အညီအမျှ၊ ကတွာ-၍၊ ပဋိသံဟရိတွာ- ခေါက်လိပ်၍၊ ယာဝ မဏိဗန္ဓံ-လက်ကောက်ဝတ်တိုင်အောင်၊ ပဋိစ္ဆာဒေတွာ-ဖုံးအုပ်၍၊ အန္တရဃရေ-၌၊ ဂန္တဗ္ဗံ-ရာ၏၊ ဒုတိယသိက္ခာပဒေ- ၌၊ (နိသီဒနသိက္ခာပုဒ်၌၊) ဂလဝါဋကတော– လည်မျိုတွင်းငယ်မှ၊ ဝါ–လည်ချိုင့်မှ၊ ပဋ္ဌာယ–စ၍၊ သီသံ-ကိုငှင်း၊ မဏိဗန္ဓတော-လက်ကောက်ဝတ်မှ၊ ပဋ္ဌာယ-၍၊ ဟတ္ထေ–အပြင်လက်တို့ကိုငှင်း၊ ပိဏ္ဍိကမံသတော-ခြေသလုံးကြွက်သားမှ၊ ပဋ္ဌာယ–၍၊ ပါဒေစ-တို့ကိုငှင်း၊ ဝိဝရိတွာ–၍၊ နိသီဒိတဗ္ဗံ-ထိုင်ရာ၏။

× × × × × × ×

ဇတ္တုံ။ ။"ခန္ဓော တဿန္ဒိ ဇတ္တုတံ" ဟု အဘိဓာန် ၂၆၄ ၌ ပခုံး၏အစပ်ကို "ဇတ္တု"ဟု ခေါ်၏၊ ထိုပခုံးအစပ်ကို "ပခုံးစွန်း"ဟုငှင်း, "ညှပ်ရိုး"ဟုငှင်း အဘိဓာန်နိဿယသစ်၌ မိန့်သည်။

**န သသီသံ ပါရုတေန။** ။"ကောင်းစွာ ဖုံးအုပ်လျက်သွားရမည်"ဟု ဆိုသောကြောင့် ဦးခေါင်းနှင့်တကွ တကိုယ်လုံးခြုံ၍ သွားရမည်လား ဟု ယုံမှားဘွယ်ရှိရကား "န သသီသံ ပါရုတေန" ဟု အပိုထည့်သည်၊ တကိုယ်လုံးခြုံ၍ သွားရမည် မဟုတ်၊ "ရှေးဦးစွာ အနားပတ်သီးတပ်၍ အပေါ်အလျားအနားပတ်အစွန်းဖြင့် လည်ပင်းကို ဖုံးပြီးမှ သက်န်းအနားနှစ်စကိုလိပ်၍ လက်ကောက်ဝတ်ကိုဖုံးလျက် သွားရမည်" ဟူလို။

**မှတ်ချက်။** ။အထ ခေါ စသော အနွယဝါကျသည် သက်န်းရုံပုံ အစီအစဉ်ကို ပြသော ဝါကျတည်း၊ ထိုဝါကျ၌ အလျားအနားပတ် အစွန်းဖြင့် လည်ပင်းကို ဖုံးထားပြီးမှ လက်လိပ် လိပ်ရမည်ဟု အစီအစဉ်ကို ပြ၏၊ လည်ပင်းကို ဖုံးရာ၌လည်း "အလျားအနားပတ်အပြားဖြင့် ဖုံးထားရမည်"ဟု ဆို၏၊ ယခုခေတ်၌ကား သက်န်းက အထက်အောက် ရှည်လျားလွန်းသောကြောင့် သက်န်းကို လိပ်ပြီးလျှင် အထက်သို့ဆွဲမြှောက်၍ ခေါက်ပြီးမှ လည်ပင်းကို ဖုံးကြရတော့သည်။

**ဂလဝါဋကတော၊ပေ၊နိသီဒိတဗ္ဗံ။** ။"လည်မျို၏လည်ချိုင့်မှ အထက်ဦးခေါင်းကို ဖွင့်ရမည်"ဟု ဆိုရာ၌ ဩဂုဏ္ဌိတ သိက္ခာပုဒ်ဖြင့် အပြစ်မရှိအောင် ဆိုခြင်းဖြစ်သည်၊ ထိုင်သောအခါ လက်ကောက်ဝတ်မှစ၍ အပြင်ထွက်နေသော လက်တို့ကိုကား ရုံထားသော သက်န်းဖြင့် ဖုံး၍ မဖြစ်နိုင်သောကြောင့်ငှင်း, ခြေသလုံးကြွက်သားမှ အောက်ဖြစ်သော ခြေတို့ကို ဖုံးဘို့ရန် သက်န်းက မမှီသောကြောင့်ငှင်း ဆိုခြင်းဖြစ်သည်၊ ထိုင်သောအခါ ထိုအပြင်လက်နှင့် အောက်ဘက်ခြေတို့ကို ဖုံးမိသည့်အတွက်ကား အခြားသိက္ခာပုဒ်ဖြင့် အပြစ်ရှိစရာ မရှိပါ။ [ဂလ+အာဝါဋ=ဂလဝါဋ။]

ဝါသူပဂတဿာတိ–ကား၊ ဝါသတ္ထာယ–နေခြင်း အကျိုးငှါ၊ ဥပဂတဿ-ကပ်ရောက်ပြီးဖြစ်၍၊ ရတ္တိဘာဂေဝါ- ညဉ့်အဘို့၌ သော်၎င်း၊ ဒိဝသဘာဂေဝါ-နေ့အဘို့၌သော်၎င်း၊ ကာယံ-ကို၊ ဝိဝရိတွာပိ-ဖွင့်၍လည်း၊ နိသီဒတော-ထိုင်သော ရဟန်း၏၊ အနာပတ္တိ ( ဟောတိ၊ ) [ ဝါသူပဂတဿနှင့် စပ်၍ အဓိပ္ပါယ်ကို ပါတိမောက် ဘာသာဋီကာ၌ ပြထားပြီ။]

သုသံဝုတောတိ-ကား၊ ဟတ္ထံဝါ-သော်၎င်း၊ ပါဒံ - ကိုသော်၎င်း၊ အကီဠာပေန္တော- မကစားစေဘဲ၊ (မဆော့စေဘဲ၊) သုဝိနီတော- ကောင်းစွာ ဆုံးမအပ်သည်၊ (ဟုတွာ) (ဂမိဿာမိ ၌စပ်၊) ဣတိ အတ္ထော-ဤကား အနက်။ [ သုသံဝုတောနှင့် စပ်၍ အဓိပ္ပါယ်ကို ကင်္ခါဘာသာဋီကာ၌ ပြထားပြီ။]

ဩက္ခိတ္တစက္ခုတိ-ကား၊ ဟေဋ္ဌာခိတ္တစက္ခု-အောက်၌ချအပ်သော မျက်လွှာ ရှိသည်၊ ဟုတွာ–၍၊(ဂမိဿာမိ၌ စပ်၊)ယုဂမတ္တံ ပေက္ခမာနောတိ(တ္ထေ)-၌၊ (ဂုဋ္ဌတ္တံ- လျှို့ဝှက်အပ်သော အနက်ကို၊) ဟိ (ဥဒ္ဒရိတွာ ဒဿေမိ) - ထုတ်၍ ပြဉ်းအံ့၊ ယုဂယုတ္တကော-ထမ်းပိုး၌ ကပ်ယှဉ်အပ်သော၊ ဒန္တော - ဆုံးမအပ် ပြီးသော၊ (ယဉ်ကျေးပြီးသော၊) အာဇာနေယျော– အာဇာနီမြင်းသည်၊ ယုဂမတ္တံ- ထမ်းပိုးတပြန့်မျှ အရပ်ကို၊ ပုရတော- ၌၊ စတုဟတ္ထပ္ပမာဏံ–၄ တောင် ပမာဏရှိသော၊ ဘူမိဘာဂံ-မြေအဘို့ကို၊(ယုဂမတ္တံကို ထပ်ဖွင့်သည်၊)ပေက္ခတိ-ကြည့်၏၊ ဣမိနာပိ-ဤရဟန်းသည်လည်း၊ တတ္တကံ-ဤမျှ အတိုင်းအရှည်ရှိသော ၄ တောင်ခန့်မျှအရပ်ကို၊ ပေက္ခန္တေန- ကြည့်လျက်၊ ဂန္တဗ္ဗံ - သွားရာ၏။

ယော အနာဒရိယံ၊ပေ၊ဩလောကေန္တောတိ- ကား၊ ယော-အကြင် ရဟန်းသည်၊ တံတံဒိသာဘာဂံ- ထိုထိုအရပ်အဘို့ကို သော်၎င်း၊ ပါသာဒံ – ပြာသာဒ်ကိုသော်၎င်း၊ ကူဋာဂါရံ – စုလစ် မွန်းချွန် အထွဋ်ရှိသော အိမ်ကိုသော်၎င်း၊ ဝီထိံ-လမ်းခရီးကိုသော်၎င်း၊ ဩလောကေန္တော-ကြည့်လျက်၊ ဂစ္ဆတိ-သွား၏၊ (တဿ-ထိုရဟန်း၏၊) ဒုက္ကဋဿ-သို့၊ အာပတ္တိ- ရောက်ခြင်းသည်၊(ဟောတိ)၊ ပန–ဆက်၊ ဧကသ္မိံ-သော၊ ဌာနေ - အရပ်၌၊ ဌတွာ - ရပ်၍၊ ဟတ္ထိအဿာဒိ ပရိဿယာဘာဝံ - ဆင်မြင်း အစရှိသော ဘေးရန်၏ မရှိခြင်းကို၊ ဩလောကေတုံ-ငှါ၊ ဝဋ္ဋတိ-အပ်၏၊ နိသီဒန္တေနာပိ - ထိုင်သော ရဟန်းသည်လည်း၊ ဩက္ခိတ္တစက္ခုနာဝ- အောက်၌ ချအပ်သော မျက်လွှာရှိသည်သာလျှင်၊ ( ဟုတွာ - ၍၊ ) နိသီဒိတဗ္ဗံ-ထိုင်ရာ၏၊ [အဓိပ္ပါယ်ကို ကင်္ခါဘာသာဋီကာ၌ ပြထားပြီ။]

ဥက္ခိတ္တကာယာတိ- ကား၊ ဥက္ခေပေန – သက်နုံးကို မြှောက်ပင့်ခြင်းဖြင့်၊ (န ဂမိဿာမိ၌စပ်၊) (တံ–ဤ ဥက္ခိတ္တကာယဟူသော သဒ္ဒါသည်၊) ဣတ္ထမ္ဘူတ လက္ခဏေ-ဣတ္ထမ္ဘူတ လက္ခဏအနက်၌၊ ကရဏဝစနံ-ကရိုဏ်း ဝိဘတ်ရှိသော သဒ္ဒါတည်း၊ ဧကတောဝါ- တဖက်၌သော်၎င်း၊ ဥဘတော- နှစ်ဖက်၌သော်၎င်း၊

ဥက္ခိတ္တစီဝရော-မြှော်ပင့်အပ်သောသက်န်း ရှိသည်၊ ဟုတွာ-၍၊ (န ဂမိဿာမိ၌ စပ်၊) ဇာတိအတ္ထော၊ အန္တော ဇာနုဒ္ဒိလတော - အတွင်းတံခါးခုံမှ၊ ပဋ္ဌာယ-၍၊ ဇဝံ-ဤသို့ သက်န်းကို မြှောက်ပင့်လျက်၊ န ဂန္တဗ္ဗံ-မသွားရာ၊ ဝါ-မသွားကောင်း၊ ပန—ဆက်၊ နိသိန္နကာလေ - ထိုင်ရာအခါ၌၊ ဓမကရဏံ-ဓမကရိဏ် ရေစစ်ကို၊ နီဟရန္တေနာပိ-ထုတ်ဆောင်သော ရဟန်းသည်လည်း၊ စီဝရံ-ကေသီသက်န်းကို၊ အနုက္ခိပိတ္ဝာဝ—မမြှောက်ပင့်မူ၍သာ၊ နီဟရိတဗ္ဗံ— ထုတ်ဆောင်ရာ၏၊ ဇာတိ—အပြီးတည်း။ [ဤဝါကျများနှင့် စပ်၍ မှတ်ဘွယ်ကို ကင်္ခါဘာသာဋီကာ၌ ပြထားပြီ။]....ပဌမောဝဂ္ဂေါ-ပဌမဝဂ်တည်း။

## ဥဇ္ဇဂ္ဃိကဝဂ်

ဥဇ္ဇဂ္ဃိကာယာတိ-ကား၊ မဟာဟသိတံ- ကျယ်စွာသော ရယ်ခြင်းကို၊ ဟသန္တော-ရယ်လျက်၊ ("န ဂမိဿာမိ"၌ စပ်၊) ဧတ္ထ— ဤ ဥဇ္ဇဂ္ဃိကာယဟူသော ပုဒ်၌၊ ဝုတ္တနယေနေဝ-လျှင်၊ ကရဏဝစနံ- ကရိဏ်းဝိဘတ်သည်၊ (ဟောတိ)၊ [ဇုတ္တမ္ဘူတ လက္ခဏာအနက်၌ ကရိဏ်းဝိဘတ် သက်ခြင်းကို ဝုတ္တနယေနေဝဟု ဆိုသည်၊ ကြွင်းအဓိပ္ပါယ်ကို ကင်္ခါဘာသာဋီကာ၌ ပြထားပြီ၊]

အပ္ပသဒ္ဒေါ အန္တရယရေတိ ဧတ္ထ - ၌၊ ကိတ္တာဝတာ — အဘယ်မျှအတိုင်းအရှည်ရှိသော ပြောဆိုခြင်းဖြင့်၊ အပ္ပသဒ္ဒေါ-တိုးသော အသံရှိသူသည်၊ ဟောတိ-နည်း၊ ဒွါဒသဟတ္ထေ-တဆဲ့နှစ်တောင်ရှိသော၊ ဂေဟေ-အိမ်၌၊ အာဒိမှိ-၌၊ သံဃတ္ထေရော-သံဃထေရ်ဂုဏ်း၊ မဇ္ဈေ-အလယ်၌၊ ဒုတိယတ္ထေရော— ဒုတိယထေရ်ဂုဏ်း၊ အန္တေ-အစွန်၌၊ တတိယတ္ထေရော- ဂုဏ်း၊ ဇာတိဧဝံ- သို့၊ နိသိန္နေသု— ထိုင်နေကုန်သော ထေရ်တို့တွင်၊ သံဃတ္ထေရော-သည်၊ ဒုတိယေန- ဒုတိယထေရ်နှင့်၊ သဒ္ဓိံ—တကွ၊ မန္တေတိ — တိုင်ပင် ပြောဆိုအံ့၊ ဒုတိယတ္ထေရော- သည်၊ တဿ-ထို သံဃထေရ်၏၊ သဒ္ဒဃောသဝ-အသံကိုလည်း၊ သုဏာတိ- ကြားရ၏၊ ကထဥ္စ-စကားလုံးကိုလည်း၊ ဝဝတ္ထပေတိ-ပိုင်းခြားမှတ်သားနိုင်၏၊ တတိယတ္ထေရောပန-သည်ကား၊ သဒ္ဒမေဝ-ကိုသာ၊ သုဏာတိ-၏၊ ကထံ- ကို၊ န ဝဝတ္ထပေတိ— မပိုင်းခြား မမှတ်သားနိုင်၊ တ္တောဝတာ-ဤမျှ အတိုင်းအရှည်ရှိသော ပြောဆိုခြင်းဖြင့်၊ အပ္ပသဒ္ဒေါ-တိုးသောအသံ ရှိသူသည်၊ ဟောတိ၊ ပန-ဗျတိရိက်ကား၊ တတိယတ္ထေရော-သည်၊ ကထံ-ကို၊ သစေ ဝဝတ္ထပေတိ-အံ့၊ (ဇဝံသတိ)၊ မဟာသဒ္ဒေါနာမ-ကျယ်သော အသံရှိသူ မည်သည်၊ ဟောတိ —၏။ [ဤဝါကျများနှင့် စပ်၍ အဓိပ္ပါယ်ကို ပါတိမောက်ဘာသာဋီကာ၌ ပြထားပြီ။]

ကာယံ ပဂ္ဂဟေတွာတိ — ကား၊ နိစ္စလံ — မတုန့်လှုပ်သည်ကို၊ ကတွာ—၍၊ ဥဇုကေန—ဖြောင့်မတ်သော၊ ကာယေန-ဖြင့်၊ သမေန-ငြိမ်သက်သော၊ ဇာရိယာ

ပထေန–ဣရိယာပုထ်ဖြင့်၊ ဂန္တဗ္ဗဉ္စ - သွားလည်း သွားရာ၏၊ နိသီဒိတဗ္ဗဉ္စ– ထိုင်လည်း ထိုင်ရာ၏။.... ဗာဟုံ ပဂ္ဂဟေတွာတိ – ကား၊ (ဗာဟုံ-ကို၊) နိစ္စလံ- မတုန်လှုပ်သည်ကို၊ ကတွာ ၍၊ (ဂန္တဗ္ဗဉ္စ နိသီဒိတဗ္ဗဉ္စ။)....သီသံ ပဂ္ဂဟေတွာတိ–ကား၊ (သီသံ-ကို၊) နိစ္စလံ– မတုန်လှုပ်အောင်၊ ဥဇုံ - ဖြောင့်မတ်အောင်၊ ထပယိတွာ–ထား၍၊ (ဂန္တဗ္ဗဉ္စ နိသီဒိတဗ္ဗဉ္စ၊)···· ဒုတိယော ဝဂ္ဂေါ။

## ခမ္ဘကတဝင်

ခမ္ဘကတောနာမ-ခမ္ဘကတမည်သည်၊ ကဋိယံ-ခါး၌၊ ဟတ္ထံ-ကို၊ ထပေတွာ-၍၊ ကတခမ္ဘော–ပြုအပ်သော ဆက်စပ်ခြင်းရှိသည်၊ (ပြုအပ်သော ခါးထောက်ခြင်းရှိသည်၊ ) ( ဟုတွာ- ၍၊ န ဂမိဿ မိ ဣစ္စပ်၊ )…. ဩဂုဏ္ဌိတောတိ– ကား၊ သသီသံ – ဦးခေါင်းနှင့်တကွသော ကိုယ်ကို၊ ပါရုတော– ခြုံသည်၊ (ဟုတွာ- ၍၊ န ဂမိဿာမိ ဣစ္စပ်၊ ) [ ကတခမ္ဘော, ဩဂုဏ္ဌိတော တို့နှင့်စပ်၍ အဓိပ္ပါယ်ကို ကင်္ခါ, ပါတိမောက်ဘာသာဋီကာတို့၌ ပြထားပြီ။]

ဥက္ကုဋိကာယာတိ ဧတ္ထ-၌၊ ပဏှိယော-ဖနှောင့်တို့ကို၊ ဥက္ခိပိတွာ-မြှောက်၍- အဂ္ဂပါဒေဟိ(ဝေ)ဝါ– ခြေဖျားတို့ဖြင့်သာလျှင် သော်၎င်း၊ အဂ္ဂပါဒေ–ခြေဖျားတို့ကို၊ ဥက္ခိပိတွာ-၍၊ ပဏှိဟိယေဝ ဝါ-ဖနှောင့်တို့ဖြင့်သာလျှင်သော်၎င်း၊ ဘူမိံ-မြေကို၊ ဖုသန္တဿ-ထိလျက်၊ ဝါ-ထိသောရဟန်း၏၊ ဂမနံ-သွားခြင်းကို၊ ဥက္ကုဋိကာ- ဥက္ကုဋိကာဟူ၍၊ ဝုစ္စတိ-၏၊ ပန- ဆက်၊ ဧတ္ထ–၌ဥက္ကုဋိကာယ ဟူသော ပုဒ်၌၊ ကရဏဝစနံ- ကရိုဏ်းဝိဘတ်သည်၊ ဝုတ္တလက္ခဏမေဝ-ဆိုအပ်ပြီးသော လက္ခဏာရှိသည်သာ၊ [ဣတ္ထမ္ဘူတလက္ခဏအနက်၌ သက်သည်-ဟူလို၊ ဥက္ကုဋိကာနှင့် စပ်၍ အဓိပ္ပါယ်ကို ပါတိမောက် ဘာသာဋီကာ၌ ပြထားပြီ။]

ဒုဿပလ္လတ္ထိကာယာတိ ဧတ္ထ-၌၊ အာယောဂပလ္လတ္ထိကာပိ-အာယောဂပတ်ဖွဲ့ခြင်းသည်လည်း၊ ဒုဿပလ္လတ္ထိကာဝေ-ဒုဿပလ္လတ္ထိကာပင်တည်း၊ [ပလ္လတ္ထိကာ၏ အဓိပ္ပါယ်ကို ပါတိမောက်ဘာသာဋီကာ၌ ပြထားပြီ။]

× × × × × × ×

**အာယောဂပလ္လတ္ထိကာ။** ။ ဖင်ချ၍ ထိုင်သောအခါ ဒူး ၂ ဘက် ထောင်နေ၏၊ ထို ထောင်နေသော ဒူး ၂ ဘက်ကို လက် ၂ ဘက်ဖြင့် ရစ်ပတ်ထားခြင်းသည် ဟတ္ထပလ္လတ္ထိကာ မည်၏၊ ထောင်နေသော ဒူး ၂ ဘက်ကို သင်္ကန်းဖြင့် ရစ်ပတ်ထားခြင်းသည် ဒုဿပလ္လတ္ထိကာမည်၏၊ ယက္ကန်း၌ ယက်ထားအပ်သော အဝတ်ပြားကြီးတမျိုးရှိသေး၏၊ ထို အဝတ်ပြားကြီးဖြင့် ထောင်နေသော ဒူး ၂ ဘက်ကို ခါးပိုင်းနှင့်တကွ ရစ်ပတ်ခြင်းသည် အာယောဂ ပလ္လတ္ထိကာမည်၏၊ ထိုအာယောဂပလ္လတ္ထိကာသည် ပါဠိတော်၌ တိုက်ရိုက် မလာ၊ ထို့ကြောင့် ဒုဿပလ္လတ္ထိကာ၌ သွင်းယူစေလိုရကား "အာယောဂ ပလ္လတ္ထိကာပိ ဒုဿပလ္လတ္ထိကာ ဝေ"ဟု မိန့်သည်။

သက္ကစ္စန္တိ-ကား၊ သတိံ-သတိကို၊ ဥပဋ္ဌပေတွာ-ဖြစ်စေ၍၊ (ပဋိဂ္ဂဟေဿာမိ ဍ္ဍစပ်၊) [သက္ကစ္စံနှင့်စပ်၍ အဓိပ္ပါယ်ကို ကန်ါဘာသာဋီကာ၌ ပြထားပြီ။] အာ ကိရန္တေပိတိ- ကား၊ ပိဏ္ဍပါတံ- ဆွမ်းကို၊ ဒေန္တေပိ- ပေးနေသည်တို့ကိုလည်း၊ ဝါ-လောင်းနေသည်တို့ကိုလည်း၊ (''န ဇာနန္တိ'' ဟု ပါဠိတော်၌စပ်၊) ပတ္တသညီ တိ-ကား၊ ပတ္တေ-၌၊ သညံ- အမှတ်အသားကို၊ ကတွာ-၍၊ (''ပဋိဂ္ဂဟေဿာမိ'' ၌စပ်၊) [ပတ္တသညီနှင့်စပ်၍ အဓိပ္ပါယ်ကို ပါတိမေခံဘာသာဋီကာ၌ ပြထားပြီ။]

ယတ္ထ-အကြင်ဆွမ်း၌၊ ဘတ္တဿ-ထမင်း၏၊ စတုတ္ထ ဘာဂပ္ပမာဏော-လေးခု မြောက် အဘို့ပမာဏရှိသော၊ (လေးဘို့တဘို့ အတိုင်းအရှည်ရှိသော၊) သူပေါ- ဝဲဟင်းသည်၊ ဟောတိ-ရှိ၏၊ (သော ပိဏ္ဍပါတော-သည်၊) သမသူပကောနာမ— သမသူပကမည်၏၊ မုဂ္ဂသူပေါ မာသသူပေါတိ ဧတ္ထ- ဤပါဠိ၌၊ ကုလတ္ထာဒိဟိ— ဝဲပိစပ် အစရှိသည်တို့ဖြင့်၊ ကတသူပါပိ – ပြုအပ်သော ဝဲဟင်းတို့ သည်လည်း၊ သင်္ဂဟံ- သွင်းယူအပ်ကုန်သည်၏အဖြစ်သို့၊ ဂစ္ဆန္တိယေဝ- ရောက်ကုန်သည်သာ တည်း၊ ဣတိ မဟာပစ္စရိယံ ဝုတ္တံ။

ရသရသေတိဧတ္ထ-၌၊ ဋ္ဌေ-၂ မျိုးကုန်သော၊ သူပေ-မုဂ္ဂသူပ မာသသူပတို့ကို၊ ထပေတွာ- ထား၍၊ အဝသေသာနိ – ကုန်သော၊ ဩလောဏီ သာကသူပေယျ မံ့စ္ဆရသ မံသရသာဒီနိ-ဟင်းလျာအထူး သူပ၏ အစီးအပွားဖြစ်သော ဟင်းရွက် ရည်, ငါးရည်, အသားရည် အစရှိသည်တို့ကို၊ ရသရသာတိ - ရသရသတို့ဟူ၍၊ ဝါ-အရသာရှိသော ဟင်းလျာတို့၏အရည်တို့ ဟူ၍၊ ဝေဒိတဗ္ဗာနိ – ကုန်၏၊ တံ ရသရသံ-ကို၊ ဝါ-ထို အရသာရှိသော ဟင်းလျာတို့၏အရည်ကို၊ ဗဟုမ္ပိ-လည်း၊ ဂဏှန္တဿ-၏၊ အနာပတ္တိ (ဟောတိ။)

သမတိတ္တိကန္တိ- ကား၊ သမပုဏ္ဏံ သမဘရိတံ- အညီအမျှပြည့်သော၊ (ပိဏ္ဍ ပါတံ ပဋိဂ္ဂဟေဿာမိ၌စပ်၊) [သမတိတ္တိက၏အဓိပ္ပါယ်ကို ပါတိမောက်ဘာသာ ဋီကာ၌ ပြထားပြီ။] ထူပီကတံ၊ပေ၊ဒုက္ကဋဿာတိဧတ္ထ-၌၊ ပတ္တဿ-၏၊ အန္တော မုခဝဋ္ဋိ လေခံ– အတွင်းနှုတ်ခမ်းရစ်၏ အခရေးကို၊ အတိက္ကမိတွာ – ကျော်လွန်၍၊

× × × × × × ×

**ဩလောဏီ၊ပေ၊ရသာဒီနိ။** ။ဩလောဏီတိ—ဧကာ ဗျဉ္ဇနဝိကတိ (ဟင်းလျာ အထူးတည်း)၊ ယောကောစိ သုဒ္ဓေါ ကဉ္ဇိကတက္ကာဒိရသောတိ ကေစိ၊ (အချို့က ''ပုန်းရည်သန့်သန့်, ရက်တက်ရည်သန့်သန့်''စသည်ကို ''ဩလောဏီ''ဟု ဆိုကြ၏၊) သာကသူပေယျဂ္ဂဟဏေန ယာကာစိ သူပေယျသာကေဟိ ကတာ ဗျဉ္ဇနဝိကတိတိ ဝုတ္တာ၊ (ဟင်းရည်ချက်နိုင်သော ဟင်းရွက်တို့ဖြင့် ပြုအပ်သော ဟင်းလျာအထူးကို ''သာကသူပေယျ'' ဟု ခေါ်၏၊) [''သူပဿ+ဟိတံ သူပေယျံ=ဟင်းရည်၏ စီးပွား ဖြစ်သော ဟင်းရည်ချက်ကောင်းသော+သာက—ဟင်းရွက်။] ထိုအားလုံး၏အရည်ကို ''ရသာနံ+ ရသော = အရသာရှိသော ဟင်းတို့၏+အရည် ''ဟု ခေါ်၏၊ ရသာဒီနိ၌ အာဒိဖြင့်ကြွင်းသော အားလုံးသော ဟင်းလျာတို့၏အရည်ကို ယူပါ။

ကတော - ပြုအပ်သောဆွမ်းသည်၊ ထူပီကတောနာမ- မည်၏၊ ပတ္တေ- ၌၊ ပက္ခိတ္တော-ထည့်အပ်သော၊ ရစိတော-စီထားအပ်သော၊ ပူရိတော-ပြည့်စေအပ်သော ဆွမ်းတည်း၊ ဣတိအတ္တော - နက်၊ ဇေ- ဤသို့ မိုးမောက်အောင်၊ ကတံ- ပြုအပ်သောဆွမ်းကို၊ အဂ္ဂဟေတွာ-မခံယူမူ၍၊ အန္တောမုခဝဋ္ဋိလေခါသမပုမာဏော-အတွင်းနှုတ်ခမ်းရစ်အရေးနှင့် ညီမျှသော ပမာဏရှိသောဆွမ်းကို၊ ဂဟေတဗ္ဗော-ခံယူထိုက်၏။ [ထူပီကတ၏အဓိပ္ပါယ်ကို ကင်္ခါဘာသာဋီကာ၌ ပြထားပြီ။]

တတ္ထ-ထို ထူပီကတံ ပိဏ္ဍပါတံဟူသော ပါဌ်၌၊ ထူပီကတံနာမ-မည်သည်၊ ပဉ္စဟိ-ငါးမျိုးကုန်သော၊ ဘောဇနေဟိ-တို့ဖြင့်၊ ကတံ-ပြုအပ်သော ဆွမ်းတည်း၊ ဣတိ အဘယတ္ထေရော အာဟ-ဆိုပြီ၊ [ဘတ္တံကိုင်၍ ကတံဟု နပုံလိင်ဖြင့် ဆို၏၊] ပန- ဝါဒန္တရကား၊ တိပိဋကစူဠနာဂတ္ထေရော - သည်၊ ပိဏ္ဍပါတောနာမ၊ပေ၊ ဒသိကသုတ္တမ္ပီတိ-ဟူသော၊ ဣဒံသုတ္တံ-ဤပါဠိကို၊ ဝတွာ-ဆို၍၊ ဒသိကသုတ္တမ္ပိ-အမြိတ်အဆာဖြစ်သော ချည်မြှင်ကိုလည်း၊ ထူပီကတံ – ထုပကဲ့သို့ ပြုအပ်သော ချည်မြှင်ကို၊ ဝါ - မိုးမောက်အောင်ပြုအပ်သော ချည်မြှင်ကို၊ (ပဋိဂ္ဂဟေတုံ- ခံယူခြင်းငှါ၊) န ဝဋ္ဋတိ–မအပ်၊ ဣတိအာဟ၊ [ယာဂု- ယာဂုသည်ငှင်း၊ ဘတ္တမ္ပိ–ဆွမ်းသည်ငှင်း၊ ခါဒနီယမ္ပိ – ခဲဘွယ်သည်ငှင်း၊ စုဏ္ဏပိဏ္ဍောပိ – ဆပ်ပြာမှုံ့၊ ဆပ်ပျာခဲသည်ငှင်း၊ ဒန္တကဋ္ဌမ္ပိ-ဒန်ပူသည်ငှင်း၊ ဒသိကသုတ္တမ္ပိ- အမြိတ်အဆာဖြစ်သော ချည်မြှင်သည်ငှင်း၊ ပိဏ္ဍပါတောနာမ-မည်၏။]

တေသံ - ထို အဘယထေရ်, တိပိဋကစူဠနာဂထေရ်တို့၏၊ ဝါဒံ - ဝါဒကို၊ သုတွာ- ကြား၍၊ ဘိက္ခူ–တို့သည်၊ ရောဟဏံ- ရောဟဏဇနပုဒ်သို့၊ ဂန္တွာ– သွား၍၊ စူဠသုမနတ္ထေရံ - ကို၊ ပုစ္ဆိံသု- မေးလျှောက်ကြကုန်ပြီ၊ (ကိံ - နည်း၊) ဘန္တေ-အရှင်ဘုရား၊ ထူပီကတပိဏ္ဍပါတော- ထုပကဲ့သို့ပြုအပ်သော ဆွမ်းကို၊ ဝါ-မိုးမောက်အောင်ပြုအပ်သောဆွမ်းကို၊ ကေန-အဘယ်ဝတ္ထုဖြင့်၊ ပရိစ္ဆိန္နော-ပိုင်းခြားအပ်ပါသနည်း၊ ဣတိ- ဤသို့ မေးလျှောက်ကြကုန်ပြီ၊ ဘေသံ ထေရာနံစ-ထို အဘယထေရ်, တိပိဋကစူဠနာဂထေရ် တို့၏လည်း၊ ဝါဒံ - ကို၊ အာရောစေသုံ- လျှောက်ကြကုန်ပြီ။

ထေရော - စူဠသုမနထေရ်သည်၊ သုတွာ - ၍၊ အာဟ–မိန့်တော်မူပြီ၊ (ကိံ-နည်း၊) အဟော– ဩော် အံ့ဘွယ်ကောင်းလေစွ၊ စူဠနာဂေါ– စူဠနာဂသည်၊ သာသနတော – သာသနာတော်မှ၊ ဘဋ္ဌော – လျောရှာပြီ၊ အဟံ – ငါသည်၊ တေသံ-၌ စူဠနာဂအား၊ သတ္တက္ခတ္တုံ- ခုနစ်ကြိမ်၊(ခုနစ်ခေါက်၊)ဝိနယံ-ကို၊ ဝါစေန္တော- ဆိုစေလသော်၊ ဝါ-ပို့ချတုန်းက၊ ကဒါစိ-တရံတခါ၌၊ (ဘယ်တုံးကမှ၊)ဇေ–ဤသို့၊ န အဝစံ-မပြောဘူးချေ၊ အယံ-ဤစူဠနာဂသည်၊ ကုတော-အဘယ်ဆရာ့ အထံမှ၊ လဘိတွာ–ရ၍၊ ဇေ–ဤသို့၊ ဝဒသိ- ပြောပါလိမ့်မည်နည်း၊ ဣတိ-ဤသို့မိန့်တော်မူပြီ။

ဘိက္ခူ-တို့သည်၊ ထေရံ-စူဠသုမနထေရ်ကို၊ ယာစိံသု- ထပ်၍လျှောက်ထား တောင်းပန်ကြကုန်ပြီ၊ ( ကိံ - နည်း၊ ) ဘန္တေ-အရှင်ဘုရား၊ ဒါနိ–ယခုအခါ၌၊ ကထေထ-မိန့်တော်မူပါကုန်၊ ကေန– အဘယ်ဝတ္ထုဖြင့်၊ ပရိစ္ဆိန္နော- ပိုင်းခြား အပ်ပါသနည်း၊ ဣတိ– ဤသို့ ထပ်၍လျှောက်ကြကုန်ပြီ၊ အာဝုသော- ငါ့ရှင်တို့၊ ယာဝကာလိကေန-ယာဝကာလိကဝတ္ထုဖြင့်၊ ( ပရိစ္ဆိန္နော - အပ်ပြီ၊ ) ဣတိ, ထေရော–စူဠသုမနထေရ်သည်၊ အာဟ-ပြီ၊ တသ္မာ - ကြောင့်၊ ယံကိဉ္စိ - အကြင် အမှတ်မရှိ တစုံတခုသော၊ ယာဂုဘတ္တံဝါ-ယာဂုထမင်းကိုသော်၎င်း၊ ဖလာဖလံ ဝါ-သစ်သီးငယ်, သစ်သီးကြီးကိုသော်၎င်း၊ အာမိသဇာတိကံ- အာမိသ သဘော ရှိသော ယာဝကာလိကဝတ္ထုကို၊သမဘိတ္ထိကမေဝ-သပိတ်အတွင်းအနားရစ်နှင့် အညီအမျှရှိရုံ သာ၊ ဂဟေတဗ္ဗံ - ခံယူရာ၏၊ တဉ္စ - ထို ယာဝကာလိက ဝတ္ထုကို လည်း၊ အဓိဋ္ဌာနုပဂေန-အဓိဋ္ဌာန်လောက်သော၊ ပတ္တေန-ဖြင့်၊ (ဂဟေတဗ္ဗံ)၊ ပန-ဆက်၊ ဣတရေန-အဓိဋ္ဌာန်လောက်သောသပိတ်မှ အခြားသောသပိတ်ဖြင့်၊ ထူပီကတမ္ပိ – ထူပကဲ့သို့ ပြုအပ်သော ယာဝကာလိကဝတ္ထု ကိုလည်း၊ ဝါ– မိုးမောက်အောင်ပြုအပ်သောယာဝကာလိကဝတ္ထုကိုလည်း၊(ပဋိဂ္ဂဟေတုံ-၄ါ၊) ဝဋ္ဋတိ - အပ်၏၊ ပန - ဆက်၊ ယာမကာလိက ၊ပေ၊ ယာဝဇီဝိကာနိ - ယာမ ကာလိကဝတ္ထု, သတ္တာဟကာလိကဝတ္ထု, ယာဝဇီဝိကဝတ္ထုတို့သည်၊ အဓိဋ္ဌာ နုပဂပတ္တေပိ- အဓိဋ္ဌာန်လောက်သော သပိတ်၌လည်း၊ ထူပီကတာနိ-ထူပကဲ့သို့ ပြုအပ်သော ဝတ္ထုတို့သည်၊ ဝဋ္ဋန္တိ- အပ်ကုန်၏။

ဒွိသု–နှစ်လုံးကုန်သော၊ ပတ္တေသု–တို့တွင်၊(ကေသုဉ္စိ၊) ဘတ္တံ-ဆွမ်းကို၊ ဂဟေတွာ-ခံယူ၍၊ ကေသုဉ္စိ-တလုံးသောသပိတ်၌၊ ပူရေတွာ-ပြည့်စေ၍၊ ဝိဟာရံ- သို့၊ ပေသေတုံ–ပို့ခြင်းငှါ၊ ဝဋ္ဋတိ–၏၊ ဣတိ မဟာပစ္စရိယံ ဝုတ္တံ၊ ယံ-အကြင် ယာဝကာလိက ဝတ္ထုသည်၊ ပတ္တေ-၌၊ ပက္ခိပိယမာနံ- ထည့်အပ်စဉ်၊ (လောင်း အပ်စဉ်၊ ) ပူပဥစ္ဆုခဏ္ဍဖလာဖလာဒိ - မုန့်, ကြံပိုင်း, သစ်သီးငယ်, သစ်သီးကြီး အစရှိသော ဝတ္ထုသည်၊ ဟေဋ္ဌာ-အောက်၌၊ ဩရောဟတိ - လျော့ကျတတ်၏၊ [သပိတ်အတွင်း၌ ခေါက်နေရာ၏ ဘေးဝယ် ဟာနေသောကြောင့် မျှသွားအောင် လှုပ်ပေးစဉ် မုံ့စသည်တို့ လျော့ကျသွားတတ်၏၊] တံ-ထို ယာဝကာလိကဝတ္ထု သည်၊ ထူပီကတံနာမ -မည်သည်၊ နဟောတိ၊ ပူပဝဋံသကံ- ဥုးဆောက်ပန်းနှင့် တူသောမုံ့ကို၊ ထပေတွာ-(သပိတ်ပေါ်၌)ထား၍၊ ပိဏ္ဍပါတံ-ကို၊ဒေန္တိ-ကုန်၏၊ ထူပီကတမေဝ- ထူပီကတသည်ပင်၊ ဟောတိ၊ ပန-ဗျတိရိက်ကား၊ ပုပ္ဖဝဋံသက ၊ပေ၊ ဝဋံသကေ - ဥုးဆောက်ပန်း , ကရဝေးရွက် , ကုလားဆောင်း မေးခါးသီး အစရှိသောအပေါ်တင်တို့ကို၊ထပေတွာ-ထား၍၊ဒိန္နံ-ပေးအပ်သောဝတ္ထုသည်၊ ထူပီကတံ– သည်၊ န ဟောတိ– မဖြစ်၊ [ စားဘွယ်မဟုတ်သောကြောင့်တည်း။] ဘတ္တဿ - ၏၊ ဥပရိ- အထက်၌၊ ထာလကံဝါ- ခွက်ငယ်ကိုသော်၎င်း၊ ပတ္တံဝါ-

သက်ရှက်ခွက်ကိုသော်၎င်း၊ ထပေတွာ-၍၊ ပူရေတွာ- ပြည့်စေ၍၊ ဂဏှာတိ-ခံယူအံ့၊ ထုပိကတံနာမ-မည်သည်၊ နဟောတိ၊ ကုရုန္ဒိယမ္ပိ-၌လည်း၊ ဝုတ္တံ- ပြီ၊ (ကိံ-နည်း၊) ထာလကေဝါ-၌သော်၎င်း၊ ပဏ္ဏေဝါ-ဖက်ရှက်၌သော်၎င်း၊ ပက္ခိပိတွာ-ထည့်၍၊ တံ - ထိုခွက်ငယ်, ဖက်ရှက်ကို၊ ပတ္တမတ္တကေ - သပိတ်၏ အထက်၌၊ ထပေတွာ-၍၊ ဒေန္တိ-ပေးလှူကုန်အံ့၊ ပါဠေွကဘာဇနံ- အသီးအခြားခွက်သည်၊ (ဟုတွာ)၊ ဝဋ္ဋတိ-၏၊ ဣတိ-၌သို့ ဆိုအပ်ပြီ။

ဣဓ—၌သိက္ခာ ပုဒ်၌၊ အနာပတ္တိယံ-အနာပတ္တိဝါရ၌၊ ဂိလာနော- သည်၊ န အာဂတော-မလာ၊ တသ္မာ—ကြောင့်၊ ဂိလာနဿပိ-အားလည်း၊ ထုပိကတံ-ထုပကဲ့သို့ မိုမောက်အောင်ပြုအပ်သော ယာဝကာလိကဝတ္ထုသည်၊ နဝဋ္ဋတိ၊ [ "ဂိလာန ဖြစ်သော်လည်း ဆွမ်းခံတောင်မှ် သွားနိုင်သေးရကား အာပတ်မှ မလွတ်"ဟူလို။] ပန-ဆက်၊ သဗ္ဗတ္ထ - အလုံးစုံသော ထုပိကတ ယာဝကာလိကဝတ္ထုတို့၌၊ ပဋိဂ္ဂဟဏမေဝ - ငါ့သာ၊ န ဝဋ္ဋတိ- မအပ်၊ ပဋိဂ္ဂဟိတံ ပန - ခံယူအပ်ပြီးသော ဝတ္ထုသည်ကား၊ သုပဋိဂ္ဂဟိတမေဝ- ကောင်းစွာခံယူအပ်ပြီးသည်သာ၊ ဟောတိ-၏၊ ပရိဘုဉ္ဇိတုံ-ငှါ၊ ဝဋ္ဋတိ-အပ်၏၊ ဣတိ- ၌သို့မှတ်အပ်၏။

သက္ကစ္စန္တိ-ကား၊ ဧတ္ထာပိ-၌သိက္ခာပုဒ်၌လည်း၊ အသက္ကစ္စံ-မလေးမစား၊ ပဋိဂ္ဂဟဏေယေဝ-ခံယူရာ၌သာ၊ အာပတ္တိ(ဟောတိ)၊ပဋိဂ္ဂဟိတံ ပန-ခံယူအပ်ပြီးသော ယာဝကာလိက ဝတ္ထုသည်ကား၊ သုပဋိဂ္ဂဟိတမေဝ - သည်သာ၊ (ဟောတိ)၊ [ ၌"သက္ကစ္စန္တိ—စသော ပါဌ်များလည်း အချို့စာအုပ်၌ မပါ။]

တတိယော- သော၊ ဝဂ္ဂေါ-တည်း။

## သက္ကစ္စဝဂ်

သက္ကစ္စန္တိစ – ဟူသည်လည်း ဖြစ်သော၊ ပတ္တသညီတိစ – ဟူသည်လည်း ဖြစ်သော၊ ဣတိ (ဣဒံ) ဥဘယံ - ၌ နှစ်ပါးစုံသည်၊ ဝုတ္တနယမေဝ - ဆိုအပ်ပြီးသောနည်းရှိသည်သာ၊ [ ပဋိဂ္ဂဟဏသိက္ခာပုဒ် နှစ်ပါးနှင့် တူသည်-ဟူလို။]

သပဒါနန္တိ-ကား၊ တတ္ထတတ္ထ-ထိုထိုအရပ်၌၊ ဩဓိံ-အရေးအသား အပိုင်းအခြားကို၊ ဝါ-နိုက်ရာကို၊ အကတွာ-၍၊ အနုပဋိပါဋိယာ-အစဉ်အားဖြင့်၊ (ဘုဉ္ဇိဿာမိ၌စပ်၊) [သပဒါန၏ အဓိပ္ပါယ်ကို ပါတိမော်ဘာသာဋီကာ၌ ပြထားပြီ။] သမသူပကေ - သမသူပကသိက္ခာပုဒ်၌၊ ဝတ္တဗ္ဗံ - ဆိုထိုက်သောစကားကို၊ ဝုတ္တမေဝ-ဆိုအပ်ပြီးသည်သာ။

ထူပကတောတိ-ကား၊ မတ္ထကတော - ထိပ်မှ၊ ဝေမဇ္ဈတော - အလယ်မှ၊ ဣတိအတ္ထော၊ [ ထုပက၏အဓိပ္ပါယ်ကို ပါတိမောက် ဘာသာဋီကာ၌ ပြထားပြီ၊ "ထုပမိဝ-ထုပနှင့်တူ၏၊ ဣတိ ထုပကံ "ဟု တနည်းကြံ၍, ကပစ္စည်းသက်။]

ပဋိစ္ဆာဒေတွာ ဒေန္တိတိ-ကား၊ မာဃာတ သမယာဒီသု- မာဃာတသမယ အစရှိသည်တို့၌၊ ဝါ-သား, ငါးတို့ကိုမသတ်ရဟု ကြွေးကြော်ရာအခါ အစရှိသည် တို့၌၊ ပဋိစ္ဆန္နံ - ဖုံးအုပ်အပ်သော၊ ဗျဥ္ဇနံ- သား, ငါး ဟင်းလျာကို၊ ကတွာ-၍၊ ဒေန္တိ- လှူတတ်ကုန်၏၊ [ မာဃာတသမယနှင့်စပ်၍ မှတ်ဘွယ်ကို ကင်္ခါဘာသာ ဋီကာ၌ပြထားပြီ၊] ဝိညတ္တိယံ- သူပေါဒနဝိညတ္တိ သိက္ခာပုဒ်၌၊ ဝတ္တဗ္ဗံ- ဆိုဘွယ် သည်၊ နတ္ထိ။ [ဝိညတ်နှင့်စပ်၍အဓိပ္ပါယ်ကို ပါတိမောက်ဘာသာဋီကာ၌ပြထားပြီ။]

ဥဇ္ဈာနသညီ သိက္ခာပဒေပိ-၌လည်း၊ ဂိလာနော-သည်၊ န မုစ္စတိ-အာပတ်မှ မလွတ်၊ [ ဤသိက္ခာပုဒ်နှင့် စပ်၍ မှတ်ဘွယ်ကို ပါတိမောက်ဘာသာ ဋီကာ၌ ပြထားပြီ။]

နာတိမဟန္တောကဗဠောတိ တွေ-၌၊ မယူရဏ္ဍံ – ဒေါင်းဥသည်၊ အတိမဟန္တံ - အလွန်ကြီး၏၊ ကုက္ကုဋဏ္ဍံ - ကြက်ဥသည်၊ အတိခုဒ္ဒကံ - အလွန်ငယ်၏၊ တေသံ - ထို ဒေါင်းဥ, ကြက်ဥတို့၏၊ ဝေမဇ္ဈပ္ပမာဏော – အလယ်အလတ် ပမာဏရှိသောဆွမ်းလုပ်သည်၊ (နာတိမဟန္တောကဗဠော-နာတိမဟန္တ ကဗဠ မည်၏၊) ခဇ္ဇကေတိတွေ - ခဇ္ဇကေဟူသော ဤပါဌ်၌၊ မူလခါဒနီယာဒိ - အမြစ် ခဲဘွယ် အစရှိသော၊ သဗ္ဗံ– အလုံးစုံသော ခဲဘွယ်ကို၊ ဂဟေတဗ္ဗံ- ခံယူထိုက်၏။ [ ဤသိက္ခာပုဒ်နှင့်စပ်၍ မှတ်ဘွယ်ကို ကင်္ခါဘာသာဋီကာ၌ ပြထားပြီ၊ မူလခါဒ နီယာဒိ၌ အာဒိဖြင့် ဝိကာလဘောဇနသိက္ခာပုဒ်၌ ပြခဲ့သော ကန္ဒခါဒနီယ စသော အားလုံးကိုယူ။]....စတုတ္ထော ဝဂ္ဂေါ။

## ကဗဠဝဂ်

အနာဟဋေတိ - ကား၊ အနာဟရိတေ - မဆောင်ယူအပ်သေးမီ၊ မုခဒွါရံ - ခံတွင်းဝသို့၊ ဝါ – ပါးစပ်ပေါက်သို့၊ အသမ္ပာပိတေ - မရောက်စေအပ်သေးမီ၊ (န ဝိဝရိဿာမိဌ်စပ်၊) ဣတိ အတ္ထော။....သဗ္ဗံ ဟတ္ထန္တိ-ကား၊ သကလံ-အလုံး စုံသော၊ ဟတ္ထံ - လက်ချောင်းကို၊ (န ပက္ခိပိဿာမိဌ်စပ်၊) [ သဗ္ဗံ ဟတ္ထံနှင့်စပ်၍ မှတ်ဘွယ်ကို ကင်္ခါ ဘာသာဋီကာ၌ ပြထားပြီ။]

သကဗဠေနာတိတွေ-၌၊ ဓမ္မံ-ကို၊ ကထေန္တော-ဟောစဉ်၊ ဝါ-ဟောသော ရဟန်းသည်၊ ဟရီတကံဝါ– ရှစ်ရှားသီးကိုသော်၎င်း၊ လဋ္ဌိမဓုကံဝါ- နွယ်ချိုကို သော်၎င်း၊ မုခေ-ခံတွင်း၌၊ ပက္ခိပိတွာ-ထည့်၍၊ ကထေတိ-ဟောတတ်၏၊ ယတ္တ ကေန - အကြင်မျှလောက်သော ရှစ်ရှားသီးစသော အာဟာရကြောင့်၊ ဝစနံ – စကားလုံးသည်၊ အပရိပုဏ္ဏံ-မပြည့်စုံသည်၊ ဝါ-မပြီသသည်၊ န ဟောတိ-မဖြစ်၊ တတ္တကေ- ထိုမျှလောက်သော ရှစ်ရှားသီး (သို့မဟုတ်) နွယ်ချိုသည်၊ မုခမှိ-၌၊ သန္တေ–ရှိလသော်၊ ကထေတုံ-ငှါ၊ ဝဋ္ဋတိ-အပ်၏။

ပိဏ္ဍုက္ခေပကန္တိ-ကား၊ ပိဏ္ဍံ- ဆွမ်းကို၊ ဥက္ခိပိတွာ ဥက္ခိပိတွာ- မြှောက်၍ မြှောက်၍၊ (န ဘုဉ္ဇိတဗ္ဗံ။ သာမိဒ္ဓ စပ်။)

ကဗဠာဝစ္ဆေဒကန္တိ - ကား၊ ကဗဠံ-ဆွမ်းလုပ်ကို၊ အဝစ္ဆိန္ဒိတွာ အဝစ္ဆိန္ဒိတွာ- ကိုက်ဖြတ်၍ ကိုက်ဖြတ်၍၊ (န ဘုဉ္ဇိတဗ္ဗံ။ သာမိဒ္ဓ စပ်။)

အဝဂဏ္ဍကာရကန္တိ-ကား၊ မက္ကဋော ဝိယ-မျောက်ကဲ့သို့၊ ဂဏ္ဍေ-ပါးစောင်၌၊ ကတွာ ကတွာ- ပြု၍ပြု၍၊ ဝါ- ထား၍ထား၍၊ (န ဘုဉ္ဇိတဗ္ဗံ။ သာမိဒ္ဓ စပ်။)

ဟတ္ထနိဒ္ဓုနကန္တိ-ကား၊ ဟတ္ထံ-လက်ကို၊ နိဒ္ဓုနိတွာ နိဒ္ဓုနိတွာ-ခါ၍ခါ၍၊ (န ဘုဉ္ဇိတဗ္ဗံ။ သာမိဒ္ဓ စပ်။)

သိတ္ထာဝကာရကန္တိ-ကား၊ သိတ္ထာနိ-ဆွမ်းလုံးတို့ကို၊ အဝကိရိတွာ အဝကိရိတွာ- ဖြန့်ကြဲ၍ ဖြန့်ကြဲ၍၊ ( န ဘုဉ္ဇိတဗ္ဗံ။ သာမိဒ္ဓ စပ်။) [ " သိတ္ထာနိ အဝကိရိတွာ အဝကိရိတွာ သိတ္ထာဝကာရကံ" ဟု ပြု၊ နောက်၌လည်း နည်းတူ။ ]

ဇိဝှါနိစ္ဆာရကန္တိ-ကား၊ ဇိဝှံ-လျှာကို၊ နိစ္ဆာရေတွာ နိစ္ဆာရေတွာ-ထုတ်၍ ထုတ်၍၊ (န ဘုဉ္ဇိတဗ္ဗံ။ သာမိဒ္ဓ စပ်။)

စပုစပုကာရကန္တိ—ကား၊ စပုစပုတိ—စပုစပု ဟူ၍၊ ဧဝံ—ဤသို့၊ သဒ္ဒံ-အသံကို၊ ကတွာ ကတွာ-ပြု၍ပြု၍၊ (န ဘုဉ္ဇိတဗ္ဗံ။ သာမိဒ္ဓ စပ်။)···· ပဉ္စမော ဝဂ္ဂေါ။

× × × × × × ×

**ပိဏ္ဍုက္ခေပကံ။** ။ပိဏ္ဍံ+ဥက္ခိပိတွာ ဥက္ခိပိတွာတိ ပိဏ္ဍုက္ခေပကံ၊ "ပိဏ္ဍ+ဥက္ခေပက" ဟု ခွဲ၊ ဥက္ခေပကကို "ဥက္ခိပိတွာ ဥက္ခိပိတွာ "ဟု ဖွင့်သည်၊ ဥပုဗ္ဗ, ခိပဓာတ်, အာဘိက္ခညာ ( အထပ်ထပ် ဖြစ်ခြင်း ) အနက်၌ ဏွုသက်၊ သမာသ် ပြီးသောအခါ သမာသ်သည်ပင် အာဘိက္ခညအနက်ကို ဟောသောကြောင့် "ဥက္ခေပကံ ဥက္ခေပကံ" ဟု ဒွိရုပ် မပြုရ၊ ဒုတိယာဝိဘတ်ကိုလည်း ကြိယာဝိသေသန အနက်၌ သက်စေရသည်။ [ သမာသေန သဒ္ဒသတ္တိယာ ဝိစ္ဆာဘိက္ခညာနံ ဇုတ္တတ္တာ နဒွိဗ္ဗစနံ။ — မောဂ္ဂလ္လာန် ခါဒိကဏ္ဍ, ၆၃—သုတ်အဖွင့်။]

**ယောဇနာ။** ။ပိဏ္ဍုက္ခေပကံ၌ ကသည် ဝိစ္ဆာအနက်၌ သက်သော ကပစ္စည်းတည်း၊ ဒုတိယာ ဝိဘတ်ကား ကြိယာဝိသေသနတည်း၊ ထို့ကြောင့် ဥက္ခေပကံကို "ဥက္ခိပိတွာ ဥက္ခိပိတွာ"ဟု ဖွင့်သည်၊ နောက် ဝိစ္ဆာဝိသေသန ဖွင့်ရာ၌ ဤနည်းချည်းတည်းဟု ယောဇနာဆို၏၊ "ဥက္ခိပိတွာ ဥက္ခိပိတွာ " ၂ ပုဒ်သည် အနက်များစွာကို ပြနိုင်သော ဝိစ္ဆာပုဒ် မဟုတ်, အထပ်ထပ်ဖြစ်ခြင်း ဟူသော အာဘိက္ခညသာတည်း။]

**သိတ္ထာဝကာရကံ။** ။အဝသဒ္ဒါသည် "ရှို့ချအပ်"ဟူသော အနက်, "စက်ဆုပ်ဘွယ်"ဟူသော အနက်ကိုဟော၏၊ ဆွမ်းလုံးတို့ကို ဟိုဖြန့် ဒီဖြန့်နှင့် ဖြန့်ကြဲ၍ စားခြင်းသည် အဝကာရက (စက်ဆုပ်ဘွယ်ပြုလုပ်ခြင်း) ပင်တည်း၊ ထို့ကြောင့်"အဝကိရိတွာ အဝကိရိတွာ"ဟု အမိပ္ပါယ်ဖွင့်သည်၊ ယောဇနာ၌ကား " အဝကာရက "ဝယ် ကရဓာတ် မဟုတ် ကိရဓာတ်ဟု ကြံလေသည်၊ ထိုသို့ကြံလျှင် "အဝကိရိတွာ"သည် အမိပ္ပါယတ္ထမဟုတ် သဒ္ဒတ္ထသာ။[ စပုစပုနှင့်စပ်၍မှတ်ဘွယ်ကို ကင်္ခါဘာသာဋီကာ၌ပြထားပြီ။]

## သုရုသုရုဝဂ်

သုရုသုရုကာရကန္တိ- ကား၊ သုရုသုရုတိ– သုရုသုရုဟူ၍၊ ဧဝံ- ဤသို့၊ သဒ္ဒံ- ကို၊ ကတွာကတွာ–ပြု၍ပြု၍၊ (န ဘုဥ္ဇိဿာမိဣစ္စပိ၊) ဒဝေါတိ- ဒဝေါဟူသော သဒ္ဒါသည်၊ ပရိဟာသဝစနံ– ပျက်ရယ်ပြုခြင်းကို ဟောသောသဒ္ဒါတည်း၊ တံ- ထို ပျက်ရယ်ပြုခြင်းကို၊ (န ကာတဗ္ဗံဣစ္စပိ၊)ယေနကေနစိ-အကြင်အမှတ်မထား တပါးပါးသော၊ ပရိယာယေန- ပရိယာယ်ဖြင့်၊ ကိံ ဗုဒ္ဓေါ – အဘယ်ဗုဒ္ဓနည်း၊ သီလကဗုဒ္ဓေါ–သီလကဗုဒ္ဓလော၊ ဝါ-ကျောက်ရုပ်ဗုဒ္ဓလော၊ ပဋိဗုဒ္ဓေါ- ပဋိဗုဒ္ဓလော၊ ဝါ-နိုးနေသလော၊ [ယောဇနာ၌ "အပ္ပဋိဗုဒ္ဓေါ- ထိုးထွင်း၍ မသိသော ဗုဒ္ဓလော"ဟု ရှိ၏၊ နိဿယ၌ " သီလကဗုဒ္ဓေါ- ကျောက်ဖြူ ဗုဒ္ဓလော၊ အပဋိ ဗုဒ္ဓေါ– အတုမဲ့သော ဘုရားလော"ဟု ပေး၏၊ ] ကိံ ဓမ္မော- အဘယ်ဓမ္မနည်း၊ ဂေါဓမ္မော - နွားတို့၏ သဘောလော၊ အဇဓမ္မော - ဆိတ်တို့၏ သဘောလော၊ ကိံ သံဃော - အဘယ်သံဃာနည်း၊ မိဂသံဃော-သမင်တို့၏အပေါင်းလော၊ ပသု သံဃော - သားကောင်တို့၏ အပေါင်းလော၊ ဣတိ အာဒိနာ- ဤသို့ အစရှိသော၊ နယေန-ဖြင့်၊ တီဏိ- ကုန်သော၊ ရတနာနိ-တို့ကို၊ အာရဗ္ဘ- အကြောင်းပြု၍၊ န ကာတဗ္ဗံ–မပြုရာ၊ ဣတိ အတ္ထော။

ဟတ္ထနိလ္လေဟကန္တိ- ကား၊ ဟတ္ထံ - လက်ကို၊ နိလ္လေဟိတွာ နိလ္လေဟိတွာ– လျက်၍ လျက်၍၊ (န ဘုဥ္ဇိဿာမိဣစ္စပိ၊) ဟိ-မှန်၏၊ ဘုဥ္ဇန္တေန- ဆွမ်းစားသော ရဟန်းသည်၊ အင်္ဂုလိမတ္တမ္ပိ-လက်ချောင်းမျှကိုလည်း၊ နိလ္လေဟိတုံ-လျက်ခြင်းငှါ၊ န ဝဋ္ဋတိ၊ ပန - အနွယကား၊ ဃနယာဂု ဖါဏိတပါယသာဒိကေ – တခဲနက် ဖြစ်သော ယာဂု , တင်လဲ, နို့ဃနာဆွမ်း အစရှိသည်တို့ကို၊ အင်္ဂုလီဟိ - လက် ချောင်းတို့ဖြင့်၊ ဂဟေတွာ-ကော်ယူ၍၊ အင်္ဂုလိယော- လက်ချောင်းတို့ကို၊ မုခေ– ခံတွင်း၌၊ ပဝေသေတွာ-သွင်း၍၊ ဘုဥ္ဇိတုံ-ငှါ၊ ဝဋ္ဋတိ-အပ်၏။

ပတ္တနိလ္လေဟက သြဋ္ဌနိလ္လေဟကေသုပိ – ပတ္တနိလ္လေဟက သြဋ္ဌနိလ္လေဟက သိက္ခာပုဒ်တို့၌လည်း၊ ဧသေဝနယော- ပင်တည်း၊[ဝိမတိ၌"ဃနယာဂုအာဒိသု ပတ္တံ ဟတ္ထေန, သြဋ္ဌဥ္စ ဇိဝှါယ, နိလ္လေဟိတုံ ဝဋ္ဋတီတိ အတိဒိဿတိ"ဟု ဆို၏၊ မိမိကား နဝဋ္ဋတိဝါကျကိုညွှန်းသည်ဟုထင်သည်။]တသ္မာ-ထို့ကြောင့်၊ဧကင်္ဂုလိ ယာပိ – တခုသော လက်ချောင်းဖြင့်လည်း၊ ပတ္တော – သပိတ်ကို၊ န နိလ္လေဟိ တဗ္ဗော- မခြစ်ထိုက်၊ ဧကသြဋ္ဌောပိ- တဖက်သော နှုတ်ခမ်းကိုလည်း၊ ဇိဝှါယ-

× × × × × × × ×

**ကိံ ဗုဒ္ဓေါ၊ပေ၊န ကာတဗ္ဗံ။** ။သီလကဗုဒ္ဓေါတိ သီလာယကတော၊ သီလာယ+ နိယုတ္တော ဝါ သီလကော၊ အပ္ပဋိဝိဒ္ဓေါ ဗုဒ္ဓေါ၊ [စာအုပ်တို့၌ "ပဋိဗုဒ္ဓေါ" ဟု ရှိ၏၊] ဂေါဓမ္မောတိ ဂုန္နံဓမ္မော၊ အဇဓမ္မောတိ အဇာနံဓမ္မော၊ မိဂသံဃောတိ မိဂါနံသံဃော၊ ပသုသံဃောတိ ပသူနံ သံဃော၊–ယောဇနာ၊ ဤစကားကိုထောက်၍ ရတနာ ၃ ပါးနှင့် စပ်ရာဝယ် ပျက်ရယ် ပြောင်လှောင်ကြောင်းစကားကို မပြောဆိုအပ်ရာ သတိပြုပါ။

ဖြင့်၊ န နိလ္လေဟိတဗ္ဗာ- မလျက်ထိုက်၊ ပန်- အန္တယကား၊ ညြှဋ္ဌမိသေဟိဝေ—နှုတ်ခမ်းသားတို့ဖြင့်သာလျှင်၊ ဂဟေတ္ဗာ - ဆွမ်းစသည်ကို ယူ၍၊ အန္တော - သို့၊ ပဝေသေတုံ-၄ါ၊ ဝဋ္ဋတိ-၏။

ကောကနဒေတိ - ကား၊ ဧဝံ နာမကေ - ဤသို့ ကောကနဒ အမည်ရှိသော၊ (ပါသာဒေ၌စပ်၊) ပဒုမံ-ပဒုမ္မာကြာကို၊ ကောကနဒန္တိ-ကောကနဒဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏၊ သောစ ပါသာဒေါ-ထိုပြာသာဒ်သည်လည်း၊ ပဒုမသဏ္ဍာနော-ပဒုမ္မာကြာသဏ္ဍာန် ရှိ၏၊ တေန - ကြောင့်၊ အသ - ထိုပြာသာဒ်၏၊ ကောကနဒေါတ္တဝ - ကောကနဒဟူ၍သာ၊ နာမံ - ကို၊ အကံသု- ပြုကြကုန်ပြီ။ [သဒ္ဒိသုပစာရအားဖြင့် " ကောကနဒ" ဟု ခေါ်သည်။]

န သာမိသေန ဟတ္ထေန ပါဏီယထာလကန္တိ-ကား၊ ဧတံ-ဤ အာမိသရှိသော လက်ဖြင့် ကိုင်ခြင်းကို၊ ပဋိကူလဝသေန – ရွံရှာဘွယ် ကောင်းသည်၏ အဖြစ်ကြောင့်၊ ပဋိက္ခိတ္တံ - ပယ်မြစ်တော်မူအပ်ပြီ၊ တသ္မာ - ထို့ကြောင့်၊ သံဃိကမ္ပိ - သံဃာ့ဥစ္စာလည်းဖြစ်သော၊ ပုဂ္ဂလိကမ္ပိ- အခြားပုဂ္ဂိုလ်၏ ဥစ္စာလည်းဖြစ်သော၊ ဂိဟိသန္တကမ္ပိ- လူ့ဥစ္စာလည်း ဖြစ်သော၊ အတ္တနော-၏၊ သန္တကမ္ပိ-ဥစ္စာလည်းဖြစ်သော၊ သင်္ခမ္ပိ-ရေသောခံ ခရုသင်းကိုဇင်း၊ သရာဝကမ္ပိ- ရေသောက်ခွက်ငယ်ကိုဇင်း၊ ထာလကမ္ပိ-ရေသောက်ထာလာကိုဇင်း၊ န ဂဟေတဗ္ဗမေဝ-မကိုင်ကောင်းသည်သာ၊ ဂဏှန္တဿ – ကိုင်သောရဟန်း၏၊ ဒုက္ကဋံ (ဟောတိ)၊ ပန်- ဆက်၊ ဟတ္ထဿ- ၏၊ ဧကဒေသော- တစိတ်တပိုင်းသည်၊ အာမိသမက္ခိတော—အာမိသလိမ်းကျံအပ်သည်၊ သစေ နဟောတိ-အကယ်၍ မဖြစ်အံ့၊ (ဧဝံသတိ)၊ တေန ပဒေသေန-ထို အာမိသမရှိသော လက်တစိတ်တပိုင်းဖြင့်၊ ဂဟေတုံ-၄ါ၊ ဝဋ္ဋတိ-၏၊ [ဤဝါကျများနှင့်စပ်၍ မှတ်ဘွယ်ကို ကင်္ခါဘာသာဋီကာ၌ ပြထားပြီ။]

ဥဒ္ဓရိတွာဝါတိ-ကား၊ သိတ္ထာနိ-ဆွမ်းလုံးတို့ကို၊ ဥဒကတော— ရေမှ၊ ဥဒ္ဓရိတွာ - ထုတ်ဆယ်၍၊ ဧကသ္မိံ - တခုသော၊ ဌာနေ - အရပ်၌၊ ရာသိံ - အစုကို၊ ကတွာ— ၍၊ ဥဒကံ— ကို၊ ဆဍ္ဍေတိ- စွန့်အံ့၊ ဘိန္ဒိတွာဝါတိ- ကား၊ သိတ္ထာနိ—တို့ကို၊ ဘိန္ဒိတွာ—ဖျက်ချေ၍၊ ဥဒကဂတိကာနိ – ရေနှင့် အလားတူသည်တို့ကို၊ ကတွာ - ၍၊ ဆဍ္ဍေတိ - အံ့၊ ပဋိဂ္ဂဟေဝါတိ - ကား၊ ပဋိဂ္ဂဟေန-(ခံယူကြောင်းဖြစ်သော)လက်ဆေးခံဖြင့်၊ ပဋိစ္ဆန္တာနံ- ခံယူသူတို့၏၊ ပဋိဂ္ဂဟေ-လက်ဆေးခံ၌၊ ဆဍ္ဍေတိ-အံ့၊ [ယခုစာအုပ်များ၌"ပဋိစ္ဆန္တော+နံ"ဟု ၂ ပုဒ်ခွဲလျက်ရှိ၏၊"နံ" ကား သိတ္ထာနိ၏ ကိုယ်စားဖြစ်၍ ကေဝုစ်ဖြင့် မနေသင့်သောကြောင့် ဤပါဌ်ကို ဆင်ခြင်သင့်၏၊ ကင်္ခါ၌လည်း " ပဋိစ္ဆန္တာနံ " ဟု ရှိသည်။ ] နီဟရိတွာဝါတိ-ကား၊ ဗဟိ-ရွာပြင်ဘက်သို့၊ နီဟရိတွာ-ထုတ်ဆောင်၍၊ ဆဍ္ဍေတိ-စွန့်အံ့၊ ဧဝံ-ဤ ဆိုအပ်ပြီးသောနည်းဖြင့်၊ (ဥဒ္ဓရိတွာဝါ စသည် ဆိုအပ်ပြီးသောနည်းဖြင့်၊) ဆဍ္ဍေန္တဿ- စွန့်သောရဟန်း၏၊ အနာပတ္တိ၊ (ဟောတိ)။

သေတစ္ဆတ္တန္တိ-ကား၊ ဝတ္ထပလိဂုဏ္ဍိတံ - အဝတ်ဖြူတို့ဖြင့် ထက်ဝန်းကျင်ရစ်ပတ်အပ်သော၊ ပဏ္ဍရစ္ဆတ္တံ-ဖြူသော ထီးတည်း၊ ဝါ-ထီးဖြူတည်း၊ ကိလဉ္စစ္ဆတ္တန္တိ-ကား၊ ဝိလီဝစ္ဆတ္တံ-ဝါးခြမ်းစိတ်တို့ဖြင့် ပြုအပ်သော ထီးတည်း၊[အဝတ်မပါဘဲ ဖျာများယက်သကဲ့သို့ ဝါးခြမ်းစိတ်တို့ကိုယက်ထားအပ်သောထီးတည်း၊] ပဏ္ဏစ္ဆတ္တန္တိ - ကား၊ တာလပဏ္ဏာဒီဟိ - ထန်းရွက် အစရှိကုန်သော၊ ယေဟိ ကေဟိစိ-အမှတ် မရှိ တစုံတခုကုန်သော သစ်ရွက်တို့ဖြင့်၊ ကတံ - ပြုအပ်သော ထီးတည်း၊ ပန–ဆက်၊ မဏ္ဍလဗဒ္ဓံ သလာကဗဒ္ဓန္တိ ဣဒံ-ဟူသော ဤစကားကို၊ တိဏ္ဏမ္ပိ - သုံးမျိုးလည်း ဖြစ်ကုန်သော၊ ဆတ္တာနံ - ထီးတို့၏၊ ပဉ္စရဒဿနတ္ထံ–ခရိုင်ကို ပြခြင်းအကျိုးငှါ၊ ဝုတ္တံ- မိန့်တော်မူအပ်ပြီ၊ ဟိ- မှန်၏၊ တာနိ- ထို ထီးတို့သည်၊ မဏ္ဍလဗဒ္ဓါနိစေဝ – ထီး အချက်တို့ဖြင့် ဖွဲ့အပ်ကုန်သည် သော်ငင်း၊ သလာကဗဒ္ဓါနိစ - ဝါးခြမ်းစိတ်တို့ဖြင့် ဖွဲ့အပ်ကုန်သည်သော်ငင်း၊ ဟောန္တိ - ဖြစ်ကုန်၏၊ တတ္ထဇာတကဒဏ္ဍကေန-ထို သစ်ပင်၌ ဖြစ်သော အရိုးဖြင့်၊ ကတံ-ပြုအပ်သော၊ ယမ္ပိ ကေပဏ္ဏစ္ဆတ္တံ- အကြင် တရွက်သာရှိသော ထီးသည်လည်း၊ ဟောတိ-ရှိ၏၊ တမ္ပိ-ထို ကေပဏ္ဏစ္ဆတ္တသည်လည်း၊ ဆတ္တမေဝ-ဆတ္တပင်တည်း။

အဿ–ထို တရားနာသော ပုဂ္ဂိုလ်၏၊ ပါဏိမှိ-လက်၌၊ ဧတေသု- ဤ ထီးတို့တွင်၊ ယံ ကိဉ္စိ- အမှတ်မရှိ တစုံတခုသော၊ ဆတ္တံ–ထီးသည်၊ (အတ္ထိ- ၏၊) ဣတိ-ကြောင့်၊ ဝါ-ထိုသို့ လက်၌ ထီးရှိသူ၏အဖြစ်ကြောင့်၊ ( သော - ထိုပုဂ္ဂိုလ်သည်၊) ဆတ္တပါဏိ- ဆတ္တပါဏိမည်၏၊ သော-ထို ပုဂ္ဂိုလ်သည်၊ တံ ဆတ္တံ–ထို ထီးကို၊ ဓာရယမာနောဝါ– ဆောင်မို.လျက်သော်ငင်း၊ အံသေ-ပခုံး၌၊ ကတွာဝါ–ပြု၍သော်ငင်း၊ ဥရုမှိ-ပေါင်ပေါ်၌၊ ထပေတွာဝါ-ထား၍သော်ငင်း၊(ထိုင်နေစဉ် ပေါင်ပေါ်၌ တင်ထား၍သော်ငင်း၊)ယာဝ-အကြင်မျှလောက်၊ ဟတ္ထေန-လက်ဖြင့်၊ န မုစ္စတိ-မလွှတ်သေး၊ တာဝ-ထိုမျှလောက်၊ အဿ-ထိုပုဂ္ဂိုလ်အား၊ ဓမ္မံ ဒေသေတုံ နဝဋ္ဋတိ၊ ဒေသေန္တဿ-ဟောသောရဟန်း၏၊ ဝုတ္တနယေန-ဖြင့်၊ ဒုက္ကဋံ (ဟောတိ)၊ ပန-ဆက်၊ အဿ-ထို ပုဂ္ဂိုလ်အား၊ အညော - အခြားသူသည်၊ ဆတ္တံ-ကို၊ သစေ ဓာရေတိ-အကယ်၍ ဆောင်းပေးအံ့၊ ( ဧဝံ သတိဝါ-ဤသို့ ဆောင်းပေးသော်ငင်း၊ ) ဆတ္တံ - ထီးသည်၊ ဝါ- ထီးက၊ ပါဒုကာယ-စိုက်ထားရာ ခုံပေါ်၌၊ ဌိတံ - တည်နေသည်၊ သစေ ဟောတိ - အံ့၊ [ လက်ဖြင့် မကိုင်ရဘဲ တည်နေအံ့၊] ( ဧဝံသတိဝါ- ဤသို့ ဖြစ်သော်ငင်း၊ ) ဟတ္ထတော-မှ၊

× × × × × × × ×

ကေပဏ္ဏစ္ဆတ္တံ။ ။ကေံ+ပဏ္ဏံ ယဿာတိ ကေပဏ္ဏံ၊ ကေပဏ္ဏံစ + တံ + ဆတ္တံ စာတိ ကေပဏ္ဏစ္ဆတ္တံ၊ ထန်းရွက်ကို ထန်းလက်ရိုးတံနှင့်တကွ ထီးလုပ်၍ ဆောင်းအပ်သော န္တွားကျောင်းသားဆောင်း ထီးတည်း။ [ တတ္ထဇာတကဒဏ္ဍကေန ကတန္တိ–တာလပဏ္ဏံ သဟဒဏ္ဍကေန ဆိန္ဒိတွာ တမေဝ (ထန်းလက်၏ ရိုးတံကိုပင်) ဆတ္တဒဏ္ဍံ ကရောန္တိ၊ ဂေါပါလကာဒယောဝိယ၊ တံ သန္ဓာယေတံ ဝုတ္တံ၊ — ဋီကာ၊]

အပဂတမတ္တေ-ကင်းကာမျှဖြစ်လသော်၊ ဆတ္တပါဏိနာမ-မည်သည်၊ နဟောတိ-မဖြစ်ခေတ္တာ၊ တဿ – ထို ပုဂ္ဂိုလ်အား၊ ဓမ္မံ - ကို၊ ဒေသေတုံ, ဝဋ္ဋတိ - အပ်၏၊ ပန - ဆက်၊ ဧတ္ထ - ဤ သိက္ခာပုဒ်တို့၌၊ ဓမ္မပရိစ္ဆေဒေါ - ဓမ္မ အပိုင်းအခြားကို၊ ပဒသောဓမ္မေ-ပဒသောဓမ္မ သိက္ခာပုဒ်၌၊ ဝုတ္တနယေနေဝ-သာ၊ ဝေဒိတဗ္ဗော-၏။

ဒဏ္ဍပါဏိဿာတိ ဧတ္ထ- ၌၊ မဇ္ဈိမဿ – ပမာဏအားဖြင့် အလယ်အလတ်၌ ဖြစ်သော၊ ပုရိသဿ - ၏၊ စတုဟတ္ထပ္ပမာဏော - လေးတောင် ပမာဏရှိသော ဒုတ်သည်၊ ဒဏ္ဍော နာမ - ဒဏ္ဍမည်၏၊ ပန- ဆက်၊ အဿ - ထိုပုဂ္ဂိုလ်၏၊ ဒဏ္ဍ ပါဏိဘာဝေါ-ဒဏ္ဍပါဏိ၏ အဖြစ်ကို၊ ဆတ္တပါဏိမှိ—ဆတ္တပါဏိပုဒ်၌၊ ဝုတ္တ နယေနေဝ-ဖြင့်သာ၊ ဝေဒိတဗ္ဗော- ထိုက်၏၊ သတ္ထပါဏိမှိပိ- ၌လည်း၊ ဧသေဝ နယော—ပင်တည်း၊ ဟိ- မှန်၏၊ အသိံ - သန်လျက်ကို၊ သန္နဟိတွာ- ဖွဲ့၍၊ ဝါ- လွယ်၍၊ (လက်ဖြင့်မထိဘဲ လွယ်၍၊)ဌိတာပိ-တည်သူသည်လည်း၊ သတ္ထပါဏိ သင်္ချံ-သတ္ထပါဏိဟူသော အရေအတွက်သို့၊ န ဂစ္ဆတိ-မရောက်။

အာဝုဓပါဏိဿာတိဧတ္ထ-၌၊ အာဝုဓံနာမ စာပေါ ကောဒဏ္ဍောတိ-အာဝုဓံ နာမ စာပေါ ကောဒဏ္ဍောဟူ၍၊ ကိဥ္စာပိ ဝုတ္တံ – အကယ်၍ကား ဟောတော်မူအပ်ပါပေ၏၊ [ စာပေါ – စာပမည်သော လေးသည်ငှင်း၊ ကောဒဏ္ဍော – ကောဒဏ္ဍမည်သော လေးသည်ငှင်း၊ အာဝုဓံနာမ - မည်၏၊ ဤစာပ, ကောဒဏ္ဍ တို့၏သရုပ်ကို ကင်္ခါဘာသာဋီကာ၌ ပြထားပြီ။] အထခေါ-ထိုသို့ပင် ဟောတော် မူအပ်ပါသော်လည်း၊ သရဝိကတိ ယာ-အမျိုးမျိုးပြုလုပ်အပ်သောမြားနှင့်၊ သဒ္ဓိံ-တကွ၊ သမ္ဘာပိ-အလုံးစုံလည်းဖြစ်သော၊ ဓနုဝိကတိ-အမျိုးမျိုးပြုလုပ်အပ်သော လေးကို၊ အာဝုဓန္တိ - အာဝုဓဟူ၍၊ ဝေဒိတဗ္ဗံ - သိထိုက်၏၊ တသ္မာ - ကြောင့်၊ သရေန- မြားနှင့်၊ သဒ္ဓိံ - တကွ၊ ဓနုံ- လေးကို၊ ဂဟေတွာဝါ- ကိုင်၍သော်ငှင်း၊ သုဒ္ဓဓနုံ- မြားနှင့် မဖက် သက်သက်သောလေးကို၊ (ဂဟေတွာ)ဝါ- သော်ငှင်း၊ သုဒ္ဓသရံ-လေးနှင့် မဖက် သက်သက်သောမြားကို၊ (ဂဟေတွာ)ဝါ - သော်ငှင်း၊ သဇိယဓနုံ-ညို့နှင့်တကွဖြစ်သော လေးကို၊ (ဂဟေတွာ)ဝါ-သော်ငှင်း၊ နိဇ္ဇိယ ဓနုံ-ညို့မပါသောလေးကို၊ ဂဟေတွာဝါ-သော်ငှင်း၊ ဌိတဿဝါ-ရပ်နေသူအား သော်ငှင်း၊ နိသိန္နဿဝါ-ထိုင်နေသူအားသော်ငှင်း၊ ဓမ္မော-သည်၊ ဝါ-ကို၊ ဒေသေ တုံ-ငှါ၊ နဝဋ္ဋတိ၊[န ဝဋ္ဋတိကိုငဲ့၍"ဓမ္မော"ဟု ထားသည်။]ပန-ဆက်၊ အဿ-ထိုပုဂ္ဂိုလ်၏၊ ဓနု-လေးသည်၊ ဝါ-ကို၊ ကဏ္ဍေပိ- လည်ပင်း၌လည်း၊ ပဋိမုက္ကံ-စွပ်အပ်သည်၊ ဝါ- လွယ်အပ်သည်၊ သစေ ဟောတိ-အံ့၊ (ဧဝံသတိ)၊ ယာဝ—အကြင်မျှလောက်၊ ဟတ္ထေန-ဖြင့်၊ န ဂဏှာတိ-မကိုင်သေး၊ တာဝ-ထိုလက်ဖြင့် မကိုင်သေးသမျှ၊ ဓမ္မံ- ကို၊ ဒေသေတုံ- ငှါ၊ ဝဋ္ဋတိယေဝ- အပ်သည်သာ၊ ဣတိ- ဤကား အပြီးတည်း။....ဆဋ္ဌော ဝဂ္ဂေါ။

## ပါဒုကဝဂ်

အဂ္ဂနန္ဒသုတ္တ-ကား၊ ဆတ္တဒဏ္ဍကေ-ထီးရိုးပုံသဏ္ဍာန်ရှိသော ခြေညှပ်ဖနပ်၌၊ အင်္ဂုလန္ဒ ရုံ-ခြေချောင်း ၂ ခုအကြားကို၊ အပ္ပဝေသေတွာ-မသွင်းမူ၍၊ ကေဝလံ-သက်သက်၊ ပါဒုကံ - ခြေနင်းကို၊ အက္ကမိတွာ - နင်း၍၊ ဌိတဿ - တည်သော၊ (" အဂိလာနဿ ဒေသေတိ "ဟု ပါဠိတော်၌စပ်၊) [ဆတ္တဒဏ္ဍကေနှင့်စပ်၍ မှတ်ဘွယ်ကို ကန်ဒါဘာသာဋီကာ၌ ပြထားပြီ။] ပဋိမုက္ကသုတ္တ- ကား၊ ပဋိမုဥ္စိတွာ-စွပ်၍၊ ဌိတဿ-သော၊ ("အဂိလာနဿ ဒေသေတိ"ဟု ပါဠိတော်၌စပ်၊) ဥပါဟနာယပိ– ဘိနပ်၌လည်း၊ သေဝနယော- ပင်တည်း၊ ပန-အထူးကား၊ ဧတ္ထ- ၌ ဥပါဟနာရုဠှ သိက္ခာပုဒ်၌၊ ပဏှိကဗဒ္ဓ-ဖနောင့်ကို ဖွဲ့ကြောင်းအဖုံးကို၊ ဝါ– ဖနောင့်ဖုံးကို၊ ဩမုဥ္စိတွာ - စွပ်၍၊ ဌိတော – တည်သူကို၊ ဩမုက္ကောတိ- ဩမုက္ကဟူ၍၊ ဝုစ္စတိ-အပ်၏။

ယာနဂတသုတ္တိ ဧတ္ထ - ၌၊ ဒွိဟိ - နှစ်ယောက်ကုန်သော၊ ဇနေဟိ-လူတို့သည်၊ဟတ္ထသင်္ဃာဋ္ဋေန-ခေါင်းစပ်အပ်သော လက်ဖြင့်၊ဝါ-လက်ခြင်းဆက်သဖြင့်၊ ဂဟိတော–ယူအပ်သည်၊ သစေပိ ဟောတိ-အကယ်၍မူလည်းဖြစ်စေဦးတော့၊ (ဧဝံ သတိဝါ-၍သို့ ဖြစ်သော်ငြား၊) သာဋကေ–အဝတ်၌၊ ထပေတွာ· ထား၍၊ ဝံသေန - ဝါးဖြင့်၊ သစေပိ ဝယှတိ - အကယ်၍ မူလည်း ထမ်းဆောင်အပ်စေဦးတော့၊(ဧဝံသတိ)ဝါ-သော်ငြား၊ အယုတ္တေ-နွား-မြင်းတို့ဖြင့် မကပ်ယှဉ်အပ်သော၊ ဝယှာဒိကေ-လှည်းပေါင်းချုပ်အစရှိသော၊ ယာနေ-ယာဉ်၌၊(နိသိန္နော-ထိုင်နေသည်၊ သစေပိ ဟောတိ–တော့၊ ဧဝံသတိ) ဝါ-သော်ငြား၊ ဝိသင်္ခရိတွာ–ဖျက်၍၊ ထပိတေ-ထားအပ်သော၊ စက္ကမတ္တေပိ - စက်ဘီးမျှ၌လည်း၊ နိသိန္နော–ထိုင်နေသည်၊ သစေပိ ဟောတိ-တော့၊(ဧဝံသတိ)ဝါ–သော်ငြား၊ ယာနဂတော ဧဝ- ယာနဂတဟူ၍သာ၊ သင်္ချံ- ရေတွက်အပ်သည်၏အဖြစ်သို့၊ ဂစ္ဆတိ-၏။

ပန· ဆက်၊ ဒွေပိ–နှစ်ဦးသော တရားဟောသူ, တရားနာသူတို့သည်လည်း၊ ဧကယာနေ – တခုထည်းသော ယာဉ်၌၊ နိသိန္နာ – ထိုင်နေကုန်သည်၊ သစေ ဟောန္တိ- ကုန်အံ့။ (ဧဝံ ဟောန္တေသု,ဝဋ္ဋ ဒေသေတုံ၊)ဝဋ္ဋတိ-၏၊ ဝိသုံ-သီးခြား၊ နိသိန္နေသုပိ – ထိုင်နေသော ပုဂ္ဂိုလ်တို့တွင်လည်း၊ ဥစ္စေ - မြင့်သော၊ ယာနေ-ယာဉ်၌၊နိသိန္နေန-ထိုင်သော ရဟန်းသည်၊ နီစေ-နိမ့်သော၊(ယာနေ-ယာဉ်၌၊) နိသိန္နဿ–ထိုင်နေသောပုဂ္ဂိုလ်အား၊ ဒေသေတုံ-ငှါ၊ ဝဋ္ဋတိ-၏၊သမပ္ပမာဏေပိ-အနိမ့် အမြင့် ညီမျှသော ပမာဏရှိသော ယာဉ်၌လည်း၊ (နိသိန္နဿ– အား၊ ဒေသေတုံ၊) ဝဋ္ဋတိ-၏၊ ပုရိမေ- ရှေ့၌ဖြစ်သော၊ ယာနေ–၌၊ နိသိန္နေန-ထိုင်နေသော ရဟန်းသည်၊ ပစ္ဆိမေ – နောက်ဖြစ်သော ယာဉ်၌၊ နိသိန္နဿ - အား၊ (ဒေသေတုံ၊) ဝဋ္ဋတိ၊ ပန– ဗျတိရိက်ကား၊ ပစ္ဆိမေ–၌၊ ဥစ္စတရေပိ - မြင့်သော ယာဉ်၌သော်မှလည်း၊ နိသိန္နေန-ထိုင်နေသောရဟန်းသည်၊ ဒေသေတုံ န ဝဋ္ဋတိ။

သယနဂတဿာတိ–ကား၊ အန္တမသော–အောက်ထစ်ဆုံးအားဖြင့်၊ ကဋသာရကေပိ – သင်ဖြူးနှင့်ငြင်း၊ ပကတိဘူမိယမ္ပိ - ပကတိ မြေနှင့်ငြင်း၊ နိပန္နဿ - လျောင်းသော ပုဂ္ဂိုလ်အား၊ ဥဒ္ဒိစ္စပိ - မြင့်သည်လည်း ဖြစ်သော၊ မဉ္စပီဌေဝါ- ညောင်စောင်း အင်းပျဉ်၌သော်ငြင်း၊ ဘူမိပဒေသေဝါ– မြေအရပ်၌သော်ငြင်း၊ ဌိတေနဝါ ရပ်လျက်သော်ငြင်း၊ နိသိန္နေနဝါ–ထိုင်လျက်သော်ငြင်း၊ ဒေသေတုံ– ၄ါ၊ န ဝဋ္ဋတိ၊ ပန – အန္တယကား၊ သယနဂတေန - အိပ်ရာ၌ ရောက်နေသော ရဟန်းသည်၊ သယနဂတဿ-အိပ်ရာ၌ရောက်နေသော ပုဂ္ဂိုလ်အား၊ ဥစ္စတရေဝါ - မြင့်သော အိပ်ရာ၌သော်ငြင်း၊ သမပ္ပမာဏေဝါ - အနိမ့်အမြင့် ညီမျှသော ပမာဏရှိသော အိပ်ရာ၌သော်ငြင်း၊ နိပန္နေန - လျောင်းလျက်၊ ဒေသေတုံ - ၄ါ၊ ဝဋ္ဋတိ-၏၊ စ-ဆက်၊ နိပန္နေန- လျောင်းသောရဟန်းသည်၊ ဌိတဿဝါ-ရပ်သော ပုဂ္ဂိုလ်အားသော်ငြင်း၊ နိသိန္နဿဝါ-ထိုင်သော ပုဂ္ဂိုလ်အားသော်ငြင်း၊ ဒေသေတုံ ဝဋ္ဋတိ၊ နိသိန္နေနာပိ-ထိုင်သော ရဟန်းသည်လည်း၊ ဌိတဿဝါ အားသော်ငြင်း၊ နိသိန္နဿဝါ - အားသော်ငြင်း၊ (ဒေသေတုံ၊) ဝဋ္ဋတိ၊ ဌိတေန- ရပ်သော ရဟန်းသည်၊ ဌိတဿဝ - အားသာ၊ ( ဒေသေတုံ၊ ) ဝဋ္ဋတိ၊ [ အချုပ်ကား– ''မသက်သာသော ဣရိယာပုထ်ဖြင့် နေသောပုဂ္ဂိုလ်က သက်သာသော ဣရိယာပုထ်ဖြင့် နေသောပုဂ္ဂိုလ်အား တရားမဟောကောင်း''ဟု မှတ်ပါ။]

ပလ္လတ္ထိကာယာတိ- ကား၊ အာယောဂပလ္လတ္ထိကာယဝါ- အာယောဂပတ်ဖွဲ့ခြင်းဖြင့်သော်ငြင်း၊ ဟတ္ထပလ္လတ္ထိကာယဝါ - လက်ဖြင့် ပတ်ဖွဲ့ခြင်းဖြင့်သော်ငြင်း၊ ဒုဿပလ္လတ္ထိကာယဝါ- အဝတ်ဖြင့် ပတ်ဖွဲ့ခြင်းဖြင့်သော်ငြင်း၊ ယာယ ကာယစိ- အမှတ်မရှိ တစုံတခုသော၊ ပလ္လတ္ထိကာယ- ပတ်ဖွဲ့ခြင်းဖြင့်၊ နိသိန္နဿ-ထိုင်သော၊ အဂိလာနဿ – အား၊ ဒေသေတုံ န ဝဋ္ဋတိ၊ [ အာယောဂပလ္လတ္ထိကာ စသည်တို့၏ အဓိပ္ပါယ်ကို ပလ္လတ္ထိကာယနိသီဒနသိက္ခာပုဒ်၌ ပြခဲ့ပြီ။]

ဝေဌိတသီသဿာတိ-ကား၊ ဒုဿဝေဌနေနဝါ- ရစ်ပတ်ကြောင်း အဝတ်ဖြင့်သော်ငြင်း၊ ဝါ-ခေါင်းပေါင်း ပုဝါဖြင့်သော်ငြင်း၊ မောဠိအာဒိဟိဝါ- မကိုဋ် အစရှိသည်တို့ဖြင့်သော်ငြင်း၊ ယထာ-အကြင် အခြင်းအရာအားဖြင့် ရစ်ပတ်အပ်သော်၊ ကေသန္တော- ဆံ၏ အဆုံးအပိုင်း အခြားကို၊ နဒိဿတိ- မမြင်အပ်၊ (တနည်း-) ကေသန္တော–ဆံ၏ အဆုံးအပိုင်းအခြားသည်၊ နဒိဿတိ - မထင်ရှား၊ ဧဝံ- ဤ အခြင်း အရာအားဖြင့်၊ ဝေဌိတသီသဿ - ရစ်ပတ်အပ်သော ဦးခေါင်းရှိသော၊ (''အဂိလာနဿ ဓမ္မံ ဒေသေတုံ နဝဋ္ဋတိ'' ၌စပ်။) ဩဂုဏ္ဌိတသီသဿာတိ– ကား၊ သသီသံ–ဦးခေါင်းနှင့်တကွ ဖြစ်သော ကိုယ်ကို၊ ဝါ-တကိုယ်လုံးကို၊ ပါရုတဿ- ခြုံနေသော၊ ( အဂိလာနဿ ဓမ္မံ ဒေသေတုံ နဝဋ္ဋတိ၌စပ်၊) [ ဝေဌိတသီသနှင့် ဩဂုဏ္ဌိတ သီသတို့၏ အဓိပ္ပါယ်ကို ပါတိမောက် ဘာသာဋီကာ၌ ပြထားပြီ။]

ဆမာယံ နိသိန္နေနာတိ– ကား၊ ဘူမိယံ– မြေ၌၊ နိသိန္နေန - ထိုင်နေသော ရဟန်းသည်၊ အာသနေ နိသိန္နဿာတိ - ကား၊ အန္တမသော-အားဖြင့်၊ ဝဋ္ဋမ္ဘိ-အဝတ်ကို သော်၎င်း၊ တိဏာနိပိ - မြက်တို့ကို သော်၎င်း၊ သန္ထရိတွာ - ခင်း၍၊ နိသိန္နဿ–သော၊ ("အဂိလာနဿ ဓမ္မံ ဒေသေတုံ န ဝဋ္ဋတိ "၌ စပ်။)

ဆပကဿ:တိ - ကား၊ စဏ္ဍာလဿ - ဒွန်စဏ္ဍာ၏၊ ( "ပဇာပတိ ဂဗ္ဘိနီ အဟောသိ"၌ စပ်၊) ဆပကီတိ - ကား၊ စဏ္ဍာလီ - ဒွန်စဏ္ဍာမသည်၊ ("ဟော ဒဝေါစ''၌ စပ်၊) နိလီနောတိ-ကား၊ ပဋိစ္ဆန္နော- ဖုံးကွယ်အပ်သည်၊ ဟုတွာ–ဖြစ်၍၊(အဋ္ဌာသိ၌စပ်၊)ယတြ ဟိ နာမာတိ-ကား၊ ယော-အကြင်မင်းသ:ည်၊ (ဥစ္စေ အာသနေနိသိဒိတွာ, မန္တံ-မန္တန်ကို၊ ပရိယာပုဏာတိဿတိ) နာမ-သင်ယူတုံဘိ၏၊ သဗ္ဗမိဒံ ၊ပေ၊ ပရိပတီတိ- ကား၊ သဗ္ဗော- အလုံးစုံသော၊ အယံလောကော-ဤလောကသည်၊ သက်ရံ - ရောယှက်ခြင်းသို့၊ ဂတော - ရောက်ပြီ၊ နိမ္မရိယာဒေါ-ဆရာနှင့် တပည့်ဟူ အပိုင်းအခြားမရှိ၊ ဇာတိ- ဤသို့၊ ဇာမံ၁စနံ- ကို၊ ဝတွာ-ပြော ဆို၍၊ ဝါ-ပြောပြောဆိုဆို၊ တတ္တေဝ-ထို သစ်ပင်အောက်၌ပင်၊ ဋ္ဌိန္နမ္ပိ-၂ ယောက်လည်း ဖြစ်ကုန်သော၊ တေသံ - ထိုမင်းနှင့် ပုဏ္ဏားတို့၏၊ အန္တရာ - အကြား၌၊ ရုက္ခတော - သစ်ပင်မှ၊ ပတိတော - ကျလာပြီ၊ [ ဋီကာ၌ "တွဲလျားကျနေသော သစ်ကိုင်းမှ တွဲရရွဲဆွဲ၍ ကျလာသည် "ဟု ဖွင့်၏၊ အမှန်မှာ– ခုန်ချခြင်းဖြစ်ဟန် တူသည်။] စပန - ထပ်၍ ဆက်ဦးအံ့၊ ပတိတွာ - ကျပြီး၍၊ ဥဘိန္နမ္ပိ - မင်းနှင့် ပုဏ္ဏား, ၂ ဦးသားတို့၏လည်း၊ ပုရတော- ရှေ့၌၊ ဌတွာ-ရပ်၍၊ ဇာမံဂါထံ-ကို၊ အဘာသိ- ရွတ်ဆိုပြီ၊ (ကိ ံ- နည်း၊ ) ဥဘော အတ္ထံ န ဇာနန္တိ၊ပေ၊အသ္မာ ကုမ္ဘမိဝါဘိဒါတိ- ဟူ၍၊ (အဘာသိ၊) တတ္ထ- ထိုဂါထာ၌၊ ဥဘော အတ္ထံ န ဇာနန္တိ·ကား၊ ဒွေပိဇနာ-မင်းနှင့် ပုဏ္ဏား, ၂ ဦးသားတို့သည်လည်း၊ ပါဠိယာ-ပါဠိ၏၊ အတ္ထံ-အနက်အဓိပ္ပါယ်ကို၊ န ဇာနန္တိ-နားမလည်ကြကုန်၊ ဓမ္မံ န ပဿရေတိ– ကား၊ ပါဠိံ-ပါဠိကို၊ န ပဿန္တိ- မမြင်ကြကုန်၊ တေ ဥဘော-ထို ၂ ယောက်တို့

× × × × × × ×

**ယတြ ဟိ နာမ။** ။ "ယတြ၌ တြ ပစ္စည်းသည် ပဥ္စမာအနက်၌ သက်သည် " ဟု သိစေလို၍ "ယော ဟိ နာမ " ဟု ဖွင့်သည်၊ တချို့စာ၌ "ယော နာမ " ဟုလည်း ဟိ မပါဘဲ ရှိ၏၊ ထိုအလို ဟိကို အနက်မဲ့ဟု ကြံ၊ ဟိသည် ဟိ (ယသ္မာ) ဟု ဟိတ်အနက်၌ ဖြစ်သင့်ရကား ဟိ ပါသောစာလည်း သင့်ပါ၏။

**သဗ္ဗမိဒံ စရိမံ ကတံ။** ။ယံ–အကြင် အမှုကို၊ အမှေဟိ–သုံးယောက်သော ငါတို့သည်၊ ကတံ–ပြုအပ်ပြီ၊ သဗ္ဗံ–သော၊ ဇဒံ–ဤအမှုသည်၊ စရိမံ–အောက်ကျသေးနုပ်ယုတ်ညံ့သော အမှုတည်း၊ သူ့နေရာနှင့်သူ စည်းကမ်းသတ်မှတ်ချက် မရှိသောကြောင့် "ယုတ်ညံ့သည်"ဟု ပြလို၍ "နိမ္မရိယာဒေါ" ဟု ဖွင့်သည်၊ [သဗ္ဗမိဒံ စရိမံ ကတန္တိ ယံ အမှေဟိ တီဟိ ဇနေဟိ ကတံ၊ သဗ္ဗမိဒံ ကိစ္စံ လာမကံ နိမ္မရိယာဒံ အဓမ္မိကံ။–ဋီကာ။] ၌အဖွင့်အတိုင်း ပါဠိတော်၌ အနက်ပေးပါ၊ အဋ္ဌကထာကား အဓိပ္ပါယ်သ:ဖွင့်သည်။

ဟူသည်၊ ကတမေ- အဘယ်သူတို့နည်း၊ ဣတိ- ဤသို့ မေးဘွယ်ရှိသောကြောင့်၊ ယောစာယံ ၊ပေ၊ ဓိယတီတိ- ဟူ၍၊ (အာဟ- ဆိုပြီ၊) စေ- ဤသို့၊ မြာဟ္မဏာစ္စ- ကိုရင်း၊ ရာဇာနစ္စ-ကိုရင်း၊ ဥဘောပိ- ၂ ယောက်လုံးတို့ကိုလည်း၊ အဓမ္မိကဘာဝေ- တရားမရှိသူတို့၏အဖြစ်၌၊ ဝါ- မတရားသူတို့၏အဖြစ်၌၊ ထပေသိ- ထားပြီ။

တတော-ထိုသို့ပြောဆိုခြင်းကြောင့်၊ မြာဟ္မဏာ-သည်၊ သာလိနန္တိ-သာလိနံ အစရှိသော၊ ဂါထံ-ကို၊ အာဟ-ရွတ်ဆိုပြီ၊ တဿ- ထိုဂါထာ၏၊ အတ္ထော-ကား၊ (စေ ဝေဒိတဗ္ဗော၊) ဘော-အမောင်၊ အဟံ-ကျွန်ုပ်သည်၊ အယံ- ဤ အောက်က နေ၍ မန္တာန်ကို သင်ပေးရခြင်းသည်၊ အဓမ္မော- ဓမ္မမဟုတ်၊ ဝါ-မတရား၊ ဣတိ- ဤသို့၊ ဇာနာမိ- သိပါ၏၊ အပိစခေါ- ထိုသို့ပင် သိပါသော်လည်း၊ မယာ- ကျွန်ုပ် သည်၊ ဒိဃရတ္တံ-ရှည်စွာသောညဉ့်ပတ်လုံး၊ သ ပုတ္တဒါရ ပရိဇနေန-သားမယား အခြွေအရံနှင့် တကွဖြစ်သည်၊ (ဟုတွာ - ဖြစ်၍၊) ရညော–မင်း၏၊ သန္တကော- ဥစ္စာဖြစ်သော၊ သာလိနံ—သလေးတို့၏၊ ဩဒနော- ကို၊ ဘုတ္တော - စားအပ်ပြီ၊ သုစိမံသူပသေစနောတိ-ကား၊ အဿ-ထိုထမင်း၏၊ ဥပသေ စနံ- သွန်းလောင်း ထည့်ခပ်အပ်သော၊ မိဿိကရဏံ–ရောနှောသကဲ့သို့ပြုအပ်သော၊ နာနပ္ပကာရ ဝိကတိသမ္ပာဒိတံ – အမျိုးမျိုးအပြားရှိသော အထူးတလည် ပြုစီမံအပ် , ပြည့်စုံ စေအပ်သော၊ သုစိမံသံ - သန့်ရှင်းစင်ကြယ်သော အသားသည်၊ (အတ္ထိ- ရှိ၏၊) ဣတိ - ထို့ကြောင့်၊ ( သော-ထိုထမင်းသည်၊) သုစိမံသူပသေစနော · မည်၏၊ တသ္မာ ဓမ္မေ န ဝတ္တာမိတိ- ကား၊ ယသ္မာ-အကြင့်ကြောင့်၊ စေ–ဤသို့၊ မယာ— ကျွန်ုပ်သည်၊ ရညော-၏၊ ဩဒနော-ကို၊ ဘုတ္တော-စားအပ်ပြီ၊ အညေ- ထမင်းမှ အခြားကုန်သော၊ ဗဟူ - များစွာကုန်သော၊ လာဘာစ - လာဘ် တို့ကိုလည်း၊ လဒ္ဓါ-ရအပ်ပါကုန်ပြီ၊ တသ္မာ-ထို့ကြောင့်၊ ဓမ္မေ–တရား၌၊ အဟံ- ကျွန်ုပ်သည်၊ ဥဒရေကဗဒ္ဓေါ-ဝမ်းနှင့်တစပ်ထည်း စပ်နေသည်၊ ဟုတွာ—ဖြစ်၍၊ ဝါ- ဖြစ်ခြင်း ကြောင့်၊ န ဝတ္တာမိ- မဖြစ်နိုင်ပါ၊ ဝါ- မကျင့်နိုင်ပါ၊ ဓမ္မံ- ကို၊ အဇာနန္တော- နားမလည်သည်၊(ဟုတွာ—၍၊)နဝတ္တာမိ-မကျင့်သည်ကား၊ န-မဟုတ်ပါ၊ ဟိ- မှန်၏၊ အယံ ဓမ္မော - ကို၊ အရိယေဟိ – မြင့်မြတ် ဖြူစင် သူတော်စင်တို့သည်

× × × × × × ×

**သုစိမံသူပသေစနော။** ။ [ သုစိပရိသုဒ္ဓံ+မံသံ–သုစိမံသံ၊ ယောဇနော။ ] သုစိ မံသံ+ဥပသေစနံ ယဿာတိ – သုစိမံသူပသေစနော၊ "သုစိမံသံ " ဟု ဝိဂြိုဟ်တွင်း၌ ရှိစေ၊ ဥပသေစနံကို " မိဿိကရဏံ "ဟု ထပ်ဖွင့်သည်၊ သလေးထမင်း၌ အသားများ ရောထားသည် – ဟူလို၊ ယခုခေတ် ဒန်ပေါက်ထမင်း မျိုးတည်း၊ ထို ထမင်းထည်း၌ ကရဝေး ဇီယာ မဆလာစသော ဟင်းမွှေးများထည့်ခတ်ထားသည်ကို "နာနပ္ပကာရ ဝိကတိသမ္ပာဒိတံ"ဟု ဆိုသည်၊ ဇာတ်တော်၌ သုစိ° တပုဒ်, ဥပသေစနံ တပုဒ် ဟု ၂ ပုဒ် ခွဲထားသည်၊ "သုစိန္တိ ပဏ္ဍရံ ပရိသုဒ္ဓံ" ဟု ဩဒနံ၏ ဝိသေသနအဖြစ်ဖြင့် ဖွင့်သည်၊ ဤ၌ကား– မံသံ၏ ဝိသေသနအဖြစ်ဖြင့် ဖွင့်သည်။

ဝဏ္ဏိတောပသတ္တော- ချီးမွမ်းအပ်ပြီ၊ ထောမိတော-ထောမနာအပ်ပြီ၊ ဣတိ- သို့၊ ဇာနာမိ-သိပါ၏၊ ဣတိ(အတ္တော)-ဤကားအနက်။ [တသဒ္ဒေါကို ပြန်လှည့်ဘို့ရန် ''ဇာနာမိတိ''ဟု ဣတိ ပါခဲ့ရမည်၊ မပါလျှင် ထည့်ပါ။]

အထ- ထိုအခါ၌၊ နံ- ထိုပုဏ္ဏားကို၊ ဆပကော - ဒွန်စဏ္ဍာလသည်၊ မိရတ္တုတိ အာဒိနာ-မိရတ္တုအစရှိသော၊ ဂါထာဒွယေန-ဂါထာနှစ်ပါးအပေါင်းဖြင့်၊ အဇ္ဈာဘာသိ- မိမိအလိုရှိအပ်သော အနက်ကိုစွဲ၍ ရွတ်ဆိုပြီ၊ တဿ - ထိုဂါထာ၏၊ အတ္တော-ကို၊(ဓဝံ ဝေဒိတဗ္ဗော၊)ဗြာဟ္မဏ- ပုဏ္ဏား၊ တယာ-သည်၊ ယော ဓနလာဘော၁ - အကြင် ဥစ္စာဟူသော လာဘ်ကိုရင်း၊ (ယော) ယသလာဘော၁- အကြင် အခြွေအရံ အကျော်အစော လာဘ်ကိုရင်း၊ လဒ္ဓေါ - ရအပ်ပြီ၊ တံ ဓနလာဘံ- ထိုဥစ္စာရခြင်း၏ရင်း၊ (တံ)ယသလာဘဉ္စ- ၏ရင်း၊ ဓိ- ထွီထွီ တွေးထိုက်သည်၊ ဝါ-စက်ဆုပ်ရွံရှာဘွယ်သည်၊ အတ္တု-ဖြစ်လေစွ၊ ကသ္မာ-နည်း၊ ယသ္မာ-ကြောင့်၊ တယာ- သည်၊ လဒ္ဓေါ-ရအပ်သော၊ အယံလာဘော- ဤလာဘ်သည်၊ (ဋီကာ၌ ''လဒ္ဓလာဘော''ဟု ရှိ၏၊ ''လဒ္ဓေါ လာဘော'' ဟု ဝါကျရှိမှ သာ၍ ကောင်းမည်၊) အာယတိံ-နောင်အခါ၌၊ အပါယေသု-အပါယ်တို့၌၊ ဝိနိပတနဟေတုနာ-ဖေါက်ဖေါက်ပြန်ပြန်ကျခြင်း၏ အကြောင်းအားဖြင့်ရင်း၊ သမ္ပတိ-ယခုဘဝ၌၊ အဓမ္မစရဏေနစ-မတရားကျင့်ခြင်းအားဖြင့်ရင်း၊ ဝုတ္တိနာမ-အသက်မွေးဝမ်းကြောင်းမည်သည်၊ ဟောတိ၊(တသ္မာ-ထို့ကြောင့်တည်း၊)ဧဝရူပါ-ဤသို့သဘောရှိသော၊ ယာ ဝုတ္တိ- အကြင်အသက်မွေးဝမ်းကြောင်းသည်၊ အာယတိံ-နောင်အခါ၌၊ ဝိနိပါတေန - အပါယ်တို့၌ ဖေါက်ဖေါက်ပြန်ပြန် ကျကြောင်း၏ အဖြစ်အားဖြင့်ရင်း၊ ဣဓ - ဤဘဝ၌၊ အဓမ္မစရဏေနဝါ - မတရားကျင့်ခြင်း အားဖြင့်ရင်း၊ နိပ္ပဇ္ဇတိ-ပြီးစီး၏၊ တာယ ဝုတ္တိယာ-ထို အသက်မွေးဝမ်းကြောင်းဖြင့်၊ ကိံ-အဘယ်အကျိုးရှိအံ့နည်း၊ တေန-ကြောင့်၊ မိရတ္တုပေ၊အဓမ္မစရဏေန ဝါတိ-ဟူ၍၊ ဝုတ္တံ-ဆိုအပ်ပြီ၊ [ဗြာဟ္မဏ-ပုဏ္ဏား၊ တံ ဓနလာဘံ-ထိုဥစ္စာဟူသော လာဘ်၏ရင်း၊ (တံ) ယသလာဘဉ္စ-ထို အခြွေအရံ, အကျော်အစောဟူသော လာဘ်၏ရင်း၊(ပရိဝါရယသ, ကိတ္တိယသ နှစ်မျိုးလုံးယူ၊) ဓိ-ထွီထွီ တွေးထိုက်သည်၊ ဝါ-စက်ဆုပ် ရွံရှာဘွယ်သည်၊ အတ္တု- ဖြစ်လေစွ၊ ဝိနိပါတေန-အပါယ်တို့၌ ဖေါက်ဖေါက်ပြန်ပြန် ကျကြောင်း၏ အဖြစ်အားဖြင့်ရင်း၊ အဓမ္မစရဏေန ဝါ- မတရားကျင့်ခြင်းအားဖြင့်ရင်း၊ ယာ ဝုတ္တိ- အကြင်အသက်မွေးဝမ်းကြောင်းသည်၊(နိပ္ပဇ္ဇတိ-ပြီးစီး၏၊တာယ ဝုတ္တိယာ-ဖြင့်၊ကိံ-အဘယ်အကျိုးရှိအံ့နည်း။)]

ပရိဗ္ဗဇ မဟာဗြဟ္မေတိ-ကား၊ မဟာဗြာဟ္မဏ-ပုဏ္ဏားကြီး၊ ဣတော ဒိသာ- ဤအရပ်မှ၊ သီဃံ-လျင်စွာ၊ ပလာယသု- ပြေးပါလော၊ ပစန္တညေပိ ပါဏိနောတိ-ကား၊ အညေပိ- အသင်တို့မှ အခြားလည်းဖြစ်ကုန်သော၊ သတ္တာ-သတ္တဝါတို့သည်၊ ပစန္တိစေဝ-ချက်လည်း ချက်ပြုတ်ကြပါကုန်၏၊ ဘုဉ္ဇန္တိစ-စားလည်းစားကြ

ပါကုန်၏၊ ကေဝလံ-သက်သက်၊ တွဋ္ဋေဝ-သင်သည်ရင်း၊ ရာဇာဝ-သည်ရင်း၊ (နပစသိ- ချက်သည်မဟုတ်ပါ၊ နဘုဥ္စသိ- စားသည်မဟုတ်ပါ၊) မာတွံ၊ပေ၊ကုမ္ဘမိဝါဘိဒါတိ-ကား၊ ဟိ-တိုက်တွန်းသင့်စွ၊ တွံ- သည်၊ ဉတော-၅်အရပ်မှ၊ အပရိဗ္ဗဇိတွာ-ထွက်မပြေးမူ၍၊ ဉမံ အမ္မံ- ၅်မတရားအမှုကို၊ သစေ အာစရိယသိ- အကယ်၍ ကျင့်နေအံ့၊ တတော - ထိုသို့ ကျင့်နေခြင်းကြောင့်၊ တွံ-သင့်ကို၊ [တွန္တိ ဥပယောဂတ္ထေ ပစ္စတ္တဝစနံ၊ တံ ဉစ္စေဝဝါပါဌော၊—ဋီကာ။] ဧဝံ-၅်သို့၊ အာစရိတော-ပြုကျင့်အပ်သော၊ သော အဓမ္မော-ထို မတရားသည်၊ ဥဒကကုမ္ဘံ-ရေအိုးကို၊ ပါသာဏော-ကျောက်သည်၊ ဘိန္ဒတိယထာ-ခွဲသကဲ့သို့၊ ဧဝံ- ၅်အတူ၊ ဘေစ္ဆတိ-ခွဲလတံ့၊ [ဘေစ္ဆတိ၌ ဘိဒိဓာတ် + ဿတိ ဝိဘတ်၊ ကရဿ သ ပစ္စယဿ ကာဟောသုတ်၌ သ ပစ္စယသဒ္ဒါပိုဖြင့် စီရင်၊ ] တေန -ကြောင့်၊ မယံ - တို့သည်၊ ပရိဗ္ဗဇ၊ပေ၊ကုမ္ဘမိဝါဘိဒါတိ- ဟူ၍' တံ - သင့်ကို၊ ဝဒါမ — ပြောဆိုပါကုန်၏၊ [မဟာမြာဟ္မ-ပုဏ္ဏားကြီး၊ ပရိဗ္ဗဇ-တရှာတကျေး, လျင်စွာပြေးလော၊ အညေ-မင်းနှင့်ပုဏ္ဏား,အသင်တို့မှ အခြားကုန်သော၊ပါဏိနောပိ-သတ္တာတို့သည်လည်း၊ ပစန္တိ-မိမိတို့ဘာသာ ချက်ပြုတ်၍စားသောက်ကြပါကုန်၏၊ အဿာ-ကျောက်သည်၊ ကုမ္ဘံ-ရေအိုးကို၊ (ဘိန္ဒတိ) ဉဝ- ခွဲသကဲ့သို့၊ (ဧဝံ- ၅်အတူ၊) အာစရိတော-ပြုကျင့်အပ်သော၊ အဓမ္မော- မတရားသည်၊ တွံ-သင့်ကို၊ မာ အဘိဒါ - မခွဲပါစေနှင့်၊ (အဘိဒါ၌ ဘိဒိဓာတ်+အဇ္ဇတ္တနီ အာဝိဘတ်, အ လာ။)]

ဥစ္စေ အာသနေတိ-ကား၊ အန္တိမသော-အားဖြင့်၊ ဘူမိပ္ပဒေသေပိ-မြေအရပ်၌လည်း၊ ဥန္နတဋ္ဌာနေ- မြင့်မောက်သောအရပ်၌၊ နိသိန္နဿ—သော၊(အဂိလာနဿ-အား၊) ဒေသေတုံ- ၄ါ၊ နဝဋ္ဋတိ- မအပ်။

နဋ္ဌိတော နိသိန္နဿာတိ-ကား၊ ထေရုပဋ္ဌာနံ-ထေရ်အား ဆည်းကပ်ရာအရပ်သို့၊ ဂတွာ-သွား၍၊ ဌိတံ-ရပ်နေသော၊ ဒဟရဘိက္ခုံ-ရဟန်းငယ်ကို၊ အာသနေ-နေရာ၌၊ နိသိန္နော — ထိုင်နေသော၊ မဟာထေရော — သည်၊ ပဉှံ - ပြဿနာကို၊ သစေပိ ပုစ္ဆတိ—အကယ်၍မူလည်း မေးအံ့၊ (ဧဝံသတိ)၊ န ကထေတဗ္ဗံ- မဖြေဆိုရာ၊ ( ပါဠိအဋ္ဌကထာစကားဖြင့် မဖြေဆိုရာ၊) ပန - ထိုသို့ မဖြေဆိုရပါသော်လည်း၊ ဂါရဝေန - လေးစားသူ၏ အဖြစ်ကြောင့်၊ ဝါ — လေးစားခြင်းကြောင့်၊ ထေရံ- ကို၊ ဥဋ္ဌဟိတွာ-ထ၍၊ ပုစ္ဆထ-မေးပါကုန်၊ ဉတိ-သို့၊ ဝတ္တုံ-လျှောက်ခြင်းငှါ၊ န သက္ကာ-မတတ်ကောင်း၊ ဝါ-မတော်၊ ပဿေ- နံပါး၌၊ ဝါ- ဘေး၌၊ ဌိတဘိက္ခုဿ- ရပ်နေသောရဟန်းအား၊ ကထေမိ - ဖြေဆိုအံ့၊ ဉတိ - ၅်သို့ နှလုံးသွင်း၍၊ ကထေတုံ-၄ါ၊ ဝဋ္ဋတိ-၏။

× × × × × × ×

**နဋ္ဌိတော နိသိန္နဿ** ။ ။ တရားဟောခြင်းကိစ္စ၌ ရပ်နေသူက ထိုင်နေသူအား မဟောကောင်းသောကြောင့် ရပ်ခြင်း ထိုင်ခြင်း ၂ ပါးတွင် ရပ်ခြင်းကပို၍ လေးစား

န ပစ္ဆတော ဂစ္ဆန္တေနာတိဗ္ဗော-၌၊ ပုရတော- ရှေ့၌၊ ဝါ-ရှေ့က၊ ဂစ္ဆန္တော- သွားသောပုဂ္ဂိုလ်သည်၊ ပစ္ဆတော-နောက်၌၊ ဝါ-နောက်က၊ ဂစ္ဆန္တံ-လိုက်လာသော ပုဂ္ဂိုလ်ကို၊ ပဉ္စ-ကို၊ သစေ ပုစ္ဆတိ- အံ့၊ (ဝေံသတိ)၊ န ကထေတဗ္ဗံ-မဖြေဆိုရာ၊ ပစ္ဆိမသ- နောက်၌ဖြစ်သော၊ ဘိက္ခုနော- အား၊ ကထေမိ-အံ့၊ ဉာတိ-ဤသို့ နှလုံးသွင်း၍၊ ကထေတုံ-ငှါ၊ ဝဋ္ဋတိ- အပ်၏၊ ပန- ဆက်၊ ဥဂ္ဂဟိတဓမ္မံ-ဆရာ့အထံ၌ သင်ယူအပ်သော ပါဠိ အဋ္ဌကထာတရားကို၊ သဒ္ဓိံ -အတူ၊ သဇ္ဈာယိတုံ- သရဇ္ဈာယ်ခြင်းငှါ၊ ဝဋ္ဋတိ- အပ်၏၊ သမဓုရေန-ညီမျှသော ထမ်းပိုးဖြင့်၊ ဝါ-ရင်ပေါင်တန်း၊ ဂစ္ဆန္တဿ-သွားသောပုဂ္ဂိုလ်အား၊ ကထေတုံ-ဟောခြင်းငှါ၊ ဝါ-ဖြေဆိုခြင်းငှါ၊ ဝဋ္ဋတိ-အပ်၏။ [ထမ်းပိုးကို နွားတယှဉ်း အညီအမျှထမ်းသွားသကဲ့သို့, ရင်ပေါင်တန်း သွားခြင်းကို "သမဓုရ" ဟု ဆိုသည်။]

န ဥပ္ပထေနာတိ ဗ္ဗောပိ-၌လည်း၊ ဒွေပိ-တရားဟောသူ တရားနာသူ နှစ်ဦးတို့သည်လည်း၊ သကဋပထေ- လှည်းလမ်းခရီး၌၊ ဧကေက စက္ကပထေနဝါ- တခုတခုသော လှည်းဘီး၏လမ်းဖြင့် သော်ငှငး၊ ဥပ္ပထေနဝါ – မမှန်သောလမ်းဖြင့် သော်ငှငး၊ သမဓုရံ-ညီမျှသော ထမ်းပိုးထမ်းနည်းနှင့်တူစွာ၊ ဝါ-ရင်ဘောင်တန်း၊ သစေ ဂစ္ဆန္တိ-အကယ်၍ သွားကုန်အံ့၊ (ဝေံ သန္တေ)၊ (ကထေတုံ-ငှါ၊ ဝဋ္ဋတိ-အပ်၏။)

အသဉ္ဆိစ္စာတိ-ကား၊ ပဋိစ္ဆန္နဌာနံ-ဖုံးကွယ်အပ်သော အရပ်သို့၊ ဂစ္ဆန္တဿ-သွားစဉ်၊ သဟသာ– အဆောတလျင်၊ ဥစ္စာရောဝါ – ကျင်ကြီးသည်သော်ငှငး၊ ပဿာဝေါဝါ–ကျင်ငယ်သည်သော်ငှငး၊ နိက္ခမတိ-ထွက်သွားအံ့၊ (ဝေံသတိ)၊ အသဉ္စိစ္စကတောနာမ - အသဉ္စိစ္စကတမည်၏၊ ( သညာနှင့်တကွ စေတနာဖြင့် မစေ့ဆော်မှု၍ ပြုအပ်သည်မည်၏၊ (တသ္မာ) အနာပတ္တိ (ဟောတိ)။

× × × × × × ×

သော ဣရိယာပုထ် ဟု ထင်ဘွယ်ရှိ၏၊ အမှန်မှာ — ရပ်ခြင်းက ပို၍ လေးစားသော ဣရိယာပုထ် မဟုတ်ပါ၊ ရပ်ခြင်းဣရိယာပုထ်က မသက်သာဘဲ ထိုင်ခြင်း ဣရိယာပုထ်က သက်သာသောကြောင့် "သက်သာသော ဣရိယာပုထ်ဖြင့်နေသူအား မသက်သာသော ဣရိယာပုထ်ဖြင့် နေသူက တရားမဟောကောင်း" ဟု ပညတ်တော်မူရပါသည်၊ အရိုအသေ ပြုရာ၌ကား ထိုင်ခြင်းက ရပ်ခြင်းထက် ရိုသေရာရောက်ပါသည်။

**အဋ္ဌကထာ။** ။အာစရိယေ ဌိတကေ ပုစ္ဆန္တေ သစေ တေ ဘိက္ခူ နိသီဒန္တိ၊ သတ္ထုရိ ဂါရဝံ ကတံ ဟောတိ၊ အာစရိယေ အဂါရဝံ၊ သစေ ဥဋ္ဌဟန္တိ၊ အာစရိယေ ဂါရဝံ ကတံ ဟောတိ၊ သတ္ထုရိ အဂါရဝံ=ဆရာက ရပ်, ဘုရားရှင်ကထိုင်နေတော်မူရာဝယ် တပည့်တို့က ထိုင်နေကြလျှင် (ထိုင်ခြင်းတူသော) ဘုရားရှင်ကို ရိုသေရာ ရောက်၍ ဆရာကို ရိုသေရာမရောက်၊ တပည့်တို့ကရပ်နေကြလျှင် (ရပ်ခြင်းတူသော) ဆရာကို ရိုသေရာရောက်၍, ထိုင်တော်မူနေသော ဘုရားရှင်အား မရိုသေရာ ရောက်သည်။ [ခန္ဓဝဂ္ဂသံယုတ်, ခဇ္ဇနီယဝဂ်။]

န ဟရိတေတိ တွေ့-၌၊ ဇီဝမာနရုက္ခဿ-ရှင်ဆဲသစ်ပင်၏၊ ယမ္ပိ မူလံ-အကြင် အမြစ်သည်လည်း၊ ပထဝိယံ–မြေပေါ်၌၊ ဒိဿမာနံ-ပေါ်ထင်လျက်၊ ဂစ္ဆတိ-သွားး၏၊ သာခါဝါ – သစ်ကိုင်း သစ်ခက်သည်သော်လည်း၊ ဘူမိလဂ္ဂါ – မြေ၌ ကပ်ငြိနေသည်၊(ဟုတ္တာ)၊ ဂစ္ဆတိ- ၏၊ သဗ္ဗံ - အလုံးစုံသော၊ တံ - ထို အမြစ် သစ်ခက်ကို၊ ဟရိတသင်္ခါတမေဝ–ဟရိတဟု ခေါ်ဝေါ်အပ်သည်သာ၊ ခန္ဓ– ပင်စည်ပေါ်၌၊ နိသီဒိတ္ဝာ-ထိုင်၍၊ အပ္ပဟရိတဋ္ဌာနေ- စိမ်းစိုသော မြက်သစ်ပင် မရှိသော အရပ်၌၊ ပါတေတုံ–စွန့်ချခြင်းငှါ၊ ဝဋ္ဋတိ–အပ်၏၊ အပ္ပဟရိတဋ္ဌာနံ-ကို၊ ဩလောကေန္တဿေဝ-ကြည့်စဉ်ပင်၊ သဟသာ-အဆောတလျင်၊ နိက္ခမတိ-ထွက်သွားးအံ့၊ ဂိလာနဋ္ဌာနေ- ဂိလာန၏အရာ၌၊ ဌိတော-တည်သည်၊ ဟောတိ-ဖြစ်တော့၏၊ (တသ္မာ)၊ ဝဋ္ဋတိ-အပ်၏။

အပ္ပဟရိတေ ကတောတိ–ကား၊ အပ္ပဟရိတံ-စိမ်းစိုသော မြက်သစ်ပင် မရှိသော အရပ်ကို၊ အလဘန္တေန-မရသော ရဟန်းသည်၊ တိဏဏ္ဍုပကံဝါ-မြက် ကရွတ်ခွေကိုသော်၎င်း၊ ပလာလဏ္ဍုပကံဝါ-ကောက်ရိုး ကရွတ်ခွေကိုသော်၎င်း၊ ထပေတ္ဝာ-၍၊ ကတောပိ-ပြုအပ်သော ကျင်ကြီးကျင်ငယ်သည်လည်း၊ ပစ္ဆာ– နောက်၌၊ ဟရိတံ-စိမ်းစိုသော မြက်သစ်ပင်ကို၊ ဩတ္ထရတိ- လွှမ်းမိုးအံ့၊ ဝဋ္ဋတိ ယေဝ-သာ၊ စ-ဆက်၊ တွေ့-၌သိက္ခာပုဒ်၌၊ ခေဠေန- တံတွေးဖြင့်၊ သင်္ဃာဏိကာပိ-နှပ်ကိုလည်း၊ သင်္ဂဟိတာ-သွင်းယူအပ်ပြီ၊ ဣတိ မဟာပစ္စရိယံ ဝုတ္တံ။

နဥဒကေတိ တေံ-နဥဒကဟူသော ၌သိက္ခာပုဒ်ကို၊ပရိဘောဂဥဒကမေဝ- သုံးဆောင်အပ် သုံးဆောင်ကောင်းသော ရေကိုသာ၊ သန္ဓာယ - ရည်ရွယ်တော် မူ၍၊ (ဘဂဝတာ) ဝုတ္တံ - မိန့်တော်မူအပ်ပြီ၊ ပန - ဆက်၊ အပရိဘောဂေသု- မသုံးဆောင်အပ် မသုံးဆောင်ကောင်းကုန်သော၊ ဝစ္စကုဋိသမုဒ္ဒါဒိဥဒကေသု– ဝစ္စကုဋိတွင်း၌ ရှိသော ရေ , သမုဒ္ဒရာရေ အစရှိသော ရေတို့၌၊ ( ကရောန္တဿ- စွန့်ချမှုကို ပြုသောရဟန်း၏၊) အနာပတ္တိ(ဟောတိ)၊ဒေဝေ-သည်၊ ဝဿန္တေ- ရွာလသော်၊ သမန္တတော - ပတ်ဝန်းကျင်၌၊ ဥဒကောဃော - ရေအယဉ်သည်၊ ဟောတိ-အံ့၊ အနုဒကဋ္ဌာနံ - ရေမရှိသော အရပ်ကို၊ ဩလောကေန္တဿေဝ– ကြည့်ရှုစဉ်ပင်၊ နိက္ခမတိ - ထွက်သွားးအံ့၊ ဝဋ္ဋတိ - အပ်၏၊ မဟာပစ္စရိယံ - ၌၊ တောဒိသေ ၊ ပေ ၊ ကာတုံ ဝဋ္ဋတီတိ - ဟူ၍၊ ဝုတ္တံ - ဆိုအပ်ပြီ၊ [ တောဒိသေ- ၌ကဲ့သို့ရှုအပ်သော၊ ကာလေ-အခါ၌၊ အနုဒကဋ္ဌာနံ- ကို၊ အလဘန္တေန- မရ သော ရဟန်းသည်၊ ကာတုံ - ငှါ၊ ဝဋ္ဋတိ။ ] သဗ္ဗသိက္ခာပဒေသု - တို့၌၊ သေသံ- ကြွင်းသော ပုဒ်အပေါင်းသည်၊ ဥတ္တာနတ္ထမေဝ–သာ။ [ ၌ ဝါကျများနှင့်စပ်၍ မှတ်ဘွယ်ကို ကင်္ခါဘာသာဋီကာနှင့် ပါတိမောက်ဘာသာဋီကာ၌ ပြထားပြီ။]

သတ္တမော-သော၊ ဝဂ္ဂေါ-ဝဂ်တည်း။

ပန- ဆက်၊ ဧတ္တ - ၌ သေဒိယ သိက္ခာပုဒ်တို့၌၊ သမုဋ္ဌာနာဒိ ဒိပနတ္ထာယ- သမုဋ္ဌာန်အစရှိသည်တို့ကို ပြခြင်းအကျိုးငှါ၊ ဣဒံ- ဤဆိုအပ်လတ္တံ့ကား၊ ပကိဏ္ဏကံ- ရောပြွမ်းသော အဆုံးအဖြတ်တည်း၊ ဥဇ္ဈဿကြိကဥစ္စာသဒ္ဒပဋိသံယုတ္တာနိ- ဥဇ္ဈဿကြိက, ဥစ္စာသဒ္ဒတို့နှင့် စပ်ယှဉ်ကုန်သော၊ စတ္တာရိ- လေးပါးသော သိက္ခာပုဒ်တို့ငှင်း၊ သ ကဗဠေန မုခေန ဗျာဟရဏံ-သ ကဗဠေန မုခေန ဗျာဟရဏဟူသော၊ ဧကံ- တပါးသော သိက္ခာပုဒ်ငှင်း၊ ဆမာ နိစာသန ဌာန ပစ္ဆတောဂမန ဥပ္ပထဂမန ပဋိသံယုတ္တာနိ - ဆမာ , နိစာသန , ဌာန , ပစ္ဆတောဂမန , ဥပ္ပထဂမန တို့နှင့် စပ်ယှဉ်ကုန်သော၊ ပဉ္စ - ငါးပါးသော သိက္ခာပုဒ်တို့ငှင်း၊ ဣတိ - ဤသို့၊ ဒသ- ဆယ်ပါးကုန်သော၊ ဣမာနိ သိက္ခာပဒါနိ- တို့သည်၊ သမနုဘာသနသမုဋ္ဌာနာနိ–သမနုဘာသနသိက္ခာပုဒ်၏ သမုဋ္ဌာန်နှင့်တူသော သမုဋ္ဌာန်ရှိကုန်၏၊ပေ၊ ကိရိယာနိ – မပြုထိုက်သော လွန်ကျူးမှုကို ပြုခြင်းရှိသော သိက္ခာပုဒ်တို့တည်း၊ပေ၊ ဒုက္ခဝေဒနာနိ–ဒုက္ခဝေဒနာရှိသော သိက္ခာပုဒ်တို့တည်း၊ ဣတိ- ဤသို့မှတ်အပ်၏။ [ သစိတ္တက စသည်တို့၏အဓိပ္ပါယ်ကို ကင်္ခါဘာသာဋီကာ၌ ပြထားပြီ။]

သူပေါဒန ဝိညတ္တိသိက္ခာပဒံ-သည်၊ပေ၊ဒုက္ခဝေဒနန္တိ၊ ဆတ္တပါဏိ၊ပေ၊နာမကာနိ-ဆတ္တပါဏိ, ဒဏ္ဍပါဏိ, သတ္ထပါဏိ, အာဝုဓပါဏိ, ပါဒုက, ဥပါဟန, ယာန, သယန, ပလ္လတ္ထိက, ဝေဌိတ, ဩဂုဏ္ဌိတအမည်ရှိကုန်သော၊ ဧကာဒသ- တဆဲ့တပါးကုန်သော၊ သိက္ခာပဒါနိ - တို့သည်၊ ဓမ္မဒေသနာ သမုဋ္ဌာနာနိ - ဓမ္မဒေသနာသမုဋ္ဌာန်ရှိသောသိက္ခာပုဒ်တို့တည်း၊ ဝါစာစိတ္တတော-နှုတ်စိတ်ကြောင့်၊ သမုဋ္ဌဟန္တိ - ကုန်၏၊ ကိရိယာ ကိရိယာနိ - ရံခါ မပြုထိုက်သော လွန်ကျူးမှုကို ပြုခြင်း, ရံခါ ပြုထိုက်သော ဖြည့်ကျင့်မှုကို မပြုခြင်းရှိသောသိက္ခာပုဒ်တို့တည်း၊ပေ၊ ဒုက္ခဝေဒနာနိ – တို့တည်း၊ အဝသေသာနိ – ကြွင်းကုန်သော၊ တေပဏ္ဏာသ– ငါးဆဲ့သုံးပါးသော၊ သိက္ခာပဒါနိ- တို့သည်၊ ပဌမပါရာဇိက သမုဋ္ဌာနာနိ-ပဌမပါရာဇိက သမုဋ္ဌာန်ရှိကုန်၏၊ ဣတိ-ဤသို့ မှတ်အပ်၏။

သဗ္ဗ သေခိယေသု-အလုံးစုံသော သေခိယသိက္ခာပုဒ်တို့၌၊ အာဗာဓပစ္စယာ- အနာဟူသောအကြောင်းကြောင့်၊ အနာပတ္တိ(ဟောတိ)၊ ထူပီကတပိဏ္ဍပါတေ- ထူပီကတ ပိဏ္ဍပါတသိက္ခာပုဒ်ငှင်း၊ သူပ ဗျဉ္ဇနေန ပဋိစ္ဆာဒနေ-သူပ ဗျဉ္ဇနေန ပဋိစ္ဆာဒန သိက္ခာပုဒ်ငှင်း၊ ဥဇ္ဈာနသညီမှိ- ဥဇ္ဈာနသညီ သိက္ခာပုဒ်ငှင်း၊ ဣတိ– ဤသို့၊ တီသု-ကုန်သော၊ သိက္ခာပဒေသု- တို့၌၊ ဂိလာနော-သည်၊ နတ္ထိ-မရှိ၊ [ထိုသိက္ခာပုဒ်တို့၌ " အနာပတ္တိ ဂိလာနဿ "ဟု ပါဠိတော်၌ မလာ၊ ထို့ကြောင့် ဂိလာနလည်း အာပတ်မှမလွတ်-ဟူလို။] သေခိယဝဏ္ဏနာ- သေခိယ သိက္ခာပုဒ်တို့၏ ဖွင့်ကြောင်းဖွင့်ရာ အဋ္ဌကထာသည်၊ နိဋ္ဌိတာ- ပြီးပြီ။

**သေခိယအဖွင့် ပြီး၏။**

## အဓိကရဏသမထ

အဓိကရဏသမဒေထသု-အဓိကရဏသမထတို့၌၊ သတ္တာတိ-သတ္တဟူသော သဒ္ဒါသည်၊ တေသံ ဓမ္မာနံ-ထို အဓိကရဏသမထ သိက္ခာပုဒ်တို့၏၊ ဝါ-တို့ကို၊ သင်္ချာပရိစ္ဆေဒေါ သင်္ချာဖြင့် ပိုင်းခြားကြောင်း သဒ္ဒါတည်း၊(ယေဓမ္မာ-အကြင် သိက္ခာပုဒ်တို့သည်၊)စတုဗ္ဗိဓံ-လေးပါးအပြားရှိသော၊ အဓိကရဏံ-အဓိကရဏ်း ကို၊ သမေန္တိ ဝူပသမေန္တိ-ငြိမ်းစေတတ်ကုန်၏၊ ဣတိ-ကြောင့်၊ (ထိုသို့ အဓိကရဏ်းကို ငြိမ်းစေတတ်ကုန်သည်၏ အဖြစ်ကြောင့်၊ တေဓမ္မာ-တို့သည်၊)အဓိကရဏသမထာ-အဓိကရဏသမထတို့မည်၏၊ တေသံ-ထိုအဓိကရဏသမထ တို့၏၊ ဝိတ္ထာရော-ကို၊ ခန္ဓကေစ-သမထက္ခန္ဓက၌၎င်း၊ ပရိဝါရေစ-၌၎င်း၊ (ဘဂဝတာ) ဝုတ္တော-မိန့်တော်မူအပ်ပြီ၊ တဿ-ထို အကျယ်၏၊ အတ္ထံ-ကို၊ တတ္ထေဝ-ထို သမထက္ခန္ဓက, ပရိဝါ၌သာ၊ (ထို သမထက္ခန္ဓက, ပရိဝါကျမှသာ၊) ဝဏ္ဏယိဿာမ-ဖွင့်ကုန်အံ့၊ သဗ္ဗတ္ထ-အလုံးစုံ သိက္ခာပုဒ်တို့၌၊ သေသံ-ကြွင်းသော ပုဒ်အပေါင်းသည်၊ ဥတ္တာနမေဝ-ပေါ်လွင် ထင်ရှားသည်သာ၊ဣတိ-အပြီးတည်း။

သမန္တပါသာဒိကာယ-သမန္တပါသာဒိကာမည်သော၊ ဝိနယသံဝဏ္ဏနာယ-ဝိနည်းပါဠိတော်၏ ဖွင့်ကြောင်းဖွင့်ရာအဋ္ဌကထာ၌၊ဘိက္ခုဝိဘင်္ဂဝဏ္ဏနာ-ဘိက္ခုဝိဘင်း၏ အဖွင့်သည်၊ ဝါ-ဘိက္ခုဝိဘင်း၏ ဖွင့်ကြောင်း ဖွင့်ရာ အဋ္ဌကထာသည်၊ နိဋ္ဌိတာ-ပြီးပြီ။

အယံဝဏ္ဏနာ-ဤ ဖွင့်ကြောင်း ဖွင့်ရာ အဋ္ဌကထာသည်၊ အနန္တရာယေန-အန္တရာယ်ကင်း, ရန်စွယ်ရှင်းသဖြင့်၊ နိဋ္ဌိတာယထာ-နိဂုံးအရောက်, ပြီးမြောက်သကဲ့သို့၊ တထာ-ထို့အတူ၊ ပါဏိနော-သတ္တဝါတို့သည်၊ အနန္တရာယေန-အန္တရာယ်ကင်း,ရန်စွယ်ရှင်းသဖြင့်၊သန္တိံ-ဒုက္ခခပ်သိမ်း,ငြိမ်းရာမှန်,နိဗ္ဗာန်သို့၊ ပပ္ပေါန္တု-ရောက်ကြပါစေကုန် သတည်း။

သဒ္ဓမ္မော-ပရိယတ် ပဋိပတ် ပဋိဝေဓအားဖြင့် သုံးပါးသော သဒ္ဓမ္မသည်၊ စိရံ-ကြာမြင့်စွာ၊ တိဋ္ဌတု-တည်တန့်ပါစေ သတည်း၊ ဒေဝေါ-မိုးသည်၊ ကာလေ-ရွာသင့်ရာအခါ၌၊ သမ္မာ-ရွာလျက်၊ စိရံ-ကြာမြင့်စွာ၊ ပဇံ-သတ္တဝါ အပေါင်းကို၊ တပ္ပေတု-နှစ်သိမ့်ပါစေသတည်း၊ ရာဇာ-သည်၊ မေဒနိံ-တမြေပြင် လုံးကို၊ ဝါ-မြေပြင်၌နေ, လူပိုလ်ခြေကို၊ ဓမ္မေန-တရားသဖြင့်၊ ရက္ခတု-စောင့်ရှောက် ပါစေ သတည်း၊ ဣတိ-ဤကား ပတ္ထနာတည်း။

**ဘိက္ခုဝိဘင်္ဂ အဋ္ဌကထာ**
**အဖွင့် ပြီးပြီ။**

# ဘိက္ခုနီဝိဘင်္ဂ အဋ္ဌကထာ

## ဘာသာဋီကာ

ဘိက္ခုနံ-ရဟန်းတို့၏၊ ဝိဘင်္ဂသ-ဝိဘင်း၏၊(တနည်း၊)ဘိက္ခုနံ ဝိဘင်္ဂသ-ဘိက္ခုဝိဘင်း၏၊ အနန္တရံ-အခြားမဲ့၌၊ သင်္ဂဟိတော-သိမ်းယူအပ်ပြီးသော၊ ဝါ-သံဂါယနာ တင်အပ်ပြီးသော၊ ဘိက္ခုနီနံ-ဘိက္ခုနီတို့၏၊ ယောဝိဘင်္ဂေါ-အကြင်ဝိဘင်းသည်၊ အသ - ရှိ၏၊ တသ - ထို ဘိက္ခုနီဝိဘင်း၏၊ သံဝဏ္ဏနာက္ကမော-ဖွင့်ကြောင်းဖွင့်ရာ အဋ္ဌကထာအစဉ်သည်၊ ယတော- အကြင့်ကြောင့်၊ ပတ္တော-ရောက်လာပြီ၊ တတော- ထို့ကြောင့်၊ တသ- ထို ဘိက္ခုနီဝိဘင်း၏၊ အပုဗ္ဗပဒဝဏ္ဏနံ-ရှေးမဟုတ်သောပုဒ်တို့၏ ဖွင့်ကြောင်းဖွင့်ရာအဋ္ဌကထာကို၊ ကာတုံ-ပြုခြင်းငှါ၊ တာဝ - သံယာဒိသေသ် စသည်တို့မှ ရှေးဦးစွာ၊ (သင်္ဂီတေ - သံဂါယနာတင်အပ်သော၊)ပါရာဇိကေ-ပါရာဇိကကဏ္ဍ၌၊အယံသံဝဏ္ဏနာ-ဤဖွင့်ကြောင်းဖွင့်ရာ အဋ္ဌကထာသည်၊ ဟောတိ—ဖြစ်၏၊ ဝါ—ဖြစ်တော့လတ့်။ [ ယောဇနာ၌ "ဘိက္ခုနီနံ ယောဝိဘင်္ဂေါ သင်္ဂဟိတော အသ"ဟု ယောဇနာ၏။]

## ပဌမ ပါရာဇိကသိက္ခာပုဒ်

တေနသမယေန ၊ ပေ ၊ သာဠှော မိဂါရနတ္တာတိ ဧတ္ထ - ဟူသော ဤပါဌ်၌၊ သာဠှောတိ—သာဠှဟူသည်ကား၊ တဿ- ထို သူ၏၊ နာမံ—အမည်တည်း၊ ပန-ဆက်၊ (ယေန—အကြင့်ကြောင့်၊ သော—ထိုသူသည်၊) မိဂါရမာတုယာ- မိဂါရသဌေး၏ အမိအရာ၌တည်သော ဝိသာခါ၏၊ နတ္တာ - မြေးသည်၊ ဟောတိ—၏၊ တေန-ကြောင့်၊မိဂါရနတ္တာတိ-မိဂါရနတ္တာဟူ၍၊(သံဂီတိကာရေဟိ-သံဂါယနာတင် ထေရ်တို့သည်၊)ဝုတ္တံ—ဆိုအပ်ပြီ၊ [ မိဂါရမာတုယာ+နတ္တာ မိဂါရနတ္တာ၊ မာတု ဟူသော အလည်ပုဒ်ကျေသော မဇ္ဈေလောပီ တပ္ပုရိသ်သမာသ်တည်း။ ] နဝကမ္မိကန္တိ—ကား၊ နဝကမ္မာဓိဋ္ဌာယိကံ— အသစ်အသစ် ဖြစ်သော အမှုကို

× × × × × × ×

**နဝကမ္မိကံ ။** ။ နဝံ— **အသ**စ်ဖြစ်သော+ကမ္မံ— အလုပ်တည်း၊ နဝကမ္မံ— လုပ်၊ (ဒ္ဓါရေ+နိယုတ္တော၌ ဒွါရေကို "ဒွါရပါလနေ"ဟု ဖွင့်သကဲ့သို့) ဤ၌လည်း နဝကမ္မပြုလုပ်ခြင်းတိုင်အောင် ဌာနူပစာရအားဖြင့် ယူပါ၊ နဝကမ္မေ + နိယုတ္တော နဝကမ္မိကော"ဟု ပြု၊ ဇူကပစ္စည်း၊"နိယုတ္တ—ယှဉ်"ဟူသည် ထိုပြုလုပ်မှု၌"အမိနော—စပ်ဆိုင်သူ၊ အမိကတော—အကြီးအကဲပြုသူ၊ ဗျာပါရိတော-ကြောင့်ကြစိုက်သူ"ဟု သဒ္ဒါဋီကာပဋိကာတို့ ဖွင့်ကြ၏၊ ထို့ကြောင့် နဝကမ္မာဓိဋ္ဌာယိကံသည် သဒ္ဒတ္ထမဟုတ်,အဓိပ္ပါယတ္ထတည်း၊အဓိဋ္ဌာတိ—ဆောက်တည်တတ် စီမံတတ်၏၊ ဣတိ အဓိဋ္ဌာယိကာ။ [ ဏျုပစ္စည်း, ဋ္ဌာ၌ အာကို အာယပြု၊ ဘိက္ခုနီကို အရကောက်ရမည်ဖြစ်၍ ဣတ္ထိလိင်ဖြစ်သောကြောင့် အာကို ဣပြုရသည်။] နဝကမ္မံ+အဓိဋ္ဌာယိကာ နဝကမ္မာဓိဋ္ဌာယိကာ။

ဝိမံတတ်သူကို၊ ("ဒေထ"ဟု ပါဠိတော်၌စပ်၊) ပဏ္ဍိတာတိ– ကား၊ ပဏ္ဍိစ္စေန- ကြောင်းကျိုးမြင်သိ ပင်ကိုယ် ပညာရှိသူ၏ အဖြစ်နှင့်၊ သမန္နာဂတာ – ပြည့်စုံသည်၊ (ဟောတိ)၊ ဗျတ္တာတိ-ကား၊ ဝေယတ္တိယေန-ဉာဏ်ပညာထက်မြက်သူ၏ အဖြစ်နှင့်၊ သမန္နာဂတာ-သည်၊ (ဟောတိ)၊ မေဓာဝိနီတိ-ကား၊ ပါဠိဂ္ဂဟဏေ- ပါဠိကို သင်ယူခြင်း၌၊ သတိပုဗ္ဗင်္ဂမာယ-သတိ ရှေ့သွားရှိသော၊ ဝါ-သတိပဓာန ရှိသော၊ ပညာယ-ပညာနှင့်ငင်း၊ အတ္ထဂ္ဂဟဏေ-အနက် အဓိပ္ပါယ်ကို သင်ယူခြင်း၌၊ ပညာပုဗ္ဗင်္ဂမာယ - ပညာ ရှေ့သွားရှိသော၊ သတိယာ - နှင့်ငင်း၊ သမန္နာဂတာ-ပြည့်စုံသည်၊ (ဟောတိ)။

× × × × × × ×

**ပဏ္ဍိတာ ။** ။ ပဏ္ဍာ ဝုစ္စတိ ပညာ၊ ထိုထိုအာရုံတို့၌ ရောက်တတ်သောကြောင့် ပညာကို "ပဏ္ဍာ"ဟု ခေါ်၏၊ ဣတပစ္စည်းသည် သဉ္ဇာတအဿတ္ထ အနက်၌ မောဂ္ဂလ္လာန်သုတ်ဖြင့် သက်၏၊ ထို့ကြောင့် "ပဏ္ဍာ+သဉ္ဇာတာ ဧတဿာတိ ပဏ္ဍိတာ"ဟု ပြု၊ ပဏ္ဍိစ္စေန သမန္နာဂတာ ကား "ပဏ္ဍိတာ" ဟူသော သံဝဏ္ဏေတဗ္ဗ၏ သဉ္ဇာတ အဿတ္ထအနက်ကို ဖွင့်ပြသော သံဝဏ္ဏနာတည်း၊ ထို့နောက် ပဏ္ဍိတာယ+ဘာဝေါ- ပဏ္ဍိစ္စံ"ဟု ပြု၍ ပညာကို အရကောက်ပါ။

**ဗျတ္တာ ။** ။ ဝိပုဗ္ဗ အဉ္ဇုဓာတ် တပစ္စည်းတည်း၊ ဘုဇာဒိဂိုဏ်း၊ ဘုဇာဒီနမန္တော နော ဒွိစသုတ်ဖြင့် ဓာတွန်ချေ, တ ဒွေဘော်လာ၊ ထို့နောက် ယလာ၍ "ဝိယတ္တ"ဟု ဖြစ်၏၊ ဝ၏ ဣကို ယပြုလျှင် "ဗျတ္တ"ဟု ဖြစ်၏၊ ဗျတ္တနှင့် ဝိယတ္တသည် ပရိယာယ်ပင်တည်း၊ ဝိသေသေန, အဉ္ဇတိ ဂစ္ဆတိ – သိတတ်၏၊ ဣတိ ဝိယတ္တော၊ (ပုဂ္ဂလော)၊ ဝိယတ္တဿ+ဘာဝေါ ဝေယတ္တိယံ၊ ဘာဝအနက်၌ ဏျပစ္စည်းသက်၊ တ္တ၏ အကို ဣပြု၊ ("ဣဿရိယံ"ပြီးပုံကဲ့သို့တည်း၊) အကြွင်ပညာကြောင့် အထူးသိတတ်၏၊ ထိုပညာသည် ဝေယတ္တိယမည်၏၊ ထို့ကြောင့် "ဝေယတ္တိယေန သမန္နာဂတာ"ဟု ဆိုသည်၊ "ဝေယတ္တိကေန" ဟု ရှိသည်ကား မကောင်း။

**မေဓာဝိနီ ။** ။ မေဓာသဒ္ဒါသည် အချို့နေရာ၌ အဆိုပြဇာရှိသောဉာဏ်ပညာကို ဟောသော်လည်း ဤနေရာ၌ကား ပါဠိအနက်ကို သင်ယူရာဝယ် ပါဠိကိုငင်း, အနက်ကိုငင်း သိလွယ်သောပညာကို ယူစေလို၍ "ပါဠိဂ္ဂဟဏေ၊ပေ၊ သမန္နာဂတာ" ဟု ဖွင့်သည်၊ ပါဠိကို အရကျက်ရာ၌ ဉာဏ်ပညာသည် ပဓာန မဟုတ်, သတိသာ ပဓာန ဖြစ်သောကြောင့် "ပါဠိဂ္ဂဟဏေ သတိပုဗ္ဗင်္ဂမာယ ပညာယ" ဟု ဆိုသည်။

မှန်၏ — ပိဋကပါဠိကို ဖြစ်စေ အခြားကျမ်းစာကို ဖြစ်စေ သတိကောင်းသူသည် မှတ်မိလွယ်၏၊ ထိုသို့မှတ်မိသော သတိပုဗ္ဗင်္ဂမပညာကို ရည်ရွယ်၍ မြန်မာတို့က "မှတ်ဉာဏ်ကောင်းသူ"ဟု ပြောကြသည်၊ ထိုကဲ့သို့ မှတ်ဉာဏ်ကောင်းသူများလည်း အနက်အဓိပ္ပါယ် လေးလေးနက်နက်ကို စဉ်းစားကြံစည်ရာဝယ် ပညာ ထက်မြက်မှ သိလွယ်နိုင်သည်၊ ထို့ကြောင့် "အတ္ထဂ္ဂဟဏေ ပညာပုဗ္ဗင်္ဂမာယ သတိယာ" ဟု ဆိုသည်၊ ပညာပုဗ္ဗင်္ဂမ ဖြစ်ဘို့ရန်လည်း သမာဓိ အကူအညီရမှ ဖြစ်နိုင်သည်၊ ထို့ကြောင့် ယခုအခါ ကျက်ဉာဏ်ကောင်းသော်လည်း သမာဓိနည်းပါးမှုကြောင့် အနက်အဓိပ္ပါယ်ကို လွယ်ကူစွာလည်း မသိနိုင်, လေးလေးနက်နက်လည်း မသိနိုင်ဘဲ ရှိတတ်ကြသည်။

ဒက္ခာတိ-ကား၊ ဆေကာ- ကျွမ်းကျင်သည်၊ အဝိရဒ္ဓိတွာ- မချွတ်ယွင်းမူ၍၊ သိဿံ-လျင်စွာ၊ ကတ္တဗ္ဗကာရိနီ-ပြုထိုက်သောအမှုကို ပြုလေ့ရှိသည်၊ (ဟောတိ)၊ ဣတိအတ္ထော၊ အနလသာတိ-ကား၊ အာလသိယ ဝိရဟိတာ-ပျင်းရိသူ၏အဖြစ်မှ ကင်းသည်၊ (ဟောတိ)၊ တတြုပါယာယာတိ- ကား၊ တေသုတေသု ကမ္မေသု- ထိုထို အလုပ်တို့၌၊ ဥပါယဘူတာယ-ကပ်၍သိတတ်သည်ဖြစ်၍ ဖြစ်သော၊ ဝါ- အကြောင်းဥပါယ် ဖြစ်၍ဖြစ်သော၊ ဝိမံသာယာတိ-ကား၊ ကတ္တဗ္ဗကမ္မုပပရိက္ခာယ-ပြုထိုက်သောအလုပ်ကို စူးစမ်းတတ်သော ဉာဏ်ပညာနှင့်၊ (သမန္နာဂတာ၌ စပ်၊) သမန္နာဂတာတိ - ကား၊ သမ္ပယုတ္တာ - ယှဉ်သည်၊ ( ဟောတိ )၊ အလံ ကာတုန္တိ - ကား၊ တံတံ ကမ္မံ – ထိုထိုအလုပ်ကို၊ ကာတုံ - ကိုယ်တိုင် ပြုလုပ်ခြင်းငှါ၊ သမတ္ထာ- စွမ်းနိုင်သည်၊ ( ဟောတိ)၊ အလံ သံဝိဓာတုန္တိ-ကား၊ ဧဝဥ္စ ဧဝဥ္စ-ဤသို့ ဤသို့လည်း၊ ( သည့်ပုံသည်နည်းလည်း၊ ) ဣဒံ– ဤအလုပ်သည်၊ ဟောတု - ဖြစ်စေ၊ ဣတိဧဝံ - ဤသို့၊ သံဝိဒဟိတုမ္ပိ - စီမံခြင်းငှါလည်း၊ သမတ္ထာ (ဟောတိ၊) ကတာကတံ ဇာနိတုန္တိ-ကား၊ ကတဉ္စ–ပြုအပ်ပြီးသော အလုပ်ကိုငင်း၊ အကတဉ္စ-မပြုအပ်သေးသောအလုပ်ကိုငင်း၊ ဇာနိတုံ-ငှါ၊ (ဂစ္ဆတိ၌စပ်)။

တေတိ- ကား၊ တေ ဥဘော– ထို နှစ်ယောက်တို့သည်၊ သာစ သုန္ဒရီနန္ဒာ– သည်ငင်း၊ သောစ သာဠှော-သည်ငင်း၊ ဣတိအတ္ထော၊ ဘတ္တဂ္ဂေတိ-ကား၊ ပရိဝေသနဋ္ဌာနေ - ဆွမ်းလုပ်ကျွေးရာ အရပ်၌၊ [ " ဆွမ်းလုပ်ကျွေးဘို့ရာ ပြင်ဆင်ထား

× × × × × × ×

**ဒက္ခာ။** ။ဒက္ခဓာတ်သည် "ဝေဂ – လျင်မြန်ခြင်း" အနက်ကို ဟော၏၊ ဒက္ခတိ ကိစ္စာကိစ္စေသု သီဃံ ပဝတ္တတီတိ ဒက္ခာ၊ ကိစ္စကြီးငယ်တို့၌ လျင်မြန်စွာ ပြီးအောင် ရွက်ဆောင်နိုင်သည်၊ ထိုသို့ အလျင်အမြန် ပြီးအောင် ရွက်ဆောင်ရာဝယ် အမှားမှား အယွင်းယွင်း ရှိတတ်သောကြောင့် "အဝိရဒ္ဓိတွာ" ဟု ဝိသေသနပြုသည်။

**အနလသာ ။** ။ လသဓာတ်သည် အလိုရှိခြင်းအနက်ကို ဟော၏၊ လသတီတိ လသာ၊ န+လသာ–အလသာ၊ ပျင်းရိသောကြောင့် ထိုထိုကိစ္စကို မပြုလိုသောမိန်းမ၊ န+ အလသာ – အနလသာ၊ မပျင်းရိသောမိန်းမ၊ "အာလသိယ ဝိရဟိတာ " ကား အဓိပ္ပါယ်ဖွင့်သာ၊ အလသဿ + ဘာဝေါ – အာလသိယံ၊ ပျင်းရိသူ၏ ဖြစ်ကြောင်း ဖြစ်ရာ ထိနမိဒ္ဓပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်၊ ထိုကဲ့သို့ပျင်းရိနေသူတို့သည် "နိသိန္န ဋ္ဌာနေ နိသိန္နာဝ ဟောန္တိ၊ ဌိတဋ္ဌာနေ ဌိတာဝ – ထိုင်မိထိုင်ရာ ထိုင်နေတတ်ကြ, ရပ်မိ ရပ်ရာ ရပ်နေတတ်ကြသည်၊ မပျင်းရိသူကား "ဧဝံ အဟုတွာ ဝိပ္ဖါရိကေန စိတ္တေန သဗ္ဗ ကိစ္စံ နိပ္ဖါဒေတိ– ထိုကဲ့သို့ မဟုတ်, အရာရာ၌ နှံ့စပ်သောစိတ်ဖြင့် အလုံးစုံသောကိစ္စကို ပြီးစေနိုင်သည်။

**တတြုပါယာယ။** ။"တေသု တေသု"ဟု ဖွင့်သောကြောင့် တတြ၌ ဝိစ္ဆာကြေနေ သည်ဟု ကြံပါ၊ တချို့ပါဠိတော်များ၌"တတြ တတြုပါယာယ"ဟုပင် ရှိသည်၊ ထိုထို အလုပ်၌ ပြုထိုက်သောကိစ္စကို စဉ်းစားတတ်သော ဉာဏ်ကို " တတြ တတြုပါယဝိမံ သာ"ဟု ခေါ်သည်။

သော နေရာ၌ '' ဟူလို၊ ဤအဖွင့်ဖြင့် '' အများစားနေကျ ဖြစ်သော ရွာတွင်း ကျောင်းတွင်း ဆွမ်းစားစရပ်မဟုတ် '' ဟု ပြသည်။] နိက္ခုဋ္ဌေတိ - ကား၊ ကောဏ သဒိသံ-အထောင့်နှင့်တူသည်ကို၊ ကတွာ-၍၊ ဒဿိတ-ပြအပ်သော၊ ဂန္ဓိရေ- နက်မှောင် ချောင်ကျသောအရပ်၌၊ ဝိဿရော မေ ဘဝိဿတီတိ-ကား၊ မေ-ငါ၏၊ ဝိရူပေါ - ဖေါက်ပြန်သော သဘောရှိသော၊ သရော - အသံသည်၊ ဘဝိဿတိ- ဖြစ်လတ့်၊ ဝိပ္ပကာရသဒ္ဒေါ-ဖေါက်ပြန်သောအသံသည်၊ ဘဝိဿတိ-ဖြစ်လတ့်၊ ဣတိ အတ္ထော၊ [ကြေံလန့်သောကြောင့် ''ခအာ်''မိခသာအသံ ဖြစ်လိမ့်မည်။] ပတိမာနေန္တီတိ- ကား၊ အပေက္ခမာနာ-ရှုမြော်လျက်၊ (ဠိတာ ဟောတိ၌စပ်၊) ကျာဟန္တိ(ပဒဿ-၏၊)ကိံ အဟံ(တိ ပဒစ္ဆေဒေါ-ကိံ+အဟံဟုပုဒ်ဖြစ်ခြင်းကို၊ ကာတဗ္ဗော-ပြုထိုက်၏၊)ဇရာဒုဗ္ဗလာတိ-ကား၊ ဇရာယ-ဇရာကြောင့်၊ ဒုဗ္ဗလာ- အားမရှိသည်၊ စရဏ ဂိလာနာတိ-ကား၊ ပါဒရောဂေန-ခြေ၌ဖြစ်သောရောဂါ နှင့်၊ ဝါ-ခြေနာခရောဂါနှင့်၊ သမန္နာဂတာ-ပြည့်စုံသည်၊(ဟုတွာ-၍၊) (''နိပန္နာ ဟောတိ''၌စပ်၊) [''စရဏေန+ဂိလာနာ စရဏဂိလာနာ''ဟု ပြု။]

အဝဿုတာတိ- ကား၊ ကာယသံသဂ္ဂရာဂေန - ကာယသံသဂ္ဂရာဂသည်၊ အဝဿုတာ-စိုစွတ်အပ်သည်၊ ကိလိန္နာ-စိုစွတ်အပ်သည်၊ (ဟုတွာ)၊ (''သာဒ ယေယျ''၌ စပ်၊)ဣတိအတ္ထော၊ ပန-ဆက်၊ အဿ-ထို အဝဿုတာပုဒ်၏၊ ပဒ ဘာဇနေ- ၌၊ တမေဝရာဂံ- ထို ကာယသံသဂ္ဂရာဂကိုပင်၊ ဂဟေတွာ- ယူတော် မူ၍၊ သာရတ္တာတိအာဒိ-အစရှိသောစကားကို၊ ဝုတ္တံ-ဟောတော်မူအပ်ပြီ။

တတ္ထ- ထို သာရတ္တာအစရှိသော စကားရပ်၌၊ သာရတ္တာတိ-ကား၊ ဝတ္ထံ- အဝတ်ကို၊ ရင်္ဂဇာခတန - ဆိုးရည်ဖြင့်၊ ( ဇာတသဒ္ဒေါ အနက်ထူးမရှိ၊ ) ဝါ- ဖြစ်သောဆိုးရည်ဖြင့်၊ ( ရတ္တံ )ဝိယ - ဆိုးအပ်သကဲ့သို့၊ (တထာ - ထို့အတူ၊) ကာယသံသဂ္ဂ ရာဂေန- ဖြင့်၊ သုဋ္ဌု- လွန်စွာ၊ ရတ္တာ - ဆိုးအပ်သည်၊ ဝါ- တပ် မက်သည်၊ [သာရတ္တာ၌ ''သံ+ရတ္တာ''ဟု ပုဒ်ဖြတ်၊ သံကို''သုဋ္ဌု''ဟု ဖွင့်သည်၊

× × × × × × ×

နိက္ခုဋ္ဌေ။ ။နိက္ခုဋ္ဌသဒ္ဒါသည် ကောဏ (အထောင့်) အနက်ကိုဟောသော အနိ ပ္ဖန္နပါဋိပဒိက တည်း၊ ဤနေရာ၌ ထောင့်ကွေးအရပ်နှင့် တူအောင် တမင်လာ ပြုလုပ် အပ်သော ချောင်ကျသောအရပ်ကို ယူစေလို၍ ''ကောဏသဒိသံ ဒဿေတွာ'' စသည် ဖြင့် ဖွင့်ပြသည်။

**အဝဿုတာ**။ ။အဝပုဗ္ဗ, သုဓာတ်သည် စိုစွတ်ခြင်းအနက်ကိုဟော၏၊ ထို့ကြောင့် ''တိန္တာ''ဟု ဖွင့်၏၊ တိန္တာ၌ တိမုဓာတ်လည်း ကိလိဒ (စွတ်စိုခြင်း) အနက်ဟောပင် တည်း၊ ထို့ကြောင့် တိန္တာကို ''ကိလိန္နာ''ဟု ဖွင့်ပြန်သည်၊ ကိလိဒ- အဒ္ဒနေ (စိုစွတ် ခြင်း)၊ တကို ဋ္ဌနှပြု။ [သတ္တတန္တ ဩဓာတ်သည် ပါဠိ၌ သုဓာတ် ဖြစ်၏၊ ထို့ကြောင့် ပျောက်သော (ရ်) အစား ဒွေဘော်ရောက်၍''အဝဿုတ''ဟု ဖြစ်ရသည်၊ ဤ အဝဿု တာ ပါဠိ၌ဖြင့် မေထုနရာဂကို ကန့်သည်။]

ရတ္တာကို ရင်ဇာတေနကြည့်၍ " ဆိုးအပ် "ဟု ပေးသည်၊ ထို " ဆိုး " ဟူသည်လည်း ဆိုးရည်ဖြင့် ဆိုးသောအခါ ဆိုးရည်သည် အဝတ်၌စွဲနေသကဲ့သို့ အာရုံ၌ တပ်မက် စွဲလမ်းတတ်သော ရာဂပင်တည်း။ ] အပေက္ခဝတီတိ-ကား၊ တဿေဝ ရာဂဿ-ထို ကာယသံသဂ္ဂရာဂ၏ပင်၊ ဝသေန-အစွမ်းဖြင့်၊ တသ္မိံ ပုရိသေ- ထိုယောကျ်ား၌၊ ပဝတ္တာယ- ဖြစ်သော၊ အပေက္ခာယ- ရှုငဲ့ခြင်းနှင့်၊ ဝါ- ရှုငဲ့တတ်သောရာဂနှင့်၊ သမန္နာဂတာ-သည်၊ (ဟောတိ၊) ["အပေက္ခာ+ တော်ဿာ+ အတ္ထီတိ အပေက္ခဝတီ" ဟု ပြု။] ပဋိဗဒ္ဓစိတ္တာတိ - ကား၊ တေန ရာဂေန- ထို ကာယသံသဂ္ဂရာဂဖြင့်၊ တသ္မိံ ပုရိသေ - ၌၊ ဗန္ဓိတွာ - ဖွဲ့၍၊ ထပိတစိတ္တာဝိယ- ထားအပ်သောစိတ်ရှိသူကဲ့သို့၊ (ဟောတိ)၊ ဒုတိယပဒဝိဘင်္ဂေပိ-အဝဿုတဿ ဟူသော ဒုတိယပုဒ်၏ ဝိဘင်း၌လည်း၊ သေနယော – ဤနည်းတည်း၊ ပုရိသ ပုဂ္ဂလဿာတိ-ကား၊ ပုရိသ သဏ္ဍိတဿ-ယောကျ်ား ဟု ဆိုအပ်သော၊ ပုဂ္ဂလဿ-ပုဂ္ဂိုလ်၏၊ ( "အာမသနံ"စသည်၌ စပ်ပါ၊) [" သဏ္ဍိတ "ပုဒ်ကို ထည့်၍ ဖွင့်သဖြင့် ပုရိသနှင့်ပုဂ္ဂလတို့ အရကွဲမဟုတ်, အရတူဟု ပြသည်။] အဓက္ခကန္တိ-ကား၊ အက္ခကာနံ- ညှပ်ရိုး ၂ ဖက်တို့၏၊ အဓော - အောက်၌၎င်း၊ ဥဗ္ဘဇာဏုမဏ္ဍလန္တိ-ကား၊ ဇာဏုမဏ္ဍလာနံ- ပုဆစ်ဒူးဝန်းတို့၏၊ ဥပရိ- အထက်၌၎င်း၊ ("အာမသနံ"စသည်၌စပ်၊) ပဒဘာဇနေ ပန- ၌ကား၊ ပဒပဋိပါဋိယာ ဝေ- ပုဒ်အစဉ်အားဖြင့်သာလျှင်၊ ဟေဋ္ဌက္ခကံ ဥပရိ ဇာဏုမဏ္ဍလန္တိ-ဟူ၍၊ ဝုတ္တံ-ပြီ။

စ-ဆက်၊ ဧတ္ထ- ဤသိက္ခာပုဒ်၌၊ ဥဗ္ဘကပ္ပရမ္ပိ-တထောင်ဆစ်၏အထက်ကိုလည်း၊ ဥဗ္ဘဇာဏု မဏ္ဍလေနေဝ-ဥဗ္ဘဇာဏု မဏ္ဍလသဒ္ဒါဖြင့်ပင်၊ သင်္ဂဟိတံ- သိမ်းယူအပ်ပြီ၊ သေသံ - ကြွင်းသော ပုဒ်အပေါင်းသည်၊ မဟာဝိဘင်္ဂေ - ဘိက္ခုမဟာဝိဘင်း၌၊ ( ဘိက္ခုဝိဘင်း သံဃာဒိသေသ် အဖွင့်၌၊ ) ဝုတ္တနယေနေဝ – ဖြင့်သာ၊ ဝေဒိတဗ္ဗံ-၏၊ ပုရိမာယော ဥပါဒါယာတိ-ကား၊ သာဓာရဏ ပါရာဇိ

× × × × × × × ×

**ပဋိဗဒ္ဓစိတ္တာ**။ ။ပဋိဗဒ္ဓကို "ဗန္ဓိတွာ ထပိတ"ဟု အဓိပ္ပါယ်ဖွင့်သည်၊ "နွားချည်တိုင်၌ နွားကို ချည်ထားသော အခါ ထို နွားသည် ချည်တိုင်မှ မခွါနိုင်သကဲ့သို့, ထိုယောကျ်ားတည်းဟူသော အာရုံ၌ မခွါနိုင်လောက်အောင် စိတ်ရှိသူ"ဟု ဆိုလိုသည်၊ ယခုအခါ၌ "စွဲလမ်းသူ"ဟု ခေါ်၏။ [ပဋိဗဇ္ဈတိ–ဖွဲ့မိ ငြိနေ၏၊ ဣတိ ပဋိဗဒ္ဓံ၊ ပဋိဗဒ္ဓံ+ စိတ္တံ ဧတိဿာတိ ပဋိဗဒ္ဓစိတ္တာ၊ ယောဇနာ၌ "ပဋိဗန္ဓ "ဟု ရှိ၏၊ "ဗန္ဓိတွာ ထပိတ" ဟု ကံဟောဖွင့်သောကြောင့် တပစ္စည်းဖြင့် "ပဋိဗဒ္ဓ"ဟု ရှိခြင်းက ကောင်း၏။]

**ပဒဘာဇနေ၊ပေ၊ဝုတ္တံ**။ ။ဤ အဋ္ဌကထာ၌ " အက္ခကာနံ အဓော " ဟု၎င်း, " ဇာဏုမဏ္ဍလာနံ ဥပရိ " ဟု၎င်း အမြဲပုဒ် ဥဗ္ဘပုဒ်တို့ကို နောက်ထား၍ ဖွင့်သော်လည်း ပါဠိတော် ပဒဘာဇနီ၌ကား အဓော ဥဗ္ဘ တို့၏ အနက်ကို ပုဒ်အစဉ်အတိုင်း ရှေ့ကထား၍ "ဟေဋ္ဌက္ခကံ ဥပရိ ဇာဏုမဏ္ဍလံ"ဟု ဖွင့်သည် – ဟူလို၊ ထိုသို့ ဖွင့်သော်လည်း အနက်ပေးသောအခါ အဋ္ဌကထာအဖွင့်အတိုင်းသာ ပေးရသည်။ [ဥဗ္ဘဇာဏု မဏ္ဍလိကာ၏ဝိဂ္ဂဟကို ပါတိမောက်ဘာသာဋီကာ၌ ပြထားပြီ။]

ကေဟိ - ဘိက္ခုတို့နှင့်ဆက်ဆံသော ပါရာဇိကတို့ဖြင့်၊ စတသော - ကုန်သော၊ ပါရာဇိကာယော-တို့ကို၊ ဥပါဒါယ-ယူ၍၊ ဝါ-ထော်စာ၍၊ (အယမ္ပိတိ-ဟူ၍၊ ဝုစ္စတိ-၏၊ သမ္ဗန္ဓာနုတ္တ ပိသဒ္ဒါနှင့်တကွ ဆိုအပ်၏၊) ဣတိအတ္ထော၊ ပန-ဆက်၊ ဥဘ္တောဗျဉ္စနကလ္လာလိကာတိ ဣဒံ — ဥဘ္တောဗျဉ္စန မလ္လာလိကာဟူသော ဤပုဒ်သည်၊ ဣမိဿာ ပါရာဇိကာယ-၏၊ နာမမတ္တံ— အမည်မျှသာတည်း၊ တသ္မာ-ကြောင့်၊ ပဒဘာဇနေ- ၌၊ န ဝိစာရိတံ—မစိစစ်အပ်တော့။

ဝေံ-ဤသို့၊ ဝါ - ဤပါဠိတော်ဖြင့်၊ ( ဝိဘဇိတ္ဗာ၌ စပ်၊ ) ဥဒ္ဒိဋ္ဌသိက္ခာပဒံ—သရုပ်အရ ထုတ်ပြအပ်ပြီးသောသိက္ခာပုဒ်ကို၊ ပဒါနုက္ကမေန-ပုဒ်အစဉ်အားဖြင့်၊ ဝိဘဇိတ္ဗာ— တော်မူပြီး၍၊ ဣဒါနိ - ၌၊ အဝဿုတာဒိဘေဒေန - အဝဿုတ အစရှိသည်တို့၏ အပြားဖြင့်၊ အာပတ္တိဘေဒံ-အာပတ်အပြားကို၊ ဒဿေတုံ-ငှါ၊ ဥဘတော အဝဿုတေတိ အာဒိံ-ဥဘတော အဝဿုတေအစရှိသော စကားရပ်ကို၊ အာဟ - မိန့်တော်မူပြီ၊ တတ္ထ — ထို ဥဘတော အဝဿုတေအစရှိသော စကားရပ်၌၊ ဥဘတော အဝဿုတေတိ—ကား၊ ဥဘတော—ဘိက္ခုနီ,ယောကျ်ား ၂ ဦးသားတို့၏၊ အဝဿဝေ- ကာယသံသဂ္ဂရာဂဖြင့် စိုစွတ်ခြင်းသည်၊ (သတိ-သော်၊) ဘိက္ခုနိယာစေ- ၏ငှင်း၊ ပုရိသဿစ-၏ငှင်း၊ ကာယသံသဂ္ဂရာဂေန—သည်၊ အဝဿုတဘာဝေ-စိုစွတ်အပ်သည်၏ အဖြစ်သည်၊ သတိ—သော်၊ ဣတိ အတ္ထော၊ ကာယေန ကာယံ အာမသတီတိ - ကား၊ ဘိက္ခုနီ – သည်၊ ယထာ ပရိစ္ဆိန္နေန – အကြင် အကြင် ပိုင်းခြားအပ်ပြီးသော၊("အဓက္ခကံ ဥဗ္ဘဇာဏု မလ္လာလံ"ဟု ပိုင်းခြားအပ်ပြီးသော၊) ကာယေန- ဖြင့်၊ ပုရိသဿ-၏၊ ယံကိဉ္စိ-အမှတ်မရှိ တစုံတခုသော၊ ကာယံ – ကိုငှင်း၊ ပုရိသောဝါ— ယောကျ်ားသည် မူလည်း၊ ယေန ကေနစိ - အမှတ်မရှိ တစုံတခုသော၊ ကာယေန - ဖြင့်၊ ဘိက္ခုနိယာ-၏၊ ယထာပရိစ္ဆိန္နံ - သော၊ ကာယံ- ကိုငှင်း၊ အာမသတိ – သုံးသပ်အံ့၊ ဥဘယထာပိ- ၂ ပါးစုံ အခြင်းအရာအားဖြင့်လည်း၊ ဘိက္ခုနိယာ-၏၊ ပါရာဇိကံ-သည်၊ (ဟောတိ)။

ကာယေန ကာယပဋိဗဒ္ဓန္တိ- ကား၊ ဝုတ္တပ္ပကာရေန—ဟောတော်မူအပ်သော အပြားရှိသည်သာလျှင် ဖြစ်သော၊("အဓက္ခကံ ဥဗ္ဘဇာဏုမလ္လာလံ"ဟူ၍ ဟောတော်မူအပ်သော အပြားရှိသည်သာလျှင် ဖြစ်သော၊) အတ္တနော - ၏၊ ကာယေန-ဖြင့်၊ ပုရိသဿ-၏၊ ကာယပဋိဗဒ္ဓံ-ကိုယ်နှင့်စပ်သော ဝတ္ထုကိုငှင်း၊

× × × × × × × ×

**ဥဘတော အဝဿုတေ။** ။ဘိက္ခုနိယာ ပုရိသဿကိုကြည့်၍ ဥဘတော၌ တော ပစ္စည်းကို ဆဋ္ဌီအနက်ဟော ဟုငှင်း, အဝဿဝေကို ကြည့်၍ သုတေ၌ တပစ္စည်းကို ဘောအနက်ဟော ဟုငှင်း သိပါ၊ တပစ္စည်း၏ ဘောအနက် ဟောကြောင်း သိစေလို သောကြောင့်ပင် " အဝဿုတဘာဝေ " ဟု ဘာဝဝသဒ္ဒါဖြင့် ဖွင့်သည်၊ ဤ အဝဿုတ ဘာဝေ၌ တပစ္စည်းကား ကံဟောသာတည်း။

(အာမသတိဝ္ဟ စပ်၊ ) အာမသတီတိ တွေ – ၌၊ သယံဝါ· ဘိက္ခုနီဟူသော မိမိသည်မူလည်း၊ အာမသတု· သုံးသပ်ပစေ၊ တဿ-ထိုယောက်ျား၏၊ အာမသနံဝါ-သုံးသပ်ခြင်းကိုမူလည်း၊ သာဒယတု—သာယာပစေ၊ ထုလ္လစ္စယမေဝ-သည်သာ၊ (ဟောတိ)၊ ကာယပဋိဗဒ္ဓေန ကာယန္တိ-ကား၊ အတ္တနော - ၏၊ ဝုတ္တပ္ပကာရကာယပဋိဗဒ္ဓေန – (အစက္ခုကံ ဥဇ္ဇာဇာကာမဏ္ဍလံ ဟု) ဟောတော်မူအပ်သော အပြားရှိသောကိုယ်နှင့်စပ်သောဝတ္ထုဖြင့်၊ ပုရိသဿ· ၏၊ ကာယံ-ကို၊ (အာမသတိဝ္ဟစပ်၊) အာမသတီတိ ဧဝမာဒိ-၌လည်း၊ သယံဝါ- ဘိက္ခုနီ ဟူသော မိမိသည်မူလည်း၊ အာမသတု-သုံးသပ်ပစေ၊ တဿ—ထို ယောက်ျား၏၊ အာမသနံဝါ–ကိုမူလည်း၊ သာဒယတု—သာယာပစေ၊ ထုလ္လစ္စယမေဝ·သည်သာ၊(ဟောတိ)၊ အဝသေသပဒေသုပိ—ကြွင်းသောပုဒ်တို့၌လည်း၊ (“ နိဿဂ္ဂိယေန ကာယံ အာမသတိ ”အစရှိသော ပုဒ်တို့၌လည်း၊) ဧမိနာဝနယေန-ဤနည်းဖြင့်သာ၊ ဝိနိစ္ဆယော– ကို၊ ဝေဒိတဗ္ဗော-၏။

ပန-ဆက်၊ ဘိက္ခုစေဝ- သည်၎င်း၊ ဘိက္ခုနီစ- သည်၎င်း၊ သစေ ဟောတိ–အကယ်၍ဖြစ်အံ့၊ တတြ—ထိုသို့ ဖြစ်ရာ၌၊ (တနည်း)တတြ-ထို ဘိက္ခု,ဘိက္ခုနီတို့တွင်၊ ဘိက္ခုနီ—သည်၊ စေ အာမသတိ·အကယ်၍ သုံးသပ်အံ့၊ ဘိက္ခု-သည်၊ နိစ္စလော-မတုန်မလှုပ်သည်၊ ဟုတွာ-၍၊ စိတ္တေန-ဖြင့်၊ သာဒယတိ-သာယာအံ့၊ ဘိက္ခု-ကို၊ အာပတ္တိယာ-အာပတ်ဖြင့်၊ နကာရေတဗ္ဗော-မပြုစေထိုက်၊ ဝါ·မဆုံးဖြတ်ထိုက်၊ ဘိက္ခု-သည်၊ သစေ အာမသတိ- အကယ်၍ သုံးသပ်အံ့၊ ဘိက္ခုနီ-သည်၊ နိစ္စလော-မတုန်မလှုပ်သည်၊ ဟုတွာ-၍၊ စိတ္တေနေဝ-ဖြင့်သာ၊ အဓိဝါသေတိ - လက်ခံအံ့၊ ဝါ· သာယာအံ့၊ ကာယင် ်-ကိုယ်အင်္ဂါကို၊ အစောပယမာနာပိ- မလှုပ်စေပါသော်လည်း၊ ပါရာဇိကက္ခေတ္တေ-ပါရာဇိကခေတ်၌၊ (ပါရာဇိကဖြစ်လောက်ရာ ကိုယ်၏ အစိတ်အပိုင်း၌၊) ပါရာဇိကေန-ပါရာဇိကအာပတ်ဖြင့်၎င်း၊ ထုလ္လစ္စယက္ခေတ္တေ-၌၊ ထုလ္လစ္စယေန-ဖြင့်၎င်း၊ ဒုက္ကဋက္ခေတ္တေ-ဒုက္ကဋ်ခေတ်၌၊ (ဒုက္ကဋ်အာပတ် ဖြစ်လောက်ရာ ကာယပဋိဗဒ္ဓ၌၊) ဒုက္ကဋေန—ဒုက္ကဋ်အာပတ်ဖြင့်၎င်း၊ ကာရေတဗ္ဗာ- ပြုစေထိုက်၏၊ ဝါ- ဆုံးဖြတ်ထိုက်၏၊ ကသ္မာ - အဘယ့်ကြောင့်နည်း၊ ကာယသံသဂ္ဂံ သာဒယေယျာတိ-ဟူ၍၊ ဝုတ္တတ္တာ—မိန့်တော်မူအပ်

× × × × × × ×

**အာပတ္တိယာ နကာရေတဗ္ဗော။** ။ ဘိက္ခု၏ ကာယသံသဂ္ဂ သံဃာဒိသေသ်၌ “ကာယသံသဂ္ဂံ သာဒယေယျ”ဟု ဟောတော်မမူဘဲ “ကာယသံသဂ္ဂံ သမာပဇ္ဇေယျ–ကိုယ်ဖြင့် နှီးနှော·ခြင်းသို့ ရောက်အံ့”ဟု ရဟန်း၏ လုလ္လဗျာပါရပါရှိသော သမာပဇ္ဇနကြိယာဖြင့် ဟောတော်မူသောကြောင့် ဤ၌ “လုလ္လမပြုဘဲ စိတ်ဖြင့် သာယာနေသော ရဟန်းကို အာပတ်ဖြင့် မဆုံးဖြတ်ရ ” ဟု ဆိုသည်။ [ ဘိက္ခုဝိဘင်္ဂေ ကာယသံသဂ္ဂံ သာဒယေယျာတိ အဝတွာ သမာပဇ္ဇေယျာတိ ဝုတ္တတ္တာ ဘိက္ခု အာပတ္တိယာ န ကာရေတဗ္ဗောတိ ဝုတ္တံ၊–ဋီကာ။]

သည့်၏ အဖြစ်ကြောင့်တည်း၊ အယံ – ဤဆိုအပ်ပြီးသော အဆုံးအဖြတ်သည်၊ အဋ္ဌကထာသု-ရှေးအဋ္ဌကထာတို့၌၊ ဝိနိစ္ဆယော-တည်း၊ ပန-ဆက်၊ ဧဝံသတိ-ဤသို့ဆုံးဖြတ်လသော်၊ ကိရိယသမုဋ္ဌာနတာ- ကိရိယသမုဋ္ဌာန်၏ အဖြစ်သည်၊ န ဒိဿတိ - မထင်ရှား၊ ( "မပြုထိုက်သော အမှုကို ပြုခြင်းဟူသော ကိုယ်အမှုနှုတ်အမှု မထင်ရှား" ဟူလို။) တသ္မာ-ကြောင့်၊ တဗ္ဗာဟုလ္လနယေန– တဗ္ဗာဟုလ္လနည်းဖြင့်၊ (ကိရိယသမုဋ္ဌာန် များသည့်၏အဖြစ်ဟူသော တဗ္ဗာဟုလ္လနည်းဖြင့်၊) သာ-ထိုကိရိယသမုဋ္ဌာနတာကို၊ ဝုတ္တာ-ဆိုအပ်ပြီ၊ ဣတိ- သို့၊ ဝေဒိတဗ္ဗာ–၏။

ဥဗ္ဘက္ခကန္တိ-ကား၊ အက္ခကာနံ-ညှပ်ရိုးနှစ်ဖက်တို့၏၊ ဥပရိ-အထက်၌ငင်း၊ အဓောဇာဏုမဏ္ဍလန္တိ-ကား၊ ဇာဏုမဏ္ဍလာနံ-ပုဆစ်ဒူးဝန်းတို့၏၊ ဟေဋ္ဌာ-အောက်၌ငင်း၊(အာမသတိ၌စပ်၊)စ–ဆက်၊ ဧတ္ထ-ဤ ဥဗ္ဘက္ခကံ အဓောဇာဏုမဏ္ဍလံဟူသောပါဠ်၌၊ (တနည်း၊) ဧတ္ထ - ဤ ဥဗ္ဘက္ခက အဓောဇာဏုမဏ္ဍလတို့တွင်၊ အဓောကပ္ပရမ္ပိ – တထောင်ဆစ်၏ အောက်ကိုလည်း၊ အဓောဇာဏုမဏ္ဍလေနေဝ-အဓောဇာဏုမဏ္ဍလ သဒ္ဒါဖြင့်ပင်၊ သင်္ဂဟိတံ-သိမ်းယူအပ်ပြီ။

ကေဒဘာ အဝသဲ့တေတိဧတ္ထ-၌၊ ကေတောတိ-ဟူ၍၊ အဝိသေသေန-အထူးမပြု, သာမညအားဖြင့်၊ ကိဥ္စာပိ ဝုတ္တံ-အကယ်၍ကား မိန့်တော်မူအပ်ပါပေ၏၊ တထာပိ– ထိုသို့ပင် မိန့်တော်မူအပ်ပါသော်လည်း၊ ဘိက္ခုနိယာဝေ - ဘိက္ခုနီတဖက်၏သာ၊ အဝသုဧတ-ကာယသံသဂ္ဂရာဂဖြင့် စိုစွတ်ခြင်းသည်၊ သတိ-သော်၊ အယံ အာပတ္တိဘေဒေါ-ဤအာပတ်အပြားကို၊ ဝုတ္တော-မိန့်တော်မူအပ်ပြီ၊ ဣတိ, ဧဝေဒိတဗ္ဗော-ထိုက်၏။

× × × × × × × × ×

**တဗ္ဗာဟုလ္လနယေန။** ။ဋီကာ၌ ဗြာဟ္မဏဂါမောကို ပုံစံထုတ်၍ဆိုထား၏၊ [တဗ္ဗာဟုလ္လနယေနာတိ ကြိယာသမုဋ္ဌာနဿေဝ ဗဟုလဘာဝတော၊ ဒိဿတိ ဟိ တဗ္ဗာဟုလ္လနယေန တဗ္ဗောဟာရော၊ ယထာ ဗြာဟ္မဏဂါမောတိ၊ ဗြာဟ္မဏဂါမေပိ ဟိ အန္တမသော ရဇကာဒိနိ ပဉ္စကုလာနိ သန္တိ။–ဋီကာ။ ] ပုဏ္ဏားတည်းဟူသော ဌာနီတွေများသော ကြောင့် ဂါမကို"ဗြာဟ္မဏဂါမ"ဟု ဆိုထားရာ၌ နည်း ၄၀ ဝယ် "တဗ္ဗာဟုလ္လနည်း" ဟု မဆို "ယေဘုယျနည်း"ဟု ဆိုသည်၊ ဤ၌လည်း ကိရိယသမုဋ္ဌာန်တွေကများသော ကြောင့် ဤသိက္ခာပုဒ်၏ အဆုံး၌"ကိရိယံ"ဟုဆိုထား၏၊ ထို့ကြောင့် နည်းလေးဆယ်လာ ယေဘုယျနည်းကိုပင်"တဗ္ဗာဟုလ္လနယေန"ဆိုသည်ဟုမှတ်ပါ၊ ယောဇနာ၌ကား နည်းလေးဆယ်လာ တဗ္ဗာဟုလ္လနည်းနှင့် လျော်အောင် ဝနစရကော, သင်္ဂါမာဝစရော တို့ကို ထုတ်သွားလေသည်၊ စဉ်းစားပါလေ။

**ဘိက္ခုနိယာ ဝေ။** ။" ဘိက္ခုနီ၏ ကေတော, ပုရိသ၏ ကေတော " ဟု အထူးမခွဲ သာမညအားဖြင့် ဆိုထားသော်လည်း"အတ္တပကရဏာ လိင်္ဂါ, ဩစိတျာ ကာလ ဒေသတော"စသော စည်းကမ်းနှင့်အညီ ဘိက္ခုနီ၏အာပတ်ကို ပြနေသော သိက္ခာပုဒ် အရာဌာနအားလျော်စွာ"ဘိက္ခုနီ၏ ကေတောကိုသာ ယူပါ"ဟု သိစေလို၍ ကေတော ကို "ဘိက္ခုနိယာ ဝေ"ဟု ဖွင့်သည်။

တတြ - ထို ကေတော အဝဿုတေ အစရှိသော စကားရပ်၌၊ အယံ- ကား၊ အာဒိတော-မှ၊ ပဋ္ဌာယ-၍၊ ဝိနိစ္ဆယော-တည်း၊ ဘိက္ခုနီ-သည်၊ ကာယသံသဂ္ဂရာဂေန-သည်၊ အဝဿုတာ-စိုစွတ်အပ်သည်၊ (ဟောတိ-ဖြစ်အံ့၊)ပုရိသောပိ-သည်လည်း၊ တထေဝ-ထို့အတူ ကာယသံသဂ္ဂရာဂသည် စိုစွတ်အပ်သည်သာ၊ (ဟောတိ- ဖြစ်အံ့၊) အဓက္ခကေ—ညှပ်ရိုး ၂ ဖက်တို့၏ အောက်ဖြစ်သော၊ ဥဗ္ဘဇာဏုမဏ္ဍလေ-ပုဆစ်ဒူးဝန်း ၂ ဖက်တို့၏အထက်ဖြစ်သော၊ ကာယပ္ပဒေသေ-ကိုယ်၏ အစိတ်အပိုင်း၌၊ ကာယသံသဂ္ဂသာဒယနေ—ကိုယ်ဖြင့် နှိုးနှောခြင်းကို သာယာခြင်းသည်၊ သတိ-သော်၊ ဘိက္ခုနိယာ-၏၊ ပါရာဇိကံ-သည်၊(ဟောတိ)၊ ဘိက္ခုနိယာ-၏၊ ကာယသံသဂ္ဂရာဂေါ- သည်၊(ဟောတိ- ဖြစ်အံ့၊)ပုရိသဿ-၏၊ မေထုနရာဂေါဝါ-သည်သော်၎င်း၊ ဂေဟဿိတပေမံဝါ- အိမ်၌မှီသော ချစ်ခြင်းသည်သော်၎င်း၊ သုဒ္ဓစိတ္တံဝါ— သန့်ရှင်းသော စိတ်သည် သော်၎င်း၊ ဟောတု—ဖြစ်ပစေ၊ ထုလ္လစ္စယမေဝ- သည်သာ၊ (ဟောတိ)၊ ဘိက္ခုနိယာ - ၏၊ မေထုနရာဂေါ—သည်၊(ဟောတိ-အံ့၊)ပုရိသဿ-၏၊ ကာယသံသဂ္ဂရာဂေါဝါ, မေထုနရာဂေါဝါ,ဂေဟဿိတပေမံဝါ,သုဒ္ဓစိတ္တံဝါ ဟောတု၊ ဒုက္ကဋံ-သည်၊(ဟောတိ)၊ ဘိက္ခုနိယာ—၏၊ ဂေဟဿိတပေမံ— သည်၊ (ဟောတိ- အံ့၊) ပုရိသဿ—၏၊ ဝုတ္တေသု - ဆိုအပ်ပြီးကုန်သော၊ စတူသု- လေးပါးကုန်သော ကာယသံသဂ္ဂရာဂစသည်တို့တွင်၊ ယံဝါတံဝါ - အမှတ်မထား တပါးပါးသည်မူလည်း၊ ဟောတု—ဖြစ်စေ၊ ဒုက္ကဋမေဝ—သည်သာ၊(ဟောတိ)၊ ဘိက္ခုနိယာ—၏၊ သုဒ္ဓစိတ္တံ-သည်၊ (ဟောတိ-အံ့၊) ပုရိသဿ- ၏၊ ဝုတ္တေသု- ကုန်သော၊ စတူသု- တို့တွင်၊ ယံဝါတံဝါ-သည်မူလည်း၊ ဟောတု-စေ၊ အနာပတ္တိ။

ပန- ကား၊ ဘိက္ခုစေဝ- သည်၎င်း၊ ဘိက္ခုနီစ- သည်၎င်း၊ သစေ ဟောတိ-အံ့၊ ဥဘိန္နံ – ဘိက္ခု ဘိက္ခုနီ ၂ ဦးလုံးတို့၏၊ ကာယသံသဂ္ဂရာဂေါ – သည်၊ (ဟောတိ-အံ့၊) ဘိက္ခုဿ-၏၊ သံဃာဒိသေသော-သည်၊ (ဟောတိ)၊ ဘိက္ခုနိယာ- ၏၊ ပါရာဇိကံ (ဟောတိ)၊ ဘိက္ခုနိယာ-၏၊ ကာယသံသဂ္ဂရာဂေါ-သည်၊ ( ဟောတိ – အံ့၊ ) ဘိက္ခုဿ – ၏၊ မေထုနရာဂေါဝါ ဂေဟဿိတပေမံဝါ၊ (ဟောတိ - အံ့၊) ဥဘိန္နမ္ပိ - ဘိက္ခု ဘိက္ခုနီ ၂ ဦးလုံး တို့၏လည်း၊ ဒုက္ကဋမေဝ၊ (ဟောတိ)၊ ယဿ-အကြင်ပုဂ္ဂိုလ်၏၊ ယတ္ထ-အကြင် သုံးသပ်ခြင်း၌၊ သုဒ္ဓစိတ္တံ-သည်၊ (ဟောတိ-၏၊) တဿ— ထိုပုဂ္ဂိုလ်၏၊ တတ္ထ- ထို သုံးသပ်ခြင်း၌၊ အနာပတ္တိ၊ (ဟောတိ-၏၊) ဥဘိန္နမ္ပိ-တို့၏လည်း၊ သုဒ္ဓစိတ္တံ (ဟောတိ-အံ့၊) ဥဘိန္နမ္ပိ-တို့၏လည်း၊ အနာပတ္တိ၊ (ဟောတိ)၊ ဣတိအယံ—ဤ ဆိုအပ်ပြီးကား၊ (ဝိနိစ္ဆယော-တည်း၊) [ဣတိသဒ္ဒါ ပါစေရမည်၊ မပါလျှင် ထည့်ပါ။]

အနာပတ္တိ အသဉ္စိစ္စာတိ အာဒိသု-တို့၌၊ ဝိရဇ္ဈိတွာ-ချွတ်ချော်၍၊ အာမသန္တိယာဝါ-သုံးသပ်မိသော ရဟန်းမ၏၎င်း၊ အညဝိဟိတာယ—အခြားသောအာရုံ၌

ထားအပ်သောစိတ် ရှိသည်ဖြစ်၍၊ (အာမသန္တိယာ)ဝါ– ၏ငှင်း၊ အယံ– ဤသူ ကား၊ ပုရိသော-တည်း၊ ဣတိဝါ– ဤသို့သော်ငှင်း၊ အယံ-ကား၊ ဣတ္ထီ-တည်း၊ ဣတိဝါ- ဤသို့သော်ငှင်း၊ အဇာနန္တိယာ - မသိသည်ဖြစ်၍၊ (အာမသန္တိယာ) ဝါ-၏ငှင်း၊ တေန- ထိုယောကျ်ားသည်၊ ဖုဋ္ဌာယပိ- တွေ့ထိအပ်သော်လည်း၊ တံ ဖဿံ - ထို အတွေ့ကို၊ အသာဒယန္တိယာဝါ- မသာယာသော ရဟန်းမ၏ငှင်း၊ အာမသနေ-သုံးသပ်ခြင်းသည်၊ သတိပိ-ရှိပါသော်လည်း၊ အနာပတ္တိ၊ (ဟောတိ)၊ သမ္ဗန္ဓ-အလုံးစုံသော ဝါရတို့၌၊ သေသံ-ကြွင်းသော ပုဒ်အပေါင်းသည်၊ ဥတ္တာန မေဝ-သည်သာ၊ ပဌမပါရာဇိက သမုဋ္ဌာန်၊ပေါဒ္ဓိဝေဒနံ၊ ဣတိ-အပြီးတည်း။.... ပဌမပါရာဇိကံ၊ (သမတ္တံ)။

# ဒုတိယပါရာဇိက သိက္ခာပုဒ်

ဒုတိယေ- ဖြစ်သော၊ ပါရာဇိကေ- ၌၊ ကစ္စိနော သာတိ–ကား၊ ကစ္စိ-အသို နည်း၊ သာ-ထို သုန္ဒရီနန္ဒာသည်၊ (ဂန္တိနီ- ကိုဝန်ရှိသည်၊ ဟောတိနု - ဖြစ်သ လော၊ )[နောသည် နု၏ ပရိယာယ်တည်းဟု သိစေလို၍ "ကစ္စိနု" ဟုဖွင့်သည်။] အဝဿုတာတိ-ကား၊အဂုဏော-ဂုဏ်၏ဆန့်ကျင်ဘက် အပြစ်သည်၊(ဟောတိ)၊ အကိတ္တိတိ–ကား၊ နိန္ဒာ-ကဲ့ရဲ့ခံရခြင်းသည်၊(ဟောတိ)၊ အယသောတိ-ကား၊ ပရိဝါရဝိပတ္တိ–အခြံအရံ၏ ပျက်စီးခြင်းသည်၊(ဟောတိ)၊ ဝါ-တနည်း၊ ပရမ္မုခ ဂရဟာ– မျက်ကွယ် ကဲ့ရဲ့ခြင်းသည်၊ (ဟောတိ)။

သာဝါ အာရောစေတီတိ- ကား၊ ယာ-အကြင် ဘိက္ခုနီသည်၊ ပါရာဇိကံ– သို့၊ အာပန္နာ-ရောက်ပြီ၊ သာ-ထို ဘိက္ခုနီသည်၊ သယံ- ကိုယ်တိုင်၊ အာရောစေ တိ- ပြောလာအံ့၊ အဋ္ဌန္နံပါရာဇိကာနံ အညတရန္တိ– ကား၊ ဘိက္ခုဟိ–ရဟန်း ယောကျ်ားတို့နှင့်၊ သာဓာရဏာနံ-ဆက်ဆံကုန်သော၊ စတုန္နံ-ကုန်သော ပါရာ ဇိကတို့တွင်ငှင်း၊ အသာဓာရဏာနံ– မဆက်ဆံကုန်သော၊ စတုန္နမေဝစ-လေး ပါးပင်လျှင်ဖြစ်ကုန်သော ပါရာဇိကတို့တွင်ငှင်း၊ အညတရံ-ကပါးပါးသော ပါရာ ဇိကသို့၊ (အဇ္ဈာပန္နံ၌စပ်၊) စ - ဆက်၊ ဣဒံ ပါရာဇိကံ - ဤ ဒုတိယပါရာဇိက သိက္ခာပုဒ်ကို၊ ပစ္ဆာ-ပါရာဇိကတို့တွင် နောက်ဆုံး၌၊ ပညတ္တံ- အပ်ပြီ၊ တသ္မာ- ကြောင့်၊ အဋ္ဌန္နန္တိ-ဟူ၍၊ ဝိဘင်္ဂေ - ၌၊ ဝုတ္တံ - ဟောတော်မူအပ်ပြီ၊ ပန-ဆက်၊ ပုရိမေန - ရှေ့ဖြစ်သော ပဌမပါရာဇိကနှင့်၊ သဒ္ဓိံ - တကွ၊ ယုဂဠတ္တာ- အစုံ၏

× × × × × × ×

**အယသော ။** ။ ပရိဝါရအယသ, ကိတ္တိအယသ နှစ်မျိုးတွင် ကိတ္တိအယသကို အကိတ္တိသဒ္ဒါဖြင့် ယူပြီးဖြစ်သောကြောင့် "ပရိဝါရဝိပတ္တိ" ဟု ဖွင့်သည်၊ တနည်း— အကိတ္တိ ဟူသော အယသသည် မျက်မှောက်ကဲ့ရဲ့ခြင်း ဖြစ်သောကြောင့် မျက်ကွယ် ကဲ့ရဲ့ခြင်းကို "အယသ"ဟု ယူစေလို၍ "ပရမ္မုခဂရဟာ ဝါ"ဟု တနည်း ဖွင့်ပြန်သည်။

အဖြစ်ကြောင့်၊ ဣမသ္မိံ ဩကာသေ - ဤ ဒုတိယပါရာဇိက နေရာ၌၊ ထပိတံ- သံဂါယနာတင်ထေရ်တို့ ထားအပ်ပြီ၊ ဣတိ-သို့၊ ဝေဒိတဗ္ဗံ-၏။ [ဤဝါကျများ၏ အဓိပ္ပါယ်ကို ကင်္ခါဘာသာဋီကာ၌ ပြထားပြီ။]

ဓုရံ နိက္ခိတ္တမတ္တေတိ—ကား၊ ဓုရေ- တာဝန်ကို၊ နိက္ခိတ္တမတ္တေ – ချအပ်ပြီး ကာမျှ ဖြစ်လသော်၊ ("အဿမဏီ ဟောတိ "၌စပ်၊) [ လက္ခဏာနှင့် လက္ခဏာ ဝန္တတို့ ဝိဘတ်တူမြဲ ဖြစ်ရကား "ဓုရံ"ကို "ဓုရေ" ဟု ဖွင့်သည်၊ ဓုရံ၌ ဝိဘတ္တိ ဝိပလ္လာသ-ဟူလို။] ပန - ဆက်၊ ဧတ္ထ – ဤ ဒုတိယပါရာကဇိက သိက္ခာပုဒ်၌၊ ဝိတ္ထာရကထာ - အကျယ်ဖြစ်သော စကားကို၊ သပ္ပါဏကဝဂ္ဂမှိ - သပါဏက ဝဂ်၌၊ ဒုဋ္ဌုလ္လသိက္ခာပဒေ- ဒုဋ္ဌုလ္လာပတ္တိပဋိစ္ဆာဒန သိက္ခာပုဒ်၌၊ ဝုတ္တနယေနေဝ-သာ၊ ဝေဒိတဗ္ဗာ၊ ဟိ-အထူးကား၊ တတြ-ထိုဒုဋ္ဌုလ္လာပတ္တိပဋိစ္ဆာဒနသိက္ခာ ပုဒ်၌၊ ပါစိတ္တိယံ(ဟောတိ)၊ ဣဓ-ဤဒုတိယပါရာဇိက သိက္ခာပုဒ်၌၊ ပါရာဇိကံ (ဟောတိ)၊ ဣတိ အယမေဝ-ဤပါစိတ်၏အဖြစ် ပါရာဇိက၏အဖြစ်သည်သာ၊ ဝိသေသော-ထူး၏၊သေသံ-ကြွင်းသော အစီအရင်ကို၊ တာဒိသမေဝ-ထို သိက္ခာ ပုဒ်၏ အစီအရင်ကဲ့သို့ ရှုအပ်သည်သာ၊ ဝဇ္ဇပဋိစ္ဆာဒိကာတိ ဣဒမ္ပိ – ဝဇ္ဇပဋိ စ္ဆာဒိကာ ဟူသော ဤပုဒ်သည်လည်း၊ ဣမိဿာ ပါရာဇိကာယ-၏၊ နာမမတ္တ မေဝ-အမည်မျှသာတည်း၊ တဿာ-ကြောင့်၊ ပဒဘာဇနေ-၌၊ နဝိစာရိတံ- စိစစ် တော်မမူအပ်၊ သေသံ၊ပေ၊ ဒုက္ခဝေဒနံတိ၊ (ဣဒမ္ပိ၌ ပိဖြင့် ဇာဏုမဏ္ဍလိကာကို ပေါင်း၊) [ဒုက္ခဝေဒနံနှင့်စပ်၍မှတ်ဘွယ်ကို ကင်္ခါဘာသာဋီကာ၌ပြထားပြီ။].... ဒုတိယပါရာဇိကံ (သမတ္တံ)။

## တတိယပါရာဇိက သိက္ခာပုဒ်

တတိယေ-၌၊ ဓမ္မေနာတိ-ကား၊ ဘူတေန-ဟုတ်မှန်သော၊ ဝတ္ထုနာ-နှင်ထုတ် ခြင်း၏ အကြောင်းဝတ္ထုဖြင့်၊ ဝိနယေနာတိ- ကား၊ စောဒေတွာ- စောဒနာပြီး၍၊ သာရေတွာ - အပြစ်ကို အမှတ်ရစေပြီး၍၊ (ဥက္ခိတ္တံ ၌စပ်၊) [ဓမ္မေနကို ဘူတေန ဝတ္ထုနာ ဟုရင်း, ဝိနယေနကို စောဒနာသာရဏာ ဝိနည်း ဟုရင်း, ယူရမည် ဖြစ်လျှင် အဘယ်ကြောင့် ပဒဘာဇနီ၌ " ယေန ဓမ္မေန ယေန ဝိနယေန "- ဟု သာမညအားဖြင့် ဟောတော်မူအပ်ပါသနည်းဟု မေးဘွယ်ရှိသောကြောင့် "ပဒ ဘာဇနံ ပန၊ပေ၊ဝုတ္တံ"ဟု မိန့်။]ပန-ဆက်၊ အဿ-ထို ဓမ္မေန ဝိနယေနဟူသော ပုဒ်၏၊ ပဒဘာဇနံ-ပဒဘာဇနီကို၊ (ဝုတ္တံ၌စပ်၊) ယေန ဓမ္မေန-အကြင်ဓမ္မဖြင့်၊ ယေန ဝိနယေန-အကြင်ဝိနယဖြင့်၊ ဥက္ခိတ္တော - နှင်ထုတ်အပ်သူသည်၊ သု ဥက္ခိ တ္တော- ကောင်းစွာ နှင်ထုတ်အပ်သူ မည်သည်၊ ဟောတိ - ၏၊ ဣတိ - သို့၊ ဣမံ အဓိပ္ပါယမတ္တံ-ဤ အဓိပ္ပါယ်မျှကို၊ ဒဿေတုံ-ငှါ၊ ဝုတ္တံ-ဟောတော်မူအပ်ပြီ။

သတ္တုသာသနေနာတိ-ကား၊ ဥတ္တိသမ္ပဒါယစေဝ-ပြည့်စုံသော ဉတ်ဖြင့်၎င်း၊ အနုဿာဝန သမ္ပဒါယစ-ပြည့်စုံသော ကမ္မဝါစာဖြင့်၎င်း၊ (ဥက္ခိတ္တ၌စပ်၊) ပန-ဆက်၊ အဿ-ထို သတ္တုသာသနေနဟူသော ပုဒ်၏၊ ပဒဘာဇနေ-၌၊ ဇိနသာသနေန ဗုဒ္ဓသာသနေနာတိ-ဟူ၍၊ ဝေဝစန မတ္တမေဝ-ဝေဝုစ် ပရိယာယ်မျှကိုသာ၊ ဝုတ္တံ-ပြီ၊ ["သတ္ထု-မြတ်စွာဘုရား၏၊ သာသနံ – ဆုံးမတော်မူကြောင်း" ဟူသည် "ပြည့်စုံသောဉတ်, ပြည့်စုံသော ကမ္မဝါစာတည်း" ဟူလို၊ ပြည့်စုံဟူသည်ကား ဌာန်ကရိုဏ်း၏ ပြည့်စုံခြင်း, "အယံ တိဿောဘိက္ခု " စသည်ဖြင့် ပါသင့်ရာ ပုဂ္ဂိုလ်၏နာမည်များ ပါခြင်းတည်း။]

သံဃံဝါ ဂဏံဝါတိအာဒီသု-တို့၌၊ ယေန သံဃေန-သည်၊ ကမ္မ-ဥက္ခေပနီယ ကံကို၊ ကတံ-ပြီ၊ တံ သံဃံဝါ- ကိုသော်၎င်း၊ တတ္ထ- ထိုသံဃာ၌၊ ဝါ-တွင်၊ သမ္ဗ ဟုလ သန်ါတံ - များစွာသောပုဂ္ဂိုလ်ဟု ဆိုအပ်သော၊ ဂဏံဝါ - ကိုသော်၎င်း၊ ဧကပုဂ္ဂလံဝါ - ကိုသော်၎င်း၊ တံ ကမ္မံဝါ - ထို ဥက္ခေပနီယကံ ကိုသော်၎င်း၊ န အာဒိယတိ-မနာယူ၊ ဝါ-ဂရုမစိုက်၊ ["န အာဒိယတိ-မယူ "ဟူသည်ကား ထို သံဃာစသည်ကို ဂရုမစိုက်ခြင်းတည်း၊] န အနုဝတ္တတိ-အစဉ်မလိုက်၊ တတ္ထ-ထို သံဃာစသည်တို့၌၊ အာဒရံ–ရှိသေခြင်းကို၊ န ဇနေတိ-မဖြစ်စေ၊ ဣတိအတ္ထော။

သမာန သံဝါသကာ၊ ပေ၊ နတ္ထိတိတ္ထေ - ဟူသော ဤပါဠိ၌၊ ဧကကမ္မံ - တခု တည်းသောကံ၎င်း၊ ဧကုဒ္ဒေသော-တခုတည်းသော ပါတိမောက္ခုဒ္ဒေသ၎င်း၊ သမ သိက္ခတာ - အတူတကွ ကျင့်အပ်သော သိက္ခာရှိသူ၏အဖြစ်၎င်း၊ [တချို့နေရာ၌ "သမသိက္ခာ"ဟု ရှိ၏၊ "အတူတကွကျင့်အပ်သော သိက္ခာ၎င်း"ဟု ပေး။] ဣတိ အယံ- ဤ ဆိုအပ်ပြီးကား၊ တာဝ – သမာန သံဝါသကစသည်တို့မှ ရှေးဦးစွာ၊ သံဝါသော – သံဝါသတည်း၊ ဧတေသံ – ဤရဟန်းတို့၏၊ သမာနော-တူသော၊ သံဝါသော - ဧကကမ္မ ဧကုဒ္ဒေသ သမသိက္ခာဟူသော သံဝါသသည်၊ (အတ္ထိ)၊ ဣတိ–ထို့ကြောင့်၊ တေ– ထိုရဟန်းတို့သည်၊ သမာန သံဝါသကာ- တို့မည်၏၊ ဧဝရူပါ-ဤသို့ သဘောရှိကုန်သော၊ ဘိက္ခူ-တို့ကို၊ ဘိက္ခုဿ-ရဟန်း၏၊ တဿိံ သံဝါသေ-ထို သံဝါသ၌၊ သဟ-တကွ၊ အယနဘာဝေန-ဖြစ်တတ်ကုန်သည်၏ အဖြစ်ကြောင့်၊ သဟာယာတိ-တို့ဟူ၍၊ ဝုစ္စန္တိ-ဆိုအပ်ကုန်၏၊ ["သဟ+အယ န္တိတိ သဟာယာ "ဟု ပြုဘို့ရန် " သဟ + အယနဘာဝေန "ဟု ဝိဂြိုဟ်ပြ၏။] ဣဒါနိ- ၌၊ ယေန သံဝါသေန - အကြင် သံဝါသကြောင့်၊ တေ- ထိုရဟန်းတို့ကို၊ သမာနသံဝါသကာတိ – သမာနသံဝါသက တို့ဟူ၍၊ ဝုတ္တာ - မိန့်တော်မူအပ် ကုန်ပြီ၊ သော သံဝါသော-ထို သံဝါသသည်၊ တဿ ဥက္ခိတ္တကဿ-ထို ဥက္ခိတ္တက ရဟန်း၏၊ တေဟိ–ထိုရဟန်းတို့နှင့်၊ သဒ္ဓိံ-တကွ၊ နတ္ထိ-မရှိ၊ စ-ဆက်၊ ယေဟိ- အကြင်ရဟန်းတို့နှင့်၊ သဒ္ဓိံ-တကွ၊ တဿ-ထို ဥက္ခိတ္တကရဟန်း၏၊ သော သံဝါ သော-ထို သံဝါသသည်၊ နတ္ထိ-မရှိ၊ တေန-ထိုရဟန်းသည်၊ တေဘိက္ခူ-ထိုရဟန်း

တို့သည်၊ ဝါ-တို့ကို၊ အတ္တနော-မိမိ၏၊ သဟာယာ-အဖော်တို့သည်၊ ဝါ-တို့ကို၊ ကတာ-ပြုအပ်ကုန်သည်၊ န ဟောန္တိ-မဖြစ်ကုန်၊ တသ္မာ-ကြောင့်၊ သမာန သံဝါသကာ၊ပေ၊အကတသဟာယောတိ-ဟူ၍၊ ဝုတ္တံ-ဟောတော်မူအပ်ပြီ၊ [ဤဝါကျများ၏ အဓိပ္ပါယ်ကို ကင်္ခါဘာသာဋီကာ၌ ပြထားပြီ၊] သေသံ - ကြွင်းသော အစီအရင်သည်၊ သံဃဘေဒ သိက္ခာပဒါဒီသု- တို့၌၊ ဝုတ္တနယတ္တာ - ဆိုအပ်ပြီးသော နည်း ရှိကုန်သည်၏အဖြစ်ကြောင့်၊ ဥတ္တာနမေဝ၊ပေ၊ ဒုက္ခဝေဒနန္တိ။....တတိယ ပါရာဇိကံ (သမတ္တံ)။

## စတုတ္ထပါရာဇိက သိက္ခာပုဒ်

စတုတ္ထေ- ၌၊ အဝဿုတာတိ- ကား၊ လောကဿာဒ မိတ္တသန္ထဝဝသေန– လူအပေါင်းသည် သာယာအပ်သော မိတ်ဆွေဖွဲ့ခြင်း၏အစွမ်းဖြင့်၊ ကာယသံသဂ္ဂရာဂေန - ကာယသံသဂ္ဂရာဂသည်၊ အဝဿုတာ- စိုစွတ်အပ်သည်၊ (ဟုတ္ဝာ) ( သာဒယန္တိ ၌စပ်၊ ) ဒုတိယပဒေပိ – အဝဿုတဿဟူသော ဒုတိယပုဒ်၌လည်း၊ ဧသေဝနယော- ပင်တည်း၊ ပန- ဆက်၊ ပုရိသပုဂ္ဂလဿ ဟတ္ထဂ္ဂဟဏံ ဝါတိ အာဒီသု – ပုရိသပုဂ္ဂလဿ ဟတ္ထဂ္ဂဟဏံဝါ အစရှိသော ပါဠိရပ်တို့၌၊ (အတ္တော ဧဝံ ဝေဒိတဗ္ဗော၊) ပုရိသပုဂ္ဂလေန-ယောကျ်ားပုဂ္ဂိုလ်သည်၊ ဟတ္ထေ- လက်၌၊ ယံ ဂဟဏံ-အကြင်ကိုင်ခြင်းကို၊ ကတံ-ပြီ၊ တံ-ထို ကိုင်ခြင်းကို၊ ပုရိသပုဂ္ဂလဿ ဟတ္ထဂ္ဂဟဏန္တိ- ဟူ၍၊ ဝုတ္တံ - မိန့်တော်မူအပ်ပြီ။ [ဤဝါကျများနှင့် စပ်၍ မှတ်ဘွယ်ကို ကင်္ခါဘာသာဋီကာ၌ ပြထားပြီ။] သံဃာဋိကဏ္ဏဂ္ဂဟဏေပိ- သံဃာဋိကဏ္ဏဂ္ဂဟဏ ၌လည်း၊ ဧသေဝနယော-တည်း၊ စ-ဆက်၊ ဟတ္ထဂ္ဂဟဏန္တိ ဧတ္ထ-၌၊ ဟတ္ထဂ္ဂဟဏာဒ္ဓ-လက်ကိုကိုင်ဆွဲခြင်းကိုဥင်း၊ အညမ္ပိ-ဟတ္ထဂ္ဂဟဏမှ အခြားလည်း ဖြစ်သော၊ အပါရာဇိကက္ခေတ္တေ – ပါရာဇိကခေတ် မဟုတ်သော အရပ်၌၊ ဂဟဏာဒ္ဓ-ကိုင်ခြင်းကိုဥင်း၊ ဧကဇ္ဈံ-တပေါင်းထည်း၊ ကတွာ-၍၊ ဟတ္ထဂ္ဂဟဏန္တိ-ဟူ၍၊ ဝုတ္တံ-ပြီ၊ ဣတိ ဝေဒိတဗ္ဗံ၊ တေနေဝ-ထို့ကြောင့်ပင်၊(လက်ကိုကိုင်ခြင်း , ပါရာဇိကခေတ် မဟုတ်သောအရပ်၌ ကိုင်ခြင်းကို တပေါင်းထည်းပြု၍ မိန့်တော်မူခြင်းကြောင့်ပင်၊)အဿ-ထိုဟတ္ထဂ္ဂဟဏံဟူသောပုဒ်၏၊ပဒဘာဇနေ- ၌၊ ဟတ္ထဂ္ဂဟဏံဝါ၊ပေ၊ အာပတ္တိ ထုလ္လစ္စယဿာတိ - ဟူ၍၊ ဝုတ္တံ - မိန့်တော်မူ အပ်ပြီ။

စ-ဆက်၊ ဧတ္ထ-၌ဟတ္ထဂ္ဂဟဏံဝါအစရှိသောစကားရပ်၌၊ကာယသံသဂ္ဂေါ်-ကာယသံသဂ္ဂကို၊ အသဒ္ဓမ္မောတိ–ဟူ၍၊ ဝေဒိတဗ္ဗော - ၏၊ မေထုနဓမ္မော - ကို၊ (အသဒ္ဓမ္မောတိ-ဟူ၍၊ န ဝေဒိတဗ္ဗော၊)ဟိ-မှန်၏၊ မေထုနဿ-၏၊ သာမန္တာ-အနီး၌၊ ထုလ္လစ္စယံ- သည်၊ န ဟောတိ- မဖြစ်၊ စ-ဆက်၊ ဧတ္ထ- ၌ကာယသံသဂ္ဂ

ကို အသဒ္ဓမ္မ ဟု သိထိုက်ရာ၌၊ ဝိညူ၊ပေ၊သမာပဇ္ဇိတုန္တိ ဝစနမ္ပိ-ဝိညူ ၊ပေ၊သမာပဇ္ဇိတုံ ဟူသော စကားသည်လည်း၊ သာခကံ - ဤအနက်ကို ပြီးစေတတ်သော သက်သေခံ စကားတည်း။

တိဿိတ္ထိယော(တိဿော ဣတ္ထိယော တိဿု ဣတ္ထီသု)-၃ယောက်ကုန်သော မိန်းမတို့၌၊(ယံ) မေထုနံ-အကြင် မေထုန်သည်၊ ( အတ္ထိ )၊ တံ မေထုနံ - ကို၊ နသေဝေ — မမှီဝဲ၊ ( တံကို ဧ ပြု၊ ) တယော ပုရိသေ - သုံးယောက်ကုန်သော ယောကျ်ားတို့၌ရင်း၊ တယော — သုံးယောက်ကုန်သော၊ **အနရိယပဏ္ဍကေစ**-မမြင့်မြတ်သော(ယုတ်ညံ့သော)ပဏ္ဍုက်တို့၌ရင်း၊(ယံမေထုနံ အတ္ထိ၊တံမေထုနံ နသေဝေ၊)ဗျဉ္ဇနသ္မိံ စ-မိမိ၏နိမိတ်၌လည်း၊ မေထုနံ-ကို၊ န **အာစရေ**-မပြုကျင့်၊ (အထ-ထိုသို့ ဖြစ်ပါလျက်၊)မေထုနဓမ္မပစ္စယာ-မေထုနဓမ္မဟူသော အကြောင်းကြောင့်၊ ဆေဇ္ဇံ-သာသနာတော်ဝယ် အမြစ်အရင်း၏ ပြတ်ခြင်းသည်၊ ဝါ-ပါရာဇိကကျခြင်းသည်၊ သိယာ- ဖြစ်၏၊ သောပဉှာ - ဤ ပြဿနာကို၊ ကုသလေဟိ-ဝိနည်းကျွမ်းကျင် ပညာရှင်တို့သည်၊ စိန္တိတာ-ကြံစည်အပ်ပြီ၊ ဣတိ- ဤသို့၊ ပရိဝါရေ-ပရိဝါပါဠိတော်၌၊ ဝုတ္တာယ- သံဂါယနာတင် ထေရ်တို့ မိန့်ဆိုအပ်သော၊ ဣမာယ သေဒမောစက ဂါထာယ - ဤ သေဒမောစကာ ဂါထာနှင့်၊ ဝိရုဇ္ဈတိ-

× × × × × × ×

**သာခကံ။** ။“အသဒ္ဓမ္မ”ဟု လာလျှင် အခြားနေရာ၌ “မေထုန ဓမ္မ” ကို ယူရိုးရှိပါလျက် ဤသိက္ခာပုဒ်ဝယ်“ကာယသံသဂ္ဂ”ကို “အသဒ္ဓမ္မ”ဟု သိထိုက်သည်ဟူသော စကားရပ်၌ အဘယ်သက်သေခံ ရှိပါသနည်း ဟု မေးဖွယ်ရှိသောကြောင့်“ဝိညူ၊ပေ၊ သာခကံ”ဟု မိန့်သည်၊ ဤသိက္ခာပုဒ်ဝယ် “ပုရိသပုဂ္ဂလဿ”ဟူသော မာတိကာပုဒ်၏ ပဒဘာဇနီ၌ “ပုရိသပုဂ္ဂလဿ ” အရ “ ဝိညူ၊ပေ၊ ကာယသံသဂ္ဂံ သမာပဇ္ဇိတုံ” ဟု ဟောတော်မူအပ်သော စကားတော်သည် ကာယသံသဂ္ဂကို အသဒ္ဓမ္မဟု သိထိုက်ရာ၌ သက်သေခံ ဖြစ်သည်—ဟူလို၊ “ဝစနမ္ပိ”၌ ပိသဒ္ဒါဖြင့် “နဟိ၊ပေ၊ ဟောတိ ” ဟူသော ရှေ့ဝါကျ၏ အနက်ကို ပေါင်းသည်။

**တိဿိတ္ထိယော။** ။“တိဿု ဣတ္ထီသု”ဟု ဆိုလိုလျက် ဝိဘတ္တိဝိပလ္လာသအားဖြင့် ဒုတိယာဝိဘတ်ဖြင့် ဆိုသည်၊ တနည်း—“တိဿော ဣတ္ထိယော—တို့သို့၊ (ဥပဂန္တွာ—ကပ်၍၊)”ဟု သော်လည်း ကြိယာထည့်၍ အနက်ပေးပါ၊ မိန်းမ ၃ ယောက်ဟူသည်-လူမိန်းမ, နတ်မိန်းမ, ဥဘတောဗျည်းမ, တို့တည်း၊ “ တယော ပုရိသော တယော အနရိယပဏ္ဍကေ” တို့၌လည်း သတ္တမီမှ ဒုတိယာပြန်နေသည်ကို သိပါ၊ “ န စာစရေ မေထုနံ ဗျဉ္ဇနသ္မိံ”ဟူရာ၌“လမ္ဗီ မုခေန ဂဏှန္တော”အရ မိမိနိမိတ်၌ မေထုန်မှီဝဲသော လမ္ဗီတည်း၊ “ ထိုသို့ မည်သည့်နည်းနှင့်မျှ မေထုန် မမှီဝဲပါဘဲလျက် မေထုနဓမ္မကြောင့် ပါရာဇိကကျသည် ” ဟူရာ၌ ဤပြဿနာကို ထုတ်သည်၊ [ ဆိဒိဓာတ် ဏျပစ္စည်းဖြင့် “ ဆိဇ္ဇနံ—ဆေဇ္ဇံ ”ဟု ပြု၊ ဋီကာ၌ “ ဆေဒေါယေဝ ဆဇ္ဇံ ”ဟု ရှိ၏၊ ထိုအလို ဆိဇ္ဇနံ၊ ဆေဒေါ၊ ဆေဒေါယေဝ ဆေဇ္ဇံ ”ဟု ပြု၊ ဏျပစ္စည်းဖြစ်၍ နပုလ္လိန်ဖြင့် “ ဆေဇ္ဇံ ” ဟု ရှိထိုက်၏၊ သို့မဟုတ်—“ပဗ္ဗဇ္ဇာ”ကဲ့သို့ သတ်ကြီးဖြင့် ဣတ္ထိလိင်ရုပ် ပြီးစေရလိမ့်မည်။]

ဆန့်ကျင်သည် မဟုတ်ပါလော၊ ဣတိ စေ – ဤသို့ မေးအံ့၊ န - မဆန့်ကျင်ပါ၊ (ကသ္မာ-အဘယ့်ကြောင့်နည်း၊) မေထုနဓမ္မဿ- ၏၊ ပုဗ္ဗဘာဂတ္တာ-ရှေ့အဘို့၏ အဖြစ်ကြောင့်တည်း။

ဟိ-ချဲ့ဦးအံ့၊ ပရိဝါရေဝေ-၌ပင်၊ မေထုနဓမ္မဿ- ၏၊ ပုဗ္ဗဘာဂေါ- ကို၊ ဇာနိတဗ္ဗော-သိထိုက်၏၊ ဣတိ- ဤသို့ စတည်၍၊ ဝဏ္ဏာဝဏ္ဏော - သုက်အဆင်း အမျိုးမျိုးကို ပြရာဖြစ်သော သုက္ကဝိဿဋ္ဌိကို၊ (ဇာနိတဗ္ဗော)၊ ကာယသံသဂ္ဂေါ– ကို၊(ဇာနိတဗ္ဗော)၊ ဒုဋ္ဌုလ္လဝါစာ-ကို၊(ဇာနိတဗ္ဗာ)၊ အတ္တကာမပါရိစရိယာ- ကို၊(ဇာနိတဗ္ဗာ)၊ ဂမနုပ္ပါဒနံ-အောင်သွယ်ဘို့ရန် သွားမှုကို ဖြစ်စေခြင်းဟူသော သဉ္စရိတ္တကို၊(ဇာနိတဗ္ဗံ)၊ဣတိ ဧဝံ-ဤသို့၊ သုက္ကဝိဿဋ္ဌိအာဒိနိ-ကုန်သော၊ ပဉ္စ- ကုန်သော၊ သိက္ခာပဒါနိ - တို့ကို၊ မေထုနဓမ္မဿ - ၏၊ ပုဗ္ဗဘာဂေါတိ– ဟူ၍၊ ဝုတ္တာနိ-သံဂါယနာတင် ထေရ်တို့ မိန့်ဆိုအပ်ကုန်ပြီ၊ တသ္မာ- ကြောင့်၊ ကာယ သံသဂ္ဂေါ-သည်၊ မေထုနဓမ္မဿ-၏၊ ပုဗ္ဗဘာဂတ္တာ-ရှေ့အဘို့၏ အဖြစ်ကြောင့်၊ ပစ္စယော– မေထုနဓမ္မ၏ အကြောင်းသည်၊ ဟောတိ-၏၊ ဣတိ– ထို့ကြောင့်၊ ဆေဖ္ဖွံ၊ပေ၊ ဧတ္ထ- ၌၊ ဣမိနာ ပရိယာယေန- ဤပရိယာယ်ဖြင့်၊ (ဖလူပစာဖြင့်၊) အတ္ထော-ကို၊ ဝေဒိတဗ္ဗော–၏၊ ဧတေန ဥပါယေန - ဤနည်းဖြင့်၊ သဗ္ဗပဒေသု– အလုံးစုံသောပုဒ်တို့၌၊(သံဃာဒိဳကဏ္ဍဂဟဏံ အစရှိသောပုဒ်တို့၌၊)ဝိနိစ္ဆယော ဝေဒိတဗ္ဗော၊ အပိစ - စိုးစဉ်းအနည်းငယ် ဆိုဘွယ်အထူးကား၊ သင်္ကေတံဝါ ဂစ္ဆေယျာတိ ဧတဿ-ဟူသော ဤပါဠ်၏၊ ပဒဘာဇနေ-၌၊ ဣတ္ထန္နာမံ အာဂစ္ဆာ တိ ပဒဿ - ဟူသော ပုဒ်၏၊ ဧဝံနာမကံ - ဤ အမည်ရှိသော၊ ဌာနံ-အရပ်သို့၊ အာဂစ္ဆ-လာပါလော၊ ဣတိ အတ္ထော-ဤအနက်သည်၊(ဟောတိ)။

အဋ္ဌမံ၊ပေ၊ ဟောတီတိ–ကား၊ အနုလောမတော ဝါ- အနုလုံအားဖြင့်သော် ၎င်း၊ (အစမှစ၍ အစဉ်အတိုင်း အလျော်အားဖြင့်သော်၎င်း၊ ) ပဋိလောမတော ဝါ– ပဋိလုံအားဖြင့် သော်၎င်း၊ ( အဆုံးမှစ၍ ပြောင်းပြန်အားဖြင့်သော်၎င်း၊) ဧကန္တရိကာယဝါ - တဝတ္ထုခြားအားဖြင့် သော်၎င်း၊ ယေန တေန နယေန – အမှတ်မထား တပါးပါးသောနည်းဖြင့်၊ အဋ္ဌမံ–ရှစ်ခုမြောက်ဖြစ်သော၊ ဝတ္ထုံ- ကို၊ ပရိပူရေန္တိယေဝ-ပြည့်စေသော်သာလျှင်၊(ပြည့်စေမှသာလျှင်၊)အဿမဏီ- ရဟန်းမ အစစ် မဟုတ်တော့သည်၊ ဟောတိ။ [ "ဧကန္တရိကာယဝါ၌ အဝုတ္တ

× × × × × × ×

**ဝိရုဠှတီတိ စေ။** ။ရှေး၌"မေထုနဓမ္မ"ကို "အသဒ္ဓမ္မ" ဟု မသိထိုက် ဟူသော စကားသည် ဤဂါထာဝယ် "ကာယသံသဂ္ဂရာဂ" ကို မေထုနဓမ္မ၌ သွင်းထားသည် ဟူသော စကားနှင့် မဆန့်ကျင်ပါလော–ဟု မေးသည်၊ ကာယသံသဂ္ဂရာဂက မေထုန ဓမ္မ၏ ရှေ့အဖို့၌ဖြစ်သောကြောင့် အကျိုးမေထုနဓမ္မ၏ အမည်ကို အကြောင်း ကာယ သံသဂ္ဂရာဂ၌ တင်စားသော ဖလူပစာရ စကားဖြစ်သောကြောင့် မဆန့်ကျင်ပါ – ဟု ဖြေသည်။ [ယောဇနာ၌ "သမီပူပစာ"ဟု ဆို၏။]

ဝိကပ္ပနတ္ထ ဝါသဒ္ဒါဖြင့် ဒွန်္ဒရိက, တျန်္တရိက စသည်တို့ကို ဆည်းပါ၊ ကြွင်း အဓိပ္ပါယ်ကို ကင်္ခါဘာသာဋီကာ၌ ပြထားပြီ။ ] ပန – ဆက်၊ ယာ – အကြင် ဘိက္ခုနီသည်၊ ဇကံ- တမျိုးသော၊ ဝတ္ထုံဝါ- ဝတ္ထုကိုသော်၎င်း၊ သတ္တ-နှ်သော၊ ဝတ္ထုနိဝါ – တို့ကိုသော်၎င်း၊ သတက္ခတ္တုမ္ပိ - အကြိမ်တရာလည်း၊ ပူရေတိ – ပြည့်စေ၏၊ [ “ဒွေဝါ ဝတ္ထုနိ” စသည်တို့ကို ပေယျာလမြုပ်ထားသည်၊ တနည်း– အဝုတ္တဝိကပ္ပနတ္ထ ဝါသဒ္ဒါဖြင့် ပြသည်။] (သာ- သည်၊) အသယမဏီ – သည်၊ နေဝ ဟောတိ-မဖြစ်။

အာပန္နာ - ရောက်အပ်ပြီးကုန်သော၊ အာပတ္တိယော - တို့ကို၊ ဒေသေတွာ– ဒေသနာပြောပြီး၍၊ ဝါ - ဒေသနာပြောပြီးလသော်၊ မုစ္စတိ - အာပတ်မှလွတ်၏၊ အပိစ - ထိုသို့ပင် အာပတ်မှ လွတ်ပါသော်လည်း၊ ဧတ္ထ- ဤဒေသနာပြောရာ၌၊ ဂဏ္ဍနုပိကာ - ဒေသနာပြောအပ်ပြီဟူသော အရေအတွက်သို့ ကပ်ရောက်သော၊ အာပတ္တိ - ကို၊ ဝေဒိတဗ္ဗာ၊ ဟိ- သာဓကကား၊ အတ္ထာပတ္တိပေါနဂဏ္ဍနုပိကာ တိ-ဟူသော၊ ဧတံ- ဤစကားကို၊ (ပရိဝါရေ - ၌၊) ဝုတ္တံ-ပြီ။ [ (ယာ - အကြင် အာပတ်သည်၊) ဒေသိတာ - ဒေသနာပြောအပ်သည်၊ ဂဏ္ဍနုပိကာ - ဒေသနာ ပြောအပ်ပြီဟူသော အရေအတွက်သို့ ကပ်ရောက်သည်၊ ( ဟောတိ၊ ) (သာ) အာပတ္တိ-သည်၊ အတ္ထိ၊ (ယာ-သည်၊) ဒေသိတာ - သည်၊ (သမာနာပိ-ဖြစ်ပါ သော်လည်း၊ ) န ဂဏ္ဍနုပိကာ - ဒေသနာပြောအပ်ပြီဟူသော အရေအတွက်သို့ မကပ်ရောက်၊ (သာ)အာပတ္တိ အတ္ထိ။]

တတြ - ထို ဒေသိတာ ဂဏ္ဍနုပိကာ အစရှိသောစကားရပ်၌၊ အယံ - ကား၊ ဝိနိစ္ဆယော-တည်း၊ ဣဒါနိ- ၌၊ နာပဇ္ဇိဿာမိ- မရောက်တော့အံ့၊ ဣတိ- ဤသို့ ကြံ၍၊ ဓုရနိက္ခေပံ - တာဝန်ကို လျော့ချမှုကို၊ (လွန်ကျူးခြင်းတာဝန်ကို လျော့ချ မှုကို၊)ကတွာ-၍၊ ဒေသိတာ- ဒေသနာပြောအပ်သော အာပတ်သည်၊ ဂဏ္ဍနုပိ ကာ-ဂဏ္ဍနုပိကာမည်၏၊ ဒေသိတဂဏ္ဍနံ - ဒေသနာပြောအပ်ပြီဟူသော အရေ အတွက်သို့၊ ဥပေတိ - ကပ်ရောက်၏၊ (ဂဏ္ဍနုပိကာကို ထပ်ဖွင့်သည်၊) ပါရာဇိ ကဿ-ပါရာဇိက၏၊ အင်္ဂံ-အကြောင်းသည်၊ န ဟောတိ-မဖြစ်တော့၊ [ဒေသနာ ပြောပြီးဖြစ်သောကြောင့် ထို အာပတ်သည် အဋ္ဌဝတ္ထုက ပါရာဇိကအာပတ်၏ အစိတ်အပိုင်း မဟုတ်တော့ – ဟူလို၊ ဂဏ္ဍနုပိကာနှင့်စပ်၍ မှတ်ဘွယ်ကို ကင်္ခါ ဘာသာဋီကာနှင့် ပါတိမောက်ဘာသာဋီကာတို့၌ ပြထားပြီ။ ] တသ္မာ - ကြောင့်၊

× × × × × × ×

**အပိ စေတ္ထ။** ။“သင့်ရောက်ပြီးသောအာပတ်”ဟူရာ၌ ရှစ်ပါးမပြည့်မီ အာပတ် များကို ဆိုလိုသည်၊ “ ထို အာပတ်တို့ကို ဒေသနာပြောပြီးလျှင် လွတ်၏ ” ဟူသော စကားရပ်၌ ဒေသနာပြောရာဝယ် စိတ်ထားပုံကို အထူးပြလို၍ “အပိစေတ္ထ”စသည်ကို မိန့်သည်။ [ ယောဇနာ၌ “ အပိစ – ဗိုးစဉ်းအနည်းငယ် ဆိုဘွယ် အထူးကား ” ဟု ပေးစေလို၏၊ ဧတ္ထကိုလည်း “အာပတ္တိယော ဒေသေတွာတိ ဝစနေ”ဟု ဖွင့်သည်။]

ယာ-အကြင်ဘိက္ခုနီသည်၊ ဧကံ-တပါးသောဝတ္ထုသို့၊ အာပန္နာ-ရောက်ပြီးသည်၊ (ဟုတွာ)၊ ဓုရနိက္ခေပံ - တာဝန်ကို လျော့ချမှုကို၊ ကတွာ - ၍၊ ဒေသေတွာ - ဒေသနာပြောပြီး၍၊ ကိလေသဝသေန - ကိလေသာ၏အစွမ်းဖြင့်၊ အာပဇ္ဇတိ- သင့်ရောက်ပြန်၏၊ ပုန-တဖန်၊ ဒေသေတိ-ဒေသနာပြောပြန်၏၊ ဧဝံ-ဤသို့၊ ဝါ- ဤနည်းဖြင့်၊ အဋ္ဌ-ကုန်သော၊ ဝတ္ထူနိ-တို့ကို၊ ပူရေန္တီပိ-ပြည့်စေပါသော်လည်း၊ ဝါ - ပြည့်စေသည်လည်း ဖြစ်သော၊ ( သာ - ထို ဘိက္ခုနီသည်၊) ပါရာဇိကာ- သာသနာတော်မှ ဆုံးရှုံးစေအပ်သူသည်၊ ဝါ-ပါရာဇိကကျသူသည်၊ န ဟောတိ- မဖြစ်၊ ပန-ကား၊ ယာ- သည်၊ အာပဇ္ဇိတွာ- ရောက်ပြီး၍၊ ပုနပိ- တဖန်လည်း၊ အညံ-သော၊ ဝတ္ထုံ-သို့၊ အာပဇ္ဇိဿာမိ-ရောက်ဦးအံ့၊ ဣတိ-ဤသို့၊ သ ဥဿာဟာဝ - အားထုတ်ခြင်းနှင့်တကွ ဖြစ်သည်သာလျှင်၊ ( ဟုတွာ )၊ ဒေသေတိ - ၏၊ တဿာ - ထို ဘိက္ခုနီ၏၊ သာ အာပတ္တိ - သည်၊ န ဂဏနူပိကာ- ဂဏနူပိကာ မမည်၊ ဒေသိတာ- ဒေသနာပြောအပ်သည်၊ ( သမာနာ )ပိ- သော်လည်း၊ အဒေသိတာ-ဒေသနာပြောအပ်သည် မမည်သည်၊ ဝါ-ဒေသနာပြောအပ်ရာမရောက်သည်၊ ဟောတိ-၏၊ ဒေသိတဂဏနံ-ဒေသနာပြောအပ်ပြီဟူသော အရေအတွက်သို့၊ န ဂစ္ဆတိ၊ ( န ဂဏနူပိကာကို ထပ်ဖွင့်သည်၊ )ပါရာဇိကဿေဝ-၏သာ၊ အင်္ဂံ ဟောတိ၊ အဋ္ဌမေ - ရှစ်ခုမြောက်သော၊ ဝတ္ထုမှိ - သည်၊ ပရိပုဏ္ဏမတ္တေ - ပြည့်ကာမျှဖြစ်လသော်၊ ပါရာဇိကာ - သည်၊ ဝါ - သည်၊ ဟောတိ၊ သေသံ၊ပေ၊ ဝိနိစ္ဆယောဝိနိစ္ဆယော... ဝဏ္ဏနာက္ကမေန-အဖွင့်အစဉ်အားဖြင့်၊ စတုတ္ထပါရာဇိက သိက္ခာပဒံ-သည်၊ သမတ္တံ-ပြည့်စုံပြီ။

ဥဒ္ဒိဋ္ဌာ၊ပေ၊ဓမ္မာတိ- ကား၊ ဘိက္ခူ- တို့ကို၊ အာရဗ္ဘ - အကြောင်းပြု၍၊ ပညတ္တာ - ပညတ်တော်မူအပ်ကုန်သော၊ သာဓာရဏာ - ဘိက္ခုတို့နှင့် ဆက်ဆံကုန်သော၊ စတ္တာရော-၄ ပါးကုန်သောပါရာဇိကတို့ငှါ၊ ဣမေစ စတ္တာရော-ဤ ၄ ပါး ကုန်သော အသာဓာရဏ ပါရာဇိကတို့ငှါ၊ ဣတိဧဝံ-ဤသို့၊ ပါတိမောက္ခုဒ္ဒေသမဂ္ဂေန-ပါတိမောက် ရွတ်ပြခြင်း၏ အစဉ်အားဖြင့်၊ အယျာယော-အရှင်မတို့၊ အဋ္ဌ-ကုန်သော၊ ပါရာဇိကာ—ပါရာဇိက မည်ကုန်သော၊ ဓမ္မာ-အာပတ်တို့ကို၊ ဥဒ္ဒိဋ္ဌာ- သရုပ်အားဖြင့် ရွတ်ပြအပ်ပါကုန်ပြီ၊ ဣတိဧဝံ-သို့၊ ဧတ္ထ-ဤဥဒ္ဒိဋ္ဌာခေါ် အစရှိသော ပါဠိ၌၊ အတ္ထော ဒဋ္ဌဗ္ဗော၊ သေသံ- ကြွင်းသောပုဒ်အပေါင်းသည်၊ မဟာဝိဘင်ဂ်- ဘိက္ခုမဟာဝိဘင်း၌၊ ဝုတ္တနယမေဝ — တည်း၊ ဣတိ — အပြီးတည်း။... သမန္တပါသာဒိကာယ-မည်သော၊ ဝိနယသံဝဏ္ဏနာယ-၌၊ ဝါ-တွင်၊ ဘိက္ခုနီဝိဘင်ဂ်- ၌၊ ပါရာဇိကကဏ္ဍ ဝဏ္ဏနာ - ပါရာဇိကကဏ္ဍ၏ အဖွင့်သည်၊ ဝါ - ပါရာဇိက ကဏ္ဍကို ဖွင့်ကြောင်းဖွင့်ရာ အဋ္ဌကထာသည်၊ နိဋ္ဌိတာ-ပြီ။

**ပါရာဇိက အဖွင့် ပြီး၏။**

## သံဃာဒိသေသ် အဖွင့်

ပါရာဇိကာနန္တရဿ-ပါရာဇိကကဏ္ဍ၏အခြားမဲ့ဖြစ်သော၊ သံဃာဒိသေသ ကဏ္ဍဿ– သံဃာဒိသေသကဏ္ဍ၏၊ ဒါနိ–၌၊ အယံ အနုတ္တာနတ္ထဝဏ္ဏနာ–၌ မပေါ်လွင်သောပုဒ်တို့၏ အနက်ကို ဖွင့်ကြောင်းဖွင့်ရာအဋ္ဌကထာသည်၊ ဘဝိဿ တိ-ဖြစ်လတ့ံ။

## ပဌမ သံဃာဒိသေသ်

ဉဒေါသိတန္တိ - ကား၊ ဘဏ္ဍာသာလံ - ဘဏ္ဍာထားရာ အဆောက်အဉူးကို၊ ( ဂိုဒေါင်ကို)၊ ( ဒုတ္တာ၌ စပ်၊ ) မာယျော ဧဝံ အဝစာတိ– ကား၊ အယျော– အမောင်၊ ဧဝံ- သို့၊ မာ အဝစ - မပြောပါနှင့်၊ အပိနာယျာတိ(ပဒဿ)– အပိ နာယျာ ဟူသောပုဒ်၏၊ အပိ+ နု+အယျာတိ-ဟူ၍၊ (ပဒစ္ဆေဒေါ ကာတဗ္ဗော) [အယျောက ဗဟုဝုစ်လည်း ဖြစ်သင့်သောကြောင့် '' အပိန ယျော '' ဟုလည်း ရှိနိုင်သည်။]အစ္စာဝဒထာတိ-ကား၊ အတိက္ကမိတွာ-လွှမ်းမိုး၍၊ ဝဒထ–ပြောကြ ပါကုန်၊ အက္ကောသထ-ဆဲရေးကြပါကုန်၊ ဣတိ-၌အနက်သည်၊ ဝါ-ကို၊ ဝုတ္တံ- ဆိုအပ်သည်၊ ဝါ-ဆိုလိုသည်၊ ဟောတိ-၏။

ဉဿယဝါဒိကာတိ-ကား၊ မာနုဿယဝသေန- ထောင်လွှား တက်ကြွသော မာန်မာန၏ အစွမ်းဖြင့်ရင်း၊ ကောဓုဿယဝသေန - ထောင်လွှားတက်ကြွသော ကောဓအစွမ်းဖြင့်ရင်း၊ ဝိဝဒမာနာ- ငြင်းခုံလျက်၊(ဝိဟာရေယျ၌စပ်၊) ပန-ဆက်၊

× × × × × × × ×

**ဉဒေါသိတံ** ။ ။ဉ+အဝပုဗ္ဗ, **သိဓာတ်, တပစ္စည်း**၊ အဝကို ဩပြု၊ ဉနောက်၌ (ဒ)လာ၍ “ ဉဒေါသိတ ”ဟုရင်း, ဩ မပြုဘဲ “ ဉဒဝသိတ ”ဟုရင်း ပါဠိမှန်ဖြစ်၏၊ [“ဉ (ဉဒ္ဓံ–အထက်အထက်၌၊ ) အဝ( အဝဂန္တွာ-သက်ရောက်၍၊ )သီယတေ-မှီတင်း နေထိုင်အပ်၏၊ ဣတိ ဉဒေါသိတော ” ဟု ပြု၊ ပါဠိ၌ ပုလ္လိန်, သဏ္ဍတ၌ နပုလ္လိန်ရှိ၏။] [ဒုတ္တာ၌ စပ်ရမည် ဖြစ်သောကြောင့်ရင်း , ပါဠိ၌ ဉဒေါသိတပုဒ်က ပုလ္လိန် ဖြစ်သော ကြောင့်ရင်း , ဉဒေါသိတံနှင့် လျော်အောင် “ ဘဏ္ဍာသာလံ ” ဟု ဒုတိယန္တဖြင့် ရှိစေ ရမည်။] လည်း ရထားစသော ယာဉ်တို့၏ ထားရာဂိုဒေါင်ကို “ဉဒေါသိတ” ခေါ်၏။

**အစ္စာဝဒထ** ။ ။“ အစ္စာ ”သည် “ ဉစ္စာ ”ပုဒ်ကဲ့သို့ အတိက္ကမန အနက်ဟော နိပါတ်ပုဒ် ဟု ကြံ၍ “အတိက္ကမိတွာ”ဟု ဖွင့်ဟန်တူသည်၊ “အတိ+အာ ”ဟု ပုဒ်ဖြတ် ဘို့ရန် အကြောင်းရှာမရ၊ ယောဇနာ၌ကား “အတိ+ဝဒထ”ပုဒ်ခွဲ၍ အတိကို“အတိ က္ကမနတ္ထ ”ဟု ဆိုလေသည်၊ “ လွှမ်းမိုး၍ဆိုခြင်း ” ဟူသည် ဆဲခြင်းပင်တည်း။

**ဉဿယဝါဒိကာ**။ ။ဉပုဗ္ဗ , သိဓာတ် , အပစ္စည်း၊ “ ဉဿိတဒ္ဓဇ – စိုက်ထောင် အပ်သောအလံ”ဟူရာ၌ကဲ့သို့ ဉဿယသဒ္ဒါလည်း “ထောင်လွှား တက်ကြွ ”ဟူသော အနက်ကိုဟော၏၊ တရားတွေ့ရာ၌ များသောအားဖြင့် မာနကောဓ တက်ကြွနေတတ် သောကြောင့် မာနုဿယ ကောဓုဿယဟု ဆိုသည်၊ဝဒတီတိ ဝါဒိကာ၊ ဉဿယေန+ ဝါဒိကာ ဉဿယဝါဒိကာ၊ ကြွင်းသောမှတ်ဘွယ်ကို ကင်္ခါဘာသာဋီကာ၌ ရှုပါ။

ယသ္မာ-ကြောင့်၊ သာ-ထို ဥဿယဝါဒိကာ ဘိက္ခုနီသည်၊ အတ္တဒုတာ-လိုရင်း အနက်အားဖြင့်၊ အဍ္ဍကာရိကာ-တရားစွဲမှုကို ပြုသူသည်၊ ဟောတိ-၏၊ တသ္မာ-ကြောင့်၊ ဥဿယဝါဒိကာ နာမ အဍ္ဍကာရိကာ ဝုစ္စတိဘိ-ဟူ၍၊ ပဒဘာဇနေ-၌၊ ဝုတ္တံ - ဟောတော်မူအပ်ပြီ၊ [ ပဒဘာဇနီ၌ သဒ္ဒတ္ထကို မဖွင့်ဘဲ အဓိပ္ပါယတ္ထကိုသာ ဖွင့်သည်-ဟူလို။] စ-ဆက်၊ တ္တေ - ၌ အဍ္ဍကာရိကာ ဟူသော ပါဌ်၌၊ ဝေါဟာရိက ဝိနိစ္ဆယော-တရားသူကြီးတို့၏အဆုံးအဖြတ်ကို၊ အဍ္ဍောတိ-ဟူ၍၊ ဝုစ္စတိ- ဆိုအပ်၏၊ ယံ- ယင်းအဍ္ဍကို၊ ပဗ္ဗဇိတာ- ရဟန်းတို့သည်၊ အဓိကရဏာ နံ ပိ- အဓိကရုဏ်းဟူ၍လည်း၊ ( ဝိဝါဒါဓိကရုဏ်းဟူ၍လည်း၊ ) ဝဒန္တိ-ဆိုကြကုန်၏။

ဒုတိယံဝါ ပရိယေသတိတိ-ကား၊ သက္ခိံဝါ-သက်သေကိုသော်၎င်း၊ သဟာယံဝါ- အဖေါ်ကိုသော်၎င်း၊ ပရိယေသတိ- ရှာအံ့၊ ဒုက္ကဋံ (ဟောတိ)၊ ဂစ္ဆတိ ဝါတိ-ကား၊ ဥပဿယာဝါ-ဘိက္ခုနီတို့မှီတင်းနေထိုင်ရာ ကျောင်းသည်မှလည်း၊ ဟောတု-ဖြစ်စေ၊ ဘိက္ခာစာရမဂ္ဂေါ-ဆွမ်းခံလှည့်လည်ရာ လမ်းသည်မှလည်း၊ (ဟောတု)၊ ယတ္ထ - အကြင်အရပ်၌၊ ဌိတာယ - တည်သောဘိက္ခုနီ၏၊ အဍ္ဍ-တရားစွဲမှုကို၊ ကရိဿာမိ - ပြုအံ့၊ ဣတိ- ဤသို့၊ စိတ္တံ - သည်၊ ဥပ္ပဇ္ဇတိ - ဖြစ်၏၊ တတော-ထိုတရားစွဲလိုစိတ်ဖြစ်ရာ အရပ်မှ၊ ဝေါဟာရိကာနံ-တရားသူကြီးတို့၏၊ သန္တိကံ-အထံသို့၊ ဂစ္ဆန္တိယာ-သွားသောဘိက္ခုနီ၏၊ပဒဝါရေ ပဒဝါရေ ဒုက္ကဋံ (ဟောတိ)၊ ကေဿ အာရောစေတိတိ - ကား၊ ဒွိသု-ကုန်သော၊ ဇနေသု-လူတို့တွင်၊ ( တရားလို , တရားခံ ၂ ဦးတို့တွင်၊ ) ယဿကဿစိ - အမှတ်မရှိ တစုံတယောက်သော၊ ကေဿ-တယောက်၏၊ ကထံ-ကို၊ ယောကောစိ— အမှတ်မရှိ တစုံတယောက်သည်၊(တရားလိုဖြစ်စေ,တရားခံဖြစ်စေ,ထိုသူတို့၏ ကိုယ်စလှယ် ဖြစ်စေ၊ ) ဝေါဟာရိကာနံ - တရားသူကြီး တို့အား၊ အာရောစေတိ - ပြောအံ့၊

× × × × × × × ×

**အဍ္ဍကာရိကာ။** ။[ပဌမကဏ္ဍရာဖြင့် အဍ္ဍ ဟုလည်း ရှိ၏၊] "တေန—၍ တရားစွဲခြင်းဖြင့်၊ ပစ္စတ္ထိကာ—ရန်သူတို့သည်၊ အဍ္ဍီယန္တိ ဒုက္ခာယန္တိ—ဆင်းရဲကြကုန်၏၊ ဣတိ အဍ္ဍော၊ ဝိနိစ္ဆိတဗ္ဗ ဝေါဟာရော—တရားသူကြီးတို့ ဆုံးဖြတ်ထိုက်သော တရားစွဲစကားပြောခြင်း"ဟူသော မူလပဏ္ဏာသ မဟာဂေါသိင်္ဂသုတ်ဋီကာနှင့်အညီ တရားစွဲဆိုခြင်းကို "အဍ္ဍ"ဟု ခေါ်၏၊ ထိုသို့ တရားစွဲသောအခါ တရားသူကြီးများ၏ ဆုံးဖြတ်မှု ဖြစ်ပေါ်လာသောကြောင့် အကြောင်းတရားစွဲမှု၏ အဍ္ဍအမည်ကို အကျိုးဖြစ်သော ဆုံးဖြတ်မှုပေါ်၌ တင်စား၍ ဝေါဟာရိကဝိနိစ္ဆယကိုလည်း "အဍ္ဍ"ဟု ဆိုထားသည်။

**ဝေါဟာရိကာနံ။** ။ဝေါဟာရေ—တရားဆုံးဖြတ်မှု၌+ နိယုတ္တာ—ယှဉ်သော တရားသူကြီးတို့တည်း၊ ဝေါဟာရိကာ— တို့၊ ဝေါဟာရိကာနံ - တို့၏ + ဝိနိစ္ဆယော- အဆုံးအဖြတ်တည်း၊ ဝေါဟာရိက ဝိနိစ္ဆယော၊ ယောဇနာ၌—"ဝေါဟာရံ—တရားလို တရားခံ ၂ ဦးတို့၏ ပြောဆိုအပ်သော စကားကို၊ ဇာနန္တိ – သိတတ်ကုန်၏၊ ဣတိ ဝေါဟာရိကာ"ဟု ပြုသည်။

[ကေသကို အာရောစနတ္တ သမ္ဗဒ္ဓါန် ထင်မည်စိုး၍ "ကထံ" ဟု ထည့်ဖွင့်သည်၊] ဒုတိယဿ အာရောစေတီတိ ဝွေဒ္ဒာပိ-၌လည်း၊ ဧသေဝ နယော-ပင်တည်း၊ [ရှေ့ ဝါကျအတိုင်း အကုန်လိုက်၍ ကေသ နေရာဝယ် " ဒုတိယဿ ကထံ " ဟု ဆိုရုံသာထူးသည်-ဟူလို။]

ပန-ဆက်၊ အယံ-၌ ဆိုအပ်လတ္တံကား၊ ဧတ္ထ-၌တရားစွဲရာ၌၊ အသမ္မောဟတ္ထာယ-မတွေဝေခြင်းအကျိုးငှါ၊ ဝိတ္ထာရကထာ-အကျယ်ဖြစ်သောစကားတည်း၊ ယတ္ထကတ္ထစိ-အမှတ်မရှိ တစုံတခုသောအရပ်၌၊ အန္တမသော-အောက်ထစ်ဆုံးအားဖြင့်၊ ဘိက္ခုနုပဿယံ – ဘိက္ခုနီတို့၏ကျောင်းသို့၊ အာဂတေပိ – ရောက်လာသည်လည်းဖြစ်ကုန်သော၊ ဝေါဟာရိကေ- တရားသူကြီးတို့ကို၊ ဒိသွာ–၍၊ ဘိက္ခုနီ- သည်၊ အတ္တနော- ၏၊ ကထံ- ကို၊ အာရောစေတိ - အံ့၊ ဘိက္ခုနိယာ ဒုက္ကဋံ (ဟောတိ)၊ ဥပါသကော- တရားတွေ့ဘက် ဥပါသကာသည်၊ အတ္တနော ကထံ အာရောစေတိ၊ ဘိက္ခုနိယာ ထုလ္လစ္စယံ ( ဟောတိ )၊ ပဉ္စမံ – စွာ၊ ဥပါသကော အတ္တနော ကထံ အာရောစေတိ၊ ဘိက္ခုနိယာ ဒုက္ကဋံ ( ဟောတိ )၊ အထ- ထိုမှနောက်၌၊ သာ- ထို ဘိက္ခုနီသည်၊ အတ္တနော ကထံ အာရောစေတိ၊ (ဘိက္ခုနိယာ) ထုလ္လစ္စယံ (ဟောတိ)၊ ဘိက္ခုနီ – သည်၊ ဥပါသကံ – တရားတွေ့ဘက် ဥပါသကာကို၊ ဝဒတိ – ပြောအံ့၊ (ကိံ - အဘယ်သို့ ပြောသနည်း၊) မမစ-ငါ၏ရင်း၊ တဝစ-သင်၏ရင်း၊ ကထံ-စကားကို၊ တွံဧဝ- သင်ချည်းသာ၊ အာရောစေဟိ-ပြောလိုက်လော၊ ဣတိ-သို့၊(ဝဒတိ–အံ့၊) သော-ထို ဥပါသကာသည်၊ အတ္တနောဝါ- မိမိ၏မူလည်း၊ ကထံ- ကို၊ ပဉ္စမံ- စွာ၊ အာရောစေတု–ပြောပစေ၊ ဘိက္ခုနိယာဝါ – ၏မူလည်း၊ (ကထံ ပဉ္စမံ အာရောစေတု၊) ပဉ္စမာရောစနေ-ပဉ္စမပြောခြင်းကြောင့်၊ ဒုက္ကဋံ (ဟောတိ)၊ ဒုတိယာရောစနေ-ဒုတိယပြောခြင်းကြောင့်၊ ထုလ္လစ္စယံ(ဟောတိ)၊ ဥပါသကော ဘိက္ခုနိံ ဝဒတိ၊ (ကိံ) မမစ - ကျွန်ုပ်၏ရင်း၊ တဝစ - အရှင်မ၏ရင်း၊ ကထံ တွံဧဝ အာရောစေဟိ– လော၊ ဣတိ(ဝဒတိ)၊ ဧတ္ထာပိ-၌သို့ အပြောခိုင်းရာ၌လည်း၊ ဧသေဝ နယော။

ဘိက္ခုနီ-သည်၊ ကပ္ပိယကာရကေန–ကပ္ပိယကာရကသည်၊ ဝါ-ကို၊ ကထာပေတိ- ပြောစေအံ့၊ (အပြောခိုင်းအံ့၊) တတ္ထ– ထိုသို့ အပြောခိုင်းရာ၌၊ ကပ္ပိယကာရကောဝါ-သည်မူလည်း၊ ဘိက္ခုနိယာ-၏၊ ကထံ - စကားကို၊ ပဉ္စမံ- စွာ၊ အာရောစေတု-ပြောပစေ၊ ဣတရောဝါ – ကပ္ပိယကာရကမှ အခြားသော ဥပါသကာသည်မူလည်း၊ အတ္တနော ကထံ၊ ( ပဉ္စမံ အာရောစေတု၊ ) ကပ္ပိယကာရ

× × × × × × × × ×

**ယတ္ထ ကတ္ထစိ။** ။ဒိသွာ၌စပ်၊ "တရားသူကြီး၏ အိမ်၌ဖြစ်စေ, တရားရုံး၌ဖြစ်စေ, အခြားတနေရာ၌ ရောက်နေ၍ဖြစ်စေ တွေ့၍ "ဟူလို၊ ယောဇနာ၌ကား "အာဂတေ" ကိုငဲ့၍ "ယတ္ထ ကတ္ထစိတိ ယံကိဉ္စိဌာနံ" ဟု ဖွင့်၏၊ သူတို့ရှိရာသို့ ကိုယ်ကသွား၍တွေ့ရာ၌ "အာဂတေ" နှင့် မဆိုင်၊ ထို့ကြောင့် "ယတ္ထကတ္ထစိ–၌၊" ဟု ပေးသည်။

ကောဝါ–သည်မှုလည်း၊ ဥဘိန္နမ္ပိ-၂ ဥုးလုံးတို့၏လည်း၊ (ဘိက္ခုနီ ဥပါသကာ ၂ ဥုးလုံးတို့၏လည်း၊) ကထံ-ကို၊ (အာရောစေတု၊)ဣတရောဝါ-ကပ္ပိယကာရကမှ အခြားသော ဥပါသကာသည်မှုလည်း၊ ဥဘိန္နမ္ပိ- ၂ဥုးလုံးတို့၏လည်း၊(မိမိ ဘိက္ခုနီ ၂ ဥုးလုံးတို့၏လည်း၊) ကထံ အာရောစေတု၊ ယထာဝါ တထာဝါ– အမှတ်မထား တပါးပါးသော အခြင်းအရာဖြင့်၊ အာရောစိယမာနေ - ပြောအပ်သော်၊ ပဋ္ဌမေ-ပဋ္ဌမ ဖြစ်သော၊ အာရောစနေ – ပြောခြင်းကြောင့်၊ ဘိက္ခုနီယာ ဒုက္ကဋံ၊ (ဟောတိ)၊ ဒုတိယေ (အာရောစနေ ဘိက္ခုနီယာ ထုလ္လစ္စယံ ဟောတိ၊) ပန-ဆက်၊ ယထာဝါ တထာဝါ-ဖြင့်၊ အာရောစိတ်-ပြောအပ်သော၊ ဥဘိန္နမ္ပိ– ဘိက္ခုနီ, ဥပါသကာ ၂ ဥုးလုံးတို့၏လည်း၊ ကထံ - ကို၊ သုတွာ - ကြားပြီး၍၊ ဝေါဟာရိကေဟိ-တို့သည်၊ဝိနိစ္ဆယေ-အဆုံးအဖြတ်ကို၊ကတေ-ပြုအပ်ပြီးသော်၊ အဋ္ဋပရိယောသာနံနာမ - တရားစွဲခြင်း၏ ပြီးဆုံးခြင်းမည်သည်၊ ဟောတိ - ၏၊ တသ္မိံ အဋ္ဋပရိယောသာနေ-ထို တရားစွဲခြင်း၏ ပြီးဆုံးရာ အခါ၌၊ ဘိက္ခုနီယာ-၏၊ ဇယေ-နိုင်ခြင်းသည်၊ (သတိ) ပိ - ဖြစ်သော်ငြား၊ ပရာဇယေ - ရှုံးခြင်းသည်၊ (သတိ)ပိ- ဖြစ်သော်ငြား၊ သံဃာဒိသေသော (ဟောတိ)။

ပန-ဆက်၊ အဓိကရဏံ-သည်၊ ဂတိဂတံ- ရောက်ထိုက်သော အရပ်များစွာသို့ ရောက်ပြီးသည်၊ သစေ ဟောတိ-အံ့၊ ဝေါဟာရိကေဟိ-တို့သည်၊ သုတပုဗ္ဗံ- ကြားအပ်ဘူးသည်၊ (သစေ ဟောတိ၊) အထ-ထိုသို့ကြားဘူးခြင်းကြောင့်၊ တေ- ထိုတရားသူကြီးတို့သည်၊ ဘိက္ခုနိဥ္စ-ကိုငြား၊အဋ္ဋကာရကဥ္စ-တရားစွဲမှုကိုပြုတတ်သော ဥပါသကာကိုငြား၊ ဒိသွာဝ- မြင်၍ပင်၊ (မြင်လျှင် မြင်ခြင်းပင်၊) တုမှာကံ-အသင်တို့၏၊ ကထနကိစ္စံ - ပြောဘွယ်ကိစ္စသည်၊ နတ္ထိ- မရှိ၊ ဝါ- မလို၊ မယံ– ကျွန်ုပ်တို့သည်၊ ဧတ္ထ- ဤငြင်းခုန်မှု၌၊ ပဝတ္တိံ - ဖြစ်ပုံကို၊ ဇာနာမ- သိပါကုန်၏၊ ဣတိ- ဤသို့ (ပြော၍)၊ သယမေဝ - ကိုယ်တိုင်သာ၊ ဝိနိစ္ဆိနိတွာ - ဆုံးဖြတ်၍၊ ဒေန္တိ - ပေးကုန်အံ့၊ ဝေရူပေ - ဤသို့ သဘောရှိသော တရား၌၊ အဋ္ဋပရိယောနေပိ- တရားဆုံးဖြတ်ခြင်း၏ အဆုံး၌လည်း၊ ဘိက္ခုနိယာ အနာပတ္တိ၊(ဟောတိ၊ ဣတိ- ဤဆိုအပ်ပြီးကား၊ ဝိတ္ထာရကထာ-တည်း။)

တေသ(မွေသ)– ဤအာပတ်၏၊ ပဌမံ- ရှေးဦးစွာ၊ အာပတ္တိ- ရောက်ခြင်းသည်၊ (အတ္ထိ)၊ ဣတိ-ကြောင့်၊ ( ထိုသို့ ရှေးဦးစွာရောက်ခြင်းရှိသည်၏ အဖြစ်ကြောင့်၊ သောဓမ္မော–ထိုအာပတ်သည်၊ ) ပဋ္ဌမာပတ္တိကော-မည်၏၊ ဝိတိက္ကမ

× × × × × × ×

ဂတိဂတံ။ ။ဂန္တဗ္ဗာတိ ဂတိ– ရောက်ထိုက်သောအရပ်၊ ဂတိံ+ဂတံ ဂတိဂတံ– ရောက်ထိုက်သော အရပ်များစွာသို့ ရောက်ပြီးသော အဓိကရုဏ်း၊ ယခုခေတ် အလို အဘုံးဖြင့် အောက်ရုံးမှ အထက်ရုံးအဆင့်ဆင့်သို့ ရောက်ပြီးဖြစ်သော အဓိကရုဏ်းတည်း၊ ထို အဓိကရုဏ်းမျိုးသည် ယခုအခါ အမွေမှုများကဲ့သို့ အလွန်ကြာပြီး ဖြစ်သောကြောင့် "ဂတိဂတန္တိ စိရကာလပဝတ္တံ"ဟု ဋီကာတို့ အဓိပ္ပါယ်ဖွင့်ကြသည်။

က္ခဏောယေဝ-လွန်ကျူးရာခဏ၌ပင်၊ အာပဇ္ဇိတဗ္ဗော-ရောက်ထိုက်သော၊(ဓမ္မော-အာပတ်တည်း၊ ) ဣတိ အတ္ထော -- ဤကား အဓိပ္ပါယ်နက်၊ ပဥ္စမာပတ္တိကံ-ရှေးဦးစွာလွန်ကျူးရာခဏ၌ သင့်ရောက်ခြင်းရှိသော၊တံ-ထိုအာပတ်သို့၊(''အာပန္နော '' ၌ စပ်၊ ) [ ဤသို့ ဖွင့်သင့်လျက် ပဒဘာဇနီ၌ အဘယ့်ကြောင့် မဖွင့်ပါသနည်း-ဟု မေးဘွယ်ရှိသောကြောင့် '' ပဒဘာဇနေ ပန''စသည်ကို မိန့်သည်။] ပန-ဆက်၊ ပဒဘာဇနေ - ၌၊ အဓိပ္ပါယမတ္တံ- အဓိပ္ပါယ်မျှကို၊ ဒဿေတုံ - ငှါ၊ သဟဝတ္ထုဇ္ဈာစာရ အာပဇ္ဇတိ နသမနုဘာသနာယာတိ - ဟူ၍၊ (ဘဂဝတာ) ဝုတ္တံ၊ ဟိ-မှန်၏၊ အယံ-ဤဆိုအပ်လတ့်ကား၊ ဧတ္ထ- ဤပဒဘာဇနီ၌၊ အတ္ထော-တည်း၊ ဝတ္ထုဇ္ဈာစာရ- ငတ္ထုကို လွန်ကျူးခြင်းနှင့်၊ သဟ-တကွ၊ ဝါ-တပြိုင်နက်၊ ယံ- အကြင် အာပတ်သို့၊ ဘိက္ခုနီ - သည်၊ အာပဇ္ဇတိ- ရောက်၏၊ တတိယာယ-သုံးကြိမ်မြောက်သော၊ သမနုဘာသနာယ-အဘန်ဘန်ပြောဆိုကြောင်းဖြစ်သော ကမ္မဝါစာကြောင့်၊ န အာပဇ္ဇတိ- ရောက်သည်မဟုတ်၊ အယံ- ဤအာပတ်သည်၊ ပဥ္စမမေဝ -ရှေးဦးစွာ သာလျှင်၊ ( ဝေဖြင့် တတိယသမနုဘာသနကို ကန့်၊ ) ဝတ္ထုဇ္ဈာစာရေန-နှင့်၊ သဟ-တကွ၊ ဝါ-တပြိုင်နက်၊အာပဇ္ဇိတဗ္ဗတ္တာ-ရောက်ထိုက်သည်၏အဖြစ်ကြောင့်၊ ပဥ္စမာပတ္တိကော—မည်၏၊ ဣတိ- ဤကား အနက်တည်း။

ဘိက္ခုနိံ - ကို၊ သံဃတော- မှ၊ နိဿာရေတိ- ထွက်သွားစေတတ်၏၊ ဝါ- နှင်ထုတ်ဘတ်၏၊ဣတိ-ကြောင့်၊(ထိုသို့သံဃာမှနှင်ထုတ်တတ်သည်၏အဖြစ်ကြောင့်၊) နိဿာရဏီယော - မည်၏၊ နိဿာရဏီယံ - သံဃာမှ ထွက်သွားစေတတ်သော၊ ဝါ- သံဃာမှ နှင်ထုတ်တတ်သော၊ တံ-ထိုအာပတ်သို့၊ ( '' အာပန္နာ ''၌စပ်၊ ) ပန- ဆက်၊ ပဒဘာဇနေ - ၌၊ အဓိပ္ပါယမတ္တံ, ဒဿေတုံ- ငှါ၊ သံဃမှာ နိဿာရိယတီတိ- ဟူ၍၊(ဘဂဝတာ)ဝုတ္တံ၊ တတ္ထ-ထိုပဒဘာဇနီ၌၊ ယံ-အကြင်အာပတ်သို့၊ အာပန္နာ— ရောက်သော၊ ဘိက္ခုနီ— ကို၊ သံဃတော— မှ၊ နိဿာရိယတိ—ထွက်သွားစေအပ်၏၊ ဝါ-နှင်ထုတ်အပ်၏၊ သော-ထိုအာပတ်သည်၊ နိဿာရဏီယော-မည်၏၊ ဣတိဧဝံ-ဤသို့၊ အတ္ထော-ကို၊ ဒဋ္ဌဗ္ဗော- မှတ်သိုက်၏၊ ဟိ-မှန်၏၊ သော ဧဝဓမ္မော-ထိုအာပတ်ကိုပင်၊ သံဃမှာ-မှ၊ ကေနစိ- တစုံတယောက်သည်၊ န နိဿာရိယတိ-နှင်ထုတ်အပ်သည်မဟုတ်၊ ပန-အဟုတ်ကား၊ တေန ဓမ္မေန—ထိုအာပတ်ကြောင့်၊ ဘိက္ခုနီ - ကို၊ နိဿာရိယတိ - နှင်ထုတ်အပ်၏၊ တသ္မာ—ကြောင့် ( ထိုသို့ နှင်ထုတ်ကြောင်း၏အဖြစ်ကြောင့်၊ ) သော - ထိုအာပတ်သည်၊ နိဿာရေတိ-၏၊ ဣတိ-ဤ ဝစနတ္ထကြောင့်၊ နိဿာရဏီယော-မည်၏။

× × × × × × × ×

**တေန ဓမ္မေန**။ ။ဤနေရာ၌ နှင်ထုတ်ခြင်း၏ အကြောင်းအာပတ်ကိုပင်''နှင်ထုတ်တတ်သော ကတ္တား''ဟု ဆိုထားသည်၊ ဟေတုမှိစာယံ ကတ္တုဝေါဟာရော၊ နိဿရဏ ဟေတုဘူတော ဟိ ဓမ္မော နိဿာရဏီယောတိ ဝုတ္တော။—ဋီကာ၊ ကြွင်းမှတ်ဘွယ်ကို ကင်္ခါဘာသာဋီကာ ပါတိမောက်ဘာသာဋီကာတို့၌ ပြထားပြီ။

အာကင်္ခိယမာနာ ဂစ္ဆတီတိ – ကား၊ အဓမ္မကာရကမနုဿဟိ – တရားစွဲမှုကို ပြုတတ်သူတို့သည်၊ သယံ - ကိုယ်တိုင်၊ အာဂမ္မာ၀ါ - လာ၍သော်၎င်း၊ ဒူတံ - တမန်ကို၊ ပေသေတွာ၀ါ - စေလွှတ်၍သော်၎င်း၊ ဧဟိ - လိုက်ခဲ့ပါလော၊ ဣတိ-ဤသို့၊ ဝုစ္စမာနာ- ပြောဆိုအပ်သည်၊ (ဟုတွာ)၊ ဝေါဟာရိကာနံ-တို့၏၊ သန္တိကံ-သို့၊ ဂစ္ဆတိ-အံ့၊ တတော-ထိုမှနောက်၌၊ အဓမ္မကာရကော-တရားစွဲမှုကို ပြုတတ်သော ဥပါသကာသည်၊ အတ္တနော၀ါ ကထံ ပဌမံ အာရောစေတု၊ ဘိက္ခုနိယာ၀ါ (ကထံ ပဌမံ အာရောစေတု)၊ ပဌမာရောစနေ့, ဒုက္ကဋံ- သည်၊ နေဝ (ဟောတိ)၊ ဒုတိယာရောစနေ ထုလ္လစ္စယံ န( ဟောတိ )၊ အမစ္စေဟိ - တရားသူကြီးဖြစ်သော အမတ်တို့သည်၊ ဝိနိစ္ဆိနိတွာ - ဆုံးဖြတ်၍၊ အဋ္ဋ ပရိယောသာနေ-တရား၏ ပြီးဆုံးခြင်းကို၊ ကတေပိ - ပြုအပ်ပါသော်လည်း၊ အနာပတ္တိယေ၀- အနာပတ်သာတည်း၊ ( ဥပါသကာက တရားတွေ့ဘို့ရာ ခေါ်အပ်သောကြောင့် ဘိက္ခုနီမှာ အာပတ်မသင့် - ဟူလို၊ ) အဓမ္မကာရကော - သည်၊ ဘိက္ခုနိံ - ကို၊ သစေပိ ၀ဒတိ - အကယ်၍မူလည်း လျှောက်စေဦးတော့၊ (ကိံ- နည်း၊) မမစ တ၀စ ကထံ တွမေ၀, ကထေဟိ- ပြောလိုက်ပါလော၊ ဣတိ (သစေပိ ၀ဒတိ)၊ ကထေန္တိယာပိ- ပြောသော ဘိက္ခုနီ၏လည်း၊ ကထံ- ကို၊ သုတွာ- ၍၊ အဋ္ဋ ပရိယောသာနေ ကတေပိ, အနာပတ္တိယေ၀ -သာတည်း။

ရက္ခံ ယာစတီတိ-ကား၊ ဓမ္မိကံ-တရားနှင့်ယှဉ်သော၊(တရားနှင့်လျော်သော)၊ ရက္ခံ-အစောင့်အရှောက်ကို၊ ယာစတိ- တောင်းအံ့၊ (ရက္ခံ- ကို၊ ယာစန္တိယာ- တောင်းသောဘိက္ခုနီ၏၊) အနာပတ္တိ(ဟောတိ)၊ ဣဒါနိ- ယခုအခါ၌၊ ယထာ- အကြင် အခြင်းအရာအားဖြင့်၊ ယာစိတာ- တောင်းအပ်သော၊ ရက္ခာ-သည်၊ ဓမ္မိကာ- တရားနှင့်ယှဉ်သည်၊ ဝါ- တရားနှင့်လျော်သည်၊ ဟောတိ၊ တံ- ထို အခြင်းအရာကို၊ ဒဿေတုံ - ငှါ၊ အနောဒိဿ အာစိက္ခတီတိ- ဟူ၍၊ အာဟ-မိန့်တော်မူပြီ၊ တတ္ထ- ထို အနောဒိဿ အာစိက္ခတိဟူသော စကားရပ်၌၊ အတီတံ-လွန်ပြီး အကြောင်းအရာကို၊ အာရဗ္ဘ-အကြောင်းပြု၍၊ ဩဒိဿ-မည်သူမည်ဝါဟု ညွှန်ပြ၍၊ အာစိက္ခနာ-ပြောခြင်းသည်၊ အတ္ထိ-ရှိ၏၊ အနောဒိဿ-မည်သူမည်ဝါဟု မညွှန်ပြမူ၍၊ အာစိက္ခနာ- သည်၊ အတ္ထိ၊ အနာဂတံ - ဖြစ်လတံ့ အကြောင်းအရာကို၊ အာရဗ္ဘာပိ–အကြောင်းပြု၍လည်း၊ ဩဒိဿ- ၍၊ အာစိက္ခနာ-သည်၊ အတ္ထိ–၏၊ အနောဒိဿ-မူ၍၊ အာစိက္ခနာ-သည်၊ အတ္ထိ။

ကထံ-အဘယ်သို့လျှင်၊ အတီတံ-ကို၊ အာရဗ္ဘ၊ ဩဒိဿ-၍၊ အာစိက္ခနာ– သည်၊ ဟောတိ - ဖြစ်သနည်း၊ ဘိက္ခုနုပဿယေ – ဘိက္ခုနီတို့၏ ကျောင်း၌၊ ဂါမဒါရကာ-ရွာသား ကလေးတို့သည်သော်၎င်း၊ ဓုတ္တာဒယော၀ါ-သေသောက်ကြူး အစရှိသူတို့သည်သော်၎င်း၊ ယေကေစိ – အမှတ်မရှိသူတို့သည်၊ အနာစာရံ ၀ါ–မလျော်ပတ်သော အကျင့်ကိုမူလည်း၊ အာစရန္တိ-ကျင့်ကြကုန်၏၊ ရုက္ခံ၀ါ-

သစ်ပင်ကိုမူလည်း၊ ဆိန္ဒန္တိ-ဖြတ်ကြကုန်၏၊ ဖလာဖလံဝါ-သစ်သီးငယ် သစ်သီး ကြီးကိုမူလည်း၊ ဟရန္တိ – ဆောင်ယူကြကုန်၏၊ ပရိက္ခာရေဝါ - ပရိက္ခရာတို့ကိုမူ လည်း၊ အစ္ဆိန္ဒန္တိ-လုယူကြကုန်၏၊ ဘိက္ခုနီ-သည်၊ ဝေါဟာရိကေ-တရားသူကြီး တို့ကို၊ ဝါ–တို့သို့၊ ဥပသင်္ကမိတွာ-၍၊ အမှာကံ-ငါတို့၏၊ ဥပဿယေ-ကျောင်း၌၊ ဣဒံ နာမ–ဤမည်သောအမှုကို၊ ကတံ-ပြုအပ်ပြီ၊ ဣတိ-ဤသို့၊ ဝဒတိ-ပြောအံ့၊ ကေန- အဘယ်သူသည်၊ (ကတံ-ပြုအပ်သနည်း၊) ဣတိ-သို့၊ ဝုတ္တေ– မေးအပ် သော်၊ အသုကေနစ- ထို မည်သူသည်ငှင်း၊ အသုကေနစ–ထို မည်သူသည်ငှင်း၊ ( ကတံ- ပြုအပ်ပြီ၊ ) ဣတိ- သို့၊ အာစိက္ခတိ- ပြောအံ့၊ ဧဝံ- ဤသို့ပြောလသော်၊ အတီတံ–ကို၊ အာရဗ္ဘ–၍၊ ဩဒိဿ-၍၊ အာစိက္ခနာ-ပြောခြင်းသည်၊ဟောတိ- ၏၊ သာ–ထို ဩဒိဿအာစိက္ခနာသည်၊ န ဝဋ္ဋတိ၊ တံ-ထို စကားကို၊ သုတွာ- ၍၊ တေဝေါဟာရိကာ-တို့သည်၊ တေသံ-ထိုသူတို့၏(အပေါ်၌၊)ဒဏ္ဍံ-ဒဏ်ကို၊ စေ ကရောန္တိ-အကယ်၍ပြုကုန်အံ့၊ (ဧဝံသတိ)၊ သဗ္ဗံ-အလုံးစုံသောဒဏ်သည်၊ ဘိက္ခုနိယာ-၏၊ ဂီဝါ- ဘဏ္ဍာစားသည်၊ ဟောတိ–၏၊ ဒဏ္ဍံ-ကို၊ ဂဏှိဿန္တိ- ယူကုန်လတ့ံ၊ ဣတိ- သို့၊ အဓိပ္ပါယေ - အလိုသည်၊ သတိပိ–ရှိပါသော်လည်း၊ ဂီဝါဒေယဝ-ဘဏ္ဍာစားသည်သာ၊ ဟောတိ။[ဂီဝါယေဝ ဟောတိ၊ န ပါရာဇိကံ၊ အနာဏတ္တိယာ ဂဟိတတ္တာ၊ ဋီကာ။ ] ပန-ဆက်၊ တဿ - ထို ဖျက်ဆီးသူ၏ (အပေါ်၌၊) ဒဏ္ဍံ- ကို၊ ဂဏှထ - ယူကြကုန်၊ ဣတိ - သို့၊ သစေ ဝဒတိ- အံ့၊ ( ဧဝံ သတိ )၊ ပဉ္စမာသကမတ္တေ – ငါးပဲမျှကို၊ ဂဟိတေ – ယူအပ်ပြီးသော်၊ (ဘိက္ခုနိယာ) ပါရာဇိကံ ဟောတိ။

ပန- ကား၊(ဩဒိဿ အာစိက္ခနာမှ တပါး အနောဒိဿ အာစိက္ခနာကား၊) ကေန – အဘယ်သူသည်၊ ( ကတံ - နည်း၊ ) ဣတိ ဝုတ္တေ၊ အသုကေန- သည်၊ (ကတံ-ပြီ၊) ဣတိ - သို့၊ ဝတ္တုံ- ပြောခြင်းငှါ၊ အမှာကံ - ငါတို့အား၊ န ဝဋ္ဋတိ- မအပ်၊ တုမှေယေဝ - အသင်ဒါယကာတို့ ကိုယ်တိုင်သာ၊ ဇာနိဿထ- သိကြ ကုန်လတ့ံ၊ ဟိ-မှန်၊ ကေဝလံ- မည်သူဟု ညွှန်ပြခြင်း မဘက် သက်သက်၊ မယံ- တို့သည်၊ ရက္ခံ-ကို၊ ယာစာမ- တောင်းပါကုန်၏၊တံ- ထိုအစောင့်အရှောက်ကို၊ နော– ငါတို့အား၊ ဒေထ - ပေးကြပါကုန်၊ အဝဟဋဘဏ္ဍဉ္စ - ခိုးဆောင်အပ်ပြီး သောဘဏ္ဍာကိုလည်း၊ အာဟရာပေထ- ဆောင်စေကြပါကုန်၊ ဣတိ-သို့၊ ဝတ္တဗ္ဗံ- ပြောဆိုကောင်း၏၊ ဧဝံ- ဤသို့ပြောဆိုလသော်၊ အနောဒိဿ-၍၊ အာစိက္ခနာ– သည်၊ ဟောတိ-၏၊ သာ–ထိုအနောဒိဿ အာစိက္ခနာသည်၊ ဝဋ္ဋတိ၊ ဧဝံ-ဤသို့၊ ဝုတ္တေ- ပြောအပ်သော်၊ တေ ဝေါဟာရိကာ-တို့သည်၊ ကာရကေ- ဖျက်ဆီးမှုကို ပြုတတ်သူတို့ကို၊ ဂဝေသိတွာ-ရှာ၍၊ တေသံ–ထို ဖျက်ဆီးသူတို့၏(အပေါ်၌၊) ဒဏ္ဍံ - ကို၊ သစေပိ ကရောန္တိ-အကယ်၍မူလည်း ပြုကုန်အံ့၊ (ဧဝံ သတိပိ-သော် လည်း၊ ) သဗ္ဗံ-အလုံးစုံသော၊ သာပတေယျမ္ပိ – ဥစ္စာနှစ်သည်လည်း၊ ဝါ - ကို

လည်း၊ သစေပိ ဂဟိတံ– အကယ်၍မူလည်း ယူအပ်သည်ဖြစ်အံ့၊ (ဝေံသတိပိ၊) ဘိက္ခုနိယာ-၏၊ ဂိဝါ-သည်၊ နေဝ(ဟောတိ)၊ အာပတ္တိ-သည်၊ န (ဟောတိ)၊ [ "အနောဒိဿ ဖြစ်သောကြောင့် ဘဏ္ဍာစားလည်း မထိုက် အာပတ်လည်း မသင့်"ဟူလို။]

ပရိက္ခာရံ–ကို၊ ဟရန္တေ-ဆောင်ယူနေသည်တို့ကို၊ ဒိသွာ–မြင်၍၊ တေသံ-ထို ခိုးသူ တို့၏၊ အနတ္ထကာမတာယ – အကျိုး မဲ့ကို အလိုရှိသူ၏ အဖြစ်ကြောင့်၊ စောရောစောရောတိ- သူခိုးသူခိုးဟူ၍၊ ဝတ္တုမ္ပိ -ပြောဆိုခြင်းငှါလည်း၊ နဝဋ္ဋတိ- မအပ်၊ ဟိ- မှန်၏၊ ဧဝံ- ဤသို့၊ ဝုတ္တေပိ- ပြောဆိုအပ်သော်လည်း၊ တေသံ- ထို သူခိုးတို့၏ (အပေါ်၌)၊ ယံ ဒဏ္ဍံ–ကို၊ ကရေန္တိ-နုံ၏၊ သဗ္ဗမ္ပိ- အလုံးစုံလည်း ဖြစ်သော၊(တံဒဏ္ဍံ-သည်၊)ဘိက္ခုနိယာ ဂိဝါ ဟောတိ၊ ပန-ဆက်၊ အတ္တနော- မိမိ၏၊ ဝစနကရံ- စကားကို လိုက်နာမည့်သူကို၊ ( မိမိက ဒဏ်မတပ်ပါနှင့်-ဟု ပြောလျှင် နားထောင်မည့် တရားသူကြီးကို၊ ) ဣမိနာ - ဤသူသည်၊ မေ - ငါ၏၊ ပရိက္ခာရော-ကို၊ ဂဟိတော- ယူအပ်ပြီ၊ တံ- ထို ပရိက္ခရာကို၊ အာဟရာပေဟိ– ပြန်ဆောင်စေပါလော၊ စ-ထိုသို့ပင် ပြန်ဆောင်စေလိုပါသော်လည်း၊ အဿ-ထို သူ၏(အပေါ်၌)၊ဒဏ္ဍံ-ကို၊ မာ ကရောဟိ-မပြုပါနှင့်၊ ဣတိ-သို့၊ဝတ္တုံ ဝဋ္ဋတိ၊ [မိမိက"ဒဏ်မတပ်ပါနှင့်"ဟု ပြောပါလျက် သူတို့ဘာသာ ဒဏ်တပ်လျှင်ကား အနာပတ္တိ၊] ဒါသဒါသီဝါပိအာဒိနံ-ကျွန်ယောကျ်ား, ကျွန်မိန်းမ, ရေကန် အစ ရှိသည်တို့၏၊ အတ္ထာယ - အကျိုးငှါ၊ အဋ္ဋံ- တရားစွဲမှုကို၊ ကရောန္တိ - ပြုတတ်ကြ ကုန်၏၊ အယံ-ဤတရားစွဲခြင်းသည်၊ အကပ္ပိယအဋ္ဋောနာမ -မအပ်သော တရား စွဲခြင်းမည်၏၊ န ဝဋ္ဋတိ။[ဒါသ စသည်တို့ကို နဂိုရ်ကပင် အလှူမခံကောင်းသော ကြောင့် "အကပ္ပိယ အဋ္ဋ"ဟု ဆိုသည်။]

ကယံ - အဘယ်သို့လျှင်၊ အနာဂတံ - ဖြစ်လတ္တံ့သော အကြောင်းအရာကို၊ အာရဗ္ဘ– အကြောင်းပြု၍၊ ဩဒိဿ အာစိက္ခနာ, ဟောတိ - ဖြစ်သနည်း၊ ဝုတ္တ နယေနေဝ- ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင်၊ ပရေဟိ - ဂါမဒါရက စသော သူတပါးတို့သည်၊ အနာစာရုံဒိသု-မကျင့်အပ်သောအကျင့်စသည်တို့ကို၊ ကတေ သု - ပြုအပ်ပြီးကုန်လသော်၊ ဘိက္ခုနီ ဝေါဟာရိကေ ဧဝံ, ဝဒတိ - အံ့၊ (ကိံ)၊ အမှာကံ-ငါတို့၏၊ ဥပဿယေ - ကျောင်း၌၊ ဣဒဥ္စိဒဥ္စ– ဤမည်သောအမှု, ဤ မည်သော အမှုကိုလည်း၊ ကရောန္တိ - ပြုကြကုန်၏၊ အာယတိံ - နောင်အခါ၌၊ အကရဏတ္တာယ-မပြုခြင်းအကျိုးငှါ၊ ရက္ခံ–ကို၊ နော-ငါတို့အား၊ ဒေထ-ပေးကြ

× × × × × × ×

**စောရောစောရောတိ ဝတ္တုမ္ပိ**။ ။အနတ္ထကာမတာယကို ထောက်၍ ကြောက် ခြင်းကြောင့် သူခိုးသူခိုး ဟု အော်လျှင်ကား အပြစ်မရှိ ဟု သိသာ၏၊ ဝတ္တုံပိန္ဓ ပိသည် ဂရဟာဇောတက၊ အော်ခြင်းသော်မှ မအပ်တံ့သေး၏၊ ဖမ်းပေးလျှင်ကား "မအပ်" ဟု ဆိုဖွယ်ပင်မရှိတော့–ဟူလို။

ပါကုန်၊ ဣတိ–ဤသို့ပြောအံ့၊ ကေန-သည်၊ ဝံ-သို့၊ ကတံ-နည်း၊ ဣတိ- ဤသို့၊ ဝုတ္တေစ-မေးအပ်သော်လည်း၊ အသုကေန- သည်ရင်း၊ အသုကေနစ- သည်ရင်း၊ (ကတံ-ပြီ၊)ဣတိ အာစိက္ခတိ-အံ့၊ ဝံ-ဤသို့ပြောလသော်၊ အနာဂတံ အာရဗ္ဘ ဩဒိဿ, အာစိက္ခနာ-ခြင်းသည်၊ ဟောတိ - ၏၊ သာဂိ-ထို အနာဂတ ဩဒိဿ အာစိက္ခနာသည်လည်း၊ နဝဋ္ဋတိ၊ ဟိ-မှန်၊ တေသံ- ထိုခိုးသူတို့၏(အပေါ်၌)၊ ဒဏ္ဍော-ကို၊ ကတေ-ပြုအပ်သော်၊ ပုရိမနယေနေဝ- ရှေးနည်းဖြင့်သာလျှင်၊ သဗ္ဗံ-အလုံးစုံသောဒဏ်သည်၊ ဘိက္ခုနိယာ ဂိဝါ(ဟောတိ)၊ သေသံ-ကြွင်းသောအစီအရင်သည်၊ ပုရိမသဒိသမေဝ- ရှေ့ အတီတ အာစိက္ခနာနှင့် တူသည်သာ၊ ပန-ဆက်၊ ဝေါဟာရိကာ- တို့သည်၊ ဘိက္ခုနုပဿယေ- ၌၊ ဝေရူပံ - ဤသို့သဘော ရှိသော၊ အနာစာရံ- ကို၊ ကရောန္တာနံ- ပြုသူတို့၏ (အပေါ်၌)၊ ဣမံနာမ ဒဏ္ဍံ-ကို၊ ကရောမ- ပြုကုန်အံ့၊ ဣတိ-ဤသို့၊ ဘေရိံ - စည်ကို၊ စရာပေတွာ - လည်စေ၍၊ အာဏာယ-အာဏာ၌၊ အတိဋ္ဌမာနေ-မတည်သူတို့ကို၊ ပရိယေသိတွာ- ရှာ၍၊ ဒဏ္ဍံ–ကို၊ သစေ ကရောန္တိ - ကုန်အံ့၊ ( ဝံ သတိ )၊ ဘိက္ခုနိယာ ဂိဝါ နေဝ (ဟောတိ)၊ အာပတ္တိ န (ဟောတိ။)

စ – ဆက်၊ ယော အယံ (နယော)– အကြင်နည်းကို၊ ဘိက္ခုနီနံ – တို့၏ (အတွက်)၊ (မယာ-ငါသည်၊) ဝုတ္တော- ဆိုအပ်ပြီ၊ ဘိက္ခုနမ္ပိ- တို့၏ (အတွက်လည်း၊) သောဝ - ဤနည်းသည်ပင်၊ နယော- သိကြောင်းနည်းတည်း၊ ဟိ-မှန်၊ ဘိက္ခုနောပိ–ရဟန်းအားလည်း၊ ဩဒိဿ-၍၊ အာစိက္ခနာ– သည်၊ န ဝဋ္ဋတိ၊ တထာ - ထို မည်သူမည်ဝါဟု ညွှန်ပြသော အခြင်းအရာအားဖြင့်၊ အာစိက္ခိတေ-ပြောအပ်သော်၊ ယံ ဒဏ္ဍံ-ကို၊ ကရောန္တိ-ကုန်၏၊ သဗ္ဗံ-သော၊ (တံ ဒဏ္ဍံ-သည်၊ ဘိက္ခုဿ)ဂိဝါ ဟောတိ၊ ဝုတ္တနယေနေဝ – ဖြင့်သာ၊ ဒဏ္ဍံ- ကို၊ ဂဏှာပေန္တဿ-ယူစေသောရဟန်း၏၊ ပါရာဇိကံ (ဟောတိ)၊ ပန – ဆက်၊ ယော–အကြင်ရဟန်းသည်၊ ဒဏ္ဍံ–ကို၊ ကရိဿန္တိ–ပြုကုန်လတ့ံ၊ ဣတိ–ဤသို့၊ ဇာနန္တောပိ-သိလျက်လည်း၊ အနောဒိဿ–၍၊ ကထေတိ– ၏၊ တေစ–ထို တရားသူကြီးတို့သည်လည်း၊ ပရိယေသိတွာ ဒဏ္ဍံ (သစေ) ကရောန္တိယေဝ–အကယ်၍ ပြုကုန်သည်သာလျှင် ဖြစ်အံ့၊ (ဝံသတိ၊ တဿ– ထိုရဟန်း၏၊) ဒေါသော – အပြစ်သည်၊ န–မဖြစ်။

ဝိဟာရသီမာယ-ကျောင်း၏ အပိုင်းအခြား၌၊ ရုက္ခာဒီနိ-သစ်ပင် အစရှိသည်တို့ကို၊ ဆိန္ဒန္တာနံ – ဖြတ်ကုန်သောလူတို့၏၊ ဝါသိဖရသု အာဒီနိ – ဒါး, ပုဆိန် အစရှိသည်တို့ကို၊ ဂဟေတွာ–ယူ၍၊ ပါသာဏေဟိ– ကျောက်တို့ဖြင့်၊ ကောဋ္ဋေန္တိ – ထုရိုက်ကြကုန်အံ့၊ နဝဋ္ဋတိ – မအပ်၊ [ စိတ်ဆိုးသောကြောင့် လက်စားချေသောအားဖြင့် မထုရိုက်ကောင်း-ဟူလို။] ဓါရာ-အသွားသည်၊ သစေ ဘိဇ္ဇတိ-အကယ်၍ပျက်အံ့၊(ဝံသတိ)၊ ကာရာပေတွာ-ပြုစေ၍၊ ဒါတဗ္ဗာ- ပေးထိုက်၏၊

ဥပစာရဝိတ္တာ-အနီးသို့ပြေး၍၊ တေသံ- ထို သစ်ပင်စသည်တို့ကို ဖြတ်သူတို့၏၊ ပရိက္ခာရေ-အသုံးအဆောင်တို့ကို၊ ဂဏှန္တိ - ယူကုန်အံ့၊ တမ္ပိ- ထို ပရိက္ခာရာယူမှုကို လည်း၊ န ကာတဗ္ဗံ-မပြုထိုက်၊ (ကသ္မာ-နည်း၊) ဟိ (ယသ္မာ)-ကြောင့်၊ စိတ္တံ- သည်၊ လဟု ပရိဝတ္တံ - လျင်မြန်သော ပြောင်းလွဲခြင်းရှိ၏၊ ထေယျစေတနာဥ- ခိုးသူ၏ ဖြစ်ကြောင်းဖြစ်ရာစေတနာသည်၊ ဥပ္ပန္နာယ-ဖြစ်လသော်၊ မူလစ္ဆေဇ္ဇာမ္ပိ- သာသနာတော်ဝယ် အမြစ်အရင်း၏ပြတ်ခြင်းသို့လည်း၊ ( ပါရာဇိကကျခြင်းသို့ လည်း၊) ဂစ္ဆေယျ-ရောက်ရာ၏၊ (တသ္မာ-ကြောင့်၊ တမ္ပိ န ကာတဗ္ဗံ၊) သေသံ၊ ပေ၊ တိဝေဒနန္တိ။....သတ္တရသကေ-တဆဲ့ခုနစ်ပါးသော သိက္ခာပုဒ်တို့၏အပေါင်း၌၊ ဝါ-တွင်၊ ပဉ္စမသိက္ခာပဒံ-ပဉ္စမသိက္ခာပုဒ်တည်း။

---

## ဒုတိယသံဃာဒိသေသ်

ဒုတိယေ—၌၊ ဝရဘဏ္ဍန္တိ- ကား၊ မုတ္တမဏိဝေဠုရိယာဒိ°- ပုလဲ, ပဒမြား, ကြောင်မျက်ရွဲ အစရှိသော၊ မဟဂ္ဃံ- များသော အဖိုးရှိသော၊ ( အဖိုးများစွာ ထိုက်တန်သော၊) ဘဏ္ဍံ-ကို၊(အာဒါယဠ် စပ်၊)အနပလောကေတွာတိ-ကား၊ အနာပုစ္ဆိတွာ-မပန်ပြောမူ၍၊ [အပ ရှေ့ရှိသော လောကဓာတ်သည် "အာပုစ္ဆ နတ္ထ"ဖြစ်သောကြောင့်"အနာပုစ္ဆိတွာ"ဟု ဖွင့်သည်။] ဂဏံဝါတိ-ကား၊မလ္လ ဂဏဘဋိပုတ္တဂဏာဒိကံ-ဗိဿကိုးကို ကိုးကွယ် ဆည်းကပ်သူတို့၏ အပေါင်း, ကဒဲနတ်ကို ကိုးကွယ်ဆည်းကပ်သူတို့၏ အပေါင်း အစရှိသည်ကိုငှင်း၊ ပူဂန္တိ— ကား၊ ဓမ္မ ဂဏံ – တရားရှိသူတို့၏ အပေါင်းကိုငှင်း၊ [ ဗုဒ္ဓသာသနာတော်ကို ဆည်းကပ် ကိုးကွယ်သူတို့၏ အပေါင်း, အခြားဘာသာဝင် ဖြစ်သော်လည်း ကုသိုလ်ကောင်းမှု ပြုသူတို့၏ အပေါင်းတည်း။] သေဏိန္တိ - ကား၊ ဂန္ဓိကသေဏိ ဒုဿိကသေဏိအာဒိကံ-နံ့သာကုန်သည် အပေါင်း,အထည်ကုန်သည်အပေါင်း အစရှိသည်ကိုငှင်း၊ ( အနပလောကေတွာ၌ စပ်၊ ) [ မလ္လဂဏစသည် တို့၏ အဓိပ္ပါယ်ကို ကင်္ခါဘာသာဋီကာ၌ ပြထားပြီ။]

ဟိ-မှန်၊(တနည်း)ဟိယသ္မာ-ကြောင့်၊ယတ္ထ ယတ္ထ-အကြင်အကြင်အရပ်၌၊ ရာဇာနော - မင်းတို့သည်၊ ဂဏာဒိနံ - ဂဏ အစရှိသည်တို့အား၊ ဂါမနိဂမေ- ရွာ, နိဂုံးတို့ကို၊ ဧတ္ထ - ဤအရပ်၌၊ တုမှေဝ – သင်တို့သည်သာ၊ အနုသာသထ- ဆုံးမကြကုန်၊ ဝါ-အုပ်ချုပ်ကြကုန်၊ ဣတိ-ဤသို့ပြော၍၊ နိယျာတေန္တိ-အပ်နှင်း

× × × × × × ×

ဝရဘဏ္ဍံ၊ ။ဝရကို "မဟဂ္ဃ"ဟု ဖွင့်၏၊ ဝရီယတေ ဣစ္ဆီယတေ-လိုလားအပ်၏၊ ဣတိ ဝရံ၊ ဝရံ+တံ+ဘဏ္ဍံ စာတိ ဝရဘဏ္ဍံ၊ ထို ဝရဘဏ္ဍာ၏သရုပ်ကို " မုတ္တမဏိ ဝေဠုရိယာဒိ° " ဟု ပြသည်၊ ထို့ကြောင့် "ဝေဠုရိယာဒိ° "ဟု ဝရဘဏ္ဍံနှင့် သမာသ် မတွဲဘဲ ပါဌ်မှန်ရှိပါစေ။

ကြကုန်၏၊ တတ္ထ တတ္ထ - ထိုထိုအရပ်၌၊ တေယေဝ-ထို ဂဏ အစရှိသူတို့သည် သာ၊ ဇုသလရာ-အစိုးရတို့သည်၊ ဟောန္တိ၊ တသ္မာ-ကြောင့်၊ တေ-ထိုအစိုးရသော ဂဏအစရှိသူတို့ကို၊ သန္ဓာယ-ရည်ရွယ်၍၊ ဇုဒံ-ဤဂဏံဝါအစရှိသောစကား ကို၊ ( ဘဂဝတာ )ဝုတ္တံ၊ စ-ဆက်၊ တ္ထေ-ဤ ရာဇ အစရှိသည်တို့တွင်၊ ရာဇာနံ ဝါ- မင်းကိုသော်၎င်း၊ ဂဏာဒိကေဝါ- ဂဏ အစရှိသည်တို့ကိုသော်၎င်း၊ အာ ပုစ္ဆိတွာပိ - ပန်ပြောပြီး၍လည်း၊ ဘိက္ခုနိသံဃော - ကို၊ အာပုစ္ဆိ တဗ္ဗောဝ- ပန်ပြောထိုက်သည်သာ၊ ဝါ-ပန်ပြောရမည်သာ၊ ထပေတွာကပ္ပန္တိ-ကား၊ တိတ္ထိ ယေသုဝါ-တိတ္ထိတို့၌သော်၎င်း၊ အညဘိက္ခုနိသုဝါ- အခြားသော ဘိက္ခုနီတို့၌ သော်၎င်း၊ ပဗ္ဗဇိတပုဗ္ဗံ- ရှေး၌ ပဗ္ဗဇိတဖြစ်ဘူးသော၊ ဝါ - ရသေ့ရဟန်းဖြစ်ဘူး သော၊ ကပ္ပဂတိကံ— အဝ်သည်၏အဖြစ်သို့ ကပ်ရောက်သူကို၊ ထပေတွာ - ချန် ထား၍၊ (ဝုဋ္ဌာပေယျ၌စပ်၊) ဇုတိ-ဤကားအနက်၊ သေသံ ဥတ္တာနမေဝ။

(ဇုဒံ သိက္ခာပဒံ-သည်၊) စောရီဝုဋ္ဌာပနသမုဋ္ဌာနံ—စောရီဝုဋ္ဌာပနသမုဋ္ဌာန် ရှိသော သိက္ခာပုဒ်တည်း၊ ကေနစိ ကရဏီယေန-တစုံတခုသော ပြုဘွယ်ကြောင့်၊ ဘိက္ခုနိသု—တို့သည်၊ ပက္ကန္တာသု-ဖဲသွားကုန်လသော်၊ ခဏ္ဍသီမံ - ခဏ္ဍသိမ်သို့၊ အဂတ္ဘာ- မသွားမူ၍၊ ယထာနိသိန္နဋ္ဌာနေယေဝ— အကြင် အကြင်ထိုင်မြဲသော နေရာ၌ပင်၊ ( မဟာသိမ်ဖြစ်သော ထိုနေရာ၌ပင်၊) အတ္တနော-၏၊ နိဿိတက ပရိသာယ- တပည့်မ ပရိသတ်နှင့်၊ သဒ္ဓိံ - တကွ၊ ဝုဋ္ဌာပေန္တိယာ — သိက္ခမာန် အဖြစ်မှ ရဟန်းမအဖြစ်သို့ ထမြောက်စေသော ဥပဇ္ဈာယ်ဆရာမ၏၊ ဝါစာစိတ္တ တော-နှုတ်,စိတ်ကြောင့်၊ သမုဋ္ဌာတိ-ဖြစ်၏၊ ခဏ္ဍသီမံဝါ-သို့သော်၎င်း၊ နဒိံဝါ— မြစ်သို့သော်၎င်း၊ ဂတွာ-သွား၍၊ ဝုဋ္ဌာပေန္တိယာ- ၏၊ ကာယဝါစာစိတ္တတော၊ သမုဋ္ဌာတိ- ၏၊ အနာပုစ္ဆာ - မပန်ပြောဘဲ၊ ဝုဋ္ဌာပနဝသေန - ထမြောက်စေခြင်း၏ အစွမ်းဖြင့်၊ ကိရိယာကိရိယံ- ကိရိယာကိရိယတည်း၊(မပြုထိုက်သော ထမြောက် စေမှုကို ပြုခြင်း, ပြုထိုက်သော ပန်ပြောမှုကို မပြုခြင်းရှိသော သိက္ခာပုဒ်တည်း၊ ) ၊ပေ၊တိဝေဒနန္တိ။····ဒုတိယသိက္ခာပဒံ (သမတ္တံ)။

---

## တတိယသံဃာဒိသေသ်

တတိယေ-၌၊ ပရိက္ခေပံ အတိက္ကာမေန္တိယာတိ တ္ထေ-၌၊ ( ဝိနိစ္ဆယော စေ ဝေဒိတဗ္ဗော၊ စပ်ပုဒ်မရှိ၍ ထည့်သည်၊) ဧကံ—တခုသော၊ ပါဒံ- ကို၊ အတိက္ကာ မေန္တိယာ-လွန်စေသော ဘိက္ခုနီ၏၊ ထုလ္လစ္စယံ(ဟောတိ)၊ ဒုတိယေန-ဒုတိယ ခြေလှမ်းဖြင့်၊ (ပရိက္ခေပ—ကို၊)အတိက္ကန္တမတ္တေ-လွန်အင်ကာမျှ ဖြစ်လသော်၊ သံဃာဒိသေသော ( ဟောတိ )၊ အပရိက္ခိတ္တဿ ဂါမဿ ဥပစာရန္တိ တ္ထေ - ၌၊ (ဝိနိစ္ဆယော စေ ဝေဒိတဗ္ဗော၊) ပရိက္ခေပါရဟဋ္ဌာနံ- အကာအရံ ထိုက်သော

ခဲတကျအရပ်ကို၊ ဧကေန– သော၊ ပါဒေန - ဖြင့်၊ အတိက္ကမတိ - ကျော်လွန်အံ့၊ ထုလ္လစ္စယံ(ဇဟာတိ)၊ ဒုတိယေန-ဖြင့်၊(ပရိက္ခေပါရဟဋ္ဌာနေ-ကို၊)အတိက္ကန္တမတ္တေ, သံဃာဒိသေသော(ဟောတိ)၊ အပိစ– သည်သာမကသေး၊ ( အကျယ်ရှိသေး၏-ဟုလို၊)ဧတ္ထ-ဤသိက္ခာပုဒ်၌၊ သကဂါမတော-မိမိရွာမှ၊ နိက္ခမန္တိယာ-ထွက်ဆဲ ဘိက္ခုနီ၏၊ ဂါမန္တရပစ္စယာ - ရွာတပါးဟူသော အကြောင်းကြောင့်၊ အနာပတ္တိ - အာပတ် မသင့်သေး၊ ( မိမိ ရွာထည်းတွင် ရှိနေသေးသောကြောင့် "ဂါမန္တရ"မဖြစ်သေး၊ ထို့ကြောင့် အာပတ်မသင့်"-ဟုလို။] ပန- ကား၊ နိက္ခမိတွာ–ထွက်ပြီး၍၊ ဂါမန္တရံ-ရွာတပါးသို့၊ ဂစ္ဆန္တိယာ-သွားသော ဘိက္ခုနီ၏၊ ပဒဝါရေ ပဒဝါရေ ဒုက္ကဋံ(ဟောတိ) ဧကေန-သော၊ ပါဒေန-ဖြင့်၊ ဣတရဿ-အခြားသော၊ ဂါမဿ-၏၊ ပရိက္ခေပေဝါ- အကာအရံကိုသော်ငင်း၊ ဥပစာရေ ဝါ- ဥပစာကိုသော်ငင်း၊ အတိက္ကန္တ( မတ္တေ )– လွန်အပ်ကာမျှ ဖြစ်လသော်၊ ထုလ္လစ္စယံ (ဟောတိ)၊ ဒုတိယေန- ဖြင့်၊ အတိက္ကန္တမတ္တေ-သော်၊ သံဃာဒိသေသော(ဟောတိ)၊ တတော-ထိုအခြားရွာမှ၊ နိက္ခမိတွာ-၍၊ ပုန-ဘန်၊ သကဂါမံ-မိမိရွာသို့၊ ပဝိသန္တိယာပိ- ဝင်သော ဘိက္ခုနီ၏လည်း၊ ဧသေဝနယော။

ပန-ဆက်၊ ခဏ္ဍပါကာရေနဝါ - ကြိုးပြတ်သောတံတိုင်းဖြင့် သော်ငင်း၊ ဝတိဆိဒ္ဒေနဝါ-စည်းရိုးအပေါက်ဖြင့်သော်ငင်း၊ ဘိက္ခုနိဝိဟာရ ဘူမိယေဝ-ဘိက္ခုနီတို့၏ ကျောင်းမြေသို့သာ၊ ပဝိသိတုံ – ၄ါ၊ သက္ကာ – တတ်ကောင်းသည်၊ သစေ ဟောတိ-အံ့၊ (ဧဝံသတိ)၊ ဧဝံ-ဤသို့၊ ပဝိသမာနာယ- ဝင်သော ဘိက္ခုနီသည်၊ ကပ္ပိယဘူမိ-အပ်သောမြေသည်၊ဝါ-အပ်သောမြေသို့၊ ပဝိဋ္ဌာနာမ-ဝင်အပ်သည်မည်သည်၊ ဟောတိ - ၏၊ တသ္မာ ဝဋ္ဋတိ၊ [ ဤဝါကျများ၏အဓိပ္ပါယ်ကို ကင်္ခါဘာသာဋီကာ၌ ပြထားပြီ။] ဟတ္ထိ ပိဋ္ဌိ အာဒိဟိဝါ - ဆင်၏ကျောက်ကုန်း အစရှိသည်တို့ဖြင့် သော်ငင်း၊ ဣဒ္ဓိယာဝါ - တန်ခိုးဖြင့်သော်ငင်း၊ သစေပိ ပဝိသတိ- အကယ်၍မူလည်း ဝင်အံ့၊ ( ဧဝံသတိပိ )၊ ဝဋ္ဋတိယေဝ၊ ဟိ - မှန်၊ ပဒသာ- ခြေဖြင့်၊ ဝါ-ခြေလျင်၊ ဂမနမေဝ-သွားခြင်းကိုသာ၊ ဣဓ– ဤသိက္ခာပုဒ်၌၊ အဓိပ္ပေတံ-အလိုရှိအပ်၏၊ တေနေဝ-ထို့ကြောင့်ပင်၊ ပဌမံ ပါဒံ အတိက္ကာမေန္တိယာတိ အာဒိ – ပဌမံ ပါဒံ အတိက္ကာမေန္တိယာ အစရှိသောစကားရပ်ကို၊ အာဟ – မိန့်တော်မူပြီ။

× × × × × × ×

**ဒုတိယေန အတိက္ကန္တမတ္တေ ။** ။"အတိက္ကမန္တမတ္တေ "ဟူသော လက္ခဏာ၏ လက္ခဏာဝန္တကို " ပရိက္ခေပ "ဟု ထည့်ရသည်၊ ဥပစာကို လွန်ရာ၌လည်း " ပရိက္ခေပါရဟဋ္ဌာနေ"ဟု ထည့်ရသည်၊ ယောဇနာ၌ကား "ဒုတိယေ"ဟူသော ပါဌ်ကိုတွေ့၍ "ဒုတိယေ ပါဒေ အတိက္ကန္တမတ္တေတိ သမ္ဗန္ဓော " ဟု ဖွင့်၏၊ ခြေသည် လွန်အပ်သော ကံ မဟုတ်၊ ပရိက္ခေပသည်သာ လွန်အပ်သော ကံတည်း၊ ထို့ကြောင့် စဉ်းစားပါ၊ နောက်၌လည်း"ပါဒေန အတိက္ကမတိ"ဟု ရှိသည်။

ဒွေ-ကုန်သော၊ ဂါမာ-တို့သည်၊ ဘိက္ခုနိဝိဟာရေန- ဘိက္ခုနီတို့၏ ကျောင်း
အားဖြင့်၊ သမ္ဗဒ္ဓဝတိကာ-ဆက်စပ်သောစည်းရိုး ရှိကုန်သည်၊ ဟောန္တိ-ကုန်အံ့၊
ယသ္မိံ ဂါမေ-၌၊ ဘိက္ခုနိဝိဟာရော-သည်၊ (အတ္ထိ)၊ တတ္ထ-ထိုရွာ၌၊ ပိဏ္ဍာယ-
ဆွမ်းအလို့ငှါ၊ စရိတွာ-လှည့်လည်၍၊ ပုန- တဖန်၊ ဝိဟာရံ-သို့၊ ပဝိသိတွာ-၍၊
ဝိဟာရမဇ္ဈေန- ကျောင်း၏အလယ်ဖြင့်၊ ဥတ္တရဿ-အခြားသော၊ ဂါမဿ-၏၊
မဂ္ဂေါ-သည်၊ သစေအတ္ထိ-အံ့၊ (ဧဝံသတိ)၊ ဂန္တုံ ဝဋ္ဋတိ၊ ပန-ဆက်၊ တတော
ဂါမတော-ထိုရွာမှ၊ တေနေဝ မဂ္ဂေန-ထိုလမ်းဖြင့်ပင်လျှင်၊ ပစ္စာဂန္တုံ-ပြန်လာ
ရာ၏၊ ဂါမဒွါရေန-ရွာတံခါးဖြင့်၊ နိက္ခမိတွာ သစေ အာဂစ္ဆတိ-အံ့၊(ဧဝံသတိ)၊
ပုရိမနယေနေဝ အာပတ္တိဘေဒေါ ဝေဒိတဗ္ဗော၊ သကဂါမတော – မိမိရွာမှ၊
ကေနစိ- တစုံတခုသော၊ ကရဏီယေန- ပြုဘွယ်ကိစ္စကြောင့်၊ ဘိက္ခုနီဟိ- တို့နှင့်၊
သဒ္ဓိံ – တကွ၊ နိက္ခန္တာယ – ထွက်လာသော ဘိက္ခုနီ၏၊ ပုန– တဖန်၊ ပဝိသန
ကာလေ-ဝင်ရာအခါ၌၊ ဟတ္ထိဝါ- ဆင်သည်သော်လည်း၊ မုစ္စတိ- လွတ်လာအံ့၊
ဥဿာရဏာဝါ-လူအများ၏ တိုးဝှေ့တက်သွားခြင်းသည်သော်လည်း၊ ဟောတိ-
အံ့၊ ဥတ္တရာ- ကုန်သော၊ ဘိက္ခုနိယော- တို့သည်၊ သဟသာ – အဆောတလျင်၊
ဂါမံ- သို့၊ ပဝိသန္တိ- ဝင်သွားကုန်အံ့၊ (ဧဝံသတိ၊) ယာဝ- အကြင်မျှလောက်၊
အညာ-အခြားသော၊ ဘိက္ခုနီ-သည်၊ အာဂစ္ဆတိ-၏၊ တာဝ-ထို အခြားဘိက္ခုနီ
လာသည့်တိုင်အောင်၊ ဗဟိ- ပြင်ဘက်၌၊ ဂါမဒွါရေ- ၌၊ ဌာတဗ္ဗံ – ရပ်နေရာ၏၊
[တယောက်ထည်းသွားလျှင် "ကောဝါ ဂါမန္တရံ ဂစ္ဆေယျ" ဖြစ်သောကြောင့်
အဖေါ် လာသည့်တိုင်အောင် စောင့်နေပါ - ဟူလို။] (အညာ ဘိက္ခုနီ) သစေ န
အာဂစ္ဆတိ- အကယ်၍ မလာအံ့၊ (ဧဝံသတိ)၊ ဒုတိယိကာ- အဖေါ်မဖြစ်သော၊
ဘိက္ခုနီ-သည်၊ ပက္ကန္တာနာမ–အရပ်တပါးသို့ ဖဲသွားသည်မည်သည်၊ ဟောတိ၊
( တသ္မာ )၊ ပဝိသိတုံ ဝဋ္ဋတိ။

ပုဗ္ဗေ-ရှေး၌၊ မဟာဂါမော–ကြီးစွာသောရွာသည်၊ ဟောတိ-ဖြစ်၏၊ မဇ္ဈေ–
ရွာ၏အလည်၌၊ ဘိက္ခုနိဝိဟာရော-ဘိက္ခုနီတို့၏ကျောင်းတိုက်သည်၊ (ဟောတိ-
ရှိ၏၊) ပစ္ဆာ- နောင်၌၊ တံဂါမံ-ထိုရွာကြီးကို၊ စတ္တာရော–၄ ယောက်ကုန်သော၊
ဇနာ-လူတို့သည်၊ (ရွာစားတို့သည်၊) လဘိတွာ-ရ၍၊ ဝိသုံဝိသုံ-သီးခြားသီးခြား၊
ဝတိပရိက္ခေပံ - စည်းရိုးဖြင့် ကာရံခြင်းကို၊ ကတွာ- ၍၊ ဝိဘဇိတွာ- ခွဲဝေ၍၊ ဘုဉ္ဇ
န္တိ- သုံးစွဲကြကုန်အံ့၊ ဝိဟာရတော-မှ၊ ဧကံ-တခုသော၊ ဂါမံ-သို့၊ ဂန္တုံ-ငှါ၊ ဝဋ္ဋ
တိ၊ တတော- ထိုရွာမှ၊ အပရံ–အခြားသော၊ ဂါမံ- သို့၊ ဒွါရေနဝါ– တံခါးဖြင့်
သော်၎င်း၊ ဝတိဆိဒ္ဒေနဝါ – စည်းရိုးအပေါက်ဖြင့် သော်၎င်း၊ ပဝိသိတုံ- ငှါ၊ န
ဝဋ္ဋတိ၊ ပုန- တဖန်၊ ဝိဟာရမေဝ- သို့သာ၊ ပစ္စာဂန္တုံ- ပြန်လာခြင်းငှါ၊ ဝဋ္ဋတိ၊
ကသ္မာ-နည်း၊ ဝိဟာရဿ- ၏၊ စတုဂါမ သာဓာရဏတ္တာ- လေးခုသောရွာတို့နှင့်
ဆက်ဆံသည်၏ အဖြစ်ကြောင့်တည်း။

အန္တရဝါသကော တေမိယတီတိ - ကား၊ ယတ္တ - အကြင်မြစ်၌၊ ယထာ - အကြင် အခြင်းအရာအားဖြင့်ဝတ်အပ်သော်၊ တိမဏ္ဍလပဋိစ္ဆာဒန်-ပုဆစ်ဒူးဝန်း ၂ ဘက်,ချက်ဟူသော ၃ ပါးသောအဝန်းကိုဖုံးလွှမ်းခြင်းသည်၊ ဟောတိ-ဖြစ်၏၊ ဧဝံ-ဤသို့ တိမဏ္ဍလ ပဋိစ္ဆာဒနဖြစ်လေဒံသော အခြင်းအရာအားဖြင့်၊ နိဝတ္ထာ ယ-ဝတ်သော၊ ဘိက္ခုနိယာ - ၏၊ (အန္တရဝါသကော၌စပ်) ဝါ-သည်၊ (ဥတ္တ ရန္တိယာ၌စပ်၊) ဝဿကာလေ- မိုယ်းအခါ၌၊ တိတ္ထေနဝါ - ရိုးရာဆိပ်ကမ်းဖြင့် သော်၎င်း၊ အတိတ္ထေနဝါ - ဆိပ်ကမ်းမဟုတ်သော အရပ်ဖြင့်သော်၎င်း၊ ဩတရိ တွာ-သက်ဆင်း၍၊ ယတ္တကတ္ထစိ-အမှတ်မရှိ တစုံတခုသောအရပ်၌၊ (ဆိပ်ကမ်း ဟုတ်သောအရပ်, မဟုတ်သောအရပ်၌၊) ဥတ္တရန္တိယာ - တက်သောရဟန်းမ၏၊ ကေဒ္ဒဂုလမတ္တမ္ပိ - လက်တသစ် , လက် ၂ သစ်မျှလည်း၊ အန္တရဝါသကော— သင်းပိုင်ကို၊ တေမိယတိ-စိုစွတ်အပ်၏၊ (သာ-ထိုမြစ်သည်၊ နဒီနာမ-မည်၏၊) [ ပါဠိတော်၌ " နဒီနာမ၊ပေ၊တေမိယတိ "၏ အဖွင့်ဖြစ်သောကြောင့် ယတ္တ၏ နိယမထည့်၍, ထို ပါဠိတော်၌ စပ်ရသည်၊] သေသံ - ကြွင်းသော၊ နဒီလက္ခဏာ- မြစ်၏ လက္ခဏာသည်၊ နဒီနိမိတ္တကထာယံ – နဒီနိမိတ္တကထာ၌၊ (ဥပေါသထ က္ခန္ဓက နဒီနိမိတ္တကထာ၌၊) အာဝိ-ထင်ရှားစွာ၊ ဘဝိဿတိ-ဖြစ်လတံ့။

ဧဝရူပံ-သော၊ နဒိံ - သို့၊ တိတ္ထေနဝါ အတိတ္ထေနဝါ ဩတရိတွာ, ဥတ္တရဏ ကာလေ- တက်ရာအခါ၌၊ ပဌမံ- သော၊ ပါဒံ-ကို၊ ဥဒ္ဓရိတွာ- ကြွမြှောက်၍၊ တီရေ- ကမ်း၌၊ ထပေန္တိယာ - ထားသောဘိက္ခုနီ၏၊ ထုလ္လစ္စယံ ( ဟောတိ )၊ ဒုတိယ ပါဒုဒ္ဓါရေ- ဒုတိယခြေကို ကြွမြှောက်ရာအခါ၌၊ သံဃာဒိသေသော (ဟောတိ)၊ သေတုနာ- တံတားဖြင့်၊ ဂစ္ဆတိ- အံ့၊ အနာပတ္တိ၊ (ဟောတိ)၊ [ရေထည်းဆင်း၍ ခြေဖြင့်သွားခြင်းကိုသာ "နဒီပါရဂမန" ဟု ဆိုသောကြောင့်"သေတုနာ ဂစ္ဆတိ" ကို " အနာပတ္တိ "ဟု ဆိုသည်။ ] ပဒသာ - ခြေဖြင့်၊ ဩတရိတွာ - ၍၊ ဥတ္တရဏ ကာလေ– ၌၊ သေတုံ - သို့၊ အာရောဟိတွာ - တက်၍၊ ဥတ္တရန္တိယာပိ - ကမ်းသို့ တက်သော ဘိက္ခုနီ၏လည်း၊ အနာပတ္တိ (ဟောတိ)၊ ပန - ဆက်၊ သေတုနာ- ဖြင့်၊ ဂတ္ဝာ-၍၊ ဥတ္တရဏကာလေ-၌၊ ပဒသာ-ဖြင့်၊ ဂစ္ဆန္တိယာ- ၏၊ အာပတ္တိ ယေဝ-သည်သာ၊(ဟောတိ)၊ ယာန နာဝါ အာကာသဂမနာဒီသုပိ-ယာဉ်ဖြင့် သွားခြင်း , လှေဖြင့်သွားခြင်း , ကောင်းကင်ဖြင့်သွားခြင်း အစရှိသည်တို့၌လည်း၊ ဧသေဝနယော - တည်း၊ ပန-ဆက်၊ ဩရိမတီရတော- ဤဘက်ကမ်းမှ၊ ပရတီရ မေဝ-ထိုဘက်ကမ်းကိုသာ၊ အက္ကမန္တိယာ— နင်းသော ရဟန်းမ၏၊ အနာပတ္တိ၊ (ဟောတိ )၊ [မြစ်ထည်းမဆင်းဘဲ လှည်းစသည်ဖြင့် ဤဘက်ကမ်းမှ ထိုဘက် ကမ်းသို့ သွားသော ဘိက္ခုနီမှာ အနာပတ္တိ၊ ပရတီရမေဝ အက္ကမန္တိယာ အနာ ပတ္တီတိ နဒိံ အနောတရိတွာ ယာန နာဝါဒီသု အညတရေန ဂတ္ဝာ ပရတီရ မေဝ အက္ကမန္တိယာ အနာပတ္တိ၊—ဋီကာ။] ရဇနကမ္မတ္တံ-ဆိုးရည်ကြိုမှုကိုပြုခြင်း

အကျိုး၄ါ၊ ဂတ္တွာ-၍၊ ဒါရုသက်ခုနာဒိကိစ္စေန-ထင်းကိုစုဆောင်းခြင်းအစရှိသော ကိစ္စကြောင့်၊ (ထင်းကို ဆွဲငင်ဆယ်ယူလိုခြင်းစသော ကိစ္စကြောင့်၊) ဒွတ္တိသော- ၂ ယောက် ၃ ယောက်ကုန်သောဘိက္ခုနီတို့သည်၊ ဥဘယတီရေသု- ၂ဘက်သော ကမ်းတို့၌၊ ဝိစရန္တိ-လှည့်လည်ကြကုန်အံ့၊ ဝဋ္ဋတိ။

ပန-ဆက်၊ ဧတ္ထ-ဤ ဘိက္ခုနီတို့တွင်၊ ကာစိ-ဘစုံတယောက်သည်၊ ကလဟံ- ခိုက်ရန်ကို၊ ကတွာ-၍၊ ဣတရံ- အခြားသော၊ တီရံ-ကမ်းသို့၊ သစေ ဂစ္ဆတိ-အံ့၊ (ဧဝံသတိ)၊ အာပတ္တိ (ဟောတိ)၊ ဒွေ- ၂ ယောက်ကုန်သော ဘိက္ခုနီတို့သည်၊ ဧကတော-တပေါင်းတည်း၊ ဥတ္တရန္တိ—ကူးကုန်၏၊ ဧကာ- တယောက်သည်၊ နဒ္ဒိယာ-မြစ်၏၊ မဇ္ဈေ-အလည်၌၊ ကလဟံ-ကို၊ ကတွာ-၍၊ နိဝတ္တိတွာ-ပြန်နစ်၍၊ ဩရိမတီရမေဝ - ဤဘက်ကမ်း သို့သာ၊ အာဂစ္ဆတိ - ပြန်လာအံ့၊ အာပတ္တိ (ဟောတိ)၊ ပန - ဆက်၊ ဣတရိဿာ- အခြားသောဘိက္ခုနီ၏၊ (အနာပတ္တိ၌ စပ်၊) အယံ-ဤ ပြန်လာသောဘိက္ခုနီသည်၊ ပက္ကန္တဌာနေ-ဖဲသွားသူ၏အရာ၌၊ ဌိတာ-တည်သည်၊ ဟောတိ၊ တသ္မာ-ကြောင့်၊ ပရတီရံ-သို့၊ ဂစ္ဆန္တိယာပိ- သွား သော်လည်း၊ အနာပတ္တိ (ဟောတိ)၊ နှာယိတုံဝါ - ရေချိုးခြင်းငှါ သော်၎င်း၊ ပါတုံဝါ- သောက်ခြင်းငှါသော်၎င်း၊ ဩတိဏ္ဏာ - သက်ဆင်းသော ဘိက္ခုနီသည်၊ တမေဝတီရံ– ထိုကမ်းသို့သာ၊ ပစ္စုတ္တရတိ–ပြန်၍ တက်လာအံ့၊ (ဧဝံသတိ)၊ အနာပတ္တိ(ဟောတိ)။

သဟအရုဏုဂ္ဂမနာတိ ဧတ္ထ-၌၊ (ဝိနိစ္ဆယော ဧဝံ ဝေဒိတဗ္ဗော၊) သဇ္ဈာယံ ဝါ-သရဇ္ဈာယ်ခြင်းကိုသော်၎င်း၊ ပဓာနံဝါ—ကမ္မဋ္ဌာန်းအားထုတ်မှုကိုသော်၎င်း၊ အညံ-သဇ္ဈာယ,ပဓာနမှတပါးသော၊ ကိဉ္စိ-သော၊ ကမ္မံဝါ-အလုပ်ကိုသော်၎င်း၊ ကုရုမာနာ-ပြုစဉ်၊ ပုရေ အရုဏောယေဝ- အရုဏ်၏ ရှေး၌ပင်၊ ("ပုရာရုဏာ ယေဝ"ဟု ရှိလျှင် သာ၍ကောင်းသည်၊ "အရုဏ်မတက်မီပင်"ဟု ပေး၊) ဒုတိယိကာယ-အဖေါ်မ၏၊ သန္တိကံ - အထံသို့၊ ဂမိဿာမိ - အံ့၊ ဣတိ - ဤသို့၊ အာဘောဂံ-နှလုံးသွင်းမှုကို၊ သစေကရောတိ-အံ့၊ စ-ထိုသို့ပင် ပြုပါသော်လည်း၊ အဿာ-ထိုဘိက္ခုနီသည်၊ အဇာနန္တိယာ ဧဝ-(အရုဏ်တက်မှန်း)မသိစဉ်ပင်၊ အရုဏော-သည်၊ ဥဂ္ဂစ္ဆတိ-တက်အံ့၊ (ဧဝံသတိ)အနာပတ္တိ(ဟောတိ)၊ ပန-

× × × × × × ×

**ဥဘယတီရေသု၊ပေ၊ဝဋ္ဋတိ ။** ။ ဤဘက်ကမ်းသို့ မကူးသောကြောင့် နဒီပါရ ဂမနအတွက် လျှင်းပါးဘွယ် မရှိပါဘဲလျက် အဘယ့်ကြောင့်"ဥဘယ၊ပေ၊ဝဋ္ဋတိ" ဟု အထူး ဆိုနေပါသနည်း ဟု မေးဘွယ်ရှိ၏၊ အဖြေကား—နောက်၌ "သစေ ပနေတ္ထ ကာစိ ကလဟံ ကတွာ"စသည်ဖြင့် အာပတ်သင့်ပုံ ဝိနိစ္ဆယကို ဆိုလတ့ံ၊ ထို ဝိနိစ္ဆယနှင့် စပ်၍ အာပတ်မသင့်ခြင်းအကျိုးကိုပြခြင်းငှါ"ဥဘယတီရေသု"စသည်ကို ဆိုရသည်။ [ ဥဘယတီရေသု ဝိစရန္တိ , ဝဋ္ဋတီတိ ဣဒံ အသတိပိ နဒီပါရဂမနေ ဥပရိဝက္ခမာနဿ ဝိနိစ္ဆယဿ ဖလမတ္တဒဿနတ္ထံ ဝုတ္တံ တိ ဝေဒိတဗ္ဗံ၊—ဋီကာ။ ]

ဆက်၊ ယာဝအရုဏုဂ္ဂမနာ-အရုဏ်တက်သည့်တိုင်အောင်၊ ဣဓေဝ- ဤအရပ်
၌ပင်၊ ဘဝိဿာမိ- အံ့၊ ဣတိဝါ- ဤသို့ သော်၎င်း၊ အနာဘောဂေနဝါ- နှလုံး
မသွင်းဘဲသော်၎င်း၊(အရုဏ်မတက်မီ အဖေါ်ရှိရာသို့ သွားအံ့-ဟု နှလုံးမသွင်းဘဲ
သော်၎င်း၊) ဝိဟာရဿ-ကျောင်းတိုက်၏၊ ဧကဒေသေ-တစိတ်တဒေသ၌၊ အထ
အစ္ဆတိ-အကယ်၍နေအံ့၊ ဒုတိယိကာယ-၏၊ ဟတ္ထပါသံ-သို့၊ အထ နဩတရတိ-
အကယ်၍ မသက်ရောက်အံ့၊ ("ဧကဒေသေ အစ္ဆတိ"ကိုပင် ထပ်၍ ဖွင့်သည်။)
( ဧဝံသတိ )၊ အရုဏုဂ္ဂမနေ — အရုဏ်တက်ရာ အခါ၌၊ သံဃာဒိသေသော
(ဟောတိ)၊ ဟိ- မှန်၊ ဣဓ - ဤဧကာဝါ ရတ္တိံ ဝိပ္ပဝသေယျ ဟူသော ပါဠိ၌၊
ဟတ္ထပါသောဧဝ - ၂ တောင်ထွာ ဟတ္ထပါသ်သည်သာ၊ ပမာဏံ - ပမာဏ
တည်း၊ ဟတ္ထပါသာတိက္ကမေ - ၂ တောင်ထွာ ဟတ္ထပါသ်ကို လွန်ခြင်းသည်၊
(သတိ - ဖြစ်လသော်)၊ ဧကဂဗ္ဘောပိ - တခုထည်းသော အခန်းသည်လည်း၊ န
ရက္ခတိ—အာပတ်မှ မစောင့်ရှောက်။

အဂါမကေ အရညေတိ ဧတ္ထ-၌၊(ဝိနိစ္ဆယော ဧဝံဝေဒိတဗ္ဗော၊)နိက္ခမိတွာ၊
ပေ၊အရညန္တိ-ဟူ၍၊ ဧဝံ - ဤသို့၊ ဝုတ္တလက္ခဏမေဝ - ဟောတော်မူအပ်သော
လက္ခဏာရှိသည်သာလျှင် ဖြစ်သော၊ အရညံ-တောတည်း၊ [ ဣန္ဒခီလာ-တခါး
ခုံမှ၊ ဗဟိ-ပြင်ဘက်သို့၊ နိက္ခမိတွာ - ထွက်မိ၍၊ ဝါ - ထွက်မိလျှင်၊ ( ယံဌာနံ-
အကြင်အရပ်သည်၊ အတ္ထိ၊)တံ သဗ္ဗံ-ဤအလုံးစုံသော ရွာပြင်ဘက်အရပ်သည်၊
အရညံ-အရညတည်း။] ပန-ဆက်၊ တံ တေံ-ထိုအရညကို၊ ကေဝလံ- တော၏
လက္ခဏာနှင့် မဘက် သက်သက်၊ ဂါမာဘာဝေန - ရွာ၏ မဟုတ်ခြင်းကြောင့်၊
အဂါမကန္တိ—ဟူ၍၊ ဝုတ္တံ-ဟောတော်မူအပ်ပြီ၊ ဝိဉ္ဈာဋဝိသဒိသတာယ-ဝိဉ္ဈာ
တောနှင့်တူသည်၏အဖြစ်ကြောင့်၊(အဂါမကန္တိ-ဟူ၍၊)န(ဝုတ္တံ)-ဟောတော်
မူအပ်သည် မဟုတ်၊ တာဒိသေ-ထိုကဲ့သို့ ရှုအပ်သော၊("နိက္ခမိတွာ ဗဟိ ဣန္ဒ
ခီလာ"ဟု ဟောတော်မူအပ်သောလက္ခဏာရှိသော တောနှင့်တူသော၊)အရညေ-
၌၊ ဩက္ကန္တေ-သက်ရောက်အပ်ပြီးသော၊ ဒဿနူပစာရေ- ဒဿနူပစာကို၊ ဝိဇ
ဟိတေ—စွန့်အပ်ပြီးသော်၊ သဝနူပစာရော- သဝနူပစာရသည်၊ သစေပိ အတ္ထိ-
အကယ်၍မူလည်း ရှိစေဦးတော့ (ဧဝံ သတိပိ)၊ အာပတ္တိ(ဟောတိ)။

တေနေဝ-ထို့ကြောင့်ပင်၊ အဋ္ဌကထာယံ-မဟာအဋ္ဌကထာ၌၊ ဝုတ္တံ-ဆိုအပ်
ပြီ၊ ( ကိံ—နည်း၊) ဘိက္ခုနီသု - တို့သည်၊ မဟာဗောဓိအင်္ဂဏံ - မဟာဗောဓိ
ယင်ပြင်သို့၊ ပဝိသန္တီသု-ဝင်ကုန်လသော်၊ ဧကာ-တယောက်ထည်းသည်၊(ဟုတွာ)၊
ဗဟိ-ပြင်ဘက်၌၊ သစေ တိဋ္ဌတိ-အံ့၊(ဧဝံသတိ)၊ တဿာပိ-ထိုဘိက္ခုနီ၏လည်း၊
အာပတ္တိ(ဟောတိ)၊လောဟပါသာဒံ-ကြေးပြာသာဒ်သို့၊ ပဝိသန္တီသုပိ-ဝင်ကုန်
သော်၎င်း၊ ပရိဝေဏံ-လောဟပါသာဒ၏ ပရိဝုဏ်သို့၊ ပဝိသန္တီသုပိ - ဝင်ကုန်
သော်၎င်း၊ ဧသေဝနယော- ပင်တည်း၊ ( ဘိက္ခုနီသု- တို့သည်၊ ) မဟာစေတိယံ-

မဟာစေတီကို၊ ဝန္ဒမာနာသု - ရှိခိုးကုန်စဉ်၊ ကော - တယောက်ထည်းသည်၊ (ဟုတွာ)၊ဥတ္တရဒွါရေန-မြောက်တံခါးဖြင့်၊ နိက္ခမိတွာ-၍၊ ဂစ္ဆတိ-အံ့၊ တဿာပိ အာပတ္တိ (ဟောတိ)၊ ထူပါရာမံ—ထူပါရုံသို့၊ ပဝိသန္တီသု — ဝင်ကုန်လသော်၊ ကော (ဟုတွာ)၊ ဗဟိ,တိဋ္ဌတိ-အံ့၊ တဿာပိ အာပတ္တိ(ဟောတိ)၊ ဣတိ-သို့၊ ဝုတ္တံ-ဆိုအပ်ပြီ။

စ-ဆက်၊ ဧတ္ထ-၌ ဒဿနူပစာရ သဝနူပစာရတို့တွင်၊ ယတ္ထ-အကြင်အရပ်၌၊ ဌိတံ-တည်သူကို၊ ဒုတိယိကာ-အဖော်မသည်၊ ပဿတိ-မြင်နိုင်၏၊ (သော-ထိုအရပ်သည်၊ ) ဒဿနူပစာရောနာမ - ဒဿနူပစာရမည်၏၊ ဝါ - မြင်ခြင်း၏ ဥပစာမည်၏၊ ပန- ဆက်၊ သာဏိပါကာရန္တရိကာပိ - အဝတ်ကန့်လန့်ကာ၏ တဖက်အရပ်၌ တည်သူသည်လည်း၊ ဝါ - အဝတ်ကန့်လန့်ကာဖြင့် ခြားကွယ်အပ်သူသည်လည်း၊ သစေ ဟောတိ-အကယ်၍ဖြစ်အံ့၊(စေ်သတိ-သော်၊)ဒဿနူပစာရံ- ကို၊ ဝိဇဟတိနာမ - စွန့်သည်မည်၏၊ ယတ္ထ - အကြင်အရပ်၌၊ ဌိတာ—တည်သော ဘိက္ခုနီသည်၊ မဂ္ဂမူဠ္ဟသဒ္ဒေန ဝိယ - လမ်း၌ တွေဝေသူ၏အသံဖြင့် ကဲ့သို့သော်ငင်း၊ ဝါ မျက်စိလည် လမ်းမှားသူ၏အသံဖြင့်ကဲ့သို့သော်ငင်း၊ [မျက်စိလည်သူတို့သည် အသံကျယ်ကျယ်ဖြင့် ဟစ်၍ခေါ်တတ်ကြသည်၊) ဓမ္မဿဝနာရောစနသဒ္ဒေန ဝိယစ - တရားနာဘို့ရန် ကြွေးကြော်ကြောင်းအသံဖြင့် ကဲ့သို့သော်ငင်း၊ အယျေတိ - အယျေဟူ၍၊ သဒ္ဒါယန္တိယာ - အသံကိုပြုသော ရဟန်းမ၏၊ (ဟစ်၍ခေါ်သော ရဟန်းမ၏၊) သဒ္ဒံ- ကို၊ သုဏာတိ - ကြားရ၏၊ (သော-ထိုအရပ်သည်၊) သဝနူပစာရောနာမ-သဝနူပစာရမည်၏၊ ဝါ-ကြားခြင်း၏ ဥပစာမည်၏၊ အဇ္ဈောကာသေ - လွင်တီးခေါင်၌၊ ဒူရေပိ - ဝေးသော အရပ်၌လည်း၊ ဒဿနူပစာရောနာမ-မည်သည်၊ ဟောတိ-၏၊ သော-ထို ဒဿနူပစာသည်၊ ဧဝရူပေ- ၌သို့ သဘောရှိသော၊ သဝနူပစာရေ- ကို၊ ဝိဇဟိတေ- စွန့်အပ်ပြီးသော်၊ န ရက္ခတိ — အာပတ်မှ မစောင့်ရှောက်၊ ဝိဇဟိတမတ္တေဝ — စွန့်အပ်ပြီးကာမျှဖြစ်သော်သာ၊ သံဃာဒိသေသဿ-သို့၊ အာပတ္တိ-သည်၊ (ဟောတိ)။

ကော-တယောက်သော ဘိက္ခုနီသည်၊ မဂ္ဂံ-ခရီးကို၊ ဂစ္ဆန္တီ-သွားစဉ်၊ ဩဟီယတိ-ကျန်ရစ်၏၊ သဥဿာဟာ-အမှီလိုက်အံ့ဟူသော အားထုတ်ခြင်းနှင့်တကွ ဖြစ်သည်၊ ဟုတွာ-၍၊ ဣဒါနိ- ယခုအခါ၌၊ ပါပုဏိဿာမိ- မှီတော့အံ့၊ ဣတိ—၌သို့ (အားထုတ်၍၊)စေ အနုဗန္ဓတိ-အကယ်၍ လိုက်အံ့၊ (စေ်သတိ-သော်၊)

× × × × × × ×

**သာဏိပါကာရန္တရိကာ။** ။သာဏိပါကာရဿ + အန္တရေ— သာဏိပါကာရန္တရေ = အဝတ်ကန့်လန့်ကာ၏ တဖက်အရပ်၊ သာဏိပါကာရန္တရေ + ဌိတာ — သာဏိပါကာရန္တရိကာ = အဝတ်ကန့်လန့်ကာ၏ တဖက်အရပ်၌ တည်သူ၊ "အဝတ်ကန့်လန့်ကာဖြင့် ခြားကွယ်နေသူ" ဟူလို၊ ထို့ကြောင့် ယောဇနာ၌ "သာဏိပါကာရန္တရိကာပိတိ သာဏိပါကာရေန ဗျဝဟိတာပိ"ဟု ဖွင့်သည်။

အနာပတ္တိ ( ဟောတိ )၊ ပုရိမာယော – ရှေ့ဖြစ်ကုန်သော ဘိက္ခုနီတို့သည်၊ အညေန-အခြားသော၊ မဂ္ဂေန-ဖြင့်၊ သစေ ဂစ္ဆန္တိ-အကယ်၍ သွားကုန်အံ့၊ (ဧဝံ သတိ-သော်၊) ပက္ကန္တာနာမ - ဖဲသွားကုန်သူတို့ မည်သည်၊ ဟောန္တိ၊ (တသ္မာ-ကြောင့်၊) အနာပတ္တိယေဝ-သည်သာ၊ ဒွိန္နံ- ၂ ယောက်ကုန်သော၊ ဂစ္ဆန္တီနံ–အတူသွားကုန်သော ဘိက္ခုနီတို့တွင်၊ ဧကာ – တယောက်သည်၊ အနုဗန္ဓိတုံ – အစဉ်လိုက်ခြင်းငှါ၊ ( မှီအောင် လိုက်ခြင်းငှါ၊ ) အသက္ကောန္တီ - မစွမ်းနိုင်သည်၊ (ဟုတွာ)၊ အယံ- ဤ ရှေ့ကသွားသောဘိက္ခုနီသည်၊ ဂစ္ဆတု-သွားပစေတော့၊ ဣတိ- ဤသို့ကြံ၍၊ ဩဟီယတိ-ချန်ရစ်အံ့၊ ဣတရာပိ-အခြားသော ဘိက္ခုနီသည်လည်း၊ အယံ-ဤ နောက်ကလိုက်သော ဘိက္ခုနီသည်၊ ဩဟီယတု-ချန်ရစ်ပစေ၊ ဣတိ- ဤသို့ကြံ၍၊ ဂစ္ဆတိ-အံ့၊ ဒွိန္နမ္ပိ-၂ ဦးလုံးတို့၏လည်း၊ အာပတ္တိ(ဟောတိ)၊ ပန-ဆက်၊ ဂစ္ဆန္တီသု - သွားကုန်သော ဘိက္ခုနီတို့တွင်၊ ပုရိမာပိ- ရှေ့ဖြစ်သော ဘိက္ခုနီသည်လည်း၊ အညံ- သော၊ မဂ္ဂံ- ကို၊ သစေ ဂဏှာတိ- အံ့၊ ပစ္ဆိမာပိ-နောက်ဖြစ်သောဘိက္ခုနီသည်လည်း၊ အညံ-သော၊ (မဂ္ဂံ-ကို၊ သစေ ဂဏှာတိ-အံ့၊ ဧဝံသတိ-သော်၊) ဧကာ-တယောက်သည်၊ ဧကိဿာ- တယောက်၏၊ ပက္ကန္တဋ္ဌာနေ - ဖဲသွားသူ၏အရာ၌၊ တိဋ္ဌတိ - တည်၏၊ ( တသ္မာ )၊ ဒွိန္နမ္ပိ အနာပတ္တိ ( ဟောတိ )၊ [ မျက်စိလည်လမ်းမှား၍ အခြားလမ်းကိုယူမိသည်၊ တမင်ခွဲလို၍ မဟုတ်၊ ထို့ကြောင့် "အနာပတ္တိ" ဟု ဆိုသည်၊] ပက္ခသင်္ကန္တာဝါတိ - ကား၊ တိတ္ထာယတနံ - တိတ္ထိတို့၏ တည်ရာသို့၊ ဝါ - တိတ္ထိတို့၏ကျောင်းသို့၊ သင်္ကန္တာ-ပြောင်းရွှေ့သည်၊ (ပါဠိတော်" ဟောတိ "၌စပ်၊) သေသံ၊ပေ၊တိဝေဒနန္တိ။.... တတိယသိက္ခာပဒံ (သမတ္တံ။)

## စတုတ္ထ သံဃာဒိသေသ်

စတုတ္ထေ-၌၊ ပါဒပီဌံနာမ - မည်သည်၊ ဓောတပါဒဋ္ဌပနကံ - ဆေးအပ်ပြီးသောခြေကို ထားရာဖြစ်သော ခုံငယ်တည်း၊ ပါဒကထလိကာနာမ – မည်သည်၊ အဓောတ ပါဒဋ္ဌပနကံ - မဆေးအပ်သေးသောခြေကို ထားရာဖြစ်သော ခုံငယ်တည်း၊အနညာယဂဏဿ ဆန္ဒန္တိ-ကား၊တဿေဝ ကာရကဂဏဿ-ထိုဥက္ခိတ္တကကံပြုသောဂိုဏ်း၏ပင်၊ ဆန္ဒံ-ကို၊ အဇာနိတွာ-မသိမူ၍၊[ဩသာရေဿတိ၌စပ်၊]ဝတ္တေ ဝတ္တန္တိန္တိ—ကား၊တေစတ္တာလီသပ္ပဘေဒေ-၄၃ ပါး အပြားရှိသော၊ နေတ္ထာရဝတ္တေ - ကံမှ ထွက်မြောက်ကြောင်းဖြစ်သော ကျင့်ဝတ်၌၊ ဝတ္တမာနံ–ကျင့်သောဘိက္ခုနီကို၊[ဩသာရေတိ၊ထိုဝတ်များသည်ဝတ္တက္ခန္ဓကာ၌လာလတ္တံ။] သေသံ၊ပေ၊ဒုက္ခဝေဒနန္တိ။.... စတုတ္ထသိက္ခာပဒံ (သမတ္တံ)။

## ပဌမသံဃာဒိသေသ်

ပဌမေ-၌၊ ကေတော အဝဿုတေတိ ဧတ္ထ-၌၊ ဘိက္ခုနိယာ-၏၊ အဝဿုတ ဘာဝေါ- ဆန္ဒရာဂသည် စိုစွတ်အပ်သည်၏ အဖြစ်ကို၊ ဒဋ္ဌဗ္ဗော- မှတ်ထိုက်၏၊ ဣတိ မဟာပစ္စရိယံ ဝုတ္တံ၊ မဟာအဋ္ဌကထာယံ ပန-၌ကား၊ တံ-ဤစကားကို၊ နဝုတ္တံ-မဆိုအပ်၊ တံ- ထို မဆိုအပ်သော စကားသည်၊ ပါဠိယာ-နှင့်၊ သမေတိ-ညီညွတ်၏၊ [ "ကေတော အဝဿုတေ" အရ ဘိက္ခုနီတဖက်၏ အဝဿုတ အဖြစ်ကိုသာ မဟာပစ္စရီ၌ ဆိုသည်၊ မဟာအဋ္ဌကထာ၌ကား "ဘိက္ခုနီ" ဟု မဆို၊ ထိုသို့ မဆိုခြင်းသည်သာ "ပုရိသပုဂ္ဂလ ကေတော, ဘိက္ခုနီ ကေတော" ဟု အထူးမပြ သာမညဖြစ်သော "ကေတော"ဟူသော ပါဠိတော်နှင့် ညီသည်–ဟူလို။] သေသံ၊ ပေ၊ ဒိ္ဓဝ ဒနန္တံ။....ပဌမသိက္ခာပဒံ(သမတ္တံ။)

---

## ဆဋ္ဌသံဃာဒိသေသ်

ဆဋ္ဌေ-၌၊ ယတော တန္တိ–ကား၊ ယသ္မာ-အကြင့်ကြောင့်၊ တံ-အရှင်မသည်၊ ("အနဝဿုတာ-သည်၊ အသိ-ဖြစ်၏၊ တတော-ထိုကြောင့်"ဟု ထည့်၍ ပါဠိတော်ဝယ် ရှေ့ဝါကျ၌ စပ်၊)ဥယျောဇေတိ အာပတ္တိ ဒုက္ကဋဿာတိ အာဒိကာ-ဥယျောဇေတိ အာပတ္တိဒုက္ကဋဿ အစရှိကုန်သော၊ သံဃာဒိသေသ ပရိယောသာနာ-သံဃာဒိသေသ်အဆုံးရှိကုန်သော၊ အာပတ္တိယော-တို့သည်၊ကဿာ-အဘယ် ဘိက္ခုနီ၏(အတွက်၊)ဟောန္တိ–ဖြစ်ကုန်သနည်း၊ ဣတိ-ဤကား အမေးတည်း၊ (တိုက်တွန်းတတ်သူ အတွက်လော, တိုက်တွန်းအပ်သူ အတွက်လော– ဟူလို။) ဥယျောဇိကာယ– တိုက်တွန်းတတ်သော ဘိက္ခုနီ၏အတွက်၊ (ဟောန္တိ-နှ်၏၊) စ–သာစကကား၊ ပရိဝါရေ - ပရိဝါ ပါဠိတော်၌၊ နဒေတိ ၊ပေ၊ စိန္တိတာတိ–ဟူသော၊ တံ - ဤ ဂါထာစကားကို၊ ( သံဂီတိကာရေဟိပိ – သံဂါယနာတင် ထေရ်တို့သည်လည်း၊) ဝုတ္တံ-မိန့်ဆိုအပ်ပြီ။ [ န ဒေတိ-မပေး၊ န ပဋိဂ္ဂဏှာတိ– မခံယူ၊ တေန - ထို့ကြောင့်၊ ပဋိဂ္ဂဟော - ခံယူမှုသည်၊ နဝိဇ္ဇတိ- မရှိ၊ ( အထ- ထိုသို့ ပေးသူကလည်း မပေး, ယူသူကလည်း မခံယူပါဘဲလျက်၊ ) န လဟုကံ– လဟုက မဟုတ်သော၊ ဂရုကံ- ဂရုက သံဃာဒိသေသ် အာပတ်သို့၊ အာပဇ္ဇတိ–

× × × × × × × ×

**နဒေတိ။** ။နဒေတိ–တိုက်တွန်းတတ်သော ဘိက္ခုနီက မပေး၊ န ပဋိဂ္ဂဏှာတိ– တိုက်တွန်းအပ်သော ဘိက္ခုနီကလည်း မခံယူ၊ ထို့ကြောင့် ခံယူမှု မထင်ရှား၊ ထိုသို့ မထင်ရှားပါဘဲလျက် တိုက်တွန်းတတ်သော ဘိက္ခုနီသည် ဂရုကအာပတ်သို့ ရောက်၏၊ ထို ဂရုကအာပတ်သို့လည်း တိုက်တွန်းအပ်သော ဘိက္ခုနီ၏ သုံးဆောင် စားသောက်ခြင်းကြောင့် ရောက်ရသည်။ [ "တဉ္စာတိ တံ အာပဇ္ဇနဉ္စ"ဟု ယောဇနာဖွင့်သည်ကို စဉ်းစားပါ၊ အာပဇ္ဇတိဥ္စ စပ်ဘို့ရာ"တဉ္စဂရုကံ"ဟု ပြန်စွဲလေ့ရှိပါသည်။]

ရောက်၏၊ တဥ္စ-ထိုဂရုကသံဃာဒိသေသ် အာပတ်သို့လည်း၊ ပရိဘောဂပစ္စယာ-သုံးဆောင်စားသောက်ခြင်း ဟူသော အကြောင်းကြောင့်၊ (အာပဇ္ဇတိ)၊ သော ပဥ္စာ ကုသလေဟိ စိန္တိတာ။]

ဟိ– မှန်။ အယံဂါထာ–ကို၊ ဧရမံ ဥယျောဇိကံ - ဤတိုက်တွန်းတတ်သော ဘိက္ခုနီကို၊ သန္ဓာယ- ရည်ရွယ်မူ၍၊ ဝုတ္တာ-ဆိုအပ်ပြီ၊ ပန-ဆက်၊ ဧတရိဿာ-တိုက်တွန်းတတ်သော ဘိက္ခုနီမှ တပါးသော တိုက်တွန်းအပ်သော ဘိက္ခုနီ၏၊ အာပတ္တိဘေဒေါ–ကို၊ ပဥ္စမသိက္ခာပဒေ–၌၊ ဝိဘတ္တော – ဝေဘန်တော်မူအပ်ပြီ၊ ဣတိ–ဤသို့မှတ်အပ်၏၊ (ပဥ္စမ ဟု ဆိုသော်လည်း ဤသိက္ခာပုဒ်၏ ရှေ့က ဖြစ်သော "အဝဿုတာ အဝဿုတဿ" စသော သိက္ခာပုဒ်ပင်တည်း။) သေသံ၊ ပေ၊ တိဝေဒနန္တိ။....ဆဋ္ဌသိက္ခာပဒံ (သမတ္တံ)။

---

## သတ္တမ သံဃာဒိသေသ်

သတ္တမေ-၌၊ ယာဝတတိယက ပဒတ္တော-ယာဝတတိယကပုဒ်၏ အနက်ကို၊ မဟာဝိဘင်ေ–ဘိက္ခု မဟာဝိဘင်း၌၊ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗော၊ သေသံ၊ ပေ၊ ဒုက္ခဝေဒနန္တိ။····သတ္တမသိက္ခာပဒံ (သမတ္တံ)။

## အဋ္ဌမ သံဃာဒိသေသ်

အဋ္ဌမေ- ၌၊ ကိသ္မိဉ္စိဒေဝ အဓိကရဏေတိ-ကား၊ စတုန္နံ- လေးပါးကုန်သော အဓိကရုဏ်းတို့တွင်၊ အညတရသ္မိံ-အမှတ်မထား တပါးပါးသော၊ ("အဓိကရဏေ" ၌စပ်၊ ဤဝါကျ၏ အဓိပ္ပါယ်ကို ကင်္ခါဘာသာဋီကာ၌ ပြထားပြီ။) ပန – ဆက်၊ ပဒဘာဇနေ – ၌၊ ကေဝလံ - ကိသ္မိဉ္စိဒေဝ ပုဒ်၏ အဖွင့်မဖက် သက်သက်၊ အဓိကရဏဝိဘာဂံ-အဓိကရုဏ်း၏ ဝေဘန်အပ်သော အပြားကို၊ ဒဿေတုံ-ငှါ၊ အဓိကရဏံနာမ စတ္တာရိ အဓိကရဏာနီတိ အာဒိ–အစရှိသော စကားရပ်ကို၊ (ဘဂဝတာ) ဝုတ္တံ၊ သမုဋ္ဌာနာဒီဟိ-တို့နှင့်၊ သဒ္ဓိံ- တကွ၊ သေသံ ဥတ္တာနမေဝ၊ ဣတိ-အပြီးတည်း။....အဋ္ဌမသိက္ခာပဒံ(သမတ္တံ)။

---

## နဝမ သံဃာဒိသေသ်

နဝမေ-၌၊ သံသဋ္ဌာတိ-ကား၊ မိဿီဘူတာ-မရောနှောသော်လည်း ရောနှောသကဲ့သို့ ဖြစ်၍ဖြစ်ကုန်သည်၊(ဟုတ္တာ ဝိဟရန္တီ၌စပ်၊)["မိဿီ"ဝယ် အဘူတတဗ္ဘာဝအနက်၌ ဤပစ္စည်း သို့မဟုတ် ဤပစ္စည်း၊] အနနုလောမိကေနာတိ-ကား၊ ပဗ္ဗဇိတာနံ – ရဟန်းမတို့အား၊ အနနုလောမေန – မလျော်သော၊ ကာယိက ဝါစသိကေန- ကိုယ်၌ဖြစ်သော အမှု, နှုတ်၌ဖြစ်သော အမှုအားဖြင့်၊ (သံသဋ္ဌာ

ဝိဟရန္တိ၌စပ်၊) သံသဋ္ဌာတိ - ကား၊ ဂိဟီနံ - တို့၏၊ ကောဋ္ဋနပစန ဂန္ဓပိသန မာလာဂန္ထနာဒိနာ - စပါးထောင်း ဆံဖွပ်ခြင်း, ချက်ပြုတ်ခြင်း, နံ့သာကြိတ်ခြင်း, ပန်းကုံးခြင်း အစရှိသော၊ ကာယိကေန – ကိုယ်၌ဖြစ်သော အမှုအားဖြင့်၎င်း၊ သာသန ပဋိသာသနာဟရဏ သဥ္စရိတ္တာဒိနာ-သတင်းစကားကိုဆောင်ပို့ခြင်း, တဖန်ပြန်၍ သတင်းစကားကို ဆောင်ယူခြင်း, အောင်သွယ်ခြင်း အစရှိသော၊ ဝါစသိကေနစ-နှုတ်၌ဖြစ်သောအမှုအားဖြင့်၎င်း၊ သံသဋ္ဌာ-ရောနှောကြကုန်သည်၊ (ဟုတွာ ဝိဟရန္တိ၌စပ်၊)[ကောဋ္ဋနဥ္စ ပစနဥ္စ ဂန္ဓပိသနဥ္စ မာလာဂန္ထနဥ္စ၊ အာဒိ သဒ္ဒေန အညေပိ အနနုလောမိကေ ကာယိကေ သင်္ဂဏှာတိ၊ သာသန ဟရဏဥ္စ ပဋိသာသန ဟရဏဥ္စ သဥ္စရိတ္တဥ္စ၊ အာဒိသဒ္ဒေန အညေပိ အနနုလောမိကေ ဝါစသိကေ သင်္ဂဏှာတိ၊– ယောဇနာ။ ] ဧတာသံ - ဤ ရဟန်းမတို့၏၊ ပါပေါ – ယုတ်မာသော၊ ကိတ္တိသဒ္ဒေါ - ကျော်စောသံသည်၊ ( အတ္ထိ )၊ ဣတိ - ကြောင့်၊ (ထိုသို့ ယုတ်မာသော ကျော်စောသံရှိကုန်သည်၏အဖြစ်ကြောင့်၊ တာ-တို့သည်၊) ပါပသဒ္ဒါ - တို့မည်၏၊ ဧတာသံ - တို့၏၊ ပါပေါ - သော၊ အာဇီဝသင်္ခါတော– အသက်မွေးဝမ်းကြောင်း ဟု ဆိုအပ်သော၊ သိလောကော – သိလောကသည်၊ (အတ္ထိ)၊ ဣတိ-ကြောင့်၊ (ထိုသို့ ယုတ်မာသော အသက်မွေးဝမ်းကြောင်း ရှိကုန်သည်၏အဖြစ်ကြောင့်၊ တာ-တို့သည်၊) ပါပသိလောကာ-တို့မည်၏၊ သေသံပေ၊ ဣတိ-အပြီးတည်း၊ [သိလောကသဒ္ဒါသည် အကျော်အစောအနက်ကို ဟောသော်လည်း ထိုအနက်ကို ပါပသဒ္ဒါ၌ ယူပြီးဖြစ်သောကြောင့် အာဇီဝ အနက်ကို ယူခလို၍ " အာဇီဝသင်္ခါတော "ဟု ဝိသေသနပြုသည်။ ]···· နဝမသိက္ခာပဒံ (သမတ္တံ)။

## ဒသမ သံဃာဒိသေသ်

ဒသမေ- ၌၊ ဧဝါစာရာတိ- ကား၊ ဧဝံ အာစာရာ- ဤသို့ သင်တို့၏အကျင့်နှင့် တူသောအကျင့် ရှိကုန်သော၊ တုမှာကံ – သင်တို့၏၊ ယာဒိသော – အကြင်ကဲ့သို့ ရှုအပ်သော၊ အာစာရော - အကျင့်သည်၊ (အတ္ထိ)၊ တာဒိသာစာရာ - ထိုကဲ့သို့ ရှုအပ်သောအကျင့်ရှိကုန်သော၊ ("ဘိက္ခုနိယော သန္တိ"၌စပ်၊) ဣတိအတ္ထော၊ [ တာဒိသာစာရာ၌ တာဒိသဖြင့် " ဧဝံ " သဒ္ဒါ၏ ဥပမာအနက်ဟောဟု သိစေ သည်၊ ] သဗ္ဗတ္ထ- အလုံးစုံသောပုဒ်တို့၌၊ (ဧဝံသဒ္ဒါ ဧဝံသိလောကာတို့၌)၊ သေ (သော)-ဤ ဆိုအပ်ပြီးသော အစီအရင်သည်၊ နယော - သိကြောင်းအစီအရင် တည်း၊ ဥညာယာတိ-ကား၊ အဝညာယ-အောက်ချ၍သိခြင်းကြောင့်၊ နီစံ-နိမ့်ကျ သည်ကို၊ ကတွာ- ၍၊ ဇာနနာယ - သိခြင်းကြောင့်၊ [ဥညာယ၌ ဥသည် အဝ၏ ကာရိယ၊ ထို အဝဥပသာရလည်း " အဓောဘာဝ "အနက်ဟောဟု သိစေ၏၊ "နီစံကတွာ"သည် အဓောဘာဝအနက် ပင်တည်း။]

ပရိဘဝေနာတိ-ကား၊ ဣမာ- ဤရဟန်းမတို့သည်၊ ကိံ- အဘယ်ကို၊ ကရိ ဿန္တိ-ပြုနိုင်ကုန်လတ့ံနည်း၊ (တနည်း)ကိံ ကရိဿန္တိ- ဘာတတ်နိုင်ကုန်လတ့ံ နည်း၊ ဣတိဧဝံ-သို့၊ပရိဘဝိတွာ-လွှမ်းမိုး၍၊ ဇာနနေန-သိခြင်းကြောင့်၊ အက္ခန္တိ ယာတိ-ကား၊ အသဟနတာယ-သည်းခံခြင်းမရှိသည်၏အဖြစ်ကြောင့်၊ ကောဓေ န-အမျက်ထွက်ခြင်းကြောင့်၊ဣတိအတ္ထော၊ ဝေဘဿိယာတိ-ကား၊ဗလဝဘဿ ဘာဝေန-အားရှိသောစကားရှိသည်၏အဖြစ်ကြောင့်၊ အတ္တနော-၏၊ ဗလပ္ပကာ သနေန - အားအစွမ်းကို ထင်ရှားပြလိုခြင်းကြောင့်၊ သမုတြာသနေန- သင်တို့ကို ထိတ်လန့်စေလိုခြင်းကြောင့်၊ ဣတိအတ္ထော၊[ဤဝါကျများ၏အဓိပ္ပါယ်ကို ကင်္ခါ ဘာသာဋီကာ၌ ပြထားပြီ။ ] ဒုဗ္ဗလျာတိ- ကား၊ တုမှာကံ - အရှင်မတို့၏၊ ဒုဗ္ဗလ ဘာဝေန-အားမရှိကုန်သည်၏ အဖြစ်ကြောင့်၊ သဗ္ဗတ္ထ- အလုံးစုံသော ဥညာယ အစရှိသောပုဒ်တို့၌၊ ဥညာယစ ပရိဘဝေနစာတိ- ဟူ၍၊ ဧဝံ - ဤသို့၊ သမုစ္စယ တ္ထော- သမုစ္စည်းအနက်ကို၊ ဒဋ္ဌဗ္ဗော–၏၊ ဝိဝိစ္စထာတိ-ကား၊ ဝိနာ-အသီးအသီး တို့သည်၊ ဟောထ-ကုန်လော၊ သေသံ၊ပေ၊ဣတိ၊....ဒသမသိက္ခာပဒံ (သမတ္တံ)။

ဥဒ္ဒိဋ္ဌာ ခေါ၊ပေ၊ သံဃာဒိသေသာတိ တွေ- ၌၊ ( ဤနေရာ၌ တွေ မပါသင့်၊ ဝေမေတ္တမှ တွေကိုယူပေးရမည်၊ )ဆန္ဒ-ခြောက်ပါးကုန်သော၊ ပဌမာပတ္တိကာနံ- ပဌမာပတ္တိက အာပတ်တို့၏၊ အနန္တရာ- အခြားမဲ့၌၊ သဥ္စရိတ္တံ- သဥ္စရိတ္တသိက္ခာ ပုဒ်ဂုဏ်း၊ ဒွေ- ကုန်သော၊ ဒုဋ္ဌဒေါသာ - ဒုဋ္ဌဒေါသသိက္ခာပုဒ်တို့ဂုဏ်း၊ ဣတိ- သို့၊ တီဏိ-န်သော၊ ဣမာနိသိက္ခာပဒါနိ-တို့ကို၊ မဟာဝိဘင်တော-မှ၊ ပက္ခိပိတွာ– ထည့်၍၊ နဝ– ကုန်သော၊ ပဌမာပတ္တိကာ - ပဌမာပတ္တိက အာပတ်တို့ကိုဂုဏ်း၊ စတုန္နံ- ကုန်သော၊ ယာဝတတိယကာနံ - တို့၏၊ အနန္တရာ- အခြားမဲ့၌၊ မဟာ ဝိဘင်တောပိ- မှလည်း၊ စတ္တာရော- ကုန်သော၊ ယာဝတတိယကေ- ယာဝတတိ ယက အာပတ်တို့ကို၊ ပက္ခိပိတွာ - ၍၊ အဋ္ဌ - ကုန်သော၊ ယာဝတတိယကာ- တို့ကိုဂုဏ်း၊ ဝေဒိတဗ္ဗာ- သိထိုက်ကုန်၏၊ အယျာယော- အရှင်မတို့၊ ဧဝံ- ဤသို့၊ သဗ္ဗေပိ-အလုံးစုံလည်းဖြစ်ကုန်သော၊ ပါတိမောက္ခုဒ္ဒေသမဂ္ဂေန– ပါတိမောက် ရွတ်ပြခြင်း၏ အစဉ်အားဖြင့်၊ သတ္တရသ- ကုန်သော၊ သံဃာဒိသေသာ- မည်ကုန် သော၊ ဓမ္မာ-အာပတ်တို့ကို၊ ဥဒ္ဒိဋ္ဌာ-သရုပ်အားဖြင့် ရွတ်ပြအပ်ကုန်ပြီ၊ ဣတိဧဝံ, အတ္ထော ဒဋ္ဌဗ္ဗော၊ သေသံ–ကြွင်းသောအစီအရင်သည်၊ ပက္ခမာနတ္တာ- ပက္ခမာ နတ်ကို၊ အညတြ–ကြဉ်၍၊ ဥတ္တာနမေဝ–သာ၊ တံပန-ထိုပက္ခမာနတ်ကိုကား၊ ခန္ဓကေ - သမုစ္စယက္ခန္ဓကၡ၌၊ ဝိတ္ထာရေန- အားဖြင့်၊ ဝဏ္ဏယိဿာမ - ကုန်အံ့၊ ဣတိ - အပြီးတည်း။ .... သမန္တပါသာဒိကာယ ဝိနယသံဝဏ္ဏနာယ ဘိက္ခုနီ ဝိဘင်္ဂေ-၌၊ သတ္တရသကဝဏ္ဏနာ နိဋ္ဌိတာ။.... သံဃာဒိသေသကဏ္ဍံ နိဋ္ဌိတံ။

**သံဃာဒိသေသ်အဖွင့် ပြီး၏။**

## နိသဂ္ဂိယ အဖွင့်

ဘိက္ခုနီနံ– ဘိက္ခုနီတို့၏၊ တိံသ - သုံးဆယ်သော၊ နိသဂ္ဂိယာ - နိသဂ္ဂိယ မည်ကုန်သော၊ ယေဓမ္မာ-အကြင် အာပတ်တို့ကို၊ (ဘဂဝတာ၊) ပကာသိတာ– ထင်ရှားပြတော်မူအပ်ကုန်ပြီ၊ (ဘဂဝတာ– သည်၊ ပကာသိတာနံ– ကုန်သော၊ တိံသာယ-သော၊ နိသဂ္ဂိယာနံ- မည်ကုန်သော၊) တေသံ (ဓမ္မာနံ)-ထို အာပတ်တို့၏၊ ဒါနိ - ယခုအခါ၌၊ အယံ သံဝဏ္ဏနာက္ကမော-ဤ ဖွင့်ကြောင်းဖွင့်ရာ အဋ္ဌကထာ အစဉ်သည်၊ ဘဝတိ-ဖြစ်၏၊ ဝါ-ဖြစ်တော့လတံ့။[ယေဓမ္မာ၏ ဝိသေသန တို့ကို တေသံ၏ ဝိသေသန အဖြစ်ဖြင့် လိုက်၍ ပေးလိုက်သည်၊ ဝါကျတိုင်းမှာ ဤနည်းကိုမှီးပါ။]

## ပဌမနိသဂ္ဂိယ သိက္ခာပုဒ်

အာမတ္တိကာပဏန္တိ (စေတ္တ)– ဟူသော ဤပါဌ်၌၊ ဘာဇနာနိ– အိုးခွက်တို့ကို၊ အမတ္တာနိ-အမတ္တတို့ ဟူ၍၊ ဝုစ္စန္တိ - ဆိုအပ်ကုန်၏၊ တာနိ- ထို အိုးခွက်တို့ကို၊ ယေ- အကြင်သူတို့သည်၊ ဝိက္ကိဏန္တိ- ရောင်းကြကုန်၏၊ တေ-ထို သူတို့ကို၊ အာမတ္တိကာ - အာမတ္တိကတို့ ဟူ၍၊ ဝုစ္စန္တိ - ကုန်၏၊ တေသံ - ထို အိုးခွက် ရောင်းသူတို့၏၊ အာပဏော-ဈေးဆိုင်တည်း၊ အာမတ္တိကာပဏော-ဆိုင်၊ တံဝါ- ထို အိုးခွက်ရောင်းသူတို့၏ ဈေးဆိုင်ကို မူလည်း၊ ပသာရေဿန္တိ - ဖြန့်ခင်းကုန် လတံ့လော၊ ဣတိ အတ္ထော-နက်။ [ ဝါသဒ္ဒါဖြင့် ပါဠိတော်၌လာသော '' ပတ္တ ဝါဏိဇ္ဇံ ဝါ ''ကို ဝိကပ်ပြုသည်။]

ပတ္တသန္နိစယံ ကရေယျာတိ - ကား၊ ပတ္တသန္နိဓိံ - သပိတ်ကို သိုမှီးခြင်းကို၊ ကရေယျ-ပြုအံ့၊ ဧကာဟံ - တရက်မျှ၊ အနဓိဋ္ဌဟိတွာဝါ - အဓိဋ္ဌာန် မတင်မူ၍ သော်ငြင်း၊ အဝိကပ္ပေတွာဝါ-ဝိကပ္ပနာ မပြုမူ၍သော်ငြင်း၊ ပတ္တံ-ကို၊ ထပေယျ- ထားအံ့၊ ဣတိ အတ္ထော-နက်၊ သေသံ-ကြွင်းသော အစီအရင်ကို၊ မဟာဝိဘင်္ဂေ- ဘိက္ခုမဟာဝိဘင်း၌၊ ဝုတ္တနယေနေဝ-ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင်၊ ဝေဒိ တဗ္ဗံ-သိထိုက်၏၊ ဟိ-မှန်၏၊(တနည်း၊) ဟိ-အထူးကား၊ အယမေဝ- ဤဆိုအပ် လတ္တံ့သော အစီအရင်သည်သာ၊ ဝိသေသော-အထူးတည်း၊ တတ္ထ- ထို ဘိက္ခု မဟာဝိဘင်း၌၊ ဒသာဟံ-ဆယ်ရက်ဟူသော၊ပရိဟာရော-အစောင့်အရှောက်သည်၊ (အတ္ထိ)၊ ဣဓ- ဤဘိက္ခုနီဝိဘင်း၌၊ ဧကာဟမ္ပိ- တရက်မျှလည်း၊(ပရိဟာရော-

× × × × × × ×

**အာမတ္တိကာပဏံ။** ။သက္ကတ၌ အမဓာတ် အတြန်ပစ္စည်းဖြင့် " အမတြ " ဟု ရှိ၏၊ ပါဠိ၌ အမဓာတ် + အတပစ္စည်း ဟု ကြံသင့်၏၊ ထိုသို့ကြံမှ ( မ် )၏ ကပ်စရာ သရရှိမည်၊ ဘူဝါဒိ စုရာဒိတည်း၊ [အမတိ အန္နံ ဧတ္ထာတိ အမတ္တံ-ထမင်းစားစရာခွက်" ဟု ထောမနိဓိဝိဂ္ဂဟ ပြု၏၊ "အမတ္တာနိ ဝိက္ကိဏန္တီတိ အာမတ္တိကာ၊ အာမတ္တိကာနံ– အာပဏော အာမတ္တိကာပဏော"ဟု ပြု။

သည်၊) နတ္ထိ- မရှိ၊ သေသံ- ကြွင်းသော အစီအရင်ကို၊ တာဒိသမေဝ- ထို ဘိက္ခုမဟာဝိဘင်း၌လာသော သိက္ခာပုဒ်၏ အစီအရင်ကဲ့သို့ ရှုအပ်သည်သာ၊ ဣဒမ္ပိ- ဤသိက္ခာပုဒ်သည်လည်း၊ ကထိနသမုဋ္ဌာနံ၊ပေ၊တိဝေဒနန္တိ၊….ပဌမသိက္ခာပဒံ (သမတ္တံ)။

---

## ဒုတိယ နိဿဂ္ဂိယ

ဒုတိယေ- ၌၊ ဒုစ္စောဠာတိ - ကား၊ ဝိရူပစောဠာ - ဖေါက်ပြန်သောအဝတ်ရှိကုန်သည်၊ [ဒုသဒ္ဒါ၏ ဝိရူပအနက်ကို ပြသည်။] ဇိဏ္ဏစောဠာ - ဟောင်းနွမ်းသော အဝတ်ရှိကုန်သည်၊ ဟုတွာ၊ (" သာဝတ္ထိံ အဂမံသု " ၌စပ်၊ ) ဣတိ အတ္ထော-နက်၊ အပယျာဟိတိ-ကား၊ အယျာဟ်-အရှင်မတို့သည်၊ (လဒ္ဓ)အပိ-ရအပ်ပါ၏လော၊ အာဒိဿဒိန္နန္တိ-ကား၊ သမ္ပတ္တာ-ရောက်လာကုန်သောရဟန်းမတို့သည်၊ ဘာဇေန္တု-ဝေဘန်ကြကုန်၊[ကထိန်အာနိသင် ရသည်ဖြစ်စေ မရသည်ဖြစ်စေ လာလာသမျှ ဘိက္ခုနီသံဃာတို့ ဝေဘန်ကြပါ - ဟူလို။ ] ဣတိ - ဤသို့၊ ဝတ္ဝာ-လျှောက်၍၊ (ဒိန္နံ)ပိ-လှူအပ်သောသင်္ကန်းသည်ငှင်း၊ ဣဒံ-ဤသင်္ကန်းကို၊ ဂဏဿ – ဂိုဏ်းအား၊ [သုတ္တန္တိကဂိုဏ်း, အာဘိဓမ္မိကဂိုဏ်းစသော ဂိုဏ်းအား။] (ဒမ္မိ-လှူပါ၏၊ ဣတိ- သို့၊ ဝတွာဝါ- လျှောက်၍သော်ငှင်း၊) ဣဒံ-ကို၊ တုမှာကံ-အရှင်မတို့အား၊ ဒမ္မိ- ၏၊ ဣတိ- သို့၊ ဝတွာဝါ- သော်ငှင်း၊ ဒါတုကမျတာယ- လှူခြင်းငှါ အလိုရှိသည်၏အဖြစ်ကြောင့်၊ ပါဒမူလေ-၌၊ ထပေတွာဝါ–သော်ငှင်း၊ ဒိန္နံပိ-လှူအပ်သောသင်္ကန်းသည်ငှင်း၊ အာဒိဿ ဒိန္နံနာမ-အာဒိဿဒိန္နမည်သည်၊ဝါ-ရည်စူး၍လှူအပ်သောသင်္ကန်းမည်သည်၊ ဟောတိ၊ တေ၊ သဗ္ဗမ္ပိ-

× × × × × × ×

**အာဒိဿဒိန္န**။ ။သင်္ကန်းကာလ၌ပင် ဖြစ်သော်လည်း" ရောက်လာသမျှ ဝေ၍ယူကြပါကုန်"ဟု လျှောက်၍ လှူအပ်သော သံဃိကသင်္ကန်းသည် အာဒိဿဒိန္နသင်္ကန်း (ရောက်လာသမျှကို ရည်းစူး၍ လှူအပ်သော သင်္ကန်း) တည်း၊ [ရောက်လာသမျှ ဟု ဆိုသောကြောင့် ကထိန်အာနိသင် ရ–မရ အားလုံးနှင့် ဆိုင်သည်။ ] ဤသို့ သံဃိက အာဒိဿဒိန္နဖြစ်သောကြောင့် "ဝတွာပိ" ဟု သီးခြား ခွဲထားသည်၊ ဒိန္န ဟု ထည့်၍ ဤပိဖြင့် နောံ ဒိန္နံပိကိုပေါင်းပါ။ [ ကဲါ်၌ကား ၂ နေရာလုံး၌ ပိမပါ၊ ဤနေရာ၌လည်း "ဝတွာဝါ"ဟုသာ ရှိ၏၊ စာသွားတမျိုးစီ ဟု မှတ်ပါ။]

**ဣဒံ ဂဏဿ၊ ပေ၊ ဒိန္နံပိ** ။ ။ဣဒံ ဂဏဿ ဒမ္မီတိ ဝတွာဝါ" ဟု လိုက်သင့်ရာပုဒ်များကို လိုက်စေ၍ အနက်ပေးရသည်၊ ဤလှူခြင်းကား ဂဏိကအာဒိဿဒိန္နတည်း၊ "ဣဒံ တုမှာကံ ဒမ္မိ"ဟု ဆို၍ လှူခြင်းမှာ ပုဂ္ဂလိကအာဒိဿ ဒိန္နတည်း၊ " ပါဒမူလေ ထပေတွာ"ကား အထူးမလျှောက်ဘဲ ဘိက္ခုနီတပါး၏ ခြေရင်း၌ထား၍ လှူခြင်းတည်း၊ ပုဂ္ဂလိက အာဒိဿဒိန္နပင်ဖြစ်သည်၊ ဒိန္နံပိ၌ ပိဖြင့် ဝတွာ (ဒိန္န) ပိကိုပေါင်း၊ ထို့ကြောင့် ဝတွာပိ တုန်းက"ဝတွာ (ဒိန္န) ပိ"ဟု ဆိုခဲ့ရသည်။

ဤ အလုံးစုံသောသက်န်းသည်လည်း၊ အကာလစီဝရံ - သင်္ကန်းကာလမှ တပါးသော ကာလ၌ဖြစ်သော သင်္ကန်းခဲ့ည်၏၊ ပန-ဆက်၊ အယျာယဒမ္ဗိတိ-ဟူ၍၊ စေံ-သို၊ ပဋိလဒ္ဓံ – တဖန် ရအပ်သောသင်္ကန်းကို၊ ယထာ ဒါနေယေဝ – အကြင်အကြင်ဒါယကာတို့ ပေးလှူအပ်ရာ အကာလသင်္ကန်းအဖြစ်၌သာ၊ ဥပနေတဗ္ဗံ-ကပ်ဆောင်ရာ၏၊ သေသံ ဥတ္တာနမေဝ ၊ပေ၊ တိဝေဒနံ၊.... ဒုတိယ သိက္ခာပဒံ (သမတ္တံ)။

× × × × × × ×

**အယျာယဒမ္ဗိတိ စေံ ပဋိလဒ္ဓံ။** ။ဝေစုရသော ဘိက္ခုနီသည် ထို သင်္ကန်းကို သံဃာ, ဂိုဏ်း, ပုဂ္ဂိုလ်တမျိုးမျိုးအား စွန့်ရ၏၊ ထို့နောက် နိသဂ္ဂိပါစိတ် အာပတ်ကို ဒေသနာပြောရ၏၊ ဒေသနာပြောပြီးသော အခါ "အယျာယ ဒမ္မိ– အရှင်မအား ပေးပါ၏"ဟု ဆို၍ နိသဂ္ဂိခံသူက ပြန်ပေးရသည်၊ ထိုသို့ပြန်ပေး၍ ရအပ်သော သင်္ကန်းကို "စေံ ပဋိလဒ္ဓံ"ဟု ဆိုသည်၊ ထိုသို့ ရသောအခါ(မိမိ မသုံးစွဲရဘဲ)ဒါယကာတို့ ရည်စူးအပ်သော နေရာ၌ ( သံဃာကို မှန်းလျှင် သံဃိကအဖြစ် , ဂိုဏ်းကိုမှန်းလျှင် ဂဏိကအဖြစ်, ပုဂ္ဂိုလ်ကိုမှန်းလျှင် ထိုပုဂ္ဂိုလ်၏ဥစ္စာအဖြစ်၌သာ) ထားရမည်။

---

## တတိယ နိသဂ္ဂိယ

တတိယေ-၌၊ ဟန္ဒ-တိ- ကား၊ ဂဏှ-ယူလော၊ [ဟန္ဒသဒ္ဒါသည် ဝဝဿဂ္ဂတ္ထ-စွန့်လွှတ်ခြင်းအနက်ကိုဟောသော နိပါတ်ပုဒ်တည်း၊ ထို့ကြောင့်"ဂဏှ"ဟု ဖွင့်သည်။] သယံ အစ္ဆိန္ဒတီတိ - ကား၊ ကေံ - တထည်ကို၊ ဒတွာ - ၍၊ ကေံ–တထည်ကို၊ အစ္ဆိန္ဒန္တိယာ- လုယူသော ရဟန်းမ၏၊ ကေံ- တချက်သော၊ နိသဂ္ဂိယံ-နိသဂ္ဂိယပါစိတ်အာပတ်သည်၊ (ဟောတိ)၊ ဗဟူသု-များစွာသော သင်္ကန်းတို့၌၊ဗဟူနိ-ကုန်သော၊(နိသဂ္ဂိယာနိ ဟောန္တိ)၊သံဟရိတွာ-ခေါက်၍၊ထပိတာနိ-ထားအပ်သော သင်္ကန်းတို့ကို၊ ကေတော-တပေါင်းထည်း၊ သစေ အစ္ဆိန္ဒတိ–အံ့၊ ( စေံသတိ )၊ ဝတ္ထုဂဏနာယ – ဝတ္ထုအရေအတွက် အားဖြင့်၊ အာပတ္တိယော–တို့သည်၊(ဟောန္တိ)၊ ဗန္ဓိတွာ-ဖွဲ့ထုပ်၍၊ ထပိတေသုပန- ထားအပ်သော သင်္ကန်းတို့ ၌ကား၊ ကောဝ – တချက်သာလျှင် ဖြစ်သော၊ အာပတ္တိ – သည်၊ (ဟောတိ)၊ သေသံ၊ပေ၊ ဒုက္ခဝေဒနံ၊....တတိယသိက္ခာပဒံ (သမတ္တံ)။

## စတုတ္ထနိသဂ္ဂိယ

စတုတ္ထေ, ကယေနာတိ–ကား၊ မူလေန- အဖိုးဖြင့်၊ [" သပ္ပိ ဟင်္က "ဟု ပါဠိတော်၌စပ်၊ ကိဏာတိ စေတနာတိ ကယော–ဝယ်ကြောင်းအဖိုး။] နမေ အာဂုသော၊ပေ၊ အတ္ထောတိ ဇုဒံ- ဟူသော ဤစကားကို၊ သာ - ထို ထုလ္လနန္ဒာသည်၊ အာဟင္ရသပ္ပိ–ဆောင်ယူအပ်ပြီးသောထောပတ်ကို၊ ဒတွာ- လှူပြီး၍၊ တေလမ္ပိ-ဆီကိုလည်း၊ အာဟရိယတိ- နော်ထပ်ဆောင်ယူလတ့်၊ ဇုတိ-သို့၊ မညမာနာ-

မှတ်ထင်သည်၊ ( ဟုတွာ ) အာဟာကိရ-ပြောသတတ်၊ ဝိညာပေတွာတိ-ကား၊ ဇာနာပေတွာ - မိမိအလိုရှိကြောင်းကို သိစေ၍၊ ဝါ— တနည်း၊ ဃဒ်နာမ - ၌ မည်သောဝတ္ထုကို၊ အာဟာရ- ဆောင်ယူခဲ့လော၊ ဣတိ-သို့၊ ယာစိတွာ-တောင်း ပြီး၍၊(အညံ ဝိညာပေယျာ္ဂစပ်၊) တံ ဥပဒေဝ ဝိညာပေတီတိ- ကား၊ ယံ—အကြင် ဝတ္ထုကို၊ ပဌမံ- ရှေးဦးစွာ၊ ဝိညတ္တံ- မိမိအလိုရှိကြောင်းကို သိစေအပ်ပြီ၊ ဝါ- တောင်းအပ်ပြီ၊ တံ - ထို ဝတ္ထုသည်၊ ထောကံ – နည်းနေသည်၊ ( နဲနေသည်၊ ဟုတွာ) နပ္ပဟောတိ- မလောက်၊ တသ္မာ- ကြောင့်၊ ပုန- တဖန်၊ တဒေဝ- ထို ပဌမတောင်းအပ်သော ဝတ္ထုကိုပင်၊ ဝိညာပေတိ- ထပ်၍သိစေအံ့၊ ဝါ- ထပ်၍ တောင်းအံ့၊ ဣတိ အတ္ထော-နက်။

အညဉ္စ ဝိညာပေတီတိ- ကား၊ ပဌမံ-စွာ၊ သပ္ပိ-ထောပတ်ကို၊ သစေ ဝိညတ္တံ- အကယ်၍ တောင်းအပ်သည် ဖြစ်အံ့၊ ( ဝေံသတိ )၊ ယမကံ - ထောပတ်နှင့် ဆီ အစုံကို၊ ( ကတွာ ) ပစိတမ္ဗံ- ချက်ထိုက်၏၊ ဣတိစ- သို့လည်း၊ ဝဇ္ဇေန - ဆေး ဆရာသည်၊ ဝုတ္တတ္တာ - ပြောဆိုအပ်သည်၏ အဖြစ်ကြောင့်၊ တေလေန - ဖြင့်၊ အတ္ထော- သည်၊ ဟောတိ-အံ့၊ တတော-ထိုသို့ အလိုဖြစ်ခြင်းကြောင့်၊ မေ-အား၊ တေလနာပိ—ဆီဖြင့်လည်း၊ အတ္ထော—အလိုရှိ၏၊ ဣတိဝေံ-သို့၊ အညဉ္စ-အခြား ဝတ္ထုကိုလည်း၊ ဝိညာပေတိ - အံ့၊ ဝါ - အံ့၊ အာနိသံသံ ဒဿေတွာတိ - ကား၊ ကဟာပဏေဿ-တကျပ်ဖြင့်၊ သပ္ပိ-ကို၊ အာဘတံ-ဆောင်ယူအပ်သည်၊ ဟောတိ-၏၊ ဣမိနာ မူလေန – ၌ တကျပ်သော အဖိုးဖြင့်၊ ဒိဂုဏံ - နှစ်ဆ ဖြစ်သော၊ တေလံ—ကို၊ လဗ္ဘတိ-ရအပ်ရနိုင်၏၊ စ—ဆက်၊ တေနာပိ-ထိုဆီဖြင့်လည်း၊ ဣဒံ ကိစ္စံ - ၌ ဆေးကိစ္စသည်၊ နိပ္ပဇ္ဇတိ - ပြီးစီး၏၊ တသ္မာ - ကြောင့်၊ တေလံ - ကို၊ အာဟာရ- ဆောင်ခဲ့လော၊ ဣတိဝေံ-သို့၊ အာနိသံသံ-ကို၊ ဒဿေတွာ-ပြ၍၊ ဝိညာ ပေတိ—အံ့၊ ဣတိ -- ၌ကား အနက် ၊ ပေ ၊ တိဝေဒနန္တိ။.... စတုတ္ထသိက္ခာပဒံ။

× × × × × × ×

ဝိညာပေတွာ။ ဝိ + ဉာ – ဏာပေပစ္စည်းဖြင့် " သိစေ " ဟု သဒ္ဒတ္ထဖြစ်၏၊ ထို့ကြောင့်"ဇာနာပေတွာ"ဟု သဒ္ဒတ္ထဖွင့်သည်၊"သိစေ"ဟူသည် မိမိအလိုရှိကြောင်း ကို သိစေခြင်းတည်း၊ ထိုသိစေခြင်းသည် တိုက်ရိုက်တောင်းခြင်းမဟုတ်ဘဲ ကိုယ်အမူ အရာ နှုတ်အမူအရာဖြင့်သိစေခြင်းတည်း၊"ဓာတူနံ အနေကတ္ထတ္တာ"အရ တောင်းခြင်း အနက်ကို တနည်းပြလို၍"ဃဒ်နာမ၊ပေ၊ ယာစိတွာ"ဟု ဖွင့်သည်။ [ယောဇနာ၌ကား "ဇာနာပေတွာဖြင့် ဉာဓာတ်၏အနက်ကို ဖွင့်၍, ယာစိတွာဖြင့် ဉပဓာတ်၏ အနက်ကို ဖွင့်သည်"ဟု ဆိုသည်၊ ယာစနအနက်ဟော ဉပဓာတ်ကို မတွေ့ရ။]

## ပဉ္စမ နိဿဂ္ဂိယ

ပဉ္စမေ, န မေ သိက္ခမာနေတိ ဣဒံ-ဟူသော ၌စကားကို၊ သာ-ထိုသိက္ခမာန် သည်၊ ကုလဓီတာ-အမျိုး၏သမီးတည်း၊ (အမျိုးကြီး, အဆွေကြီး၏သမီးတည်း၊)

အယံ - ဤ သိက္ခာပုဒ်သည်၊ အဒ္ဓါ- မချွတ်ကေန်၊ ဧဝံ- သို့၊ ဝုတ္တာ- ပြောဆိုအပ်သည်၊ (သမာနာ - သော်၊) ဣဒံတေလံ- ဤဆီကို၊ ထပေတွာ- ထားခဲ့၍၊ [ငါ့အထံ၌ ထားခဲ့၍။] သပ္ပိမ္ပိ-ထောပတ်ကိုလည်း၊ မေ-ငါ့အို၊ အင္တနော- ၏၊ ကုလယရာ - အမျိုးအိမ်မှ၊ အာဟရိဿတိ - ဆောင်ခဲ့လတံ့၊ ဣတိ - သို့၊ ညေမာနာ (ဟုတ္တာ) အာဟာကိုရ- ပြောသတတ်၊ စေတာပေတွာတိ (ပဒဿ)- စေတာပေတွာ ဟူသောပုဒ်၏၊ ဇာနာပေတွာ ဣစ္စေဝ - ဇာနာပေတွာ ဟူ၍သာ၊ အတ္ထော (ဟောတိ၊ ဝေဖြင့် ယာစိတ္တာကို ကန့်သည်၊) သဗ္ဗတ္ထ - အလုံးစုံသောဝါကျ၌၊ သေသံ-ကြွင်းသော ပုဒ်အပေါင်းသည်၊ စတုတ္ထ သဒိသမေဝ-စတုတ္ထသိက္ခာပုဒ်၏ ပုဒ်အပေါင်းကဲ့သို့ ရှုအပ်သည်သာ၊ ဣတိ-အပြီးတည်း။ ····ပဉ္စမသိက္ခာပဒံ။

## ဆဋ္ဌ နိသဂ္ဂိယ

ဆန္ဒကန္တိတော် - ဆန္ဒကံဟူသော ဤ သဒ္ဒါသည်၊ ဣဒံ နာမ မမ္ဘကိစ္စံ – ဤမည်သော တရားရှိသောကိစ္စကို၊ဝါ-ဤမည်သော ကောင်းမှုကိစ္စကို၊ ကရိဿာမပြုကြကုန်စို့၊ ယံ-အကြင် ပရိက္ခာရကို၊ (ဒါတုံ- လှူခြင်းငှါ၊) သင်္ဂေါဝ-စွမ်းနိုင်ကုန်၏၊ တံ- ထို ပရိက္ခာရကို၊ ဒေထ- လှူကြကုန်၊ ဣတိဧဝံ- သို့၊ ပရေသံ- တပါးသော အလှူရှင်တို့၏၊ ဆန္ဒဉ္စ - ဆန္ဒကိုဉ်း၊ ရုစိဉ္စ - အလိုကိုဉ်း၊ ဥပ္ပါဒေတွာ - ဖြစ်စေ၍၊ ဂဟိတ ပရိက္ခာရဿ – ယူအပ်သော ပရိက္ခရာကို၊ အဓိဝစနံ – ဟောသော သဒ္ဒါတည်း၊ [ ဆန္ဒေန – အလှူရှင်တို့၏ ဆန္ဒအားဖြင့် + ဂဟိတံ- စုပေါင်း၍ယူအပ်သော ပရိက္ခရာတည်း၊ ဆန္ဒကံ- ရာ၊ ယခုခေတ်၌ ဘုံကထိန်မျိုးတည်း။] အညာတ္တကေနာတိ- ကား၊ အညဿ- အခြားသောပရိက္ခရာ၏၊ အတ္ထာယ-အကျိုးငှါ၊ ဒိန္နေန - လှူအပ်သော ပရိက္ခာရာဖြင့်၊ အညုဒ္ဒိသိကေနာတိ- ကား၊ အညံ- အခြားပုဂ္ဂိုလ်ကို၊ ဥဒ္ဒိသိတွာ- ညွှန်ပြ၍၊ ဒိန္နေန - ဖြင့်၊ သံဃိကေနာတိ- ကား၊ သံဃဿ- အား၊ ပရိစ္စတ္တေန- စွန့်လှူအပ်သော ပရိက္ခာရာဖြင့်၊ [အညဒတ္တိကေနစသော ပုဒ်တို့၏အဖွင့်ကို ကင်္ခါဘာသာဋီကာ၌ ပြထားပြီ။]

သေသကံ ဥပနေတီတိ – ကား၊ ယဒတ္ထာယ – အကြင် ပရိက္ခာရာအကျိုးငှါ၊ ဒိန္နော- လှူအပ်ပြီ၊ တံ- ထို ပရိက္ခရာကို၊ စေတာပေတွာ- လဲလှယ်စေပြီး၍၊ ဝါ- ဝယ်ပြီး၍၊ အဝသေသံ-ကြွင်းကျန်သောအဖိုးကို၊ အညဿ-အခြားပရိက္ခရာ၏၊ အတ္ထာယ-ငှါ၊ ဥပနေတိ-ကပ်ဆောင်အံ့၊ သာမိကေ အပလောကေတွာတိ-ကား၊ တုမှေဟိ-သင်တို့သည်၊ စီဝရတ္ထာယ-သင်္ကန်းအလို့ငှါ၊ ဒိန္နော-လှူအပ်ပြီ၊ အမှာကဉ္စ - ငါတို့အားလည်း၊ စီဝရံ အတ္ထိ၊ တေလာဒီဟိပန - တို့ဖြင့်ကား၊ အတ္ထော (ဟောတိ)၊ ဣတိဧဝံ-သို့၊ အာပုစ္ဆိတွာ-ပန့်ပြော၍၊ ဥပနေတိ-အံ့၊ အာပဒါသူတိ- ကား၊ တထာရူပေသု- ထိုသို့ သဘောရှိကုန်သော၊ ဥပဒ္ဒဝေသု- ဘေးရန်တို့ကြောင့်၊ ဘိက္ခုနိယော-တို့သည်၊ ဝိဟာရံ-ကို၊ ဆဍ္ဍေတွာ-စွန့်ပစ်၍၊ ပက္ကမန္တိ-

ဖဲသွားကြရကုန်၏၊ ဝေရူပါသု-ကုန်သော၊ အာပဒါသု-တို့ကြောင့်၊ ယံဝါ တံဝါ- အမှတ်မထား တပါးပါးသောဝတ္ထုကိုမူလည်း၊ စေတာပေတုံ-လဲလှယ်စေခြင်း ငှါ၊ ဝါ-ဝယ်ခြင်းငှါ၊ ဝဋ္ဋတိ-အပ်၏၊ သေသံ၊ပေ၊တိဝေဒနန္တိ။....ဆဋ္ဌသိက္ခာပဒံ။

## သတ္တမနိဿဂ္ဂိယ

သတ္တမေ-၌၊ သညာစိကေနာတိ–ကား၊ သယံ- ကိုယ်တိုင်၊ ယာစိတကေန- တောင်းအပ်သော ပရိက္ခာရဖြင့်၊ ("အညံစေတာပေယျ"၌ စပ်၊) တေဒေဝ– ၌ သညာစိကေနဟူသော ပုဒ်သည်သာ၊ ထွေ- ၌သိက္ခာပုဒ်၌၊ နာနာကရဏံ- အသီးအခြားပြုကြောင်းအထူးတည်း၊ သေသံ-သည်၊ ဆဋ္ဌသဒိသမေဝ-သည်သာ၊ ဣတိ- အပြီးတည်း။....သတ္တမသိက္ခာပဒံ(သမတ္တံ)။

## အဋ္ဌမ နိဿဂ္ဂိယ

အဋ္ဌမေ– ၌၊ မဟာဇနိကေနာတိ - ကား၊ ဂဏဿ - ဘိက္ခုနီဂိုဏ်းအား၊ ပရိစ္စတ္တေန-စွန့်လှူအပ်သော ပရိက္ခာရဖြင့်၊ ( " အညံစေတာပေယျ " ၌စပ်၊) ["မဟာဇန ဟူသည် ဘိက္ခုနီအပေါင်းတည်း"ဟု သိစေလို၍ "ဂဏဿ" ဟု ဖွင့်သည်။] တေဒေဝ-၌မဟာဇနိကေန ဟူသော ပုဒ်သည်သာ၊ ထွေ-၌ သိက္ခာ ပုဒ်၌၊ နာနာကရဏံ - တည်း၊···· နဝမသိက္ခာပဒေ – ၌၊ သညာစိကေနာတိ– ဟူသော၊ ဣဒံပဒံ-၌ပုဒ်သည်၊ ဣတော-၌အဋ္ဌမသိက္ခာပုဒ်ထက်၊ အဓိကတရံ- ပိုလွန်၏၊ အဋ္ဌမသိက္ခာပဒံ(သမတ္တံ)။····နဝမသိက္ခာပဒံ (သမတ္တံ)။

## ဒသမနိဿဂ္ဂိယ

ဒသမေ-၌၊ ပရိဝေဏံ ဥန္ဒြိယတီတိ- ကား၊ ပရိဝေဏံ–သည်၊ ဝိနဿတိ– ပျက်စီး၏၊ ပရိပတတိ- လျောကျ၏၊ ဣတိ အတ္ထော-နက်၊[ဥဒိဓာတ်သည်"ခါတူ နံ အနေကတ္ထတ္တာ"အရ နဿန အနက်ဟော ဟု သိစေလို၍ "ဝိနဿတိ"ဟု ဖွင့်သည်။ ] ဣဒဥ္စ ပဒံ - ပရိဝေဏံ ဥန္ဒြိယတိ ဟူသော ၌ပုဒ်သည်၎င်း၊ ပုဂ္ဂလိ ကေန သညာစိကေနာတိ ဣဒဥ္စ-ဟူသော ၌ပုဒ်သည်၎င်း၊ ထွေကမေဝ- ၌မျှ အတိုင်းအရှည်ရှိသော ပုဒ်အပေါင်းသည်သာ၊ နာနာကရဏံ- တည်း၊ သေသံ- သည်၊ ပုဗ္ဗသဒိသမေဝ-ရှေ့သိက္ခာပုဒ်နှင့်တူသည်သာ၊ ဣတိ။....ဒသမသိက္ခာပဒံ။

## ကောဒသမ နိဿဂ္ဂိယ

ကောဒသမေ- ဂရုပါဝုရဏန္တိ–ကား၊ သီတကာလေ - အအေး၏ အခါ၌၊ ဝါ-အေးရာအခါ၌၊ ပါဝုရဏံ-ခြုံထည်ကို၊ စတုက္ကံသ ပရမန္တိ ထွေ-၌၊ ကံသော နာမ-ကံသမည်သည်၊ စတုက္ကဟာပဏကော-လေးကျပ် အတိုင်းအရှည်ရှိသည်၊ ဟောတိ–၏၊ တသ္မာ- ကြောင့်၊ ပဒဘာဇနေ- ၌၊ သောဠသကဟာပဏဂ္ဃနက န္တိ- ဟူ၍၊ (ဘဂဝတာ) ဝုတ္တံ- ပြီ။.... ကောဒသမသိက္ခာပဒံ (သမတ္တံ)။........

ဒွါဒသမေ—၌၊ လဟုပါဝုရဏန္တိ—ကား၊ ဥဏှကာလေ—အပူ၏ အခါ၌၊ ဝါ-ပူရာအခါ၌၊ ပါဝုရဏံ-ကို၊ (စေတာ ပေန္တိ ယာ-၌စပ်၊)သေသံ-သည်၊ သိက္ခာပဒ ဒွယေပိ-သိက္ခာပုဒ် ၂ ပါး အပေါင်း၌လည်း၊ ဥတ္တာနမေဝ- သည်သာ၊ ဆသမုဋ္ဌာနံ ၊ဒေပ ၊ တိဝေဒနန္တိ။···· ဒွါဒသမသိက္ခာပဒံ (သမတ္တံ)။

ဥဒ္ဒိဋ္ဌာခေါ၊ပေ၊ ပါစိတ္တိယာ ဓမ္မာတိ ဧတ္ထ- ဟူသော ဤပါဠ်၌၊ [ ဝေမေဋ္ဌမှ ဧတ္ထကို ယူ၊ ဤ၌ ဧတ္ထမလို။]မဟာဝိဘင်္ဂေ-ဘိက္ခုမဟာဝိဘင်း၌၊ စီဝရဝဂ္ဂတော-စီဝရဝဂ်မှ၊ ဓောဝနဉ္စ — ဓောဝန သိက္ခာပုဒ်ငင်း၊ ပဋိဂ္ဂဟဏဉ္စ - ပဋိဂ္ဂဟဏ သိက္ခာပုဒ်ငင်း၊ ဣတိ-သို့၊ ဒွေ-ကုန်သော၊ သိက္ခာပဒါနိ-သိက္ခာပုဒ်တို့ကို၊ အပနေတွာ - ဖယ်၍၊ အကာလစီဝရံ ကာလစီဝရန္တိ အဓိဋ္ဌဟိတွာ ဘာဇိတသိက္ခာပဒေနစ- အကာလစီဝရံ ၊ပေ၊ ဘာဇိတ သိက္ခာပုဒ်နှင့်ငင်း၊ အစ္ဆိန္နစီဝရေနစ-အစ္ဆိန္နစီဝရသိက္ခာပုဒ်နှင့်ငင်း၊ ပရိဝတ္တေတွာ-လဲလှယ်၍၊ ပဌမဝဂ္ဂေါ-ပဌမဝဂ်ကို၊ ပူရေတဗ္ဗော-ပြည့်စေထိုက်၏၊ ဝါ-ဖြည့်ထိုက်၏၊ ပုန-တဖန်၊ ဧဠကလောမဝဂ္ဂဿ-၏၊ အာဒိတော-အစ၌၊ သတ္တ-ကုန်သော၊ သိက္ခာပဒါနိ-တို့ကို၊ အပနေတွာ-၍၊ သတ္တ-ကုန်သော၊ အညာတိကာဒိ - အညာတကိက သိက္ခာပုဒ်တို့ကို၊ ပက္ခိပိတွာ-ထည့်၍၊ ဒုတိယဝဂ္ဂေါ-ကို၊ ပူရေတဗ္ဗော-ထိုက်၏၊တတိယဝဂ္ဂတော-မှ၊ ပဌမပတ္တံ — ပဌမပတ္တသိက္ခာပုဒ်ငင်း၊ ဝဿိကသာဋိကံ - ငင်း၊ အာရညက သိက္ခာပဒံ-ငင်း၊ ဣတိ- သို့၊ တီဏိ- ကုန်သော၊ ဣမာနိ- တို့ကို၊ အပနေတွာ—၍၊ ပတ္တသန္နိစယ ဂရုပါဝုရဏ လဟုပါဝုရဏသိက္ခာပဒေဟိ- တို့ဖြင့်၊ တတိယဝဂ္ဂေါ-ကို၊ ပူရေတဗ္ဗော၊ ဣတိ-ဤသို့လျှင်၊ ဘိက္ခုနီနံ- တို့၏၊ ဒွါဒသ-ကုန်သော၊ သိက္ခာပဒါနိ-တို့သည်၊ ဧကတော ပညတ္တာနိ- တဖက်သော ဘိက္ခုနီတို့အတွက် ပညတ်အပ်ကုန်သည်၊(ဟောန္တိ-ကုန်၏၊)အဋ္ဌာရသ-ကုန်သော၊(သိက္ခာပဒါနိ-တို့သည်၊ ) ဥဘတော ပညတ္တာနိ - နှစ်ဖက်သော ဘိက္ခု ဘိက္ခုနီတို့ အတွက် ပညတ်အပ်သော သိက္ခာပုဒ်တို့သည်၊(ဟောန္တိ)၊ ဣတိ ဧဝံ-သို့၊ အယျာယော-အရှင်မတို့၊ သဗ္ဗေပိ-လည်း ဖြစ်ကုန်သော၊ တိံသ-သုံးဆယ်သော၊ နိဿဂ္ဂိယာ-စွန့်ခြင်း ဝိနည်းကံရှိကုန်သော၊ ပါစိတ္တိယာ - ပါစိတ္တိယ မည်ကုန်သော၊ ဓမ္မာ-အာပတ်တို့ကို၊ ပါတိမောက္ခုဒ္ဒေသ မဂ္ဂေန-ပါတိမောက် ရွတ်ပြစဉ်အားဖြင့်၊ ဥဒ္ဒိဋ္ဌာ-ရွတ်ပြအပ်ပါကုန်ပြီ၊ ဣတိ ဧဝံ-သို့၊ အတ္ထော-ကို၊ ဒဋ္ဌဗ္ဗော - မှတ်ထိုက်၏၊ သေသံ- သည်၊ ဝုတ္တနယမေဝ- သည်သာ၊ ဣတိ - အပြီးတည်း၊ သမန္တပါသာဒိကာယ- သမန္တပါသာဒိကာ မည်သော၊ ဝိနယသံဝဏ္ဏနာယ- ဝိနည်းအဖွင့်၌၊ ဝါ- တွင်၊ ဘိက္ခုနီဝိဘင်္ဂေ- ဘိက္ခုနီဝိဘင်း၌၊ တိံသကဝဏ္ဏနာ- သုံးဆယ်သော သိက္ခာပုဒ်အပေါင်း၏ ဖွင့်ကြောင်းဖွင့်ရာ အဋ္ဌကထာသည်၊ နိဋ္ဌိတာ-ပြီးပြီ။

**နိဿဂ္ဂိပါစိတ်အဖွင့် ပြီး၏။**

## ပါစိတ္တိယကဏ္ဍ အဖွင့်

တိံသကာနန္တရံ - သုံးဆယ် အတိုင်းအရှည်ရှိသော သိက္ခာပုဒ်တို့၏ အခြားမဲ့၌၊ ဆသဋ္ဌိသတ သင်္ဂဟာ - တရာ့ခြောက်ဆဲ့ ခြောက်ပါးသော သိမ်းယူးကြောင်း အရေအတွက်ရှိကုန်သော၊ ယေဓမ္မာ - အကြင်သိက္ခာပုဒ်တို့ကို၊ (သံဂီတိကာရေဟိ-သံဂါယနာတင်ထေရ်တို့သည်၊) သံဂီတာ-သံဂါယနာတင်အပ်ကုန်ပြီ၊ ဒါနိ-ယခုအခါ၌၊ တေသမ္ပိ-ထို တရာ့ခြောက်ဆဲ့ ခြောက်ပါးသော သိက္ခာပုဒ်တို့၏လည်း၊ အယံဝဏ္ဏနာ - ဤ ဖွင့်ကြောင်းဖွင့်ရာ အဋ္ဌကထာသည်၊ ဟောတိ- ဖြစ်၏၊ ဝါ-ဖြစ်ခဲ့တော့လတ္တံ့။

× × × × × × ×

**တိံသကာနန္တရံ။** ။တိံသ (ပရိမာဏံ) ယေသန္တိ တိံသကာ၊ ပရိမာဏအနက်၌ က ပစ္စည်းသက်၊ တိံသကာနံ + အနန္တရံ တိံသကာနန္တရံ၊ တနည်း— တိံသာယ+သမူဟော တိံသကံ– သုံးဆယ်သော သိက္ခာပုဒ်၏အပေါင်း၊ တိံသကဿ+အနန္တရံ တိံသကာနန္တရံ–သုံးဆယ်သော သိက္ခာပုဒ်အပေါင်း၏ အခြားမဲ့၌။

**ဆသဋ္ဌိသတသင်္ဂဟာ။** ။ဆဟိ + အဓိကာ သဋ္ဌိ ဆသဋ္ဌိ – ခြောက်ဆဲ့ခြောက်၊ ဆသဋ္ဌိအဓိကံ သတံ ယဿာတိ ဆသဋ္ဌိသတံ-ခြောက်ဆဲ့ခြောက်ပါးအလွန်ရှိသောတရာ၊ ဝါ–တရာ့ခြောက်ဆဲ့ခြောက်ပါး၊ သင်္ဂဟသဒ္ဒါသည် သိမ်းယူကြောင်း အရေအတွက်ဟူသော အနက်ကို ဟော၏၊ " သင်္ဂယှတိ ဧတေနာတိ သင်္ဂဟော၊ ဆသဋ္ဌိသတံ + သင်္ဂဟော ယေသန္တိ ဆသဋ္ဌိသတသင်္ဂဟာ (ဓမ္မာ)"ဟု ပြု၊ [ယောဇနာ၌ကား– "ဆဥတ္တရသဋ္ဌိအဓိကသတေဟိ သိက္ခာပဒေဟိ သင်္ဂဟိတာ"ဟု ဖွင့်လေ၏၊ ထိုအလို သင်္ဂဟာ ပုဒ်ကို ကံဟော ကြံပါ။]

---

## လသုဏဝဂ် အဖွင့်

### လသုဏ သိက္ခာပုဒ်

တတ္ထ-ထို တရာ့ခြောက်ဆဲ့ခြောက်ပါးသော သိက္ခာပုဒ်တို့တွင်၊ တာဝ-ရတ္တန္ဓကာရဝဂ် စသည်တို့မှ ရှေးဦးစွာ၊ (သံဂီတဿ - သံဂါယနာ တင်အပ်သော၊) လသုဏဝဂ္ဂဿ-လသုဏဝဂ်၏၊ ပဌမသိက္ခာပဒေ-ပဌမသိက္ခာပုဒ်၌၊ ဒွတ္တယော ဂဏ္ဍိကေတိ-ကား၊ ဒွေဝါ-နှစ်အုသော်လည်း ဖြစ်ကုန်သော၊ တယောဝါ-သုံးအု

× × × × × × ×

**ဒွတ္တယော။** ။"ဒွေဝါ+တယောဝါတိ ဒွတ္တယော"ဟု ဝါသဒ္ဒါအနက်၌ သမာသ်စပ်ထားသော "သင်္ချာဘယပဒဟုဒ္ဒိဟိ"တည်း၊ ထို့ကြောင့် – ဒွတ္တယောကို ဒွေဝါ တယောဝါ ဟု ဖွင့်သည်၊ ယောဇနာ၌ကား – "ဝါသဒ္ဒေါ လုတ္တ နိဒ္ဒိဋ္ဌောတိ အာဟ ဒွေဝါ တယောဝါတိ–ပါဠိတော်၌ ဝါသဒ္ဒါကြေနေသည်"ဟု ဖွင့်ပြလေ၏၊ အမှန်မှာ-ဝါသဒ္ဒါးကြခြင်း မဟုတ်, သမာသ်ပုဒ်သာ ဖြစ်သည်၊ နေရာတိုင်းမှာ ဤနည်းချည်းဟု မှတ်ပါ။

သော်လည်း ဖြစ်ကုန်သော၊ ဖေါဠနိကေ-အမြောင့်များစွာပါသော ကြက်သွန်ဖြူတို့ကို၊ (ဒေဟိ-၌စပ်)၊ စော်-ဤ ဂဏ္ဍိကေဟူသော သဒ္ဒါသည်၊ သမ္ပုဏ္ဏမိဉ္ဇာခံ-ပြည့်စုံသောအဆန် အမြောင့်ရှိသော ကြက်သွန်ဖြူတို့ကို၊ အမိဝစန်- ဟောသော သဒ္ဒါဘည်း၊ န မတ္တံ ဇာနိတွာတိ-ကား၊ ပမာဏ- အတိုင်းအရှည်ကို၊ အဇာနိတွာ - မသိမူ၍၊ [ပမာဏံ အဇာနိတွာကိုထောက်၍ ပါဠိတော်၌ "အမတ္တံ ဇာနိတွာ"ဟု ရှေးက ရှိဟန်တူ၏၊ "အနောကာသံ ကာရာပေတွာ"ကဲ့သို့ အမတ္တံကို လည်း အလုတ္တသမာသ်ဟု မှတ်။] ခေတ္တပါလဿ - ယာခင်းစောင့်သည်၊ ဝါရေန္တဿ-တားမြစ်စဉ်၊ ဗဟုံ-များစွာသော၊ လသုဏံ-အမြောင့်များစွာပါရှိသော ကြက်သွန်ဖြူကို၊ ဟရာပေသိ-ဆောင်စေပြီ။

အညာရဲ ဟံသယောနိန္တိ- ကား၊ သုဝဏ္ဏဟံသယောနိ- ရွှေဟင်္သာမျိုး၌၊ ("ဥပပန္နာ-ဖြစ်ရပြီ"ဟု ပါဠိတော်၌စပ်၊)[ဥပ ဥပသာရကြောင့် သတ္တမီအနက်၌၊ ဒုတိယာဝိဘတ်သက်၊ ဥပအနက် မရှိ၊ (တနည်း ) သုဝဏ္ဏ ဟံသယောနိ- သို့၊ ဥပပန္နာ - ကပ်ရောက်ရပြီ၊ ဤအလို ဥပသာရသည် ဥပဂမန အနက်ရှိ၏။] သော တာသံ ဧကေကန္တိ- ကား၊ သော ဟံသော- ထို ရွှေဟင်္သာသည်၊ ဇာတိဿရော-ရှေးဘဝကို အောက်မေ့နိုင်သည်၊ အဟောသိ - ဖြစ်ပြီ၊ အထ - ထို အခါ၌၊ ပုဗ္ဗ သိနေဟေန- ရှေး၌ဖြစ်သော ချစ်ခြင်းကြောင့်၊ အာဂန္တွာ- လာ၍၊ တာသံ -ထို သားအမိတို့အား၊ ဧကေကံ- တခုတခုသော၊ ပတ္တံ- အတောင်ကို၊ ဒေတိ-ပေး၏၊ တံ-ထို အတောင်သည်၊ တာပန တာလနစ္ဆေဒနက္ခမံ- မီး၌ပူစေခြင်း,ထုရိုက်ခြင်း, ဖြတ်တောက်ခြင်းကိုခံနိုင်သော၊ သုဝဏ္ဏမေဝ- ရွှေအစစ်သာလျှင်၊ဟောတိ - ၏၊ [ တာပနဟူသည် မီးအိုးခင်းပေါ်၌ လှော်ခြင်း ဥူးခြင်းတည်း၊ တာလနကား- ထု ရိုက်ခြင်းတည်း၊ အချို့စာအုပ်များ၌"ဖါလန"ဟု ရှိ၏,မကောင်း၊ ဆေဒနကား- တံဆာလုပ်ဘို့ရန် ဖြတ်ခြင်းတည်း။]

× × × × × × ×

ဂဏ္ဍိက, ဖေါဠနိက ॥ ॥ ဂဏ္ဍိသဒ္ဒါသည် အဆစ်အဖုအနက်ကို ဟော၏၊ ဖုဋ္ဌန သဒ္ဒါလည်း အခွဲအစိတ်,ခွဲစိတ်အပ်ဟူသောအနက်ကို ဟော၏၊ ကြက်သွန်ဖြူ၌ အစိတ် အစိတ်ကွဲနေသော အမြောင့်တို့ကို "ဂဏ္ဍိ, ဖုဋ္ဌန"ဟု ယူ၍ "ဂဏ္ဍိနော ယဿာတိ ဂဏ္ဍိ ကော, ဖုဋ္ဌနာနိ ယဿာတိ ဖေါဋ္ဌနိကော"ဟု ဖြစ်သင့်၏၊ စာအုပ်များ၌ "ဘဏ္ဍိက, ဖေါဋ္ဌလိက"ဟု ရှိ၏၊ ထိုပုဒ်များ ရှိ-မရှိ သတိပြုပါ။

ဇာတိဿရော॥ ॥ဇာတိ-ရှေးအဖြစ်ကို+သရတိ-အောက်မေ့နိုင် မှတ်မိနိုင်၏၊ ဣတိ ဇာတိဿရော၊ ဤ "ဇာတိဿရ"ဟူသည် ဉာဏ်မဟုတ်, သတိသာတည်း၊ ဧကနိပါတ်, သုဝဏ္ဏဟံသဇာတ်၌ကား "ဇာတိဿရဉာဏံ ဥပ္ပန္နံ"ဟု ရှိ၏၊ ထိုအလို "ဉာဏ်" ဟု ယူသင့်သော်လည်း အမှန်အားဖြင့် ဉာဏ်စစ် မဟုတ်နိုင်၊ ဉာဏ်အတု သတိသာဖြစ်သင့်၏၊ ထိုသတိလည်း ကုသိုလ်အရာ၌ အမှတ်ရခြင်းမဟုတ်သောကြောင့် သတိအတုဖြစ်သော သညာအမှတ်သာဖြစ်သင့်ပါသည်၊ အဘိဓမ္မာ၌ သတိစစ်ဉာဏ်စစ် မှန်လျှင် သောဘနစေတသိက်သာ ဖြစ်သည်။

မာဂဓကေန္တိ- ကား၊ မဂဓေသု- မဂဓာဟု ဗဟုဝုစ် အမည်ရသော ဇနပုဒ်၌၊ ဇာတံ-ဖြစ်သော ကြက်သွန်ဖြူကို၊(''လသုဏံ နာမ ဝုစ္စတိ''၌စပ်၊)ဟိ-မှန်၏၊ မဂဓရဋ္ဌေ- မဂဓတိုင်း၌၊ ဇာတလသုဏမေဝ - ဖြစ်သော ကြက်သွန်းဖြူကိုသာ၊ ဣဓ- ဤသိက္ခာပုဒ်၌၊ လသုဏန္တိ- ဟူ၍၊ အဓိပ္ပေတံ-အလိုရှိအပ်၏၊ တမ္ပိ - ထို မဂဓတိုင်း၌ဖြစ်သော ကြက်သွန်ဖြူကိုလည်း၊ ဂဏ္ဍိကလသုဏမေဝ – အမြွှာင့် များစွာပါရှိသော ကြက်သွန်ဖြူကိုသာ၊(အဓိပ္ပေတံ-၏၊)ကေဒ္ဒိတ်မိဉ္ဇကံ-တမြွှာင့် ရှိသော ကြက်သွန်ဝါ, နှစ်မြွှာင့် ရှိသော ကြက်သွန်နီ , သုံးမြွှာင့် ရှိသော ကြက်သွန်စိမ်းကို၊ န(အဓိပ္ပေတံ)-အလိုမရှိအပ်၊ ပန-ဝါဒန္တရကား၊ကုရုန္ဒိယံ- ကုရုန္ဒီအဋ္ဌကထာ၌၊ ဇာတဒေသံ - ဖြစ်ရာ မဂဓဒေသကို၊ အဝတွာ - မဆိုမူ၍၊ မာဂဓကံ နာမ ဂဏ္ဍိကလသုဏန္တိ – ဟူ၍၊ ဝုတ္တံ - ပြီ၊ [ ဤကုရုန္ဒီ စကားအရ မဂဓတိုင်း၌ဖြစ်သော ကြက်သွန်ဖြူသာ မက၊ မြန်မာနိုင်ငံ စသည်၌ ဖြစ်သော အမြွှာင့်များစွာ ပါရှိသော ကြက်သွန်ဖြူကိုလည်း ''လသုဏ'' ဟု ဆိုအပ်၏၊ ကြွင်းသော အဓိပ္ပါယ်ကို ပါတိမောက်ဘာသာဋီကာ၌ပြထားပြီ။]အဇ္ဈောဟာရေ အဇ္ဈောဟာရေတိ ဧတ္ထ-ဟူသော ဤပါဠ်၌၊ ဒွတ္တယော-နှစ်အု, သုံးအုကုန်သော၊ ဂဏ္ဍိကေ - အမြွှာင့်များစွာ ပါရှိသော ကြက်သွန်ဖြူတို့ကို၊ ကေတွာယေဝ– တပေါင်းတည်းသာလျှင်၊ သင်္ခါဒိတွာ- ကောင်းစွာခဲစား၍၊(တမြွှာင့်နှင့်တမြွှာင့် ရောသွားအောင် ခဲစား၍၊) သစေ အဇ္ဈောဟရတိ–အကယ်၍ စားမျိုအံ့၊(ဧဝံ သတိ)၊ ဧကံ-သော၊ ပါစိတ္တိယံ–သည်၊(ဟောတိ)၊ ပန-ကား၊ ဘိန္ဒိတွာ-အသီး အသီးခွဲခြမ်း၍၊ ဧကေကံ- တခု တခုသော၊ မိဉ္ဇံ- အမြွှာင့်ကို၊ ခါဒန္တိယာ–ခဲစား သော ရဟန်းမ၏၊ ပယောဂ ဂဏနာယ - ပယောဂ အရေ အတွက်အားဖြင့်၊ ပါစိတ္တိယာနိ–တို့သည်၊(ဟောန္တိ)၊ ဣတိ-ဤသို့ မှတ်အပ်၏။

ပလဏ္ဍုကာဒီနံ-ပလဏ္ဍုက အစရှိသောကြက်သွန်တို့၏၊ (အနာပတ္တိဝါရ၌ လာသော ပလဏ္ဍုက အစရှိသော ကြက်သွန်တို့၏၊ ) ဝဏ္ဏေနဝါ –အဆင်း အားဖြင့်ရင်း၊ မိဉ္ဇာယဝါ - အမြွှာင့်အားဖြင့်ရင်း၊ နာနတ္တံ - ထူးကုန်သည်၏ အဖြစ်ကို၊ ဝေဒိတဗ္ဗံ-သိထိုက်၏၊ တာဝ- မိဉ္ဇာမှ ရှေးဦးစွာ၊ (နိဒ္ဒိဋ္ဌေန-ညွှန်ပြ အပ်သော၊) ဝဏ္ဏေန-အဆင်းအားဖြင့်၊ ပလဏ္ဍုကော- ပလဏ္ဍုက ကြက်သွန် သည်၊ ပဏ္ဍုဝဏ္ဏော - ဖျော့တော့ ဝင်းဝါသောအဆင်း ရှိသည်၊ ဟောတိ - ၏၊ ဘဉ္ဇနကော - ဘဉ္ဇနကကြက်သွန်သည်၊ လောဟိတ ဝဏ္ဏော – နီသောအဆင်း ရှိသည်၊ ( ဟောတိ )၊ ဟရိတကော - ဟရိတက ကြက်သွန်သည်၊ ဟရိတပဏ္ဏ ဝဏ္ဏော-စိမ်းသောသစ်ရွက် အဆင်းရှိသည်၊ (ဟောတိ)၊ ပန- ကား၊ မိဉ္ဇာယ– အမြွှာင့် အဆန်အားဖြင့်၊ ပလဏ္ဍုကဿ - ပလဏ္ဍုက ကြက်သွန်၏၊ ဧကာ– တခုသော၊ မိဉ္ဇာ- အမြွှာင့်သည်၊ ဟောတိ၊ ဘဉ္ဇနကဿ - ၏၊ ဒွေ - နှစ်ခုကုန် သော၊ (မိဉ္ဇာယော- တို့သည်၊ ဟောန္တိ၊) ဟရိတကဿ- ၏၊ တိဿော- သုံးခု

ကုန်သော၊ ( မိဇ္ဈာယော ဟောန္တိ၊ ) စာပလသုဏော – စာပကြက်သွန်သည်၊ အမိဇ္ဈကော-အမြောင့်မရှိသည်၊ (ဟောတိ၊) ဟိ-မှန်၊ တဿ-ထို စာပလသုဏ ၏၊ အင်္ဂုလမတ္တမေဝ - အညွန့်မျှသည်သာ၊ ဟောတိ-၏၊ ပန - ဝါဒန္တရကား၊ မဟာပစ္စရိယာဒိသု - မဟာပစ္စရီ အစရှိသော အဋ္ဌကထာတို့၌၊ ပလဏ္ဍုကဿ- ဖျော့တော့ ဝင်းဝါသော ကြက်သွန်၏၊ တီဏိ- ကုန်သော၊ မိဇ္ဈာနိ - အမြောင့်တို့ သည်၊ (ဟောန္တိ)၊ ဘဉ္ဇနကဿ- နီသောကြက်သွန်၏၊ ဒွေ-ကုန်သော၊ (မိဇ္ဈာနိ ဟောန္တိ)၊ ဟရိတကဿ-စိမ်းသောကြက်သွန်၏၊ ဧကံ-သော၊ (မိဉ္ဇံ ဟောတိ)၊ ဣတိ-သို့၊ ဝုတ္တံ-ပြီ။

ပလဏ္ဍုကာဒယော-ပလဏ္ဍုက အစရှိကုန်သော၊ ဧတေ- ဤ ကြက်သွန်တို့ သည်၊ သဘာဝေနေဝ – ပင်ကိုယ်သဘောအားဖြင့်ပင်၊ ( လက်သုတ် ဟင်းလျာ စသည်တို့၌ မထည့်ခတ်အပ်ဘဲပင်၊ ) ဝဋ္ဋန္တိ - ကုန်၏၊ သူပသမ္ပာကာဒိသုပန– ဟင်းရည်ကို ကြက်သွန်ဖြူထည့်ကာ ကောင်းစွာချက်ခြင်း အစရှိသည်တို့၌ကား၊ [သံ-ကောင်းစွာ+ပါက-ချက်ခြင်း၊ အာဒိဖြင့် ပါဠိတော်၌လာသော မံသသမ္ပာက စသောအာဟာရတို့ကိုယူ။]မာဂဓကေမ္ပိ-မဂဓတိုင်း၌ဖြစ်သောကြက်သွန်ဖြူသော် မှလည်း၊ (ပိသဒ္ဒါသည် သမ္ပိဏ္ဍနာ၊) ဝဋ္ဋတိ-၏၊ ဟိ-မှန်၊ တံ-ထို မဂဓတိုင်း၌ ဖြစ်သော ကြက်သွန်ဖြူကို၊ (ပက္ခိပိတုံ-၌စပ်၊ )ပစ္စမာနေသု-ချက်အပ်ဆဲ ဖြစ်ကုန် သော၊ မုဂ္ဂသူပါဒိသုဝါ-ပဲနေ့ဲဟင်း အစရှိသည်တို့၌သော်၎င်း၊ မစ္ဆမံသ ဝိကတိ ယာဝါ - အထူးတလည်ပြုအပ်သော ငါးဟင်း သားဟင်း၌ သော်၎င်း၊ တေလာ ဒိသုဝါ-ဆီ အစရှိသည်တို့၌သော်၎င်း၊ ဗဒရသာဠဝါဒိသုဝါ-ဇီးယို အစရှိသည် တို့၌သော်၎င်း၊ အမ္ဗိလ သာကာဒိသုဝါ - ချဉ်သောအရသာ ရှိသော ဟင်းရွက် အစရှိသည်တို့၌ သော်၎င်း၊ [“ခတက်ချဉ်” စသည်ကို ဆိုလိုဟန်တူသည်။] ဥတ္တရိ ဘင်္ဂေသုဝါ - လက်သုတ်ဟင်းလျာတို့၌ သော်၎င်း၊ ယတ္တကတ္တစိ - အမှတ်မထား တပါးပါးသော ခဲဘွယ်ဘောဇဉ်၌၊ အန္တမသော – အောက်ထက်ဆုံး အားဖြင့်၊ ယာဂုဘတ္တေပိ-ယာဂုဆွမ်း၌လည်း၊ ပက္ခိပိတုံ-ထည့်ခတ်ခြင်းငှါ၊ ဝဋ္ဋတိ-အပ်၏၊ ဧတ္ထ - ဤ သိက္ခာပုဒ်၌၊ သေသံ - ကြွင်းသော ပုဒ်အပေါင်းသည်၊ ဥတ္တာနမေဝ- ပေါ်လွင်ထင်ရှားသည်သာ၊ပေ၊တိဝေဒနန္တိ။····လသုဏသိက္ခာပဒံ (သမတ္တံ)။

## သမ္မာခေလောမ

ဒုတိယေ- ၌၊ သမ္ဗာဓေတိ- ကား၊ ပဋိစ္ဆန္နောကာသေ - ဖုံးလွှမ်းအပ်သော အရပ်၌၊(“လောမံ သံဟရာပေယျ”၌စပ်၊)တဿ-ထို သမ္ဗာဓအရပ်၏၊ ဝိဘာဂ ဒဿနတ္ထံ-ဝေဘန်အပ်သောအပြားကို ပြတော်မူခြင်းအကျိုးငှါ၊ ဥဘော ဥပကစ္ဆ ကာ မုတ္တကရဏန္တိ-ဟူ၍၊ (ဘဂဝတာ)ဝုတ္တံ-ပြီ၊ [ဥဘော- နှစ်ဖက်ကုန်သော၊

ဥပက္ကဋ္ဌကာ - လက်ကတီးကြားတို့ဝင်း၊ ဝါ - ရိုင်းကြားတို့ဝင်း၊ မုတ္တကရဏံ- ကျင်ငယ်ကို ပြုကြောင်းဖြစ်သော အရပ်ဝင်းတည်း၊ ] ကေမ္ဗိလောမန္တိ – ကား၊ ကတ္တရိယာဝါ- ကတ်ကျေးဖြင့်သော်ဝင်း၊ သဏ္ဍာသကေနဝါ- မွေးညှပ်ဖြင့်သော် ဝင်း၊ ခုရေနဝါ– သင်းခုန်းဖြင့်သော်ဝင်း၊ ယေနကေနစိ- အမှတ်မထား တပါး ပါးသော ဝတ္ထုဖြင့်၊ ကေပဇယာဂေနဝါ-တကြိမ်တည်းသောပယောဂဖြင့်သော် ဝင်း၊ နာနာပယောဂေနဝါ– အမျိုးမျိုးသော ပယောဂဖြင့်သော်ဝင်း၊ ဧကံဝါ- တမျှင်ကို သော်ဝင်း၊ ဗဟူနိဝါ - များစွာသော အမျှင်တို့ကို သော်ဝင်း၊ သံဟရာ ပေန္တိယာ- ပယ်ရှားစေသော ရဟန်းမ၏၊ ပယောဂဂဏာယ -ပယောဂအရေ အတွက်အားဖြင့်၊ ပါစိတ္တိယာနိ - တို့သည်၊ ( ဟောန္တိ )၊ လောမဂဏနာယ- အမွေး အရေအတွက်အားဖြင့်၊ န (ဟောန္တိ)- ဖြစ်ကုန်သည်မဟုတ်။ [ သမ္ဗာဓ အရပ်ဝယ် အမွေးကိုနှုတ်ခြင်း, နှုတ်စေခြင်းတို့၌ ဘိက္ခုတို့မှာ ဒုက္ကဋ် ဟု "ခုဒ္ဒက ဝတ္ထုခန္ဓက"၌ ပညတ်တော်မူသည်။]အာဗာဓပစ္စယာတိ-ကား၊ ကဏ္ဍု ကစ္ဆု အာဒိ အာဗာဓပစ္စယာ-ယားနာ, ဝဲနာအစရှိသော အနာဟူသော အကြောင်း ကြောင့်၊သံဟရာပေန္တိယာ-ပယ်ရှားစေသောရဟန်းမ၏၊အနာပတ္တိ(ဟောတိ)၊ သေသံ - ကြွင်းသော ပုဒ်အပေါင်းသည်၊ ဥတ္တာနမေဝ - ပေါ်လွင် ထင်ရှားသည် သာ၊ စတုသမုဋ္ဌာနံ၊ပေ၊ တိဝေဒနန္တိ။····ဒုတိယသိက္ခာပဒံ(သမတ္တံ)။

## တလဃာတက

တတိယေ – ၌၊ တလဃာတကေတိ - ကား၊ မုတ္တကရဏ တလဃာတနေ- ကျင်ငယ်ကို ပြုကြောင်းဖြစ်သော ပဿာဝမဂ်၏အပြင်ကို ပုတ်ခတ်ခြင်းကြောင့်၊ (ပါစိတ္တိယံ ဟောတိ- ၌စပ်၊) အန္တမသော ဥပ္ပလပတ္တေနာပိတိ တ္တေ - ဟူသော ဤပါဌ်၌၊ ပတ္တံ - ကြာရွက်သည်၊ တာဝ မဟန္တံ - ကြီးပါသေး၏၊ [ တာဝသဒ္ဒါ ဝတ္တဗ္ဗန္တရပက္ခန အနက်ဟော၊ ယောဇနာ၌ "အတိဝိယ မဟန္တံ"ဟု ဖွင့်သည် ကို စဉ်းစားပါ။]ကေသရေနပိ-ကြာဝတ်ဆန်ဖြင့်လည်း၊ ပဟာရံ-ပုတ်ခတ်ခြင်းကို၊ ဒေန္တိယာ- ပေးသောရဟန်းမ၏၊ အာပတ္တိဧဝ- သာ၊ (ဟောတိ)၊ အာဗာဓ ပစ္စယာတိ-ကား၊ဂဏ္ဍံဝါ-အဖုကိုသော်ဝင်း၊ဝဏံဝါ-အနာကိုသော်ဝင်း၊ပဟရိ တုံ- ပုတ်ခတ်ခြင်းငှါ၊ ဝဋ္ဋတိ- ၏၊ သေသံ- သည်၊ ဥတ္တာနမေဝ- သည်သာ၊ ပဌမ ပါရာဇိက သမုဋ္ဌာနံ၊ပေ၊တိဝေဒနန္တိ။....တတိယသိက္ခာပဒံ (သမတ္တံ)။

## ဇတုမဋ္ဌက သိက္ခာပုဒ်

စတုတ္ထေ-၌၊ ပုရာဏရာဇောရောဓာတိ- ကား၊ ပုရာဏော-ရှေးဖြစ်သော၊ ဂိဟိ ဘာဝေ-လူဝတ်ကြောင်၏အဖြစ်၌၊ ရညော-မင်း၏၊ဩရောဓာ-မောင်းမဖြစ်သော မိန်းမသည်၊ ("ပဗ္ဗဇိတာ ဟောတိ"၌ စပ်၊) [အဘိဓာန်၌"ဩရောဓော"ဟု ပုလ္လိင်ရှိ၏၊ ထိုအလို " ရာဇောရောဓော "ဟု ရှိသင့်သည်၊] စိရာစိရံ ဂစ္ဆတိတိ-

ကား၊ စိရေန စိရေန - ကြာမြင့်မှ ကြာမြင့်မှ၊ [ စိရံစိရံဟု ဆိုလိုလျက် ဧ္ဈပုဒ်၌ နိဂ္ဂဟိတ်ချေ၍ ဒီဃပြုထားသောကြောင့် စိရာ စိရံဟု ရှိရသည်။] ဂစ္ဆတိ-သွားလာ၏၊ ခေရေထာတိ - ကား၊ သင်္ကေ ာထ - စွမ်းနိုင်ကုန်သနည်း၊ ကသိဒံ ကမ္မန္တိ– ဟူ၍၊ ဝုတ္တေ - ပြောဆိုအပ်သော်၊ ဝါ-မေးအပ်သော်၊ အနာရောစိတေပိ- မပြော အပ်ပါသော်လည်း၊ (ဆိတ်ဆိတ်နေပါသော်လည်း၊)တော- ဤရဟန်းမတို့သည်၊ မယိ-ငါ့အပေါ်၌၊ အာသင်္က - ယုံမှားခြင်းကို၊ ကရိဿန္တိ-ပြုကုန်လတ္တံ၊ ဣတိ– သို့၊ မညမာနာ - မှတ်ထင်သည်၊ (ဟုတွာ- ၍၊) မယိဒံ ကမ္မန္တိ- ဟူ၍၊ ဧဝံ- သို့၊ အာဟ-ပြီ၊ ဇတုမဋ္ဌကေတိ-ကား၊ ဇတုနာ- ချိပ်ဖြင့်၊ ကတေ– ပြုအပ်သော၊ မဋ္ဌ ဒဏ္ဍကေ - ပြေပြစ်သော ဒုတ်တံကို သွင်းခြင်းကြောင့်၊ ( "ပါစိတ္တိယံ ဟောတိ" ၌ စပ်။) [ယောဇနာ၌ "ပဋ္ဌဒဏ္ဍကေ" ဟု ရှိ၏။]

ဇတံ-ဤ ဇတုမဋ္ဌကဟူသောစကားကို၊ ဝတ္ထုဝသေနေဝ-ဝတ္ထု၏အစွမ်းဖြင့် သာ၊ (ဘဂဝတာ) ဝုတ္တံ - ပြီ၊ [ ဘိက္ခုနီ၏ ပဿာဝမဂ်၌ ချိပ်တောင့်ကိုသွင်းမှု ဟူသော ဝတ္ထုကြောင်းလိုက်၍ " ဇတုမဋ္ဌကေ " ဟု ဟောတော်မူသည်-ဟူလို။] ပန - စင်စစ်ကား၊ ယံကိဉ္စိ - အမှတ်မရှိ တစုံဘခုသော၊ ဒဏ္ဍကံ – ဒုတ်တံကို၊ ပဝေသေန္တိယာ - သွင်းသောရဟန်းမ၏၊ အာပတ္တိယေဝ (ဟောတိ)၊ တေန- ကြောင့်၊ အန္တမသော ၊ ပေ ၊ ပဝေသေတီတိ - ဟူ၍၊ အာဟ - မိန့်တော်မူပြီ၊ ["ပဒဘာဇနီ၌ မိန့်တော်မူသည်"ဟူလို။] စ- ဆက်၊ တေမ္ပိ- ဤ ကြာရွက်သည် လည်း၊ အတိမဟန္တံ-အလွန် ကြီးပါသေး၏၊ ပန-စင်စစ်ကား၊ ကေသရမတ္တမ္ပိ– ကြာဝတ်ဆံမျှကိုလည်း၊ ပဝေသေန္တိယာ-သွင်းသောရဟန်းမ၏၊ အာပတ္တိဝေ- သည်သာ၊ (ဟောတိ)၊ သေသံ-သည်၊ ဥတ္တာနမေဝ-သည်သာ၊ သမုဋ္ဌာနာဒီနိ- သမုဋ္ဌာန် အစရှိသည်တို့သည်၊ တလဃာတကေ- တလဃာတက သိက္ခာပုဒ်၌၊ ဝုတ္တသဒိသာနေဝ – ဆိုအပ်ပြီးသော သမုဋ္ဌာန် အစရှိသည်တို့နှင့် တူကုန်သည် သာ၊ ဣတိ-အပြီးတည်း။....စတုတ္ထသိက္ခာပဒံ (သမတ္တံ)။

## ဥဒကသုဒ္ဓိက သိက္ခာပုဒ်

ပဉ္စမေ—၌၊ အတိဂမ္ဘီရံ ဥဒကသုဒ္ဓိကံ အာဒိယန္တီတိ-ကား၊ အတိအန္တော- အလွန်အတွင်းကျသော အရပ်သို့၊ ပဝေသေတွာ- သွင်းပြီး၍၊ ဥဒကေန–ဖြင့်၊ ဓောဝနံ - ဆေးမှုကို၊ ကုရုမာနာ- ပြုလသော်၊ ( " ဝဏ္ဏံ အကာသိ " ၌စပ်၊ ) ကေသဂ္ဂမတ္တမ္ပိ အတိက္ကာမေတီတိ-ကား၊ ဝိတ္ထာရတော-အပြန့်အကျယ်အားဖြင့်၊ တတိယံ-၃ ခုမြောက်ဖြစ်သော၊ အင်္ဂုလံဝါ-လက်ချောင်းကို သော်၎င်း၊ စတုတ္ထံ- ၄-ခုမြောက်ဖြစ်သော၊ အင်္ဂုလံဝါ - သော်၎င်း၊ ဂမ္ဘီရတော - အနက်အားဖြင့်၊ ဒွိန္နံပဗ္ဗာနံ - လက် ၂ ဆစ်တို့၏၊ ဥပရိ-အထက်၌၊ ကေသဂ္ဂမတ္တမ္ပိ-တဆံဖျားမျှ ကိုလည်း၊ ပဝေသေန္တိယာ-သွင်းသော ရဟန်းမ၏၊ ပါစိတ္တိယံ (ဟောတိ)၊ ဣတိ အတ္ထော-နက်၊ ဟိ–မှန်၊ မဟာပစ္စရိယံ-မဟာပစ္စရီ အဋ္ဌကထာ၌၊ ဧကိဿာ-

တခုသော၊ အင်္ဂုလိယာ-လက်ချောင်း၏၊ တိကာ-၃ ခုကုန်သော၊ ပဗ္ဗာနိ- အဆစ်တို့ကို၊ အာဒါတုံ - ယူခြင်းငှါ၊ ဝါ - သွင်းခြင်းငှါ၊ နလဘတိ - မရ၊ တိဏ္ဏံဝါ- ၃-ချောင်းတို့၏ သော်၎င်း၊ စတုန္နံဝါ- ၄-ချောင်းတို့၏ သော်၎င်း၊ ဧကေကမ္ဗိ- တခုတခုလည်း ဖြစ်သော၊ ပဗ္ဗံ-အဆစ်ကို၊ အာဒါတုံ-ယူခြင်းငှါ၊ ဝါ- သွင်းခြင်းငှါ၊ နလဘတိ- မရ၊ ဣတိ- သို့၊ ဧတံ- ဤစကားကို၊ ဝုတ္တံ—ပြီ၊ [ ဒွင်္ဂုလပရမန္တိ ဒွေ့ဒွေအင်္ဂုလာစ ဒွေပဗ္ဗာနိစ ဒွင်္ဂုလပဗ္ဗံ၊ ဥတ္တရပဒေ ပုဗ္ဗပဒလောပေါ၊ ဒွင်္ဂုလ ပဗ္ဗပရမံ ပမာဏံ ဧတဿ ဥဒကသုဒ္ဓိကဿာတိ ဒွင်္ဂုလပဗ္ဗပရမံ၊— ယောဇနာ။ ] သေသံ– သည်၊ ဥတ္တာနမေဝ - သည်သာ၊ပေ၊ ဝုတ္တသဒိသာနေဝါတိ။ .... ပဉ္စမ သိက္ခာပဒံ(သမတ္တံ)။

## ဥပတိဋ္ဌနသိက္ခာပုဒ်

ဆဋ္ဌေ—၌၊ ဘတ္တဝိသဂ္ဂန္တိ-ကား၊ ဘတ္တကိစ္စံ-ဆွမ်းစားခြင်းကိစ္စကို၊ (ကရောတိ-၌စပ်၊ ) ပါနီယေနစ ဝိဓူပနေနစ ဥပတိဋ္ဌိတွာတိ-ကား၊ ဧကေန ဟတ္ထေန-တဖက်သော လက်ဖြင့်၊ ပါနီယတ္ထာလကံ - သောက်ရေခွက်ကို၎င်း၊ ဧကေန (ဟတ္ထေန)-ဖြင့်၊ ဗီဇနိံ- ယပ်ကို၎င်း၊ ဂဟေတွာ- ကိုင်၍၊ ဗီဇမာနာ - ယပ်ခပ်လျက်၊ သမီပေ-အနီး၌၊ ဌတွာ- တည်၍၊ ဣတိ အတ္ထော-နက်၊ အစ္စာဝဒတီတိ– ကား၊ ပုဗ္ဗေပိ—ရှေး၌လည်း၊ ဝါ- ရှေးတုန်းကလည်း၊ တုမှေ - အရှင်တို့သည်၊ ဧဝံ- သို့၊ ဘုဥ္စထ-စားကုန်၏၊ အဟံ- တည့်တော်မသည်၊ ဧဝံ- သို့၊ ဥပဋ္ဌာနံ- ပြုစုလုပ်ကျွေးမှုကို၊ ကရောမိ- ပြု၏၊ ဣတိ- သို့၊ ပဗ္ဗဇိတစာရိတ္တံ - ရဟန်းတို့၏ အကျင့်ကို၊ အတိက္ကမိတွာ - ကျော်လွန်၍၊ ဂေဟဿိတဂ ထံ - အိမ်၌ မှီသော စကားကို၊ ကထေတိ–ပြော၏၊ ဣတိ အတ္ထော-နက်၊ ယံကိဉ္စိပါနီယန္တိ – ကား၊ သုဒ္ဓဥဒကံဝါ– သက်သက်သော ရေသည်မူလည်း၊ ဟောတု- ဖြစ်စေ၊ တက္ကဒဓိမတ္ထုရသခီရာဒိနံ - ရက်တက်ရည် , နို့ဓမ်း၏ အကြည် , သားငါးတို့၏ အရည် , နို့ရည် အစရှိသည်တို့တွင်၊ အညတရံဝါ- တပါးပါးသည်မူလည်း၊ ( ဟောတု-

× × × × × × × ×

**ဘတ္တဝိသဂ္ဂံ**။ ။ဝိသဇ္ဇနံ– စွန့်လွှတ်ခြင်း+ဝိသဂ္ဂေါ– စွန့်လွှတ်ခြင်း၊ ဘတ္တဿ– ဆွမ်းကို+ ဝိသဂ္ဂေါ – ခံတွင်း၌ စွန့်လွှတ်ခြင်းတည်း၊ ဘတ္တဝိသဂ္ဂေါ– ခြင်း၊ "ဆွမ်းကို ခံတွင်း၌ စွန့်လွှတ်ခြင်း "ဟူသည် ဆွမ်းစားခြင်းကိစ္စ ပင်တည်း၊ ထို့ကြောင့် " ဘတ္တကိစ္စံ "ဟု အဓိပ္ပါယတ္ထဖွင့်သည်။

**ယံကိဉ္စိ ပါနီယံ**။ ။" ပါတဗ္ဗံ တိ ပါနီယံ "နှင့်အညီ ရေသာမက သောက်ဘွယ် ဟူသမျှကို ဤနေရာ၌ "ပါနီယ"ဟု ခေါ်နိုင်၏၊ ထို့ကြောင့် "ယံကိဉ္စိ"ဟူသော ဝိသေသနအရ သုဒ္ဓဥဒကံဝါစသည်ဖြင့် "သောက်ဘွယ်"ဟူသမျှကို ဖွင့်ပြသည်၊ ယောဇနာ၌ကား—ပါနီယကို"ဥပလက္ခဏာနည်း"ဟု ဆိုလေ၏၊ ဒဓိမတ္ထုဟူသည် နို့ဓမ်းအခဲ၏ အပေါ်၌ တက်နေသော အကြည်ရည် (ဒိန်ရည်) တည်း၊ ရသဟူသည်ကား– ငါးရည် အမဲရည်တည်း။

ဖြစ်စေ၊ ပါနီယံနာမ-မည်၏၊)ယာကာစိ ဗီဇနီတိ-ကား၊ အခွံမသော-အောက်
ထင်ဆုံးအားဖြင့်၊ စီဝရကဏ္ဍာဒိ-သက်နိုး၏ အနားသည်လည်း၊ (ဝိရူပနံနာမ-
မည်၏၊) ဟတ္တပါသေ၊ပေ၊ပါစိတ္တိယဿာတိ-ကား၊ ဧဝံ- ၌သိက္ခာပုဒ်၌၊ ဌာန
ပစ္စယာဝ - တည်ခြင်းဟူသော အကြောင်းကြောင့်သာ၊ ပါစိတ္တိယံ- ကို၊ ဝုတ္တံ-
မိန့်တော်မူအပ်ပြီ၊ ပဟာရပစ္စယာ ပန- ပုတ်ခတ်ခြင်း ဟူသောအကြောင်းကြောင့်
ကား၊ ခန္ဓကေ- ဘိက္ခုနီ ခန္ဓက၌၊ ဒုက္ကဋံ- ကို၊ ပညတ္တံ-ပညတ်တော်မူအပ်ပြီ။

ဒေတိ ဒါပေတီတိ-ကား၊ပါနီယံဝါ-ရေကိုသော်၎င်း၊သူပါဒိ ဝါ-ဟင်းရည်
အစရှိသည်ကို သော်၎င်း၊ ဧဝံ- ၌ရေကို၊ ပိဝထ- သောက်ပါကုန်၊ ဧဝံ- ၌
ဟင်းရည် စသည်ဖြင့်၊ ဘုဉ္ဇထ- စားပါကုန်၊ ဣတိ- ၌သို့ ပြော၍၊ ဒေတိ-ပေးအံ့၊
တာလဝဏ္ဋံ-ထန်းရွက်ယပ်ကို၊ ဧဝံ- ၌ထန်းရွက်ယပ်ဖြင့်၊ ဗီဇန္တာ-ယပ်ခပ်
ကုန်လျက်၊ ဘုဉ္ဇထ—စားပါကုန်၊ ဣတိ-၌သို့ပြော၍၊ ဒေတိ-အံ့၊ အဉ္ဉနဝါ-
အခြားသူသည်မူလည်း၊ ဝါ-အခြားသူကိုမူလည်း၊ (ဒါပေတိ-ပေးစေအံ့၊) ဥဘ
ယမ္ပိဝါ-၂ ပါးစုံကိုမူလည်း၊ ဒါပေတိ-အံ့၊ အနာပတ္တိ(ဟောတိ)၊ အနုပသမ္ပန္နံ
အာဏာပေတီတိ-ကား၊ ဥပတိဋ္ဌနတ္ထံ-အနီး၌တည်နေခြင်းအကျိုးငှါ၊ သာမဏေ
ရိံ - သာမဏေမကို၊ [အချို့စာအုပ်များ၌ သာမဏေရာဒိံ ဟု ရှိ၏၊] အာဏာ
ပေတိ-စေခိုင်းအံ့၊ အနာပတ္တိ(ဟောတိ)၊ သေသံ ဥတ္တာနမေဝ၊ပေ၊တိဝေဒနန္တိ။
ဆဋ္ဌသိက္ခာပဒံ (သမတ္တံ)။

## အာမကဝဂ္ဂသိက္ခာပုဒ်

သတ္တမေ – ၌၊ ဘုဉ္ဇိဿာမီတိ၊ပေ၊ ဒုက္ကဋဿာတိ ဧဒံ - ဟူသော ၌ ဒုက္ကဋ်
သည်၊ ပယောဂ ဒုက္ကဋံနာမ - ပယောဂဒုက္ကဋ်မည်၏၊ တသ္မာ-ကြောင့်၊ ကေဝ
လံ – အာဟရဏ စသည်မဖက် သက်သက်၊ [ပယောဂဒုက္ကဋံနာမာတိ ဣမိနာ
ဟေဋ္ဌာဝုတ္တေသု အဋ္ဌသုဒုက္ကဋေသု ပုဗ္ဗပယောဂဒုက္ကဋံ ဒဿေတိ၊—ယောဇနာ။]
ပဋိဂ္ဂဟဏေဧဝ – ခံယူခြင်း၌သာ၊ ဝါ– ကြောင့်သာ၊ (ဒုက္ကဋံ – သည်၊) န
ဟောတိ- ဖြစ်သည်မဟုတ်သေး၊ ပန - အဟုတ်ကား၊ ပဋိဂ္ဂဟေတွာ – ခံယူပြီး၍၊
အရညတော-တောမှ၊ အာဟရဏေပိ - ဆောင်ယူခြင်း၌၎င်း၊ ဝါ- ကြောင့်၎င်း၊
သုက္ခာပနေပိ-ခြောက်စေခြင်း၌၎င်း၊ ဝါ-ကြောင့်၎င်း၊ (ခြောက်ဘို့ရန်နေလှမ်းခြင်း
၌၎င်း၊) ဝဒ္ဓလိဒ္ဓိဝသေ - မိုယ်းစွေရာနေ့၌၊ [ဝဒ္ဓလိနေရာဝယ် ၎ သံလင်းချိပ်ဖြင့်
ဝန္ဒလိဟုလည်း ရှိ၏။ ] ဘဇ္ဇနတ္ထာယ - လှော်ခြင်းအကျိုးငှါ၊ ဥဒ္ဓနသဇ္ဇနေပိ –
ဖိုခနောက်ကို ပြင်ဆင်ခြင်း၌၎င်း၊ ဝါ-၎င်း၊ ကပလ္လသဇ္ဇနေပိ-အိုးခင်းကို ပြင်ဆင်
ခြင်း၌၎င်း၊ ဝါ-၎င်း၊ ဒဗ္ဗိသဇ္ဇနေပိ-ယောံမကိုပြင်ဆင်ခြင်း၌၎င်း၊ ဝါ-၎င်း၊ ဒါရု
နိ—ထင်းတို့ကို၊ အာဒါယ— ယူ၍၊ အဂ္ဂိကရဏေပိ-မီးကို ပြုခြင်း၌၎င်း၊ ဝါ-၎င်း၊
ကပလ္လမှိ–အိုးခင်း၌၊ ဓညပက္ခိပနေပိ—စပါးတို့ကို ထည့်ခြင်း၌၎င်း၊ ဝါ-၎င်း၊ ဒဗ္ဗိ
ယာ—ယောက်မဖြင့်၊ သံဃဋ္ဋနေသုပိ-ပုတ်ခတ်ခြင်း, လှော်ခြင်းတို့၌၎င်း၊ ဝါ—၎င်း၊

ကောဋ္ဋနတ္ထံ — ထောင်းခြင်း အကျိုးငှါ၊ ဥဒုက္ခလမုသလာဒိသင်္ဃဋ္ဋနေသုပိ — ဆုံ, ကျည်ပွေ့ စသည်ကို ပြင်ဆင်ခြင်းတို့၌ငင်း၊ ဝါ-ငင်း၊ ကောဋ္ဋနပပ္ဖောဋနခေါဝနာဒိသုပိ - ထောင်းခြင်း, ပြာခြင်း, ဆန်ဆေးခြင်း အစရှိသည်တို့၌ငင်း၊ ဝါ- ငင်း၊ ယာဝ-အကြင်မျှလောက်၊ မုခေ-ခံတွင်း၌၊ ထပေတွာ-ထား၍၊ အဇ္ဈောဟရဏတ္ထံ-စားမျိုခြင်းအကျိုးငှါ၊ ဒန္တေဟိ-သွားတို့ဖြင့်၊ သင်္ခါဒတိ-မှုန့်မှုန့်ညက်ညက် ကြိတ်ချေ၏၊ ဝါ-ခဲစား၏၊ [ဤနေရာဝယ် ယောဇနာ၌ "သင်္ခရတိ" ဟု ရှိ၏။] တာဝ-ထို ခဲစားသည့်တိုင်အောင်၊ သဗ္ဗပယောဂေသု — အလုံးစုံသော ပယောဂတို့၌၊ ဒုက္ကဋာနိ ( ဟောန္တိ )၊ အဇ္ဈောဟရဏကာလေ ပန — စားမျိုရာ အခါ၌ကား၊ အဇ္ဈောဟရဏ ဂဏနာယ-စားမျိုခြင်း၏အရေအတွက်အားဖြင့်၊ ပါစိတ္တိယာနိ (ဟောန္တိ)။

စ-ဆက်၊ ဧတ္ထ-ဤသိက္ခာပုဒ်၌၊ ဝိညတ္တိစေဝ-တောင်းခြင်းသည်ငင်း၊ ဘောဇနဉ္စ — စားခြင်းသည်ငင်း၊ ပမာဏံ — လိုရင်းပမာဏတည်း၊ တသ္မာ — ကြောင့်၊ (တောင်းခြင်း, စားခြင်း၏ လိုရင်းပမာဏ၏ အဖြစ်ကြောင့်၊) သယံ-ကိုယ်တိုင်၊ ဝိညာပေတွာ-မိမိအလိုရှိကြောင်းကို သိစေ၍၊ ဝါ-တောင်း၍၊ အညာယ-အခြားသူသည်၊ ဝါ-ကို၊ ဘဇ္ဇန ကောဋ္ဋန ပစနာဒီနိ-လှော်ခြင်း, ထောင်းခြင်း, ချက်ခြင်း အစရှိသည်တို့ကို၊ ကာရာပေတွာ-ပြုစေ၍၊ ဘုဉ္ဇန္တိယာပိ- စားသော ရဟန်းမ၏လည်း၊ အာပတ္တိ (ဟောတိ)၊ အညာယ - အခြားသူသည်၊ ဝါ - ကို၊ ဝိညာပေတွာ - ၍၊ ဝါ - ၍၊ သယံ- ကိုယ်တိုင်၊ ဘဇ္ဇနာဒီနိ - လှော်ခြင်း အစရှိသည်တို့ကို၊ ကတွာ-၍၊ ဘုဉ္ဇန္တိယာပိ-၏လည်း၊ အာပတ္တိ (ဟောတိ)။

ပန - ဝါဒန္တရကား၊ မဟာပစ္စရိယံ - မဟာပစ္စရီ အဋ္ဌကထာ၌၊ ဝုတ္တံ - ပြီ၊ (ကိံ)၊ ဣဒံ အာမကဓညံနာမ — ဤ စပါးစိမ်းမည်သည်ကို၊ မာတရမ္ပိ-အမိကို သော်မှလည်း၊ ဝိညာပေတွာ- ၍၊ ဝါ - ၍၊ ဘုဉ္ဇန္တိယာ - ၏၊ ပါစိတ္တိယမေဝ — သည်သာ၊ (ဟောတိ)၊ အဝိညတ္တိယာ- မတောင်းဘဲ၊ ဝါ-ဝိညတ်မပါဘဲ၊ လဒ္ဓံ — ရအပ်သော စပါးစိမ်းကို၊ [ အချို့စာအုပ်များဝယ် လဒ္ဓံ၏နောက်၌ ပိုဒ်ခတ်၍ "တံ စေ သယံဝါ" စသည်ဖြင့် သီးခြားဝါကျရှိ၏။] သယံ - ကိုယ်တိုင်၊ ဘဇ္ဇနာဒီနိ-တို့ကို၊ ကတွာဝါ-ပြု၍သော်ငင်း၊ ကာရာပေတွာဝါ- ပြုစေ၍သော်ငင်း၊ ဘုဉ္ဇန္တိယာ - ၏၊ ဒုက္ကဋံ (ဟောတိ)၊ အညာယ-အခြားသူ၏၊ ဝိညတ္တိယာ-တောင်းခြင်းကြောင့်၊ လဒ္ဓံ- ရအပ်သော စပါးစိမ်းကို၊ သယံ- ကိုယ်တိုင်၊ ဘဇ္ဇနာဒီနိ - တို့ကို၊ ကတွာဝါ—ပြု၍သော်ငင်း၊ တာယ—ထို တောင်းခဲ့သူကို၊ ကာရာပေတွာ- ပြုစေ၍သော်ငင်း၊ အညာယ — တောင်းခဲ့သူမှ အခြားသူကို၊ ကာရာပေတွာဝါ—သော်ငင်း၊ ဘုဉ္ဇန္တိယာပိ—၏လည်း၊ ဒုက္ကဋမေဝ—သည်သာ၊ (ဟောတိ)၊ ဣတိ-သို့၊ (ဝုတ္တံ-ပြီ၊) ပုနပိ-တဖန်လည်း၊ ဝုတ္တံ-ပြီ၊ (ကိံ)၊ အညာယ—အခြားသူ၏၊ ဝိညတ္တိယာ— ကြောင့်၊ လဒ္ဓံ— ရအပ်သော စပါးစိမ်းကို၊ သယံ-ကိုယ်တိုင်၊ [ဤ

နေရာ၌လည်း အချို့စာအုပ်များဝယ် လဒ္ဓံ၏နေဝံ၌ပိုဒ်ခတ်၍ "တံစေ သယံဝါ" ဟု သီးခြားဝါကျရှိ၏။] ဘဇ္ဇနာဒီနံ-တို့ကို၊ ကတွာ-၍၊ ဘုဉ္ဇန္တိယာ-၏၊ ပါစိတ္တိယ မေဝ (ဟောတိ)၊ ဘဇ္ဇနာဒီနိ – တို့ကို၊ ကာရာပေတွာ - ၍၊ ဘုဉ္ဇန္တိယာပန - စားသောရဟန်းမ၏ကား၊ ဒုက္ကဋံ (ဟောတိ)၊ ဣတိ-သို့၊ (ဝုတ္တံ - ပြီ၊) တံ-ထို စကားသည်၊ ပုဗ္ဗာပရဝိရုဒ္ဓံ- ရှေ့နောက် ဆန့်ကျင်သည်၊ ဟောတိ- ဖြစ်၏၊ ဟိ– မှန်၏၊ ဘဇ္ဇနာဒီနံ-တို့ကို၊ ကရဏောဝါ-ပြုခြင်း၌၎င်း၊ ကာရာပဏောဝါ-ပြုစေခြင်း၌၎င်း၊ ဝိသေသော-အထူးသည်၊ န အတ္ထိ-မရှိ၊ မဟာအဋ္ဌကထာယံ ပန- မဟာ အဋ္ဌကထာ၌ကား၊ အညာယ-အခြားသူသည်၊ ဝိညတ္တံ–တောင်းအပ်သောစပါး စိမ်းကို၊ ဘုဉ္ဇန္တိယာ-၏၊ ဒုက္ကဋံ (ဟောတိ)၊ ဣတိ-သို့၊ အဝိသေသေန-အထူး မပြုသာမညအားဖြင့်၊ ဝုတ္တံ-ပြီ။

အာဗာဓပစ္စယာတိ- ကား၊ သေဒကမ္မာဒီနံ–ချွေးထုတ်မှု အစရှိသည်တို့၏၊ အတ္ထာယ–အကျိုးငှါ၊ ဓညံ–စပါးကို၊ ဝိညတ္တိယာ-၏၊ အနာပတ္တိ(ဟောတိ)၊ အဝိညတ္တိယာ - မတောင်းဘဲ၊ လဗ္ဘမာနံ ပန–ရအပ်သော စပါးစိမ်းကိုကား၊ နဝကမ္မတ္ထာယ – နဝကမ္မ အကျိုးငှါ၊ သမ္ပဋိစ္ဆိတုံ - လက်ခံခြင်းငှါ၊ ဝဋ္ဋတိ– အပ်၏၊ ဣတိ- သို့၊ မဟာပစ္စရိယံ ဝုတ္တံ၊ အပရဏ္ဏံ ဝိညာပေတီတိ-ကား၊ သတ္တ- ခုနစ်မျိုးကုန်သော၊ ဓညာနိ- စပါးတို့ကို၊ ထပေတွာ-ထား၍၊ မုဂ္ဂမာသာဒိံ ဝါ- ပဲနောက် ပဲကြီးအစရှိသည်ကိုသော်၎င်း၊ လာဗုကုမ္ဘဏ္ဍာဒိံ ဝါ- ဗူး, ဖရုံ အစရှိ သည်ကိုသော်၎င်း၊ အညံ-အခြားသော၊ ယံကိဉ္စိ-အမှတ်မထား တပါးသော ပဲမျိုး ကို၊ ဉာတကပဝါရိတဋ္ဌာနေ - ဆွေမျိုးတော်သူ ဖိတ်မံသူတို့၏အထံ၌၊ ဝိညာပေ န္တိယာ-မိမိအလိုရှိကြောင်းကို သိစေသောရဟန်းမ၏၊ ဝါ-တောင်းသော ရဟန်း မ၏၊ အနာပတ္တိ(ဟောတိ)၊ အာမကဓညံပန-စပါးစိမ်းကိုကား၊ ဉာတကပဝါ ရိတဋ္ဌာနေပိ - ၌သော်လည်း၊ (ဝိညာပေတုံ) နဝဋ္ဋတိ - မအပ်၊ သေသံ- သည်၊ ဥတ္တာနမေဝ–သည်သာ၊ပေ၊ တိဝေဒနန္တိ။....သတ္တမသိက္ခာပဒံ(သမတ္တံ)။

× × × × × × ×

ပုဗ္ဗာပရဝိရုဒ္ဓံ။ ။"ပုနပိ ဝုတ္တံ"ဟု ဆိုအပ်သော စကားကိုရည်ရွယ်၍ "ပုဗ္ဗာပရ ဝိရုဒ္ဓံ "ဟု ဆိုသည်၊ ချဲ့ဦးအံ့၊–သူတပါး၏ တောင်းခြင်းကြောင့်ရအပ်သော အာမက ဓညသည် (မခိုင်းဘဲ တောင်းခြင်းဖြစ်ရကား) ဤ အဝိညတ္တိယာလဒ္ဓံတုန်းက ကိုယ်တိုင် ပြုသည်ဖြစ်စေ သူတပါးကို ခိုင်းသည်ဖြစ်စေ အထူးမပြဘဲ ဒုက္ကဋ်ချည်းသာ ဆိုခဲ့၏၊ ဤ "ပုနပိ ဝုတ္တံ"ဟု စချီသောစကား၌ကား "အညဝိညတ္တိကြောင့် ရအပ်သောစပါးစိမ်းကို ကိုယ်တိုင်လှော်မှု စသည်ကိုပြု၍ စားလျှင် ပါစိတ်, သူတပါးကိုခိုင်း၍ စားလျှင် ဒုက္ကဋ်" ဟု ဆိုပြန်သောကြောင့် ရှေ့စကားနှင့် ဆန့်ကျင်သည်–ဟူလို၊ ထို့ကြောင့် အညဝိညတ္တိ ကြောင့် ရအပ်သော စပါးစိမ်းကို ကိုယ်တိုင် ဘဇ္ဇနစသည် ပြု၍ဖြစ်စေ, သူတပါးကို ခိုင်း၍ဖြစ်စေ စားသောဘိက္ခုနီမှာ ဒုက္ကဋ်သာသင့်၏–ဟု ဆိုးဖြတ်ပါ၊–ဋီကာ။

## ပဥ္စမ ဥစ္စာရဆန္နာ

အဋ္ဌမေ-၌၊ ဧတေန – ဤ ပုဏ္ဏားသည်၊ နိဗ္ဗိဋ္ဌော - အမြဲသက်ဝင်စေအပ်ပြီးသော၊ ဝါ-တည်မြဲစေအပ်ပြီးသော (ခိုင်မြဲသော)၊ ရာဇဘဋော-မင်း၏ ဆည်းကပ်ကြောင်းအခွန်အတုပ်သည်၊ ရညော-မင်း၏၊ ဘတိ-ဆည်းကပ်ကြောင်းအခွန်အတုပ်သည်၊ ကေဏိ- ပေးထိုက်သော အခွန်အတုပ်သည်၊ (အတ္ထိ-၏၊) ဣတိ-ကြောင့်၊ (ထိုသို့ အမြဲသက်ဝင်နေစေအပ်ပြီးသော မင်း၏ ခစားကြောင်း အခွန်အတုပ်ရှိသည်၏ အဖြစ်ကြောင့်၊ သော- ထို ပုဏ္ဏားသည်၊ ) နိဗ္ဗိဋ္ဌရာဇဘဋော-မည်၏၊ ဧကံ- တခုသော၊ ဌာနန္တရံ- နေရာဌာနအထူးကို၊ ကေဏိယာ- အခွန်အတုပ်ဖြင့်၊ ဂဟေတွာ - ယူ၍၊ တတော - ထိုဌာနမှ၊ လဒ္ဓုဒယော- ရအပ်သော အတိုးအပွားရှိသော၊ (အညတရော မြာဟ္မဏော၌စပ်၊) ဣတိ အတ္ထော- နက်၊ တညေဝ ဘဋ္ဋပထံ ယာစိဿာမိတိ-ကား၊ ရညော-မင်းအား၊ ကေဏိံ-ပေးထိုက်သော အခွန်အတုပ်ကို၊ ဒတွာ—ပေးပြီး၍၊ (တနည်း) ကေဏိံ ဒတွာ- အခွန်ဆောင်ပြီး၍၊ ပုန - တဖန်၊ တံယေဝ ဌာနန္တရံ – ထို နေရာဌာန အထူးကိုပင်၊ ယာစိဿာမိ- တောင်းအံ့၊ ဣတိ—သို့၊ စိန္တေန္တော- ကြံလျက်၊(ဂစ္ဆတိ၌ စပ်)။

ပရိဘာသိတိ- ကား၊ တာ ဘိက္ခုနိယော- တို့ကို၊ ပုန- တဖန်၊ မာ ကရိတ္ထ— မပြုကြကုန်လင့်၊ ဣတိ - ဤသို့ပြော၍၊ သန္တဇ္ဇေသိ - ခြိမ်းချောက်ပြီ၊ ဝါ— ကြိမ်းမောင်းပြီ၊ သယံ ဆန္ဒေတီတိ - ကား၊ စတ္တာရိပိ – လေးပါးလည်းဖြစ်ကုန်သော၊ ဝတ္ထုနိ—ဝတ္ထုတို့ကို၊[ဥစ္စာရ, ပဿာဝ, သင်္ကာရ, ဝိဃာသတို့ကို။]ကေပယော ဂေန- တကြိမ်တည်းသော ပယောဂဖြင့်၊ ဆဍ္ဍေန္တိယာ- စွန့်ပစ်သော ရဟန်းမ၏၊ ကောဝ- တချက်သာလျှင်ဖြစ်သော၊ အာပတ္တိ (ဟောတိ)၊ ပါဋိဒေသနံ-အသီး

× × × × × × ×

**နိဗ္ဗိဋ္ဌ ရာဇဘဋော**။ ။နိ+ဝိသ, တ၊ နိ+ ဝိသိယိတ္ထ—မြဲစွာ သက်ဝင်စေအပ်ပြီ၊ ဣတိ နိဗ္ဗိဋ္ဌော! နိဗ္ဗိဋ္ဌောတိ ပတိဋ္ဌာပိတော=တည်တန့်စေအပ်ပြီးသော ရာဇဘဋာ၊ ဘရိယတေ အနေနာတိ ဘဋော—မင်းကိုဆည်းကပ်ကြောင်း အခွန်အတုပ်၊ ရာဇဘဋော ကို ရညောဘတိ ဟု ဖွင့်၍, ဘတိကို "ကေဏိ "ဟု ထပ်ဖွင့်သည်၊ ကေဏီတိ ရညော ဒါတဗ္ဗဿ အာယဿေတံ အဓိဝစနံ – မင်းအား ပေးထိုက်သော အခွန်အတုပ်ကို ကေဏိ ဟု ခေါ်၏။ [ ကိဏာတိ ဧတေနာတိ ကေဏိ— လေလန်ဆွဲသကဲ့သို့ ဝယ်ယူကြောင်းဖြစ်သော အခွန်အတုပ်။]

**ဌာနန္တရံ**။ ။"ဌာနန္တရန္တိ – ဂါမဇနပဒါဒိဋ္ဌာနန္တရံ" ဟု ဋီကာဖွင့်၏၊ ရွာကိုဖြစ်စေ ဇနပုဒ်စသည်ကို ဖြစ်စေ "ဌာနန္တရ "ဟု ခေါ်၏၊ [ ဌာန— အရပ်+ အန္တရ— အထူး။] ထိုအရပ်မှ ထွက်သမျှအခွန်အတုပ်ကို ရှင်ဘုရင်အား မည်၍မည်မျှဆက်ပါမည် ဟု တာဝန်ယူ၍ ထိုအရပ်၌ အခွန်အတုပ် ကောက်ခံပြီးလျှင် မိမိမှာ အမြတ်အစွန်းရနေသူတည်း၊ ထို့ကြောင့် "ဧကံ ဌာနန္တရံ ကေဏိယာ ဂဟေတွာ တတော လဒ္ဓုဒယော" ဟု ဖွင့်သည်။

အသိ။ ဆန္နေန္တိယာ-၏၊ ဝတ္ထုဂဏနာယ-အားဖြင့်၊ အာပတ္တိယော(ဟောန္တိ)၊ အာဏတ္တိယမ္ပိ – စေခိုင်းခြင်း၌လည်း၊ ဧသေဝ နယော – ပင်တည်း၊ ဒန္တကဋ္ဌ ဆန္ဒနေပိ– ဒန်ပူကို စွန့်ပစ်ခြင်း၌လည်း၊ ဘိက္ခုနိယာ - ၏၊ ပါစိတ္တိယမေဝ– သည်သာ၊ (ဟောတိ)၊ ဘိက္ခုဿ-၏၊ သဗ္ဗတ္ထ-အလုံးစုံသောဝတ္ထုတို့၌၊ ဒုက္ကဋံ (ဟောတိ)၊သေသံဥတ္တာနမေဝ၊ပေ၊တိဝေဒနန္တိ။....အဋ္ဌမသိက္ခာပဒံ(သမတ္တံ)။

## ဒုတိယ ဥစ္စာရဆန္ဒန

နဝမေ-၌၊ ယံ မနုဿာနံ၊ပေ၊ ရောပိမန္တိ- ကား၊ ခေတ္တံဝါ– လယ်ယာသည်မူလည်း၊ ဟောတု - ဖြစ်စေ၊ နာဠိကေရာဒိအာရာမောဝါ- အုန်း အစရှိသည်တို့၏ ခြံသည်မူလည်း၊ (ဟောတု- ဖြစ်စေ၊) ယတ္ထကတ္ထစိ– အမှတ်မထား တပါးပါးသော၊ ရောပိမဟရိတဋ္ဌာနေ-စိုက်ပျိုးခြင်းဖြင့်ဖြစ်စေအပ်သော စိမ်းစိုသောအရပ်၌၊ တောနိဝတ္ထုနိ-ဤဥစ္စာရစသောဝတ္ထုတို့ကို၊ ဆန္နေန္တိယာ- စွန့်သောရဟန်းမ၏၊ ပုရိမနယေနေဝ- ရှေ့နည်းဖြင့်ပင်၊ [" စတ္တာရိပိ ဝတ္ထုနိ ကေပယောဂေန ဆန္နေန္တိယာ"စသောနည်းဖြင့်ပင်။]အာပတ္တိဘေဒေါ-အာပတ်အပြားကို၊ ဝေဒိတဗ္ဗာ-သိထိုက်၏၊ ခေတ္တေဝါ- လယ်ယာ၌သော်ငင်း၊ အာရာမေဝါ– ခြံ၌သော်ငင်း၊ နိသီဒိတွာ–ထိုင်၍၊ ဘုဉ္ဇမာနာ- စားစဉ်သော်ငင်း၊ ဥစ္ဆုအာဒိနိ- ကြံ အစရှိသည်တို့ကို၊ ခါဒန္တီ-ခဲစားလျက်၊ ဂစ္ဆမာနာဝါ- သွားစဉ်သော်ငင်း၊ ဥစ္ဆိဋ္ဌော ဒကစလကာဒိနိ- လုပ်ဆေးရေ ကြံဖတ် အစရှိသည်တို့ကို၊ ဟရိတဋ္ဌာနေ - စိမ်းစိုသောအရပ်၌၊ ဆန္နေတိ-အံ့၊ အန္တမသော-အောက်ထစ်ဆုံးအားဖြင့်၊ ဥဒကံ- အုံးရေကို၊ ပိဝိတွာ - သောက်ပြီး၍၊ မတ္တကစ္ဆိန္နနာဠိကေရမ္ပိ – ဖြတ်အပ်သော ဦးထိပ်ရှိသော အုံးသီးကိုသော်လည်း၊ ဆန္နေတိ-အံ့၊ပါစိတ္တိယမေဝ(ဟောတိ)၊ ဘိက္ခုနော-၏၊ ဒုက္ကဋံ(ဟောတိ)။

ပန-ဆက်၊ ကသိတဋ္ဌာနေ–ထွန်အပ်ပြီးသော အရပ်၌၊ ဝါ-သည်၊ နိက္ခိတ္တဗီဇေ- ချထားအပ်ပြီးသော မျိုးစေ့ရှိသည်၊ (သမာနေ– ဖြစ်လသော်၊) ယာဝ– လောက်၊ အင်္ကုရံ–အညွန့်သည်၊ န ဥဋ္ဌဟတိ - မထသေး၊ ဝါ - မထွက်သေး၊ တာဝ– ထို အညွန့်မထွက်သေးသမျှ၊ သဗ္ဗေသံ-အလုံးစုံသော ဘိက္ခုနီ, ဘိက္ခု

× × × × × × ×

**ရောပိမံဟရိတဋ္ဌာနေ။** ။ရောပနံ–စိုက်ပျိုးခြင်း+ ရောပေါ- ခြင်း၊ ရောပေန– စိုက်ပျိုးခြင်းဖြင့်+ နိဗ္ဗတ္တံ ရောပိမံ- ဟု ပြု၊ ဂန္ထိမံစသည်တို့၌ ကဲ့သို့တည်း၊ ဤရောပိမ ဟူသော ဝိသေသနဖြင့် စိုက်ပျိုးအပ်သော အရပ်မဟုတ်ဘဲ အလေ့ကျပေါက်၍ စိမ်းနေသော အရပ်ကို တားမြစ်သည်၊ ယောဇနာ၌ကား – " ရောပိမဟရိတဋ္ဌာနေတိ– ရောပိမဋ္ဌာနေစ ဟရိတဋ္ဌာနေစ၊ ရောပိယတိ အသ္မိန္တိ ရောပိယံ၊ တံယေဝ ရောပိမံ, ယကာရဿ မကာရံကတွာ"ဟု ဖွင့်လေသည်။

တို့၏၊ ဒုက္ကဋံ(ဟောတိ)၊ အနိက္ခိတ္တဗီဇေသု-မချအပ်သော မျိုးစေ့ရှိသော လယ်ယာတို့၌ သော်ငှင်း၊ အသဉ္ဇာတရောပိမေသု - ကောင်းစွာ မဖြစ်သော စိုက်ပျိုးအပ်သော အပင်ငယ် ရှိကုန်သော၊ ဝါ- အပင်ငယ်တို့၏ ကောင်းစွာ မဖြစ်ရာဖြစ်ကုန်သော၊ ခေတ္တကောဋာဒိသုဝါ-လယ်ယာ၏အထောင့်အရပ် အစရှိသည်တို့၌သော်ငှင်း၊ ခေတ္တမရိယာဒါဒိသုဝါ - လယ်ယာ၏ ကံသင်း အစရှိသည်တို့၌သော်ငှင်း၊ ဆင္ဃေတုံ-၄ါ၊ ဝဋ္ဋတိ- ၏၊ မနုဿာနံ- တို့၏၊ ကစဝရဆဍ္ဍနဋ္ဌာနေပိ—အမိုက်စွန့်ရာအရပ်၌လည်း၊(ဆင္ဃေတုံ)ဝဋ္ဋတိ၊ဆန္ဒိတခေတ္တေတိ-ကား၊မနုဿေသု- တို့သည်၊ သဿံ - ကောက်ကို၊ ဥဒ္ဓရိတွာ-ထုတ်ဆောင်၍၊ ဂတေသု—သွားပြီးကုန်လသော်၊ ဆန္ဒိတခေတ္တံနာမ - ဆန္ဒိတခေတ္တ မည်သည်၊ ဟောတိ၊ တတ္ထ - ထို လယ်ယာ၌၊ ( ဆင္ဃေတုံ ) ဝဋ္ဋတိ၊ ယတ္ထပန - အကြင် လယ်ယာ၌ကား၊ လာယိတမ္ပိ- ရိပ်အပ်ပြီးလည်း ဖြစ်သော၊ ပုဗ္ဗဏ္ဏာဒိ- ပဲအစရှိသော ဝတ္ထုသည်၊ ပုန- တဖန်၊ ဥဋ္ဌဟိဿတိ- ထလတံ့၊ ဝါ- ပေါက်လတံ့၊ ဍတိ-ဤသို့ မြှော်မှန်း၍၊ ရက္ခန္တိ- စောင့်ရှောက်ကြကုန်၏၊ တတ္ထ- ထိုလယ်ယာ၌၊ ယထာဝတ္ထုကမေဝ- အကြင်အကြင် ဝတ္ထုကြောင်းအတိုင်းသာလျှင်၊(ဟောတိ) သေသံ၊ပေ၊တိဝေဒနန္တိ။....နဝမ သိက္ခာပဒံ (သမတ္တံ)။

× × × × × × × × ×

**အနိက္ခိတ္တဗီဇေသု**။ ။လုံးလုံးမျိုးစေ့ မချရသေးသော လယ်ယာကို"အနိက္ခိတ္တဗီဇ" ဟု ခေါ်၏၊ အသဉ္ဇာတရောပိမေသုသည် ခေတ္တကောဋာဒိသု၏ ဝိသေသနတည်း၊ ပျိုးပင်များ ပျိုး၍ထားသော်လည်း ကောင်းစွာ မသန်စွမ်းသောကြောင့်"အသဉ္ဇာတရောပိမ"ဟု ဆိုသည်၊ ထိုသို့ မသန်စွမ်းလျှင် ရှေ့၌ ကြီးပွားဘို့ရန် မြှော်လင့်ချက် မရှိသောကြောင့် ခေတ္တကောဋာ စသည်တို့၌ စွန့်ပစ်ကောင်း၏၊ ခေတ္တမရိယာဒ—လယ်ယာတို့၏ ကံသင်းပေါ်၌ကား အနည်းငယ် ပျိုးပင်များ ပြန့်နှံ့၍ပေါက်နေသော်လည်း စိုက်ပျိုးသည့်နေရာမဟုတ်သောကြောင့် အနာပတ္တိဝါရ၌ တိုက်ရိုက်ပါ၏၊ ရှေးနိဿယ၌ကား အနက်တမျိုး ပေးထား၏။

## နစ္စ ဂီတ သိက္ခာပုဒ်

ဒသမေ-၌၊ ယံကိဉ္စိ နစ္စန္တိ - ကား၊ နဋာဒယောဝါ - ကခြေသည်ဇာတ်သွားအစရှိသူတို့သည်သော်လည်း၊ နစ္စန္တု- ကကြပစေကုန်၊ သောဏ္ဍာဝါ- သေသောက်ကြူးတို့သည်သော်လည်း ( နစ္စန္တု ) အန္တမသော - ဖြင့်၊ မောရသုဝမက္ကဋာဒယောပိ-ဥဒေါင်း, ကျေးသား, မျောက်အစရှိသော တိရစ္ဆာန်တို့သည်သော်လည်း၊ (နစ္စန္တု၊) [အာဒိသဒ္ဒါဖြင့် မြွေအလမ္ပါယ်ပြရာ၌ မြွေကခြင်းစသည်ကိုယူ၊] သဗ္ဗမ္ပိ—အလုံးစုံလည်းဖြစ်သော၊ တေံ-ဤ ကခြင်းသည်၊ နစ္စမေဝ-နစ္စ မည်သည်သာ၊ ယံကိဉ္စိ ဂီတန္တိ-ကား၊ [ အချို့စာအုပ်များဝယ် "ယံကိဉ္စိ နဋာဒိနံ"စသည်ဖြင့် ယံကိဉ္စိ ပါနေ၏၊ မပါခြင်းသာ ကောင်းသည်။] နဋာဒိနံ- တို့၏၊ ဂီတံဝါ - သီဆို

အပ်သော သီချင်းသည်သော်လည်း၊ ဟောတု - ဖြစ်စေ၊ အရိယာနံ - အရိယာ ပုဂ္ဂိုလ်တို့၏၊ ပရိနိဗ္ဗာနကာလေ-ပရိနိဗ္ဗာန်စံရာအခါ၌၊ ရတနတ္တယ ဂုဏူပသံဟိ တံ- ရတနာသုံးပါး၏ဂုဏ်နှင့် စပ်ယှဉ်သော၊ သာဓုကီဠိတ ဂီတံဝါ - သူတော် ကောင်းတို့၏ ပျော်မြူ ကြောင်းဖြစ်သောဂီတသည်သော်လည်း၊(ဟောတု)၊ အသံ ယတဘိက္ခုနံ - မစောင့်စည်းသော ရဟန်းတို့၏၊ ဓမ္မဘာဏက ဂီတံဝါ- တရား ဟောပုဂ္ဂိုလ်တို့၏ ဂီတသည်မူလည်း၊ (ဟောတု၊) သဗ္ဗမ္ပိ-သော၊ တံ- ဤသီချင်း သည်၊ ဂီတမေဝ-ဂီတမည်သည်သာ၊ ["သုဂတဘာသ သုဂတစီဝရပမာဏံ"ကဲ့သို့ အသံယတဘိက္ခုနံသည် ဓမ္မဘာဏကကို အထူးပြုသော ဝိသေသန တည်း။ ] ယံကိဉ္စိဝါဒိတန္တိ-ကား၊ တန္တိဗဒ္ဓါဒိဝါဒနိယ ဘဏ္ဍဝါဒိတံဝါ- ညှို့ဖြင့် ဖွဲ့အပ် သော တူရိယာ အစရှိသော တီးမှုတ်အပ်သော ဘဏ္ဍာ၏ တီးမှုတ်သံသည်သော် လည်း၊ ဟောတု-ဖြစ်စေ၊ ကုဋဘေရိဝါဒိတံဝါ-အိုးစည် တီးသံသည်သော်လည်း၊ (ဟောတု)၊ အန္တမသော-ဖြင့်၊ ဥဒကဘေရိဝါဒိတမ္ပိ—ရေစည်တီးသံသည်သော် လည်း၊ (ဟောတု)၊ သဗ္ဗမ္ပိ - သော၊ တံ- ဤ တီးမှုတ်သံသည်၊ ဝါဒိတမေဝ- မည်သည်သာ။ [ဤပုဒ်များ၏အဓိပ္ပါယ်ကို ကင်္ခါဘာသာဋီကာ၌ ပြထားပြီ။]

ဒဿနာယ၊ပေ၊ဒုက္ကဋဿာတိ-ကား၊ ပဒဝါရ ဂဏနာယ-ခြေလှမ်းအကြိမ် ၏ အရေအတွက်အားဖြင့်၊ ဒုက္ကဋဿ - သို့၊ အာပတ္တိ ( ဟောတိ )၊ ယတ္ထ၊ပေ၊ သုဏာတိဝါ`တိ-ကား၊ ကေပယောဂေန-ဖြင့်၊[ ကေဒိသာဝလောကနပယောဂေ န- တခုသောအရပ်ကို ကြည့်ကြောင်း ပယောဂဖြင့် — ဋီကာ။ ] ဩလောကေန္တိ- ကြည့်လသော်၊ ပဿတိ- မြင်အံ့၊ တေသံယေဝ - ထို ကသူ အစရှိသည်တို့၏ပင်၊ ဂီတဝါဒိတံ-သီချင်းသံတီးမှုတ်သံကို၊ သုဏာတိ-နားထောင်အံ့၊ ဧကမေဝ ပါစိတ္တိ ယံ (ဟောတိ)၊ [ကချေသည် မောင်ဖြူကိုကြည့်ရင်း ထို မောင်ဖြူ၏ သီချင်းသံကို နားထောင်ရာ၌ အာပတ် အရေအတွက် မတိုးတော့ဘဲ တချက်သာ သင့်သည်— ဟူလို။]ပန-သို့မဟုတ်၊ ကောဒိသံ-တခုသောအရပ်ကို၊ ဩလောကေတွာ-ကြည့်၍၊ နစ္စံ- ကခြင်းကို၊ သစေ ပဿတိ- အကယ်၍ ကြည့်အံ့၊ ပုန- တဖန်၊ အညတော- အခြားအရပ်ကို၊ ဩလောကေတွာ- ၍၊ ဂါယန္တေ- သီချင်း ဆိုသူတို့ကို၊(သစေ) ပဿတိ-အံ့၊ အညတော-အခြားအရပ်၌၊ ဝါဒေန္တေ-တီးမှုတ်နေသူတို့ကို၊(သစေ ပဿတိ- အံ့၊ ဝေံသတိ၊)ပါဋေက္ကာ-အသီးအသီး ဖြစ်ကုန်သော၊ အာပတ္တိယော (ဟောန္တိ။)

ဘိက္ခုနီ- သည်၊ သယမ္ပိ- ကိုယ်တိုင်လည်း၊ နစ္စိတုံဝါ- ကခြင်းငှါလည်း၊ ဝါ— ကခွင့်ကိုလည်း၊ ဂါယိတုံဝါ-သီဆိုခြင်းငှါလည်း၊ ဝါ- သီဆိုခွင့်ကိုလည်း၊ ဝါဒိတုံဝါ— တီးမှုတ်ခြင်းငှါ၊ ဝါ- တီးမှုတ်ခွင့်ကိုလည်း၊ န လဘတိ-မရ၊ အညေ-အခြားသူတို့ကို၊ နစ္စ-ကလော၊ ဂါယ-သီချင်းဆိုလော၊ ဝါဒေဟိ-တီးမှုတ်လော၊ ဣတိ- သို့၊ ဝတ္တု မ္ပိ-ပြောဆိုခြင်းငှါ သော်မှလည်း၊ ဝါ-ပြောဆိုခွင့်ကိုသော်မှလည်း၊ န လဘတိ—

မရ၊ ဥပါသက - ဥပါသကာ၊ စေတိယဿ - အား၊ ဥပဟာရံ - ပူဇော်ခြင်းကို၊ ဒေထ - ပေးကြကုန်လော၊ ဣတိ- သို့၊ ဝတ္တုမ္ပိ-ငှါရင်း၊ တုမှာကံ–အရှင်မတို့၏၊ စေတိယဿ-အား၊ ဥပဋ္ဌာနံ-ဆည်းကပ်ပူဇော်ခြင်းကို၊ ကရောမ-ပြုလိုပါကုန်၏၊ ဣတိ- သို့၊ ဝုတ္တေ- လူတို့က လျှောက်အပ်သော်၊ သာဓူတိ- ကောင်းပြီဟူ၍၊ ဝါ- အကောင်းသားဘဲဟူ၍၊ သမ္ပဋိစ္ဆိတုမ္ပိ-လက်ခံခြင်းငှါရင်း၊ န လဗ္ဘတိ-မရ၊ [ဥပဋ္ဌာနံ နေရာဝယ် ကန်္ခါ၌ "ဥပဟာရံ"ဟု ရှိ၏။] သဗ္ဗတ္ထ- အလုံးစုံသော ပယောဂတို့၌၊ ပါစိတ္တိယံ (ဟောတိ)၊ ဣတိ-သို့၊ သဗ္ဗ အဋ္ဌကထာသု-တို့၌၊ ဝုတ္တံ-ပြီ၊ [ဤဝါကျတို့၏ အဓိပ္ပါယ်ကို ကန်္ခါဘာသာဋီကာ၌ ပြထားပြီ။] ဘိက္ခုနော – ၏၊ ဒုက္ကဋံ (ဟောတိ)၊ တုမှာကံ- အရှင်မတို့၏၊ စေတိယဿ- အား၊ ဥပဋ္ဌာနံ- ကို၊ ကရောမ-ကုန်အံ့၊ ဣတိ-သို့၊ ဝုတ္တေပန-လျှောက်အပ်သော်ကား၊ ဥပဋ္ဌာနကရဏံ နာမ - ဆည်းကပ် ပူဇော်မှုကို ပြုခြင်းမည်သည်၊ သုန္ဒရံ - ကောင်း၏၊ ဣတိ-သို့၊ ဝတ္တုံ - ငှါ၊ ဝဋ္ဋတိ - အပ်၏၊ [ရှေ့၌ " သာဓူတိ သမ္ပဋိစ္ဆိတုမ္ပိ န လဗ္ဘတိ " ဟု ဆိုခဲ့၏၊ သာဓုဟူသော စကားသည် လက်ခံသော စကားတည်း၊ သုန္ဒရံကား လက်ခံခြင်းမဟုတ်၊ ထို့ကြောင့် ထို၌ မအပ်သော်လည်း ဤ "သုန္ဒရံ"ဟု ဆိုရာ၌ အပ်သည်။]

အာရာမေ ဌိတာတိ- ကား၊ အာရာမေ–အာရာမ်၌၊ (မိမိနေရာကျောင်းတိုက်၌၊) ဌတွာ- တည်၍၊ အန္တောရာမေဝါ - အာရာမ်၏ အတွင်း၌သော်ရင်း၊ ဗဟိ အာရာမေဝါ - အာရာမ်၏ ပြင်ဘက်၌သော်ရင်း၊ နစ္စာဒိနိ - ကခြင်း အစရှိသည်တို့ကို၊ ပဿတိဝါ - ကြည့်မူလည်းကြည့်အံ့၊ သုဏာတိဝါ- နားထောင်မူလည်း နားထောင်အံ့၊ အနာပတ္တိ၊ [ဤ အာရာမေ ဌတွာပုဒ်နှင့်စပ်၍မှတ်ဘွယ်ကို ကန်္ခါ ဘာသာဋီကာ၌ ပြထားပြီ၊] သတိ ကရဏီယေတိ - ကား၊ သလာကဘတ္တာဒီနံ- သလာကဘတ် အစရှိသည်တို့၏၊ အတ္ထာယဝါ–အကျိုးငှါသော်ရင်း၊ အညေန- အခြားသော၊ ကေနစိ-တစုံတခုသော၊ ကရဏီယေနဝါ-ပြုဘွယ်ကိစ္စကြောင့်သော်ရင်း၊ ဂန္တွာ - သွားပြီး၍၊ ဂတဋ္ဌာနေ - ရောက်အပ်သောအရပ်၌၊ ပဿတိဝါ သုဏာတိဝါ၊အနာပတ္တိ(ဟောတိ)၊အာပဒါသူတိ-ကား၊တာဒိသေန-ထိုကဲ့သို့ ရှုအပ်သော၊ ဥပဒ္ဒဝေန-ဘေးရန်သည်၊ ဥပဒ္ဒုတာ-နှိပ်စက်အပ်သည်၊(ဟုတွာ) သမဇ္ဇဋ္ဌာနံ- ပွဲသဘင်အရပ်သို့၊ ပဝိသတိ- ဝင်ပြေးအံ့၊ ဧဝံ-သို့၊ ပဝိသိတွာ–ဝင်ပြေးပြီး၍၊ ပဿန္တိယာဝါ - ကြည့်သော ရဟန်းမ၏သော်ရင်း၊ သုဏန္တိယာဝါ- နားထောင်သော ရဟန်းမ၏သော်ရင်း၊ အနာပတ္တိ ( ဟောတိ )၊ သေသံ ၊ ပေ ၊ တိဝေဒနန္တိ။....ဒသမသိက္ခာပဒံ (သမတ္တံ)။

ပဥ္စမော- ရှေးဦးစွာသော၊ လသုဏဝဂ္ဂေါ- လသုဏဝဂ်တည်း။

**လသုဏဝဂ်အဖွင့် ပြီး၏။**

## အန္ဓကာရဝဂ်

### ရတ္တန္ဓကာရသိက္ခာပုဒ်

အန္ဓကာရဝဂ္ဂဿ-၏၊ ပဌမသိက္ခာပဒေ- ၌၊ အပ္ပဒီပေတိ - ကား၊ ပဒီပ စန္ဒ သူရိယ အဂ္ဂိသု-ဆီမီး, လ, နေ, မီးတို့တွင်၊ ဧကေနပိ- တခုသည်လည်း၊ အဇနော ဘာသိတေ- မထွန်းလင်းအပ်သောအရပ်၌၊ တေနေဝ- ထို့ကြောင့်ပင်၊ အဿ— ထိုအပ္ပဒီပေပုဒ်၏၊ ပဒဘာဇနေ-၌၊ အနာလောကေတိ-ဟူ၍၊ (ဘဂဝတာ) ဝုတ္တံ- ပြီ၊ [" ဤ ရတ္တန္ဓကာရ-အပ္ပဒီပပုဒ်တို့၏အနက်အဓိပ္ပါယ်ကို ကင်္ခါဘာသာဋီကာ၌ ပြထားပြီ။] သလ္လပေယျဝါတိ-ကား၊ ဂေဟဿိတကထံ-အိမ်၌မှီသောစကားကို၊ ကထေယျ — ပြောအံ့၊ အရဟောပေက္ခာ အညဝိဟိတာတိ — ကား၊ ရဟော — ဆိတ်ကွယ်ရာအရပ်၌၊ န အဿာဒါပေက္ခာ-သာယာ:ခြင်းကိုမရှုငဲ့သည်၊ ရဟော- ဆိတ်ကွယ်ရာအရပ်၌၊ အဿာဒတော- သာယာခြင်းမှ၊ အညဝိဟိတာဝ-တပါး သော အာရုံ၌ ထားအပ်သော စိတ်ရှိသည်သာလျှင်၊ ဟုတွာ - ၍၊ ဉာတိံ ဝါ — ဆွေမျိုး၏အကြောင်းကိုသော်လည်း၊ ပုစ္ဆတိ-ခမေးအံ့၊ ဒါနေဝါ-ဒါနကြောင့်သော် ၎င်း၊ ပူဇာယဝါ-ပူဇော်ခြင်းကြောင့်သော်၎င်း၊ မန္တေတိ-တိုင်ပင်အံ့၊ (အနာပတ္တိ ၌စပ်)။ [ ဒါနေဝါ ပူဇာယဝါတိ ဒါနနိမိတ္တံဝါ ပူဇာနိမိတ္တံဝါ၊— ဋီကာ၊ နိမိတ် အနက် သတ္တမီသက်ထားသည်-ဟူလို။] သေသံ-သည်၊ ဥတ္တာနမေဝ-သည်သာ၊ ဌာနံ သိက္ခာပဒံ- သည်၊ ထေယျသတ္ထသမုဋ္ဌာနံ-တည်း၊ပေ၊ ဒွိဝေဒနန္တိ။…ပဌမ သိက္ခာပဒံ (သမတ္တံ)။

---

## ပဋိစ္ဆန္နောကာသ

ဒုတိယေ - ၌၊ ပဋိစ္ဆန္နေဩကာသေ တိ ဌဒမေဝ — ပဋိစ္ဆန္နေ ဩကာသေ ဟူသော ဤပုဒ်သည်သာ၊ နာနံ-ထူး၏၊ [အချို့စာအုပ်များ၌ " နာနတ္တံ " ဟု ရှိသည်ကား မကောင်း၊ "နာနတ္တံ-ထူးသောအနက်ရှိ၏" ဟုရှိလျှင် တော်သေး၏။] သေသံ- ကြွင်းသော၊ သဗ္ဗံ- အလုံးစုံသော ပုဒ်အပေါင်းသည်၊ ပုရိမသဒိသမေဝ- ရှေ့သိက္ခာပုဒ်နှင့်တူသည်သာ၊ [ရှေ့သိက္ခာပုဒ်၏ ပုဒ်များနှင့်တူသည်သာ-ဟူလို။] ဣတိ-အပြီးတည်း။….ဒုတိယသိက္ခာပဒံ (သမတ္တံ)။

## အဇ္ဈောကာသ

တတိယေ-၌၊ အဇ္ဈောကာသေတိ-အဇ္ဈောကာသေဟူသောပုဒ်သည်၊ နာနံ- ထူး၏၊ သေသံ-သော၊ သဗ္ဗံ- အလုံးစုံသော ပုဒ်အပေါင်းကို၊ တာဒိသမေဝ - ထို ရှေ့သိက္ခာပုဒ်ကဲ့သို့ ရှုအပ်သည်သာ၊ [ရှေ့သိက္ခာပုဒ်၏ ပုဒ်အပေါင်းကဲ့သို့ ရှုအပ် သည်သာ-ဟူလို။] ဣတိ—အပြီးတည်း။…တတိယသိက္ခာပဒံ (သမတ္တံ)။

## ဒုတိယိက ဥပဿယဇန

စတုတ္ထေ—၌၊ ကဏ္ဍမူလံ- နားရင်းကို၊ နိကဏ္ဏိကန္တိ- ဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏၊ ကဏ္ဍမူလေ - နားရင်း၌၊ ဇပ္ပေယျ - ပြောဆိုအံ့၊ ဣတိ ဝုတ္တံ ဟောတိ၊ သတိကရဏီယေတိ- ကား၊ သလာကဘတ္တာဒီနံ - သလာကဘတ် အစရှိသည်တို့ကို၊ အာဟရဏတ္ထာယ-ဆောင်ယူခြင်းအကျိုးငှါ သော်ငြင်း၊ ဝိဟာရေ-၌၊ ဒုန္နိက္ခိတ္တံ- မကောင်းသဖြင့် ထားအပ်သော အရာဝတ္ထုကို၊ ပဋိသာမနတ္ထာယဝါ – သိမ်းဆည်းခြင်းအကျိုးငှါ သော်ငြင်း၊ ( "ဒုတိယိကံ - နှစ်ယောက်မြောက်ဖြစ်သော၊ ဘိက္ခုနိံ -ကို၊ ဥယျောဇေတိ-လွှတ်လိုက်အံ့"ဟု ပါဠိတော်၌စပ်၊) သေသံ ဥတ္တာနမေဝ-သည်သာ၊ သမုဋ္ဌာနာဒီနိ- တို့သည်၊ ပုရိမ သဒိသာနေဝ- ရှေ့ ပဌမသိက္ခာပုဒ်နှင့် တူကုန်သည်သာ၊ ဣတိ-အပြီးတည်း။....စတုတ္ထ သိက္ခာပဒံ (သမတ္တံ)။

× × × × × × ×

**နိကဏ္ဏိကံ။** ။ကဏ္ဍသဿ+သမီပံ နိကဏ္ဏံ၊ နိကဏ္ဏေဘဝံ နိကဏ္ဏိကံ၊ သွတ္ထ၌ ဏိကပစ္စည်း၊ နား၏ အနီးဟူသည် နား၏အရင်းတည်း၊ ထို့ကြောင့် "နိကဏ္ဏိကံတိ ကဏ္ဍမူလံ ဝုစ္စတိ"ဟု ဖွင့်သည်၊ နိကဏ္ဏိကံ၌ ဒုတိယာ ကိုလည်း သတ္တမီအနက်၌ သက်စေလို၍ "ကဏ္ဍမူလေ"ဟု ဖွင့်သည်။

---

## အနာပုစ္ဆာပက္ကမန

ပဥ္စမေ-၌၊ ဃရံ သောဓေန္တာတိ-ကား၊ တေသံ-ထို အိမ်ရှင်တို့၏၊ တေံ- ဤအကြံသည်၊ အဟောသိကိရ-ဖြစ်သတတ်၊ (ကိံ-နည်း၊) ထေရိယာ-ထေရ်မ၏၊ ကောစိ- တစုံတခုသော၊ ကာယိက ဝါစသိကော - ကိုယ်၌ဖြစ် နှုတ်၌ဖြစ်သော၊ ဝီတိက္ကမော-လွန်ကျူးခြင်းကို၊ န ဒိဿတိ-မတွေ့မြင်အပ်၊ ဃရမ္ပိ-အိမ်ကိုလည်း၊ တာဝ သောဓေမ- သုတ်သင်ကြကုန်ဦးအံ့၊ ဣတိ- သို့၊ (တေံ- သည်၊ အဟောသိကိရ-သတတ်၊) တထာ-ထိုသို့ အကြံဖြစ်ခြင်းကြောင့်၊ ဃရံ- အိမ်ကို၊ သောဓေန္တာ-သုတ်သင်ကုန်လသော်၊ နံ-ထိုအခင်းကို၊ အဒ္ဒသံသု-မြင်ကြကုန်ပြီ၊ အနောဝဿကံ အတိက္ကာမေန္တိယာတိ- ကား၊ ပဌမံပါဒံ- ပဌမခြေလှမ်းကို၊ အတိက္ကာမေန္တိယာ-လွန်စေသောရဟန်းမ၏၊ ဒုက္ကဋံ(ဟောတိ)၊ ဒုတိယံ-ကို၊ အတိက္ကာမေန္တိယာ - ၏၊ ပါစိတ္တိယံ၊ ဥပစာရာတိက္ကမေ - ဥပစာကို လွန်ခြင်း၌၊ ဧသေဝ

× × × × × × ×

**အနောဝဿကံ။** ။နဂိုရ်က အမိုးရှိသောအရပ်၏အတွင်း၌ ထိုင်သူကိုရည်ရွယ်၍ "အနောဝဿကံ အတိက္ကာမေန္တိယာ" ဟု ဆိုသည်၊ ဥပစာရာတိက္ကမေ၌ "ဥပစာရ" အရ တဆဲ့နှစ်တောင်ကို ဥပစာဟု ဆိုကြ၏၊ [ဩဝဿတေတိ ဩဝဿော၊ ဩဝဿောယေဝ ဩဝဿကော၊ န+ဩဝဿကော အနောဝဿကော (ဒေသော)။]

နယော- ပင်တည်း၊ ဂိလာနာယာတိ-ကား၊ ယာ-အကြင်ရဟန်းမသည်၊ တာဒိသေန - ထိုကဲ့သို့ရှုအပ်သော၊ [ အိမ်ရှင်အား ပန်ပြောခြင်းငှါ မစွမ်းနိုင်လောက်သော၊ ] ဂေလညေန - မကျန်းမာခြင်းကြောင့်၊ အာပုစ္ဆိတုံ - ပန်ပြောခြင်းငှါ၊ နသက္ကာတိ-မစွမ်းနိုင်၊ (တာယ-၏၊ အနာပတ္တိ၊) အာပဒါသူတိ-ကား၊ ယရေ-၌၊ အဂ္ဂိဝါ မီးသည်သော်လည်း၊ ဥဋ္ဌိတော- ထသည်၊ ဟောတိ- အံ့၊ စောရာဝါ-ဒါးမြတို့သည်သော်လည်း၊ (ဥဋ္ဌိတာ ဟောန္တိ၊) ဝေရူပေ- ဤသို့သဘောရှိသော၊ ဥပဒ္ဒဝေ - ဘေးရန်ကြောင့်၊ အနာပုစ္ဆာ - မပန်ပြောဘဲ၊ ပက္ကမတိ - ဖဲသွားအံ့၊ အနာပတ္တိ ( ဟောတိ )၊ ဧတ္ထ - ဤသိက္ခာပုဒ်၌၊ သေသံ - သည်၊ ဥတ္တာနမေဝ-သည်သာ၊ပေ၊တိဝေဒနန္တိ။···· ပဥ္စမသိက္ခာပဒံ (သမတ္တံ)။

---

## အနာပုစ္ဆာ အဘိနိသီဒန

ဆဋ္ဌေ-၌၊ အဘိနိသီဒေယျာတိ - ကား၊ နိသီဒေယျ - ထိုင်အံ့၊ [ပါဠိတော်၌ ''အာသနေ '' ဟု အာဓာရဖြင့် ရှိသောကြောင့် အဘိအတွက် အနက်မရှိ ဟု သိစေလို၍ '' နိသီဒေယျ '' ဟု ဖွင့်သည်။] နိသီဒိတွာ - ထိုင်ပြီး၍၊ ဂစ္ဆန္တဿ ယာ- ပြန်သွားသော ရဟန်းမ၏၊ ဧကာ-တချက်သော၊ အာပတ္တိ (ဟောတိ)၊ အနိသီဒိတွာ - မထိုင်မူ၍၊ နိပဇ္ဇိတွာ - လျောင်း၍၊ ဂစ္ဆန္တိယာ - ၏၊ ဧကာ ( အာပတ္တိ ဟောတိ၊) နိသီဒိတွာ-၍၎င်း၊ နိပဇ္ဇိတွာ-၍၎င်း၊ ဂစ္ဆန္တိယာ-၏၊ ဒွေ (အာပတ္တိယော ဟောန္တိ၊) မုဝပညတ္တေတိ- ကား၊ ဘိက္ခုနီနံ- တို့၏၊ အတ္တာယ-ငှါ၊ နိစ္စပညတ္တေ-အမြဲ ခင်းထားအပ်သော၊ (''အာသနေ''ဟု ပါဠိတော်၌စပ်၊)သေသံ၊ ပေ၊ တိဝေဒနန္တိ၊ ဆဋ္ဌ သိက္ခာပဒံ ( သမတ္တံ )။

သတ္တမေပိ – ၌လည်း၊ သဗ္ဗံ -အလုံးစုံသော အစီအရင်ကို၊ ဆဋ္ဌေ- ၌၊ ဝုတ္တနယေနေဝ - ဖြင့်သာ၊ ဝေဒိတဗ္ဗံ – သိအပ်၏၊ သတ္တမ သိက္ခာပဒံ ( သမတ္တံ )။···· အဋ္ဌမေ-၌၊ သဗ္ဗံ-သည်၊ ဥတ္တာနမေဝ- သည်သာ၊ တိ သမုဋ္ဌာနံ၊ပေ၊ ဒုက္ခဝေဒနန္တိ။····အဋ္ဌမသိက္ခာပဒံ (သမတ္တံ)။

---

## ပရံအဘိသပန

နဝမေ-၌၊ အဘိသပေယျာတိ-ကား၊ သပထံ-ကြိမ်ဆဲခြင်းကို၊ ဝါ-ကျိန်စာကို၊ ကရေယျ- ပြုအံ့၊ ( အဟံ- သည်၊) နိရယေ–ငရဲ၌၊ နိဗ္ဗတ္တာမိ - ဖြစ်ရစေရဲ့၊ (အဟံ)အဝီစိမှိ-အဝီစိ၌၊ နိဗ္ဗတ္တာမိ-ဖြစ်ရစေရဲ့၊(သော–ဤငါ့ကို ပြောသော ရဟန်းမသည်၊) နိရယေ-၌၊ နိဗ္ဗတ္တတု - ဖြစ်ပါစေသတည်း၊ (သော – သည်၊) အဝီစိမှိ-၌၊ နိဗ္ဗတ္တတု- ဖြစ်ပါစေသတည်း၊ ဣတိ ဝေမာဒိနာ-ဤသို့ အစရှိသော၊ နယေန – ဖြင့်၊ ( ယာ – အကြင် ရဟန်းမသည်၊ ) အက္ကောသတိ - ကျိန်ဆဲ၏၊

( သာ - သည်၊ ) နိရယေန အဘိသပတိနာမ– နိရယေန အဘိသပတိ မည်၏၊ (အဟံ-သည်၊) ဂိဟိနီ-လူဝတ်ကြောင်မသည်၊ ဟောမိ-ဖြစ်ရစေရဲ့၊ (အဟံ) ဩဒါတဝတ္ထာ- ဖြူသော အဝတ်ရှိသော မိန်းမသည်၊ [လူဝတ်ကြောင်မသည်၊] ဟောမိ–ဖြစ်ရစေရဲ့၊(အဟံ)ပရိဗ္ဗာဇိကာ-ပရိဗိုဇ်မသည်၊ ဟောမိ-ရဲ့၊ ဣတရာ ဝါ– ငါမှတပါးသော ရဟန်းမသည်လည်း၊ ဒေ်သာ- ဤကဲ့သို့ ရှုအပ်သူသည်၊ [ အချို့စာအုပ်များ၌ " ဒေိသာဝါ " ဟု ဝါသဒ္ဒါပါသည်ကား မကောင်း။ ] ဟောတု- ဖြစ်ပါစေသတည်း၊ ဣတိ ဧဝမာဒိနာ–သော၊ နယေန–ဖြင့်၊(ယာ- အကြင်ရဟန်းမသည်၊) အက္ကောသတိ–၏၊(သာ-သည်၊)ဗြဟ္မစရိယေန အဘိ သပတိနာမ- ဗြဟ္မစရိယေန အဘိသပတိ မည်၏၊ (တဿာ - ထို ရဟန်းမ၏၊ ) ဝါစာယဝါစာယ-စကားခွန်းတိုင်း စကားခွန်းတိုင်း၌၊ ပါစိတ္တိယံ (ဟောတိ)၊ ပန-ဆက်၊ နိရယဉ္စ- ငရဲကိုငင်း၊ ဗြဟ္မစရိယဉ္စ- မြတ်သောအကျင့်ကိုငင်း၊ ထပေ တွာ - ထား၍၊ သုနခီ- ခွေးမ၊ သူကရီ- ဝက်မ၊ ကာဏာ- အကာဏ်းမ၊ ကုဏီ- အကောက်မ၊ ဣတိ ဧဝမာဒိနာ- သော၊ နယေန-ဖြင့်၊ အက္ကောသန္တိယာ–၏၊ ဝါစာယဝါစာယ-၌၊ ဒုက္ကဋံ(ဟောတိ)။

အတ္ထပုရေက္ခာရာယာတိ-ကား၊ အဋ္ဌကထံ-အဋ္ဌကထာကို၊ ကထေန္တိယာ- ပြောသော ရဟန်းမ၏၊(အနာပတ္တိ၊) ဓမ္မပုရေက္ခာရာယာတိ- ကား၊ ပါဠိံ-ပါဠိ တော်ကို၊ ဝါစေန္တိယာ - ဆိုစေသော ရဟန်းမ၏၊ ဝါ–ပို့ချသော ရဟန်းမ၏၊ (အနာပတ္တိ)၊ အနုသာသနိ ပုရေက္ခာရာယာတိ - ကား၊ ဣဒါနိပိ- ယခုအခါ၌ လည်း၊[ဤဘဝ၌လည်း၊] တွံ-သည်၊ ဒေိသာ- ဤကဲ့သို့ ရှုအပ်သူတည်း၊ သာဓု- တောင်းပန်ပါ၏၊ ဝိရမဿု – ရှောင်ကြဉ်ပါလော၊ နောစေဝိရမသိ- အကယ်၍ မရှောင်ကြဉ်အံ့၊(ဧဝံသတိ)၊ အဒ္ဓါ-မချွတ်ကေန်၊ ပုန- တဖန်၊ ဧဝရူပါနိ-ကုန် သော၊ ကမ္မာနိ- ကံတို့ကို၊ ကတွာ - ၍၊ နိရယေ-၌၊ ဥပ္ပဇ္ဇိဿသိ- ဖြစ်ရလတံ့၊ တိရစ္ဆာန ယောနိယာ- တိရိစ္ဆာန်မျိုး၌၊ ဥပ္ပဇ္ဇိဿသိ-လတံ့၊ ဣတိ ဧဝံ-သို့၊ အနု သာသနိယံ- အနုသာသနီ၌၊ ဝါ- သွန်သင်ခြင်း၌၊ ဌတွာ - တည်၍၊ ဝဒန္တိယာ– ပြောသော ရဟန်းမ၏၊ အနာပတ္တိ (ဟောတိ)၊ သေသံ ၊ ပေ၊ ဒုက္ခဝေဒနန္တိ။.... နဝမသိက္ခာပဒံ (သမတ္တံ)။

ဒသမေ-၌၊ သဗ္ဗံ - အလုံးစုံသော ပုဒ်အပေါင်းသည်၊ ဥတ္တာနမေဝ-သည်သာ ၊ပေ၊ ဒုက္ခဝေဒနန္တိ။ ။ ဒသမသိက္ခာပဒံ (သမတ္တံ)။

ဒုတိယော, အန္ဓကာရဝဂ္ဂေါ- တည်း။

**အန္ဓကာရဝဂ်အဖွင့် ပြီး၏။**

## နဂ္ဂဝဂ်

### နဂ္ဂသိက္ခာပုဒ်

နဂ္ဂဝဂ္ဂဿ-၏၊ ပဌမသိက္ခာပဒေ-၌၊ မြဟ္မစရိယံ စိဏ္ဏေနာတိ-ကား၊ စိဏ္ဏေန—ကျင့်အပ်သော၊ မြဟ္မစရိယေန-မြတ်သောအကျင့်ဖြင့်၊(''ကိံ နုခေါ နာမ—အဘယ်အကျိုးရှိသည့်မည်သနည်း"ဟု ပါဠိတော်၌စပ်၊) အထဝါ - ထို့ပြင်တနည်းကား၊ မြဟ္မစရိယဿ-ကို၊ စရဏေန-ကျင့်ခြင်းဖြင့်၊ ( ကိံ နုခေါ နာမ-နည်း၊) ဣတိဝေံ- သို့၊ ကရဏတ္တေဝါ-ကရိုဏ်းအနက်၌သော်၎င်း၊ (ပဌမနည်း) သာမိအတ္တေဝါ - သာမိအနက်၌သော်၎င်း၊ ( ဒုတိယနည်း) ဥပယောဂဝစနံ-ဒုတိယာဝိဘတ်ကို၊ ဝေဒိတဗ္ဗံ - ၏၊ အဋ္ဌိနဒ္ဓစိဝရိကာယာတိ ဣဒံ-ဟူသော ဤစကားကို၊ ဥဒကသာဋိကံ- ရေသနုပ်ကို၊ သန္ဓာယ - ရည်ရွယ်တော်မူ၍၊( ဘဂဝတာ)ဝုတ္တံ၊ အညံ - ရေသနုပ်မှအခြားသော၊ စိဝရံ-ကို၊(သန္ဓာယ-၍၊ န ဝုတ္တံ-မိန့်တော်မူအပ်သည် မဟုတ်၊) တသ္မာ- ကြောင့်၊ ဥဒကသာဋိကာယ-ရေသနုပ်သည်၊ ဝါ-ကို၊ အဋ္ဌိနဒ္ဓာယဝါ—လုယူအပ်သော်၎င်း၊ နဋ္ဌာယဝါ—ပျောက်သော်၎င်း၊ နဂ္ဂါယ-အဝတ်မဆည်း အချည်းနှီးဖြစ်လျက်၊ နှာယန္တိယာ - ရေချိုးသော ရဟန်းမ၏၊ အနာပတ္တိ(ဟောတိ)၊ ဥဒကသာဋိကစိဝရံ-ရေသနုပ်သင်္ကန်းသည်၊ မဟန္တံ- များသောအဖိုးရှိသည်၊(အဖိုးများစွာထိုက်တန်သည်၊)သစေဟောတိ-အကယ်၍ဖြစ်အံ့၊ [သစေပိ ဟု ပိသဒ္ဒါပါသည်ကား မကောင်း။] (မဟန္တတ္တာ—ကြောင့်၊)နိဝါသေတွာ-ဝတ်၍၊ ဗဟိ-ပြင်ဘက်သို့၊ ဂန္တုံ-သွားခြင်းငှါ၊ နသက္ကာ-မတတ်ကောင်းသည်၊ (သစေ ဟောတိ-အံ့၊) ဧဝမ္ပိ- ဤသို့ ဖြစ်ပြန်သော်လည်း၊ နဂ္ဂါယ- အဝတ်မဆည်း အချည်းနှီးသည်၊ (ဟုတွာ)၊ နှာယိတုံ-ငှါ၊ ဝဋ္ဋတိ-၏၊ ဧတ္ထ - ဤသိက္ခာပုဒ်၌၊ သေသံ ဥတ္တာနမေဝ ၊ ပေ ၊ တိဝေဒနန္တိ၊ ပဌမသိက္ခာပဒံ (သမတ္တံ)။....ဒုတိယေ-၌၊ သဗ္ဗံ-သည်၊ ဥတ္တာနမေဝ၊ပေ၊တိဝေဒနန္တိ။....ဒုတိယ သိက္ခာပဒံ(သမတ္တံ)။

## စိဝရဝိသိဗ္ဗန

တတိယေ - ၌၊ အနန္တရာယိကိနီတိ - ကား၊ ဒသသု - ဆယ်ပါး ကုန်သော၊ အန္တရာယေသု-ရာဇ, စောရစသော အန္တရာယ်တို့တွင်၊ ဧကေနပိ - တပါးလည်း ဖြစ်သော၊ အန္တရာယေန— အန္တရာယ်အားဖြင့်၊ (ဝိဧသသန)၊ အနန္တရာယာ—အန္တရာယ် မရှိသည်၊ (ဟုတွာ-၍၊ နေဝ သိဗ္ဗေယျ-၌စပ်၊)ဓုရံ နိက္ခိတ္တမတ္တေတိ-ကား၊ ဓုရံ-ချုပ်ပေးဘို့ရန်တာဝန်ကို၊ နိက္ခိပိတွာ-ချ၍၊ ပစ္ဆာ- နောင်မှ၊ သစေပိ သိဗ္ဗတိ - အကယ်၍မူလည်း ချုပ်စေဦးတော့၊ ( ဝေံသတိပိ-လည်း၊ )အာပတ္တိ ယေဝ-ပင်တည်း၊ဣတိအတ္တော-နက်၊သေသံ ဥတ္တာနမေဝ၊ပေ၊ဒုက္ခဝေဒနန္တိ။.... တတိယသိက္ခာပဒံ (သမတ္တံ)။

## သဃာဒိသေသ သိက္ခာပုဒ်

စတုတ္ထေ-၌၊ ပဥ္စ-ငါးခုကုန်သော၊ အဟာနိ-ရက်တို့တည်း၊ ပဥ္စာဟံ-ငါးရက်၊ ပဥ္စာဟမေဝ - ငါးရက်သည်ပင်၊ ပဥ္စာဟိကံ - ပဥ္စာဟိက မည်၏၊ [ဇုကပစ္စည်း သွတ္တ ] သင်္ဃာဋီနံ - ချုပ်စပ်အပ်သော သင်္ကန်းတို့၏၊ စာရော - လှည့်လည်ခြင်း တည်း၊ သင်္ဃာဋိစာရော - ချုပ်စပ်အပ်သော သင်္ကန်းတို့၏ လှည့်လည်ခြင်း၊ ပရိဘောဂဝသေနဝါ - သုံးစွဲခြင်း၏ အစွမ်းဖြင့်သော်၎င်း၊ ဩတာပန ဝသေနဝါ - နေလှမ်းခြင်း၏အစွမ်းဖြင့်သော်၎င်း၊ (ပရိဝတ္တနံ-၌စပ်၊)သင်္ဃာဋိတဗ္ဗေန-ချုပ်စပ် အပ်သည်၏အဖြစ် ဟူသောအနက်ကြောင့်၊ [ဤပါဠိဖြင့် သင်္ဃာဋိသဒ္ဒါ၏ ပဝတ္တိ နိမိတ်ကို ပြသည်၊ "သံဃဋီယတေတိ သံဃာဋိ" ဟု ပြုပါ - ဟူလို၊] သင်္ဃာဋိတိ- သင်္ဃာဋိဟူ၍၊ လဒ္ဓနာမာနံ - ရအပ်သောအမည် ရှိကုန်သော၊ ပဥ္စန္နံ- ငါးထည် ကုန်သော၊ စီဝရာနံ-တို့၏၊ ပရိဝတ္တနံ-လဲလှယ်ခြင်းကို၊ ("အတိက္ကာမေယျ"၌ စပ်၊) ဇာတိအတ္ထော-နက်၊ တဒ္ဓါဝယေဝ-ထိုကြောင့်ပင်၊ ပဒဘာဇနေ-၌၊ ပဥ္စမံ ဒိဝသံ ပဥ္စစီဝရာနိတိ အာဒိ - အစရှိသော စကားရပ်ကို၊ ( ဘဝေါ၊ ) အာဟ- မိန့်တော်မူပြီ၊ စ - ဆက်၊ အာပတ္တိ ပါစိတ္တိယဿာတိ တွေ - ဟူသော ဤပါဠိ၌၊ ကေသွံ-တထည်သော၊ စီဝရေ-၌၊ ကော-တချက်သော၊ အာပတ္တိ (ဟောတိ)၊ ပဥ္စသု-ငါးထည်ကုန်သော၊ (စီဝရေသု-တို့၌၊)ပဥ္စ-ကုန်သော၊ (အာပတ္တိယော ဟောန္တိ၊)အာပဒါသူတိ-ကား၊ မဟန္တံ- များသောအဖိုးရှိသော၊(အဖိုးများစွာ ထိုက်တန်သော၊) စီဝရံ-ကို၊ ("ပဥ္စာဟိကံ အတိက္ကာမေန္တိယာ" ၌စပ်၊)စောရ ဘယာဒိသု-ခိုးသူဘေးအစရှိသည်တို့ကြောင့်၊ ပရိဘုဥ္ဇိတုံ-သုံးစွဲခြင်းငှါ၊ နသက္ကာ- မတတ်ကောင်းသည်၊ ဟောတိ-အံ့၊ ဧဝရူပေ-သော၊ ဥပဒ္ဒဝေ-ဘေးရန်ကြောင့်၊ (ပဥ္စာဟိကံ - ငါးရက်ကို၊ ဝါ- ငါးရက်တကြိမ်၊ သင်္ဃာဋိစာရံ - သင်္ကန်းတို့၏ လှည့်လည်ခြင်းကို၊ အတိက္ကာမေန္တိယာ - ၏၊) အနာပတ္တိ (ဟောတိ)၊ သေသံ ဥတ္တာနမေဝ၊ပေ၊တိဝေဒနန္တိ။....စတုတ္ထသိက္ခာပဒံ (သမတ္တံ)။

## စီဝရသင်္ကမနီယ

ပဥ္စမေ- ၌၊ စီဝရ သင်္ကမနီယန္တိ- ကား၊ သင်္ကမေတဗ္ဗ စီဝရံ- ပြောင်းရွှေ့ စေထိုက်သော သင်္ကန်းကို၊ အညိဿာ - အခြား ရဟန်းမ၏၊ သန္တကံ - ဥစ္စာကို၊ အနာပုစ္ဆာ-မပန်ပြောဘဲ၊ ဂဟိတံ-ယူအပ်သည်၊ (ဟုတွာ-၍၊) ပုန-တဖန်၊ ပဋိ ဒါတဗ္ဗစီဝရံ-ပြန်ပေးထိုက်သော သင်္ကန်းကို၊ (ဓာရေယျ-၌စပ်၊) ဇာတိအတ္ထော-

× × × × × × ×

**စီဝရ၊ပေ၊နီယံ။** ။"သင်္ကာမေတဗ္ဗ စီဝရံ"ဟု ဖွင့်သဖြင့် "သင်္ကာမိယတေ-(မိမိ အထံ၌ အတည်မနေစေဘဲ) ပြောင်းရွှေ့စေထိုက် ပြန်ပေးထိုက်၏၊ ဇာတိ သင်္ကာမနီယံ" ဟူသော ဝစနတ္ထကိုရင်း, သင်္ကာမနီယဟူသော ဝိသေသန နေခံကျသော ကမ္မသာဓနရည်း ကိုရင်း ပြသည်၊ "သင်္ကာမနီယံစ+ တံ+စီဝရံစာတိ စီဝရသင်္ကာမနီယံ"ဟု ပြု။

ဤကား အဓိပ္ပါယ်နက်၊ အာပဒါသုတိ - ကား၊ အပါရုတံ၁ါ - မရုံအပ်သော ကေသီကိုသော်၎င်း၊ ဝါ - မရန်းအပ်သော ကေသီကိုသော်၎င်း၊ အနိဝတ္ထံ၁ါ - မဝတ်အပ်သော သင်းပိုင်ကို သော်၎င်း၊ စောရာ — တို့သည်၊ သစေ ဟရန္တိ - အကယ်၍ဆောင်ယူတတ်ကြကုန်အံ့၊ ဝေရူပါသု-ကုန်သော၊ အာပဒါသု-ဘေးရန်တို့ကြောင့်၊ ခါရေန္တိယာ-ဆောင်ယူသောရဟန်းမ၏၊ (ယူတတ်သွားသောရဟန်းမ၏၊) အနာပတ္တိ ( ဟောတိ )၊ သေသံ ဥတ္တာနမေဝ ၊ပေ၊ တိဝေဒနန္တိ။.... ပဥ္စမသိက္ခာပဒံ (သမတ္တံ)။

---

## ဂဏာစိဝရသိက္ခာပုဒ်

ဆဋ္ဌေ-၌၊ အညံပရိက္ခာရန္တိ-ကား၊ ယံကိဉ္စိ-အမှတ်မထား တပါးပါးသော၊ ထာလကာဒီနံဝါ – ခွက် အစရှိသည်တို့တွင် သော်၎င်း၊ သပ္ပိတေလာဒီနံဝါ – ထောပတ်, ဆီအစရှိသည်တို့တွင်သော်၎င်း၊ အညတရံ-တပါးပါးကို၊ (" အန္တရာယံ ကရောတိ"၌ စပ်၊) အာနိသံသန္တိ-ကား၊ ကိတ္တကံ—အဘယ်မျှ အတိုင်းအရှည်ရှိသော အဖိုးကို၊ အဃ္ဃနကံ-ထိုက်တန်သော လျှော်ဘွယ်ကို၊ ဒါတုကာမာ-ပေးလိုကုန်သည်၊ အတ္ထ- ဖြစ်ကုန်သနည်း၊ ဣတိ- သို့၊ ပုစ္ဆတိ—မေးအံ့၊ တ္တေကံ နာမ— ဤမျှ အတိုင်းအရှည်ရှိသည် မည်သော အဖိုးကို၊ ( အဃ္ဃနကံ-ကို၊ ဒါတုကာမာ-ကုန်သည်၊ အမှ-ဖြစ်ပါကုန်၏၊) ဣတိ-သို့၊ ဝဒန္တိ-ပြောကုန်အံ့၊ တာဝ အာဂမေထ-ဆိုင်းငံ့ကြကုန်ဦးလော၊ ဣဒါနိ-ယခု အခါ၌၊ ဝတ္ထ-အဝတ်သည်၊ ဝါ- အဝတ်က၊ မဟဂ္ဃံ- များသော အဖိုးရှိ၏၊ (အဖိုးများစွာ ထိုက်တန်၏၊) ကတိပါဟေန - အနည်းငယ်သော ရက်ဖြင့်၊ ကပ္ပါသေ - ဝါသည်၊ အာဂတေ- ရောက်လာလသော်၊ သမဂ္ဃံ—နည်းသော အဖိုးရှိသည်၊ (အဖိုး ချိုသည်၊) ဘဝိဿတိ-လတ့ံ၊ ဣတိ ဧဝံ-သို့၊ ဝတွာ- ပြော၍၊ နိဝါရေန္တိယာ- တားမြစ်သော ရဟန်းမ၏၊ အနာပတ္တိ(ဟောတိ)၊ သေသံ ဥတ္တာနမေဝ၊ပေ၊တိဝေဒနန္တိ၊ .... ဆဋ္ဌသိက္ခာပဒံ (သမတ္တံ)။

## ပဋိဗာဟနသိက္ခာပုဒ်

သတ္တမေ-၌၊ ပက္ကမိံသုတိ- ကား၊ အညာသမ္ပိ-အခြား ရဟန်းမတို့၏လည်း၊ အာဂမနံ- ပြန်လာခြင်းကို၊ အာဂမေန္တိ- ဆိုင်းငံ့လသော်၊ အဒ္ဓါ- မချွတ်ကေန်၊ အမှာကမ္ပိ-ငါတို့၏လည်း၊(အာဂမနံ-ကို၊)အာဂမေဿတိ-ဆိုင်းငံ့လတ့ံ၊[သူ၏ တပည့်မဘိက္ခုနီတွေပြန်လာခြင်းကို ဆိုင်းငံ့လို့ရှိရင် ငါတို့ပြန်လာခြင်းကိုလည်း ဆိုင်းငံ့လိမ့်မည်။] ဣတိ - ဤသို့ ကြံ၍၊ တတ္ထတတ္ထ- ထိုထို အရပ်သို့၊ အဂမံသု— သွားကြကုန်ပြီ၊ ပဋိဗာဟေယျာတိ-ကား၊ ပဋိသေဓေယျ-တားမြစ်အံ့၊ အာနိသံသန္တိ- ကား၊ ကေဿာ-တပါးသော ရဟန်းမ၏၊ ( ရဟန်းမတပါးအတွက်၊ )

ကေသဋ္ဌာကံ - တထည်သော အဝတ်သည်၊ နပ္ပဟောတိ - မလောက်၊ တာဝ အာဂမေထ- ဆိုင်းငံ့ကြကုန်ဦးလော၊ ကတိပါဟေန - အနည်းငယ်သော ရက်ဖြင့်၊(စီဝရံ-သည်၊)ဥပ္ပဇ္ဇိဿတိ-ဖြစ်လတ္တံ့၊ တတော-ထိုသို့ ဖြစ်လာခြင်းကြောင့်၊ ဝါ – ထိုသို့ ဖြစ်လာရာအခါမှ၊ ဘာဇေဿာမိ - ဝေဘန်အံ့၊ ဣတိ ဧဝံ – သို့၊ အာနိသံသံ - အကျိုးကို၊ ဒဿေတွာ - ပြ၍၊ ပဋိဗာဟန္တိယာ - တားမြစ်သော ရဟန်းမ၏၊ အနာပတ္တိ (ဟောတိ)၊ သေသံ ဥတ္တာနမေဝ၊ပေ၊ တိဝေဒနန္တိ။.... သတ္တမသိက္ခာပဒံ(သမတ္တံ)။

## စီဝရဒါနသိက္ခာပုဒ်

အဋ္ဌမေ-၌၊ ယေ - အကြင် ဇာတ်ဆရာတို့သည်၊ နာဋကံ - ကချေသည်ကို၊ နာဋေန္တိ-ကနည်းပြကုန်၏၊ (တေ - တို့သည်၊) နဋာနာမ - နဋတို့မည်၏၊ ယေ- အကြင် ကချေသည်တို့သည်၊ နစ္စန္တိ-ကိုယ်တိုင်ကကြရကုန်၏၊ (တေ-တို့သည်၊) နာဋကာနာမ-နာဋကတို့ မည်၏၊ ယေ - အကြင်သူတို့သည်၊ ဝံသဝရတ္တာဒီသု- ဝါးလုံး, သားရေလွန်းကြိုး အစရှိသည်တို့၌၊ လင်္ဃနကမ္မံ- ခုံလွှားခြင်း အမှုကို၊ ကရောန္တိ-ပြုကြကုန်၏၊ (တေ - တို့သည်၊) လင်္ဃကာနာမ - လင်္ဃကတို့မည်၏၊ (ဘားကစားသူတို့မည်၏၊)မာယာကာရာ- မျက်လှည့်သမားတို့သည်၊ သောကဇ္ဈာယိကာနာမ – သောကဇ္ဈာယိကတို့ မည်၏၊ ယင္ဃကေန – အိုးငယ်ဖြင့်၊

× × × × × × ×

**နာဋနာဋက**။ ။ပါဠိအဘိဓာန်(၁၀၁)၌ "နဋ္ဋကော နာဋကော နဋော" ဟု ကချေသည်အနက်ကို ဟောရာ၌ ပရိယာယ်ပြထား၏၊ ထောမနိဓိ၌ကား "နဋသဒ္ဒါ၏ နာဋကစသူတို့အတွက် ကာဗျ,ကနည်းကို ပြုလုပ်တတ်သူအနက်ကိုရင်း, နာဋကသဒ္ဒါ၏ ကချေသည် အနက်ကိုရင်း ပြ၏၊ ထို ထောမနိဓိ ဖွင့်ပုံသည်သာ ဤ အဋ္ဌကထာဖွင့်နှင့် ညီ၏၊ [ နာဋေန္တိ–ကနည်းကို ပြတတ်ကုန်၏၊ ဣတိ, နဋာ၊ စုရာဒိဖြစ်၍ "နာဋေန္တိ" ဟု ရှိသည်။]

**မာယာကာရာ**။ ။မာဓာတ်, ယတ်ပစ္စည်းဖြင့် ပြီးသော မာယာသဒ္ဒါသည် ဣန္ဒဇာလ (မျက်လှည့်) အနက်ကိုဟော၏၊ မာယာကာရာ=မျက်လှည့်သမားတို့။ ["ယောဇနာ၌ကား"မယမည်သော အသုရာသည် အခြားအသုရာတို့ကို တုန်လှုပ်သွားအောင် ပြုလုပ်ဖန်ဆင်းအပ်သောကြောင့် "မယဿ+ဧသာ မာယာ– မယအသုရာ၏ ဥစ္စာ" ဟု ပြ၏၊ မျက်လှည့်ပင်တည်း။]

**သောကဇ္ဈာယိကာ**။ ။ "သောကံ — ဝမ်းနည်းမှုကို+ဈာပေန္တိ– လောင်စေတတ်ကုန်၏၊ ဣတိ သောကဇ္ဈာယိကာ"ဟုပြု၊ မျက်လှည့်ကို ကြည့်နေရခိုက်၌ စိတ်၏ ဝမ်းနည်းမှုများ ရှိလျှင် ပျောက်သွားတတ်သောကြောင့် မျက်လှည့်သမားများကိုပင် သောကဇ္ဈာယိက ခေါ်သည် ဟု ကြံပါ၊ [ "ယောဇနာ၌ကား" သောကေန ဈာယန္တိ ဥယှန္တိ သောကဇ္ဈာယော"စသည်ဖြင့် ပြလေ၏။]

ကိဋ္ဌနကာ—တီး၍ ကစားတတ်သူတို့သည်၊ ကုမ္ဘထုနိကာနာမ— ကုမ္ဘထုနိက တို့မည်၏၊ ဗိမ္ဗိသကဝါဒကာတိပိ — လေးထောင့် စည်ကို တီးတတ်သူတို့ ဟူ၍လည်း၊ ဝဒန္တိ - ကုန်၏၊ ဒေတိ အာပတ္တိ ပါစိတ္တိယဿာတိ ဣတ္ထ- ဟူသော ဤပါဌ်၌၊ စီဝရဂဏနာယ-သက်နိုး အရေအတွက်အားဖြင့်၊ အာပတ္တိယော-တို့ကို၊ ဝေဒိတဗ္ဗာ- ကုန်၏၊ သေသံ ဥတ္တာနမေဝ၊ပေ၊တိဒေဝဒနန္တိ။.... အဋ္ဌမသိက္ခာပဒံ (သမတ္တံ)။

× × × × × × ×

**ကုမ္ဘထုနိကာ**။ ။အိုး၏အသံ(အိုးစည်သံ) ကို ''ကုမ္ဘထုန'' ဟု ခေါ်၏၊ ကုမ္ဘထုနေန—အိုးစည်သံဖြင့်+စရန္တိ—လှည့်လည်တတ် ကစားတတ်ကုန်၏၊ ဣတိ ကုမ္ဘထုနိကာ၊ ကုမ္ဘထုနံ- အိုးစည်တီးခြင်း ဟူသော+သိပ္ပံ-အတတ်သည်၊ ယေသံတိ ကုမ္ဘထုနိကာ၊—ဋီကာ။

**ဗိမ္ဗိသကဝါဒကာ**။ ။ သစ်သားနှစ် သို့မဟုတ် ဆင်စွယ် စသည့်တို့တွင် တခုခုကို ၄ ထောင့်စည်လုပ်၍ သားရေကျက်ထားသော စည်ကို ''ဗိမ္ဗိသက'' ဟုငြင်း ''စတုရဿအမ္ဗဏ''ဟုငြင်း ခေါ်၏၊ ဗိဝသကံ+ဝါဒေန္တီတိ ဗိမ္ဗိသကဝါဒကာ။

## ကာလာတိက္ကမန သိက္ခာပုဒ်

နဝမေ- ၌၊ ဒုဗ္ဗလစီဝရ ပစ္စာသာယာတိ- ကား၊ ဒုဗ္ဗလာယ - အားမရှိသော၊ (အားနည်းသော၊) စီဝရ ပစ္စာသာယ - သင်္ကန်း၌ဖြစ်သော အလိုအာသာဖြင့်၊ (''စီဝရကာလ သမယံ အတိက္ကာမေယျ''၌စပ်၊)အာနိသံသန္တိ-ကား၊ အယျေ- အရှင်မတို့၊ မယံ-တပည့်တော်တို့သည်၊ န သက္ကောမ- မစွမ်းနိုင်ပါကုန်၊ ဣတိ- သို့၊ ကိဥ္စာပိ ဝဒန္တိ-အကယ်၍ကား ပြောကြကုန်၏၊ ပန- ထိုသို့ပင် ပြောကြကုန်သော်လည်း၊ ဣဒါနိ - ယခုအခါ၌၊ တေသံ - ထို လှူမည့်ဒါယကာတို့၏၊ ကပ္ပါသော-ဝါသည်၊ အာဂမိဿတိ-ရောက်လာလတ္တံ့၊ သဒ္ဓေါ-သဒ္ဓါရှိသော၊ ပသန္နော-ကြည်ညိုသော၊ ပုရိသော - ယောကျ်ားသည်၊ အာဂမိဿတိ - ရောက်လာလတ္တံ့၊ အဒ္ဓါ- မချွတ်ကေန်၊ ဒဿတိ- လှူလတ္တံ့၊ ဣတိဧဝံ- သို့၊ အာနိသံသံ-ကို၊ ဒဿေတွာ-၍၊ ပဋိဗာဟန္တိယာ-တားမြစ်သော ရဟန်းမ၏၊ အနာပတ္တိ (ဟောတိ)၊ သေသံ ဥတ္တာနမေဝ၊ပေ၊တိဝေဒနန္တိ။....နဝမသိက္ခာပဒံ (သမတ္တံ)။

## ကထိနုဒ္ဓါရ သိက္ခာပုဒ်

ကထိနုဒ္ဓါရံ န ဒဿန္တီတိ - ကား၊ ကီဒိသော - အဘယ်ကဲ့သို့ ရှုအပ်သော၊ ကထိနုဒ္ဓါရော - ကထိန်နှုတ်ခွင့်ကို၊ ဒါတဗ္ဗော — ပေးထိုက်သနည်း၊ ကီဒိသော- သော၊ (ကထိနုဒ္ဓါရော- ကို၊) န ဒါတဗ္ဗော- မပေးထိုက်သနည်း၊ ဣတိ—ဤကား အမေးတည်း၊ ယဿ - အကြင် ကထိန်နှုတ်ခြင်း၏၊ အတ္ထာရမူလကော- ကထိန်

ခင်းခြင်းလျှင်အကြောင်းရင်းရှိသော၊အာနိသံသော-အာနိသင်ပစ္စည်းသည်၊ မဟာ-များ၏၊ ဥဗ္ဘာရမူလကော-ကထိန်နှုတ်ခြင်းလျှင် အကြောင်းရင်းရှိသော၊ (အာနိသံသော-သည်၊) အပ္ပေါ- နည်း၏၊ ဝေရှပေါ- သော၊ (ကထိနုဒ္ဓါရော - ကို၊) န ဒါတဗ္ဗော - မပေးထိုက်၊ ပန - အဘို့တပါးကား၊ ယဿ- အကြင် ကထိန်နှုတ်ခြင်း၏၊ အတ္ထာရမူလကော- သော၊ အာနိသံသော- သည်၊ အပ္ပေါ- နည်း၏၊ ဥဗ္ဘာရမူလကော-သော၊ (အာနိသံသော - သည်၊) မဟာ-များ၏၊ ဝေရှပေါ-သော၊ ကထိနုဒ္ဓါရော-ကို၊ ဒါတဗ္ဗာ-ပေးထိုက်၏၊ သမာနိသံသောပိ-တူမျှသော အာနိသင်ပစ္စည်းရှိသော ကထိန်နှုတ်ခြင်းကိုလည်း၊ သဒ္ဓါပရိပါလနတ္ထံ-(ကထိန်နှုတ်ရန် လျှောက်လာသောဒါယကာ၏)သဒ္ဓါကို စောင့်ရှောက်ခြင်း အကျိုးငှါ၊ ဒါတဗ္ဗော-ပေးထိုက်သည်သာ၊ အာနိသံသန္တိ-ကား၊ ဘိက္ခုနီသံဃော-သည်၊ ဇိဏ္ဏစီဝရော-ဟောင်းနွမ်းသောသင်္ကန်းရှိ၏၊ ကထိနာနိသံသမူလကော- ကထိန်အာနိသင်လျှင် အကြောင်းရင်းရှိသော၊ လာဘော - ရထိုက်သော လာဘ်သည်၊ ( တပါး တပါး၌ ရထိုက်သောလာဘ်သည်၊ ) မဟာ - များ၏၊ ဣတိ ဝေရှပံ-သော၊ အာနိသံသံ - ကို၊ ဒဿေတွာ - ၍၊ ပဋိဗာဟန္တိ ယာ - ၏၊ အနာပတ္တိ (ဟောတိ)၊သေသံ ဥတ္တာနမေဝ၊ပေ၊တိဝေဒနန္တိ။....ဒသမသိက္ခာပဒံ(သမတ္တံ)။

တတိယော- သော၊ နဂ္ဂဝဂ္ဂေါ-တည်း။

× × × × × × ×

**ယဿ၊ပေ၊န ဒါတဗ္ဗော။** ။ပဌမ ကထိန်ခင်းစဉ်က တပါးတပါး၌ ရထိုက်သော အာနိသင် (လာဘ် )က များနေ၍ ကထိန်နှုတ်ခြင်းကြောင့် (တပါးတပါး၌ ရထိုက်သော လာဘ်က ) နည်းနေလျှင် ထိုကထိန်ကို နှုတ်ခွင့်မပေးရ။ [ ဆိုလိုရင်းကား— ကထိန်မနှုတ်ဘဲထားလျှင် ပုရိမဝါကျွတ်သော ဘိက္ခုနီတို့သာ သင်္ကန်းရသမျှကို ဝေယူရမည် ဖြစ်၍, ကထိန် နှုတ်လိုက်လျှင်ကား ဝါကျွတ်မှ ရောက်လာသူများပါ ဝေယူရမည် ဖြစ်၏၊ ထိုသို့ ဝေယူရာ၌ ပုရိမဝါကပ်သူ ဘိက္ခုနီတို့မှာ အရနည်းသွားမည် ဖြစ်လျှင် ကထိန်နှုတ်ခွင့် မပေးရ—ဟူလို၊ ]

**ယဿ ပန၊ပေ၊ဒါတဗ္ဗော။** ။နောက်မှ ရောက်လာသော ဘိက္ခုနီတို့နှင့် အညီအမျှ ဝေ၍ ယူရသော်လည်း ကထိန်နှုတ်ဘို့ တောင်းပန်သော ဒါယကာ၏ လှူဒါန်းမှုကြောင့် ပုရိမဝါကျွတ်သော ဘိက္ခုနီတို့မှာ လာဘ်အရ မနည်းလျှင် ကထိန်နှုတ်ခွင့် ပေးနိုင်သည်။

**မှတ်ချက်။** ။ကထိန်နှုတ်ခြင်း၏ ဝတ္ထုရင်းမှာ ပုရိမဝါသားမဟုတ်သော သံဃာများနှင့် ပုရိမဝါသား သံဃာများတို့ သင်္ကန်းလာဘ်ကို အညီအမျှ ရစေလိုခြင်းတည်း၊ ထိုသို့ နှုတ်သော်လည်း ပုရိမဝါသားတို့မှာ သင်္ကန်းလာဘ် အရလည်း မလျော့စေရ၊ ထိုသို့မဟုတ်ဘဲ ဒုတိယတကြိမ်ကထိန်ခင်းလိုသောကြောင့် ပဌမကထိန်ကိုနှုတ်လျှင်ကား ဘုရားအလိုတော်နှင့်ဆန့်ကျင်ကာ လာဘသက္ကာရကို မြော်ငဲ့ရာရောက်သည် ဟု မှတ်ပါ။

## နဂ္ဂဝဂ်အဖွင့် ပြီး၏။

## တုဝဋ္ဋဝဂ်

### တုဝဋ္ဋသိက္ခာပုဒ်

တုဝဋ္ဋဝဂ္ဂဿ-၏၊ ပဌမသိက္ခာပဒေ-၌၊ တုဝဋ္ဋေယျုန္တိ-ကား၊ နိပဇ္ဇေယျုံ-အိပ်ကုန်အံ့၊ [ စုရာဒိ တုဝဋ္ဋဓာတ်သည် နိပဇ္ဇနအနက်ဟော။ ] သေသံဥတ္တာနမေဝ၊ပေ၊တိဝေဒနန္တိ။.... ပဌမသိက္ခာပဒံ (သမတ္တံ)။

### ဧကတ္ထရဏပါဝုရဏာ

ဒုတိယေ— ၌၊ ဧတာသံ - ထို ရဟန်းမတို့၏၊ ဧကံ - တခုသော၊ အတ္ထရဏဉ္စဝ- အခင်းသည်၎င်း၊ ပါဝုရဏဉ္စ - အခြုံသည်၎င်း၊ ( အတ္ထိ - ရှိ၏၊ ) ဣတိ-ထို့ကြောင့်၊ (ထိုသို့ တခုသောအခင်း, အခြုံရှိကုန်သည်၏အဖြစ်ကြောင့်၊ တာ—ထိုရဟန်းမတို့သည်၊) ဧကတ္ထရဏပါဝုရဏာ—တို့မည်၏၊ ဧတံ- ဤဧကတ္ထရဏပါဝုရဏ ဟူသော အမည်သည်၊ သံဟာရိမာနံ-ပြောင်းရွှေ့ခြင်းဖြင့် ဖြစ်စေအပ်ကုန်သော၊ ဝါ-ပြောင်းရွှေ့အပ် ပြောင်းရွှေ့နိုင်ကုန်သော၊ ပါဝါရတ္ထရဏကဋ္ဋသာရကာဒီနံ-အခြုံ,အခင်း,သင်ဖြူး အစရှိသည်တို့၏၊ ဧကံ-တဖက်သော၊အန္တံ-အစွန်းကို၊ အတ္ထရိတွာ-ခင်းပြီး၍၊ ဧကံ-သော၊ (အန္တံ-ကို၊) ပါရုပိတွာ - ခြုံ၍၊ တုဝဋ္ဋေန္တီနံ-အိပ်ကုန်သော ရဟန်းမတို့၏၊ အဓိဝစနံ-အမည်တည်း၊ ဝဝတ္ထာနံ ဒဿေတွာတိ—ကား၊ မဇ္ဈေ - အခင်း၏ အလယ်၌၊ ကာသာဝံဝါ - သင်္ကန်းကိုသော်၎င်း၊ ကတ္တရယဋ္ဌိံဝါ - တောင်ဝှေးကိုသော်၎င်း၊ အန္တမသော - အောက်ထစ်ဆုံးအားဖြင့်၊ ကာယဗန္ဓနမ္ပိ- ခါးပန်းကြိုးကိုသော်လည်း၊ ထပေတွာ-ထားပြီး၍၊ နိပဇ္ဇန္တီနံ- အိပ်ကုန်သော ရဟန်းမတို့၏၊ အနာပတ္တိ (ဟောတိ)၊ ဣတိ အတ္ထော- နက်၊ သေသံ ဥတ္တာနမေဝ ၊ ပေ ၊ တိဝေဒနန္တိ။....ဒုတိယသိက္ခာပဒံ။

× × × × × × ×

**ဧကံ၊ပေ၊ အဓိဝစနံ ။** ။ " အတ္ထ ရဏဉ္စေဝ ပါဝုရဏဉ္စ "၌ စေဝစတို့ဖြင့် ဒွန္ဒသမာသ်ကို ပြ၏၊ "အတ္ထရဏဉ္စ ပါဝုရဏဉ္စ အတ္ထရဏပါဝုရဏံ"ဟု ရှေးဦးစွာ သမာဟာရဒွန် ပြုပါ၊ ဧတာသံဖြင့် ဗဟုဗ္ဗီဟိသမာသ်ကို ပြ၏၊ " ဧကံ + အတ္ထရဏပါဝုရဏံ ဧတာသန္တိ ဧကတ္ထရဏပါဝုရဏာ "ဟု ပြု၊ " သံဟရဏံ + သံဟာရော— ထိုထို ဤဤသို့ ဆောင်ယူခြင်းဖြင့် ဖြစ်စေနိုင်သော ( ဆောင်ယူ၍ ရနိုင်သော , သံဖြင့် အသေကပ်၍ ရိုက်ထားအပ်သည် မဟုတ်သော ) ပါဝါရ စသည်တည်း၊ ကွင်းသော မှတ်ဘွယ်ကို ကင်္ခါဘာသာဋီကာ၌ ကြည့်ပါ။

**ဝဝတ္ထာန မှတ်ချက်။** ။" ဝဝတ္ထာနံ ဒဿေတွာ "ဟူသော စကားသည် အခင်းပေါ်၌ အပိုင်းအခြား ထားခြင်းကိုသာ ရည်ရွယ်သော စကားတည်း၊ ခတင်ငယ်တခုပေါ်၌ကား ထိုကဲ့သို့ အပိုင်းအခြားထားသော်လည်း အာပတ်မှ မလွတ်၊ ဘာ့ကြောင့်နည်း — ရှေ့ တုဝဋ္ဋနသိက္ခာပုဒ်၏ အနာပတ္တိဝါရ၌ " ဝဝတ္ထာနံ ဒဿေတွာ " ဟု မပါသောကြောင့်တည်း။

## အဖါသုကရဏ

တတိယေ-၌၊ ဥဋ္ဌာရသမ္ဘာဝိတာတိ- ကား၊ ဥဋ္ဌာရကုလာ- မြင့်မြတ်သော အမျိုးမှ၊ (နိက္ခမိတွာ- ထွက်၍၊)ပဗ္ဗဇိတတ္တာ-ရှင်ရဟန်းပြုခဲ့သူ၏ အဖြစ်ကြောင့် ၎င်း၊ ဂုဏေဟိ - သီလအစရှိသော ဂုဏ်တို့ဖြင့်၊ ဥဋ္ဌာရတ္တာစ - မြင့်မြတ်သူ၏ အဖြစ်ကြောင့်၎င်း၊ ဥဋ္ဌာရာတိ- မြင့်မြတ်သူ ဟူ၍၊ သမ္ဘာဝိတာ- ချီးမွမ်းအပ်၏၊ (အချီးမွမ်းခံရ၏၊) ဧသာပကတာတိ– ကား၊ ဧသာယ - ဧသာသည်၊ အပကတာ - ပင်ကိုယ် သဘောမှ ကင်းအောင်ပြုအပ်သည်၊ အဘိဘူတာ – လွှမ်းမိုးအပ်သည်၊ (ဟုတွာ) ("စက်မတိပိ"စသည်၌ စပ်၊) ဣတိ(အယံ)·ဤဆိုအပ်ပြီးကား၊ အတ္ထော-အဓိပ္ပါယ်နက်တည်း၊ [ဤဧသာပကတာ ပုဒ်၏ သဒ္ဒတ္ထကို ပါရာဇိကဏ်ဘာသာဋီကာ ဒုတိယအုပ်(၄၂၅)နံပါတ်၌ပြထားပြီ၊ ယောဇနာ၌ကား-အပပုဗ္ဗကရဓာတ်သည် အဘိဘဝန အနက်ဟောဟု ကြံ၍ ဖွင့်လေ၏။] တေသံ- ဤ ရဟန်းမတို့၏၊ ဗဟုလာ - များသော၊ သညတ္တိ - သိစေခြင်းသည်၊ (အတ္ထိ–၏၊) ဣတိ– ထို့ကြောင့်၊ (ထိုသို့ များသော သိစေခြင်းရှိကုန်သည်၏ အဖြစ်ကြောင့်၊ တာ-ထိုရဟန်းမတို့သည်၊)သညတ္တိဗဟုလာ-တို့မည်၏၊ ဒိဝသံ- တနေ့ပတ်လုံး၊ မဟာဇနံ - များစွာသော လူအပေါင်းကို၊ သညာပယမာနာ - သိစေကုန်လျက်၊ (ဝိဟရန္တိ-၌စပ်၊) ဣတိ အတ္ထော။

တေသံ - တို့၏၊ ဗဟုလာ - သော၊ ဝိညတ္တိ - အထူးထူးအပြားပြား သိစေခြင်းသည်၊ (အတ္ထိ) ဣတိ - ကြောင့်၊ ( ထိုသို့ များသော အထူးထူးအပြားပြား သိစေခြင်းရှိကုန်သည်၏ အဖြစ်ကြောင့်၊ တာ - တို့သည်၊ ) ဝိညတ္တိဗဟုလာ-တို့ မည်၏၊ ဟေတူဒါဟရဏာဒီဟိ- အကြောင်းပြခြင်း, ဥဒါဟရဏ် ဆောင်ခြင်း အစ ရှိကုန်သော၊ ဝိဝိဓေဟိ- အထူးထူးအပြားပြားကုန်သော၊ နယေဟိ- နည်းတို့ဖြင့်၊ ဉာပနာ-သိစေခြင်းကို၊ ဝိညတ္တိတိ-ဟူ၍၊ ဝေဒိတဗ္ဗာ-၏၊ ယာစနာ - တောင်းခြင်းကို၊(ဝိညတ္တိတိ-ဟူ၍၊) န ဝေဒိတဗ္ဗာ-မသိထိုက်၊ [အခြားနေရာ၌ တောင်းခြင်းကို ဝိညတ္တိ ဟု ဆိုရသော်လည်း ဤ၌တောင်းခြင်း မဟုတ်၊ တရားစကားကို ပြောဆို (သိစေ)ရာဝယ် အကြောင်းပြခြင်း, ဥဒါဟရဏ် (ဥပမာ)ကို ထုတ်ဆောင်ခြင်း စသည်ဖြင့် အထူးထူးအပြားပြား သိစေခြင်းကို"ဝိညတ္တိ"ဟု ဆိုသည်၊"ဝိဝိဓေဟိ+ဉာပနံ ဝိညတ္တိ"ဟု ပြု။]

× × × × × × ×

**ဥဋ္ဌာရသမ္ဘာဝိတာ ။** ။ ဥဋ္ဌာရကုလာ ပဗ္ဗဇိတတ္တာဖြင့် အမျိုးဌာန၏ ဥဋ္ဌာရ အမည်ကို ဘဒ္ဒါကာပိလာနီအပေါ်၌ တင်စား၍ ဌာနူပစာရအားဖြင့် ဘဒ္ဒါကာပိလာနီကို ဥဋ္ဌာရ ဟု ခေါ်ကြောင်း ပြ၏၊ ဂုဏေဟိစ ဥဋ္ဌာရတ္တာဖြင့် သီလစသော ဌာနီဂုဏ် တို့၏ ဥဋ္ဌာရအမည်ကို ဘဒ္ဒါကာပိလာနီ အပေါ်၌ တင်စား၍ ဘဒ္ဒါကာပိလာနီကို ဌာနျူပစာရအားဖြင့် ဥဋ္ဌာရ ဟု ခေါ်ကြောင်းကိုပြသည်။

စက်ခနေ-စကြာသွားခြင်း၌၊ နိဝတ္တနဂဏနာယ-ပြန်နစ်ခြင်း၏အရေအတွက်အားဖြင့်၊ အာပတ္တိယော - တို့ကို၊ ဝေဒိတဗ္ဗာ- ကုန်၏၊ တိဋ္ဌတိဝါတိ အာဒိသု-တိဋ္ဌတိဝါ အစရှိသော ပါဠိရပ်တို့၌၊ ပယောဂဂဏနာယ- အားဖြင့်၊ (အာပတ္တိယော ဝေဒိတဗ္ဗာ၊) ဥဒ္ဒိသတိဝါတိအာဒိသု—ဥဒ္ဒိသတိဝါ အစရှိသော ပါဠိရပ်တို့၌၊ ပဒါဒိဂဏနာယ-ပဒအစရှိသည်တို့၏ အရေအတွက်အားဖြင့်၊ [အာဒိဖြင့် ပဒသောဓမ္မ သိက္ခာပုဒ်၌လာသော အနုပဒ, အန္ဝက္ခရ, အနုဗျဉ္ဇန တို့ကိုယူ။ ] (အာပတ္တိယော- တို့ကို၊ ဝေဒိတဗ္ဗာ— ကုန်၏၊) သေသံ ဥတ္တာနမေဝ၊ပေ၊ ဒုက္ခဝေဒနန္တိ၊ ....တတိယသိက္ခာပဒံ (သမတ္တံ)။

## သဟဇီဝိနီ သိက္ခာပုဒ်

စတုတ္ထေ-၌၊ သတိအန္တရာယေတိ-ကား၊ ဒသဝိဓေ-ဆယ်ပါးအပြားရှိသော၊ အန္တရာယေ- ရာဇ စောရ စသော အန္တရာယ်သည်၊ သတိ—ရှိလသော်၊ ( "နေဝ ဥပဋ္ဌေဿာမိ ယာ နဥပဋ္ဌာပနာယ ဥဿုကံ ကရေဿာမိ ယာ " ဟု ထည့်၍ အနာပတ္တိ ၌စပ်၊) ပရိယေသိတွာ န လဘတီတိ-ကား၊ အညံ—အခြားသော၊ ဥပဋ္ဌာယိကံ-လုပ်ကျွေးမည့်သူကို၊ န လဘတိ-မရအံ့၊("တသ္မာနေဝ ဥပဋ္ဌေဿာမိ ယာ န ဥပဋ္ဌာပနာယ ဥဿုကံ ကရေဿာမိ ယာ"ဟုထည့်၍ အနာပတ္တိ၌စပ်၊)ဂိလာနာယာတိ-ကား၊ သယံ—ကိုယ်တိုင်၊ ဂိလာနာယ-မကျန်းမာသည်ဖြစ်၍၊("နေဝဥပဋ္ဌေဿာမိ ယာ"စသည် ထည့်စပ်၊ ) အာပဒါသူတိ— ကား၊ တထာရူပေ - ထိုသို့ သဘော ရှိသော၊ ( ကိုယ်တိုင် မပြုစုနိုင်လောက်သော , ပြုစုဘို့ရန် မရှာနိုင်လောက်သော သဘောရှိသော၊) ဥပဒ္ဒဝေ-ဘေးရန်သည်၊ သတိ - သော်၊ ( နေဝဥပဋ္ဌေဿာမိ ယာ န ဥပဋ္ဌာပနာယ ဥဿုက္ကံ ကရေဿာမိ ယာ)အနာပတ္တိ-သည်၊(ဟောတိ)၊ သေသံ ဥတ္တာနမေဝ ၊ပေ၊ ဒုက္ခဝေဒနန္တိ။....စတုတ္ထသိက္ခာပဒံ (သမတ္တံ)။

## နိက္ကဍ္ဎန သိက္ခာပုဒ်

ပဉ္စမေ-၌၊ အညံ အာဏာပေတီတိ ဧတ္ထ-ဟူသော ဤပါဌ်၌၊ နိက္ကဍ္ဎ-ဆွဲထုတ်လော၊ ဣတိ-သို့၊ အာဏတ္တာ-စေခိုင်းအပ်သောရဟန်းမသည်၊ ဧကပယောဂေန - ဖြင့်၊ ဗဟူနိပိ — များစွာလည်း ဖြစ်ကုန်သော၊ ဒွါရာနိ - တံခါးတို့ကို၊ သစေ အတိက္ကာမေတိ-အကယ်၍လွန်စေအံ့၊ (ဧဝံသတိ-သော်၊)ဧကာ-သော၊ အာပတ္တိ (ဟောတိ)၊ အထ - သို့မဟုတ်၊ ဣမဉ္စိမဉ္စဒွါရံ — ဤမည် ဤမည်သော တံခါးကိုလည်း၊ အတိက္ကာမေဟိ- လွန်စေလော၊ ဣတိဧဝံ-သို့၊ အာဏတ္တာ-စေခိုင်းအပ်သော ရဟန်းမသည်၊ (သစေ) အတိက္ကာမေတိ - အံ့၊ (ဧဝံသတိ - သော်၊) ဒွါရဂဏနာယ- တံခါး အရေအတွက်အားဖြင့်၊ အာပတ္တိယော (ဟောန္တိ)၊ သေသံ ဥတ္တာနမေဝ၊ပေ၊ဒုက္ခဝေဒနန္တိ။....ပဉ္စမသိက္ခာပဒံ (သမတ္တံ)။

ဆင္ဃေ - ၌၊ သမ္ဗံ - သည်၊ ဥတ္တာနမေဝ - သည်သာ၊ပေ၊ဒုက္ကဋဝေဒနန္တိ၊ ဆင္ဃ သိက္ခာပဒံ (သမတ္တံ)။....သတ္တမ အဋ္ဌမ နဝမသိက္ခာပဒေသု—တို့၌၊ သဗ္ဗံ-သည်၊ ဥတ္တာနမေဝ၊ သဗ္ဗာနိ-အလုံးစုံသောသိက္ခာပုဒ်တို့သည်၊ ဠကလောမ သမုဋ္ဌာနာနိ – တို့တည်း ၊ ပေ ၊ တိဝေဒနာနီတိ။ .... သတ္တမ အဋ္ဌမ နဝမ သိက္ခာပဒါနိ (သမတ္တာနိ)။

## စာရိကံ နပက္ကမန သိက္ခာပုဒ်

ဒသမေ — ၌၊ အာဟုန္ဒရိကာတိ — ကား၊ သမ္ဗာဓာ— ကျဉ်းမြောင်းကုန်၏၊ [အာဟုန္ဒရိကပုဒ်သည် ကျဉ်းမြောင်းခြင်းဟူသောအနက်ကိုဟောသော ပေါရာဏ ပါဠိစကားတည်း။] မုရံ နိက္ခိတ္တမတ္တေတိ- ကား၊ မုရံ-သွားဘို့ရန်တာဝန်ကို၊ နိက္ခိပိတွာ - ချပြီး၍၊ (မသွားတော့အံ့ဟု ဆုံးဖြတ်ပြီး၍၊) ပစ္ဆာ - နောက်မှ၊ သစေပိ ပက္ကမတိ- အကယ်၍မူလည်း ဖဲသွားအံ့၊ (ဝေံသတိပိ- သော်လည်း၊) အာပတ္တိ ယေဝ- ပင်တည်း၊ ဌတိအစ္ဆော - နက်၊ ပဝါရေတွာ - ပဝါရဏာပြုပြီး၍၊ ပဉ္စ ယောဇနာနိ - ငါးယူဇနာတို့တိုင်တိုင်၊ ဂစ္ဆန္တိယာပိ — သွားသော ရဟန်းမ၏ လည်း၊ အနာပတ္တိ(ဟောတိ)၊ ဆသု- ခြောက်ယူဇနာတို့၌၊ (၆ ယူဇနာသွားသော ရဟန်းမတို့၌၊) ဝတ္တဗ္ဗမေဝ — အနာပတ်ဟု ဆိုဘွယ်သည်ပင်၊ နတ္ထိ- မရှိ၊ ပန— ဆက်၊ တီဏိ- ၃ ယူဇနာတို့တိုင်တိုင်၊ ဂန္တွာ—သွားပြီး၍၊ တေနေဝ မဂ္ဂေန-ထို သွားကြောင်းလမ်းဖြင့်ပင်၊ သစေ ပစ္စာဂစ္ဆတိ- အကယ်၍ပြန်လာအံ့၊ (ဝေံသတိ- သော်၊) န ဝဋ္ဋတိ-မအပ်၊ အညေန-သွားကြောင်းလမ်းမှ အခြားသော၊ မဂ္ဂေန- လမ်းဖြင့်၊ အာဂန္တုံ - ပြန်လာခြင်းငှါ၊ ဝဋ္ဋတိ - ၏၊ အန္တရာယေတိ- ကား၊ ဒသ ဝိဓေ-သော၊ အန္တရာယေ-သည်၊ (သတိ-သော်၊ “အပက္ကမန္တိယာ အနာပတ္တိ” ၌စပ်၊) ပရံ-အရပ်တပါးသို့၊ ဂစ္ဆိဿာမိ-သွားအံ့၊ ဌတိ-ဤသို့ကြံ၍၊ နိက္ခန္တာ- ထွက်ပြီးသည်၊ (ဟုတွာ-၍၊ ဝါ-ဖြစ်ပြီးမှ၊) နဒီပူရာ-မြစ်ရေ၏ပြည့်ခြင်းကြောင့်၊ ပုန – တဖန်၊ အာဂတာ - ပြန်လာသည်၊ (သစေ ဟောတိ - အံ့၊ ဝေံသတိ ဝါ— သော်ငြင်း၊) စောရာ-တို့သည်၊ မဂ္ဂေ- လမ်း၌၊ (သစေ) ဟောန္တိ- ကုန်အံ့၊ (ဝေံ ဟောန္တေသု ဝါ - ကုန်သော်ငြင်း၊ ) မေဃော - မိုဃ်းသည်၊ (သစေ) ဥဋ္ဌာတိ - အကယ်၍ တက်လာအံ့၊ (ဝေံသတိ ဝါ - သော်ငြင်း)၊ နိဝတ္တိတုံ-ပြန်နစ်ခြင်းငှါ၊ ဝဋ္ဋတိ - အပ်၏၊ သေသံ ဥတ္တာနမေဝ ၊ပေ၊ ဒုက္ခဝေဒနန္တိ။.... ဒသမ သိက္ခာပဒံ (သမတ္တံ)။

စတုတ္ထော-သော၊ တုဝဋ္ဋဝဂ္ဂေါ- တည်း။

**တုဝဋ္ဋဝဂ်အဖွင့် ပြီး၏။**

## စိတ္တာဂါရဝဂ်

### ရာဇာဂါရ သိက္ခာပုဒ်

စိတ္တာဂါရဝဂ္ဂဿ - ၏၊ ပဌမေ- ၌၊ ရာဇာဂါရန္တိ- ကား၊ ရညော- မင်း၏၊ ကီဠနဃရံ-ပျော်မွေ့ရာအိမ်တော်ကိုဂုဏ်း၊ ဝါ-ပျော်မွေ့ရာ မင်းကွန်း စံနန်းတော်ကိုဂုဏ်း၊ စိတ္တာဂါရန္တိ – ကား၊ ကီဠန စိတ္တသာလံ – လူအများ၏ ပျော်မွေ့ရာ ဆန်းကြယ်စွာ ဆောက်လုပ်အပ်သော အိမ်ကိုဂုဏ်း၊ အာရာမန္တိ - ကား၊ ကီဠန ဥပဝနံ-လူအများ၏ပျော်မွေ့ရာ မြို့တွင်းဥယျာဉ်ကိုဂုဏ်း၊ ဥယျာနန္တိ-ကား၊ ကီဠန ယျာနံ-လူအများ၏ပျော်မွေ့ရာ မြို့ပဥယျာဉ်ကိုဂုဏ်း၊ ပေါက္ခရဏိန္တိ-ကား၊ ကီဠန ပေါက္ခရဏိံ-လူအများ၏ ပျော်မွေ့ရာရေကန်ကိုဂုဏ်း၊ (ဒဿနာယ ဂစ္ဆေယျ– ၌စပ်၊) တသ္မာယေဝ-ထို့ကြောင့်ပင်၊ (ရညော ကီဠနဃရစသည်ကို ရာဇာဂါရ စသည်ဖြင့် ဆိုအပ်သည်၏ အဖြစ်ကြောင့်ပင်၊) ပဒဘာဇနေ – ၌၊ ယတ္ထ ကတ္ထစိ ရညော ကီဠိတုန္တိအာဒိ-အစရှိသော စကားကို၊ (ဘဂဝတာ) ဝုတ္တံ-ပြီ၊ ဒဿနာယ၊ ပေ၊ ဒုက္ကဋဿာတိ တွေ-ဟူသော ဤပါဌ်၌၊ ပဒဝါရဂဏနာယ-ခြေလှမ်း အကြိမ်၏ အရေအတွက်အားဖြင့်၊ ဒုက္ကဋံ (ဟောတိ)၊ ပန-ဆက်၊ ယတ္ထ ဌိတာ ပဿတိတိတွေ-၌၊ ကေဿိ ယေဝဌာနေ-တခုသောအရပ်၌ပင်၊ ဌိတာ-ရပ်လျက်၊ ပဒံ-ခြေကို၊ အနုဒ္ဓရမာနာ-မကြွမြှောက်ဘဲ၊ ပဉ္စပိ-ရာဇာဂါရစသော ငါးမျိုးလုံး တို့ကိုလည်း၊ သစေ ပဿတိ - အကယ်၍ ကြည့်အံ့၊ (စေံသတိ၊) ဧကမေဝ-တချက်သာလျှင်ဖြစ်သော၊ ပါစိတ္တိယံ (ဟောတိ)၊ တံတံ ဒိသာဘာဂံ-ထိုထိုအရပ် အဘို့ကို၊ ဝိလောကေတွာ-လှည့်လည်ကြည့်ရှု၍၊ ဝါ- လှည့်လည် ကြည့်ရှုသော အားဖြင့်၊ ပဿန္တိယာပန- ကြည့်ရှုသော ရဟန်းမ၏ကား၊ ပါဋေက္ကာ - အသီး အသီး တချက်စီဖြစ်ကုန်သော၊ အာပတ္တိယော (ဟောန္တိ)၊ ဘိက္ခုဿပန-ကား၊ သဗ္ဗတ္ထ-အလုံးစုံသော ကြည့်ခြင်းတို့၌၊ ဒုက္ကဋံ(ဟောတိ)။

အာရာမေ ဌိတာတိ-ကား၊ အဇ္ဈာရာမေ—အာရာမ်၏အတွင်း၌၊ ရာဇာဂါရာ ဒီနိ-မင်း၏ အိမ်တော်အစရှိသည်တို့ကို၊ ကရောန္တိ-ပြုကြကုန်အံ့၊တာနိ-ထိုရာဇာ ဂါရ စသည်တို့ကို၊ ပဿန္တိယာ—၏၊ အနာပတ္တိ၊ ဂစ္ဆန္တီဝါ အာဂစ္ဆန္တီဝါတိ- ကား၊ ပိဏ္ဍပါတာဒီနံ - ဆွမ်းအစရှိသည်တို့၏၊ အတ္ထာယ – ငှါ၊ ဂစ္ဆန္တိယာ- သွားသော ရဟန်းမ၏၊ မဂ္ဂေါ-လမ်းသည်၊ ဟောတိ-အံ့၊ တာနိ-ထိုရာဇာဂါရ စသည်တို့ကို၊ ပဿတိ-ကြည့်အံ့၊ အနာပတ္တိ၊ သတိ ကရဏီယေ ဂန္တွာတိ-ကား၊ ရညော-၏၊ သန္တိကံ-အထံသို့၊ ကေနစိ-တစုံတခုသော၊ ကရဏီယေန - ပြုဘွယ် ကိစ္စကြောင့်၊ ဂန္တွာ- သွား၍၊ ပဿတိ—အံ့၊ အနာပတ္တိ၊ အာပဒါသူတိ-ကား ကေနစိ-တစုံတခုသော ဘေးရန်သည်၊ ဥပဒ္ဒုတာ-နှိပ်စက်အပ်သည်၊ (ဟုတွာ-၍၊) ပဝိသိတွာ-ဝင်ပြေး၍၊ ပဿတိ-ကြည့်မိအံ့၊ အနာပတ္တိ၊ [ဤသိက္ခာပုဒ်နှင့် စပ်၍မှတ်ဘွယ်ကို ပါတိမောက်ဘာသာဋီကာနှင့် ကင်္ခါဘာသာဋီကာကြည့်ပါ။]

သေသံဥတ္တာနမေဝ၊ပေ၊တိဝေဒနန္တိ။....ပဌမသိက္ခာပဒံ(သမတ္တံ)။....ဒုတိယေ-ဍ္ဍ၊ အဘိနိသိဒနာဘိနိပဇ္ဇနေသု- ထိုင်ခြင်း, အိပ်ခြင်းတို့၌၊ ပယောဂဂဏနာယ-အားဖြင့်၊အာပတ္တိဗဟုလာ-တို့ကို၊ ဝေဒိတဗ္ဗာ-ကုန်၏၊သေသံ၊ပေ၊တိဝေဒနန္တိ။....ဒုတိယသိက္ခာပဒံ(သမတ္တံ)။

## သုတ္တကန္တန သိက္ခာပုဒ်

တတိယေ– ဍ္ဍ၊ ဥဇ္ဇဝုဇ္ဇဝေတိ - ကား၊ ယတ္တကံ– အကြင်မျှ အတိုင်းအရှည်ရှိသော ချည်သည်၊ ဝါ-ကို၊ ဟတ္ထေန – လက်ဖြင့်၊ အဉ္ဆိတံ - ဆွဲငင်အပ်သည်၊ (ငင်အပ်သည်၊) ဟောတိ - ၏၊ တသ္မိံ– ထိုမျှ အတိုင်းအရှည်ရှိသော ချည်ကို၊ တက္ကမှိ-ဝင်ရိုး၌၊ ("အက္ခမှိ"ဟုလည်း ရှိ၏၊) ဝေဌိတေ- ရစ်ပတ်အပ်ပြီးသော်၊ ဧကာ- သော၊ အာပတ္တိ (ဟောတိ)၊ ပန- ဆက်၊ ကန္တနတော - ငင်ရာအခါမှ၊ ပုဗ္ဗေ-ရှေး၌၊ ကပ္ပါသဝိစိနနံ–ဝါကို ရွေးချယ်စိစစ်ခြင်းကို၊ အာဒိံကတွာ-အစပြု၍၊ သဗ္ဗပယောဂေသု - တို့၌၊ ဟတ္ထဝါရဂဏနာယ - လက်အကြိမ်၏ အရေအတွက်အားဖြင့်၊ ဒုက္ကဋံ(ဟောတိ)၊ ကန္တိတသုတ္တန္တိ-ကား၊ ဒသိကသုတ္တာဒိံ၊ မြိတ်ဆာချည် အစရှိသည်ကို၊ သယံဝေ့တွာ– ပေါင်းစပ်၍၊ ကန္တတိ – ငင်အံ့၊ (အနာပတ္တိ)၊ ဝါ- တနည်း၊ ဒုက္ကန္တိတံ–မကောင်းသဖြင့် ငင်အပ်သော ချည်ကို၊ ပဋိကန္တတိ- တဖန်ငင်အံ့၊ (အနာပတ္တိ ဟောတိ၊) သေသံ၊ပေ၊တိဝေဒနန္တိ။....တတိယသိက္ခာပဒံ(သမတ္တံ)။

## ဂိဟိ ဝေယျာဝစ္စ သိက္ခာပုဒ်

စတုတ္ထေ - ဍ္ဍ၊ ယာဂုပါတိအာဒိသု - အစရှိသော ပါဠိရပ်တို့၌၊ တဏ္ဍုလကောဋ္ဋနံ-ဆန်ဖွပ်ခြင်းကို၊ အာဒိံကတွာ-အစပြု၍၊ သဗ္ဗေသု-အလုံးစုံကုန်သော၊ ပုဗ္ဗပယောဂေသု- ( ယာဂုစသည် မကြိချက်မီ ) ရှေးပယောဂတို့၌၊ ပယောဂဂဏနာယ ဒုက္ကဋံ၊ ယာဂုဘတ္တေသု– ယာဂုဆွမ်းတို့၌၊ ဘာဇနဂဏနာယ–အိုးခွက်၏ အရေအတွက်အားဖြင့်ငင်း၊ ခါဒနီယာဒီသု-ခဲဘွယ်အစရှိသည်တို့၌၊ ရူပဂဏနာယ-ပုံသဏ္ဍာန်၏အရေအတွက်အားဖြင့်ငင်း၊ ပါစိတ္တိယာနိ(ဟောန္တိ)၊ ယာဂုပါနေတိ-ကား၊ မနုဿေဟိ-တို့သည်၊ သံဃဿ- ၏၊ အတ္ထာယ-ငှါ၊ ယာဂုပါနေ-ယာဂုသောက်ဘွယ်ကို၊ ကရိယမာနေဝါ- ပြုအပ်သော်ငင်း၊ သံဃဘတ္တေ-သံဃဘတ်ကို၊ ( ကရိယမာနေ )ဝါ- ငင်း၊ တေသံ – ထို လူဝတ်ကြောင်တို့၏၊ သဟာယိကဘာဝေန-အဖေါ်မ၏အဖြစ်ဖြင့်၊ ယံကိဉ္စိ-တစုံတခုကို၊ ပစန္တိယာ-ချက်သော ရဟန်းမ၏၊ အနာပတ္တိ၊ စေတိယပူဇာယ - စေတီတော်ကို ပူဇော်ရာအခါ၌၊ သဟာယိကာ-သည်၊ ဟုတွာ-၍၊ ဂန္ဓာဒိနိ-တို့ကို၊ ပူဇေတိ-အံ့၊ ဝဋ္ဋတိ။

အတ္တနော ဝေယျာဝစ္စကရဿာတိ- ကား၊ မာတာပိတရော - မိဘတို့သည်၊ သစေပိ အာဂစ္ဆန္တိ - အကယ်၍မူလည်း ကျောင်းသို့လာကုန်အံ့၊ ( ဝေံသတိပိ-သော်လည်း) ယံကိဉ္စိ-သော၊ ဗီဇနိံဝါ-ယပ်တောင်ကိုသော်ငင်း၊ သမ္မုဉ္စနိ ဒဏ္ဍ

ကံဝါ- တံမြက်စီးရိုးတံကို သော်၎င်း၊ ကာရာပေတွာ- ပြုစေပြီး၍၊ ဝါ-အပြုခိုင်းပြီးမှ၊ ဝေယျာဝစ္စကရဠာနေ-ဝေယျာဝစ္စပြုသူ၏အရာ၌၊ ထပေတွာဝ-ထားပြီး၍သာလျှင်၊ ဝါ- မှသာလျှင်၊ ယံကိဉ္စိ – တစုံတခုသော ယာဂုစသည်ကို၊ ပစိတုံ–ကျိုခြင်းငှါ၊ ဝါ-ချက်ခြင်းငှါ၊ ဝဋ္ဋတိ-၏၊ သေသံ၊ ပေ၊ ဉတ္တာနမေဝ၊ သမုဋ္ဌာနာဒီနိ-တို့သည်၊ တတိယ သဒိသာနေဝ -တတိယ သိက္ခာပုဒ်၏သမုဋ္ဌာန် အစရှိသည်တို့နှင့်တူကုန်သည်သာ၊ ဣတိ-အပြီးတည်း။….စတုတ္ထသိက္ခာပဒံ (သမတ္တံ)။

---

## အဓိကရဏ သိက္ခာပုဒ်

ပဥ္စမေ-၌၊ အသတိ အန္တရာယေတိ- ကား၊ ဒသဝိဓေ- သော၊ အန္တရာယေ–သည်၊ အသတိ-မရှိလသော်၊ (“နေဝ ရူပသမေန္တိယာ, န ရူပသမာယ ဉဿုက္ကံကရောန္တိယာ”ဟု ထည့်၍ အနာပတ္တိ၌စပ်၊) ဓုရံ-တာဝန်ကို၊ နိက္ခိပိတွာ-ချပြီး၍၊ ပစ္ဆာ-နောက်မှ၊ ဝိနိစ္ဆိနန္တိ- ဆုံးဖြတ်လသော်၊ အာပတ္တိံ-သို့၊ အာပဇ္ဇိတွာဝ - ရောက်ပြီး၍သာလျှင်၊ ဝါ- မှသာလျှင်၊ ဝိနိစ္ဆိနာတိ - ဆုံးဖြတ်သည်မည်၏၊ [ မဆုံးဖြတ်တော့ဘူးဟု ဓုရနိက္ခေပ ပြုတုန်းကပင် အာပတ်သင့်ပြီး ဖြစ်သည် – ဟူလို။] ပရိယေသိတွာ န လဘတီတိ-ကား၊ သဟာယိကာ - အဖော်မဖြစ်ကုန်သော၊ ဘိက္ခုနိယော - တို့ကို၊ န လဘတိ- မရ၊ သေသံ၊ ပေ၊ ဒုက္ခဝေဒနန္တိ။….ပဥ္စမသိက္ခာပဒံ (သမတ္တံ)။

## ဘောဇနဒါန သိက္ခာပုဒ်

ဆဋ္ဌေ-၌၊ သဗ္ဗံ-အလုံးစုံသော အဆုံးအဖြတ်ကို၊ နဂ္ဂဝဂ္ဂေ- ၌၊ အာဂါရိက သိက္ခာပဒေ- ၌၊ ဝုတ္တနယေနေဝ-ဖြင့်သာ၊ ဝေဒိတဗ္ဗံ-ထိုက်၏၊ ပန-အထူးကား၊ အယံ-ဤဆိုအပ်လတ့်ကား၊ ဝိသေသော-အထူးတည်း၊ တံ–ထို နဂ္ဂဝဂ် အာဂါရိကသိက္ခာပုဒ်သည်၊ ဆသမုဋ္ဌာနံ– ၆ ပါးသော သမုဋ္ဌာန်ရှိ၏၊ ဣဒံ-ဤသိက္ခာပုဒ်သည်၊ သဟတ္ထာတိ- ဟူ၍၊ ဝုတ္တတ္တာ- ဟောတော်မူအပ်သည် အဖြစ်ကြောင့်၊ ဠေကလောမသမုဋ္ဌာနံ-ဠေကဠလောမသမုဋ္ဌာန်ရှိ၏၊ ကိရိယံ- ကိရိယတည်း၊ ပေ၊ တိဝေဒနံ-တည်း၊ ဣတိ အယံ-ဤဆိုအပ်ပြီးကား၊ (ဝိသေသော- တည်း၊)ဣတိ-အပြီးတည်း။….ဆဋ္ဌ သိက္ခာပဒံ (သမတ္တံ)။

## အာဝသထစီဝရသိက္ခာပုဒ်

သတ္တမေ- ၌၊ ပုန ပရိယာယေနာတိ - ကာ၊ ပုနဝါရေ - နောက်တကြိမ်၌၊ (“ပရိဘုဉ္ဇတိ အနာပတ္တိ”ဟု ပါဠိတော်၌စပ်၊) အာပဒါသူတိ- ကား၊ မဟဂ္ဃံ စီဝရံ- ကို၊ သရီရတော – ကိုယ်မှ၊ မောစေတွာ - လွတ်စေ၍၊ သုပဋိသာမိတံ-ကောင်းစွာ သိုမှီးသိမ်းအပ်သည်၊ ( သမာနံပိ – ဖြစ်ပါသော်လည်း၊ ) စောရာ-

တို့သည်၊ ဟရန္တိ- ဆောင်ယူတတ်ကုန်၏၊ ဝေရူပါသု-ကုန်သော၊ အာပဒါသု— တို့ကြောင့်၊ အနိသဇ္ဇိတွာ - မစွန့်မူ၍၊ နိဝါသေန္တိယာ—ဝတ်သောရဟန်းမ၏၊ အနာပတ္တိ၊ သေသံ ဥတ္တာနမေဝ၊ [မေဝါတိ-ဟု ဣတိပိုနေ၏။] ကထိန သမုဋ္ဌာနံ ၊ ပေ ၊ တိဝေဒနန္တိ။....သတ္တမသိက္ခာပဒံ (သမတ္တံ)။

## အာဝသထစီဝရ

အဋ္ဌမေ-၌၊ အနိသဇ္ဇိတွာတိ - ကား၊ ရက္ခဏတ္ထာယ — စောင့်ရှောက်ခြင်း အကျိုးငှါ၊ အဒတွာ-မပေးခဲ့မူ၍၊ ဉာမံ-ဤကျောင်းကို၊ ဇဂ္ဂေယျာသိ-စောင့်ရှောက် လိုက်ပါလော၊ ဣတိဝေံ-သို့၊ အနာပုစ္ဆိတွာ-၍၊(စာရိကံပက္ကမေယျာ၌စပ်၊)ဣတိ အတ္ထော၊ ပရိယေသိတွာ နလဘတီတိ— ကား၊ ပဋိဇဂ္ဂကံ — စောင့်ရှောက်မည့် သူကို၊ န လဘတိ- မရအံ့၊ ဂိလာနာယာတိ- ကား၊ ဝစီဘေဒံ—ကို၊ ကာတုံ - ငှါ၊ အသမတ္ထာယ—မစွမ်းနိုင်သည် ဖြစ်၍၊(“အနိသဇ္ဇိတွာ စာရိကံ ပက္ကမန္တိယာ” ဟု ထည့်၍ အနာပတ္တိ၌စပ်၊) အာပဒါသူတိ - ကား၊ ရဋ္ဌေ— တိုင်းနိုင်ငံသည်၊ ဘိဇ္ဇန္တေ - ပျက်လသော်၊ အာဝါသေ - ကျောင်းတို့ကို၊ ဆဍ္ဍေတွာ - စွန့်ပစ်၍၊ ဂစ္ဆန္တိ-သွားကြရကုန်၏၊ ဝေရူပါသု အာပဒါသု (အနိသဇ္ဇိတွာ စာရိကံ ပက္ကမန္တိယာ၊)အနာပတ္တိ၊ သေသံ၊ပေ၊သဒိသာနေဝါတိ။....အဋ္ဌမသိက္ခာပဒံ။

## တိရစ္ဆာနဝိဇ္ဇာ သိက္ခာပုဒ်

နဝမေ - ၌၊ ဗာဟိရကံ အနတ္ထသံဟိတန္တိ - ကား၊ ဟတ္ထိအသ ၊ပေ၊ ဂဒ္ဒပ္ပ ယောဂါဒိဘေဒံ— ဆင်အတတ်, မြင်းအတတ်, ရထားအတတ်, လေးအတတ်, ဒါးဆောံချတ်အတတ်, အာထဗ္ဗနမန္တာန်, ခိလနမန္တာန်, ဝသီကရဏမန္တာန်, သောသာပနမန္တာန် , အဆိပ်ဆေး ဖော်စပ်နည်း အစရှိသော အပြားရှိသော၊ ပရူပဃာတကရံ-သူတပါးကို ညှဉ်းဆဲခြင်းကိုပြုတတ်သော အတတ်ကို၊(ပရိယာ ပုဏေယျ၌စပ်၊)ပရိတ္တန္တိ-ကား၊ ယက္ခပရိတ္တနာဂမဏ္ဍလာဒိဘေဒံ-ဘီလူးတို့ကို စောင့်ရှောက် ကာကွယ်ခြင်း, မြွေနဂါးတို့ကို မဝင်နိုင်အောင် စီးဝိုင်းတားခြင်း အစရှိသော အပြားရှိသော၊ သဗ္ဗမ္ပိ—အလုံးစုံသောအတတ်သည်လည်း၊ ဝဋ္ဋတိ- ၏၊ သေသံ၊ပေ၊ တိဝေဒနန္တိ။ [ထရုသိပ္ပစသည်တို့၏ အဓိပ္ပါယ်ကို ကင်္ခါဘာသာ ဋီကာ၌ ပြထားပြီ။]....နဝမသိက္ခာပဒံ(သမတ္တံ)။....ဒသမေ—၌၊ ဝါစေယျာတိ ပဒံ-ဝါစေယျဟူသောပုဒ်သည်၊ ဝိသေသော-ထူး၏၊ သေသံ-ကို၊ သမုဋ္ဌာနာဒီဟိ- တို့နှင့်၊ သဒ္ဓိံ-တကွ၊ပေ၊ဝေဒိတဗ္ဗံ၊ ဣတိ-တည်း။....ဒသမသိက္ခာပဒံ(သမတ္တံ)။

ပဉ္စမော—သော၊ စိတ္တာဂါရဝဂ္ဂေါ-တည်း။

**စိတ္တာဂါရဝဂ်အဖွင့် ပြီး၏။**

## အာရာမဝဂ်

### အာရာမ ပဝိသန သိက္ခာပုဒ်

အာရာမဝဂ္ဂဿ- ၏၊ ပဌမသိက္ခာပဒေ - ၌၊ ပရိက္ခေပံ၊ပေ၊ပြကြမန္တိ ယာတိ ဧတ္ထ-ဟူသော၌ပါဠိ၌၊ (အဋ္ဌော စေ ဝေဒိတဗ္ဗော၊)ပဌမပါဒေ-ပဌမခြေလှမ်း ၌၊ ဒုက္ကဋံ (ဟောတိ)၊ ဒုတိယပါဒေ ပါစိတ္တိယံ၊ သီသာနုလောကိကာတိ-ကား၊ ပဌမံ-စွာ၊ ပဝိသန္တိနံ-ဝင်ဆဲဖြစ်ကုန်သော၊ ဘိက္ခုနီနံ-တို့၏၊သီသံ-ဦးခေါင်းကို၊ အနုလောကေန္တိ – မော်ကြည့်လျက်၊ ပဝိသတိ - ဝင်အံ့၊ [ရှေ့က ဝင်သွားသော ဘိက္ခုနီတို့၏ နောက်မှ အဆက်မပြတ် လိုက်သွားအံ့- ဟူလို။] အနာပတ္တိ၊ ယတ္ထ ဘိက္ခုနိယောတိ - ကား၊ ယတ္ထ – အကြင် အာရာမ်အတွင်းဝယ် တစုံတခုသော အရပ်၌၊ ဘိက္ခုနိယော-တို့သည်၊ ပဌမတရံ- စွာ၊ ပဝိသိတွာ– အာရာမ်အတွင်း သို့ ဝင်ပြီး၍၊ သဇ္ဈာယ စေတိယဝန္ဒနာဒီနိ- စာအံခြင်း, စေတီတော်ကို ရှိခိုးခြင်း အစရှိသော အမှုတို့ကို၊ ကရောန္တိ-ပြုကြကုန်၏၊ တတ္ထ-ထို အာရာမ်အတွင်းဝယ် တစုံတခုသောအရပ်၌၊ တာသံ - ထို ရဟန်းမတို့၏၊ သန္တိကံ- သို့၊ ဂစ္ဆာမိ- အံ့၊ ဣတိ- ဤသို့ကြံ၍၊ ဂန္တုံ- ငှါ၊ ဝဋ္ဋတိ- ၏၊ အာပဒါသူတိ- ကား၊ ကေနစိ- တစုံ တခုသော ဘေးရန်သည်၊ ဥပဒ္ဒုတာ - နှိပ်စက်အပ်သည်၊ ဟောတိ၊ ဝေရူပါသု အာပဒါသု, ပဝိသိတုံ- ဝင်ခြင်းငှါ၊ ဝဋ္ဋတိ၊[ဘေးရန်ကြောင့် အာရာမ်အတွင်းသို့ ခွင့်မပန်ဘဲ ဝင်ကောင်း၏- ဟူလို။ ] သေသံ၊ပေ၊တိဝေဒနန္တိ။ ....ပဌမသိက္ခာပဒံ။

### ဘိက္ခုအက္ကောသန သိက္ခာပုဒ်

ဒုတိယေ-၌၊ အာယသ္မာ ကပ္ပိတကောတိ-ကား၊ အယံ-ဤ အရှင်ကပ္ပိတက သည်၊ ဇဋိလသဟဿဗ္ဘန္တရော–ရသေ့တထောင်၌ အကြီးဝင်သော၊ ထေရော- ထေရ်တည်း၊[ဥရုဝေဠတော၌ ဘုရားရှင်ချွတ်တော်မူအပ်သော ရသေ့တထောင် တွင် တပါးအပါအဝင်-ဟူလို။]သံဟရိတိ-ကား၊ သက်ာမေသိ-ပြောင်းရွှေ့စေပြီ၊ သံဟဋ္ဌောတိ–ကား၊ သက်ာမိတော - ပြောင်းရွှေ့စေအပ်ပြီ၊ ကာသာဝဋ္ဋောတ်- ကား၊ နှာပိတာ- သူတပါးကို ရေချိုးပေးတတ်သူတို့သည်၊ ကာသာဝံ- ဖန်ရည် ဖြင့် ဆိုးအပ်သောအဝတ်ကို၊ နိဝါသေတွာ-ဝတ်၍၊ ကမ္မံ-အလုပ်ကို၊ကရောန္တိ- ပြုကြကုန်၏၊ တံ - ထို ဖန်ရည်ဆိုးအပ်သော အဝတ်ကို ဝတ်ခြင်းကို၊ သန္ဓာယ- ၍၊ အာဟံသု - နှုပြီ၊ သေသံ ၊ပေ၊ ဒုက္ခဝေဒနန္တိ ။.... ဒုတိယ သိက္ခာပဒံ။

× × × × × × ×

**ကာသာဝဋ္ဋော။** ။ကာသာဝံ+အဋ္ဋတိ ဂစ္ဆတီတိ ကာသာဝဋ္ဋော၊ ဖန်ရည်ဖြင့် ဆိုးအပ်သော အဝတ်သို့ရောက်သူ (ဝတ်သူ)၊ ခေါင်းရိတ်ပေးရုံသာ မက, ခန္ဓာကိုယ်၌ ရှိသော အညစ်အကြေးများကို စင်ကြယ်အောင်ပွတ်တိုက်၍ရေချိုးပေးသူကို“နှာပိတ” ဟု ခေါ်၏၊ နှာပေတိ-ရေချိုးစေတတ်, ရေချိုးပေးတတ်၏၊ ဣတိ နှာပိတော၊ ယခုအခါ တိုင်းကြီးပြည်ကြီးများ၌ ဤအလုပ်မျိုးကို အကြီးအကျယ် လုပ်ကြသတတ်။

## ဂဏပရိဘာသန သိက္ခာပုဒ်

တတိယေ-၌၊ အနုသာသနိ ပုရေက္ခာရာယာတိ-ကား၊ ဧဒါနိဝိ- ယခုအခါ၌လည်း၊ တွံ- သည်၊ ဗာလာ- နားမလည်၊ အဗျတ္တာ- မထက်မြက်၊ ဣတိ အာဒိနာ- သော၊ နယေန - ဖြင့်၊ အနုသာသနိပက္ခေ - သွင်သင်ခြင်း၏ အဘို့၌၊ ဌတွာ – တည်၍၊ ဝဒန္တိယာ- ပြောသော ရဟန်းမ၏၊ အနာပတ္တိ၊ သေသံ ၊ပေ၊ သဒိသာ နေဝါတိ။ ····တတိယ သိက္ခာပဒံ(သမတ္တံ)။

---

## ပဝါရိတသိက္ခာပုဒ်

စတုတ္ထေ-၌၊ သမ္ဘံ-သည်၊ ဥတ္တာနမေဝ-သည်သာ၊ပေ၊နိမန္တိတာယ-အကပ္ပိယဝေါဟာရဖြင့် ပင့်ဖိတ်အပ်သည် ဖြစ်၍၊ အနာပုစ္ဆာ - ဒါယကာတို့ကို ခွင့်မပန်ဘဲ၊ ဘုဉ္ဇန္တိယာ – ၏၊ အာပတ္တိသမ္ဘဝတော - အာပတ်၏ ဖြစ်သင့်ခြင်းကြောင့်၊ သိယာ-ရံခါ၊ ကိရိယာကိရိယံ- ကိရိယာ ကိရိယတည်း၊ [ စားမှုသည် ကိရိယ, မပန်ပြောမှုသည် အကိရိယ။] ပဝါရိတာယ-ပဝါရိတ်သင့်ပြီးသည် ဖြစ်၍၊ ကပ္ပိယံ-အပ်သည်ကို၊ ဝါ-အတိရိတ်ဝိနည်းကံကို၊ ကာရေတွာဝိ-ပြုစေ၍၎င်း၊ အကာရေတွာဝိ - မပြုစေဘဲ၎င်း၊ ဘုဉ္ဇန္တိယာ – ၏၊ အာပတ္တိသမ္ဘဝတော - ကြောင့်၊ သိယာ- ခါ၊ ကိရိယံ-တည်း၊ပေ၊တိဝေဒနန္တိ။....စတုတ္ထသိက္ခာပဒံ(သမတ္တံ)။

## ကုလမစ္ဆရိနီ သိက္ခာပုဒ်

ပဉ္စမေ-၌၊ (အတ္ထော ဧဝံ ဝေဒိတဗ္ဗော၊) ကုလေ-အမျိုး၌၊ မစ္ဆရော- ဝန်တိုခြင်းတည်း၊ ကုလမစ္ဆရော-ခြင်း၊ တေိယာ-၍ရဟန်းမ၏၊ ကုလမစ္ဆရော-အမျိုး၌ဝန်တိုခြင်းသည်၊ အတ္ထိ-၏၊ (ဣတိ-ကြောင့်၊ သာ-ထို ရဟန်းမသည်၊ ကုလမစ္ဆရိနီ- နီမည်၏၊) ဝါ - တနည်း၊ ကုလံ–ကို၊ မစ္ဆရာယတိ-ဝန်တိုတတ်၏၊ ဣတိ- ကြောင့်၊ မစ္ဆရိနီ-မည်၏၊ [ပဌမနည်းဝယ် အဿတ္ထိအနက်၌"ကုလမစ္ဆရီ"ဟု (၍)ပစ္စည်း သက်ပြီးနောက် ဣနီပစ္စည်းသက်၊ ဒုတိယနည်းဝယ် မစ္ဆရနောင် ဣနီပစ္စည်း။] ကုလဿ အဝဏ္ဏန္တိ- ကား၊ တံကုလံ- သည်၊ အသဒ္ဓံ- သဒ္ဓါတရား မရှိ၊ အပ္ပသန္နံ-ရတနာသုံးပါးကို မကြည်ညို၊ ဣတိ- သို့၊(ဘာသတိ-ပြောဆိုအံ့၊) ဘိက္ခုနီနံ အဝဏ္ဏန္တိ-ကား၊ ဘိက္ခုနိယော- တို့သည်၊ ဒုဿီလာ- သီလမရှိကုန်၊ ပါပဓမ္မာ- ယုတ်မာသော အကျင့်ရှိကုန်၏၊ ဣတိ-သို့၊ ( ဘာသတိ -အံ့၊ ) သန္တံ ယေဝ အာဒီနဝန္တိ – ကား၊ ကုလဿဝါ - အမျိုး၏သော်၎င်း၊ ဘိက္ခုနီနံဝါ– တို့၏သော်၎င်း၊ သန္တံ- ထင်ရှားရှိသော၊ အဂုဏံ– ဂုဏ်၏ဆန့်ကျင်ဘက် အပြစ်ကို၊ ( အာစိက္ခန္တိယာ အနာပတ္တိ၊) သေသံ၊ ဒုက္ခဝေဒနန္တိ။····ပဉ္စမသိက္ခာဒံ။

## အဘိက္ခုကာဝါသ သိက္ခာပုဒ်

ဆဋ္ဌေ-၌၊ ဩဝါဒါယာတိ- ကား၊ ဂရုဓမ္မတ္ထာယ– ကရုဓမ်ဩဝါဒ အကျိုး ငှါ၊ သံဝါသာယာတိ - ကား၊ ဥပေါသထပဝါရဏာ ပုစ္ဆနတ္ထာယ – ဥပုသ်, ပဝါရဏာကို မေးခြင်းအကျိုးငှါ၊("ဂန္တုံ နသက္ကာ ဟောတိ"၌စပ်၊) အယံ– ဤ ဆိုအပ်ပြီးကား၊ တတ္ထ – ဤသိက္ခာပုဒ်၌၊ သင်္ခေပေါ – အကျဉ်းချုပ်တည်း၊ ဝိတ္ထာရောပန-အကျယ်ကိုကား၊ ဘိက္ခုနောဝါဒကသိက္ခာပဒဝဏ္ဏနာယံ-ဘိက္ခု နောဝါဒက သိက္ခာပုဒ်၏ အဖွင့်၌၊ ဝုတ္တောယေဝ - ဆိုအပ်ပြီးသည်သာ ၊ပေ၊ တိဝေဒနန္တိ။....ဆဋ္ဌသိက္ခာပဒံ (သမတ္တံ)။

## အပဝါရဏ သိက္ခာပုဒ်

သတ္တမေ- ၌၊ ပရိယေသိတ္ဗာ န လဘတီတိ- ကား၊ ဘိက္ခုံ- ကို၊ (ပရိယေသိ တ္ဗာ-ရှာ၍၊ ဝါ-ရှာပါသော်လည်း၊)န လဘတိ-မရအံ့၊("တဿာ ဘိက္ခုသံဃေ အပဝါရေန္တိယာ အနာပတ္တိ" ဟု ထည့်စပ်၊ ) [ဘိက္ခုံနေရာဝယ် ဘိက္ခုနိံ ဟု ရှိသည်ကားမကောင်း၊] သေသံ ဥတ္တာနမေဝ၊ ဣမဿာပိ-ဤသိက္ခာပုဒ်၏လည်း၊ ဝိတ္ထာရော - ကို၊ ဘိက္ခုနောဝါဒကေ - ဘိက္ခုနောဝါဒက သိက္ခာပုဒ်၌၊ ဝုတ္တော ယေဝ-သည်သာ၊ပေ၊ဒုက္ခဝေဒနန္တိ။....သတ္တမသိက္ခာပဒံ (သမတ္တံ)။

## ဩဝါဒ သိက္ခာပုဒ်

အဋ္ဌမေ–၌၊ ကေကမ္မန္တိ အာဒိဟိ– ကေကမ္မံ အစရှိသောပုဒ်တို့ဖြင့်၊ ဥပေါ သထ ပဝါရဏာယေဝ - ဥပုသ် ပဝါရဏာတို့ကိုသာ၊ ဝုတ္တာ - မိန့်တော်မူအပ် ကုန်ပြီ၊ [ အခြားနေရာ၌ ကေကမ္မ, ကေုဒ္ဒေသ, သမသိက္ခာတာတို့အရ အမျိုးမျိုး ယူရသော်လည်း ဤ၌ ဥပုသ်ကံ ပဝါရဏာကံတို့ကိုသာ ယူပါ - ဟူလို။ ] သေသံ ဥတ္တာနမေဝ၊ ဣမဿာပိ-၏လည်း၊ ဝိတ္ထာရော, ဘိက္ခုနောဝါဒကေ–၌၊ ဝုတ္တော ယေဝ၊ပေ၊ဒုက္ခဝေဒနန္တိ။....အဋ္ဌမသိက္ခာပဒံ (သမတ္တံ)။.... နဝမေ- ၌၊ သဗ္ဗံ- အလုံးစုံသောပုဒ်အပေါင်းသည်၊ ဥတ္တာနမေဝ-သည်သာ၊ပေ၊ ဒုက္ခဝေဒနန္တိ။.... နဝမသိက္ခာပဒံ (သမတ္တံ)။

---

## ပသာခဇာတ သိက္ခာပုဒ်

ဒသမေ-၌၊ ပသာခေတိ–ကား၊ အဓောကာယေ–အောက်ပိုင်းကိုယ်၌၊ ဟိ- မှန်၊ အဓောကာယော- အောက်ပိုင်းကိုယ်ကို၊(ဝုစ္စတိ၌စပ်၊) ယသ္မာ-ကြောင့်၊ ရုက္ခဿ-သစ်ပင်၏၊ သာခါ-အခက်တို့သည်၊(ပဘိဇ္ဇိတွာ-ကွဲပြား၍၊ ဝါ-ဖြာ၍၊ ဂတာဝိယ-သွားကုန်သကဲ့သို့၊ (တထာ-ထို့အတူ၊)တတော-ထို အောက်ပိုင်း

ကိုယ်အရပ်မှ၊ ဥဘော - နှစ်ဘက်ကုန်သော၊ ဥရု - ပေါင်တို့သည်၊ ပဘိန္နတ္ထာ- ကွဲပြား၍၊ ဝါ-ဖြာ၍၊ ဂတာ-သွားကုန်၏၊ တသ္မာ-ကြောင့်၊ ပသာခေါ်ဘိ-ပသာခ ဟူ၍၊ ဝုစ္စတိ-၏၊ ဘိန္နာတိအာဒိသု-ဘိန္နအစရှိသောပုဒ်တို့၌၊ ဘိန္န-ဖေါက်ခလော၊ ဖါဲလဟိ-ခွဲလော၊ ဣတိ-သို့၊ သဗ္ဗာနိ-အလုံးစုံသောအမှုတို့ကို၊ သစေအာဏာ ပေတိ - အကယ်၍ စေခိုင်းအံ့၊ သောစ - ထို စေခိုင်းအပ်သော ဥပါသကာသည် လည်း၊ တထေဝ-ထို စေခိုင်းအပ်သည့်အတိုင်းပင်၊(သစေ)ကရောတိ-အံ့၊(ဧဝံ သတိ)၊ဆ-၆ ချက်ကုန်သော၊ အာဏတ္တိဒုက္ကဋာနိ-အာဏတ္တိဒုက္ကဋ်တို့သို့ရင်း၊ ဆ-နုသော၊ ပါစိတ္တိယာနိစ- တို့သို့ရင်း၊ အာပဇ္ဇတိ- ရောက်၏၊ ဥပါသက-ဥပါ သကာ၊ ယံကိဉ္စိ-အမှတ်မရှိ တစုံတခုသောအမှုကို၊ ဠွေ- ဤအနာ၌၊ ကာတဗ္ဗံ- ပြုသင့်၏၊ တံသဗ္ဗံ-ထိုအလုံးစုံသောအမှုကို၊ ကရောဟိ- ပြုလော၊ ဣတိဧဝံ- သို့၊ အထာပိ အာဏာပေတိ- အကယ်၍မူလည်း စေခိုင်းအံ့၊ သောစ-ထို စေခိုင်းအပ် သော ဥပါသကာသည်လည်း၊ သဗ္ဗာနိပိ-အလုံးစုံလည်းဖြစ်ကုန်သော၊ ဘေဒနာ ဒိနိ – ဖေါက်ခြင်းအစရှိသည်တို့ကို၊ (အထာပိ) ကရောတိ- အကယ်၍မူလည်း ပြုအံ့၊ (ဧဝံ သတိ)၊ ဧကဝါစာယ-တခွန်းတည်းသောစကားကြောင့်၊ ဆ- ကုန် သော၊ ဒုက္ကဋာနိ–တို့ရင်း၊ ဆ ပါစိတ္တိယာနိ - တို့ရင်း၊ ဣတိ-သို့၊ ဒွါဒသ– ၁၂ ချက်ကုန်သော၊ အာပတ္တိယော (ဟောန္တိ)။

ပန-ဆက်၊ ဘေဒနာဒီသုပိ-ဖေါက်ခြင်းအစရှိသည်တို့တွင်လည်း၊ ဧကံဝေဝ- တခုသော အမှုကိုသာ၊ ဝတ္ဝာ- ပြောဆို၍ (ညွှန်ပြ၍)၊ ဣဒံ-ဤအမှုကို၊ ကရော ဟိ-လော၊ ဣတိ-သို့၊ သစေ အာဏာပေတိ-အံ့၊ သောစ-သည်လည်း၊ သဗ္ဗာနိ- အလုံးစုံသော အမှုတို့ကို၊ ( သစေ )ကရောတိ- အံ့၊ ( ဧဝံသတိ )၊ ယံ-အကြင် အမှုကို၊ အာဏတ္တံ–စေခိုင်းအပ်ပြီ၊ တဿေဝ-ထိုစေခိုင်းအပ်သောအမှုကိုသာ၊ ကရဏေ-ပြုခြင်းကြောင့်၊ ပါစိတ္တိယံ ( ဟောတိ )၊ သေသေသု- ကြွင်းသော အမှု တို့ကြောင့်၊ အနာပတ္တိ– သည်၊ (ဟောတိ)၊ သေသံ၊ပေ၊ တိဝေဒနန္တိ။.... ဒသမ သိက္ခာပဒံ(သမတ္တံ)။

ဆဋ္ဌော-သော၊ အာရာမဝဂ္ဂေါ-တည်း။

× × × × × × ×

**ပသာခ**။ ။သာခါဗိယာတိ သာခါ–သစ်ပင်၏ အကိုင်း ၂ ဖက်နှင့် တူသော ပေါင် ၂ ဖက်တို့၊ သာခါ ပဘိန္နတ္ထာ ဠတော ဂတာတိ ပသာခါ၊ ဂတာကား အပိ ထည့်အပ်သော အတ္ထိကဲ့သို့ ပုဒ်မျိုးတည်း၊ ဠတော – ဤကိုယ်အရပ်မှ၊ သာခါ – သစ် ကိုင်းနှင့်တူသော ၂ ဖက်သောပေါင်တို့သည်၊ ပဘိန္နတ္ထာ –ဖြာ၍၊ ဂတာ–သွားကုန်ပြီ၊ ဣတိ ပသာခေါ်။

**အာရာမဝဂ်အဖွင့် ပြီး၏။**

## ဂဏ္ဍိနိဝဂ်

### ဂဏ္ဍိနိ သိက္ခာပုဒ်

ဂဏ္ဍိနိဝဂ္ဂဿ- ၏၊ ပဌမသိက္ခာပဒေ- ၌၊ အာပန္နသတ္တာတိ- ကား၊ ကုစ္ဆိံ- ဝမ်းသို့၊ ပဝိဋ္ဌသတ္တာ-ဝင်ပြီးသောသတ္တဝါ ရှိသော မိန်းမကို၊ ("ဂဏ္ဍိနီနာမ ဝုစ္စတိ"ဟု ပါဠိတော်၌စပ်၊)....ပဌမသိက္ခာပဒံ (သမတ္တံ)။

### ပါယန္တိ သိက္ခာပုဒ်

ဒုတိယေ-၌၊ ပါယန္တိန္တိ-ကား၊ ထည့်-နို့ကို၊ ပါယမာနံ-တိုက်ဆဲမိန်းမကို၊ ("ဝုဋ္ဌာပေယျ" ၌စပ်၊) မာတာဝါ ဟောတိ၊ ဓာတိဝါတိ - ကား၊ ယံ ဒါရကံ- အကြင် ကလေးကို၊ ပါယေတိ-နို့ရည်ကိုသောက်စေ၏၊ ဝါ-နို့တိုက်၏၊ တဿ- ထိုကလေး၏၊ မာတာဝါ - အမိသည်မှုလည်း၊ ဟောတိ - ဖြစ်အံ့၊ ဓာတိဝါ - အထိန်းသည်မှုလည်း၊ (ဟောတိ-အံ့၊ ပါယန္တိနာမ - မည်၏၊) သေသံ ဥတ္တာနမေဝ၊ ဥဘယမ္ပိ-ပဌမ ဒုတိယသိက္ခာပုဒ် ၂ ပါးအပေါင်းသည်လည်း၊ တိသမုဋ္ဌာနံ၊ ပေ၊ တိဝေဒနန္တိ။....ဒုတိယသိက္ခာပဒံ (သမတ္တံ)။

× × × × × × ×

**အာပန္နသတ္တာ**။ ။ အာပန္နော+သတ္တော ယဿာ အာပန္နသတ္တာ=ရောက်သော သတ္တဝါရှိသော (သတ္တဝါသည် ရောက်အပ်သော) မိန်းမ၊ "အာဂတသမဏော" ကဲ့သို့ တည်း၊ ပဝိဋ္ဌသတ္တာ ၌လည်း "ပဝိဋ္ဌော – (ဝင်ပြီးသော) + သတ္တော ယဿာ ပဝိဋ္ဌသတ္တာ"ဟု ပြု၊ အချို့စာအုပ်များ၌"ကုစ္ဆိပဝိဋ္ဌသတ္တာ"ဟု ရှိ၏၊ "ဝင်ပြီးသောသတ္တဝါ ရှိသော ဝမ်း"ဟု အနက်ပေး မှားဘွယ်ရှိသောကြောင့် မကောင်း။

---

### ပဌမ သိက္ခမာန သိက္ခာပုဒ်

တတိယေ - ၌၊ သိက္ခာသမ္မုတိံ ဒါတုန္တိ - ကား၊ ကဿာ - အဘယ့်ကြောင့်၊ (သိက္ခာသမ္မုတိံ- ကို၊) ဒါပေသိ- ပေးစေတော်မူသနည်း၊ မာတုဂါမောနာမ- မည်သည်၊ လောလော - လျှပ်ပေါ်လော်လီသည်၊ ဟောတိ- ၏၊ ဒွေ ဝဿာနိ- ၂ နှစ်တို့ပတ်လုံး၊ ဆသု-၆ ပါးကုန်သော၊ ဓမ္မေသု- အကျင့်တို့၌၊ အသိက္ခိတွာ- မကျင့်မူ၍၊ သီလာနိ-အထက်ဖြစ်သော သီလတို့ကို၊ ပူရယမာနော-ဖြည့်ကျင့်လ သော်၊ [မာတုဂါမောကိုငဲ့၍ "ပူရယမာနော" ဟု ထားသည်။] ကိလမတိ- ပင်ပန်း၏၊ ပန-အန္တယကား၊ သိက္ခိတွာ-ကျင့်ပြီး၍၊ ဝါ-ကျင့်ပြီးလသော်၊ ပစ္ဆာ- နောက်၌၊ န ကိလမိဿတိ-မပင်ပန်းလတံ့၊ နိတ္ထရိဿတိ-ထုတ်ဆောင်နိုင်လတံ့၊ [သီလဖြည့်ကျင့်မှုကိစ္စကို ထုတ်ဆောင်နိုင်လတံ့·ဟူလို၊ ယောဇနာ၌ "ဝဋ္ဋ ဒုက္ခတော"ဟု အပါဒါန်ထည့်သည်ကို စဉ်းစားပါ။] ဣတိ-ဤသို့ မြော်မြင်တော်မူခြင်းကြောင့်၊ (သိက္ခာသမ္မုတိံ-ကို၊) ဒါပေသိ-ပေးစေတော်မူပြီ။

ပါဏာတိပါတာ၊ပေ၊သမာဒိယာမိတိ–ကား၊ ပါဏာတိပါတာ ဝေရမဏီ တိ-ဟူ၍၊ ပညတ္တံ-ပညတ်တော်မူအပ်သော၊ ယံတံ သိက္ခာပဒံ-အကြင် သိက္ခာပုဒ်သည်၊ (အတ္ထိ- ၏၊) တံ ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ – ကို၊ (သမာဒိယာမိဠ် စင်၊ ) ဒွေ ဝဿာနိ – ၂ နှစ်တို့ပတ်လုံး၊ အဝီတိက္ကမိတဗ္ဗ သမာဒါနံ–မလွန်ကျူးထိုက်သော ဆောက်တည်ခြင်းကို၊ ကတွာ - ပြု၍၊ သမာဒိယာမိ – ကောင်းစွာယူပါ၏၊ ဝါ - ဆောက်တည်ပါ၏၊ ဣတိအတ္ထော၊ သဗ္ဗတ္ထ - အလုံးစုံသော အဒိန္နာဒါနသိက္ခာပုဒ် အစရှိသည်တို့၌၊ သေနယော-ဤနည်းတည်း၊ ဆ-ကုန်သော၊ ဣမာ သိက္ခာယော-ဤသိက္ခာတို့ကို၊ သဋ္ဌိဝဿာယပိ-အနှစ် (၆၀) ရှိသည်လည်းဖြစ်သော၊ ပဗ္ဗဇိတာယ – သာမဏေမအဖြစ်သို့ ကပ်ရောက်သော မိန်းမအား၊ ဒါတဗ္ဗာယေဝ-ပေးထိုက်ကုန်သည်သာ၊ တောသု - ဤ ၆ ပါးသော သိက္ခာပုဒ်တို့၌၊ အသိက္ခိတာ - ကျင့်ပြီးမဟုတ်သော မိန်းမကို၊ န ဥပသမ္ပာဒေတဗ္ဗာ–မြင့်မြတ်သော ပဉ္စင်းမအဖြစ်သို့ မရောက်စေထိုက်၊ ဝါ–ဘိက္ခုနီ ပြုမပေးထိုက်။....တတိယသိက္ခာပဒံ (သမတ္တံ)။

× × × × × × ×

**ပါဏာတိပါတာ၊ပေ၊ ဝေရမဏီ ။** ။သိက္ခမာန်မဟုတ်ဘဲ သာမဏေမဘဝ၌ ဆောက်တည်စဉ်က“အဝီတိက္ကမ္မ သမာဒါနံ”ဟု မပါ၊ သိက္ခမာန်အဖြစ်ဖြင့် ဆောက်တည်ရာ၌သာ ပါသည်၊ ထို အဝီတိက္ကမ္မ သမာဒါနံကို “အဝီတိက္ကမိတဗ္ဗ သမာဒါနံကတွာ” ဖွင့်သောကြောင့် ကြိယာဝိသေသနဟု သိပါ၊ “ အတိက္ကမိတဗ္ဗ ” ဟု ဖွင့်သောကြောင့် ဝီတိက္ကမ္မ၌ ဝိ+အတိ+ကမုဓာတ်+ဏျပစ္စည်းဟုလည်း သိပါ၊ “အဝီတိက္ကမ္မ သမာဒါနံ–မလွန်ကျူးထိုက်သော ဆောက်တည်ခြင်း မည်လောက်အောင်” ဟု ကြိယာဝိသေသန အနက်ပေး၊ ဝေရမဏီကိုလည်း “ဝိရမတိ ဧတာယာတိ ဝေရမဏီ”ဟု ပြု၍ သိက္ခာပုဒ်ကို အရကောက်ပါ။

**သိက္ခမာနာ။** ။သိက္ခိတသိက္ခံပိ၌ “သိက္ခိတ” ဝယ် အတိတ်ဟော တပစ္စည်းကို ထောက်၍ သိက္ခမာနာ၌ ပစ္စုပ္ပန်ဟော မာနပစ္စည်း ဟု မှတ်ပါ၊ သိက္ခတိ- ၆ ပါးသော သိက္ခာပုဒ်တို့ကို ကျင့်ဆဲ၊ ဣတိ, သိက္ခမာနာ– မည်၏၊ ယောဇနာ၌ကား မာနဓာတ် ကြံ၍ “သိက္ခံ+မာနေတီတိ သိက္ခမာနာ”ဟု ပြုလေသည်။

## ဒုတိယ သိက္ခမာန

စတုတ္ထေ- ၌၊ သဗ္ဗံ- သည်၊ ဥတ္တာနမေဝ၊ ပန - ဆက်၊ ပဌမံ- စွာ၊ ဝုဋ္ဌာန သမ္မုတိ-ဝုဋ္ဌာနသမ္မုတိသည်၊ ဝါ-ကို၊ ဒိန္နာ-ပေးအပ်ပြီးသည်၊ သစေ နဟောတိ-အံ့၊ ( ဧဝံသတိ )၊ ဥပသမ္ပဒမာဠကေပိ - ဥပသမ္ပဒကံပြုရာ တန်ဆောင်းဝန်း၌ လည်း၊ ဒါတဗ္ဗာယေဝ - သာ၊ ဒွေပိ- ၂ ယောက်လည်း ဖြစ်ကုန်သော၊ ဣမာ- ဤ သိက္ခမာန် တို့သည်၊ မဟာ သိက္ခမာနာနာမ - မဟာ သိက္ခမာန်တို့ မည်၏၊ [အသက် ၂၀ ကျော် သိက္ခမာန်ကြီးများ-ဟူလို။]....စတုတ္ထသိက္ခာပဒံ(သမတ္တံ)။

## ဂိဟိဂတသိက္ခာပုဒ် ၃ ပါး

ပဥ္စမေ–၌၊ ဥနဒွါဒသဝဿံ- ယုတ်လျော့သော တဆယ့်နှစ်နှစ်ရှိသော ဂိဟိဂတာ မိန်းမကို၊ ဝါ- တဆယ့်နှစ်နှစ် မပြည့်သေးသော ဂိဟိဂတာ့ မိန်းမကို၊ ပရိပုဏ္ဏသညာယ-တဆယ့်နှစ်နှစ် ပြည့်ပြီးဟူသော အမှတ်ဖြင့်၊ ဝုဋ္ဌာပေန္တိယာ-ထမြောက်စေသော ရဟန်းမ၏၊ အနာပတ္တိ-သည်၊ ကိဥ္စာပိ(ဟောတိ)–အကယ်၍ကား ဖြစ်ပါပေ၏၊ ပန-ထိုသို့ အနာပတ်ဖြစ်ပါသော်လည်း၊သာ-ထိုသိက္ခမာန်သည်၊ အနုပသမ္ပန္နာဝ-ဥပသမ္ပန္နာ မဖြစ်သည်သာ၊ ဝါ-ဘိက္ခုနီ မဖြစ်သည်သာ၊ ဟောတိ၊ သေသံ ဥတ္တာနမေဝ။....ပဥ္စမသိက္ခာပဒံ(သမတ္တံ)။

ဆဋ္ဌေ-၌၊ ဒသဝဿာယ-ဆယ်နှစ်ရှိသော၊ဂိဟိဂတာယ-ယောကျ်ားတပါးသွားလာအပ်ဘူးသော မိန်းမအား၊ သိက္ခာသမ္မုတိံ-ကို၊ ဒတွာ-ပေးပြီး၍၊ ပရိပုဏ္ဏဒွါဒသ ဝဿံ - ပြည့်သော တဆယ့်နှစ်နှစ်ရှိသော မိန်းမကို၊ ဝါ-တဆယ့်နှစ်နှစ်ပြည့်ပြီးသော မိန်းမကို၊ ဥပသမ္ပာဒေတုံ-၄ါ၊ ဝဋ္ဋတိ-၏။.... ဆဋ္ဌသိက္ခာပဒံ(သမတ္တံ)။

သတ္တမေ-၌၊ သဗ္ဗံ ဥတ္တာနမေဝ၊ သဗ္ဗေသု- တတိယ သိက္ခာပုဒ်မှစ၍ အလုံးစုံသော သိက္ခာပုဒ်တို့၌၊ သမုဋ္ဌာနာဒီနိပိ- တို့သည်လည်း၊ ဒုတိယေ-၌၊ ဝုတ္တသဒိသာနေဝ-ဆိုအပ်ပြီးသော သမုဋ္ဌာန်စသည်တို့နှင့် တူကုန်သည်သာ၊ ပန- အထူးကား၊ အယံ- ဤဆိုအပ်လတ့်ကား၊ ဝိသေသော - အထူးတည်း၊ ယတ္ထ- အကြင်သိက္ခာပုဒ်၌၊ သမ္မုတိ- သမ္မုတိသည်၊ အတ္ထိ-ရှိ၏၊ ဝါ- ပါ၏၊ တံ - ထိုသိက္ခာပုဒ်သည်၊ ကိရိယာကိရိယံ - ကိရိယာ ကိရိယသည်၊ ဟောတိ၊ [ တံ နေရာဝယ် " တတ္ထ " ဟု ရှိ၏၊ ကိရိယာကိရိယံ အရ သိက္ခာပုဒ်ကို ရသောကြောင့် အရတူအောင် " တံ " ဟု ရှိမှ ကောင်းမည်၊ ] ဣတိ အယံ - ဤ ဆိုအပ်ပြီးကား၊ (ဝိသေသော-တည်း၊) ဣတိ-အပြီးတည်း။.... သတ္တမ သိက္ခာပဒံ(သမတ္တံ)။

× × × × × × ×

ဂိဟိဂတာ။ ။ဂိဟိနာ—လူယောကျ်ားသည်၊ ဂတာ—(မေထုန်ပြုသောအားဖြင့်) သွားရောက်အပ်သော မိန်းမတည်း၊ ဂိဟိဂတာ — ယောကျ်ားသည် သွားရောက်အပ်ဘူးသော မိန်းမ၊ ဣန္ဒိယ၌ အရွယ်ငယ်သော်လည်း လက်ထပ်ထားသော ယောကျ်ားရှိပြီးဖြစ်ရကား သွားလာအပ်ပြီး ဖြစ်နေတတ်သည်။

---

## သဟဇီဝိနီ သိက္ခာပုဒ်

အဋ္ဌမေ- ၌၊ န အနုဂ္ဂဏှာပေယျာတိ- ကား၊ အယျေ - အရှင်မ၊ ဣမိဿာ-ဤရဟန်းမအား၊ ဥဒ္ဒေသာဒီနိ-ပါဠိကို ရွတ်ပြခြင်း အစရှိသည်တို့ကို၊ ဝါ-ပါဠိသင်ပေးခြင်း အစရှိသည်တို့ကို၊ ဒေဟိ- ပေးလိုက်ပါလော၊ ဣတိ ဝံ—သို့၊ ဥဒ္ဒေ

သာဒိယိ-ဥဒ္ဒေသ အစရှိသည်တို့ဖြင့်၊ န အနုဂ္ဂဏှာပေယျ-မချီးမြှောက်ခစေအံ့၊ ပရိယေသိတ္ဗာ နလဘတိတိ-ကား၊ အညံ့-အခြားဆရာကို၊ ပရိယေသိတ္ဗာ-ရှာ၍၊ ဝါ- ရှာပါသော်လည်း၊ န လဘတိ - မရအံ့၊ ( တဿာ အနာပတ္တိ )၊ သယံ-ကိုယ်တိုင်၊ ဂိလာနာ— မကျန်းမာသည်၊ ဟောတိ - အံ့၊ ဥဒ္ဒေသာဒိနိ— ပါဠိကို ရွတ်ပြခြင်း အစရှိသည်တို့ကို၊ ဝါ- ပါဠိသင်ပေးခြင်း အစရှိသည်တို့ကို၊ ဒါတုံ - ပေးခြင်းငှါ၊ န သက္ကောတိ - မစွမ်းနိုင်အံ့၊ (" ဂိလာနာ ဟောတိ "ကို ထပ်ဖွင့်သည်၊) တဿာ - ထိုရဟန်းမ၏၊ အနာပတ္တိ၊ သေသံ ၊ ပေ ၊ ဒုက္ခဝေဒနန္တိ။.... အဋ္ဌမသိက္ခာပဒံ(သမတ္တံ)။

---

## နာနုဗန္ဓသိက္ခာပုဒ်

နဝမေ- ၌၊ န ဥပဋ္ဌဟေယျာတိ — ကား၊ စုဏ္ဏေန - ရေချိုးဆပ်ပြာမှုန့်ဖြင့်၊ [ ရှေးက "ရေချိုးကသဲမှုန့်"ဟု ပေး၏၊] မတ္တိကာယ- မြေညက်ဖြင့်၊ ဒန္တကဋ္ဌေန— ဒန်ပူဖြင့်၊ မုခေါဒကေန— မျက်နှာသစ်ရေဖြင့်၊ ဣတိ ဧဝံ— သို့၊ တေနတေန ကရဏီယေန— ထိုထို ပြုဘွယ်ကိစ္စဖြင့်၊ န ဥပဋ္ဌဟေယျ- မပြုစု မလုပ်ကျွေးအံ့၊ သေသံ၊ပေ၊ဒုက္ခဝေဒနန္တိ။.... နဝမသိက္ခာပဒံ (သမတ္တံ)။

## နေဝဝူပကာသနသိက္ခာပုဒ်

ဒသမေ-၌၊ နေဝ ဝူပကာသေယျာတိ-ကား၊ ဂဟေတွာ-ခေါ်၍၊နဂစ္ဆေယျ-မသွားအံ့၊ န ဝူပကာသာပေယျာတိ-ကား၊ အယျေ-အရှင်မ၊ ဣမံ-ဤရဟန်းမကို၊ ဂဟေတွာ-၍၊ ဂစ္ဆ -သွားပါလော၊' ဣတိ-သို့၊ အညံ့-အခြားရဟန်းမကို၊ န အာဏာပေယျ-မခစေခိုင်းအံ့၊ ဧတ္ထ-ဤသိက္ခာပုဒ်၌၊ သေသံ ဥတ္တာနမေဝ ၊ပေ၊ ဒုက္ခဝေဒနန္တိ။... ဒသမသိက္ခာပဒံ(သမတ္တံ)။

သတ္တမော- သော၊ ဂဗ္ဘိနီဝဂ္ဂေါ-တည်း။

× × × × × × ×

**ဝူပကာသေယျ ။** ။ ဝိ + ဥပရှေးရှိသော ကာသဓာတ် ဟု ယောဇနာ၌ ဆို၏၊ ကာသဓာတ်သည် ဂတိအနက်ကို မဟော၊ ကဿဓာတ်သာ ဂတိအနက်ကို ဟော၏၊ ထို့ကြောင့် "ဝူပကဿေယျ "ဟု ရှိလျှင် ကောင်းမည်ထင်၏၊ သို့သော် နောက်၌လည်း "ဝူပကာသေယျ"ဟုချည်း ရှိသည်။ [ "ဝိ—အရစ်တပါးသို့+ဥပ-ကပ်ရော်ခေါ်ဆောင်၍+န ကသေယျ (နကာသေယျ) —မသွားအံ့"ဟု သဒ္ဒတ္ထဖြစ်သင့်သည်။ ]

## ဂဗ္ဘိနီဝဂ်အဖွင့် ပြီး၏။

## ကုမာရိဘူတဝဂ်

### ပဌမ ကုမာရိဘူတာဒိ သိက္ခာပုဒ်

ကုမာရိဘူတဝဂ္ဂဿ- ၏၊ တိဏ်ိ - ၃ ပါးကုန်သော၊ ပဌမ ဒုတိယ တတိယ သိက္ခာပဒါနိ-ပဌမ,ဒုတိယ, တတိယသိက္ခာပုဒ်တို့သည်၊ တိဟိ-၃ ပါးကုန်သော၊ ဂိဟိဂတ သိက္ခာပဒေဟိ - ဂိဟိဂတ သိက္ခာပုဒ်တို့နှင့်၊ သဒိသာနိ- တူကုန်သည်၊ (ဟောန္တိ-ကုန်၏၊) [ဂဗ္ဘိနီဝဂ် ဂိဟိဂတသိက္ခာပုဒ်တို့နှင့် တူကုန်သည်-ဟူလို။] သဗ္ဗပဌမာ – အလုံးစုံသော သိက္ခမာန်တို့၏ ရှေးဦးစွာ ဖြစ်ကုန်သော၊ ဒွေ – ၂ ယောက်ကုန်သော၊ ယာတာ မဟာသိက္ခမာနာ - အကြင် မဟာသိက္ခမာန်တို့သည်၊ ( သန္တိ ) [ဂဗ္ဘိနီဝဂ် တတိယ စတုတ္ထ သိက္ခာပုဒ်တို့၌လာသော မဟာ သိက္ခမာန်တို့တည်း။]တာ-ထို မဟာသိက္ခမာန်တို့ကို၊ အတိက္ကန္တ ဝီသတိဝဿာ တိ-လွန်အင်ပြီသော အနှစ် ၂၀ ရှိသူတို့ဟူ၍၊ ဝါ–အနှစ် ၂၀ ကို လွန်ပြီးသူတို့ ဟူ၍၊ ဝေဒိတဗ္ဗာ-ကုန်၏၊ တာ- ထို မဟာသိက္ခမာန်တို့ကို၊ ဝါ- တို့သည်၊ ဂိဟိ ဂတာဝါ–ဂိဟိဂတာတို့သည်မူလည်း၊ ဟောန္တု၊ အဂိဟိဂတာဝါ-ဂိဟိဂတာ မဟုတ်ကုန်သည်မူလည်း၊ (ဟောန္တု)၊ သိက္ခမာနာ ဣစ္စေဝ- သိက္ခမာန်တို့ဟူ၍ သာ၊ ဝတ္တဗ္ဗာ-ကုန်၏၊ ဂိဟိဂတာတိဝါ-ဂိဟိဂတာတို့ဟူ၍၎င်း၊ ကုမာရိဘူတာတိ ဝါ - ကုမာရိဘူတာတို့ ဟူ၍၎င်း၊ န ဝတ္တဗ္ဗာ - မဆိုထိုက်ကုန်၊ [သိက္ခာသမ္မုတိ ပေးရာအခါ၌ "သိက္ခမာနာ"ဟု ဆို၍ပေးပါ-ဟူလို။]

ဂိဟိဂတာယ - ယောက်ျားတပါး သွားလာအပ်ဘူးသော မိန်းမအား၊ ဒသ ဝဿကာလေ - ၁၀ နှစ်ရှိသူ၏အခါ၌၊ သိက္ခာသမ္မုတိံ - ကို၊ ဒတွာ-ပေးပြီး၍၊ ဒွါဒသ ဝဿကာလေ – ၁၂ နှစ် ရှိသူ၏အခါ၌၊ ဥပသမ္ပဒါ– အထက်တန်း ဖြစ်သော ပြည့်စုံခြင်းကို၊ ဝါ-ရဟန်းအဖြစ်ကို၊ ကာတဗ္ဗာ-၏၊ ဧကာဒသ ဝဿ ကာလေ-၌၊ (သိက္ခာသမ္မုတိံ)ဒတွာ၊ တေရသဝဿကာလေ-၌၊ (ဥပသမ္ပဒါ) ကာတဗ္ဗာ၊ [ အဋ္ဌကထာ၌ ပေယျာလ မြှုပ်ထားသည်၊ " ဒွါဒသဝဿကာလေ ဒတွာ စုဒ္ဒသဝဿကာလေ ကာတဗ္ဗာ၊ တေရသဝဿကာလေ ဒတွာ ပန္နရသ ဝဿကာလေ ကာတဗ္ဗာ၊ စုဒ္ဒသဝဿကာလေ ဒတွာ သောဠသဝဿကာလေ ကာတဗ္ဗာ၊ ပန္နရသဝဿကာလေ ဒတွာ သတ္တရသဝဿကာလေ ကာတဗ္ဗာ၊ သောဠသဝဿကာလေ ဒတွာ အဋ္ဌာရသဝဿကာလေ ကာတဗ္ဗာ၊ သတ္တရသ ဝဿကာလေ ဒတွာ ဧကူနဝီသတိဝဿကာလေ ကာတဗ္ဗာ၊ " ဟု ပေယျာလ ဖော်ဆိုပါ။]

အဋ္ဌာရသဝဿကာလေ- ၌၊ သမ္မုတိံ-သိက္ခာသမ္မုတိကို၊ ဒတွာ-၍၊ ဝီသတိ ဝဿကာလေ- ၌၊ ဥပသမ္ပဒါ- ကို၊ ကာတဗ္ဗာ- ၏၊ စပန- ထပ်၍ ဆက်ဦးအံ့၊ အဋ္ဌာရသဝဿကာလတော ပဋ္ဌာယ, အယံ- ဤသိက္ခမာန်ကို၊ ဂိဟိဂတာတိပိ- ဂိဟိဂတာဟူ၍၎င်း၊ ကုမာရိဘူတာတိပိ- ကုမာရိဘူတာဟူ၍၎င်း၊ ဝတ္တုံ-ဆိုခြင်း

၄ါ၊ ဝန္တတိ-အပ်၏၊ ပန-ဆက်၊ ကုမာရိဘူတာ – အပျိုစင်ဖြစ်၍ ဖြစ်သော သိက္ခမာန်ကို၊ ဂိဟိဂတာတိ-ဂိဟိဂတာ ဟူ၍၊ န ဝတ္တဗ္ဗာ-ထိုက်၊ ကုမာရိဘူတာဣစ္စေဝ- ကုမာရိဘူတာ ဟူ၍သာ၊ ဝတ္တဗ္ဗာ- ၏၊ ပန – အဘိုတပါးကား၊ မဟာသိက္ခမာနာ-မဟာသိက္ခမာန်ကို၊ ဂိဟိဂတာတိပိ-ဟူ၍လည်း၊ ဝတ္တုံ- ၄ါ၊ န ဝန္တတိ၊ ကုမာရိဘူတာတိပိ-ဟူ၍လည်း၊ ဝတ္တုံ န ဝန္တတိ၊ ပန-ဆက်၊ သိက္ခာသမ္မုတိ ဒါနဝသေန-သိက္ခာသမ္မုတိကို ပေးခြင်း၏အစွမ်းဖြင့်၊ တိဿောပိ-၃ ပါးသော သိက္ခမာန်တို့ကိုလည်း၊ သိက္ခမာနာတိ- ဟူ၍၊ ဝတ္တုံ- ၄ါ၊ ဝန္တတိ-၏။...ပဉ္စမ ဒုတိယ တတိယသိက္ခာပဒါနိ (သမတ္တာနိ)။

## ဥနဒွါဒသ ဝဿာဒိ သိက္ခာပုဒ်

စတုတ္ထ ပဌမ ဆဋ္ဌေသု – တို့၌၊ သဗ္ဗံ ဥတ္တာနမေဝ၊ သဗ္ဗာနိ - အလုံးစုံသော သိက္ခာပုဒ်တို့သည်၊ တိ သမုဋ္ဌာနာနိ-၃ ပါးသော သမုဋ္ဌာန်ရှိသော သိက္ခာပုဒ်တို့တည်း၊ စတုတ္ထံ- စတုတ္ထသိက္ခာပုဒ်သည်၊ပေ၊ တိဝေဒနန္တိ၊ ပဌမံ၊ပေ၊ တိဝေဒနန္တိ၊ စ-ဆက်၊ ဧတ္ထ-ဤ ပဌမသိက္ခာပုဒ်၌၊ သံဃေန ပရိစ္ဆိန္နိတဗ္ဗာတိ-ဟူ၍၊ ယံ- အကြင်စကားကို၊ ဝုတ္တံ-မိန့်တော်မူအပ်ပြီ၊ တဿ- ထိုစကား၏၊ ဥပပရိက္ခိတဗ္ဗာတိ အတ္တော- စူးစမ်း နှိုင်းချိန်ထိုက်၏ဟူသော အနက်သည်၊ (ဟောတိ)၊ ဆဋ္ဌံ- သည်၊ ကြိယံ-တည်း၊ပေ၊ ဒုက္ခဝေဒနန္တိ၊ ပန-ဆက်၊ ဧတ္ထ-ဤ ဆဋ္ဌသိက္ခာပုဒ်၌၊ ပရိစ္ဆိန္ဒိတွာတိ - ဟူ၍၊ ယံ- အကြင်စကားကို၊ ဝုတ္တံ- ပြီ၊ တဿ – ထိုစကား၏၊ ဥပပရိက္ခိတွာတိအတ္တော-စူးစမ်း နှိုင်းချိန်ပြီး၍ ဟူသောအနက်သည်၊(ဟောတိ)။ စတုတ္ထ ပဌမ ဆဋ္ဌာနိ (သမတ္တာနိ)။

သတ္တမေ – ၌၊ သဗ္ဗံ ဥတ္တာနမေဝ ၊ပေ၊ ဒုက္ခဝေဒနန္တိ။....သတ္တမ သိက္ခာပဒံ (သမတ္တံ)။........ အဋ္ဌမေပိ – ၌လည်း၊ သဗ္ဗံ ဥတ္တာနမေဝ၊ သမုဋ္ဌာနာဒီနိပိ – တို့သည်လည်း၊ အနန္တရသဒိသာနေဝ- အခြားမဲ့၌ဖြစ်သော သတ္တမသိက္ခာပုဒ်၏ သမုဋ္ဌာန် အစရှိသည်တို့နှင့် တူကုန်သည်သာ၊ ဣတိ – အပြီးတည်း။ .... အဋ္ဌမ သိက္ခာပဒံ (သမတ္တံ)။

## သောကာဝါသ သိက္ခာပုဒ်

နဝမေ-၌၊ သောကာဝါသန္တိ-ကား၊ သင်္ကေတံ-အချိန်းအချက်ကို၊ ကတွာ– ပြုပြီး၍၊အဂစ္ဆမာနာ-မသွားသည်၊(ဟုတွာ-၍၊ဝါ-ဖြစ်ခြင်းကြောင့်၊)ပုရိသာနံ- တို့၏၊အန္တော-အတွင်းသို့၊သောကံ-သောကကို၊ဝါ-ဝမ်းနည်းခြင်းကို၊ ပဝေသေတိ–သွင်းတတ်၏၊ ဣတိ- ကြောင့်၊ သောကာဝါသာ–သောကာဝါသာ မည်၏၊ သောကာဝါသံ - ယောကျ်ားတို့အတွင်း သောကကိုသွင်းတတ်သော၊ တံ – ထို သိက္ခမာန်ကို၊ (ဝုဋ္ဌာပေယျ-၌စပ်၊) တေနေဝ-ထို့ကြောင့်ပင်၊ သောကာဝါသာ နာမ ပဒရယံ ဒုက္ခံ ဥပ္ပါဒေတီတိ- ဟူ၍၊ အာဟ- မိန့်တော်မူပြီ၊ အထဝါ-ကား၊

ယခုသာမိကာ – အိမ့်ရှင်တို့သည်၊ ယရံ - အိမ်သို့၊ (အာဝိသန္တိ)ဝိယ-ဝင်ကုန်သကဲ့သို့၊ ( တထာ )၊ အယမ္ပိ – ဤ သိက္ခမာန်သည်လည်း၊ ပုရိသသမာဂမံ–ယောက်ျားတို့နှင့် ပေါင်းဆုံခွင့်ကို၊ အလဘမာနာ-မရသည်၊ (ဟုတွာ- ၍၊ ဝါ–ကြောင့်၊) သောကံ-သောကသို့၊ အာဝိသတိ-ဝင်တတ်၏၊ ဇာတိ-ဤသို့လျှင်၊ ယံ–အကြင်သောကသို့၊ အာဝိသတိ-၏၊ သော-ထိုသောကသည်၊ အဿာ-ထို သိက္ခမာန်၏၊ အာဝါသော-တည်နေရာသည်၊ ဟောတိ-၏၊ ဣတိ-ကြောင့်၊ သောကာဝါသာ-မည်၏၊ တေန-ကြောင့်၊ သောကံ အာဝိသတီတိ-ဟူ၍၊ အာဟ-ပြီ၊ [ဤ သောကာဝါသံပုဒ်နှင့်စပ်၍ မှတ်ဘွယ်ကို ကင်္ခါဘာသာဋီကာ၌ ပြထားပြီ။] အဇ္ဈာနန္တိ-ကား၊ အယံ - ဤ သိက္ခမာန်သည်၊ ဒေိသာ - ဤကဲ့သို့ ရှုအပ်သူတည်း၊ ဝါ- ဤကဲ့သို့ရှုအပ်သော သောကာဝါသသိက္ခမာန်တည်း၊ ဣတိ- သို့၊ အဇ္ဈာနမာနာ-မသိသည်၊(“ဟုတွာ၊ ဝုဋ္ဌာပေတိ”ဟု ထည့်၍စပ်၊ )သေသံ၊ပေ၊တိဝေဒနန္တိ။…. နဝမ သိက္ခာပဒံ(သမတ္တံ)။

## အနနုညာတ သိက္ခာပုဒ်

ဒသမေ-၌၊ အနာပုစ္ဆာတိ-ကား၊ အနာပုစ္ဆိတွာ- မပန်ပြောမူ၍၊(“သိက္ခာမာနံ ဝုဋ္ဌာပေယျ”၌ စပ်၊) ဘိက္ခုနီဟိ- တို့သည်၊ ပဗ္ဗဇ္ဇာကာလေစ - ရှင်ဖြစ်ရာအခါ၌၎င်း၊ဥပသမ္ပဒါကာလေစ-ပဉ္စင်းအဖြစ်သို့ ရောက်ရာအခါ၌၎င်း၊ ဒွိက္ခတ္တုံ-၂ ကြိမ်၊ အာပုစ္ဆိတဗ္ဗံ-ပန့်ပြောရာ၏၊ ဝါ- ပန့်ပြောရမည်၊ ဘိက္ခုနိံ ပန-ရဟန်းယောက်ျားတို့၏ကား၊ သကိံ-တကြိမ်၊ အာပုစ္ဆိတေပိ-ပန့်ပြောအပ်သော်လည်း၊ ဝဋ္ဋတိ-အပ်၏၊ အဇ္ဈာနန္တိ - ကား၊ မာတာဒိနံ - အမိအစရှိသူတို့၏၊ အတ္ထိဘာဝံ-ရှိကုန်သည်၏ အဖြစ်ကို၊ အဇ္ဈာနန္တိ-မသိသည်၊ (“ဟုတွာ ဝုဋ္ဌာပေတိ” ၌စပ်၊) သေသံ ဥတ္တာနမေဝ၊ ဣဒံ - ဤ သိက္ခာပုဒ်သည်၊ အပုဗ္ဗသမုဋ္ဌာနသီသံ-ရှေးမဟုတ်သော သမုဋ္ဌာန် ဦးခေါင်းတည်း၊ ဝါ – အသစ်ဖြစ်သော သမုဋ္ဌာန် ဦးခေါင်းတည်း၊ စတုသမုဋ္ဌာနံ–၄ ပါးသော သမုဋ္ဌာန်ရှိ၏၊ ဝါစတော - နှုတ်ကြောင့်၎င်း၊ပေ၊ ကာယဝါစာစိတ္တတော-ကိုယ်, နှုတ်, စိတ်ကြောင့်၎င်း၊ သမုဋ္ဌာတိ- ဖြစ်၏။

× × × × × × ×

**ဘိက္ခုနံ၊ပေ၊ဝဋ္ဋတိ။** ။ဘိက္ခုနီတို့သည် သာမဏေပြုတုန်းက တကြိမ်, ဘိက္ခုနီပြုသောအခါ တကြိမ်, ဤသို့ မာတာပိတု သာမိကတို့အား ခွင့်ပေးဘို့ရန် ခွင့်ပန်ရသော်လည်း ဘိက္ခုတို့မှာ သာမဏေပြုစဥ်က တကြိမ် ခွင့်ရလျှင် ရဟန်းပြုခါနီး၌ မိဘတို့ထံ ခွင့်တောင်းဘွယ်မလို ဟု ဆိုလိုသည်၊ သို့သော် “ သာမဏေပြုဘို့သာ ခွင့်ပေးပါသည်, ရဟန်းပြုဘို့ ခွင့်မပေးပါ” ဟု မိဘ တယောက်ယောက်က ဆိုလျှင်ကား ထပ်မံ၍ ခွင့်တောင်းရဦးမည်သာ။

ကထံ-နည်း၊ အဗ္ဘနကမ္မာဒီသု-အဗ္ဘာနကံအစရှိသည်တို့တွင်၊ ကေနစိဒေဝ-
တစုံတခုသောလျှင် ဖြစ်သော၊ ကရဏီယေန — ပြုဘွယ်ကံကြောင့်၊ ခဏ္ဍသီမာယံ-
ခဏ္ဍသိမ်၌၊ နိသိန္နာ- ထိုင်နေသည်၊ (ဟုတ္ဝာ)၊ သိက္ခမာနံ- ကို၊ ပဏ္ဏောသထ-
ခေါ်လိုက်ကြကုန်၊ ဇုခေဝ-ဤခဏ္ဍသိမ်၌ပင်၊ နံ-ထို သိက္ခမာန်ကို၊ ဥပသမ္ပာဒေ
ဿာမ - မြင့်မြတ်သော ပဥ္စင်းမအဖြစ်သို့ ရောက်စေကုန်အံ့၊ ဇုတိ- ဤသို့ပြော၍၊
ဥပသမ္ပာဒေတိ-အံ့၊ ဇေ- ဤသို့ စေခိုင်းလသော်၊ ဝါစေတာ-ကြောင့်၊ သမုဋ္ဌာတိ-
ဖြစ်၏၊ ဥပဿယတော - ဘိက္ခုနီတို့၏ ကျောင်းမှ၊ ပဋ္ဌာယ- စ၍၊ ဥပသမ္ပာဒေ
ဿာမိ-အံ့၊ ဇုတိ - ဤသို့၊ ဝတွာ - ၍၊ ခဏ္ဍသိမံ - ခဏ္ဍသိမ်သို့၊ ဂစ္ဆန္တိယာ—
သွားသောရဟန်းမ၏၊ ကာယဝါစတော သမုဋ္ဌာတိ၊ ဒွိသုပိ- ၂ ခုလည်းဖြစ်ကုန်
သော၊ ဌာနေသု- အရပ်တို့၌၊ (ကံပြုရာအရပ်, ဥပဿယမှ ခဏ္ဍသိမ်သို့ သွားရာ
အရပ်တို့၌၊ ) ပဏ္ဏတ္တိဘာဝံ — ပညတ်တော်ရှိသည်၏ အဖြစ်ကို၊ ဇာနိတွာဝ—
သိလျက်သာလျှင်၊ ဝီတိက္ကမံ- လွန်ကြူးမှုကို၊ ကရောန္တိယာ- ပြုသောရဟန်းမ၏၊
ဝါစာစိတ္တတော-ကြောင့်ရင်း၊ကာယဝါစာစိတ္တတောစ-ရင်း၊သမုဋ္ဌာတိ-၏၊အနနု
ဇာနာပေတွာ-ခွင့်မပြုစေမူ၍၊ ဥပသမ္ပာဒနတော- မြင့်မြတ်သော ပဥ္စင်းမအဖြစ်သို့
ရောက်စေခြင်းကြောင့်၊ ကိရိယာကိရိယံ - တည်း၊ [ ရဟန်းခံပေးမှုသည် ကိရိယ,
ပန်ပြောမှုမပြုခြင်းကား အကိရိယတည်း။ ]ပေါတိဝေဒနန္တိ။····ဒသမသိက္ခာပဒံ။

## ပါရိဝါသိယ သိက္ခာပုဒ်

ကောဒသမေ-၌၊ ပါရိဝါသိက ဆန္ဒဒါနေနာတိ- ကား၊ ပါရိဝါသိကေန—
သုံးအပ်ပြီးသော၊ ဆန္ဒဒါနေန-ဆန္ဒပေးခြင်းဖြင့်၊ (''ဝုဋ္ဌာပေယျ''၌စပ်၊ )တတ္ထ-
ထို ပါရိဝါသိက ဆန္ဒဒါနေနဟူသော ပါဌ်၌၊ ပါရိဝါသိယံ- ပါရိဝါသိယသည်၊
ပရိသပါရိဝါသိယံ- ပရိသပါရိဝါသိယငင်း၊ ရတ္တိပါရိဝါသိယံ- ငင်း၊ ဆန္ဒပါရိ
ဝါသိယံ- ငင်း၊ အဇ္ဈာသယ ပါရိဝါသိယံ— ငင်း၊ ဇုတိ-သို့၊ စတုဗ္ဗိဓံ - လေးပါး
အပြားရှိ၏၊[ပါရိဝါသိယ၏ပုဒ်နက်ကို ကင်္ခါဘာသာဋီကာ၌ ပြထားပြီ။] တတ္ထ-
ထိုလေးပါးတို့တွင်၊ ပရိသပါရိဝါသိယံနာမ— ပရိသပါရိဝါသိယ မည်သည်ကို၊
(ဇဝံ ဝေဒိတဗ္ဗံ၊ ) ဘိက္ခူ — တို့သည်၊ ကေနစိဒေဝ — သော၊ ကရဏီယေန—
ကြောင့်၊သန္နိပတိတာ- စည်းဝေးကုန်သည်၊ ဟောန္တိ-ကုန်၏၊ အထ-ထိုအခါ၌၊
မေဃာဝဠ- မိုဃ်းသည်သော်လည်း၊ ဥဋ္ဌာတိ— တက်လာအံ့၊ ဥဿာရဏာဝါ-
လူအများကို တိုး၍ သွားလာစေခြင်း ကိုသော်လည်း၊ ကရိယတိ - ပြုအပ်အံ့၊
[ သံဃာစည်းဝေးရာအရပ်၌ လူအများ ရှုန်းရှုန်းဖြစ်နေအောင် တစုံတယောက်က
ပြုသည်-ဟူလို။] မနုဿာဝါ-လူတို့သည်သော်လည်း၊ အဇ္ဈောတ္ထရန္တာ-လွှမ်းမိုး
ကုန်လျက်၊ အာဂစ္ဆန္တိ-လာကုန်အံ့၊ ဘိက္ခူ—တို့သည်၊ မယံ—တို့သည်၊ အနော
ကာသာ-အခွင့်မရှိကုန်၊[''ကံပြု၍ မဖြစ်နိုင်ကုန်''ဟူလို။]အညတြ- အခြားအရပ်
သို့၊ ဂစ္ဆာမ- သွားကြစို့၊ ဇုတိ - ဤသို့တိုင်ပင်၍၊ ဆန္ဒံ - ကံပြုလိုသော ဆန္ဒကို၊

အဝိသဇ္ဇေတွာဝ-မစွန့်မူ၍သာ၊ ဥဋ္ဌဟန္တိ-ထသွားကုန်အံ့၊ ဣဒံ-ဤထသွားခြင်းသည်၊ ပရိသပါရိဝါသိယံ နာမ - ပရိသတ်၏ သုံးခြင်းမည်၏၊ ဝါ – ပရိသတ်၏ ပျက်ပြယ်ခြင်း မည်၏၊ ပရိသပါရိဝါသိယံ – ပရိသပါရိဝါသိယသည်၊ ကိဉ္စာပိ (ဟောတိ)- အကယ်၍ကား ဖြစ်ပါပေ၏၊ ပန - ထိုသို့ပင် ဖြစ်ပါသော်လည်း၊ ဆန္ဒသဿ-ကံပြုလိုသောဆန္ဒ၏၊ ဝါ-ကို၊ အဝိသဇ္ဇိတတ္တာ- မစွန့်အပ်သည်၏ အဖြစ်ကြောင့်၊ ကမ္မံ-ကို၊ ကာတုံ- အခြားတနေရာ၌ပြုခြင်းငှါ၊ ဝဋ္ဋတိ-အပ်၏။ [ပရိသာယ-၏၊ ပါရိဝါသိယံ-သုံးပြီးခြင်း၊ ဝါ-ပျက်ပြယ်ခြင်း၊ ပရိသပါရိဝါသိယံ- ခြင်း။]

ပုန-တဖန်၊ ဘိက္ခူ-တို့သည်၊ ဥပေါသထာဒီနိ-ဥပုသ်အစရှိသည်တို့ကို၊ ကရိဿာမ-ပြုကုန်အံ့၊ ဣတိ-ဤသို့ကြ၍၊ ရတ္တိံ - ညဉ့်အခါ၌၊ သန္နိပတိတွာ- စည်းဝေး၍၊ ယာဝ- အကြင်မျှလောက်၊ သဗ္ဗေ-အလုံးစုံသောရဟန်းတို့သည်၊ သန္နိပတန္တိ-စုဝေးမိကုန်၏၊ တာဝ - လောက်၊ [ ရဟန်းအားလုံး စုရုံးပြီးသည့်တိုင်အောင်။] ဓမ္မံ-ကို၊ သုဏိဿာမ - နာကြကုန်အံ့၊ ဣတိ - ဤသို့ပြော၍၊ ဧကံ - တပါးသော ရဟန်းကို၊ အဇ္ဈေသန္တိ - တရားဟောဘို့ရန် တိုက်တွန်းကြကုန်၏၊ တသ္မိံ - ထို ရဟန်းသည်၊ ဓမ္မကထံ– ကို၊ ကထေန္တေယေဝ- ဟောနေစဉ်ပင်၊ အရုဏော–သည်၊ ဥဂ္ဂစ္ဆတိ- တက်အံ့၊ စာတုဒ္ဒသိကံ - စာတုဒ္ဒသိကဖြစ်သော၊ ဥပေါသထံ-ဥပုသ်ကို၊ ကရိဿာမ-ကုန်အံ့၊ ဣတိ–ဤသို့ ကြံ၍၊ နိသိန္နာ-ထိုင်နေကုန်သည်၊ သစေ(ဟောန္တိ၊ ဧဝံသတိ၊)ပန္နရသောတိ-ပန္နရသောဟူ၍၊ [“အဇ္ဇုပေါသထော ပန္နရသော”ဟု ဆို၍။] ကာတုံ ဝဋ္ဋတိ၊ ပန္နရသိကံ-ပန္နရသိကဥပုသ်ကို၊ ကာတုံ နိသိန္နာ သစေ (ဟောန္တိ၊ ဧဝံသတိ)၊ ပါဋိပဒေ-အထွက်တရက် ဖြစ်သော၊ အနုပေါသထေ–ဥပုသ်မဟုတ်သောနေ့၌၊ ဥပေါသထံ ကာတုံ န ဝဋ္ဋတိ၊ ပန-အန္တယကား၊ အညံ-ဥပုသ်မှ အခြားသော၊ သံဃကိစ္စံ-ကို၊ ကာတုံ ဝဋ္ဋတိ၊ ဣဒံ-ဤ ပါရိဝါသိယသည်၊ ရတ္တိပါရိဝါသိယံနာမ – ညဉ့်၏ သုံးခြင်းမည်၏၊ ဝါ – ညဉ့်၏ ကင်းခြင်းမည်၏၊ [“ပရိဝသနံ + ပရိဝါသော” ဟု ဘာဝသာဓ်ပြု၊ ပရိဝါသော ဧဝ+ပါရိဝါသိယံ၊ ရတ္တိယာ+ ပါရိဝါသိယံ ရတ္တိပါရိဝါသိယံ။]

ပုန – တဖန်၊ ဘိက္ခူ - တို့သည်၊ ကိဉ္စိဒေဝ - တစုံတခုသောလျှင် ဖြစ်သော၊ အဗ္ဘာနာဒိသံဃကမ္မံ-အဗ္ဘာန အစရှိသော သံဃကံကို၊ ကရိဿာမ - ကုန်အံ့၊ ဣတိ - ဤသို့ကြံ၍၊ နိသိန္နာ - ထိုင်နေကုန်သည်၊ ဟောန္တိ - ကုန်၏၊ တတြ - ထို ထိုင်နေကုန်သောရဟန်းတို့တွင်၊ ဧကော-တပါးသော၊ နက္ခတ္တပါဌကော-နက္ခတ်ကျမ်းကို ရွတ်ဖတ်တတ်သော၊ ဘိက္ခု-သည်၊ ဧဝံ-သို့၊ ဝဒတိ – ပြောအံ့၊ (ကိံ)၊ အဇ္ဇ-ယနေ့၊ နက္ခတ္တံ-နက္ခတ်သည်၊ ဒါရုဏံ-ကြမ်းတန်း၏၊ ဣဒံ ကမ္မံ-ဤကံကို၊ မာကရောထ-မပြုကြကုန်လင့်၊ ဣတိ-သို့၊ (ဝဒတိ-အံ့၊) တေ-ထိုရဟန်းတို့သည်၊ တဿ-ထို နက္ခတ္တပါဌကရဟန်း၏၊ ဝစနေန-စကားကြောင့်၊ ဆန္ဒံ-ကံပြုလိုသော ဆန္ဒကို၊ ဝိသဇ္ဇေတွာ-၍၊ တတ္ထေဝ–ထိုအရပ်၌ပင်၊ နိသိန္နာ-ထိုင်နေကုန်သည်၊

ဟောန္တိ—ကုန်အံ့၊ အထ-ထိုအခါ၌၊ အညော- အခြားသောရဟန်းသည်၊ အာဂစ္ဆိတွာ-၍၊ နက္ခတ္တံ- ကောင်းသောနက္ခတ်ကို၊ ပတိမာနေန္တံ - မြော်လင့်နေသော၊ ဗာလံ-လူပြိန်း လူအကို၊ အတ္တော- အကျိုးစီးပွားသည်၊ ဥပစ္စဂါ (ဥပ+အတိ+အဂါ)- ကပ်၍လွန်သွားပြီ၊ [ ဤကား ဇာတ်တော်လာဂါထာ ၂ ပါဒတည်း။] ဣတိ-သို့၊ ဝတွာ-၍၊ နက္ခတ္တေန-နက္ခတ်ဖြင့်၊ ကိံ-အဘယ်ကို၊ ကရောထ-ပြုကုန်အံ့နည်း၊ ဣတိ-သို့၊ ဝဒတိ-အံ့၊ ဣဒံ-ဤ ပါရိဝါသိယသည်၊ ဆန္ဒ ပါရိဝါသိယဋ္ဌေဝ - ဆန္ဒ၏ သုံးခြင်းသည်ငှင်း၊ အဇ္ဈာသယ ပါရိဝါသိယဥ္စ - အဇ္ဈာသယ၏ သုံးခြင်းသည်ငှင်း၊ (ဟောတိ)၊ တေသုံ ပါရိဝါသိယေ-ဤ ပါရိဝါသိယ၌၊ ပုန-တဖန်၊ ဆန္ဒပါရိသုဒ္ဓိံ - ဆန္ဒပါရိသုဒ္ဓိကို၊ အနာနေတွာ-မဆောင်မူ၍၊ ကမ္မံ-ကို၊ ကာတုံ, န ဝဋ္ဋတိ - မအပ်၊ [ဤသိက္ခာပုဒ်နှင့်စပ်၍ မှတ်ဘွယ်ကို ကင်္ခါဘာသာဋီကာ,ပါတိမောက်ဘာသာဋီကာတို့၌ ပြထားပြီ။]ဝုဋ္ဌိတာယ ပရိသာယာတိ-ကား၊ ဆန္ဒံ- ကံပြုလိုသော ဆန္ဒကို၊ ဝိသဇ္ဇေတွာ— စွန့်ပြီး၍၊ ကာယေနဝါ— သော်ငှင်း၊ ဝါစာယဝါ - သော်ငှင်း၊ ဆန္ဒ ဝိသဇ္ဇန မတ္တေနေဝဝါ— ဆန္ဒကို စွန့်ခြင်းမျှဖြင့် သော်ငှင်း၊ ပရိသာယ - ပရိသတ်သည်၊ ဥဋ္ဌိတာယ - ထသွားပြီးသော်၊ (“သိက္ခမာနံ ဝုဋ္ဌာပေယျ”၌ စပ်၊) အနာပတ္တိ၊ပေ၊ပရိသာယာတိ-ကား၊ ဆန္ဒံ-ကို၊ အဝိသဇ္ဇေတွာ—မစွန့်မူ၍၊ (ပရိသာယ—သည်၊) အဝုဋ္ဌိတာယ-မထသေးမီ၊ (သိက္ခမာနံ ဝုဋ္ဌာပေတိ-အံ့၊) အနာပတ္တိ၊ သေသံ၊ပေ၊တိဝေဒနန္တိ။ [ဤဝါကျတို့၏ အဓိပ္ပါယ်ကို ကင်္ခါဘာသာဋီကာ၌ ပြထားပြီ။]....ကောဒသမ သိက္ခာပဒံ(သမတ္တံ)။

## အနုဝဿသိက္ခာပုဒ်

ဒွါဒသမေ-၌၊ ဥပဿယော န သမ္မတီတိ-ကား၊ ဝသနောကာသော - နေရာအရပ်သည်၊ နပ္ပဟောတိ-မလောက်၊ ဝါ-မဆန့်၊[သမုဓာတ်သည် ငြိမ်သက်ခြင်းအနက်ကိုဟောသော်လည်း ဓာတုနံအနေကတ္ထတ္တာနှင့်အညီ ပဟောနကအနက်ကို ယူစေလို၍ “န ပဟောတိ”ဟု ဖွင့်သည်။] သေသံ ဥတ္တာနမေဝ၊ သမုဋ္ဌာနာဒီနိ - တို့သည်၊ အနန္တရသဒိသာနေဝ — အခြားမဲ့သိက္ခာပုဒ်၏ သမုဋ္ဌာန် အစရှိသည်တို့နှင့် တူကုန်သည်သာ၊ ဣတိ-အပြီးတည်း။.... ဒွါဒသမ သိက္ခာပဒံ။

တေရသမေ-၌၊ ဧကံဝဿံဒွေတိ—ကား၊ ဧကန္တရိကေ-တနှစ်ခြားဖြစ်သော၊ ဧကသ္မိံ သံဝစ္ဆရေ-တနှစ်၌၊ ဒွေ-၂ယောက်သော သိက္ခမာန်တို့ကို၊ ဝုဋ္ဌာပေန္တိ-သိက္ခမာန်အဖြစ်မှ ထမြောက်စေကြကုန်၏၊ [ ပါဠိတော်၌ “ ဝုဋ္ဌာပေန္တိ ” ဟု ရှိသည်၊] သေသံ၊ပေ၊သဒိသာနေဝါတိ။....တေရသမသိက္ခာပဒံ(သမတ္တံ)။

အဋ္ဌမော-သော၊ ကုမာရိဘူတဝဂ္ဂေါ—တည်း။

**ကုမာရိဘူတဝဂ်အဖွင့် ပြီး၏။**

# ဆတ္တုပါဟနဝဂ်

## ဆတ္တုပါဟန သိက္ခာပုဒ်

ဆတ္တဝဂ္ဂဿ ပဌမသိက္ခာပဒေ, သကိမ္ပိ ၊ပေ၊ ပါစိတ္တိယဿာတိ-ကား၊ မဂ္ဂဂမနေ-ခရီးသွားရာအခါ၌၊ ဧကပ္ပဒယာဒဂမနေဝ- တကြိမ်တည်းသော ပယောဂ ဖြင့်သာလျှင်၊ ဒိဝသမ္ပိ-တနေ့ပတ်လုံးလည်း၊ ဓာရေတိ-ဆောင်အံ့၊ ဝါ-ဆောင်းအံ့၊ ဧကာဝ-တချက်သာလျှင် ဖြစ်သော၊ အာပတ္တိ (ဟောတိ)၊ ကဒ္ဒမာဒီနိ-ညွှန်အစရှိသော အရပ်တို့သို့၊ ပတွာ-၍၊ ဥပါဟနာ- ဘိနပ်တို့ကို၊ ဩမုဉ္စိတွာ-ချွတ်၍၊ ဆတ္တမေဝ-ထီးကိုသာလျှင်၊ ဓာရေန္တ-ဆောင်လျက်၊ ဝါ-ဆောင်းလျက်၊ သစေ ဂစ္ဆတိ-အံ့၊(ဧဝံသတိ)၊ ဒုက္ကဋံ၊ ဂစ္ဆာဒီနိ- ချုံ အစရှိသည်တို့ကို၊ ဒိသွာ-မြင်၍၊ ဆတ္တံ—ကို၊ အပနာမေတွာ—ဘေးသို့ ညွတ်စေ၍၊ ဝါ-ဖယ်၍၊ ဥပါဟနာ ရုဠှာဝ-စီးအပ်သော ဘိနပ်ရှိသည်သာ၊ (ဟုတွာ) အထာပိ ဂစ္ဆတိ-အကယ်၍မူလည်း သွားအံ့၊ ( ဧဝံသတိပိ )၊ ဒုက္ကဋမေဝ၊ [" ထီးမဆောင်းသော်လည်း ဘိနပ်စီးသောကြောင့် ဒုက္ကဋ်အာပတ်သင့်သည်" ဟူလို။] ဆတ္တမ္ပိ - ကိုလည်း၊ အပနာမေတွာ-၍၊ ဥပါဟနာပိ-တို့ကိုလည်း၊ ဩမုဉ္စိတွာ—ချွတ်၍၊ ပုန—တဖန်၊ သစေဓာရေတိ-အံ့၊ (ဧဝံသတိ)ပုန ပါစိတ္တိယံ၊ ဧဝံ—သို့၊ ပယောဂဂဏနာယ-အားဖြင့်၊ အာပတ္တိယော—တို့ကို၊ ဝေဒိတဗ္ဗာ-ကုန်၏၊ သေသံ၊ပေ၊တိဝေဒနန္တိ။ [ဤသိက္ခာပုဒ်၏ အဓိပ္ပါယ်ကို ပါတိမောက်ဘာသာဋီကာ၌ ပြထားပြီ။]···· ပဌမ သိက္ခာပဒံ(သမတ္တံ)။

## ယာနသိက္ခာပုဒ်

ဒုတိယေ, ယာနေန ယာယန္တိ ဧတ္ထာပိ- ဟူသော ဤပါဌ်၌လည်း၊ ဩရောဟိတွာ—သက်ဆင်း၍၊ ပုနပ္ပုနံ- ထပ်ခါထပ်ခါ၊ အဘိရုဟန္တိယာ-တက်စီးသော ရဟန်းမ၏၊ ပယောဂဂဏနာယ-အားဖြင့်၊ အာပတ္တိယော ဝေဒိတဗ္ဗာ၊ သေသံ-သည်၊ ပဌမေ - ၌၊ ဝုတ္တနယမေဝ - သည်သာ၊ ဣတိ— အပြီးတည်း၊···· ဒုတိယ သိက္ခာပဒံ(သမတ္တံ)။

## မဏိဝိပ္ပကိဏ္ဏာ သိက္ခာပုဒ်

တတိယေ,ဝိပ္ပကိရိယိံသူတိ-ကား၊ မဏယော-ပဒမြားတို့သည်၊[ယောဇနာ၌ကား "ရတနာနိ"ဟု ဖွင့်၏၊] ဝိပ္ပကိဏ္ဏာ- ဖရိုဖရဲ, ပြန့်ကြဲကုန်ပြီ၊ ဣမံပိ-ဤ သိက္ခာပုဒ်၌လည်း၊ ဩမုဉ္စိတွာ- ချွတ်၍၊ ဓာရေန္တိယာ-ပြန်ဆောင်သောရဟန်းမ၏၊ ပယောဂဂဏနာယ-ဖြင့်၊ အာပတ္တိယော (ဝေဒိတဗ္ဗာ၊) သမုဋ္ဌာနာဒီနိ—တို့သည်၊ ဝုတ္တနယာနေဝ· သာ၊ ကေဝလံ-သက်သက်၊ ဣဓ-၌၊ အကုသလစိတ္တံ-သည်၊ ဟောတိ၊ ဣတိ· တည်း။....တတိယသိက္ခာပဒံ (သမတ္တံ)။

စတုတ္ထေ–၌၊ သိသ္သူပဂါဒိသု- ဥုးခေါင်းတန်ဆာ အစရှိသည်တို့တွင်၊ ယံယံ-အကြင်အကြင် တန်ဆာကို၊ ခာရေတိ- ၏၊ တဿတဿ-ထိုထိုတန်ဆာ၏၊ ဝါ-နှင့်၊ ဝသေန-စပ်သဖြင့်၊ ဝတ္ထုဂဏနာယ-အားဖြင့်၊ အာပတ္တိယော ဝေဒိတဗ္ဗာ၊ သေသံ တတိယေ ဝုတ္တနယမေဝါတိ။.... စတုတ္ထသိက္ခာပဒံ(သမတ္တံ)။

ပဉ္စမေ, ဂန္ဓဝဏ္ဏကေနာတိ- ကား၊ ဂန္ဓေနစ- နံ့သာဖြင့်၎င်း၊ ဝါ–နံ့သာဖြင့် ရောစပ်အပ်သော ရေဖြင့်၎င်း၊ ဝဏ္ဏကေနစ-အဆင်းကို ပြုတတ်သော အလှရည်ဖြင့်၎င်း၊ ဝါ-အလှရည်ဖြင့် ရောစပ်အပ်သော ရေဖြင့်၎င်း၊(“နှာယန္တိ”၌စပ်၊) သေသံ၊ပေ၊သဒိသာနေဝါတိ။....ပဉ္စမသိက္ခာပဒံ(သမတ္တံ)။

ဆဋ္ဌေ– ၌၊ သဗ္ဗံ- သည်၊ ပဉ္စမေ – ၌၊ ဝုတ္တသဒိသမေဝါတိ၊ ဆဋ္ဌသိက္ခာပဒံ (သမတ္တံ)။ [ ဒုတိယသိက္ခာပုဒ်မှစ၍ ဤ သိက္ခာပုဒ်များ၏ အဓိပ္ပါယ်ကိုလည်း ပါတိမောက်ဘာသာဋီကာ၌ ပြထားပြီ။]

## ဥမ္မဒ္ဒါပန သိက္ခာပုဒ်များ

သတ္တမေ, ဥမ္မဒ္ဒါပေတိ အာပတ္တိ ပါစိတ္တိယဿာတိ တွေ–ဟူသော ဤပါဠိ၌၊ ဟတ္ထံ-လက်ကို၊ အမောစေတွာ-မလွှတ်စေမူ၍၊ ဥမ္မဒ္ဒနေ-ပွတ်တိုက်ခြင်းကြောင့်၊ ဧကာဝ အာပတ္တိ(ဟောတိ)၊ မောစေတွာ မောစေတွာ- လွှတ်စေ၍ လွှတ်စေ၍၊ ဥမ္မဒ္ဒနေ-ကြောင့်၊ ပယောဂဂဏနာယ အာပတ္တိယော၊ သမ္ဗာဟနေပိ-ဆုပ်နယ်စေခြင်း၌လည်း၊ ဧသေဝနယော-တည်း၊ ဂိလာနာယာတိ–ကား၊ အန္တမသော-အားဖြင့်၊မဂ္ဂဂမနပရိဿမေနပိ-လမ်းသွားရခြင်းကြောင့် ညောင်းညာပင်ပန်းခြင်း အားဖြင့်လည်း၊ သာဗာဓာယ- အနာရှိသည်ဖြစ်၍၊(“ဥမ္မဒ္ဒါပေန္တိယာ အနာပတ္တိ”၌စပ်၊)အာပဒါသူတိ-ကား၊ စောရဘယာဒီဟိ- ခိုးသူဘေး အစရှိသည်တို့ ကြောင့်၊ သရီရကမ္မနာဒိသု – ကိုယ်၏ တုန်လှုပ်ခြင်း အစရှိသည်တို့ကြောင့်၊ (“ဥမ္မဒ္ဒါပေန္တိယာ အနာပတ္တိ၊” ) သေသံ၊ပေ၊သဒိသာ နေဝါတိ။.... သတ္တမ သိက္ခာပဒံ(သမတ္တံ)။

အဋ္ဌမာဒိသု-အဋ္ဌမသိက္ခာပုဒ် အစရှိကုန်သော၊ တီသု-သုံးပါးသော သိက္ခာပုဒ်တို့၌၊ သိက္ခမာနာယ သာမဏေရိယာ ဂိဟိနိယာတိ ဣဒမေဝ-သိက္ခမာနာယ, သာမဏေရိယာ, ဂိဟိနိယာဟူသော ဤပုဒ်အပေါင်းသည်သာ၊ နာနာကရဏံ– အသီးအခြား ပြုကြောင်း အထူးတည်း၊ သေသံ ၊ ပေ၊ သဒိသမေဝါတိ။.... အဋ္ဌမ နဝမ ဒသမသိက္ခာပဒါနိ (သမတ္တာနိ)။

## ပုရတောနိသီဒနသိက္ခာပုဒ်

ကောဒသမေ-၌၊ ဘိက္ခုဿ ပုရတောတိ (ပဒဿ) - ဟူသောပုဒ်၏၊ အဘိမုခံ-ရှေးရှု၌၊ ဣတိ အတ္ထော ဝေ-ဤအနက်သည်သာ၊ (ဟောတိ)၊ [ပုရတောဟု

ထိုသော်လည်း ရဟန်း၏ ရှေ့နား၌ နေရမည် ဟု မဆိုလို၊ ရှေးရှု မြင်လောက်ရာ အရပ်ကို ဆိုလိုသည်-ဟူလို။] ပန- ဆက်၊ ဣဒံ- ဤ ဘိက္ခုဿ ပုရတောဟူသော စကားကို၊ ဥပစာရံ-၁၂ တောင်ဥပစာကို၊ သန္ဓာယ-၍၊ ကထိတံ- ဟောတော်မူအပ်ပြီ၊ [ ဥပစာရံ သန္ဓာယာတိ သမန္တာ ဒွါဒသဟတ္ထုပစာရံ သန္ဓာယ-ဋီကာ။ ] ဣတိ ဝေဒိတဗ္ဗံ၊ သေသံ၊ ပေ၊ တိဝေဒနန္တိ။ ····ကောဒသမသိက္ခာပဒံ (သမတ္တံ)။

## ပဥ္စာပုဏ္ဏက သိက္ခာပုဒ်

ဒွါဒသမေ- ၌၊ အနောကာသကတန္တိ - ကား၊ အသုကသ္မိံ နာမ ဌာနေ — ထိုမည်သော ပါဠိရပ်၌၊ ပုစ္ဆာမိ - မေးလိုပါ၏၊ ဝါ - မေးပါရစေ၊ ဣတိဧဝံ - သို့၊ အကတဘြကာသံ-မပြုအပ်သော အခွင့်ရှိသော၊ ဝါ-ခွင့်မပြုသေးသော၊ (“ဘိက္ခုံ ပဉှံ ပုစ္ဆေယျ”၌စပ်၊) တေနေဝ—ထို့ကြောင့်ပင်၊ အနောကာသကတန္တိ အနာပုစ္ဆာတိ-ဟူ၍၊ အာဟ-ပြီ၊ အနောဒိဿာတိ-ကား၊ အသုကသ္မိံ နာမ ဌာနေ-၌၊ ပုစ္ဆာမိ-၏၊ ဣတိဧဝံ-သို့၊ အနိယမေတွာ-မသတ်မှတ်မူ၍၊ ကေဝလံ-သက်သက်၊ (“ဧဝံဝတွာ”၌ စပ်၊) အယျ- အရှင်ဘုရား၊ ပုစ္ဆိတဗ္ဗံ - မေးဘွယ်သည်၊ ဝါ-မေးစရာသည်၊ အတ္ထိ-ရှိပါ၏၊ ပုစ္ဆာမိ-မေးလိုပါ၏၊ ဝါ-မေးပါရစေ၊ ဣတိဧဝံ-သို့၊ ဝတွာ- လျှောက်ပြီး၍၊ (ပုစ္ဆတိ-အံ့၊) သေသံ၊ ပေ၊ တိဝေဒနန္တိ။....ဒွါဒသမ သိက္ခာပဒံ (သမတ္တံ)။

## အသံကစ္ဆိက သိက္ခာပုဒ်

တေရသမေ- ၌၊ ပရိက္ခေပံ အတိက္ကာမေန္တဿာတိ - ကား၊ ဧကေန - တဖက်သော၊ ပါဒေန-ခြေဖြင့်၊ (ပရိက္ခေပေ - အကာအရံကို၊) အတိက္ကန္တေ- လွန်အပ်သော်၊ ဒုက္ကဋံ(ဟောတိ)၊ ဒုတိယေန-ဒုတိယခြေဖြင့်၊(ပရိက္ခေပေ အတိက္ကန္တေ) ပါစိတ္တိယံ၊ ဥပစာရေပိ - ဥပစာ၌လည်း၊ ဧသေဝနယော- တည်း၊ အစ္ဆိန္နစီဝရိကာယာတိ အာဒိသု- အစရှိသောပါဠိရပ်တို့၌၊ သံကစ္ဆိက စီဝရမေဝ—ရင်စည်းသင်္ကန်းကိုပင်၊ စီဝရန္တိ-ဟူ၍၊ ဝေဒိတဗ္ဗံ-၏၊ [ဤ သံကစ္ဆိကပုဒ်၏ အဓိပ္ပါယ်ကို ပါဘိမေဒ်ဘာသာဋီကာ၌ ပြထားပြီ။] အာပဒါသူတိ-ကား၊ သံကစ္ဆိကံ-ရင်စည်း တဘက်သည်၊ မဟဂ္ဃံ - များသောအဖိုး ရှိသည်၊ ဝါ - အဖိုးများစွာ ထိုက်တန်သည်၊ ဟောတိ—ဖြစ်အံ့၊ ပါရုပိတွာ-ခြုံ၍၊ ဂစ္ဆန္တိယာစ - သွားသောရဟန်းမ၏လည်း၊ ဥပဒ္ဒဝေါ-ဘေးရန်သည်၊ ဥပဇ္ဇတိ-ဖြစ်တတ်အံ့၊ ဧဝရူပါသု-ကုန်သော၊ အာပဒါသု—ကြောင့်၊(အသံကစ္ဆိကာယ-ရင်စည်းသင်္ကန်း မပါဘဲ၊ ဂါမံ-သို့၊ ပဝိသန္တိယာ – ၏၊) အနာပတ္တိ၊ သေသံ၊ ပေ၊ တိဝေဒနန္တိ။····တေရသမသိက္ခာပဒံ (သမတ္တံ)။....နဝမော—သော၊ ဆတ္တုပါဟနဝဂ္ဂေါ-တည်း။

ဆတ္တုပါဟနဝဂ်အဖွင့် ပြီး၏။

# နိဂုံးအဖွင့်

**နိဂုံး** ဥဒ္ဒိဋ္ဌာခေါ၊ပေ၊ဓမ္မာတိ ဧတ္ထ-ဟူသော ဤပါဠိ၌၊သဗ္ဗာနေဝ-အလုံးစုံသာ လျှင် ဖြစ်ကုန်သော၊ ( " သိက္ခာပဒါနိ " ၌ စပ်၊ ) ဘိက္ခုနီနံ – တို့၏၊ ခုဒ္ဒကေသု–ခုဒ္ဒကသိက္ခာပုဒ်တို့၌၊ ဆန္နဝုတိ- ၉၆ ပါးငှင်း၊ ဘိက္ခူနံ–တို့၏၊ ဒွေ နဝုတိ - ၉၂ ပါးငှင်း၊ ဣတိ - သို့၊ အဋ္ဌာသီတိသတံ - တရာ့ ရှစ်ဆဲ့ရှစ်ပါးသော၊ သိက္ခာပဒါနိ-တို့ကို၊(ဥဒ္ဒိဋ္ဌာနိ- သရုပ်အားဖြင့် ထုတ်ပြအပ်ပါကုန်ပြီ၊)တတော- ထို တရာ့ရှစ်ဆဲ့ရှစ်ပါးသော သိက္ခာပုဒ်တို့မှ၊ ( အပနေတွာ၌ စပ်၊ ) သကလံ- အလုံးစုံသော၊ ဘိက္ခုနီဝဂ္ဂံ- ဘိက္ခုနီဝဂ်ငှင်း၊ [ဣတိ၌ စပ်ရမည်ဖြစ်၍ "ငှင်း" ဟု ပေးသည်၊ အပနေတွာ၏ ကံပုဒ်အစိတ်ဖြစ်သောကြောင့် "ဘိက္ခုနီဝဂ္ဂံ"ဟု ဒုတိယန္တဖြင့်လည်း ထားသည်။ ] ပရမ္ပရဘောဇနံ- ပရမ္ပရဘောဇန သိက္ခာပုဒ် ငှင်း၊ [ဤမှနောက်၌ သိက္ခာပုဒ်နာမည်ထည့်၍ ပေး၊]အနတိရိတ္တဘောဇနံ-ငှင်း၊ အနတိရိတ္တေန အဘိဟဋ္ဌုံ ပဝါရဏံ- အနတိရိတ္တေန အဘိဟဋ္ဌုံ ပဝါရဏာ သိက္ခာပုဒ်ငှင်း၊ ပဏီတဘောဇနဝိညတ္တိ- ငှင်း၊ပေ၊ မာတုဂါမေန ၊ ပေ ၊ အဒ္ဓါန ဂမနံ- မာတုဂါမေနသဒ္ဓိံ သံဝိဓာယ အဒ္ဓါနဂမနသိက္ခာပုဒ်ငှင်း၊ ရာဇန္တေ ပုရ ပ္ပဝေသနံ - ငှင်း၊ သန္တံ ဘိက္ခုံ ၊ပေ၊ ဂါမပ္ပဝေသနံ- သန္တံ ဘိက္ခုံ ၊ပေ၊ ဂါမပ္ပဝေ သနသိက္ခာပုဒ်ငှင်း၊ နိသီဒနံ-ငှင်း၊ ဝဿိကသာဋိကံ-ငှင်း၊ ဣတိ သို့၊ဒွါဝီသတိ- ၂၂ ပါးသော၊ ဣမာနိ သိက္ခာပဒါနိ-တို့ကို၊ အပနေတွာ- ဖယ်၍၊ သေသာနိ- ကြွင်းကုန်သော၊ သတံ – တရာသော၊ သိက္ခာပဒါနိစ - တို့သည်ငှင်း၊ ဝါ- တို့ကို ငှင်း၊ ဆသဋ္ဌိ - ၆၆ ပါးသော၊ သိက္ခာပဒါနိစ – တို့သည်ငှင်း၊ ဝါ- တို့ကိုငှင်း၊ ပါတိမောက္ခုဒ္ဒေသမဂ္ဂေန - ပါတိမောက် ရွတ်ပြစဉ်အားဖြင့်၊ ဥဒ္ဒိဋ္ဌာနိ - သရုပ် အားဖြင့် ရွတ်ပြအပ်ပြီးကုန်သည်၊ ဟောန္တိ၊ ဣတိ,ဝေဒိတဗ္ဗာနိ၊ တေန–ကြောင့်၊ ဥဒ္ဒိဋ္ဌာ ခေါ၊ပေ၊ ဓာရယာမိတိ- ဟူ၍၊ အာဟ - မိန့်တော်မူပြီ။

တတြ - ထို သုဒ္ဓပါစိတ်၌၊ အယံ– ဤ ဆိုအပ်လတ္တံ့ကား၊ သင်္ခေပတော– အကျဉ်းချုပ်အားဖြင့်၊ သမုဋ္ဌာနဝိနိစ္ဆယော – သမုဋ္ဌာန် အဆုံးအဖြတ်တည်း၊ ဂိရဂ္ဂသမဇ္ဇံ- ဂိရဂ္ဂသမဇ္ဇ သိက္ခာပုဒ်ငှင်း၊ စိတ္တာဂါရ သိက္ခာပဒံ- ငှင်း၊ပေ၊ဘိက္ခုနီ အာဒိဟိ- ဘိက္ခုနီ အစရှိသူတို့ကို၊ ဝါ- ဘိက္ခုနီ, သိက္ခမာန် , သာမဏေမ, လူ ဝတ်ကြောင်မတို့ကို၊ ဥမ္မဒ္ဒါပန ပရိမဒ္ဒါပနာနိ - ချေးပွတ်စေခြင်း, ဆုပ်နယ်စေခြင်း ဟူသော သိက္ခာပုဒ်တို့ငှင်း၊ [ကန်ါ၌ ဥမ္မဒ္ဒါပန, ပရိမဒ္ဒါပန ဟု ရှိ၏၊] ဣတိ- သို့၊ ဒသ-ကုန်သော၊ ဣမာနိသိက္ခာပဒါနိ- တို့သည်၊ အစိတ္တကာနိ-အစိတ္တကသိက္ခာ ပုဒ်တို့တည်း၊ လောကဝဇ္ဇာနိ - လောက၌ အပြစ်ရှိသော သိက္ခာပုဒ် တို့တည်း၊ ပန-ဆက်၊ အယံ- ဤဆိုအပ်လတ္တံ့ကား၊ ဧတ္ထ - ဤအစိတ္တက အစရှိသည်တို့၌၊ အဓိပ္ပါယော-အဋ္ဌကထာဆရာ၏အလိုတည်း၊စိတ္တေန- ဝတ္ထုကိုသိသောစိတ်နှင့်၊ ဝိနာပိ- ကင်း၍လည်း၊ ( ပိဖြင့် "မကင်းဘဲလည်း"ဟုဆည်း၊)အာပဇ္ဇိတဗ္ဗတ္တာ-

သင့်ရောက်ထိုက်ကုန်သည်၏အဖြစ်ကြောင့်၊ အစိတ္တကာနိ-အစိတ္တကတို့တည်း၊ ပန-ကား၊ စိတ္တေ- ဝတ္ထုကို သိသောစိတ်သည်၊ သတိ—ရှိလသော်၊ အကုသလေ နေဝ- အကုသိုလ်စိတ်ဖြင့်သာ၊ အာပဇ္ဇိတဗ္ဗတ္တာ- ကြောင့်၊ လောကဝဇ္ဇာနိ-တို့ တည်း၊ အဝသေသာနိ —ကြွင်းသော ၃၆ ပါးသော သိက္ခာပုဒ်တို့သည်၊ အစိတ္တကာနိ ( ဧဝ )- အစိတ္တကတို့ချည်း သာတည်း၊ [ကန်္ဒါ၌ " သစိတ္တကာနိ " ဟု မှားနေသည်၊] ပဏ္ဏတ္တိဝဇ္ဇာနေဝ—ပဏ္ဏတ္တိဝဇ္ဇတို့ချည်းသာတည်း။

စောရိဝုဋ္ဌာပနံ-စောရီဝုဋ္ဌာပနသိက္ခာပုဒ်ငှင်း၊ ဂါမန္တရံ-ဂါမန္တရသိက္ခာပုဒ်ငှင်း၊ အာရာမသိက္ခာပဒံ-အာရာမသိက္ခာပုဒ်ငှင်း၊ ဂဗ္ဘိနီဝဂ္ဂေ-၌၊ အာဒိတော- အစမှ၊ ပဉ္စာယ-၅၊ သတ္တ-ခုနစ်ပါးသောသိက္ခာပုဒ်တို့ငှင်း၊ပေ၊ ဧကန္တရိကဝုဋ္ဌာပနံ - ဧကန္တရိကဝုဋ္ဌာပန သိက္ခာပုဒ်ငှင်း၊ ဣတိ-ဤသို့၊ ဧကူနဝီသတိ-တခုယုတ်နှစ်ဆယ်သော၊ ဣမာနိ သိက္ခာပဒါနိ - တို့သည်၊ သစိတ္တကာနိ - တို့တည်း၊ ပဏ္ဏတ္တိဝဇ္ဇာနိ-တို့တည်း၊ အဝသေသာနိ-ကြွင်းသော ၃၃ ပါးသော သိက္ခာပုဒ်တို့သည်၊ သစိတ္တကာနိ(ဧဝ)-တို့ချည်းသာတည်း၊ လောကဝဇ္ဇာနေဝ- တို့ချည်း သာတည်း၊ ဣတိ- ဤကား သမုဋ္ဌာန် အဆုံးအဖြတ်တည်း။[အစိတ္တက လောကဝဇ္ဇ စသည်ဖြစ်ပုံကို ဆိုအပ်ခဲ့သော သိက္ခာပုဒ်တို့၏ အဋ္ဌကထာကို ပြန်၍ကြည့်ပါ။]....သမန္တပါသာဒိကာယ-သမန္တပါသာဒိကာမည်သော၊ ဝိနယသံဝဏ္ဏနာယ- ဝိနည်းအဖွင့်၌၊ ဝါ-တွင်၊ ဘိက္ခုနိဝိဘင်္ဂေ- ၌၊ ခုဒ္ဒကဝဏ္ဏနာ-ခုဒ္ဒကသိက္ခာပုဒ်တို့၏ ဖွင့်ကြောင်းဖွင့်ရာ အဋ္ဌကထာသည်၊ နိဋ္ဌိတာ-ပြီးပြီ။

× × × × × × ×

(၁) **အဝသေသာနိ**။ ။အဝသေသအရ သိက္ခာပုဒ်များကား — လသုနဝဂ်မှ ပဌမ, ဒုတိယ, ဆဋ္ဌ, သတ္တမ, အဋ္ဌမ, နဝမသိက္ခာပုဒ်များ၊ အန္ဓကာရဝဂ်မှ ပဉ္စမ, ဆဋ္ဌ, သတ္တမ၊ နဂ္ဂဝဂ်မှ ပဌမ, ဒုတိယ, စတုတ္ထ, ပဉ္စမ, အဋ္ဌမ၊ တုဝဋ္ဋဝဂ်မှ ပဌမ, ဒုတိယ, သတ္တမ, အဋ္ဌမ, နဝမ၊ စိတ္တာဂါရဝဂ်မှ ဒုတိယ, တတိယ, စတုတ္ထ, ဆဋ္ဌ, သတ္တမ, အဋ္ဌမ, နဝမ, ဒသမ၊ အာရာမဝဂ်မှ စတုတ္ထ, ဆဋ္ဌ, ဒသမ၊ ကုမာရိဘူတဝဂ်မှ ဒသမ၊ ဆတ္တုပါဟနဝဂ်မှ ပဌမ, ဒုတိယ, ဧကာဒသမ, ဒွါဒသမ, တေရသမ, ပေါင်း(၃၆)ပါးတည်း။

(၂) **အဝသေသာနိ**။ ။အဝသေသအရ သိက္ခာပုဒ်များကား—လသုနဝဂ်မှ တတိယ, စတုတ္ထ, ပဉ္စမ၊ အန္ဓကာရဝဂ်မှ ပဌမ, ဒုတိယ, တတိယ, စတုတ္ထ, အဋ္ဌမ, နဝမ, ဒသမ၊ နဂ္ဂဝဂ်မှ တတိယ, ဆဋ္ဌ, သတ္တမ, နဝမ, ဒသမ၊ တုဝဋ္ဋဝဂ်မှ တတိယ, စတုတ္ထ, ပဉ္စမ, ဆဋ္ဌ, ဒသမ၊ စိတ္တာဂါရဝဂ်မှ ပဉ္စမ၊ အာရာမဝဂ်မှ ဒုတိယ, တတိယ, ပဉ္စမ, သတ္တမ, အဋ္ဌမ, နဝမ၊ ဂဗ္ဘိနီဝဂ်မှ အဋ္ဌမ, နဝမ, ဒသမ၊ ကုမာရိဘူတဝဂ်မှ ဆဋ္ဌ, သတ္တမ, အဋ္ဌမ, ပေါင်း သိက္ခာပုဒ်(၃၃)ပါးတည်း။

**ပါစိတ္တိယကဏ္ဍ—ပါစိတ်အခန်းသည်၊ နိဋ္ဌိတံ—ပြီးပြီ။**

## ပါဋိဒေသနီယကဏ္ဍ

### ပါဋိဒေသနီယသိက္ခာပုဒ်များ

ခုဒ္ဒကာနံ - ခုဒ္ဒကသိက္ခာပုဒ်တို့၏၊ အနန္တရာ - အခြားမဲ့၌၊ ပါဋိဒေသနီယာ နာမ- ပါဋိဒေသနီယတို့မည်သော၊ အဋ္ဌ- ရှစ်ပါးကုန်သော၊ ယေဓမ္မာ- အကြင် သိက္ခာပုဒ်တို့ကို၊ သင်္ခေပေနေဝ—အကျဉ်းချုပ်အားဖြင့်သာလျှင်၊ သင်္ဂဟံ-သိမ်း ယူကြောင်း သံဂါယနာသို့၊ အာရူဠှာ-တင်အပ်ကုန်ပြီ၊ တေသံ-ထိုပါဋိဒေသနီယ သိက္ခာပုဒ်တို့၏၊ သင်္ခေပေနေဝ - အကျဉ်းချုပ်အားဖြင့်ပင်၊ သောဝဏ္ဏနာ— ဤ ဖွင့်ကြောင်းဖွင့်ရာ အဋ္ဌကထာသည်၊ ပဝတ္တာတေ- ဖြစ်၏၊ ဝါ- ဖြစ်တော့လတံ့။

ဟိ - မှန်၊ ဧတ္ထ - ဤ ပါဋိဒေသနီယ သိက္ခာပုဒ်တို့၌၊ ပါဠိယံ- ပါဠိတော်၌၊ ယာနိ သပ္ပိတေလာဒီနိ - အကြင် ထောပတ် , ဆီ အစရှိသည်တို့ကို၊ နိဒ္ဒိဋ္ဌာနိ – ညွှန်ပြတော် မူအပ်ကုန်ပြီ၊ တာနိယေဝ – ထို ပါဠိတော်၌ တိုက်ရိုက် လာသော ထောပတ်, ဆီ အစရှိသည်တို့ကိုသာ၊ ဝိညာပေတွာ-မိမိ အလိုရှိကြောင်းကိုသိစေ ၍၊ ဝါ- တောင်း၍၊ ဘုဉ္ဇန္တိယာ - စားသောရဟန်းမ၏၊ ပါဋိဒေသနီယာ - ပါဋိ ဒေသနီယ အာပတ်တို့သည်၊ (ဟောန္တိ)၊ ပန-ဆက်၊ ပါဠိ ဝိနိမုတ္တကေသု-ပါဠိ တော်မှ အလွတ်ဖြစ်ကုန်သော၊ သဗ္ဗေသု - အလုံးစုံသော ထောပတ်, ဆီ အစရှိ သည်တို့၌၊ ဒုက္ကဋံ (ဟောတိ)၊ ဧတ္ထ- ဤ ပါဋိဒေသနီယ သိက္ခာပုဒ်၌၊ သေသံ- သည်၊ ဥတ္တာနမေဝ၊ပေ၊တိဝေဒနန္တိ။....ပါဋိဒေသနီယ ဝဏ္ဏနာ-ပါဋိဒေသနီယ သိက္ခာပုဒ်တို့၏ ဖွင့်ကြောင်းဖွင့်ရာ အဋ္ဌကထာသည်၊ နိဋ္ဌိတာ-ပြီးပြီ။

ပါဋိဒေသနီယကဏ္ဍံ-သည်၊ နိဋ္ဌိတံ-ပြီ။

× × × × × × × × ×

**ပါဠိ ဝိနိမုတ္တကေသု။** ။ပါဠိတော်၌"ယေသံ မံသံ ကပ္ပတိ, တေသံ သပ္ပိ"စသည် ဖြင့် အပ်သော အသားရှိသောသတ္တဝါတို့မှဖြစ်သော ထောပတ်,ဆီ စသည်တို့ကို တောင်း စားခြင်းကြောင့် "ပါဋိဒေသနီယ အာပတ်"ဟု ပညတ်တော်မူ၏၊ မအပ်သောအသား ရှိသော မြင်းစသော သတ္တဝါတို့၏ နို့မှဖြစ်သော ထောပတ်, ဆီ စသည်တို့ကိုကား ပါဠိ ဝိနိမုတ္တကဖြစ်၍ တောင်းစားသူမှာ ဒုက္ကဋ်အာပတ်သာ သင့်သည်—ဟူလို။

---

[ ပါဋိဒေသနီယကို ဖွင့်ပြပြီး၏ အခြားမဲ့၌ သေခိယ , အဓိကရဏ သမထ တို့နှင့် စပ်လျက် အမှာစကားချပ်ကို ပြလိုသောကြောင့် "သေခိယာပန"စသည် မိန့်၊] ပန- ဆက်၊ (ယောဇနာ၌ " ပက္ခန္တရ " ဆို၏၊ ) ပဉ္စသတ္တတိ - ၇၅ ပါး သော၊ သေခိယာ - သေခိယတို့မည်သော၊ ယေဓမ္မာ – အကြင် သိက္ခာပုဒ်တို့ကို၊ ဥဒ္ဒိဋ္ဌာ—သရုပ်အားဖြင့် ထုတ်ပြအပ်ကုန်ပြီ၊ တေသံ- ထိုသေခိယတို့၏၊ အနန္တရာ ယေဝ-အခြားမဲ့၌သာလျှင်၊ အဓိကရဏဇယာ-အဓိကရဏသမထအမည်ရှိကုန် သော၊ [သမထပုဒ် အကြေကြံ။]သတ္တ-ကုန်သော၊ ဓမ္မာ-တို့ကို၊ ဥဒ္ဒိဋ္ဌာ- ကုန်ပြီ။

တေသံ – ထို သေခိယ, အဓိကရဏသမထတို့၏၊ ယော အတ္တ ဝိနိစ္ဆယော– အကြင် အနက် အဆုံးအဖြတ်ကို၊ မဟာဝိဘင်္ဂေ-ဘိက္ခုမဟာဝိဘင်း၌၊ (မယာ၊) ဝုတ္တော-ဆိုအပ်ပြီ၊ ဘိက္ခုနီနံ- တို့၏၊ ဝိဘင်္ဂေပိ- ဝိဘင်း၌လည်း၊ တံ-ထို အနက် အဆုံးအဖြတ်ကို၊ တာဒိသံယေဝ - ထိုကဲ့သို့ ရှုအပ်၏ဟူ၍သာ၊ [ဘိက္ခုဝိဘင်း၌ ဆိုအပ်ခဲ့ပြီးသော အနက် အဆုံးအဖြတ်နှင့် တူ၏ဟူ၍သာ၊ ] ယသ္မာ - အကြင့် ကြောင့်၊ ဝိညူ-သိကြကုန်၏၊ တသ္မာ - ထို့ကြောင့်၊ တေသံ ဓမ္မာနံ - ထို သေခိယ, အဓိကရဏသမထတို့၏၊ အတ္ထဝဏ္ဏနာ - အနက်၏အဖွင့်ကို၊ ဝိသုံ - သီးခြား၊ (မယာ-သည်၊) နဝုတ္တာ - မဆိုအပ်တော့၊ (ကသ္မာ - နည်း၊) ဟိ( ယသ္မာ )- ကြောင့်၊ တတ္ထ-ထိုဘိက္ခုဝိဘင်း၌၊ ယာ (အတ္ထဝဏ္ဏနာ)-ကို၊ (မယာ)ဝုတ္တာ- ပြီ၊ သာ(အတ္ထဝဏ္ဏနာ)- ကို၊ ဣဓ - ဤ ဘိက္ခုနီဝိဘင်း၌လည်း၊ ဝုတ္တာယေဝ- ဆို အပ်ပြီးပင် ဖြစ်တော့၏၊ ဣတိ- ကြောင့်၊ (တေသံ ဓမ္မာနံ အတ္ထဝဏ္ဏနာ ဝိသုံ မယာ နဝုတ္တာ။)....သမန္တ ပါသာဒိကာယ-သော၊ ဝိနယသံဝဏ္ဏနာယ-၏၊ ဝါ- တွင်၊ ဘိက္ခုနီဝိဘင်္ဂဝဏ္ဏနာ-သည်၊ နိဋ္ဌိတာ- ပြီ။

သဗ္ဗာသဝပဟံ - အလုံးစုံသော အာသဝေါတရားတို့ကို ပယ်ရှားနိုင်သော၊ [ "ယာပန ဘိက္ခုနီ ဇာနံစောရိံ ၊ပေ၊ ဝုဋ္ဌာပေယျ" တို့၌ ဇာနံပုဒ်ကဲ့သို့ လိင်ဝိပလ္လာသကြံ။] သောဝဏ္ဏနာ- ဤ ဖွင့်ကြောင်းဖွင့်ရာ အဋ္ဌကထာသည်၊ နိဋ္ဌိတာ ယထာ—ဝန်းကျင်ပတ်ကုံး, ကမ္ပတ်ဖုံးလျက်, နိဂုံးအရောက်, ပြီးမြောက်သကဲ့သို့၊ (ဧဝံ–ဤအတူ၊ သဗ္ဗသတ္တာ-အလုံးစုံသော သတ္တဝါတို့သည်၊) သဗ္ဗာသဝပဟံ– အလုံးစုံသော အာသဝေါတို့ကို ပယ်ရှားနိုင်သော၊ မဂ္ဂံ-အရဟတ္တမဂ်သို့၊ ပတ္တာ- ရောက်၍၊ နိဗ္ဗုတိံ-ခန္ဓာနာမ်ရုပ်, ငြိမ်းချုပ်ရာမှန်, နေနိဗ္ဗာန်ကို၊ ပဿန္တု-ဉာဏ်စက္ခုဖြင့်, စေ့ငုထင်ထင်, တွေ့မြင်နိုင်ကြပါစေ သတည်း။ [ဤဂါထာ၌ ယောဇနာ ဝယ် တမျိုးဖွင့်သွားလေ၏၊ မူရင်းဂါထာချင်း တူပုံမရ။]

× × × × × × ×

ဝိဒူ။ ။"ခါတုဝိဒ, နှောင်းယော်မူ, အန္တိ ဥ၊, ဝိဒူပြီးရသည်" ဟူသောနိယာမ်နှင့် အညီ ဝိဒဓါတ်နောင် အန္တိကို ဥပြု၍ "ဝိဒူ"ဟု ပြီး၏၊ ဋီကာ၌ "ဝိဒူ ဝဒန္တိ"ဟု တွေ့ရ၏၊ ဝိဒဓါတ်က ဝဒနအနက်ကို မဟောနိုင်သောကြောင့် "ဝိဒူ ဝိဒန္တိ" ဟု ဖွင့်ရာမှ ပါဌ်ပျက်၍ "ဝဒန္တိ"ဟု ဖြစ်နေဟန်တူသည်။ [ဝိမတိ၌ "ဝိန္ဒန္တိ"ဖွင့်၏၊ ရုမ်ာဒိ ဝိဒဓါတ်က သိခြင်းအနက်ကို မဟောသောကြောင့် "ဝိဒန္တိ"ပင် ပါဌ်ရင်းဖြစ်စရာ ရှိသည်။]

**ဥဘတောဝိဘင်္ဂဋ္ဌကထာ—ဘိက္ခု ဘိက္ခုနီ အားဖြင့်**
**၂ ပါးသော ဝိဘင်းတို့၏ အဋ္ဌကထာသည်၊**
**နိဋ္ဌိတာ—ပြီးပြီ။**

# ဘာသာဋီကာ နိဂုံး

သိဋ္ဌိတ္ထဘော ဘာသာဋီကာ, ဒေသဘာသာယ သန်တာ၊
ပါဠိတ္ထိယဋ္ဌကထာယ, ဝါစနာမဂ္ဂဝဏ္ဏနာ။

ပါဠိတ္ထိယဋ္ဌကထာယ-ပါဠိတ်ဟု ခေါ်, ပါဠိတော်ဝယ်, ဟောဖေါ်မြွက်ဟ, အနက်ပြသည့်, အဋ္ဌကထာ, ကျမ်းရွှေစာ၏၊ ဝါစနာမဂ္ဂဝဏ္ဏနာ-အစဉ်အလာ, ပို့ချကာဖြင့်, သေချာစံနစ်, ဖွင့်ရိုးဖြစ်သော၊ ဒေသဘာသာယ-တိုင်းရင်းမြန်မာ, အမိဘာသာဖြင့်၊ သန်တာ-တသန့်တသန့်, အကန့် ကန့်လျက်, ခွဲခွဲစိရရီ, တည်ကြည်စွာ စီရင်အပ်သော၊ ဘာသာဋီကာ-ဘာသာဋီကာ, အမည်သာသည့်, မှီရာ သိဿည်း, နိဿယည်းသည်လည်း၊ သိဋ္ဌိတ္ထဘော – ထောင့်သုံးရာဝယ် , ငါးခုကြွယ်သည့် , နှစ်ဆယ်နှစ်ကြိ , လနယုံ၏ , ပုဏ္ဏမိရွှေ , အဖိတ်နေ့၌ , ချမ်းမြေ့ သာကြည်, ပြီးမြောက်ပြန်ပြီ တကား။

ယဒိ အညာ ဥပ္ပဇ္ဇေထ , ဇုတောပိ သုခသမ္ဘတာ၊
တဿောကာသံ ပဒါနာယ, အယံ အန္တရဓာယတံ။

ဇုတောပိ – အများ မှီးလောက် , ခရီး ရောက်၍ , ပြီးမြောက်ခဲ့ရာ , ဤဘာသာဋီကာထက်လည်း၊ သုခသမ္ဘတာ - ကြည့်ရှုပို့ချ , လွယ်ကူလှသဖြင့် , အားရဘွယ်တောင်း, အကောင်း ဟု သမုတ်အပ်သော၊ အညာ - ပါဠိတ္ထိယာ, ဋ္ဌကထာ၏ , မှီရာကျစ်လစ် , ဋီကာသစ် တမျိုးသည်၊ ယဒိ ဥပ္ပဇ္ဇေထ-ပညာလိုလား , နောက်နောက် သားတို့ , ကြိုးစားရစ်သော် , အကယ်၍ ဖြစ်ပေါ်လာအံ့၊ တဿ – ထိုသို့ ဖြစ်ရစ် , ဋီကာသစ်၏၊ ဩကာသံ ပဒါနာယ – ထွန်းတောက် တင့်ရေး , အခွင့် ပေးခြင်းငှါ၊ အယံ – လပေါင်း များမြောက် , လွန်အားဆောက်မှ, ထွန်းတောက် ထွက်လာ, ဤဋီကာသည်၊ အန္တရဓာယတံ-ရှိုးရာမတဲ့ , တိုးကာငဲ့၍, ကင်ဖွဲ့ခနေ, ကွယ်ပျောက်ရစ်ပါစေ သတည်း။

သမ္မုဇ္ဇယာမိ ထေရာနံ , ယေသာဟံ သမ္ဗဂ္ဂဟိတော၊
သိက္ခိတော ဂန္ထကာရေပိ, ပတ္တောမှိ ပကတညုတံ။

ယေသံထေရာနံ- အထက်ဝေဟင်, နေ အသွင်သို့, မြေပြင်ထင်ရှား, အကြင်ဆရာတော်ဘုရားတို့သည်၊ သမ္ဗဂ္ဂဟိတော - အထူး စောင့်ရှောက် , ချီးမြှောက်အပ်သော၊ အဟံ - ငါသည်၊ သိက္ခိတော - ရေးနည်း သားနည်း, ပို့ချနည်းနှင့်, သိပ်သည်းသေသပ်, သင်အပ်သော အတတ်ရှိသည်ဖြစ်၍၊ ဂန္ထကာရေပိ-ခုခေတ် နောင်သား, အကျိုးများဘို့, ရေးသား ကြိုးကုတ်, ကျမ်းပြုခြင်း အလုပ်၌လည်း၊ ပကတညုတံ-သဘောသကံ, ရှေးထုံးစံကို, အမှန်သိမြင်, ကျွမ်းကျင်သူ၏ အဖြစ်သို့၊ ပတ္တော+အမှိ- ခေတ်ခါ အလျောက် , လေးစားလောက်အောင် , မဖေါက်

မဒေသွ, ရောက်ရပေ၏၊ တောသံ ထေရာနံ - ကျေးဇူးတော်ရှင် , ဂုဏ်အင်ကြီးမား, ထို ဆရာတော်ဘုရားတို့အား၊ သမ္ပဇ္ဇယာမိ – ကျမ်းစာရေးသား , ကောင်းမှုများဖြင့်, လေးစားကော်ရော်, ပူဇော်ပါသတည်း။

မိုလ်ချုပ် ၅ ဥုး ။ ။ မိမိ၏ သမ္ပတ္တိစက်လည်ပုံကို ကာစ္စည်းဘာသာဋီကာ နိဂုံး၌ ပြခဲ့ပါပြီ၊ ဤနေရာ၀ယ် သဒ္ဓါ ပညာ စသော မိုလ်ချုပ်ငါးပါးတို့က မိမိ၏ ရုပ် နာမ် ၂ ဖြာ ကိုယ်ခန္ဓာ၌ ကောင်းစွာအုပ်ချုပ် အလုပ်လုပ်ပုံကို ပြပါဦးမည်၊ မိုလ်အမည်ခံ တရားမှန်လျှင် ဆန့်ကျင်ဘက် ရန်သူကြောင့် မယိမ်းမယိုင် မြဲနိုင် သော သဘောလက္ခဏာ ရှိရပါသည်။

သဒ္ဓါမိုလ် ။ ။ မိမိသည် ဉာဏ်ဝီရိယတို့၏ အရင်းခံဖြစ်သော ရှေးကံကို အမှန်ပင် ယုံကြည်နေ၏၊ ယခုဘ၀ အကောင်း အဆိုး အကျိုးပေးလေသမျှ၌ ရှေးကံသာ ပဓာနဖြစ်၏၊ သရိုင်ရွာ ဟူသော ပဋိရူပဒေသ၌ ဖြစ်ရခြင်းသည် ရှေးကံကြောင့်,ဘိုးဘွား မိဘဆွေမျိုးကြီးများနှင့် ဆရာသွားကြီးများကိုမှီခိုရခြင်းသည် ရှေးကံကြောင့်, အဆိုက်အလိုက် ဉာဏ်ဝီရိယကောင်းခြင်းသည် ရှေးကံကြောင့်, " ယခုဘ၀၌ ပြုသမျှကုသိုလ်၏ ပဌမဇော စေတနာသည် ယခုဘ၀မှာပင် ရှေးကုသိုလ်ကံ အခွင့်သာအောင် ကူညီထောက်ပံ့လျက် ရှိ၏၊ သတ္တမဇော စသည် တို့က ဒုတိယဘ၀မှ စ၍ ကောင်းကျိုးပေးကြဦးမည် " ဟု နားလည်ခြင်းသည် ရှေးကံကြောင့်, ဤသို့ ယုံကြည်မှုသဒ္ဓါသည် (မယုံကြည်မှုက ) လှုပ်ရှား၍ မရ နိုင်အောင် မြဲနိုင်သောမိုလ်ချုပ်ပင် ဖြစ်ပါသည်။

ပညာမိုလ်၊ ။ မိမိ၏ ငယ်ရွယ်စဉ်ကစ၍ သင်ယူခဲ့ရသော ယခုတိုင်အောင် လည်း နေ့စဉ် ပို့ချ ရေးသား နေရသော ဗုဒ္ဓမြတ်စွာ၏ တရားတော် များသည် မိမိ၏ ကမ္မဿကတာဉာဏ်ပညာနှင့် ဝိပဿနာပညာကို နေ့စဉ် တိုးပွားစေသော ကြောင့် အနုသယဓာတ်အဖြစ်ဖြင့် စွဲကပ် ပါရှိနေသော အဝိဇ္ဇာ၏ ဆန့်ကျင်ဘက် ဖြစ်၏၊ ဤပညာသည် ယခုအခါနေမှာပင် အတော်သွက်လက် ထက်မြက်နေပြီ ဖြစ်ရ ကား တဆင့်ထက်တဆင့် တက်သွားလျှင် ဆန့်ကျင်ဘက် အဝိဇ္ဇာကို အဆုံးတိုင် ပယ်ဖျက်ဘို့ရာ ခန္ဓာအစဉ်ဝယ် မိုလ်ချုပ်အစစ် ဖြစ်ပါလိမ့်မည်။

ဝီရိယမိုလ်။ ။သဒ္ဓါနှင့် ပညာ ၂ ဖြာသော မိုလ်ချုပ်တရားတို့က မားမား မတ်မတ် ရပ်တည်လိုက်သည်နှင့် တပြိုင်နက် တက်တက်ကြွကြွ ဝီရိယမိုလ်သည် အလိုလိုကြီးကုတ်၍ နေ့ံမဆုတ်ဘဲ ခိုင်မြဲလျက်ရှိရကား ဆန့်ကျင်ဘက်ဖြစ်သော ကောသဇ္ဇ ( အပျင်း ) ဓာတ်တွေ ကင်း၍ ကင်း၍ နေပါသည်၊ ထို့ကြောင့်ပင် အများအလို " အိုပြီ " ဟု ဆိုရသော အသက်ခြောက်ဆယ်ကျော် အရွယ်မှာပင် စာချ စာရေးလျက် သွက်လက်တုန်းဟု ထင်ရ၏၊ ဤသို့လျှင် ဝီရိယမိုလ်ချုပ်လည်း ပျင်းရိမှု ကောသဇ္ဇ တရားကို ထွားထွား ညက်ညက် နင်းခြေဖျက်ကာ မားမား မတ်မတ် ရပ်တည်လျက် ရှိပါသည်။

**သမာဓိမိုလ်။** ။အာရုံ တမျိုးဝယ် အချိန်အတော်ကြာအောင် စူးစိုက်စွာ တည်တန့်နေသော သမာဓိတရားကား စာပေရေးသား ပို့ချရသော ပုဂ္ဂိုလ်များ အတွက် အစဉ် လိုလားအပ်သော မိုလ်ချုပ်တပါး ဖြစ်၏၊ သမာဓိ လစ်သည်နှင့် တပြိုင်နက် ဆန့်ကျင်ဘက်ဖြစ်သော ပျံ့လွင့်မှုဥဒ္ဓစ္စသည် အဆင်သင့်ဝင်လာတော့ ၏၊ ထိုသို့ မဝင်လာနိုင်အောင် သမာဓိမိုလ်ချုပ်လည်း ဝီရိယကို အဖေါ်လုပ်ကာ မိမိ၏ ရုပ်နာမ်ခန္ဓာတွင် နေ့စဉ်မပြတ် တည့်မတ်စွာရပ်တည်လျက် ရှိပါသည်။

**သတိမိုလ်။** ။ဉာဏ်ပညာ အခြေခံရှိသော်လည်း သတိမပါလျှင် အရာရာ၌ အဆင်မပြေတတ်ပါ၊ ဤတဘဝ ထည်း၌ပင် ကျန်းမာရေး ပေါင်းသင်းဆက်ဆံရေး စီမံအုပ်ချုပ်ရေးစသော အရေးအရာတိုင်း၌ နားလည်မှုပညာလည်းရှိ-သတိလည်း ရှိမှ ပြေပြေပြစ်ပြစ် ဖြစ်နိုင်ပါသည်၊ ပုထုဇဉ်တို့၏ခန္ဓာအစဉ်ဝယ် "လောဘဒေါသ မာန်မာနနှင့် ဣဿာ မစ္ဆရိယ" ဟူသော တရားငါးမျိုးသည် ဆိုးဝါး သောင်း ကြမ်းလျက်ရှိ၏၊ ထိုငါးမျိုးကို ပညာမိုလ် သတိမိုလ် ၂ ပါးဖြင့် နှိပ်နင်း၍မထား နိုင်ပါလျှင် ရောမပညာရှင် ဟု အထင်ကြီး ခံရသော ပုဂ္ဂိုလ်များပင် ထိုတရား ငါးပါးကြောင့် အမှားမှား အယွင်းယွင်း ဖြစ်ရတတ်ပါသည်၊ ထို့ကြောင့် မိမိ သန္တာန်တွင် ပညာမိုလ်ချုပ်နှင့် တွဲဘက်၍ အလုပ် – လုပ်မည့် သတိမိုလ်ချုပ် ကိုလည်း ကြိုးကြိုးကုတ်ကုတ် ဖိတ်ခေါ်ရပါသည်။

စတုစက္ကံ ဝတ္တိယာန, ယာနံ ဗလပရိဂ္ဂဟံ၊
ယာနာယ အမတံ ပါရံ, ကဿံ ပုရိသကာရိယံ။

စတုစက္ကံ-သမ္မတ္တိစက်, ၄ ချက်စုပေါင်း, စက်ခေါင်း ၄ ခုလည်း ပါရှိထသော၊ ဗလ ပရိဂ္ဂဟံ – ရန်ပေါင်းခွင်းဖြိ , ငါးဦးမိုလ်တို့, ကိုယ်စီစောင့်ကြပ်, အုပ်ချုပ် အပ်ထသော၊ ယာနံ – အသွားလျင်လျင် , အများတင်လည်း, အားအင်နိုင်ဖြိး, မဂ္ဂင်တည်းဟူသော ယာဉ်ပျံတော်ကြီးကို၊ ဝတ္တိယာန- မတိမ်းမစောင်း, လည်စေ ကြောင်းဖြင့်, ကောင်းစွာအစဉ်, မောင်းကာနှင်၍၊ အမတံပါရံ– ဤဘက်မှာနေ, အားလုံးသေလျက်, ဟိုပြေရောက်မှ, ဘေးကင်းရမည့်, အမတခေါ်, နေပြည်တော် သို့၊ ယာနာယ–ကိလေသာဟူ, ရန်သူပစ်ဖေါက်, ဗုံး အမြောက်တို့, မကြောက် မနား, အရောက်သွားခြင်းငှါ၊ ပုရိသကာရိယံ – ယောကျ်ားမှန်က, ပြုရဲရမည့်, ကမ္ဘာ့လက်ရိုး, လုလ္လမျိုးကို၊ ကဿံ–ငါးဦးမိုလ်ချုပ်, အဖေါ်လုပ်၍, မဆုတ် ရစေ….ပြုလုပ်ပေအံ့ သတည်း။

**ပါဠိတ်အဋ္ဌကထာ**

**ဘာသာဋီကာ ပြီးပြီ။**

၁၃၂၆-ခု, နတော်လ၊ ပဥ္စမအကြိမ်, အုပ်ရေ(၁၀၀၀)၊

နယူးဘားမား ပိဋကပုံနှိပ်တိုက်၊
မှတ်ပုံတင်နံပါတ်(၀၀၄၇)၊ မဟာဂန္ဓာရုံ-စရပ်ဝင်း,
အမရပူရမြို့။

☆

**ပုံနှိပ်, ထုတ်ဝေသူ (မောင်ကျော်)**
မှတ်ပုံတင်နံပါတ် (၀၀၃၂)။
အမှတ်(၅၀၃), ၈၂-လမ်း, မန္တလေး။

✡

**ပင်ရင်းဌာန—**

ကျော်-ပုံနှိပ်စက်

၈၄-လမ်း, ကွမ်းခြံ-မန္တလေး။